၇၅၀၈

မန္တလေးရတနာပုံ–မြို့ထည်နန်းထည်

ပဥ္စမသင်္ဃာယနာတင်–မင်းတရားကြီးလက်ထက်

ရွှေနန်းတော် မှန်နန်းတော်ကြွေးရှေ့ ဇေတဝန်ဆောင်တော်တွင်

ရဟန်းပညာရှိ, လူပညာရှိတို့နှင့် တိုင်ပင်နှိုင်းညှိ၍

ပညာရှိ-မှူးတော် မတ်တော်တို့

ကြွေးကြော်စီကုံးရေးသားသည့်

ဒုတိယမဟာရာဇဝင်တော်ကြွေး–ခေါ်

ကုန်းဘောင်ဆက်

မဟာရာဇဝင်တော်ကြွေး

(ဒုတိယတွဲ)

စုဆောင်းရေးသားပြုစုသူ

"ကြက်သရေဆောင်-ရွှေစလွယ်ရဝန်ထောက်မင်း"

ဦးမောင်မောင်တင် (I) K.S.M., A .T.M.

★

(မူပိုင်ရှင် ဦးတင်မောင်မောင်ကလေး)



လယ်တီမဏ္ဍိုင် ပုံနှိပ်တိုက်

အမှတ် ၁၆၈၊ ၄၇-လမ်း၊ ရန်ကုန်မြို့။

(၁၃၂၉)

တတိယအကြိမ် ရိုက်နှိပ်ဝင်ခြင်း
အုပ်ရေ (၂၀၀၀)


၁၉၆၇-ခု၊ နိုဝင်ဘာလ



ပုံနှိပ်သူ .... ဦးထွန်းလှိုင်

ထုတ်ဝေသူ .... ဦးထွန်းလှိုင်

ရန်ကုန်မြို့ ၄၇-လမ်း၊ အမှတ် ၁၆၈-ယဉ်တိမကျိုင်ပုံနှိပ်တိုက်
နှင့်-စာပေဌာန၊ မှတ်ပုံတင်အမှတ် (၀၄၃၃) (၀၅၁၃) အရ
ပုံနှိပ်ထုတ်ဝေသည်။



ရတနာပုံနေပြည်တော်ကြီးကို လက်မွန်အစပဌမတည်ထောင်ဖန်ဆင်းတော်မူသော ပဥ္စမသင်္ဂါယနာတင်ဘဝရှင်မင်းတရားကြီးဘုရားနှင့် ဒုတိယနန်းစံ မာရ်အောင်ရတနာစေတီတော်ဒါယကာ မင်းတရားကြီးဘုရားတို့ စံတော်မူသော မြနန်းစံကျော် ရွှေနန်းတော်ကြီး။



ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကို
ဆက်လက်စိုက်ရေးသားသူ ကြက်သရေဆောင် ရွှေစလွယ်ရမင်း
အမှုထမ်းကောင်းတံဆိပ်ရမင်း အငြိမ်းပင်စင်စား
ဝန်ထောက်ဦးတင် (I) K.S M., A.T.M.

မာတိကာ

ဆမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

အမရပူရ ပဌမ မြို့တည်နန်းတည် မင်းတရားကြီး

၁ ရခိုင်ခညဝတီပြည်ကြီးကိုသိမ်းယူမည်ဟု သားတော် ဥပရာဇာ နှင့် ချီထွက်ရသည့် တပ်စည်များ ၁

၂ ပန်းတောင်းမြို့သို့ တပ်တော်ရောက်လျှင် စစ်သုံးကြောင်း ခွဲဝေ ချီတက်ရန် စီမံတော်မူ၍ ရခိုင်ပြည်ကို တိုက်ခိုက်သိမ်းယူတော် မူခြင်း ၃

၃ မဟာဝိဟိကတိုင်းဖြစ်သော ရခိုင်ပြည်ကြီး၏ အကြောင်း ၁၀

၄ ရခိုင်ပြည်က မဟာမုနိ ရတ်ပွားတော်မြတ်ကို ပင့်ဆောင်တော် မူခဲ့ခြင်းနှင့် တကွ သိမ်းယူ တော်မူခဲ့သော အထူးထူးသော ဘဏ္ဍာအရာများနှင့်လက်နက်အမြောက်စိန်ပြောင်း သုံ့လူများ ၁၃

၅ ဆင်ဖြူတော်ခေါင်းဆေးခြင်း၊ ဘွဲ့တံတော်မူခြင်း၊အောင်မြေ လောက စေတီတော်ကို ရွှေဝိန်း ထည့်တော်မူခြင်း ၁၇

၆ သားတော်ကို လှိုင်မြို့စားပေးခြင်း၊ မဟာမုနိ ဘုရားသခင်ကို ပင့်ဆောင်ခဲ့၍ စစ်ကိုင်းမြို့ရောက်လျှင် ဘဝရှင် မင်းတရားကြီး ဘုရား လည်တော် တိုင်အောင် ရေသို့ ဆင်းတော်မူ၍ ကြိုယူ ပင့်ဆောင်တော်မူခြင်း ၁၈

၇ သာသနာပြု လွှတ်ခြင်း၊ သားတော်များ စလွယ် ပေးခြင်း၊ ကျောင်းတော်လှူခြင်း၊ အလောင်းမင်းတရားကြီးဘုရား သား တော် ပင်းတလဲမင်းကို စီရင်တော်မူခြင်း.... .... ၁၈

၈ လက်နက်ကိုင်စစ်သည်ဗိုလ်ခြေ သုံးသိန်းခန့်နှင့် ဘဝရှင် မင်း တရားကြီးဘုရား ယိုးဒယားသို့ ချီတက်တိုက်ခိုက်ခြင်း၊ ထားရိုက် ကြောင်းက ဆုတ်ခဲ့ရခြင်း ၂၂

၉ ဆင်ဖြူရှင်သားတော် မောင်နဂါးကို မြင်းမူးမင်းသားခန့်ခြင်း၊ လေးဆယ်တော် ငါးဆယ်တော် သွေးသောက်ဖွဲ့ခြင်း၊ အိမ် ရှေမင်းနှင့်တကွ သားတော်များကို ရွှေသားမှောက်တို့ ပေး ခြင်း၊မြေးတော် စစ်ကိုင်းမင်းကိုဘွဲ့ပေးခြင်း၊ သမီးတော်အငယ် မြေဒူးမင်းသမီးနှင့် သားတော် စကုမင်းသားကို လက်ထပ်ခြင်း ၃၉

၁၀ တရုပ်သံရောက်ခြင်း၊ တရုပ်ပြည်သို့ သံစေလွှတ်ခြင်း၊ အိမ်ရှေ မင်းကို စလွယ်သုံးသွယ်တိုး၍ ပေးခြင်း၊ကာမမင်းသားကိုအစီး အနင်းပေးခြင်း၊ လယ်ထွန်မင်္ဂလာ ထွက်တော်မူခြင်း ၄၁

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၁	ဆင်ဖြူတော်များကို သိမ်းတော်မူ၍ ဘွဲ့တဝ်ခြင်း၊ ကျောင်းတော်ရေစက်ချခြင်း၊ ဇင်းမယ် ဝါးဆွဲခုနစ်ခရိုင်စသော သံလွင်မြစ်အရှေ့ဘက် မြို့ရွာများသိမ်းရုံးပြီးလျှင် အနေအထားကျအောင် စီရင်ရန်ချိတက်ရခြင်း၊လက္ခန်းမြို့တွင် ယိုးဒယားတို့နှင့် တိုက်ရာတဝ်တော်များ ဆုတ်ခဲ့ရခြင်း	၄၉
၁၂	သားတော်များကို အစီးအနင်း အဆောင်အရွက်နှင့် ဘွဲ့အမည်ပေးခြင်း၊ မြို့စားပေးခြင်း၊ကျောင်းတော်များကို လှူခြင်း	၅၄
၁၃	အောင်ပင်လယ်ကန်ကို ပြုစုတော်မူခြင်း၊ ဂရုံမင်းပရိတ်ရွတ်ခြင်း၊ ကယေးမြို့က ဆင်ဖြူတော်ကို ကြိုတော်မူခြင်း၊ ဆင်ကျုံးနန်းတော်ဆောက်လုပ်ခြင်း၊ သားထော်များကိုမြို့စားပေးခြင်း၊ ဆင်ဖြူတော်သိမ်း၍ ဘွဲ့တဝ်ခြင်း၊သားတော်ပြည့်မင်း၏သမီးကို ရွှေနန်းတော်ထက်ဝယ်ထားခြင်း၊ သားထော် ကောလင်းမင်းသားကို အစီးအနင်းပေးတော်မူခြင်း	၅၇
၁၄	နန္ဒာကန်ကို ဆည်ဖို့လုပ်ဆောင်ခြင်း၊ ရွှေမြို့တော်လေးထောင့်ရှိ စေတီတော်တို့ကို ရွှေထည်တော်မူ၍ ထီးထင်တော်မူခြင်း၊ တရုပ် ဥဒည်ဘွားက သဏ္ဌမုနိ ရုပ်တုတော်နှင့် စွယ်တော်ပွားများကို ပို့ရောက်လာသောကြောင့် မြစ်ညာ အုန်းထစဉ်ရောက် ရေကြောင်းကြိုတော်မူခြင်း၊ သားတော် ကောလင်းမင်းသားကို ဗောင်းကတ္တိပါနီ ရွှေသားပန်းကိုး ထမာရွက်ထောင်ကိုးပေးထော်မူခြင်း၊ ဖောင်ထော်သိမ်းခြင်း၊ အလယ်နန်းတော် မိဖုရား နတ်ရွာစံခြင်း၊ သားတော်များကို မြို့စားပေးခြင်း၊ ရွှေမော်ဓောဘုရား ထီးထော်ကို ဖောင်ထော်နှင့်ပို့ခြင်း၊ သားတော်များ ဘွဲ့ပေးခြင်း၊ ဆင်ဖြူတော်ကြိုခြင်း....	၆၁
၁၅	အသောကာရာမတိုက် ကျောင်းထော်ကို မောင်းထောင် သာသနာဝိုင် ဆရာတော်ကို တင်လှူခြင်း၊ ရွှေမော်ဓောဘုရား ထီးထင်ခြင်း၊မဟာမုနိ ဘုရားရှင်ကို ရွှေသင်းကျစ် လှူထော်မူခြင်း–	၆၃
၁၆	ထရုပ်ဥဒည်မင်းက ယက်ဆောင်ထော်အများနှင့် မင်းသမီးသုံးပါးဆက်သ၍ရာဇသံရောက်ခြင်း၊ ကျောင်းထော်, သိမ်ထော်, ဝိဉ္ဇကတ်ဘိုက်ထော်များကို ရေစက်သွန်းချခြင်း၊ ကျုံးထော်ကို အတွင်းပြင် အုတ်စီ၍ ကျုံးနဖူးမှာ သူရဲဒိုနှင့်ချည်းထားထော်မူခြင်း၊မင်းကွန်းရွာသို့ ထွက်ထော်မူခြင်း....	၆၄

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၇	မင်းကွန်းပုထိုးတော်ကြီးအုတ်မြစ်ချခြင်း၊တံတားဦးစေတီတော်ထီးတင်ခြင်း၊ သားတော်များ မြို့စားပေးခြင်း၊ လက်ထပ်ခြင်း၊ ကျောင်းတော် ရေစက်ချခြင်း၊ မင်းကွန်း ပုထိုးတော်ကြီးသို့ ထွက်တော်မူခြင်း	၆၉
၁၈	ဝန်ကြီး အတွင်းဝန်နှင့် သားတော် အိမ်ရှေမင်းသည် ဒဝယ် မြို့သို့ စစ်ချီရခြင်း၊ ယိုးဒယားနှင့် စစ်တိုက်ခြင်း	၇၀
၁၉	လက်ဆောင်တော်များနှင့် ဗန်းမော်စော်ဘွားကိုတရုပ်ပြည်သို့ လွှတ်ခြင်း၊ မင်းကွန်းသို့ ထွက်တော်မူခြင်း၊ သားတော်မဟာဥပရာဇာကို တိုင်းရေး ပြည်ရေးများ လွှဲအပ်တော် မူခြင်း၊ တရုပ်ဥဒည်မင်းထံက လက်ဆောင်တော်ရောက်ခြင်း၊ ကျောင်းတော်ကို ရေစက်သွန်းချခြင်း	၇၃
၂၀	မြေးတော်စစ်ကိုင်းမင်းနှင့် သားတော်များကို သျှောင်ထုံးနားထွင်းမင်္ဂလာ ဆောင်တော်မူခြင်း၊ကျောင်း,ဘုရား,ကျောက်စာတို့ကို အာသစ်ထုလုပ်စေခြင်း၊ အိမ်ရှေမိဖုရား နတ်ရွာစံခြင်း၊ မင်းကွန်းပုထိုးတော်ကြီးတွင် ခြင်္သေ့ကြီး တည်လုပ်ခြင်း၊ဥဒည် မင်းက လက်ဆောင်တော် ရောက်ခြင်း	၇၅
၂၁	ရာဇဂြိုဟ်ပြည်က ဓာတ်တော်ရောက်ခြင်း၊ အိမ်ရှေမင်းကို သမီးတော်အကြီး ကန္ဒီမင်းသမီးနှင့်လက်ထပ်ခြင်း၊ ဆင်ဖြူတော် ကြိုယူခြင်း၊ မိဖုရားသေလွန်ခြင်း၊ ဥဒည်မင်းက လက်ဆောင်တော် ရောက်ခြင်း၊ ကာလကတ္တားက လက်ဆောင်တော်ရောက်ခြင်း၊ ရွှေလောင်းရိုးကို ဆည်ဖို့ခြင်း၊ သားတော်များကို အစီးအနင်း အဆောင်အရွက် ပေးခြင်း	၇၉
၂၂	မိတ္ထိလာသို့ ဗိုလ်ခြေအများနှင့် ထွက်တော်မူ၍ မိတ္ထိလာကန်ကို ဆည်ဖို့ခြင်း၊ ဥဒည်မင်းက ရာဇသံလက်ဆောင်တော် ရောက်ခြင်း၊သားတော်များ မြို့စားပေးခြင်း၊ ဆင်ဖြူတော်ရောက်ခြင်း–	၉၁
၂၃	မင်းကွန်းပုထိုးတော်ကြီး ဌပနာသွင်းခြင်း၊ ပုသိန်မင်းကို လက်ထပ်ခြင်း၊ ဝေသာလီမင်းက အမြောက်လက်နက် အမျိုးမျိုးနှင့် တက္က သမီးကညာဆက်ခြင်း၊တကောင်းမန်လည်ရောက်အောင် ရေကြောင်း ဆန်တော်မူခြင်း	၁၀၂

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၄	ယိုးဒယားက ဇင်းမယ်နယ်ကို ဝင်၍ မြို့ပြု တည်ထောင်သော ကြောင့် ထပ်တော်များ စေလွှတ်၍ ယိုးဒယားနှင့် တိုက်ခြင်း၊ ရွှေယင်မျော်ဘုရား ပြင်ဆင်တော်မူခြင်း၊ သမီးကညာ ရောက် ခြင်း၊ ဘွဲ့အမည်နှင့် မြို့စားပေးခြင်း	၁၂၀
၂၅	တောင်ငူမြို့သို့ ထွက်တော်မူခြင်း၊ဝေသာလီပြည်က သမီးကညာ ရောက်ခြင်း၊ ညောင်ကိုင်းအရပ်မှာ ဘုရား ထည်တော်မူခြင်း၊ သိဟိုဠ်ကျွန်းက ဓာတ်တော်ရောက်ခြင်း၊ သိဟိုဠ်သာမဏေခြေခံ ပါးကို ရဟန်းပြုခြင်း၊ အလယ်ကျွန်းကစံတော်မူ၍ ပုထိုးတော် ကြီးကို တည်ထောင်မူခြင်း၊ ဝေသာလီမင်းသမီးများကို တရားစီ ထိုးမိုးယဉ်ခံ ပေးတော်မူခြင်း၊ စပါးတသိန်းကို ပြည်သူတို့သို့ ပေးဝေလှူဒါန်းတော်မူခြင်း၊ သားတော်များ မြို့ပေးခြင်း	၁၂၆
၂၆	မြေးထော်စစ်ကိုင်းမင်းက ရှင်ဖြူဘုရားကို စ၍တည်ခြင်း၊ ဘင်္ဂ သားမြို့က ယက်ဆောင်ထော်အဆက်အသ ရောက်ခြင်း၊ မြို့စား ပေးခြင်း၊ ညီထော်ပုခန်းမင်း ကံကုန်ခြင်း၊ သားတော်,သမီး တော်, မြေးတော်များကို နားထွင်းသျှောင်ထုံး ဒက်ထဆက် ဆင်ထော်မူခြင်း၊ မြေးထော်စစ်ကိုင်းမင်းနှင့်ဆင်ဖြူ.မယ်ကိုလက် ထပ်ခြင်း၊ စန္ဒာမုနိဘုရားကို သွန်းလုပ်တော်မူခြင်း၊ သားတော် များကိုမြို့စားပေးခြင်း၊အစီးအနင်း အဆောင်အရွက်ပေးခြင်း-	၁၂၈
၂၇	ရှင်ဖြူဘုရားရှင်ကို ဌပနာသွင်းခြင်း၊ ဥပေါသထ ရထနာဆင်ဖြူ တော်မ ရောက်ခြင်း၊သားတော်များကို ကွမ်းခွက်လက်ဘက်အိုး ပေးခြင်း၊ ဗောဓိပင်စိုက်ခြင်း၊ သားတော်, မြေးထော်များကို မြို့စား ရွာစား ပေးခြင်း	၁၃၁
၂၀	ဆဋ္ဌန်ဆင်မင်းကြီး ရောက်ခြင်း၊ ရွှေဂူဘုရားထည်ခြင်း၊ ဆဋ္ဌန် ဆင်မင်းကိုသိမ်းခြင်း၊မြောက်နန်းဗိဖုရားနတ်ရွာစံခြင်း၊အလယ် ကျွန်း စံနန်းထော်တွင် စံထော်မူခြင်း၊ ယိုးဒယားက ရာဇသံ ရောက်ခြင်း၊ သားထော်,မြေးထော်တို့ကို ဗောင်း နားချောင်း စလွယ် အဆောင်အရွက်ပေးခြင်း၊ ဗိဖုရားခေါင်ကြီး နတ်ရွာစံ ခြင်း၊ မင်္ဂလာဂူရက သမီးကညာ ဆက်သခြင်း၊ မင်္ဂလာဂူရစော်ဘွား ညီအစ်ကိုယ်တို့ကိုဆုလာဘ်ပေးခြင်း၊သိဟိုဠ်ကျွန်းကတော်ထော် ရောက်ခြင်း၊ ရှင်ဖြူဘုရားပြီး၍ ရေစက်သွန်းချခြင်း	၁၃၉

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၉	ရွှေတောင်သီရိစည်သူတို့ မဇ္ဈိမဒေသက ကျောက်ဆင်းတုနှစ်ဆူ နှင့် ဆေးကျမ်းအမျိုးမျိုး၊အထူးအဆန်း အထည်အထွေ၊အမျိုးမျိုး များကို ဆောင်ယူပြန်လာခြင်း	၁၆၆
၃၀	ခေါင်းလောင်းတော်ကြီး သွန်းလုပ်ခြင်း၊ ဗောဓိပင်အကြောင်း စုံစမ်းရန် ပုရောဟိတ်များကို စေလွှတ်ခြင်း၊သားတော် အိမ်ရှေ့ မင်း နတ်ရွာစံခြင်း၊ အလယ်ကျွန်း စံနန်းတော်မှာ စံတော်မူ ခြင်း၊ မြေးတော်စစ်ကိုင်းမင်းကို အိမ်ရှေ့နှင်းတော်မူခြင်း၊မြေဝံ ရွှေရေးဆောင် မိဖုရား, ဓနုဖြူမြို့စား, ရခိုင်တန်ဆောင်းမိဖုရား တို့ လွန်ခြင်း၊ သီဟိုဠ်ကျွန်းက လက်ဆောင်တော် အဆက်အသ ရောက်ခြင်း၊ သားတော်ကို မြို့စားပေးခြင်း၊ ရွှေနန်းတော်ကြီး ကို မီးသင့်လောင်ခြင်း၊ သားထော်ကို လက်ထပ်ခြင်း	၁၆၇
၃၁	မဟာဗောဓိ သွားသော ခရီး လမ်း စဉ်နှင့် မဟာ ဗောဓိ အကြောင်း ဖော်ပြချက်၊ ၎င်းပြင် ဆေးကျမ်းဗေဒင်ကျမ်းအမျိုး မျိုး, လက်ဆောင်တော် အမျိုးမျိုးရောက်ခြင်း၊ ဗောဓိပင်စိုက် ခြင်း	၁၇၄
၃၂	နောင်တော် ဆင်ဖြူရှင်ဘုရား၏မိဖုရားခေါင်ကြီး နတ်ရွာစံခြင်း၊ ကဝိလ ရသေ့ရုပ် ပင့်ရန် ရမ္မာဝတီ အခွန်ဝန်နှင့် စစ်ကဲတို့ကို ဗာရာဏသီသို့ စေလွှတ်ခြင်း၊ ဂေါဝိန္ဒပုဏ္ဏားကြီးကို ပြန်စေခြင်း၊ သားတော်, သမီးတော်, မြေးတော်များကို နားထွင်းခြင်း၊ မဏိပူရစော်ဘွားညီ ဇူပရာဇာ ခြေရင်းတော်မှာ နေရခြင်း၊ ဓညဝတီက မဟာဂီရိဘုရားဆင်းတုတော် ရောက်ခြင်း၊ပါဒနက် သန် စက်တော်ရာဘုရား လုပ်ဆောင် ပြီးပြေခြင်း	၁၈၀
၃၃	ခေါင်းလောင်းတော်ကြီးကို မင်းကွန်းပုထိုးတော်ကြီးအနီးတွင် ဆင်ယင် ဆွဲလှူခြင်း၊ ရွှေနန်းတော် အသစ် ဆောက်လုပ်ခြင်း၊ သားတော်ကို မြို့ပေးခြင်း၊ သားတော်–သမီးတော်များ လွှန် ခြင်း၊ ရာမဆွာမိ သူဌေးတို့ကို အခွန်အကောက်လွှတ် ကုန် ရောင်းရန် ခွင့်ပေးခြင်း၊ ကဝိလရသေ့ရုပ်ရောက်၍ ရွှေကွန် အုပ်ဘုရားအတွင်းမှာ ထားခြင်း၊ မြောက်နန်းမိဖုရား တင်ခြင်း-	၁၈၂

အမှတ်စဉ်　　အစကြောင်းအရာ　　စာမျက်နှာ

၃၄ သီဟိုဠ်ကျွန်းက မင်းလျာတောင်းလာခြင်း၊ မာမှတ်ကာကျည်သူဌေးကို အကောက်အခွန်လွတ်ကုန်ရောင်းခွင့်ပေးခြင်း၊ကသစ်ဖြူပင်က ရေထွက်ခြင်း၊ မြေးတော်အိမ်ရှေ့မိဖုရားက သားတော်ညောင်ရမ်းမင်းကို ဖွားခြင်း၊ သားတော်များကို မွေစားပေးခြင်း၊ ပုရန်မြို့နှင့် ပဆွာလရောင်သို့ စာပေကျမ်းဂန် ဆောင်ယူရန် စေလွှတ်ခြင်း ၁၈၄

၃၅ ကသည်းစော်ဘွား မဟာရာဇာကိုချ၍ ညီဌူပရာဇာကို နန်းထင်ခြင်း၊ လှိုင်မင်းလွန်ခြင်း၊ မင်းတဲအရပ်မှာ စံတော်မူခြင်း၊ ဗာရာဏသီပြည် ဝေကန္တေယျရာဇာမင်းက ဗေဒင်ကျမ်းဆေးကျမ်း လောကီကျမ်း အမျိုးမျိုးနှင့် သမီးဂေါ်ညာ အဆက်အသရောက်ခြင်း၊ ပုရန်မြို့က ဝတ်မြေဝန်ပြန်လာခြင်း၊ နောက်ထပ်လောကီကျမ်းများ ဆောင်ယူရန် ပြိတ်မြို့ဝန်ကိုစေလွှတ်တော်မူခြင်း ၁၈၉

၃၆ သမီးတော်များလွန်ခြင်း၊ သမီးကညာ ရောက်ခြင်း၊ စန္ဒာမုနိဘုရားကို အလယ်ကျွန်းက အမရပူရသို့ပင့်ဆောင်ခြင်း၊ သကလာဘိသေကခံခြင်း၊ ရွှေနန်းတော် သိမ်းခြင်း၊ မဟာဥကဿဖွင့်ခြင်း၊ တိုးလျားစော်ဘွားက သမီးကညာ အဆက်အသရောက်ခြင်း ၁၉၆

၃၇ ဝေသာလီကိုချီတက်တိုက်ခိုက်၍ စန္ဒရဂန္ဓရိန်ကို နန်းထင်ခြင်း၊ ဆင်ဖြူရှင်ဘုရားသမီးတော်လွန်ခြင်း၊မဇ္ဈိမတိုင်း, ဇေနဂရမင်း, လက္ခနောင်မင်း, ဒေလိမြို့ သူဌေးကြီး တို့က ဆက်သသောလက်ဆောင်တော်များရောက်ခြင်း၊ မြေးတော်များ နှားထွင်းခြင်း၊ မင်းဝံထောင်ရိုးကိုဖောက်၍ လမ်းလုပ်ခြင်း၊ကြက်ထောင့်အရပ်တွင် ရေကန်တူးခြင်း၊ သမီးတော်များလွန်ခြင်း၊ ဝေသာလီကို ချီတက်တိုက်ခိုက်၍ စန္ဒရဂန္ဓရိန်ကိုနန်းထင်ခြင်း၊ သားတော်ကို လက်ထပ်ခြင်း ၁၉၇

၃၈ အညာ သီဟထောသို့ ဆန်တော် မူခြင်း၊ ရထနာသိဓ်သို့ထက်တော်မူခြင်း၊ နေပြည်ထော်ကို ပြန်၍ ရောက်လျှင် ဘဝရှင်မင်းတရားကြီး နတ်ရွာစံတော်မူခြင်း.... .... ၂၀၇

မြေးတော် ရတနာပူရ စတုတ္ထမြို့တည်နန်းတည် မင်းတရားကြီးဘုရား အကြောင်း

၃၉ မြေးထော်အိမ်ရှေမင်းရွှေထီးရွှေနန်း ဆက်ခံစိုးစံ၍ ဘိုးတော် ဘဝရှင်မင်းတရားကြီးဘုရား အလောင်းတော်ကိုသဂြိုဟ်ခြင်း၊ မူးတော် မတ်တော်မှ စ၍ ကိုယ်ရံတော်တို့ကို ရွှေငွေအထည် အလိပ်များ ပေးတော်မူခြင်း၊ မင်းညီမင်းသားမှစ၍ သေနာပတိ အပေါင်းကို ဗောင်း နားခော်း အဆောင် အယောင် ပေးခြင်း၊ ပြည်သူပြည်သားတို့ကို ထည်မျိုးအုပ်မျိုးပေးဝေတော်မူခြင်း၊ တောင်ဂူစားကို စီရင်ခြင်း ၂၂၀

၄၀ ရာထူးခန့်ခြင်း၊ ဘိုးထော်လက်ထက် သိဟတော ကျောက်စေတီနှင့် ဥမင်မဖြိုးပြေသည်ကို ပြိုးစိုးအောင် ဆက်လက်လုပ်ခြင်း၊ မြို့တံခါးနှင့် ပြတန်ဆောင်းတို့ကို ရွှေထည်မြှုခြင်း၊ ပဉ္စင်းသာမဏေသက်တော်စေ့ပြုခြင်း၊ စာရေးတန်ဆွမ်း လှူတော်မူခြင်း၊ တဆဲ့နှစ်ရာသီ အလှူတော်များ လှူခြင်း၊ သင်္ကြန်တော်ခေါ်၍ ထီးဆောင်းမင်္ဂလာဥကသ်ဖွင့်တော်မူခြင်း၊ ဘွဲ့အမည် အရည်ပေးခြင်း ၂၂၆

၄၁ ဝိဋ္ဌကတ်တော်အစုံရေးခြင်း၊ဆရာတော်များကိုတံဆိပ်လှူတော်မူခြင်း၊ တန်ဆောင်တိုင်လှူခြင်း၊ လွှတ်တော်, ဗြတိုက်တော်, ရွှေမြို့တော်များကို သိမ်းခြင်း၊ ကသည်းပြည်သို့ ချီတက်တိုက်ခိုက် သိမ်းယူခြင်း ၂၄၇

၄၂ သမီးကညာရောက်ခြင်း၊ ခမည်းတော်အိမ်ရှေမင်း ကောင်းမှသရက်တောကျောင်းတိုက်ရာတွင် မဟာဝိဇယရံသီ စည်းခုံတော်တည်ရပ်မြေကို ညွှိရခြင်း၊ကြက်ယက်ဘုရား နှစ်ဆူနှင့် ရွှေဆပ်သွားဘုရား၊မန္တလေးတောင်စောင်းတန်းများပြင်ဆင်ခြင်း၊ စရပ် ဆောက်လုပ်ခြင်း၊ စည်းခုံတော်ကို ပန်နက်ချခြင်း၊ အုတ်မြစ်ချခြင်း၊ စည်းခုံတော်အောက် မြေထဲ၌ ဌပနာသွင်းခြင်း၊ နှစ်သစ်ကူးအမြောက်သံကြားခြင်း၊ငွေအိုးရသူကို ပြန်ပေးခြင်း၊ သမီးကညာရောက်ခြင်း၊ ညောင်ရေသွန်းလှူတော်မူခြင်း ၂၆၉

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၃	သမီးကညာရောက်ခြင်း၊ နှစ်သစ် ကန်တော့ခံခြင်း၊ လယ်ထွန်မင်္ဂလာ ထွက်ခြင်း၊ ပဉ္စင်းသာမဏေလောင်းများကို ရွှေတော်သို့ သွင်းပြုရခြင်း၊ လှေပွဲ၊ ရွှေဆင်လှေပွဲ ကျင်းပခြင်း၊ဝါကျွတ်ကန်တော့ခံခြင်း၊ ကသည်းပြည့်မှာ မြို့စောင့်ထင်ထော် ထားသည်ကို ကသည်း စော်ဘွားဟောင်းသားက တိုက်ခိုက်ခြင်း၊ ကသည်းတို့တပ် ဖျက်ခြင်း၊ ဝေသာလီမင်း, ဇယန္တာမင်းတို့ မူးမတ်များကို ဘွဲ့နှင့်စလွယ်ပေးခြင်း၊ ငွေအိုးရသူသို့ ပြန်ပေးခြင်း	၂၇၃
၄၄	ပူတက်မြို့အနီး တောင်ဝိုက ဓာတ်ထော်ရခြင်း၊ စည်းခုံတော်ကို ဌပနာသွင်းခြင်း၊ မိန်ရာသီတွင်ဂြိဟ်ရှစ်လုံးစုခြင်း၊ ညောင်ရေသွန်းလှူထော်မူခြင်း၊ မိုးလောင်ခြင်း၊သင်္ကြန်တော်ခေါ်ခြင်း၊ ဥကင်းတော်ဖွင့်ခြင်း၊ ဆင်ပြူထော် သိမ်းခြင်း	၂၉၀
၄၅	အင်းဝမြို့ဟောင်းကို အရှောဘက်ဖွင့်၍မြို့သစ်နန်းသစ်တည်ခြင်း၊ မိဖုရားခေါင်ကြီးတွင် သမီးတော် ဖွားမြင်ခြင်း၊ မဟာဗောဓိပင်ကို အထူးထူးသော အလှူတော်များ လှူခြင်း	၃၁၁
၄၆	ဇေတဝန်ခေါ်–မဟာ ရာဇဝင်ထော်ကြီးဏိပကာမ ပယောဇဉ် စသည်များ	၃၂၀
၄၇	မဟာဗောဓိတွင် လှူဒါန်း စိုက်ထူထော်မူသော ကျောက်စာသံဝိုင်းအကြောင်း၊ ယိုးဒယားသို့ ချီတက်တိုက်ခိုက်ရန် စီမံခြင်း၊ ယွန်းကြီးမင်း မာသျကပ်မင်းတို့က သံရောက်ခြင်း၊ အင်းဝမြို့သို့ ထွက်ထော်မူခြင်း	၃၃၄
၄၈	အာသံပြည်သို့ မင်းကြီးမဟာဗန္ဓုလ ချီထက် တိုက်ခိုက်ခြင်း၊ ဥဒည်မင်းက သံရောက်ခြင်း၊ ဂိထာစော်ဘွားက လက်ဆောင်ထော် ရောက်ခြင်း၊ ယွန်းကြီးမင်းသံတို့ကို ဆုလာဘ်ပေးထော်မူခြင်း၊ ယွန်းကြီးမင်းထံ သံစေလွှတ်ခြင်း	၃၄၃
၄၉	အာသံပြည်ကို မင်းကြီး မဟာဗန္ဓုလ တိုက်ခိုက် သိမ်းယူခြင်း၊ အဂ္ဂပတ်မင်းကို တိုက်ခိုက်သိမ်းယူခြင်း၊ နန်းမထော်ဘုရားက အုတ်ကျောင်း ထည်လုပ်ခြင်း၊ ဥဒည်မင်းက သံရောက်ခြင်း၊ အာသံပြည်ဗိုလ်မှူး အသစ်ထဲခြင်း	၃၅၈

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၀	ဥဒည်မင်းက သံရောက်ခြင်း၊ အင်းဝမြို့သို့ ပြောင်းရွှေ့ စံတော်မူခြင်း၊ တရုပ်ပြည်သို့ သံစေလွှတ်ခြင်း၊ သီဟိုဠ်ကျွန်းက ပုလဲဆင်းတု, ဖလ်ဆင်းတုရောက်ခြင်း၊ ကျောင်းတော် ဆောက်လုပ်ခြင်း၊ ဝေဿလီအက္ကပတ်မြို့များ မငြိမ်မဝပ်၍ တပ်တော်များ ချီတက်ရခြင်း	၃၁၃
၁၁	အင်္ဂလိပ်မင်းနှင့်မသင့်မတင့်ဖြစ်၍မင်းကြီးမဟာဗန္ဓုလဓညဝတီ ကြောင်း ချီတက်ခြင်း၊ အက္ကပတ် ကောသာလီတွင် ဗိုလ်မှူးမဟာကျော်ထင်စစ်ရှုံးခြင်း၊ မဟာဝီဇယရံသီဘုရား ထီးတော် တင်ခြင်း၊ ရတနာပူရ အင်းဝမြို့ကို သိမ်းတော်မူခြင်း၊ မင်းညီမင်းသား မှူးတော်မတ်တော်တို့ကို ချည်စလွယ် ဆင်စေခြင်း၊ မင်းကြီးမဟာဥဇနာ ကောသာလီကြောင်း ချီထွက်ခြင်း	၃၆၅
၁၂	ဝိဋ္ဌကတ်သုံးပုံကို ပေထက်အက္ခရာ ရေးကူးခြင်း၊ မင်းကြီးမဟာဗန္ဓုလ၏စစ်သည်များ ဂေါ်တော့ပလ္လင်ရောက် ချီတက်ခြင်း၊ ရွှေနန်းပြာသာဒ်တော် ထုဝိကာကျိုးပြတ်၍ကျခြင်း၊ ဝန်ကြီးသတိုးမဟာ သေနာပတိ ရန်ကုန်သို့ ချီရခြင်း၊ ဒွါရာဝတီမင်းသား မိုးနဲသို့ချီရခြင်း....	၃၇၄
၁၃	ဂေါ်တော့ပလ္လင်တွင် အင်္ဂလိပ်တပ်နှင့် တိုက်ခြင်း၊ ပန်းဝါမြစ်တွင် မြန်မာက စစ်နိုင်ခြင်း၊ ရန်ကုန်မြို့ကို အင်္ဂလိပ်ကရခြင်း၊ မြန်မာနှင့် အင်္ဂလိပ်တို့ ဆိုင်္ဂြိုင်တိုက်ခိုက်ခြင်း၊ သတိုးမင်းကြီး မဟာဗန္ဓုလ ဓညဝတီကြောင်းစစ်မြေပြင်က ရွှေဘဝါးတော် အောက် ပြန်ရောက်လာခြင်း	၃၇၆
၁၄	ညီတော် သာယာဝတီမင်း သာယာဝတီမြို့က တပ်စွဲရပ်ခြင်း၊ မင်းကြီး သတိုးသုဓမ္မ မဟာဗန္ဓုလဟံသာဝတီကြောင်း ချီတက်ခြင်း၊ ရေး, ဗြိတ်, ဒဝယ်မြို့များကို အင်္ဂလိပ်က ရခြင်း၊ ရမ္မာဝတီမင်းသားတပ်များ သာယာဝတီမင်းသားတပ်သို့ ပေါင်းစပ်ခြင်း	၃၈၅
၁၅	ရန်ကုန်မြို့တွင် အင်္ဂလိပ်နှင့် မြန်မာတို့တိုက်ခြင်း၊ မင်းကြီးသတိုးသုဓမ္မ မဟာဗန္ဓုလဆုတ်၍ ဓနုဖြူက ခံခြင်း၊ ထန်းတပင်ကျွန်းဦးတပ် သရက်တပင်တပ်၊ မော်ဝိတပ်တော်များ ဆုတ်ခွာရခြင်း၊ မဟာသကျသီဟဘုရား သွန်းရန် မြေပုံလုပ်ခြင်း၊ ရှမ်းပြည်က စစ်သား တသောင်း ငါးထောင် စည်းကြပ်ရခြင်း၊ ပုသိန်မြို့ကဆုတ်ရခြင်း၊ မင်းကြီးသတိုးသုဓမ္မမဟာဗန္ဓုလ ဗုန်းလက်နက်သင့်၍ကျခြင်း -	၃၉၇

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၅၆	မင်းကြီးမဟာသီဟသူရတစ်ဆုတ်ရခြင်း၊ သာယာဝတီမင်းတစ်ဆုတ်ရခြင်း၊ ပြည်မြို့က မြန်မာတစ်များ ဆုတ်ရခြင်း၊ ဥကင်းထောက်ဖွင့်ခြင်း၊ မင်းထင်မင်းခေါင်ကို ကွပ်မျက်ခြင်း၊ မိုးနဲ့ဗိုလ်မှူး ဒွါရာဝတီမင်းသား ဟံသာဝတီကြောင်းချီတက်ခြင်း၊ ညီထော် တောင်ငူမင်း ကံတော်ကုန်ခြင်း၊ သာယာဝတီမင်း ပြန်သာရခြင်း	၃၉၄
၅၇	ဒွါရာဝတီမင်း မလွန်မြို့က ထပ်စွဲခြင်း၊ အင်္ဂလိပ်မင်းနှင့် မြန်မာမင်း စစ်ပြေငြိမ်းရန် စကားပြောခြင်း၊နောက်ထပ်၍တိုက်ခိုက်ကြခြင်း၊ မိုးနဲ့ဗိုလ်မှူးမင်းသားတပ် ပုဂံညောင်ဦးသို့ဆုတ်ရခြင်း	၃၉၉
၅၈	ဝန်တောက်မင်းကျော်ဇေယသူရ လက်နက်ကိုင် တသောင်းကျော်နှင့်နောက်ထပ်ချီရခြင်း၊ဒွါရာဝတီမင်းတပ် ပုဂံ ညောင်ဦးကဆုတ်၍ ဆီမီးခုံရွာမှ စွဲရပ်ရခြင်း၊ ရန်ကိုရွာတွင် စစ်ပြေငြိမ်းရန် စာချုပ် ပြုလုပ်ခြင်း	၄၀၇
၅၉	ဝန်ကြီးခန့်ခြင်း၊ မြို့စားပေးခြင်း၊ အောက်မြစ်စဉ်မြို့ရွာများကို ရာဇဝတ်တော်ရေး ကင်းလွတ် လုံခြုံအောင် စီမံရန် ဝန်ကြီးမင်းကြီး မဟာမင်းလှရာဇာကို စေလွှတ်ခြင်း၊ အစုအမှုထမ်းများ ဆေးထောက်ထိုးမှတ်ရခြင်း၊မိကြီးထောက်တရာပ်မြို့စားကံကုန်ခြင်း၊ အင်္ဂလိပ်ပင်းကာ သံစေလွှတ်ခြင်း၊ လက်နက်ကိုင် လူထသောင်းကျော်နှင့် ရန်ကုန်မြို့သို့ ရန်ကုန်ဝန်ကြီးရောက်ခြင်း–	၄၁၅
၆၀	အင်္ဂလိပ်မင်းနှင့်မြန်မာမင်း မဟာဓိတ်စာချုပ်, ချုပ်လုပ်ခြင်း၊ ရန်ကုန်မြို့အလံတိုင်မှ အင်္ဂလိပ်အလံကိုချ၍ မြန်မာမင်းဒေါင်းအလံတင်ခြင်း၊သံလျင်မြို့ဝန်ဟောင်း ထလိုင်းလူမျိုးစစ်က လက်နက် လူသူစုဆောင်း၍ ရန်ကုန်မြို့ကို တိုက်ခိုက်ခြင်း၊ညီထော်ကို ရေသွန်း လက်ထပ်ထော်မူခြင်း	၄၂၂
၆၁	ဇေယာဘိသိက် ခံထော်မူခြင်း၊မဟာ သကျသီဟဘုရား သွန်းထော်မူခြင်း၊ ဆင်တော် ရောက်ခြင်း	၄၅၁
၆၂	သခိုးထော်ကို မြို့ပေးခြင်း၊ ကျိုင်းရုံးကြီးမြို့ကို အုတ်မြို့ရိုးအသစ်လုပ်စေခြင်း၊ အမရပူရမြို့သို့ ထွက်ထော်မူခြင်း၊ တူထော်ကို ရှင်သာမဏေပြုထော်မူခြင်း	၄၅၄

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၆၃	စန္ဒာမုနိဘုရားကို-အမရပူရက အင်းဝမြို့သို့ ပင့်ဆောင်ခြင်း၊ အုတ်ကျောင်းတော်ကြီး ပြီးပြေ၍ ညောင်ကန် ဆရာတော်ကို တင်လှူခြင်း၊ ခေါင်းလောင်းတော်ကြီးသွန်းလုပ်ခြင်း၊ စလင်းမင်းသားက အုတ်တံတားတည်လုပ်ပြီးပြေ၍ရေစက်သွန်းခြင်း၊ တူတော်များကို နားထွင်း၍ ဘွဲ့အစီးအနင်း အဆောင်အရွက်ပေးခြင်း	၄၅၅
၆၄	ကောင်းတုံမြို့စားလွန်ခြင်း၊ သင်္ကန်းလှူခြင်း၊ပင်းတလေမင်းသားကို နားထွင်းခြင်း၊ စံကျောင်းတော် ရေစက်သွန်းချခြင်း၊ မြန်အောင်မြို့ရှိအလောင်းမင်းတရားကြီးကုသိုလ်တော် မြန်အောင်ဘုံသာဘုရားကို နေရာပြောင်း၍ တည်ခြင်း၊ မှန်နန်းမဟာရာဇဝင်တော် ရေးသားခြင်း	၄၆၀
၆၅	ရပ်ပွားတော်ထုလုပ်ရန် ကျောက်တော်ကြီးကို စကျဉ်တောင်ကယူဆောင်ခြင်း၊ ဖုသျှသင်္ကြန် ခေါ်ခြင်း၊ ဆင်ကျုံးသွင်းခြင်း၊ အုတ်ကျောင်းဆရာတော် ပျံလွန်တော်မူခြင်း၊ ကျောက်တော်ကြီးဘုရား ထုလုပ်ပြီးပြေ၍ မဟာသကျရံသီ ကမ္ဘည်းတပ်တော်မူခြင်း၊ အင်္ဂလိပ်သံ မယ်စယ်ဘော်ရနီ ရောက်ခြင်း	၄၆၅
၆၆	ယွန်းကြီးမင်းကလွတ်သော သံများ ရန်ကုန်မြို့ကို ရောက်လာခြင်း၊ ဆင်ကျုံးသွင်းခြင်း၊ ဂြဟသျှန်သင်္ကြန် ခေါ်ခြင်း၊ အစုအငန်းသားများကို မျဉ်းမှောက်တိုပေးခြင်း၊ မောင်းထောင်သာသနာဝိုင်လူထွက် မင်းတိုင်ပင်အမတ်သေလွန်ခြင်း၊ ဥဒည်မင်းက သံရောက်ခြင်း၊ ဥဒည်မင်းထံ သံလွှတ်ခြင်း၊ ဝိတောက်ချောင်ဆရာတော်ဘဝပြောင်းခြင်း	၄၇၂
၆၇	သားတော် ညောင်ရမ်းမင်းကို နားထွင်းခြင်း၊ အင်္ဂလိပ်မင်းကိုယ်စားလှယ် စစ်သားငါးဆယ်နှင့် အင်းဝမြို့ကို ရောက်ခြင်း၊ သကျမုနိရုပ်ပွားတော်နှင့်ဗောဓိပင်ရောက်ခြင်း၊မဏိပူရနယ်မြေနှင့် တမူးခန်းပတ်နယ်မြေရှင်းလင်းပြောဆိုခြင်း၊ မိဖုရားခေါင်ကြီးတွင် မြင်သည့် သမီးတော် သီရိတိလောကမြတ်စွာကို နားထွင်းခြင်း	၄၀၀

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၆၈ ဆရာတော်များ ဘဝပြောင်းခြင်း၊ ဗောဓိပင် စိုက်ခြင်း၊ ဘုံကျော်ကျောင်း, မဟာအောင်မြေဘုံသာကျောင်းထောင်များကို ရေစက်သွန်းခြင်း၊ စက်ဒုံးရှိ့.လွှတ်ခြင်း၊ ရန်ကုန်မြို့တွင်ဝန်ကြီးမင်းကြီး မဟာမင်းလှရာဇာ သေလွန်ခြင်း၊ မဟာသကျသီဟ ဘုရား အုတ်ပြာသာဒ်ကို ရေစက်သွန်းချလှူတော်မူခြင်း၊ ဆင်ကျုံးသွင်းခြင်း ၄၀၅

၆၉ ဓိကြီးတော် အိမ်ရှေဓိဖုရားကံကုန်ခြင်း၊ စက်ဒုံးများ ရှိ့.လွှတ်ခြင်း၊ ကန်တော် ဆည်တော်များ ပြင်ဆင်ခြင်း၊ ယာယီနန်းစံခြင်း၊ ညီတော် သာယာဝတီမင်း ရတနာသိင်္ဃမြို့သို့ ထွက်သွားခြင်း ၄၀၉

၇၀ ညီတော်တစ်ပါးကို လိုက်ထပ်၍တိုက်ရန် ရတနာပူရမြို့က စစ်သည်များလွှတ်ခြင်း၊ ညီတော်သာယာဝတီမင်း ရတနာသိင်္ဃမြို့သို့ရောက်၍ အရာရှိများ ခန့်ထားခြင်း၊ ရတနာပူရမြို့ကို တိုက်ရန် ညီတော်က စစ်တက်ခြင်း၊ အင်းဝမြို့က အင်္ဂလိပ်အရေးပိုင် ရတနာသိင်္ဃမြို့သို့ လာ၍ ညီတော် နောင်တော်တို့ သင့်တင့်အောင်လျှောက်ထားခြင်း၊ ညီတော်မင်းတရား ရတနာသိင်္ဃမြို့က စစ်ကိုင်းမြို့သို့ ထွက်တော်မူခြင်း၊ နောင်တော်က ညီတော်ကို ထီးနန်းလွှဲအပ်ခြင်း ၅၀၆

၇၁ နောင်တော်မင်းတရား နန်းက ဆင်းရခြင်း၊ ၎င်း ရတနာပူရ စတုတ္ထ မြို့တည် နန်းထည် မင်းတရားကြီး၏ အဋ္ဌပ္ပတ္တိနှင့် ကုသိုလ်တော် မိဖုရားသား တော်သမီးတော်များကိုဖော်ပြခြင်း ၅၄၁

ညီတော် အမရပူရ ဒုတိယ မြို့တည်နန်းတည် မင်းတရားကြီး၏ အကြောင်း

၇၂ ညီတော်မင်းထရားကြီးက ရွှေထီးရွှေနန်းကို ထိန်းသိမ်း စိုးအုပ်ထော်မူကြောင်း မောင်းကြွေးနင်းတီးခတ်စေခြင်း၊ နောင်ထောင်မင်းထရား မကျွန်းမမာသည်ကို ပြုစုထော်မူခြင်း ၅၄၆

၂၃ အရပ်ရပ် ဌာနများတွင် အစောင့်အရှောက်ထားခြင်း၊ ထုံးစံအတိုင်း သစ္စာရေခံသောက်ကြရခြင်း၊ ဆင်မင်းကို စစ်ကိုင်းမြို့သို့ ဆောင်ယူခြင်း၊ ဆင်ဖြူ ရောက်ခြင်း၊ ဆင်ကျုံးသွင်းခြင်း၊ ညောင်ရမ်းမင်းသားကိုလက်နက်များပြန်ပေးအပ်တော်မူခြင်း၊ နှမတော်များနှင့် မင်းသားများကိုငွေသပြာ ပေးတော် မူခြင်း– ၁၄၆

၂၄ မိုးနဲဗိုလ်မူးခန့်ခြင်း၊ ဝန်ကြီးမင်းကြီးမဟာဗန္ဓုလကို လက်နက်လူသူ ပေးအပ်၍ တောင်ငူက ရပ်နေစေခြင်း၊ ရာထူးနှင့် ဘွဲ့အမည်ပေးခြင်း၊ သကြိုန်တော် ခေါ်ခြင်း၊ ရတနာပုရမြို့သို့ ထွက်တော်မူခြင်း၊ ဆင်တော်ကို အစွယ် လှစေခြင်း ···· ၁၄၈

၂၅ သဲအင်းဆရာတော်ကို သာသနာပြုအပ်တော်မူ၍ အချို့ဆရာတော်များကို တံဆိပ်လှူတော်မူခြင်း၊ဒုတိယဝါဆိုလပြည့်ကျော် တရက်နေ့ ရဟန်းသံဃာတို့ ပုရိမဝါကပ်သင့်ကြောင်းနှင့် ဆင့်ဆိုခြင်း၊ ဆင်မင်းကို ကံကျွေးခံမြို့ပေးခြင်း၊ နန်းမတော်ဘုရားကို အသုံးကံကျွေးခံမြို့များပေးခြင်း၊ဝန်ကြီးနှစ်နှင့် ဗန္ဓကျိတိုက်ဝန်, မိုးနဲဗိုလ်မူးတို့ကို အစီးအနင်းအဆောင်အရွက် ပေးခြင်း ···· ၁၅၂

၂၆ ရတနာသိဒ်တွင် ထီးနန်းစိုက်ဆောက် စံနေတော် မူမည်မှာ ထာဝရကိန်းကို ငံ့လင့်၍ ကျောက်မြောင်းမြို့မှာ ယာယီနန်းစံရန် စံနန်းတော် ဆောက်လုပ်စေခြင်း၊ မြို့ဝန်ခန့်ခြင်း၊ နန်းဦးမင်းသားကို မင်းသားကြီးတို့ နေရာထွင် ထားတော် မူခြင်း၊ ကျောက်မြောင်းမြို့သို့ ရေကြောင်း ဆန်တော်မူခြင်း ···· ၁၅၈

၂၇ ကျောက်မြောင်းမြို့တွင် ယာယီ နန်းစံတော်မူခြင်း၊ ရတနာသိဒ်မြို့ဝန် သေလွန်ခြင်း၊သားတော်ကို မြို့စားပေးခြင်း၊ဝန်ကြီးခန့်ခြင်း၊ မူးတော်မတ်တော်များကို အစီးအနင်း အဆောင်အရွက်ပေးခြင်း၊ ပတ္တမြားကျောက်တော်ရောက်ခြင်း၊သာသနာပြုဆရာတော်ကို ကျောင်းအပ်တင်လှူတော်မူခြင်း၊ လှေပွဲသဘင်လုပ်ခြင်း၊ မင်းခင်းမင်းသမီး ကံကုန်ခြင်း၊ စော်ဘွားများကန်တော့ ရောက်ခြင်း၊ စော်ဘွား ခန့်ခြင်း၊ ဆဒ္ဒန် ဆင်မင်းကို ကျောက်မြောင်းမြို့သို့ ဆောင်ယူရခြင်း ···· ···· ၁၆၅

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၂၀ ရထနာသိဒ်္ဓိ အင်္ဂါဘက် မြင်းမြေကျေးရွာများကို အသစ်ပွဲစည်းထော်မူခြင်း၊ အမရပူရမြို့တော်တွင် ထီးနန်းစိုက်ဆောံစံထော်မူရန် ပြင်ဆင်ရခြင်း၊ ဒီပဲယင်းမြို့ဝန်ကို ဝန်ထောက်ခန့်၍ မတ္တရာဝန်ကို ဝင်းမူးခန့်ခြင်း၊ သီဟထောဘုရားသို့ ထွက်တော်မူခြင်း၊ ၎င်းကအပြန် အမရပူရမြို့ဆို ပြောင်းရွှေ့စံတော်မူခြင်း၊ မိုးနဲဗိုလ်မူးက စေလွှတ်လိုက်သောလူများကို ညှောင်ရွှေစော်ဘွားက သတ်ခြင်း၊ မိုးနဲဗိုလ်မူးအသစ်လဲ၍ ခန့်ခြင်း ၁၇၀


၂၉ ပုဂံရွှေစည်းခုံဘုရားကို ရွှေလုံးတော်ပြည့် ကပ်လှူခြင်း၊ ရွှေနန်းတော်ဆောက်လုပ်ရန် သစ်ဝယ်စေလွှတ်ခြင်း၊ ဖုသျှသကြိန်ခေါ်တော်မူခြင်း၊ ကျိုင်းရုံးကြီးစော်ဘွားခန့်ခြင်း၊ ညှောင်ရမ်းမင်းသားနှင့်တကွ မင်းသားများကို ဗေဒင်းဝတ်လုံမှစ၍ အဆောင်အရွက်ပေးခြင်း၊ ရွှေတချောင်းမြောင်းတိမ်ကောရှိ ထပ်မံတူးရခြင်း၊ ပဲခူးမြို့စားဝန်ကြီး သေလွန်ခြင်း၊ ရေနံချောင်းမြို့စား ဝန်ထောက်ကို ရန်ကုန်မြို့က ရပ်နေစေခြင်း၊ မဟာမုနိဘုရားကြီးသို့ အဖူးအမြော် ထွက်တော်မူခြင်း၊ သမီးကညာရောက်ခြင်း– ၁၇၄

၃၀ ဆင်ကျုံးကို ရွှေ့ပြောင်းခြင်း၊ ကြက်ဘိုးကြီးက သမီးကညာရောက်ခြင်း၊ ညှောင်ရမ်းမင်းသားနှင့်တကွ မြတောင်မင်းသမီးပါ လူပေါင်းနှစ်ဆယ်ကျော်တို့ကို စီရင်ခြင်း၊ ဝင်းမူးခန့်ခြင်း၊ ဆွမ်းလောင်းလှူထော်မူခြင်း၊ ပန်းထောင်းမင်းသမီးကို မိဖုရားလတ်တို့အရာ ပေးခြင်း၊ မက္ခရာမင်းသားသမီးတော်နှင့် သားတော်ရွှေထောင်မင်းကို လက်ထပ်ခြင်း ၁၇၉

၃၁ ရဲဘော်ကျွန်တော်မျိုးများကို သွေးသောက်ပွဲခြင်း၊ ထောင်ပိုင်မြို့စားဖိဖုရား ကံကုန်ခြင်း၊ ရွှေနန်းထော်ဆောင်ပုံများ စဉ်လုပ်ခြင်း၊ ရထနာပူရမှ စန္ဒာမုနိဘုရားကို အမရပူရမြို့သို့ ပင့်ဆောင်ရခြင်း၊ ရွှေနန်းထော် သစ်များကို ထောစာပယ်၍ အတွင်းထော်သို့ သွင်းရခြင်း၊ အမရပူရမြို့ထော်နှင့်ထကွ ခုနစ်ဌာနကို ပန္နက်ချခြင်း၊ မြေလျှင်အကြိမ်များစွာလှုပ်၍ လူသူကျွန်းအများ သေခြင်း.... .... ၂၀၃

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၈၂	ဆွမ်းလောင်းလှူတော်မူခြင်း၊ သမီးကညာရောက်ခြင်း၊ နန်းဦး မင်းသား ကံကုန်ခြင်း၊ မင်းရပ်တုတော်များကို ပူဇော်ရခြင်း၊ အဝမြို့သို့ ထွက်တော်မူခြင်း၊ ဝိတောက်ချောင်သို့ ထွက်တော်မူခြင်း၊ ဝန်ကြီးခန့်ခြင်း၊ သုံးဆယ်မြို့နယ်တွင် ရွာမ်းဝေးပြ ထကြွခြင်း၊ စံနန်းတော်ဦးတွင် ထားသည့် စောင်းငြင်းတို့ လူမတီးဝဲမပြတ်မြည်ခြင်း၊ စလင်းသာသနာဝိုင်ဆရာတော် ဘဝပြောင်းခြင်း၊ ဆွမ်းလောင်းလှူတော်မူခြင်း၊ သာသနာပြု သဲအင်းဆရာတော် ဘဝပြောင်းခြင်း	၅၀၀
၈၃	ဆင်ဖမ်းသဘင် ထွက်တော်မူခြင်း၊ ဆင်ဖြူရောက်ခြင်း၊ ရွှေနန်းတော်ကြီး အမှမ်းတင်ခြင်း၊ သင်္ကြန်ခေါ်တော်မူခြင်း၊ ပဟိုရ်စည်တော် ခေါင်းလောင်းတော်မှစ၍ လုပ်ရခြင်း၊ သာသနာပြု သဲအင်းဆရာတော် အလောင်း နိဗ္ဗာန်ကျောင်းချ အခမ်းအနားသို့ ထွက်တော်မူခြင်း၊ မိုးကောင်းမင်းသား ကံကုန်ခြင်း၊ သာသနာပြု ဆရာတော်အလောင်း သင်္ဂြိဟ်ရန် ထွက်တော်မူခြင်း၊ အလယ်နန်းတော်မိဖုရားက ရန်ကင်းတောင်တွင် တည်သောစေတီတော်ကိုထွက်တော်မူ၍ရေစက်သွန်းခြင်း၊ ပတ္တမြားကျောက်တော်ရောက်ခြင်း	၅၁၀
၈၄	မတ္တရာမြို့ကျော်စဉ်တိုက် ကျေးရွာများကို ရွှေဓား မင်းသား ခေါ်ခံဝင်းနှင့် သူပုန်လူပေါင်းတထောင်ကျော် ဝင်ရောက်တိုက်ခိုက်လာ၍ ရွှေဘဝါးတော်အောက်က ချီတက်စေခြင်း၊ သီဟတောရုပ်ရှင်တော် ကျောတော်ကွဲအက်ခြင်း၊ ပင်းတလေမြို့စားဟောင်း မင်းသား–သားအဘကို ကြေးတိုက်က လွှတ်ခြင်း၊ မဟာမင်းကလေးကို အတွင်းဝန်အရာမှ ရုပ်သိမ်းခြင်း–	၅၁၃
၈၅	သူပုန်ရွှေဓားမင်းသားခေါ်ခံဝင်းနှင့် အပေါင်းပါလူများကို ဖမ်းဆီးရမိ၍ စစ်ဆေးစီရင်ခြင်း၊ နောင်တော်မင်းတရား မိဖုရားကြီးကို ရေတွင်ဖျောက်တော်မူခြင်း၊ စလင်းစား‌နှင့်မယားသမီးများ၊ မူးမတ်အရာရှိများကို ကွပ်မျက်တော်မူခြင်း	၅၁၇
၈၆	ရွှေနန်းတော်ကြီးကို ထီးမှန်ကင်းတင်ခြင်း၊ အနောက်နန်းတော် မိဖုရားက အုတ်ကျောင်းထည်လုပ်ပြီးပြေသည်ကို ရေစက်သွန်းချ လှူတော်မူခြင်း၊ သားတော် မင်းတုန်းမင်းနှင့်တကွ မင်းညီမင်းသားများကိုဗောင်းဝတ်လုံမှစ၍ အဆောင်အရွက်ပေးခြင်း–	၅၁၈

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၈၇	စည်ထောက်များကို ကြက်လုပ်ရခြင်း၊ မော်ကွန်းတိုင်များအသစ် လွှဲပြောင်းရခြင်း၊ နန်းမြို့တော်နှင့် ရွှေနန်းပြာသာဒ်ထောက်ကို အမည်တပ်မှတ်ရခြင်း၊ရာဇာဘိသေကမုဒ္ဓါဘိသိက်ခံထောက်မူ၍ တံဆိပ်နာမံခံတော်မူခြင်း၊ ပဟိုရ်စည်နှင့်တကွ စည်တော်များ စီရီးရခြင်း၊ ရွှေနန်းတော်ကိုတက်သိမ်းတော်မူခြင်း၊ ဥကင် တော်ဖွင့်ခြင်း၊ ဘွဲ့အမည်အရည်ပေးခြင်း....	၆၀၁
၈၈	ဝါဝင် ကန်တော့ခံခြင်း၊ အိမ်ခြေ နှစ်ထောင်ကျော် မီးသင့် လောင်ခြင်း၊ ဥဒဉ်မင်းက သံရောက်ခြင်း၊ မင်းကွန်း ပုထိုး တော်ကြီးကို ထွက်တော်မူခြင်း၊ ဝန်ကြီးခန့်ခြင်း၊ ဥဒဉ်မင်းထံ သို့ရာဇသံပေးခြင်း၊ ရေနန်းထော်သို့ ထွက်တော်မူ၍ လွှဲပွဲ သဘင် လုပ်ခြင်း၊ ဝါကျွတ်ကန်တော့ခံခြင်း၊ ညီတော်နှင့်သား တော်ကို မင်းသားလတ်တို့ အဆောင်အရွက်ပေးခြင်း	၆၀၆
၈၉	မိဖုရားခေါင်ကြီးတွင်မြင်သည့်သမီးတော်ကိုနားရံတော်အများ နှင့် နားထွင်းတော်မူခြင်း၊ သမီးထော်က ဆွမ်းလောင်း လှူ တော်မူခြင်း၊ ဇောင်းကလော ကန်တော်ဦး ကုသိုလ်တော် တည်ရာအရပ်သို့ထွက်တော်မူခြင်း၊ လွယ်တုတ်တောင်ကို သေ လာရတနထောင် ကမ္ဘည်းတပ်ခြင်း၊ ရွှာဝေးရွှာနှင့် ဝက်မစုတ် မြို့ကိုစားရသော စာဆိုတော် သေလွန်ခြင်း၊ ပြင်သစ်တိုင်းပြည် ကုန်သည်ကြီးက လက်ဆောင်တော် ဆက်ခြင်း၊ ရန်ကုန်မြို့မှာ စံနန်းတော် ဆောက်ရန် အသည်ဝန်ထောက်နှင့် လွှတ်အရာရှိ များ သွားရခြင်း	၆၀၈
၉၀	ဇောင်းကလောကန်တော်ဦး ကုသိုလ်တော်ဘုရား ဌပနာသွင်း တော်မူခြင်း၊လက်နက်တိုက်ကိုလောင်မီးကျခြင်း၊ ဆွမ်းလောင်း [illegible]ဆာတ်မူခြင်း၊ သျှင်ဟိရထနသကြွန် ခေါ်ထော်မူခြင်း၊ သိဟိုဠ် ရေ[illegible]က် ရဟန်းရှင်ပညာတိသ ဘဝပြောင်းခြင်း	၆၁၂



ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး

ဒုတိယတွဲ

* အမရပူရ ပဌမ မြို့တည်နန်းတည် မင်းတရားကြီးအဆက်

ရခိုင်ခည ဝတီ ပြည်ကြီးကို သိမ်းယူရန် သားတော်ဥပရာဇာနှင့် ချီထွက်ရသည့် တပ်စဉ်များ

ထိုနှစ် တန်ဆောင်မုန်းလဆန်း လေးရက် စနေနေ့ ရခိုင်ခည ဝတီ ပြည်ကြီးကိုသိမ်းယူရမည်ဟု သားတော် မဟာဥပရာဇာကို ခန့်တော်မူ၍ ချီရသည့်တပ်စဉ်ကား....စကွဲကျော်ခေါင် တတပ်၊ သေနာဇာ တတပ်၊ ရွှေတောင်ဇေယနော်ရထာ တတပ်၊ နေမျိုး ရွှေတောင်စည်သူ တတပ်၊ သီဟပတေ့ တတပ်၊ သားတော် သတိုးမင်းစော်တတတပ်၊ သည်ခြောက် တပ်တွင်ပါသည့် တိုက်ဆင် ခြောက်ဆယ်, မြင်းခြောက်ရာ, စစ်သည်သူရဲ ခြောက်ထောင်တွင် မဟာမင်းလှမင်းခေါင်နှင့် နေမျိုးဇေယကျော်သူတို့ကို စစ်ကဲ, သားတော်သတိုးမင်းစော်ကို အအုပ်ခန့်တော်မူသည်။

ပျံချီသေနကျော်တတပ်၊ နေမျိုးသီရိစည်သူတတပ်၊ နေမျိုးသီရိကျော်စွာ တတပ်၊ နေမျိုး သီရိကျော်ခေါင် တတပ်၊ မင်းရဲစည်သူ တတပ်၊ သားတော်သီရိမဓူရာဇာ တတပ်၊ သည်တပ်ပေါင်း ခြောက်တပ်တွင်ပါသည့် တိုက်ဆင်ခြောက်ဆယ်, မြင်းခြောက်ရာ, စစ်သည်သူရဲ ခြောက်ထောင်တွင် နေမျိုးကျော်ထင်စည်သူနှင့် နေမျိုးဇေယကျော်ထင် တို့ကို စစ်ကဲ, သားတော် သီရိမဓူရာဇာကို အအုပ်ခန့်တော်မူသည်။

ယင်းကမှ သားတော်မဟာဥပရာဇာတပ်မတော်တွင် နန္ဒပကြီတတပ်၊ သီရိတုရင်တဟပ်၊ မင်းလှနော်ရထာ တတပ်၊ ရွှေတောင် သီရိစည်သူ တတပ်၊နေမျိုးသီရိကျော်ထင်တတပ်၊သည်ငါးတပ်ရွှေတော်က ချီရသည်။

နေမျိုးသီဟ တတပ်၊ နေမျိုးသီဟသခ်ယာ တတပ်၊ မင်းရဲလှတတပ်၊ နေမျိုးနော်ရထာ ဇတပ်၊သီဟနော်ရထာတတပ်၊သည်ငါးတပ်လက်ယာ တော်ကချီရသည်။

သီရိနန္ဒကျော်သူ တတပ်၊ နရာသမန်ကျော် တတပ်၊ ရဲခေါင်စည်သူ ကျော်ထင် တတပ်၊ ရဲခေါင်တမွတ်ကျော်ထင် တတပ်၊ ရဲကျော်နော်ရထာ တတပ်၊ သည်ငါးတပ် လက်ဝဲတော်ကချီရသည်။

စက်ထိအာကာ တတပ်၊ ဂန္ဓပစ္စည်း တတပ်၊ သူရဂါမကို တတပ်၊ နေမျိုးခကျော်ထင်သူရ တတပ်၊ သီရိကျော်ခေါင် တတပ်၊ သည်ငါးတပ် နောက်တော်က ချီရသည်။

တပ်မတော်နှင့် တပ်ပေါင်းနှစ်ဆဲတတပ်တွင်ပါသည့် တိုက်ဆင်နှစ်ရာ့ တဆယ်, မြင်းနှစ်ထောင့်တရာ, စစ်သည်သူရဲ နှစ်သောင်းတထောင်ကို အိမ်ရှေဝန် နေမျိုးကျော်ထင်သီဟသူနှင့် အတွင်းဝန် နေမျိုးဇေယသူတို့ကို စစ်ကဲခန့်တော်မူသည်၊ တပ်မတော်နှင့်တကွ တပ်ပေါင်း သုံးဆဲသုံး တပ်တွင်ပါသည့် တိုက်ဆင် သုံးရာ့သုံးဆယ်, မြင်း သုံးထောင့်သုံးရာ, စစ်သည်သူရဲ သုံးသောင်းသုံးထောင်နှင့် သက္ကရာဇ် (၁၁၄၆) တထောင့် တရာ့လေးဆဲ့ခြောက်ခု တန်ဆောင်မုန်းလဆန်းလေးရက် စနေနေ့ သား တော် မဟာဥပရာဇာမှာ ဟသ်ာရွှေဖောင်တော်စီးတော်မူ၍ လှော်ကား လက်သင်, ရွှေလှေ, ရွှေလောင်း, ကူရွှဝ်, သမ္မန်, သက္ကဒါန်, သားရဲ ရုပ်လှေစသော တိုက်လှေကြီးအပေါင်း ဝဲယာရွှေနောက် ခြံရံစေလျက် ဟန်စည်ဟန်မောင်း စည်ကြိုးပတ်သာ ခရာဒုံမင်း ခရသင်း တံပိုးတို့ဖြင့် အောင်သံကြော်ငြာ တီးမှုတ်၍ ကြည်းရေ ဝဲတင်ထပ်လျက် ရခိုင်မြို့သို့ ချီတော်မူသည်။

ရွှေမြို့တော်ကချီတော်မူသည့်နေ့ စစ်ကိုင်းအောင်မြေလောကဆိုင်ထွင် ချတော်မူသည်၊ ဆင်တပ် မြင်းတပ်ဆိုသမျှကို ကြည်းကြောင်း ချီနှင့်စေ သည်၊ အောင်မြေလောကဘုရားရှင်ကို ပူဇော်တော်မူ၍ ထိုတွင် သုံးရက် ရပ်ဆိုင်းတော်မူပြီးလျှင် စစ်ကိုင်းမြို့က ချီတော်မူသည့်နေ့ ကျောက်တလုံး ရွာတွင် ချတော်မူသည်၊ ထိုကမ္ပ တလုပ်မြို့ တဲတော်ရာဆိပ်တွင် ချတော် မူသည်၊ ထိုကမ္ပ ပုဂံအနောက်ဘက် တန်ကြည့်ကျွန်းတွင် ချတော်မူသည်၊ ထိုကမ္ပ ဆင်ဖြူကျွန်းဆိပ်တွင် ချတော်မူသည်၊ ထိုကမ္ပ မင်းဘူးဆိပ်တွင် ချတော်မူ၍ သခင်သတိုးမင်းစောကို မင်းဘူးဆိပ်က တက်စေပြီးလျှင် ဘားအိုင်ကြောင်း ရခိုင်သို့ချီစေသည်။

သားတော် မဟာဥပရာဇာတပ်တော်လည်း မင်းဘူးဆိပ်က ချီတော်မူလျှင် မြေထဲမြို့တွင်ချတော်မူသည်၊ထိုကမှ ပြည်မြို့တွင်ချတော်မူ၍နှစ်ရက်ရပ်ဆိုင်းတော်မူသည်။

ပန်းတောင်းမြို့ရောက်လျှင် စစ်သုံးကြောင်းခွဲဝေ၍ ရခိုင်ပြည်ကို တိုက်ခိုက် သိမ်းယူတော် မူခြင်း

ထိုကမှ ပန်းတောင်းမြို့သို့ရောက်တော်မူသည်၊သုံးရက်ရှိလျှင် ညီတော် သိရိမဓမ္မရာဇာစသောဗိုလ်မှူးတပ်မှူးတို့ကို ခေါ်တော်မူ၍ မဟာဥပရာဇာ အမိန့်တော်ရှိသည်ကား....ရခိုင်မြို့ကို လုပ်ကြံရမည်မှာ သံတွဲတောင်စဉ်ခုနစ်ခရိုင်ကိုရလျှင် ယမ်းခြဲ,မာန်အောင် ခံနိုင်မည်မဟုတ်-ယမ်းခြဲ,မာန်အောင်ကိုရလျှင် ရခိုင်မြို့ကြီးနှင့် တကွ ရခိုင်တတိုင်းလုံးကို ရမည်မချွတ်ဖြစ်သည်၊ ယင်းသို့ ဖြစ်သောကြောင့် သတိုးမင်းစောတို့ ခြောက်တပ်ကို မင်းဘူးဆိပ်ကတက်၍ ဘားအိုင်ကြောင်းချီစေသည်၊ ကြံခင်းက တက်၍လည်း သိရိမဓမ္မရာဇာတို့ ခြောက်တပ်ကို လင်းပတ္တကြောင်း ချီစေမည်၊ ရေကြောင်းလည်း မော်ဒင်ရစ်ကိုလှည့်စေမည်၊ ငါမူကား ပန်းတောင်းမြို့က ဥယာဉ်ပုကြောင်း ချီတော်မူမည်၊ သံတွဲတောင်စဉ်ခုနစ်ခရိုင်ကို ရမှ ယမ်းခြဲ,မာန်အောင်ကို သိမ်းယူတော်မူမည်၊ ယမ်းခြဲ, မာန်အောင်ကို ရမှ ရခိုင်မြို့ကိုသိမ်းယူစတော်မူမည်ဟုအမိန့်တော်ရှိသည်တွင် ညီတော်စသော ဗိုလ်မှူးတပ်မှူးအပေါင်းတို့က ဘုန်းတော်ကြီးလှသောဘုရား အမိန့်တော်ရှိသည့် အရာသည် စစ်ရေးမှန်လှပေသည်ဟု ရှိခိုးနားတော်လျှောက်လေလျှင်သခင်သိရိမဓမ္မရာဇာတို့ခြောက်တပ်ကြံခင်းမြို့ဆိပ်ကတက်၍လင်းပတ္တကြောင်းချီရသည်။ ။တိုက်လှေကြီးဆိုသမျှကိုလည်း အမြောက်စိန်ပြောင်းတင်ပြီးလျှင် နေမျိုးကျော်ထင်, တရဖျားတို့ကို အချုပ်ခန့်တော်မူ၍ ရေကြောင်း မော်ဒင်ရစ်က ရခိုင်သို့လှည့်စေသည်။

ရခိုင်မင်းလည်း မြန်မာမင့်းသားတော် မဟာဥပရာဇာ အလုံးအရင်းအများနှင့် ရခိုင်သို့ချီလာကြောင်းကို ကြားလေလျှင် ကျုံးမြောင်း,ပစ်စင်, ဆင်ခလုတ်, မြင်းခလုတ်, ကတုတ်ဆူးငြောင့် ပြင်ဆင်လုပ်ဆောင်ပြီးလျှင် မြို့ထိပ်ပြထိပ်သို့ အမြောက် စိန်ပြောင်း သူရဲသူခက် အပြည့်တင်၍ မြို့နှင့်အခိုင်ခံလေ၏။

သားတော်မဟာဥပရာဇာလည်း ပန်းတောင်း မြို့တွင် တဆဲ့နှစ်ရက်ရပ်ဆိုင်းတော်မူ၍ ကြည်းကြောင်း ရေကြောင်း ခန့်ထားစီရင်ရန် ရှိသမျှ

အလုံးစုံပြီးပြေလျှင် ပန်းတောင်းမြို့ဆိပ်ကတက်၍ နတ်တော်လပြည့်ကျော် တဆဲ့ဟရက် အင်္ဂါနေ့ ဥယျာဉ်ပုကြောင်း ချိတော်မူသည်၊ ပန်းတောင်း မြို့က ချိတော်မူသည့်နေ့ ငါးမျက်နှာ ဘုရားချောင်းဆုံတွင်ချတော်မူသည်၊ ထိုကမှ ကျောက်ဘူးတောင်ခြေတွင် ချတော် မူသည်၊ ထိုက ချိသည့်နေ့ ကျွဲစခန်းတောင်ခါးပန်းတွင် ချတော်မူ၍ ဆင်မြင်းချပြီးမှ ရွှေကပြောင်း အမြောက်သံ ကဲ့သို့ မျှားစွာကြားလေလျှင် စခန်းမထောက်မချ ဆင်မြင်း ကစေ၍ ချိတော်မူပြန်သည်၊ တောင်ထိပ်ငမှင်စခန်းသို့ရောက်မှ ချတော် မူသည်၊ ထိုကမှ တောင်ရိုးစခန်းတွင် ချတော် မူသည်၊ ထိုကမှ နေပူ တောင်ခြေစခန်းမှာ ချတော်မူသည်၊ ထိုကမှ ချင်းခတောင်စခန်းတွင် ချ တော် မူသည်၊ ထိုကမှ တောင်ကုတ်မြစ်ဆိပ်တွင် ချရပ်တော်မူ၏။။

ဘားအိုင်ကြောင်းချီလေသော သခင်သတိုးမင်းစောတို့ ခြောက်တပ် လည်း ဒလက်သို့မရောက်မီ လက်တင်မြောက်စခန်းတွင် ရခိုင်ဗိုလ်မှူး ငပေါ လုံခံနှင့်သည်ကိုတိုက်လျှင် ဆုတ်ပြေး၍ သခင်သတိုးမင်းစောတပ် ဒလက် မြစ်ဆိပ်မှာ ချရပ်စွဲနေ၏။ ။လင်းပတော့ကြောင်း ချီလေသော သခင် သီရိဓမ္မရာဇာတို့ ခြောက်တပ်လည်း၊ တန်လွှဲတွင် တောင်မင်းကျော်ထွေး ခံနှင့်သည်ကို တိုက်လျှင် တောင်မင်းကျော်ထွေး မရပ်မခံနိုင် ဆုတ်ပြေး၍ သခင်သီရိဓမ္မရာဇာတပ် တန်လွှဲချောင်းဆိပ်မှာ ချရပ် စွဲနေ၏။ ။ရေ ကြောင်းချီစေသည့် နေမျိုးကျော်ထင်, တရဖျားတို့ လှေတပ်စုလည်း မော် ဒင်္ဂါရစ်က လှည့်၍ရောက်လှာ၏။

သားတော်မဟာဥပရာဇာလည်းသံတွဲ တောင်စဉ်ခုနစ်ခရိုင် အလုံးကို ရ၍ ကြည်းတပ်ရေတပ် စစ်လေးကြောင်းအရောက်စုံညီလျှင် တပ်မတော် နှင့်တကွ စစ်သုံးကြောင်းလုံး ကြည်းတပ်ကိုရေတပ်စီရင်တော်မူ၍ သခင် သီရိဓမ္မရာဇာတို့ ခြောက်တပ်ကို လက်ယာကြောင်း ထားတော်မူသည်၊ သခင်သတိုးမင်းစောတို့ခြောက်တပ်ကိုလက်ဝဲကြောင်းထားတော်မူသည်၊ သားတော် မဟာဥပရာဇာ တပ်မတော်အလယ်ကြောင်း နေတော်မူ၍ ယမ်းခြံကျွန်းသို့ ချိတော်မူသည်။

ထိုကချိသည့်နေ့ ပတင်ကျွန်းတွင်ချတော်မူသည်၊ ထိုတွင် နှစ်ရက် ရပ် ဆိုင်းတော်မူ၍ သားတော် မဟာဥပရာဇာ တပ်မတော်နှင့် တကွ စစ် သုံးကြောင်းလုံးယမ်းခြံကျွန်းသို့ကူး၍ တိုက်တော်မူသည်၊ယမ်းခြံကျွန်းတွင် ရခိုင်မင်းဟောင်း ဓမ္မရာဇ်ရာဇာသား အိမ်ရှေနဘူးသူ လူသုံးသောင်း ကျော်နှင့် ဆီးဆို့ရပ်ခံသော်လည်း သားတော်မဟာဥပရာဇာကိုယ်တော်

ကွပ်၍တိုက်တော်မူလေသောကြောင့် ရခိုင်အိမ်ရှေမင်းမရပ်မခံနိုင် ယမ်းဖြိတကျွန်းလုံးကို ရတော် မူသည်၊ ရခိုင်အိမ်ရှေမင်းမူကား ရုံးမိသမျှနှင့် လွှေစီး၍ ပင်လယ်သို့ ထွက်ပြေးလေသောကြောင့် လွတ်လေသည်။

ယမ်းဖြိတကျွန်းလုံးကို အလိုတော်ပြည့်လျှင် နရာသမန်ကျော်ကို သူရဲနှစ်သောင်းကျော်နှင့် ယမ်းဖြိကျွန်းမှာ အစောင့်အနေ ခန့်ထားတော်မူခဲ့၍ သခင်သိရိမဓရာဇာ, သခင်သတိုးမင်းစောတို့ကို လက်ဝဲလက်ယာထား တော်မူပြီးလျှင် ဓညဝတီရခိုင်မြို့ကြီးသို့ ချီတော်မူသည်၊ ထိုက ချီတော်မူလျှင် ယင်းခတိကမ်းတွင်ချတော်မူသည်၊ ထိုတွင် နှစ်ရက် ရပ်ဆိုင်းတော်မူသည်၊ ထိုကချီတော်မူသည့်နေ့ စခေါ်ကျွန်းတွင် ရခိုင်တပ်အများခံနှင့်သည်ကို တိုက်တော်မူသည်၊ ရခိုင်တို့ ဆုတ်ပြေးလေ၍ ယင်းတွင်ပင် ချတော်မူသည်၊ထိုကချီလျှင် ဒလာ်ချောင်းဝတွင် ချတော်မူသည်၊ထိုက ချီတော်မူသည့်နေ့၊သလူတောင်ကျွန်းတွင် ရခိုင်တပ်အများခံနှင့်ပြန်သည်ကို တိုက်တော်မူသည်၊ ရခိုင်တို့ဆုတ်ပြေးလေ၍ ယင်းတွင်ပင် ချတော်မူသည်၊ ထိုကချီတော်မူလျှင် မိုးသီးနတ်တောင်မှာ ချတော်မူသည်၊ ထိုကချီတော်မူလျှင် ဆေးတိုင်ကန်တွင် ချတော်မူသည်၊ ထိုစခန်းတွင် ယမုံးကျွန်းစားထားဝိုင်ကြီးသံတွေလူတသောင်းကျော်နှင့် လက်နက်လက်ဆောင်အများဆက်သ၍ ခြေတော်ဦးခိုက် ကျွန်တော်ခံဝင်ရောက်လှောသည်။

ကြက်စင်ကျွန်းစား လေကျော်တောင်ကဲလည်း လူနှစ်သောင်းကျော်နှင့် လက်နက်လက်ဆောင်အများဆက်သ၍ ခြေတော်ဦးခိုက်ကျွန်တော်ခံဝင်ရောက်လှောသည်။

ယမုံးကျွန်းစား ထားဝိုင်ကြီးသံတွေနှင့်-ကြက်စင်ကျွန်းစား လေကျော်တောင်ကဲတို့ကို ပုဆိုး,ဖလား, ဝတ်လုံ, ဆုတော်အများ ပေးတော်မူ၍ ရွှေတပ်တော်က လိုက်ကြရသည်။

ထိုကချီသည့်နေ့ ရခိုင်ဘုရင်လည်း ယောက်ဖထားဝိုင်ကြီးနှင့် အိမ်ရှေမင်းကို လက်ဝဲကြော်င်း, လက်ယာကြော်င်းထားပြီးလျှင် ရခိုင်ဘုရင်အလယ်ကြော်င်းနေ၍ မြို့ရှေ့ဒီချောင်းနား တောင်ထိပ်က လူတသောင်းကျော်နှင့်ခံနှင့်သည်၊ ရေကြော်င်းကလည်း ရခိုင်အမတ်ကြီး လက်ဝဲမြင်းနှင့်ကိုက်လှေနှစ်ရာ့ငါးဆယ်၊ရခိုင်အမတ်ကြီး လက်ယာမြင်းနှင့်တိုက်လှေနှစ်ရာ့ငါးဆယ်၊ သည်တိုက်လှေငါးရာတွင် အမြောက်စိန်ပြောင်းတင်ပြီးလျှင် မြို့တောင်နရကောက်မော်ကလည့်၍ ခံနှင့်သည်၊ ယင်းသို့ရခိုင်ဘုရင့်ကိုယ်နှင့်တကွ မြို့ကထွက်၍ ကြည်းကြော်င်းရေကြော်င်းကြို၍ခံနှင့်သည်ကို

သားတော် မဟာဥပရာဇာကိုယ်တော်တိုင်ကွပ်၍ တိုက်တော်မူလျှင် ရေကြောင်းကခံသည့် ရခိုင်ဗိုလ်ခုပ်တို့ မခံနိုင်၍ လှေငါးရာကျော်ကို တင်ဆောင်သည့် အမြောက်စိန်ပြောင်းနှင့်တကွ ရတော်မူထိုက်သည်၊ ရခိုင်ဗိုလ်ချုပ်မှကား ကိုယ်စီးသည့် လှေတစင်းချင်းနှင့် အပြင်း ခွာပြေးလေသောကြောင့် လွတ်လေသည်။

ကြည်းကြောင်းက ယောက်ဖ ထားဝိုင်ကြီးနှင့် ရခိုင်အိမ်ရှေ့, ရခိုင်ဘုရင်တို့ခံနှင့်သည်မှာလည်း တပ်ဦးချီကျော်ထင်ပျံချီ,ယောကျ်ားတသိန်း, ဝဿရဲ, ပွဲလုံးကျော်တို့ လေးတပ်နှင့်တွေ့၍ တိုက်ကြသည့်အတွင်း သားတော် မဟာဥပရာဇာ မှိတော်မူ လာသည်နှင့် ကိုယ်တိုင်တော် ကွပ်၍ တိုက်တော်မူလေလျှင်မရပ်မခံနိုင်ပျက်၍ ရခိုင်တပ်ဆိုသမျှကိုဗိုလ်မှူးတပ်မှူးနှင့်တကွရတော်မူထိုက်သည်၊ယောက်ဖ ထားဝိုင်ကြီးနှင့်ရခိုင်အိမ်ရှေ့,ရခိုင်ဘုရင်တို့မှကား မြင်းစီး၍ပြေးလေသောကြောင့် မြို့တွင်းသို့ အနိုင်ဝင်မိလေ၏။ ။ယင်းသို့ရခိုင်မင်းနှင့်တကွ ကြည်းကြောင်းရေကြောင်းဆီးကြိုရပ်ခံနှင့်သည့် ရခိုင်တို့တပ်ဆိုသမျှ မဆီးမဆို မရပ်မခံနိုင် ပျက်လေလျှင် သားတော် မဟာဥပရာဇာလည်း လောင်ကြက်မြစ်အရှေဘက် ဝိုးချည်ကျွန်းတွင် တပ်တော်ချရပ်တော်မူ၏။

ယင်းသောအခါ ရခိုင်အိမ်ရှေနှင့် ရခိုင်မင်းယောက်ဖထားဝိုင်ကြီးတို့ ရခိုင်မင်းညီမင်းသားမှူးတော်မတ်တော် ရဟန်းပညာရှိလူပညာရှိတို့ကိုးရုံးစု၍ရခိုင်ရှင်ဘုရင်ကိုလျှောက်ကြသည်ကား… ယခု မြန်မာမင်းသားတော် မဟာဥပရာဇာ ရခိုင်မြို့ရင်းတိုင်အောင် ချီတက်ပေါက်ရောက်လာသည်၊ ဗိုလ်ပါအင်အားကြီးလှသည်၊ မြန်မာမင်းသားတော်မဟာဥပရာဇာလည်း ဘုန်းလက်ရုံးအာဏာ အမြော်အမြင်နှင့် ပြည့်စုံလေသောကြောင့် ရခိုင်ဗိုလ်မှူးတပ်မှူး စစ်သည်ရဲမက် အပေါင်းတို့ မြန်မာတယောက်ကိုသော်လည်း ရခိုင်တရာ မတွေ့ဝံ့ရှိချေသည်၊ ယခု စစ်ကို အောင်မြင်အောင် တာဘ်နိုင်ချိမ့်မည်မဟုတ်၊ ယင်းသို့ ဖြစ်သောကြောင့် ရှင်မိဖုရားခေါင်ကြီးတွင် မြင်သည့် သမီးတော် အရှင် မှောက်တော်ကြီးကို မြန်မာမင်းသို့ဆက်သ၍ ရခိုင်ပြည်ကြီးဝယ် စည်းစိမ်မပျက် နေပါရအောင် ကြံဆောင်တော်မူသည်ဖြစ်မှ ဘုရားကိုယ်တော်နှင့် တကွ တိုင်းနေပြည်သူ ရှင်လူသတ္တဝါ အပေါင်းတို့ ချမ်းသာရာ ရနိုင်မည်အကြောင်း ဖြစ်ပါသည်ဟု လျှောက်သည်တွင် ရခိုင်မင်း မဟာသမ္မတရာဇာက ဤသို့ဆို၏။

ရှေးရခိုင်ပြည်ကြီးဝယ်မင်းပြုကုန်သောဘေးလောင်းတော်ဘိုးလောင်း တော်အဆက်ဆက် မြန်မာမင်းတို့သို့ သားသမီးဆက်သဘူးသည်ကို ထုံးစံရာဇဝင်မထွက်မရှိ၊ ရခိုင်မင်းရာဇာကြီးလက်ထက် တောင်ငူ ကေတုမတီကိုမင်းပြုသော မြန်မာမင်းက သမီးကညာနှင့် အမြောက် တထောင်ကျော်, ယိုးဒယားသွန်းကြေးရုပ်များကို ဆက်သကြောင်းကိုသာ ထုံးစံရှိရှိသည်၊ မြန်မာမင်းသမီး အမျိုးအနွယ် အဆက်အလက်များနှင့် တကွ အမြောက် ကြေးရုပ်များလည်း ယခုတိုင်ထင်ရှားရှိသည်၊ ယခု ငါ့လက်ထက်တော်တွင်မှ မြန်မာမင်းကိုသားသမီးဆက်ချေသည်ရှိသော် ငါ့ကိုယ်မှာမူကား တခဏာသာဖြစ်၍ ပျက်ရလိမ့်မည်၊ နောက်နောက် ရခိုင်ပြည်ကြီးဝယ် စိုးအုပ်သော မဟာသမ္မတရာဇာမင်းတရားသည် မြန်မာမင်းသို့ သားသမီးဆက်၍ ကျွန်ခံလေတော့သည်ဟု အစဉ်အဆက် ဥဒါန်းစကား မငုပ်မတိမ် ပြောပရာဖြစ်ရစ်လေတော့မည်၊ ရှေးရခိုင်မင်း စောမွန်ကြီး လက်ထက် ရခိုင်ပြည်ကြီးကို မြန်မာမင်းက လုပ်ကြံလေလျှင် ရခိုင်မင်း စောမွန်ကြီး မရပ်မနေနိုင်ရှိသည့်ကာလလည်း စောမွန်ကြီးသည် ရခိုင်မြို့ကခွာ၍ အနောက်ပြည် ပဆာမြို့သို့ ရှောင်လွဲ နေလေသည်၊ နောက် တဆွဲနှစ်နှစ်ရှိမှ ရခိုင်ပြည်သို့ပြန်၍ မင်းပြုမြဲပြုပြန်လေသည့် ထုံးစံရှိသည်၊ ငါလည်း ယခုအခိုက်အတံ့ကို သင့်ရာအရပ်သို့ ရှောင်လွဲနေမည်၊ငါတို့မြို့ကို မြေနှင့်တကွ မြန်မာမင်းသား ယူသွားနိုင်မည် မဟုတ်ဟု ဆိုပြီးလျှင် ရခိုင်မင်း မဟာသမ္မတရာဇာ ညဉ့်သန်ခေါင်ကျော်အချိန်ကို ရွှင်မိဖုရား ခေါင်ကြီး၊ မြောက်နန်းမိဖုရား၊ တောင်ဆောင်မိဖုရား၊ သမီးတော်မှဲ့ တော်ကြီး၊သမီးတော် မှောက်တော်လတ်၊သားတော်မောင်ဝက်တောင်း၊ မောင်ရဲဘော်၊ ကိုယ်လုပ်မောင်းမ ခုနစ်ဆယ်ကျော်၊ယောကျ်ားသင်းပင်း သုံးဆယ်ကျော်များနှင့် မြို့တောင်တံခါးကသည် မြို့ကြီးအနောက်တံခါး သို့ထွက်ပြီးလျှင် မြို့အနောက် ပါးပူတောင်ဆိပ်က လှေနှင့် ထွက်သွား၍ ရခိုင်မြို့တောင် နှစ်ရက်ခရီးကွာ ကွန်းချောင်းကျွန်းသာယာမှာ ရှောင်လွဲ နေလေ၏။

သားတော် မဟာဥပရာဇာလည်း ရခိုင်မင်းမဟာသမ္မတရာဇာ သားမယား အခြွေအရံစုံရာနှင့် ညဉ့်သန်ခေါင်ကျော်အချိန်ကပင် ဘုန်းတော်ရိန်ကိုမခံဝံ့၍ ရှောင်ရှား ထွက်ပြေးကြောင်းကို သိတော်မူလေလျှင်.... သက္ကရာဇ် (၁၁၄၆) တထောင့်တရာ့လေးဆဲ့ခြောက်ခု ပြာသိုလပြည့် ကျော်ရှစ်ရက် တနင်္ဂနွေနေ့ ရခိုင်တမြို့လုံးကို သိမ်းယူတော်မူ၍ ထီးစည်

မှန်ကင်းများ‌ကို ချလှည်း သိမ်းရပ်တော် မူသည်။ ။ခမည်းတော်ဘုရား ခြေတော်ရင်းသို့လည်း ရခိုင်ပြည်အလုံး‌ကို အလိုတော် ပြည့်ကြောင်း‌နှင့် ရွှေတောင်သိခံကျေဝဲထင်‌ကို အလျောက်အထား စေလွှတ်တော်မူသည်။

ရခိုင်ရှင်ဘုရင် မဟာသမ္မတရာဇာ ထွက်ရှောင် လေသည်‌ကိုလည်း ရေကြောင်း ကြည်းကြောင်း အနှံ့အစပ်တပ်ခန့်၍ ရှာဖွေ ဖမ်းဆီးစေပြီး လျှင် မဟာမုနိဘုရားသခင်‌ကို နေပြည်တော်သို့ ပင့်ဆောင်မည် အစီအရင်‌ကိုကြိုတော်မူ၍ စက်တော်ခေါ်စဉ် အိပ်မက်တော် မြင်တော်မူသည်‌ကား…သားတော် မဟာဥပရာဇာ မဟာမုနိဘုရားသခင် အထံတော်သို့ ကြွတော်မူ၍ ဖူးမြော်ပူဇော်တော်မူသည့်တွင် မဟာမုနိဘုရားသခင် အရှေ့သို့မျက်နှာလှည့်၍ စကားပြောတော်မူသည်ဟု အိပ်မက်တော် ထင်တော်မူသည်၊ မိုးသောက်လျှင် မဟာမုနိဘုရားသခင်‌ကို ငါ ပင့်ဆောင်လျှင် လိုက်တော်မူမည့်အကြောင်း‌ကို အိပ်မက်တော်မူသည်ဟု ဗိုလ်မှူးတပ်မှူး‌တို့ အလယ်၌ အဓိန့်တော်ရှိပြီးလျှင် ပြာသိုလပြည့်ကျော် ဆယ်ရက် အင်္ဂါနေ့ သားတော် မဟာဥပရာဇာ‌ကိုယ်တော်တိုင် မဟာမုနိဘုရား‌ရှင့်ထံတော်သို့ ကြွတော်မူသည်၊ကျောင်းတော်‌နှင့် တာတိုင်ကျော်ကွာ ဇီးချောင်းအရပ်တွင် ဖောင်တော်ခံစေ၍ စက်ယန္တရား စီရင်တော်မူပြီးမှ ရွှေပန်းခိုင်, ငွေပန်းခိုင်, ရွှေတန်ဆောင်, ငွေတန်ဆောင်, ရွှေပေါက်ပေါက်, ငွေပေါက်ပေါက်တို့ဖြင့် ရိုသေစွာ လက်ယာရစ်သုံးပတ် လှည့်တော်မူ၍ ပူဇော်တော်မူပြီးလျှင် ပင့်ဆောင်တော်မူသည်၊ ကျောင်းတော်ကသည် ဖောင်တော်သို့ မဟာမုနိဘုရားသခင် ရောက်တော်မူ၍ ရေကြောင်း ကိုယ်တော်တိုင် ပင့်ဆောင်တော်မူခဲ့သည်၊ တဋ္ဌိတ္ထဲလဆန်း ဆယ်ရက် ပုဒ္ဓဟူးနေ့ ဝိုးချည်ကျွန်းတပ်တော်ဆိပ်သို့ မဟာမုနိဘုရားသခင် ဆိုက်ရောက်တော်မူ၏။

ရခိုင်ဘုရင် မဟာသမ္မတရာဇာ မြို့ကထွက်ခွာ၍ ကွန်းချောင်းကျွန်း သာယာမှာ ရှောင်ရှား၍နေသည်‌ကိုလည်း အကြပ်ကပ်မြင်းတပ်မှူး ဧကြာစန္ဒရာကျော်, စကြာသူရဲကျော်သူ, သမန်စန္ဒတို့တပ်မှူးသုံးဦးဖမ်းမိ၍ ရခိုင်ဘုရင်‌နှင့် မိဖုရားသားသမီး အခြွေအရံတို့‌ကို ဗိုလ်မှူး အကြပ်ကပ်မြင်းဝန်နေမျိုးကျော်ထင်စည်သူ သိမ်းရုံးခဲ့၍ တဋ္ဌိတ္ထဲလဆန်း တဆဲတရက်နေ့ သားတော် မဟာဥပရာဇာ ခြေရင်းတော်သို့ ဆက်လျှာ၏။

ဘဝရှင်မင်းတရားကြီး ဘုရားလည်း သားတော် မဟာဥပရာဇာက အလျောက်အထား စေလွှတ်သူတို့ နေပြည်တော်သို့ ရောက်၍ အရေး

အကြောင်းအလုံးစုံမျိုးကို ကြားတော်မူလျှင် ဓညဝတီရခိုင်မြို့မှာ မင်းကြီး မင်းခေါင်ကျော်ကိုအသိမ်းအရုံး အစောင့်အနေခန့်ခဲ့၍ သားတော်မဟာဥပရာဇာတို့ပြန်လာခဲ့ရမည်-အမိန့်တော် ရှိပြီးလျှင် မင်းကြီး မင်းခေါင်ကျော်ကို ခြေရင်းတော်က ရခိုင်မြို့သို့ အလျင်အမြန် လွှတ်တော်မူသည်၊ သားတော်မဟာဥပရာဇာလည်း စေသူတို့နှင့် မင်းကြီးမင်းခေါင်ကျော်တို့ ရခိုင်မြို့သို့ရောက်လျှင် မဟာဝိဟိကတိုင်းဖြစ်သော ရခိုင်ဓညဝတီ, သံတွဲ, ယမ်းမြို, မာန်အောင်များကို အနေအထား ကျအောင် စည်းကြပ် စီရင်တော်မူခဲ့ပြီးမှ မင်းကြီးမင်းခေါင်ကျော်ကို သေနတ်စွဲလူတသောင်းကျော်နှင့် ရခိုင်မြို့မှာ အစောင့်အနေ ခန့်ထားခဲ့၍ မဟာမုနိဘုရားသခင်ကို ပင့်ဆောင်တော်မူခဲ့ပြီးလျှင် ရခိုင်ဘုရင် မဟာသမ္မတရာဇာနှင့်တကွ မိဖုရားခေါင်ကြီး, တောင်ဆောင်မိဖုရား, မြောက်ဆောင်မိဖုရား, သမီးတော် မှောက်တော်ကြီး, မှောက်တော်လတ်, မင်းသားမောင်ဝက်တောင်း,မင်းသားမောင်ရဲတော်တို့နှင့်ရခိုင်တွင်အထက်မင်းပြုသူစန္ဒသုမနရာဇာသား, မင်းသားသာမ,ညီထားဝိုင်ကြီး,အဘယမဟာရာဇာသားပတင်းစား,သီရိသုရာဇာသားသတိုးအရိုက်, ဓမ္မရာဇရာဇာသား ရေနောက်စား, ညီ နတ်တောင်စား, စန္ဒပရမရာဇာသား ထားဝိုင်ကြီးတို့နှင့်တကွ မင်းဆွေစိုးမျိုးမှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူးပြုသူအဆံပေါင်းတို့နှင့် အလျားအတောင်နှစ်ဆယ်,လုံးပတ်ခြောက်တောင်အမြောက်ကြီးနှင့် အမြောက်နှစ်ထောင်ကျော်၊ စိန်ပြောင်းတသောင်းကျော်၊ သေနတ်တသောင်းကျော်၊ ယိုးဒယားလုပ် ကြေးရုပ်သုံးဆယ်ကျော်၊ မိန်းမစိုးသုံးဆယ်ကျော်၊ ငြဟ္မဏမျိုး, ဘိသျှမျိုး, သုဒ္ဒါယပုဏ္ဏားမျိုးသန့် အိမ်ထောင်စုံငါးရာကျော်၊ ဆေတ္တာ, ဂနန္တာပုဏ္ဏားမျိုးတို့နှင့် အတတ်ပညာသည်ဆိုသမျှလူမှစ၍ ဆင်မြင်းသုံ့ပန်းလူသုံးသောင်းကျော်များကို သိမ်းယူတော်မူခဲ့ပြီးလျှင် တပို့တွဲလပြည့်ကျော် ခုနစ်ရက် တနလ်ာနေ့ ဓညဝတီရခိုင်မြို့က ပြန်တော် မူခဲ့သည်၊ တောင်ကုတ်ရေဆိပ်သို့ရောက်တော်မူလျှင် အမြောက်စိန်ပြောင်းသေနတ်ကြေးရုပ်များကို မော်ဒင်ရစ်ကြောင်း ပင်လယ်ကလှည့်ခဲ့စေ၍ မဟာမုနိဘုရားသခင်ကိုတောင်ကုတ်ဆိပ်ကသည် ဥယျာဉ်ပုကြောင်း စက်ယန္တရားရထား စီရင်တော်မူပြီးလျှင် လူငါးထောင်ကျော်ကို အိမ်ရှေအတွင်းဝန်နေမျိုး ဇေယသူ, သစ်တောဝန် သီရိဒေဝကျော်သူ, လက်သမား ဗိသုကာ သီရိ ကေရတ်တို့ကို ကြီးကြပ် ပင့်ဆောင်စေ၍ တပ်စဉ်အတိုင်း ပြန်

ထယ်တိမက္ကိုင်-၂

တော်မူခဲ့သည်၊ မဟာမုနိဘုရားရှင်ကိုလည်း ပန်းတောင်းမြို့ဆိပ်သို့ရောက်လျှင် ရွှေဖောင်နှစ်စင်းတွဲနှင့် ပင့်ဆောင်တော်မူ၏။

ရခိုင်ပြည်ကြီး၏ အကြောင်း

မဟာဝိဟိကတိုင်း ဖြစ်သော ရခိုင်ပြည်ကြီး၏ အကြောင်းကား.... ဂန္ဆုပနဒီမြစ် အရှေ့ဘက် ကိုးဆွဲကိုးမြို့, အနောက်ဘက် ကိုးဆွဲကိုးမြို့မှာ ဘုရားပွင့်တော်မမူမီ ဝေသာလီမြို့တွင် သရဘန္ဓမင်းကသည် သား, မြေးမြစ်, မင်းတဆဲခြောက်ဆက်အဆုံးတွင် မင်းနှင့်တကွ ပြည်သူပြည်သားတို့ကိုဘီလူးစား၍ကျန်ရာသမျှပြည်သူပြည်သားမင်းမိဖုရားနှင့်မင်းသမီးရစိတမာလာသာကျန်သည်။ ။ဘီလူးစားသော အကြောင်းကား....ဂန္ဆုပနဒီမြစ်ညာမှာ မျောက်ဖို-ဆတ်မတို့သင့်သည်၊ ပဋိသန္ဓေအရင့်အမာနှင့် ရေကြီး၍ ဂန္ဆုပနဒီမြစ်ညာကဆတ်မ မျောလာသည်၊ သေလာဂိရိကျောက်တောင် ခြေရင်းဌိတင်သည်၊ ဆတ်မတွင်လူတချို့, ဘီလူးတချို ဖွားသည်၊ လူမှာ လူ့ဘောင်သို့ဝင်သည်၊ ဘီလူးဆဒ္ဒန်မှာ တောင် တခုက နေ၍ဆင်ယောင် ဆောင်ပြီးလျှင် တောသွား တောလာတို့ကို ဖမ်းယူစားသည်၊ ညီပကွတိမှာ မြစ်က ကူးတို့ပို့အဟန်ဆောင်၍ ကူးတို့စီးတို့ကို စားသည်၊ ညီငရကွိုင်မှာ တောတခုကနေ၍ အထွက်အဝင်လူတို့ကို စားသည်၊ ညီငရာပုမှာ တောင်တခုက လူအယောင်ဆောင်၍ပြပြီးလျှင် လာသမျှ လူတို့ကို စားသည်၊ ညီငပိသဲ, လေတ္ကုပ်တို့မှာ တောင်တခုကနေ၍ တောသွား တောလာ လူငှက်တိရစ္ဆာန်တို့ကိုစားသည်၊နှမရကွိကိုမှာ ရေကန်တခုက ရေချိုးရေခပ်တို့ကိုစားသည်၊ မြို့တွင်းကမြို့ပြင်သို့ မထွက်ဝံ့၊ မစားရလျှင် မြို့တွင်းသို့ဝင်၍စားသည်၊ မိဖုရားနှင့် မင်းသမီး ရှစိတမာလာသာကျန်သည်။

ကပိလဝတ်ပြည်ကိုအစိုးရသောအင္ဂုနမင်းကြီးသည် တိုင်းပြည်ကိုသားမမွေသေနသို့နှင်းအပ်၍ တောထွက်သည်နှင့် ဂန္ဆုပနဒီမြစ်ညာညောင်ပင်ကြီးရင်းဌိ ရသေ့ပြု၍နေသည်၊ အကျင့်သီလ တန်းခိုးကြောင့် ညောင်ပင်စောင့်ရှောက်ဝိုင်းကမျောက်ယောင်ဆောင်၍ တောတောင်ရှိသည့် မျိုးကိုအပေါင်းကို နှိုးဆော်လျှင် မျောက်အများ သစ်သီးဝလံ ဆွတ်ယူလုပ်ကျွေးသည်၊ ဆတ်ယောင်ဆောင်၍ ဆတ်အပေါင်းတို့ကို နှိုးဆော်လျှင် ဆတ်အများ လုပ်ကျွေးသည်တွင် အင္ဂုနရသေ့နှင့် ရှေးဆဝက လင်

မယားဖြစ်ခဲ့ဘူးသော ဆတ်မတခုသည်ပါလာ၍ အိမ်ထောင်သက်ဖြစ်ကြရာ ပဋိသန္ဓေအရင့်အမာနှင့် လေကြီးမိုးကြီးလာ၍ ဂန္ဓာပနဒီမြစ်သို့မျောသည်၊ ကြိမ်ဝိုက်တောဌိတင်၍ ဆတ်မက လူငယ်ဖွားသည်၊ အရပ်ထက်ဝန်းကျင်ခုနစ်တောင်ခန့် မီးအလျှံကဲ့သို့ ဝင်းသည်၊ မူဆိုးသင်ကြီးအောင်လာ တောလည့်ရာ ခွေးတွေ့၍ဟောင်လျှင် သင်ကြီးအောင်လာ သူငယ်ကို ကောင်းမွန်စွာ ဆောင်ယူသွားသည်၊ မြို့နေလူမျိုးအပေါင်းတို့ ချီးမြှင့်ကိုးကွယ်ကြသည်၊ အတန်ကြီးသည့်ကာလ မင်းမြောက်သည်၊ အခွန်ဘဏ္ဍာဆက်သည်၊ သင်ကြီးအောင်လာသမီးနှင့် ပေးစားသည်၊ သိကြားပေး လက်နက်ငါးပါးရသည်၊ ဝေသာလီမြို့မှာ ဘိလူးဆေးဒုန်,ငရက်ခြင်တို့ ညီအစ်ကိုယ်တစုတို့ကိုသတ်၍ မင်းပြုသောကြောင့် ရခိုင်ပြည်အစတွင်သည်၊ ဝေသာလီမြို့မှာ မင်းဆွေမင်းမျိုးကိုရှာလျှင် မိဖုရားနှင့် သမီးတော်ရစိတမာလာကိုတွေ့သည်၊ရစိတမာလာကို မိဖုရားမြောက်၍ မင်းပြုသည်။

ဝေသာလီမြို့သည် ဘိလူးတို့ဖျက်ဆီးသည်ဖြစ်၍ ဓညဝတီမြို့ကို ဆတ်မသား မာယာရမင်း အစတည်ထောင်၍ မင်းပြုသည်၊ စည်းစိမ် ခြောက်ဆဲ့နှစ်နှစ်၊ သား မာရမည်-စည်းစိမ် သုံးဆဲ့နှစ်နှစ်၊ သား မာရဘိုလင်း-စည်းစိမ် သုံးဆဲ့ငါးနှစ်၊ သား မာရရွှယ်လင်း-စည်းစိမ် ငါးဆဲ့နှစ်နှစ်၊ သား မာရတင်-စည်းစိမ် လေးဆဲ့နှစ်နှစ်၊သား မာရဇိန်-စည်းစိမ် သုံးဆဲ့သုံးနှစ်၊ သား မာရကင် စည်းစိမ် သုံးဆဲ့ငါးနှစ်၊ အမတ် ငဆတ်ဖို-စည်းစိမ် နှစ်ဆဲ့တနှစ်၊ မာရကင်သား-ဒေါရစန္ဒရာ-စည်းစိမ် လေးဆယ်၊သား သောလစန္ဒရာ-စည်းစိမ် သုံးဆဲ့သုံးနှစ်၊ သား စန္ဒသူရိယစန္ဒရာ-စည်းစိမ် သုံးဆဲ့သုံးနှစ်၊ သား ကာလစန္ဒရာ-စည်းစိမ် လေးဆယ်၊ သား တိုင်စန္ဒရာ စည်းစိမ် သုံးဆယ်၊ သား မဂ္ဂရစန္ဒရာ-စည်းစိမ် နှစ်ဆယ်၊ သား ဇေယစန္ဒရာ-စည်းစိမ် လေးဆယ်၊ သား ပေါက္ခရစန္ဒရာ-စည်းစိမ် နှစ်ဆဲ့ခြောက်၊ သား ကုလ္လစန္ဒရာ-စည်းစိမ် နှစ်ဆဲ့နှစ်၊ အမတ်မျိုး ကျွန်သုံးယောက်-စည်းစိမ် နှစ်ဆဲ့နှစ်၊ ကုလ္လစန္ဒရာမြေး ကံရာဇာကြီး-စည်းစိမ် လေးဆဲ့တနှစ်၊ သား ကံရာဇာငယ်-စည်းစိမ် သုံးဆဲ့ခြောက်နှစ်၊ သား အိန္ဒသူရိယ-စည်းစိမ် သုံးဆဲ့ငါးနှစ်၊ သား အသူရိယ-စည်းစိမ် သုံးဆယ်၊သား သာရမိတ္တာ-စည်းစိမ် နှစ်ဆဲ့ရှစ်နှစ်၊ သား သူရိယ-စည်းစိမ် သုံးဆဲ့တနှစ်၊သားမင်းထီးစည်းစိမ် နှစ်ဆဲ့နှစ်နှစ်၊ သား မင်းဖား-စည်းစိမ် နှစ်ဆဲ့နှစ်နှစ်၊ သား စည်အောင်သာ-စည်းစိမ် နှစ်ဆဲ့ရှစ်နှစ်၊ ညီ ထီးတိုင်သည် - စည်းစိမ် သုံးဆဲ့တနှစ်၊ သားကျောက်ခေါင်စေ-စည်းစိမ် သုံးဆဲ့တနှစ်၊ သားသူရ

ရန္တမိတ်-စည်းစိမ် နှစ်ဆွဲတနှစ်၊ သား အာနန္ဒက-စည်းစိမ် သုံးဆွဲတနှစ်၊ သား ယက်ယာစည်သူကြီး-စည်းစိမ် သုံးဆွဲနှစ်နှစ်၊ သား သီဒက-စည်းစိမ် လေးဆွဲသုံးနှစ်၊ သား မင်းဘုန်းသံ-စည်းစိမ် သုံးဆွဲတနှစ်၊ သား သရက်မွေ-စည်းစိမ် လေးဆွဲနှစ်နှစ်၊ သား ဇေယနန်သူ-စည်းစိမ် သုံးဆွဲလေးနှစ်၊ သား တက္ကသူ-စည်းစိမ် လေးဆွဲခြောက်နှစ်၊ သား လက္ခဏာ-စည်းစိမ် သုံးဆွဲခုနစ်နှစ်၊ သား ဂုဏ္ဏရာဇ်-စည်းစိမ် လေးဆွဲနှစ်နှစ်၊ သား ဝိသုရာဇ်-စည်းစိမ် လေးဆွဲနှစ်နှစ်၊ သား မင်းလှ-စည်းစိမ် သုံးဆွဲတနှစ်၊ သား ပရိန္ဒ-စည်းစိမ် သုံးဆွဲခြောက်နှစ်၊ သား ဇနိန္ဒကုမာရ-စည်းစိမ် နှစ်ဆွဲနှစ်နှစ်၊ သား မင်းလှကြီး-စည်းစိမ် လေးဆွဲခုနစ်နှစ်၊ ညီ မင်းလှငယ်-စည်းစိမ် နှစ်ဆွဲလေးနှစ်၊ သား ဥပရာဇ်-စည်းစိမ် သုံးဆွဲရှစ်နှစ်၊ သား မျက်နှာဝန်း-စည်းစိမ် သုံးဆွဲတနှစ်၊ သား လက်ခုတ်ကြီး-စည်းစိမ် နှစ်ဆွဲခုနစ်နှစ်၊ သား သီရိကမ္မသုန္ဒရ-စည်းစိမ် သုံးဆွဲတနှစ်၊ သား နန္ဒကောဓဘယ-စည်းစိမ်သုံးဆွဲနှစ်နှစ်၊ သား မင်းနံဖြူ-စည်းစိမ် နှစ်ဆယ်၊ သား မင်းမန-စည်းစိမ် နှစ်ဆွဲရှစ်နှစ်၊ သား မင်းခေါင်ငယ်-စည်းစိမ် တဆွဲကိုး၊ သား လောက်ခေါင်ရာဇာ-စည်းစိမ် လေးဆယ်၊ သား မင်းငယ်လှပျော်စည်သူ-စည်းစိမ် သုံးဆယ်၊ ထိုရက္ခပူရဓညဝတီ မြို့ကြီးဝယ် မာယာရှမင်း အစ မင်းငယ်လှပျော်စည်သူ အဆုံး မင်းပေါင်း ငါးဆွဲငါးဆက် နှစ်ပေါင်း တထောင့်ရှစ်ရာ့တဆွဲခြောက်နှစ် မင်းပြုသည်း

ရက္ခပူရဓညဝတီမြို့တည်မာယာရှမင်း၏ သားမြေးမြစ် အနွယ်အဆက် မင်းငါးဆွဲငါးဆက်တွင် မင်းရိုးပြတ်လေလျှင် တကောင်းပြည်ကြီးတည် အဘိရာဇာ မင်းကြီးသား ကံရာဇာကြီး,ကံရာဇာငယ် နှစ်ယောက်တွင် အစ်ကိုယ် ကံရာဇာကြီးမင်းသည် ရခိုင်ဓညဝတီမြို့ကို တည်ထောင်တော်မူ၍ မင်းပြုပြန်သည်၊ စည်းစိမ် သုံးဆွဲခုနစ်နှစ်၊ သား သီလရာဇာ-စည်းစိမ် လေးဆွဲရှစ်နှစ်၊ သား ဝါတသူရ-စည်းစိမ် သုံးဆွဲတနှစ်၊ သား နန္ဒသူရိယ-စည်းစိမ် လေးဆွဲခြောက်နှစ်၊ သား ပုဏ္ဏသူရိယ-စည်းစိမ် သုံးဆွဲနှစ်နှစ်၊ သား သူရစန္ဒာ-စည်းစိမ် နှစ်ဆွဲသုံးနှစ်၊ သား စန္ဒိမာ-စည်းစိမ် သုံးဆွဲခုနစ်နှစ်၊ သား သီရိစန္ဒ-စည်းစိမ် လေးဆယ်၊ သားသီရိမရံ-စည်းစိမ် လေးဆွဲခြောက်နှစ်၊ သား သိမန-စည်းစိမ် နှစ်ဆွဲရှစ်နှစ်၊ သား ပရာတ-စည်းစိမ် သုံးဆွဲတနှစ်၊ သား နလဂုံ-စည်းစိမ် လေးဆွဲတနှစ်၊ သား ရောဟဂုံ-စည်းစိမ် သုံးဆွဲ တနှစ်၊ သား သီရိဂုံ-စည်းစိမ် နှစ်ဆွဲလေးနှစ်၊ တူ သမန်ဇာ-စည်းစိမ် သုံးဆွဲငါးနှစ်၊ သား သုဝဏ္ဏကုမာရ-

စည်းစိမ်နှစ်ဆယ်၊ သား သက်တင်ဖြူ-စည်းစိမ်လေးဆယ်၊သား သဘင်ဦး-စည်းစိမ် လေးဆဲ့နှစ်နှစ်၊ သား ဇေတဝန်-စည်းစိမ် သုံးဆဲ့ခြောက်နှစ်၊ သား ပဉ္စကာလ-စည်းစိမ် နှစ်ဆဲ့ခုနစ်နှစ်၊ သား ကုမာရဝိသုဒ္ဓ-စည်းစိမ် ရှစ်ဆဲ့ခုနစ်နှစ်၊ သား ဝါသုမုန္ဒလ-စည်းစိမ်သုံးဆဲ့လေးနှစ်၊ သားသူရိန္ဒ-စည်းစိမ် သုံးဆဲ့တနှစ်၊ ညီ ရာလမယူ-စည်းစိမ်နှစ်ဆဲ့နှစ်နှစ်၊ သား နာလမယူ-စည်းစိမ် သုံးဆဲ့တနှစ်၊ သား ဝိဒဂုံ-စည်းစိမ်သုံးဆဲ့တနှစ်၊သားဝိသုရာဇာ-စည်းစိမ်နှစ်ဆယ်၊ သား သိရိရာဇာ-စည်းစိမ် နှစ်ဆဲ့တနှစ်၊ သား စန္ဒသူရိယ-စည်းစိမ် ငါးဆဲ့နှစ်နှစ်၊ သား သူရိယာတိဝိမလ-စည်းစိမ် လေးဆဲ့ခုနစ်နှစ်၊သား သူရိယပတိပါတိ-စည်းစိမ်ငါးဆဲ့ခြောက်နှစ်၊သား သူရိယရှိပ-စည်းစိမ် တဆဲ့ငါးနှစ်၊ သား သူရိယစက္ကာလ-စည်းစိမ်ခြောက်ဆဲ့နှစ်နှစ်၊ သား သူရိယဝတ္ထ-စည်းစိမ် လေးဆဲ့လေးနှစ်၊ သားသူရိယတ္ထ-စည်းစိမ် လေးဆယ်၊ သား သူရိယဝံသ-စည်းစိမ် ခြောက်နှစ်၊ သား သူရိယကလျာဏ-စည်းစိမ် တဆဲ့ရှစ်နှစ်၊ သား သူရိယဗန္ဓု-စည်းစိမ် တဆယ်၊ သား သူရိယမုဇ္ဈ-စည်းစိမ် တဆဲ့နှစ်နှစ်၊ သား သူရိယတေဇ-စည်းစိမ် သုံးဆဲ့တနှစ်၊ သား သူရိယပုည-စည်းစိမ် လေးဆယ်၊ သား သူရိယကုမ္မာလ-စည်းစိမ် နှစ်ဆဲ့သုံးနှစ်၊ သား သူရိယပဘာ-စည်းစိမ် နှစ်ဆဲ့ငါးနှစ်၊ သား သူရိယစိတ္တရ-စည်းစိမ် တဆဲ့ရှစ်နှစ်၊ သား သူရိယသေဋ္ဌ-စည်းစိမ် နှစ်ဆဲ့နှစ်နှစ်၊ သား သူရိယဝိမလ-စည်းစိမ် ရှစ်နှစ်၊ ညီ သူရိယရေနု-စည်းစိမ် နှစ်ဆဲ့နှစ်နှစ်၊ သား သူရိယကံသ-စည်းစိမ်တဆဲ့ခြောက်နှစ်၊ ဘထွေး သူရိယသက္က-စည်းစိမ်ရှစ်နှစ်၊ သား သူရိယသိရိ-စည်းစိမ်နှစ်ဆယ်၊သား သူရိယကေသီ-စည်းစိမ်ကိုးနှစ်၊သား သူရိယတုဋ္ဌ-စည်းစိမ် နှစ်ဆဲ့သုံးနှစ်၊ သား သူရိယကေတု-စည်းစိမ် လေးဆဲ့လေးနှစ်။

ထိုမင်းငါးဆဲ့သုံးဆက်တို့ကား--ဓညဝတီမြို့တွင် နှစ်ပေါင်း တထောင့်ခြောက်ရာ့လေးဆဲ့သုံးနှစ် တိုင်တိုင် မင်းပြုပြီးမှ သူရိယကေတုမင့်း သားမဟာသူရိယ စန္ဒာ မင်းသည် ဝေသာလီ ကျောက်လှေကားမြို့ကို တည်ထောင်ပြန်လေသည်ဖြစ်၍ ဓညဝတီမြို့ကသည် ကျောက်လှေကားမြို့သို့ ပြောင်းချီ ပြီးလျှင် မင်းပြုပြုန်သည်၊ စည်းစိမ် ငါးဆဲ့ခုနစ်နှစ်၊ သား သူရိယစန္ဒရာ-စည်းစိမ်လေးဆဲ့နှစ်နှစ်၊ သား မောမပဉ္စန္ဒရာ-စည်းစိမ်လေးဆယ်၊ သား ပေါလာတဉ္စန္ဒရာ-စည်းစိမ် လေးဆဲ့ခြောက်နှစ်၊ သား ကာလတဉ္စန္ဒရာ-စည်းစိမ် နှစ်ဆဲ့ကိုးနှစ်၊ သား တူလစန္ဒရာ-စည်းစိမ် နှစ်ဆဲ့ငါးနှစ်၊ သား သိရိတဉ္စန္ဒရာ-စည်းစိမ်တဆဲ့ခုနစ်နှစ်၊ သား သိဝံဒါသတဉ္စန္ဒ

ရာ-စည်းစိမ် ခြောက်ဆဲ့ ခြောက်နှစ်၊ သား တဋ္ဌန္ဒရာ-စည်းစိမ် သုံးဆဲ့ ခြောက်နှစ်၊ မျိုးအထူး-စည်းစိမ်ခုနစ်နှစ်၊ ညီပဲဖြူ-စည်းစိမ် တဆဲ့ခုနစ်နှစ်။

ထိုမင်း တဆဲ့တဆက် တို့ကား ကျောက်လွှကား မြို့တွင်နှစ်ပေါင်း လေးရာ့ သုံးဆဲ့ ခုနစ်နှစ် တိုင်တိုင် မင်းပြုပြီးမှ တဋ္ဌန္ဒရာမင်း သား ငမင်းတုံသည် စမ္ဘဝက်မြို့ကိုတည်ထောင်ပြန်၍ ကျောက်လွှကားမြို့က သည် စမ္ဘဝက်မြို့သို့ ပြောင်းချီပြီးလျှင် မင်းပြုပြန်သည်၊ စည်းစိမ်ငါးဆဲ့ ခုနစ်နှစ်၊ သား မင်းယည်ဖြူ-စည်းစိမ်သုံးဆယ်၊ သား နာဂသူရိယ-စည်း စိမ်သုံးဆယ်၊ သား သူရိယရာဇာ-စည်းစိမ်နှစ်ဆဲ့သုံးနှစ်၊ သား ပုဏ္ဏတ-စည်းစိမ် နှစ်ဆဲ့သုံးနှစ်၊ သား မင်းဖြူကြီး-စည်းစိမ် တဆဲ့နှစ်နှစ်၊ အမတ် စည်သဘင်ကြီး-စည်းစိမ် နှစ်နှစ်၊ မင်းဖြူသား မင်းနံသူ-စည်းစိမ် နှစ်ဆဲ့ ရှစ်နှစ်၊ သားမင်းပေါ်-စည်းစိမ် နှစ်ဆယ်၊ သားမင်းကုလား-စည်းစိမ်နှစ် ဆယ်၊ သား မင်းဘီလူး-စည်းစိမ် ခြောက်နှစ်၊ အမတ် ဝရောင်းငှက်-စည်းစိမ် ရှစ်နှစ်၊ သား မင်းဘုန်းသန်-စည်းစိမ်တဆဲ့လေးနှစ်၊ သား မင်းဝတီး-စည်းစိမ်သုံးနှစ်။

ထိုမင်း တဆဲ့လေးဆက်တို့ကား-စမ္ဘဝက်မြို့တွင် နှစ်ပေါင်း နှစ်ရာ့ လေးဆဲ့တနှစ်တိုင်တိုင် မင်းပြုပြီးမှ မင်းဘီလူးမြေး လက်ယာ မင်းနန်မင်း သည် ပရိန်မြို့ကိုတည်ထောင်ပြန်၍၊ စမ္ဘဝက်မြို့ကသည်ပရိန်မြို့သို့ ပြောင်း ချီပြီးလျှင် မင်းပြုပြန်သည်၊ စည်းစိမ်နှစ်ဆဲ့ရှစ်နှစ်၊ သားသိမပေါ်-စည်းစိမ် နှစ်ဆယ်၊ သား ရာဇာကြီး-စည်းစိမ် နှစ်ဆဲ့သုံးနှစ်၊ သားသကျဝင်ကြီး-စည်းစိမ် သုံးဆဲ့နှစ်နှစ်၊ သား သကျဝင်ငယ်-စည်းစိမ်တဆဲ့ရှစ်နှစ်၊ သား ကောလိယ-စည်းစိမ်သုံးဆယ်၊ သားဒဿရာဇာ-စည်းစိမ်နှစ်ဆယ်၊ သား အနန်သိရိ-စည်းစိမ်ရှစ်နှစ်။

ထိုမင်း ရှစ်ဆက်တို့ကား ပရိန်မြို့တွင် နှစ်ပေါင်းတရာ့ခုနစ်ဆဲ့ကိုးနှစ် တိုင်တိုင် မင်းပြုပြီးမှ မင်းအနန်သိရိသား မင်းဘုန်းစားသည် ချိပ်မြို့ကို တည်ထောင်ပြန်၍ ပရိန်မြို့ကသည် ချိပ်မြို့သို့ ပြောင်းချီပြီးလျှင် မင်းပြုပြန် သည်၊ စည်းစိမ်နှစ်ဆဲ့ကိုးနှစ်၊ သားပဋ္ဌကာလစက်-စည်းစိမ်နှစ်ဆဲ့ရှစ်နှစ်။

ထိုမင်းနှစ်ဆက်တို့ကား ချိပ်မြို့တွင် နှစ်ပေါင်း ငါးဆဲ့ခုနစ်နှစ် မင်းပြု ပြီးမှ ပဋ္ဌကာလစက်သား ကိန္နရဆော် မင်းသည် စမ္ဘဝက်မြို့ကို အသစ် တည်ထောင်ပြန်၍ ချိပ်မြို့ကသည် စမ္ဘဝက်မြို့သို့ပြောင်းချီပြီးလျှင် မင်းပြု ပြန်သည်၊ စည်းစိမ် တဆဲ့ရှစ်နှစ်၊ အမတ် စလင်္ဂိုလ်-စည်းစိမ်ရှစ်နှစ်။

ထိုမင်းနှစ်ဆက်တို့ကား စန္ဒာဝက်မြို့တွင် နှစ်ပေါင်း နှစ်ဆဲ့ခြောက်နှစ် မင်းပြုပြီးမှ ကိန္နရဘော်မင့်းသား တိုင်းချစ်ပဋ္ဌသမင်းသည် တောင်ငုံနရဋ္ဌရာမြို့ကို အသစ်တည်ထောင်ပြန်၍ စန္ဒာဝက်မြို့ကသည် တောင်ငုံနရဋ္ဌရာမြို့သို့ ပြောင်းရွှေ့ပြီးလျှင် မင်းပြုသည်၊ စည်းစိမ်နှစ်ဆဲ့တနှစ်၊ သား ငရမံ-စည်းစိမ် တဆဲ့ကိုးနှစ်၊ သားငကံပု-စည်းစိမ် တဆဲ့ခုနစ်နှစ်၊ သားငရခိုင်စည်းစိမ် နှစ်ဆယ်၊ သား ငကြို-စည်းစိမ် တဆဲ့ကိုးနှစ်၊ သား ငဘူး-စည်းစိမ် နှစ်ဆဲ့ကိုးနှစ်၊ သား ငစွတ်သင့်-စည်းစိမ် လေးနှစ်၊ ညီ မင်းခေါင်ကြီး-စည်းစိမ် လေးဆဲ့နှစ်နှစ်၊သား မင်းခေါင်ငယ်-စည်းစိမ် သုံးဆဲ့တနှစ်၊သား ကမ္ဘာလောင်ကြီး-စည်းစိမ် ငါးနှစ်၊ သား ကမ္ဘာလောင်ငယ်-စည်းစိမ် နှစ်ဆဲ့ခြောက်နှစ်၊ သားလက်ယာကြီး-စည်းစိမ် နှစ်ဆဲ့ခြောက်နှစ်၊ သား လက်ယာငယ်-စည်းစိမ် နှစ်ဆဲ့နှစ်နှစ်၊ သား သက်တင်ဖြူ-စည်းစိမ် နှစ်ဆဲ့ကိုးနှစ်၊သား ငနသိန်-စည်းစိမ် နှစ်ဆယ်၊ သား ငနလုံ-စည်းစိမ် နှစ်ဆဲ့ခုနစ်နှစ်။

ထိုမင်း တဆဲ့ခြောက်ဆက်တို့ကား တောင်ငုံနရဋ္ဌရာမြို့တွင် နှစ်ပေါင်း သုံးရာ့ငါးဆဲ့ခုနစ်နှစ်တိုင်တိုင် မင်းပြုပြီးမှ ငနလုံမင့်းသား အလော်မာဖြူမင်းသည် လောင်းကြက်မြို့ကို တည်ထောင်ပြန်၍ တောင်ငုံနရဋ္ဌရာမြို့ကသည် လောင်းကြက်မြို့သို့ ပြောင်းရွှေ့ပြီးလျှင် မင်းပြုပြန်သည်၊ စည်းစိမ် ခြောက်နှစ်၊ သား ရာဇသူကြီး-စည်းစိမ် ကိုးနှစ်၊ သား စောလူး-စည်းစိမ် နှစ်ဆယ်၊သား ဥဇနာကြီး-စည်းစိမ်နှစ်ဆဲ့သုံးနှစ်၊သား စောမွန်ကြီး-စည်းစိမ် တဆဲ့ခြောက်နှစ်၊ သားနန်းကျကြီး-စည်းစိမ် ငါးနှစ်၊ သား မင်းဘိလူး-စည်းစိမ်လေးနှစ်၊အမတ် စည်သဘင်ကြီး-စည်းစိမ်သုံးနှစ်၊မင်းဘိလူး သား မင်းထီး-စည်းစိမ်း တရာ့ခုနစ်နှစ်၊ သား ဥဇနာငယ်-စည်းစိမ် သုံးနှစ်၊ ညီ သီဝရာဇ-စည်းစိမ် ခြောက်နှစ်၊ ညီ သိန်စည်းနန်းကျ-စည်းစိမ် လေးနှစ်၊ အမတ်စည်သဘင်ငယ်-စည်းစိမ် သုံးနှစ်၊ အမတ် မြင်ခင်စား-စည်းစိမ်ဘနှစ်၊ သိန်စည်းနန်းကျသား ရာဇသူ-စည်းစိမ်ခြောက်နှစ်၊ ညီ အိန္ဒသူ-စည်းစိမ် လေးနှစ်။

ထိုမင်းတဆဲ့ခြောက်ဆက်တို့ကား လောင်းကြက်မြို့တွင် နှစ်ပေါင်းနှစ်ရာ့နှစ်ဆယ်တိုင်တိုင် မင်းပြုပြီးမှ အိန္ဒသူမင့်းသား စောမွန်ကြီးမင်းသည် မျောက်ဦမြို့ကို တည်ထောင်ပြန်၍ လောင်းကြက်မြို့ကသည် မျောက်ဦမြို့သို့ ပြောင်းရွှေ့ပြီးလျှင် မင်းပြုပြန်သည်၊ စည်းစိမ် သုံးနှစ်၊ ညီမင်းစရိ-စည်းစိမ် နှစ်ဆဲ့ငါးနှစ်၊ သား ဘစောဖြူ-စည်းစိမ် နှစ်ဆဲ့သုံးနှစ်၊ သား

ဒေါလျှာ-စည်းစိမ် နှစ်ဆဲခုနစ်နှစ်၊ ဘစောဖြူညို-ဘစောညို - စည်းစိမ် နှစ်နှစ်၊ ဒေါလျှာသား ရန်အောင်-စည်းစိမ် ခုနစ်နှစ်၊ ဦးရိုး စလင်္ကာ-စိညီးစိမ် ခုနစ်နှစ်၊ သား မင်းရာဇာ-စည်းစိမ်တဆဲငါးနှစ်၊ သားဂဇပတိ-စည်းစိမ် နှစ်နှစ်၊ စလင်္ကာညို မင်းစောသီရိသူ-စည်းစိမ် ခြောက်လ၊ ဒေါလျှာသား သဇာတာ-စည်းစိမ် ခြောက်နှစ်၊ မင်းရာဇာသား မင်းပါ-စည်းစိမ် နှစ်ဆဲသုံးနှစ်၊ သား မင်းဒီဃာ-စည်းစိမ် နှစ်နှစ်၊ သား မင်းစောလှ-စည်းစိမ် ရှစ်နှစ်၊ ညို စကြဝတေး-စည်းစိမ်ခုနစ်နှစ်၊ သား မင်းဖလောင်း-စည်းစိမ် နှစ်ဆဲနှစ်နှစ်၊ သား မင်းရာဇာကြီး-စည်းစိမ် တဆဲကိုးနှစ်၊ သား မင်းခပေါင်း-စည်းစိမ် တဆယ်၊ သား သီရိသုမွန်ရာဇာ-စည်းစိမ် တဆဲခြောက်နှစ်၊ သား မင်းစနေ-စည်းစိမ်တလ၊ နရပတ်ကြီး-စည်းစိမ် ခုနစ်နှစ်၊ အစ်ကိုယ်သား-သတိုးဓမ္မရာဇာ-စည်းစိမ် ခုနစ်နှစ်၊ သား စန္ဒသူရာဇာ-စည်းစိမ်သုံးဆယ်၊သား ဥဂ္ဂါဇလ-စည်းစိမ် လေးနှစ်၊ သားဝသူရာဇာ-စည်းစိမ်နှစ်နှစ်၊သားမကီသူ-စည်းစိမ်နှစ်နှစ်၊ သားသတိုးအောင်-စည်းစိမ်ခုနစ်နှစ်၊သား ငတုံ-စည်းစိမ်တဆဲလေးနှစ်၊ သား မာရုတ္ထိယံ-စည်းစိမ်ခြောက်နှစ်၊ဘထွေး ကာလမက္ကပ်-ဧည်းစိမ်ခြောက်နှစ်၊ သား နရပတိ-စည်းစိမ်နှစ်နှစ်၊နောင်တော် ကျော်သိခံ-စည်းစိမ်ခြောက်နှစ်၊ ညို သတိုး လှ-စည်းစိမ်နှစ်နှစ်၊ မျိုးခြား ဝိဇယရာဇာ-စည်းစိမ် နှစ်ဆဲတနှစ်၊ သမက် သူရိယရာဇာ-စည်းစိမ် သုံးနှစ်၊ သား နရာဓိပတိ-စည်းစိမ်တနှစ်၊ ဦးရိုး နရာပဝရရာဇာ-စည်းစိမ် တနှစ်၊သား ဝိဇလ-စည်းစိမ် ခြောက်လ၊ ညို-မဇ္ဈရာဇ်ရာဇာ-စည်းစိမ်ခြောက်နှစ်၊ဘထွေးနရာအသုရာဇာ-စည်းစိမ် တဆဲကိုးနှစ်၊ သား သီရိသုရာဇာ-စည်းစိမ်သုံးလ၊ညီစန္ဒပရမရာဇာ-စည်းစိမ်သုံးနှစ်၊မျိုးခြား အဘယမဟာရာဇာ-စည်းစိမ်ကိုးနှစ်၊ မျိုးခြားစန္ဒသုမနရာဇာ-စည်းစိမ် သုံးနှစ်၊ မျိုးခြား ဝိမလရာဇာ-စည်းစိမ် နှစ်လ၊မျိုးခြားဓမ္မရာဇ်ရာဇာ-စည်းစိမ်ခြောက်နှစ်၊ မျိုးခြား မဟာသမ္မတရာဇာ စည်းစိမ်သုံးနှစ်။ ။ထိုလေးဆဲခုနစ်ဆက်မင်းတို့ကား မျောက်ဦမြို့တွင် နှစ်ပေါင်းသုံးရာ့ငါးဆယ်တိုင်တိုင်မင်းပြုကြသည်။

နောက်ဆုံးဖြစ်သော မဟာသမ္မတရာဇာ တံဆိပ်နာမံရှိသော ရခိုင်မင်းသည်ကား-သက္ကရာဇ် (၁၁၄၆) တထောင့်တရာ့လေးဆဲခြောက်ခု အမရပူရမြို့တည် ဆင်ဖြူများရှင်လက်ထက်တော် သားတော်အိမ်ရှေမင်း မဟာဥပရာဇာ ရခိုင်မြို့ကို သိမ်းယူတော်မူသည်တွင် ရခိုင်မင်း မဟာသမ္မတရာဇာကိုယ်နှင့်တကွ မိဖုရား သားသမီး အခြွေအရံအလုပ်အကျွေးနှင့်

အမရပူရမြို့သို့ ရောက်၍ စကြာနှစ်ပွင့် အိမ်နှင့် အဝတ်အစား အသုံး အဆောင် မည်သို့မန္တမ်းစေရ လုံလောက် ပြည့်ဝအောင် ပေးကမ်းပြုစုထား တော်မူသည်၊ နောက်နှစ်နှစ်ရှိမှ ရခိုင်မင်းမဟာသမ္မတရာဇာသေလွန်လေ သတည်း။

မဟာမုနိ ရုပ်ပွားတော်မြတ်ကို ပင့်ဆောင်တော်မူခြင်းနှင့် အထူးထူးသော ဘဏ္ဍာ,လက်နက်,သုံ့လူများ

သားတော် မဟာဥပရာဇာလည်း နှစ်ရှ့ နှစ်ကျိပ်လေးယောက်သော မင်းတို့သည် နှစ်ပေါင်း ငါးထောင့်သုံးရှ့ နှစ်ဆဲ့ခြောက်နှစ် တိုင်တိုင် မင်းအဖြစ်ဖြင့် စိုးအုပ်တည်ထောင်သော မဟာဝိဟိကတိုင်း ရခိုင်ပြည် အလုံးကို သိမ်းယူတော် မူခဲ့ပြီးလျှင် နေပြည်တော်သို့ ရောက်တော်မူ၍ အလျား အတောင် နှစ်ဆယ်, လုံးပတ် ခြောက်တောင် အမြောက်ကြီးနှင့် တကွ အမြောက်နှစ်ထောင်ကျော်၊စိန်ပြောင်းတသောင်းကျော်၊ သေနတ် တသောင်းကျော်၊ ယိုးဒယားသွန်း ကြေးရုပ် သုံးဆယ်ကျော်၊ အထူးထူး သော ဘဏ္ဍာ အရာတော်များနှင့်ပြာဟ္မဏမျိုး, ဘိသျှမျိုး, သုဒ္ဓိယ ပုဏ္ဏား မျိုးသန့် အိမ်ထောင်စုံ ငါးရာကျော်၊ ဆေတ္တာ, ဂနန္တာ ပုဏ္ဏားမျိုးနှင့် မိန်းမစိုး သုံးဆယ်ကျော်၊ သုံ့လူ နှစ်သောင်းကျော်များကို ဆက်သသည် တွင် ခမည်းတော် ဆင်ဖြူများသခင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရား အားရတော်မူ၍ သားတော်မဟာဥပရာဇာကို မင်းစီးရွှေဝေါ, မင်းဝတ် တုရင်, ကျောက်စီစလွယ်, ပြောင်မြောက်သော ငါးစီးသောဆင်, သူရဲ သင်းပင်း ခြောက်ထောင်ကျော်ကို ဆုပေးတော်မူသည်။

ဆင်ဖြူတော် ခေါင်းဆေးခြင်းနှင့် ဘွဲ့တပ်တော်မူခြင်း အောင်မြေလောက စေတီတော်ကို ရွှေချခြင်း

ဘဝရှင် မင်းတရားကြီး ဘုရားလည်း တပို့တွဲ လပြည့်ကျော် တရက် အင်္ဂါနေ့ နှစ်ချက်တီးကျော် ငါးနာရီ၊နှစ်ပါဒ်၊ရှစ်ဗီဇနာ၊ ပြန်ပြည့်၊လေး ခရာပြည့်တွင် ရွှေကြာ သိန်းသောင်းတောတွင် ရသည့် ရတနာဆင်ဖြူ တော်ကို ခေါင်းဆေးတော်မူသည်၊ လပြည့်ကျော်သုံးရက် ကြာသပတေး နေ့၊ နှစ်ချက်တီးကျော်၊ ငါးနာရီ၊ နှစ်ပါဒ်၊ ကောင်းမြတ်သော မင်္ဂလာ အခါတော်တွင် ဥပေါ်ပြောင်မွန် ရတနာ ဆင်ဖြူတော်ကို သိမ်းတော်မူ သည့်နည်း အခမ်းအနားကြီးကျယ်စွာ စီရင်တော်မူ၍ ပွဲသဘင် ကြီးစွာ

ခံတော်မူပြီးလျှင် ထိမ်းတော်မူသည်၊ ဆင်ဖြူတော်ကို ရတနာပြောင်မွန်-တွဲအမည်ကို တင်တော်မူ၍ ဆင်ဖြူမျှားရှင် ခံတော်မူသည်။

တပို့တွဲသပြည့်ကျော်တဆွဲလေးရက် တနလ်ာနေ့ စစ်ကိုင်းအောင်မြေလောကဧစတိတော် အလုပ်အဆောင် အလုံးစုံပြီးပြေလျှင် ထီးချုပ်သီးကသည့် မြေတိုင်အောင် ရွှေဝိန်း ထည့်တော်မူ၍ အရည်ဝါသီပုဂ္ဂိုလ်, ဂါမဝါသီပုဂ္ဂိုလ်, အရိယာ သံဃာတော်တို့အား ပရိက္ခရာရှစ်ပါးနှင့် တကွ ရဟန်းတို့ အသုံးအဆောင်ကို များစွာ လှူတော်မူ၍ သာဓုအနုမောဒနာ ပြုတော်မူသည်၊ ပွဲသဘင်ကြီးစွာလည်း ခံတော်မူ၏။

သားတော်ကို လှိုင်မြို့စားပေး၍ မဟာမုနိဘုရားရှင်ကို ရေသို့ဆင်း၍ ကြိုယူ ပင့်ဆောင်ခြင်း

သင်္ကြာရှင် (၁၁၄၇) တထောင့်တရာ့လေးဆွဲခုနစ်ခု ကဆုန်လပြည့်ကျော်တဆွဲတရက် တနလ်ာနေ့ သားတော်မြင်ကွန်းမင်းသားကို ဟံသာဝတီကျေး, လှိုင်မြို့ကို ပေးတော် မူသည်။

ကဆုန်လပြည့်ကျော် တဆွဲနှစ်ရက်နေ့ မဟာမုနိ ဘုရားသခင်ကို ပင့်ဆောင်ခဲ့၍ စစ်ကိုင်းမြို့သို့ ဆိုက်ရောက်တော်မူသည်ကို ဘဝရှင်မင်းတရားကြီး ဘုရား စစ်အင်္ဂါလေးပါး ခြံရံလျက် ဆီးကြိုတော်မူပြီးလျှင် လည်ဘော်တိုင်အောင် ရေသို့ဆင်းတော်မူ၍ ပင့်ဆောင်တော်မူ၏။

မဟာမုနိဘုရားသခင် ရွှေမြို့တော်သို့ ဆိုက်ရောက်တော်မူလျှင် အမရပူရမြို့တော် မြောက်ယွန်း တာတထောင်ကွာ သာယာညီညွတ်လှသော မြေအပြင်ဝယ် ဖလ်မှန်တို့ဖြင့်ပြီးသော အုတ်အင်္ဂတေတို့အပဲ့၌ ရတနာမျိုးတို့ဖြင့်ပြီးသော ဘုံးကိုးဆင့်ရှိသော ရွှေပြာသာဒ်, တံတိုင်းမိုးတားသုံးထပ်နှင့် တကွ တည်ထား ဆောက်လုပ်တော်မူ၍ မဟာမုနိ ဘုရားသခင်ကို ကိုးကွယ်တော် မူ၏။

သာသနာပြု လှတ်ခြင်းစသည်နှင့် ပင်းတလဲမင်းကို စီရင်တော်မူခြင်း

ဘေးလောင်းတော် သီရိဓမ္မာသောက မင်းကြီးသည် မဏ္ဍန်ကမထေရ်၊ မဟာရေဝ မထေရ်၊ ရကွိတ မထေရ်၊ ယောနက ဓမ္မရက္ခိတ မထေရ်၊ မဟာ ဓမ္မရက္ခိတ မထေရ်၊ မဟာ ရက္ခိတ မထေရ်၊ မဇ္ဈိမ မထေရ်၊ သောဏ မထေရ်၊ ဥတ္တရ မထေရ်၊ မဟိန္ဒ မထေရ်၊ ဋကိယ

မထေရ်၊ ဥတ္တိယမထေရ်၊ သမ္ဗလမထေရ်၊ ဘဒ္ဒသာလမထေရ်၊ ရဟန္တာ အရှင်မြတ် တဆဲ့လေးပါးတို့ကို တိုင်းကြီး ပြည်ကြီး များသို့ သာသနာပြုလွှတ်တော်မူသကဲ့သို့ ဆင်ဖြူမျှားသခင် အသျှင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း သာသနာတော် မပွင့်မလင်းသည့် တိုင်းကြီးပြည်ကြီးမြို့ကြီး ပြကြီးများသို့ သာသနာပြုလွှတ်တော်မူမည် အကြံတော်ဖြစ်၍....

ဝိဒေဟတိုင်းဖြစ်သော ကိုင်းမားမြို့သို့ ဂုဏာဘိဝံသဓမ္မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော်ငါးပါး။

ကျိုင်းရုံးမြို့သို့ ပုညာဘိဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော်ငါးပါး။

မိုင်းလျဉ်မြို့သို့ သီရိသဒ္ဓမ္မဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော် ငါးပါး။

မိုင်းညောင်းမြို့သို့ သီရိပုည မဟာရာဇ ဂုရု-ဆရာတော်နှင့် အရိယာသံဃာတော်ငါးပါး။

ခေမာရဋ္ဌတိုင်းဖြစ်သော ကျိုင်းတုံမြို့သို့ သီရိသဒ္ဓမ္မဓဇမဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော်ငါးပါး။

ဟရိဘုဥ္ဇတိုင်းဖြစ်သော ကျိုင်းသေဉ်မြို့သို့ အဂ္ဂပုညဓဇမဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော်ငါးပါ။

ကမ္ဗောဇတိုင်းဖြစ်သော ကျိုင်းတောင်းမြို့သို့ ဇိနာဘိဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော်ငါးပါး။

သိန်းနီမြို့သို့ ဇနိန္ဒာဘိဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော် ငါးပါး။

လဲချားမြို့သို့ မေဓာဘိဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော် ငါးပါး။

မိုင်းခေါင်မြို့သို့ ညဏာဘိဓဇမဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော်ငါးပါး။

တောင်ငိုင်မြို့သို့ သီရိမုနိန္ဒဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော် ငါးပါး။

မိုင်းကိုင်မြို့သို့ ဒေဝိန္ဒာဘိဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော် ငါးပါး။

နောင်မွန်မြို့သို့ ဂုဏဝံသဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော်ငါးပါး။

ညောင်ရွှေမြို့သို့ ဝိရိယာဘိဓဇမဟာရာဇဂုရု-ဆရာတော်နှင့်အရိယာသံဃာတော် ငါးပါး။

ယောက်စောက်မြို့သို့ သာရကိတ္တိဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာ သံဃာတော်ငါးပါး။

မိုင်းလုံမြို့သို့ ဥတ္တမာဘိဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော် ငါးပါး။

သီပေါမြို့သို့ မုနိသာရဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော် ငါးပါး။

စကားမြို့သို့ ပုညဂန္ဓိရဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော် ငါးပါး။

သီကျစ်မြို့သို့ အရိယဝံသဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော် ငါးပါး။

တဘက်မြို့သို့ ဇုန္နသာရဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော်ငါးပါး။

ကျိုင်းခန်းမြို့သို့ သီရိစန္ဒဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော် ငါးပါး။

ဟဲလုံမြို့သို့ ကဝိဝိသဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော် ငါးပါး။

မိုးနဲမြို့သို့ အဂ္ဂသီရိဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော် ငါးပါး။

မိုင်းပံမြို့သို့ ဥတ္တမသီရိဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော်ငါးပါး။

ဇောတိနဂရတိုင်း ဖြစ်သော မိုးကောင်းမြို့သို့ ဝမ္မသာမိဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော် ငါးပါး။

စိန္ဒတိုင်းဖြစ်သော မိုးမြတ်မြို့သို့ ကဝိန္ဒာဘိဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော် ငါးပါး။

ဗန်းမော်မြို့သို့ ဓမ္မိန္ဒရဓဇမဟာရာဇဂုရု-ဆရာတော်နှင့်အရိယာသံဃာတော် ငါးပါး။

ကောင်းတုံမြို့သို့ ဝိမလာဘိဓဇမဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော်ငါးပါး။

သုနာပရန္တတိုင်းဖြစ်သော သောင်သွပ်မြို့သို့ ဝရဿဒမ္မဓဇ မဟာရာဇ ဂုရု-ဆရာတော်နှင့် အရိယာသံဃာတော်ငါးပါး။

ခေါင်တုံးမြို့သို့ မုနိန္ဒဓဇမဟာရာဇဂုရု-ဆရာတော်နှင့်အရိယာသံဃာတော်ငါးပါး။

ယောနကတိုင်းဖြစ်သော ကလေးမြို့သို့ အာသဘဓဇမဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော်ငါးပါး။

ရာမညတိုင်းဖြစ်သော ပုသိန်မြို့သို့ ကဝိန္ဒာဘိဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော် ငါးပါး။

မုတ္တမမြို့သို့ ကဝိသာရဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော်ငါးပါး။

ဒဝယ်မြို့သို့ ပုညသာရဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာကော် ငါးပါး။

ဗြတ်မြို့သို့ ဂုဏသာရဓဇမဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော် ငါးပါး။

မဟာဝိဟိကတိုင်းဖြစ်သော ရခိုင် မညဝတီမြို့သို့ ဂုဏဓမ္မာဘိဓဇမဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော်ငါးပါး။

ရခိုင်ရမ္မာဝတီမြို့သို့ စန္ဒမေဓာဘိဓဇ မဟာရာဇဂုရု - ဆရာတော်နှင့် အရိယာသံဃာတော် ငါးပါး။

ရခိုင်မေဿဝတီမြို့သို့ စန္ဒသာရဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော် ငါးပါး။

ရခိုင် ဒွါရာဝတီမြို့သို့ ပုညဝံသဓဇ မဟာရာဇဂုရု-ဆရာတော်နှင့်အရိယာသံဃာတော် ငါးပါး။

ထိုငါးဆဲခြောက်ဌာနဖြစ်သော မြို့ကြီး ခရိုင်ကြီးများသို့ တမြို့တခရိုင်လျှင် အဘိဓမ္မာ, သုတ်, ဝိနည်းပိဋကတ်တော်အစုံ, အရိယာ သံဃာတော် ခြောက်ပါးစီ,အရိယာသံဃာတော်ပေါင်း နှစ်ရာ့လေးဆဲ့ခြောက်ပါးကို ပိဋကတ်စုံရေပေါင်း ငါးဆဲ့ခြောက်စုံ ပေးတော်မူ၍ သာသနာတော်ပြုလွှတ်တော်မူသည်။

သက္ကရာဇ်(၁၁၄၇)တထောင့်တရာ့လေးဆဲ့ခုနစ်ခုပဌမဝါဆိုလဆန်း ငါးရက် စနေနေ့ သားတော် စကုမင်းသားကို စလွယ်တဆဲ့သုံးသွယ် ပေးတော်မူရင်းတွင် နှစ်သွယ်တိုး၍ တဆဲ့ငါးသွယ်၊ သားတော် ကာမမင်းသားကို စလွယ်တဆဲ့နှစ်သွယ် ပေးတော်မူသည်။

ဝါဆိုလဆန်း ခြောက်ရက် သောကြာနေ့ ရွှေမြို့တော်မြောက်တွင် မိထွေးတော်ဒလမြို့စား၊က ဆောက်လုပ်သည့် လေးထပ်ဧတဝန်ကျောင်းတော်ကို ရွှေစေတီ ဆရာတော် အဂ္ဂမဟာ ဃက်ာရ မဟာဓမ္မ ရာဇဂုရု ဆရာတော်အား ကိုယ်တော်တိုင် ရေစက်သွန်းချ တင်လှူတော်မူသည်၊ ပွဲသဘင်ကြီးစွာလည်း ခံတော်မူသည်။

လဆန်းတဆဲ့သုံးရက် တနင်္ဂနွေနေ့ ညီတော် ပင်းတလေစား မသင့်သောအကြံကို ကြံစည်သောကြောင့် ထုံးစံနှင့်အညီ စီရင်တော်မူသည်။

လဆန်းတဆဲ့ငါးရက် အင်္ဂါနေ့ နံနက်လေးချက်တီးကျော် သုံးနာရီ၊ တပါဒ်၊ ခြောက်ဗီဇနာ၊ ပြန်ပြည့်၊ ခရာပြည့်၊ တူလက်၊ ဓနုစန်းတွင် အရှင်မိဖုရားခေါင်ကြီးသမီးတော်အငယ် မြေဒူးမင်းသမီးကို ဆံထုံးထုံး, ဒက်တဘက် ဆင်တော်မူ၍ နားထွင်းတော်မူသည်။

ဆင်ကြိုးရွှေဂုဘုရားရှင်အတွင်း စမ္မယ်နဂိုရ်မြို့စား ရတနာဒေဝီမိဖုရားက ဆောက်လုပ်သည့် သုဓမ္မာ ရွှေစရပ်ကိုလည်း ကိုယ်တော်တိုင် ရေစက်သွန်းလှူတော်မူ၏။

ယိုးဒယားသို့ ချီတက် တိုက်ခိုက်ခြင်း

ထိုနှစ် ယိုးဒယားမြို့သို့ချီတော်မူမည်ကိုခန့်ရန်စီရင်တော်မူသည်ကား— မင်းကြီးမင်းခေါင်ကျော်မှာ ရေကြောင်း ရွှေချီနှင့်၍ ဟံသာဝတီ မြို့သို့ ရောက်လျှင် သင်းဘောတဆဲ့ငါးစင်းကို အမြောက်, စိန်ပြောင်း, သေနတ်, ဆေးခဲတင်၍ ပင်လယ်ကြောင်း သင်းဘောတပ် ချီစေပြီးလျှင် ချီတော်မူမည့်ထားရိုးကြောင်း ခရီးလမ်းတလျှောက် မျိုးရိုးကွာကိုပြည့်ဝအောင် ခန့်ထားစီရင်ခဲ့၍ မုတ္တမမြို့ကမှ မင်းကြီးမင်းခေါင်ကျော် ဖြတ်မြို့ကြောင်း ချီနှင်ရမည်ဟု လက်ယာသာဂသူတတပ်၊ နတ်ရှင့်ရန်ခွဲတတပ်၊ တုရင်သိဒ္ဓိကျော်သူ တတပ်၊ စတ္တကျော်ခေါင်တတပ်၊ ရန်အောင်ရဲကျော် တတပ်၊ လက်ယာရဲခေါင်တတပ်၊ လက်ယာသီဟကျော်ထင် တတပ်၊ သီရိရဲလွှာကျော်ခေါင် တတပ်၊ ထွက်ကိုင်းအောင် တတပ်၊ မင်းကြီးမင်းခေါင်ကျော်တပ်မနှင့်သော် တပ်ပေါင်းဆယ်တပ်တွင်ပါသည့် မြင်းတထောင်, စစ်သည်သူရဲ တသောင်းတွင် ဥတ္တမသီရိသကြီးနှင့် ပျံချီသေနကျော်ထင်တို့ကို စစ်ကဲ, မင်းကြီးမင်းခေါင်ကျော်ကို အချုပ် ခန့်တော်မူ၍ ဝါဆိုလပြည့်ကျော် တဆဲ့သုံးရက် တနလ်ာနေ့ တပ်ဦးချီနှင်စေသည်။

လက်ယာဒိပွ တတပ်၊ သူရရဲကျော် တတပ်၊ သိန်ဇေယကျော်သူ တဘပ်၊ လက်ဝဲဘိနန်သူတတပ်၊ မဏိကျော်ခေါင် တတပ်၊ ပျံချီကျော်စွာ တတပ်၊ ရဲခေါင်တုရင် တတပ်၊ ရဲကျော်တမွတ် တတပ်၊ သီဟနော်ရထာ တတပ်၊ အနောက်ဘက်တိုက်ဝန် နေမျိုးနော်ရထာကျော်ထင်တပ်မနှင့်သော် တပ်ပေါင်း ဆယ်တပ်တွင်ပါသည့် မြင်းတထောင်, စစ်သည်သူရဲတသောင်းတွင် ပျံချီသူရနှင့်နေမျိုးနန္ဒသူတို့ကိုစစ်ကဲ,အနောက်ဘက်တိုက်ဝန် နေမျိုး နော်ရထာကျော်ထင်ကို အချုပ်ခန့်တော်မူ၍ တော်သလင်းလဆန်း တဆဲဝါးရက် တနင်္လာနေ့ ဒဝယ်ကြောင်း ရှေချီနှင့် စေသည်။

သိန်းနီစော်ဘွား တတပ်၊ မိုးနဲစော်ဘွား တတပ်၊ ကျိုင်းတုံစော်ဘွား တတပ်၊ ကျိုင်းချိုင်စော်ဘွား တတပ်၊ မိုင်းညောင်းစား တတပ်၊ မိုင်းစိတ်စား တတပ်၊ ကျိုင်းတောင်းစား တတပ်၊ ဥဒိန်စတ္ဂ တတပ်၊ ရဲကျော်နော်ရထာ တတပ်၊ ရဲဖျားနော်ရထာ တတပ်၊ သီရိတုရင် တတပ်၊ ဂန္ဓပစ္စည်း တတပ်၊ နော်ရထာကျော်စွာ တတပ်၊ သေနရာဇာ တတပ်၊ သာရကျော်ထင် တတပ်၊ ကျော်ထင်စည်သူ တတပ်၊ ဥတ္တမကျော်စွာကျော် တတပ်၊ ဗလကျော်ထင်ကျော် တတပ်၊ ရဲခေါင် သိန်ကျော်ထင် တတပ်၊ လက်ဝဲဇေယကျော်ထင် တတပ်၊ နေမျိုးဇေယသင်္ကြီ တတပ်၊ ရဲခေါင်ဗလကျော်ထင် တတပ်၊ ပျံချီသူရိန်ကျော်ထင် တတပ်၊ တုရင်သီဟကျော်ထင် တတပ်၊ အင်းယည်ကျော်ထင် တတပ်၊ ရဲလှရာဇသူ တတပ်၊ သာရဥဒိန်ကျော်ထင် တတပ်၊ ဘယဂါမဏိ တတပ်၊ ဝန်ကြီးသတိုးသိရိ မဟာဥဇနာတပ်မနှင့်သော် တပ်ပေါင်း နှစ်ဆဲ့ကိုးတပ်တွင်ပါသည့် မြင်းသုံးထောင်, စစ်သည်သူရဲ သုံးသောင်းတွင် နေမျိုးစည်သူနှင့် နေမျိုး ရာဇကျော်ထင်တို့ကို စစ်ကဲ, ဝန်ကြီး သတိုးသိရိမဟာဥဇနာကို အချုပ်ခန့်တော်မူ၍ တော်သလင်း လပြည့်ကျော် ခုနစ်ရက် တနင်္လာနေ့ ဇင်းမယ်ကြောင်း ချီနှင့်စေသည်။

ဗန်းမော်စော်ဘွားတတပ်၊ နေမျိုးကျော်ထင်ရာဇာ တတပ်၊ နေမျိုး ဂါမဏိတတပ်၊ အိန္ဒကျော်စွာ တတပ်၊ နဝစက် တတပ်၊ ရွှေတောင် ရဲခေါင်ကျော်ထင် တတပ်၊ ရွှေတောင် သိရိစည်သူတတပ်၊ သီဟပတ္တေ တတပ်၊ သိရိဥဒိန်ကျော်သူ တတပ်၊ နန္ဒမိတ်စည်သူ တတပ်၊ သားတော် သတိုးမင်းစော တပ်မနှင့်သော် တပ်ပေါင်း တဆဲ့တတပ်တွင် ပါသည့် မြင်းတထောင့်တရာ, စစ်သည်သူရဲ တသောင်းတထောင်တွင် မင်းလှ

စည်သူနှင့် နေမျိုးနော်ရထာတို့ကို စစ်ကဲ့, သားတော် သတိုးမင်းစောကို အချုပ်ခန့်တော်မူ၍ သီတင်းကျွတ်လဆန်းငါးရက် စနေနေ့ မုဏ္ဍမမြို့သို့ ရွှေချီနှင်စေသည်။

မိုးကောင်းစော်ဘွား တတပ်၊ သီပေါစော်ဘွားတတပ်၊ နေမျိုးကျော်ထင်စည်သူ တတပ်၊ နေမျိုး သီရိကျော်ခေါင် တတပ်၊ နေမျိုးသီရိကျော်စွာ တတပ်၊ နေမျိုးသီရိကျော်ထင် တတပ်၊ နေမျိုးသီရိစည်သူ တတပ်၊ တုရင် ဇေယသူတတပ်၊ ရဲထွတ်ရန်ကျော်တတပ်၊ ရဲခေါင် တမွတ်ကျော်ထင် တတပ်၊ ရဲကျော်အာကာ တတပ်၊ သားတော် သီရိမွေရာဇာတပ်မနှင့်သော် တပ်ပေါင်း တဆဲ့နှစ်တပ်တွင် ပါသည့် မြင်းတထောင့်နှစ်ရာ, စစ်သည်သူရဲ တသောင်းနှစ်ထောင်တွင် နေမျိုးသခ်ိယာနှင့် လက်ဝဲနန္ဒသကြီတို့ကို စစ်ကဲ, သားတော် သီရိဓမ္မရာဇာကို အချုပ် ခန့်တော်မူ၍ သီတင်းကျွတ်လဆန်း တဆဲ့လေးရက် တနင်္ဂနွေနေ့ မုဏ္ဍမမြို့သို့ ချီနှင်စေသည်။

နေမျိုးဥဒိန်ကျော်ထင် တတပ်၊ ပြည်လုံးငြိမ်း တတပ်၊ ပျံချီ ကျော်ခေါင် တတပ်၊ နော်ရထာကျော်ခေါင် တတပ်၊ သီရိသမန္တကျော်ခေါင် တတပ်၊ နေမျိုးထက်ဝသီဟ တတပ်၊ နေမျိုးဥတ္တမသကြီ တတပ်၊ သူရိန်တန်ဆောင် တတပ်၊ အခွန်ဝန် တတပ်၊ ဥဒိန်ရွှေတောင် တတပ်၊မြင်းဝန်မင်းကြီး မဟာမင်းခေါင် တပ်မနှင့်သော် တပ်ပေါင်း တဆဲ့တတပ်တွင် ပါသည့် မြင်းတထောင့်တရာ, စစ်သည်သူရဲ တသောင်းတထောင်တွင် သီဟဂါမကီကျော်ထင်နှင့် နေမျိုးကျော်ထင်သူရတို့ကို စစ်ကဲ, မြင်းဝန်မင်းကြီး မဟာမင်းခေါင်ကို အချုပ်ခန့်တော်မူ၍ တန်ဆောင်မုန်းလဆန်းနှစ်ရက်ကြာသပတေးနေ့ မုဏ္ဍမမြို့သို့ ချီနှင့်စေသည်။

ယင်းကမ္ဘ ဘဝရှင်မင်းတရားကြီးဘုရားမှာ ခေါ်သန္တိစား မြင်းတပ်၊ ငယ်တိုးဝန်မြင်းတပ်၊ တုရင်ဂုမ္ဘက်မြင်းတပ်၊ နရာသေနမြင်းတပ်၊ မင်းလှမင်းကျော် ဆင်တပ်၊ မိုးမြိတ်စော်ဘွားတတပ်၊ ညောင်ရွှေ စော်ဘွားတတပ်၊ လဲချားစားတတပ်၊ လဲချားကျမိုင်းတတပ်၊ ယောက်စောက်စားတတပ်၊ မိုင်းကိုင်စား တတပ်၊ စကားစားတတပ်၊ နရာနန္ဒကျော်တတပ်၊ တုရင် ရန်ခွင်းသူ တတပ်၊ သိခံဇေယကျော်ထင်တတပ်၊ ရွှေတောင်သီရိနော်ရထာတတပ်၊ သူရဲဝန် မင်းလှကျော်စွာ တတပ်၊ရခိုင်ဝန်နေမျိုးသီဟကျော်ထင်တတပ်၊ ယွန်းစုဝန်နေမျိုးဇေယကျော်ထင်တတပ်၊ စိုလေးဆယ်ဒိုင်းဝန် နေမျိုးသီရိကျော်သူ တတပ်၊ ကျားရွာစား ဥဒိန်ဇေယကျော်စွာ

တတပ်၊ မြေနန်းဝန်ကျော်ခေါင်နော်ရထာ တတပ်၊ အသည်ဝန် နေမျိုးဇေယကျော်သူ တတပ်၊ သံချက်ဝန် နေမျိုးကျော်ထင်သီဟ တတပ်၊ ရွှေခားမှူး နေမျိုးနန္ဒကျော်သူ တတပ်၊ သူရဲကြီးမှူး စည်သူသိရိနော်ရထာ တတပ်၊ အရွှတ်ဝန် နေမျိုးနန္ဒသူရ တတပ်၊ ရွာလယ်ဝန်တတပ်၊အသည်စစ် သိရိနန္ဒမိတ်စည်သူတတပ်၊ လှော်ကားသုံးထောင်မှူး ရွှေတောင်သိရိဇေယတတပ်၊ ဇေယရွှေတောင် နော်ရထာ တတပ်၊ ဗလနော်ရထာ တတပ်၊ ရွှေတိုက်ဝန် နေမျိုးသိရိဇေယသခ်ိယာ တတပ်၊ မြောက်ဘက်မြင်းဝန် မင်းလှကျော်ထင်တတပ်၊ နေမျိုးရဲကျော် တတပ်၊ အောက်မားဝန်နေမျိုးဇေယနော်ရထာ တတပ်၊ နေမျိုးသိရိသခ်ိယာ တတပ်၊ နေမျိုးသူရသင်္ကြီ တတပ်၊ နေမျိုးကျော်ထင် တတပ်၊ လက်ဝဲ သီဟနော်ရထာ တတပ်၊ သူရသင်္ကြီ တတပ်၊ နရာဘီလူး တတပ်၊ လက်ဝဲကျော်စွာတတပ်၊ ဘဝရှင် မင်းတရားကြီးဘုရား တပ်မတော်တွင် ဝင်းမှူးလေးဦး, ဝင်းတော်လေးတပ်နှင့်တကွ ရွှေတော်က ဆယ်တပ်, လက်ယာတော်က ဆယ်တပ်, လက်ဝဲတော်က ဆယ်တပ်၊ နောက်တော်က ဆယ်တပ်, သည်တပ်ပေါင်းလေးဆယ်တွင် ပါသည့် တိုက်ဆင်ငါးရာ, မြင်းငါးထောင်, စစ်သည်သူရဲငါးသောင်းကို လမိုင်းဝန် မင်းကြီး နန္ဒကျော်ထင်နှင့် ဝန်ထောက်နေမျိုးကျော်စွာတို့ကို စစ်ကဲ, အတွင်းဝန် မင်းကြီး မဟာသက်တော်ရှည်ကို တပ်မှူးခန့်တော်မူ၍ သက္ကရာဇ် (၁၁၄၇) တထောင့်တရာ့ လေးဆဲ့ခုနစ်ခု တန်ဆောင်မုန်းလဆန်းဆယ်ရက် သောကြာနေ့ ယိုးဒယားသို့ချီတော်မူသည်။ ။နေပြည်တော်မှာလည်း သားတော် မဟာဥပရာဇာကို အစောင့်အနေခန့်တော်မူခဲ့သည်။

ဆင်ဖြူများသခင် အရှင် ဘဝရှင်မင်းတရားကြီးဘုရား နေပြည်တော်က ချီတော်မူသည့်နေ့ သိရိဟေမဝန်တွင် ချတော်မူသည်၊ ထိုတွင်တရက် ရပ်ဆိုင်းတော်မူ၍ ချီတော်မူလျှင် ပင်းကြာအင်းတွင် ချတော်မူသည်။ ထိုကမ္ပ ကန်ပြင်ခေါ်တွင် ချတော်မူသည်၊ ထိုကမ္ပ ကျောက်ဆောက်တွင် ချတော်မူသည်၊ ထိုကမ္ပ ပေါက်ဖြိုင်တွင်ချတော်မူသည်၊ထိုကမ္ပ ကိုင်းရွာတွင် ချတော်မူသည်၊ ထိုကမ္ပ ဘားလယ်ပြင်တွင် ချတော်မူသည်၊ထိုကမ္ပ မြင်းခြံတွင် ချတော်မူသည်၊ ထိုကမ္ပ မြောင်းဦးတွင် ချတော်မူသည်၊ထိုကမ္ပ တောကင်းတွင် ချတော်မူသည်၊ ထိုကမ္ပ ရွှေညောင်ဘူးတွင် ချတော်မူသည်၊ ထိုကမ္ပ အင်းလှမှာ ချတော်မူသည်၊ ထိုကမ္ပ ညောင်ကိုင်းတွင် ချတော်မူသည်၊ ထိုကမ္ပ ရွှေမြို့တွင် ချတော်မူသည်၊ ထိုကမ္ပ နေရောင်ဖြ

တွင် ချတော်မူသည်၊ ထိုကမှ ကြည်တောင်တွင် ချတော်မူသည်၊ ထိုကမှ မိဖုရားကုန်းတွင် ချတော်မူသည်၊ထိုကမှ မြို့လှတွင် ချတော်မူသည်၊ထိုတွင် တရက်ရပ်ဆိုင်းတော်မူ၍ ချိတော်မူလျှင် ဆွာချောင်းတွင် ချတော်မူသည်၊ ထိုကမှ နံ့ချိန်တွင် ချတော်မူသည်၊ ထိုကမှ တောင်ငူမြို့ ရွှေရပ်တော်ကုန်းတွင် ချတော်မူသည်၊ ထိုတွင် သုံးရက် ရပ်ဆိုင်းတော်မူ၍ ချိတော်မူလျှင် ဇော်တကုန်းတွင် ချတော်မူသည်၊ ထိုကမှ ဗာရာဏသီတွင် ချတော်မူသည်၊ ထိုကမှ ကျွဲခေါင်းတွင် ချတော်မူသည်၊ ထိုကမှ ရှမ်းလယ်ပြင်တွင် ချတော်မူသည်၊ ထိုကမှ ဘောဂတာတွင် ချတော်မူသည်၊ ထိုကမှ သံဆိပ်တွင် ချတော်မူသည်၊ထိုကမှ ရွှေကျင်တွင် ချတော်မူသည်၊ ထိုကမှ ခုံဇရစ်တွင် ချတော်မူသည်၊ ထိုကမှ ကြွံတကူတွင် ချတော်မူသည်၊ ထိုကမှ စစ်တောင်းမြို့တွင် ချတော်မူသည်၊ ထိုကမှ ကျိုက်အသာတွင် ချတော်မူသည်၊ ထိုကမှ ကျိုက်ပိတွင် ချတော်မူသည်၊ထိုကမှ ခုံဝန်းတွင် ချတော်မူသည်၊ ထိုကမှ ကျိုက်ကော်တွင် ချတော်မူသည်၊ ထိုကမှ ယင်ငြိမ်တွင် ချတော်မူသည်၊ ထိုကမှ ဇင်းကျိုက်တွင် ချတော်မူသည်၊ ထိုကမှ နှံးတစိတ်တွင် ချတော်မူသည်၊ ထိုကမှ မုတ္တမမြို့တွင် ချတော်မူသည်။ နေပြည်တော်က ချိတော်မူလျှင်–သုံးဆဲ့ ရှစ်စခန်းနှင့် နတ်တော်လပြည့်ကျော် လေးရက်နေ့ မုတ္တမမြို့သို့ရောက်တော်မူသည်။ စခန်းချတိုင်းလည်း ပွဲသဘင်စုံ ခံတော်မူ၏။

ဘဝရှင် မင်းဘရားကြီးဘုရားလည်း မျိုးရိကွာပြည့်ဝအောင် စီရင်စုပုံနှင့်ရမည်–ဝါဆိုလကပင် မင်းကြီးမင်းခေါင်ကျော်ကို ခန့်ထား ချီနှင့်စေသည်၊ ရွှေတပ် စခန်းစဉ်တလျှောက်မှာ ယမုတိုင် မျိုးရိကွာ မပြည့်မဝ ရှိရာသည်လော၊ ပြိတ်ကြောင်းချီ မင်းကြီး မင်းခေါင်ကျော်ကို အကျဉ်းခြရင်းတော်သို့ပို့လာစေ။ ပြိတ်ကြောင်းချီ အလုံးအရင်းကိုမူကား ကင်းဝန်ကြီး မဟာသီရိသီဟသူကို ချုပ်အုပ်ချိတက်စေ-အမိန့်တော်ရှိ၍ ခြေရင်းတော်က ဝန်ကြီးမဟာသီရိသီဟသူကို ပြိတ်မြို့သို့ ချိစေသည်။

နော်ရထာကျော်ခေါင် တတပ်၊ ဗလနော်ရရထာ တတပ်၊ ဇေယရွှေတောင်နော်ရထာ တတပ်၊ ရွှေတောင်ဇေယကျော်ထင် တတပ်၊ လင်းဝဲကောင်းထွတ် တတပ်၊ လင်းဝဲကျော်စွာ တတပ်၊ သည်ခြောက်တပ်ကို မုတ္တမက အရွှေဘက်သို့ကူး၍ ရွာဟိုင်းကြောင်းချီစေပြီးလျှင် သားတော်ညီတော် ဗိုလ်မှူးတပ်မှူးတို့ကိုခေါ်တော်မူ၍ အမိန့်တော်ရှိသည်ကား.... မုတ္တမမြို့သို့ ငါရောက်တော်မူသည် လေးရက်ရှိသည် တိုင်အောင်မှ ဆင်

မြင်းလူသူ မြစ်တဘက်သို့ အကုန်အစင် မကူးမရောက်ရှိရသည့်အရာသည် နင်တို့ ဗိုလ်မှူး စစ်ကဲတို့လည်တွင် သံပြားကာသလော၊ ယခုနေ့ ဆင်, မြင်း, ဗိုလ်လူ အကုန်အစင် မြစ်တဘက်သို့ မကူးမရောက်လျှင် နင်တို့ကို မိုးပုံ၍တိုက်မည်ဟု အမိန့်တော်ရှိသည်တွင် ညီတော်သားတော် စသော ဗိုလ်မှူးတပ်မှူးအပေါင်းတို့ အလွန် ကြောက်လန့်ကြသောကြောင့် ဦးချ၍ သာ နေကြရ၏။

ယင်းသောအခါ ခေါ်သန္တိစားလျှောက်သည်ကား....စစ်တိုသဘော သည် ဆောဆောလျင်လျင် လုပ်ကြံသင့်သည်ကို နှေးနှေးဖြည်းဖြည်းစီရင် သောကြောင့် အောင်ခြင်းသို့ မရောက်ရှိရာသည်၊ နှေးနှေးဖြည်းဖြည်း စီရင် သင့်သည်ကိုလည်း ဆောဆောလျင်လျင် စီရင် ချသောကြောင့် အောင်ခြင်းသို့ မရောက် ရှိရာသည်၊ ယင်းသို့ ဖြစ်သောကြောင့် ယခု ယိုးဒယားမြို့ကို သိမ်းယူတော် မူမည်ဟု မရေ မတွက်နိုင်သော အလုံး အရင်းနှင့် ဘဝရှင် မင်းတရားကြီးဘုရား ထားရိုက်ကြောင်း ချီတက် တော်မူသည်၊ ဇင်းမယ်ကြောင်း, ရွာဟိုင်းကြောင်း, ဒဝယ်ကြောင်း, ဖြိတ်ကြောင်း များကလည်း စစ်ကြီးလေးကြောင်း ချီတက်သည်များကို ယိုးဒယားမင်း မကြားမသိ ရှိမည်မဟုတ်၊ ယင်းသို့ ယိုးဒယားမင်းကြား သိလျှင်လည်း ဘဝရှင် မင်းတရားကြီးဘုရား ချီတက်တော်မူသည့် ထား ရိုက်ကြောင်းကို ယိုးဒယားမင်း ကိုယ်နှင့် တက္ခ စစ်အားကြီး ကြိုး၍ ခံချိမ့်မည်၊ ထားရိုက်ကြောင်း ချီတက်တော်မူမည့် စခန်းနှစ်ဆယ်ကျော် လောက်မှာလည်း မျိုးရိကွာ ရရန်ယူရန် မြို့ရွာအဆက်အလက်မရှိချေ၊ ယင်းသို့ ဖြစ်သောကြောင့် ထားရိုက်ကြောင်း ဆောဆောလျင်လျင် ချီ တက်တော်မူချေသည် ရှိသော် တပ်မတော်နှင့် တက္ခ ရွှေတပ် နောက် တပ် အလုံးအရင်း များလှသည်၊ အစားအစာလည်း ကိုယ်စီပခုံးထက် ဝယ်ပါနိုင်သမျှသာ ဖြစ်ချေသည်၊ မျိုးရိကွာ မထောက်မလှမ်းမိ ရှိလေ၍ ခရီးလမ်းတွင် မတက်နိုင် မဆုတ်နိုင် အရေးတော် ပျက်ခဲ့သော် ဇင်းမယ်ကြောင်း, ရွာဟိုင်းကြောင်း, ဒဝယ်ကြောင်း, ဖြိတ်ကြောင်း ချီလေသော စစ်လေးကြောင်းလည်း ပျက်ချိမ့်မည်၊ ဘဝရှင် မင်းတရား ကြီးဘုရား ချီတော်မူသည့် ထားရိုက်ကြောင်းက ကြံ့ခိုင်ပါသည် ဖြစ်မှ ခဲ့၍ချီစေသောစစ်လေးကြောင်းလည်း ချီတက်ပေါက်ရောက် နိုင်ချိမ့်မည်၊ ယင်းသို့ဖြစ်သောကြောင့် ဘဝရှင်မင်းတရားကြီးဘုရား မရေမတွက် နိုင် သော အလုံးအရင်းနှင့် ထားရိုက်ကြောင်း ချီတက်တော် မူကြောင်းကို

သိထင်အောင် ဘိလောက်တွင် မြောက်ဘက် မြင်းဝန် မင်းလွှကျော်ထင်တပ်၊ အလံတယ်တွင် မြင်းဝန်မင်းကြီးမဟာမင်းခေါင်တပ်၊ ဘုရားသုံးဆူတွင် သားတော်သတိုးမင်းစောတပ်၊မိတကစ်တွင်သားတော်သီရိမဟ္မရာဇာတပ်၊ သည်လေးတပ် တပ်ခိုင်တပ်လုံ ထောက်မှီလှမ်းမှီအကြီအခိုင် စွဲရပ်တည်နေစေဖြီးလျှင် ထိုလေးတပ်က သူရဲကောင်း လေးရာတစု, ငါးရာတစု, အနှံ့အစပ် စစ်လျင်လွှတ်၍ တုံ့ကာရှယ်ကာ ရသာယူသာသည်များကို ဖျက်ဆီး သိမ်းယူစေမည်၊ မျိုးရိကွာမှာ မုတ္တမမြို့ကသည် မိတကစ်သားတော် သီရိမဟ္မရာဇာ တပ်သို့ ရောက်အောင်ကို တပ်မတော်ရံတပ်တော်များက ရေကြောင်းသယ်ပို့စေမည်၊ မိတကစ်တပ်တော်ကမှ တတပ်က သည် တတပ် တပ်စဉ်အတိုင်း တပ်ဦးဘိလောက်သို့ ရောက်အောင် လက်ဆင့်ကမ်းလှမ်း သယ်ပို့စေ၍ ဘိလောက်ကသည် ဒေါင်သုံ့ရောက် စုပုံစိမ့်မည်၊တပ်မတော် သူရဲသူခက်တို့မှာမူကား မုတ္တမနယ်တွင်း, ပဲကူးနယ်တွင်းများမှာ မျိုးရိကွာကို အလျှောက် ရှာစားစေမည်၊ ယင်းသို့ ဘဝရှင် မင်းတရားကြီးဘုရားကိုယ်တော် မုတ္တမမြို့က အခိုက်အတံ့ ရပ်နေစီရင်တော်မူသည်ရှိသော် ယိုးဒယားမင်း ထားရိက်ကြောင်းက အလုံးအရင်းခွဲ၍ ခွာဝံ့မည်မဟုတ်၊ ယင်းသို့ ယိုးဒယားမင်း စစ်သည်မက်သည် စုရုံး၍ လုံးကြီးရင်းကြီး ထားရိက်ကြောင်းကခံရလေလျှင်လည်း ဇင်းမယ်ကြောင်း, ရွာဟိုင်းကြောင်း, ဒဝယ်ကြောင်း ဖြတ်ကြောင်း ချီစေသည့် စစ်လေးကြောင်းလုံး မြို့ရွာအဆက်အလက်မပြတ်မျိုးရိကွာရသာသည်နှင့် ကွန့်ကွန့်လွန့်လွန့် ယိုးဒယား မြို့ရင်းတိုင်အောင် ပေါက်မည်မဆွတ်၊ ယင်းသို့ စစ်လေးကြောင်း ယိုးဒယားမြို့ရင်း တိုင်အောင် ပေါက်ကြောင်းကို ကြားသိတော်မူသည့်ကာလ ထားရိက်ကြောင်းကလည်းမျိုးရိကွာအပြည့်အဝ စုပုံမိသည်နှင့် ဘဝရှင် မင်းတရားကြီးဘုရားကိုယ်တော် မုတ္တမမြို့က ထားရိက်ကြောင်းနှစ်စခန်းကိုတစခန်းပြုပြီးလျှင် အလျှင်အမြန်ချီတော်မူ၍ သိမ်းရုံးတော် မူရသည်ရှိသော် ဖြတ်ကြောင်း, ရွာဟိုင်းကြောင်း, ဒဝယ်ကြောင်း, ဇင်းမယ်ကြောင်း ချီစေသော စစ်လေးကြောင်းလည်း ယိုးဒယား မြို့ရင်းတိုင်အောင် ချဉ်းမိ ကပ်မိသည်နှင့် မင်းနှင့် တကွ တမြို့လုံးကို အလိုတော်ပြည့်မည်-ဟု ခေါ်သန့်စားက လျှောက်သည်တွင် ဘဝရှင် မင်းတရားကြီး အမိန့်တော်ရှိသည်ကား.... နင်တို့ကို မြို့ကြီးရင်ကြီးပေး၍ ချုပ်ကြီးကိုင်ကြီး အရာနှင့် ငါချီးမြှင့်ပြုစုတော်မူသည် ဖြစ်လျက် အရေးအကြောင်း ထင်မြင်သည်ကို မလျှောက်မထား နေသည်၊ တပ်မှူး

ငယ်မျှဖြစ်သော ခေါ်သန္တိစားမှုကား အရေးအကြောင်းကို ကိုယ်ထင်သည့်အတိုင်းလျောက်သည်ကို နင်တို့မကြားလော နက်ဖြန်ပင် ချီတော်မူမည်-ဟု အမိန့်တော်ရှိပြီးလျှင် ဗိုလ်မှူး တပ်မှူးကြီးတို့ အပုံသို့ လက်စွဲတော်လုံနှင့် လွှတ်တော်မူသည်၊စစ်ကဲတော်ကြီး မင်းကြီးနန္ဒကျော်ထင်ကို လုံသင့်ချေ၏။

ယင်းသို့ ဘဝရှင် မင်းတရားကြီးဘုရား အမျက်တော် ပြင်းစွာထွက်သည်ကို အလွန်ကြောက်ရွံ့ကြသောကြောင့် ဗိုလ်မှူးစစ်ကဲ အပေါင်းတို့ မုတ္တမမြို့ဆိပ်သို့ချည်း ဆင်း၍ ဆင်မြင်းရထားဗိုလ်ပါသူရဲသူခက်အပေါင်းတို့ကို မြစ်တဘက်သို့ ကူးပို့ရသည်၊ မုတ္တမမြို့ အရှေ့ဘက် ဘုရားဖြူသို့ အကုန်အစင် ကူးမိလေလျှင် နတ်တော်လပြည့်ကျော်ဆယ်ရက်နေ့ ဘဝရှင် မင်းတရားကြီးဘုရား မုတ္တမမြို့ကချီတော်မူသည်၊ ထိုနေ့အရှေ့ဘက် ဘုရားဖြူတွင် ချတော်မူသည်၊ ထိုကမှ ဘားပေါင်တွင် ချတော်မူသည်၊ ထိုကမှ အထရန်တွင်ချတော်မူသည်၊ ထိုကမှ ဒါလီချောင်းတွင် ချတော်မူသည်၊ ထိုတွင် နှစ်ရက် ရပ်ဆိုင်းတော်မူ၍ ချီတော်မူလျှင် ဇမိတွင် ချတော်မူသည်၊ ထိုကမှ ဝွန်တွင် ချတော်မူသည်၊ ထိုကမှ မိတကစ်တွင် ချတော်မူသည်၊ ထိုကမှကျွန်းပင်တွင်ချတော်မူသည်၊ထိုတွင်ရပ်ဆိုင်းတော်မူ၍ မျိုးရိကွာ တင်ဆောင်သယ်ယူရန် လှည်းအများလုပ်စေသည်၊ မုတ္တမမြို့မှာလည်း ယွန်းစုဝန် နေမျိုးဇေယျကျော်ထင်ကို ပြန်၍လည်းသိမ်းစေသည်။

ယင်းသို့မှ မြင်းဝန်မင်းကြီး မဟာမင်းခေါင်, မြောက်ဘက် မြင်းဝန်မင်းလှကျော်ထင်တို့ကို ကိုယ်တိုတပ်စုတွင် မျိုးရိကွာ မည်မျှပါမည်ဟု ဘဝရှင် မင်းတရားကြီး အမေးတော် ရှိသည်တွင် မျိုးရိကွာမှန့် ပြုတ်ကြောင်းချိ မင်းကြီးမင်းခေါင်ကျော်ကို အမျက်တော်ရှိသည်ဖြစ်၍ ကြောံနွံသောကြောင့် တလစာ မျိုးရိကွာ အပြည့်အဝပါကြောင်းနှင့်လျှောက်လေလျှင် မင်းကြီး မဟာမင်းခေါင်, မင်းလှကျော်ထင်တို့ နှစ်ဆဲ့တတပ်တွင် တပ်မတော်က ဆင်ကောင်း, မြင်းကောင်း, သူရဲသူခက်ကောင်းဖြည့်သွေင်း၍ ရှေ့ချီနှင့်ရမည်၊ ကိုယ်တိုမျိုးရိကွာမကုန်မီ ငါက မျိုးရိကွာ ထောက်စိမ့်မည် အမိန့်တော်ရှိပြီးလျှင် မြင်းဝန်မင်းကြီး မဟာမင်းခေါင်, မြောက်ဘက်မြင်းဝန် မင်းလှကျော်ထင်တို့ နှစ်ဆဲ့တတပ်ကို ရှေ့တပ်ဦးချီနှင့်စေသည်။

ခေါ်သန္ဓိစားကိုလည်း လက်ဝဲရစုတရာ,လက်ယာရစုတရာ,မြင်းတရာ များနှင့် ယိုးဒယားတို့တပ်သို့ရောက်အောင် ထောက်လှမ်းရမည်ဟု ကင်း အစုံအစမ်း ခန့်တော်မူသည်။ စစ်ကဲကြီး မင်းကြီးနန္ဒကျော်ထင်ကိုလည်း ကျွန်းပင်က ရပ်နေ၍ မျိုးရိက္ခာစီရင်ရမည်-ခန့်တော်မူခဲ့ပြီးလျှင် ပြာသို လပြည့်ကျော်ငါးရက် သောကြာနေ့ ချိတော်မူသည်းထိုကချိတော်မူသည့် နေ့ ချုန်းချုန်းကျတွင် ချတော်မူသည်။ ပြိတ်မြို့ကပို့ရောက်သည့် မင်းကြီး မင်းခေါင်ကျော်ကိုယည်း ထိုစခန်းတွင် ကွပ်တော်မူသည်၊ ထိုကချိတော် မူသည့်နေ့ ဘုရားသုံးဆူတွင် ချတော်မူသည်၊ ထိုတွင် တရက်ရပ်ဆိုင်း တော်မူ၍ ချိတော်မူလျှင် သောင်ကုလားတွင် ချတော်မူသည်၊ ထိုကမှ အလံတယ်တွင် ချတော်မူသည်၊ ထိုတွင် ရပ်ဆိုင်းတော် မူပြီးလျှင် ဝါး ဖောင်အများတွင် စပါးတင်စေ၍ အလံတယ်ချောင်းက မျှောကြရ၏။

ယင်းသောအခါ ယိုးဒယားမင်းလည်း ငါတို့မှာရှိသည့် မြန်မာတို့ တွင် ယခု ချီလာသည့်မြန်မာမင်းကျွန် ရှိရာကောင်းသည်၊ မေးစစ်ကြရ မည်ဟုဆို၍ ယိုးဒယားမှူးမတ်တို့ စုံစမ်းမေးမြန်းသည်တွင် သုံးဆဲ့ခြောက် ခု အသည်ဝန်ကြီး မဟာသိဟသူရချီတွင် ဖမ်းမိသူ ပြည်မြို့ဇာတိ ဘဝရှင် မင်းတရားကြီးဘုရားကျွန်တော်ရင်း ငကန်ကိုတွေ့၍ ယိုးဒယားမင်းရှေ့သို့ ခေါ်သွားသည်တွင် ယိုးဒယားမင်းက ယခုချီလာသည့် မြန်မာမင်းသည် မင်းမတ်အရှင်ရင်းမှန်မည်လောမေးသည်ကို ဟုတ်မှန်ကြောင်းနှင့် ငကန် လျှောက်လျှင် သည်စာကို မင်းမတ်အရှင် မြန်မာမင်းထံသို့ရောက်အောင် ပို့ဆက်ရမည်ဟု ယိုးဒယားမင်းကအပ်လျှင် ငကန်လည်း စာကိုဆောင်ယူ ၍ အလံတယ်နန်းတော်တွင် ခြေရင်းတော်သို့ ရောက်လာသည်၊ ငကန် တွင်ပါသည့်စာကို မြန်မာဘာသာပြန်စေလျှင် အဝပြည်ကြီးနှင့် ယိုးဒ ယားပြည်သည် မခြားမနား၊ ရွှေလမ်းငွေလမ်း ပေါက်၍ စစ်မက်မရှိ၊ သတ္တဝါအပေါင်းတို့ ချမ်းသာစွာနေပါရမည့်အကြောင်းနှင့် ပါသည်ကို ကြားတော်မူလျှင် ဘဝရှင်မင်းတရားကြီးဘုရား အထူး အမိန့်တော်မရှိ၊ ယိုးဒယားမင်းနှင့်တကွ ယိုးဒယားမှူးမတ်တို့ မည်သို့ ခန့်ထားစီရင်သည် ဟု မေးတော်မူသည်ကို ငကန်လျှောက်သည်ကား ...

ဘဝရှင် မင်းတရားကြီးဘုရား ချိတော်မူ၍ မုတ္တမမြို့သို့ ဆိုက်ရောက် တော်မူစကပင် မြန်မာသုံးယောက်ကို ကျောက်ခေါင်းကရင်တို့ ဖမ်း၍ ယိုးဒယားသို့ ပို့ရောက်လာသည်၊ ထိုသူတို့ကိုစစ်လျှင် ပုခန်းမင်းကြီး လူ သုံးသောင်းခကျော်နှင့် ဇင်းမယ်ကြောင်းက ချိတက်သည်၊ ကင်းဝန်မင်း

ကြီး လူသုံးသောင်းကျော်နှင့် ပြိတ်ကြောင်းက ချီတက်သည်၊ အနောက်ဘက်တိုက်ဝန် လူသုံးသောင်းကျော်နှင့် ဒဝယ်ကြောင်းက ချီတက်သည်၊ နော်ရထာကျော်ခေါင်တို့ လူသုံးသောင်းကျော်နှင့် ရွာဟိုင်းကြောင်းက ချီတက်သည်၊ ဘဝရှင် မင်းတရားကြီးဘုရားမူကား လူတသိန်းကျော်နှင့် ထားရိုက်ကြောင်းက ချီတက်သည်၊ ကျွန်တော်တို့မှာ ထားရိုက်ကြောင်း သားတော် စကုသခင့် တပ်ပါဖြစ်၍ မုတ္တမမြို့က ဇမ်မြစ်ဆိပ်သို့ ရေကြောင်း စပါးသယ်ပို့ရသည်နှင့် ကုန်းသို့တက်ရာ ဇမ်အရှေ့တောတွင် ကရင်တို့ ဖမ်းမိသည်ဟု မေးချက်ရသည်၊ ထိုအကြောင်းကို ယိုးဒယားမင်းကြားလေလျှင် မြန်မာမင်း လူနှစ်သိန်းကျော် သုံးသိန်းနှင့် စစ်ကြီးငါးကြောင်း စီရင်၍ လာသည်ကို မည်သို့ ရပ်ခံရသော် သင့်မည်ဟု မင်းညီမင်းသား မှူးတော်မတ်တော်တို့ကို ခေါ်၍ ယိုးဒယားမင်း တိုင်ပင်သည်တွင် မင်းညီမင်းသား မှူးတော် မတ်တော်တစုတို့က ယိုးဒယားမင်းကို လျှောက်ကြသည်မှာ ယခု စစ်သည် ရှေးခါကာလချီလာသည့် စစ်နှင့်တူဟန်မရှိချေ၊ မြန်မာမင်းကိုယ်နှင့်တကွ လူနှစ်သိန်း သုံးသိန်း စစ်ငါးကြောင်း ဖြန့်၍ ချီလာချေသည်၊ မြန်မာမင်း ချီလာသည့် ထားရိုက်ကြောင်းကသာ အလုံးအရင်း များသည်မဟုတ်၊ ဇင်းမယ်ကြောင်း ရွာဟိုင်းကြောင်း, ဒဝယ်ကြောင်း, ပြိတ်ကြောင်းက ချီလာသည့် စစ်လေးကြောင်းလည်း လူသုံးသောင်း လေးသောင်း စီနှင့်ချည်း စစ်ကြီးစတေဖြစ်ချေသည်၊ ယင်းသို့ ဖြစ်သောကြောင့် သည်စစ် သည်လက်ရုံးကို မကိုးသင့် နှလုံးလှကြီမှသာအရေးကောင်းမည်ထင်သည်ဟု လျှောက်ကြသည်တွင် ယိုးဒယားမင်းက ကိုယ်တို့လျှောက်ကြသည့် စကားလည်း စစ်အားကြီးသည်ကိုထောက်၍ လျှောက်ထားကြသည့်အရာဖြစ်သည်၊ သို့ရာတွင် မြန်မာမင်းချီလာသည့်ထားရိုက်ကြောင်းကိုသာ ခံနိုင်အောင်ကြိုသင့်သည်၊ ထားရိုက်ကြောင်းကိုခံနိုင်လျှင် မြန်မာတို့ခွဲ၍ချီသည့်စစ်လေးကြောင်း ဆုတ်ရလိမ့်မည်၊ ယင်းသို့ဖြစ်သောကြောင့် ငါ့ကိုယ်နှင့် တကွ မြစ်ဆုံတွင် မြို့နှင့်အတူတပ်ကြီးတည်ပြီးလျှင် မြန်မာမင်း ချီလာသည်ကို ရုံးခံမည်၊ အရေးသာလျှင် နိုင်အောင်တိုက်မည်၊ အရေး မသာလျှင်လည်း စကားပြေအောင် ပြောမည်၊ ငါတို့မြို့မူကား မြို့ထိပ်သို့အမြောက်စိန်ပြောင်းတင်ပြီးလျှင် အခိုင်ခံနေစေမည်၊ မြန်မာတို့ကခွဲ၍ချီသည့် စစ်လေးကြောင်းကိုမူကား ငါတို့က အသွယ်သွယ်အဝဝ ခွဲ၍ခံသင့်တော့သည်မဟုတ်ပြီ၊ မြန်မာ စစ်လေးကြောင်းလုံး မြို့ရင်းသို့ တိုင်အောင်ပင်

ချဉ်းလာပေါက်လာသော်လည်း ငါတို့မြို့ကို လှုပ်ရှားတည့်နှိုင်မည် မဟုတ်ဆိုပြီးလျှင် မြစ်ဆုံတွင် တပ်ကြီးတည်၍ ကျုံးမြောင်း, ပစ်စင်, ရင်လျှော်, ဆင်ခလုတ် မြင်းခလုတ်, ကတုတ် ဆူးငြောင့် စီရင်သည်၊ တပ်ထိပ်သို့လည်း အမြောက် စိန်ပြောင်းအပြည့်တင်သည်၊ ယိုးဒယား မြို့မှာလည်း မြို့ထိပ်သို့ အမြောက် စိန်ပြောင်း အပြည့်တင်သည်၊ ယိုးဒယားနိုင်ငံအလုံးတွင် သူရဲကောင်းဆိုသမျှကို သိမ်းပြီးလျှင် ယိုးဒယားမြို့နှင့် မြစ်ဆုံတပ်ကြီးများသို့သွင်းသည်၊ မြစ်ဆုံ တပ်ကြီးကလည်း အနောက်ကို တာနှစ်ထောင်ခန့် ခွာ၍ တောင် မြောက် တာလေးထောင် ငါးထောင်, အရှေ့အနောက် တာလေးထောင် ငါးထောင် တပ်အများ တည်လုပ်စေပြီးလျှင် လူငါးသောင်း ခြောက်သောင်း စည်းကြပ်ခံနေစေသည်၊ ကမ္ဘာရီသို့ ခွာ၍လည်း လူနှစ်သောင်း သုံးသောင်း ဆီးကြိုခံနေစေသည်၊ သင်းဘောကြီး နှစ်ပင်တိုင် သုံးပင်တိုင် ရှစ်ဆယ်ကျော် ကိုလည်း သင်းဘောစီး ကုလားပန်းသေးတို့နှင့် မြို့တောင်ပင်လယ်နားကအသင့်ပြင်ဆင်စည်းကြပ်၍ ထားသည်၊ယိုးဒယားမင်းမူကား မိဖုရားသားသမီးတို့နှင့်တကွ မြို့တွင်းက ထွက်၍ မြစ်ဆုံတပ်ကြီးတွင် နေသည်ဟု ငကန်က လျှောက်သည်ကို ဘဝရှင် မင်းတရားကြီးဘုရား ကြားတော်မူလေလျှင် သားတော် သီရိဓမ္မရာဇာက စစ်ကဲနေမျိုးသခ်ယာနှင့် ခြောက်တပ်၊ သားတော် သတိုးမင်းစောက စစ်ကဲနေမျိုးနော်ရထာနှင့် ခြောက်တပ်၊ သည်တဆဲ့နှစ်တပ်ကို ရွှေချို မင်းကြီးမဟာမင်းခေါင်, မင်းလှကျော်ထင်တို့ တပ်ကို မှီအောင် လိုက်ရမည်ဟု ခန့်တော်မူသည်။

ရွှေတပ်ဦးချီလေသောမြင်းဝန်မင်းကြီး မဟာမင်းခေါင်,မြောက်ဆက်မြင်းဝန်မင်းလှကျော်ထင်တို့လည်း ထားရိုက်ကသုံးစခန်းကွာဆောက်တံမြစ်အနောက်ဘက် တောင်တန်းတွင် ယိုးဒယားတပ် နှစ်ဆယ်ကျော်လောက် ခံနှင့်သည်ကိုတွေ့၍ တိုက်သည်၊ နှစ်ရက်ရှိလျှင် ယိုးဒယားတို့ ဝန်စလယ်မုံ,ယို,ထမင်း,ရေကျည်တောက် ရေဘူးများတွင် အဆိပ်ခတ်၍ ဆုတ်ခွာထွက်ပြေးသည်၊ သူရဲတော်တို့လည်း ယိုးဒယားတို့ဘဝ်တွင် ရသည့် မုံယို ထမင်းရေများကို စားသောက်ကြလေလျှင် အဆိပ်သင့်၍ လူသုံးရာကျော် လေးရာလောက်သေချေသည်။

ယိုးဒယားတို့ဆုတ်ပြေးလေသည်ကိုလည်း မြင်းဝန်မင်းကြီး မဟာမင်းခေါင် ဆောကတံမြစ် မြောက်ဘက်ကြောင်း၊ မြောက်ဆက် မြင်းဝန်မင်းလှကျော်ထင် မြစ် တောင်ဘက်ကြောင်း မြစ်ကိုအမှီပြု၍ ချီလိုက်ကြသည်၊

ဆာကတံက တစခန်းကွာ ကမ္ဘူရီသို့ရောက်လျှင် ယိုးဒယားတပ် လူနှစ်သောင်းကျော်သုံးသောင်းလောက်ခံနှင့်သည်ကိုတွေ့လေလျှင် မြစ်တောင်ဘက်ကြောင်းချီသည့် မြောက်ဘက်မြင်းဝန်တို့ တပ်စုလည်း မြစ်မြောက်ဘက်သို့ကူးပြီးလျှင် မြင်းဝန်တပ်သို့ပေါင်းသည်။

သားတော်သီရိမဓမ္မရာဇာ စစ်ကဲ နေမျိုးသခ်ယာ, သားတော် သတိုးမင်းစော စစ်ကဲနေမျိုးနော်ရထာတို့တဆဲ့နှစ်တပ်လည်းမှိလာသည်နှင့် ယိုးဒယားဘို့တပ်စုကိုတိုက်ကြသည်တွင် တပ်ဦးကုလား၀န်နှင့် တကွ တပ်လုံးကို ယိုးဒယားတို့ကရလေသည်နှင့် ကမ္ဘူရီတွင် မြင်းဝန်, မြောက်ဘက်မြင်းဝန်တို့ တပ်ပေါင်း သုံးဆဲ့လေးတပ်လုံး တပ်တန်းထိုး၍ ခံနေကြရသည်။ ။ယင်းသောအခါ တပ်တော်များတွင် ဗိုလ်မှူးတပ်မှူး သူရဲတော်တို့ မျိုးရိကျွာ ပြတ်လပ် တော်မွတ်သောကြောင့် သစ်ဥသစ်မြစ်များကိုသာစားသောက်ရချေသည်၊ လူငါးရာ ဆင်အစီးခြောက်ဆယ်နှင့် နောက်ကာမျိုးရိကျွာ သယ်ယူစေသည့် လမ္ဘာ။းရန်သူ တို့ကိုလည်း ဆာကတံသို့မရောက်မီ ရေထွက်စခန်းတွင် ယိုးဒယား သုံးထောင်ကျော် နောက်ကာပတ်ပြီးလျှင် တောကပုန်းကွယ်၍ တိုက်ဖျက် သိမ်းယူလေလျှင် ဆင်ခြောက်ဆယ်ကျော်, လူသုံးရာကျော်လောက်ကို ယိုးဒယားတို့က ရလေသည်၊ လမ္ဘာ။းရန်သူမူကား ရုံးမိသမျှနှင့် ကမ္ဘူရီတပ်သို့ ရောက်လာ၏။

ယင်းသောအခါဘဝရှင်မင်းတရားကြီးဘုရားလည်း လင်းဇင်းဝါမှူးနှင့် လင်းဇရက်စားတို့ကို တပ်ဦးသို့အစုံအစမ်း အကြည့်အရှု စေတော်မူပြီးလျှင် တပို့တွဲလဆန်းနှစ်ရက် အင်္ဂါနေ့ အလံတယ်က ချီတော်မူ၍ မြေနီတွင် ချတော်မူသည်၊ ထိုကမှ ဘိလောက်တွင် ချတော်မူသည်၊ ထိုတွင် တရက်ရပ်ဆိုင်းတော်မူ၍ ချီတော်မူလျှင် ဒေါင်သဘုံတွင် ချတော်မူသည်၊ ထိုကမှ ထားရိက်သက်ကယ်ပြင်တွင် ချတော်မူ၏၊ ထိုစခန်းတွင် တပ်ဦးသို့ စေတော်မူသော လင်းဇင်းဝါမှူး,လင်းဇရက်စားတို့ခြေရင်းတော်သို့ ရောက်လာ၍ ကမ္ဘူရီတွင် ယိုးဒယား အလုံးအရင်းအများနှင့်တွေ့၍ မြင်းဝန်, မြောက်ဘက်မြင်းဝန်တို့ တပ်ပေါင်းသုံးဆဲ့လေးတပ်နှင့် တိုက်ကြရာ တပ်ဦးကုလား၀န်တို့တပ်လုံးနှစ်၍ မတိုးမဝှေ့နိုင်ရှိကြောင်း, ယိုးဒယားတို့ အနောက်သို့လှည့်၍ လမ္ဘာ။းရန်သူတပ်နှင့် ဆင်ခြောက်ဆယ်ကျော် မျိုးရိကျွာသယ်ယူစေသည်ကို သိမ်းယူကြောင်း ကျွန်တော် မျိုး ဗိုလ်မှူးတပ်မှူး သူရဲသူခက်အပေါင်းတို့လည်း မျိုးရိကျွာ ပြတ်လပ်၍ သစ်ဥသစ်မြစ်ကိုမျှမရှာမဖွေမတူးမယူနိုင် မြင်းကတောင်လွှားမှောက်တို့

များနှင့် ဝန်တင်နွားမြင်းများကို စားကြရကြောင်းများနှင့် လျှောက်လေ
လျှင် ဘဝရှင်မင်းတရားကြီးဘုရားလည်း တပ်မတော်နှင့်ရံတပ်တော်များ
မှာ မျိုးရိက္ခာကို စိစစ်တော်မူသည်၊ တပ်မတော်နှင့် တကွ ရံတပ်တော်
အပေါင်းများမှာလည်း မျိုးရိက္ခာ ဆွံ့ရှားကြောင်းကို ကြားသိတော် မူ
သည်တွင် ရှေတပ်သို့ မျိုးရိက္ခာ ပို့ရမည်ကို မဆိုထားဦး တပ်မတော်နှင့်
တကွ ရံတပ်တော်များတွင်ပင် မျိုးရိက္ခာပြတ်လပ်၍ရှိချေသည်၊ စားရန်
အစာမရှိသည်ကို အရေးကောင်းနိုင်မည် မဟုတ်၊ စစ်ရေးဆိုသည့်အရာ
သည် သိကြားနှင့် အသူရာသော်လည်း ဆုတ်တုံ တက်တုံ ရှိလေသည်၊
ယခုငါချီတော်မူသည်လည်း မြို့ရွာ အဆက်အလက်မျိုးရိက္ခာအမှိအခိုမရ
သည့်လမ်းက ချီတက်ခဲ့လေသောကြောင့်သာ သည်ကဲ့သို့ရှိရသည်၊ သည်
တကြိမ်တခါကို ရှိနှင့်စေဦး ယိုးဒယားမြို့သည် ငါ့လက်က လွတ်နိုင်မည်
သောဟု အမိန့်တော်ရှိပြီးလျှင် တပ်တော်များကို စည်းကြပ်သိမ်းရုံးစေ
၍ တပို့တွဲလဆန်းရှစ်ရက်တနလ်ာနေ့ ထားရိက်သင်္ကယ်ပြင်နန်းတော်
က နေပြည်တော်သို့ပြန်လည်တော်မူခဲ့သည်၊ ရှေတပ်တော်များနှင့် ဗြိတ်
ကြောင်း, ဒဝယ်ကြောင်း, ရွာဟိုင်းကြောင်း, ဇင်းမယ်ကြောင်းချီ တပ်
များကိုလည်းဆုတ်ခဲ့ရမည်ဟု အသိုးအသိုး မြင်းလျှင်စေလွှတ်ရ၏၊ တပ်ဦး
မြင်းဝန်မင်းကြီးမဟာမင်းခေါင်, မြောက်ဘက် မြင်းဝန်မင်းလှကျော်ထင်
တို့ သုံးဆွဲလေးတပ်လည်း စစ်ကဲကြီး အရေးလွန်နှင့် စစ်သည်သူရဲငါး
ထောင်, စစ်ကဲကြီးရွှေတောင်ပျံချီနှင့် စစ်သည်သူရဲငါးထောင်ကိုနောက်
ခံတပ်ထားပြီးလျှင် ဆင်, မြင်း, ဗိုလ်ပါသူရဲ တို့ကို စည်းကြပ်သိမ်းရုံး၍
ဆုတ်ခဲ့ကြရသည်၊ ခရီးလမ်းတလျှောက်တွင် ငတ်မွတ်လှ၍ မပါမလိုက်
နိုင်သည်နှင့် သူရဲတော် ငါးဆောင်ကျော်ခြောက်ထောင်လောက်ကြွင်း
ကျန်ချေသည်၊ သေလေသည်လည်းများချေ၏။ ။နောက်ခံတပ်ထား ခဲ့
သည့် ရွှေတောင်ပျံချီနှင့် အရေးလွန်တို့တပ်စုလည်း ကမ္ဘူရိကသုံးစခန်း
ကွာ ရှမ်းတောင်ရာကြီးသို့ရောက်မှမှီလှာ၍ မြင်းဝန်, မြောက်ဘက် မြင်း
ဝန်တို့လည်းစည်းကြပ်စုရုံးမိသမျှ ဆင်,မြင်း,ဗိုလ်ပါသူရဲတို့နှင့်ဆုတ်ခဲ့ရ၏။

ယိုးဒယားမင်းလည်း ထားရိက်ကြောင်း ဘဝရှင်မင်းတရားကြီးဘုရား
ပြန်လည်တော်မူသည်ကို မလိုက်မတိုက်ရ စစ်မျက်နှာသာ ပြစေသည်၊
ဇင်းမယ်ကြောင်း,ရွာဟိုင်းကြောင်း, ဒဝယ်ကြောင်း,ဗြိတ်ကြောင်းများက
ချီတက်လာသည့် စစ်လေးကြောင်းကို မူကား အလုံးအရင်း လေးစုခွဲ၍
တိုက်စေ၏။

ရွာဟိုင်းကြောင်းချီလေသောနော်ရထာကျော်ခေါင်တို့ တပ်စုလည်း ရွာဟိုင်းသို့ရောက်လျှင် ရွာဟိုင်းစား အလုပ်အကြံကိုမခံဝံ့၊ ကျွန်တော်ခံ၍ ရွာဟိုင်းစားနှင့်တကွ သားမယား ဆွေမျိုးပေါက်ဖော် သင်းပင်း လူငါးရာကျော်တို့ကို ခြေရင်းတော်သို့ ရွှေတောင်ပုံချီကို ခန့်ထားစေလွှတ်ဆက်သစေပြီးလျှင်ရွာဟိုင်းကသည်ယိုးဒယားမြို့သို့ချီသည်တွင် ယိုးဒယားတပ် အများဘိဘိစီးစီးချီလာ၍ ထိုးလေလျှင် တပ်ဆုတ်ခဲ့ရမည် ဆင့်စာရောက်လာသည်နှင့် တပ်ကိုသိမ်း၍ ဇင်းမယ်သို့ ဆုတ်ခဲ့ရ၏။

ဇင်းမယ်ကြောင်း ချီလေသော ဝန်ကြီး သတိုးသီရိ မဟာဥဇနာတို့ နှစ်ဆွဲကိုးတပ်လည်း ပြတ်မြို့ကိုတိုက်သည်၊ ရလျှင် တပ်ပေါင်းနှစ်ဆယ်နှင့် ဝန်ကြီး သတိုးသီရိ မဟာ ဥဇနာမှာ လက္ခန်းမြို့ကို ဝန်းရံလုပ်ကြံသည်၊ စစ်ကဲနေမျိုးစည်သူကိုမူကား တပ်ပေါင်းကိုးတပ်နှင့် ယိုးဒယားသို့ ခွဲ၍ချီရသည်၊ လလင်မြို့ကို တိုက်သည်ရ၏။ ပိတ်စမြို့ကို တိုက်သည် ရ၏၊ သုဝန်ခလောက်မြို့ကို တိုက်သည်ရ၏၊ ဘန်တက်မြို့ကို တိုက်သည် ရ၏၊ သောက္ကတဲမြို့ကိုတိုက်သည် ရ၏၊ ပိသလောက်မြို့တို့ တိုက်ပြန်သည် ရ၏၊ ထိုက ယိုးဒယားမြို့ရင်းတိုင်အောင် ချီတက်မည်ရှိသည့်အတွင်း ယိုးဒယား တပ်အများ အပြင်းချီလာ၍ တိုက်လေ့လျှင် တပ်ဆုတ်ခဲ့ရမည် ဆင့်စာရောက်၍ ရွာဟိုင်းချီ နော်ရထာကျော်ခေါင်တို့တပ် ဆုတ်ခဲ့ရသည်ကို ကြားသိရသည်နှင့် ဇင်းမယ်ကြောင်းချီ စစ်ကဲနေမျိုးစည်သူလည်း ပိသလောက်မြို့ကတပ်ကိုသိမ်း၍ ဇင်းမယ်သို့ ဆုတ်ခဲ့ပြီးလျှင် ဝန်ကြီး သတိုးသီရိမဟာဥဇနာနှင့်တကွ ကျိုင်းသေဉ်မြို့သို့ ဆုတ်နေရ၏။

ဒဝယ်ကြောင်းချီလေသောအနောက်ဘက်တိုက်ဝန် နေမျိုးကျော်ထင် နော်ရထာတို့လည်း ဒဝယ်မြို့က မြင့်မိုရ်နက္ခတ်လမ်းကို ချီသည်၊ တဆွဲငါးစခန်းကွာ ရပ်ဘီးမြို့ကိုတိုက်သည် ရ၏၊ ထိုက သုံးစခန်းကွာ ပြတ်ဘီးမြို့ကို တိုက်သည် ရ၏၊ထိုက ယိုးဒယားမြို့ရင်းတိုင်အောင် ချိုက်တက်မည့်ရှိသည့်အတွင်း ယိုးဒယား အလုံးအရင်း အများ အပြင်းတိုက်လာလျှင် တပ်ဆုတ်ခဲ့ရမည် ဆင့်စာရောက်လာသောကြောင့် တပ်ကိုသိမ်း၍ ဒဝယ်မြို့သို့ ဆုတ်ခဲ့ကြရ၏။

ပြတ်ကြောင်းချီလေသော ဝန်ကြီး သတိုးမဟာသီဟသူရလည်း သင်းဘောမုဏ္ဍတူးအများနှင့် ပင်လယ်နားကို လှည့်၍ ရေကြောင်း ချီသည်၊ နတ်မလင်း, ထွက်တိုင်းအောင်, ပဲတောင်စား, နတ်ရှင့်ရန်ခွဲ, အဗိုင်ရှင်ကြီး, ရဲခေါင်တမွတ်ကျော်ထင်, စကြမင်းရဲ, ကိတ္တိရဲ, မနုရဲ, ဇော်တရတ်

ကျော်, ပုဂံဗိုလ်, လက်ယာသာဂသူ, စက်ရာဦးခြည်, နတ်စက်ကြီးတို့ တဆွဲလေးတပ်ကို စစ်ကဲကြီး နေမျိုးဂုဏ္ဍရတ်ချုပ်ပြီးလျှင် ပင်လယ်နားကို လှည့်၍ ကြည်းကြောင်းချီသည်၊ ကြည်းရေနှစ်ကြောင်း ဗြိတ်မြို့က ဆယ် စခန်းကွာ စံဝသို့ရောက်လျှင် တပ်ကြီးတည်၍ ဝန်ကြီး မဟာသီရိသီဟသူ ရပ်နေသည်၊ ထိုတွင် အစည်မာလကာ စော်ဘွားတို့က အမြောက်စိန် ပြောင်း လက်နက် အုပ်မျိုးထည်မျိုး အများဆက်၍ ကျွန်တော်ခံလာသည်၊ စစ်ကဲကြီး နေမျိုးဂုဏ္ဍရတ်နှင့် တဆွဲလေးတပ် ဗိုလ်မှူးတပ်မှူးတို့လည်း စံဝနှင့်နှစ်စခန်းကွာ ဝတ်ကြီးတွင် ယိုးဒယားတပ်ကို တိုက်သည်၊ ရှေ့၊ ထိုက တစခန်းကွာ ဆွန်းဖြန်းမြို့ကိုတိုက်သည် ရှေ့၊ ထိုက နှစ်စခန်းကွာ ဆရားမြို့ကို တိုက်သည် ရှေ့၊ ထိုက လေးစခန်းကွာ လုပ်ခွန်မြို့ကို တိုက်သည် ရှေ့၊ ဗိုလ်မှူးတပ်မှူး သူရဲတော်တို့ မြို့ပြ ကျေးရွာများတွင် သုံ့ပန်းဖမ်းယူသည်၊ သူရဲတော်တို့ ကိုယ်စီရွှေငွေထည်မျိုးအုပ်မျိုး သုံ့ပန်းလူသူအများ ရကြ၏၊ ထိုက ယိုးဒယား မြို့ရင်းတိုင်အောင် ချီတက်မည် ရှိသည့်အတွင်း ယိုးဒယားတို့ လုံးကြီးရင်းကြီး ဘိစီးဝန်းရံ တိုက်လံ့လေ လျှင် ဗိုလ်မှူးတပ်မှူး သူရဲတော်တို့ ဝန်းသည့်တပ်စုကို နှင်းဖောက်၍ထွက် ခွာခဲ့ရသည်၊ ဆရားမြို့သို့ ရောက်မှ တပ်သိမ်းခဲ့ရမည် ဆင့်စာ ရောက် လာသည်နှင့် ဝန်ကြီး မဟာသီရိသီဟသူလည်း တပ်ကိုသိမ်း၍ ဗြိတ်မြို့ တိုင်အောင် ဆုတ်ခဲ့ရ၏။

ဘဝရှင် မင်းတရားကြီးဘုရားလည်း ထားရိုက်ကြောင်းက ဆုတ်တော် မူခဲ့၍ မုတ္တမမြို့သို့ရောက်တော်မူလျှင် နေပြည်တော်က ရှင်မိဖုရားခေါင် ကြီးနှင့် မိဖုရား သားတော် သမီးတော်တို့ ဒဂုန်ဆံတော်ရှင်ကို အဖူး အမြော် ရေကြောင်း စုန်လာခဲ့ရမည်ဟု စေလွှတ်တော်မူ၍ မုတ္တမမြို့မှာ မင်းလှစည်သူကို လူနှစ်သောင်းကျော်နှင့် ထားတော်မူခဲ့ပြီးလျှင် ဟံသာဝ တီသို့ ပြန်တော်မူသည်။ ။ဟံသာဝတီမြို့သို့ ရောက်တော်မူလျှင် မော်ဝေ ဘုရားရှင် သပိတ်မှောက်အောက်တိုင်အောင် ဖြိုဖျက်လေသည်ကို သာ သနာတော် ငါးထောင်ပတ်လုံး ခိုင်ကြီအောင် တည်လုပ်တော်မူမည်ဟု အဓိန္ဌာတော်ရှိ၍ ဒုတိယပစ္စယာရောက် ဖျက်သိမ်း ရှင်းလင်းတော်မူခဲ့ပြီး လျှင် ဟံသာဝတီမြို့က ရေကြောင်းစုန်တော်မူသည်၊ ရန်ကုန်မြို့သို့ ဆိုက် ရောက်တော်မူ၏။

အရှင် မိဖုရားခေါင်ကြီး, မိဖုရား, သားတော် သမီးတော်တို့လည်း နေပြည်တော်ကစုန်တော်မူခဲ့၍ရန်ကုန်မြို့သို့ရောက်လျှင်ဘဝရှင်မင်းတရား

ကြီးဘုရားလည်း အရှင်မိဖုရားခေါင်ကြီး, မိဖုရား, သားတော်သမီးတော်တို့နှင့် ဒဂုန်ဆံတော်ရှင်ကို ဖူးမြော်ပူဇော်တော်မူပြီးလျှင် မျှားစွာသောရွှေဖောင်ရွှေလှေ အပေါင်းတို့နှင့် ရန်ကုန်မြို့က ရေကြောင်း ပြန်တော်မူခဲ့၍ နေပြည်တော်သို့ ရောက်တော်မူလျှင် ဆင်ဖြူမျှားသခင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ဟံသာဝတီ မော်ဓောဘုရားရှင်ကို တည်လုပ်ရမည်ဟု ကံကျွေးလက်ခွေတော် ပေးအပ်တော်မူ၍ ဝန်ကြီး မဟာသီဟသူရကို ဘုရားအတည်အလုပ် ဟံသာဝတီမြို့သို့ လွှတ်တော်မူသည်။

တပ်ပေါင်းရှစ်ဆဲ့ငါးတပ် စစ်သည်သူရဲ ငါးသောင်း ငါးထောင်တွင် ဝန်ထောက် နေမျိုးကျော်စွာ မဏိစက်တို့ကို စစ်ကဲ, မင်းကြီးနန္ဒကျော်ထင်ကို အချုပ်ခန့်တော်မူ၍လည်း သက္ကရာဇ် (၁၁၄၈)တထောင့် တရှဉ့်လေးဆဲ့ရှစ်ခု တော်သလင်းလဆန်း တဆဲ့ငါးရက် ကြာသပတေးနေ့ ယိုးဒယားသို့ မုတ္တမကြောင်းချီရ၏။ ။ရခိုင်လေးမြို့စသော မြစ်စဉ်မြို့ကျေးရွာကလည်း မုတ္တမမြို့ရောက် မျိုးရိုးဌာပေးပို့ကြရမည် ခန့်ထားဆင့်ဆို၍ မြစ်ကြောင်း ပင်လယ်ကြောင်း သည်ပို့ကြရသည်။

ဗိုလ်ချုပ်မင်းကြီးနန္ဒကျော်ထင်လည်း မုတ္တမမြို့သို့ရောက်လျှင် သမန္တရတတပ်၊ လက်ဝဲသမန်ပျံထင်ကျော်တတပ်၊ သီရိကျော်ခေါင်တတပ်၊ ဗလကျော်ထင် တတပ်၊ ဒေဝစက္ကာ တတပ်၊ တုရင်သိပ္ပသူတတပ်၊ နေမျိုးဂါမဏိသင်္ကြိတတပ်၊ သူရိန်ရဲထင်တတပ်၊ ရွှေတောင်စက္ကာ တတပ်၊ တုရင်ဇေယသူတတပ်၊ ကျော်စွာစည်သူ တတပ်၊ လက်ဝဲကျော်စွာ တတပ်၊ သူရရဲတတပ်၊ ဇုန္နကျော်စွာ တတပ်၊ ကျော်ခေါင်စည်သူ တတပ်၊ ရဲခေါင်သူရန် တတပ်၊ ရဲခေါင်ကျော်ထင် တတပ်၊ ဇေယပျံချီသူ တတပ်၊ လက်ယာရဲခေါင်တတပ်၊ မင်းလှစည်သူတပ်မနှင့်သော် တပ်ပေါင်း နှစ်ဆယ်တွင် စစ်သည်သူရဲ တသောင်းကို မင်းလှစည်သူ ချုပ်စေ၍ မော်လမြိုင်ဘက်သို့ ကူးပြီးလျှင် ဘိလောက်ကြောင်းချီစေသည်။

ရဲခေါင်စက္ကာ တတပ်၊ ရဲခေါင်ဇုန္နသူ တတပ်၊ ဇီဝရဲတတပ်၊ ဥဒိန်ရဲတတပ်၊ နော်ရထာရဲခေါင်တတပ်၊ သီရိဥတ္တမကျော်စွာ တတပ်၊ နန္ဒဗလကျော်ထင် တတပ်၊ ဗလသီရိနေ့ရထာ တတပ်၊ သီဟသန်ယာ တတပ်၊ သီရိရဲခေါင် တတပ်၊ သီဟသင်္ကြိတတပ်၊ ရန်ခွင်းသူရ တတပ်၊ အာကာသူရကျော်ခေါင်တတပ်၊ နန္ဒသိန်ကျော်တတပ်၊ဥဒိန်ဘီလူးတတပ်၊ ကျော်ခေါင်ပျံထင် တတပ်၊ သီရိသာရကျော်စွာ တတပ်၊ သီဟနန္ဒကျော်ခေါင် တတပ်၊ ပျံချီရဲခေါင်ကျော်စွာ တတပ်၊ သီရိဗလကျော်ခေါင် တတပ်၊

သီရိနန္ဒမိတ်ကျော်ထင် တတပ်၊ သီဟကျော်ခေါင် တတပ်၊ တေဇကျော်ထင်တတပ်၊သိဒ္ဓိသူရ တတပ်၊ ရဲခေါင်ကျော်ထင် တတပ်၊ ရဲလှကျော်ထင်တတပ်၊သိဒ္ဓိဗလကျော်တတပ်၊ဗန္ဓုသူရတတပ်၊ အမတ်ဒိန်တတပ်၊ ဗညား ကျန်းတောတတပ်၊ ဗညားသံလိုက် တတပ်၊ ဗညားအဲမွန်တရာ တတပ်၊ ဗညားလက္ခန်းအိမ် တတပ်၊ ဗညားရာဇကျော်ထင်တတပ်၊ ဗညားကျော်ထင်ကျော် တတပ်၊ ပြည်လုံးငြိမ်းတတပ်၊ နေမျိုးဥတ္တမသက်ကြီတတပ်၊ တိုင်တားမြို့စား နေမျိုးလက်ဝဲသီဟ တတပ်၊ မြင်စိုင်းမြို့စား နေမျိုးကျော်ထင် တတပ်၊မန်းကျည်းတုံဗိုလ် နေမျိုးသူရသက်ကြီတတပ်၊နေမျိုးရဲကျော် တတပ်၊ နေမျိုးသီဟကျော်ထင် တတပ်၊ သီဟပတေ့ တတပ်၊ ကျော်စဉ်တိုက်ဝန် နေမျိုးဂါမဏီ တတပ်၊ ကျော်စွာနော်ရထာ တတပ်၊ နေမျိုးကျော်ထင်သူရ တတပ်၊ နေမျိုးသီရိကျော်ခေါင် တတပ်၊ နေမျိုးရာဇသက်ကြီတတပ်၊ ရွှေတောင်သီရိစည်သူ တတပ်၊ နေမျိုးသီရိကျော်စွာ တတပ်၊ သီရိနန္ဒကျော်သူ တတပ်၊ နေမျိုးဂါမဏီကျော်ခေါင် တတပ်၊ ရဲခေါင်အာကာ တတပ်၊ မဖဲမြို့စား နေမျိုးလက်ယာသူရ တတပ်၊ ကျားရွာဗိုလ် ဥဒိန် နော်ရထာတတပ်၊ ရဲခေါင် သီဟကျော်ထင် တတပ်၊ သီဟဇေယကျော်စွာ တတပ်၊ စက္ကရဲခေါင်ကျော်တတပ်၊ လက်ယာ ဇေယသက်ကြီ တတပ်၊ ကျော်သူဇေတရာဇ် တတပ်၊ ရဲစက်ကျော်ခေါင် တတပ်၊ သီဟကျော်ထင်ကျော် တတပ်၊ ရဲလှရွှေကောင် တတပ်၊ သီရိဥတ္တမကျော်သူတတပ်၊ လက်ယာရဲခေါင်တတပ်၊မင်းကြီးနန္ဒကျော်ထင်တပ်မနှင့်သော်တပ်ပေါင်းခြောက်ဆဲ့ငါးတပ်, စစ်သည်သူရဲလေးသောင်းငါးထောင် မုတ္တမမြို့အရှေ့ဘက် ဘုရားဖြူသို့ကူး၍ ကျွန်းပင်ကြောင်း ချီတက်ပြီးလျှင် မျိုးရိကွာကို အခြေအမြစ်ပြု၍ ယိုးဒယားမြို့ရင်းသို့ချဉ်းမည်ဟု ရခိုင်ဝေးမြို့ မြစ်စဉ်မြို့ကျေးရွာများက ဝို့ရောက်သည့် မျိုးရိကွာ, မုတ္တမမြို့ရှိ မျိုးရိကွာများကို ကျွန်းပင်တပ်ကြီးသို့ သည်ယူစုပုံစေသည်။ ။ကျွန်းပင်တပ်ကလည်း ရွှေအလံတယ်တပ်သို့ သည်ပို့စုပုံစေ၏။

ယင်းသောအခါ မြန်မာတပ် အလုံးအရင်းအများ မျိုးရိကွာနှင့်တကွ အခြေအမြစ်ပြု၍ ချီတက်လာကြောင်းကိုကျောက်ခေါင်းကရင်တို့က ဆင့်ပြော၍ ယိုးဒယားမင်း ကြားသိလေလျှင် ယခုမြန်မာတို့ အခြေအမြစ်ပြု၍ ချီတက် စွဲရပ်ပြန်သည် ဆိုသည့် တပ်စုကို မတက်နိုင်အောင် ဆီးကြိုတိုက်ရမည်ဟု အိမ်ရှေဘယားဝိသထုပ်ကို ဆင်ကောင်း မြင်းကောင်း လူကောင်းလုံးကြီးရင်းကြီး ရွေးချယ်ပေးအပ် ခန့်ထားလေလျှင် အိမ်ရှေ

ဘယားဝိသလုပ်လည်း စစ်နှစ်ကြောင်း အသက်အသံမရှိစေရ၊ တောက ပုန်းကွယ်ချီလာ၍ အလံတယ်တပ်တွင် ရပ်နေသည့်မင်းကြီးနန္ဒကျော်ထင် တပ်ကို အပြင်းဝင်၍ တိုက်သည်၊ ယင်းသောအခါ တပ်တော်များမှာ လည်း ကျွန်းပင်တပ်က မျိုးရိကွာကို အလံတယ်တပ်သို့ သည်ယူစုပုံရ သည်၊ သူရဲတော်တို့အကွဲကွဲရှိသည်နှင့် မင်းကြီးနန္ဒကျော်ထင် ကိုယ်ကွပ် ၍ ခံရပ်သော်လည်း ယိုးဒယားစစ်နှစ်ကြောင်း ထပ်ကာထပ်ကာ ဘိစီး တိုက်လံ့လေလျှင် မရပ်မခံနိုင်၊ အလံတယ်တွင် ရပ်နေသည့်တပ်ကို နုတ် သိမ်း၍ မုတ္တမမြို့သို့ ဆုတ်ခွာခဲ့ရချေ၏။

ဆင်ဖြူရှင်သားတော် မောင်နဂါးကို မြင်းမူးမင်း ခန့်ခြင်း စသည်နှင့် မြေဒူးမင်းသမီးနှင့် စကုမင်းသားကို လက်ထပ်ပေးခြင်း

ထိုနှစ် နတ်တော်လပြည့်ကျော် ငါးရက် တနင်္ဂနွေနေ့ နောင်တော် ဆင်ဖြူရှင့်သား မောင်နဂါးကို လက်ရွေးငယ်မြင်းမူး ခန့်တော်မူသည်။ ။ ခြောက်ရက် တနလ်ာနေ့ ဗလရာဇာတို့အရည်တူလူပေါင်း နှစ်ဆဲ့ခြောက် တို့ကို လေးဆယ်တော် ဗလရာဇာ သွေးသောက် ဖွဲ့တော်မူသည်။

ဘယသင်္ကြိတို့ အရည်တူလူပေါင်း နှစ်ဆဲ့နှစ်ကို ငါးဆယ်တော် ဘယ သင်္ကြီ သွေးသောက် ဖွဲ့တော်မူသည်။

လက်ဝဲဘိနန်သူတို့ အရည်တူလူပေါင်း ငါးဆယ်ကို ငါးဆယ်တော် လက်ဝဲဘိနန်သူ သွေးသောက် ဖွဲ့တော်မူသည်။

ပြာသိုလဆန်းတဆဲ့တရက် စနေနေ့ သားတော် အိမ်ရှေမင်းကို ရှေ့ သားမှောက်တို့ ရွှေကုံးစိန်ထောင် တဆဲ့တစ်၊ ရွှေထီပ်ရွှေထွတ်ကျောက် သုံးရစ်စီ, ငှက်မြက်နားမှန်ကင်းဟပ် စိန်ပွင့်တဆဲ့ငါး, နေရောင်ကာ ပါး ကာ နားကာ မောက်ရှဗာလည်ကွေး ရွှေကာနောက်ကာ ရွှေဗုဇ္ဈန်ဆီ အစိမ်းအနီ အပြာခြယ်ရွှေသားပန်းပွင့်ကြဲ, မျဉ်းတိုရွှေဗုဇ္ဈန်ဆီ ရွှေသား ရောင်ပြား အစိမ်းအနီ အတွန့်သတ်, မျဉ်းရှည်ကတ္တိပါနီ ရွှေသားရောင် ပြား အစိမ်းအနီ အတွန့်သတ် ပေးတော်မူသည်။

သားတော် စကုမင်းသားကို ရွှေသားမှောက်တို့ ရွှေကုံးစိန်ထောင် ကိုး, ရွှေထီပ်ရွှေထွတ် ကျောက်နှစ်ရစ်စီ, ငှက်မြက်နား မှန်ကင်းတပ်စိန် ပွင့်တဆဲ့နှစ်, နေရောင်ကာပါးကာနားကာ မောက်ရှဗာလည်ကွေး ရွှေ ကာနောက်ကာ ရွှေဗုဇ္ဈန်ဆီရွှေသားရောင်ပြား အစိမ်းအနီအတွန့်သတ်,

မျဉ်းတိုကတ္တိပါနိ ရှေသားရောင်ပြား အစိမ်းအနီ အတွန့်သတ်, မျဉ်းရှည် ကတ္တိပါစိမ်း ရှေသားရောင်ပြား အစိမ်းအနီအတွန့်သတ် ပေးတော်မူသည်။

သားတော် ကာမမင်းသားကို ရှေသားမှောက်တို ရှေကုံးစိန်ထောင်ကိုး, ရှေထိပ်ရှေထွတ် ကျောက်တရစ်စီ, ငှက်မြက်နားမှန်ကင်းတပ် စိန်ပွင့်တဆွဲနှစ်, နေရောင်ကာ ပါးကာနားကာမောက်ရှဗာလည်ကွေး ရှေကာနောက်ကာ ရှေဗုဇ္ဈန်ဆီ ရှေသားရောင်ပြား အစိမ်းအနီ အတွန့်သတ်, မျဉ်းတိုကတ္တိပါနိ ဇာသတ်, မျဉ်းရှည်ကတ္တိပါစိမ်း ဇာသတ် ပေးတော်မူသည်။

လက်ရွေးငယ်မြင်းမူးကို မှောက်တိုရှေပိန်း ရှေကုံးစိန်ထောင် ခုနစ်, ရှေထိပ်ရှေထွတ် ငှက်မြတ်နား စိန်ပွင့်ကိုး, ပါးကာနားကာ မောက်ရှဗာလည်ကွေး ရှေကာနောက်ကာ ကတ္တိပါနိ ဖဲကွင်ပိုးစုံသတ်, မျဉ်းတို ကတ္တိပါနက်ပိုးစုံသတ်, မျဉ်းရှည်ကတ္တိပါပြာ ဖဲကွင်ပိုးစုံသတ်,စလွယ်ကိုး သွယ် ပေးတော်မူသည်။

တဖို့တွဲလပြည့်ကျော် ငါးရက် ဗုဒ္ဓဟူးနေ့ မြေးတော် စစ်ကိုင်းမင်း သည် ငါ့အတူ တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့၏ အရှင် သခင်ဖြစ်မည်မမျှတ် ဖြစ်သည်၊ ခမည်းတော် အလောင်းမင်းတရားကြီး ဘုရား ငါ့ကိုပေးတော်မူသည့် ဘွဲ့အစဉ်အတိုင်း ခံစေရမည်-အမိန့်တော် ရှိပြီးလျှင် ဘဝရှင် မင်းတရားကြီးဘုရား ဘွဲ့တော်ဦး "သတိုး မင်းလှရှေ တောင်" ဟူသော ဘွဲ့တော်ကို ရှေးဦးစွာ ပေးတော်မူသည်။

တပေါင်းလဆန်း တဆဲသုံးရက် ကြာသပတေးနေ့ နံနက်တချက်တီး ကျော် ငါးနာရီသုံးပါဒ်၊ တဆဲလေးဗီဇနာ၊ လေးပြန်၊ ခရာပြည့်၊ကောင်း မြတ်သော မင်္ဂလာအခါတော်တွင် နန်းမတော် အရှင်မဖုရားခေါင်ကြီး သမီးတော်အငယ် မြေဒူးမင်းသမီးနှင့် မြောက်နန်းတော် အရှင်မဖုရား သားတော် အလတ် စကုမင်းသားတို့ကို စုံဘက်တော်မူသည်။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းမျှားသခင်၊ ရှေထွင်း, ငွေတွင်း, ပတ္တမြားတွင်း, ပယင်းတွင်းစသော ရထနာအပေါင်းတို့၏အရှင်၊ စတုတ္ထ ရထနာပူရ မြို့ထည် နန်းတည်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူမျှားသခင် အသျှင် ဆဝရှင် မင်းထရားကြီး ဘုရား လက်ထက်တော် (၁၁၉၁) ထထောင် ထရှ ကိုးဆဲ့ ထခု၊ နယုန်လဆန်း ထရက်နေ့က စ၍ ရဟန်းပညာရှိ, ပုဏ္ဏား ပညာရှိ,

မှူးမတ်ပညာရှိတို့နှင့်၊အထူးထူးသော ရတနာတို့ဖြင့်ဆန်းကြယ်သော မှန်နန်းတော်ဆောင်တော်ဦး နန်းမစနှင့် နှိုင်းညှိ၍ အသင့် ယုတ္တိကျမ်းဂန် အာဂုံမျှားနှင့်အညီ သုတ်သင် စိရင်တော်မူသော ဒုတိယမဟာရာဇဝင်တော်ကြီး၊ ပဉ္စမထုပ်၊ ဒုတိယတွဲ ဤတွင် ရွေ့.ပြီး၏။

တရုပ်ပြည်သို့ သံ စေလွှတ်ခြင်း စသည်နှင့် လယ်ထွန်မင်္ဂလာ ထွက်ခြင်း

သက္ကရာဇ် (၁၁၄၉) တထောင့်တရာ့ လေးဆဲ့ကိုးခု တန်းခူးလပြည့် ကျော်တရက် အင်္ဂါနေ့ တရုပ်ဥဒည်မင်းက ပြည်ကြီးနှစ်ပြည့် ရာဇမဟာမိတ်ဖြစ်ရပါမည့်အကြောင်းကို ရွှေပေရာဇသံ, အထူးထူးသော လက်ဆောင်တော် များနှင့် အေဆော်ရဲကို သံအကြီးခန့်၍ လူ သုံးရာကျော် သိန်းနှိမ့်သို့ရောက်ကြောင်းကို သိန်းနီစော်ဘွား စစ်ကဲ အမတ်တို့က ခြေရင်းတော်သို့ အလျောက်အထား ရောက်သောကြောင့် လာသည့်သံတို့နှင့် ရွှေပေရာဇသံစာ လက်ဆောင်တော်များကို သိန်းနီစော်ဘွား, စစ်ကဲ အမတ်ကြီးတို့ ကြပ်မ၍ သိန်းနှိမ့်ကသည် သီပေါ, မိုင်းတုံ, မိုင်းကိုင်, ယောက်စောက်, ပွေးလွ, ရွာဝံကြောင်း, နတ်ထိပ်ကို ဆင်း၍ တောင်ဘက် လယ်တွင်းလမ်းက ရွှေဘဝါးတော်အောက်လာစေ-အမိန့်တော်ရှိသောကြောင့် အလျောက်အထား လာသူတို့ကို မှာထား၍ ပြန်စေ၏၊ သိန်းနှိမ့်ကသည် ရွှေမြို့တော်ရောက် ခရီးလမ်းစဉ်းထောက်သင့်သည့် အရပ်များမှာလည်း ရာဇသံစာ ထားရန် တန်ဆောင်း,သံတို့နေရန် တဲကန္ဒား ဆောက်လုပ်စေသည်၊ ရွှေမြို့တော် အနောက် ရန်အောင်ဆိပ်မှာလည်း ရာဇသံထားရန် တန်ဆောင်းသုံးထပ်နှင့် သံတို့နေရန်တဲ, စကားပြောတဲဆောက်လုပ်စေ၏၊ သံတို့ကိုလည်း သိန်းနီစော်ဘွား, စစ်ကဲ အမတ်တို့ကြီးကြပ်၍ ကဆုန်လပြည့်ကျော် ငါးရက် တနင်္ဂနွေနေ့ သိန်းနှိမ့်ကထွက်ခဲ့၍ လမ်းစဉ်အတိုင်းလာသည်၊ ညောင်နီပင် သံတဲသို့ရောက်လျှင် ရာဇသံတင်ရန် အမိုးခင်တုရင်နှင့် အမတ်စီးလှော်ကား, လက်ဆောင်တော်တင်, သံတို့စီးရန် ဖောင်ပန်းလှေတက်များနှင့် ကြိုယူသည်။

ရန်အောင်ဆိပ် သံတဲသို့ ရောက်လျှင် ရာဇသံ ရွှေပေကို ရာဇသံထားတန်ဆောင်းမှာတင်ထား၊စေသည်၊သံတို့မှာလည်းသံတဲမှာချထား၊နေထိုင်စေ၍ အကျွေးအမွေး အကြိုးအကြပ်နှင့်နေစေသည်၊ သက္ကရာဇ်(၁၁၄၉)

တထောင့် တရာ့ လေဆဲ့ ကိုးခု နယုန်လဆန်း တဆဲ့သုံးရက် အင်္ဂါနေ့ ရာဇသံကူး တရုပ်စာတတ်, ယွန်းစာတတ် စကားပြန်တို့နှင့် စကားပြော အကြပ်အမ မှူးကြီးမတ်ကြီးတို့ သံတဲသို့ သွားကြရသည်၊ ရောက်လျှင် စကားပြောကဲအလယ် ကွန်းစဉ်ခန်း သင်ဖြူးအနားမှမ်းတွင် ရာဇသံ ရွှေပေကို ရွှေသားကလပ်နှင့်တင်ထားသည်၊ အလယ်ကွန်းဉီစခန်းအနောက်က သံတို့တောင်မြောက်စဉ်၍ နေရသည်၊ ရာဇသံကို တရုပ်စကားပြန်တို့ကို ကူးစေ၍ ထားမြဲတန်ဆောင်းမှာ တင်ထားပြီးလျှင် ကူးယူသည့် ရာဇသံစာကို ရွှေသားကလပ်မှာတင်၍ ဆောင်ယူခဲ့သည်၊ ရာဇသံစာကို လွှတ်တော်သို့ရောက်မှ ပြန်၍ ဆက်သွင်းရသည်၊ သံတက်လမ်း တလျောက်မှစ၍ ရွှေမြို့တော် လမ်းသေး လမ်းမများကို တန်ဆာဆင်ပြီးလျှင် နယုန်လပြည့်ကျော်သုံးရက်တနင်္ဂနွေနေ့ သံတို့မဝင်မီ လွှတ်တော်ရုံးတော်များမှာ ဝတ်ကောင်း နားခြောင်း အပေါင်းအထုပ်နှင့် ဆိုင်ရာတက်နေကြရသည်၊ ရတနာဆင်ဖြူ, စီးတော်ရွှေးဝင်း ဆင်တော်များကိုလည်း တန်းဆာဆင်ယင်၍ ခင်းကျင်းရသည်၊ လွှတ်တော်ရှေ့, မြေနန်းတော်ရှေ့ နန်းရင်ပြင်မှာလည်း ဝင်းတပ်မှစ၍ တပ်အပြည့် ခင်းစေပြီးလျှင် ရန်အောင်ဆိပ် သံတဲက ရွှေဖျားစမြောင်သိုင်းနှင့်နှစ်, သည့်နောက် ဝဲယာသေနတ်, သည့်နောက် ရာဇသံရွှေပေကို ကွမ်းခွက်ရွှစ်ထောင့်မှာ တင်ပြီးလျှင် အမိန့်တော်ရေးရန်နှမိတ်ကျော်ထင်ဝတ်ကောင်းနားခြောင်း အပေါင်းအထုပ်နှင့် ဝိုက်၍ ရဲကတင်ဆင်တော်ထက်တွင် လိုက်ရသည်။

သည့်နောက် ထမ်းစင်နှင့် ငြဟွာရုပ်ထည့် သေတ္တာ၊ သည့်နောက် ထမ်းစင်နှင့် လက်ဆောင်တော် သေတ္တာ၊ သည့်နောက်ထမ်းစင်နှင့် ဖျင်လက်ဆောင်သေတ္တာ၊ သည့်နောက် ဆက်ရန်မြင်းတဆယ်၊ သည့်နောက် သံအကြီး အဆော်ရဲမှာ သက္ကလတ်နီ ဖဲကွပ်ကြိုးတပ်ဆင်ကိုစီး၍ လိုက်စေသည်၊ သည့်နောက် သံငယ်လေး မြင်းနှင့်လိုက်ရသည်၊ သည့်နောက် သံကြပ်ခန့်သည့် မှူးတော် မတ်တော်တို့ လိုက်ကြရသည်၊ မြို့အနောက်စည်ရှင် တံခါးတော်က ဝင်၍ ရွှေရုံးတော်သို့ ရောက်လျှင် အလယ်နယောင်ခန်းတွင် ခင်းထားသည့် သင်ဖြူးအနားမှမ်းထက် ရာဇသံတင်ကွမ်းခွက်ကို တင်ထားစေသည့်၊ သံတို့ကိုလည်း ရုံးတော် နယောင်ခန်းတွင်နေစေသည်၊ လက်ဆောင်တော်များမှာ ရုံးတော်နှစ်ဘက်ကြားတွင် ခင်ကျင်းထားရသည်။

သံတို့ရွှေရုံးတော်သို့ရောက်လျှင် မင်းညီမင်းသား မှူးတော် မတ်တော်တို့ အစီးအနင်း အဆောင်အရွက် အခြံအရံကျင်းပ၍ အတွင်းတော်နေရာတော်သို့ ဝင်ကြရသည်၊ နေရာနေ မင်းညီ မင်းသား မှူးတော် မတ်တော်တို့စဲလျှင် ဘုန်းတော်ကြီးလွှသော အိမ်ရှေဘုရား ဝင်တော်မူသည်၊ ငြိမ်သက်လျှင် ရာဇသံတင် ကွမ်းခွက်နှင့် လက်ဆောင်တော်များကို ရှေထား၍ သံတို့ကို ဝင်စေသည်။

လမ်းတလျှောက်တွင် အထောက်ထောက်ဦးချမြဲချစေ၍ မြေနန်းရှေလွှကားနှင့် မနီးမဝေးတွင် ရာဇသံတင်ကွမ်းခွက်ပိုက်လျက် အမိန့်တော်ရေး မတ်ရပ်နေစေရသည်၊ သံတော်ဆင့် မင်းတက်လွှကားက ဆင်း၍ ရာဇသံကွမ်းခွက်ကို ပိုက်ယူပြီးလျှင်ခင်းထားသည့် သင်းဖြူပေါ်တွင်တည်ထားရသည်၊ သံတို့မှာ လက်ဝဲလွှကားကတက်၍ ခင်းထားသည့်နေရာမှာနေရသည်၊ လက်ဆောင်တော်များမှာ မြေနန်းတော်ရှေ မြေပြင်ကနေရသည်၊ နေရာတော်များသို့ အတက်အရောက် စုံညီလျှင် ဆင်ဖြူများသခင် အရှင်မင်းတရားကြီးဘုရားမှာ အဘိုးအတိုင်းမသိထိုက်သောမဟာမဏိမကိုင်္ဂတန်ဆာတော်ကို ဆင်ကော်မူသည်၊ အရှင်မိဖုရားခေါင်ကြီးဘုရားမှာလည်း ဃနမတ္ထကရတနာတန်ဆာတော်ကို ဆင်တော်မူပြီးလျှင် မင်းမိဖုရား မင်းကိုယ်လုပ်တော် အပေါင်း ခြံရံလျက် ထွက်တော်မူသည်၊ ဥကင်တံခါးတော်တွင် မင်းသမီးတို့ ဥကင်တော်ရွက်ရှင်ကိုဖွင့်၍ သီဟာသနရာဇပလ္လင်တော်ထက် အရှင်မိဖုရားခေါင်ကြီးနှင့်တကွ စံနေတော်မူသည်။ ရာဇပလ္လင်တော်သို့ တက်တော်မူမိလျှင် ထွက်စည်တော်ကို သုံး၊ ဘန်ချီ-သုံးဘန်ချ ရွှမ်းရသည်၊ ပွဲသဘင်စုံလည်း တီးမှုတ် ကြရသည်၊ ငြိမ်သက်လျှင် ဘိသိက်တော်ဆက်ရှစ်ပါး ပုဏ္ဏားတို့ ဘိသိက်တော်ကို ဆက်မြဲဆက်ရသည်၊ ဘိသိက်တော်ပန်းရေများကို နဝရတ်စီ ရွှေဖလားနှင့် ဗောင်းတော်ပြင် နန္ဒသခ်ယာခံရသည်၊ ပြီးလျှင် ဘုရားခုနစ်ဆူအလှူတော်ကို နာခံတော် ဇေယနော်ရထာ လျှောက်ရသည်၊ အလှူတော်ကို ကောင်းမွန်အောင် ကြီးကြပ်တင်လှူစေ-အမိန့်တော်ရှိ၍ နာခံတော်ပြေ့ကြီးမှူးက ရွှေတိုက်ဝန်သို့ အမိန့်တော်ပြန်ရသည်၊ ရွှေတိုက်ဝန်က ရှေတော်ပြေးမှူးကိုဆင့်၍ စည်တော်ကိုရွှမ်းလျက် အလှူတော်ကို ဆောင်ယူထွက်သွားရသည်။ ။ပြီးလျှင် လက်ဆောင်တော်စာကို သံတော်ခံ မင်းငယ်သီရိ မင်းတက်လွှကားကတက်၍ လျှောက်မြဲနေရာတွင် တုပ်ပျပ်လျက် လျှောက်ရသည်၊ ပြီးလျှင် ရာဇသံပြန်ချက်ကို ယွန်းပေါင်ပုရပိုက်

နှင့် နာခံတော်ကျော်စွာနော်ရထာ ရွှေတော်ဆီတည့်တွင် တုပ်ပျပ်၍ ဖတ်လျှောက်ရသည်။

ရာဇသံစာကား....အရှေ့မျက်နှာ တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်း အပေါင်းတို့ကို အစိုးရတော်မူသော နောင်တော်ဥဒည်ဘွား ချစ်ကြည် စွာကြားရောက်ပါသည်-အနောက်မျက်နှာ တိုင်းကြီးပြည်ကြီးထီးဆောင်း မင်းအပေါင်း တို့ကို အစိုးရတော်မူသော ဆင်ဖြူ-ဆင်နီ-ဆင်ကျားများ သခင်, ပဏ္ဍုမြားတွင်းသခင်, ညီတော် နေထွက်ဘုရင် ရွှေနန်းရှင်.... မြင်းမိုရ်တောင်မျက်နှာ ဇမ္မူဒီပါကမ္ဘာတည်ဦးစကညီတော်နောင်တော် နှစ်ပါး ဘေးလောင်းတော် ဘိုးလောင်းတော်တို့ အရိုက်အရာကို ဆင်း သက်စိုးအုပ်ကြရသည်၊ အရှေ့အနောက်တိုင်းကြီးနိုင်ငံကြီးတွင် ညီတော် နောင်တော်နှစ်ပါး ကြီးလွှစ်သော ဘုန်းတန်းခိုးအာဏာနှင့် သိကြား နတ်မင်းစည်းစိမ်ကဲ့သို့ စံပယ်ကြရသည်၊ နောင်တော်ညီတော်တို့ ဘေး လောင်းတော် ဘိုးလောင်းတော် လက်ထက်တော်ကပင် ရန်မာန်မရှိ၊ ညီတော်နေထွက်ဘုရင်လည်း တိုင်းကြီးနိုင်ငံကြီး ထီးဆောင်းမင်းတကာ တို့ ရှိခိုးခံရသော မင်းကောင်းဖြစ်သည်၊ နောင်တော်လည်း တိုင်းကြီး နိုင်ငံကြီး ထီးဆောင်းမင်းတကာတို့ ရှိခိုးကိုးခံရသော မင်းကောင်း ဖြစ် သည်၊နောင်တော်နှင့်ညီတော် ဘဝအဆက်ဆက် ပေါင်းဘက်ခဲ့ဘူးသည် နှင့်အညီ ကတိသစ္စာမြဲမြံစွာ ရာဇမဟာမိတ်ဖွဲ့ကြရလျှင် သံမှိုနှက်သကဲ့သို့ သားတော်အစဉ် မြေးတော်အဆက် ဖြစ်ပါမည်၊အရှေ့မျက်နှာ တိုင်းကြီး ပြည်ကြီး ရွှေထီးရွှေနန်းကို စိုးအုပ်သော နောင်တော်ကိုယ်, မင်းမိဖု ရား, သားတော်သမီးတော်, မှူးကြီးမတ်ကြီး, ပြည်သူ ပြည်သား တို့ ငြိမ်း ချမ်းသာယာသည်၊ အနောက်မျက်နှာ တိုင်းကြီးပြည်ကြီး ရွှေထီးရွှေနန်း ကို စိုးအုပ်သော ညီတော် ရွှေနန်းရှင်ကိုယ်, မင်းမိဖုရား, သားတော် အိမ်ရှေမင်း, သားတော်သမီးတော်, မှူးတော်မတ်တော်, ပြည်သူပြည် သားအပေါင်းတို့ ငြိမ်းချမ်းသာယာကြောင်းကိုလည်း ကြားချင်ပါသည်၊ ရှေးဘဝက မဟာမိတ်ဖြစ်ဘူးသည်တကြောင်း၊ချစ်ကြည်သည်တကြောင်း နောင်တော်က ရွှေပေရာဇသံနှင့် ညီတော်ဆီသို့ ရွှေတပြားဆက်ပါစေ သည်,ရွှေနှစ်ပြားကို ရွှေတပြားကဲ့သို့ဖြစ်လိုပါသည်၊ သက္ကရာဇ်(၁၁၁၁) တထောင့်တရာ့တဆဲ့တခုနှစ် နှစ်နိုင်ငံချစ်ကြည်လေးမြတ်စွာ ရာဇမဟာ မိတ် ဖြစ်ပါရမည့်အကြောင်းကို သံကြိုးစေပါ ရောက်ပေါက်ပြောဆိုကြ သည်နှင့် ယခုတိုင် နောင်တော်ညီတော်ရွှေလမ်း-ငွေလမ်း,ရွှေတန်တား-

ငွေတန်တား မပေါက်မရောက်သုံးဆဲခုနစ်နှစ်ရှိပြီ၊ပြည်ကြီးနှစ်ပြည်ထောင် ရာဇမဟာမိတ်ဖြစ်ကြပါလျှင် တယောက်ကျေးဇူးကို တယောက်ခံကြရပါ မည်၊ ရှေးထုံးစံအတိုင်း ကမ္ဘာဦးက ကိုးကွယ်သည့် ဗြဟ္မာရုပ်ရှစ်ကို နောင်တော်နန်းဦးတွင် ထား၍ ကိုးကွယ်ပါသည်၊ ညီတော် ချစ်ကြည့် သည်နှင့် အညီ နောင်တော်မှာ ကိုးကွယ်သကဲ့သို့ ကိုးကွယ်စေလို၍ ညီ တော်နေထွက်ဘုရင်ကို ဆက်လိုက်ပါသည်၊ ညီတော် ကိုးကွယ်ပါလျှင် ဘုန်းတော် တန်းခိုးတော် နေထွက်သကဲ့သို့ ထွန်းတောက်မည်၊ ညီတော် သို့လက်ဆောင်တော် ရွှေကိုသွန်းလုပ်သော ဗြဟ္မာရုပ်ရှစ်ရုပ်၊ ကမ္ဘလာ ရှစ်၊ ရွှေဖျင်တဆယ်၊ မြင်း တဆယ်၊ ရာဇသံ ရွှေပေနှင့် နောင်တော်တွင် မြဲသည့် ထီးနီဆောင်း ကိုင်းမားစားသားကို စေလိုက်ပါသည်၊ ညီတော် ရွှေနန်းရှင်ဆိုသို့ ရောက်လျှင် မရှည်မကြာ ရာဇသံရွှေပေနှင့် သံကြိုး တမန်ကြီးဘက်ခန့်၍ စေလွှတ်လိုက်ပါ၊ ကိုင်းမားစားသား နောင်တော် ဆိုသို့ပြန်ရောက်လျှင် ညီတော်ရွှေနန်းရှင်မျက်နှာတော်ကို မြင်ရသကဲ့သို့ ရှိပါသည်။

ရာဇသံစာကို နာခံတော် ကျော်စွာနော်ရထာ ဖတ်လျှောက်ပြီးလျှင် အေဆော်ရဲတို့ တရုပ်ပြည်ကြီးက အမရပူရ ရွှေပြည်တော်ကြီးသို့ လာ ခဲ့သည်၊ မည်မျှ ရက်, လ ကြာသနည်း အမေးတော် ရှိလျှင် နာခံတော် ပြေ့ကြိုးမူးက တရုပ်စကားပြန်တို့ကိုဆင့်၍ သံတို့ကိုပြောဆိုရသည်၊သံတို့ က ဘုရင့်ကျွန်တော်တို့ တရုပ်ပြည်ကြီးက ရွှေဘဝါးတော် အောက်သို့ ရွှေဘုန်းတော်မြတ်ကြောင့် ရက်ပေါင်း တရာ့ခြောက်ဆဲ့ လေးရက်နှင့် ရောက်ပါသည်ဘုရား-သံတို့ ရှိခိုး သံတော်ဦးတင်ချက်ကို တရုပ်စကား ပြန်က နာခံတော် ပြေ့ကြိုးမူးကို ဆင့်ပြော၍ ပြေ့ကြိုးမူးက လျှောက် ရသည်။

အေဆော်ရဲတို့ တရုပ်ပြည်ကြီးက လာသည့်ကာလ အဆွေဥဒည်မင်း ကိုယ်မှစ၍ မင်းမိဖုရား သားတော်သမီးတော် ဆွေတော် မျိုးတော်တို့ ခံ့သာ၏လော အမေးတော်ရှိသည်ကို နာခံတော် ပြေ့ကြိုးမူးက စကား ပြန် တရုပ်သံတို့ကို အဆင့်ဆင့် ပြန်ဆိုမြဲပြန်ဆိုလျှင် သံတို့က ဘုရင့်ကျွန် တော်တို့ ရွှေဘဝါးတော်အောက် ရောက်လာသည့်ကာလ အဆွေတော် ဥဒည်မင်းကိုယ်မှစ၍ မင်းမိဖုရား သားတော် သမီးတော် ဆွေတော် မျိုး တော်တို့ခံ့သာပါ၏ဘုရား ရှိခိုး သံတော်ဦး တင်သည်ကို စကားပြန်က နာခံပြေ့ကြိုးမူးသို့ ဆင့်ပြော၍ လျှောက်မြဲလျှောက်သည်။

ပြီးလျှင် ရွှေပြည်တော်ဝယ် အကြောင်း ခပ်သိမ်းမျိုးကို ဥဒဉ်မင်း ကြားသိချင်လိမ့်မည်၊အဆော်ရဲတို့ အလျှင်ပြန်သွားကြလေ-အမိန့်တော် ရှိသည်ကို နာခံတော် ပြေ့ကြိုးမူးနှင့် စကားပြန်တို့က သံတို့ကို ပြန်မြဲ ပြန်ဆို၍ ဦးညွတ်ကြရသည်။ ။ပြီးလျှင် သံအကြီး အဆော်ရဲကို ငွေ ငါးပိဿာ၊ ငွေဖလားတစ် အချိန်တဆဲ့တကျပ်၊ ပတ္တမြားလက်စွပ် တစ် အချိန်တကျပ်၊ အဘိုး တပိဿာငါးဆယ်တန် မြင်းတစ်၊ ကြိုးကစုံ၊ သတ္တလတ်နီဆယ်တောင်၊ ထည်ရေငါး၊ ပုဝါအုပ်ငါး၊ သရက်ထည်အုပ်တစ်၊ ယွန်းအစ်ကြီးနှစ်၊ ယွန်းအစ်ငယ်တစ် ပေးတော်မူသည်။

သံအလတ် လေးယောက်ကို ငွေသား သုံးပိဿာ၊ ငွေဖလား တစ် အချိန်တဆဲ့တကျပ်၊ ပတ္တမြားနီတင်လက်စွပ်တစ် အချိန်နှစ်မတ်၊ အဘိုး တပိဿာတန်၊ သတ္တလတ်နီငါးတောင်တစ်၊ ပုဝါအုပ်နှစ်၊ သရက်ထည် အုပ်နှစ်၊ မြင်းတစ်၊ ကြိုးကစုံ၊ ကော်ဇောတစ်၊ ယွန်းအစ်ကြီးတစ်၊ ယွန်း အစ်ငယ်နှစ်စီ အသီးအသီးပေးတော်မူပြီးလျှင်....ငွေမောင်းငါးချက်ခတ် ၍ ဝင်စည်တော်တီးလျှင် ဝင်တော်မူသည်၊ သံတို့ကို အလျှင်ဆင်းစေ၍ ရှေ့ရုံးတော်က ရပ်နေစေသည်၊ မင်းညီမင်းသား မှူးတော်မတ်တော် ထွက်၍စဉ်မှ သံတို့ကို လာမြဲလမ်းအတိုင်း ပြန်သွားစေ၍ သံတဲမှာနေစေ သည်။

နယုန်လပြည့်ကျော်ဆယ်ရက် တနင်္ဂနွေနေ့၊ တရပ်ဥဒဉ်မင်းသို့ ဆင် ပေါက်နှစ်၊ဆင်မနှစ်၊ ဆင်စွယ်အချိန်တရာ၊ ပတ္တမြားအထွတ်တစ် ဆင်စွယ် ခမောက်တစ်၊ ပတ္တမြား အရံနီလာအထွတ်တစ် ဆင်စွယ် ခမောက်တစ်၊ ပတ္တမြားတင်လက်စွပ်နှစ်၊ နီလာတင် လက်စွပ်တစ်၊ မိုးပြေးကျောက်ချိန် တပိဿာ၊ သတ္တလတ်ဝါကပ် တစ်၊ သတ္တလတ်နီကပ် တစ်၊ သတ္တလတ် အစိမ်းကပ် တစ်၊ သရက်ထည်အုပ် တဆယ်၊ ပုဝါထည်အုပ် တဆယ်၊ ကော်ဇောတဆယ်၊ ရွှေဆိုင်းတရာ၊ ငွေဆိုင်း တရာ၊ နံ့သာဖြူချိန် ခွက် တဆယ်၊ ယွန်းအစ်ကြီးလေး၊ ယွန်းအစ်ငယ်ငါးဆယ် လက်ဆောင်တော် များနှင့် ရွှေပေရာဇသံစာတို့ပေး၏။

ရွှေပေရာဇသံ စာကား.... အနောက် မျက်နှာ တိုင်းကြီး ပြည်ကြီး ထီးဆောင်း မင်းအပေါင်းတို့ကို အစိုးရတော်မူသော ဆင်ဖြူ,ဆင်နီ,ဆင် ကျားများသခင်၊ရွှေတွင်း, ငွေတွင်း, ပတ္တမြားတွင်း, ပယင်းတွင်းသခင်၊ သီရိပဝရ ဝိဇယာနန္တ ယသ တြိဘဝနာဒိတျာဓိပတိ ပဏ္ဍိတ မဟာမွေ ရာဇာဓိရာဇာ-တံဆိပ်နာမံတော် ရှိသော သာသနဒ'ါယကာတော် နေ

ထွက်ဘုရင် ဘဝရှင်မင်းတရား ချစ်ကြည်စွာ ကြားရောက်သည်–အရှေ့မျက်နှာ တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့ကို အစိုးရတော်မူသော အကြည်တော် ရွှေနန်းရှင်....ကမ္ဘာ တည်ဦးကပင် အရှေ့မျက်နှာ, အနောက်မျက်နှာ ပြည်ကြီးနှစ်ပြည် ရန်မာန်မရှိ၊ ရွှေထီးရွှေနန်း အဆက်ဆက် ထီးဆောင်းမင်းအပေါင်းတို့ ရှိခိုးကိုခံရသောမင်းကောင်ဖြစ်ကြသည်၊ အကြည်တော်က ကိုင်းမားစားသားကို စေ၍ သတ္တရာဇ် (၁၁၄၉) တထောင့်တရာ့လေးဆဲ့ကိုးခု နယုန်လဆန်းဆယ်ရက် တနင်္ဂနွေနေ့ အမရပူရရွှေပြည်တော်ကြီးသို့ ရောက်သည်၊ ရာဇသံရွှေပေစာနှင့် အာဘာသရဖြဟ္မာရုပ်ရှစ်, ကမ္မလာရှစ်, ရွှေဖျင်တဆယ်, မြင်းတဆယ်, လက်ဆောင်တော်များကို ရွှေနန်းဥကင် ရာဇပလ္လင်တော်ရှေ့ ခင်းကျင်းပြီးလျှင် အိမ်ရှေမင်း, မင်းညီမင်းသား, မှူးတော် မတ်တော် အပေါင်းခြံရံလျက် ထွက်စံတော်မူ၍ ရာဇသံစာဖတ်ပြန်စေသည်၊ ပြည်ထောင်ချင်းမင်းနှစ်ပါး ဘဝအဆက်ဆက် ပေါင်းဘက်ဘူးသည်နှင့်အညီ ကတိသစ္စာမြဲမြံစွာ သံမိုနှက်သည်နှင့်အတူ ရာဇမဟာမိတ် ဖွဲ့ကြရလျှင် သားတော်အစဉ် မြေးတော်အဆက် ရွှေနှစ်ပြားသည် တပြားတည်းကဲ့သို့ ဖြစ်မည့်အကြောင်း၊ အကြည်တော် ရွှေနန်းရှင့်ကိုယ်, မင်းမိဖုရား, သားတော်သမီးတော်, ဆွေတော်မျိုးတော်, မှူးတော် မတ်တော်အပေါင်း ချမ်းသာကြောင်းများကို ကြားရလျှင် ဝမ်းမြောက်ကြသည်၊ အနောက်မျက်နှာထီးဆောင်းမင်းတရာတို့ကို အစိုးရသော အကြည်တော် ရွှေနန်းရှင့်ကိုယ်, မင်းမိဖုရား, အိမ်ရှေမင်း, သားတော်, သမီးတော်, ဆွေတော်မျိုးတော်, မှူးတော် မတ်တော်အပေါင်းတို့လည်း ချမ်းသာကြသည်၊ ဘဝအဆက်ဆက်က မဟာမိတ်ဖြစ်ဘူးကြ၍ ယခု ရာဇမဟာမိတ် ဖြစ်ကြရသည်၊ ပြည်ကြီးနှစ်ပြည် ရာဇမဟာမိတ် ဖြစ်ကြလျှင် တဦးကျေးဇူးကို တဦးခံကြရမည်ဖြစ်သည်၊ အကြည်တော်က ကိုးကွယ်စေလို၍ ဆင်လိုက်သည့် အာဘာသရ ဖြဟ္မာရုပ်ရှစ်ကိုလည်း ရွှေနန်းတော်ဦးတွင် တန်ဆောင်း ပြာသာဒ်နှင့် ရွှေ,ငွေ ခြယ်လှယ်၍ ကောင်းမွန် လျောက်ပတ်အောင်ထားသည်၊ အနောက်မျက်နှာ တိုင်းကြီးပြည်ကြီးကိုစိုးအုပ်သောနေမင်းအန္တယ် ကေရာဇ်အဆက်ဆက် ကိုးကွယ်သော လောကသုံးပါးတွင် အတုမရှိ လူမင်းနတ်မင်း ဗြဟ္မာမင်းတို့ချမ်းသာကို ပေးနိုင်သော ဘုန်းတန်းခိုးနှင့် ပြည့်စုံတော်မူသော ဘုရားသခင် သာသနာတော်ကို မပြတ်ချီးမြှင့် ပြုစုတော်မူသည့် အကျိုးကိုလည်း သာဓုခေါ်စေချင်သည်၊

အကြည်တော်တွင်မြဲသော အမတ်နေမျိုးရွှေတောင်, သီဟကျော်ခေါင်, ဝေလုသာရတို့ကို ကိုင်းမားစား သားနှင့် သံကြိုး တမန်ကြိုး ဘက်ခန့်၍ ရာဇသံရွှေပေစာ၊ ဆင်လေးစီး၊ ဆင်စွယ်ချိန်တရာ, ပတ္တမြားအထွတ်ပါ ဆင်စွယ်ခမောက် တစ်၊ ပတ္တမြားရံနီလာ အထွတ်တင် ဆင်စွယ်ခမောက် တစ်၊ ပတ္တမြားတင်လက်စွပ်နှစ်၊နီလာတင်လက်စွပ် တစ်၊ မိုးပြေးကျောက် ချိန် တပိဿာ၊ သတ္တလတ်ဝါကပ် တစ်၊ သတ္တလတ်နီကပ် တစ်၊ သတ္တလတ်စိမ်းကပ် တစ်၊ သရက်ထည်အုပ် တဆယ်၊ ပုဝါထည်အုပ်တဆယ်၊ ကော်ဇောတဆယ်၊ ရွှေဆိုင်းတရာ၊ ငွေဆိုင်းတရာ၊ နံသာဖြူချိန် ခွက် တဆယ်၊ ယွန်းအစ်ကြီး လေး၊ ယွန်းအစ်ငယ် ငါးဆယ်၊ လက်ဆောင်တော်များနှင့် စေလိုက်သည်၊ သံတို့ကို မရှည်မကြာ အလျင်ပြန်ပါစေ၊ သံတို့ပြန်ရောက်လျှင် အကြည်တော်နှင့် တွေ့မြင်ပြောဆိုရသကဲ့သို့ ရှိပါမည်။ ။သည်ရွှေပေရာဇသံနှင့် လက်ရွေးကြီးမှူး နေမျိုး ရွှေတောင်, သီဟကျော်ခေါင်, ဝေလုသာရတို့ကို သံဘက်ခန့်၍ တရုတ် ဥဒည်ဘွားက စေရောက်သူ အဆော်ရဲတို့ကို ပြန်စေ၏။

သက္ကရာဇ် (၁၁၄၇) တထောင့်တရာ့လေးဆဲ့ခုနစ်ခု ကဆုန်လဆန်း လေးရက်နေ့ သားတော် အိမ်ရှေမင်းကို ပေးတော်မူရင်း စလွယ် တဆဲ့ ရှစ်သွယ်တွင် သုံးသွယ်တိုး၍ နှစ်ဆဲ့တသွယ် ပေးတော်မူသည်။ ။ကဆုန်လပြည့်ကျော်ကိုးရက်နေ့ သားတော် ကာမမင်းသားကို ကွမ်းခွက်ရှစ်ထောင့်မှန်တပ်, ကျောက်တရစ်စီ၊ ကွမ်းလိပ်သုံးမြှာ, ကျောက်တရစ်စီ၊ လက်ဘက်အိုး တကောင်းပိတ် မှန်တပ် အထွတ်ပတ္တမြားတရစ်စီ၊ရွှေထွေးအင်၊ စည်နီခုနစ်၊ ပုံသာ တစ်၊ စည်ပုတ် တစ်၊ လင်းခွင်းတစ်၊ ငွေနဲကြိုး တစ်၊ ငွေနဲငယ်နှစ်၊ မြင်းကကိုင်း ညောင်ရွက် ခုနစ် ရွှေဗုဒ္ဓန်ခွံမွှမ်း နင်းနှင်းသိပ်၊ ဆက်ပါးကာ ရွှေဝါဖိန်း၊ ကတောင်ရွှေပိန်း၊ မြင်းကြိုးဦးခက် ထိပ်ဆောင်း မြီးပျမ်းရင်ပတ်ကြိုး ကတ္တီပါ ရွှေကြယ်တပ်၊ စီးနှီးကတ္တီပါ၊ ကတ္တီပါတင်ရမ်း၊ဆက်ရွှန်းသုံးဆင့် ရွှေယက်ပြားကွပ် ပေးတော်မူသည်။

နယုန်လပြည့်ကျော်တရက် သောကြာနေ့ အောင်ပင်လယ်ကန်အနီး သဘင်နန်းကြီးစွာ ဆောက်တော်မူ၍ လယ်ထွန်မင်္ဂလာ ထွက်တော်မူပြီးလျှင် ရွှေထွန်-ငွေထွန်,ရွှေထမ်းပိုး-ငွေထမ်းပိုး, ရွှေကြိုး-ငွေကြိုး, ရွှေနှင်တံ-ငွေနှင်တံတို့နှင့် သားတော် အိမ်ရှေမင်း စသော မင်းညီ မင်းသားမှူးတော် မတ်တော် သူဌေးသူကြွယ် အပေါင်း မြို့ရံလျက် လယ်ထွန်မင်္ဂလာ သဘင် ပြုတော်မူသည်။

ဆင်ဖြူတော်များကို သိမ်းတော်မူ၍ ဘွဲ့တပ်ခြင်းစသည်နှင့် ယိုးဒယားတို့နှင့် တိုက်ခိုက်ခြင်း

လပြည့်ကျော်ငါးရက် အင်္ဂါနေ့ နေ့တချက်တီးကျော် လေးနာရီ၊ နှစ်ပါဒ်၊ ဆယ်ဗီဇနာ၊ သုံးပြန်၊ သုံးခရာပြည့်တွင် အင်တောက်သာတော တွင်ရသည့် ရတနာဆင်ဖြူတော်ကို ဦးခေါင်းဆေးရသည်၊ ၎င်းလပြည့် ကျော်ရှစ်ရက် သောကြာနေ့ နံနက်တချက်တီးကျော်၊ လေးနာရီ၊ ပါဒ် ပြည့်၊ တဆဲ့လေးဗီဇနာ၊ ငါးပြန်၊ လေးခရာပြည့်၊ ကောင်းမြတ်သော မင်္ဂလာအခါတော်တွင် အခမ်းအနား ကြီးကျယ်စွာ စီရင်တော်မူ၍ ပွဲ သဘင်ကြီးစွာ ခံတော်မူပြီးလျှင် ဥပေါ်ပြောင်မွန် ဆင်ဖြူတော်, ရတနာ ပြောင်မွန် ဆင်ဖြူတော်များကို သိမ်းတော်မူသည့်နည်း ရတနာဆင်ဖြူ တော်များကို သိမ်းတော်မူသည်၊ "နာဂဝရ"ဟူသောဘွဲ့ကိုလည်း တပ် တော်မူသည်။

ဝါဆိုလဆန်းခြောက်ရက် ဗုဒ္ဓဟူးနေ့ ရွှေမြို့တော်အရှေ့မြောက်ယွန်း တွင် အရှင်မိဖုရားခေါင်ကြီးက ဆောက်လုပ်သည့် ကျောင်းရံတဆယ်၊ တံတိုင်းမီးတာမျှားနှင့်တကွ သုံးထပ်ယွန်းနှစ်ဆင့် ဇေတဝန် ကျောင်း တော် ဆောက်လုပ်ပြီးပြေလျှင် ကျောင်းတော်ကို အောင်မြေဘုံကျော် သမိုက်တော်မူ၍ အရည်ဝါသီပုဂ္ဂိုလ်, ဂါမဝါသီပုဂ္ဂိုလ်,အရိယာသံဃာ တော်တို့အား ပရိက္ခရာ ရှစ်ပါးနှင့်တကွ ရဟန်းတို့ အသုံးအဆောင်ကို များစွာလှူတော်မူပြီးလျှင် မင်းအိုဆရာတော် ဂုဏာဘိအနန္တဇဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု-အား တင်လှူတော်မူသည်၊ ပွဲသဘင် ကြီးစွာလည်း ခံတော်မူသည်။ ။ဝါဆိုလပြည့်ကျော် ငါးရက် တနင်္လာနေ့ ရွှေမြို့ တော်မြောက် တာတထောင်ကွာတွင် ကျောင်းတော်ကြီးကိုစ၍ တည် လုပ်တော်မူသည်။

ထိုနှစ် ဇင်းမယ် ငါးဆဲ့ခုနစ်ခရိုင်စသော သံလွင်အရှေ့ဘက် မြို့ရွာ မငြိမ်မဝပ်ရှိသည်များကို သိမ်းရုံးပြီးလျှင် အနေအထားကျအောင် စီရင် ရမည့် ခန့်တော်မူ၍ ရန်ကျော်ပစ္စည်းတတပ်၊ ရာဇ သီဟကျော်ထင် တဟပ်၊ ရဲထင်နော်ရထာ တတပ်၊ နန္ဒပျံချီ တတပ်၊ ရဲထွတ်စက်ရောင် တတပ်၊ ရွှေတောင်နရာသူတတပ်၊ နတ်ရှင်ပေါ်ခေါင် တတပ်၊ ဝေသူ ကျော် တတပ်၊ ဇေယသာစည် တတပ်၊ ရန်နိုင်ကျော်သူတတပ်၊ ရဲလှ ကျော်စွာတတပ်၊ဂဇကျော်တတပ်၊ တုရင်သာလှတတပ်၊ လက်ယာဝင်းမူး

နေမျိုး ကျော်ခေါင် နော်ရထာ တတပ်၊ သံချက်ဝန် နေမျိုး ကျော်ထင် သီဟတတပ်၊ ရွှေလှံထောင်မှူး ရဲခေါင်သိန်ကျော်ထင် တတပ်၊ မိုင်းသတ်မြို့စား ရန်ခွင်းကျော် တတပ်၊ လက်ယာဂါမဏီ တတပ်၊ ရန်ကျော်ဒေဝ တတပ်၊ လက်ယာရွှေတောင် တတပ်၊ ထီးလင်းစော်ဘွားတတပ်၊ ကမန်သာရ တတပ်၊ ဗလကျော်ထင်ကျော်ခေါင် တတပ်၊ မြေထဲစား နေမျိုး သူရကျော်ထင် တတပ်၊ ပျံချီကျော်သူ တတပ်၊ လက်ယာနရာ တတပ်၊ ရန်ခွင်းအာကာ တတပ်၊ သဓိန်သံလိုက် တတပ်၊ ဥပါကောင်း တတပ်၊ သီရိရဲထင်နော်ရထာတတပ်၊ ကြီသိုင်းရဲ တတပ်၊သာရကျော်ထင်တတပ်၊ ဗညားကျော် တတပ်၊ အိန္ဒနရာကျော်ထင် တတပ်၊ ပျံချီလက်ယာကျော်စွာ တတပ်၊ ရဲခေါင်ဒေဝကျော်တတပ်၊ သမန်တုရင် တတပ်၊ သူရသိဒ္ဓိကျော်ထင် တတပ်၊ ရာမတုရင်တတပ်၊ တုရင်ရဲကျော်တတပ်၊ နန်းခုတ်စား တတပ်၊ သီဒ္ဓိရဲကျော် တတပ်၊ ရဲမတ်တုရင် တတပ်၊ ရမ္မကျော်စွာထင်တတပ်၊ ရွှေတောင်ဗလကျော်ထင် တတပ်၊ ရဲထွတ်ဒေဝ တတပ်၊ ဇေယတုရင် တတပ်၊ တုရင်ရမ္မသူ တတပ်၊ သီဟကျော်ထင်ကျော် တတပ်၊ လက်ဝဲကျော်ထင်သူ တတပ်၊ သူရကျော်ခေါင် တတပ်၊ ဂါမဏီကျော်ခေါင်တတပ်၊ နတ်ကျော်ဗလ တတပ်၊ နတ်ရှင်ကျော်စွာ တတပ်၊ ရဲစက်ကျော်သူတတပ်၊ တေဇစက် တတပ်၊ ရဲလှကျော်ခေါင် တတပ်၊ သူရိန်ဇေယကျော်ထင် တတပ်၊ တုရင်ရဲခေါင်ကျော် တတပ်၊ ဂန္ဓရဲ တတပ်၊ မွန်ခန်းတတပ်၊ ဒေဝအလံစိန် တတပ်၊ ပျံချီကျော် တတပ်၊ ဝေသူတုရင် တတပ်၊ ဝန်ကြီးမဟာဇေယသူရ တပ်မနှင့်သော် တပ်ပေါင်း ခြောက်ဆဲ့ခြောက်တပ်တွင် ပါသည့် မြင်းလေးထောင်, စစ်သည်သူရဲ လေးသောင်းငါးထောင်တွင် သစ်ဆိမ့်မိုလ်နေမျိုးကျော်ထင် သခ်ယာ, ဝန်ထောက် နေမျိုးကျော်ထင်တို့ကိုစစ်ကဲ, ဝန်ကြီးမဟာဇေယသူရကိုအချုပ်ခန့်တော်မူ၍ သက္ကရာဇ် (၁၁၄၉) တထောင့် တရာ့လေးဆဲ့ကိုးခု တော်သလင်းလပြည့်ကျော်နှစ်ရက် ဗုဒ္ဓဟူးနေ့ မိုးနေကြောင်း ဇင်းမယ်သို့ ချီစေသည်။

မုတ္တမမြို့က အရှေ့ဘက်သို့ကူး၍ ဘားသင်သို့ ချီရမည်ဟု တပ်ပေါင်းလေးဆဲ့ခြောက်တပ်, စစ်သည်သူရဲ သုံးသောင်းငါးထောင်ကို သမန္တရဲ့ ရွှေတောင်သူတို့ကို စစ်ကဲ, ခင်ဦးဗိုလ် လက်ယာသီဟသကြီကို အချုပ်ခန့်၍ ရေကြောင်း မုတ္တမမြို့သို့ချီရသည်။

ခင်းဦးဗိုလ် လက်ယာသီဟသင်္ကြီလည်း မုတ္တမမြို့သို့ ရောက်လျှင် သီရိနန္ဒကျော်သူ တတပ်၊ ဂါမဏိကျော်ခေါင် တတပ်၊ ရဲကျော် အာကာတတပ်၊ နေမျိုးလက်ယာသူ တတပ်၊ ဥဒိန်နော်ရထာတတပ်၊ ကျော်စွာစည်သူ တတပ်၊ လက်ဝဲကျော်စွာတတပ်၊ သူရိန်ရဲထင် တတပ်၊ သာရရဲကျော် တတပ်၊ ရွှေတောင်စတ္ဘ တတပ်၊ အိန္ဒကျော်စွာ တတပ်၊ ကျော်ခေါင်စည်သူ တတပ်၊ ရဲခေါင်သူရန် တတပ်၊ ရဲခေါင်ကျော်ထင်တတပ်၊ ဇေယပျံချီသူတတပ်၊ သည်တဆဲ့ငါးတပ်ကို လက်ဝဲကြောင်းချီစေသည်။

ရဲခေါင်သီဟကျော် တတပ်၊ သီဟဇေယကျော် တတပ်၊ စတ္ဘရဲခေါင်ကျော် တတပ်၊ လက်ယာဇေယသင်္ကြီ တတပ်၊ ရဲခေါင်ဘီလူး တတပ်၊ ဗလသီဟနော်ရထာ တတပ်၊ နန္ဒဗလကျော်ထင် တတပ်၊ သီရိဗလကျော်ခေါင် တတပ်၊ ပျံချီရဲကျော်စွာ တတပ်၊ သီရိရဲခေါင်တတပ်၊ သိဒ္ဓိဗလကျော်ထင် တတပ်၊ ဥဒိန်ဘီလူး တတပ်၊ ဇီဝရဲတတပ်၊ သီရိသာရကျော်စွာတတပ်၊ ရဲခေါင်စတ္ဘတတပ်၊ သည်တဆဲ့ငါးတပ်ကို လက်ယာကြောင်းချီစေသည်။

တေဇကျော်ထင်တတပ်၊ ဥဒိန်ရဲ တတပ်၊ သီဟသန်ယာ တတပ်၊ ရဲခေါင်ကျော်ထင်တတပ်၊ အာကာသီဟကျော်ခေါင်တတပ်၊ သီရိနန္ဒမိတ်ကျော်ထင် တတပ်၊ ရန်ခွင်းသူရတတပ်၊ နန္ဒသိန်ကျော်ထင် တတပ်၊ နေမျိုးဂါမဏိသင်္ကြီတတပ်၊ ဒေဝစတ္ဘ တတပ်၊ နန္ဒဗလကျော်ထင် တတပ်၊ သမန်ပျံထင်ကျော် တတပ်၊ သမန္တရဲ တတပ်၊ သီရိကျော်ခေါင် တတပ်၊ တုရင်သီပွသူ တတပ်၊ ကျော်သူဇေတရာဇ် တတပ်၊ သည်တဆဲ့ခြောက်တပ်နှင့် ဗိုလ်ချုပ် ခင်ဦးဗိုလ် လက်ယာသီဟသင်္ကြီ အလယ်ကြောင်းချီ၍ မုတ္တမမြို့က သံလွင်အရှေဘက်သို့ ကူးပြီးလျှင် ဘားသင်သို့ချီကြရ၏။

ဝန်ကြီး မဟာဇေယသူရတို့မှာလည်း မိုးနဲမြို့သို့ရောက်လျှင် ရန်ကျော်ပစ္စည်း, ရာဇသီဟကျော်ထင်တို့ နှစ်တပ်ကို တပ်ဦး ချီနှင့်စေသည်၊ သစ်ဆိမ့်ဗိုလ် နေမျိုးကျော်ထင်သန်ယာ, ရဲထင်နော်ရထာ၊ နန္ဒပျံချီ၊ ရဲထွတ်စက်ရောင်၊ ရွှေတောင်နရာသူ၊ နတ်ရှင်ပေါ်ခေါင်၊ ဝေသူကျော်၊ ဇေယသာစည်၊ ရန်နိုင်ကျော်သူ၊ ရဲလှကျော်သူ၊ ဂဇကျော်၊ တုရင်သာလှတို့ တဆဲ့နှစ်တပ် သံလွင်မြစ်ကို ကျိုင်းခန်းထားကာကူး၍ မိုင်းပု, မိုင်းသတ်ကသည် ကျိုင်းသေဉ်ကြောင်းချီစေသည်။

လက်ယာဝင်းမူး နေမျိုးကျော်ခေါင် နော်ရထာ၊ သံချက်ဝန် နေမျိုးကျော်ထင်သီဟ၊ ရွှေလှံထောင်မူး ရဲခေါင် သီခံကျော်ထင်၊ မိုင်းသတ်

မြို့စား ရန်ခွင်းကျော်ထင်၊ လက်ယာဂါမကို၊ ရန်ကျော်ဒေဝ၊ လက်ယာရွှေတောင်၊ ထီးလင်းစော်ဘွား၊ ကမန်သာရု၊ ဗလကျော်ထင်ကျော်ခေါင်တို့ဆယ်တပ်၊ သံလွင်ကို သေဉ်ညွှတ် သေဉ်မောင်းထားက ကူး၍ ကျိုင်းတုံကသည် ကျိုင်းချိုင်မိုင်းညောင်းကြောင်း ချီစေသည်။

မြေထဲစား နေမျိုးသူရကျော်ထင်၊ ပျံချီကျော်သူ၊ လက်ယာနရာ၊ ရန်ခွင်း အာကာ၊ သမိန်သံလိုက်၊ ဥပါကောင်း၊ သီရိရဲထင် နော်ရထာ၊ ကြီသိုင်းရဲ၊ သာရကျော်ထင်သူ၊ ဗညားကျော်၊ အိန္ဒနရာကျော်ထင်၊ ပျံချီလက်ယာကျော်စွာ၊ ရဲခေါင်ဒေဝကျော်၊ သမန်တုရင်၊ သူရသိဒ္ဓိကျော်ထင်၊ ရာမတုရင်၊ တုရင်ရဲကျော်၊ နန်းခုတ်စား၊ သိဒ္ဓိရဲကျော်၊ ရဲမှတ်တုရင်၊ ရမ္ဘကျော်စွာထင်၊ ရွှေတောင်ဗလကျော်ထင်၊ ရဲထွတ်ဒေဝ၊ ဇေယတုရင်၊ တုရင်ရာမသူ၊ သီဟကျော်ထင်ကျော်၊ လက်ဝဲ ကျော်သူထင်၊ သူရကျော်ခေါင်၊ဂါမကိုကျော်ခေါင်တို့နှစ်ဆွဲကိုးတပ်တွင် သေနာဇာ, ဆီးတောစား စက်ရဲသူတို့ကို စစ်ကဲ, မြေထဲစား နေမျိုးသူရကျော်ထင်ကို အအုပ် ခန့်၍ ထံလွင်ကို ထားစည်ဆိပ်က ကူးပြီးလျှင် မိုင်းသွင်ကျိုင်းရဲကြောင်းချီစေသည်။

ဝန်ကြီး မဟာဇေယသူရမှာ နတ်ကျော်ဗလ၊ နတ်ရှင်ကျော်စွာ၊ ရဲစက်ကျော်သူ၊ တေဇစက်၊ ရဲလှကျော်ခေါင်၊ သူရိန်ဇေယကျော်ထင်၊ တုရင်ရဲခေါင်ကျော်၊ ဂန္ဓရဲ၊ မွန်ခန်း၊ ဒေဝအလံစိန်၊ ပျံချီကျော်ထင်၊ ဝေသူတုရင်၊ သည်တဆွဲနှစ်တပ်နှင့်၊ တပ်မတော်ပါ တဆွဲသုံးတပ်၊ သံလွင်ထားစည်ဆိပ်ကို ကူး၍ မြေထဲစား နေမျိုးသူရကျော်ထင်တို့တပ်နှင့် ကမ်းမှီ လှမ်းမှီချိတက်သည်။

ဝန်ကြီးမဟာဇေယသူရ မိုင်းသွင်မြို့သိုရောက်လျှင်ကျိုင်းသေဉ်ကြောင်းချီ သစ်ဆိမ့်ဗိုလ် နေမျိုးကျော်ထင် သခ်ယာက ကျိုင်းသေဉ်မြို့အကြီးအခိုင်ခံနေကြောင်းနှင့် အစီရင်ခံ ရောက်သောကြောင့် ဝန်ကြီး မဟာဇေယသူရတို့ တဆွဲသုံးတပ်, မြေထဲစား နေမျိုး သူရကျော်ထင်တို့ ချီလေရာ ကျိုင်းရကြောင်းသို့မလိုက်၊ မိုင်းသွင်မြို့ကသည် ကျိုင်းသေဉ်သို့ခွဲ၍ချီသည်။

ရွှေချီသစ်ဆိမ့်ဗိုလ် နေမျိုးကျော်ထင်သခ်ယာတို့တပ်နှင့်ပေါင်းမိလျှင် တပ်ပေါင်း နှစ်ဆွဲနှစ်တပ် ကျိုင်းသေဉ်မြို့ကိုတိုက်မည် ချဉ်းကြသည်တွင် ကျိုင်းသေဉ်မြို့တွင်းသားတို့ မရပ်မခံဝံ့၊ မြို့က ဆုတ်ခွာထွက်ပြေးကြလျှင် ဝန်ကြီး မဟာဇေယသူရလည်း မြို့ပတ်လည် အနီးအဝေး တောတောင်ပုန်းလျှိုးမိုဒ္ဒိနေသူတို့ကို မြို့တွင်းသို့သိမ်းသွင်း၍ ကျိုင်းသေဉ်မြို့တွင် တလ

ခန့်ရပ်နေပြီးလျှင် ကျိုင်းသည်မြို့က ကျိုင်းရဲသို့ချီသည်၊ ကျိုင်းရဲကြောင်း ချီစေသော မြေထဲစား နေမျိုး သူရကျော်ထင်တို့ နှစ်ဆွဲကိုးတပ်လည်း ဇင်းမယ် ငါးဆွဲခုနစ်ခရိုင်သား‌တို့ ခရီးလမ်းတလျောက် ဆီးကြို ရပ်ခံနှင့် သမျှကို ရှင်းလင်းတိုက်ဖျက်၍ လက္ခန်းမြို့သို့ရောက်လျှင် လက္ခန်းမြို့တွင်း က လူသူ မြို့စီး ပြစီး အမြောက် စိန်ပြောင်း ထူထပ် များပြား လှသော ကြောင့် တပ်တော်များလည်း အရောက်မညီသေးသည်နှင့် မြေထဲစား နေမျိုးသူရကျော်ထင်တို့ နှစ်ဆွဲကိုးတပ် လက္ခန်းမြို့ အနောက်မျက်နှာ, တောင်မျက်နှာများကသာ တပ်စွဲရပ်ရုံနေကြရသည်။

ရွှေချို ရန်ကျော်ပစ္စည်း သီဟကျော်ထင်တို့နှစ်တပ် ကျိုင်းတုံကြောင်း ချီ လက်ယာဝင်းမှူး နေမျိုးကျော်ခေါင်နော်ရထာတို့ဆယ်တပ်၊ ကျိုင်း သည့်ကြောင်းချီ နေမျိုးကျော်ထင် သခ်ိုယာတို့ တဆွဲနှစ်တပ်၊ အဆိုက် အရောက် စုံညီလျှင် တပ်ပေါင်းငါးဆွဲသုံးတပ် လက္ခန်းမြို့ကို အပိတ်ရုံ ကြသည်၊ ဝန်ကြီး မဟာဇေယသူရတို့ တဆွဲသုံးတပ်လည်း ကျိုင်းသည့် မြို့ကချီခဲ့၍ လက္ခန်းမြို့သို့ ရောက်လျှင် မြို့အနောက် တာငါးရာခန့်ကွာ သတ္တိဝတွင် တပ်မစွဲရပ်ချနေပြီးလျှင် သူရဲတော်များကို လက္ခန်းမြို့ရင်း သို့ချဉ်း၍ အကြိမ်ကြိမ်တက်စေသည်။ မြို့တွင်းက ကာဝိလအာဘ-စဲကျော်, ကာဝိလညီ နွဲ့တပ်တို့ကြီးကြီးကြပ်ကြပ် ခုခံချေသောကြောင့် သူရဲတော်တို့ အထိအပါး အရှအနအသေအဆုံး များချ၍ မြို့ကိုမတက်မပေါက် တည့်နိုင်ရှိသည်နှင့် တပေါင်းလဆန်း ဆယ်ရက်နေ့ ယိုးဒယားတပ် လူငါးသောင်းကျော် ခြောက်သောင်းဆိုက်ရောက်၍ ဝန်ကြီး မဟာဇေယသူရတပ်မနှင့် တာ ခုနစ်ရာကျော်ခန့် ကွာတွင် တပ်စွဲရပ်ချ နေပြီးလျှင် တပ်မတော်နှင့်ရုံတပ်တော်များကိုမကူးမသန်းရအောင် ခရီးလမ်းပေါက် လမ်းဝများကို ဒိတ်ဆို့ပြီးလျှင် ရုံတပ်တော်များကို ယိုးဒယားတို့က လူ ငါးသောင်းကျော် ခြောက်သောင်းလောက်နှင့် နောက်ကလှည့်၍တိုက် သည်၊ လက္ခန်းမြို့တွင်းကလည်း ထွက်၍တိုက်သည်၊ ယင်းသို့ ရုံတပ်တော် များကို စစ်နှစ်ဘက်ညှပ် နှေ့ညမဆို တိုက်လေ၍ သုံးညလေးရက်ရှိလျှင် တပ်တော်များ မရပ်မခံနိုင်၊ အရုံကိုဖြုတ်၍ ဝန်ကြီး မဟာဇေယသူရ တပ်မနှင့်တကွ ကျိုင်းသည်မြို့သို့ ဆုတ်ခွာရချေ၏။

ဘားသင်သို့ချီစေသည့် ခင်ဦးပိုလ်လက်ယာသီဟသင်္ကြံတို့တပ်ပေါင်း လေးဆွဲခြောက်တပ်လည်း မုတ္တမမြို့က ချီခဲ့၍ ခရီးလမ်းတလျောက် ရပ် ခံသမျှကိုဘိုက်၍ ဘားသင်မြို့သို့ရောက်လျှင် မြို့လေးမျက်နှာကို အကြိမ်

ကြိမ်ချဉ်း၍တက်သည်၊ မြို့တွင်းက ကာဝိလကြပ်ကြပ်တည်းတည်း ကွပ်ကဲစိရင် ခုခံလေသောကြောင့် ဗိုလ်မှူးတပ်မှူး သူရဲတော်တို့ အထိအပါး အရှအနာသာများ၍ မတက်မပေါက်နိုင်ရှိလေလျှင် မြို့ကိုသာရံ၍နေကြရ၏။ ယင်းသော အခါ ယိုးဒယားတပ် ငါးသောင်းကျော် ခြောက်သောင်း ဝန်ကြီး မဟာဇေယသူရတို့ လက်နှင်းမြို့ရံတပ်စုကို တိုက်ဖျက်ပြီးလျှင် ဘားသင်သို့ တလုံးတည်း လှည့်ခဲ့၍ ဘားသင်မြို့တွင် ခင်ဦးဗိုလ်လက်ယာသိဟသင်္ကြီတို့ လေးဆဲ့ခြောက်တပ်ကို တိုက်သည်၊ ခင်ဦးဗိုလ်လက်ယာ သိဟသင်္ကြီတို့ အရံကိုဖြိုတ်၍ ဆုတ်ခွာခဲ့ရချေ၏။ ။ဝန်ကြီးမဟာဇေယသူရမှာလည်း ခေါ်တော်မူလျှင် ကျိုင်းသေဉ်တွင် ရာဇသိဟကျော်ထင်ဟို စစ်သည်သူရဲသုံးသောင်းနှင့် အစောင့်အနေခန့်ခဲ့၍ ကျိုင်းရုံးစော်ဘွား လူးတဆဲ့နှစ်ပန်း မြို့စား ဒေါဘယားလှုံမငြိမ်မဝပ်သည်ကို ငြိမ်ဝပ်အောင် သိမ်းရုံးစည်းကြပ်ခဲ့၍ ခြေရင်းတော်သို့ ပြန်လာခဲ့ရ၏။

သားတော်များကို ချီးမြှင့်ခြင်းနှင့် ကျောင်းတော်များ လှူတော်မူခြင်း

ထိုနှစ် ပြာသိုလဆန်းဆယ်ရက် အင်္ဂါနေ့ သားတော် ကာမမင်းသားကို ဝေါပလာရွှေပိန်း အတွင်းအနီသုတ်၊ ကျိုင်းနှစ် အတွင်းရွှေဝိန်း၊ မိုးနဲ့ရွှေလှံသုံးဆယ်ပေးတော်မူသည်။ ။တပို့တွဲလဆန်းငါးရက် တနင်္ဂနွေနေ့ ဖုသျှသင်္ကြန်ခေါ်တော်မူသည်။ ။တပို့တွဲလပြည့်ကျော်ခြောက်ရက်တနလ်ာနေ့သားတော်မောင်ရွှေအပ်ကို ကောလင်းမြို့ကို မြို့စားပေးတော်မူသည်။

တပို့တွဲလပြည့်ကျော် တဆဲ့လေးရက် အင်္ဂါနေ့ စစ်ကိုင်းအောင်မြေလောကဘုရားရှင် အနောက်တွင် သုံးထပ်ဇေတဝန် ရွှေကျောင်းတော်လေးဆောင်၊ ဘုရားရှင်အရွှေ့ဘဲသုမမှာရွှေစရပ်နှစ်ဆောင်လုပ်ဆောင်ပြီးပြေလျှင် ကျောင်းတော်လေးဆောင်ကို ပြိဿာဝန်, ဒက္ခိဏာဝန်, ပစ္ဆိမာဝန်, ဥတ္တရာဝန် သမိုက်တော် မူ၍ အရည၀ါသီပုဂ္ဂိုလ်, ဂါမ၀ါသီ ပုဂ္ဂိုလ်, အရိယာသံဃာတော်တို့အား ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းတို့အသုံးအဆောင်ကို များစွာလှူတော်မူပြီးလျှင် ပြိဿာဝန်ကျောင်းမှာ တောင်ဂူဆရာတော်ရှင်သေ, ဒက္ခိဏာဝန် ကျောင်းမှာ ကွင်းကောက်ဆရာတော်ရှင်ဝရသာမိ, ပစ္ဆိမာဝန် ကျောင်းမှာ မိုင်းလုံဆရာတော် ရှင်စန္ဒိမာ, ဥတ္တရာဝန်ကျောင်းမှာ တောင်ဦးဆရာတော် ရှင်ပဏ္ဍိတတို့အား တင်လှူတော်မူသည်၊ ပွဲသဘင်ကြီးစွာထည်း ခံတော်မူသည်။

တပေါင်းလဆန်းခြောက်ရက် တနလ်ာနေ့ ရွှေမြို့တော်မြောက်တွင် အလယ်နန်းရှင်မိဖုရားက ဆောက်သည့် ကျောင်းရံတဆယ်၊ တံတိုင်း မီးတာန့်နှင့် တကွ လေးထပ်ဇေတဝန် ရွှေကျောင်းတော် ဆောက်လုပ်ပြီး ပြေသည်ကို မင်္ဂလာစံလွှတ် သမိုင်တော်မူပြီးလျှင် အရည္ဝါသိပုဂ္ဂိုလ်, ဂါမဝါသိပုဂ္ဂိုလ်, အရိယာ သံဃာတော်တို့အား ပရိက္ခရာ ရှစ်ပါးနှင့် တကွ ရဟန်းတို့အသုံးအဆောင်ကို များစွာ လှူတော်မူ၍ မင်းရွာဆရာတော် ဉာဏာဇီဝ အနန္တဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု-အား တင်လှူတော်မူသည်။

တပေါင်းလဆန်းတဆဲဝါးရက်ဗုဒ္ဓဟူးနေ့ သားတော်ပုသိန်မင်းသားကို ကွမ်းခွက်ရှစ်ထောင့်မှန်တပ်၊ အနားပတ္တမြားနှစ်ရစ်စီ၊ ကွမ်းလိပ်သုံးမြှောမှန်တပ် အနား ပတ္တမြားနှစ်ရစ်စီ၊ လက်ဘက်အိုး တကောင်းဝိတ်မှန်တပ် အထွတ်ပတ္တမြားနှစ်ရစ်စီ၊ ရွှေထွေးအင်၊ ဓားမိုးကြိုးစင် ကတ္တီပါမည်းသရီအိတ်သွတ်၊ မြင်းကကိုင်း ညောင်ရွက်ကိုး ရွှေဗုဇ္ဈန်ခွံမွှမ်း နင်းနှင်းသိပ်၊ ဆက်ပါးကာရွှေဝါဇပိန်း၊ ကတောင်ရွှေပိန်း၊ မြင်းကြိုးဦးခက် ထိပ်ဆောင်း မြီးပျမ်းတပေါင်းလဆန်းခြောက်ရက် တနလ်ာနေ့ ရွှေမြို့တော်မြောက်တွင် အလယ်နန်းရှင်မိဖုရားက ဆောက်သည့် ကျောင်းရံတဆယ်၊ တံတိုင်း မီးတာန့်နှင့် တကွ လေးထပ်ဇေတဝန် ရွှေကျောင်းတော် ဆောက်လုပ်ပြီးပြေသည်ကို မင်္ဂလာစံလွှတ် သမိုင်တော်မူပြီးလျှင် အရည္ဝါသိပုဂ္ဂိုလ်, ဂါမဝါသိပုဂ္ဂိုလ်, အရိယာ သံဃာတော်တို့အား ပရိက္ခရာ ရှစ်ပါးနှင့် တကွ ရဟန်းတို့အသုံးအဆောင်ကို များစွာ လှူတော်မူ၍ မင်းရွာဆရာတော် ဉာဏာဇီဝ အနန္တဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု-အား တင်လှူတော်မူသည်။

တပေါင်းလဆန်းတဆဲဝါးရက်ဗုဒ္ဓဟူးနေ့ သားတော်ပုသိန်မင်းသားကို ကွမ်းခွက်ရှစ်ထောင့်မှန်တပ်၊ အနားပတ္တမြားနှစ်ရစ်စီ၊ ကွမ်းလိပ်သုံးမြှောမှန်တပ် အနား ပတ္တမြားနှစ်ရစ်စီ၊ လက်ဘက်အိုး တကောင်းဝိတ်မှန်တပ် အထွတ်ပတ္တမြားနှစ်ရစ်စီ၊ ရွှေထွေးအင်၊ ဓားမိုးကြိုးစင် ကတ္တီပါမည်းသရီအိတ်သွတ်၊ မြင်းကကိုင်း ညောင်ရွက်ကိုး ရွှေဗုဇ္ဈန်ခွံမွှမ်း နင်းနှင်းသိပ်၊ ဆက်ပါးကာရွှေဝါဇပိန်း၊ ကတောင်ရွှေပိန်း၊ မြင်းကြိုးဦးခက် ထိပ်ဆောင်း မြီးပျမ်းနှင်းသိပ်၊ ဆက်ပါးကာရွှေဇဝါဝိန်း၊ ကတောင် ရွှေဝိန်း၊ မြင်းကြိုး ဦး ခက်ထိပ်ဆောင်း မြီးပျမ်းရင်ပတ်ကြိုး ကတ္တီပါ ရွှေကြယ်တပ်၊ စီးနှိုးကတ္တီပါ၊ ကတ္တီပါတင်ရမ်း၊ ဆက်ရွှန်းသုံးဆင့် ရွှေယက်ပြားကွပ်၊ ဆင်ပေါင်းဝန်းနက် အအုံရွှေရေးခြင်ဝိတ်ပန်းဆွဲ ရွှေတစု အနီတစု၊ ဆင်သက္ကလတ်ကြိုးရွှေကြယ်တပ် ရဲကရွှေတစု အနီတစု၊ ဝေါပလာ ရွှေဝိန်းအတွင်း အနီသုတ်၊ ကျိုင်းနှစ် အထွတ်ရွှေဝိန်း စလွယ် တဆဲရှစ်သွယ်၊ ဆင်ခြေဖုံးမိုးနဲရွှေလုံဝါးဆယ်၊ စည်နိခုနစ်၊ စည်ပုတ်တစ်၊ ပုံသာတစ်၊ လင်းခွင်းတစ်၊ ငွေခရာနှစ်၊ ငွေနဲကြိုးနှစ်၊ ငွေနဲငယ်သုံး၊ ဝတ်လုံဘဲရုံ နှစ်ဆင့်တပ် ဗောင်းကတ္တီပါနီ၊ နဖူးစည်း ရွှေသားဇာဖောက် ရောင်ပြားခံ၊ သစ္စာပန်း ခုနစ်ပွင့်၊နဖူးစည်းအောက်အထက်ပန်းတပ်တကုံးစီ၊သရက်ကင်းမြင်းနှားဇာဖောက်ပန်းတပ်ဘော့ခြေယ်၊ တမာရွက်ထောင်ဇာဖောက်ပန်းတပ်ဘော့ခြေယ်၊ ပန်းနားခွောင်းပေါက်ချပ်၊ ဆံကွင်းဆံကျင်ကျောက်စီ၊ နဖူးစည်း ဇာဖောက် ကျောက်သုံးရစ်စီ။

သားတော် လိုင်မင်းသား မင်းရဲမြတ်စွာကို ကွမ်းခွက်ရှစ်ထောင့်မှန်တပ် ကျောက်တရစ်စီ၊ ကွမ်းလိပ်သုံးမြှော ကျောက်တရစ်စီ၊ လက်ဘက်အိုး တကောင်းဝိတ်မှန်တပ် အထွတ် ပတ္တမြားတရစ်စီ၊ ရွှေထွေးအင်၊ မြင်းကကိုင်းညောင်ရွက်ခုနစ် ရွှေဗုဇ္ဈန်ခွံမွှမ်း နင်းနှင်းသိပ်၊ ဆက်ပါးကာရွှေဝါဇပိန်း၊ ကတောင်ရွှေပိန်း၊ မြင်းကြိုးဦးခက် ထိပ်ဆောင်း မြီးပျမ်း

ရင်ပတ်ကြိုး ကတ္တိပါရွှေကြယ်တပ်၊စီးနှီးကတ္တိပါ၊ ကတ္တိပါတင်ရမ်း၊ ဆက်ရွှန်းသုံးဆင့် ရွှေယက်ပြားကွပ်၊ ဝေါပလာရွှေဝိန်း အတွင်းအနီသုတ်၊ ကျိုင်းနှစ် အထွတ်ရွှေဝိန်း၊ခေါးမိုးကြိုးစင် ကတ္တိပါမည်းသရီ အိတ်သွတ်၊ စလွယ် တဆွဲငါးသွယ်၊ ဆင်ပေါင်းဝန်းနက် အချက်ရွှေ၊ ကတောင်ရွှေပြည့်၊ ရဲကခွက် ရွှေတစုံ အနီနှစ်စု၊ ဆင်ခြေဖုံးမိုးနဲ့ရွှေလှံသုံးဆယ်၊ ဝတ်လုံဘဲရံ တဆင့်တပ်၊ ဗောင်း ကတ္တိပါနီ နဖူးစည်း ရွှေသားဇာဖောက် ရောင်ပြားခံ အထက်နား အောက်နား ပန်းတပ်၊ အလယ်သစ္စာပန်း ခုနစ်ပွင့်၊ သရက်ကင်း မြင်းနား ဇာဖောက်ပန်းတပ်၊ တမာရွက်ထောင် ရောင်ပြားခံ ဇာဖောက်ပန်းသတ်၊ စည်နီ ခုနစ်၊ ပုံသာကစ်၊ စည်ပုတ်တစ်၊ လင်းခွင်းတစ်၊ ငွေနဲကြိုးတစ်၊ ငွေနဲငယ်တစ်၊ ငွေခရာနှစ်၊ ပေါက်ချပ်တစ်၊ ဆံကွင်းဆံကျင်ကျောက်နှစ်ရစ်စီ၊ နဖူးစည်းဇာဖောက်ကျောက်နှစ်ရစ်စီ။

သားတော်ကောလင်းသားကို ရွှေကျပ်မြင်းမိုရ်ကြွတ်ခွက်အစုံ၊ လက်ဘက်အိုးလေးထောင့်၊ စလွယ်တဆွဲနှစ်သွယ်၊ ပေါက်ချပ်ဆံကွင်းဆံကျင်ပါ နဖူးစည်းဇာဖောက်ဆွဲ ပုလဲကိုးသွယ်၊ ရွှေထွေးအင်၊ ကျိုင်းရွှေချက်တစ်၊ မြင်းကကိုင်း ညောင်ရွက် ခုနစ် နင်းနှင်းသိပ်၊ ရွှေဝါအိမ်မြောင်ရင်ပတ်ကွင်း၊ ဆက်ပါးကာ ရွှေဇဝါဝိန်း၊ ကတောင် ရွှေရေး၊ တိုးရပ်ခြုံးသေးသွတ် အနား ဆံလေးသစ် ရွှေပိန်း၊ မြင်းကြိုးသက္ကလတ် ရွှေကြယ်တပ်၊ သက္ကလတ်တင်ရမ်း၊ ဆက်ရွှန်းသုံးဆင့် ပေးတော်မူသည်။

တပေါင်းလပြည့်ကျော်တရက် ကြာသပတေးနေ့ နှစ်ချက်တီးကျော်၊ တနာရီသုံးပါဒ်၊ ငါးဗိဇနာ၊ ပြန်ပြည့်၊ ခရာပြည့်တွင် သားတော်ပုသိန်မင်းသား မင်းရဲမြတ်စော၊လိုင်မင်းသား မင်းရဲမြတ်စွာ၊ ကောလင်း မင်းသား မောင်ရွှေအပ်၊ ကလေးမင်းသား မောင်ဘညိုတို့ကို မြေနန်းတော်ထက်တွင် သျှောင်ထုံးပေါက်ချပ်ဆင်တော်မူ၍ နားထွင်းတော်မူသည်။

သားတော်စကုမင်းသားကို သီရိမဟာဓမ္မရာဇာဘွဲ့၊ကာမမင်းသားကို သတိုးဓမ္မရာဇာဘွဲ့၊ ပုသိန်မင်းသားကို သုမ္မရာဇာဘွဲ့၊ လိုင်မင်းသားကို သတိုးမင်းဖျားဘွဲ့၊ ကောလင်းမင်းသားကို မင်းရဲမြတ်စွာဘွဲ့၊ ကလေးမင်းသားကို မင်းရဲမြတ်စော ဘွဲ့ကို ပေးတော်မူသည်။ ။သက္ကရာဇ် (၁၁၅၀) တထောင့်တရာ့ ငါးဆယ်ပြည့် နယုန်လဆန်း တဆွဲနှစ်ရက် သောကြာနေ့ ဟံသာဝတီရွှေမောဓောဘုရားထီး, မြို့လေးထောင့်စေတီတော်ထီးမျှားကို လုပ်စေသည်။

အောင်ပင်လယ်ကန်ကို ပြုစုတော်မူခြင်း-ငရုံ့မင်းပရိတ်ရွတ်ခြင်း စသည်နှင့် သားတော်ကောလင်းမင်းသားကို အစီးအနင်း ပေးတော်မူခြင်း

ဘဝရှင် မင်းတရားကြီးဘုရားလည်း အောင်ပင်လယ်ကန်ကိုပြုစုတော်မူလို၍ သားတော် မဟာဥပရာဇာ စသော မင်းညီမင်းသား မှူးတော်မတ်တော်တို့ကို အမိန့်တော် ရှိသည်ကား.... အောင်ပင်လယ်ကန်သည် ရှေးမင်းတို့ပြုစုရင်း ပယ်လေးသောင်းနှင့်တကွ အုံဘွယ်ရှစ်ပါးနှင့် ပြည့်စုံသည်၊ တကြောင်းလည်း တဝတီသာ မဟာသုဒဿနမြို့အရှေ့မြောက်ယွန်း မဟာဝန်ဥယျာဉ်ရေကန်ကဲ့သို့ ငါစံနေတော်မူသည့် မဟာအမရပူရ ရွှေမြို့တော်၏ အရှေ့မြောက်ယွန်း သေနာပတိဖြစ်၍လည်း အလွန်တင့်တယ်ခြင်း ဖြစ်သည်၊ သားတော်အစဉ် မြေးတော် အဆက် မြစ်တော် အညွှန့် အဓွန့်ရှည်စွာ တည်ထွန်းရစ်အောင် ပြုစုတော်မူမည်-အမိန့်တော် ရှိပြီးလျှင် ထိုနှစ် နယုန်လပြည့်ကျော် ခြောက်ရက်နေ့ အောင်ပင်လယ်ကန်သို့ ထွက်တော်မူပြီးလျှင် အောင်ပင်လယ်ရွာအရှေ့ သာယာစွာသော မြေအပြင်၌ သဘင်နန်းနှင့် စံနေတော်မူ၍ နောက်တော်တွင် ပါသည့် ရဲမက်တော်တို့ကို တာပေးဝေတော်မူသည်ကား....အောင်ပင်လယ်ရွာအရှေ့ လှိုင်းမဆည်ရိုး ဆင်ဖြူရှင် နတ်ကွန်းကသည် တောင်ကို တာငါးဆယ် အဖြောင့်သွားပြီးလျှင် အရှေ့သို့ချီ၍တာငါးရာကွာ ကန်တွင်းဆီးတောရွာအထိ၊ ၎င်းနတ်ကွန်းကသည် တာတထောင်ကွာ မြောက်သို့ အဖြောင့်သွားပြီးလျှင် ကန်ကောက်ရွာတွင် အနောက်သို့ တာနှစ်ဆယ်ချိုး၍ မြောက်သို့ အဖြောင့် တာရှစ်ရာကွာ ဘိုးတော်ဂူမန္တလေးတောင်စွယ်သို့အမိုက် စုစုတာပေါင်း နှစ်ထောင့် ငါးရာ့ ငါးဆယ်ကို နောက်တော်တွင်ပါသည့် ရဲမက်တော်တို့ကို တာပေးဝေတော်မူသည်၊ ရဲမက်တော်တယောက်လျှင် သံရှစ်သစ်စီသာရသောဟူ၏။

တာမှာရှိရင်း ကန်ရိုးကသည် ပြင်ကို တာတဆယ်ဖွင့်၍ အမြင့်နှစ်ဆဲ့ငါးတောင်, တာထိပ်နှစ်တာ ပုံပေး၍ ရဲမက်တော်အပေါင်းတို့ကိုအကြိုးအကြပ်ခန့်တော်မူပြီးလျှင် နေ့ညပြိုးပြေအောင် ဆည်ဖို့ကြရသည်၊ ၎င်းနတ်ကွန်းစင် မြောက် ငါးတာကွာ ရေပြွန်တလားမှာ အဝဆယ်တောင်, အနက်တဆဲ့ငါးတောင်, အလျှား ဆယ်တာမျှားကို အုတ်ရိုး အင်္ဂတေနှင့် သေချာကောင်းမွန်အောင် လုပ်ဆောင်ပြီးလျှင် အဖွင့်ကို ယန္တရား

စက်နှင့် ထားတော်မူသည်၊ ပုဂံမင်းယဉ်စော ပြုစုရင်း ပယ်လေးသောင်း ကိုလည်း တက္ကက်တကျင်းမလပ် တီထွင်၍ လမိုင်းအစုသားတို့ကို ချထား လျှင် လမိုင်းဝန်ခန့်တော်မူ၍ ရုံးနှင့်စီရင်ရသည်၊ ပြွန်မတော်အနောက် မြောက်ယွန်း တာတထောင်ခန့်တွင် ပကတိပယ်, မင်းပယ် နှစ်ရပ်တို့ကို တိုင်းတာ၍ မုတ်တံတိုင်း အုတ်ရိုး အင်္ဂတေနှင့် လုပ်ဆောင် ပြီးလျှင် အသယ်တွင်ဂူနှင့်ကျောက်စာရေးသားထားတော်မူသည်၊အရှေ့နွားလား တောင်ရိုး ရေတံခွန်ရေဆင်း,ကြွေဝန်းဆည်တော် ရေသွင်းနှစ်သွယ်ပေါင်း ဆုံ၍ ကန်တော်သို့ စီးဝင်ရောက်သည်၊ ပဒုမာကြာလည်း ပြွမ်းလျက် တာဝတိ်သာ၌ ဖြစ်သော နတ် ရေကန်ကဲ့သို့ ကျေးငှက် အပေါင်းတို့ ပျော်မြူးလျက် နေ့ညမဆိတ်မည်ဖြစ်လေ၏။

အောင်ပင်လယ်ကန်တော် အုံဘွယ်ရှစ်ပါးကား···· (၁) ကန်တော် အတွင်း၌ ကုန်းကိုးကုန်းရှိသည်လည်း တပါး။

(၂) နေ့ညမလပ် မိုးကြိုးသည်းစွာ မိုးလေးလရာသီပတ်လုံးရွာသော်လည်း ကန်တော်၌ရေမပြည့်ခြင်းလည်း တပါး။

(၃) ကန်ရာသီပုဏ္ဏမီ၌ အရှေ့တောင်ရိုးကရေတံခွန်ကျ၍ စီးဝင်လျှင် နာရီခြောက်ဆယ်နှင့် ပြည့်ခြင်းလည်း တပါး။

(၄) ရေပြင်မလပ် ပဒုမာကြာ ပြည့်ခြင်းလည်း တပါး။

(၅) ကျေးငှက်အပေါင်းတို့ ပျော်မြူးရာဖြစ်သည်လည်းတပါး။

(၆) လှိုင်းမဆည်ရိုးကလွန်သမျှရေသည် တိမ်,နက်,ကော,ဌမ်းသည် မရှိ တကျမ့်တည်း ညီသည်လည်းတပါး။

(၇) သားငါး ကျေးငှက် သတ္တဝါအပေါင်းတို့ ဘေးမဲ့ရာ ဖြစ်သည် လည်း တပါး။

(၈) တနှစ်သုံးသီး လွယ်ကာ လုပ်ဆောင်ရသည်လည်းတပါး။ ဤသို့ လျှင် မဟာသမုဒ္ဒြာ အုံဘွယ်ရှစ်ပါးနှင့် ပြည့်စုံသကဲ့သို့ အုံဘွယ် ရှစ်ပါး ဖြစ်သည်တည်း။

ထိုနှစ် ဒုတိယ ဝါဆိုလဆန်း သုံးရက် သောကြာနေ့ လွတ်တော် ရှေ့ဝယ် တန်ဆောင်းကြီးဆောက်၍ ဆရာတော် သံဃာတော်တို့ ငါးရုံ မင်းပရိတ်ကို ရွတ်ကြရသည်။ ။ကးလေးမြို့တောရ ဆင်ဖြူတော်ကို ယဉ် ကျေးအောင် ကျွေးမွေး ဖြည့်တင်းထားကြောင်းနှင့် ကလေး စော်ဘွားက ရွှေစက်တော်အောက် လျှောက်ထား ဆက်သသောကြောင့် အတွင်းဝန် မင်းကြီးနန္ဒကျော်ထင်, ဝန်ထောက် မိုးထားမြို့စား နေမျိုးကျော်စွာတို့ကို

ခန့်ထားဆောင်ယူစေသည်၊ ဆင်ဖြူတော်ကို အကြိုအယူ ဝါခေါင်လပြည့် ကျော်ကိုးရက် တနလ်ာနေ့ သားတော်မဟာဥပရာဇာကို နေပြည်တော်မှာ အစောင့်အနေ ထားတော်မူခဲ့ပြီးလျှင် ကြည်းကြောင်းကရောဝတီမြစ် တောင်ဘက်မြောက်ဘက် နှစ်ဆွဲလေးတပ်စီစဉ်လျက် ရေကြောင်း ထွက်တော်မူ၍ ငမြောကြီးရောက် ကြိုတော်မူသည်။ ။တော်သလင်းလပြည့် ကျော် သုံးရက် ကြာသပတေးနေ့ ဆင်ကျုံးနန်းတော်ဆောက်သည်။

သီတင်းကျွတ်လပြည့်ကျော်တရက် စနေနေ့ သားတော် မောင်ဘဲကြီးကို မြန်အောင်မြို့၊ သားတော် မောင်ခန်းကျော်ကို ညောင်ရမ်းမြို့ကို ပေးတော်မူသည်။

တန်ဆောင်မုန်းလဆန်း ဆယ်ရက် စနေနေ့ ဆင်ကျုံး နန်းတော်ကို သိမ်းတော်မူသည်။

နတ်တော်လဆန်း ခုနစ်ရက် သောကြာနေ့ တချက်တီးကျော်၊နှစ်နာရီ၊ တပါဒ်၊ နှစ်ဗီဇနာ၊ သုံးပြန်၊ ငါးခရာပြည့် ကောင်းမြတ်သော မင်္ဂလာအခါတော်တွင် ကလေးမြို့က ဆက်ရောက်သည့် ရတနာဆင်ဖြူတော်ကို ဦးခေါင်းဆေးတော်မူသည်။

နတ်တော်လဆန်း ရှစ်ရက် စနေနေ့ တချက်တီးကျော်၊ တနာရီ၊ နှစ်ပါဒ်၊ ကိုးဗီဇနာ၊ လေးပြန်၊ ခြောက်ခရာပြည့်၊ ကောင်းမြတ်သောမင်္ဂလာအခါတော်တွင် အခမ်းအနား ကြီးကျယ်စွာစီရင်တော်မူ၍ ပွဲသဘင်ကြီးစွာ ခံတော်မူပြီးလျှင် ဥပေါ်ပြောင်မွန်ဆင်ဖြူတော်, ရတနာပြောင်မွန်ဆင်ဖြူတော်,နာဂဝရဆင်ဖြူတော်များကို သိမ်းတော်မူသည့်နည်း ရတနာဆင်ဖြူတော်ကို သိမ်းတော်မူသည်၊ "ရတနာကုမုဒ်" ဟူသော ဘွဲ့ကိုလည်း တပ်တော်မူသည်။

ပြာသိုလပြည့်ကျော်ငါးရက် သောကြာနေ့ ပြည်ကြီးမွန်ဖောင်တော်တည်လုပ်သည်။

ပြာသိုလပြည့်ကျော် တဆဲ့တရက် ဗုဒ္ဓဟူးနေ့ ကောင်းမြတ်သောအခါတော်ဝယ် သားတော်ပြည့်မင်း၊ သမီးကော် ပြည်မိဖုရားတို့တွင် သမီးတော် ဖွားမြင်တော်မူသည်၊ ရွှေနန်းတော်သို့ ယူတော်မူပြီးလျှင် မြပုခက်တင်တော်မူ၍ ဆင်ဖြူ.ရှင်မယ်တော်-ဟူသော နာမံတော်ကို ပေးတော်မူသည်၊ တန်တားဦးငါးရွာကိုလည်း မှုံဘိုးပေးတော်မူသည်။အထိမ်းအယ အပ်တော်မူ၍ မြေးတော်ကို ရွှေနန်းတော်ထက်ဝယ် စံနေစေ၏။

တပ္ပိတ္ထဲလဆန်းခုနစ်ရက် တနလ်ာနေ့ သား‌တော်ကောလင်းမင်းသား မင်းရဲမြတ်စွာကို နားဆောင်းကြက်ရင်၊ ဓားမိုးကြိုးစင် သက္ကလတ်အိတ်နှီ သွတ်၊ ဗောင်းကတ္တီပါရွှေသားခုနစ်ပွင့်၊ အထက်အောက်နဖူးစည်း၊ တမာရွက်ထောင်၊ မွှောက်တိုရွှေပိန်း၊ ရွှေကုံးစိန်တောင်ကိုး၊ ရွှေထိပ်ရွှေထွတ်ငှက်မြတ်နားစိန်ပွင့် တဆွဲနှစ်၊ နေရောင်ကာပါးကာနားကာ မောက်ရှုပါလည်ကွေး ရွှေကာနောက်ကာ ကတ္တီပါ ယက်ပြေားတပ် ပေးတော်မူသည်။

နန္ဒာကန်ကို ဆည်ဖို့လုပ်ဆောင်၍ စေတီတော်များကို ရွှေချပြီး ထီးတင်ခြင်းစသည်နှင့် သားတော်များ ဘွဲ့ပေးခြင်း

ထိုနှစ် တပေါင်းလပြည့်ကျော်နှစ်ရက်သောကြာနေ့ သရက္ခန်ဥယျာဉ်တော်သို့ ထွက်တော်မူပြီးလျှင် သရက္ခန်ကန်တော်မြောက် ဥယျာဉ်တော်တွင် သဘင်နန်းနှင့်စံတော်မူသည်၊ ထိုအခါ သားတော် မဟာဥပရာဇာ စသော မင်းညီမင်းသား မှူးတော်မတ်တော်တို့ကို အဓိန့်တော်ရှိသည်ကား‌....မောင်းမကန်သည် ပုဂံ အလောင်းစည်သူမင်း တည်ထား‌သည်ကန် ဖြစ်သည်၊ ယခု ယိုယွင်းရှိသည်ကို ငါပြုစုတော်မူမည်၊ အောင်ပင်လယ်ကန်လည်း မန္တလေးတောင်-တောင်ကဆက်၍ရှိသည်၊ မောင်းမကန်မှာ မန္တလေးတောင်-မြောက်ကဆက်၍ ကုလား‌မတောင်သို့ဆက်မိအောင် ဆည်တား‌ရလျှင် ရွှေလောင်းမြောင်းရေသွင်း အရှေ့၊ ရေတံခွန်ရေကျ၊ ကြွေဝန်းဆည်ရေလာမျှား‌နှင့်ဖြစ်၍ ကန်ကြီးနှစ်ကန် ရေပြင်ချင်း‌စပ်မိသည့်ကာလ အမရပူရ ရွှေပြည်တော်ကြီးသည် ရေအပြင့်ဘွဲ့တင်ထား‌သကဲ့သို့ရှိ၍ အလွန်တင့်တယ်မည်၊ တကြောင်းလည်း မြို့တော်အရှေ့မျက်နှာရေတပြင်တည်းဖြစ်၍ ရန်သူအပေါင်းတို့ မလွှဲမရှား‌နိုင်ရာ၊ သို့ဖြစ်၍ နောက်တော်တွင်ပါသည့် ရဲမက်တော်အပေါင်းနှင့် ဆည်တော်မူမည်-အဓိန့်တော်ရှိပြီး‌လျှင် တာပေး‌ဝေတော်မူသည်ကား‌ - မန္တလေး‌တောင်ကို မြောက်ကဆက်၍ မြောက်သို့အပြောင့်တာ နှစ်ထောင်ကျော ကုလား‌မတောင်သို့ အဆိုက်၊ ကန်ရိုး‌အရှေ့ တဆွဲငါး‌တာ, အမြင့်သံတောင့်နှစ်ဆယ်, တာထိပ် နှစ်တာမျှား‌ကို နောက်တော်တွင်ပါသည့် ရဲမက်တော်တို့တွင် အသီး‌အသီး အကြီး‌အကြပ်ခန့်တော်မူ၍ ဆည်ဖို့ကြရသည်၊ ရေပြွန်တလား‌မှာအဝန်းတာ,အနက်တဆွဲငါး‌တောင်,အလျား‌ဆယ်တာမျှား‌ကို အုတ်ရိုး‌အင်္ဂတေမျှား‌နှင့် ကောင်းမွန် သေချာအောင်

လုပ်ဆောင်၍ အဖွင့်ကို ယန္တရားစက်နှင့် ထားတော်မူပြီးလျှင် နန္ဒာဂန်ဟု ကမ္ဘည်းစိုက်တော်မူသည်၊ စံနေတော်မူသည့် ဥယျာဉ်တော်ကိုလည်း နန္ဒဝန်ဟု ကမ္ဘည်း စိုက်တော်မူသည်၊ အရှေ့တောင်ရိုး ရေလာရေကျ၊ ရွှေလောင်း မြောင်းတော် ရေသွင်းများက မပြတ် စီးဝင် ရောက်သည်၊ ကန်တော်ရေသောက် ပယ်နှစ်သောင်းကိုလည်း လမိုင်း အစုသားတို့ကို ချထားလုပ်ဆောင်စေသည်၊ အောင် ပင်လယ်ကန်တော်အရှေ့သို့ လှည့်သည့် ကန်ရိုးကကို မြောက်ကိုနန္ဒာဂန်ရိုး ကုလားမတောင်သို့အဆိုက်၊ မန္တလေးတောင်ခြေကသည် အရှေ့ကို ရန်ကင်းတောင်အဆိုက် ရေပြင်ဖွေးဖွေး လှိုင်းတံဝိုးထလျက် မဟာသမုဒ္ဒြာကဲ့သို့ ဖြစ်လေ၏။

တပေါင်းလပြည့်ကျော် တဆဲ့ငါးရက် ကြာသပတေးနေ့ ရွှေမြို့တော်လေးထောင့် စေတီတော်လေးဆူ အလုပ်အဆောင် အလုံးစုံပြီးပြေလျှင် ချရာသီးကသည် မြေတိုင်အောင် ရွှေထည့်တော်မူ၍ ရွှေထီးအထွတ်တင်လှူတော်မူပြီးလျှင် နရပတိစည်သူမင်းကြီးကောင်းမှုဖြစ်သော စံကားကိုးဝိုင်းအဝင်, အလောင်းစည်သူမင်းကြီး ကောင်းမှုဖြစ်သော သရက္ခန်ငါးဝိုင်းအဝင် ရပ်တုတော်များကို ပင့်ဆောင်တော်မူ၍ အရှေ့မြောက်ထောင့်အရပ်၌ နရပတိစည်သူမင်းကြီး ကောင်းမှု၊ စံကားကိုးဝိုင်းအဝင် ရွှေကွန်အုပ် ဘုရား၊ အရှေ့ တောင်ထောင့် အရပ်၌ ရွှေစံကားဘုရား၊ အနောက်တောင်ထောင့်အရပ်၌ ရွှေလင်းပင်ဘုရား၊ အနောက်မြောက်ထောင့်အရပ်၌ အလောင်းစည်သူမင်းကြီး ကောင်းမှု သရက္ခန် ငါးဝိုင်းအဝင်ဖြစ်သော ဆန်ကျိုး ရွှေဂူဘုရား၊ ရပ်တုတော်များကို သွင်းထားကိုးကွယ်တော်မူသည်၊ အရည္ဝါသိပုဂ္ဂိုလ်, ဂါမဝါသိပုဂ္ဂိုလ်,အရိယာသံဃာတော်တို့ကိုလည်း ရဟန်းတို့အသုံးအဆောင်ကို များစွာလှူတော်မူ၍ ပွဲသဘင်ကြီးစွာ ခံတော်မူ၏။

သက္ကရာဇ် (၁၁၅၁) တထောင့် တရာ့ ငါးဆဲ့ တခု ကဆုန်လဆန်း ရှစ်ရက် စနေနေ့ တရပ်ဥဒည်ဘွားက သကျမုနီ ရပ်တုတော်, စွယ်တော်ပွားများကို ပင့်ဆောင် ဝိုရောက်လာသည်ကို ကိုယ်တော်တိုင် မြစ်ညာအုန်းတစည်ရောက် ကြိုတော်မူပြီးလျှင် ရတနာရွှေပန်းတောင်းနှင့်ခံတော်မူ၍ ဘုံကိုးဆင့်ရှိသော ရန်နိုင်လှော်ကားတော်ထက် တင်ဆောင်ပင့်ယူတော်မူ၏။

ကဆုန်လပြည့်ကျော်နှစ်ရက် တနလ်ာနေ့ သား‌တော်ကောလင်းမင်းသားကို ဗောင်းကတ္တီပါနီ၊ ရွှေသားပန်းကိုး၊ တမာ ရွက်ထောင်ကိုး ပေးတော်မူသည်။

ဝါခေါင်လပြည့်ကျော် ခြောက်ရက် ဗုဒ္ဓဟူးနေ့ ပြည်ကြီးမွန် ဖောင်တော်ကို သိမ်းတော်မူသည်။

တော်သလင်းလဆန်း တဆဲ့လေးရက် ကြာသပတေးနေ့ အလယ်နန်းမိဖုရား သီရိမဟာနန္ဒာဘိ ရတနာဒေဝိ နတ်ရွာစံသည်ကို ရွှေဝါနှင့် ထွက်တော်မူ၍ လွှတ်တော်အရှေ့မြောက် နန်းမြို့တွင်းမှာ သင်္ဂြိဟ်တော်မူသည်။

တော်သလင်းလပြည့်ကျော် ကိုးရက် တနင်္ဂနွေနေ့ သား‌တော် ပုသိန်မင်းသားကို သမြင်တုံမြို့ကို ထပ်၍ ပေးတော်မူသည်။ ။သီတင်းကျွတ်လပြည့်ကျော် ငါးရက် သောကြာနေ့ သား‌တော် လိုင်မင်းသားကို လိုင်မြို့နှင့်လဲ၍ ပင်းတလဲမြို့ကို ပေးတော်မူသည်။

တန်ဆောင်မုန်းလဆန်း တဆဲ့တရက် ကြာသပတေးနေ့ သိဟိုဠ်ကျွန်းက ရှင်ဝရကာလန္တေ ရောက်သည်။

တပို့တွဲလဆန်းဆယ်ရက်နေ့ ဟံသာဝတီရွှေမော်ဓောဘုရားထီး‌တော်ကို ရွှေဖောင်‌တော်မှာ တင်ပြီးလျှင် မြင်းမူး မင်းရဲ မင်းလှကျော်ထင်, အမြောက်ဝန် နေမျိုးဇေယနော်ရထာတို့ကို ကြပ်မစေ၍ ပွဲသဘင်စုံနှင့် ဟံသာဝတီမြို့သို့ ပို့စေသည်။

တပို့တွဲလပြည့်ကျော် သုံးရက် သောကြာနေ့ သား‌တော်မြန်အောင်မင်းသား မောင်ဘဲကြီးကို သတိုး မင်းရဲကျော်ခေါင်ဘွဲ့၊ သား‌တော် မောင်ဘဲငယ်ကို မင်းရဲစည်သူဘွဲ့၊ သား‌တော် ညောင်ရမ်းမင်းသားကို သတိုး မင်းရဲရွှေတောင်ဘွဲ့၊ သား‌တော် မောင်ရွှေလွှတ်ကို သတိုးမင်းရဲကျော်စွာဘွဲ့၊ သား‌တော် မင်းသားမောင်မောင်ကို သတိုးမင်းရဲနရာဘွဲ့ကို ပေးတော်မူသည်။

ကလေးစော်ဘွားက နောက်ဆက်သည့် ဆင်ဖြူတော်ကို အဆောင်အယူ အနောက်ဘက် တိုက်ဝန် မဟာ မင်းလှကျော်စွာ, ဝန်ထောက်မြောင်းလှမြို့စား နေမျိုးရာဇကျော်ထင်, စာရေးကြီးနန္ဒကျော်သူတို့ကို ခန့်ထားဆောင်ယူစေသည်၊ မဟာမင်းလှကျော်စွာ, နေမျိုးရာဇကျော်ထင်, နန္ဒကျော်သူတို့လည်း မင်းခင်းမြို့ဆိပ်တွင် နှစ်စင်းတဲ့ဖောင်တော်ဆောင်အမိုးသုံးထပ်လုပ်၍ဆောင်ယူခဲ့သည်၊ဆင်ဖြူတော်ကို (၁၁၅၂)တထောင့်

တရှာငါးဆဲ့နှစ်ခု တပို့တွဲလပြည့်ကျော်ငါးရက်နေ့ မြောင်ရွာ စင်ရော်ကျွန်းရောက် ရေကြောင်းထွက်တော်မူ၍ ကြိုယူတော်မူသည်။

အသောကာရာမတိုက်ကို မောင်းထောင်ဆရာတော်လှူခြင်းနှင့် ရွှေမော်ဝေဘုရားထီးတင်၍ မဟာမုနိဘုရားကို ရွှေသင်းကျစ် လှူတော်မူခြင်း

သက္ကရာဇ် တထောင့်တရာ့ငါးဆဲ့နှစ်ခု ဝါဆိုလ ရွှေမြို့တော်မြောက်တာ တထောင်ကျော်ကွာ မဟာမုနိ ဘုရားရှင် မဟာရုံ တံတိုင်းပြင် လက်ယာဘက် တာလေးဆယ်ခန့်တွင်ဆောက်လုပ်သည့် ကျောင်းတော်ကြီး တိုင်စည် တွင်းဝန်းသည်မှာ.... တောင်မြောက် ရှေနောက် တိုင်စည်အကုန် မြောင်းအကျယ် ငါးတောင်, အနက်ခုနစ်တောင်တူး၍ သစ်ကြိုးကို ထု ကတောင့်လေးသစ်, ပြက် တတောင့်လေးသစ် ပြုပြီးလျှင် မြောင်းအတိုင်း ဆက်ကာခင်းထား၍ မြောင်းဆုံများတွင် အံချ၍ စရွှေးပေါက်အကျယ် နှစ်မိုက်ဖောက်ပြီးလျှင် တိုင်စည်အတိုင်း တွင်းကို အုတ်အင်္ဂတေ သရွတ်နှင့် တွင်းဝန်းပြု၍ တိုင်မြေ စရွှေးပေါက်နှင့်ချည်း ထူမတ်ပြီးလျှင် တွင်းကို အင်္ဂတေသွတ်ရသည်၊ ကျောင်းတော် ခေါင်ဘုံကွန်းမခုနစ်စည်စိ၊ ဝဲယာကွန်းငယ်ခုနစ်စည်စိ၊ ရှေနောက် ယွန်းဆက်ကွန်းနှစ်စည်စိ၊ ယွန်းဆက်ပါကွန်းတဆဲ့တစည်၊ သည်မဝဲယာတိုင်နှစ်စည်စိ၊သည်ထွေးဝဲယာ တိုင်နှစ်စည်စိ၊ မြေကသည် အထက်ကြမ်းထိ သံတောင် နှစ်ဆယ်၊ အမိုးစမြင် လေးမျက်နှာလှည့်၍ အခန်းစေ့ မုတ်တံခါးနှင့်ချည်းထားတော်မူသည်၊ ရှေနောက် အမိုးမုတ်ကြိုးလေး၊ မှန်ကင်းရှစ်ဆူ၊ မင်းတက် အရှေ့လေ့ကားတဆူ၊ တောင်လေ့ကားနှစ်ဆူ၊ မြောက်လေ့ကားနှစ်ဆူ၊ အနောက်လေ့ကား တဆူ၊ ပေါင်းအုတ်လေ့ကား ခြောက်ဆူ၊ အလယ် ကွန်းစည်တွင် တောင်မြောက် မာရဘင်ဆီး၍ ဥကင်ရာဇပလ္လင်နှင့် မြတ်စွာဘုရား သီတင်းသုံး နေတော်မူဟန် ရုပ်တုတော်ထားတော်မူသည်၊ ဥကင်ဝဲယာ ထီးဖြူတော်လေးချက် သွင်းထားသည်၊ မာရဘင်အနောက် ကွန်းစည်လယ်တွင် ဝေဇယန် ဘုံခုနစ်ဆင့်နှင့် ဂန္ဓကုဋိတိုက်ထားတော်မူသည်၊ အမိုးခဲမဖြူအုတ်ကြွပ်-အမွှမ်းခြင်ဝိတ်အတွင်းပြင် ရွှေပိန်း၊ အထက်လည် နှစ်ဆင့်မှစ၍ အတွင်းမာရဘင်အရှေဘက် အနောက်ဘက် ရွှေပိန်းထည့်တော်မူသည်၊ကျောင်းတော်စမြင်ခန်းခုနစ်ဆဲ့ခြောက် မုတ်တံခါးတိုင်း ပိတ်ထားသော်လည်း မှောင်မရှိ၊ တောင်မြောက် ရှေ

နောက် အကာ မှန်အိမ်တိုင်စည်၊ အမိုးရနယ် မျက်နှာကြက်များက ရွှေရောင်ချင်းကူး၍ ထွန်းသင်းလေ၏။

ကျောင်းတော်အရှေ့ အတွင်း မုတ်တံခါး တောင်ဘက်တွင် ရွှေပြာသာဒကြီးတစ်၊ ၎င်းအရှေ့မြောက်ထောင့်တွင် ရေကန်ကြီးတစ်၊ ကျောင်းတော်မြောက် ပြင်မုတ်တံခါးကြီးအတွင်း အနောက်ဘက်တွင် ဆွမ်းစားကျောင်းကွန်းငါးစဉ်နှင့် လေးထပ်ဆောက်၍ ရွှေပိန်းထည်တော်မူသည်။ ကျောင်းတော်ဆောင်မကို တိုင်ပေါင်း နှစ်ရာ့နှစ်ဆယ်နှင့် စုစုတိုင်လေးရာ့လေးဆဲ့နှစ်၊ တံတိုင်းမီးတာန်းနှစ်ထပ်၊ အတွင်းပြင်မုတ်ကြီးရှစ်မျက်နှာ၊ ကျောင်းတော်ကြီး အလုပ်အဆောင် အလုံးစုံ ပြီးဖြေလျှင် သက္ကရာဇ် (၁၁၅၁) တထောင့်တရာ့ငါးဆဲ့တခု တပေါင်းလဆန်း တဆဲ့လေးရက် စနေနေ့ ကျောင်းတိုက်ကို အသောကာရာမတိုက်, ကျောင်းတော်ကို ရတနာဘုံကျော်သမိုက်တော်မူပြီးလျှင် အရည်ဝါသီပုဂ္ဂိုလ်,ဂါမဝါသီပုဂ္ဂိုလ်, အရိယာသံဃာတော်မြတ်တို့အား ပရိက္ခရာရှစ်ပါးနှင့် တကွ ရဟန်းတို့အဆုံးအဆောင်ကို များစွာ လှူတော်မူ၍ မောင်းထောင် ဆရာတော်ဉာဏာဘိဝံသမဟာသေနာပတိ မဟာမဟ ရာဇာဓိ ရာဇဂုရု-အား တင်လှူတော်မူသည်၊ ရက်ပေါင်းခြောက်ဆယ် တိုင်တိုင်လည်း မှူးတော် မတ်တော် သူရဲသူခက် ပြည်သူပြည်သား အပေါင်းတို့ကို အသဒိသအလှူကြီးကို ပေးတော်မူသည်၊ ပွဲသဘင်ကြီးစွာ ခံတော်မူ၍ ကျောင်းတော်ကို တင်လှူတော်မူသည်။

၎င်းနေ့ ကျောင်းတော်ကြီးကို ရေစက်သွန်းတော်မူသည်နှင့် တချိန်တခါတည်း ဟံသာဝတီ ရွှေမော်ဓောဘုရား ထီးတော်ကိုလည်း ဝန်ကြီး မဟာသီဟသူရနှင့် မြင်းမူးမင်းသား မင်းရဲမင်းလှကျော်ထင်, အမြောက်ဝန် နေမျိုးဇေယနော်ရထာတို့ ကြပ်မံ၍ တင်ကြရ၏။ ။သက္ကရာဇ် (၁၁၅၂) တထောင့်တရာ့ငါးဆဲ့နှစ်ခု တော်သလင်းလပြည့်ကျော်တဆဲ့တရက် စနေနေ့ မဟာမုနိဘုရားရှင်ကို ရွှေသင်းကျစ် လှူတော်မူသည်။

တရုပ်ဥဒည်မင်းက လက်ဆောင်တော်များနှင့် မင်းသမီးသုံးပါး ဆက်သခြင်း၊ ကျောင်း, သိမ်, ပိဋကတ်တိုက်များကို ရေစက်သွန်းချခြင်း စသည်များ

၎င်းလပြည့်ကျော် တဆဲ့လေးရက် အင်္ဂါနေ့ တရုပ် ဥဒည်မင်းက အဘိုးအတိုင်းမသိထိုက်သော ပုလဲလုံးရေတရာ့ရှစ်, အာနီမူးပြည့်အချက်

အထွတ်သရဘူတပ်နှစ်, အထူးထူးသော ထည်မျိုး အုပ်မျိုးများစွာ လက်ဆောင်တော်များနှင့် မင်းသမီးသုံးပါးကို အဆက်အသ ဝန်ကြီးသား ကျိုဝန် ရင်တာရည်, လက်ယာကြောင်းဗိုလ် ပယ်တာရည်, မိုးမြင်းမြို့ဝန် တူတာ လောရည်, ဗိုလ်မှူး ရင်လော့ရဲ, ရီလောရဲ, စင်လောရဲ, လီလောရဲတို့နှင့် လူပေါင်းတထောင်ကျော် တော်သလင်းလဆန်းတရက်နေ့ မိုးဝန်းမြို့သို့ ရောက်ကြောင်း ဗန်းမော် စော်ဘွားက ဆီးကြိုမည့် အကြောင်းများနှင့် ဝန်ကြီးသားရင်တာရည်တို့က ဗန်းမော်စော်ဘွားသို့ စေပါ လာရောက်ကြောင်းများကို ဗန်းမော်စော်ဘွားက အလျှောက်အထား ရောက်သည်တွင် တရုပ်ဥဒည်မင်းက ဆက်သည့် လက်ဆောင်တော် သမီးကညာများကို ဗန်းမော်စော်ဘွားက ကြိုဆို ဆောင်ယူစေ-အမိန့်တော်ရှိသောကြောင့် လာသူလူတို့ကို မှာထားပြန်စေသည်၊ ဗန်းမော်စော်ဘွားလည်း တရုပ် ဥဒည်မင်းက ဆက်သသည့် သမီးကညာလက်ဆောင်တော် များကို ကြိုဆို ဆောင်ယူစေ၍ လွယ်လိုင် စခန်းသို့ ရောက်လျှင် ရင်တာရည်, ပယ်တာရည်, တူတာလောရည်တို့ ပြန်ကြသည်။ မင်းသမီးသုံးပါးနှင့် လက်ဆောင်တော်များကို ဗန်းမော် စော်ဘွားက အကြိုအဆို ခန့်ထားသူတို့နှင့်အတူ ရင်လောရဲ, ရီလောရဲ, စင်လောရဲ, လီလောရဲတို့ ကြပ်မဆောင်ယူလာခဲ့၍ ဗန်းမော်မြို့သို့ ရောက်လျှင် ဥဒည်မင်းကဆက်သသည့်သမီးကညာနှင့် လက်ဆောင်တော် ဗန်းမော်မြို့သို့ရောက်ကြောင်းကို ခြေရင်းတော်သို့ အလျှောက်အထားရောက်သည်တွင် တိုင်းကြီး ပြည်ကြီး များက သမီးကညာ လက်ဆောင်တော် ရောက်သည်များကို ကြိုဆိုဆောင်ယူသည့်နည်းကြိုဆိုဆောင်ယူစေ-အမိန့်တော်ရှိ၍ မင်းသမီးသုံးပါးကို တင်ရန် တိုးရပ်ဖောင် ဦးပဲ့ရွှေပိန်း၊အမိုးသုံးထပ် ကုန်းစရပ်မွမ်း၊ အမွမ်းခြင်ဝိတ် အနီသုံတ် အတွင်းပိတ်ကြက်ကို လှော်ကားနီလက်ပြည့်လေးစင်း, လောင်းနီလက်ပြည့် ခြောက်စင်းငင်စေသည်၊ မင်းသမီးသုံးပါးတို့အထိမ်းအယ အခြေအရံတို့ စီးရန်ယွန်းဆက်ဖောင်တစ်၊ လက်ဆောင်တော်တင်ရန် ယွန်းဆက်ဖောင်တစ်၊တရုပ်ဗိုလ်မှူးတို့စီးရန် စကြောဖောင်နှစ်၊ မင်းသမီး သုံးပါးကို သနားတော်မူရန် ဘဏ္ဍာတော်တင် စကြောဖောင်တစ်များနှင့် အကြပ်အမ အထုံးအမြိတ်ကတော်မယားတို့ကိုအုပ်ကွပ်၍ ဝန်ကြီးဝန်ထောက်တို့ အကြိုအယူသွားကြရသည်၊ ရွှေမြို့တော်အနောက် ရန်အောင်ဆိပ်တွင် မင်းသမီးတို့ ရပ်တင်းရန် တဲကြီးကျယ်စွာ ဆောက်လုပ်ရသည်၊ ရွှေနန်းတော်မှာလည်း

မင်းသမီးတို့နေရန် သုံးထပ်ဇေတဝန်ဆောင် တစ်၊ နှစ်ထပ် လည်ပေါ်ဆောင် နှစ် လုပ်ရ၏။

အကြို့အယူခန့်သည့်ဝန်ကြီးဝန်ထောက်တို့လည်း ဗန်းမော်မြို့သို့ရောက်လျှင် မင်းသမီးသုံးပါးနှင့် လက်ဆောင်တော် များကို တန်ဆောင်မုန်းလဆန်း တရက် သောကြာနေ့ ဆောင်ယူခဲ့၍ ၎င်းလဆန်း ရှစ်ရက်နေ့ ရန်အောင်ဆိပ်သို့ ရောက်လျှင် ဆောက်လုပ်ထားသည့်တဲမှာ မင်းသမီးသုံးပါးတို့ နေရသည်။

တန်ဆောင်မုန်းလဆန်း တဆဲ့တရက် တနင်္လာနေ့ မင်းသမီးသုံးပါးကို ရတနာကန္ဒားသုံးဆူတွင်တင်ပြီးလျှင် မိဘွေးတော် ဒလမြို့စား အသနားတော်ခံရသည့် အစီးအနင်း အဆောင်အရွက်များနှင့်ကျင်းပ၍ ကြင်မဆောင်ယူစေသည်၊ ကတော်မယား တို့လည်း အသနားတော် ခံရသည့် မုတ်လုကန္ဒားပေါင်းယဉ်သန်လျင်းတို့နှင့် ကျင်းပခြံရံလိုက်ကြရသည်၊ ရွှေမြို့တော် အနောက်မျက်နှာ စည်ရှင်တံခါးတော်ကသည်၊ ရွှေနန်းတော် အနောက်တံခါးကသွင်း၍ အဆက်အသခံတော်မူပြီးလျှင် မင်းသမီးသုံးပါးတို့ နေရန်ဆောက်လုပ်ထားသည့် နန်းတော်များတွင်နေကြရ၏။

တန်ဆောင်မုန်းလဆန်း တဆဲ့သုံးရက် ဗုဒ္ဓဟူးနေ့ မင်းသမီးသုံးပါးကို ဆောင်ယူ ဆက်သသော သူ ရင်လောရဲ, ရီလောရဲ, စင်လောရဲ, လီလောရဲတို့ကို ဥဒည်မင်းကဆက်သည့် လက်ဆောင်တော် များနှင့် တကွ သံအကြီးအကြပ်ခန့်သူ မှူးတော် မတ်တော်တို့ ကြီးကြပ်၍ ရွှေမြို့တော် အနောက်စည်ရှင်တံခါးက သံတို့လာမြဲ လမ်းအတိုင်း ရွှေနန်းတော်ကို လက်ယာရစ်လှည့်၍ လာခဲ့စေသည်၊ ရွှေရုံးတော်သို့ ရောက်လျှင် ရုံးဦးနှယောင်ခန်းတွင် နေစေသည်၊ မင်းညီမင်းသား မှူးတော် မတ်တော်တို့လည်း အနားတော်ခံရသည့် အဆောင်အရွက်အဝတ်အဆင် အစီးအနင်းများကို ဝတ်ဆင်ဆောင်ရွက် ကျင်းပခြံရံ၍ အတွင်းတော် နေရာတော်သို့ ဝင်ကြရသည်၊ ဓဲလျှင် အိမ်ရှေ့မင်း ဝင်တော်မူသည်၊မြေနန်းနေရာတော် ဝယ် အတက်အရောက်စုံညီလျှင် လက်ဆောင်တော်များကို ရွှေထား၍ တရုပ်ဗိုတ်မှူးတို့ကို အကြပ်အမနှင့် ဝင်စေ၍ မြေနန်းတော် မြောက်လှေကားက တက်စေသည်၊ လက်ဆောင်တော်များကို မြေနန်းတော်ရှေကခင်းထားရသည်။

အရှင်မိဖုရားခေါင်ကြီးမှာလည်း ဃနမတ္ထကရုတနာ တန်ဆာတော်ဆင်တော်မူပြီးလျှင် မင်း မိဖုရား, မင်းကိုယ်လုပ်တော်အပေါင်း ခြံရံလျက်

ထွက်တော်မူသည်၊ ဥကင်တံခါးတွင် မင်းသမီးတို့ ဥကင်တော်ရွက်ရှင်ကို ဖွင့်၍ သီဟာသနရာဇပလ္လင်တော်ထက် အရှင်မိဖုရားခေါင်ကြီးနှင့် တကွ စံနေတော်မူသည်၊ တရပ်မင်းသမီး သုံးပါးကို ရာဇပလ္လင်တော် အတွင်း နေရာတော်တွင် နေစေသည်၊ ရာဇပလ္လင်တော်သို့ တက်တော်မူမိလျှင် ထွက်စည်တော် သုံးဘန်ချို-သုံးဘန်ချ ရွှမ်းရသည်၊ ပွဲသဘင် စုံလည်း တီးမှုတ် ကြရသည်၊ ငြိမ်သက်လျှင် ဘိသိက်တော် ရှစ်ပါး ပုဏ္ဏားတို့ ဘိသိက်တော်ကို ဆက်မြဲဆက်ရသည်၊ ဘိသိက်တော် ပန်းရေများကို နဝရတ်စိန်ရွှေဖလားနှင့် စားတော်ကွမ်းရေကိုင် သီရိဇေယနော်ရထာခံ ရသည်၊ ပြီးလျှင် ဘုရားခုနစ်ဆူအလှူတော်ကို နာခံတော်ကျော်စွာနော် ရထာလျောက်ရသည်၊ အလှူတော်ကို ကောင်းမွန်အောင် ကြီးကြပ်တင် လှူစေ-အမိန့်ဟော်ရှိ၍ နာခံတော်ပြေ့ကြီးမှူးက ရွှေတိုက်ဝန်သို့အမိန့် တော်ကို ပြန်သည်၊ ရွှေတိုက်ဝန်က ရွှေတော်ပြေးမှူးကိုဆင့်၍ စည်တော် ရွှမ်းလျက် အလှူတော်ကို ဆောင်ယူ ထွက်သွားရသည်၊ ငြိမ်သက်လျှင် လက်ဆောင်တော်ဆက်စာကို သံတော်ခံ သီဟကျော်စွာ ဖတ်လျောက်ရ သည်၊ ပြီးလျှင် ရင်လောရဲ, ရိုလောရဲ, စင်လောရဲ, လိလောရဲတို့ တရပ် ပြည်ကြီးက အမရပူရရွှေပြည်တော်သို့ လာခဲ့သည်၊ မည်မျှရက်လ ကြာ သနည်း၊ အမိန့်တော်ကို နာခံတော်ပြေ့ကြီးမှူးက တရပ်စကားပြန် သီဝရာမကျော်ထင်ကိုဆင့်၍ သံတို့ကိုပြောဆိုရသည်၊ သံတို့က ဘုရား ကျွန်တော်တို့ တရပ်ပြည်ကြီးက ရွှေဘဝါးတော်အောက်သို့ ရွှေဘုန်း တော်မြတ်ကြောင့် ရက်ပေါင်းကိုးဆဲဝါးရက်နှင့် ရောက်ပါသည်ဘုရား၊ သံတို့ သံတော်ဦးတင်ချက်ကို စကားပြန်က နာခံတော် ပြေ့ကြီးမှူးသို့ ဆင့်၍ ပြေ့ကြီးမှူးကလျောက်ရသည်၊ ရင်လောရဲ, ရိုလောရဲ, စင်လော ရဲ,လိလောရဲတို့ တရပ်ပြည်ကြီးက လာသည့်ကာလ အဆွေတော်ဥဒည် မင်းမှစ၍ မိဖုရား, သားတော်, သမီးတော်, ဆွေတော်မျိုးတော်တို့ခံသာ ပါ၏လော အမေးတော်ရှိသည်ကို နာခံတော်ပြေ့ကြီးမှူးက စကားပြန် တရပ်တို့ကို အဆင့်ဆင့် ပြန်ဆိုမြဲပြန်ဆိုလျှင် သံတို့က ဘုရား့ကျွန်တော် တို့ ရွှေဘဝါးတော်အောက် လာသည့်ကာလ အဆွေတော် ဥဒည်မင်း ကိုယ်မှစ၍ မိဖုရား, သားတော်, သမီးတော်, ဆွေတော်မျိုးတော်တို့ ခံ့ သာပါ၏ဘုရား၊ ရှိခိုးသံတော်ဦးတင်သည်ကို စကားပြန်က နာခံတော် ပြေ့ကြီးမှူးသို့ ဆင့်၍ လျောက်မြဲလျောက်ရသည်၊ ပြီးလျှင် ရွှေပြည်တော် ဝယ် အကြောင်းခပ်သိမ်းမျိုးကို ဥဒည်မင်းကြားသိချင်လိမ့်မည်၊ ရင်လော

ရဲ, ရီလောရဲ,စင်လောရဲ, လီလောရဲတို့အလျင်အမြန် ပြန်သွားစေ-အဓိန္ဒ တော်ရှိသည်ကို နာခံတော် ပြေ့ကြီးမှူးစကားပြန်တို့က သံတို့ကို ပြန်မြဲ ပြန်ဆို၍ ဦးညွတ်ကြရသည်။

ဥဒညီမင်းကဆက်သည့်မင်းသမီးအကြီး တာကူငြင်ကို-သီရိမဟာဂန္ဓာ ရဒေဝီ၊ မင်းသမီးအလတ် ဇကူငြင်ကို-သီရိမဟာပဒ္မာဝတီဒေဝီ၊ မင်းသမီး အငယ် သံကူငြင်ကို-သီရိမဟာဂန္ဓာ စန္ဒာဒေဝီ-ဟူသော ဘွဲ့အမည်ကို ပေးတော်မူသည်၊ တောင်ဝိုင်မြို့ကိုလည်း ကံကျေးခံ ပေးတော်မူသည်၊ ပြီးလျှင် သံလေးယောက်တို့ကို တယောက်လျှင် ငွေချိန် ခွက်တဆယ်, သက္ကလတ်ခြိုထည်တစ်, ပုဝါထည်အုပ်၊ သရက်ထည်အုပ်, ဘဲဗောင်းဘီ, သင်းဘောကော်ဇော အခြားစီ ပေးတော်မူသည်၊ ပြီးလျှင် ငွေမောင်း ငါးချက်ခတ်၍ ဝင်စည်တော်ကို ရွှမ်းလျှင် ဝင်တော်မူသည်၊ ပြီးလျှင် သံတို့ကို အလျင်ဆင်းစေ၍ ရွှေရုံးတော်က နေမြဲ ရပ်နေစေသည်။ ။ မင်းညီမင်းသား မှူးတော်မတ်တော်ထွက်၍စမှ သံတို့ လာမြဲလမ်းအတိုင်း သံတဲသို့ပြန်သွားစေသည်၊ တန်ဆောင်မုန်းလပြည့်ကျော် ကိုးရက် တနင်္ဂနွေနေ့ တရုပ်သံတို့ကို ဥဒညီပြည်သို့ ပြန်သွားစေ၏။

နတ်တော်လဆန်း တဆိုင်းရက် တနင်္ဂနွေနေ့ ဆင်ကျိုးရွှေဂူဘုရား ရှင် အရှေတောင်ယွန်းတွင် ပိဋကတ်တိုက်တော်၊ မဟာမုနိ ဘုရားရှင် အရှေတောင်ယွန်းတွင် ယင်းတော်မိဖုရားက ဆောက်လုပ်သည့် သိမ် ပြာသာဒ်၊ ဆင်ကျိုးရွှေဂူဘုရားတံတိုင်းတွင်း လှိုင်းတက်မိဖုရားက ဆောက် လုပ်သည့် သိဒ်စရပ်၊ ဘုရားဦးရွှေစရပ်၊ ဆင်ကျိုးရွှေဂူဘုရားတောင်တွင် မြောက်ရွှေရေးဆောင် မိဖုရားက ဆောက်လုပ်သည့် သုံးထပ်ဇေတဝန် ကျောင်းတော်များ ဆောက်လုပ်ပြီးပြေလျှင် ကျောင်းတော်ကို စံကျောင်း ကမ္ဘည်းစိုက်တော်မူ၍ အရည္ဝါသီပုဂ္ဂိုလ်, ဂါမဝါသီပုဂ္ဂိုလ်, အရိယာ သံဃာတော်တို့အား ပရိက္ခရာရှစ်ပါးနှင့်တကွရဟန်းတို့အသုံးအဆောင် ကို များစွာလှူတော်မူပြီးလျှင် စံကျောင်းတော်ကို ဉာဏာဘိဝံသ ဓမ္မသေ နာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု-ဆရာတော်အား တင်လှူတော်မူသည်၊ ပိဋကတ်တိုက်တော်, သိမ်ပြာသာဒ်စသောစရပ်တော်များကိုလည်း ကိုယ် တော်တိုင် ရေစက်သွန်းချလှူတော်မူသည်၊ ပွဲသဘင်ကြီးစွာလည်း ခံတော် မူ၏။

သက္ကရာဇ် (၁၁၅၂) တထောင့်တရာ့ငါးဆဲ့နှစ်ခု တန်ဆောင်မုန်း လဆန်း နှစ်ရက် ကြာသပတေးနေ့ ရွှမြို့တော်ပတ်လည် ကျုံး, တုတ်

သုံးဆင့်ခတ်လျက် ရှိသည်ကိုသိမ်း၍ ကျုံးအနက်ဆယ်တောင်ကို အတွင်း ပြင်အုတ်စီ၍ အတွင်းကျုံးနဖူးကို သူရဲခိုနှင့်ချည်း ထားတော်မူသည်။ ။ နတ်တော်လဆန်း တဆဲ့ငါးရက် တနင်္ဂနွေနေ့ သားတော်မဟာဥပရာဇာကို နေပြည်တော်မှာ အစောင့်အနေ ထားတော်မူခဲ့၍ ပုထိုးတော်ကြီးကို တည်တော်မူမည်-အညာမင်းရွာသို့ ထွက်တော်မူသည်။

မင်းကွန်းပုထိုးတော်ကြီးအုတ်မြစ်ချခြင်း, တံတားဦးစေတီထီးတင်ခြင်း
မြို့စားပေးခြင်း, လက်ထပ်ခြင်း, ကျောင်းရေစက်ချခြင်း
မင်းကွန်းပုထိုးတော်ကြီးသို့ ထွက်တော်မူခြင်း

တပို့တွဲလဆန်းငါးရက် တနင်္ဂနွေနေ့ ပုထိုးတော်ကြီး ဘိနပ်တော် ရွှေအုတ် ငွေအုတ်စ၍ခင်းတော်မူသည်။ ။မင်းရွာကိုမင်းကွန်းဟုသမိုက် တော်မူသည်။ ။ဂင်းလပြည့်ကျော်ရှစ်ရက် တနလ်ာနေ့ ပြင်လုပ်တော် မူသည့် တံတားဦး မင်္ဂလာစေတီကို ရွှေထီးတင်လှူတော်မူသည်။

တပို့တွဲလဆန်းတဆဲ့ငါးရက် ဗုဒ္ဓဟူးနေ့ သားတော် ကာမမင်းသား သဘိုးခမ္မရာဇာကို တော်ဂူမြို့ကို တခရိုင်စား ပေးတော်မူသည်။

တပို့တွဲလပြည့်ကျော်လေးရက်တနင်္ဂနွေနေ့ သားတော်ပြည်မင်းသား သီရိမဟာခမ္မရာဇာကိုလည်း ပြည်မြို့ကို တခရိုင်စားပေးတော်မူသည်။

သက္ကရာဇ် (၁၁၅၃) တထောင့် တရာ့ ငါးဆဲ့သုံးခု၊ ကဆုန်လပြည့် ကျော်ဆယ်ရက် ဗုဒ္ဓဟူးနေ့ မင်းကွန်းအရပ်က ရွှေမြို့တော်သို့ ဝင်တော် မူသည်။

နယုန်လပြည့်ကျော်သုံးရက် သောကြာနေ့ တချက်တီးကျော် လေး နာရီ ပါဒပြည့်၊ တဗိဇနာ၊ ငါးပြန်၊ သုံးခရာ၊ သိဟ်လက်၊ ဓနုစန်း တွင် တောင်ရွေရေးဆောင် မိဖုရား, သားတော် ပင်းတလဲမင်းသားနှင့် နောင်တော် ဆင်ဖြူ့ရှင် မိဖုရားခေါင်ကြီး သမီးတော် မင်းရွှေနန်းကို စုံဘက်တော်မူသည်။

နတ်တော်လဆန်းတဆဲ့နှစ်ရက် ဗုဒ္ဓဟူးနေ့ ရွှေမြို့တော် အရှေတောင် ယွန်းတွင် သမီးတော်ကနွဲမြို့စားမင်းသမီးက ဆောက်လုပ်သည့် လေးထပ် ဇေတဝန် ရွှေကျောင်းတော် လုပ်ဆောင် ပြီးပြေသည်ကို ဘုံသာဝေယန် ဟုကမ္ဘည်းစိုက်တော်မူပြီးလျှင် မန်လည်ဆရာတော် ဂဏမုနိန္ဒာမိပတိပဝရ သာမိမဟာခမ္မ ရာဇာမိ ရာဇဂုရု-အား ကိုယ်တော်တိုင် ရေစက်သွန်းချ တင်လှူတော်မူသည်၊ ငွေသဘင်ကြီးစွာလည်း ခံတော်မူသည်။

နတ်တော်လဆန်းတဆဲ့လေးရက် သောကြာနေ့ရွှေမြို့တော်အနောက်တောင်ယွန်းတွင် သားတော် အိမ်ရှေ့မင်း သမီးတော် အိမ်ရှေ့မိဖုရားတို့ကဆောက်လုပ်သည့် လေးထပ် ဇေတဝန်ကျောင်းတော် လုပ်ဆောင်ပြီးပြေသည်ကို မင်္ဂလာဝေယန်ဟု ကမ္ဘည်းစိုက်တော် မူပြီးလျှင် ဝိုက်သဉ္ဇ ဆရာတော် နရိန္ဒာဘိ သိရိဓဇ မဟာဓမ္မ ရာဇာမိ ရာဇဂုရု-အား ကိုယ်တော်တိုင် ရေစက်သွန်းချ တင်လှူတော်မူသည်၊ ပွဲသဘင်ကြီးစွာလည်း ခံတော်မူသည်။

နတ်တော်လပြည့်ကျော် ဆယ်ရက် ဗုဒ္ဓဟူးနေ့ သားတော်ပင်းတလေမင်းသား သတိုးမင်းဖျားကို ပုဂံမြို့ကို တခရိုင်စား ပေးတော်မူသည်။

ပြာသိုလဆန်း ကိုးရက်နေ့ တရပ်မြို့စားမိဖုရားက ဆောက်လုပ်သည့် မဟာမုနိဘုရားဦး ရွှေစရပ် အလုပ်အဆောင်ပြီးပြေသည်ကို ကိုယ်တော်တွင် ရေစက်သွန်းချ လှူတော်မူသည်။

ပြာသိုလဆန်းဆယ်ရက်နေ့ မဟာမုနိဘုရား အရှေ့တွင် မြောက်နန်းတော် မိဖုရားက ဆောက်လုပ်သည့် လေးထပ်ဇေတဝန် ကျောင်းတော် လုပ်ဆောင် ပြီးပြေသည်ကို မင်္ဂလာဘုံကျော် ကမ္ဘည်း စိုက်တော်မူ၍ ညောင်ကန် ဆရာတော် ကဝိန္ဒာဘိဓမ္မဓရဓဇ မဟာရာဇဂုရု-အား ကိုယ်တော်တိုင် ရေစက်သွန်းချ တင်လှူတော်မူသည်။

ပြာသိုလဆန်းတဆဲ့တရက်နေ့ မဟာမုနိဘုရား အရှေ့မြောက်ယွန်းတွင် ကျောင်းဦးပြာသာဒ် နှစ်ဆောင်နှင့်တကွ လေးထပ် ဇေတဝန်ရွှေကျောင်းတော် လုပ်ဆောင်ပြီးပြေသည်ကို ဗိမာန်ဘုံကျော် ကမ္ဘည်းစိုက်တော်မူပြီးလျှင် ချောင်းကောက် ဆရာတော် ရှင်သာရဓဇ-အား ကိုယ်တော်တိုင် ရေစက်သွန်းချ တင်လှူတော်မူသည်။

ပြာသိုလဆန်းတဆဲ့တရက်နေ့ မဟာမုနိဘုရားရှင် အနောက်မြောက်ယွန်းတွင် တောင်ရွှေရေးဆောင်မိဖုရားက ဆောက်လုပ်သည့် သုံးထပ်ဇေတဝန် ရွှေကျောင်းတော် လုပ်ဆောင်ပြီးပြေသည်ကို ဝေယန်စံလွှတ် ကမ္ဘည်းစိုက်တော်မူ၍ ရှင်ဩဘာသ ဓမ္မ-ဆရာတော်အား ကိုယ်တော်တိုင် ရေစက်သွန်းချ တင်လှူတော်မူသည်။

ပြာသိုလဆန်း တဆဲ့နှစ်ရက်နေ့ ကျိုက်မရော် မဟာ တရဖျားက ဆောက်လုပ်၍ဆက်သည့် မဟာမုနိဘုရားရှင် အနောက်မျက်နှာ ရွှေဘောင်းတန်းကို ကိုယ်တော်တိုင် ရေစက်သွန်းချတော်မူ၍သာဓုအနုမောဒနာပြုတော်

မူပြီးလျှင် ဝန်ကြီးသတိုးသိရိဉာဏနာကို နေပြည်တော်မှာ အစောင့်အနေထားတော်မူခဲ့၍ မင်းကွန်းပုထိုးတော်ကြီးသို့ ထွက်စံတော်မူသည်။

ဒဝယ်မြို့သို့စစ်ချီရခြင်းနှင့် ယိုးဒယားနှင့် စစ်တိုက်ခြင်း

ထိုနှစ် တပေါင်းလ ဒဝယ်မြို့မှာလည်း ဝန်ခန့်သူ မြင်စိုင်းစားနေမျိုးကျော်ထင်နှင့် မုတ္တမမြို့ကို ဝန်ခန့်သူ မင်းလှစည်သူတို့ မကြည် မသာရှိကြ၍ ဒဝယ်မြို့ဝန် နေမျိုး ကျော်ထင်သည် သစ္စာတော်ကို ဖောက်၍ ယိုးဒယားသို့ စေပါဝင်ရောက်ကြောင်းကို ဒဝယ်မြို့တွင်းက ထွက်လာသူ ငမြတ်သာ ခြေရင်းတော်သို့ရောက်လာ၍ အသျှင် ဘဝရှင်မင်းတရားကြီး ဘုရားကြားတော် မူလျှင် ဝန်ကြီး နေမျိုး သခံယာကို မုတ္တမမြို့က အရပ်အနေ အတွင်းဝန်မင်းကြီး မဟာသက်တော်ရှည်မှာ ဗိုလ်မှူးခန့်တော်မူ၍ ဟောင်ဘက်မြင်းဝန်သမိန်သံလိုက်တတပ်၊ မြောက်ဘက်မြင်းဝန် ဥပါကောင်းတတပ်၊ မုံရွေးဗိုလ် ရဲခေါင်ကျော်ထင်ကျော် တတပ်၊ စကြမင်းရဲ တတပ်၊ စက်မီးလျှပ်ထင်သူတတပ်၊ သီရိကျော်ခေါင်တတပ်၊ တပ်ပေါင်းရှစ်တပ်တွင် ပါသည့် စစ်သည်သူရဲ တသောင်းနှင့် ထိုနှစ် တပေါင်းလဆန်း တဆဲ့နှစ်ရက်နေ့ ဒဝယ်မြို့သို့ အလျှင်အမြန် ချီနှင်စေသည်။

ဘဝရှင် မင်းတရားကြီးဘုရားလည်း တန်းခူးလပြည့်ကျော် ဆယ်ရက်နေ့ မင်းကွန်းက ရွှေမြို့တော်သို့ ဝင်တော်မူပြီးလျှင် သားတော်မဟာဥပရာဇာကို ဒဝယ်မြို့သို့ ခန့်တော်မူ၍ ချီရသည့် တပ်စဉ်ကား····သစ်ဆိမ့်ဗိုလ် မင်းကြီးသခံယာတတပ်၊ ပြိတ်ဝန် နရာသမန်ကျော်တတပ်၊ကျောက်ဆည်ဝန် ရွှေတောင်စကွာ တတပ်၊ သပြေပင်ဗိုလ် ဒေဝသူရကျော်ထင် တတပ်၊ လက်ယာဆင်ခြေဖုံးသေနတ်ဗိုလ် စက်တိုင်ကျော် တတပ်၊လက်ဝဲဆင်ခြေဖုံး သေနတ်ဗိုလ် ရဲကျော်ရဲခေါင် တတပ်၊ ဥဒိန်ဂါမကို တတပ်၊ သည်ခုနစ်တပ်တွင် စစ်သည်သူရဲ သုံးထောင့် ငါးရာနှင့် ရွှေတော်ကချီရသည်။

နေမျိုးဂုဏ္ဍာကျော်သူတတပ်၊ ဆင်ခြေဖုံး သေနတ်အုပ် ရွှေတောင်အာကာပုံချီတတပ်၊ ရွှေတောင်ကျော်ထင် သီဟသူတတပ်၊ ရွှေတောင်သီဟသူ တတပ်၊ ရန်ခွင်းထင် တတပ်၊နဂါးဖိုစား တတပ်၊ ရဲထင်ကျော်ခေါင် တတပ်၊ သည်ခုနစ်တပ်တွင် စစ်သည်သူရဲ သုံးထောင့်ငါးရာနှင့် လက်ယာတော်က ချီရသည်။

ရဲလှေတိုက်ဝန် နေမျိုးဂါမဏိသည်ကြီ တတပ်၊ ရွှေတောင်ရန်ဂူးသီဟသူ တတပ်၊ ကျောက်ကာ သေနတ်ဗိုလ် ဂါမဏိကျော်ခေါင် တတပ်၊ ဘရင်ဂျိသေနတ်ဗိုလ် ရဲထင်ကျော်ခေါင် တတပ်၊ ပျံချီကျော်ခေါင်တတပ်၊ ကျွန်ဟော်ဟောင်း မြင်းအုပ် ရွှေတောင်သာဂသူ တတပ်၊ ရွှေတောင်ကျော် တတပ်၊ တပ်ပေါင်းခုနစ်တပ်တွင်ပါသည့် စစ်သည်သူရဲသုံးထောင့် ငါးရာနှင့် လက်ဝဲတော်က ချီရသည်။

ခင်ဦးဗိုလ် လက်ယာသီဟသည်ကြီ တတပ်၊ ရွှေတောင်ကျော်စွာတတပ်၊ ကသည်းမြင်းအုပ် လက်ယာသိန်ရွှေတောင် တတပ်၊ ကျော်ထင်သီရိစည်သူ တတပ်၊ ကျော်ထင်ပျံချီတတပ်၊ ကျော်ခေါင်ပျံချီ တတပ်၊ နန္ဒဇေယ တတပ်၊ သည်ခုနစ်တပ်တွင်ပါသည့် စစ်သည်သူရဲ သုံးထောင့်ငါးရာနှင့် နောက်တော်က ချီရသည်။

သားတော် မဟာဥပရာဇာတပ်တော်မှာ အသည်ဝန်ကြီး မဟာဇေယသူရ, အိမ်ရှေ့ဝန် နေမျိုးကျော်ထင် သီဟသူတို့ကို စစ်ကဲ, ရွှေတိုက်ဝန် နေမျိုးသီရိကျော်ထင်, ဝန်ထောက် နေမျိုးကျော်သူတို့ကို နာခံ၊ လွှတ်တော်စာရေးကြီး သီရိကျော်ထင်, အိမ်ရှေ့စာရေးကြီး ရာဇသဝန်, ဂုင်းစည်သူရန္တမိတ်, နာခံ နရာကျော်တို့ကို တပ်မတော်တွင် တပ်ရေးခန့်တော်မူသည်၊ အိမ်ရှေ့အတွင်းဝန် နေမျိုးဇေယစည်သူ, ဂုင်းဆံဆင့် သီရိကျော်ထင်တို့မှာ လေးဆယ်ငါးဆယ် အတွင်းမြဲ ကိုယ်ရံများကို နှိုးဆော်စီရင်၍လိုက်ရသည်၊ အိမ်ရှေဝင်းမှူး ဗလရန္တကျော်သူနှင့် ဝင်းစချိန်စမှာ ရှေဝင်းတော်က ဝင်းသားတို့ကို အုပ်ချုပ်၍ လိုက်ရသည်၊ ငွေလုံစွဲသူရဲတထောင်, ရွှေလုံစွဲသူရဲ တထောင်, လုံရှည်နှင့်ရွှေဒိုင်းစွဲ သူရဲတထောင်, လုံရှည်နှင့် ရွှေလွှားစွဲသူရဲ တထောင်, ရွှေလေးစွဲသူရဲ တထောင်တို့ကို အမြောက်တင်တိုက်လှေတော်ကြီးများမှာ ထက်နက်စွဲကိုင်စီစဉ်ခင်းကျင်းလျက် ရွှေဖောင်တော်ရှေနောက်ဝဲယာ ခြံရံလိုက်ရသည်၊ ကိုယ်ရံတော်မာရဘင်သေနတ်စွဲတထောင်မှာလည်း သားရဲရုပ်လှေများနှင့် ရွှေဖောင်တော်ဝဲယာ လိုက်ကြရသည်။ လေးဆယ်တော် ငါးဆယ်တော် မှူးသားမတ်သား ရွှေခေးစွဲ လူငါးဆယ်မှာ ရွှေဖောင်တောင်တွင်လိုက်ရသည်၊ သားတော် မဟာဥပရာဇာမှာ ဟသ်ာရွှေဖောင်တော်ကြီးတွင် သိကြားနတ်မင်းအသရေကဲ့သို့ တင့်တယ်စံပယ်တော်မူလျက် လှော်ကား, လက်သင်, သင်္ဘာဒါန်, သမ္မန်, သားရဲရုပ်လှေ, ရွှေလှေရွှေလောင်း မြစ်လုံးပြောင်ပြောင်ညီးလျက် ဟန်စည်ဟန်မောင်း,စည်ကြီးခွက်ခွင်း, ခရသင်း

ဒုံမင်းပတ်သာ, ခရာတံဝိုးတီးမှုတ်၍ သက္ကရာဇ် (၁၁၅၄) တထောင့်တရာ့ ငါးဆဲ့လေးခု နယုန်လဆန်း ငါးရက်နေ့ ရွှေမြို့တော်က ချီတော်မူ၍ စစ်ကိုင်း အောင်မြေလောကဘုရားဆိပ်တွင် အောင်တပ်ချတော်မူသည်၊ ထိုနေ့ ဒဝယ်ဝန် နေမျိုးကျော်ထင်ခံ ငမြတ်ဖြူအဘ မက္ခရာဇိုလ်ကိုလည်း တပ်ဦးတွင် ထုံးစံနှင့်အညီ ကွပ်တော်မူသည်၊ ငမြတ်ဖြူမယားသားသမီး တို့ကိုလည်း ရွှေမြို့တော်တွင် ထုံးစံနှင့်အညီ စီရင်လေသည်။

ဒေဝအလံစိန် မြင်းတပ်၊ သိဒ္ဓိဟာစာရီမြင်းတပ်၊ ဝေရသိဒ္ဓိဟာစာရီမြင်းတပ်၊ ကူဝိဇ္ဇံမြင်းတပ်၊ ဂုင်းမြင်းလေးတပ်နှင့် မြန်မာမြင်းရဲကျော်ပုညသူ တတပ်၊ သီဟကျော်ထင်ကျော် တတပ်၊ သိဒ္ဓိကျော်သူ တတပ်၊ ရဲလှရွှေတောင်ထင် တတပ်၊ ရွှေတောင်ကျော်ထင် တတပ်၊ တုရင်စက္ကတတပ်၊ ခင်လူးစားကျော်ခေါင်ကျော်သူတတပ်၊ တုရင်ဂဇတတပ်၊ တုရင်သူရကျော်တတပ်၊ ဥတ္တမကျော်ထင် တတပ်၊ တုရင်ရန်နိုင်ကျော် တတပ်၊ လက်ယာနရာ တတပ်၊ ရန်အောင်ရဲခေါင်ကျော် တတပ်၊ ဗလရန်အောင်ကျော် တတပ်၊ မြင်းသည်လျှပ်မီးတိုင်တို့နှင့် မြင်းတပ်, ဆင်တပ်များကို ကြည်းက တောင်ဂူကြောင်း ချီစေသည်။

သားတော် မဟာဥပရာဇာမှာ အောင်မြေလောကဘုရားရှင်ကို သုံးရက် ပူဇော်တော်မူပြီးလျှင် ဂုင်းနယုန်လဆန်းရှစ်ရက်နေ့ ချီတော်မူ၍ သုံးစခန်းနှင့်ပုဂံမြို့သို့ရောက်တော်မူလျှင် ရွှေစည်းခုံဘုရားရှင်ကို ပူဇော်တော်မူ၍ တရက်ဆိုင်းတော် မူပြီးလျှင် ဂုင်းလဆန်းတဆဲ့နစ်ရက်နေ့ ပုဂံမြို့သို့ရောက်တော်မူ၍ ငါးစခန်းနှင့် ပြည်မြို့သို့ရောက်တော်မူလျှင် ဆံတော်ရှင်ဘုရားကို ပူဇော်တော်မူ၍ တရက်ဆိုင်းတော်မူပြီးလျှင် ချီတော်မူသည်၊ ခြောက်စခန်းနှင့် သက္ကရာဇ်(၁၁၅၄)တထောင့်တရာ့ငါးဆဲ့လေးခု နယုန်လပြည့်ကျော် ကိုးရက်နေ့ ရန်ကုန်မြို့သို့ ရောက်တော်မူလျှင် ရန်ကုန်မြို့အနောက်မြောက်ယွန်း တာခြောက်ရာခန့်ကွာတွင် သစ်တပ်တည်၍ စံနေတော်မူသည်။

အလျှင်ချီနှင့်စေသည့် ဝန်ကြီးနေမျိုးသခ်ိယာ, မင်းကြီးမဟာသက်ကော်ရှည်တို့လည်းမုတ္တမမြို့သို့ရောက်လျှင် ဝန်ကြီးနေမျိုးသခ်ိယာ,အတွင်းဝန်မင်းကြီး မဟာ သက်တော်ရှည်တို့က ယခု အရေးသည် နှေးနှေးဖြည်းဖြည်း လုပ်ကြံရမည့်အရေးမဟုတ် လျင်လျင် မြန်မြန် စစ်ဦးဘီလူးပါလုပ်ကြံရမှ အရေးတော် ပြီးလွယ်မည်-တိုင်ပင်ကြပြီးလျှင် မန်းကျည်းတုံဗိုလ်တတပ်၊ ပုဂံဗိုလ်တတပ်၊ သမိန်သံလိုက်တတပ်၊ ဥပါကောင်းတတပ်၊

စကြမင်းရဲတတပ်၊ ရဲခေါင်ကျော်ထင်ကျော် တတပ်၊ စက်မီးလျှပ်ထင်ဟူ တတပ်၊ သီရိကျော်ခေါင်ကျော် တတပ်၊ ကောလိယစား တတပ်၊ ရဲလှ ကျော်ခေါင်တတပ်၊ ဗလသူရိန်တတပ်၊ ရန်ခွင်းထင်တတပ်၊ ဗလကျော်ဟူ တတပ်၊ တေဇရဲခေါင်တတပ်၊ ပြည်လုံးဩမ်းတတပ်၊ တပ်ပေါင်းတဆွဲငါး တပ်တွင် မန်းကျည်းတုံဗိုလ်ကို အချုပ်ခန့်၍ စစ်သည်သူရဲ ခုနစ်ထောင် ငါးရာနှင့်ဒဝယ်မြို့သို့ ကဆုန်လဆန်းတရက်နေ့ ချီစေသည်။

ဒဝယ်မြို့မှာလည်း ယိုးဒယားအိမ်ရှေ့ ဘယားဝိဿလုပ်နှင့် လူလေး သောင်းချီလာ၍ ဒဝယ်မြို့အရှေ့ ကျောက်မော်ကုန်းတွင် ချရပ်နေသည်၊ ယိုးဒယားမင်း ယောက္ခမ ဘယား ရွှံ့ပရပ်နှင့် ဗညားစိန် တို့မှာ လူ တသောင်းငါးထောင်နှင့် သစ်ကနက်တွင်တပ်စွဲရပ်နေသည်။

ယင်းသောအခါ မန်းကျည်းတုံဗိုလ်တို့တဆွဲငါးတပ်လည်း သစ်ကနက် သို့ရောက်လျှင် ဘယားရုံပရပ်, ဗညားစိန်တို့နှင့် တွေ့၍ တိုက်ကြသည်၊ ကောလိယစားနှင့် မုံရွှေးဗိုလ်ရဲခေါင်ကျော်ထင်ကျော်တို့လည်း ပြောင်းသင့်၍ ဆုံးချေ၏၊ မန်းကျည်းတုံဗိုလ်တို့တပ်စုလည်း ဆုတ်ခွာခဲ့၍ မုတ္တမသို့ ရောက်လှာ၏။

ထိုအကြောင်းကို ဝန်ကြီးနေမျိုးသခံယာ, အတွင်းဝန် မင်းကြီးမဟာ သက်တော်ရှည်တို့က သားတော် မဟာ ဥပရာဇာရှိရာ ရန်ကုန်မြို့သို့ အလျှောက်အထား စေလွှတ်၍ ကြားတော်မူလျှင် အဓိန့်တော် ရှိသည် ကား-တပ်မှူးရဲခေါင်ကျော်ထင်ကျော်,ကောလိယစားတို့မူကား ကျေးဇူး သစ္စာတော်နှစ်ပါး ဝမ်းတွင်ရှိသည့်အတိုင်း မဆုတ်မနစ် အမှုတော်ကို စွန့်စားထမ်းရွက်သည်၊ သင်းတို့တပ်မှူး တကျိပ်သုံးယောက်မူကား အမှု တော်ကို ကြိုးပမ်း၍ မထမ်းမရွက် မကူမညီကြသောကြောင့် ရဲခေါင် ကျော်ထင်ကျော်နှင့် ကောလိယစားတို့ ဆုံးရလေသည်၊ ကြားမြင်သမျှ ကြောက်ရွံ့အောင် ကွပ်လေ-အဓိန့်တော်ရှိ၍ လာလူတို့ကို ပြန်စေသည်။

ယင်းသောအခါ ဝန်ကြီးမဟာဇေယျသူရ လျှောက်သည်ကား....စစ် တို့သဘောသည် နှေးနှေးဖြည်းဖြည် လုပ်ကြံသင့်သည့် အရေးကို လျင် လျင် ဆောဆော လုပ်ကြံ၍ အောင်မြင်ခြင်းသို့ မရောက်ရာ၊ လျင်လျင် ဆောဆော လုပ်ကြံသင့်သည့် အရေးကို နှေးနှေးဖြည်းဖြည်း လုပ်ကြံ၍ အောင်မြင်ခြင်းသို့မရောက်ရာ၊ ယင်းသို့ဖြစ်၍ ယခုအရေးသည် မိုးလည်း ကျသည်, အကြေအောက်အရပ် ဖြစ်၍လည်း စစ်တက်စစ်လမ်း အလွန် ခဲခက်သည်ဖြစ်၍ သည်နှစ် ရန်ကုန်မြို့တွင် မိုးခိုပြီးလျှင် မိုးစဲ လင်းပွင့်

သည့်ကာလမှ ဒဝယ်မြို့နှင့်တကွ ယိုးဒယားတို့ကို လုပ်ကြံရလျှင် ရဲမက်တော်တို့ မပင် မပန်း အလွယ်တကူ ရွှေလက်တော်သို့ ရောက်မည် လျှောက်သည်ကို အိမ်ရှေဝန် နေမျိုးကျော်ထင်သိဟသူ ကြားလျှင် ယခုဝန်ကြီးသေနာပတိ လျှောက်သည့် အရေးသည် စစ်ရေးပင် ဖြစ်ပေသည်၊ ယိုးဒယား အိမ်ရှေဘယားပိဿလုပ်လည်း လူလေးသောင်းနှင့် ဒဝယ်မြို့တွင် ရပ်ခံရှိနေသည်၊ နောက်လည်း ယိုးဒယားမင့်းကိုယ်ချီလှာမည်ကြားသည်၊ ခမည်းတော်ဘုရား လက်ထက် အရပ်ရပ် ချီလေသမျှစစ်သည်၊ သည်ကဲ့သို့ အင်ကြီးအားကြီးမဟုတ်၊ ယခုမှာမူကား ဒဝယ်မြို့ကို ကိုးစား၍ ယိုးဒယားမင့်းကိုယ် ချီလာသည်မှာ မုတ္တမစသော အရှေ့တပြင် တောင်တပြင်မြို့ရွာများကို လက်ရုံးရည်, နှလုံးရည်ရှိသူကို ရွေးချယ်ခန့်ထား၍ နေစေမှသင့်မည်ဟု အိမ်ရှေဝန် နေမျိုးကျော်ထင်သိဟသူကလျှောက်ပြန်သည်ကို မင်းကြီးသခင်ယာစသော ဗိုလ်မှူးတပ်မှူးအပေါင်း အကြိုက်ညီကြလေ၏။

ထိုအခါ သားတော်မဟာဥပရာဇာ အမိန့်တော် ရှိသည်ကား-ယခုချီလာရသည်လည်း ခမည်းတော်ဘုရားက စစ်ချီန်ကာလကို ထောက်၍ ခန့်တော်မူသည်မဟုတ်၊ ငမြတ်ဖြူငယ်နှင့် ယိုးဒယားစားတို့ တပေါင်းတည်းပြု၍ မုတ္တမစသော တလိုင်းပြည်များကိုနှောင့်ရှက်မည် အယူတော်ရှိ၍ အလုံးအရင်းနှင့် ချီလာရသည်ကို ဆောဆောလျင်လျင်ကား မလုပ်မကြီ၊ မိုးခိုရှိနေချေသော် သူတို့အခြေအမြစ်ဖြစ်ချိန့်မည်၊ အခြေအမြစ်ဖြစ်ချေကလည်း ငါတို့က လုပ်ရေးအလွန်မများချေပြီလော၊သို့ဖြစ်၍ ဝန်ကြီးမဟာဇေယသူရမှာ မုတ္တမမြို့က ရပ်နေစေ၊ အိမ်ရှေဝန် နေမျိုးကျော်ထင်သိဟသူမှာ ယေးမြို့ကရပ်နေ၍ မင်းကြီးသခင်ယာ, နေမျိုးဂုဏ္ဍကျော်သူ, လက်ယာသိဟသူကြီးတို့ကို တပ်ဦးမှာ အုပ်ချုပ်ထမ်းရွက်စေ၊ ဝန်ကြီးနေမျိုးသခင်ယာ, အတွင်းဝန် မင်းကြီးမဟာသက်တော်ရှည် တို့မှာ ရွှေမြို့တော်သို့ပြန်စေ-အမိန့်တော်ရှိ၍ ချီရမည်ကို စီရင်ကြသည့်တပ်စဉ်ကား-အကောက်ဝန် သိရိရာဇမဟူရတ်နှင့် တပ်ပေါင်းခြောက်တပ်၊ သေနတ်စွဲသူရဲသုံးထောင်နှင့် အမြောက်စိန်ပြောင်း သေနတ်ခဲယမ်းမီးကျောက်များကို သင်းဘောကြီးခြောက်စင်းတွင် တင်ပြီးလျှင် အကောက်ဝန် သိရိရာဇမဟူရတ်ကို အအုပ်ခန့်၍တကြောင်း၊ မုတ္တာတူးစီး တပ်မှူးတရာ, သေနတ်စွဲသူရဲ တသောင်းတွင် နတ်မီးလင်း, ပဲတောင်စားတို့ကို စစ်ကဲ, နေမျိုးဂုဏ္ဍကျော်သူကို အအုပ်ခန့်၍ တကြောင်း၊ မုတ္တာတူးစီး တပ်မှူး တရာ,

သေနတ်စွဲသူရဲ တသောင်းတွင် ကျားရွာစား ဥဒိန်နော်ရထာ, ပျံချီသူရဲ တို့ကို စစ်ကဲ, မင်းကြီးသခိုယာကို အာအုပ်ခန့်၍ တကြောင်း၊ မုတ္တာတူးစီး တပ်မှူးတရာ, သေနတ်စွဲသူရဲ တသောင်းတွင် ထက်ဝဲဝင်းမှူး မင်းလှကျော်ထင်, အိမ်ရှေ့ဝင်းမှူး ဗလရန်ကျော်ထင်တို့ကို အာအုပ်ခန့်၍ တကြောင်း၊ စစ်လေးကြောင်း ဒဝယ်မြို့သို့ ရွှေချီနှင်စေ၏။

ကြည်းကြောင်းကလည်း တပ်ပေါင်းလေးဆဲ့တတပ်, မြင်းတထောင်, စစ်သည်သူရဲတသောင်းကို ခင်ဦးဗိုလ် လက်ယာသိဟသကြီ, စစ်ကောင်းသီရိတို့ကို စစ်ကဲ, အိမ်ရှေ့ဝန် နေမျိုးကျော်ထင်သိဟသူကို အာအုပ်ခန့်တော်မူ၍ မုတ္တာမြို့က မော်လမြိုင်ဘက်သို့ ကူးပြီးလျှင် ဒဝယ်မြို့သို့ ချီနှင့်စေ၏။

ဝန်ကြီး မဟာဇေယသူရမှာ တပ်ပေါင်းတဆယ်, မြင်းနှစ်ရာ, စစ်သည်သူရဲ ငါးထောင်နှင့် မုတ္တာမြို့မှာ အရပ်အနေချိရသည်။

ဝန်ကြီး မဟာဇေယသူရ, အိမ်ရှေ့ဝန် နေမျိုးကျော်ထင် သိဟသူတို့ မုတ္တာမြို့သို့ ရောက်လျှင် အိမ်ရှေ့ဝန် နေမျိုးကျော်ထင် သိဟသူ ဆိုသည်ကား မန်းကျည်းတုံဗိုလ်နှင့် တပ်မှူး တကျိပ်သုံးယောက်ကို ကွပ်ရမည်၊ ဘုန်းတော်ကြီးလှသော ဘုရားအမိန့်တော်အကိုင်း တပ်မှူး တကျိပ်သုံးယောက်လုံးကို စိရင်ချေလျှင် အရေးတော်လည်း မကုံချေသေး၊ သူ့ကို အားပေးဏာသို့ ရှိချိမ့်မည်၊ သို့ဖြစ်၍ အမျက်တော် ပြေမည့်အကြောင်းနှင့် လျှောက်ထား၍ တပ်မှူးတကျိပ်သုံးယောက်ကို ရှေးဦးရှေးဖျားထမ်းရွက်စေမှ အသက်ချမ်းသာရမည်ဆိုသည်ကို ဝန်ကြီး မဟာဇေယသူရစသော ဗိုလ်မှူးတပ်မှူးအပေါင်းတို့ အကြိုက်ညီကြ၍ သားတော် မဟာဥပရာဇာရှိရာ ရန်ကုန်မြို့သို့ အလျှောက်အထားစေလွှတ်သည်၊ လာသူတို့ရောက်၍ ဗိုလ်မှူးနှစ်ဦးလျှောက်သည့်စကားကိုကြားလျှင် အဓိန့်တော်ရှိသည်ကား- အခြားအမှုကိုသာ ငါသည်းခံနိုင်မည်၊ စစ်ရေးမက်ရေးဌဲ့ဖြစ်သော အမှုကို သည်းခံတော်မူမည် မဟုတ်-အမိန့်တော်ရှိ၍ လာသူတို့ကို ပြန်စေသည်။

မုတ္တာမြို့သို့ရောက်၍ အမိန့်တော်ကိုကြားလျှင် ဝန်းကြီး မဟာဇေယသူရ, အိမ်ရှေ့ဝန် နေမျိုးကျော်ထင်သိဟသူတို့ ဆိုသည်ကား-ဘုန်းတော်ကြီးလှသော ဘုရားအမိန့်တော်လည်း တည်အောင်, ချမ်းသာသင့်သမျှ တပ်မှူးတို့လည်း ချမ်းသာလေအောင်ကိုသာ စိရင်ရတော့မည်၊ ချမ်းသာပေးရာသလောဟု အမျက်တော်ရှိလျှင်လည်း ငါတို့ ဗိုလ်မှူးနှစ်ယောက်

တာဖြစ်ပစေတော့ဟုဆိုကြပြီးလျှင် မန်းကျည်းတုံဗိုလ်, ပုဂံဗိုလ်, ပြည်လုံးငြိမ်းတို့မှာ ဗိုလ်မှူးစစ်ကဲဖြစ်လျက် စည်းစည်းကြပ်ကြပ် မကွပ်မည္ဟပ် မစိမရင်၊ သမိန်သံလိုက်မှာ တလိုင်းလူမျိုးခြား ဖြစ်သော်လည်း အမှုတော်ကို ကြိုးကြိုးကြပ်ကြပ်ထမ်းရွက်မည် အယူတော်ရှိ၍ တောင်ဘက်ကိုးသင်းမြင်းဝန် ခန့်တော်မူ၍ မှူးကြီးမတ်ကြီးတို့နည်း သူကောင်းပြုတော်မူသည်၊ စကြမင်းရဲမှာလည်း အထက်တကြိမ် အပြစ်ရှိ၍ ဘဝရှင် မင်းတရားကြီး ဘုရား အဆုံးစီရင်ရမည် အမိန့်တော်ရှိသည်ကို ဘုန်းတော်ကြီးလွန်သော သားတော်မဟာဥပရာဇာ မစတော်မူ၍ အသက်ချမ်းသာသည်၊ သည်သာမက ဗိုလ်မင်းတပ်မင်းတို့နည်း သူကောင်းပြုတော်မူ၍ အမှုတော်ကို ထမ်းရွက်ရသည်၊ သို့ဖြစ်ကြ်လျက် စွန့်စွန့်စားစား အမှုတော်ကို မထမ်းမရွက်၊သွေဖည်ကွက်ကျား၍ အရေးတော်လစ်လပ်ရချေသည်၊မန်းကျည်းတုံဗိုလ်, ပုဂံဗိုလ်, သမိန်သံလိုတ်, စကြမင်းရဲ,ပြည်လုံးငြိမ်းတို့ငါးယောက်ကို အမိန့်တော်အတိုင်း စီရင်ရမည်၊ ကျန်သည့် တပ်မှူးရှစ်ယောက်မှာ တပ်ဦးတပ်ဖျား ထမ်းရွက်စိမ့်မည်၊ တိုင်ပင်ကြပြီးလျှင် မုဏ္ဍမမြို့မှာတပ်မှူးငါးယောက်ကို အမိန့်တော်အတိုင်း ကွပ်လေ၏။

သားတော် မဟာဥပရာဇာမှာလည်း သိဂုတ္တရတောင်ထိပ် ရွှေဆံတော်ရှင်ဘုရား အရှေ့မြောက်ယွန်းတွင် ကွန်းငါးစဉ်နှင့်ရွှေစရပ်ဆောက်တော်မူ၍ ကြေးနီ အုတ်ကြွပ် မိုးပြီးလျှင် အရိယာ သံဃာတော်တို့အား ပရိက္ခရာ ရှစ်ပါးနှင့်တကွ ရဟန်းတို့အသုံးအဆောင် မျှားစွာလှူတော်မူ၍ သာဓုအနုမောဒနာခေါ်တော်မူသည်။

ယင်းသောအခါ ဒဝယ်မြို့မှာလည်း ယိုးဒယားမင်းကိုယ် အလုံးအရင်းအမျှားနှင့်ချီလာ၍ ဝဒယ်မြို့အရှေ့ ခရီးတသောင်းကျော်ကွာ သစ်ကနက်တွင် ယိုးဒယားမင်း ရပ်နေပြီးလျှင် ဝန်ကြီး ဘယားကလဟုန်းကို လူတသောင်းနှင့် ဒဝယ်မြို့အရှေ့ တာတရာကျော်ကွာ ကျောက်မော်ကုန်းတွင် တပ်စွဲရပ်နေစေသည်၊ ဝန်ကြီး ဘယားရုံပလပ်ကို လူတသောင်းနှင့် မြို့အရှေ့ မြောက် တာတရာကျော်ကွာ ကြက်သံတိုင်ဘုရားကုန်း အရပ်တွင် တပ်စွဲရပ်နေစေသည်၊ ဘယားမိရှိကို လူငါးထောင်နှင့် မြို့မြောက်ဆန်းကြယ်အင်းတွင် တပ်စွဲရပ်နေစေသည်၊ ဗြတ်ဘီးစား,ကမ္ဘူရီစားတို့ကို လူတသောင်းနှင့် မြို့တောင်ကြက်စားပြင် အရပ်တွင် တပ်စွဲရပ် နေစေသည်၊ ယိုးဒယားမင်း ယောကွမ ဘယားရွှံပရပ်နှင့် ဗညားစိန်တို့မှာ လူတသောင်းငါးထောင်ကျော်နှင့် ဒဝယ်မြို့တွင်းသို့ဝင်ပြီးလျှင် မြို့တံခါး

ဆိုသမျှမှာ ယိုးဒယားတို့ကို အစောင့်အနေ ထားသည်၊ ဒဝယ်မြို့တွင်းက လည်း ငဘဉီးနှင့် လူတထောင့်ခုနစ်ရာ၊ မြို့တောင် ကြက်စားပြင်တွင် ဖြတ်ဘီးစား,ကမ္ဘူရီစား တို့နှင့်ပေါင်း၍ နေစေသည်၊ မြင်းခေါင်းငတော, အော်လယ်နတ်တို့နှင့် လူတထောင်မှာ ကျောက်မော်ကုန်းတွင် ဘယားကလဟုန်းနှင့်ပေါင်း၍ နေရသည်၊ ကျောက်မော်စား‌နှင့် လူငါးရာမှာ မြို့အရှေ့မြောက် ကြက်သံတိုင်ဘုရားတွင် ဝန်ကြီးဘယားရံပလဝ်နှင့်ပေါင်း၍ နေရသည်၊ ရေကြောင်းကလည်း ယိုးဒယား, ဒဝယ်, တလိုင်းတို့ကို မုဏ္ဍတူးလှေတပ်အများနှင့်နေစေသည်၊ ယိုးဒယားအိမ်ရှေ့ ဘယားပိသလုပ်ကိုလည်း လူနှစ်သောင်းကျော်နှင့် ဖြတ်မြို့ကိုရံနေစေ၏။

ယင်းသောအခါ ပင်လယ်ကြောင်း ရှင်မော်သို့ချီစေသော နေမျိုးဂုဏ္ဍကျော်သူတို့ မုဏ္ဍတူးလှေတပ်တော်များလည်း ဒဝယ်မြို့သို့လွှည့်၍ ဝင်သည်တွင် ဒဝယ်, ယိုးဒယားတို့ လှေတပ်အများနှင့် ဆီးခံနှင့်သည်ကို နေမျိုးဂုဏ္ဍကျော်သူတို့ အဆုတ်အဆိုင်းမရှိတိုက်သည်၊ ဒဝယ်, ယိုးဒယား လှေတပ်အများပျက်၍ လှေနှင့်တကွ လက်နက်လူသူအများ ရလိုက်လျှင် ဒပယ်မြို့အနောက်တောင် ဟင်္သာကျွန်းတွင် နေမျိုးဂုဏ္ဍကျော်သူတို့ လှေတပ်စွဲနေ၏။

မောင်းမကန်သို့ချီစေသော မင်းကြီးသခံယာ, လက်ဝဲဝင်းမူး မင်းလှကျော်ထင်, အိမ်ရှေဝင်မူး ဗလရန်ကျော်ထင်တို့ မုဏ္ဍတူးလှေတပ်များလည်း မောင်းမကန်တွင်ဆိုက်ပြီးလျှင် ဒဝယ်မြို့ အနောက်မြောက် ကင်းဖျားအရပ်တွင် တပ်စွဲနေ၏။

ကြည်းကြောင်းချီစေသော အိမ်ရှေဝန် နေမျိုးကျော်ထင် သီဟသူတို့ တပ်တော်များလည်း ဒဝယ်မြို့သို့ရောက်လျှင် ခင်ဉီးဗိုလ် လက်ယာသီဟသကြီကို ဒဝယ်မြို့မြောက်ရှင်ဒဝယ်ခမောက်တောင်တွင် တပ်စွဲရပ်နေ၏။ အိမ်ရှေဝန် နေမျိုးကျော်ထင်သီဟသူမှာမူကား ကမြောအရပ်က နေ၍ အုပ်ချုပ်စီရင်သည်။

ခမောက်တောင်တွင်ရပ်နေသည့် ခင်ဉီးဗိုလ်, လက်ယာ သီဟသကြီတို့တပ်က စစ်ကဲကျော်စွာဗျို့ချီ, နေမျိုးဂါမကီသကြီ, ရဲထင် နော်ရထာ, ဇေယနရာကျော်သူ, ဥဒိန်ဂါမကီ, စက်တိုင်ကျော်, ရဲကျော်ရဲခေါင်တို့ ခုနစ်တပ်၊ စစ်သည်သူရဲ သုံးထောင်ကျော်နှင့် မြစ်အရှေဘက်သို့ ကူး၍ တပ်စွဲရပ်သည်ကို တပ်မစွဲ မရပ်ရအောင် ယိုးဒယားလူ တသောင်းကျော်, ထီးနီဆောင်းဗိုလ် နှစ်ဆယ်ကျော်ကို ကမ္ဘူရီစား ကွပ်ကဲ၍

တိုက်လှာသည်ကို တပ်တော်များက ဆီးခံပစ်လှတ်လေ၍ ကမ္ဘ၂ရိစား ကို ပြောင်းသင့်သည်၊ ထီးနီဆောင်း လေးဦးငါးဦးလည်း ကျလေလျှင် ယိုးဒယားတို့ ဆုတ်ခွာကြ၍ ဗညားစိန်, မြင်စိုင်းစား ငမြတ်ဖြူတို့ ယိုးဒယား, ဒဝယ်, တလိုင်း, မြန်မာ လူတသောင်းကျော်နှင့် ဇယားချောင်း တဘက်က အကြံအခိုင် မြေကတုတ်ကြီးနှင့် တပ်စွဲရပ်လာပြန်သည်ကို ပဲတောင်စားနှင့်သေနတ်စွဲ သူရဲတထောင်, ရွှေတောင်ပုံချီနှင့် သေနတ်စွဲသူရဲတထောင်,သီဟကျော်ထင်ကျော်နှင့် သေနတ်စွဲသူရဲတထောင်,ကျော်စွာပုံချီနှင့် သေနတ်စွဲသူရဲသုံးထောင်,လူပေါင်းခြောက်ထောင်,ကသည်း မြင်းနှစ်ရာ, ဇယားချောင်းကို တန်တားခင်းပြီးလျှင် ကူး၍ အရပ်အဆိုင်း မရှိ ယိုးဒယားတို့ မြေကတုတ်ကြီးကို နင်းသည်တွင် ဗညားစိန်, ငမြတ်ဖြူတို့ မရပ်မခံနိုင် တပ်အလုံးပျက်၍ ဆုတ်ခွာ ထွက်ပြေးကြလေသည်၊ လက်နက်လူသူအများ ရလိုက်သည်၊ သေလေသည်လည်း များ၏။

ယိုးဒယား, ဒဝယ်, တလိုင်းတို့ မြေကတုတ်ကြီးတပ် ပျက်လျှင် သူရဲတော် ဗိုလ်မှူးတပ်မှူးတို့ စစ်ဦးဘိလူးပါ ဒဝယ်မြို့မြောက် ဆန်းကြယ်အင်း အနောက် ပတ်လည် ချရပ်စွဲ နေသည့် ဘယားမိရှိတို့ ယိုးဒယားတပ် သုံးဆယ်ကျော်ကို တိုက်ပြန်သည် ယိုးဒယားတို့ မခံမရပ်နိုင်တပ်သုံးဆယ် လုံး ဆုတ်ခွာထွက်ပြေးကြသည်။ ။ယင်းသို့ ဇယားချောင်းတဘက်ဟွင် မြေကတုတ်ကြီးတပ်နှင့် ဆန်းကြယ်အင်း အနောက်ပတ်လည်တလျောက် ယိုးဒယားတို့ တပ်စု ပျက်သည့်တွင်မှ မြောက်မျက်နှာက ဒဝယ်မြို့ရင်းသို့ ချဉ်း၍ တပ်တော်များချနေနိုင်သည်။

ဒဝယ်မြို့အနောက်တောင် ဟသ်ာကျွန်းတွင် တပ်စွဲချရပ်သည့် နေမျိုးဂုဏ္ဍကျော်သူက ဒဝယ်မြို့ရင်းသို့ ရေကြောင်းလှေတပ်ချဉ်းကူးသည်ကို မြို့အနောက်မြစ်ဆိပ်မြို့ဆိပ်များကပြောင်းအမြောက်ထူထပ်လှသောကြောင့် နေမျိုးဂုဏ္ဍကျော်သူတို့ လှေတပ်များ ဒဝယ်မြို့ရင်းသို့ မချဉ်းမကပ်တည့် နိုင်ရှိ၍ မြို့တောင်ကမ်းသို့ တက်ပြီးလျှင် ကြက်စားပြင်အရပ်တွင် တပ်စုကိုတိုက်သည်ကိုလည်း မတိုးမဝှေ့နိုင်ရှိသောကြောင့် လှေတပ်တော်များ ဆုတ်ခဲ့ရချေသည်၊ နောက် နှစ်ရက်သုံးရက်ရှိလျှင် သေနတ်စွဲ သူရဲ ငါးထောင်ကျော်ရွေး၍ နတ်မီးလင်း, ပဲတောင်စား, ဗညားဦး, သမိန်စတ္ဘ ဝေါ, နတ်မုတ္တာ,ဥပါကောင်းတို့ မြို့တောင် ကြက်စားပြင်တွင် ခံနေသည့် ကမ္ဘ၂ရိစားတို့တပ်စုကို တိုက်ပြန်သည်၊ ယိုးဒယားတို့တပ် မခံ မရပ်နိုင် ပျက်သော်လည်း ယိုးဒယားတို့ကတပ်ကူ တပ်ထောက် များလှသည်၊ တပ်

တော်များလည်း လွတ်ပါက ကြည်းသို့တက်၍ တိုက်ရသည် ဖြစ်သော ကြောင့် ယိုးဒယားတို့ ရပ်နေမြဲရပ်နေနိုင်ပြန်၏။

နတ်တော်လပြည့်ကျော်တဆဲသုံးရက်နေ့ဒဝယ်မြို့တွင်းကဒဝယ်မြို့သား ငဘထွန်း, ငဘစံ, ငဘလှတို့နှင့်လူခုနစ်ယောက် အတွင်းမိုးထပါမည်-တပ် တော်များက တပြိုင်တည်း ဒဝယ်မြို့တွင်းသို့ ဝင်ပါ၊ ဝင်မည့်နေ့ကိုလည်း လူသားစားကျွန်းက အလံပြပါဟု ဒဝယ်သား လူတယောက်ကို ခင်ဦး ဗိုလ် လက်ယာသင်္ကြံ တပ်သို့ စာနှင့်စေလွှတ် လာရောက်သောကြောင့် အိမ်ရှေ့ဝန် နေမျိုးကျော်ထင် သီဟသူမှာ အစီရင်ခံလျှင် နေမျိုး ကျော် ထင်သီဟသူက လပြည့်ကျော်တဆဲလေးရက်နေ့ကို လူသားစားကျွန်းက အလံထူမည်၊ အလံထူသည့်နေ့ည မြို့တွင်းကမီးမြင်လျှင် ဒဝယ်မြို့ကိုတက် ကြရမည်ဟု တပ်တိုင်း စေ့အောင် ဆင့်ဆို၍ လပြည့်ကျော် တဆဲလေး ရက်နေ့ကို လူသားစား ကျွန်းက အလံထူလျှင် ဒဝယ်မြို့သို့ တက်ကြရ မည်ဟု တပ်တော်များကို စည်းကြပ်ဆင့်ဆိုနေသည်။

မြို့တွင်းက မီးပြမည်နေသူ ငဘထွန်း, ငဘစံ, ငဘလှတို့နှင့် လူခုစ် ယောက်ကို သတ်လေသောကြောင့် မြို့တွင်းကမီးမထ၍ မတိုက်ရရှိသည်၊ မိုးသောက်သင်း၍ ဒီရေတက်တွင် ငှက်ပျောတုံးကို ဖောင်ဖွဲ့ပြီးလျှင် လူ ခုနစ်ယောက်ကိုတင်၍ နှင်တို့က အတွင်းမိုးကို ငါတို့က စီရင်သည် ကြည့် လေဟု စာဆွဲ၍မျှောလိုက်သည်ကို တွေ့မြင်ရာတွင်မှ အရေးပျက်ကြောင်း ကိုသိ၍ တပ်တော်များက ရပ်နေကြရသည်။

ဒဝယ် မြို့မှာလည်း တန်ဆောင်မုန်း လဆန်းကသည် ပြာသိုလတိုင် တပ်တော်များက စင်မြင့်ဆောက်ပြီးလျှင် အမြောက်စိန်ပြောင်း တင်၍ ဒဝယ်မြို့တွင်းသို့ နေ့ည့်မစဲ ပစ်လွှတ်သည်၊ ဒဝယ်မြို့တွင်းမှာ မရပ်မနေ နိုင်အောင်ရှိသည်၊ ယိုးဒယားတပ်စုလည်း သုံးကြိမ် လေးကြိမ် နာနာ ကျင်ကျင် ပျက်လေလျှင် ယိုးဒယားမင်း ဆိုသည်ကား-ယခု မြန်မာမင်း သားချီလာသည့်အရာသည် ဒဝယ်မြို့ကို မရသမျှ ဆုတ်ခွာမည့်အဟန်မရှိ၊ ယခုငါတို့က ဒဝယ်မြို့တောင်, မြို့မြောက်, မြို့အနောက်များတွင် ရပ်နေ စေသည့် ကြည်းတပ်ရေတပ်များလည်း မရပ်မနေနိုင်ရှိသည်၊ နောက်ကို လည်း ထပ်ကာထပ်ကာ မြန်မာတပ်အများ ရောက်ချဦးမည်၊ ယင်းသို့ ဖြစ်သောကြောင့် ဒဝယ်မြို့တွင်ရှိသမျှ မိန်းမယောကျ်ားတို့ကို တယောက် မကျန်ထုတ်ယူ၍ ပြန်သွားရမှ အရေးကောင်းမည်၊ သို့ရာတွင် ထင်ထင် ပြက်ပြက် ပြောဆိုထုတ်ယူလျှင် နေရပ်ဌာနကို အလွန် ခွာခဲလိုက်ခဲသည်၊

ကြည်းကြောင်း ရေကြောင်း မြန်မာ တပ်စုလည်း ဒဝယ်မြို့ရင်းသို့ ချဉ်းနှိုင်၍ ရှိသည်၊ ဒဝယ်သားတို့ မြန်မာတို့နှင့် တချက်တည်းကူးသန်းပေါင်းယှက်မိလျှင် ထုတ်ယူနိုင်မည်မဟုတ်၊ ယင်းသို့ ဖြစ်သောကြောင့် ဒဝယ်မိန်းမဆိုသမျှကို မျိုးရိုးကွာ အသယ်အယူ ဆောင်နှိုး၍ သစ်ကနက်ဖောင်ဆိပ်များသို့ ရောက်သည့်ကာလ ဒဝယ်သားဆိုသမျှကို ခေါ်သိမ်း ထုတ်ယူရသည်ဖြစ်မှ သားမယားကို ငဲ့ကွက်၍ ဒဝယ်တမြို့လုံးကို ထုတ်ယူနိုင်မည်ဆိုပြီးလျှင် ယိုးဒယားမင်းယောကွမ ဘယားရုံပရပ်, ဗညားစိန်တို့သို့ဆင့်ဆို၍ သစ်ကနက်ဖောင်ဆိပ်များမှာ ဆန်စပါး အသယ်အယူထွက်ရမည်ဟု ဒဝယ်မြို့တွင်းမြို့ပြင်ရှိနေသည့် မိန်းမ ဆိုသမျှကို ဆော်နှိုးစေသည်၊ ထိုသို့ယိုးဒယားတို့လှည့်ဖြားနှိုးဆော်ထုတ်ယူမည့်အရိပ်အခြည်ကို ဒဝယ်လူကြီးတစုတို့ သိသောကြောင့် ဒဝယ်သား ဘဉီး, တရားမှူး ဗလဒေဝ, တလိုင်းမှူးဗလရန်အောင်, ရှမ်းမှူး ဘလွန်, ပျံချီရခေါင်, မုတ္တိသူကြီး ဘကြောင်, သွေးသောက်ကြီး ဘမည်, တပ်မှူးဘတို့, ကျွန်အကြီး ဘတော့, ဘလွန်, တပ်ရေးပျံချီကျော်, ဘအောင်, ဘမျိုး, ဘရံ့, တပ်မှူးသခ်ဝေသော်, ခေါင်းလူကြီး တစုတို့ တိုင်ပင်စည်းကြပ်ပြီးလျှင် ပြင်တပ်တော်များသို့ စေလွှတ်သည်ကား-

ကျွန်တော်တို့ ဒဝယ်သားတစုတို့ မြို့တွင်းမှာရှိသည့် ယိုးဒယားတို့ကို ယခုညတိုက်ပါမည်၊ တပ်တော်များကလည်း မရပ်မဆိုင်း ယခုညမြို့တွင်းသို့ဝင်ပါ-ဟု စာနှင့်ဇဝေယကို စေလျှင်ဇဝေယလည်း ဒဝယ်မြို့တွင်းက ထွက်၍ မြစ်ကိုလက်ပစ်ကူးပြီးလျှင် နတ်မီးလင်းတပ်သို့ စာနှင့်ရောက်လာသည်ကို အိမ်ရှေ့ဝန် နေမျိုး ကျော်ထင်သီဟသူ ရှိရာ ကမြောတပ်သို့ နတ်မီးလင်းကစာနှင့်တကွဇဝေယကို ပို့ရောက်လေလျှင် ရေတပ်ကြီးတပ်တပ်ဆိုသမျှ ယခုနေ့ညဒဝယ်မြို့တွင်းသို့ပေါက်အောင်ဝင်၍တိုက်ကြရမည်၊ ပေါက်ရောက်အောင် မဝင်နိုင်သူကို အကွပ်တော်ကို ခံကြရမည်ဟု တပ်တိုင်းစေအောင် ဆင့်ဆိုပြီးလျှင် ပြာသိုလပြည့်ကျော် တရက်နေ့ည ကြည်းကြောင်း ရေကြောင်း တပ်တော်ဆိုသမျှ မနေဝံ့ကြ မြို့တွင်းသို့ အလျင်ရောက်အောင်ကိုသာ သေနတ် စိန်ပြောင်းအမြောက် ပစ်လွှတ်ပြီးလျှင် တလုံးတည်းကြော်ငြာလျက် မြို့ကိုချဉ်း၍တက်ကြသည်၊ မြို့တွင်းကလည်း ဒဝယ်သား မြို့စာရေး ဘဉီး, တလိုင်းမှူး ဗလရန်အောင်, ရှမ်းမှူး ဘလွန်, တရားမှူး ဗလဒေဝတို့ တိုင်ပင်စည်းကြပ်ရာပါသည့် လူကြီးတစုတို့ကွပ်ကဲ၍ ညအခါဒဝယ်မြို့တွင်းမှာရှိသည့် ယိုးဒယားတို့ကို ထိုး

ခုတ်ပစ်ခတ်ပြီးလျှင် မြို့တံခါးဆိုသမျှကိုဖွင့်ပေး၍ ဒဝယ်သား‌တို့နှင့် သူ့ရဲ့ တော်တို့ ယိုးဒယား‌တပ်စု‌ကို တိုက်သည်၊ ယိုးဒယား‌တို့ သေလေသည် မရေမတွက်နိုင်၊ ယိုးဒယား‌မင်း‌ယောကျွမ ဘယား‌ရှုံ‌ပရဝ်, ဗညား‌စိန်‌တို့ မူကား ရုံး‌မိသမျှနှင့် မြို့ကသွက်ပြေး‌သောကြောင့် လွတ်လေသည်၊ တပ်တော်များ မြို့တွင်း‌သို့ ပေါက်ရောက်၍ ညဉ့်အခါရုတ်ရုတ်သဲသဲ ဒဝယ်မြို့တွင်း‌က ထွက်ပြေး‌ကြလျှင် မြို့ပြင်က ရပ်နေသည့် ဝန်း‌ကြီး‌ဘယား‌ကလဟုန်း, ဘယား‌ရုံ‌ပလပ်, ဘယား‌မိရှိ, ကမ္ဘူရီစား‌တို့လည်း မလင်း‌မိအရုံကိုဖြိုတ်၍ ဆုတ်ခွာကြလေသည်၊ သောက်ရောင်လာလျှင် ဗိုလ်မှူး‌တပ်မှူး‌သူရဲတော်တို့ ယိုးဒယား‌ဘပ်ဆုတ်ခွာလေရာ အသီး‌အသီး အပြင်း‌လိုက်ထပ်၍ တိုက်သည်၊ ဝန်ကြီး‌ဘယား‌လဟုန်း‌နှင့် ရေဝန်, သေနတ်ဝန်‌တို့ ခေါင်း‌ကိုရလိုက်သည်၊ ယိုးဒယား‌မင်း‌လည်း သစ်ကနက်တပ်က အပြင်း‌ဆုတ်နှင့်သောကြောင့်ခွာနိုင်သည်၊ သေလေသည်လည်း မရေမတွက်နိုင်အနိုင်ထွက်ပြေး‌သူတို့သာ လွတ်လေသည်၊လက်နက်သုံ့ပန်း‌အများ‌ရလိုက်သည်၊ မြင်စိုင်း‌စား‌ငမြတ်ဖြူမှာလည်း တပ်တော်များ ဒဝယ်မြို့သို့မဆိုက်မရောက်မီ ယိုးဒယား‌သို့ မယား‌နှင့်တကွ ရောက်နှင့်သောကြောင့် လွတ်လေ၏။ ။ဗိုလ်မှူး‌တပ်မှူး သူရဲအပေါင်း‌တို့လည်း သစ်ကနက်သို့ ရောက်လျှင် ရသည့်လက်နက်သုံ့ပန်း‌လူသူတို့ကို သိမ်း‌ယူပြီး‌လျှင် စစ်ကိုသိမ်း၍ ပြန်ခဲ့ကြ၏။

ဗြတ်မြို့သို့လည်း နေမျိုး‌ဂုဏ္ဍကျော်သူ, ဥပါကောင်း‌တို့ကို ကြည်း‌ကြောင်း၊ အကောက်ဝန်သီရိရာဇမမွရတ်ကို သင်း‌ဘောမြောက်စင်း‌နှင့် ရေကြောင်း‌ချီစေသည်၊ ဗြတ်မြို့မှာလည်း ယိုးဒယား‌အိမ်ရှေဘယား‌ဝိဿလုပ် လူနှစ်သောင်း‌ကျော်နှင့် ဝန်း‌ရံပြီး‌လျှင် ရှင်ပတစ် တောင်ထိပ်က အမြောက်စိန်ပြောင်း‌တင်၍ နေ့ညမစဲပစ်လွှတ်သည်ကို ဗြတ်မြို့ဝန် စဏ္ဍာဥမြည် မြို့တွင်း‌က အပန်း‌တကြီး ခံနေရသည့်အတွင်း တပ်တော်များ ဆိုက်ရောက်၍ ယိုးဒယား‌ရံတပ်စု‌ကို အပြင်း‌ဝင်၍ တိုက်သည်တွင် ဒဝယ်မြို့က ယိုးဒယား‌မင်း ဆုတ်ခွာထွက်ပြေး‌ရကြောင်း‌ကို ယိုးဒယား‌အိမ်ရှေကြား‌သိသည်နှင့် ဗြတ်မြို့ကိုအရုံဖြုတ်၍ ယိုးဒယား‌အိမ်ရှေ အပြင်း‌ဆုတ်ခွာလေ၏။

ယိုးဒယား‌မင်း‌နှင့်တကွ ယိုးဒယား အိမ်ရှေတို့ မရပ်မဆိုနိုင် ဆုတ်ခွာထွက်ပြေး‌လေ၍ ဒဝယ်မြို့, ဗြတ်မြို့ အရေး‌တော် ဆိုသမျှ ပြီး‌ပြေကုံ‌တွင်လျှင် သား‌တော် မဟာဥပရာဇာလည်း ဒဝယ်မြို့တွင် အစောင့်အနေ

နတ်မီးလင်း, ပဲတောင်စား ဇော်တရတ်ကျော်, ရဲတိုင်တင်တို့ကို သေနတ်စွဲသူရဲသုံးထောင်ကျော် ပေးအပ်ခန့်ထား၍ ပြတ်မြို့,ဒဝယ်မြို့,ယေးမြို့စသော အရှေဘက် မြို့ကျေးရွာများကို အနေအထားကျအောင် စည်းကြပ် စီရင်တော်မူခဲ့ပြီးလျှင် သက္ကရာဇ် (၁၅၄) တ ထောင့်တရာ့ငါးဆဲ့လေးခု ပြာသိုလပြည့်ကျော် ရှစ်ရက်နေ့ နေပြည်တော်သို့ ပြန်တော်မူသည်။

ကျောင်းတော်ကို ရေစက်ချခြင်း

ထိုနှစ် တန်ဆောင်မုန်းလ ဥဒည်ဘွားကိုးကွယ်ရန် အန္တာကူကျောက်ကိုထုလုပ်သည့် ဘုရားသခင်ရုပ်တုတော်သုံးဆဲ့ခုနစ်ဆူ၊ စေတီတော်တဆူ၊ ရတနာသုံးပါးဂုဏ်တော်ကို ရွှေပေ အနုံခုနစ်သစ်, အလျား တတောင့် တမိုက်တွင်ရေးသည့် စာကြောင်းရေ တဆဲ့လေး၊ ရတနာသုံးပါး ဂုဏ်တော်ကို ဘဝါအနုံနှစ်တောင်, အလျားသုံးတောင်တွင် ရွှေနှင့်ရေးသည့် စာကြောင်း တဆဲ့ခြောက်၊ ဥဒည်မင်းကိုပေးရန်ဘွဲ့-သီရိတြိပဝရ မဟာနာဂသုဓမ္မရာဇာမိရာဇာ ဘွဲ့ပုံ၊ ပတ္တမြားတဆဲ့တရစ်၊ သင်ပုန်းခေါင်းကိုးရစ်စီ၊ အထွတ်အချက်အလက် အရိုးရွှေဗုဒ္ဓန်ခံမွှမ်း၊ ရွှေချ။ ညောင်ရွက်ဆွဲ၊ ရွှေခြေနှင်း၊ နီလာအထွတ်တပ် ရွှေမကိုင့်၊ နားခော်ငြား မီးထွင်းကျောက် ဘော့ခြယ်၊ နဂါးခံရွှေကွမ်းခွက် ပတ္တမြားသုံးရစ်စီ၊ ကွမ်းခွက်ထည့် ရွှေဖလားလေး၊ ပတ္တမြားသုံးရစ်စီ၊ စလွယ် ပတ္တမြားခြယ် နှစ်ဆဲ့လေးသွယ်၊ ငွေခရုသင်းရွှေကွပ် ပတ္တမြားခြယ်၊ ပြတ်ထွေးအင်၊ နန္ဒီဝတ္တ ရွှေကျီးခြေ၊ ရွှေကရားပတ္တမြားခြယ်၊ သံတံဆိပ်၊ သံလက်ရိုက်၊ ဆင်နန်းပေါင်းကတောင် ရွှေဝိန်း အလံချည် ကြိမ်သံပတ် ခြောက်တန့်ရွှေထည့်၊ ဆင်ပေါင်းဝန်းကတောင် ရွှေဝိန်း အလံချည် ကြိမ်သံပတ်ခြောက်တန့်ရွှေထည့်၊ သဠာလိက၊ ကတောင်ရွှေဝိန်း၊ ရဲကရွှေဝိန်း၊ ဆင်ကြိုးသက္ကလတ်မွှမ်း၊ ဆင်စွယ်ကြယ်တပ်၊ ထည်မျိုးအုပ်မျိုး၊ အထူးထူးသောလက်ဆောင်တော်တို့ဖြင့် ဥဒည်မင်းစစ်သူကြီး စုံတူကို တပ်ရန် မဟာသီဟသူရ-ဘွဲ့ပုံအနုံနှစ်သစ်ခွဲ. အလျားတမိုက်နှစ်သစ်၊ ကွမ်းခွက်ရှစ်ထောင့် ပယင်းတပ်၊ ကွမ်းခွက်ထည့်ဖလားလေး၊ ပယင်းတပ်၊ ကွမ်းလိပ်သုံးမြွာ ပယင်းတပ်၊ ထက်ဘက်အိုးရှစ်ထောင့် ပယင်းတပ်၊ တကောင်းပိတ်ရှစ်ထောင့် ပယင်းတပ်၊ကွမ်းခွက်ထည့်မှန်၊ ငွေထွေးအင်၊ ဗောင်းကတ္တိပါ ရွှေသားပန်းကိုး၊ တမာရွက်တောင်ကိုး၊ ရွှေစလွယ် တဆဲ့နှစ်သွယ်၊ နားခော်ငြား မီးထွင်း

ဘေဒုခြေယ်၊ ဝတ်လုံကတ္တိပါနိဘဲကွင်၊ ပါလည်ကွေး ရွှေကာနောက်ကာ မောက်ရွှအစုံ၊ မောက်တိုရွှေထိပ်ရွှေကုံး ငှက်မြတ်နားစိန်ပွင့်ပါ၊အဆော်ကတ္တိပါအနက်မွှမ်း၊ ရင်းဖျားခွေးမ-ခွေးငယ် သံပတ်ခုနစ်တန့်၊ ရွှေသားကျောက်အိမ်ပါခြား၊ ထီးနီအထွတ်ရွှေထည်မြှ၊ ရွှေညောင်ရွက်သုံးဆင့်ဆွဲ၊ မြင်းကကိုင်းညောင်ရွက်ခုနစ်၊ သမ္ဗာရာခွံရက်ဘောက်ကတောင်ဆွဲ၊ ဇက်ပါးကာ ရွှေဝါးဝိန်း နင်းနှင်းသိပ်၊ အိမ်မြှောင်ရင်ပတ်ကွင်း ရွှေဝါ၊ ဦးခက်ထိပ်ဆောင်းမြီးပျမ်း ရင်ပတ် သက္ကလတ်ကြိုး ရွှေကြယ်တပ်၊ စီးနှီး သက္ကလတ်၊ သက္ကလတ်တင်ရမ်း၊ ဆက်ရွှန်းသုံးဆင့် ကတောင် ရွှေရေး၊ စာမရိရုပ် ပန်းခက်ကိုက် အနားသံလေးသစ် ရွှေဝိန်း၊ ဆင်ပေါင်းဝန်းနက် ကခွက်ရွှေတစု,အနီနှစ်စု၊ ရဲကခွက်အနီသုတ်၊ ဆင်ကြိုးသက္ကလတ်နီမွှမ်း၊ ဥဒည်မင်းကို ချီးမြှင့်သနားတော်မူရန် ဘွဲ့တံဆိပ်၊ မင်းမြှောက်တန်ဆာငါးပါးစသော မင်းဆောင်မင်းယောင်၊ အရွှေမျက်နှာ စစ်သူကြီးစုံတူကို ချီးမြှင့်ပြုစုတော်မူရန် ဘွဲ့အမည်အရည် အဝတ်အဆင်အစီးအနင်း အဆောင်အရွက်များနှင့် သက္ကရာဇ် (၁၁၅၄) တထောင့်တရာ့ ငါးဆဲ့ ဃးခု တန်ဆောင်မုန်းလဆန်း ရှစ်ရက်နေ့ ဗန်းမော်စော်ဘွား နေမျိုးမင်းသွနော်ရထာ, ကင်းဝန် နေမျိုးနန္ဒကျော်သူ, ဘကြာဝန် နေမျိုးနန္ဒကျော်ထင်, သံတော်ခံ သီဟကျော်စွာ, တရားနာခံ ရာဇနန္ဒတို့ကို တရုပ် ဥဒည်ပြည်သို့ စေလွှတ်တော်မူ၏။

နတ်တော်လပြည့်ကျော် တရက်နေ့ ဝန်ကြီး သတိုး သီရိမဟာဥဇနာကို နေပြည်တော်မှာ အစောင့်အနေထားတော်မူခဲ့ပြီးလျှင် မင်းကွန်းသို့ ထွက်တော်မူ၍ ပုထိုးတော်ကြီးကို ကိုယ်တော်တိုင် ကြွပ်မ တည်လုပ်တော်မူ၏။ ။ထိုနှစ် ပြာသိုလ မင်းကွန်းတွင် စံနေတော်မူကြိုက်၊ သားတော်မဟာဥပရာဇာလည်း ဒဝယ်အရေးတော် ပြီးပြေသည်နှင့် ပြန်လာ၍ ရွှေတော်သို့ရောက်လျှင် ခမည်းတော် ဘဝရှင် မင်းတရားကြီးဘုရားလည်း သားတော် မဟာဥပရာဇာကို အလွန်အားရတော်မူ၍ တိုင်းကြီးပြည်ကြီး စော်ဘွားမြို့စား ရာကြီး ထူးကြီး ခန့်ရန်ထားရန် တိုင်းရေးပြည်ရေး သာသနာတော်ရေးများကို ငါကဲ့သို့ စီရင်ရမည်ဟု ကောင်းမင်းတို့ အလွန်ပေးခဲ့လွှာသော ဆုကို ပေးတော်မူသည်၊ ဒဝယ်မြို့တွင် ပွဲလမ်းရသူတို့ကိုလည်း ရွှေးချယ် စီစစ်တော်မူ၍ အထိုက်အလိုက်ဆု ပေးတော်မူသည်။

တပို့တွဲလပြည့်ကျော် သုံးရက်နေ့ တရုပ်ဥဒည်မင်းက အထူးထူးသော လက်ဆောင်တော်များကိုတရုပ်ဗိုလ်မှူး ရည်တာလော၀ရဲ,ရိတာလော၀ရဲတို့ အဆက်အသလာရောက်သည်ကို မင်းကွန်းစံနန်းတော်တွင် အဆက်အသ ခံတော်မူသည်။ ။တပေါင်းလဆန်း ခြောက်ရက်နေ့ မင်းကွန်းက ရွှေ မြို့တော်သို့ ဝင်တော်မူသည်။

သက္ကရာဇ် (၁၁၅၅) တထောင့်တရာ့ငါးဆဲ့ငါးခု ပဌမဝါဆိုလဆန်း ခြောက်ရက်နေ့ ရွှေမြို့တော် အရှေတောင်ယွန်းတွင် သားတော် ပြည့် မင်းက ဆောက်လုပ်သည့် လေးထပ် ဇေတဝန် ရွှေကျောင်းကို တုလွတ် ဘုံစံ ကမ္ဘည်း စိုက်တော်မူပြီးလျှင် ရွှေတောင် ဆရာတော် ဂုဏမုနိန္ဒာ လင်္ကာရ သဒ္ဓမ္မ မဟာဓမ္မရာဇာမိရာဇဂုရု-အား ကိုယ်တော်တိုင် ရေစက် သွန်းချတင်လှူတော်မူသည်။

မြေးတော်,သားတော်များကို သျှောင်ထုံး နှားထွင်းမင်္ဂလာပြု၍
ကျောက်စာများ အသစ်ထုလုပ်စေခြင်း စသည်နှင့်
ဥဒည်မင်းက လက်ဆောင် ရောက်ခြင်း

ပဌမဝါဆိုလပြည့်ကျော် နှစ်ရက်နေ့ မြေးတော်စစ်ကိုင်းမင်း သျှောင် တော်ထုံး,နှားထွင်းမင်္ဂလာဆောင်တော်မူသည်၊စစ်ကိုင်းမြို့ရှိကျိုက်ထီန်းစု ဥယျာဉ်၊ ငချစ်သာ ထိန်းစုဥယျာဉ်၊ တန်တားဦးရွာရှိ နန္ဒရမ္မာဥယျာဉ်၊ အဝမြို့ရှိ ငစံမှတ်ထိန်းစု ဥယျာဉ်၊ အဝမြို့ ရှမ်းစွေးရှိ ငသာကတိုးထိန်းစု ဥယျာဉ်၊ စစ်ကိုင်းဥတ္တမရာဇ်ကန်နှင့် လမိုင်းတော်လယ်ပယ် တရုံနှစ်ဆဲ့ ရှစ်ပယ်၊ ငရွှေအောင်ထိန်းစု ကျွဲရှစ်ဆယ်, နွားတရုံငါးဆယ်၊ ငသာ ကတိုးထိန်းစု နွားတရုံခြောက်ဆယ်၊ကွမ်းကိုင်ရေကိုင် မှူးသားမတ်သား ခြောက်ဆဲ့ငါး၊ အမှူးအကြီးစာရေးစာချီတို့သားငါးဆဲ့ရှစ်၊နန္ဒသိင်္ဃနတို့ နှင့်အုပ်စုသေနတ်စွဲသူရဲတထောင့်သုံးရုံသုံးဆယ်၊ဥပါကောင်းနှင့်အုပ်စု သေနတ်စွဲ သူရဲ ငါးရုံလေးဆယ်၊ ရွှေတောင်နရသူနှင့် အုပ်စုသေနတ် စွဲ သူရဲခြောက်ရုံခုနစ်ဆယ်၊ ဗဒုံဗလရဲထွတ်နှင့် အုပ်စုသေနတ်စွဲ သူရဲ လေးရာ၊ဟန်းလင်းနေငလုံနှင့်အုပ်စုသေနတ်စွဲသူရဲခြောက်ဆယ်၊ ငဘော် နှင့် အုပ်စုသေနတ်စွဲ သူရဲတရာ၊ အောင်သာကျောက်စစ်ကုန်းရွာနေနန္ဒ ကျော်နှင့် အုပ်စုသေနတ်စွဲသူရဲငါးဆယ်၊ ထနောင်းဝန်းရွာနေ ငဝန်နှင့် အုပ်စုသေနတ်စွဲသူရဲလေးဆယ်၊ အုပ်နဲ့ဘုတ်ရွာနေငရွှေန,ငရုတ်နှင့်အုပ် စုသေနတ်စွဲ သူရဲ ကိုးဆယ်၊ မအုပ်ကျောင်းရွာနေ ငမောင်နှင့် အုပ်စု

သေနတ်စွဲ သူရဲသုံးဆယ်၊ ရွှေရင်းမာရွာနေ ငသာနှင့် အုပ်စုသေနတ်စွဲ သူရဲ တရာ့ငါးဆယ်၊ ပြင်စည်မြို့နေ ငဘော် ငချမ်းသာတို့နှင့် အုပ်စုသေနတ်စွဲ သူရဲ တရာ့လေးဆယ်၊ ငကြီးနှင့် အုပ်စုသေနတ်စွဲ သူရဲရှစ်ဆယ်၊ သာယာဝတီမြို့နေ သောင်တင်းလွှတော်ပဲ့နင်း ငဖားနှင့် အုပ်စုတက်စွဲ မြောက်ဆဲ့နှစ်၊ ဥဩလွှတော်ပဲ့နင်း ငအင်းနှင့် အုပ်စု တက်စွဲ မြောက်ဆယ်၊ အိုးထိန်းမော်နေ စံရွှေးလွှတော် ပဲ့နင်း ငရွှေလူနှင့် အုပ်စုတက်စွဲ ရှစ်ဆယ်၊ တဲကြီးရွာနေ တောင်လုံး လွှတော်ပဲ့နင်း ငကံနှင့် အုပ်စုတက်စွဲခုနစ်ဆယ်၊ ဘိုးသိန်းတန်လွှတော်ပဲ့နင်း ငဦးနှင့်အုပ်စုတက်စွဲ ခုနစ်ဆယ်၊ သာယာဝတီမြို့နေ လွှတော်ပဲ့နှင်း ငကောင်းနှင့် အုပ်စုတက်စွဲ ငါးဆယ်၊ ဆင်ပေါက်နှစ်ဆဲ့သုံး၊ ဆင်မနှစ်၊ ဦးစီးနောက်ပဲ့ အစုံ၊ မြင်းသုံးဆဲ့ခုနစ်၊ ရတနာသိဿ်မြို့၊ အင်းဝမြို့၊ ငါးစွဲတိုက်၊ ပဉ္စာလ ငါးမြို့၊ မြေဒူးမြို့၊ ငစဉ့်ကူးမြို့၊ မြင်စိုင်းမြို့၊ ပြင်စည်မြို့၊ ကျောက်ဆောက်မြို့၊ တောင်တွင်းကြီးမြို့၊ တောင်ဘက် ကိုးသင်းမြင်း၊ မြောက်ဘက် ကိုးသင်း မြင်းများကိုလက်ဖွဲ့တော်မူသည်။

ရွှေစလွယ်တဆဲ့ရှစ်သွယ် ပတ္ထမြားစိ၊ ဓောင်းကတ္တိပါနိ နဖူးစည်းရွှေသားဇာဖောက် ရောင်ပြားခံ သစ္စာပန်း ခုနစ်ပွင့်၊ နဖူးစည်းအောက် အထက်ပန်းတပ် ဘော့ခြယ်၊ တမာရွက်ထောင် ပန်းတပ် ဘော့ခြယ်၊ နဖူးစည်း သင်းကျပ်တပ်၊ ခေါင်းအဆောက်အအိမ်ရွှေသား၊ အဆောက်ရင်း ဖျားခွေးမ ပတ္ထမြား ကျောက်တန်းခြောက်၊ အတွင်း ရောင်လင်းသမ္ဘာခံ့ ထိပ် ပတ္ထမြား မျက်ခြယ်၊ လက်ကိုင်ရောင်လင်း အိမ်ရင်းဖျား ခွေးမဆံပတ် ကိုးတန် ပတ္ထမြား ကျောက် သုံးရစ်စိ၊ ဆောင်ခေး မည်းသရီ အိတ်သွတ်၊ထမ်းစင်အခွက်ရွှေပိန်း၊ တမြို့.အနီသုတ်၊ ကျိုင်းရွှေချက်လေး၊ အဆောင်နီ ဆင်သက္ကလတ်ကြိုး ရွှေကြယ်တပ်၊ ရဲကရွှေနှစ်စု အနီတစု၊ ဆင်ပေါင်းဝန်းနက် အထွတ်ရွှေရေး အံ့ရွှေရေး ခြင်ဝိတ်ပန်းဆွဲရွှေနှစ်စု အနီတစု၊ မြင်းကကိုင်း ညောင်ရွက်ကိုး ရွှေဗုဒ္ဓန်ခွံမွှမ်း နင်းနှင်းသိပ်၊ အိမ်မြောင်ရင်ပတ်ကွင်း ဇက်ပါးကာ ရွှေဇဝါ၊ ကတောင်ရွှေပိန်း၊ မြင်းဦးခက်ထိပ်ဆောင်း မြီးပျမ်းရင်ပတ်ကြိုး ကတ္တိပါရွှေကြယ်၊ စိန်နီးကတ္တိပါ၊ ကတ္တိပါတင်ရမ်း၊ ဆက်ရွှန်းသုံးဆင့် ရွှေယက်ပြားကွပ်၊ ဆင်ခြေဖုံးမိုးနဲရွှေလှံငါးဆယ်၊ စည်နီခုနစ်၊ ပုံသာတစ်၊ စည်ပုတ်တစ်၊ လင်းခွင်းတစ်၊ ငွေခရာနှစ်၊ ငွေနဲကြိုးနှစ်၊ ငွေနဲငယ် သုံးများကိုလည်း ပေးတော်မူသည်။

ထိုအခါနှင့် တချိန်တခါတည်း သားတော် မြန်အောင်မင်းသား, ညောင်ရမ်းမင်းသား, သပြေဂါးရွာမင်းသား, မောင်တိုးလှ, သတိုးမင်းရဲ ကျော်စွာ, သတိုး မင်းနရာ, မောင်အိုက်, မောင်ကျောက်ခဲ တို့ကိုလည်း သျှောင်ထုံး နားထွင်းတော်မူသည်။

သားတော်မြန်အောင်မင်းသားကို-သတိုးမင်းရဲကျော်ခေါင်ဘွဲ့၊ သား တော်မောင်တိုးလှကို-သတိုးမင်းလှကျော်ထင် ဘွဲ့၊မောင်အိုက်ကို-မင်းရဲ သီဟဘွဲ့၊ မောင်ကျောက်ခဲကို-မင်းရဲသိန်ဘွဲ့ ပေးတော်မူသည်။

သားတော် သပြေဂါးရွာမင်းသား သတိုးမင်းရဲစည်သူ, ညောင်ရမ်း မင်းသား သတိုး မင်းရဲရွှေတောင်, မြန်အောင်မင်းသား သတိုးမင်းရဲ ကျော်ခေါင်, သတိုးမင်းလှကျော်ထင်တို့ကို ဗောင်းကတ္တီပါနီနဖူးစည်း၊ သင်းကျပ်ကျောက်တန်း၊ စိန်ထောင်ရွှေသား ဇာဖောက် ရောင်ပြားခံ၊ အထက်နားအောက်နား ဇာဖောက်ပန်းတပ်၊ အလယ်သစ္စာပန်း ခုနစ်ပွင့်၊ သရက်ကင်းမြင်းနား ဇာဖောက်ပန်းတပ်၊ တမာရွက်ထောင်ရောင် ပြားခံ ဇာဖောက်ပန်းတပ်၊ ကတ္တီပါဝတ်လုံဘဲရုံတဆင့်တပ်၊စလွယ်တဆဲ့ ငါးသွယ်၊ ကွမ်းခွက်ရှစ်ထောင့်မှန်တပ်၊ ပတ္တမြားတရစ်စီ၊ ကွမ်းလိပ်သုံး မြွာမှန်တပ်၊ ပတ္တမြားတရစ်စီ၊ လက်ဘက်အိုးတကောင်းပိတ် ရှစ်ထောင့် မှန်တပ်၊ ပတ္တမြားတရစ်စီ၊ ရွှေထွေးအင်၊ ခားအဆောက်အအိမ် ရွှေ သားဝိန်း၊ အဆောက်ရင်းဖျားပတ္တမြားကျောက်တန်းခြောက်၊ အတွင်း ရောင်လင်း သမ္ဘာရာခွံ၊ ထိပ်ပတ္တမြားမျက်ခြယ်၊ လက်ကိုင်ရောင်လင်းအိမ် ရင်းဖျားခွေးသံပတ် ခုနစ်တန့်၊ ပတ္တမြားသုံးရစ်စီ၊ ဆောင်ခား မည်းသရီ အိတ်သွတ်၊ ထမ်းစင် အခွက် ရွှေနှစ်စုအနီတစု၊ ကျိုင်းရွှေချက်နှစ်၊ မြင်း ကကိုင်း ရွှေညောင်ရွက်ကိုး ရွှေဗုဒ္ဓန်ခွံမွှမ်း နင်းနှင်းသိပ်၊ အိမ်မြောင် ရင်ပတ်ကွင်း ဆက်ပါးကာ ရွှေဇဝါဝိန်း၊ ကတောင်ရွှေပိန်း၊ မြင်းကြိုးဦး ခက်ထိပ်ဆောင်း မြီးပျမ်းရင်ပတ်ကြိုး ကတ္တီပါရွှေကြယ်တပ်၊ စီးနှိုးကတ္တီ ပါ၊ ကတ္တီပါတင်ရမ်း၊ ဆက်ရှန်းသုံးဆင့်ရွှေယက်ပြားကွပ်၊ ဆင်ပေါင်း ဝန်းနက် အချက်ရွှေ၊ ကတောင်ရွှေပြည့်၊ ရဲကခွက်ရွှေတစု အနီနှစ်စု၊ ဆင်ခြေဖုံးမိုးနဲရွှေလှံသုံးဆယ်၊ စည်နီခုနစ်၊ စည်ပုတ်တစ်၊ ပုံသာတစ်၊ လင်းခွင်းတစ်၊ ငွေခရာတစ်၊ ငွေနဲကြိုးတစ်၊ ငွေနဲငယ်နှစ်။

သားတော် သတိုးမင်းရဲကျော်စွာ,သတိုးမင်းရဲနရာတို့ကိုလည်းဗောင်း ကတ္တီပါနီ ရွှေသားပန်းကိုး၊တမာရွက်ထောင်ကိုး၊နဖူးစည်းကျောက်တန်း

အခံစိန်နန်းဆွတပ်၊ စလွယ် တဆွဲနှစ်သွယ်၊ ဝတ်လုံ ကတ္တီပါနီ အနှားရွေကြက်သွန်မြိတ်သတ်၊ ရွှေကျပ်မြင်းမိုရ်ရှစ်ထောင့်၊ လက်ဘက်အိုးရှစ်ထောင့်၊ ရွှေထွေးအင်၊ ဓားအဆောက်အအိမ် ရွှေသားပိန်းသင်းချော၊ တမ်းစင်တလဲတဆွဲရှစ်ဝန်း၊ ကျိုင်းရွှေထွတ်နှစ်၊ မြင်းကကိုင်းညောင်ရွက်ခုနစ်၊ နင်းနှင်းသိပ်၊ အိမ်မြောင် ရင်ပတ်ကွင်း ဆက်ပါးကာ ရွှေဇဝါပိန်း၊ ကတောင်ရွှေရေး၊ တိုးရပ်ပန်းခက်ကိုက် ခြုံးသေးသွယ်၊ အနားသံလေးသစ် ရွှေဝိန်း၊ မြင်းကြိုးဦးခက်ထိပ်ဆောင်းမြီးပျမ်းရင်ပတ်သက္ကလတ် ကြိုးရွှေကြယ်တပ်၊ စီးနှီး သက္ကလတ်၊ သက္ကလတ်တင်ရမ်း၊ ဆက်ရွန်းသုံးဆင့်။ ။သားတော် မင်းရဲသီဟ, မင်းရဲသိန်တို့ကိုလည်း ရွှေနဖူးစည်း၊ ကျောက်အိမ်ပါပေးတော်မူသည်။

သားတော် မြန်အောင်မင်းသားကို မြန်အောင်မြို့နှင့်လဲ၍ ပုခန်းကြီးမြို့၊ သပြေငါးရွာမင်းသားကို သပြေငါးရွာနှင့်လဲ၍ အမြင့်မြို့၊ သတိုးမင်းလှကျော်ထင်ကို မြဝတီမြို့၊သတိုးမင်းရဲကျော်စွာကိုပန်းထိမ်းမြို့၊ သတိုးမင်းရဲနရာကို ရန်အောင်မြို့သစ်မြို့၊ မင်းရဲသီဟကို ရှိမ်းမကားရွာ၊ မင်းရဲသိန်ကို ငါးပတ်ချောင်းရွာကို ပေးတော်မူ၏။

ဌင်းနှစ် ဒုတိယဝါဆိုလဆန်းလေးရက်နေ့ သားတော် ပုသိန်မင်းသားကို ကွမ်းခွက်တဆွဲရှစ်မြောင့်မှန်တပ် အနားပတ္တမြားသုံးရစ်စီ၊ ကွမ်းလိပ်သုံးမြွာ တဆွဲနှစ်မြောင့် မှန်တပ် ပတ္တမြားသုံးရစ်စီ၊ လက်ဘက်အိုးတကောင်းဝိတ် တဆွဲနှစ်မြောင့်မှန်တပ် ပတ္တမြားသုံးရုစ်၊ ရွှေထွေးအင် ပေးတော်မူသည်။

ဌင်းနှစ် ဒုတိယဝါဆိုလပြည့်ကျော် နှစ်ရက်နေ့ အရပ်ရပ် ကျောင်းဘုရား, ကျောက်စာ ယိုယွင်း ပျက်စီးသည်များကို အသစ် ထုလုပ်စေ၍ လဲလှယ်စိုက်ထားတော်မူ၏။

သမီးတော် အိမ်ရွှေမိဖုရား မကျန်းမမာရှိသည်ကို ဘဝရှင်မင်းတရားကြီးဘုရား ကိုယ်တော်တိုင် အိမ်ရွှေအိမ်တော်သို့ ထွက်တော်မူ၍ ကြည့်ရှုကုမပါသော်လည်း ဝေဒနာမှ မထွက်မလွတ်၊ တန်ဆောင်မုန်းလပြည့်ကျော် ရှစ်ရက်နေ့ နတ်ရွာစံတော်မူသည်ကို အိမ်ရွှေအိမ်တော် အရွှေမြောက် ဝင်းတော်အတွင်းတွင် မိဖုရားကြီးတို့ကို သင်္ဂြိဟ်သည့်နည်း၊ ရွှေဝေါနှင့်ထွက်တော်မူ၍ သင်္ဂြိဟ်တော်မူသည်၊ အလွန်လည်းကြေကွဲတော်မူ၏။

သမီးတော် အိမ်ရွှေမိဖုရား မကျန်းမမာရှိသည်ကို ဘဝရှင်မင်းတရားကြီးဘုရား ကိုယ်တော်တိုင် အိမ်ရွှေအိမ်တော်သို့ ထွက်တော်မူ၍ ကြည့်ရှုကုမပါသော်လည်း ဝေဒနာမှ မထွက်မလွတ်၊ တန်ဆောင်မုန်းလပြည့်ကျော် ရှစ်ရက်နေ့ နတ်ရွာစံတော်မူသည်ကို အိမ်ရွှေအိမ်တော် အရွှေမြောက် ဝင်းတော်အတွင်းတွင် မိဖုရားကြီးတို့ကို သင်္ဂြိဟ်သည့်နည်း၊ ရွှေဝေါနှင့်ထွက်တော်မူ၍ သင်္ဂြိဟ်တော်မူသည်၊ အလွန်လည်းကြေကွဲတော်မူ၏။

ပြာသိုလဆန်းတရက်နေ့ သားတော် မဟာဥပရာဇာကို နေပြည်တော်မှာ အစောင့်အနေ ထားတော်မူခဲ့ပြီးလျှင် မင်းကွန်းသို့ ထွက်တော်မူ၍ ပုထိုးတော်ကြီးကို ကိုယ်တော်တိုင်စီရင်တော်မူ၍ တည်လုပ်စေသည်။

ပြာသိုလပြည့်ကျော် ငါးရက်နေ့ ပုထိုးတော်ကြီး အရှေ့မုတ်စောင်းတန်းဦးရောဝတီမြစ်နားတွင် အရပ်အတောင်မြောက်ဆယ်ရှိသောခြင်္သေ့ကြီးနှစ်ဆူကို တည်လုပ်တော်မူသည်၊ သားတော်မောင်ဖွားကိုလည်း မကွေရာ မြို့ကို ပေးတော်မူသည်။

တပေါင်းလဆန်းသုံးရက်နေ့ တရုပ်ဥဒည်ပြည်သို့ စေခန့်တော်မူသည့် ဗန်းမော်စော်ဘွား, ဘဏ္ဍာဝန်, ကင်းဝန်တို့နှင့်အတူ တရုပ်ဥဒည်မင်းက ဘဲရွှေဖျင် မိုင်းလုံကတို့ပါ စသော ထည်မျိုး အုပ်မျိုး တို့နှင့် အထူးထူး အဆန်းဆန်းသော လက်ဆောင်တော် များစွာရောက်သည်ကို မင်းကွန်း စံနန်းတော်တွင် အဆက်အသ ခံတော်မူ၏။

ရာဇဂြိုဟ်ပြည်က ဓာတ်တော်ရောက်ခြင်း စသည်များ

သက္ကရာဇ် (၁၁၅၆) တထောင့်တရာ့ ငါးဆဲ့ခြောက်ခု တန်ဆောင်မုန်းလဆန်း ခုနစ်ရက်နေ့ ရာဇဂြိုဟ်ပြည်ကြီးက ပင့်ဆောင်ရောက်သည့် ဓာတ်တော်, မွေတော်, ဗောဓိပင်များကို စစ်ကိုင်းမြို့ရောက် ကြိုတော်မူ၍ မင်းကွန်းသို့ ဆောင်ယူတော်မူသည်

တန်ဆောင်မုန်းလဆန်း တဆဲ့လေးရက်နေ့ သားတော် ဥပရာဇာကို အရှင်မိဖုရားခေါင်ကြီးတွင် မြင်သည့် သမီးတော်အကြီး ကန္ဒီမြို့စား သိရီမဟာမင်္ဂလာရတနာဒေဝီနှင့် စုံဘက်တော်မူသည်။ ။နတ်တော်လဆန်း တဆဲ့ လေးရက်နေ့ မင်းကွန်းပုထိုးတော်ကြီး မြောက်တွင် မြေးတော် စစ်ကိုင်းမင်းက ကျောင်းကောင်တည်လုပ်သည်။

တပေါင်းလပြည့်ကျော် တဆဲ့သုံးရက်နေ့ တကောင်းမြို့က ဆက်သည့် ဆင်ဖြူတော်ကို အညာရှိမ်းမကားရွာရောက်ကြိုတော်မူ၍ ရှိမ်းမကားရွာ အရှေ့ထောင့် တောင်ထိပ်တွင် နောက်တော်တွင် ပါသည့် ဗိုလ်ပါတို့နှင့် ဘုရားစေတီ တည်လုပ်တော် မူသည်၊ ဘုရားစေတီ တံတိုင်းမိုးတာ်းများနှင့်တကွ တနေ့ခြင်းပြီး၍ ရွှေထီးအထွတ်တင်တော်မူ၏။

သက္ကရာဇ် (၁၁၅၇) တထောင့်တရာ့ ငါးဆဲ့ခုနစ်ခု ကဆုန်လဆန်း ဆယ်ရက်နေ့ မိတ္ထိလာမြို့စား မင်္ဂလာဝတီလွန်သည်ကို၊ မြို့စားမိဖုရားတို့ သေလွန်လျှင် သင်္ဂြိုဟ်သည့်နည်း သင်္ဂြိုဟ်ရသည်။ ။နယုန်လပြည့်ကျော်

ငါးရက်နေ့စကုမ္ဘီစား သီရိတိလောကဒေဝီ လွန်သည်ကို မိဖုရားကြီးတို့ သေလွန်လျှင် သင်္ဂြိဟ်သည့်နည်း သင်္ဂြိဟ်ရသည်။

နယုန်လပြည့်ကျော် တဆဲသုံးရက်နေ့ မင်းကွန်းက ရွှေမြို့တော်သို့ ဝင်တော်မူသည်။ ။ဝါဆိုလဆန်းတရက်နေ့ သားတော် မောင်နေထွန်းကို မင်းတုန်းမြို့ကိုပေးတော်မူသည်။

တော်သလင်းလပြည့်ကျော် တရက်နေ့ တရုပ်ဥဒည်မင်းက ဘဲမိုင်းထုံကတ္တိပါထည်မျိုးအုပ်မျိုးများနှင့် တထူးထူးသော လက်ဆောင်တော်များနှင့် အဆက်အသရောက်သည်၊ သင်းဘောပြည် ကာလကတ္တားကလည်း မြင်းရှစ်စီးက ရွှေပြာသာဒ်ရထားနှင့် အထူးထူးသော ထည်မျိုးအုပ်မျိုး လက်ဆောင်တော် ရောက်သည်ကို လွှတ်တော်သို့ ထွက်တော်မူပြီးလျှင် ရက်ခြော်၍ အဆက်အသံခံတော်မူသည်။

နတ်တော်လပြည့်ကျော်ငါးရက်နေ့ နန္ဒာကန်ရိုးနှင့်အစပ် ကုလားမတောင်ကသည် မြောက်မတ္တရာမြစ်ဆိုက် ရွှေလောင်းရိုးကို ဆည်ဖို့မည်ဖြစ်၍ နေပြည်တော်အတွင်း တအိမ်တယောက် တောင်းတော်မူသည်၊ အိမ်ခြံမြေပြည့်နှက် များလှသောကြောင့် ရေတွက်ခြင်းငှာ မတတ်ကောင်းသော ပလူပရွက်ကဲ့သို့ဖြစ်လေ၏၊ ထိုသူအပေါင်းတို့ကို မြို့ဝန်နေမျိုးသီဟသူ, အတွင်းဝန် နေမျိုး သီရိကျော်သူတို့ကို အပ်တော်မူ၍ နေ့ညအလျှင်အမြန်ပြီးပြေအောင် ဆည်ဖို့စေသည်။

တပို့တွဲလဆန်းတဆဲငါးရက်နေ့ မိထွေးတော် ဒလမြို့စားက ပြင်လုပ်သည့် မင်းဝံတောင်ထိပ်တွင် ပတ္တမြားစေတီဘုရားရှင်နှင့် စောင်းတန်းကိုကိုယ်တော်တိုင် ရေစက်သွန်းချတော်မူ၍ သာဓုအနုမောဒနာ ပြုတော်မူသည်၊

တပို့တွဲလပြည့်ကျော်ငါးရက်နေ့ မိုးမြို့စော်ဘွား.သမီးတွင် မြင်သည့် သားတော် ညောင်ရမ်းမင်းသားကို မိုးမြို့မြို့ကို ပေးတော် မူသည်၊ တပေါင်းလပြည့်ကျော် တဆဲ့ လေးရက်နေ့ ပန်းတိမ်းမင်းသား သတိုးမင်းရဲကျော်စွာ,ကလေးမင်းသား သတိုးမင်းရဲနရာ,ဝန်းသိုမင်းသားမင်းရဲမြတ်စွာ, ရှိမ်းမကားမင်းသား မင်းရဲသီဟ, သပြေငါးရွာမင်းသား မင်းရဲ သိန်တို့ကို ဝတ်လုံဘဲရံ တဆင့်တပ်၊ မြင်းကိုင်းညောင်ရွက် ငါး၊ သမ္ဘာရာခွံရုက်ဘောက်၊ ကတောင်ဆွဲ၊ ဇက်ပါးကာ ရွှေဇဝါဝိန်း-နင်းနှင်းသိပ်၊ အိမ်မြောင်ရင်ပတ်ကွင်း ငွေဇဝါ၊ ကတောင်ရွှေရေး၊ ဇာမနီရုပ်

ပန်းခက်ကိုက်၊ အနားသံလေးသစ် ရွှေပိန်း၊ ဦးခက်ထိပ်ဆောင်းမြီးပျမ်း ရင်ပတ် သက္ကလတ်ကြိုးရွှေကြယ်တပ်၊ စီးနှီးသက္ကဒန်ပေးတော်မူသည်၊

မိတ္ထိလာကန်ကို ဆည်ဖို့ခြင်း စသည်နှင့် ဆင်ဖြူတော်ရောက်ခြင်း

ထိုနှစ် ဘဝရှင်မင်းတရားကြီး ဘုရားလည်း မိတ္ထိလာ ကန်တော်ကို ဆည်ဖို့တော် မူလိုသောကြောင့် သားတော် မဟာဥပရာဇာ စသော မင်းညီ မင်းသား မှူးတော်မတ်တော်တို့ကို အမိန့်တော် ရှိသည်ကား…… မိတ္ထိလာကန်သည် ငါတို့မြတ်စွာဘုရား ဘိုးတော် အဇ္ဈနမင်းကြီးသည် သက္ကရာဇ် (၈၆၄၅) ရှစ်ထောင့်ခြောက်ရာ့လေးဆယ့်ငါးကိုဖြို၍ ဇမ္ဗူဒီပါမြေအပြင်၌ ရေကန် ရှစ်သောင်းလေးထောင် ပြုစုသောအခါ မိတ္ထိလာကန်တည်ရာအရပ်ကို တောင်ရိုးတောင်စဉ် ရေလာရေဆင်း ကုန်းကျင်းချောင်းမြောင်း အရပ်ဒေသများနှင့်ချင့်ချိန်၍ ထာဝရ တည်ထွန်းရစ်အောင် အမွန်လက်ဦးစွာ တည်ထောင်သည့်ကာလ ဗြဟ္မာ, သိကြား, နတ်များနှင့်တကွ နဂါးမင်းတို့သည် အနဝတတ်အိုင်မှ ရေကိုဆောင်ခဲ့၍ ထိုကန်တွင် ရေကိုအန်သည်။ ဗြဟ္မာ သိကြား နတ်တို့လည်း သည်ရေနှင့် သည်ကန်သည် နှောင်နှစ်ပေါင်း ရှစ်သောင်းလေးထောင် တည်မည်ဟု သမိုက်ထားသည်၊ ထိုမင်းနောက် သာဝ်ထွိပြည်တွင် အနာထပိဏ်သူဌေးလည်း တကြိမ်ပြုစုသည်၊ ထိုနောက် ရာဇဂြိဟ်ပြည်ကိုအစိုးရသော အဇာတသတ်မင်းလည်း တကြိမ်ပြုစုသည်၊ ထိုနောက် ကာလာသောကမင်း တကြိမ်ပြုစုသည်၊ ထိုနောက် ပါဋလိပုတ်ပြည်ကို အစိုးရသောဓမ္မာသောကမင်းတကြိမ် ပြုစုသည်၊ ထိုနောက် အရိမဒ္ဒနာပေါက္ကာရာမ အမည်ရှိသောပြည်ကို အစိုးရသော အနော်ရထာမင်းစောသည် စစ်အင်္ဂါလေးပါးနှင့်လာ၍ တောင်ဘက် ကိုးခရိုင် ဆည်ကို ပြုစု၍အပြန် ကျွဲတလင်းချောင်း မြွေကတူးကန်သို့ရောက်၍ သဘင်နန်းနှင့်စံနေစဉ် မိတ္ထိလာကန်ကိုစောင့်သော နတ်ကြီးလေးပါးလာ၍ "အရှင်မင်းကြီး ဤမိတ္ထိလာကန်သည်သုံးလူ့အထွတ်ဖြစ်ဟော်မူသော အရှင်ဂေါတမမြတ်စွာဘုရားသည် ဒေသစာရီကြွတော်မူလာ၍ ညီတော်ဖြစ်သော အရှင်အာနန္ဒာနှင့် ရေသပွါယ်တော်မူသည်၊ ကန်မည်ကာမဟုတ်၊ ဇမ္ဗူဒီပါကျွန်းတွင် တံခွန်ကဲ့သို့ဖြစ်ပါသည်၊ မင်းကြီးထပ်၍ ပြုစုရမည်ကို အရှင်အာနန္ဒာ ဟောသည့်တရားတွင် ဘက္ကယိမင်းပြုစုသည့်နောက် ရောဝတီရဋ္ဌတမွဒိမင်းပြုစုပြန်မည်၊ တရားတော် ရှိသည့်အတိုင်း ပြုစုတော်မူပါ" ဆို၍ ကွယ်လေ

သည်၊ အနော်ရထာမင်းစောလည်း ကန်ရိုးတွင်ရှိသည့် တောချုံများကို ရှင်းထင်း စေသည်တွင် ကြာမျိုးငါးပါးနှင့် ပြည့်စုံသော ရေကိုမြင်၍ ထောက်စေသည်၊ ရေအနက် တဆွဲရှစ်တောင့်နှစ်မိုက်လေးသစ်ရှိသည်၊ ထိုကန်ရိုးဟောင်းတွင် အလျားတာငါးရာ, အနံတာငါးဆယ် ဆည်ဖို့ပြုစသည်၊' ရေပြွန်ကျောက်တံခါးတစ်၊ရေလမ်းမှတ်တိုင်တဆွဲခြောက်လုံး၊ ရေမှတ်တိုင် လေးလုံး၊ မိုးဥတုမှတ်,နွေဥတုမှတ် တိုင်သုံးတိုင်၊ ရေကြည့်လေးရွာ၊ ကန်စောင့်နတ်၊ သိကြား၊ စတုလောကပါလာ၊ ကန်ရိုးလေးရပ်စောင့် နတ်ကြီးလေးပါး စီရင်ထားကြောင်းကို မိတ္ထိလာကန်သမိုင်းတွင်ဆိုသည်၊ နောက် ကာလဒေသအလိုက် ပုဂံပြည်နရသီဟပတေ့မင်းလက်ထက် တရပ်စစ်ရောက်၍ မြန်မာတိုင်းခြေ ပြည်မြစ် ဖြစ်သည်ဟု မိတ္ထိလာကန် နတ်မောက်ဆည်ရိုးကို တရပ်စစ်သည်တို့ ဖျက်ဆီးခဲ့သည့် နှင့် သက္ကရာဇ် (၇၃၆) ခုနစ်ရာ့သုံးဆဲ့ခြောက်ခုတွင် အဝမင်းကြီးစွာ စော်ကဲလည်း အလုံးအရင်းနှင့် ချီလာပြီးလျှင် နတ်မောက် မထောင်းတာဆည်းရိုးများကိုချန်ထားခဲ့၍ အရှေ့အနောက် အဖြောင့်တန်းလျက် လင်းဇင်းဆည်ကိုသာ ပြုစုပြန်သွားကြောင်းကို ရာဇဝင်ကြီးတွင်ဆိုသည်၊ တကြောင်းမှာလည်း ငါမင်္ဂလာအိမ်တော်မှာစံနေစဉ် အိပ်မက်တော်မူသည်မှာ သမ္မာဒေဝဖြစ်သောနတ်မြတ်သည် လာပြီးလျှင် ငါကိုယ်တော်နှင့်ဆက်လက်၍ ခေါ်သွားသည်၊ မိတ္ထိလာမြို့ ရှေ့စောလှူးကုန်းကသည် လင်းဇင်းဆည်ရိုးကိုလျှောက်ပြီးလျှင် တောင်သို့ချီး၍သွားရာ ရှေ့မြင်တင်ဘုရားစေတီကိုလက်ညှိုးညွှန်၍ပြသည်.ထိုကမှ နတ်မောက်ဆည်သို့ရောက်လျှင် သည်မိတ္ထိလာ နတ်မောင်ဆည်ကြီးသည် မြတ်စွာဘုရားဘိုးတော်မဟာအဓူနမင်းကြီးမှစ၍ မဇ္ဈိမဒေသ တိုင်းကြီးပြည်ကြီးများတွင်စံနေကုန်သောမင်းတို့ ပြုစုတော်မူကြသည်၊ ပုဂံပြည်အနုရုဒ္ဓါမင်းစောလည်း မရေတွက်နိုင်သော အလုံးအရင်းနှင့် ကိုယ်တော်တိုင်လာ၍ ဆည်ဖို့ပြုစုတော်မူသည်၊ နောင် ခမည်းတော်နောင်တော်တို့အရိုက်အရာဖြစ်သော ရွှေထီးရွှေနန်း တိုင်းကား နိုင်ငံတော် အလုံးကို စိုးအုပ်၍ ကောင်းမင်းမြတ်အဖြစ်သို့ရောက်တော်မူလျှင် ရှေးမင်းကောင်း မင်းမြတ်တို့နည်း အလုံးအရင်းနှင့် လာ၍ ဆည်ဖို့ ပြုစုပါလျှင် ဘုန်းတန်းခိုး နေထွက်သကဲ့သို့ ထွန်းတောက်ပ၍ သက်တော်ရှည်လျက် သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွှန့် အဓွန့်ရှည်စွာ သာသနာတော်ကို ချီးမြှင့်ရသော ကောင်းမင်းနှင်နှင် ဖြစ်တော်မူကြရမည်-ဆို၍ ကွယ်လေသည်၊

သို့ဖြစ်၍ သမ္မာဒေဝဖြစ်သော နတ်ညွှန်ပြသည့်အတိုင်း ရှေးမင်းကောင်း မင်းမြတ်တို့ အလုံးအရင်းနှင့်လာ၍ ဆည်ဖို့ပြုစုသကဲ့သို့ ငါလည်း အလုံးအရင်း ဆင်မြင်းစသော စစ်အင်္ဂါလေးပါးနှင့်ထွက်တော်မူ၍ မိတ္ထိလာကန်တော်ကို ဆည်ဖို့ပြုစုမည်-အမိန့်တော် ရှိသည်တွင် ဉာဏာဘိဝံသမဟာသေနာပတိ မဟာမဂ္ဂရာဇာမိ ရာဇဂုရု-တံဆိပ်နာမံရှိသော သာသနာပြုဆရာတော်နှင့် ဆရာတော်အပေါင်းတို့ မေတ္တာစာဆက်သွင်းကြရသည်။

ဆရာတော် မေတ္တာစာဆက်သွင်းအပ်သည်-သာသနဒါယကာမဟာမဂ္ဂရာဇ် တရားမင်းမြတ်....မိတ္ထိလာကန် သမိုင်းအရကို ဆင်ခြင်သော် အခြေအမြစ် အတိတ်အနာဂတ် အကြောင်းအရာ စုံလင်စွာပါရှိသည်၊ ရှေးပညာရှိတို့ အစဉ်ဥဒါန်းထွန်းအောင်ထားသည့် သမိုင်းစင်စစ် ဖြစ်သည်၊ ၎င်းသမိုင်းတွင် ဘုရားရှင်ဘိုးတော် မဟာအဇ္ဇနမင်း လက်ထက် ဇမ္ဗူဒိပ်မြေအပြင်၌ ရေကန် ရှစ်သောင်းလေးထောင် ပြုစုသည့်ကာလ မိတ္ထိလာကန်သည် ရေကန်ရှစ်သောင်းလေးထောင်အဝင်အပါ ကန်ဖြစ်ကြောင်းနှင့် မိတ္ထိလာကန်ဖြစ်စ အတိတ်ကာလကိုဆိုသည်၊ ၎င်းနောက် ဘဂ္ဂယိမင်း, ရောဝတီရဋ္ဌတမွန်ဒိပ မင်းနှစ်ပါးထပ်၍ ပြုစုမည့်အကြောင်း အနာဂတ်ကာလကို ဆိုသည်၊ အနာဂတ် မင်းနှစ်ပါးတွင် သဂ္ဂရာဇ် (၄၁၆) လေးရာ့တဆဲ့ခြောက်ခု ကြီးကြီးကျယ်သည့်ကာလ မိတ္ထိလာကန်ကို ပြုစုမည်ကိုစွဲ၍ လေးခုသင်္ချာအရ (ဘ) အက္ခရာ၊ တခုသင်္ချာအရ (က) အက္ခရာ၊ ခြောက်ခု သင်္ချာအရ (ယ) အက္ခရာများနှင့် ခေါ်ဝေါ်လွယ်အောင် ကသိုးယုတ် ဤအက္ခရာလေးခုဖြင့် ဘေးလေးတော် အနော်ရထာမင်းစောကို (ဘဂ္ဂယိမင်း) ဟူ၍ မိတ္ထိလာကန်ကို ပြုစုမည့်အခါကာလကိုသိသာစေခြင်းငှာ သင်္ချာအမည်နှင့် ဆိုသည်။

သာသနာတော် နှစ်ထောင့်သုံးရာ ကျော်သောအခါ ပုဂံ, မြင်စိုင်း, စစ်ကိုင်း, ပန်းယ, အဝမြို့တို့မှ အခြားရောဝတီမြစ်ကြီးအနား၊ တမွန်ဒိပတိုင်းမအချက်အချာ မဟာနဂရမြို့ကြီးတည်၍ မိတ္ထိလာကန်ကို ပြုစုလတ္တံ့သော မင်းတရားကို ပြုစုမည့်ကာလ သာသနာတော်သဂ္ဂရာဇ်ကို အခြားထုတ်ဖော်ဆိုပြီးဖြစ်၍ အရပ်အမည်နှင့် ရောဝတီရဋ္ဌတမွန်မင်း ဟူ၍ ဆိုသည်၊ ယင်းသို့ဆိုသောကြောင့် ပုဂံ,မြင်စိုင်း, စစ်ကိုင်း,ပန်းယ. အဝ,ပြည်ထဲမင်းတို့ကို ရောဝတီရဋ္ဌတမွန်မင်းဟူ၍ မယူသာ၊ ပုဂံ, မြင်စိုင်း, စစ်ကိုင်း, ပန်းယ, အဝ, ပြည်ထဲမှအခြား ရောဝတီမြစ်ကြီးအနား တမွန်ဒိပ တိုင်းမအချက်အချာ မဟာနဂရမြို့ကြီးတည်၍ သာသနာတော်ရေး, လောက

ရေးနှစ်ပါးကို ပြုစုတော်မူသောမင်းတရားကိုသာ ဧရာဝတီရဋ္ဌတမွှဒီမင်း ဟူ၍ ယူသင့်သည်၊ ဘုန်းတော်ကြီးသော သာသနဒါယကာမဟာဓမ္မရာဇ် တရားမင်းမြတ်သည်လည်း ဧရာဝတီမြစ်ကြီးအနားတမွှဒီပ တိုင်းမအချက် အချာ အမရပူရမဟာနဂရမြို့တည်၍ သာသနာရေး လောကရေးနှစ်ပါး ကိုပြုစုတော်မူသော မင်းတရားကြီးဖြစ်တော်မူသည်၊ ဗျာဒိတ်သိုက်သမိုင်း နှင့်အညီ သာသနာတော် နှစ်ထောင့်သုံးရာကျော် အခါသမယလည်း ကြိုက်တော်မူသည်၊ဘုန်းတော်ကြီးသော သာသနဒါယကာမဟာဓမ္မရာဇ် တရားမင်းမြတ်ကို သာသနာတော် နှစ်ထောင့်သုံးရာ ကျော်သောအခါ မိတ္ထိလာကန်တော်ကို ဧရာဝတီရဋ္ဌတမွှဒီမင်း ထပ်၍ပြုစုမည်ဟူ၍ သိုက် သမိုင်းတွင် ဆိုခြင်းစင်စစ်ဖြစ်သည်၊ မိတ္ထိလာကန်တော်ကို ပြုစုတော်မူရ မည်ဟူ၍ မင်းသားဟိုစဉ်က အိပ်မက်တော် ဆတ်ဆတ် ပြသည့်အရာ လည်း ကန်ဘော်စောင့် နတ်လေးပါး, သိကြား, စတုလောကပါလတို့ ရှေ့ထီးရှေ့နန်း သိမ်းမြှုန်း၍ သာသနာရေး လောကရေးနှစ်ပါးကို ပြုစု တော်မူမည်ကိုမြင်၍ ပြခြင်းစင်စစ်ဖြစ်သည်၊ဘုရားအလောင်းတော် အလိ နသတ္တ၊ မင်းသည် ဆည်ကန်ပြုစု၍ ကောက်သုံးပါး ဖြစ်ပွားစေကြောင်း အဘယဒုဋ္ဌဂါမဏိစသော မင်းတို့သည်လည်း ဆည်ကန်ချောင်းမြောင်း ပြုစု၍ကောက်သုံးပါးဖြစ်ပွားစေကြောင်းများကို ဇာတ်နိပါတ် ကျမ်းဂန် ဆိုသည်၊ တိုင်းပြုပြည်ပြု သာသနာပြု မင်းတရားတို့ လက္ခဏာရှိသည်ကို သိတော်မူသည့်အတိုင်း သိုက်သမိုင်း အိပ်မက် နိမိတ်နှင့်အညီ ဆည် တော်ကန်တော် ပြုစုတော်မူမည့်အရာများသည် သားတော်အစဉ် မြေး တော်အဆက် မြစ်တော်အညွှန့် အဓွန့်ရှည်စွာ သာသနာတော် စီးပွား, လောကစီးပွား ဖြစ်ထွန်းမည့်အကြောင်းကို မေတ္တာစာ ဆက်သွင်းအပ် သည်…သာသနဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်။

ဆရာတော်က ဆက်သွင်းသည့်မေတ္တာစာကို ကြားတော်မူလျှင် အဓိန္ဌ တော်ရှိသည်ကား…မိတ္ထိလာကန် သမိုင်းအထွက်နှင့် ပုဂံပြည်အနုရဓ္ဓါ မင်းစောကို ကန်စောင့်နတ် လေးဦးပြောသည့်စကားများတွင် သာသနာ တော် နှစ်ထောင့်သုံးရာကျော် အခါသမယလည်း ကြိမ်ကြိုက်သည်၊ ရော ဝတီရဋ္ဌ တမွှဒီမင်းသည် ငါကိုယ်တော်ပင် အမှန် ဖြစ်သည်၊ သို့ဖြစ်၍ ရှေး မင်းကောင်း မင်းမြတ်တို့ မရေ တွက်နိုင်သော အလုံးအရင်းနှင့် လာ၍ဆည်ဖို့ပြုစုသကဲ့သို့ငါလည်းအလုံးအရင်းဆင်မြင်းစသော စစ်အင်္ဂါ လေးပါးနှင့်ထွက်တော်မူ၍ မိတ္ထိလာ ကန်တော်ကို သတ္တဝါအပေါင်းတို့

မိဒိုရာဖြစ်အောင် ငါပြုစုဆည်ဖို့တော်မူမည်-အမိန့်တော်ရှိပြီးလျှင် မတ္တမသုံးဆဲ့နှစ်မြို့, ဟံသာဝတီသုံးဆဲ့နှစ်မြို့,ပသိမ်သုံးဆဲ့နှစ်မြို့,ဒွါရာဝတီမြို့,ရမ္မာဝတီမြို့, မေဃဝတီမြို့,ဓညဝတီမြို့မှစ၍ အရပ်ရပ်မြို့ဝန်မြို့စားတို့ကို တပ်နှင့်ချည်း မိတ္ထိလာကန်တော်သို့ ရောက်စေ-အမိန့်တော် ရှိ၍ နှိုးဆော်ကြရသည်။

နေပြည်တော်လေးမျက်နှာ မြို့စု တိုက်စုများက မြို့ဝန်မြို့စားတို့ ကိုယ်နှင့် နောက်တော်လိုက်စည်းကြပ်စီရင်ကြရသည်ကား····သားတော်မဟာဥပရာဇာမှာ ကသည်းမြင်းတတပ်၊ မြို့ပါမြင်းတတပ်၊ ကျွန်တော်ဟောင်းမြင်းတတပ်၊ နင်းတော်နှိပ်မြင်းတတပ်၊နောက်တော်ပါမြင်းတတပ်၊ ရဲလွှတိုက်တတပ်၊ ကန္ဒီမြို့ တတပ်၊ ရွှေတောင်မြို့တတပ်၊ ဒီပဲယင်းမြို့ တတပ်၊ ဘယင်ကျိသေနတ် တတပ်၊ ပသီသေနတ် တတပ်၊ ကွေ့သေနတ် တတပ်၊ လင်းဇင်းသေနတ် တတပ်၊ ကျောက်ကာ သေနတ် တတပ်၊ ရှေဝန်းကျင် သေနတ် တတပ်၊ နောက်ဝန်းကျင် သေနတ် တတပ်၊ လက်ဝဲဆင်ခြေဖုံး သေနတ် တတပ်၊ လက်ယာ ဆင်ခြေဖုံး သေနတ် တတပ်၊ လက်ဝဲရွှေလေး တတပ်၊ တပ်မတော်တွင် ရှေဝင်းတော်က ရွှေဝင်းမှူး ဒိုင်းဝင်းသူရဲ ကိုယ်ရံတော် များကို အုပ်ကွပ်၍ လိုက်ရသည်၊ လက်ဝဲမာရဘင်သေနတ်၊ လက်ယာ မာရဘင်သေနတ်၊ ယောကျ်ားတသောင်းအုပ်စု မင်္ဂလာသေနတ်၊ ကျွန်တော်ရင်း မာရဘင်သေနတ်များနှင့် လက်ဝဲငါးဆယ်၊ လက်ယာငါးဆယ် ဗိုတ်မှူးတပ်မှူးစုံလေးဆယ်တော် ငါးဆယ်တော် သူကောင်းသားမြေး သုံးရာများမှာ ဆင်တော်ရွှေနောက် ဝဲယာလိုက်ရသည်၊ ရုထားတော်, ရဲကတင်ဆင်တော်, ယဉ်သာပေါင်းဝန်းတင် ဆင်တော်မှစ၍ ဇေယမင်္ဂလာ, ရန်နှင့်မင်္ဂလာ, ရွှေပြည်မင်္ဂလာ, ကျိုင်းထွတ်ဇေယစသော ဆင်ပေါက်မအစီးခြောက်ဆယ် နောက်တော်က လိုက်ရသည်၊ ဘုန်းတော်ကြီးလှသော သားတော်မဟာဥပရာဇာမှာ ဆဒ္ဒန်မင်္ဂလာဆင်တော်ထက် ရတနာရွှေကတင်၍ မင်းတို့၏အသရေဖြင့် တင့်တယ်စံပယ်တော်မူလျက် တပ်ပေါင်းနှစ်ဆဲ့တတပ်နှင့် ရွှေဖျားချီရသည်။

ထိုနောက်ပြည်ခုနစ်မြို့ ခုနစ်တိုက်အားနှင့် ပြည်မင်း၊ ပုသိန်သုံးဆဲ့နှစ်မြို့အားနှင့်ပုသိန်မင်း၊ တောင်ငူမြို့အားနှင့်တောင်ငူမင်း၊ ပုဂံမြို့အားနှင့် ပုဂံမင်း၊ပုခန်းကြီးမြို့အားနှင့်ပုခန်းမင်း၊ သုံးဆဲ့ခုနစ်လုံမိုင်း ရှိသော မိုးမြတ်မြို့အားနှင့် မိုးမြတ်မင်း၊ သုံးဆဲ့ခုနစ်လုံ မိုင်းရှိသော သီပေါမြို့အားနှင့်

သိပေါမင်း၊ မက္ခရာ မြို့အား‌နှင့် မက္ခရာမင်းသား၊ လှိုင်မြို့အား‌နှင့်လှိုင်မင်းသား၊ သန်လျင်မြို့အား‌နှင့် သန်လျင်မင်းသား၊ ကနောင်မြို့အား‌နှင့် ကနောင် မင်းသား၊ မင်းတုန်းမြို့အား‌နှင့် မင်းတုန်းမင်းသား စသော မင်းညီမင်းသားတို့မှာ ဟပ်နှင့်ချည်းရှေတော်က ချီရသည်။

ထိုနောက်ကသည်းမြင်းငါးတပ်၊ အတ္တပတ်မြင်းငါးတပ်၊တောင်ဘက်မြင်းဆယ်တပ်၊ မြောက်ဘက်မြင်းဆယ်တပ်၊မြင်းစုကြီးဆယ်တပ် ဆင်ကျေတိုက်ဆယ်တပ်၊ မဟာဒါန်တိုက်ဆယ်တပ်၊ တွင်းသင်းတိုက် ဆယ်တပ်၊ တောင်ဘက်တိုက်ဆယ်တပ်၊ မြောက်ဘက်တိုက်ဆယ်တပ်၊ အရှေဘက်တိုက် ဆယ်တပ်၊ အနောက်ဘက်တိုက် ဆယ်တပ်၊ တပ်ပေါင်း တရာ့တဆယ်မှာ ရှေတော်ကချီရသည်။

ကျောက်မော်ငါးမြို့ငါးတပ်၊တောင်တွင်းကြီးငါးမြို့ ငါးတပ်၊ ရမည်းသင်း ငါးမြို့ငါးတပ်၊ လှိုင်းတက်မြို့ တတပ်၊ သာဂရမြို့တတပ်၊ ညောင်ရမ်းမြို့တတပ်၊ ပေါက်မြိုင်မြို့တတပ်၊ မြို့သစ်မြို့တတပ်၊ ကျောက်ဆောက်မြို့တတပ်၊ ထရံကာမြို့ တတပ်၊ ပြင်စည်မြို့ တတပ်၊ ပင်းတလဲမြို့ တတပ်၊ ဒီပဲယင်းမြို့တတပ်၊ ပန်းယမြို့ တတပ်၊ မြင်းခုံတိုင်မြို့ တတပ်၊ မြစ်သားမြို့တတပ်၊ ပျဉ်းမနားမြို့တတပ်၊ ညောင်အုပ်မြို့တတပ်၊ ပင်လယ်မြို့ တတပ်၊ တရားမြို့တတပ်၊ စောလွမြို့တတပ်၊ မြောင်လှမြို့တတပ်၊ မြင်စိုင်းမြို့တတပ်၊ တပ်ပေါင်းသုံးဆယ့်ငါးတပ်မှာ ရှေတော်ကချီရသည်။

တရုပ်မြို့တတပ်၊ ငသရောက်မြို့တဟပ်၊ တူးရှင်းတိုင်မြို့တတပ်၊တောင်ဆင်းမြို့တတပ်၊ ကျောက်ပန်းတောင်းမြို့တတပ်၊ မိတ္ထိလာမြို့တတပ်၊ ယင်းတော်မြို့တတပ်၊ ပင်းမြို့တတပ်၊ နတ်မောက်မြို့တတပ်၊ ရွာသာမြို့တတပ်၊ စဉ့်ကူမြို့တတပ်၊ စလေမြို့တတပ်၊ပုခန်းငယ်မြို့တတပ်၊ ကျောက်ရဲမြို့တတပ်၊ ရေနံချောင်းမြို့တတပ်၊ ဝက်မစွတ်မြို့တတပ်၊ မကွေးမြို့တဘပ်၊ မြင်ကွန်းမြို့တတပ်၊ပတ္တနဂိုရ်မြို့ တတပ်၊တောင်ငူမြို့ တတပ်၊မြေထဲမြို့တတပ် တရုပ်မော်မြို့တတပ်၊ သာယာဝတီငါးမြို့ ငါးတပ်၊ ကြံခင်းမြို့တတပ်၊ ပြင်ကြီးမြို့တတပ်၊ သလဲတန်းမြို့တတပ်၊ တပ်ပေါင်းသုံးဆယ်မှာ လက်ဝဲတော်ကချီရသည်။

ပန်းတောင်းမြို့တတပ်၊ တလည်းဆီးမြို့တတပ်၊မြဝတီမြို့တတပ်၊ ကာမမြို့တတပ်၊ သရက်မြို့တတပ်၊မလွန်မြို့တတပ်၊စကုမြို့တတပ်၊ စလင်းမြို့တပ်၊ ဘောင်းလင်းမြို့တတပ်၊ ဆင်ရှည်မြို့တတပ်၊ ကျပင်းမြို့တတပ်၊ လယ်ကိုင်းမြို့တတပ်၊ အလွကပွမြို့တတပ်၊ဆောမြို့တတပ်၊ ယောမြို့တတပ်၊ ထီးလင်းမြို့

တတပ်၊ ကြခပ်မြို့တတပ်၊ ပန်းထိမ်းမြို့ တတပ်၊ မဖဲမြို့ တတပ်၊ ဖားအိုင်မြို့ တတပ်၊ မင်းတပ်မြို့တတပ်၊ မြို့သစ်မြို့တတပ်၊တောင်တွင်းချောင်မြို့တတပ်၊ လောင်းရှည်မြို့တတပ်၊ ကလေးမြို့တတပ်၊ သောင်သွပ်မြို့တတပ်၊ အမြင့်မြို့ တတပ်၊ ကောလင်းမြို့ တတပ်၊ ဝန်းသိုမြို့တတပ်၊ ခေါ်သန္ဓိမြို့ တတပ်၊ တပ်ပေါင်းသုံးဆယ်မှာ လက်ယာတော်က ချီရသည်။

ရတနာသိင်္ဃမြို့တတပ်၊ အလုံမြို့တတပ်၊ စည်ပုတ္တရာမြို့ တတပ်၊မြေဒူးမြို့ တတပ်၊ ဟန်လင်းမြို့ တတပ်၊ ပဉ္စာလငါးမြို့ငါးတပ်၊ ကျောက်မြောင်းမြို့ တတပ်၊မတ္တရာမြို့တတပ်၊ စုန်းမြို့တတပ်၊ ငစဉ့်ကူးမြို့တတပ်၊ ရေနုံသာမြို့ တတပ်၊ ဆွန်းတောင်မြို့တတပ်၊မြတောင်မြို့တတပ်၊ စမ္ဗါယ်နဂိုရမြို့တတပ်၊ ယင်းခဲမြို့တတပ်၊ မိုးတားမြို့တတပ်၊ ကသာမြို့တတပ်၊ မင်းခင်းမြို့တတပ်၊ အင်ထောက်သာမြို့တတပ်၊ မော်တုံမြို့တတပ်၊ မော်ကယ်မြို့တတပ်၊ခေါင်တုံးမြို့တတပ်၊ တကောင်းမြို့တတပ်၊ ရွှေဂူမြို့တတပ်၊ကြံညွှတ်မြို့တတပ်၊ တပ်ပေါင်းသုံးဆယ်မှာ နောက်တော်ကချီရသည်။

ဥပေါ်ပြောင်မွန်, ရတနာပြောင်မွန်, အဉ္ဇနဂိရိ, ရတနာကုမုဒ်,နာဂဝရမှစ၍ ဆင်ဖြူတော်များမှာ တပ်ဖွဲ့ပြီးလျှင် မင်းရွာစားကို တပ်မှူးခန့်၍ တပ်မတော်ရှေ့ချီရသည်။

တပ်မတော်မှာ ရှေ့ဝင်းတော်က ရှေ့ဝင်းမှူး, လက်ယာဝင်းတော်က လက်ယာဝင်းမှူး, လက်ဝဲဝင်းတော်က လက်ဝဲဝင်းမှူး, နောက်ဝင်းတော်က နောက်ဝင်းမှူး, ဒိုင်းဝင်းသူရဲကိုယ်ရံတော်တို့ကို အုပ်ကွပ်၍ လိုက်ရသည်၊ တပ်မတော်မှစ၍ တပ်စည်များတွင် ခင်းကျင်းပါသည့် ဆင်မြင်း, ရွှေးဝင်းဆင်တော်များမှာ ဆင်တပ်ဖွဲ့၍ ဆင်ဝန်ထောက်, ဆင်စချီတို့နှင့် တပ်မတော်နောက်က ချီရသည်။

လက်ဝဲကြီးသေနတ်၊ လက်ယာကြီးသေနတ်၊လက်ဝဲကြောင်းသေနတ်၊ လက်ယာကြောင်းသေနတ်၊ ရွှေးလက်ဝဲသေနတ်၊ ရွှေးလက်ယာသေနတ်၊ နတ်စုလက်ဝဲသေနတ်၊ နတ်စုလက်ယာသေနတ်၊ ရွှေပြည်သေနတ်၊ အလုံမြို့ မင်္ဂလာ သေနတ်မှစ၍ သေနတ်အစုများမှာ ဗိုလ်စစ်ကဲ အုပ်ကွပ်၍ လက်ဝဲလက်ယာ လိုက်ကြရသည်။

ရွှေဓား, မိုးကြိုးဓား, ရွှေပန်းပန်များမှာ လိုက်သွားမြဲအတိုင်း ရွှေတော်ကလိုက်ရသည်၊ မင်္ဂလာရွှေမောင်း၊ ၎င်းနောက် မင်္ဂလာစည်တော်၊ ၎င်းနောက် ရွှေတော်ပြေးစည်တော်စုံ၊ ၎င်းနောက်ကျိုင်းတော်၊၎င်းနောက် ရတနာထီးဖြူတော်,ယပ်မားတော်၊ ၎င်းနောက် ရထားတော်၊၎င်းနောက်

ရတနာကြိုးကတင်သောစီးတော်မြင်းတဆယ်၊ ၎င်းနောက် ရတနာအတိ မြယ်သော ရွှေကထက် ထီးဖြူဆောက်လျက် ယပ်မားနှစ်စိုက်သော စီး တော်ဆင် နှစ်ဆယ်၊ ၎င်းနောက် မြို့စားရွာစား မင်းမိဖုရားများမှာ ရွှေ ကတင်သော မယာဉ်သာရထားများနှင့် လိုက်ကြရသည်၊ မြေးတော် စစ်ကိုင်းမင်းမှာ တပ်သီးတပ်မြား မလိုက်ရ၊ ရွှေနန်းတော် ထက်တွင် စံနေတော်မူရသည်ဖြစ်၍ တပ်မတော်တွင် ဘဝရှင်မင်းတရားကြီးဘုရား နှင့် အတူပါရသည်၊ ဘဝရှင်မင်းတရားကြီးဘုရားမှာ ရတနာအတိ မြယ် လှယ်သော ရွှေရထားထက် ထီးဖြူလေးစင်းဖွင့်၍ အရှင်မိဖုရားခေါင် ကြီးနှင့်တကွ သိကြားနတ်မင်းအသရေကဲ့သို့ တင့်တယ် စံပယ်တော်မူ လျက် (၁၁၅၇) တထောင့်တရာ့ငါးဆဲ့ခုနစ်ခု ဝန်ခူးလဆန်း တဆဲ့ ငါးရက်နေ့ တပ်စည်အတိုင်း ရွှေမြို့တော်ကချီတော်မူ၍ တပ်ကြီးအရပ် တွင် ကွန်းထောက်နန်းနှင့် စံနေတော်မူသည်၊ ဝန်ကြီး သတိုးသီရိမဟာ ဥဇနာ, နေမျိုးသခ်ယာ တို့ကို အလုံးအရင်း ပေးအပ်တော်မူ၍ ရွှေမြို့ တော်မှာ စောင့်နေရသည်။

ယင်းသောအခါ တပ်ကြီးကွန်းထောက်နန်းတွင် စံနေတော်မူကြိုက် တရပ်ဥဒည်မင်းက အထူးထူးသော လက်ဆောင်တော်များနှင့် ရွှေပေ ရာဇသံရောက်သည်ကား-အမွေးပန်းနံ့သာဖြင့်ထုံသော ဆီမီးတန်ဆောင် အရောင်ကြောင့် မိုက်မှောင်ပျောက်သကဲ့သို့,ညဉ့်သုံးယံမှလွန်သောနံနက် မိုးသောက် ရောင်ဖြူလာအချိန်၌ အလင်းကိုရသကဲ့သို့ တိုင်းပြည်သတ္တဝါ တို့အရေးကို မြော်တွေးချင့်မြော်မိသည်မှာ-ရှေးကမ္ဘာဦးအစ ရှေးဥဒည် မင်းတို့ အသက်အရွယ် ကြီးလျှင် သားကို အရာကိုယ်စားလွှဲအပ်သည်နှင့် အညီ ရွှေးချယ်လျှင် သားအလတ် ရှိဂူရဲကိုရသောကြောင့် နဂါးနေ ကောင်းမြတ်သောနေ့ရက်အခါ ဗေဒင်ကျမ်းနှင့်အညီ သားရှိဂူရဲကို ကြာ ဆည်ဝင်းအမည်နှင့် မင်းပြုပါစိမ့်မည်၊ ကျွန်ုပ်မှာ သိကြားနတ်အပေါင်း တို့ ညီညွတ်စောင်မပေသောကြောင့်အိမ်နီမ့်နှစ်ဆဲ့ငါးနှစ်၊နန်းစံခြောက်ဆဲ့ တနှစ်၊ အသက် ရှစ်ဆဲ့ ခြောက်နှစ်တိုင် မျက်စိသီခြင်း၊ နားပင်းခြင်း မရှိ ပကတိမွန်အားနှင့် ပြည့်စုံသော်လည်း အိုမင်းပြီဖြစ်၍ သားရှိဂူရဲကို အရာကိုယ်စားလွှဲအပ်ပါသည်၊ သားရှိဂူရဲလည်း သားမည်ကာမဟုတ် ပါ-တိုင်းရေးပြည်ရေး အမှုကြီးငယ်ကို ဆောင်ရွက်နိုင်သူ ဖြစ်ပါသည်၊ မြန်မာပြည်နှင့် ဥဒည်ပြည်လည်း ဂုဇမဟာမိတ်ဖွဲ့၍ ရှိကြပါသည်၊ ရှိဂူ ရဲတွင် အမှုကြီးငယ်ရှိသမျှကို ညီရင်းသားရင်းကဲ့သို့ မှတ်ထင်တော်မူ၍

မစကြည့်ရှုတော်မူပါ-ဟု ရာဇသံရွှေပေ အထူးထူးသော လက်ဆောင်တော်နှင့် တရုပ်မှူးကြီးမတ်ကြီးတို့ လာရောက် ဆက်သသည်ကို အဆက်အသံခံတော်မူ၍ ဥဒည်မင်းသို့ ရာဇသံရွှေပေတို့ပေးလိုက်သည်မှာ-

ကမ္ဘာဦးအစဉ်အမျိုးလေးပါးတို့ကိုအစိုးရတော်မူသော မဟာသမ္မတမင်းမှစ၍ အနွယ်မပျက် ဆင်းသက်စိုးအုပ်သော နရာမိပအနွယ် ဖြစ်၍ တိုင်းနိုင်ငံအပေါင်းတို့ကို တရားသဖြင့် စိုးအုပ်တော်မူရသည်၊ မြန်မာပြည်နှင့် ဥဒည်ပြည်မိတ်ဖြစ်၍တပြည်ထောင်တည်းကဲ့သို့ မခြားမနားရှိကြသည်၊ သံသရာစက် အဆက်ဆက်၌လည်း ယခုဘဝကဲ့သို့ မေတ္တာမပျက် တဦးနှင့်တဦး ကျေးဇူးပြုကြမည့်အကြောင်းကို နှေးညမပြတ် ဆုပတ္ထနာသည်၊ မင်းဧကရာဇ်တို့ သဘော ဓမ္မတာအားဖြင့် အသက်အရွယ်တန်၍ သားရှိဝူရဲကို အရာကိုယ်စား လွှဲအပ်ပါမည်၊ မဟာမိတ် ဖြစ်ကြသည့် အတိုင်း ညီရင်းသားရင်းကဲ့သို့ ကြည့်ရှုမစမည့် အကြောင်းနှင့် ရောက်သည်မှာ ဆွေရင်းမျိုးချာ ဖြစ်ကြသည်နှင့် အညီ သားကြီးနန်းလျာ ဥပရာဇာနှင့်တကွ ကောင်းသောသမ္မာဆန္ဒဖြင့် ဥဒည် ရှိဝူရဲတွင် အမှုရှိသမျှကို ညီရင်းသားရင်းကဲ့သို့ ကြည့်ရှုမစမည်-ဟု ရာဇသံ ရွှေပေတို့ပေး၍ တရုပ်မှူးမတ်တို့ကို ပြန်သွားစေ၏။

ဘဝရှင် မင်းတရားကြီး ဘုရားလည်း တန်ခူးလပြည့်ကျော် သုံးရက်နေ့ မြစ်ငယ်နား တပ်ကြီးကွန်းထောက်နန်းတော်က ချီတော်မူ၍ အောင်စည်းခုံတွင်ချတော်မူသည်၊ ထိုကမ္ပ ကန်ချောင်းတွင် ဆူတော်မူသည်၊ ထိုကမ္ပ ကျောက်ဆောက်တွင် ချတော်မူသည်၊ ထိုကမ္ပ ပေါက်မြိုင်တွင် ချတော်မူသည်၊ ထိုကမ္ပ ကိုင်းရွာတွင် ချတော်မူသည်၊ ထိုကမ္ပ ဖားလယ်ပြင်တွင်ချတော်မူ၍ နှစ်ရက်စံနေတော်မူသည်၊ ထိုကမ္ပမြင်းခြံတွင်ချတော်မူသည်၊ထိုကမ္ပ အနောက်သို့လှည့်၍ ရွှေယင်မြောင်ဘုရား အရှေ့တောင်ကန်တွင်းတွင် ချတော်မူပြီးလျှင် ဘုရားရှင်ကို ပူဇော်တော်မူ၍ တရက်စံနေတော် မူသည်၊ ထိုကမ္ပ မိတ္ထိလာကန် မြောက် အုတ်ဖိုကွန်းထောက်တွင်ချတော်မူသည်။ ။ထိုကမ္ပ မိတ္ထိလာရွာဟောင်းအနောက်ကိုပတ်၍ အရှေ့သို့ချီတော်မူပြီးလျှင် မိတ္ထိလာကန်တော်အတွင်း ရွှေစောလူးကုန်း သဘင်နန်းတော်သို့ (၁၁၅၇) တထောင့်တရာ့ ငါးဆဲ့ခုနစ်ခု ကဆုန်လဆန်းနှစ်ရက်နေ့ ရောက်တော်မူသည်။

သားတော် မဟာဥပရာဇာမှာ ရွှေစောလူးကုန်း အရှေ့ မထောင်းတာကုန်းတွင် သဘင်တဲတော်နှင့် စံနေတော်မူသည်၊ ပြည်မင်း, ပုသိန်

မင်း, တောင်ငူမင်း, ပုဂံမင်းမှစ၍ မင်းညီမင်းသား များမှာ နတ်မောက်, မထောင်းတာဆည်တော်အတွင်း ရေလွှတ်ရာ ကုန်းများတွင် သင်းပင်း ကိုယ်ရုံနှင့်တကွ အသီးအသီးနေကြရသည်၊ မုတ္တမ သုံးဆွဲနှစ်မြို့ သုံးဆွဲနှစ်တပ်၊ ဟံသာဝတီ သုံးဆွဲနှစ်မြို့ သုံးဆွဲနှစ်တပ်၊ ဒွါရာဝတီမြို့ ဆယ်တပ်၊ ရမ္မာဝတီမြို့ ဆယ်တပ်၊ မေဆဝတီမြို့ ဆယ်တပ်၊ ဓညဝတီမြို့ ဆယ်တပ်၊ တပ်ပေါင်းတရာ့လေးတပ်မှာ မြို့ဝန်, စစ်ကဲ, တပ်မှူး ပြုသူတို့နှင့် အညီ အညွှတ် မိတ္ထိလာကန်တော်သို့ ရောက်ကြသည်။

ထိုအခါ နောက်တော်တွင် ပါသည့် ရဲမက်တော်အပေါင်းတို့ကို ရွှေးစစ်တော်မူသည်၊သားတော်မဟာဥပရာဇာတပ်တော်နှင့်တကွ ပြည်မင်း, ပုသိန်မင်း, တောင်ငူမင်း, ပုဂံမင်းမှစ၍ မင်းညီမင်းသား မှူးတော်မတ်တော် မြို့ဝန်မြို့စား တို့တပ်ပေါင်း သုံးရာ့ရှစ်ဆဲ့သုံးတပ်တွင်ပါသည့်ရဲမက်ဗိုလ်ခြေ ဆင်ကံကျွေး မြင်းကံကျွေးနှင့်သော် အသိန်း ဝါဆယ်ပါသော ဟူ၏၊ ဤသို့အလုံးအရင်းရှိသော ရဲမက်ဗိုလ်ခြေအပေါင်းတို့ကို တာပေးဝေတော်မူ၍ (၁၁၅၀) တထောင့်တရာ့ ငါးဆဲ့ရှစ်ခု ကဆုန်လဆန်း ငါးရက်နေ့ ဆည်ဖို့ကြရသည်ကား....

နတ်မောက်ဆည် တောင်မြောက် တောင်ရိုးနှစ်ဘက် အကြား ကျွဲတလင်းချောင်းဝတွင် ရှေးမင်းတို့ပြုစုရင်းဆည်ရိုးပျက်ယွင်း၍ တောင်ရိုးနှစ်ဘက်အကြားဟင်းလင်းရှိသည်ကိုတောင်မြောက် အဖြောင့်တာသုံးရာ တောင်ရိုးနှစ်ဘက်ကို ဆက်၍ ထုအတာလေးဆယ်, အမြင့် သံတောင်ရှစ်ဆယ်, တာထိပ်လေးတာ မြေဖို့ရသည်၊ ၎င်းဆည်ရိုး အခြေတွင် ရေမလှုပ်မရှား နိုင်အောင် အတွင်းဘက်က ထုဆယ်တာ ဖွင့်၍ အလျားတာသုံးရာ,အမြင့်ဆယ်တောင်ကို ကျောက်အိမ်ချပြီးလျှင် ကျောက်သွတ်ရသည်၊ပြင်ဘက်ကလည်း ဆည်တော်မြို့မြီ ခိုင်ခန့်အောင် ထုဆယ်တာဖွင့်၍ အလျားတာသုံးရာ,အမြင့် ဆဲ့ငါးတောင်ကို ကျောက် သွတ်ရသည်၊ ၎င်းကျောက်တာကပြင်ကို ဆယ်တာဖွင့်၍ အလျားတာသုံးရာ,အမြင့် ငါးတောင်ကို ကျောက်အိမ်ချပြီးလျှင် ကျောက်သွတ်ရသည်၊ ဆည်တော်တောင်မြောက် မြေတာကျောက်တာနှစ်စု၊ အလျားတာသုံးရာ၊ အရှေ့အနောက်သုံ မြေတာ ကျောက်တာနှစ်စု တာခုနစ်ဆယ်များကို ဗိုလ်မှူးတပ်မှူး မြို့ဝန်မြို့စားတို့ ကြပ်မနှိုးဆော်၍ ဆည်ဖို့ရသည်၊ မထောင်းတာချောင်းဝင် မထောင်းတာ ဆည်တော်ကိုလည်း သားတော် မဟာဥပရာဇာကို အပ်တော်မူ၍ နော်ရထာစော,အလောင်းစည်သူမင်းတို့ ဆည်

ဖို့သည့် တာဟောင်းတွင် ပြင်ကို တာနှစ်ဆယ်ဖွင့်၍ တောင်မြောက် အလျား တာ တရှ့ငါးဆယ်, အမြင့်သံတောင် လေးဆယ်, တာထိပ် သုံးတာမျှားကို တပ်မှူးတပ်အုပ် အကြီးအကြပ် ခန့်တော်မူ၍ ဆည်ဖို့ကြရသည်၊ ကျောက်တံခါးရေပြွန်မှာ အဝတတာ, အစောက်ဆယ်တောင်, အလျားငါးတာကို အုတ်ရိုးအင်္ဂတေနှင့် ကောင်းမွန်သေချာအောင်လုပ်ဆောင်ရသည်၊ထုတမိုက်,ပြက်တတောင်,အလျားတဆဲ့နှစ်တောင်ရှိသော ပျဉ့်ကိုစီ၍လည်း ညှပ်နှင့် သံမှိစွဲပြီးလျှင် အဖွင့်ကို ယန္တရားစက်နှင့် ထား တော်မူသည်၊ ရေချိန် နဂါးနှစ်မှာ ပြွန်ဝ လက်ဝဲလက်ယာ ထားသည်၊ ရေချိန်မှာ နဂါးခံတွင်းဝက လွန်သမျှရေကို စည်သူလွှဲက ထုတ်ရသည်၊ နဂါးခံတွင်းဝသို့ ရေသောက်လျှင် သုံးရာမြောင်းမ, မြောင်းငယ် နှစ်ရာ့ငါးဆယ်မျှားကရေထုတ်၍ အရွှေအနောက် တောင်မြောက် တသောင်း စီ-သုံးနှစ်သုံးသီး လုပ်ဆောင်ရသည်၊ကန်တော်မှာနတ်မောက်,မထောင်းတာ ရေပြွင်စပ်မိသည့်ကာလ မြင်းသည်ကောင်းတယောက်ကို နံနက်ကြက်ဆင်းက မြင်းနှင့်လှည့်စေသည်၊ ညကြက်တက်မှ လှည့်ရင်းနေရာသို့ရောက်၍ မြင်းလည်းသေလေသည်။ လူလည်းမိန်းမော၍ ရှိသောဟူ၏၊ အချို့သမိုင်းကလည်း မြင်းစီးလူပါသေ၍ မထောင်းတာနတ်ကြီးဖြစ်သည်ဟုဆို၏။

မိတ္ထိလာမြို့တွင် ရွှေမြင်ထင်ဘုရား ပျက်စီးယိုးယွင်းသည်များကိုလည်း အသစ် ပြင်ဆင်တည်လုပ်တော်မူသည်။ ။မိတ္ထိလာမြို့တွင် စံနေတော်မူကြိုက် ပဌမဝါဆိုလပြည့်ကျော်ခုနစ်ရက်နေ့ တောင်တွင်းကြီးမြို့က ဆင်ဖြူပေါက်မနှစ်စီး ဆက်ရောက်သည်၊ သားတော် မဟာဥပရာဇာမှာလည်း စံနေတော်မူသည့် သဘင်တဲတော် အရှေ့မြောက်ယွန်း ဝင်းတော်အတွင်း ကျောက်စေတီတည်ထားပြီးလျှင် ရတနာသင်းကျစ် ကမ္ဘည်းစိုက်တော်မူသည်၊ မိတ္ထိလာမြို့အလုံးစုံ အလုပ်အဆောင်ပြီးပြေလျှင် ဒုတိယဝါဆိုလပြည့်ကျော်လေးရက်နေ့ မိတ္ထိလာမြို့ကနေပြည်တော်သို့ ပြန်တော်မူသည်။

တော်သလင်းလဆန်း ငါးရက်နေ့ သားတော်မောင်သာထွန်းအောင်ကို ကနောင်မြို့၊ သားတော်မောင်ရွှေရိုးကို လှိုင်မြို့ကိုပေးတော်မူ၏။ ။ သီတင်းကျွတ်သဆန်း တဆဲ့နှစ်ရက် ကြာသပတေးနေ့ နှစ်ချက်တီးကျော် တနာရီတွင် ကလေးမြို့က နောက်ရောက် ဆင်ဖြူတော်တစီးနှင့် မိတ္ထိလာတွင် စံနေတော်မူကြိုက် တောင်တွင်းကြီးမြို့က ဆက်သည့် ဆင်ဖြူတော်ပေါက်မနှစ်စီးကို ခေါင်းဆေးသည်၊ လပြည့်ကျော်ခြောက်ရက် ဗုဒ္ဓဟူး

နေ့တချက်တီးကျော် တနာရီတွင် ရတနာဆင်ဖြူတော်ပေါက်မသုံးစီးကို အခမ်းအနား ကြီးကျယ်စွာစီရင်တော်မူပြီးလျှင် ပွဲဘာဘင်ကြီးစွာခံတော်မူ၍ ဥပေါ်ပြောင်မွန်,ရတနာပြောင်မွန်, နာဂဝရ, ရတနာကုမုဒ် ဆင်ဖြူတော်များကို သိမ်းတော်မူသည့်နည်း သိမ်းတော်မူသည်။ ၊ကလေးမြို့က ဆင်ဖြူတော်ပေါက် တစီးကို ဥပေါ်ထွတ်ခေါင်၊ တောင်ဟွင်းမြို့က ဆင်ဖြူတော်ပေါက်တစီးကို ဝရသေတဂိရိ၊ ၎င်းမြို့ဆက်ဆင်ဖြူတော်မကို ဘဂ္ဂါဝတီ ဘွဲ့တပ်တော်မူ၏။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများသခင်၊ ရှေ့တွင်း, ငွေ့တွင်း, ပဏ္ဍာမြောင်းတွင်း, ပယင်းတွင်းစသော ရတနာအပေါင်းတို့၏အရှင်၊ စတုဒ္ဓိရတနာပူရ မြို့တည် နန်းတည်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများသခင် အသျှင်ဆဝရှင် မင်းတရားကြီး ဘုရား လက်ထက်တော် (၁၁၉၁) တထောင့် တရာ့ကိုးဆဲ့ တခု၊ နယုန်လဆန်း တရက်နေ့က စ၍ ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ, မူးမတ်ပညာရှိတို့နှင့်၊အထူးထူးသော ရထနာတို့ဖြင့်ဆန်းကြယ်သော မှန်နန်းတော်ဆောင်တော်ဦး နန်းမစနဒ္ဒ နှိုင်းညှိ၍ အသင့် ယုတ္တိကျမ်းဂန် အာဂုံများနှင့်အညီ သုတ်သင် စီရင်တော်မူသော ဒုတိယမဟာရာဇဝင်တော်ကြီး၊ ပဉ္စမထုပ်၊ထတိယတွဲ ဤတွင် ရွေ့.ပြီးပြီ။

မင်းကွန်းပုထိုးတော်ကြီး ဌပနာသွင်းခြင်း စသည်များ

မင်းကွန်း ပုထိုးတော်ကြီးမှာလည်း အလယ်ဌပနာတိုက်မ၌ စတုရန်းအချင်းဆယ်တောင်, အစောက် ခုနစ်တောင်, အထူထုတမိုက်, ကြေးသလွဲမည်း အချိန် ပိဿာ လေးသိန်းတသောင်းလေးထောင့်ရှစ်ရာ့သုံးဆဲ့လေးပိဿာ၊ အရှေ့မျက်နှာ ဌပနာတိုက် ကြေးသလွဲမည်း ငါးတိုက်၊ တောင်မျက်နှာဌပနာတိုက် ကြေးသလွဲမည်းငါးတိုက်၊ အနောက်မျက်နှာ ဌပနာတိုက် ကြေးသလွဲမည်း ငါးတိုက်၊ မြောက်မျက်နှာ ဌပနာတိုက် ကြေးသလွဲမည်း ငါးတိုက်၊ တတိုက်လျှင် အချင်းအား သုံးတောင့်နှစ်မိုက်, အစောက် ခုနစ်တောင်, အထူထုတမိုက်, ကြေးချိန်ပိဿာတသိန်းနှစ်သောင်းနှစ်ထောင့်ခြောက်ရာ့သုံးပိဿာ့ခုနစ်ဆယ်၊ အလယ်တိုက်နှင့်တကွ တိုက်ပေါင်းနှစ်ဆဲ့တတိုက်၌ ကြေးသလွဲမည်းအချိန် ပိဿာပေါင်းနှစ်သန်းရှစ်သိန်း ခြောက်သောင်းခြောက်ထောင့် ကိုးရာ့ရှစ်ပိဿာတို့နှင့် သွန်းလုပ်တော်မူသည်၊ ထိုအပလေးမျက်နှာ၌ အုတ်တိုက်တထပ်၊ ထိုအပ

လေးမျက်နှာ၌အရုံအတား သဲတိုက်တထပ်၊ ထိုသို့ဌပနာအုတ်တိုက်ခုနစ်ထပ်၊အရုံအတားသဲတိုက်ခုနစ်ထပ်တို့ကိုလည်း လုပ်စေသည်။

ထိုမှတပါး အလယ်တိုက်မ၏ အရှေ့ဆီတည့်၌အချင်းအားသုံးတောင့် နှစ်မိုက်, အစောက်လေးတောင်ရှိသော ကြေးစင်တိုက်နှစ်တိုက်ကို နတ်တို့ကူညီဘန်ဆောင်၏၊ထိုတိုက်၌ သံသံပူကဟူသော အက္ခရာလေးလုံးကိုလည်း ရေးထားခဲ့၏၊ ထိုအက္ခရာလေးလုံးကို တံဆိပ်ရ ဆရာတော်ကြီးတို့ အနက်သမ္မန်ကြသည်ကား....

(သ) အက္ခရာကို သင်္ကာဒေဝါနမိန္ဒော်ဟံ။
(သံ) အက္ခရာကို သမ္မုဒ္ဓဿ ဟိတေသိနော။
(ပူ) အက္ခရာကို ပူဇံလောဟဇာတ္ဌကာယ။
(က) အက္ခရာကို ကရောမိ ရာဇတုဋ္ဌိယာ၊

ဟု-တလုံးတပါဒစီ လေးပါဒ ဂါထာ ဖွဲ့ပြီးလျှင်....ဒေဝါနမိန္ဒော-နတ်အပေါင်းတို့ကိုအစိုးရသော၊ အဟံသင်္ကာ-ငါသိကြားမင်းသည်၊ဟိတေသိနော-သင်္ဘာဝါတို့ အစီးအပွားကို ရှာတော်မူသော၊ သမ္မုဒ္ဓဿ-မြတ်စွာဘုရားအား၊ ရာဇတုဋ္ဌိယာ-မင်းတရားကြီးကြည်ညိုနှစ်သက်စေခြင်းငှာ၊ လောဟဇာတ္ဌကာယ-ကြေးအုတ်တို့ဖြင့်၊ ပူဇံ-ပူဇော်ခြင်းကို၊ ကရောမိ-ပြု၏။ ။ဟု-သမ္မန်သတည်း။

ယင်းသို့ဌပနာတိုက်အစီအရင် အလုပ်အဆောင် အလုံးစုံပြီးပြေလျှင် ဌပနာသွင်းတော်မူရန် ဓာတ်တော်, မွေးတော်,ရုပ်ပွားဆင်းတုတော်များကို ပင့်ဆောင်တော်မူသည့် အစဉ်ကား.... ရွှေနန်းတော်က သည် ရန်အောင်ရေနန်းဆိပ်ရောက် မင်းလမ်းတလျှောက်ကို တန်ဆာဆင်စေပြီးလျှင် ရွှေပြားစက်တော်ရာတင်သည့် ရွှေရထား၊ ယင်းနောက် ဘုံခုနစ်ဆင့်, ဘုံကိုးဆင့် ရွှေပြာသာဒ်သုံးဆဲ့နှစ်၊ ယင်းနောက် ဘုရားရုပ်တုတော်တင် ငွေပြာသာဒ် ငါးရာ၊ ယင်းနောက် ဘုရားရုပ်တုတော်တင်ရွှေထမ်းစင် ရှစ်ရာ၊ ယင်နောက် ဘုရားရုပ်တုတော်တင် ရတနာရွှေဝေါ်၊ ယင်းနောက် စွယ်တော်,ဓာတ်တော်,မွေးတော်ထည့် ရတနာပန်းတောင်းများကို ဥပေါ်ပြောင်မွန်, ရတနာပြောင်မွန်, ရတနာကုမုဒ်, ဝရသေတဂိရိရတနာဆင်ဖြူတော်ထက်တင်သည့်၊ ယင်းနောက် မင်းရုပ်တင်ရွှေထမ်းစင် ရှစ် စီစဉ်လျက် ရုပ်ပွားဆင်းတု ဓာတ်တော်,မွေးတော်တို့ကို ထီးဖြူးအုပ်၍ ဆောင်ယူတော်မူသည်၊ ရန်အောင်ရေနန်းဆိပ်သို့ ရောက်လျှင် မွေတော်, ဓာတ်တော်, ရုပ်ပွားဆင်းတုတော်, မင်းရုပ်တု များကို အထူး

ထူးသော ရွှေဖောင် ရွှေလှော်ကားများတွင်တင်တော်မူ၍ ရွှေထောင်း ရွှေလှော်ကား လက်ပြည့်ဝင်စေပြီးလျှင် သက္ကရာဇ်(၁၁၅၀) တထောင့် တရာ့ငါးဆဲ့ရှစ်ခု တန်ဆောင်မုန်းလဆန်းနှစ်ရက်နေ့ သားတော် မဟာဥပရာဇာကို နေပြည်တော်မှာ အစောင့်အနေ ထားခဲ့၍ ဆင်ဖြူမျာ့း သခင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား ပြည်ကြီးမွန်ရတနာရွှေဖောင် တော်ဝယ် ထီးဖြူကနကဒဏ် ဖြန့်၍ သိကြားမင်း၏ ကြက်သရေကဲ့သို့ စစ်အင်္ဂါလေးပါးနှင့် ကြည်းရေ ငြိမ့်ငြိမ့်မွမ်းလျက် ဆန်တော် မူသည်၊ ပုထိုးတော်ကြီးတည်ရာ မင်းကွန်းအရပ်သို့ရောက်လျှင် ပါဒနက်သန်စက် တော်ရာကျောက်ကို ပုထိုးတော်ကြီး အရှေ့ တောင်ယွန်း ဧရာဝတီမြစ် ကမ်းထိပ်ဝယ် တန်ဆောင်းနှင့်ထားတော်မူသည်၊ ဓာတ်တော်, မွေးတော် စသောရုပ်ပွားဆင်းတုတော်, မင်းရုပ်တုများကို ပုထိုးတော်ကြီး အရှေ့တွင် အဆောင်ဆောင်သော တန်ဆောင်းမဏ္ဍပ်တော်များနှင့် ထားတော်မူသည်၊ ဘဝရှင်မင်းတရားကြီး ဘုရားမှာ မင်းကွန်းတဘက်အလယ်ကျွန်း၌ သာယာကြီးကျယ်လှစွာသော စံနန်းတော်နှင့်တကွ သတောင်း လည်ကြာယပ် ရွှေချူညောင်ရွက်တို့ဖြင့် ပြီးသော ထီးဖြူမဏ္ဍပ်တော်ကြီးဝယ် နတ်တို့၏သဘင်ကဲ့သို့ ပွဲသဘင်ကြီးစွာခံတော်မူ၍ စံနေတော်မူသည်။

အိန္ဒိယတိုင်း ဘိလပ်မင်းက မြင်းရှစ်စီးကသော ပြာသာဒ် ရွှေရထားနှင့် အထူးထူး အပြားပြားသော လက်ဆောင်တော် အဆက်အသွယ် လာရောက်သည်ကိုလည်း ထိုသဘင်နန်းတော်တွင်ပင် အဆက်အသံခံတော်မူပြီးလျှင် အရည်ဝါသီ ပုဂ္ဂိုလ်, ဂါမဝါသီ ပုဂ္ဂိုလ်, အရိယာသံဃာတော်နှစ်ထောင် တိုအား ရက်ပေါင်း လေးဆယ် တိုင်တိုင် နေ့စဉ် ရက်ဆက်ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းတို့အသုံးအဆောင်ကို များစွာလှူတော်မူ၍ သက္ကရာဇ် (၁၁၅၀) တထောင့်တရာ့ငါးဆဲ့ရှစ်ခု တပေါင်းလဆန်း တဆဲ့ငါးရက်နေ့ ပုထိုးတော်ကြီး၌ ဌပနာတော် မူသည်ကား....ဂန္ဓာရတိုင်းမှ ရောက်သော စွယ်တော်ပွားကို ပဏ္ဍမြားစေတီတွင် သွင်းသည်။ ပဏ္ဍမြားစေတီကို ရွှေစေတီမျိုသည်၊ ရွှေစေတီကို မိုးကြိုးစေတီမျိုသည်၊ မိုးကြိုးစေတီကို ငွေစေတီမျိုသည်၊ ငွေစေတီကို ကြေးနီစေတီမျို၍ သွင်းထားသည်။ ။လက်ဘဒိပ သီဟိုဠ်ကျွန်း, မဇ္ဈိမတိုက် ရာဇဂြိုဟ် စသော အရပ်ရပ်တိုင်းခရိုင် မြို့ပြများက ပဉ်ဆောင် ရောက်သည့် ပမာဏအားဖြင့် သုံးပါး၊ အဆင်းအားဖြင့် သုံးပါးပြားကုန်သော မွေးတော် ဓာတ်တော်အပေါင်းတို့နှင့် အံတော်ဓာတ်ကို ပဏ္ဍမြားစေတီတော်မှာ သွင်း

တော်မူသည်။ ပတ္တမြားစေတီကို ရွှေစေတီမျိုသည်၊ ရွှေစေတီကို မိုးကြိုး စေတီမျိုသည်၊ မိုးကြိုးစေတီကို ငွေစေတီမျိုသည်၊ ငွေစေတီကို ကြေးနီ စေတီမျို၍ သွင်းထားသည်။

တဏှာက်ရာဘုရား.... စရည်းပင်၌ ပွင့်တော်မူဟန်၊ ရွှေရုပ်တုတော်-ရွှေစရည်းပင်၊ ငွေရုပ်တုတော်-ငွေစရည်းပင်။

မေဓင်္ကာရာဘုရား.... ပေါက်ပင်၌ ပွင့်တော်မူဟန်၊ ရွှေရုပ်တုတော်-ရွှေပေါက်ပင်၊ ငွေရုပ်တုတော်-ငွေပေါက်ပင်။

သရဏာဂုံရာဘုရား.... စန္ဒကူးဗောဓိပင်၌ ပွင့်တော်မူဟန်၊ ရွှေရုပ်တုတော်-ရွှေစန္ဒကူးပင်၊ ငွေရုပ်တုတော်-ငွေစန္ဒကူးပင်။

ဒီပင်္ကာရာဘုရား.... သုမေဓာရဿေ့ကို ဗျာဒိတ် ပေးဟန်၊ ဒီပင်္ကာရာဘုရား ရွှေရုပ်တုတော် ငါးဆူ၊ ငွေရုပ်တုတော် ငါးဆူ၊ သုမေဓာရဿေ့ ရွှေရုပ်ငါး၊ ငွေရုပ်ငါး၊ရဟန္တာရွှေရုပ်တုတော်နှစ်ဆယ်၊ ငွေရုပ်တုတော် နှစ်ဆယ်။

ကောဏ္ဍညာရာဘုရား.... ဘုရားလောင်း ဝိဇိတာဝီ စကြာမင်းကို ဗျာဒိတ် ပေးဟန်၊ ရွှေရုပ်တုတော်နှစ်၊ ငွေရုပ်တုတော်နှစ်၊ ရွှေမင်းရုပ်နှစ်၊ ငွေမင်းရုပ် နှစ်။

မင်္ဂလာရာဘုရား.... ဘုရားလောင်း သုရုစိပုဏ္ဏားကို ဗျာဒိတ်ပေးဟန်၊ ရွှေရုပ်တုတော်နှစ်၊ ငွေရုပ်တုတော်နှစ်၊ ရွှေပုဏ္ဏားရုပ်နှစ်၊ ငွေပုဏ္ဏားရုပ် နှစ်။

သုမနာရာဘုရား....ဘုရားလောင်း အတုလနဂါးမင်းကို ဗျာဒိတ်ပေးဟန်၊ ရွှေရုပ်တုတော်နှစ်၊ ငွေရုပ်တုတော်နှစ်၊ရွှေနဂါးရုပ်နှစ်၊ ငွေနဂါးရုပ်နှစ်။

ရေဝတာရာဘုရား.... ဘုရားလောင်း အတိဒေဝပုဏ္ဏားကို ဗျာဒိတ် ပေးဟန်၊ ရွှေရုပ်တုတော်နှစ်၊ ငွေရုပ်တုတော်နှစ်၊ ရွှေပုဏ္ဏားရုပ်နှစ်၊ ငွေပုဏ္ဏားရုပ်နှစ်။

သောဘိတာရာဘုရား.... ဘုရားလောင်း အဇိတပုဏ္ဏားကို ဗျာဒိတ်ပေးဟန်၊ ရွှေရုပ်တုတော် နှစ်၊ ငွေရုပ်တုတော် နှစ်၊ ရွှေပုဏ္ဏားရုပ် နှစ်၊ ငွေပုဏ္ဏားရုပ် နှစ်။

အနောမဒဿီဘုရား.... ဘုရားလောင်း ဘီလူးစစ်သူကြီးကို ဗျာဒိတ် ပေးဟန်၊ ရွှေရုပ်တုတော် နှစ်၊ ငွေရုပ်တုတော် နှစ်၊ ရွှေဘီလူးရုပ် နှစ်၊ ငွေဘီလူးရုပ်နှစ်။

ပဒုမာရာဘုရား....ဘုရားလောင်းခြင်္သေ့မင်းကိုဗျာဒိတ်ပေးဟန်၊ ရွှေရုပ်တုတော်နှစ်၊ ငွေရုပ်တုတော်နှစ်၊ ရွှေခြင်္သေ့ရုပ်နှစ်၊ ငွေခြင်္သေ့ရုပ်နှစ်။

နာရဒဘုရား....ဘုရားလောင်းရသွေ့ကို ဗျာဒိတ်ပေးဟန်၊ ရွှေရုပ်တုတော်နှစ်၊ ငွေရုပ်တုတော်နှစ်၊ ရွှေရသွေ့ရုပ်နှစ်၊ ငွေရသွေ့ရုပ်နှစ်။

ပဒုမုတ္တိုရ်ဘုရား.... ဘုရားလောင်း ဇင်္ဂီလသူဌေးကို ဗျာဒိတ်ပေးဟန်၊ ရွှေရုပ်တုတော် နှစ်၊ ငွေရုပ်တုတော် နှစ်၊ ရွှေသူဌေးရုပ် နှစ်၊ ငွေသူဌေးရုပ်နှစ်။

သုမေဓာဘုရား.... ဘုရားလောင်း ဥတ္တရပုဏ္ဏားကို ဗျာဒိတ်ပေးဟန်၊ ရွှေရုပ်တုတော်နှစ်၊ငွေရုပ်တုတော်နှစ်၊ရွှေပုဏ္ဏားရုပ်နှစ်၊ငွေပုဏ္ဏားရုပ်နှစ်။

သုဇာတာဘုရား.... ဘုရားလောင်း စကြာမင်းကို ဗျာဒိတ်ပေးဟန်၊ ရွှေရုပ်တုတော်နှစ်၊ ငွေရုပ်တုတော်နှစ်၊ ရွှေမင်းရုပ်နှစ်၊ ငွေမင်းရုပ်နှစ်။

ဝိယဒဿီဘုရား....ဘုရားလောင်းကဿပပုဏ္ဏားကို ဗျာဒိတ်ပေးဟန်၊ ရွှေရုပ်တုတော်နှစ်၊ငွေရုပ်တုတော်နှစ်၊ရွှေပုဏ္ဏားရုပ်နှစ်၊ငွေပုဏ္ဏားရုပ်နှစ်။

အတ္ထဒဿီဘုရား....ဘုရားလောင်း သုသိမရသွေ့ကို ဗျာဒိတ်ပေးဟန်၊ ရွှေရုပ်တုတော်နှစ်၊ ငွေရုပ်တုတော်နှစ်၊ရွှေရသွေ့ရုပ်နှစ်၊ငွေရသွေ့ရုပ်နှစ်။

ဓမ္မဒဿီဘုရား....ဘုရားလောင်းစကြာမင်းကို ဗျာဒိတ်ပေးဟန်၊ ရွှေရုင်တုတော်နှစ်၊ ငွေရုပ်တုတော်နှစ်၊ ရွှေမင်းရုပ်နှစ်၊ ငွေမင်းရုပ်နှစ်။

သိဒ္ဓတ္ထဘုရား....ဘုရားလောင်းမင်္ဂလရသွေ့ကို ဗျာဒိတ်ပေးဟန်၊ ရွှေရုပ်တုတော်နှစ်၊ ငွေရုပ်တုတော်နှစ်၊ ရွှေရသွေ့ရုပ်နှစ်၊ ငွေရသွေ့ရုပ်နှစ်။

တိဿဘုရား....ဘုရားလောင်းသုဇာတာမင်းကို ဗျာဒိတ်ပေးဟန်၊ ရွှေရုပ်တုတော်နှစ်၊ ငွေရုပ်တုတော်နှစ်၊ ရွှေမင်းရုပ်နှစ်၊ ငွေမင်းရုပ်နှစ်။

ဖုဿဘုရား....ဘုရားလောင်း ဝိဇိတာဝိမင်းကို ဗျာဒိတ် ပေးဟန်၊ ရွှေရုပ်တုတော်နှစ်၊ ငွေရုပ်တုတော်နှစ်၊ရွှေမင်းရုပ်နှစ်၊ ငွေမင်းရုပ်နှစ်။

ဝိပဿီဘုရား....ဘုရားလောင်းအတုလနဂါးမင်းကို ဗျာဒိတ်ပေးဟန်၊ ရွှေရုပ်တုတော်နှစ်၊ ငွေရုပ်တုတော် နှစ်၊ ရွှေနဂါးရုပ် နှစ်၊ ငွေနဂါးရုပ်နှစ်။

သိခီဘုရား....ဘုရားလောင်း အရိန္ဒမမင်းကို ဗျာဒိတ်ပေးဟန်၊ ရွှေရုပ်တုတော် နှစ်၊ ငွေရုပ်တုတော် နှစ်၊ ရွှေမင်းရုပ် နှစ်၊ ငွေမင်းရုပ်နှစ်။

ဝေဿဘူဘုရား....ဘုရားလောင်းသုဒဿနမင်းကို ဗျာဒိတ်ပေးဟန်၊ ရွှေရုပ်တုတော် နှစ်၊ ငွေရုပ်တုတော် နှစ်၊ ရွှေမင်းရုပ် နှစ်၊ ငွေမင်းရုပ်နှစ်။

ကကုသန်ဘုရား....ဘုရားလောင်း ခေမမင်းကို ဗျာဒိတ်ပေးဟန်၊ ရွှေရုပ်တုတော် နှစ်၊ ငွေရုပ်တုတော် နှစ်၊ ရွှေမင်းရုပ်နှစ်၊ ငွေမင်းရုပ်နှစ်။

ကောဏဂုံဘုရား····ဘုရားလောင်းပဒုတမင်းကို ဗျာဒိတ်ပေးဟန်၊ရွှေရုပ်တုတော် နှစ်၊ ငွေရုပ်တုတော် နှစ်၊ ရွှေမင်းရုပ် နှစ်၊ ငွေမင်းရုပ်နှစ်။

ကဿပဘုရား ···ဘုရားလောင်း ဇောတိပါလပုဏ္ဏားကို ဗျာဒိတ်ပေးဟန်၊ ရွှေရုပ်တုတော် နှစ်၊ ငွေရုပ်တုတော်နှစ်၊ ရွှေပုဏ္ဏားရုပ်နှစ်၊ ငွေပုဏ္ဏားရုပ် နှစ်။

ဂေါတမဘုရား····ဘုရားလောင်း အဇိတသာမဏေကို ဗျာဒိတ်ပေးဟန်၊ ရွှေရုပ်တုတော်နှစ်၊ ငွေရုပ်တုတော် နှစ်၊ ရွှေသာမဏေရုပ်နှစ်၊ ငွေသာမဏေရုပ် နှစ်။

ဘုရားလောင်းယုန်မင်းဇာတ်အစုံ ငွေရုပ်။ ။ဃဋီကာရ ဇာတ်အစုံ ငွေရုပ်။ ။ငုံးမင်းဇာတ်အစုံငွေရုပ်။ ။မျောက်မင်းဇာတ်အစုံငွေရုပ်။

တုသိတာနတ်ပြည်၌ ဘုရားလောင်း သေတကေတု နတ်သားအား သိကြား,ပြဟ္မာ,နတ်အပေါင်းတို့ဘုရားဖြစ်ချိန်တန်ပြီ၊ လူပြည်သို့သက်မည့် အကြောင်းကို တောင်းပန်ဟန်၊ ရွှေပြာသာဒ်တစ်၊ ဘုရားလောင်းသေတကေတုနတ်သား ရွှေရုပ် တစ်၊ သိကြားငွေရုပ် တစ်၊ ပြဟ္မာငွေရုပ် တစ်၊ ငွေနတ်သားရုပ်တဆယ်။

တုသိတာနတ်ပြည်မှ သက်တော်မူ၍ မယ်တော်မာယာဝမ်း၌ ပဋိသန္ဓေယူဟန်၊ ငွေပြာသာဒ်တစ်၊ မယ်တော်မာယာရွှေရုပ်တစ်၊ စတုမဟာရာဇ်နတ်လေးယောက် သန်လျက်စွဲလျက် ငွေရုပ်လေး။

လုမ္ဗိနီအင်ကြင်းဥယျာဉ်၌ ဘုရားလောင်းဖွားမြင်တော်မူဟန်၊ ငွေအင်ကြင်းပင် တဆယ်၊ ငွေပန်းပင် တဆယ်၊ အင်ကြင်းခက် ဆွဲကိုင်လျက် မယ်တော်မာယာရွှေရုပ် တစ်၊ ဘုရားလောင်းမင်းသား ရွှေရုပ် တစ်၊ မိထွေးတော် မဟာဂေါတမီမိဖုရား မယ်တော်ကို မစဟန် ဂေါတမီ မိဖုရား ငွေရုပ်တစ်။

ပြဟ္မာမင်းတို့ ဘုရားလောင်းမင်းသားကို ရွှေကွန်ရက်ဖြင့် ခံဟန်၊ရွှေကွန်ရက်ကိုင်လျက် ငွေပြဟ္မာရုပ် လေး၊ ဘုရားလောင်းရွှေရုပ်တစ်၊ စတုမဟာရာဇ် နတ်မင်းလေးယောက်တို့ သစ်နက်ရေဖြင့် ခံဟန်၊ ငွေလုပ်သစ်နက်ရေကိုင်လျက် ငွေနတ်ရုပ်လေး၊ ဘုရားလောင်းရွှေရုပ်တစ်၊ လူတို့ဘွဲ့ဖြူပုဆိုးဖြင့်ခံဟန်၊ ငွေလုပ်ဘွဲ့ဖြူကိုင်လျက်ငွေလူရုပ်လေး။ဘုရားလောင်းရွှေရုပ်တစ်။

မြောက်သို့ ခုနစ်ဘဝါး လှမ်းတော်မူဟန် ဘုရားလောင်း ရွှေရုပ်တုတော် တစ်၊ နတ်တို့ထီးမိုးဟန် ထီးကိုင်လျက် ငွေနတ်ရုပ်၀ါး။

ဖွားဘက်တော် ရွှေဗောဓိပင် တစ်၊ ရွှေအိုးကြီးထေး၊ ယသောဓရာ ရွှေရုပ်တစ်၊ အာနန္ဒာရွှေရုပ်တစ်၊ ကာလုဒါယီ ရွှေရုပ်တစ်၊ ဆန္နအမတ် ငွေရုပ်တစ်၊ ကဏ္ဌကမြင်း ငွေရုပ်တစ်။

ဘုရားလောင်းကို ခမည်းတော်ဝိုက်လျက် ဒေဝိလရသွေ့အား ပြဿဒ်တွင် ရသွေ့ဆံကျစ်၌ ခြေတော်တည်ဟန်၊ခမည်းတော်မင်းကြီးသားတော်ကို ရှိခိုးဟန်၊ ရွှေပြာသာဒ်ဆောင်တစ်၊ ဘုရားလောင်းရွှေရုပ်တု တစ်၊ ခမည်းတော် လက်အုပ်ချီလျက် ရွှေရုပ်တစ်၊ ဒေဝိလရသွေ့ လက်အုပ်ချီလျက် ရွှေရုပ်တစ်။

ဘုရားလောင်းကို ပုဏ္ဏားတို့ လက္ခဏာဖတ်ဟန်၊ ရွှေပြာသာဒ်ဆောင် တစ်၊ ခမည်းတော် ရွှေရုပ်တစ်၊ ဘုရားလောင်း ရွှေရုပ်တုတော် တစ်၊ ငွေပုဏ္ဏားရုပ်ရှစ်။

လယ်ထွန်မင်္ဂလာ ထွက်တော်မူသည်တွင် သပြေပင်ရိပ်၌ ခမည်းတော် ရှိခိုးဟန်၊ ဘုရားလောင်းရွှေရုပ်၊ ခမည်းတော်လက်အုပ်ချီလျက် ရွှေရုပ် တစ်၊ အခြွေအရံမင်းသမီးရုပ် ရှစ်၊ ငွေသပြေပင်နှစ်။

ဘုရားလောင်း ရွှေနန်းသုံးဆောင်၌ စံတော်မူဟန်၊ ရွှေပြာသာဒ်သုံး၊ ဘုရားလောင်းရွှေရုပ်တစ်၊ ယသောဓရာရွှေရုပ်တစ်၊ အခြွေအရံမင်းသမီး ငွေရုပ်လေး၊ ရွှေကွမ်းအုပ်တစ်၊ ငွေထီးဖြူတစ်၊ ရွှေသင်းကျပ်တစ်၊ ရွှေခြေနင်းတစ်၊ ရွှေသန့်လျက် တစ်၊ ငွေသားမြီးယပ်တစ်။

ဥယျာဉ်ကစားထွက်တော်မူဟန်၊ ငွေမြင်းရထားတစ်၊ငွေမြင်းရုပ်လေး၊ ဘုရားလောင်းရွှေရုပ် တစ်၊ ရထားမှူးငွေရုပ် တစ်။ ။နိမိတ်လေးပါးပြဟန်၊ငွေလူရုပ်သုံး၊ ရွှေရဟန်းရုပ်တစ်၊ငွေပန်းပင်ခြောက်၊ ငွေဝါးပင်နှစ်။

ဥယျာဉ်သို့ရောက်၍ ကျောက်ဖျာထက်နေတော်မူစဉ် ဝိသုဒ္ဓိနတ်သားတန်ဆာဆင်လာဟန်၊ သားတော် ဖွားမြင်ကြောင်းကို လျှောက်လာဟန်၊ကျောက်ဖျာပေါ်တွင် ဘုရားလောင်းရွှေရုပ်တစ်၊ ငွေဝိသုဒ္ဓိနတ်ရုပ် တစ်၊ ငွေအမတ်ရုပ်တစ်၊ ကိသဂေါတမီငွေရုပ်တစ်။

နန်းတော်သို့ရောက်၍ ကဏ္ဌကမြင်းကို ကစေဟန်၊ ငွေမြင်းရုပ်တစ်၊ ငွေအမတ်ရုပ်တစ်။

တံခါးခုံ၌ရုပ်လျက် ဘုရားလောင်းသားတော်ကိုရွှတော်မူဟန် ဘုရားလောင်းရွှေရုပ်၊ သားတော်ကိုဝိုက်လျက် ယသောဓရာ လျှောင်းနေဟန် ယသောဓရာရွှေရုပ်၊ သားတော်ရွှေရုပ်၊ ရွှေနန်းရွှေမြို့သဏ္ဌာန်။

တောထွက်တော်မူသောအခါ မြင်းခြေလေးဘက်ကို နတ်သားလေးယောက် လက်ဝါးဖြင့် ခံဟန် တံတိုင်းတံခါးပါ ငွေမြို့ပုံတစ်၊ ဘုရားလောင်း မြင်းစီးလျက် ရွှေရုပ်တစ်၊ ငွေနတ်သားရုပ် လေး၊ ဆန္နအမတ် ငွေရုပ်တစ်။

တောထွက်တော် မူသည်ကို မာရ်နတ် ဖိတားဟန်၊ ဘုရားလောင်း မြင်းစီးလျက် ရွှေရုပ်တစ်၊ ဆန္နအမတ် ငွေရုပ်တစ်၊ ငွေမာရ်နတ်ရုပ်တစ်။

နတ်ဘိုလှည့်ဖြား၍ မြို့တော် ရှေ့ရှုထင်ဟန်၊ တံတိုင်းတံခါးပါ ငွေမြို့ပုံတစ်၊ ဘုရားလောင်း မြင်းစီးလျက် ရွှေရုပ်တစ်၊ ငွေအမတ်ရုပ် တစ်၊ ငွေပန်းပင်တစ်၊

အနော်မာမြစ်၌ နတ်ကိုမိုးရွာအဆိုးအထုံမျှားနှင့် ပဉ္စင်တူရိယာတီးမှုတ်ပူဇော်ဟန်၊ဘုရားလောင်းရွှေရုပ်တစ်၊ ငွေမြင်းရုပ်တစ်၊ငွေအမတ်ရုပ်တစ်၊ ငွေသိကြားရုပ်တစ်၊ ငွေနတ်သားရုပ် လေး၊ငွေအနော်မာမြစ်ပုံ တစ်။

အနော်မာမြစ်ကိုကူး၍ရဟန်းပြုတော်မူဟန်၊ဘုရားလောင်းရွှေရုပ်တစ်။

သိကြားရတနာပန်းတောင်းနှင့်ဆံတော်ကိုခံဟန် ငွေရုပ်နှစ်။

ဗြဟ္မာမင်း ပရိက္ခရာရှစ်ပါးကပ်လှူဟန် ငွေရုပ်နှစ်။

ဆန္နအမတ်မြင်းကိုယူ၍ ပြန်ဟန်၊ ငွေမြင်းရုပ်တစ်၊ ဆန္နအမတ်ငွေရုပ်တစ်။

ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံပြီးလျှင် ဗန္ဓဝတောင်၌ ဆွမ်းဘုဉ်းပေးတော် မူဟန်၊ ရွှေရုပ်တုတော်သဝိတ်ဝိုက်လျက်တစ်၊ ဗိမ္ဗိသာရမင်းငွေရုပ်တစ်၊ငွေတောင်တစ်၊ငွေသရက်ပင်ပါဘင်းတုတော်တစ်၊ဗောဓိပင်ပါ ရွှေဆင်းတုနှစ်။

ဥရဝေလတော၌ ဒုက္ကရစရိယာ ကျင့်တော်မူဟန်၊ ရွှေရုပ်တုတော်တစ်၊ ပဉ္စဝဂ္ဂိငါးယောက် လုပ်ကျွေးဟန် ငွေရဟန္တာရုပ်တုငါး။

ဒုက္ကရစရိယာကျင့်တော်မူသည်တွင် ပင်ပန်း၍ စက်ဆုတ်နှစ်ခြိုက်လည်းတော်မူဟန်၊ ငွေညောင်စောင်းနှစ်၊ ရွှေရုပ်တုလျောင်းတော်မူလျက် နှစ်၊ ငွေပန်းပင်ခြောက်။

နေရဉ္ဇရာ မြစ်နား ပညောင်ပင်ရင်း၌ နေတော် မူစဉ် သုဇာတာနွံဃနာဆွမ်းကပ်လှူဟန်၊ ရွှေရုပ်တုတော် ဗောဓိပင်ပါတစ်၊ ငွေရုပ်တုတော် ဗောဓိပင်ပါတစ်၊ သုဇာတာရွှေရုပ် ရွှေခွက်ကိုင်လျက်နှစ်။

ဃနာဆွမ်းကိုဘုဉ်းပေးတော်မူပြီးလျှင် နေရဉ္ဇရာမြစ်၌ရွှေခွက်ကိုမျှောတော်မူဟန် ရွှေရုပ်တုတော်တစ်၊ရွှေခွက်ကိုင်လျက် ရွှေရုပ်တုတော် တစ်။

သုဒ္ဓိယလျှူသော မြက်ရှစ်ဆုပ်ကို ခံတော်မူဟန် ရွှေရုပ်တုတော် တစ်၊ ရွှေလှူရုပ်မျက်ရှစ်ဆုပ်ကိုင်လျက်တစ်။

ဗောဓိမဏ္ဍိုင်၌ ငြဟ္မာသိကြား နတ်အပေါင်းတို့သည် ခြံရံလျက် နေတော်မူဟန်၊ ပလ္လင်ဗောဓိပင်ပါ ရွှေဆင်းတုတစ်၊ငြဟ္မာထီးကိုင်လျက် ငွေရုပ်တစ်၊ သိကြား ခရုသင်းကိုင်လျက် ငွေရုပ်တစ်၊ သုယာမနတ်သား သားမြီးယပ်ကိုင်လျက် ငွေရုပ်တစ်၊ သန္တုသိတနတ်သား ယပ်ဝန်းကိုင်လျက် ငွေရုပ်တစ်၊ ပဉ္စသိခနတ်သား စောင်းဝိုက်လျက် ငွေရုပ်တစ်။

မာရ်နတ်ကို အောင်တော်မူဟန်၊ ရွှေရုပ်တုတော်ပလ္လင် ဗောဓိပင်ပါတစ်၊ မာရ်နတ်ဆင်စီးလျက်ငွေရုပ်တစ်။

မာရ်နတ်မင်း သမီးကို အောင်တော်မူဟန်၊ ကျောက်စီ ရွှေဆင်းတုဗောဓိပင်ပါတစ်၊ နတ်သမီးတံခွန်နှင့်ရှိခိုးဟန် ရွှေရုပ်သုံး။

ဗောဓိပင်နှင့် ရွှေပလ္လင်ထက်ခုနစ်ရက်ပတ်လုံးနေတော်မူဟန်၊ကျောံစီ ရွှေဆင်းတုတော် ရွှေပလ္လင် ရွှေဗောဓိပင်ပါတစ်၊ ရွှေရုပ်တုတော် ရွှေပလ္လင် ရွှေဗောဓိပင်ပါတစ်၊ ငွေရုပ်တုတော် ငွေပလ္လင် ငွေဗောဓိပင်ပါ နှစ်။

အနိမိသဥ္ဇရုပ်တော်မူ၍ပလ္လင်တော်ကို ခုနစ်ရက်ပတ်လုံး ရှုတော်မူဟန်၊ ရွှေဗောဓိပင်၊ ရွှေပလ္လင်တစ်၊ ကျောက်စီရွှေရုပ်တုတော်တစ်၊ ရွှေရုပ်တုတော်နှစ်၊ ငွေရုပ်တုတော်နှစ်။

ပလ္လင်တော်နှင့် အနိမိသအကြားဌာ ခုနစ်ရက်ပတ်လုံးစင်္ကြံကြွတော်မူဟန်၊ ကျောက်စီရွှေရုပ်တုတော်နှစ်၊ ငွေရုပ်တုတော်နှစ်၊ ရွှေစင်္ကြံတစ်။

ရတနာဃရရွှေအိမ်၌ ခုနစ်ရက်ပတ်လုံးနေတော်မူဟန်၊ ရွှေအိမ်နှစ်၊ ရွှေရုပ်တုတော်နှစ်၊ ငွေအိမ်နှစ်၊ ငွေရုပ်တုတော်နှစ်။

အဇပါလညောင်ပင်၌ ခုနစ်ရက်ပတ်လုံးနေတော်မူစဉ် ဟုံဟုံကပုဏ္ဏားပြဿနာမေးဟန်၊ ရွှေရုပ်တုတော်နှစ်၊ရွှေညောင်ပင်နှစ်၊ ငွေရုပ်တုတော်နှစ်၊ ငွေညောင်ပင်နှစ်၊ ငွေပုဏ္ဏားရုပ်လေး။

မုစလိန္ဒာအိုင်၌ နဂါး ပါးပျဉ်းမိုး၍ ခုနစ်ရက် ပတ်လုံး နေတော်မူဟန်၊ ရွှေရုပ်တုတော်နှစ်၊ ငွေနဂါးရုပ်နှစ်၊ ရွှေအိုင်နှစ်၊ ငွေကျည်းပင်နှစ်၊ ငွေရုပ်တုတော်နှစ်၊ ငွေနဂါးရုပ်နှစ်၊ ငွေအိုင်နှစ်၊ ငွေကျည်းပင်နှစ်။

ရာဇာယတနလင်းလွန်းပင်၌ ခုနစ်ရက်ပတ်လုံးနေတော်မူစဉ် သိကြားမင်း ကြဇူသီးလှူဟန်၊ စတုမဟာရာဇ် နတ်မင်း လေးယောက် မြွှေဝိတ်လှူဟန်၊ တပုသ ဘလ္လိက ပျားမွှံလှူဟန်၊ ရွှေရုပ်တုတော် သုံး၊ သိကြား

ကြင့်သီးကိုင်လျက် ရွှေရုပ်ပုံ၊ ရွှေသပိတ်သုံး၊ ရွှေနတ်ရုပ်တဆဲ့နှစ်၊ ပျားမုံကိုင်လျက် ငွေလူရုပ်ခြောက်၊ ရွှေလင်းလွန်းပင်သုံး၊ ငွေရုပ်တုတော်နှစ်၊ ငွေသိကြားရုပ် ကြင့်သီးကိုင်လျက်နှစ်၊ ငွေသပိတ်နှစ်၊ ငွေနတ်ရုပ်ရှစ်၊ ငွေလူရုပ်ပျားမုံကိုင်လျက်လေး၊ ငွေလင်းလွန်းပင်နှစ်။

မာရ်နတ်သားကို အောင်တော်မူဟန်၊ ရွှေရုပ်တုတော်တစ်၊ရွှေပလ္လင်ဗောဓိပင်ပါ တစ်၊ ငွေရုပ်တုတော် တစ်၊ ငွေပလ္လင်ဗောဓိပင်ပါ တစ်၊ မာရ်နတ်ဆင်စီး၍ လက်အုပ်ချီလျက် ရွှေရုပ်တစ်၊ ငွေရုပ်တစ်။

အာဠဝကဘီလူးကို အောင်တော်မူဟန်၊ ရွှေရုပ်ထုတော်နှစ်၊ ငွေရုပ်တုတော်နှစ်၊ ရွှေပြာသာဒ်နှစ်၊ ငွေပြာသာဒ်နှစ်၊ ရွှေဘီလူးရုပ်နှစ်၊ ငွေဘီလူးရုပ်နှစ်။

နာဠာဂိရိဆင်ကို အောင်တော်မူဟန် ရွှေရုပ်တုတော်ရုပ်လျက် တစ်၊ ငွေရုပ်တုတော်တစ်၊ရွှေရဟန္တာရုပ်၊ငွေရဟန္တာရုပ်တစ်၊ ရွှေဆင်ရုပ်တစ်၊ ငွေဆင်ရုပ်တစ်။

အင်္ဂုလိမာလကို အောင်တော်မူဟန်၊ ရွှေရုပ်ဝုတော်တစ်၊ ငွေရုပ်တုတော်တစ်၊ ရွှေလူရုပ်တစ်၊ ငွေလူရုပ်တစ်။

စိဉ္စမာဏဝိကာကို အောင်တော်မူဟန်၊ ရွှေရုပ်တုတော်တစ်၊ ငွေရုပ်တုတော်တစ်၊ စိဉ္စမာဏဝိကာ ရွှေရုပ်နှစ်။

သစ္စကပရိဗိုဇ်ကို အောင်တော် မူဟန်၊ ရွှေရုပ်တော်တစ်၊ ငွေရုပ်တုတော်တစ်၊ သစ္စကပရိဗိုဇ်ရွှေရုပ် တစ်၊ ငွေရုပ်တစ်။

နန္ဒောပနန္ဒနဂါးမင်းကိုအောင်တော်မူဟန်၊ ရွှေရုပ်တုတော်တစ်၊ ငွေရုပ်တုတော်တစ်၊ ရွှေရဟန္တာရုပ်တစ်၊ ငွေရဟန္တာရုပ်တစ်၊ ရွှေနဂါးရုပ်တစ်၊ ငွေနဂါးရုပ်တစ်။

ဗကဗြဟ္မာကို အောင်တော်မူဟန်၊ ရွှေရုပ်တုတော်တစ်၊ ငွေရုပ်တုတော်တစ်၊ ရွှေဗြဟ္မာရုပ်တစ်၊ ငွေဗြဟ္မာရုပ်တစ်။

မိဂဒါဝုန်တော၌ ပဌမဝါဆိုတော်မူဟန် ကျောက်စိရွှေရုပ်တုတော်တစ်၊ ရဟန္တာရွှေရုပ်ငါး၊ သိကြားငွေရုပ်တစ်၊ ဗြဟ္မာငွေရုပ်တစ်၊ ရွှေမင်းရုပ်တစ်၊ ငွေမင်းရုပ်နှစ်၊ သမင်ငွေရုပ် တစ်၊ ငွေသစ်ပင်လေး၊ ငွေသပိတ်ဖုံးခြေစုံတစ်၊ ငွေကမ္ဗည်းတိုင် ကမ္ဗည်းရွက်တစ်။

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဒုတိယ, တတိယ, စတုတ္ထ, သုံးဝါဆိုတော်မူဟန်၊ ကျောက်စိ ရွှေကျောင်းနှစ်၊ ငွေကျောင်းတစ်၊ ကျောက်စိရွှေဆင်းတုပလ္လင်ပါ သုံး၊ ရွှေရဟန္တာရုပ် ခြောက်၊ ငွေသပိတ်အဖုံး

ခြေစုံသုံး၊ ငွေဒေါင်းပေါင် ငွေပရိက္ခရာစုံ သုံး၊ မကိုင့်ဆောင်း ရွှေမင်း ရုပ်ကျောက်စီသုံး၊ မိဖုရား ပူဇော်ဟန် ရွှေရုပ်သုံး၊ ငွေရုပ်သုံး၊ ရွှေထီး သုံး၊ ငွေထီးသုံး၊ ရွှေတံခွန် သုံး၊ ငွေဝါးပင် တဆယ်၊ ရွှေကမ္ဗည်းတိုင် ရွှေကမ္ဗည်းရွက်သုံး၊ ငွေသိုကြွေးရုပ်သုံး။

ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရဌ် ပဉ္စမဝါဆိုတော်မူဟန်၊ ရွှေစရုပ်တစ်၊ ကျောက်စီ ရွှေဆင်းတုတော် တစ်၊ မြဲဆင်းတုတော် တစ်၊ ရွှေရဟန္တာရုပ်လေး ရွှေမင်းရုပ်တစ်၊ မိဖုရားပူဇော်ဟန် ရွှေရုပ်တစ်၊ ငွေရုပ်နှစ်၊ ငွေသပိတ်ဖုံးခြေစုံတစ်၊ ငွေတကောင်းတစ်၊ ငွေထီးနှစ်၊ ငွေတံခွန်တစ်၊ ငွေသစ်ပင်လေး၊ ငွေကမ္ဗည်းတိုင် ကမ္ဗည်းရွက်တစ်။

ဗကုလတောင်၌ ဆဋ္ဌဝါဆိုတော်မူဟန်၊ ရွှေရုပ်တုတော် တစ်၊ ရွှေမင်းရုပ်တစ်၊ မိဖုရား ပူဇော်ဟန်ရွှေရုပ်သုံး၊ ငွေရုပ်သုံး၊ ငွေတောင်တစ်၊ ငွေကမ္ဗည်းတိုင် ကမ္ဗည်းရွက်တစ်။

တာဝတိံသာ၌ သတ္တမဝါဆိုတော်မူဟန်၊ ရွှေဆင်းတုပင်လယ်ကသစ်ပင်ပါနှစ်၊ ကျောက်စီ ရွှေဆင်းတု ပင်လယ် ကသစ်ပင်ပါတစ်၊ သိကြွေး မကိုင့်ဆောင်း ရွှေရုပ်ငါး၊ မြင်းမိုရ်အာလိန် ငါးဆင့်၊ နဂါး, ဂဠုန်, ကုမ္ဘဏ်, ရက္ခိုသ်အရုပ်စုံရွှေတောင်တစ်၊ စူဠာမဏိကျောက်စီ ရွှေစေတီတစ်၊ သန္ဓာသိတ ရွှေနတ်ရုပ်တစ်၊ နတ်သမီး ပူဇော်ဟန် ရွှေရုပ်ငါး၊ ပြဟ္မာရွှေရုပ် နှစ်၊ နတ်သား ရွှေရုပ် သုံး၊ ပဉ္စမအာလိန်တွင် အရှင်မောဂ္ဂလာန် ရွှေရုပ်တစ်၊ ဝေဇယန္တာ ကျောက်စီ ရွှေပြာသာဒ် တစ်၊ သုဓမ္မာကျောက်စီ ရွှေစရုပ်တစ်၊ တာဝတိံသာက သက်တော်မူဟန် ကျောက်စီရွှေရုပ်တုတော်တစ်။

အင်္ဂတိုင်း-သံသုမာဂိရိပြည်၊ ဘေသကလာဝနဝဲစဉ်းခုံတော၌ အဋ္ဌမဝါဆိုတော်မူဟန်၊ ဗောဓိပင် ရွှေရုပ်တုတော်တစ်၊ ရွှေရဟန္တာရုပ်နှစ်၊ ငွေရဟန္တာရုပ်နှစ်၊ မင်းသားငွေရုပ်တစ်၊မင်းသမီးပူဇော်ဟန် ငွေရုပ်တစ်။

ကောသမ္ဗီပြည် ကုက္ကုဋ္ဌာရုံ, ပါဝါရိကာရုံ, ဃောသိတာရုံ ကျောင်းတို့၌ နဝမဝါဆိုတော်မူဟန်၊ ကုက္ကုဋ္ဌာရုံ ကျောက်စည်ကျောင်း တစ်၊ ပါဝါရိကာရုံကျောက်စီကျောင်းတစ်၊ ဃောသိတာရုံကျောက်စီကျောင်းတစ်၊ ဗောဓိပင်ပါ ကျောက်စီ ရွှေဆင်းတုတော် သုံး၊ ရွှေရဟန္တာရုပ်ခြောက်။

ပလလည်းတော၌ ဒသမ ဝါဆိုတော်မူဟန်၊ ကျောက်စီရုပ်တုတော်တစ်၊ ဆင်မင်းကရားဝိုက်လျှက်ရွှေရုပ်တစ်၊ မျောက် အသားလက်မပါ

သော ပျားအုံကိုင်လျက် ငွေရုပ်တစ်၊ ငွေထီးလေး၊ ငွေတံခွန်သုံး၊ ငွေသပိတ်ဖုံးခြေစုံ တစ်၊ ငွေယပ်တစ်၊ ငွေသားရေနယ်တစ်၊ ငွေပုရိုက်တစ်၊ ငွေရေစစ်တစ်၊ ရွှေသန့်သက် တစ်၊ ငွေသင်တုန်းတစ်။

နာလကမည်သော ပုဏ္ဏားရွာ၌ ကောဒဿမ ဝါဆိုတော်မူဟန် ငွေကျောင်းတစ်၊ ကျောက်စီ ရွှေရုပ်တုတော် တစ်၊ ရွှေရဟန္တာရုပ် နှစ်၊ ပုဏ္ဏားငွေရုပ် တစ်၊ ရွှေကမ္ဗည်းတိုင်, ရွှေကမ္ဗည်းရွက် တစ်။

ဝေရဉ္ဇတိုင်း ဝေရဉ္ဇပြည်၊ နဂြိုရုပ်စိမန္ဒတမာပင်ရင်း၌ ဒွါဒသမဝါဆိုတော်မူဟန်၊ ကျောက်စီရွှေရုပ်တုတော်တစ်၊ငွေရဟန္တာရုပ်တုငါးရာ၊ ငွေတမာပင်တစ်။

စာလိယတောင်၌ တေရသမ ဝါဆိုတော်မူဟန်၊ ငွေတောင်တစ်၊ ကျောက်စီရွှေရုပ်တုတော်တစ်၊ သိကြားငွေရုပ်တစ်၊ ငွေဘီလူးရုပ်တစ်။

ဇေတဝန်ကျောင်း၌ စုဒ္ဓသမ ဝါဆိုတော်မူဟန်၊ ငွေကျောင်းတစ်၊ ကျောက်စီရွှေဆင်းတုတစ်၊ ငွေရဟန္တာနှစ်၊ ကျောက်စီ ငွေသိကြားရုပ်တစ်၊ ကျောက်စီရွှေပရိက္ခရာစုံတစ်၊ ကျောက်စီရွှေထီးလေး၊ ကျောက်စီရွှေတံခွန်တစ်၊ ကျောက်စီကမ္ဗည်းတိုင်, ကမ္ဗည်းရွက် တစ်။

ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်း၌ ပန္နရသမဝါဆိုတော်မူဟန်၊ ရွှေကျောင်းတစ်၊ ကျောက်စီရွှေရုပ်တုတော် တစ်၊ ရွှေရဟန္တာရုပ်သုံး၊ ရွှေပရိက္ခရာစုံတစ်။

အာဠဝီပြည်ကြီးအနီး ကျောင်း၌ သောဠသမဝါဆိုတော်မူဟန်၊ ရွှေကျောင်းတစ်၊ ရွှေဆင်းတုတော်တစ်၊ ရွှေရဟန္တာရုပ်နှစ်၊ ဘီလူးပူဇော်ဟန် ရွှေရုပ်တစ်။

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သတ္တရသမ ဝါဆိုတော်မူဟန်၊ ရွှေကျောင်းဘစ်၊ ရွှေရုပ်တုတော်တစ်၊ ရွှေရဟန္တာရုပ်နှစ်၊ ငွေသိကြားရုပ် နှစ်၊ ငွေပြဟ္မာရုပ်နှစ်။

စာလိယပဗ္ဘတတောင်၌ အဋ္ဌာရသမဝါ, ကွေနဝိသတိမဝါ၊ နှစ်ဝါဆိုတော်မူဟန်၊ ငွေတောင်တစ်၊ ကျောက်စီရွှေရုပ်တုတော်တစ်၊ ငွေရုပ်တုတော်လေး၊ ဘီလူးပူဇော်ဟန်ငွေရုပ်နှစ်၊ငွေပရိက္ခရာစုံတစ်၊ ငွေကမ္ဗည်းတိုင်, ကမ္ဗည်းရွက်တစ်။

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဝိသတိမ ဝါဆိုတော်မူဟန်၊ ရွှေကျောင်းတစ်၊ရွှေရုပ်တုတော် တစ် ငွေရဟန္တာရုပ် နှစ်၊ငွေသိကြားရုပ်နှစ်၊ ငွေပြဟ္မာရုပ်နှစ်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နှစ်ဆဲ့တဝါကသည် လေးဆဲ့လေး ဝါတိုင် နှစ်ဆဲ့လေးဝါ ဆိုတော်မူဟန်၊ ရွှေကျောင်းတစ်၊ ရွှေရုပ်တု တော်တစ်၊ ငွေရဟန္တာရုပ်နှစ်၊ နတ်သားပူဇော်ဟန် ငွေရုပ်နှစ်။

ပဉ္စစတ္တာလီသမဝါကား ဝေသာလီပြည်တွင် ဗေဠုဝရွာ၌ဝါဆိုတော် မူဟန်၊ ရွှေကျောင်းတစ်၊ ရွှေရုပ်တုတော်တစ်၊ ငွေရဟန္တာရုပ်နှစ်၊ဝါကိ ဇဝါမ၌ တရားဟောတော်မူဟန်၊ ငွေကျောင်းတစ်၊ရွှေရုပ်တုတော်တစ်၊ ငွေရဟန္တာရုပ်ခြောက်။

စန္ဒကူးသရက္ခန်ကျောင်းသို့ ကြွတော်မူဟန်၊ ငွေကျောင်းတစ်၊ရွှေပြာ သာဒ်ငွေရုပ်တုတော်တစ်၊ငွေပြာသာဒ်ငွေရဟန္တာနှင့်လေးရာ့ကိုးဆဲ့ကိုး။

နမန္တာနဂါးမင်းတောင်းပန်၍ စက်တော်ရာချတော်မူဟန်၊ရွှေရုပ်တု တော်ရုပ်လျက်တစ်၊ ငွေနဂါးရုပ်ပန်းခိုင်နှင့် ပူဇော်ဟန်တစ်၊ ငွေတောင် တစ်၊ ငွေပြာသာဒ်တစ်၊ ကျောက်စီရွှေစက်တော်ရာတစ်၊ ငွေလင်းလွန်း ပင်တစ်။

သစ္စဗန္ဓမထေရ်တောင်းပန်၍ စက်တော်ရာချတော်မူဟန်၊ ရွှေရုပ်တု တော်ရုပ်လျက် တစ်။

မူဆိုးပန်းခိုင်နှင့် ပူဇော်ဟန် ငွေရုပ်တစ်၊ ငွေတောင်တစ်၊ ငွေပြာ သာဒ်တစ်၊ ကျောက်စီရွှေစက်တော်ရာတစ်၊ ငွေလင်းလွန်းပင်တစ်။

ကုသိနာရုံပြည် အင်ကြင်းတောဥယျာဉ်၌ ပရိနိဗ္ဗာန် ဝင်တော်မူဟန်၊ ရွှေညောင်စောင်းထက် လျောင်းတော်မူဟန်၊ ကျောက်စီ ရွှေရုပ်တု တော် တစ်၊ ရွှေမျက်နှာကြက် တစ်၊ ရွှေရဟန္တာရုပ် သုံး၊ ရွှေထီးနှစ်၊ ငွေထီးငါး၊ ငွေတံခွန်နှစ်၊ ငွေပရိက္ခရောဗုံ၊ ငွေအင်ကြင်းပင်နှစ်၊ ကမ္ဘည်း တိုင်,ကမ္ဘည်းရွက်တစ်။

ဘော်တော်ကို ဒေါနပုဏ္ဏားရှစ်ပြည်ထောင်မင်းအားဝေ၍ ကိုးကွယ် ဟန်၊ ငွေပြာသာဒ်၊ ငွေပုဏ္ဏားရုပ်တစ်၊ မင်းဖလားကိုင်လျက် ရွှေရုပ်ရှစ်။

ရာဇဂြိုဟ်ပြည်၌ ဓာတ်တော်ကိုကိုးကွယ်ဟန် ရွှေစေတီတစ်၊ဝေသာလီ ပြည်၌ ဘော်တော်ကို ကိုးကွယ်ဟန် ရွှေစေတီတစ်၊ အလ္လကပ္ပပြည်၌ ဓာတ်တော်ကို ကိုးကွယ်ဟန် ရွှေစေတီတစ်၊ ရာမဂါမ၌ ဓာတ်တော်ကို ကိုးကွယ်ဟန် ရွှေစေတီတစ်၊ ဝေဋ္ဌဒီပကပြည်၌ ဓာတ်တော်ကိုကိုးကွယ် ဟန် ရွှေစေတီ တစ်၊ ပါဝါပြည်၌ ဓာတ်တော်ကို ကိုးကွယ်ဟန်၊ ရွှေစေတီ တစ်၊ ကုသိနာရုံပြည်၌ ဓာတ်တော်ကို ကိုးကွယ်ဟန် ရွှေစေတီတစ်၊ မိုးသွေးတော်, သွားတော် စသော ဓာတ်တော် မွေးတော်

များကို ဆောင်ယူ၍ အပြည်ပြည်တို့၌ကိုးကွယ်ဟန် ပိပ္ပလိဝနမြို့၌မီးသွေး တော်ကိုကိုးကွယ်ဟန် ငွေစေတီတစ်၊ ဒေါနပုဏ္ဏားခေတ်တော်ချင့်သော ရွှေခွက်ကိုကိုးကွယ်ဟန် ငွေစေတီတစ်၊ တာဝတိံသာနတ်ပြည် စူဠာမဏိ စေတီ၌ အထက်လက်ယာ စွယ်တော်ကို ကိုးကွယ်ဟန် ရွှေစေတီတစ်၊ နဂါးပြည်၌ အောက်လက်ယာစွယ်တော်ကိုကိုးကွယ်ဟန် ငွေစေတီတစ်၊ ဂန္ဓာရတိုင်း၌ အထက်လက်ဝဲ စွယ်တော်ကိုကိုးကွယ်ဟန် ငွေစေတီတစ်၊ ကလိင်္ဂရာဇ်ပြည်၌ အောက်လက်ဝဲ စွယ်တော်ကို ကိုးကွယ်ဟန် ငွေစေတီတစ်၊ ရှင်မဟိန္ဒထေရ်သီဟိုဠ်ကျွန်းထုပါရာမစေတီ၌လက်ယာညှပ်ရိုးတော် ကိုကိုးကွယ်ဟန် ငွေစေတီတစ်၊ ဗြဟ္မဒေ့ပြည်၌ လက်ဝဲညှပ်ရိုးတော်ကိုကိုး ကွယ်ဟန် ငွေစေတီတစ်၊ သင်းကျစ်ခေတ်တော်ကို ရှင်မဟာကဿပပင့် ဆောင်၍ မဟာနန္ဒထေရ်အား ဆောက်နှင်းကိုးကွယ်ဟန် ငွေစေတီတစ်၊ ဆံတော်များကို ကိုးကွယ်ဟန် ငွေစေတီနှစ်။

ရာဇဂြိုဟ်ပြည်ဝေဘာရတောင် စရည်းပင်ရောက်ရာ လိုဏ်ဝမဏ္ဍပ်၌ ပဌမသင်္ဂါယနာတင်ဟန် ငွေတောင်တစ်၊ ငွေစရည်းပင်တစ်၊ ငွေမဏ္ဍပ် တစ်၊ ရှင်မဟာကဿပရဟန္တာငွေရုပ် တစ်၊ ငွေရဟန္တာငါးရာ။

ဝေသာလီပြည် ဝါလုကာရာမကျောင်း၌ ဒုတိယသင်္ဂါယနာတင်ဟန် ငွေကျောင်းတစ်၊ ရှင်မဟာယသ ရဟန္တာငွေရုပ်တစ်၊ ငွေရဟန္တာရုပ် ခုနစ်ရာ။

ပါဋလိပုတ်ပြည် အသောကာရာမကျောင်း၌ တတိယ သင်္ဂါယနာ တင်ဟန် ငွေကျောင်းတစ်၊ ရှင်မဟာမောဂ္ဂလိပုတ္တတိဿငွေရဟန္တာ ရုပ် တစ်၊ ငွေရဟန္တာတထောင်။

ထိုမှတပါး ယိုးဒယားပြည်က ပင့်ဆောင်ရောက်သည့် ဇမ္မူရင်္ဂန္ဓစင် သပြာ ခုနစ်ရာ့ရှစ်ဆယ်တို့ဖြင့် သွန်းလုပ်သော ဒီပင်္ကရာရုပ်တုတော်တစ်၊ ဇမ္မူရင်္ဂန္ဓစင် သပြာလေးရာ့နှစ်ဆဲ့ငါးတို့ဖြင့် သွန်းလုပ်သော ရွှေရုပ် တုတော်တစ်၊ ဇင်းမယ်ပြည်က ပင့်ဆောင်ရောက်သည့် ဇမ္မူရင်္ဂန္ဓစင် သပြာ တထောင့်လေးရာ့ ရှစ်ဆဲ့ငါးတို့ဖြင့် သွန်းလုပ်သော ရွှေရုင်တု တော်တစ်၊ ခမည်းတော်အလောင်းမင်းတရားကြီးဘုရား ကိုးကွယ်တော် မူသည့် ဇမ္မူရင်္ဂန္ဓစင် သပြာငါးရာတို့ဖြင့် သွန်းလုပ်တော်မူသော ရုပ် တုတော်တစ်၊ ဇမ္မူရင်္ဂန္ဓစင် သပြာ နှစ်ထောင့်လေးရာတို့ဖြင့် သွန်းလုပ် တော်မူသော ရုပ်တုတော်တစ်၊ ဇမ္မူရင်္ဂန္ဓစင် သပြာ နှစ်ထောင်တို့ဖြင့် သွန်းလုပ်တော်မူသော ရုပ်တုတော်တစ်၊ ဇမ္မူရင်္ဂန္ဓစင် သပြာနှစ်ထောင့်

တရာတို့ဖြင့် သွန်းလုပ်သော ရုပ်တုတော်တစ်၊ ဇမ္မူရင်္ဂစင် သပြာသုံးထောင့်နှစ်ရာတို့ဖြင့် သွန်းလုပ်သော ရုပ်တုတော်တစ်၊ဇမ္မူရင်္ဂစင် သပြာ သုံးထောင့်သုံးရာတို့ဖြင့် သွန်းလုပ်သော ရုပ်တုတော်တစ်၊ တည့်လုပ်ဆောက်လှူတော်မူသည့် မဟာမုနိဘုရားကျောင်းတော်၊ ရတနာဘုံကျော် ကျောင်းတော်၊ အောင်မြေဘုံကျော် ကျောင်းတော်၊ မင်္ဂလာစံလွတ်ကျောင်းတော်၊ မင်္ဂလာဘုံကျော်ကျောင်းတော်၊စံကျောင်းတော်၊ ဝိဇ္ဇာကတ်တိုက်တော်၊ သုံဓမ္မာစရပ်၊ ပဌာန်းစရပ်၊ ဆင်ကျိုင်းရွှေဂူဘုရား၊ ရွှေကွန်အုပ်ဘုရား၊ ရွှေစံကားဘုရား၊ ရွှေလင်းပင်ဘုရား၊ အောင်မြေလောကစေတီတော်၊ ရွှေဂူဘုရားစသော ကုသိုလ်တော်အပေါင်းတို့ကိုလည်း ရွှေငွေတို့ဖြင့် သွန်းလုပ်၍ ထည့်တော်မူသည်။

ထိုပြင် ရွှေဆင်းတုငါးရာ၊ ငွေဆင်းတုတသောင်းနှစ်ရာ့လေးဆဲ့တစ်၊ မြဆင်းတုငါး၊ ပယင်းဆင်းတုနှစ်ဆဲ့ရှစ်၊ မြင်းသီလာဆင်းတုလေး၊ ပဉ္စလောဟာဆင်းတုသုံး၊ ဖလ်ဆင်းတုတရာ့ခုနစ်ဆဲ့ခုနစ်၊အန္တာကူကျောက်ဆင်းတုနှစ်ရာ့ရှစ်ဆဲ့ခုနစ်၊ နီလာဆင်းတုလေးဆဲ့ခြောက်၊ ကျောက်သလင်းဆင်းတုခြောက်၊ ကျောက်စိမ်းဆင်းတုကိုးဆဲ့လေး၊ကြေးဆင်းတုနှစ်ထောင့်ကိုးဆဲ့ခြောက်၊ သလွဲဖြူဆင်းတုတသောင်းငါးထောင့်ကိုးရာ့ကိုးဆဲ့နှစ်၊ ဒက္ခိဏာသာခါဆင်းတုတဆဲ့ခြောက်၊ ဆင်စွယ်ဆင်းတုတဆယ်၊ ကရမက်ဆင်းတုတဆယ်၊ နွံသာဆင်းတုသုံးဆဲ့ခုနစ်၊ ကွဲကျောက်ဆင်းတုနှင့် ကြေးစေတီ၊ ကျောက်ဖြူဆင်းတုလေးထောင့်ခုနစ်ရာ၊ ကျောက်ညိုဆင်းတုကိုးထောင့်ခြောက်ရာ့နှစ်ဆဲ့ကိုး၊ ကျောက်ဝါဆင်းတုလေးဆယ်၊ ရွှေချဆင်းတုလေးဆဲ့လေး၊ ကြေးသတ္တုဌာန နှစ်ရာ့သုံးဆဲ့တစ်၊ ရွှေစေတီရှစ်၊ ငွေစေတီ နှစ်ရာ့ခြောက်ဆဲ့ရှစ်၊ ဖလ်စေတီတရာ့နှစ်ဆဲ့ကိုး၊ အန္တာကူကျောက်စေတီ သုံးဆဲ့ခုနစ်၊ ကြေးစေတီ ခုနစ်ရာ့သုံးဆဲ့ကိုး၊ သလွဲစေတီ တထောင့်လေးရာ့ရှစ်ဆယ်၊ ကျောက်စေတီတရာ့ခုနစ်ဆဲ့ခြောက်၊ ဆင်စွယ်စေတီ နှစ်ဆဲ့ရှစ်၊ ရွှေချစေတီလေးဆဲ့ငါး၊ ရွှေပြာသာဒ်သုံး၊ ငွေပြာသာဒ် လေးဆဲ့လေး၊ ကြေးပြာသာဒ် ရှစ်ရာ့ခုနစ်ဆဲ့ရှစ်၊ သံပြာသာဒ်တစ်၊ ကျောက်ပြာသာဒ်လေး၊ မှန်စီပြာသာဒ် နှစ်ဆဲ့နှစ်၊ ရွှေတန်ဆောင်တဆဲ့ရှစ်၊ ငွေတန်ဆောင်တဆဲ့ရှစ်၊ ရွှေတံခွန်သုံးဆယ်၊ ငွေတံခွန်သုံးဆယ်၊ ရွှေထီးသုံးဆယ်၊ငွေထီးသုံးဆယ်၊ကျောက်စုံခြယ်ရွှေထီးခြောက်၊ ကျောက်စုံခြယ်ရွှေတံခွန်ငါး၊ ဖလ်ကရား တပင်တိုင် တစ်၊ ဖလ်ပဒေသာအခက်အရွက်စုံတစ်၊ ကျောက်ပန်းပင်အရွက်စုံ

တစ်၊ ရွှေမြို့တာရွှေပန်းစိုက် နှစ်ဆယ်၊ ငွေမြို့တာငွေပန်းစိုက် နှစ်ဆယ်၊ ငွေပရိက္ခရာစုံ ရှစ်ဆယ်မျှားကိုလည်း ဌပနာတော်မူသည်။

ဆင်ဖြူမျှဉ်းသခင် ဘဝရှင် မင်းတရားကြီးဘုရား ရုပ်တုတော်ကိုလည်း မင်းမြှောက် တန်ဆာ ငါးပါးစသော မင်းခမ်း မင်းနား မင်းဆောင် မင်းယောင်နှင့်တကွ ရွှေတန်ဆောင်တိုင်ကို ကိုင်၍ ပူဇော်ဟန် ရွှေကို သွန်း၍ ထည့်တော်မူသည်။

ခမည်းတော် အလောင်းမင်းတရားကြီးဘုရားရုပ်တု၊ မယ်တော်ဘုရား အရုပ်၊ နောင်တော်မင်းတရားကြီးအရုပ်၊ နောင်တော် ဆင်ဖြူရှင် မင်းတရားအရုပ်များကိုလည်း ရွှေတန်ဆောင်တိုင်ကိုင်၍ ပူဇော်ဟန် ရွှေကို သွန်း၍ ထည့်တော်မူသည်။

အရှင်မိဖုရားခေါင်ကြီးအရုပ်၊ သားတော် အိမ်ရှေမင်း ဒေးရုပ်၊ သမီးတော် နတ်ရွာစံ အိမ်ရှေမိဖုရားအရုပ်၊ သမီးတော် အိမ်ရှေမိဖုရားအရုပ်၊ မြေးတော်စစ်ကိုင်းမင်းအရုပ်၊ မြေးတော် သတိုးမင်းလှမင်းကျော်အရုပ်၊ မြေးတော်သတိုးမင်းလှအနုရဓာဇာအရုပ်၊ မြေးတော် ဘိုးလမင်းအရုပ် မြေးတော် မင်းမြတ်စိုး အရုပ်၊ မြေးတော် မင်းမြတ်စု အရုပ်၊ မြေးတော်မင်းအကြီးအရုပ်၊ မြေးတော် မင်းအငယ်အရုပ်၊ မြောက်နန်းရှင်မိဖုရားအရုပ်၊ အလယ်နန်း ရှင်မိဖုရားအရုပ်၊ သည်များကိုလည်းရွှေကိုသွန်း၍ ရွှေတန်ဆောင်တိုင်ကိုင်လျက် ဘုရားကိုပူဇော်ဟန် ထည့်တော်မူသည်။

သားတော် ပြည်မင်းအရုပ်၊ သမီးတော် ပြည်မင်းသမီးအရုပ်၊ မြေးတော်ဆင်ဖြူရှင် မယ် အရုပ်၊ မြေးတော်မင်းမြတ်ဉအရုပ်၊ မြေးတော်မင်းမြတ်စုအရုပ်၊ သားတော် ပုသိန်မင်းအရုပ်၊ သမီးတော် ဟင်းသာတမင်းသမီး အရုပ်၊ သားတော်တောင်ငူမင်းအရုပ်၊ တောင်ရွှေရေးဆောင်တော်အရုပ်နှင့် သားတော်ပုဂံမင်းအရုပ်၊ သမီးတော် ယောမင်းသမီးအရုပ်၊ သားတော် မြဝတီမင်းသားအရုပ်၊ သားတော် ကနောင်မင်းအရုပ်၊ မြောက်ရွှေရေးဆောင်တော်နှင့် သားတော် မကွေရာမင်း အရုပ်၊ သားတော် လိုင်မင်းသားအရုပ်၊ စကုမြို့စားနှင့် သားတော် မိုးမြတ်မင်းအရုပ်၊ သားတော် မောင်နေထွန်းအရုပ်၊ သားတော် မောင်နေဝန်းအရုပ်၊ သမီးတော် မင်းပတ္တမြားအရုပ်၊ သမီးတော် မင်းရွှေပခြုပ်အရုပ်၊ သမီးတော် မင်းရွှေမှုတ်အရုပ်၊ သမီးတော် မင်းရွှေရုပ် အရုပ်၊ သမီးတော် မင်းရွှေလုပ်အရုပ်၊ ကာမမြို့စားနှင့် သားတော် ပုခန်း မင်းသားအရုပ်၊ မိတ္ထိလာမြို့စားနှင့် သမီးတော် ရွှေဂူမင်းသမီးအရုပ်၊ သမီးတော်

မင်းခင်းမင်းသမီး အရုပ်၊ သမီးတော် ရွှေအိမ့်ရှင် အရုပ်၊ ရာဇဒေဝီနှင့် သားတော်အမြင့်မင်းသား အရုပ်၊ ထိုပြင် သားတော်မောင်ဘညိုအရုပ်၊ သားတော် မောင်ထွန်းဦး အရုပ်၊ သားတော်မောင်အိုက် အရုပ်၊ သားတော် မောင်ကြွက်အရုပ်၊ သားတော် မောင်ပြည့် အရုပ်၊ သားတော် မောင်တိလွတ်အရုပ်၊ သားတော် မောင်ထွတ်အရုပ်၊ သားတော် မောင်ကျော်စံလှ အရုပ်၊သားတော်မောင်ပြည့်အရုပ်၊ သားတော်မောင်ရွှေပန်း အရုပ်၊ သားတော် မောင်ကျောက်ခဲအရုပ်၊ သားတော် မောင်ရွှေလွတ် အရုပ်၊ သံညှိများကိုလည်း တန်ဆောင်တိုင်ကိုင်၍ ဘုရားကို ပူဇော်ဟန် ငွေကို သွန်း၍ ထည့်တော်မူသည်။

ထိုသို့စီရင် သွင်းထားသော ဌပနာတိုက် တို့ကို မြိုက်မြိုက်အသွားရ သော လှံ, ဓား, သံစူး, သံချန်တို့ဖြင့် မထိကောင်းအောင် ခြံရံစီရင်ပြီး လျှင် ကျောက်တထပ်, သဲတထပ်တို့ဖြင့် စေ့စပ်သေချာစွာ ပိတ်ဆို၍ ကြေးသလွဲမည်းအချိန်ပိသာသုံးသိန်းကျော်တို့ကို လောင်းစေ၍ လောင်း သွန်းပိတ်ဖုံးတော်မူသည်။

ထိုနှစ် တပေါင်းလဆန်း တဆဲဝါးရက်နေ့ သားတော် ပုသိန်မင်း သားနှင့် သမီးတော် ယောမြိုစား မင်းသမီးကိုလည်း စုံဘက်တော်မူ သည်။ ။မင်းကွန်းပုထိုးတော်ကြီးကို ဌပနာတော်မူ၍ ပွဲသဘင်ကြီးစွာ ခံနေတော်မူကြိုက် မဇ္ဈိမတိုက် သောဠသ တဆဲခြောက်တိုင်း ဖြစ်သော ဝဇိုတိုင်း-ဝေသာလီမင်းက ကျားခံတွင်း,မိကျောင်းခံတွင်း, နဂါးခံတွင်း, ခြင်္သေ့ခံတွင်းစသော များစွာသော အမြောက်လက်နက် မင်္ဂလာရှိသော ရုပ်စုံပါကြေးစည်၊ အရောင်သုံးထွေရှိသောဆင်စွယ်၊ မည်တော်မကွေး လေး မြောင့်ရှိသော ဆင်စွယ်၊ သံတိုင်ကိုဖြတ်သောသံလျက်စသော အထူးထူး သော လက်ဆောင်တော်နှင့်တကွ အသက် တဆဲလေးနှစ်အရွယ်ရှိသော ချစ်လှစွာသောသမီးတော် စုံပါဝတီကို အထိမ်းအချိ အခြံအရံများနှင့် တကွ မှူးကြီး မတ်ကြီးတို့ ရွှေဘဝါးတော်အောက် ကြွပ်မ ဆောင်ယူ ဆက်သ ပါစေသည်ကို ချင်းသိန်းဘောက ချင်းလူရိုင်းတို့ နှောင့်ရှက် ၍ မိုးကောင်းမြို့ အနောက်မြောက်ယွန်း ဆယ်ရက်ခရီးကွာ ဗီဇနောင် အရပ်တွင် ရပ်ဆိုင်းနေရပါသည်၊ ရွှေဘဝါးတော် အောက်က ဆီးကြို ဆောင်ယူပါမည့်အကြောင်းနှင့် ဝေသာလီ အမတ်ကြီးတို့က စောနော ဟောကတ်တို့ကို စေလွှတ်လာရောက် ကြားသိတော်မူလေလျှင်-

ဒေဝအလံစိန်မြင်းတပ်၊ သီရိသိဒ္ဓိဟာစာရီမြင်းတပ်၊ သီရိကျော်ခေါင်မြင်းတပ်၊ ရန်အောင်အင်းယဉ်မြင်းတပ်၊တောင်ဘက်မြင်းရဲဝန် ရဲခေါင်သီရိကျော်သူ တတပ်၊ ရန်ကျော်ဒေဝတတပ်၊ သီရိရန်တိုမိတ်ကျော်တတပ်၊ ရွှေတောင်ဗလ တတပ်၊ သူရိန်ဇေယကျော်ထင် တတပ်၊ သီဟကျော်ခေါင်တတပ်၊ ရဲကျော်ရန်နိုင်တတပ်၊ ရဲခေါင်သေနကျော်တတပ်၊ သီရိရဲခေါင်ကျော်တတပ်၊ တုရင်စတ္ထကျော်တတပ်၊ လက်ဝဲရာဇာ တတပ်၊ ရွှေတောင်စတ္ထတတပ်၊ မင်းကြီးနန္ဒကျော်ထင်တပ်မနှင့်သော် တပ်ပေါင်းတဆဲ့ခုနစ်တပ်, မြင်းနှစ်ရာ, စစ်သည်သူရဲ တသောင်းတွင် အတ္ထုပတ်မြင်းဝန် နေမျိုးကျော်ထင်စည်သူ, မြေတိုင်းအမတ် နေမျိုးသီရိ စည်သူတို့ကို စစ်ကဲ, မင်းကြီး နန္ဒကျော်ထင်ကို အချုပ်ခန့်၍ သက္ကရာဇ် (၁၁၅၀) တထောင့်တရာ့ငါးဆဲ့ရှစ်ခု တပေါင်းလပြည့်ကျော်သုံးရက်နေ့ ဝေသာလိပြည့်ကြီးကဆက်သည့် သမီးကညာ လက်ဆောင်တော်များကို အကြို အယူ ချီသွားစေ၏။

ဆင်ဖြူမျှားသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ကုသိုလ်တော်ဌပနာသွင်းပွဲသဘင်ပြီးလျှင် ရောဝတီမြစ်ညာသီဟတောဘုရားရှင်စသော မြစ်စဉ့် တလျောက် ဘုရားပုထိုးများကို ဖူးမြော် ပူဇော်တော် မူမည်ဟု ပြည်ကြီးမွန် ရတနာရွှေဖောင်တော်နှင့် မင်းမိဖုရား သားတော် သမီးတော်ဆွေတော် မျိုးတော် မှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူး အပေါင်း ခြံရံလျက် ဆန်တော်မူသည်၊ တကောင်းမန်လည်သို့ ရောက်မှ နေပြည်တော်သို့ ပြန်တော်မူသည်။

ဝေသာလီမင်းကဆက်သည့် သမီးကညာ လက်ဆောင်တော်များကို အကြိုအယူ ချီစေသည့် မင်းကြီးနန္ဒကျော်ထင်တို့ တပ်ပေါင်း တဆဲ့ခုနစ်တပ်လည်း မိုးကောင်းမြို့အလွန်တွင် ရှိနေသည့် ချင်းသိန်းတောက ချင်းလူရိုင်းတို့ကို ရှင်းလင်း၍ ဗီဇနောင်အရပ်သို့ရောက်လျှင် ဝေသာလီမင်းကဆက်သည့် မင်းသမီးနှင့် တကွ အထိမ်းအယ အခြွေအရံ မိန်းမယောကျ်ား သုံးရာကျော်, အထူးထူးသော လက်ဆောင်တော် တို့ကို သိမ်းရုံးဆောင်ယူခဲ့၍ ကင်းတော်အရပ်သို့ ရောက်လျှင် ဝေသာလီမင်းကဆက်သည့်မင်းသမီးနှင့် အထိမ်းအယ အခြံအရံ အထူးထူးသော လက်ဆောင်တော်တို့ကို သိမ်းရုံးဆောင်ယူခဲ့ကြောင်း၊ စခန်းလမ်းစဉ်အတိုင်း ဆောင်ယူခဲ့၍ မိုးကောင်းမြို့ကမှ ရေကြောင်း ကျောက်မြောင်းရောက် ဆောင်ယူခဲ့မည့် အကြောင်းကို မင်းကြီး နန္ဒကျော်ထင်က အလျှောက်

အထား ခြေရင်းတော်သို့ရောက်သည်တွင် ဝေသာလီမင်းက ဆက်သည့် မင်းသမီးနှင့် လက်ဆောင်တော်များကို ဥဒည်မင်းက ဆက်သည့် မင်းသမီးသုံးပါးနည်း ဆောင်ယူဆက်သွင်းစေ-အဓိန္ဓတော်ရှိ၍ မင်းသမီးစိုးဖောင်၊ လက်ဆောင်တော်ဖောင်၊ မင်းသမီး အခြွေအရံမှူးမတ် ဘဏ္ဍာအရာတင် ဖောင်ပန်းလှေတက်ဆွဲလှေ၊ အမအစ အထုံးအဖြိတ် ကတော်မယားတို့ကို ဝန်ကြီးဝန်ထောက်တို့ ကြပ်မဆောင်ယူသွားရသည်၊ ရွှေမြို့တော် အနောက် ရန်အောင်ဆိပ်တွင်လည်း မင်းသမီးရပ်တင်းရန် တဲကို ဆောက်လုပ်ရသည်၊ အကြိုအယူ ဝန်ကြီးဝန်ထောက်တို့လည်း ကျောက်မြောင်းမြို့သို့ရောက်လျှင် မင်းသမီးနှင့် လက်ဆောင်တော်များကို သက္ကရာဇ် (၁၁၅၉) တထောင့်တရာ့ငါးဆဲ့ကိုးခု နယုန်လပြည့်ကျော် တဆဲ့သုံးရက်နေ့ ကျောက်မြောင်းမြို့က စခန်းစဉ်အတိုင်း ဆောင်ယူခဲ့၍ ဝါဆိုလဆန်း တဆဲ့နှစ်ရက်နေ့ နံနက်တချက်တီးကျော် နှစ်နာရီတွင် ရွှေမြို့တော် ရန်အောင်ဆိပ်သို့ ရောက်လျှင် ဆောက်လုပ်ထားသည့် တဲမှာ မင်းသမီးနေရသည်၊ ဝါဆိုလဆန်းသုံးရက် တနလ်္ဂာနေ့ နံနက်လေးချက်တီးကျော် သုံးနာရီတွင် မင်းသမီးကို သနားတော်မူသည့် ရတနာကန္ဒားတွင် တင်ပြီးလျှင် ကတော်မယားတို့ သနားတော် ခံရသည့် မုတ်လုကန္ဒားပေါင်း ယဉ်သန်လျင်းတို့နှင့် ကျင်းပခြံရံစေ၍ ရွှေမြို့တော်အနောံမျက်နှာ စည်ရှုဥ် တံခါးတော်ကသည် နန်းမြို့တော် အနောက်တံခါးကသွင်း၍ အဆက်အသ ခံတော်မူသည်။

ဝေသာလီမင်းကဆက်သည့် အထူးထူးသော လက်ဆောင်တော်များကိုလည်း ဝေသာလီအမတ်ကြီးတို့နှင့်တကွ ရွှေနန်းတော် မြောက်လမ်းကိုလှည့်စေပြီးလျှင် နန်းမြို့တော်အရှေ့တံခါးက သွင်းစေ၍ အဆက်အသခံတော်မူသည် ဝေသာလီမင်းသမီးကိုလည်း သိရိမဟာဝိမလာဒေဝီဘွဲ့ကိုပေးတော်မူသည်၊ ဆောင်သီး ထားတော်မူ၍လည်း အပါးတော်တွင် စေပါးတော်မူသည်။ ။တော်သလင်းလဆန်း ခြောက်ရက်နေ့ ဝေသာလီမင်းသမီးကို မိုးကောင်းမြို့ကို ပေးတော်မူသည်။

ယိုးဒယားနှင့်တိုက်ခြင်း စသည်နှင့် မြို့စားပေးခြင်း

ထိုနှစ် ကာဝိလ ဇင်းမယ်သို့ဝင်၍ မြို့ပြတည်ထောင် နေပြန်သည်ကို သိမ်းယူရမည်ဟု နေမျိုးကျော်ခေါင် တတပ်၊ သိဒ္ဓိဟာစာရီ တတပ်၊ ဒေဝအလံစိန် တတပ်၊ ရဲခေါင်ပေါ်ထင် တတပ်၊ ကျော်ထင်ဂါမကို

တတပ်၊ ရန်အောင် ရဲခေါင်ကျော်ထင် တတပ်၊ တုရင်ဝေရ တတပ်၊ သိဒ္ဓိဗလကျော် တတပ်၊ နတ်မိုးဝဏ္ဏကျော်စွာ တတပ်၊ ရဲကျော်အာကာ တတပ်၊ သူရကျော်ခေါင် တတပ်၊ သည်တဆဲ့တတပ် စစ်သည်သူရဲငါး ထောင့်ငါးရာတွင် ဇောတရတ်ကျော်, သူရိန်ကျော်ခေါင်တို့ကို စစ်ကဲ, နေမျိုးကျော်ခေါင်ကို တအုပ်ခန့်၍ ချီရသည်။

တောင်ဘက်မြင်းဝန် နေမျိုး ရဲခေါင်နော်ရထာတတပ်၊ ရွှေတောင်ပျံချီတတပ်၊ တုရင်ရန်နိုင်ကျော်တတပ်၊ ငကြာရိုးတတပ်၊ ငမြတ်ဖြူတတပ်၊ သီရိရာဇကျော်ခေါင်တတပ်၊ ဒေဝဗလကျော်ထင် တတပ်၊ ရန်နိုင်ဗလကျော် တတပ်၊နတ်စက်ရဲခေါင်တတပ်၊ စက်အောင်နိုင်တတပ်၊ရဲခေါင်သူရန် တတပ်၊ သည်တဆဲ့တတပ် စစ်သည်သူရဲ ငါးထောင့် ငါးရာတွင် ဇီးတောစားနှင့် သီရိသင်္ကြိတ်တို့ကို စစ်ကဲ, တောင်ဘက်မြင်းဝန် နေမျိုး ရဲခေါင်နော်ရထာကို အအုပ်ခန့်၍ ချီရသည်။

ဥပါကောင်းတတပ်၊ နန္ဒကျော်စွာ တတပ်၊ ရဲခေါင်ပျံချီ တတပ်၊ ဇေယကျော်ထင်တတပ်၊ သီဟကျော်ထင် တတပ်၊ နန္ဒသိခ် တတပ်၊ တုရင် ရဲခေါင်တတပ်၊ လက်ဝဲဇေယကျော်ခေါင် တတပ်၊ သူရိန်ရဲလှ တတပ်၊ ပျံချီကျော်စွာတတပ်၊ ရဲခေါင်ကျော်ထင်တတပ်၊ သည်တဆဲ့တတပ် စစ်သည်သူရဲ ငါးထောင့် ငါးရာတွင် စက်ယာဥ်မြည်, နတ်ကျော်ဗလတို့ကို စစ်ကဲ, ဥပါကောင်းကို အအုပ်ခန့်၍ချီရသည်။

သံချက်ဝန် နေမျိုးကျော်ထင်သီဟ တတပ်၊ ရဲထွတ်သီရိတတပ်၊ လက်ယာပျံချီတတပ်၊ ရန်အောင်လက်ယာ တတပ်၊ ငညိုမင်း တတပ်၊ ဗလသီဟနော်ရထာတတပ်၊ ရဲကျော်ဒေဝ တတပ်၊ မဏိသူရ တတပ်၊ နတ်စက်ရဲထင်တတပ်၊ ရဲထွတ်ရမ္မကျော်ထင် တတပ်၊သူရိန်ရဲလှကျော်တတပ်၊ သည်တဆဲ့တတပ် စစ်သည်သူရဲ ငါးထောင့်ငါးရာတွင် နရသေန,သရေပုညာတို့ကို စစ်ကဲ, သံချက်ဝန် နေမျိုးကျော်ထင်သီဟကို အအုပ်ခန့်၍ ချီရသည်။

မင်းကြီး သခ်ယာ တတပ်၊ အာကာရဲခေါင်ကျော် တတပ်၊ တုရင်ရဲခေါင်ကျော် တတပ်၊ လက်ဝဲကျော်သူထင် တတပ်၊ ရဲစက်ကျော်ခေါင် တတပ်၊ ဥဒိန်နော်ရထာတတပ်၊ နတ်စက်ကြီး တတပ်၊ နေမျိုးလက်ယာသီဟ တတပ်၊ နတ်စက်ဗန္ဓု တတပ်၊ သူရိန်ရဲခေါင်ကျော်ထင် တတပ်၊ ဂန္ဓသူရဲ တတပ်၊ သည်တဆဲ့တတပ် စစ်သည်သူရဲငါးထောင့်ငါးရာတွင်

ဂန္ဓပစ္စည်း, ရွှေတောင်သီရိကျော်စွာတို့ကို စစ်ကဲ, မင်းကြီး သခ်ယာကို အာဏာပိုခန့်၍ ချီရသည်။

မင်းကြီးနန္ဒကျော်ထင် တတပ်၊ ကျော်ခေါင်နရာ တတပ်၊ ငရွှေအိပ် တတပ်၊ နရာရဲခေါင် တတပ်၊ ဥဒိန်နရာတတပ်၊ ရဲလှပျံချီတတပ်၊ ရွှေတောင်သီရိစည်သူ တတပ်၊ သူရိန်ဇေယကျော်ထင်တတပ်၊ ရဲခေါင်တုရင် တဇပ်၊ လက်ဝဲနန္ဒသူတတပ်၊ နေမျိုးရဲကျော် တတပ်၊ နေမျိုးသီရိကျော်စွာတတပ်၊ ရဲလှရန်အောင် တတပ်၊ နရာကျော်စွာ တတပ်၊ သည်တဆဲ့လေးတပ် စစ်သည်သူရဲ ခုနစ်ထောင်တွင် အကွပတ်မြင်းဝန်နေမျိုးကျော်ထင်စည်သူ, လန္တာ်းရန်သူတို့ကိုစစ်ကဲ, မင်းကြီးနန္ဒကျော်ထင်ကို အာဏာခန့်၍ချီရသည်။

ယင်းကမှ ဗိုလ်ချုပ် နေမျိုးကျော်ထင်သီဟသူမှာ သိန်းနှီစော်ဘွားတတပ်၊ သီပေါစော်ဘွားတတပ်၊ညောင်ရွှေစော်ဘွားတတပ်၊ ကျိုင်းတုံစော်ဘွားတတပ်၊ ကျိုင်းချိုင်စော်ဘွားတတပ်၊ ကျိုင်းတောင်စား တတပ်၊ မိုင်းစိတ်စားတတပ်၊ နန်းခုတ်စားတတပ်၊ မိုင်းကိုင်းစား တတပ်၊ တဆက်စားတတပ်၊ နောင်မွန်စား တတပ်၊ မိုင်းပွန်စား တတပ်၊ ဘော်နှင်းစား တတပ်၊ မိုင်းညောင်စား တတပ်၊ မိုင်းပုစား တတပ်၊ ကျိုင်းသေဉနာခွာ တတပ်၊ နန္ဒကျော်ခေါင် တတပ်၊ ရန်နိုင်သူရ တတပ်၊ သီရိယော်ဓာ တတပ်၊ ရဲခေါင်ဒေဝတတပ်၊ စန္ဒဇေယတတပ်၊ တုရင်သိပ္ပသူ တတပ်၊ တုရင်ဝဏ္ဏကျော်သူတတပ်၊ သူရိန်ရဲထွတ်တတပ်၊ တုရင်စက္ကသူ တတပ်၊ ငမြတ်သာ တတပ်၊ သည် နှစ်ဆဲ့ ခုနစ်တပ် စစ်သည် သူရဲ တသောင်းငါးထောင်, သည်တပ်ပေါင်း ကိုးဆဲ့ခြောက်တပ်တွင်ပါသည့် မြင်းငါးထောင်, စစ်သည်သူရဲ ငါးသောင်းငါးထောင်ကို နေမျိုးသီရိစည်သူ, ရဲခေါင်တမွတ် ကျော်ထင်တို့ကို စစ်ကဲ, နေမျိုး ကျော်ထင် သီဟသူကို ဗိုလ်ချုပ်ခန့်၍ သက္ကရာဇ် (၁၁၅၉) တထောင့်တရာ့ ငါးဆဲ့ကိုးခု တန် ဆောင်မုန်းလဆန်းဆယ်ရက်နေ့ မိုးနဲကြောင်း ဇင်းမယ်သို့ ချီစေသည်။

မိုးနဲသို့ ရောက်လျှင် နေမျိုး ကျော်ခေါင်နှင့် တဆဲ့တတပ်၊ တောင်ဘက်မြင်းဝန် နေမျိုးရဲခေါင်နော်ရထာနှင့်တဆဲ့တတပ်၊ ဥပါကောင်းနှင့် တဆဲ့တတပ်၊ သံချက်ဝန် နေမျိုးကျော်ထင်သီဟနှင့် တဆဲ့တတပ်၊ သည်တပ်ပေါင်းလေးဆဲ့လေးတပ်ကို ဇင်းမယ်မြို့ပတ်လည် မျိုးရိက္ခာကို သိမ်းယူနှင့်ရမည်ဟု ရှေချီနှင့်စေသည်။

မင်းကြီးနန္ဒကျော်ထင်တို့ တဆွဲလေးတပ်ကို မိုင်းသည်ကြောင်း ချီစေသည်။ ။မင်းကြီးသခ်ိယာတို့ တဆွဲလေးတပ်ကိုလည်း မိုင်းပန်ကြောင်း ချီစေသည်။ ။ဗိုလ်ချုပ် နေမျိုးကျော်ထင်သီဟသူမှာ နှစ်ဆွဲ ခုနစ်တပ်နှင့် မိုင်းသွင်ကြောင်း ချီတက်သည်။

မိုင်းသွင်သို့ရောက်လျှင် ရှေဦးချီလေသော နေမျိုးကျော်ခေါင်, ဥပါကောင်း, တောင်ဘက်မြင်းဝန် နေမျိုး ရဲခေါင်နော်ရထာ, သံချက်ဝန် နေမျိုးကျော်ထင်သီဟတို့လေးဆွဲလေးတပ်က ထကန်, ဘန်သန်, ဗန်နောင်ဝင်ပေါ်, လဖုံး, ဘားသင်, မိုင်းယွန်းကြီးမှစ၍ ဇင်းမယ်မြို့ပတ်လည်မြို့ကျေးရွာဆိုသမျှကို မျိုးရိကျွာတို့နှင့်တကွ သိမ်းရုံးမိကြောင်းကို အစီရင်ခံ စေလွှတ်သူတို့နှင့် မိုင်းသွင်မြို့တွင်တွေ့လျှင် ဗိုလ်ချုပ် နေမျိုးကျော်ထင်သီဟသူ အလျင်အမြန် ချီတက်သည်၊ တပ်ပေါင်း ကိုးဆွဲခြောက်တပ် ဇင်းမယ်မြို့သို့အရောက် စုံညီလျှင် အနောက်မျက်နှာ ဗိုလ်ချုပ် နေမျိုးကျော်ထင်သီဟသူနှင့် နှစ်ဆွဲခုနစ်တပ်၊ အနောက်မြောက်ထောင့်က နေမျိုးကျော်ခေါင်နှင့် တဆွဲတတပ်၊ မြောက်မျက်နှာက မင်းကြီး နန္ဒကျော်ထင်နှင့် တဆွဲလေးတပ်၊ အရှေ့မြောက်ထောင့်က သံချက်ဝန် နေမျိုးကျော်ထင်သီဟနှင့် တဆွဲတတပ်၊ အရှေ့မျက်နှာက ဥပါကောင်းနှင့် တဆွဲတတပ်၊ အရှေ့တောင်က မင်းကြီးသခ်ိယာနှင့် ကဆွဲတတပ်၊ တောင်မျက်နှာက တောင်ဘက်မြင်းဝန် နေမျိုးရဲခေါင်နော်ရထာနှင့် တဆွဲတတပ် စွဲရပ်၍ တပ်ပေါင်း ကိုးဆွဲခြောက်တပ် ဇင်းမယ်မြို့ကို ဝန်းရံပြီးလျှင် ဇင်းမယ်မြို့ပတ်လည် မြို့ကျေးရွာဆိုသမျှမှာ ဆန်စပါးရှိသမျှကို အကုန်သယ်၍ ရံတပ်တော်များကို အပြည့်အဝသွင်းကြသည်။

တပို့တွဲလဆန်း ခုနစ်ရက်နေ့ ဇင်းမယ်မြို့ တောင်မျက်နှာ ပြေမြို့ကို တောင်ဘက်မြင်းဝန် နေမျိုးရဲခေါင်နော်ရထာ, ပဲတောင်စား တုရင်ဝဏ္ဏကျော်သူ, တုရင်ဒီပွသူ, ရဲခေါင်သူရကျော်, နန်းခုတ်စားတို့ပါဝါးတပ်တိုက် သည်တွင် ပြေမြို့ကိုရ၍ တပ်စွဲရပ်ဝင်နေသည်။

လဆန်းရှစ်ရက်နေ့ ကာဝိလအရှေ့မျက်နှာတံခါးက ထွက်၍ တိုက်လေလျှင် ပြေမြို့တွင်းသို့ဝင်သမျှ တပ်တော်စုမရပ်မခံနိုင်၊ ပြေမြို့ကို ကာဝိလက ရပြန်သည်၊ နောက်သုံးရက်လောက်ရှိလျှင် တောင်ဘက်မြင်းဝန် နေမျိုးရဲခေါင်နော်ရထာ, တုရင်ဒီပွ, ပဲတောင်စား တုရင် ဝဏ္ဏကျော်သူ, နန်းခုတ်စားတို့ ပြေမြို့ကို တိုက်ပြန်သည်, ရပြန်၍ ပြေမြို့တွင်းမှာ တပ်စွဲရပ်မြဲရပ်နေကြရ၏။

ယင်းသောအခါ ယိုးဒယားတို့က အကူအထောက်လာလျှင် ဆီးဆို့ရပ်ခံရမည်ဟု စစ်သည်သူရဲ တသောင်းကျော်နှင့် နေမျိုးကျော်ခေါင်တို့ တဆွဲတတပ်ကို ဘားသင်မြို့က ဆီးကြိုရပ်ခံစေ့သည်၊ နေမျိုးကျော်ခေါင်လည်း ဘားသင်တွင် စွဲရပ်နေပြီးလျှင် ရဲကျော်အာကာ, သူရကျော်ခေါင်,ဇောတရပ်ကျော်,ပဲတောင်စား တုရင်ဝဏ္ဏကျော်သူ, သူရိန်ရဲထွတ်တို့ငါးတပ်ကို စစ်သည်သူရဲသုံးထောင်နှင့် ယိုးဒယားကျေး မိုင်းသည်ရောက်အောင် ထောက်လှမ်း စုံစမ်း၍ ရသာ ယူသာသည်များကိုလည်း သိမ်းယူရမည်ဟု အစုံအစမ်း စစ်လှုင်စေလွှတ်သည်။

မိုင်းသည်သို့ရောက်လျှင် ယိုးဒယားအိမ်ရှေ့ လူ လေးသောင်းကျော်ငါးသောင်းလောက်နှင့် ချီလာသည်ကို တွေ့၍ တိုက်ကြသည်တွင် အင်အားမတန်သောကြောင့် တပ်တော်များဆုတ်ခွာခဲ့ရသည်နှင့် ယိုးဒယားတို့ တပ်အားကြီးချီလာကြောင်းကို နေမျိုးကျော်ခေါင်က ဗိုလ်ချုပ်နေမျိုးကျော်ထင် သိဟသူမှာ အစိအရင်ခံလျှင် တောင်ဆက်မြင်းဝန်နှင့် တဆွဲတတပ်, စစ်သည်သူရဲတသောင်းကျော်ကို ခန့်ထားချီစေ၍ လဖုံးကရပ်ခံစေသည်၊ ယိုးဒယားအိမ်ရှေ့လည်း ဘားသင်ကို မချီ၊ အရှေ့ကိုလှည့်၍ ချီပြီးလျှင် လဖုံးတွင် တောင်ဘက်မြင်းဝန်တို့ စစ်သည်သူရဲ တသောင်းကျော်နှင့် ခံသည့်တပ်စုကိုတိုက်သောကြောင့် ဘားသင်မှာနေသည့်နေမျိုးကျော်ခေါင်တို့တပ်စု စစ်သည်သူရဲတသောင်းကျော်နှင့် လဖုံးကိုပေါင်း၍ ခုခံတိုက်သည်းဇင်းမယ်ရံတပ်စုကလည်း ဥပါကောင်း,အတ္ထပတ်မြင်းဝန်, သရေဖုညာ, ရာဇနော်ရထာတို့လေးတပ်ကို စစ်သည်သူရဲ သုံးထောင်နှင့် လဖုံးသို့ပေါင်း၍ ဆီးခံတိုက်စေသည်၊ ယိုးဒယားတပ်စုလည်း ထပ်ကာထပ်ကာရောက်လာ၍ အင်ကြီးအားကြီး ဘိစီးတိုက်လေလျှင် လဖုံးမြို့ကခံစေသည့် တပ်တော်များ မရပ်မခံနိုင်၊ ဇင်းမယ်သို့ ဆုတ်ခွာခဲ့ပြီးလျှင် လဖုံးမြို့က ဇင်းမယ်မြို့သို့လာမည့် လမ်း လက်ဝဲ လက်ယာတွင် စက်ရာဥမြည်, ပဲတောင်စား တုရင်ဝဏ္ဏကျော်သူတို့ကို စစ်သည်သူရဲ နှစ်ထောင်နှင့် ပုန်းကွယ်မြှပ်ထား၏။

နောက်ရှစ်ရက်ရှိမှ ယိုးဒယားအိမ်ရှေ့ လဖုံးက လမ်းရိုးကိုမလာ၊ မြို့အရှေ့ကိုင်းတောကို ဆင်နှင့်နင်း၍ လမ်းသစ်ထွင်၍လာပြီးလျှင် မဲခေါင်မြစ်ကိုကူး၍ ဇင်းမယ်မြို့တောင် ခရိုးတတိုင်ကျော်ကွာ ကျောင်းတော်ကြီးတောတွင် ချရပ်ခိုနေသည်ကို လွင်သို့ထွက်အောင် တပ်တော်များက

မြို့စေ့ စေ့သော်လည်း ယိုးဒယားတို့ တောကထွက်၍မလိုက်၊ ကျောင်းတော်ကြီး တောထွင် ခုနစ်ရက် တိုင်အောင် စည်းကြပ်ရုံးစု၍ နေလေလျှင် နေမျိုး ကျော်ခေါင် တပ်စုနှင့် ရဲကျော်အာကာ, မြန်အောင်ဗိုလ်တို့ကို ယိုးဒယားတို့ လာလမ်းက တပ်တန်း မြေကတုတ်နှင့် ခံနေစေသည်၊ တန်းခူးလဆန်း တဆဲ့ငါးရက်နေ့ ယိုးဒယား အိမ်ရှေကိုယ်နှင့် ယိုးဒယားတပ်ဆိုသမျှ ကျောင်းတော်ကြီးတောကတလုံးတည်းထွက်၍ နေမျိုးကျော်ခေါင်, ရဲကျော်အာကာ, မြန်အောင်ဗိုလ်တို့ခံနှင့်သည့် မြေကတုတ်တပ်ကိုနင်းပြီးလျှင် ဇင်းမယ်မြို့တောင်မျက်နှာ တောင်ဘက် မြင်းဝန်တို့ ရံတပ်ကိုနင်းဖောက်၍ ဇင်းမယ်မြို့တွင်းသို့ ဝင်ပြီးလျှင် ယိုးဒယားတို့နှင့် ဇင်းမယ်သားတို့ အကုန်ထွက်၍ ရံတပ်တော်များကို ကိုက်လေလျှင် မရပ်မခံနိုင်တပ်တော်များကိုသိမ်းနှတ်၍မိုင်းပန်သို့တကြောင်း, မိုင်းသွင်သို့တကြောင်း ဆုတ်ကြရသည်၊ ဗိုလ်ချုပ်နေမျိုးကျော်ထင်သီဟသူမှာ မိုင်းသွင်ကသည် ကျိုင်းသေဉ်သို့ ဆုတ်၍ ကျိုင်းသေဉ်မြို့တွင် ဗိုလ်ပါစုရုံးရပ်နေရသည်၊ မင်းကြီးနန္ဒကျော်ထင်မှာ မိုင်းသေဉ်ကြီးတွင်ရပ်နေပြီးလျှင် ဗိုလ်ပါသူရဲသူခက်တို့ကို သိမ်းရုံး၍ မိုင်းပန်သို့ ဆုတ်နေရ၏၊ တပ်ဆုတ်တွင် သံချက်ဝန် နေမျိုးကျော်ထင်သီဟလည်း သူကလွတ်သည့်ကျည်စေ့သင့်၍ ဆုံးချေသည်၊ ဥပါကောင်းလည်း ယိုးဒယားတို့ကျောင်းတော်ကြီးတောက ခိုနေသည့်အတွင်း ယိုးဒယားတို့ နောက်ကတပ်စုကို ဖြတ်၍တိုက်မည်ဟု စစ်သည်သူရဲတထောင်,မြင်းတရာနှင့်နောက်ကိုလှည့်၍ တောလမ်းချိသွားသည်နှင့် တပ်တော်များအဆုတ်တွင် ယိုးဒယားကဖမ်းမိလေ၏၊ ဗိုလ်ချုပ် နေမျိုးကျော်ထင်သီဟသူနှင့် တပ်တော်များကိုလည်း နောက်မှ ခေါ်တော်မူလျှင် ခြေရင်းတော်သို့ ပြန်ခဲ့ကြရ၏။

ထိုနှစ်တွင်တွဲလဆန်းနှစ်ရက်နေ့ ရွှေယင်မျှော်ဘုရား ယိုယွင်းသည်ကို ပြင်လုပ်တော်မူ၍ ထီးချားသီးကသည် မြေတိုင်အောင် ရွှေထည်တော်မူသည်။

တပို့တွဲလပြည့်ကျော် တဆဲ့သုံးရက်နေ့မြေးတော်စစ်ကိုင်းမင်းကိုသတိုးမင်းစောဘွဲ့ကို ပေးတော်မူသည်။

တပေါင်းလပြည့်ကျော် သုံးရက်နေ့ ငွေတောင် စော်ဘွားက သမီးကညာ အဆက်အသရောက်သည်၊ ငွေတောင် စော်ဘွားကိုလည်း ဆင်ပေါက် တစီး ပေးတော်မူသည်။

အခြွေအရံများနှင့်တကွ ဝေသာလီ မှူးကြီးမတ်ကြီး တို့ကို ကြပ်မဆောင်ယူစေ၍ ခြေရင်းတော်သို့ လာရောက်ဆက်သ၏။

သက္ကရာဇ် (၁၁၆၁) တထောင့် တရာ့ ခြောက်ဆဲ့ တခု နတ်တော်လဆန်း တဆဲ့နှစ်ရက်နေ့မှ နေပြည်တော်သို့ ပြန်တော်မူသည်၊ ညောင်ကိုင်းအရပ်သို့ ရောက်တော်မူသည့်တွင် ဘုရားတည်တော်မူ၍ ရွှေထီးအထွတ်တင်လှူတော်မူပြီးလျှင် ထီးချရားသီးကသည် မြေတိုင်အောင် ရွှေဝိန်းထည့်တော်မူသည်၊ အင်ပင်ရွှေဂူဟုလည်း သမိုက်တော်မူသည်။

ပန်းယမြို့တောင် အောင်စည်းခုံဘုရား, မင်းအိုချမ်းသာ ဘုရား, ရန်အောင်မြင်ဘုရား, မင်္ဂလာစေတီဘုရား ယိုယွင်း ပျက်စီး သည်များကိုလည်း ပြင်လုပ်တော်မူ၍ ရွှေထီးအထွတ် တင်လှူတော်မူပြီးလျှင် နေပြည်တော်သို့ ဝင်တော်မူ၏။

သက္ကရာဇ် (၁၁၆၂) တထောင့်တရာ့ခြောက်ဆဲ့နှစ်ခု နယုန်လဆန်း တဆဲ့လေးရက်နေ့ သီဟိုဠ်ကျွန်းကသာမဏေခြောက်ပါးတို့ ရွှေအဆင်း ဓာတ်တော် နှစ်ဆူ, ပုလဲအဆင်းဓာတ်တော် သုံးဆူ, မုဆိုးငုံ အဆင်း ဓာတ်တော် ငါးဆူများကို ပင့်ဆောင်ခဲ့၍ နေပြည်တော်သို့ရောက်သည်၊ ဘဝရှင်မင်းတရားကြီးဘုရားလည်း ဓာတ်တော်, မွေးတော်များကို ရိုသေစွာ ကိုးကွယ် ထားတော် မူသည်။ ။နယုန် လပြည့်ကျော် သုံးရက်နေ့ မိဘွေးတော် ဒလမြို့စား လွန်သည်ကို မိဖုရားတို့ကို သင်္ကြံတော်သည့်နည်း သင်္ကြံတော်မူသည်။

တန်ဆောင်မုန်းလဆန်းကိုးရက်နေ့ သားတော် မင်းရဲသိခ်ကို သပြေငါးရွာကို ပေးတော်မူသည်။ ။တန်ဆောင်မုန်းလဆန်း တဆဲ့ သုံးရက်နေ့ သီဟိုဠ်ရောက် ရှင်သာမဏေခြောက်ပါးနှင့်တကွ အရိယာ သံဃာတော် နှစ်ထောင့်ငါးရာတို့ကို ပရိက္ခရာ ရှစ်ပါးနှင့်တကွ ရဟန်းတို့အသုံးအဆောင်ကို လှူတော်မူသည်။ ။နတ်တော်လဆန်း တဆဲ့လေးရက်နေ့ သီဟိုဠ် သာမဏေခြောက်ပါးကို ရဟန်းပြုတော်မူသည်။

ပြာသိုလပြည့်ကျော်နှစ်ရက်နေ့ သားတော် ဥပရာဇာကို ရွှေမြို့တော်မှာ အစောင့်အနေ ထားတော် မူခဲ့ပြီးလျှင် ဆင်ဖြူမျှဉ်းသခင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရားမှာ အရှင် မိဖုရားခေါင်ကြီး, မိဖုရား, သားတော်, မြေးတော်, ဆွေတော်, မျိုးတော်, မှူးတော်,မတ်တော်အပေါင်းတို့နှင့် မင်းကွန်းပုထိုးတော်ကြီးအရှေဘက် အလယ်ကျွန်းဌ အဆောင်

ဆောင်သော နန်းတော်ဝယ် စံနေတော် မူပြီးလျှင် ပုထိုးတော်ကြီးကို ကိုယ်တော်တိုင် စီရင်တော်မူ၍ တည်လုပ်စေသည်။

ပြာသိုလပြည့်ကျော်ငါးရက်နေ့ဝေသာလီမင်းသမီးရွှတ်ပူရီကို မြောက်ဘက်ပလိုင်းရွာ၊ ဝေသာလီမင်းသမီးပဒုမကိကို အနောက်ဘက်တိုက်ဝက်ကျရွာ၊ ဝေသာလီမင်းသမီး ဥပေါတရာကို ဆင်ခြေတိုက်လပ္ပိရွာများကတိုင်နှင့်တကွ ထီးမိုးယဉ်ခံ ပေးတော်မူသည်။ ။တပို့တွဲ လပြည့်ကျော် တရက်နေ့ပြည်သူပြည်သားတို့ကို စပါးတသိန်းငှဝေပေးလှူတော်မူသည်။

သက္ကရာဇ် (၁၁၆၃) တထောင့် တရာ့ ခြောက်ဆဲ့ သုံးခု ဝါခေါင်လဆန်းသုံးရက်နေ့ ရွှေယင်မျှော်ဘုရားရှင်, မိတ္ထိလာ ရွှေမြင်ထင်ဘုရားရှင်များကို ရွှေထီးအထွတ် တင်လှူတော်မူသည်။

တပို့တွဲလပြည့်ကျော် ငါးရက်နေ့ သားတော်သတိုးမင်းလှကျော်ထင်ကို သန့်လျင်မြို့၊ မြေးတော် သတိုးမင်းလှကျော်ကို မြဝတီမြို့၊ မြေးတော် သတိုးမင်းလှ အနုရဓာကို သရက်မြို့ကို ပေးတော်မူသည်။

စစ်ကိုင်းမင်း ရှင်ဖြူဘုရားစ၍တည်ခြင်း, ဘင်္ဂလားမှ လက်ဆောင်ရောက်ခြင်းစသည်နှင့် သားတော်များကိုမြို့စားအစိုးအနှင်း အဆောင်အရွက် ပေးခြင်း

တန်းခူးလဆန်း တဆဲ့ငါးရက် ကြာသပတေးနေ့ တချက်တီးကျော် ခြောက်နာရီ၊ တပါဒ၊ ငါးဗီဇနာ၊ ပြန်ခရာပြည့်တွင် မြေးတော် စစ်ကိုင်းမင်းက မင်းကွန်း ပုထိုးတော်ကြီး မြောက် ဇရာဝတီမြစ်ကမ်းထိပ်တွင် အာလိန်ငါးဆင့်တကွ ဘိနပ်အချင်း နှစ်ရာ့တဆဲ့ လေးတောင် ရှိသော ရှင်ဖြူဘုရားကို စ၍ တည်လုပ်တော်မူသည်။

သက္ကရာဇ် (၁၁၆၄) တထောင့် တရာ့ ခြောက်ဆဲ့ လေးခု သီတင်းကျွတ် လပြည့်ကျော် သုံးရက်နေ့ ဘင်္ဂလားမြို့က ထည်မျိုးအုပ်မျိုး အထူးထူးသော လက်ဆောင်တော် ဆက်ရောက်သည်ကို မင်းကွန်းတဘက် အလယ်ကျွန်းနန်းတော်မှာ အဆက်အသ ခံတော်မူသည်။ ။သီတင်းကျွတ် လပြည့်ကျော် တဆဲ့ တရက်နေ့ သားတော် သတိုးမင်းရဲနရာကို ရနောင်မြို့နှင့်လဲ၍ ကလေးမြို့,သားတော်မောင်ရွှေမောင်ကို တောင်ဘက်တိုက်အဝင် ရနောင်မြို့ကို ပေးတော်မူသည်။ ။နတ်တော် လပြည့်ကျော် နှစ်ရက်နေ့ ညီတော်ပုခန်းမင်းသားလွန်သည်ကို အရှင်မိဖုရားခေါင်ကြီးနှင့်တကွ ရွှေဝါစီးလျက် ထွက်တော်မူ၍ သင်္ဂြိဟ်တော်မူသည်။

သက္ကရာဇ် (၁၁၆၄)တထောင့်တရာ့ခြောက်ဆဲ့လေးခု တပို့တွဲလပြည့် ကျော် သုံးရက် ဗုဒ္ဓဟူးနေ့ ညလေးချက်တီးကျော် လေးနာရီ သုံးပါဒ် ပုဏ္ဏဖုသျှနက္ခတ်မွန်းတည့်တွင် သားတော် ကနောင်မင်းသား သတိုးမင်း လှကျော်ခေါင်၊ မကွရာမင်းသား သတိုးမင်းလှကျော်စွာ၊ မင်းတုန်းမင်း သား သတိုးမင်းလှနရာ၊ လိုင်မင်းသား သတိုးမင်းရဲကျော်ထင်၊ ရနောင် မင်းသား သတိုးမင်းရဲမင်းလှကျော်၊ မင်းရဲမင်းလှငယ်၊မင်းရဲရွှေတောင်၊ မင်းရဲစည်သူ၊ မင်းရဲနရာကျော်၊ မင်းရဲနရာ၊ မင်းရဲမြတ်စော၊ မင်းရဲသီဟ ကျော်၊ မင်းရဲသိန်သူ၊ မင်းရဲရာဇသူ၊မြေးတော်သတိုးမင်းလှကျော်၊သတိုး မင်းလှ အနုရုဒ္ဓါ၊ သတိုးမင်းလှမင်းခေါင်၊ သတိုးမင်းခေါင်၊ သမီးတော် သိရိမင်္ဂလာနန္ဒာဒေဝီ၊သိရိသုရတနာစန္ဒာဒေဝီ၊သိရိရတနာမင်္ဂလာဒေဝီ၊ သိရိသိလဒေဝီ၊ သိရိသိဝလိဒေဝီ၊ သိရိရတနာ ပဘာဝတီ၊ သိရိရတနာ နန္ဒာဝတီ၊ သိရိရတနာ မင်္ဂလာဝတီ၊ သိရိသုသာမာဝတီ၊ သိရိကေသာ ဝတီ၊ သိရိခေမာဝတီ၊ သိရိသုစန္ဒာဝတီ၊ သိရိသုပဒုမာဝတီ၊ သိရိမွှော ဝတီ၊ သိရိ ဟိရိဝတီ၊ သိရိသန်ဝတီ၊ သိရိစိတ္တာ ဝတီ၊ သိရိမြတ်စွာ ဝတီ၊ သိရိသူဇာဝတီ၊ သိရိမလ္လာဝတီ၊ သိရိဟေမာဝတီ၊ သိရိသာမာ ဝတီ၊ မြေးတော် ဆင်ဖြူရှင့်မယ် သိရိသုမာယာစန္ဒာဒေဝီ၊ သိရိရတနာ စန္ဒာဝတီ၊ သိရိရတနာမင်္ဂလာဝတီ၊ သိရိမင်္ဂလာစန္ဒာဝတီ၊ သိရိရတနာ ကေသာဝတီ၊ သိရိရတနာ သာမာဝတီ၊ သိရိရတနာ ပဘာဝတီ၊ သား တော်တဆဲ့လေးပါး၊ သမီးတော် နှစ်ဆဲ့နှစ်ပါး၊မြေးတော်တဆဲ့ခြောက် ပါး၊ သားတော်သမီးတော် မြေးတော်ပေါင်း ငါးဆဲ့နှစ်ပါးတို့ကို နား ထွင်း, သျှောင်ထုံး, ဒက်တဘက်ဆင်တော်မူသည်။

တပို့တွဲလပြည့်ကျော်သုံးရက် ဗုဒ္ဓဟူးနေ့ည ပဌမယံ ခုနစ်နာရီ မာဃ နက္ခတ်မွန်းတည့် ကောင်းမြတ်သော မင်္ဂလာအခါတော်တွင် မြေးတော် စစ်ကိုင်းမင်းနှင့် မြေးတော် ဆင်ဖြူရှင်မယ် သိရိသုမာယာစန္ဒာဒေဝီကို ရေသွန်းလက်ထပ်တော်မူသည်၊ ရတနာကိုးပါး, ရွှေသားငွေသား, ရွှေ ထည်ငွေထည်, ရွှေရက်ငွေရက်, ထည်မျိုး အုပ်မျိုး များစွာ လက်ဖွဲတော် မူသည်၊ ကွမ်းကိုင်ရေကိုင် လေးဆယ်ငါးဆယ် မှူးသားမတ်သား တရာ့ ခုနစ်၊ အတွင်းသွေးသောက်လတ် တရာ့တဆဲ့တစ်၊ ကျွန်တော်မျိုးစုတရာ့ ငါး၊ အဝွသေနကျော် သွေးသောက် မြင်းတရာ့တဆဲ့ခုနစ်၊ ဗဒုံမင်္ဂလာ သေနတ်ငါးရာ၊ လက်ဝဲရဲရွှေလှံစွဲ သူရဲတရာ့တဆဲ့နှစ်၊ လက်ယာရဲရွှေလှံ စွဲသူရဲ တရာ့နှစ်ဆဲ့နှစ်၊ လက်ဝဲနတ်စုသေနတ်စွဲသူရဲ သုံးရာ့ ကိုးဆဲ့နှစ်၊

လက်ယာနတ်စု သေနတ်စွဲသူရဲ တရှဲတဆွဲနှစ်၊ လက်ဝဲရွေး သေနတ်စွဲသူရဲ နှစ်ရှဲနှစ်ဆွဲလေး၊ လက်ယာရွေးသေနတ်စွဲ သူရဲ နှစ်ရှဲနှစ်ဆွဲလေး၊ လက်ဝဲကြီးသေနတ်စွဲ သူရဲ ငါးရှဲခြောက်ဆွဲလေး၊လက်ယာကြီးသေနတ်စွဲသူရဲ ငါးရှဲရှစ်ဆယ်၊ လက်ကောင်းသေနတ်စွဲသူရဲ လေးရှဲလေးဆွဲရှစ်၊ ဆင်ခြေဖုံးသေနတ်စွဲသူရဲ သုံးရှဲကိုးဆွဲနှစ်၊ ရွှေဝန်းကျင်သေနတ်စွဲသူရဲ နှစ်ရှဲနှစ်ဆွဲလေး၊ နောက်ဝန်းကျင် သေနတ်စွဲသူရဲ နှစ်ရှဲရှစ်ဆယ်၊ ပင်းယသေနတ်စွဲသူရဲ ငါးရှဲလေး၊ မြေနန်းသေနတ်စွဲသူရဲ နှစ်ရှဲသုံးဆွဲလေး၊ ငယ်တိုးသေနတ်စွဲသူရဲ တရှဲလေးဆယ်၊ ရခိုင် သေနတ်စွဲသူရဲ တရှဲတဆွဲနှစ်၊ တနင်္သာရီသေနတ်စွဲသူရဲ တရှဲခြောက်ဆွဲရှစ်၊ ကုလားပျိုသေနတ်စွဲသူရဲ သုံးရှဲသုံးဆွဲခြောက်၊ရွှေပြည်သေနတ်စွဲသူရဲ တထောင့်ခုနစ်ရှဲကိုးဆွဲငါး၊ သူရဲခေါင်းတပ်မှူး ခုနစ်ဆယ်တိုတပ်၊ ဆင်ထိန်းမြင်းထိန်း, ဆင်ကံကျွေး-မြင်းကံကျွေး, စားတော်ရေကြည်, အချုပ်အလုပ် အလှီးအချွတ်, ပန်းထိမ်, ပန်းတဉ်း,လက်သမား, ပန်းပု, ပန်းပွတ်,ရွှေလွှေရွှေလောင်းစသော အစုအငန်းသင်းစုပင်းစုံလည်း များစွာလက်ဖွဲ့တော်မူ၏။

တန်ခူးလဆန်း တဆွဲလေးရက်နေ့ သံအချိန်ဝိဿာ တသောင့်းတထောင့်သုံးရှဲခြောက်ဆွဲရှစ်ဝိဿာတို့ဖြင့် စီရင် သွန်းလုပ်တော်မူသည့် ဘုရားသခင့်ရုပ်တုတော်ကို စန္ဒာမုနိဟု သမိုက်တော်မူပြီးလျှင် မင်းကွန်းအလယ်ကျွန်း စံနန်းတော်၏ အရှေ့မြောက်ယွန်း၌ တန်ဆောင်းရွှေပြာသာဒ်နှင့်ထား၍ ကိုးကွယ်တော်မူသည်၊ စန္ဒာမုနိဘုရားသခင် ပတ်လည်ဝန်းကျင်မှာလည်း ထက်ယာတော်ရံ ရှင်သာရိပုတြာ၊ လက်ဝဲတော်ရံ ရှင်မောဂ္ဂလာန်စသော ဇေတဝန်ရကုန်သော အဂ္ဂသာဝက, မဟာသာဝက အသီတိရှစ်ကျိပ်တို့ကို တပါးလျှင် ရွှေကျောင်းတော် တကျောင်းစီ ဆောက်လုပ်ပြီးလျှင် ရွှေကမ္ဘည်းနှင့်ချည်းထား၍ ကိုးကွယ်တော်မူသည်၊ ဘုရားအမှူးရှိသော အဂ္ဂသာဝက, မဟာသာဝက ရှစ်ကျိပ်တို့ကိုလည်း နံနက်ဆွမ်းတော်, ညပူဇော်တော်ပွဲများနှင့် ကိုယ်တော်တိုင် ကပ်လှူပူဇော်တော်မူသည်။

တန်ခူးလဆန်း တဆွဲလေးရက်နေ့ သံအချိန်ဝိဿာ တသောင့်းတထောင့်သုံးရှဲခြောက်ဆွဲရှစ်ဝိဿာတို့ဖြင့် စီရင် သွန်းလုပ်တော်မူသည့် ဘုရားသခင့်ရုပ်တုတော်ကို စန္ဒာမုနိဟု သမိုက်တော်မူပြီးလျှင် မင်းကွန်းအလယ်ကျွန်း စံနန်းတော်၏ အရှေ့မြောက်ယွန်း၌ တန်ဆောင်းရွှေပြာသာဒ်နှင့်ထား၍ ကိုးကွယ်တော်မူသည်၊ စန္ဒာမုနိဘုရားသခင် ပတ်လည်ဝန်းကျင်မှာလည်း ထက်ယာတော်ရံ ရှင်သာရိပုတြာ၊ လက်ဝဲတော်ရံ ရှင်မောဂ္ဂလာန်စသော ဇေတဝန်ရကုန်သော အဂ္ဂသာဝက, မဟာသာဝက အသီတိရှစ်ကျိပ်တို့ကို တပါးလျှင် ရွှေကျောင်းတော် တကျောင်းစီ ဆောက်လုပ်ပြီးလျှင် ရွှေကမ္ဘည်းနှင့်ချည်းထား၍ ကိုးကွယ်တော်မူသည်၊ ဘုရားအမှူးရှိသော အဂ္ဂသာဝက, မဟာသာဝက ရှစ်ကျိပ်တို့ကိုလည်း နံနက်ဆွမ်းတော်, ညပူဇော်တော်ပွဲများနှင့် ကိုယ်တော်တိုင် ကပ်လှူပူဇော်တော်မူသည်။

သက္ကရာဇ် (၁၁၆၅) တထောင့်တရှဲခြောက်ဆွဲငါးခု တပို့တွဲလဆန်းတဆွဲတရက်နေ့ သားတော်ကနောင်မင်းသား သတိုးမင်းလွှကျော်ခေါင်၊ သားတော် မကွန်ရာမင်းသား သတိုးမင်းလွှကျော်စွာ၊ သားတော်မင်းတုန်းမင်းသား သတိုးမင်းလွှနရာ၊သားတော် လိုင်မင်းသား သတိုးမင်းရဲကျော်

ထင်တိုကို ကွမ်းခွက် လက်ဘက်အိုး တကောင်းပိတ် ရှစ်ထောင့်မှန်တပ် ပတ္တမြားတရစ်စီ၊ ကွမ်းလိပ်သုံးမြှောမှန်တပ် ပတ္တမြားတရစ်စီ၊ ရွှေထွေးအင်၊ ဓားအဆောက်အအိမ် ရွှေသားပိန်း အဆောက်ရင်းဖျား ခွေးမ ပတ္တမြားကျောက်တန်းခြောက်, အတွင်းရောင်လင်း သမ္မာခဲ့, ထိပ်ပတ္တမြားမျက်ခြယ်, လက်ကိုင် ရောင်လင်းရင်းဖျားခွေးမ သံပတ်ခုနစ်တန့် ပတ္တမြားသုံးရစ်စီ၊မည်းသရီအိတ်သွတ်၊ထမ်းစင်ခွက်ရွှေနှစ်စုံ အနီတစုံ၊ခါးအနီကျိုင်းရွှေထွတ်နှစ်၊ မြင်းကကိုင်း ညောင်ရွက်ကိုး ရွှေဗုဇ္ဈန်ခွံမွှမ်း နှင်းနှင်းသိပ်၊ အိမ်မြောင် ရင်ပတ်ကွင်း ဇက်ပါးကာ ရွှေဇဝါဝိန်း၊ ကတောင် ရွှေဝိန်း၊ မြင်းကြိုး ဦးခက်ထိပ်ဆောင်း မြီးပျမ်း ရင်ပတ်ကြိုးကတ္တီပါ ရွှေကြယ်တပ်၊ စီးနှီးကတ္တီပါ၊ ကတ္တီပါတင်ရမ်း၊ ဆက်ရွှန်းသုံးဆင့် ရွှေယက်ပြားကွပ်၊ ဆင်ပေါင်းဝန်းနက် အချက်ရွှေ၊ ကတောင် ရွှေပြည့်ရေး၊ ရဲကရွှေတစုံ အနီနှစ်စုံ၊ ဆင်ခြေဖုံး မိုးနဲရွှေလှံသုံးဆယ်၊ စည်နီခုနစ်၊ စည်ပုတ်တစ်၊ ပုံသာတစ်၊ လင်းခွင်းတစ်၊ ငွေခရာတစ်၊ ငွေနဲကြိုးတစ်၊ ငွေနဲငယ်တစ်။ ။သားတော်မောင်မှတ်ကို မင်းရဲမင်းလှငယ်ဘွဲ့နှင့် ချွန်းတောင်မြို့၊ သားတော်မောင်ခိုင်ကို ပန်းယမြို့၊ သားတော် မောင်စိုင်ကို တောင်ငူမြို့ကို ပေးတော်မူ၏။

သက္ကရာဇ် (၁၁၆၆) တထောင့်တရာ့ခြောက်ဆဲ့ခြောက်ခု တန်းခူးလပြည့်ကျော်တဆဲ့တရက်နေ့ မင်းကွန်းပုထိုးတော်ကြီးအရှေတောင်ယွန်း ရောတီမြစ်ကမ်းထိပ်တွင် ပါဒနက်သန်စက်တော်ရာစေတီတော်ကို တည်လုပ်တော်မူသည်။ ။နယုန်လဆန်းလေးရက်နေ့ သားတော် မင်းရဲရွှေတောင်ကို ကသာမြို့ကိုပေးတော်မူသည်။

ရှင်ဖြူဘုရားရှင်ကို ဌပနာသွင်းခြင်း, ဆင်ဖြူတော်မ-ရောက်ခြင်း, သားတော် မြေးတော်များကို ချီမြှင့်ခြင်း

ဝါဆိုလဆန်း နှစ်ရက် သောကြာနေ့ည ဒုတိယယံ၊ လေးနာရီ၊ သုံးပါဒ်၊ ဆယ်ဗီဇနာ၊ လေးပြန်၊ ခရာပြည့် ကောင်းမြတ်သောမင်္ဂလာအခါဘော်တွင် ရှင်ဖြူဘုရားရှင် ဌပနာတိုက် တဆဲ့ခြောက်တိုက်ဝယ် မြေးဘော်စစ်ကိုင်းမင်းက ဌပနာတော် မူသည်ကား …အဆင်းအားဖြင့် သုံးပါး ပမာဏအားဖြင့် သုံးပါးပြားကုန်သော သီဟိုဠ်ရောက် ဓာတ်တော်ငါးဆူစသော ဓာတ်တော် မွေးတော်အပေါင်းနှင့် ဆံတော်ဓာတ်ကို ပတ္တမြားစေတီတွင် သွင်းသည်၊ ပတ္တမြားစေတီကို ရွှေစေတီ မျိုသည်၊

ရွှေစေတီကို မိုးကြိုးစေတီမျိုသည်၊ မိုးကြိုးစေတီကို ငွေစေတီ မျိုသည်၊ ငွေစေတီကို ကြေးစေတီမျိုရှိ သွင်းထားသည်။

တဏှာက်ရာဘုရားအစ၊ဂေါတမဘုရားအဆုံးနှစ်ကျိပ်ရှစ်ဆူသော ဘုရားပွင့်တော်မူဟန်၊ ဘုရားလောင်း သုမေဓာ ရသေ့ ဒီပင်္ကရာဘုရားရှင့်ထံ နိယတဗျာဒိတ်ခံယူသည်မှစ၍ ဘုရားလောင်း ဇာတိပါလပုဏ္ဏားအား ကဿပဘုရား ဗျာဒိတ်ပေးသည်တိုင် နှစ်ကျိပ်လေးဆူသောဘုရားရှင်တို့ထံ၌ ဘုရားလောင်း ဗျာဒိတ်ခံဟန်, ယုန်မင်းဇာတ်, ဆဋ္ဌိကာရ ဇာတ်, ငုံးမင်းဇာတ်, မျောက်မင်းဇာတ် စသည်များကိုလည်း ရုပ်တုသဏ္ဌာန်အစေ့အစုံရွှေကိုသွန်းလုပ်၍ ဌပနာတော်မူသည်။

တုသိတာ နတ်ပြည်၌ ဘုရားအလောင်း သေတကေတု နတ်သားကို နတ်ဗြဟ္မာ အပေါင်းလာ၍ လူ့ပြည်၌ ဘုရားဖြစ်မည့် အကြောင်းကို တောင်းပန်ဟန်၊ မယ်တော်မာယာဝမ်း၌ ဘုရားလောင်း ပဋိသန္ဓေနေတော်မူဟန်၊ လုမ္ဗိဏီမည်သော အင်ကြင်းဥယျာဉ်၌ ဘုရားအလောင်းကို ဖွားတော်မူဟန်၊ ကဿိယဝတ် ပြည်၌ ဘုရားလောင်းကို ဆရာ ဒေဝိလရသေ့အား ပြသည့်တွင် ရသေ့ဆံကျစ်ထက်၌ ဘုရားလောင်း ခြေတော်တည်၍ ခမည်းတော်မင်းကြီးနှင့် ဒေဝိလရသေ့တို့ရှိခိုးဟန်၊ဖွားတော်မူ၍ ငါးရက်မြောက်၌ ပုဏ္ဏားရှစ်ယောက်တို့ ဘုရားဖြစ်မည့် လက္ခဏာ ဖတ်ဟန်၊ ဖွားတော်မူ၍ တလမြောက် လယ်ထွန်မင်္ဂလာ ထွက်တော်မူသည်ထွင် သပြေပင်ရိပ်၌ ဘုရားလောင်း စံနေသည့် သပြေပင်ရိပ် မရွှေသည်ကို မြင်၍ ခမည်းတော်မင်းကြီး သားတော်ကို ရှိခိုးဟန်၊ ဘုရားလောင်း အသက် တဆဲ့ခြောက်နှစ် ရှိသောအခါ ယသောဓရာ အမျိုးရှိသော မိဖုရား ကိုယ်လုပ်မောင်းမ လေးသောင်း ခြံရံလျက် ရွှေနန်းသုံးဆောင်၌ တဆဲ့သုံးနှစ် စံတော်မူဟန်၊ ဥယျာဉ်ကစားထွက်တော်မူသည်တွင် နတ်တို့ နိမိတ်လေးပါးပြဟန်၊ နတ်တို့ပြသောနိမိတ်ကိုမြင်၍ ရဟန်းပြုအံ့ဟု ကြံပြီးလျှင် တန်ဆာဆင်လိုသော နှလုံးတော်ရှိသည်ကို သိ၍ ဝိသုကြံနတ်သား တန်ဆာ ဆင်လာဟန်၊ သားတော် ရာဟုလာဖွားကြောင်းကိုလျှောက်လာဟန်၊ နန်းတော်သို့ပြန်ရောက်၍ ဆန္နအမတ်ကို ခေါ်ပြီးလျှင် ကဏ္ဌကမြင်းကိုကဲချေစေဟန်၊ ယသောဓရာမိဖုရားနိုးအံ့စိုး၍ တံခါးခုံ၌ ရပ်လျက် သားတော်ကို ရှုဟန်၊ ကဏ္ဌကမြင်းကိုစီး၍ ဆန္နအမတ်နှင့် တောထွက်ဟန်၊ မြို့တံခါးကို နတ်တို့ဖွင့်ပေး၍ မြို့မှထွက်သည်ထွင် စကြာရတနာ ရောက်တော့မည်ဟု မာရ်နတ်တားဆီးဟန်၊ ကဝိလ

ဝတ် ပြည်ကိုကြည့်တော်မူလိုသောဆန္ဒဖြစ်သည်တွင်မြေလှည့်၍ရှေ့တူရွက်နေပြည်တော် မြင်ဟန်၊ တောထွက်တော်မူရာ နတ်တို့ မီးရှူးအိုးအထုံပန်းနှံသာ စည်စောင်းငြင်းတို့ဖြင့် ပူဇော်၍ လိုက်ဟန်၊ အနော်မာမြစ်ကိုကူးပြီးလျှင် ကဏ္ဍကမြင်းနှင့် အဝတ်တန်ဆာကို ဆန္ဒအမတ်အား ပေး၍ ဆံတော်ကို သန်လျက်ဖြင့် ပယ်တော်မူဟန်၊ သိကြားမင်း ရတနာပန်းတောင်းနှင့် ဆံတော်ကိုခံဟန်၊ ဃဋီကာရဗြဟ္မာမင်း သက််န်းစုံနှင့် တကွ ပရိက္ခရာရှစ်ပါး ကပ်လှူ၍ ရဟန်းပြုတော်မူဟန်၊ ရဟန်းပြု၍ ခုနစ်ရက် လွန်ပြီးသော် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံတော်မူ၍ ဗန္ဓဝတောင်ရိပ်၌ ဆွမ်းဘုဉ်းပေးတော်မူဟန်၊ ဗိမ္ဗိသာရမင်းလာ၍ ရွှေထီးရွှေနန်းနှင့် တကွ မင်းအဖြစ်ကို နှင်းအပ်တောင်းပန်သည်တွင် ပယ်တော်မူဟန်၊ အာဠာရ, ဥဒကရဿေတို့ထံသို့ကပ်၍ အရှုပစျာန်စိတ်ကိုဖြစ်စေပြီးမှ ဤအကျင့်ဖြင့် သမ္မဉ္ဇတဉ္ဉက်ကို မရရာသေးဟု ခွာတော်မူ၍ ဥရုဝေလတော၌ ပဉ္စဝဂ္ဂိ ငါးယောက်တို့ အလုပ်အကျွေးကို ခံတော်မူလျက် ဒုက္ကရစရိယာ ကျင့်တော်မူဟန်၊ အာဟာရကို မှိတ်ခြင်းခေါင်းပါးသဖြင့် စကြိုစွန်း၌ လည်းတော်မူဟန်၊ နောက်လျှင် အာဟာရကိုမျှစေ၍ ကျင့်တော်မူသောအခါ ပဉ္စဝဂ္ဂိရဟန်းတို့ စွန့်သွားကြဟန်၊ ဘုရားဖြစ်တော် မူခါနီး၌ သေတနီဂုံးသူကြွယ်သမီး သုဇာတာလူသော - ဃနာဆွမ်းကို ရွှေခွက်နှင့် တကွ ခံတော်မူဟန်၊ နေရွှေရာမြစ်နား၌ ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် မိဠာန်တော်မူ၍ ရွှေခွက်ကိုမျှောတော်မူဟန်၊ ဗောဓိမဏ္ဍိုင်သို့ နတ်တို့ ဖန်ဆင်းသောလမ်းဖြင့် ကြွတော်မူသည်တွင် မြက်ရိတ်ယောကျ်ား လူသော မြက်ရှစ်ဆုပ်ကို ခံတော်မူဟန်၊ ဗောဓိမဏ္ဍိုင်သို့ ရောက်တော်မူ၍ ရတနာပလ္လင်ထက် နေတော်မူလျက် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ သိကြား, နတ်, ဗြဟ္မာအပေါင်းတို့ ပူဇော်ဟန်၊ ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် ဗောဓိမဏ္ဍိုင်ရှေပလ္လင်၌ ခုနစ်ရက်ပတ်လုံး နေတော်မူဟန်၊ နောက်လျှင် အာဟာရကိုမျှစေ၍ ကျင့်တော်မူသောအခါ ပဉ္စဝဂ္ဂိရဟန်းတို့ စွန့်သွားကြဟန်၊ ဘုရားဖြစ်တော် မူခါနီး၌ သေတနီဂုံးသူကြွယ်သမီး သုဇာတာလူသော - ဃနာဆွမ်းကို ရွှေခွက်နှင့် တကွ ခံတော်မူဟန်၊ နေရွှေရာမြစ်နား၌ ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် မိဠာန်တော်မူ၍ ရွှေခွက်ကိုမျှောတော်မူဟန်၊ ဗောဓိမဏ္ဍိုင်သို့ နတ်တို့ ဖန်ဆင်းသောလမ်းဖြင့် ကြွတော်မူသည်တွင် မြက်ရိတ်ယောကျ်ား လူသော မြက်ရှစ်ဆုပ်ကို ခံတော်မူဟန်၊ ဗောဓိမဏ္ဍိုင်သို့ ရောက်တော်မူ၍ ရတနာပလ္လင်ထက် နေတော်မူလျက် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ သိကြား, နတ်, ဗြဟ္မာအပေါင်းတို့ ပူဇော်ဟန်၊ ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် ဗောဓိမဏ္ဍိုင်ရှေပလ္လင်၌ ခုနစ်ရက်ပတ်လုံး နေတော်မူဟန်၊ ပလ္လင်တော်အရှေ့ မြောက်ယွန်း အနိမိသကုန်း၌ ရပ်နေတော်မူ၍ ရတနာပလ္လင်ကို ခုနစ်ရက်ရှတော်မူဟန်၊ ပလ္လင်တော်နှင့် အနိမိသအကြား၌ ခုနစ်ရက်ပတ်လုံး စကြိုကြွတော်မူဟန်၊ ဗောဓိပင်အနောက်မျက်နှာ နတ်တို့ဖန်ဆင်းသော ရတနာရွှေအိမ်၌ အဘိဓမ္မာခုနစ်ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူ၍ ခုနစ်ရက်ပတ်လုံး နေတော်မူဟန်၊ ဗောဓိပင်အရှေ့ အဇပါလညောင်ပင်ရင်း၌ သမာပတ် ဝင်စားတော်မူ၍ ခုနစ်ရက်ပတ်လုံး နေတော်မူဟန်၊ ဗောဓိပင်အရှေ့တောင် မုစလိန္ဒာအိုင်နားကျည်းပင်၌ နေ

တော်မူစဉ် မိုးကြီးစွာစွေသည်ကို မုစလိန္ဒနဂါးမင်း အခွေဖြင့်ရစ်လျက် ပါးပျဉ်းမိုး၍ ခုနစ်ရက်ပတ်လုံး နေတော်မူဟန်၊ ဗောဓိပင် တောင်မျက် နှာရာဇာယတနလင်းလွန်းပင်ရင်း၌ ခုနစ်ရက်ပတ်လုံးနေတော်မူစဉ် စတု မဟာရာဇ်နတ်မင်းလေးယောက်သဝိတ်လှူဟန်၊တပုဿဘာလိုကကုန်သည် ညီနောင် ပျားမုံဆုပ်ကပ်လှူဟန်၊ အဇပါလညောင်ပင်ရင်း၌ ခုနစ်ရက် ပတ်လုံး နေတော်မူစဉ် သဟမ္မတိဗြဟ္မာမင်းတရားဟောတော် မူပါမည့် အကြောင်းကို တောင်းပန်ဟန်၊ ဗာရာဏသီပြည့်အနီး မိဂဒါဝုန်တော၌ ပဌမဝါဆိုတော်မူဟန် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဒုတိယဝါ, တတိယဝါ, စတုတ္ထဝါ ဆိုတော်မူဟန်၊ ဝေသာလီပြည့် မဟာဝုန်တော ကူဋာဂါရစရပ်၌ ပဉ္စမဝါဆိုတော်မူဟန်၊ ဗကုလတောင် ချရားတော၌ ဆဋ္ဌဝါဆိုတော်မူဟန်၊ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း၌ သတ္တမဝါဆိုတော်မူ၍ အဘိဓမ္မာတရားကို ဟောတော်မူဟန်၊သံသုမာရ ဂိရိဘေသကလာဝနမည်သော ဝဲစဉ်းခုံတော၌ အဋ္ဌမဝါဆိုတော်မူဟန်၊ ကောသမ္ဗီပြည် ကုက္ကုဋာရုံကျောင်း, ပါဝါရိကာရုံကျောင်း,ဆေသိတာ ရုံကျောင်းတို့၌ နဝမဝါဆိုတော်မူဟန်၊ ပလလည်းတော၌ ပလလည်း ဆင်မင်း အလုပ်အကျွေးကိုခံတော်မူ၍ ကိုယ်တော်ထိုး ဆိတ်ငြိမ်ခြင်းကို သာယာတော်မူလျက် ဒသမဝါဆိုတော်မူဟန်၊ နာလမည်သော ပုဏ္ဏား ရွာအနီးကျောင်း၌ ကောဒသမ ဝါဆိုတော်မူဟန်၊ ဝေရဉ္ဇပြည် နဠေရု ပုစိမန္ဒမည်သော တမာပင်ရင်း၌ ဒွါဒသမ ဝါဆိုတော်မူဟန်၊ စာလိယ တောင်၌ နတ်ဘိလူးအပေါင်းတို့အား တရားဟောတော်မူလျက် တေရ သမဝါဆိုတော်မူဟန်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ စုဒ္ဒသမ ဝါဆိုတော် မူဟန်၊ ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်း၌ ပန္နရသမ ဝါဆိုတော်မူဟန်၊ အာဠဝိပြည့်အနီး ကျောင်း၌ သောဠသမဝါဆိုတော် မူဟန်၊ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သတ္တရသမဝါ,ဝိသတိမ ဝါဆို တော်မူဟန်၊ စာလိယတောင်၌အဋ္ဌာရသမဝါ, ကွေနဝိသတိမဝါ နှစ်ဝါ ဆိုတော်မူဟန်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နှစ်ဆဲ့တဝါက သည် နှစ်ဆဲ့လေးဝါ မြဲသောနေခြင်းဖြင့် ဝါဆိုတော်မူဟန်၊ ပဋ္ဌစတ္ထာ လိသမဝါ ဝေသာလီပြည် ဗေဠုဝရွာ၌ ဝါဆိုတော်မူဟန်။

မာရ်နတ်သားကို အောင်တော်မူဟန်၊ အာဠဝကသိလူးကို အောင် တော်မူဟန်၊ နာဠာဂိရိဆင်ကို အောင်တော်မူဟန်၊ အင်္ဂုလိမာလ-ခိုးသူ ကို အောင်တော်မူဟန်၊စိဉ္စမာဏဝိကာကို အောင်တော်မူဟန်၊သစ္စကပရိ

ဗိုင်္ဂကို အောင်တော်မူဟန်၊ နန္ဒောပနန္ဒနဂါးမင်းကို အောင်တော်မူဟန်၊ ဗကဗြဟ္မာကို အောင်တော်မူဟန်။

သတ္တဝါအပေါင်းတို့အား လေးဆွဲငါးဝါပတ်လုံး တရားဟောတော်မူပြီး၍ ကုသိနာရုံပြည် အင်ကြင်းတော၌ ပရိနိဗ္ဗာန်ယူတော်မူဟန်၊ ဓာတ်တော်မွေးတော်များကို ရှစ်ပြည်ထောင်မင်းတို့ ကိုးကွယ်လို၍ စစ်ဖြစ်ကြမည်ရှိသည်ကို ဒေါဏပုဏ္ဏား ဝေဟန်၊ စွယ်တော်-သွားတော်-ညှပ်ရိုးတော်စသော ဓာတ်တော် တို့ကို ဗြဟ္မာ့ ပြည်, နတ်ပြည်, နဂါး ပြည်, လူ့ပြည်, အပြည်ပြည်ထောင်တို့၌ စေတီတည်၍ ကိုးကွယ်ဟန်။

ရာဇဂြိုဟ်ပြည်၌ ပဌမသင်္ဂါယနာတင်ဟန်၊ ဝေသာလီပြည်၌ ဒုတိယသင်္ဂါယနာတင်ဟန်၊ ပါဋလိပုတ်ပြည်၌ တတိယ သင်္ဂါယနာတင်ဟန်၊ တုသိတာနတ်ပြည်၌ ဘုရားလောင်း သေတကေတုနတ်သားအား နတ်ဗြဟ္မာအပေါင်းတို့ တောင်းပန်၍ မယ်တော်မာယာဝမ်း၌ ပဋိသန္ဓေနေတော်မူသည်ကသည် ဘုရား၌ ပရိနိဗ္ဗာန် စံယူတော် မူသည့်နောက် တတိယသင်္ဂါယနာတင်သည်တိုင် များစွာသောဌာနတို့ကိုလည်း ကျမ်းဂန်ထောရှိသည့်အတိုင်း အခမ်းအနား အခြင်းအရာရှပ်တုသဏ္ဌာန် အစေ့အစုံ ရှေ့ငွေတို့ကို သွန်းလုပ်၍ ရွှေကမ္ဘည်းနှင့်ချည်းဌပနာတော်မူသည်။

ထို့ပြင် ရွှေဆင်းတု နှစ်ဆဲသုံး၊ ငွေဆင်းတု နှစ်ရာ့နှစ်ဆဲကိုး၊ ပယင်းဆင်းတု သုံး၊ ဖလ်ဆင်းတု တစ်၊ အန္တဂူကျောက်ဆင်းတုတစ်၊ ကျောက်စိမ်းဆင်းတုတစ်၊ နှံ့သာဆင်းတု လေး၊ ဒက္ခိဏာသာခါ ဆင်းတု လေး၊ ဆင်စွယ်ဆင်းတု သုံး၊ ကြေးဆင်းတု လေးဆယ်၊ ပတ္တမြားစေတီ တစ်၊ ရွှေစေတီတစ်၊ ငွေစေတီသုံး၊ ကြေးနီစေတီတစ်၊ ရွှေပြာသာဒ်တစ်၊ ငွေပြာသာဒ် တစ်၊ ပုလဲထီး တစ်၊ ပုလဲတံခွန် နှစ်၊ ရွှေထီးတဆယ်၊ ငွေထီးတဆယ်၊ ရွှေတံခွန်တဆယ်၊ ငွေတံခွန်တဆယ်၊ ရွှေမြို့တာ ရွှေပန်းစိုက်တဆယ်၊ ငွေမြို့တာ ငွေပန်းစိုက် တဆယ်ကိုလည်း ဌပနာတော်မူသည်။

ဘိုးတော်ဆင်ဖြူမျှားသခင် အဿဘဝရှင်မင်းတရားကြီးဘုရား ရုပ်တုတော်၊ ဘွားတော် အရှင်မိဖုရားခေါင်ကြီး ဘုရား ရုပ်တုတော်များကိုလည်း မင်းမြောက်တန်ဆာငါးပါးစသော မင်းခမ်းမင်းနား မင်းဆောင်မင်းယောင်များနှင့်တကွ ရွှေပန်းခိုင်နှင့်ပူဇော်ဟန် ရွှေကိုသွန်း၍ သွင်းထားတော်မူသည်။

ဘေးတော် အလောင်းမင်းတရားကြီး ရုပ်တု၊ ဘေးတော် အရှင်မိဖုရားခေါင်ကြီး ရုပ်တု၊ ဘိုးတော် စစ်ကိုင်းမြို့တည် မင်းတရားကြီး ရုပ်တု၊

ဘိုးတော် အင်းဝမြို့ဟည် ဆင်ဖြူ.ရှင်မင်းတရားကြီး ရှပ်တု၊ ခမည်းတော် အိမ်ရှေမင်းရှပ်တု၊ မယ်တော် အိမ်ရှေဓိဖုရားရှပ်တု၊ ကိုယ်တော်မြတ် ရှပ်တု၊ နှမတော် ဆင်ဖြူ.ရှင်မယ်ရှပ်တုမျှ:ကိုလည်း တန်ဆောင်တိုင် ကိုင်၍ ဘုရားကို ပူဇော်ဟန် ရှေကိုသွန်း၍ ထည့်တော်မူသည်။ ။ထိုသို့ စီရင်သွင်းထားသော ဌပနာတိုက်တော်တို့ကို ကျောက်တထပ်၊ အုတ်တထပ်၊ နရပတေအင်္ဂတေတို့ဖြင့် စေ့စပ်သေချာစွာလုပ်ဆောင် ပိတ်ဆို့ပြီးလျှင် များစွာသော ကြေးသလွဲမည်းရည်တို့ဖြင့် သွန်းလောင်း ပိတ်ဖုံးတော်မူသတည်း။

ထိုနှစ် ဝါခေါင်လဆန်း ခုနစ်ရက်နေ့ မင်းကွန်းတဘက် အလယ်ကျွန်းနန်းတော်ဝယ် စံနေတော်မူကြိုက် ဗိုင်းဝါဂွမ်းကဲ့သို့ ကိုယ်အလုံးဖြူစင်နူးညံ့စွာသော ဥပေါသထစင်စစ်ဖြစ်သော ရတနာ ဆင်ဖြူတော်မကို ဟံသာဝတီကျေး လိုင်မြို့နယ် မင်းလှအရပ်တွင် အရံခြွေရွေဆင်တထောင်ကျော် ခြံရံလျက် တွေ့ကြိမ်ရသောကြောင့် စီးဆင်နှစ်ဆယ်ကျော်,လူနှစ်ထောင်ကျော်များနှင့်ဝန်းရံ၍ ဆင်အပေါင်းတို့ ခွာရဲကြွလေလျှင် ဥပေါသထရတနာဆင်ဖြူတော်မကို ဟံသာဝတီမြို့ဝန်,ရေဝန်တို့ လိုင်မြို့တွင် ရိပ်ကြီးတန်ဆောင်းနှင့်ဆောက်လုပ် မွေးကျွေးထားပြီးလျှင် ထိုအကြောင်းကို ဟံသာဝတီမြို့ဝန်,ရေဝန်ဘိုက မြေတော်ဦးခိုက်စေလွှတ်လျှောက်ထား၍ ဆင်ဖြူများသခင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရား ကြားတော်မူလေလျှင် ဥပေါသထ ရတနာဆင်ဖြူတော်မကို ရှေဖောင်နှင့် ဟံသာဝတီမြို့ဝန်, ရေဝန်တို့ ကြပ်မ၍ ဆောင်ခဲ့စေ-အမိန့်တော်ရှိ၍ ဟံသာဝတီမြို့ဝန်,ရေဝန်တို့သို့ မှာထားရသည်။

ဟံသာဝတီမြို့ဝန်, ရေဝန်တို့လည်း ရတနာဆင်ဖြူတော်ကို ရှေဖောင်တွင်တင်၍ ရှေလှေရှေလောင်း လက်ပြည့် ငင်စေပြီးလျှင် ရှေဖောင်တော် လက်ဝဲလက်ယာရှေနောက် ပွဲသဘင်စုံ ခြံရံတီးမှုတ်လျက် ဟံသာဝတီရေဝန် မဟာနော်ရထာကြပ်မ၍ ဆန့်တက်ခဲ့ရ၏။

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားမှာ ပြည်ကြီးမွန်ဖောင်တော်နှင့် အရှင်မိဖုရားခေါင်ကြီး, မိဖုရား,သားတော်, မြေးတော်, ဆွေတော်မျိုးတော်, မှူးတော်မတ်တော်, ဗိုလ်မှူးတပ်မှူးအပေါင်း ခြံရံလျက် ကြည်းအားရေအား စစ်အင်္ဂါလေးပါးနှင့် ထွက်တော်မူ၍ ဥပေါသထ ရတနာ ဆင်ဖြူတော်ကို စစ်ကိုင်းမြို့ရောက် ကြိုတော်မူ၍ စစ်ကိုင်းမြို့၌ ဖလ်, မှန်, ပတ္ထမြား စိမြိယ်သော တန်ဆောင်း ပြာသာဒ်ဝယ် ရတနာ

ဆင်ဖြူကို ဖြည့်တင်းစေပြီးလျှင် ပြည်သူတိုင်းသူတို့ အဖူးအမြော်ပူဇော်ကန်တော့ လာရောက်သည်ကို ခံတော်မူလျက် ပွဲသဘင် ကြီးစွာခံ၍ စံနေတော်မူသည်၊ စစ်ကိုင်းမြို့ကသည် မင်းကွန်း အလယ်ကျွန်း စံနန်းတော်ရောက် ရောဝတီမြစ်ကမ်း လက်ဝဲ လက်ယာကို ရာဇမတ် ကာ၍ ငှက်ပျောပင်ရှင်, ကြံပင်ရှင်, ရေပြည့်မြို့တာ ပန်းစုံစိုက်, ပစ္စ၊, ယမြား, ကုက္ကား, တံခွန်တိုဖြင့် တန်ဆာ ဆင်ယင်စေပြီးလျှင် ပွဲသဘင် အဆက်မပြတ် ခံစေ၍ ရောဝတီမြစ်တွင်းကသည် ကူရွာ၀်,သမ္မန်, သက္ကဒါန်,လှော်ကား-ရွှေလှေ ရွှေလောင်း ဦးပဲ့ဆက်ကာ မြစ်ပြင်အလုံး ပွဲသဘင်စုံနှင့် ကြည်းရေညိတ်ညိတ်မှမ်းလျက်စီရင်တော်မူပြီးလျှင် စစ်ကိုင်းမြို့က ရတနာဆင်ဖြူတော်ကို ရွှေဖောင်တော်နှင့်ဆောင်ယူခဲ့၍ တော်သလင်းလဆန်း တဆဲ့တရက်နေ့ မင်းကွန်းအလယ်ကျွန်း စံနန်းတော်ဆိပ်သို့ ရောက်လျှင် ရတနာဆင်ဖြူတော် ထားရန် စီရင်ဆောက်လုပ်ထားသည့် စံနန်းတော် ရှေ့တွင် ဖလ် မှန် ပတ္တမြား စိမြိုင်သော ဘုံငါးဆင့် ရှိသော ရွှေတန်ဆောင်းပြာသာဒ် တဆောင်, လက်ဝဲလက်ယာ ဘုံသုံးဆင့် ရှိသော ရွှေပြာသာဒ် နှစ်ဆောင်, နှစ်ထပ်လည်ပေါ် ဆောင် ခြောက်ဆောင်,တန်ဆောင်းပြာသာဒ် အတွင်း ဖလ်,မှန်, ပတ္တမြား စိမြိုင်သော ဇမ္မူရင်ရွှေအတိပြီးသော မြိတိုင်မြိတုံး ကတ္တိပါအုံးမွှေရာအစုံနှင့် ကြီးကျယ် သာယာစွာသော တန်ဆောင်းပြာသာဒ်ကသည် ဖောင်တော်ဆိပ်ရောက် တက်လမ်းတလျှောက်ကို ဝဲယာ ရာဇမတ်ကာ၍ ငှက်ပျောပင်ရှင်, ကြံပင်ရှင်, မြို့တာရေပြည့်ပန်းစုံစိုက်, ပစ္စ၊, ယမြား, ကုက္ကား, တံခွန် တိုဖြင့် တန်ဆာဆင်၍ သဲမွှေကြဲပြီးလျှင် ကော်ဇောခင်းထားသည့်လမ်းအတိုင်း ရတနာဆင်ဖြူတော်ကို လျှောက်သွားစေ၍ တန်ဆောင်း ရွှေပြာသာဒ်ဝယ် နေစေသည်၊ တိုင်းနိုင်ငံအလုံး အလာအရောက် အဖူးအမြော်ကို ခံတော်မူလျက် ပွဲသဘင်ကြီးစွာ ခံတော်မူသည်။

ရွှေစင် ငွေစင်တို့ဖြင့်လုပ်သော ပတ္တမြား,စိန်,မြ စသော ရတနာကိုးပါးဖြင့် စီခြယ်သော အဘိုးအနှဲ့ ထိုက်သော ရတနာ မင်းခမ်းတော်စုံလည်ဆွဲ, လက်ကောက်, ခြေကျင်း, ဦးကင်းဖုံး, နားဆွဲ, မျက်နှာတံ, ရွှေကြိုး, ရွှေကွန်ချာစသော ရတနာ တန်ဆာတော်စုံ၊ ရွှေအင်, ငွေအင်, ရွှေသန္လျှင်း, ငွေသန္လျှင်း စသော များစွာသော အသုံးအဆောင်တို့ကိုလည်း ပေးနှင်းခင်းကျင်းတော်မူ၍ အခမ်းအနား ကြီးကျယ်စွာ စီရင်တော်မူပြီးလျှင် ရတနာ ဆင်ဖြူတော်မကို "သီရိမလွှာမဟာသုဘဏ္ဍာ"

ဟူသော-ပတ္တမြားစီရွှေဘွဲ့ တင်တော်မူသည်။ ။ရတနာဆင်ဖြူတော်ကို တွေ့မြင်ရင်းသူ ငထွား ကိုယည်း ပြည်မြို့ကျေး မင်းကျောင်းရွာကို ပေး တော်မူသည်။

သုံးလရှိလျှင် ရတနာဆင်ဖြူတော်မ သီရိမလွာမဟာသုဘဏ္ဍာကံကုန် လေသည်ကို ရွှေရထား, ရွှေပြာသာဒ်နှင့် တင်ဆောင်၍ ပုထိုးတော် ကြီး အနောက် မြောက်ယွန်းတွင် ထို သဏ္ဌာရာဇ်တွင် သင်္ဂြိဟ်တော် မူ သည်။ ။သီရိမလွာ မဟာသုဘဏ္ဍာအမည်ရှိသော ရတနာဆင်ဖြူတော်မ အရပ် သဏ္ဌာန်ကိုလည်း ပုထိုးတော်ကြီး အနောက် မြောက်ယွန်းတွင် ရွှေဂူနှင့် ထားတော်မူ၏။

သဏ္ဌာရာဇ် (၁၁၆၇) တထောင့်တရာ့ခြောက်ဆဲ့ခုနစ်ခု သီတင်းကျွတ် လပြည့်ကျော်ငါးရက်နေ့ သားတော်မကွရာမင်းသား သတိုးမင်းလှကျော် စွာ၊ ကနောင်မင်းသား သတိုးမင်းလှကျော်ခေါင်၊ မင်းတုန်း မင်းသား သတိုးမင်းလှနရာ၊ လိုင်မင်းသား သတိုးမင်းရဲကျော်ထင်တို့ကို ကွမ်းခွက် လက်ဘက်အိုး တကောင်းပိတ် ရှစ်ထောင့် မှန်တပ်၊ ပတ္တမြား ဟရစ်စီ၊ ကွမ်းလိပ် သုံးမြွာ ပတ္တမြားတရစ်စီ ပေးတော်မူသည်။

တပို့တွဲလဆန်းငါးရက်နေ့ ဝေသာလီမင်းသမီး မဟာ ဝိမလာဒေဝီ တွင် မြင်သည့်သားတော်သတိုးဖျားကို မိုးကောင်းမြို့ကိုပေးတော်မူသည်။

တပေါင်းလပြည့်ကျော်ကိုးရက်နေ့ သီဟိုဠ်ကျွန်းက ရဟန်းနှစ်ပါးတို့ ဆောင်ယူ၍ဗောဓိငါးပင်ရောက်သည်ကို မင်းကွန်းပုထိုးတော်ကြီးအနေဝံ တွင် တပင်, ရတနာသီဃ်မြို့တော် ရွှေချက်သို ဘုရား အရံ အထွင်းမှာ လေးပင်စိုက်ပျိုးတော်မူသည်။ ။သဏ္ဌာရာဇ် (၁၁၆၇) တထောင့်တရာ့ ခြောက်ဆဲ့ခုနစ်ခု တန်းခူးလပြည့်ကျော်ကိုးရက်နေ့ မိုင်းတိန်စော်ဘွားက သမီးကညာနှင့် တကွ အထူးထူးသော လက်ဆောင်တော် တို့ကို လာ ရောက် ဆက်သသည်။

ဝါဆိုလဆန်းရှစ်ရက်နေ့ သားတော် သတိုးမင်းရဲကျော်စွာကို ပန်း ထိမ်းမြို့၊ သားတော် မင်းရဲသီဟကျော်ကို မဟာဒါန်တိုက် ကျောက်ရင်း တောင်သာမြို့၊ သားတော် မင်းရဲနရာကျော်ကို ပတ္တနဂိုရ်မြို့၊ သားတော် မောင်ကြွက်ကို မဗဲမြို့၊ သားတော်မင်းရဲမြံတ်စောကို ဆောမြို့၊ သားတော် မောင်ထွတ်ကို မင်းတပ်မြို့၊ သားတော် မင်းရဲစည်သူကို ခေါသန္တီမြို့၊ သားတော် မင်းရဲသိခံသူကို ကျော်စည်တိုက် ရေနံသာမြို့၊ သားတော် မင်းရဲရာဇသူကိုနတ်မောက်မြို့၊ သားတော် မောင်ရွှေချက်ကို ယင်းခဲမြို့၊

သားတော် မောင်ကြီစည်ကို မဟာဒါန်တိုက် ဘုရားတူ ကျောက်တလုံးရွာ, သားတော် သတိုးမင်းလှငယ်ကို ထရံကာမြို့၊သားတော်မင်းရဲကျော်ကို တောင်ဘက်တိုက်သာဂရမြို့၊ သားတော် မင်းရဲသီဟကို အင်ထောက်သာမြို့၊ သားတော် မင်းရဲသိခ်ကို ကျောက်ပန်းတောင်းမြို့၊ သားတော် မောင်ခိုင်ကို တောင်ခွင်မြို့နှင့် လဲ၍ မိုးတားမြို့ကို ပေးတော်မူသည်၊ မြေးတော်မင်းရဲလှကို တောင်ခွင်မြို့၊ မြေးတော် မင်းမောင်ကိုတွင်းသင်းတိုက်, ကူးတို့ဆိပ်ရွာ၊ မြေးတော် သတိုးမင်းခေါင်ကို စလေမြို့ကို ပေးတော်မူသည်။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းမျှဉ်းသခင်၊ ရွှေတွင်း, ငွေတွင်း, ပတ္တမြားတွင်း, ပယင်းတွင်းစသော ရတနာအပေါင်းတို့၏အရှင်၊ စတုတ္ထရတနာပူရ မြို့တည် နန်းတည်၊ ဆဒ္ဒန်ဆင်မင့်းသခင်၊ ဆင်ဖြူမျှဉ်းသခင် အသျှင်ဆဝရှင် မင်းတရားကြီး ဘုရား လက်ထက်တော် (၁၁၉၁) တထောင့် တရှ့ကိုးဆဲ့ တခု၊ နယုန်လဆန်း တရက်နေ့က စ၍ ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ, မူးမတ်ပညာရှိတို့နှင့်၊အထူးထူးသော ရတနာတို့ဖြင့်ဆန်းကြယ်သော မှန်နန်းတော်ဆောင်တော်ဦး နန်းမစနဋ္ဌ နှိုင်းညှိ၍ အသင့် ယုတ္တိကျမ်းဂန် အာဂုံများနှင့်အညီ သုတ်သင် စီရင်တော်မူသော ဒုတိယမဟာရာဇဝင်တော်ကြီး၊ ပဌမထုပ်၊ စတုတ္ထတွဲ ဤတွင် ရွေ့.ပြီးပြီ။

ဆဒ္ဒန်ဆင်မင်းကြီးရောက်ခြင်း စသည်နှင့် ရှင်ဖြူဘုရားကို ရေစက်သွန်းချတော်မူခြင်း

သက္ကရာဇ် (၁၁၆၀) တထောင့်တရှ့ခြောက်ဆဲ့ရှစ်ခု ဟံသာဝတီမြို့တောင် နိဗ္ဗာန်ရွာရှေ့ ကွင်းသာယာအရပ်တွင် ဆင်ရုံခြွေရွေ့ပေါက်မတထောင်ကျော်ခြံရုံလျက် ဗိုင်းဝါဂမ်းကဲ့သို့ ကိုယ်အလုံး ဖြူစင်နူးညံ့စွာသော ဆဒ္ဒန်အစစ် ဖြစ်သော ရတနာဆင်ဖြူတော်ကို တွေ့ကြုံမ်ရသော ကြောင့် စီးဆင်သုံးဆယ်ကျော် လူသုံးထောင်ကျော်များနှင့် ဝန်းရံသည်တွင် အရံ ဆင်တထောင်ကျော်တို့ ခွာ၍ ဆဒ္ဒန်ဆင်ဖြူတော်ကို အသာအယာ ဝန်းရံရမိသည်ကို ဟံသာဝတီမြို့ဝန်, ရေဝန်တို့ နိဗ္ဗာန်ရွာအရှေ့ ဆဒ္ဒန်ဆင်ဖြူတော် နေသည့်အရပ်တွင် သာယာ ကြီးကျယ်သော ရိပ်ကြီးတန်ဆောင်းနှင့် ဆောက်လုပ် မွေးကျွေးရပ်နေစေပြီးလျှင် ထိုအကြောင်းကို ဟံသာဝတီ မြို့ဝန်,ရေဝန်တို့က ခြေတော်ဦးခိုက် စေလွှတ်လျှောက်ထား၍ ဆင်ဖြူများသခင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား ကြားတော်

မူလေလျှင် ဆဒ္ဒန်ရတနာဆင်ဖြူတော်ကို ရွှေဖောင်နှင့်တင်၍ရွှေလောင်း ဆွဲလှေငင်လှေခန့်ထားစီရင်ပြီးလျှင် ဟံသာဝတီမြို့ဝန်,ရေဝန်တို့ ကြီးကြပ်ဆောင်ယူခဲ့စေ–အမိန့်တော်ရှိ၍ အလျောက်အထား လာလူတို့ကို မှာထားပြန်စေသည်။

ဟံသာဝတီမြို့ဝန်, ရေဝန်တို့လည်း စေသူတို့ရောက်လျှင် ဆဒ္ဒန်ဆင်ဖြူတော်ကို ရွှေဖောင်ဝယ်တင်၍ ရွှေလောင်းလက်ပြည့် ငင်စေပြီးလျှင် ရွှေဖောင်တော်ဝယာရွှေနောက်ပွဲသဘင်စုံခြံရံတီးမှုတ်လျက် ဟံသာဝတီရေဝန်နှော်ရထာကျော်ခေါင် ကြီးကြပ်ဆောင်ယူ၍ ဆန်တက်ခဲ့ရ၏။

ဆင်ဖြူမျှားသခင်ဘဝရှင်မင်းတရားကြီးဘုရားလည်း မင်းကွန်းတဘက် အလယ်ကျွန်းစံနန်းတော်ရွှေတွင် ဖလိ, မှန့, ပတ္တမြား စီခြယ်သည့် ရွှေအတိပြီးသော ဘုံငါးဆင့် ရှိသော တန်ဆောင်းပြာသာဒ် တဆောင်၊ လက်ဝဲလက်ယာ ဘုံသုံးဆင့် ရှိသော ရွှေပြာသာဒ် နှစ်ဆောင်၊ နှစ်ထပ်လည်ပေါ်ဆောင် ခြောက်ဆောင်၊ ကြီးကျယ်သာယာသော ဘုံငါးဆင့် ရှိသော တန်ဆောင်းပြာသာဒ်အတွင်း ဖလိ,မှန့,ပတ္တမြားခြယ်လှယ်သော ဇမ္ဗူရင်ရွှေစင်အတိပြီးသော မြိတိုင် မြိတုံး အုံးမွှေရာ အစုံနှင့် ဆင်မင်းနန်းကို စီရင်ဆောက်ထားစေသည်။

ကြည်းကြောင်းကလည်း ပုဂံမြို့ကသည် မင်းကွန်းတဘက် အလယ်ကျွန်းရောက် ရောဝတီမြစ်ကမ်းထိပ် လက်ဝဲလက်ယာ ပွဲသဘင်,ရာဇမတ်ဌက်ပျော်ပင်ရှင်,ကြီပင်ရှင်, ပစ္စူ,ယမြား, ကုက္ကား, တံခွန်, မြို့တာရေပြည့် ပန်းစုံစိုက်၊ ရေကြောင်းကလည်း ရွှေလှေရွှေလောင်း ပွဲသဘင်တူရိယာအစုံနှင့် တမြို့ကသည်တမြို့, တရွာကသည် တရွာ အဆက်အလက်မပြတ် ကြည်းရေ စီရင်တော်မူသည်၊ စခန်းတိုင်းကိုလည်း ရွှေအထိပြိုးသော တန်ဆောင်းပြာသာဒ်ဆောက်လုပ်ရသည်၊ စစ်ကိုင်းမြို့မြစ်ကမ်းဆိပ်,ရွှေမြိတော် မြစ်ကမ်းဆိပ် မျေားတွင်လည်း ရွှေအတိ ဖလိမှန်တို့ဖြင့် ပြိုးသော တန်ဆောင်းပြာသာဒ် ဆောက်လုပ်စေ၏။

ယင်းသို့မှ ဆင်ဖြူမျှားသခင် အသျှင်ဘဝရှင် မင်းတရားကြီး ဘုရားမှာပြည်ကြီးမွန်ဖောင်တော်နှင့် အရှင်မိဖုရားခေါင်ကြီး, မိဖုရား သားတော်မြေးတော်, ဆွေတော် မျိုးတော်, မှူးတော် မတ်တော်, ဗိုလ်မှူးတပ်မှူး, သူရဲသူခက်အပေါင်း ခြံရံလျက် ကြည်းကြောင်း ရေကြောင်း စစ်အင်္ဂါလေးပါးနှင့် သင်္ကြာဇင် (၁၁၆၈) တထောင့်တရာ့ခြောက်ဆဲ့ရှစ်ခု တန်ဆောင်မုန်းလ ဆဒ္ဒန်ဆင်ဖြူတော်ကို ပုဂံမြို့ရောက် ကြိုတော်မူသည်၊ ပုဂံမြို့

တွင် စံတော်မူကြိုက် ရွှေဂူဘုရား တည်တော်မူသည်၊ ဆဋ္ဌန်ဆင်မင်းကို ကြိုယူတော်မူ၍ ပုဂံမြို့ကသည် စခန်းစဉ်အတိုင်း ပြည်သူပြည်သားတို့အဖူး အမြော်ကိုခံ၍ ကြည်းရေ ညိတ်မွမ်းလျက် ဆဋ္ဌန်ဆင်ဖြူတော်ကို ကြိုယူဆန်တက်တော်မူသည်။

သက္ကရာဇ် (၁၁၆၈) တထောင့်တရာ့ခြောက်ဆဲ့ရှစ်ခု နတ်တော်လပြည့်ကျော်လေးရက်နေ့ စစ်ကိုင်းမြို့သို့ရောက်လျှင် ဖလ်မှန်ပတ္တမြားစီခြယ်သော တန်ဆောင်းပြာသာဒ်ဝယ် ဆဋ္ဌန်ဆင်ဖြူတော်ကို တင်ထားတော်မူသည်၊ ပွဲသဘင်ကြီးစွာလည်း ခံတော်မူသည်၊ထိုတွင် သုံးရက် ပြည်သူပြည်သားတို့ အဖူးအမြော်ကိုခံလျက် စံနေတော်မူ၍ စစ်ကိုင်းမြို့ကဆောင်ယူဆန်တက်တော်မူသည်၊ အမရပူရမြို့တော်သို့ ရောက်တော်မူလျှင်လည်း ဖလ်မှန်ပတ္တမြား စီခြယ်သော ရွှေတန်ဆောင်းပြာသာဒ်တွင် ဆဋ္ဌန်ဆင်ဖြူတော်ကို တင်ထားတော်မူ၍ တိုင်းနေပြည်သူတို့ အဖူးအမြော်ကိုခံတော်မူလျက် ငါးရက်ပွဲသဘင်ခံ၍ စံနေတော်မူသည်၊ ရွှေမြို့တော်ကဆန်တက်တော်မူ၍ မင်းကွန်းအလယ်ကျန်းဆိပ်သို့ ရောက်လျှင် နန်းတော်ဦး ဆင်မင်းနန်းတော်ကသည် မြစ်ကမ်းဆိပ်ရောက် တက်လမ်း တလျှောက်ကို လက်ဝဲလက်ယာ ရာဇမတ်ကာ၍ ငှက်ပျောပင်ရှင်, ကြံပင်ရှင်, ညောင်ရေအိုး ပန်းစုံစိုက်, တံခွန်, ကုက္ကား, မုဇလေးပွား, ယမြား, ပစ္စ။စိုက်ထားစေသည်၊ လမ်းကို သဲမွှေကြဲပြီးလျှင် ကော်ဇောခင်းရသည်၊ ခင်ထားသည့် ကော်ဇောထက် ဆဋ္ဌန်ဆင်ဖြူတော်ကို လျှောက်သွား စေပြီးလျှင် ရွှေဌေဖလ်မှန်တို့ဖြင့်ပြီးသော ဆင်ဖြူမင်းနန်းတွင် ဆဋ္ဌန်ရတနာ ဆင်ဖြူတော်ကို နေစေ၍ ပွဲသဘင်ကြီးစွာ ခံတော်မူပြီးလျှင် ဆဋ္ဌန်ရတနာဆင်ဖြူတော်ကို သိမ်းတော်မူရမည့် အခမ်းအနားများကို ဆရာတော် သံဃာတော်, ပုဏ္ဏားပညာရှိ, လူပညာရှိတို့က ပိဋကတ်ကျမ်းဂန် လောကီစာပေဟောင်း စာတမ်းထွက်ရှိသည်များနှင့် လျှောက်ထားကြစေ-အမိန့်တော်ရှိ၍ သာသနာပြု ဆရာတော်စသော သံဃာတော်, ပုဏ္ဏားပညာရှိတို့ လျှောက်ထားကြသည်ကား....

ယခု ဘုန်းတော်သမ္ဘာတော်ကြောင့်ရအပ်သော ဆင်ဖြူရတနာသည် ဘုရားအလောင်းတော် ဝေဿန္တရာမင်းကြီး ဖွားတော်မူသည့်နေ့-ဆဋ္ဌန်အမျိုးဖြစ်သောဆင်ဖြူရတနာကို ဆင်တင်းကုပ်၌ အမိဆင်မ ထားလာသကဲ့သို့ဂုဏ်း၊ ဒုဋ္ဌဂါမဏိမင်းကြီးလက်ထက် ဆဋ္ဌန်အမျိုးဖြစ်သော ဆင်ဖြူရတနာကို မြို့ရွာအနီး ကဏ္ဍုလမြစ်နား၌ အမိဆင်မထားလာသကဲ့သို့

ၵင်း၊ ယခုလည်း ဘုန်းတော်သမ္မာတော်ကြောင့် ကိုယ်အလုံးဖြူစင်နူးညံ့စွာသော ဆဒ္ဒန်အစစ်ဖြစ်သော ဆင်ဖြူရတနာကို နီဗ္ဗာန်ရွာအနီး၌ နတ်တို့ ဘန်ဆောင်၍ အမိဆင်မထားလာရသည့်အရာဖြစ်ပါသည်။

ဆဒ္ဒန်ရတနာဆင်ဖြူတော်ကို သိမ်းတော်မူရမည်မှာ-မဟာသုဒဿနစကြာမန္ဒာတ်မင်း, ဗာရာဏသီပြဟ္မဒတ်မင်း, ဝေဿန္တရာမင်း, ဒုဋ္ဌဂါမဏိမင်းတို့ ဆင်ဖြူရတနာကို သိမ်းတော်မူသည် ကျမ်းဂန် ဇာတ်နိပါတ်ထွက်ရှိသည့်အတိုင်း ရတနာဆင်ဖြူတော်ထားရန်ရွှေငွေဖလ်မှန်တို့ဖြင့်ပြီးသော ဆန်းကြယ်စွာသော တန်ဆောင်း ပြာသာဒ်ကို စီရင်ခြင်း၊ အထူးထူး အထွေထွေသော ဆင်တော် အဆောင်အယောင် အခင်းအကျင်းတို့ကို စီရင်ခြင်း၊ ဆင်တော်ကို ဆင်ယင်ရန် အဘိုးများစွာ ထိုက်သော တန်ဆာတို့ကို စီရင်ခြင်း၊ ဆင်တော်အစောင့်အရှောက် အခြံအရံတို့ကို စီရင်ခြင်း၊ ပြည်ကိုတန်ဆာဆင်၍ ဆင်တော် ဆောင်ယူအံ့သော ခရီးလမ်းတလျှောက်ကို စီရင်ခြင်း၊ ဆင်တော်ရှေ့သို့ ဆောင်ယူမည့် အခမ်းအနားကို စီရင်ခြင်း၊ ဆင်တော်ကို ဘိသိက် သွန်းတော်မူမည်ကို စီရင်ခြင်း၊ ဆင်တော်ကို ဘွဲ့နာမံတပ်တော်မူမည်ကို စီရင်ခြင်း၊ ဆင်တော်ကို ချီးမြှင့်ပြုစုတော်မူမည်ကို စီရင်ခြင်း၊ ဆင်တော်ကို ခြေတော် တင်တော်မူမည်ကို စီရင်ခြင်း၊ ဤသို့ ဆယ်ပါးသော အစီအရင်တို့ကို အခမ်းအနားကြီးကျယ်စွာ စီရင်၍ သိမ်းတော်မူသင့်ကြောင်းနှင့် တညီတညွတ်တည်းလျှောက်ထား ကြသည်တွင်....ဆဒ္ဒန်ဆင်ဖြူတော် ခေါင်းဆေး သင်္ကြန်ခေါ်မည်ကို စီရင်ရသည်ကား-

ဆဒ္ဒန်ဆင်ဖြူတော်ကို သင်္ကြန်ခေါ်ရန် စံနန်းတော်အနောက်မြောက်ယွန်း သောင်ပြင်တွင် သင်္ကြန်ခေါ်တန်ဆောင်း၊ ပရိတ်နာ တန်ဆောင်း၊ ဆဒ္ဒန်ဆင်ဖြူတော်ကို တန်ဆာဆင်ယင်ရန် တန်ဆောင်း၊ ဟုံးနတ်ပူဇော်ရန်တန်ဆောင်း၊ ဂြိဟ်နတ်ပူဇော်ရန် တန်ဆောင်း၊သမ္မာဒေဝနတ်ပူဇော်ရန် တန်ဆောင်း၊ သင်္ကြန်ရေတော် ထားရန် တန်ဆောင်း၊ ဘုံသုံးဆင့်တန်ဆောင်းပြာသာဒ်ခုနစ်ဆောင် စမြင်ပါ ဆောက်လုပ်၍ အတွင်းပြင်ပိတ်ရမတီကြက်လွှမ်းပြီးလျှင် သတောင်းလည်ကြိုယပ် သုံးဆင့်စီ ခွဲရသည်၊ သစ်သီးမျိုးစုံ ပန်းမျိုးစုံထားရန်၊ မင်းညီ မင်းသားတို့ နေရန်၊ မှူးတော် မတ်တော်တို့နေရန်၊ လက်ဝဲ လက်ယာ ပွဲသဘင် အတီးအကတို့နေရန်၊ စကြောတဲကန္ဒားဖျင်းပါ ငါးဆောင်၊ အရံဆင်တော်စု နေရန် ကန္ဒားဖျင်းကြီး လေးဆောင် ဆောက်လုပ်ပြီးလျှင် ဝင်း လေးမျက်နှာ

ကာရံ၍ တန်ဆောင်းပြာသာဒ်များမှာ ငှက်ပျောပင်ရှင်, ကြံပင်ရှင်,တံခွန်,ကုက္ကား,မုလေးပွား, ယမြား, ပစ္စ။, ရေပြည့်မြို့တာပန်းစုံစိုက်,သစ်သီးဆိုင်း-ပန်းဆိုင်း, အမွှေးအထုံ တို့ဖြင့် တန်ဆာဆင်ယင် ကျင်းပရသည်၊ ဂင်္ဂါရေ, အနဝတတ်ရေ, အုတ်သစ်ခွရေ, ကျွဲဝန်းလက်ပံ့ရေတော် များကိုလည်း ရဇ္ဇာဘိသေက သင်္ကြန်တော်တွင် ဆောင်ယူသည့်နည်း စီရင်ခန့်ထားကျင်းပဆောင်ယူစေ၍ ရေထားတန်ဆောင်းတွင်သွင်းထားရသည်။

သင်္ကြန်တော်တန်ဆောင်း နင်းကြမ်းခင်းရန် မြစ်လယ်မြေ၊ ဂင်္ဂါမြေ၊ ဝက်စွယ်၌ပါသောမြေ၊နပုန်းအိမ်အောက်မြေ၊လမ်းလေးခွမြေ၊ တောင်ပို့မြေ၊ ဆင်စွယ်၌ ပါသောမြေ၊ မင်းအိမ်တံခါးမြေ၊ နွားလားဥသဘဉ်းချို၌ပါသောမြေ၊ အဓိကလယ်ကြီးမြေ၊ တောင်ထိပ် မြေ၊ ထွန်သွားတွင်ကပ်သောမြေ၊ နတ်စင်အောက်မြေ၊ ဘုရားအဓိကမြေများကိုအသီးအသီးဆိုင်ရာ ဆင့်ဆိုခန့်ထားဆောင်ယူစေ၍ ဆဒ္ဒန်ဆင်ဖြူတော် သင်္ကြန် တန်ဆောင်း နင်းကြမ်းအောက်ခံလုပ်ရသည်။

သင်္ကြန်ခေါ်ရန် တရော်ခုနစ်မည်, ကင်ပွန်းပဆွ, သရဝါးပါးများနှင့် သင်္ကြန်ရေဖျော်ရန် ကြိတ်ပေါင်း, မင်းမပေါင်း, ပျံပေါင်း, ဂမုန်းပေါင်း, ပန်းပေါင်း, နှံ့သာဖြူ, နှံ့သာနီ, အကျော်, စမ္ပာ, ကရမက်, ပန်းနု, ပန်းမ, ပန်းရင်း,ကြာမျိုးဂါးပါးဝတ်ဆံများကို သင်္ကြန်ရေထား တန်ဆောင်းမှာထားရသည်။

ဟုံးနတ်, ဂြိုဟ်နတ်, သမ္မာဒေဝနတ်,ဥဒိန်မင်းစောနတ်,ဂဇနာထနတ်များကို ပူဇော်ပသခင်းကျင်းရန် ပွဲနတ်ရကာ အစုံများကိုလည်း နတ်ပူဇော်တန်ဆောင်းများတွင် အသင့် ထားရသည်၊ သင်္ကြန်တော် အခါမရောက်မီတရက်က အသီတိရဟန္တာရုပ်တုရှစ်ပါး အရိယာဆံဃာတော်ရှစ်ပါးတို့ကို ပင့်၍ ပရိတ်နာတန်ဆောင်းမှာ ပရိတ်တော်, ဂုဏ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်ရသည်၊ ဆဒ္ဒန်ဆင်ဖြူတော်ကို ဆင်ယင်ရန် တန်ဆာအဆောင်အရွက် များကိုလည်း ပရိတ်တော်ခံရသည်၊ သင်္ကြန်လမ်းတလျှောက်ကိုလည်း လက်ဝဲ လက်ယာ ရာဇမတ် ကာ၍ တံခွန်, ကုက္ကား,မုလေးပွား,ယမြား,ပစ္စ။,ရေပြည့်မြို့တာ ပန်းစုံစိုက်,ငှက်ပျောပင်ရှင်, ကြံပင်ရှင်တို့ဖြင့်တန်ဆာဆင်ယင်၍ သဲမွှေရာကြဲပြီးလျှင် ကော်ဇောခင်းရသည်၊ သင်္ကြန်ခေါ်နေ့ မရောက်မီတရက်က သင်္ကြန် တန်ဆောင်းပတ်လည် ဝင်းကိုးတပ်ခင်းကျင်းနေရသည်၊ သမ္မာဒေဝနတ်, ဂြိုဟ်နတ်,

ဟုံးနတ်,ဥဒိန်စောနတ်,ဂဇနာထနတ်မှစ၍ ပူဇော်ပသရန်ရှိသမျှကိုပုဏ္ဏား တို့ ပူဇော်ရသည်။

အခမ်းအနား စီရင်ပြီးပြေ၍ သင်္ကြန်အခါနီးလျှင် ဆင်းမင်းနန်းက သင်္ကြန် တန်ဆောင်းသို့ ဆောင်ယူ သည်မှာ-ရွှေခြောက်တပ် နောက် ခြောက်တပ်ခင်းကျင်းလိုက်ရသည်၊ ထို့ပြင် ရွှေဖျာစမြောင်သိုင်းနှင့် နှစ်၊ ယင်းနောက် သူဌေးသူကြွယ်၊ ယင်းနောက်ရှစ်ပါးပုဏ္ဏားစု၊ ယင်းနောက် ရွှေဗုဒ္ဓနိမိတ် အလံကြီးလေး၊ ယင်းနောက် ချပ်တန်ဆာနှင့် သေနတ်စွဲ သူရဲနှစ်ရာ၊ယင်းနောက်ချပ်တန်ဆာနှင့် ရွှေလှံစွဲသူရဲနှစ်ရာ၊ ယင်းနောက် ချပ်တန်ဆာနှင့် ရွှေဓား,ရွှေလွှား,ရွှေကာစွဲသူရဲနှစ်ရာ၊ ယင်းနောက်စည် တော်စုံ၊ယင်းနောက် ဆဒ္ဒန်ဆင်ဖြူတော်ကိုသနားတော်မူသည့်ထီးဖြူတော် လေးစင်းနှင့် မင်းခမ်းတော်အစုံများကို လေးဆယ်တော် ငါးဆယ်တော် တို့ ဗောင်း, နားခွောင်း, ဝတ်လုံ, စလွယ်ဆင်ယင်၍ စွဲကိုင်လိုက်ရသည်၊ ယင်းနောက် ဘိသိက်တော်ဆက် ရှစ်ပါး ပုဏ္ဏားကြီးရှစ်၊ ယင်းနောက် ရွှေအရံ ဆင်တော်စုံ၊ ယင်းနောက် နွေကျော်သား မှူးကြီး မတ်ကြီးတို့ ဆဒ္ဒန်ဆင်ဖြူတော်ကို လက်ဝဲလက်ယာမစ၍ လိုက်ရသည်၊ ယင်းနောက် လက်ယာအရံဆင်တော်, လက်ဝဲအရံဆင်တော်စု၊ ယင်းနောက် သား တော် အိမ်ရှေမင်း, မြေးတော် စစ်ကိုင်းမင်း၊ ယင်းနောက် မင်းသား မင်းမြေး ဆွေတော်မျိုးတော်စု၊ ယင်းနောက် မှူးတော် မတ်တော်၊ ယင်း နောက် စုရေးစုကိုင်, ဒိုင်းမှူးသင်းမှူး သွေးသောက်စု မြင်းတော်သည်တို့ သနားတော်ခံရသည့် ဗောင်းနားခွောင်းဝတ်လုံစလွယ် ဘွဲ့ဖြူဆင်ယင်၍ လိုက်ကြရသည်၊ သင်္ကြန်တန်ဆောင်းသို့ရောက်လျှင် မြောက်သို့ဦးခေါင်း မူလျက် ပွဲသဘင်စုံခံ၍ အခါတော်ကို ငုံလင့်နေရသည်။

အခါတော်စောင့် ပုဏ္ဏားပညာရှိတို့က အခါတော်ရောက်ပြီ ကြား လျှင် သားတော်ပြည့်မင်း သီရိဓမ္မရာဇာ, သားတော်တောင်ငူမင်းသတိုး ဓမ္မရာဇာ, သားတော်ပုဂံမင်းသား သတိုးမင်းဖျား, သားတော်ပုခန်းမင်း သား သတိုးမင်းရဲကျော်ခေါင်တို့ သက္ကရာဇ် (၁၁၆၈) တထောင့်တရာ့ ခြောက်ဆဲ့ရှစ်ခု တပို့တဲ့သပြည့်ကျော် တဆဲ့သုံးရက်နေ့ ကောင်းမြတ် သောအခါတွင် တရော်ရည်, ကင်ပွန်းရည်တို့ဖြင့် ဆဒ္ဒန်ဆင်ဖြူတော်ကို ဦးခေါင်းဆေး၍ သင်္ကြန်ရေ ပရိတ်တော်ရေတို့ဖြင့်သွန်းလောင်းရသည်။

ပြီးလျှင် ဆဒ္ဒန် ရတနာ ဆင်ဖြူတော်ကို ရောဝတီမြစ်သို့ သက်စေ၍ ရေချိုးပြီးလျှင် သားတော်သန်လျင်မင်းသား သတိုး မင်းလှကျော်ထင်,

သားတော် ကနောင်မင်းသား သတိုး မင်းလှကျော်ခေါင်, သားတော် သီပေါမင်းသား သတိုးမင်းရဲစည်သူ, သားတော် ကလေးမင်းသား သတိုးမင်းရဲနရာတို့ ပရိတ်တော်ရည်, အမွေးအထုံ ပန်းနံ့သာရည်တို့ဖြင့် သွန်းလောင်းရသည်။

ပြီးလျှင် တန်ဆာဆင်သော တန်ဆောင်းပြာသာဒ်သို့ ဆောင်ယူ၍ ရတနာကိုးပါးတို့ဖြင့် ဆန်းကြယ်စွာ ခြယ်လှယ်လုပ်ဆောင်သော အဘိုး ခုနစ်သိန်းခုနစ်ထောင့် ရှစ်ဆဲ့ရှစ်ထိုက်သော ရတနာဦးကင်းဖုံး, ရတနာနားဆွဲ, ရတနာမျက်နှာတပ်, ရတနာစွယ်ခွေး, ရတနာလည်ဆွဲ, ရတနာရွှေချ။, ရတနာလက်ကောက်, ရတနာခြေကျင်း, ရတနာကြိုး, ရတနာကွန်ချာတန်ဆာများကို ဆင်ယင်စေသည်၊ အရံဆင်တော်များကိုလည်း တချိန်တခါတည်း ဦးခေါင်းဆေးရသည်။ ။ပြီးလျှင် ရှေခြောက်တပ် နောက်ခြောက်တပ်နှင့် စီစဉ်ခင်းကျင်းမြဲအတိုင်း ဆဒ္ဒန် ဆင်ဖြူတော်ကို ဆင်မင်းနန်းသို့ ဆောင်ယူသည်၊ ပဲ့သဘင်စုံလည်းခံရ၏။

ဆဒ္ဒန်ဆင်ဖြူတော်ကို သိမ်းတော်မူမည်ကို စီရင်ရသည်ကား····စံနန်းတော်မြောက်စမုတ်တွင် ဘုံသုံးဆင့် တန်ဆောင်းပြာသာဒ်၊ ဆင်ကပ်ပတ်လည်တိုင် ရွှေဖျင်မွှမ်း၊ အမိုးမျက်နှာကြက် အတွင်းပြင် ဝိတ်ရမတိမွှမ်း၊ သတောင်းလည်ကြိုယပ် သုံးဆင့် ဆွဲလုပ်ရသည်၊ တန်ဆောင်းပြာသာဒ်အတွင်း ကော်ဇောအပြည့် ခင်းပြီးလျှင် ဆဒ္ဒန် ဆင်ဖြူတော် ယဉ်မည့်နေရာမြေမှာ ကတ္တီပါမွေ့ရာခင်းရသည်။ဆင်ယဉ်တော် ကြိုယပ်တွင်လည်း စံနေတော်မူရန် နေရာတော်ခင်းရသည်၊ တန်ဆောင်း ပြာသာဒ်အနီးတွင်လည်း ရွှေတိုင်ပလ္လင်လုပ်ရသည်၊ ဂျိုဟ်နတ် ပူဇော်ရန်၊ ဟုံးနတ်ပူဇော်ရန်၊ သမွာဒေဝနတ် ပူဇော်ရန်၊ လက်ဖွဲ့ ပဲ့တော်ထားရန်၊ ဘုံသုံးဆင့် တန်ဆောင်းပြာသာဒ် လေးဆောင်၊ မင်းညီမင်းသားတို့နေရန်၊ မှူးတော်မတ်တော်တို့ နေရန်၊ ကတော်မယားတို့နေရန်၊ စကြိုတဲကန္နား ဖျင်းပါးလေးဆောင်၊ ပဲ့သဘင်ခံရန် ဝဲယာကန္နားဖျင်းနှစ်၊ ထီးရံများကိုလည်း ဆောက်လုပ်ရသည်။ ဆင်မင်း နန်းတော်ကသည် စံနန်းတော်ကို လက်ယာရစ်လှည့်၍ နန်းတော်ပတ်လည် လမ်းတလျှောက်ကိုလည်း လက်ဝဲလက်ယာ ရာဇမတ်ကာ၍ ငှက်ပျောပင်ရှင်, ကြီပင်ရှင်,ရေပြည့်မြို့တာပန်းစုံစိုက်, ပစ္စ။, ယမြား, ကုက္ကား, တံခွန်တို့ဖြင့် တန်ဆာဆင်ယင်၍ သဲမွှေကြဲပြီးလျှင် ကော်ဇောခင်းရသည်၊ မင်းကွန်းအလယ်ကွန်းမှစ၍ ရှေပြည်တော်မြို့တွင်းမြို့ပြင် လမ်းသေးလမ်းမများကိုလည်း တန်ဆာ

ဆင်ယင်စေသည်၊ ရွှေမြို့တော် အတွင်းပြင် စေတီပုထိုး, ဗောဓိညောင်တော်, ရက္ခဇိုင်းစသော သမ္မာဒေဝ နတ်အပေါင်းတို့ အားလည်း တန်ဆောင်, ဆီမီး, ထီး, တံခွန်,ပန်းပေါက်ပေါက်များနှင့် ပူဇော်ကြရမည်ဟု အစေ့အနှံ့ စည်လည်စေသည်၊ ပြည်သူပြည်သား အပေါင်းတို့လည်း ဆဒ္ဒန်ဆင်ဖြူတော်ကို သိမ်းတော် မူသည့်နေ့မှစ၍ သက်တော် ရှည်မည့် အကြောင်း, ဘုန်းတော်ကြီးမည့်အကြောင်း, ပြည်ထဲရေး လေးမျက်နှာ ဝပြောသာယာမည့်အကြောင်းများကို ဆုတောင်းဆုယူပြုကြရသည်။ ။ ဆဒ္ဒန်ဆင်ဖြူတော်ကို သိမ်းတော်မူမည့် တန်ဆောင်း မှာလည်း အခါတော်မရောက်မီ တရက်က အသိတိရဟန္တာရဝ်တုတော်ရှစ်ပါး၊ အရိယာသံဃာတော်ရှစ်ပါးတို့ကိုပင့်၍ ပရိတ်တော် ဂုဏ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်ရသည်။

သက္ကရာဇ် (၁၁၆၈) တထောင့်တရာ့ခြောက်ဆဲ့ရှစ်ခု တပို့တွဲလပြည့် ကျော်တဆဲ့လေးရက်နေ့ ကောင်းမြတ်သောအခါတွင် သိမ်းတော်မူသည့် အခါတော်မဆက်မီက၊ ဂြိဟ်နတ်, ဟုံးနတ်, မဟာဝိဇ္ဇနတ်, သမ္မာဒေဝနတ်, ဥဒိန်မင်းစောနတ်, ဂဇနာထနတ်မှစ၍ ပူဇော်ပသရန်ရှိသည်များကို ပုဏ္ဏားတို့ပူဇော်မြဲ ပူဇော်ပသရသည်၊ ဆဒ္ဒန်ဆင်ဖြူတော်ကို လက်ပွဲပွဲမှာ ဆင်ဖြူများသခင် အသျှင် ဘဝရှင် မင်းတရားကြီးဘုရားက တပွဲ၊ အရှင် မိဖုရားခေါင်ကြီးက တပွဲ ပြင်ဆင်၍ ထားရသည်၊ ဆင်မင်းကို လက်ပွဲတော် မူရန် အဆောင်အရွက် အခမ်းအနား အသုံးအဆောင် ထည်မျိုး အုပ်မျိုးများကိုလည်း လက်ပွဲ တန်ဆောင်းမှာ ပြင်ဆင်ထားရသည်၊ သားတော်အိမ်ရှေမင်း မြေးတော်စစ်ကိုင်းမင်းမှ စ၍ မင်းသား, မင်းမြေး, ဆွေတော် မျိုးတော်, မှူးတော်မတ်တော်, စော်ဘွား, မြို့စား, မြို့ဝန်, စစ်ကဲ, သူဌေး, သူကြွယ်,စုငန်းစုကိုင်, စချီစမာ, သွေးသောက်စု, ဒိုင်းမှူး, သင်းမှူး, မြင်းစီးမြင်းခေါင်း, မြို့ရွာမြေတိုင်,ံသူကြီး ကလန်သံပျင်မှစ၍ တိုင်းသူပြည်သူအပေါင်းတို့လည်း လက်ပွဲပွဲ, ကန်တော့ပွဲ, ပူဇော်ရန်များနှင့် တဲကန္နားဖျင်းများမှာ နေကြရသည်၊ ကတော် မယားတို့လည်း လက်ပွဲပွဲ ကန်တော့ပွဲ ပူဇော်ရန်များနှင့် တဲကန္နားဖျင်းတွင် နေကြရသည်။

အခါတော်နီးလျှင် ဆဒ္ဒန်ဆင်ဖြူတော်ကို ဆင်မင်းနန်းက အမအစေနေကျော်သား မှူးကြီး မတ်ကြီးတို့ လက်ဝဲလက်ယာ မစဆောင်ယူခဲ့၍ ရွှေတိုင်ပလ္လင်ထက်ထားပြီးလျှင် လက်ပွဲပွဲထမင်းကို ဆင်ပေါက်ဝန်နေမျိုး

စည်သူ မင်္ဂလာစကား ခုနစ်ကြိမ် ဆို၍ ခုနစ်ခါ ဆဒ္ဒန်ဆင်ဖြူတော်ကို ထမင်းခွံ့ရသည်၊ အောက်မဝန် နေမျိုး ရွှေတောင် စည်သူ ထမင်းခံရသည်၊ ပြီးလျှင်ရတနာကိုးပါးတို့ဖြင့် ဆန်းကြယ်စွာခြယ်လယ်လှပ်ဆောင်သော အဘိုး ခုနစ်သိန်းခုနစ်ထောင့်ရှစ်ဆဲ့ရှစ်ထိုက်သောရတနာဦးကင်း ဖုံး, ရတနာနားဆွဲ, ရတနာမျက်နှာတပ်, ရတနာစွယ်ခွေး, ရတနာလည်ဆွဲ, ရတနာရွှေချ။, ရတနာလက်ကောက်, ရတနာခြေကျင်း, ရတနာရွှေကြိုး, ရတနာရွှေကွန်ချာတန်ဆာတို့ဖြင့် ဆဒ္ဒန် ဆင်ဖြူတော်ကို ဆင်တော်မူပြီးလျှင် ရွှေဖျားစမြောင်သိုင်းနှင့်နှစ်၊ ယင်းနောက်သူဌေးသူကြွယ် ယင်းနောက် ရှစ်ပါးပုဏ္ဏားစု၊ ယင်းနောက် ရွှေဗုဒ္ဓဆီအလံကြိုး လေး၊ ယင်းနောက် ချပ်တန်ဆာနှင့် သေနတ်စွဲ သူရဲနှစ်ရာ၊ ယင်းနောက် ချပ်တန်ဆာနှင့် ရွှေလှံစွဲသူရဲနှစ်ရာ၊ ယင်းနောက် ချပ်တန်ဆာနှင့် ရွှေဒိုင်း, ရွှေမား, ရွှေလွှား, ရွှေကာစွဲသူရဲနှစ်ရာ၊ ယင်းနောက် စည်တော်စုံ၊ ယင်းနောက် မင်းမြောက်တန်ဆာ. ငါးပါးစသော မင်းခမ်းတော်စုံ၊ ယင်းနောက် ဆဒ္ဒန်ဆင်ဖြူတော်ကို တပ်ရန် ကွမ်းခွက်နှင့် ကျောက်စီရတနာရွှေဘွဲ့၊ ယင်းနောက် အရံဆင်တော်များကိုတပ်ရန် ဘွဲ့၊ ယင်းနောက် ဘိသိက်တော်ဆက်ရှစ်ပါးပုဏ္ဏားကြီးရှစ်၊ယင်းနောက်ရွှေအရံ ဆင်တော်စု၊ ယင်းနောက် လက်ဝဲက အမတ်ကြီး ဟံသာဝတီမြို့ဝန် မင်းလှနော်ရထာ၊ လက်ယာက အမတ်ကြီး ရွှေတိုက်ဝန် နေမျိုး မင်းလှရာဇာတို့ ဗောင်း နားခေါင်း ဝတ်လုံ စလွယ် ဘွဲ့ဖြူဆင်၍ ရတနာအတိ ပြီးသော နဂါးပတ်ခွန်းစွဲကိုင်လျက် ဆဒ္ဒန်ဆင်ဖြူတော်ကိုဝဲယာမစ၍ လိုက်ရသည်၊ ယင်းနောက် လက်ယာအရံ ဆင်တော်, လက်ဝဲအရံ ဆင်တော်, နောက်အရံ ဆင်တော်စု၊ ယင်းနောက် သားတော် အိမ်ရှေမင်း, မြေးတော် စစ်ကိုင်းမင်း၊ ယင်းနောက် မင်းသား, မင်းမြေး, ဆွေတော် မျိုးတော်၊ ယင်းနောက် မှူးတော်မတ်တော်၊ ယင်းနောက် စုရေးစုကိုင်၊ယင်းနောက် ဒိုင်းမှူး သင်းမှူး,သွေးသောက်စု,မြင်းတော်သည်တို့ သနားတော်ခံရသည့် ဗောင်းနားခေါင်း ဝတ်လုံ စလွယ်ဘွဲ့ဖြူဆင်ယင်၍ စီစဉ် ခင်းကျင်း လိုက်ကြရသည်။

ရတနာ ရွှေတိုင်ပလ္လင်က ရွှေနန်းတော်ကို လက်ယာရစ် လှည့်၍ မြောက်စမုတ်တော် မြောက် တန်ဆောင်းပြာသာဒ် ဆဒ္ဒန်ဆင်ဖြူတော် ယှဉ်ရန် ခတ္တိပါမွေရာ ခင်းထားသည့် မြေအပြင်တွင် ဆဒ္ဒန်ဆင်ဖြူတော် ယှဉ်စေသည်၊ တန်ဆောင်းပြာသာဒ်သို့ ဆဒ္ဒန်ဆင်ဖြူတော်ယှဉ်မိကြောင်း

ကို အတွင်းဝန်မင်းကြီးမဟာသက်တော်ရှည် အတွင်းတော်သို့ဝင်၍ ရှိခိုး သံတော်ဦးတင်လျှင်ဆင်ဖြူမျှော်ရှင်မင်းတရားကြီးဘုရား အဘိုးအတိုင်းမသိ ထိုက်သော မကိုင်ဒုယင်ရတနာတန်ဆာတော်ကို ဆင်တော်မူ၍ သိကြားမင်း၏ အသရေကဲ့သို့သော ကြက်သရေ အပေါင်းတို့ဖြင့် အရှင်မိဖုရား ခေါင်ကြီး စသော မင်းမိဖုရားအပေါင်း ခြံရံလျက် မြောက်စမုတ်တော် တန်ဆောင်းသို့ ထွက်စံတော်မူသည်၊ ငြိမ်သက်လျှင် အခါတော်စောင့် ပညာရှိမြစ်နှန်းဝန်စည်သူသိရိ,ဝတ်မြေဝန်ဇေယရာဇသင်္ကြီ,ရှစ်ပါးပုဏ္ဏား ကြီးတို့က အခါတော်ပြည့်စုံကြောင်းကို လျှောက်လျှင် ရတနာသုံးပါး ပူဇော်တော်ပွဲ, သမ္မာဒေဝနတ် ပူဇော်တော်ပွဲ, ခမည်းတော်ဘုရား မယ် တော်ဘုရားပူဇော်တော်ပွဲ,ခြောက်ပွဲကို အဆက်အသံခံသူ အမြောက်ဝန် ရွှေတောင်သိရိကျော်,ဝင်းကောင်ဟန်ဝန် ရွှေတောင်သီဟ,မင်းရွာစား ရွှေတောင်ရန်ကျော်, အဝေးကျီဝန်သား လက်ယာရွှေတောင်, မြေနှန်း ဝန် ပုံချီရွှေတောင်ကျော်, ရေကြည်မှူး စည်သူရွှေတောင်တို့ ဆက်သည် ကို ပူဇော်တော်မူသည်၊ ပြီးလျှင် ရွှေမြို့တာက ဂင်္ဂါရေကို နဝရတ်စီရွှေ ဖသားမှာ ထည့်ပြီးလျှင် ရွှေဖလားကရေကို မကန်းရပ် ရွှေကရားမှာ လောင်း၍ ရွှေတိုက်စိုး သိရိဇေယသူဆက်လျှင် ဆဒ္ဒန် ဆင်ဖြူတော်ကို သိမ်းတော်မူသည့်နေ့မှစ၍ သက်တော်ရာကျော် ရှည်တော်မူလျက် သား တော်အစဉ့် မြေးတော်အဆက်, မြစ်တော်အညှန့်,အဓွန့်ရှည်စွာ အနှယ် ဘော်မပျက် သာသနာတော်အစီးအပွား, ပြည်သူသတ္တဝါ အပေါင်းတို့ ၏ အစီးအပွားကို ဆောင်ရွက်နိုင်သည် ဖြစ်စေသော····ဆင်ဖြူမျှော်သခင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရား ကိုယ်တော်တိုင် ရွှေနှုတ်တော်က ဘိသိက်မင်္ဂလာစကား ဆိုတော်မူ၍ ရွှေကရားဖြင့် ဆဒ္ဒန်ဆင်ဖြူတော် ဦးခေါင်းကို သွန်းတော်မူပြီးလျှင် လက်ယာခြေတော်ကို ခုနစ်ကြိမ် တင် တော်မူသည်၊ ပြီးလျှင် ဆင်ယဉ်တော်တွင် ခင်းထားသော နေရာတော် ထက် စံနေတော်မူသည်။

ငြိမ်သက်လျှင် ဘိသိက်တော်ဆက် ရှစ်ပါးပုဏ္ဏားကြီးက ဆဒ္ဒန်ဆင်ဖြူ တော်ကို သိမ်းတော်မူသည့် နေ့ကစ၍ ဒွတ္တိသကမ္မကာရဏ ဘေးရန် အပေါင်း စင်ကင်းလွင့်ပျောက် မရောက်သည်သဖြစ်၍ တနေ့တဲ့ပါး ဘုန်းတန်းခိုးအာနုဘော်တော် တိုးတက်ပြန့်ပွား၍ သက်တော်ရာကျော် ရှည်ပါစေဘုရား၊ ။တရာသောမင်းအပေါင်းတို့ ဦးညွှတ်လျက် ဆက် အပ်သော ထူးမြတ်သောလက်ဆောင်ပဏ္ဏာများစွာ ရောက်ပါစေဘုရား၊

သားတော်အစဉ်, မြေးတော်အဆက်, မြစ်တော်အညွှန့်, အဓွန့်ရှည်စွာ နန်းထက်စင်စစ်၊ သက်တော်များစွာ ရှည်ပါစေဘုရား။ ။မင်္ဂလာစကား သုံးကြိမ်လျှောက်၍ ဘိသိက်တော်ဆက်ရသည်၊ ဘိသိက်တော် ပန်းရေများကို နဝရတ်စီရွှေဖသားနှင့်ခံ၍ ရွှေတိုက်စိုး ဇေယရန္တသူ ဆက်ရသည်၊ ပြီးလျှင် ဘုရား ခုနစ်ဆူ အလှူတော်ကို နာခံတော် စမြောင်မှူးဘယကျော်ထင် ဖတ်လျှောက်ရသည်၊ အလှူတော်ကို ကောင်းမွန်အောင် ကြီးကြပ်တင်လှူစေ-အမိန့်တော်ရှိ၍ အလှူတော်ကို စည်ရှုမ်းလျက် တင်လှူစေသည်။

ပြီးလျှင် ဝန်ကြီးနေမျိုးသီဟသူက ကောင်းမြတ်သော မင်္ဂလာအခါတော်၌ ဆဒ္ဒန်ဆင်ဖြူတော်ကို သိမ်းတော်မူသည့် နေ့မှစ၍ သက်တော်ရာကျော် ရှည်တော်မူလျက် စကြာမန္ဒာတ်မင်းကဲ့သို့ ဘုန်းတော်ကြီး၍ ကာယသုခ, စိတ္တသုခနှင့် ပြည့်စုံတော်မူမည်ဘုရား-လျှောက်ရသည်။

ပြီးလျှင် အတွင်းဝန်ကြီး မဟာသက်တော်ရှည်က ကောင်းမြတ်သော အခါတော်၌ ဆဒ္ဒန်ဆင်ဖြူတော်ကို သိမ်းတော်မူသည့်နေ့မှစ၍ သုဒဿန စကြာမင်းကဲ့သို့ တင့်တယ်စံပယ်တော်မူလျက် တန်းခိုး လေးပါးနှင့် ပြည့်စုံတော်မူမည်ဘုရား-လျှောက်ရသည်။

ပြီးလျှင် မဟာမင်းလှက ကောင်းမြတ်သော မင်္ဂလာအခါတော်၌ ဆဒ္ဒန်ဆင်မင်းကို သိမ်းတော်မူသည့်နေ့မှစ၍ စကြာမင်းတို့ကဲ့သို့စကြာရတနာများစွာရောက်၍ ရတနာခုနစ်ပါးနှင့် ပြည့်စုံတော်မူလျက် လေးကျွန်းလုံးကို အစိုးရတော်မူမည်ဘုရား-လျှောက်ရသည်။

ပြီးလျှင် မဟာဒါန်ဘိုက်ဝန် နေမျိုးဇေယကျော်ထင်က ကောင်းမြတ်သော မင်္ဂလာအခါတော်၌ ဆဒ္ဒန်ဆင်ဖြူတော်ကို သိမ်းတော်မူသည့်နေ့မှစ၍ စကြာမင်းကဲ့သို့ ဘုန်းတော်အလွန်ကြီးမည်၊ သက်တော်ရာကျော် ရှည်တော်မူမည်၊ စကြာရတနာများစွာရောက်မည်၊ ပြည်ထဲရေးလေးမျက်နှာ သာယာမည်၊ မိုးရေဖြောင့်မှန်စွာ ကောင်းမည်ဘုရား-လျှောက်ရသည်။

ပြီးလျှင် မှူးတော်မတ်တော် သူဌေးသူကြွယ် ကတော်မယားတို့ကလည်း တဖြိုင်နက် ကောင်းချီစကား လျှောက်ကြရသည်။ ။ပြီးလျှင် အရပ်ရပ် လက်ဆောင်တော် စားကို မြန်မာသံတော်ခံ စိန္တကျော်သူ ဖတ်လျှောက်ရသည်။ ။ပြီးလျှင် မင်္ဂလာရတု စစ်ကိုင်းမင်းနာခံ ကျော်စွာရန္တမိတ် ဖတ်လျှောက်ရသည်။

ပြီးလျှင် ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ဆင်ဖြူများရှင် လက်နက်စကြာသခင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော် ရှိသည်၊ ကျွန်းငယ်အရံငါးရာစီရှိသော လေးကျွန်းလုံးကို အစိုးရသော သမ္မတ္တိတဘုရားအလောင်း စကြာမန္ဒာတ်မင်းတို့ကဲ့သို့ ဖြည့်ကျင့်တော်မူသော ဘုန်းတော်ပါရမီတော်ကြောင့် ရအပ်သော ဆဒ္ဒန်ဆင်ဖြူတော်ကို တံဆိပ်နာမံကျော်စီရွှေဘွဲ့, အင်္ဂြေအရံ, ရွှေလှံ,ရွှေဝား, ရွှေလွှား, ရွှေကာ၊ သေနတ်မီးပေါက် အတီးအမှုတ်စည်တော်စုံ၊ ထီးဖြူစသော မင်းမြွေက်တန်ဆာငါးပါး မင်းခမ်းမင်းနား အစုံနှင့်တကွ အပ်တော်မူ၍ ဖလ်မှန်ပတ္ထမြား မွမ်းမံစီခြယ်သော ရွှေနန်းပြာသာဒ်နှင့် ချီးမြင့်ပြုစုတော်မူသည်၊ ငါအရှင်ကောရဇမင်းမြတ် အကျိုးတော်, သားတော်အစဉ် မြေးတော် အဆက် မြစ်တော်အညွှန့် အဖွန့်ရှည်စွာ သာသနာတော်မြတ်စိုးပွား, ပြည်သူလူ ရဟန်းတို့စိုးပွားများမည်အကြောင်း၊ မိုးလေဖြောင့်မှန်၍ ပြည်ထဲ လေးမျက်နှာ ဝပြောသာယာ ငြိမ်းချမ်းမည့် အကြောင်းကို ကြည့်ရှုရမည်။

အမိန့်တော်ကို နာခံတော်ပြေ့ကြီးမူး ရာဇနော်ရထာ ပြန်ရသည်။ ပြီးလျှင် သံတော်ဆင့် သီရိနန္ဒကျော် နိဗ္ဗာနပစ္စယ နာဂရာဇာ-ဟူသော ဘွဲ့တော်ကို ကွမ်းခွက်မှာယူ၍ ဆဒ္ဒန်ဆင်ဖြူတော်ကို လက်ယာကတုပ်ပျဉ်လျက် ဖတ်လျှောက်၍ ဆဒ္ဒန်ဆင်ဖြူတော်ကို ဘွဲ့တပ်ရသည်။ ။ပြီးလျှင် အရံဆင်တော်များကိုလည်း သံတော်ဆင့်အဆောင်မြို့ ဖတ်လျှောက်၍ အသီးအသီး ဘွဲ့တပ်ကြရသည်၊ ပြီးလျှင် လက်ဖွဲ့တော်စာ လျှောက်ရသည်။

လက်ဖွဲ့တော်စာကား....ဘုန်းတော်အလွန် ကြီးမြတ်တော် မူလှသော ဆဒ္ဒန်ဆင်မင့်းသခင် ဆင်ဖြူများရှင် လက်နက် စကြာသခင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား-မဟာသမ္မတ မန္ဓာတ်စသော ဘုရားအလောင်းမင်းကောင်း မင်းမြတ်တို့ ကဲ့သို့ ဖြည့်ကျင့်တော်မူသော များမြတ်သော ပါရမီတော် အာနုဘော်တော်အားဖြင့် သိကြားနတ်မင်းတို့သည် ဆဒ္ဒန်ဘိုင်မှ ဆောင်ယူဆက်သသော ဆဒ္ဒန်ဆင်ဖြူရတနာကို ကျမ်းဂန်နှင့်အညီ ရွှေနန်းတော်ဦးဦ ရွှေကျောက်အတိမွမ်းမံခြယ်လယ်သော ရွှေပြာသာဒ်ထီးဖြူစသော မင်းမြွေက်တန်ဆာ ငါးပါးနှင့်တကွ မင်းခမ်းတော်အစုံနှင့် ဘိသိက်သွန်းခြင်း, နိဗ္ဗာနပစ္စယနာဂရာဇာ ကျော်စီရွှေဘွဲ့တံဆိပ်နာမံတော်တပ်ခြင်း,မင်းအဖြစ်သို့ ချီးမြှင့်ပြုစုတော်မူ၍ကောင်းမြတ်သော

မင်္ဂလာအခါတော်၌ဇမ္မူဒိပ်ကျွန်း မြေတသောင်းထီးဆောင်းမင်းတကာတို့ ဦးညွတ်ဆက်သ ပူဇော်ကန်တော့စေလျက် ကြီးကျယ်စွာ အစီအရင်မင်းပွဲသဘင်စုံခံတော်မူ၍ ဆဒ္ဒန်ဆင်မင်းကို သိမ်းတော်မူသည်ကို ဆင်မင်းအား ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသောဆဒ္ဒန်ဆင်မင့်းသခင် ဆင်ဖြူမျှးရှင် လက်နက်စကြာ သခင် အသျှင် ဘဝရှင် မင်းတရားကြီး ဘုရားက ရွှေသပြာတထောင့်နှစ်ရာ့ငါးဆယ်ခုတ်သော ပတ္တမြား,စိန်,မြစသော ရတနာကိုးပါးတို့ဖြင့် စီခြယ်သော အဘိုးနှစ်သောင့်းတထောင့်ကိုးရာ့ငါးဆယ်ထိုက်သော မင်းခမ်းတော် ခြေသော့်ခံရတနာကွမ်းခွက်၊ရွှေသပြာ တထောင့်သုံးရာခုတ်သော ပတ္တမြား,စိန်,မြစသော ရတနာကိုးပါးတို့ဖြင့် စီခြယ်သော အဘိုး နှစ်သောင့်းနှစ်ထောင့်ရှစ်ရာ့နှစ်ဆဲ့ရှစ်ထိုက်သော မင်းခမ်းတော်နဂါးခံရတနာကွမ်းခွက်၊ ရွှေသပြာခြောက်ရာခုက်သော ပတ္တမြားငါးရစ်စီသော အဘိုးတထောင့်ငါးရာ့သုံးဆဲ့ခြောက်ထိုက်သော မင်းခမ်းတော် ရတနာကွမ်းခွက်၊ ရွှေသပြာ လေးရာ့ခုနစ်ဆယ်ခုတ်သော အဘိုး ရှစ်ထောင့်ခုနစ်ရာ့ရှစ်ဆယ်ထိုက်သော မျှောက်ရပ်တု ရွှေတံခွန်၊ ရွှေသပြာ လေးရာ့ခုနစ်ဆဲ့ငါးခုတ်သော အဘိုး ရှစ်ထောင့်ခုနစ်ရာ့ငါးဆယ်ထိုက်သော ဆင်ရပ်တုရွှေတံခွန်၊ ရွှေသပြာ လေးရာ့ခုနစ်ဆဲ့ငါးခုတ်သော အဘိုး ရှစ်ထောင့်ခုနစ်ရာ့ရှစ်ဆယ်ထိုက်သော ဘီလူးရပ်တု ရွှေတံခွန်၊ မိုးကြိုးသပြာ လေးရာ့ခုနစ်ဆဲ့ငါး ခုတ်သော အဘိုး လေးထောင့်ခုနစ်ရာ့ငါးဆယ် ထိုက်သော ဥဒေါင်းရပ်တု မိုးကြိုးတံခွန်၊ ငွေသပြာလေးရာ့ခုနစ်ဆဲ့ငါးခုတ်သော အဘိုးလေးရာ့ခုနစ်ဆဲ့ငါး ထိုက်သော ဂဠုန်ရပ်တုငွေတံခွန်၊ ရွှေသပြာ တထောင့်သုံးရာ့ လေးဆဲ့ကိုးခုတ်သော နဝရတ်နှစ်ပွင့်, ကျောက်တဆဲ့ရှစ်လုံး, ပတ္တမြား စိန်မြပုလဲတသောင့်းနှစ်ထောင့် ခြောက်ရာ့ခုနစ်ဆဲ့သုံး စီခြယ်သော အဘိုးနှစ်သိန်းကိုးသောင့်းခြောက်ထောင် နှစ်ရာ့ရှစ်ဆဲ့သုံးထိုက်သော ရတနာဦးကင်းတော်ဖုံး၊ ရွှေသပြာလေးရာ့ငါးဆဲ့ခုနစ်၊ ငွေသပြာ တရာ့ကိုးဆဲ့သုံးခုတ်သော နဝရက်ငါးပွင့်,ကျောက်လေးဆဲ့ငါး,ပတ္တမြားစိန်မြတထောင့်ခြေံရာ့ခုနစ်ဆဲ့ခုနစ် စီခြယ်သော အဘိုး တသိန်းတသောင့်းနှစ်ထောင့်တရာ့ကိုးဆဲ့ငါးထိုက်သောရတနာမျက်နှာတော်တပ်၊ ရွှေသပြာတရာ့တဆယ်ခုတ်သော ပတ္တမြား,စိန်,မြစသော ရတနာကိုးပါးတို့ဖြင့် စီခြယ်သော အဘိုး တသောင့်းခုနစ်ထောင့် ခုနစ်ရာ့သုံးဆဲ့ငါး ထိုက်သော ရတနာစွယ်ခွေးတော်အရံစုံ၊ ရွှေသပြာ ခုနစ်ရာ့တဆဲ့ရှစ် ခုတ်သော ပတ္တမြား

ငါးရှဉ့်ကိုးဆွဲခြောက် စီခြယ်သော အဘိုး ရှစ်သောင်း နှစ်ထောင့်သုံးရာ့ နှစ်ဆွဲခြောက်ထိုက်သော နားဆွဲရတနာကန်တော့အရံစုံ၊ ရွှေသပြာသုံးရာ့ရှစ်ဆယ်ခုတ်သော ပတ္တမြား,စိန်, မြ စသော ရတနာကိုးပါးတို့ဖြင့်စီခြယ်သော အဘိုး ကိုးထောင့်သုံးရာ့ရှစ်ဆယ်ထိုက်သော ရတနာလည်ဆွဲတော်၊ ရွှေသပြာ ခုနစ်ရာ့သုံးဆယ်ခုတ်သော အဘိုး တသောင်းသုံးထောင့်ငါးရာ့ခြောက်ဆယ် ထိုက်သော ရွှေချ။ တဆွဲလေး, ရွှေသပြာ တရာ့လေးဆွဲ ခုနစ် ခုတ်သော အဘိုး နှစ်ထောင့် ခုနစ်ရာ့ တဆယ် ထိုက်သော ရွှေချ။ကြီးနှစ်၊ ရွှေသပြာ ကိုးရာ့နှစ်ဆွဲကိုးခုတ်သော ပတ္တမြား, စိန်, မြ နှစ်ရာ့နှစ်ဆယ် စီခြယ်သော အဘိုး ငါးသောင်းနှစ်ထောင့်ခြောက်ရာ့ရှစ်ဆွဲကိုး ထိုက်ဘော ရတနာ လက်ကောဇာ အရံစုံ၊ ရွှေသပြာ ခြောက်ရာ့ကိုးဆယ်ခုတ်သော ပတ္တမြား,စိန်, မြ ရှစ်ရာ့ငါးဆဲ့ရှစ်စီခြယ်သော အဘိုးတသိန်းသုံးသောင်း သုံးထောင့်ရှစ်ရာ့သုံးဆယ်ထိုက်သော ရတနာနဂါးရုပ် ခြေကျင်းတော်အရံစုံ၊ရွှေသပြာ လေးဆဲ့ကိုးခုတ်သော ပတ္တမြား ငါးဆဲ့ခြောက်စီခြယ်သော အဘိုး ကိုးရာ့လေးဆဲ့လေးထိုက်သော ရတနာရွှေဖလား၊ ရွှေသပြာတရာ့နှစ်ဆယ်ခုတ်သော ပတ္တမြား တရာ့ခြောက်ဆယ်စီခြယ်သော အဘိုးနှစ်ထောင့်သုံးရာ့လေးဆယ် ထိုက်သော ရတနာ ရွှေဖလား၊ ရွှေသပြာ လေးရာ့ ကိုးဆဲ့ငါး ခုတ်သော အဘိုး ကိုးထောင့် တရာ့ ငါးဆဲ့ရှစ်ထိုက်သော တဆဲ့နှစ်ရာသီရွှေဖလား၊ ရွှေသပြာ ခြောက်ဆဲ့ ခုနစ်ခုတ်သော အဘိုး တထောင့် နှစ်ရာ့သုံးဆဲ့ငါးထိုက်သော သင်းချောရွှေဖလား၊ ရွှေသပြာလေးရာခုတ်သော ပတ္တမြား ငါးရာ့ရှစ်ဆဲ့နှစ် စီခြယ်သော အဘိုးခုနစ်ထောင့်ကိုးရာ့ရှစ်ဆဲ့ငါးထိုက်သော ရတနာရွှေသန္ဒေးတော်ကြီး၊ ရွှေသပြာနှစ်ရာ ခုတ်သော အဘိုးလေးထောင်ထိုက်သော ရွှေသန္ဒေးတော်၊ရွှေသပြာတရာ့နှစ်ဆယ်ခုတ်သော အဘိုး နှစ်ထောင့်နှစ်ရာ့ လေးဆယ် ထိုက်သော ရွှေသန္ဒေးတော်၊ ရွှေသပြာ တထောင့်ငါးရာ ခုတ်သော အဘိုးနှစ်သောင်းခုနစ်ထောင့် ခုနစ်ရာ့ငါးဆယ် ထိုက်သော ရွှေအင်၊ ရွှေသပြာ တထောင့်ငါးရာ့ခုနစ်ဆဲ့ငါးခုတ်သော အဘိုး သုံးသောင်းတထောင့်ငါးရာ ထိုက်သော ရွှေအင်၊ ငွေသပြာ ရှစ်ရာ့ခုနစ်ဆဲ့ငါး ခုတ်သော အဘိုးရှစ်ရာ့ခုနစ်ဆဲ့ငါး ထိုက်သော ငွေအင်၊ ငွေသပြာ ကိုးရာ့တဆယ် ခုတ်သော အဘိုး ကိုးရာ့တဆယ်ထိုက်သော ငွေအင်၊ ရွှေသပြာ လေးရာ့တဆယ် ခုတ်သော အဘိုးရှစ်ထောင့်ရှစ်ရာထိုက်သော ရွှေအိုးပျစ်ဖုံးစုံ၊ ငွေသပြာ

ငါးရာခုတ်သော အဘိုး ငါးရာထိုက်သော ငွေအိုးပျစ်ဖုံးစုံ၊ ရွှေသပြာသုံးရာ့လေးဆဲ့လေးခုတ်သော အဘိုး ခြောက်ထောင့်သုံးရာ့ငါးဆဲ့ကိုးထိုက်သော ရွှေလင်ပန်း၊ ရွှေသပြာလေးရာ့သုံးဆဲ့ရှစ်ခုတ်သော အဘိုးကိုးဆဲ့လေးထိုက်သော ရွှေအုပ်ဆောင်း၊ ငွေသပြာသုံးရာ့နှစ်ဆဲ့ရှစ်ခုတ်သော အဘိုးသုံးရာ့နှစ်ဆဲ့ရှစ်ထိုက်သော ခြေသုံးချောင်းတပ်ပွဲတော်တင်၊ ရွှေသပြာ ရှစ်ရာ့သုံးဆဲ့ငါးခုတ်သော အဘိုးတသောင့်းလေးထောင့်ခုနစ်ရာ့ရှစ်ဆဲ့နှစ် ထိုက်သော ရုတနာ ရွှေကျည်တော်နှစ်၊ ငွေသပြာ နှစ်ထောင့် လေးဆယ် ခုတ်သော ပတ္တမြားတထောင့်လေးရာ့ငါးဆယ် စီခြယ်သော အဘိုး တသောင့်းလေးထောင့် ခုနစ်ရာ့ရှစ်ဆယ်ထိုက်သော ရတနာရွှေကျည်တော်နှစ်၊ ငွေသပြာနှစ်ရာ့လေးဆယ်ခုတ်သော အဘိုး နှစ်ရာ့လေးဆဲ့လေးထိုက်သော လက်ခတ်တော်နှစ်၊ ရွှေသပြာ ငါးရာ့နှစ်ဆယ်ခုတ်သော ပတ္တမြားလေးရစ်စီခြယ်သော အဘိုး ကိုးထောင့်ငါးရာ့ရှစ်ဆယ် ထိုက်သော ရတနာ ပုပ္ပန်ရတ္တိနဂါးပတ် ချွန်းရိုးတော် နှစ်၊ ပတ္တမြားချွန်းသွား အရိုးပုလဲစီခြယ်သော အဘိုး ငါးသောင်း ထိုက်သော ရတနာချွန်းတော်၊ ရွှေသပြာ လေးဆဲ့ငါးခုတ်သော ပတ္တမြားခြောက်ဆယ်စီခြယ်သော အဘိုးရှစ်ရာ့ကိုးဆဲ့သုံးထိုက်သော ရတနာချွန်းတော်၊ ရွှေစင်ရှစ်သိန်း၊ အဘိုးများစွာ ထိုက်သော အုပ်မျိုး ထည်မျိုး ခုနစ်ရာ၊ အရံကျေးလက် ခုနစ်ဆယ်ရှိသော စလင်းမြို့ ပျော်ဘွယ်ရွာနေ လက်နက်စွဲ သူရဲငါးရာများကို လက်ဖွဲ့တော်မူသည်။

အရှင်မိဖုရားခေါင်ကြီးက ရွှေသပြာတထောင် ခုတ်သော ပတ္တမြား, စိန်, မြစသော ရတနာကိုးပါး စီခြယ်သော အဘိုး ငါးသောင်းကျော် ထိုက်သော ရတနာ ရွှေလက်ကောက်တော်အရံစုံ၊ ရွှေစင်ငါးထောင်၊ အဘိုးများစွာထိုက်သော အုပ်မျိုးထည်မျိုး သုံးရာ့ နှစ်ဆဲ့ငါး လက်ဖွဲ့တော်မူသည်။

သားတော် အိမ်ရှေမင်းက ရွှေသပြာ နှစ်ရာ့ ငါးဆယ် ခုတ်သော ပတ္တမြားစီခြယ်သော အဘိုး လေးထောင့် သုံးရာ့ကိုးဆယ် ထိုက်သော ရတနာရွှေဖလား၊ ရွှေသပြာ နှစ်ရာခုတ်သော ပတ္တမြားစီသော အဘိုး သုံးထောင့်ငါးရာ့တဆဲ့နှစ် ထိုက်သော ရတနာ ရွှေဖလား၊ ရွှေသပြာ နှစ်ရာ့တဆဲ့ခြောက်ခုတ်သော ပတ္တမြား လေးရာ့ ငါးဆယ်, ပုလဲနှင့်ထောင့် သုံးရာ့ရှစ်ဆဲ့ကိုး စီခြယ်သော အဘိုး သုံးထောင့်ခုနစ်ရာ့ခုနစ်ဆဲ့ငါး ထိုက်သော ရတနာလည်ဆွဲတော်၊ ရွှေသပြာ ငါးရာခုတ်သော

အဘိုးတသောင်းထိုက်သော ရွှေလင်ပန်း၊ ရွှေသပြာ နှစ်ရာခုတ်သော အဘိုးတထောင်ထိုက်သော ရွှေသန္ဓေး၊ အဘိုးများစွာထိုက်သော အုပ်မျိုး ထည်မျိုး ငါးရာမျှားကို လက်ဖွဲ့တော်မူသည်။

မြေးတော် စစ်ကိုင်းမင်းက ရွှေသပြာ တရာ့လေးဆဲ့နှစ်၊ ငွေသပြာ ငါးရာ့လေး ခြယ်လယ်လုပ်ဆောင်သော စိန်ကျောက် နှစ်ရာ့တဆဲ့လေး စီခြယ်သော အဘိုးလေးထောင့် ကိုးရာ့ သုံးဆဲ့ငါးထိုက်သော ရတနာထီးဖြူတော်၊ ရွှေသပြာ တထောင့်လေးဆဲ့လေး ခုတ်သော အဘိုး နှစ်သောင်းရှစ်ရာ့ရှစ်ဆဲ့ရှစ်ထိုက်သော ယပ်မားတော်၊ ရွှေသပြာ တရာ့နှစ်ခုတ်သော အဘိုး နှစ်ရာ့ကိုးထိုက်သော ရတနာသားမြီးယပ်၊ ရွှေသပြာငါးထောင့်ရှစ်ရာ့ရှစ်ဆဲ့နှစ်၊ ငွေသပြာလေးထော်င့်ရှစ်ရာ့နှစ်ဆယ်၊ နဝရတ်သုံးပွင့်၊ ပတ္တမြား ခြောက်ထောင့်ခြောက်ဆယ်တို့ဖြင့် ခြယ်လယ်ခုတ်လုပ်သော အဘိုး နှစ်သိန်းတသောင်းသုံးထောင့်လေးရာ့ ငါးဆယ်ထိုက်သော ရတနာ နားဘွဲ့ ကန်တော့၊ ရွှေသပြာ တရာ့ သုံးဆဲ့ကိုး ခုတ်သော ပတ္တမြား, စိန်, မြ ခုနစ်ဆဲ့ကိုး စီခြယ်သော အဘိုးလေးသောင်းလေးထောင့် သုံးရာ့နှစ်ဆဲ့နှစ်ထိုက်သော ရတနာချွန်းတောင်းတော် ရွှေသပြာ ငါးရာခုတ်သော အဘိုး တထောင့်ငါးရာထိုက်သော တဆဲ့နှစ်ရာသီရွှေဖလား၊ ငွေသပြာ ငါးရာခုတ်သော အဘိုး ခုနစ်ရာ့ငါးဆယ်ထိုက်သော တဆဲ့နှစ်ရာသီ ငွေဖလား၊ အဘိုး တထောင့်ခြောက်ရာ့နှစ်ဆဲ့ငါး ထိုက်သော ရွှေဇာတင်းတိမ် နှစ်၊ အဘိုးနှစ်ထောင့်သုံးရာ့ငါးဆယ်ထိုက်သော ကတ္တီပါတင်းတိမ်နှစ်၊ အဘိုးများစွာထိုက်သော အုပ်မျိုးထည်မျိုး တရာ လက်ဖွဲ့တော်မူသည်။

သမီးတော် ဟင်းသာတန္ဒီစားမင်းသမီးက ရွှေသပြာ တရာ့နှစ်ဆယ် ခုတ်သော ပတ္တမြားနှစ်ရာ စီခြယ်သော အဘိုး နှစ်ထောင့်တရာ့ခြောက်ဆယ်ထိုက်သော ရတနာရွှေဖလား၊ ရွှေသပြာ သုံးရာ့ငါး ခုတ်သော အဘိုးခြောက်ထောင့်တရာ့တဆယ်ထိုက်သော ရွှေချိုးခုနစ်၊ ရွှေသပြာ တရာ့နှစ်ဆဲ့ငါးခုတ်သော အဘိုး တထောင့်နှစ်ရာ့ငါးဆယ် ထိုက်သော ရွှေကလပ်၊ ရွှေသပြာ နှစ်ဆယ်ခုတ်သော အဘိုး လေးရာ့ငါးဆဲ့ငါး ထိုက်သော ရွှေကတီပြား၊ အဘိုးများစွာထိုက်သော မြခြယ်သော ရွှေအုပ်ဆောင်း၊ အုပ်မျိုးထည်မျိုး တရာ လက်ဖွဲ့သည်။

သားတော် ပြည်မင်းက ရွှေသပြာ နှစ်ရာ့ငါးဆယ်ခုတ်သော နဝရတ် အချက် ပတ္တမြားသုံးရစ်စီသော အဘိုး လေးထောင့်သုံးရာ့ကိုးဆယ်ထိုက်

သော ရတနာရွှေဖလား၊ ရွှေသပြာ နှစ်ရာ့ငါးဆယ်ခုတ်သော ပတ္တမြားသုံးရစ်စီ၊ အဘိုး လေးထောင့် သုံးရာ့ကိုးဆယ်ထိုက်သော ရတနာ ရွှေဖလား၊ ရွှေသပြာနှစ်ရာ့ငါးဆယ်ခုတ်သောအဘိုး ငါးထောင်ထိုက်သော ရွှေလင်ပန်း၊ ရွှေသပြာ တရာ့ကိုးဆဲ့ရှစ်ခုတ်သော ပတ္တမြားစီ၊ အဘိုး သုံးထောင့်ငါးရာ့တဆဲ့နှစ်ထိုက်သော ရတနာနားဆွဲတော်အရံစုံ၊ အုပ် မျိုးထည်မျိုး သုံးဆဲ့နှစ် လက်ဖွဲ့သည်။ ။သားတော်ပုသိန်မင်းက ရွှေစင်တထောင်၊ အုပ်မျိုးထည်မျိုးတရာ လက်ဖွဲ့သည်။

သားတော် တောင်ငူမင်းက ရွှေသပြာ ငါးရာခုတ်သော ပတ္တမြားစီအဘိုး ရှစ်ထောင့်ခုနစ်ရာ့ ရှစ်ဆယ်ထိုက်သော ရတနာရွှေဖလား၊ ရွှေသပြာ ငါးဆဲ့ခြောက်ခုတ်သော ပတ္တမြားစီ အဘိုး ကိုးရာ့ကိုးဆဲ့ခြောက်ထိုက်သော ရတနာရွှေစွယ်ခွေးတော် အရံစုံ၊ ရွှေစင်ငါးရာ၊ ပတ္တမြားကျောက်လွတ် နှစ်ထောင်၊ အုပ်မျိုးထည်မျိုး ငါးဆဲ့နှစ် လက်ဖွဲ့သည်။

သားတော်ပုဂံမင်းက ရွှေသပြာတရာခုတ်သော နဝရတ်အချက်တပ်၊ ပတ္တမြားတရစ်စီ၊ အဘိုး တထောင့်ခုနစ်ရာ့ ငါးဆဲ့ခြောက် ထိုက်သော ရတနာရွှေဖလားနှစ်၊ ငွေသပြာ ခြောက်ထောင့်တရာ့ကိုးဆယ်ခုတ်သော ငွေအင်၊ ရွှေစင်လေးရာ၊ အုပ်မျိုးထည်းမျိုး လက်ဖွဲ့သည်။

သားတော် ပုခန်းမင်းသားက ပတ္တမြားကျောက်လွတ် တထောင့် ခုနစ်ရာ့နှစ်ဆယ်၊ ရွှေစင်ငါးရာ၊ ထည်မျိုးအုပ်မျိုး ငါးဆဲ့ခြောက်-လက်ဖွဲ့သည်။ ။သားတော် မိုးမြိတ်မင်းသားက ရွှေစင်ငါးရာ၊ ထည်မျိုးအုပ်မျိုးလေးဆယ်။

သားတော် သီပေါမင်းသားက ရွှေသပြာတရာခုတ်သော နဝရတ်ချက်တပ် ပတ္တမြားစီ၊ အဘိုး နှစ်ထောင့် ငါးရာ ထိုက်သော ရတနာရွှေဖလား၊ ရွှေစင်တရာ့ငါးဆယ်၊ ထည်မျိုးအုပ်မျိုး ခုနစ်ဆယ်။

သားတော် သန်လျင်မင်းသားက ရွှေသပြာ နှစ်ရာခုတ်သော အဘိုး ငါးထောင်ထိုက်သော ရွှေဖလား၊ ထည်မျိုးအုပ်မျိုး ငါးဆယ်။

သားတော် ကနောင်မင်းသားက ရွှေသပြာ နှစ်ရာ့ငါးဆယ် ခုတ်သောအဘိုးငါးထောင်ထိုက်သောရွှေဖလား ထည်မျိုးအုပ်မျိုးငါးဆယ်။

သားတော် မကွေရာမင်းသားက ရွှေသပြာ ငါးရာခုတ်သော အဘိုး တသောင်းထိုက်သော ရွှေဖလား၊ အုပ်မျိုးထည်မျိုး တဆယ်။

သားတော် မင်းတုန်းမင်းသားက ရွှေသပြာ နှစ်ရာ့ငါးဆယ် ခုတ်သော အဘိုးငါးထောင်ထိုက်သောရွှေဖလား၊ အုပ်မျိုးထည်မျိုးတဆယ်။

သားတော် လှိုင်မင်းသားက ရွှေသပြာ နှစ်ရာ့ငါးဆယ် ခုတ်သော အဘိုး ငါးထောင်ထိုက်သော ရွှေဖလား၊ ထည်မျိုးအုပ်မျိုး တဆယ် လက်ဖွဲ့သည်။

ထိုပြင် မင်းသား, မင်းမြေး, ဆွေတော်မျိုးဘော်, စော်ဘွား,မြို့စား, မြို့ဝန်, စစ်ကဲ, မှူးတော်မတ်တော်, သူဌေးသူကြွယ်, စုရေးစုကိုင်, ဒိုင်းမှူးသင်းမှူး, မြင်းစီး မြင်းခေါင်း, အဝှန်း သွေးသောက်ကြီး, မြို့ရွာသူကြီး, မြေတိုင်ကလန်သံပျင်, စချီစမာ, ဆိပ်စားတည်စားတို့က အသီးအသီး ရွှေဖလား-ငွေဖလား,ရွှေသားငွေသားထည်းမျိုးအုပ်မျိုးအထိုက်အလိုက် များစွာမရေမတွက်နိုင် လက်ဖွဲ့ကြသည်။

ပြီးလျှင် ဆင်မင်းကို အစဉ်အတိုင်း ခြံရံဆောင်ယူ၍ ထီးဖြူစသော မင်းမြောက်တန်ဆာ မင်းခမ်းမင်းနား အဆောင်အယောင် ကျင်းပလျက် ဆင်မင်းနန်းတွင်ထားပြီးလျှင် လက်ဝှေ့လက်ပန်း ဇာတ်ကြီးဇာတ်စုံရပ်ကြီး ရပ်သေးစသော ပွဲသဘင်ကြီးစွာ ခံတော်မူသည်။

ဆဒ္ဒန်ဆင်မင်းကို တွေ့မြင်ရင်းသူ ငပန်းဦးကို-ဗျတ္တာသီရိဘွဲ့၊ ငတော်ကို-ဗျတ္တာသူရိန်ဘွဲ့၊ ငကနီကို-ဗျတ္တာဇေယျဘွဲ့၊ ငမောင်ကို-ဗျတ္တာဇေတဘွဲ့နှင့် ငွေစင်ငါးရာ, ရွှေဖလား ငါးရာ, ငွေဖလားငါးရာ, ဝိတ်အုပ်ငါးရာ, ကမ္ဗလာငါးရာ,ဆာပါအုပ်ငါးရာ, ဝိုးကျစ်စုံပုဆိုး ငါးရာ ဆုပေးတော်မူသည်။

အမတ်ကြီး မဟာမင်းလှကို-ဆဒ္ဒန်ဆင်မင်းဝန်၊ရွှေတောင်နရာကျော်, ရွှေတောင်သီဟကျော်သူတို့ကို-ဆဒ္ဒန်ဆင်မင်းဝန်ထောက်၊ ဂဇကျော်သူ, လက်ဝဲဇေယျတို့ကို- ဆဒ္ဒန်ဆင်မင်းနာခံ၊ ဘယကျော်စွာ, ဘယနန်သူ တို့ကို-ဆဒ္ဒန်ဆင်မင်းစာရေးကြီးခန့်တော်မူ၍လည်း ဆင်မင်းနန်းမှာ တက်သက်စီရင်ထိန်းအုပ်နေရသည်။ ။ထိုအခါ အရပ်ရပ် တိုင်းပြည်, မြို့, ရွာများက ဆင်မင်းကို အဖူးအမြော် ကြည်းကြောင်း ရေကြောင်း လာရောက်ကြသည်ကား-ကြည်း ရေ ငြိမ့်ငြိမ့်မွမ်းလျက် ရှိသတည်း။ ။ဆင်မင်းကို အဖူးအမြော်လာရောက်သည့် ယောကျ်ားမိန်းမ သက်ကြီးရွယ်ရင့်တို့ကိုလည်း ရွှေငွေဝတ်စားစုံ အထိုက်အလိုက် ပေးတော်မူ၏။

သက္ကရာဇ် (၁၁၆၈) တထောင့်တရာ့ခြောက်ဆဲ့ရှစ်ခု ပြာသိုလပြည့်ကျော် တဆဲ့နှစ်ရက်နေ့ မြောက်နန်းရှင် မိဖုရား သီရိမဟာစန္ဒာဘိရတနာဒေဝီ-နတ်ရွာစံသည်ကို ဘဝရှင်မင်းတရားကြီးဘုရား ရွှေမြို့တော်သို့ ဝင်ဘော်မူပြီးသျှင် မိဖုရားကြီးဘို့ကို သင်္ဂြိဟ်သည့်နည်း လွှတ်တော်အရွှေ

မြောက် နန်းမြို့တော် အတွင်းဝယ် ရွှေဝါစီးလျက် ထွက်တော် မူ၍ သင်္ဂြိဟ်တော်မူပြီးလျှင် နေပြည်တော်မှာသား‌တော် ဥပရာဇာကိုအစောင့် အနေထား‌တော်မူခဲ့၍ တပို့တွဲလဆန်း‌တရက်နေ့ မင်းကွန်းသို့ ထွက်တော် မူပြီး‌လျှင် မင်းကွန်း‌တဘက် အလယ်ကျွန်းနန်း‌တော်မှာ စံနေတော်မူ၏။

ဂုင်း‌တပို့တွဲလပြည့်ကျော်ခုနစ်ရက်နေ့ ယိုးဒယား‌က အထူး‌ထူး‌သော လက်ဆောင်‌တော် ရွှေပေရာဇသံများ‌နှင့် လာရောက်သည်‌ကို မင်းကွန်း စံနန်း‌တော်တွင် အဆက်အသံခံ‌တော်မူသည်။

တပို့တွဲလပြည့်ကျော်ဆယ်ရက်နေ့ မြေး‌တော် စစ်ကိုင်းမင်း‌ကို သီရိ ပဝရ မဟာဓမ္မရာဇာ-ဆုကိုပေး‌တော်မူသည်။

တပေါင်း‌လဆန်း‌ခုနစ်ရက်နေ့ မဇ္ဈိမတိုက်, သောဠသ တဆဲ့ခြောက် တိုင်း‌များ‌သို့ ပိဋကတ်ကျမ်း,လောကီကျမ်း‌များ‌ကို အဆောင်အယူ ကျွန် တော်များ‌ရှိ ရှေတောင်သာဂသူ, ရှေတောင်သီရိစည်သူ တို့‌ကို စေတော်မူ သည်။

တပေါင်း‌လဆန်း‌ဆဲ့ငါး‌ရက်နေ့ သား‌တော် မိုး‌မြို့မင်း‌သား သတိုး မင်း‌ရဲရှေတောင်, သန်လျင်မင်း‌သား သတိုး‌မင်း‌လှကျော်ထင်, ကနောင် မင်း‌သား သတိုး မင်း‌လှကျော်ခေါင်, မက္ခရာမင်း‌သား သတိုး‌မင်း‌လှ ကျော်စွာ, မင်း‌တုန်းမင်း‌သား သတိုး‌မင်း‌လှနရာ, လိုင်မင်း‌သား သတိုး မင်း‌ရဲကျော်ထင်တို့‌ကို စလွယ် တဆဲ့ရှစ်သွယ်၊ သား‌တော် အင်ထောက် သာ မင်း‌သား,ကျောက်ပန်း‌တောင်း‌မင်း‌သား, ပတ္တနဂိရိမင်း‌သား,ဆော မင်း‌သား, တောင်သာမင်း‌သား, မဖဲမင်း‌သား, မင်း‌တပ်မင်း‌သား, မြေး တော်ဆင်တဲမင်း‌သား‌တို့‌ကို ဗောင်း‌ကတ္တီပ‌ါနှီ ရွှေသား‌ပန်း‌ကိုး၊ တမာ ရွက်ထောင် ကိုး၊ ကတ္တီပါဝတ်လုံ ဘဲရုံတဆင့်တပ်၊ စလွယ် တဆဲ့နှစ် သွယ်၊ ရွှေကျပ်မြင်း‌မိရ ကြိုတ်ခွက်အစုံ၊ လက်ဘက်အိုး‌လေး‌ထောင့်၊ ရွှေ ထွေး‌အင်၊ ကျိုင်း‌ဆင်စွယ်အထွတ်နှစ်၊ မြင်း‌ကကိုင်း‌ညောင်ရွက်ခုနစ် နင်း နှင်း‌သိပ်၊ ရွှေဇဝါအိမ်မြောင်ရင်ပတ်ကွင်း၊ ဇက်ပါး‌ကာ ရွှေဇဝါပိန်း၊ ကတောင်ရွှေရေး တိုး‌ရပ် ခြုံး‌သေး‌သွတ် အနား‌သံလေး‌သစ်ရွှေပိန်း၊ ရွှေ ကုံး‌စိန်‌ထောင်‌ကိုး၊ ရွှေထိပ်ရွှေထွတ် ငှက်မြတ်နား စိန်ထွတ် တဆဲ့နှစ်၊ ပါး‌ကာနား‌ကာ မောက်ရှု ပါလည်ကွေး ရွှေကာ နောက်‌ကာ ကတ္တီပါ နီယက်ပြား‌သတ်၊ မျဉ်း‌တိုကတ္တီပါစိမ်း ယက်ပြား‌သတ်၊ မျဉ်း‌ရှည်ကတ္တီပါ နက် ယက်ပြား‌သတ်၊ ထမ်း‌စင်ခွက်ဦး‌တဘက်ပါ ထောင့်ကြွေး‌စည်တိုင် အဖြေမျဉ်း‌နား‌သတ်၊ ခါး‌ပန်း‌စက်မှာ လက်ဝဲလက်ယာ လျှံငါး‌ဝန်း‌စီ,

ဦးနှစ်ဝန်းစို့ ထုပ်ရှေနောက် ခြောက်ဝန်း, စက်အတွင်း ဆင်စွယ်ကြွယ်၊ စက်နှင်းညောင်ရွက်ဆင်စွယ်၊ ကံ့ပတ်နားအတွင်းပြင်ဆင်စွယ်၊ ပွတ်ခြမ်းကြက်ရင် ကုလားပန်းအိမ် ဆင်စွယ်ငါးတန်၊ လည်သီးအထက် အောက် ဆင်စွယ်မှော်သေး၊ ကြေးစည်တိုင်ဆင်စွယ်တပ်၊ ဘဝါအတွင်း ညောင်ရွက်ဆင်စွယ်တပ်၊ ထမ်းစင်ပေါင် ဆင်စွယ်ကိုးတန်ပေးတော်မူသည်။

သားတော် လင်တခေါင်မင်းသား, ခေါသန္တိမင်းသား, ရေနံသာမင်းသား, ဆွန်းတောင်မင်းသားတို့ကို နဖူးစည်း ဇာဖောက်ရောင်ပြားခံစိန်ထောင်တပ်ပါရှေသား၊ ကတ္တီပါဝတ်လုံဘဲရုံတဆင့်တပ်၊ ရှေစလွယ်တဆဲနှစ်သွယ် ပေးတော်မူသည်

သားတော် ရနောင်မင်းသားမှာ အဆောင်အရွက်နည်းတူနှင့် မင်းရဲမင်းကျော်ဘွဲ့ကိုပေးတော်မူသည်။ ။ထိုနှစ် မင်းကွန်းတဘက် အလယ်ကျွန်း နန်းတော်ဝယ်စံနေတော်မူကြွေက် သက္ကရာဇ် (၁၁၆၈) တထောင့်တရာ့ခြောက်ဆဲ့ရှစ်ခု တပေါင်းလပြည့်ကျော်လေးရက်နေ့ အရှင်မိဖုရားခေါင်ကြီး သီရိပဝရ မဟာရာဇိန္ဒာမင်္ဂလာရတနာဒေဝီ နတ်ရွာစံတော်မူသည်ကို စကြဝတေးမန္ဒာတ်မင်းတို့မိဖုရားကြီးကို သင်္ဂြိဟ်သကဲ့သို့ အခမ်းအနား ကြီးကျယ်စွာ စီရင်တော်မူပြီးလျှင် သားတော်, မြေးတော်, ဆွေတော်, မျိုးတော်, မှူးတော်မတ်တော် အပေါင်း မြို့ရံလျက် ရှေဝါနှင့် ထွက်တော်မူ၍ စံနန်းတော်အရှေမြောက်ယွန်းတွင် သင်္ဂြိဟ်တော်မူသည်၊ အလွန်လည်း ကြေကွဲတော်မူ၏။

ထိုနှစ်မဏိပူရစော်ဘွားမဟာရာဇာ,ညီ-ဇူပရာဇာတို့သည်ဘုန်းတော်ရှိန်ကို မခံဝံ့သောကြောင့် သမီးကညာ လက်ဆောင်လက်နက် ဆက်သ၍ ကျွန်တော် ခံရသည်ဖြစ်မှ မဏိပူရ ပြည်ဝယ် စည်းစိမ် မပျက် ပြည်သူသတ္တဝါအပေါင်းနှင့်တကွ ချမ်းသာရာရကြမည် အကြံဖြစ်ကြ၍ ဆက်သရန် သမီးကညာလက်ဆောင်တော်များကို အမှူးအမတ်တို့နှင့်တိုင်ပင်ရွေးချယ်ကြလျှင် ဇူပရာဇာက အစ်ကိုယ် မဟာရာဇာတွင် သမီးရင်းချာမရှိသည်မှာ ကျွန်ုပ်သမီးကိုပင် ဆက်သပါတော့ဆိုသည်ကို မဟာရာဇာနှင့် အမှူးအမတ် တစုတို့ မကြိုက်မညီကြ၍ မဟာရာဇာ ဘထွေးသမီး အသက်တဆဲ့သုံးနှစ်အရွယ်ကို ဆက်သမည် တိုင်ပင်ညှိနှိုင်းကြ၍ သမီးကညာ ဆက်သပါရမည့် အကြောင်းကို အထူးထူးသော လက်ဆောင်တော် ထည်မျိုး အုပ်မျိုးများနှင့် ခြေတော်ဦးခိုက် အလျောက် အထားကျိုဝန် ငကရုံပ, ကင်းဝန် ကုမ္မာဘို့ကို မဟာရာဇာက စေလွှတ်လေလျှင်

ဇူပရာဇာစိတ်နှလုံးမသက်မသာရှိသောကြောင့် အစ်ကိုယ်မဟာရာဇာကို မပြောမဆိုမတိုင်မကြား ငါ့သမီးကို ငါကိုယ်တိုင်သွား၍ ဆက်မည်ဟုဆိုပြီးလျှင် ရုံးမိသမျှကျေးကျွန်ခြွေရံသင်းပင်းတို့နှင့် သမီးရှစ်နှစ်ရွယ်သူကိုယူ၍ မင်္ဂလာပူရမြို့ကထွက်လာခဲ့သည်၊နတ်ကျွန်းအောင်မြေ ကင်းတပ်တော်သို့ရောက်လျှင် ဇူပရာဇာ သားအဘနှင့် ပါသမျှကျေးကျွန် ခြွေရံသင်းပင်းတို့ နတ်ကျွန်းအောင်မြေကင်းတပ်တော်တွင် ရပ်နေ၍ သမီးကို ဆက်သပြီးလျှင် အမှုတော်ကိုထမ်းရွက်ပါရမည့်အကြောင်းနှင့် ဇူပရာဇာက မြေတော်ဦးခိုက် အလျောက်အထား အမတ်ငဖြူကို စေလွှတ်သည်၊ မဟာရာဇာက အလျောက်အထားစေလွှတ်သူ ကျိုင်းကရုံပ,ကင်းဝန်ကုမ္မာ, ဇူပရာဇာက အလျောက်အထား စေလွှတ်သူ အမတ်ငဖြူတို့ အစုံအညီမြေရင်းတော်သို့ရောက်လာ၍ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရား ကြားတော်မူလေလျှင် အမိန့်တော် ရှိသည်ကား....ငါသည် ခင်ဗျားသော သတ္တဝါအပေါင်းတို့ကို သနားတော်မူသောကြောင့် ဦးထိပ်၌ စိုက်သွန်းအပ်သော မုဒ္ဓါဘိသိက်ခံ၍ မင်းပြုတော်မူသည်၊ ယခု မင်္ဂလာပူရ မဟာရာဇာ,ညီဇူပရာဇာတို့နှစ်ဦးကပြုင်၍ အလျောက်အထားရောက်ကြသည်မှာ မင်္ဂလာပူရ တပြည်တည်းတွင်ပင် မညီမညွတ် စိတ်နှလုံးကွဲပြားလျက်ရှိသည်၊ အစ်ကိုယ်မဟာရာဇာ,ညီဇူပရာဇာတို့ နှစ်ဦး မညီမညွတ်စိတ်နှလုံးကွဲကြလျှင် မင်္ဂလာပူရတပြည်လုံး ချမ်းသာရာ ရနိုင်ကြမည် မဟုတ်မဟာရာဇာနှင့် ဇူပရာဇာတို့ တညီတညွတ်တည်း သင့်တင့်ကြမှ ပြည်နေသတ္တဝါအပေါင်းတို့ချမ်းသာရာ ရနိုင်ကြမည်ဖြစ်သည်၊ ဇူပရာဇာကို မင်္ဂလာပူရမြို့သို့ပြန်သွားစေ- မဟာရာဇာ, ဇူပရာဇာတို့ တဘသားချင်း ဖြစ်ကြသည်နှင့်အညီ အစ်ကိုယ်မဟာရာဇာက ညီဇူပရာဇာကို မရွှတ်မချ ရှေးထက်ဘိုး၍ သိမ်းပိုက်မစစေး၊ ညီအကိုယ်နှစ်ဦးက ဆက်သလိုသည့် သမီးကညာ များမှာလည်း နှစ်ဦး ဆက်သလိုသည့် အတိုင်း မင်္ဂလာပူရပြည်သို့ ဇူပရာဇာ ပြန်ရောက်သည့်ကာလ တညီတညွတ်တည်းတိုင်ပင်ဆက်သကြစေ-အမိန့်တော် ရှိပြီးလျှင် မဟာရာဇာက အလျောက်အထားလာလူကျိုင်းကရုံပ, ကင်းဝန်ကုမ္မာ၊ ဇူပရာဇာက အလျောက်အထားလာလူအမတ်ငဖြူတို့ကို အထိုက်အလိုက် ဆုပေးတော်မူ၍ မြေရင်းတော်ကသာလွန်ဝေသော် ရဲလှကျော်ခေါင်, ပျံချီဝေသော်, သီဒွိဗလတို့ကို မြင်းတရာ, သေနတ်စွဲသူရဲတထောင်နှင့် မင်္ဂလာပူရမြို့တိုင်အောင် လိုက်ပို့စေ-ခန့်ထားလိုက်ပို့စေသည်။

သာလွန်ဝေသော်တို့ တပ်တော်များ နတ်လွှာန်းအောင်မြေ ကင်းတပ်တော်သို့ မရောက်မီ ဇူပရာဇာလည်း သမီးနှင့် အခြွေအရံ စုံရာ တို့ကို နတ်ကွန်းအောင်မြေကင်းတပ်တော်တွင် တဲကန္ဒားအလုံအခြို ဆောက်ထားခဲ့ပြီးလျှင် ချင်းတွင်းမြစ်အနောက်ဘက် သုံးရက်ခရီးကွာ တမူးအရပ်ကနေ၍ ပန်းသာရွာ, အောက်တောင်ရွာ, မင်သာရွာ, ကွန်တောင်ရွာ, စောနဲရွာ, အနန်ရွာစသော အစွန်အနားကျေးရွာများကိုသိမ်းယူ၍ လူတထောင်ကျော်လောက် ရုံးစုမိလျှင် မဏိပူရမြို့သို့ပြန်လည် ချီသွားသည်။

မဟာရာဇာကလည်း ဇူပရာဇာထွက်သွားလေလျှင်အရေးအကြောင်းမြော်ထောက်၍ ခရီးလမ်းတလျှောက် တပ်အထောက်ထောက်ခန့်ထားရပ်ခံနေစေသည်၊ ဇူပရာဇာလည်း တမူးကချီတက်၍ မဟာရာဇာကခံနှင့် စေသည့်တပ်စုကို အပြင်းတိုက်၍ မဏိပူရမြို့ရောက် ချီပြီးလျှင် မဟာရာဇာအမွေအလျော် နေရာ ချက်တဖြုတ် ဝင်၍ တိုက်သည်တွင် မဟာရာဇာလည်း မြို့အနောက်ဖလီခင်းစျေးကုန်းသို့ ဆုတ်ခွာနေရချေ၏။ ဇူပရာဇာလည်း မဟာရာဇာ ဆုတ်ခွာလေလျှင် မဟာရာဇာဟော်ကို မီးတိုက်ရှို့သည်နှင့် နောက် မဟာရာဇာက ဗိုလ်ပါလူသူစည်းကြပ်ရုံးစုမိ၍ တိုက်ပြန်သည်တွင် ဇူပရာဇာ အင်အားမတန်၍ ရုံးမိသမျှလူတို့နှင့် တမူးအရပ်သို့ ဆုတ်ခွာနေရ၏။

ခြေရင်းတော်က သံတို့ကို အပို ခန့်တော်မူသည့် သာလွန်ဝေသော်တို့ တပ်တော်များသည်း ဇူပရာဇာကို နတ်လွှာန်းအောင်မြေတွင် မတွေ့၊မဏိပူရသို့ချီသွားနှင့်ကြောင်းကို ကြားလေလျှင် ချင်းတွင်းမြစ်ကိုကူး၍ မရပ်မဆိုင်း ချီလိုက်သည်၊ တမူးသို့ရောက်၍ ဇူပရာဇာနှင့်တွေ့လျှင် သာလွန်ဝေသော်တို့က မဟာရာဇာ, ဇူပရာဇာတို့ ညီအစ်ကိုယ်နှစ်ဦးတို့ချစ်ကြည်မြဲချစ်ကြည်ကြ၍ အသင့်အတင့် မဏိပူရမြို့ဝယ် နေကြရမည် အကြောင်းကို အမိန့်တော်ပြန်ရမည်ဟု ခန့်တော်မူ၍ ငါတို့ချီလာရသည်ဟု ဇူပရာဇာကို ပြန်ဆိုနေသည့်အတွင်း မဟာရာဇာက ဇူပရာဇာကိုအတိုက်အဖမ်းခန့်သည့်ဆယ်တပ် တမူးအရပ်အနီးအပါးရောက်လာကြောင်းကို သာလွန်ဝေသော်တို့ ကြားသိသောကြောင့် မဏိအာကာကျော့,ငလှတို့ကိုစေ၍ မဟာရာဇာက ဇူပရာဇာကိုလိုက်လံဖမ်းဆီးသင့်သည်မဟုတ်၊ဇူပရာဇာနှင့် မဟာရာဇာတို့ စိတ်နှလုံးကွဲ၍မသင့်မတင့်ရှိသည်ကိုအသင့်အတင့်နေကြရမည်-ဆင်ဖြူမျှားသခင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရားအမိန့်တော်ကို ပြန်မည် ငါဘို့လာရသည်၊ တပ်ကိုရုပ်သိမ်း၍ မဏိပူရမြို့ရောက်ပြန်ကြလေ

ဟု ဆင့်ဆိုလျှင် မဟာရာဇာက ခန့်ထားချီလာသည့်ဆယ်ကပ်လည်း တပ်ကိုရပ်သိမ်း၍ မဏိပူရမြို့သို့ပြန်ကြ၏။

ယင်းသောအခါ သာလွန်ဝေသော်တို့က မဟာရာဇာ, ဇူပရာဇာတို့ ညီအစ်ကိုယ်နှစ်ဦးကို သင့်တင့်အောင်ပြောဆို၍ မဏိပူရမြို့မှာ ထားခဲ့ရမည်-အမိန့်တော်ပါသည်။ မဏိပူရမြို့သို့ ဇူပရာဇာ လိုက်ခဲ့ရမည့် ခေါ်သည့်တွင် ဇူပရာဇာကဆိုသည်ကား-ရွှေဘဝါးတော် အောက်သို့ သမီးဆက်သမည့် တိုင်ပင်ကြသည့်ကာလ မဟာရာဇာတွင် သမီးရင်းချာမရှိသောကြောင့် ကျွန်ုပ်တွင်ရှိသည့် သမီးကို ဆက်သပါမည် ဆိုသည်ကို အစ်ကိုယ်မဟာရာဇာ မနာမယူ ဘထွေးတော်သမီးကို ဆက်သမည် ဆိုသောကြောင့်စိတ်နှလုံးကွဲပြား၍ အလျောက်ထွက်လာခဲ့ပြီးလျှင်အစ်ကိုယ် မဟာရာဇာကို ပြန်၍ တိုက်လံလုပ်ကြံသည့်အပြစ် ကျွန်ုပ်တွင်ရှိသည်ဖြစ်၍ မဏိပူရမြို့သို့ မလိုက်ဝံပါ၊ သမီးရှိရာ နတ်ကျွန်းအောင်မြေကင်းတပ်တော်သို့ ပို့ထားနေပါရစေ၊ ကျွန်တော်ခံ၍ အမှုတော်ကို ထမ်းရွက်ပါမည်၊ ဘဝရှင်မင်းတရားကြီးဘုရား လက်ခံတော်မမူလျှင် အနောက်ကုလားပြည်သို့ အသက်လွတ်ကြောင်း ထွက်ပြေးနေပါတော့မည်၊ အစ်ကိုယ် မဟာရာဇာစိတ်ပြေ၍ ခေါ်သည့်ကာလမှ မဏိပူရမြို့သို့ချဉ်းဝံ့မည်ဟု ဇူပရာဇာဆိုလေလျှင် ဇူပရာဇာက ပြောဆိုသည့်စကားမှာလည်း ရွှေဘဝါးတော်အောက်သို့ အပန်းတကြီး ကျွန်တော်ခံဝင်ရောက်လိုလှသည့် စကားပင်ဖြစ်သည်၊ ငါတို့ မဏိပူရမြို့ရောက်ချီသွား၍ မဟာရာဇာကို အမိန့်တော်ပြန်ပြီးလျှင် မဟာရာဇာ သဘောငြိမ်ဝပ်သည့်ကာလမှ မဟာရာဇာ,ဇူပရာဇာတို့က ဆက်သသည့် သမီးကညာ လက်ဆောင်တော်များနှင့် ရွှေဘဝါးတော်အောက် ငါတို့ရောက်ရလျှင်လည်း အမှုတော် အရေးတော်ကုံသည်ပင် ဖြစ်သည်ဟု သာလွန်ဝေသော်, ရဲလှကျော်ခေါင်၊ ပျံချီဝေသော်,သိဒ္ဓိဇလတို့ တိုင်ပင်ညှိနှိုင်းတိုက်တွန်း၍ ဇူပရာဇာကို နတ်ကျွန်းအောင်မြေကင်းတပ်တော်မှာ သမီးနှင့်အတူ ပို့ထားနေစေသည်။

မဟာရာဇာကလည်း တမူးရောက် တပ်တော်များကို လက်ဆောင်ပဏ္ဏာများရိက္ခာ ပေးပို့ထောက်ပံ့လာသည်၊ ယင်းသောအခါ ရွှေဘဝါးတော်အောက်ကပါသည့် မဏိပူရသံ ကျိုဝန်ငကရုံပ, ကင်းဝန် ကုမ္မာတို့က မဏိပူရမြို့မှာလည်း ဇူပရာဇာ ဖျက်ဆီးမီးတိုက်၍ စိတ်နှလုံး မသက်မသာရှိကြသည်၊ ဇူပရာဇာလည်း ကင်းတပ်တော်တွင် ရပ်နေလျက်ရှိသည်၊ တပ်တော်များ သည်ကတိုး၍တက်လျှင် မဏိပူရမြို့ ထိတ်လန့်

မည်မျှအကြောင်းရှိပါသည်၊ကျွန်တော်တို့ အလျင်သွားနှင့်ရမှ မဟာရာဇာစသော မှူးမတ်ပြည်သူ အပေါင်းတို့ အကြောင်းမျိုးကို စေ့စုံစွာ သိရ၍ စိတ်နှလုံး ငြိမ်ဝပ်မည်ဆိုလျှင် သာလွန်ဝေသော်တို့က ကျိုက်ခန် ငကရုံပ, ကင်းဝန်ကုမ္ဘာတို့ကို မဏိပူရမြို့သို့ အလျင်စေလွှတ် သွားနှင့်စေပြီးလျှင် နောက်မှ သာလွန်ဝေသော်တို့တပ်တော်များ ချီလိုက်ကြရသည်၊ မဏိပူရမြို့သို့ရောက်လျှင် ဗိုလ်မှူးတပ်မှူးသူရဲတော်တို့နေရန် ဆောက်လုပ်ထားနှင့်သည့်တဲတွင် ချထားရပ်နေ၍ မဟာရာဇာစသော မှူးမတ် တစုတို့ကို ဟော်ဦးတွင် စုရုံးစေပြီးလျှင် အမိန့်တော်မှာစာများကို ဖတ်ပြန်သည်၊ မဟာရာဇာစသောမှူးမတ်အပေါင်းတို့လည်း ဦးသုံးကြိမ်ချပြီးလျှင် လက်အုပ်ချီ၍ အမိန့်တော်မှာစာများကို နာခံသည်၊ ပြီးလျှင် သာလွန်ဝေသော်ကပြန်ဆိုသည်ကား- "ငါတို့အရှင် ဆဒ္ဒန်ဆင်မင်းသခင် အသျှင်ဘဝရှင်မင်းတရားကြီး ဘုန်းတော်တန်ခိုးတော် နေလကဲ့သို့ တောက်သည်ဖြစ်၍ ဂန္ဓာရရစ်တိုင်းတရပ်ဥဒညမင်းပြည်စသောတိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့က သမီးကညာ, အထူးထူးသောလက်ဆောင်လက်နက်ဆက်သဖူးရောက်လာသမျှ မင်းအပေါင်းတို့ကို ရှေ့ရင်တော်၌ ဖြစ်သောသားနှင့်အတူ ချစ်ကြည်သနားတော်မူ၍ အထူးသဖြင့် ချီးမြှင့်ပြုစုတော်မူကြောင်း"ကို ပြောဆိုလျှင် မဏိပူရ မဟာရာဇာ ဆိုသည်ကား-ရှေးအထက်ကမှာ ဘုန်းတော်ကျေးဇူးတော်ကို တဆင့်စကားမျှကြားသိရပါသည်၊ ယခုမှာ စေလွှတ်သည့်သံ ငကရုံပ,ကုမ္ဘာတို့ခြေရင်းတော်က ပြန်ရောက်၍ ပြောဆိုလျှင် ကိုယ်တိုင်တွေ့ကြုံဖူးမြင်ရသကဲ့သို့ အံ့ဩချီမွမ်း၍ မကုန်အောင်ရှိပါသည်၊ ဘုန်းတော်ကိုခိုလှုံရ၍ ချမ်းသာရာရမည် မသွတ်ဖြစ်ပေတော့သည်ဟုပြန်ဆိုသည်၊နှမတော် အသက်တဆဲသုံးနှစ်ရွယ်မင်းသမီးကိုလည်း အထက်လျှောက်ထားရင်းအကိုင်း ဆက်သပါတော့မည်ပြောဆို၍ မင်္ဂလာအိမ်တော်ဆောက်လုပ်ပြီးလျှင် အထိမ်းအယ အခြေအရံဘို့နှင့် မြို့ကသွက်၍နေစေသည်၊ သာလွန်ဝေသော်,ရဲလှကျော်ခေါင်, ပုံချိဝေသော်, မဏိအာကာကျော်, သိဒ္ဓိဗလ, ငလှ. ငလေးတို့ကိုလည်း မြင်းကြီးကအစုံ,ထည်မျိုးအုပ်မျိုး အထိုက်အလိုက် အစေ့အငှ ပဏ္ဏာဃက်ဆောင် မဟာရာဇာက ပေးကမ်းပြီးလျှင် မင်းသမီးနှင့် အထိမ်းအယသင်းပင်းခြွေရံ လူငါးရာကျော် ဆက်သရန် လက်ဆောင်တော် မြင်းကြီးကစုံဘဆယ်, ထည်မျိုးအုပ်မျိုး, အထူးထူးသော လက်ဆောင်တော်သျှောက်ဗာများနှင့် မင်းသမီးမောင် ဝန်ကြီး သီရိဆော်တော်, အတွင်း

ဝန်ဒုဝန်, ကင်းဝန်ကုမ္မာ, ဝင်းမူးလာဘံလဗ, ပုဏ္ဏားကြီး ဘဂ္ဂါဇာလိတို့ကို ထိန်းအုပ်ကြပ်မစေ၍ တန်းခူးလဆန်းသုံးရက်နေ့ မဏ္ဍပူရမြို့က စန္ဒားကြောင်း အဆက်အသစေလွှတ်သည်၊ သာလှဝေသော်တို့တပ်တော်များလည်း မင်းသမီးနှင့်အတူ ထွက်လာခဲ့၍ ဇူပရာဇာရှိရာ နတ်ကျွန်းအောင်မြေ ကင်းတပ်တော်သို့ အရေးအလုံးစုံ သင့်တင့် ပြီးပြေငြိမ်ဝပ်ကြောင်းကို စေလွှတ်ဆင့်ဆိုစေ၍ စန္ဒားမြစ်ဆိပ်သို့ရောက်လျှင် မင်းသမီးနှင့်အခြေအရံ လူငါးရာကျော်ကိုလွှတက်ဖောင်ပန်းစီရင် တင်ဆောင်၍ သလွှာဝတီမြစ်ကြောင်းစုံနလာသည်၊ ရွှေဘဝါးတော်အောက်သို့လည်း မဏိပူရ မဟာရာဇာ, ဇူပရာဇာတို့ အမိန့်တော်ကို ဦးထိပ်ရွက်၍ အမှုတော်အရေးတော် ပြီးပြေကြောင်း၊ မဏိပူရကဆက်သသည့် သမီးကညာလက်ဆောင်တော်များနှင့် အထိမ်းအမှတ် အခြေအရံ လူငါးရာကျော်၊ သလွှာဝတီမြစ်ကြောင်း ဖောင်ပန်းလွှတက် စီရင် ဆောင်ယူခဲ့ကြောင်းများကို အလျှောက်အထား စေလွှတ်၏။

ဆင်ဖြူများရှင် ဘဝရှင်မင်းတရားကြီးဘုရားလည်း မဏိပူရမြို့သို့ စေတော်မူသည့် သာလှဝေသော်တို့က အလျှောက်အထားရောက်၍ မဏိပူရ အရေးတော် ပြီးပြေကြောင်းကိုကြားသိတော်မူလျှင် မဏိပူရကသည်း စော်ဘွားကဆက်သသည့် မင်းသမီးကို နောင်တော် ဆင်ဖြူရှင်လက်ထက် စန္ဒပူရီမင်းသမီးကို ဆက်သည်တွင် ကြိုယူသည့်နည်း သလွှာဝတီမြစ်ဆုံရောက် ခန့်ထား ကြိုယူစေ-အမိန့်တော်ရှိ၍ မင်းသမီးစီးရန် ယွန်းဆက်ဖောင်နီတစ်၊ လက်ဆောင်တော်တင်ရန် စကြောဖောင်တစ်၊အထုံးအမြိတ်အပြင်အဆင် ကတော်မယားတို့နှင့် ဝန်ကြီးဝန်ထောက်တို့ မြစ်ဆုံရောက် ကြပ်မကြိုယူစေ၍ သက္ကရာဇ် (၁၁၆၉) တထောင့်တရာ့ခြောက်ဆွဲကိုးခု ကဆုန်လဆန်း၀ါးရက်နေ့ ရွှေဘဝါးတော်အောက် ဆိုက်ရောက်လျှင် မဟာရာဇာကဆက်သည့် မင်းသမီးကို အနောက်ဘက် မင်းကွန်းတွင် ဆောက်ထားသည့်တဲမှာ ရပ်နေစေ၏။

ဇူပရာဇာကိုယ်နှင့်သမီးကညာကိုလည်း ကြိုဆို ဆောင်ယူစေ-အမိန့်တော်ရှိ၍ သေနတ်စွဲသူရဲနှစ်ရာနှင့် သာရပုံချီကိုကြိုယူစေသည်၊ ကဆုန်လပြည့်ကျော်၀ါးရက်နေ့ ရွှေဘဝါးတော်အောက် ဆိုက်ရောက်သည်ကိုလည်း ရပ်နေရန်ဆောက်ထားသည့် တဲကန္ဒားမှာနေစေသည်။

ဆင်ဖြူရှင်များသခင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရားလည်း မဟာရာဇာက အဆက်အသ လာရောက်သည့် အမတ်တို့နှင့် ဇူပရာဇာတို့

စည်းဝေးပြောဆိုကြစေ- အဓိန္ဒတော်ရှိ၍ ပြောဆိုကြရာ ဇူပရာဇာက ကျွန်တော်တို့ ညီနောင်ခိုက်ရန်ဖြစ်ကြသည်မှာ နောင်တော်မဟာရာဇာကို ဆိုစရာမရှိပေ ကျွန်တော့် အပြစ်သာဖြစ်ပေသည်၊ မပြစ်မှားရာသော နောင်တော်ကို ပြစ်မှားမိ၍ မင်္ဂလာပူရမြို့တွင်မျှမနေဝံ့ ရွှေဘုန်းတော်ကို ခိုလှုံရမှ အသက် လွတ်မည် အကြောင်းဖြစ်၍ ရွှေဘဝါးတော်အောက် ရောက်ပါရသည်၊ နောင်သည်ကဲ့သို့ မပြုမကျင့်ဝံ့ပါပြီ၊ ဆင်ဖြူများသခင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရား အဓိန္ဒတော် ရှိသမျှကို ဖောက်ပြန်ဝံ့မည် မဟုတ်ပါ-ဆိုး၍ ဝန်ကြီး သီရိဘော်တော်, အတွင်းဝန် ဒုဝန်, ကင်းဝန်ကုမ္ဘာ, ဝင်းမူး လာဘံလဗတို့ကလည်း ညီတော်နှောင်တော် နှစ်ပါး အသင့်အတင့် ဖြစ်စေချင်လှပါသည်၊ သင့်တင်အောင် ကိုလည်း မဟာရာဇာထံ လျှောက်ထားပါမည်ဆိုး၏။

ဇူပရာဇာနှင့် မင်္ဂလာပူရအမတ်တို့ ပြောဆိုကြသည့် စကားကို လျှောက်ထား ကြားသိတော်မူလျှင် မဟာရာဇာ, ဇူပရာဇာတို့က ဆက်သည့် မင်္ဂလာပူရမင်းသမီးနှစ်ဦးကို မူးတော်မတ်တော် ကတော်မယားတို့ ကျင်းပ မြှီရံစေလျက် ရတနာကန္ဒားနှင့်တင်၍ အဆက်အသ ခံတော်မူပြီးလျှင် အဓိန္ဒတော်ရှိသည်ကား ညီအစ်ကိုယ်နှစ်ဦးခိုက်ရန်ဖြစ်ကြသည့်အရာသည် အစ်ကိုယ် မဟာရာဇာကို ဆိုစရာမရှိပေ-ကျွန်တော့် အပြစ်သာ ဖြစ်ပေသည် မပြစ်မှားရာသော နောင်တော်ကိုပြစ်မှားမိ၍ မင်္ဂလာပူရမြို့တွင်မျှမရပ် မနေဝံ့ ဘုန်းတော်ကို ခိုလှုံရမှ အသက်လွတ်မည့် အကြောင်းဖြစ်၍ ရွှေဘဝါးတော်အောက် ရောက်ပါရသည်၊ အစ်ကိုယ်မဟာရာဇာကို နောင်မထူးထွေဝံ့ပါပြီဟု-ဇူပရာဇာကလျှောက်၍ ရှိသည်၊ မဟာရာဇာလည်း ပညာရှိသူပင်ဖြစ်သည်၊ အပြစ်ကိုပေးတတ်သော အမျက်ကို ရှင်သိမ်းပြီးလျှင် မဟာရာဇာက ရှေးကာလထက် တိုး၍ ညီဇူပရာဇာကို သားလည်း မှတ်, ညီလည်းမှတ်, ကျွန်လည်းမှတ်၊ ညီ ဇူပရာဇာ ကလည်း အစ်ကို မဟာရာဇာကို အဘလည်းမှတ်, အစ်ကိုယ်လည်း မှတ်, အရှင်လည်း မှတ်၊ ငါ့အဓိန္ဒတော်အတိုင်းမတည့် တဦးဦးက ဖောက်ပြန်လျှင် ဖောက်ပြန်သူကို မူးမတ်တို့နှင့် တပြည်လုံးက နှိပ်နှံဆုံးမကြရမည်-ဟု အဓိန္ဒတော်ရှိ၍ မင်းတုန်းမြို့ဝန် ရဲလှရာဇကျော်သူ, သေနတ်ဗိုလ် ရဲလှဟိုချီကျော်တို့ကို သေနတ်စွဲသူရဲနှစ်ရာနှင့် မင်္ဂလာပူရမြို့သို့ အဓိန္ဒတော်ပြန် အလျှင် သွားနှင့်စေပြီးလျှင် မဟာရာဇာကို ဆင်ပေါက်တစ်၊ ဓောင်း

ကတ္တိပါရွေသား တမာရွက်ထောင်ကိုး၊ စလွယ်တဆဲ့နှစ်သွယ်၊ ဝတ်လုံကတ္တိပါနှီ ဘဲရုံနှစ်ဆင့်တပ်၊ ဝတ်လုံကတ္တိပါစိမ်း ဘဲရုံနှစ်ဆင့်တပ်၊ မှိုင်းလုံးဝတ်လုံ တစ်၊ ရွှေကရားတစ်၊ ရွှေသားချိန် နှစ်ဝိဿာ၊ သာဒွာချိန်လေးပိဿာ၊ ငွေဒင်္ဂါးခြောက်ရာ၊ သက္ကလတ်နှီ သုံးကပ်၊ ရွှေဖျင် ပွင့်ကြိုးလိပ် တစ်၊ ရွှေဖျင်ပွင့်သေးလိပ် တစ်၊ ရွှေဆကာ ပန်းပြောက်လိပ် နှစ်၊ ငွေဆကာလိပ်နှစ်၊ ဖဲစုံလိပ် ခုနစ်၊ ဘယောအုပ် လေး၊ သုကန္တာရာအုပ် တစ်၊ ကြာချည်အုပ်နှစ်၊ တောက်တာအုပ်နှစ်၊ ကမ္မလာအုပ် သုံးဆယ်၊ သန္တာကြိုးသုံးသွယ်၊ သန္တာငယ် တဆဲ့နှစ်သွယ်၊ ပန်းကန်စုံ ငါးဆယ်၊ ဘန်ကတုန်းဘန်ဘလား နှစ်ဆယ်၊ ယွန်းအစ်ကြီး ငယ် ငါးဆယ်။

ဇူပရာဇာကိုလည်း ဆင်ပေါက်တစ်၊ ဗောင်းကတ္တိပါနှီရွေသားတမာရွက်ထောင်ကိုး၊ စလွယ်ကိုးသွယ်၊ ကတ္တိပါဝတ်လုံဘဲရုံတထင့်တပ်၊ နဂါးမောက်ဗောင်းဖြူ ရွှေဇာသတ် တစ်၊ ရွှေကရားတစ်၊ ငွေဒင်္ဂါးခြောက်ရာ၊ ငွေသားချိန်သုံးဝိဿာ၊ သန္တာကြိုးသုံးသွယ်၊ သန္တာငယ် တဆဲ့နှစ်သွယ်၊ ရွှေဖျင်ပွင့်ကြိုးလိပ် တစ်၊ ရွှေဖျင်ပွင့်သေးလိပ် တစ်၊ ရွှေဆကာပန်းပြောက်လိပ် နှစ်၊ ငွေဆကာလိပ် နှစ်၊ ဖဲစုံလိပ် ခုနစ်၊ ဘယောအုပ် ငါး၊ သုကန္တာရာအုပ်တစ်၊ ကြာချည်အုပ် နှစ်၊ တောက်တာအုပ် နှစ်၊ ကမ္မလာအုပ်သုံးဆယ်၊ ပန်းကန်စုံ ငါးဆယ်၊ ဘန်ကတုန်း ဘန်ဘလား နှစ်ဆယ်၊ ယွန်းအစ်ကြီးငယ်ငါးဆယ်။

မဟာရာဇာအမျိုးအမတ် ဝန်းကြီးသီရိဘော်တော်, အတွင်းဝန်ဒုဝန်, ဝင်းမှူး လာဘံလဗ, ကင်းဝန် ကုမ္မာတို့ကို ငွေဒင်္ဂါး,သက္ကလတ်အစိမ်း, အနှီ,အပြာ ထည်မျိုး အုပ်မျိုး အထိုက်အလိုက် ပေးတော်မူသည်။

မဏိပူရကပါသည့် သင်းပင်း ငါးရာကျော် ကိုလည်း ရွှေနားသန် ငါးရာကျော်၊ ကြေးအိုးငါးရာကျော်၊ ကြေးလင်ပန်းငါးရာကျော် အစေ့အငှပေးတော်မူပြီးလျှင် အာကာပျံချီ, ကျော်ထင်ဇေယ, ငစံမှတ်တို့ကို သေနတ်စွဲသူရဲငါးရာပေးအပ်တော်မူ၍ ဇူပရာဇာနှင့်တကွ အမျိုးအမတ်တစုတို့ကို မဏိပူရသို့ ၎င်းနှစ် နယုန်လဆန်းသုံးရက်နေ့ ပို့စေ၏။

သက္ကရာဇ် (၁၁၆၉) တထောင့် တရာ့ခြောက်ဆဲ့ ကိုးခု ပဌမဝါဆို လပြည့်ကျော်တဆဲ့လေးရက်နေ့ သီဟိုဠ်ကျွန်းက ဓာတ်တော် မွေးတော်များကို ပဋ္ဌင်းနှစ်, သာမဏေလေးပါးတို့ပင့်ဆောင်ရောက်သည့် ဓာတ်

တော် မွေးတော်များကို ရိုသေစွာ ကိုးကွယ်တော် မူသည်။ ။ထိုနှစ် မင်းကွန်း ပုထိုးတော်ကြီး မြောက်တွင် မြေးတော်စစ်ကိုင်းမင်းက တည် လုပ်တော်မူသည့် ရှင်ဖြူဘုရားရှင် အလုပ်အဆောင်အလုံးစုံပြီးပြေသည် ကို အရည်ဝါသီပုဂ္ဂိုလ်, ဂါမဝါသီပုဂ္ဂိုလ်,အရိယာသံဃာတော်မြတ်တို့ အား ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းတို့ အသုံးအဆောင် များစွာ လှူ တော်မူပြီးလျှင် ရေစက်သွန်းချတော်မူ၍ သာဓုအနုမောဒနာ ပြုတော်မူ သည်၊ ပွဲသဘင်ကြီးစွာလည်း ခံတော်မူ၏။

ရွှေတောင်သီရိစည်သူတို့ မဇ္ဈိမဒေသမှ ကျောက်ဆင်းတု နှစ်ဆူနှင့် ဆေးကျမ်းအမျိုးမျိုး အထည်ဆန်းများ ဆောင်ယူလာခြင်း

မဇ္ဈိမဒေသ သောဥသတိုင်းပြည်များသို့ ကျမ်းဂန်စာပေ အဆောင် အယူ စေလွှတ်တော်မူသည့် ကျွန်တော်မျိုး ရွှေတောင်သာဂသူ, ရွှေ တောင် သီရိစည်သူ တို့လည်း သာဂရမင်းကြီး ကောင်းမှု, သခ်ိမင်း ကောင်းမှု ကျောက်ဆင်းတုတော် နှစ်ဆူ၊ ကာမာယတန ဆေးကျမ်း၊ တန္တသာရဆေးကျမ်း၊ အာယုဝေဒ ဆေးကျမ်း၊ ဇန္ဓရစ်နာမကို ဆေး ကျမ်း၊ သမယဗျာဓိပဒေသ ဆေးကျမ်း၊ဂရိတစ်နာမကိုဆေးကျမ်း၊ ဇော တိသာရဆေးကျမ်း၊ ဒီဂိတတ္ထဆေးကျမ်း၊ အရဏဇလတောင်ထိပ် နံ့သာ တောမှဖြစ်သော အရောင်ခုနစ်ပါးရှိသော သတ္တရန်သီလာကျောက်၊ အရ ဏဝတီမြေ၊ ဂင်္ဂါမြစ်ရေ၊ ယမုနာမြစ်ရေများနှင့် အဘိုး များစွာထိုက် သော စိန်သုံး၊ ဆဒ္ဒန်ရတနာ ဆင်ဖြူလည်ဦ ဆင်ရန် ရွှေ, ငွေ, ပုလဲ ရတနာမျိုးစိမြယ်သော တန်ဆာ၊ သုရဘိမည်သောသားမြီးယပ်၊ အထူး ထူးသော ထည်မျိုးအုပ်မျိုးလက်ဆောင်တော်များကို ဗာရာဏသီမင်းက ကဿပအန္တယ်ဖြစ်သော ပြာဟ္မဏအမျိုးဂေါဒန္ဓပုရောဟိတ်ပုဏ္ဏားကြီးကို ကြပ်မစေ၍ စေခန့်တော်မူရင်း ကျွန်တော်မျိုး ရွှေတောင်သာဂသူ, ရွှေ တောင်သီရိစည်သူတို့နှင့်အတူ တပ်ဖွဲ့လုပြည့်ကျော် တဆဲ့နှစ်ရက်နေ့ ခြေတော်ဦးမိုက် အဆက်အသ လာရောက်သည်၊ ဂေါဒန္ဓပုဏ္ဏားကြီးကို လည်း ဂေါဒန္ဓမဟာရာဇန္ဓအဂ္ဂ မဟာဓမ္မ ရာဇာဓိ ရာဇဂုရုဘွဲ့,ဂေါဒန္ဓတူ ပုဏ္ဏားဘိသွာနာထကိုရာဇန္ဓဗြဟ္မာဘွဲ့, ဂဇနာထကိုလည်းဂဇနာထဗြဟ္မာ ဘွဲ့အမည်၊ ဗောင်းဖြူ ရွှေသားပန်း တမာရွက်ထောင်ကိုး၊ ရွှေစလွယ် ကိုး သွယ်များနှင့် အသုံးအဆောင် ဆုလာဘ်များစွာပေးတော်မူသည်၊ ကျွန် တော်မျိုး ရွှေတောင်သာဂသူကိုလည်း ရမ္မာဝတီမြို့ဝန် ခန့်တော်မူသည်။

ခေါင်းလောင်းတော်ကြီး သွန်းလုပ်ခြင်း စသည်မျှား

သက္ကရာဇ် (၁၁၇၀) တထောင့် တရာ့ ခုနစ်ဆယ် ကဆုန် လဆန်း ၈ ါးရက်နေ့ အဝအချင်း တဆဲ့တတောင့် လေးသစ်, လုံးပတ်သုံးဆဲ့ သုံး တောင့်တမိုက်လေးသစ်, စောက် တဆဲ့သုံးတောင့် တမိုက် လေးသစ်ရှိ သော ခေါင်းလောင်းတော်ကြီး၊ ကြေးအချိန်ဝိဿာ ၈ါးသောင်း ၈ါး ထောင့် ၈ါးရာ့ ၈ါးဆဲ့ ၈ါးပိဿာကို သဘင်ကြီးစွာ ခံတော်မူ၍ သွန်း လုပ်တော်မူသည်။

နယုန်လဆန်း၈ါးရက်နေ့ မြေးတော်သရက်မင်းသား သတိုးမင်းလှ အနုရဒ္ဓါနှင့် မြေးတော် သိရိရတနာပဒုမာဝတီကိုစုံဘက်တော်မူသည်။ ။ ထိုနှစ် မတ္ထိမတိုက် သောဠသ တဆဲ့ခြောက်တိုင်း မဟာ ဗောဓိပင်၏ အကြောင်းအရာများကို အနောက်ပြည် ပဉ္စာလရစ်, ဒီလို, လက္ခနောင်, ဗာရဏ္ဍပူရ, ဇေဠုနဂရ, ဗာရာဏသီ, ရာဇဂြိဟ်, ပါဋလိပုတ်ပြည် များက လာရောက်သည့် ပုဏ္ဏား ဇော်ဂျီ တပသီ ရသေ့တို့နှင့် ကုန်သည်ကြီးတို့ ပြောဆိုသည်ကို သေနာပတိတို့က လျှောက်ထား၍ ကြားတော် မူသည် တွင် မဟာဗောဓိပင် အကြောင်းများကို စင်စစ်ကောန် အမှန်သိရအောင် အနောက်ပြည်က လာရောက်သည့်ပုဏ္ဏား ဇော်ဂျီ တပသီ ရသေ့ ကုန် သည်ကြီးတို့နှင့် မဟာဗောဓိပင်သို့ ရောက်အောင်သွားပြီးလျှင် မဟာ ဗောဓိပင်ရောက်ရာမြေခုံ, နေရဥ္ဇရာမြစ်, အနော်မာမြစ်, မုစလိန္ဒာအိုင်ပုံစံ များကို ရေးသားခဲ့ရသည်၊ သောဠသ တဆဲ့ခြောက်တိုင်းများမှာ ရှိသည့် ဘုရားဟော ပိဋကတ်ကျမ်း, လောကီ ကျမ်းကြီး များကိုလည်း ရှာဖွေ ဆောင်ယူခဲ့ရမည်ဟု အမိန့်တော်ရှိ၍ အနောက်ပြည်က လာရောက်သူ တို့နှင့်အတူ ပုရောဟိတ်ပုဏ္ဏား ဝါသိဋ္ဌဗြဟ္မာ,ရမ္မာဝတီမြို့ဝန်ရွှေတောင် သာဂသူ, ဇေယကျော်သူ, ဇေယကျော်ထင်, ဇေယကျော်စွာ တို့ကို သိတင်းကျတ်လပြည့်ကျော် ရှစ်ရက်နေ့ ခန့်ထား စေလွှတ်တော်မူ၏။

သက္ကရာဇ် (၁၁၇၀)ဘထောင့်တရာ့ခုနစ်ဆယ်ပြည့် တန်းခူးလဆန်း တဆဲ့လေးရက်နေ့ သားတော် အိမ်ရှေမင်း နတ်ရွာစံတော် မူသည်ကို ဆင်ဖြူမျှားသခင် အသျှင် ဘဝရှင် မင်းတရားကြီးဘုရား ရွှေမြို့တော်သို့ ဝင်တော် မူပြီးလျှင် မင်းညီ မင်းသား ဆွေတော် မျိုးတော် မှူးတော် မတ်တော်အပေါင်း ခြံရံလျက် ရွှေဝါနှင့်ထွက်တော်မူ၍ အိမ်ရှေအိမ်

တော် အရှေ့မြောက် ဝင်းတော်အတွင်းမှာ သင်္ဂြိဟ်တော်မူသည်၊အလွန်လည်း ကြေကွဲတော်မူ၏။

သီရိမဟာဓမ္မာဘိဇယသီဟသူရ-တံဆိပ်နာမံတော်ရှိသောသားတော် မဟာဥပရာဇာ၊ သက္ကရာဇ် (၁၁၂၄) တထောင့်တရာ့ နှစ်ဆဲလေးခု နယုန်လပြည့်ကျော်ကိုးရက် တနလ်ာနေ့ ညနေသုံးချက်တီးကျော် ငါး နာရီ၊ နှစ်ပါဒ်၊ မိနစ်း၊ တူလက်၊ မိဃတွင် ရာဟု,ကြာသပတေး၊ မေထုန်တွင် တနင်္ဂနွေ, ဗုဒ္ဓဟူး၊ ကြကဋ်တွင် သောကြာ၊ တူတွင် စနေ၊ပြိဿာတွင် အင်္ဂါရပ်လျက် ဖွားမြင်တော်မူသည်၊ သက်တော် နှစ်ဆယ်နှင့်ငါးလတွင် နှမတော်သီရိတိလောကမဟာဒဘ္ဗာသုရတနာဒေဝီနှင့် ရေသွန်းလက်ထပ်တော်မူ၍ အိမ်ရှေနှင်းတော်မူသည်၊ အိမ်ရှေ့ စည်းစိမ်တော် နှစ်ဆဲခြောက်နှစ်, သက်တော် လေးဆဲ့ခြောက်နှစ်နှင့် ဆယ်လတွင် နတ်ရွာစံတော်မူသည်။

ပြုတော်မူသောကောင်းမှုတော်ကား····ရွှေမြို့တော်အနောက်တောင်ယွန်း ဂူကြီးဘုရားရှင်ကို မုတ်ကူးတံတိုင်း မီးတားများနှင့်တကွ အသစ်တည်လုပ်တော်မူပြီးလျှင် ရွှေထီးအထွတ် တင်လှူတော်မူ၍ ထီးချွန်းသီးကသည် မြေတိုင်အောင် ရွှေထည်ခြုံတော်မူသည်၊ ဘုရားဦး ရွှေစရပ်ကိုလည်း ဆောက်လုပ်တော်မူသည်။ ။မင်းတဲရွာတောင် သာယာစွာသောမြေအပြင်၌ တံတိုင်းမီးတားနှင့်တကွ စေတီတည်တော်မူ၍ ထီးချွန်းသီးကကည် မြေတိုင်အောင် ရွှေပိန်း ထည်ခြုံတော်မူပြီးလျှင် ချမ်းသာကြီးကမွည်းစိုက်တော်မူသည်။

မန္တလေးတောင်ထိပ်ဘုရားရှင်ကို အသစ်မွမ်းမံ တည်လုပ်တော်မူပြီးလျှင် ရွှေထီးအထွတ် တင်တော်မူ၍ ထီးချွန်းသီးကသည် မြေတိုင်အောင် ရွှေထည်ခြုံတော်မူသည်။ ဘုရားဦး ရွှေစရပ်ကိုလည်း ဆောက်လုပ်တော်မူသည်၊ တောင်ထိပ်ဘုရား ရင်ပြင်တော်ကသည် တောင်ခြေသို့အဆိုက် အမိုးစုလစ်မွန်းခွန် ယွန်းမုတ်မှန်ကင်းနှင့်တကွ ရွှေစောင်းတန်းကိုလည်း တည်လုပ်တော်မူသည်။

အရိပ်မထွက်ဘုရားရှင်ကိုလည်း အရံမုတ်ကူး တံတိုင်းမီးတားများနှင့်တကွ အသစ်မွမ်းမံပြင်လုပ်တော်မူပြီးလျှင် ရွှေထီးအထွတ်တင်လှူတော်မူ၍ ထီးချွန်းသီးကသည် မြေတိုင်အောင် ရွှေထည်ခြုံတော်မူသည်၊ ဘုရားမုတ်လေးမျက်နှာတွင် ရွှေစရပ်လေးဆောင်လည်း ဆောက်လုပ်တော်မူသည်။

မြင်းမိုရ်ကုန်းအရပ်တွင်လည်း အရံမှတ်ကူး အုတ်ပြာသာဒ် တံတိုင်း မီးတာများနှင့်တကွ စေတီတည်လုပ်တော်မူ၍ ရွှေထီးအထွတ် တင်လှူ တော်မူပြီးလျှင် ထီးချရာသီးကသည် မြေတိုင်အောင် ရွှေထည့်တော်မူ သည်၊ အောင်ချာရွှေဂူဟုလည်း သမိုက်တော်မူသည်။

သာယာကုန်းအရပ်တွင်လည်း အရံမှတ်ကူး အုတ်ပြာသာဒ် တံတိုင်း မီးတာနှင့်တကွ စည်းခုံတည်လုပ်တော်မူပြီးလျှင် ရွှေထီးအတွတ် တင်လှူ တော်မူ၍ ထီးချရားသီးကသည် မြေတိုင်အောင် ရွှေထည့်တော် မူသည်၊ အောင်မြေရွှေဂူဟု သမိုက်တော်မူသည်၊ မုတ်လေးမျက်နှာ တွင်လည်း ရွှေစရပ်လေးဆောင် ဆောက်လုပ်တော်မူသည်။

စဉ့်ကိုင်တောင်ထက် ဆိပ်ပေါက်ဘုရားရှင် ဟောင်းနွမ်း ယွင်းယိုရှိ သည်ကို အသစ်ပြင်လုပ်တော်မူ၍ ထီးချရားသီးကသည် မြေတိုင်အောင် ရွှေပိန်းထည့်တော်မူသည်။ ။ပုဂံမြို့အရှေ့ ကျန်စစ်မင်းကောင်းမှ နန္ဒာ ဘုရားရှင်ကိုလည်း ကောင်းမွန်အောင် ပြင်လုပ်ပြီးလျှင် စေတီတော် ကျောင်းနှင့်တကွ ရွှေထည့်တော်မူသည်။ ။မိတ္ထိလာမြို့တွင် ကျောက် စေတီတည်လုပ်ပြီးလျှင် ရွှေထီးအထွတ် တင်လှူတော်မူ၍ ရတနာသင်း ကျစ် ကမ္ဘည်းစိုက်တော်မူသည်။

စန္ဒာမုနိဘုရားရှင် သီတင်းသုံးနေရန် စတုရန်းအတောင်နှစ်ဆယ်၊ဘုံ ကိုးဆင့်ရှိသော ရတနာပြာသာဒ်တော်ကို ရွှေစင်အတိတွင် အဘိုးအနှဲ့ ထိုက်သော ပတ္တမြား, စိန်, မြ, ကြောင်, ဥဿဖယား, ဂေါမိတ်, နီလာ သန္ဘာ,ပုလဲတို့ဖြင့်ပန်းအုံပန်းကြွ ခြုံးသေးခြုံးနွယ်များကို ပန်းထိမ်ကျောက် သွေး ဂန္ဓာန်လူတရာ တဆဲ့နှစ်လလုပ်ရသောနဝရတ်ပြာသာဒ်ရွှေကျောင်း တော်။ ။ရွှေဒဂုန်ဆံတော်ဘုရားရှင်ရှေ့ ကြေးနီအုတ်ကြွပ်မိုး ရွှေစရပ် တော်။ ။ရွှေမြို့တော် အနောက် တောင်ယွန်းတွင်လည်း အရံမှတ်ကူး တံတိုင်းမီးတာများနှင့်တကွ လေးထပ်မင်္ဂလာ ဝေယန်ကျောင်းတော်ကို ဆောက်လုပ်တော်မူသည်။

ရွှေမြို့တော်အရှေ့တောင်ယွန်းတွင်လည်း အရံမှတ်ကူးအုတ်ပြာသာဒ် တံတိုင်းမီးတာများနှင့် သုံးထပ်ဇေတဝန် အရံ လေးကျောင်းနှင့် တကွ လေးထပ်ဘုံဘာဝေယန် ရွှေကျောင်းတော်။ ။ရွှေမြို့တော်မြောက်ယွန်း အသောကာရာမကျောင်းတိုက်အတွင်း ဘုံကိုးဆင့်ရှိသော ရွှေပြာသာဒ် ကို ဆောက်လုပ်တော်မူသည်။

ထိုမှတပါး အရိယာသံဃာတော်တို့အား ရဟန်းတို့ အသုံးအဆောင် များစွာ လှူတော်မူ၏၊ ထိုမှတပါး မူးမတ်ကျွန်တော်များ အမှုထမ်းတို့ အားလည်း အထိုက် အလိုက် များစွာ ပေးကမ်းတော်မူ၏။ ထိုမှတပါး အသက်အရွယ်ကြီးရင့်သူ, အိုမင်းကုန်းကွေ့သူ, မဝတ်ရတတ်-မစားရတတ် အထီးကျန်သသူတို့အား လည်း အဝတ်အစား အသုံးအဆောင် များစွာ ပေးကမ်း စွန့်ကြဲတော်မူသည်ကား မရေမတွက်နိုင်၊ ဤသို့ ရေတွက်ခဲ့ပြီး သော ကုသိုလ်တော် အပေါင်းတို့ကို ကောင်းစွာ ဆည်းပူးတော် မူ၍ သက်တော် လေးဆဲ့ခုနစ်နှစ်တွင် နတ်ရွာစံတော်မူသည်။

သားတော် သမီးတော်ကား····နှမတော်အိမ်ရှေဖုံရား သီရိတ်လော က မဟာဘဏ္ဍာ သုရတနာ ဒေဝီတွင် မြင်တော် မူသည့် သားတော်-တောင်ဘက်မြင်း မြောက်ဘက်မြင်းနှင့်တကွ စစ်ကိုင်း, အင်းဝ, ရတနာ သိဒ်, မြေဒူး, ပဉ္စာလ, ငစဉ့်ကူး, မြင်စိုင်း, ပင်လယ်, ပြင်စည်, ကျောက် ဆောက်, တောင်တွင်းကြီး, ရွှေကျင်, သည် တဆဲ့ခြောက်မြို့ကို စား၍ ခမည်းတော် အရိုက်အရာ အိမ်ရှေစံနေတော်မူပြီးလျှင် မင်းဖြစ်တော်မူ၍ ဆဋ္ဌန်ဆင်မင်းသခင် ခံတော်မူသည် တပါး။

ညီတော် သတိုးမင်းလှကျော်-မြဝတီမြို့ကို စားသည်။ နောက် ဘထွေး တော် ပြည်မင်းသမီး သီရိရတနာကေသာဝတီနှင့် ဘိုးတော် ဆင်ဖြူများ ရှင် မင်းတရား စုံဘက်တော်မူသည်။ နောင်တော် အဝမြို့တည် ဆဋ္ဌန် ဆင်မင်းသခင် မင်းတရားလက်ထက် တောင်ငူမြို့ကို စားသည်တပါး။

ညီတော် သတိုးမင်းလှအနုရဒ္ဓါ-သရက်မြို့ကိုစားသည်။ ဘထွေးတော် ပုဂံမင်းသမီး သီရိရတနာပဒုမာဝတီနှင့် ဘိုးတော်မင်းတရား စုံဘက်တော် မူ၍ သာယာဝတီမြို့ကို စားသည်၊ ဧးချင်းဘွဲ့ခံ တပါး။ ညီတော် ဘိုးလ မင်း-ငယ်ကလွန်သည် တပါး။

နှမတော် သီရိရတနာစန္ဒာဝတီ-ဘိုးတော်မင်းတရား လက်ထက် မြို့ လုလင်မြို့, ဟင်းသာတမြို့များကို စားသည်။ နောက် တောင်တွင်းကြီးမြို့, မေဃဝတီ မြို့များကို စားသည်. ဧးခုင်းဘွဲ့ခံ တပါး။ သမီးတော် သီရိ ရတနာမင်္ဂလာဝတီ-ဘိုးတော်မင်းတရားလက်ထက် မြေဒူးမြို့. ပျဉ်းမနား မြို့များကို စားသည်။ နောက် ပုဂံမင်းသား သတိုးမင်းလှမင်းခေါင်နှင့် စုံဘက်တော်မူ၍ ဘထွေးတော် ပုဂံမင်း လွန်သည့်နောက် ပုဂံမြို့စသော

စဉ့်ကူ, ရွာသာ, ငသရောက်, တူးရွင်းတိုင်မြို့များကို စားသည်၊ ဒေးချင်းဘွဲ့ခံ တပါး။ ညီမတော်-ငယ်ကလွန်တပါး။ ညီမတော်မင်းအကြီး-ငယ်ကလွန် ကပါး။

ညီမတော် သီရိမလွှာစန္ဒာဝတီ-ဘိုးတော်မင်းတရား လက်ထက် ရွှေတောင်မြို့, ပင်လယ်မြို့များကို စားသည်။ နောက် မိကြီးတော် အိမ်ရှေ့မိဖုရားတွင်မြင်သည့် ခမည်းတော် သားတော် မြင်စိုင်းမင်း သတိုးမင်းလွှာဇာနှင့်စုံဘက်တော်မူသည်။ နောက်ရမည်းသင်းမြို့ကိုစားသည်။ ဒေးချင်းဘွဲ့ခံ တပါး။ သားတော် သမီးတော် ကိုးပါးတည်း။

နှမတော် အိမ်ရှေ့မိဖုရား သီရိတိလောက မဟာဘဏ္ဍာ သုရတနာဒေဝီ နတ်ရွာစံတော်မူခဲ့လျှင် အစ်မတော် သီရိမဟာမင်္ဂလာရတနာဒေဝီကို အိမ်ရှေ့မိဖုရား မြှောက်တော်မူသည်တွင် မြင်တော်မူသည့် သားတော် သတိုးမင်းလွှာဇာ-မြင်စိုင်းမြို့ကို စားသည် တပါး။ နှမတော် မင်းမြတ်ထား-ငယ်ကလွန်သည် တပါး။ ညီမတော်-ငယ်ကလွန်တပါး။ မောင်တော် မင်းဘိုးညို-ငယ်ကလွန်တပါး။ ညီတော် သတိုးမင်းလှကျော်-မြင်းခုံတိုင်မြို့ကို စားသည် တပါး။ ညီတော် သတိုးမင်းထင်-ရေနံချောင်းမြို့ကို စားသည်တပါး။ ညီတော် သတိုးမင်းငယ်-ငရနဲမြို့ကို စားသည် တပါး။ သားတော် သမီးတော် ခုနစ်ပါးတည်း။

ကိုယ်လုပ်တော်တို့တွင် မြင်သည့် သားတော်, သမီးတော်တို့ကား.... ဘထွေးတော် ပင်းတလဲမြို့စား သမီး ရှင်ရွှေပုတွင် မြင်သည့်သားတော်-ငယ်ကလွန်တပါး။ ညီတော်-ငယ်ကလွန်တပါး။ ဘထွေးတော် ပင်းတလဲမြို့စား သမီး ရှင်လည်ရဲတွင် မြင်သည့် သားတော်-ငယ်ကလွန် တပါး။ အတွင်းဝန် မင်းကြီးမဟာသက်တော်ရှည် သမီး ဓမ္မာဝတီတွင် မြင်သည့် သမီးတော်-ငယ်ကလွန်တပါး။ မောင်တော်-မင်းရဲကျော်တပါး။ညီတော် မောင်သုဒ္ဓါသြော-ငယ်ကလွန်တပါး။နှမတော်-မင်းခင်းမြို့စား မင်းဘုန်းသစ် တပါး။

ငခုန်ရွာစား သမီး စိတ္တာဝတီတွင် မြင်သည့် သားတော်-မင်းရဲလှ-တောင်ခွင်မြို့ကို စားသည် တပါး။ ညီတော်- မင်းရဲမင်းထင် တပါး၊ ညီတော်-မောင်ကလေး-ငယ်ကလွန်တပါး။ သီပေါစော်ဘွားသမီး သီရိသူဇာတွင် သားတော်-မောင်မြကျိုင်း တပါး။ နှမတော်-မင်းစိန်ပွင့် တပါး။ မောင်တော်-မင်းရဲသီရိတပါး။ နှမတော်-ဆင်စပယ်ဒုံ-ငယ်ကလွန် တပါး။ ညီမတော် မင်းစိန်ညွန့်-ငယ်ကလွန် တပါး။

မိုင်းညောင်းစားသမိး သီရိရာဇာတွင်မြင်သည့် သမိးတော်မင်းမြို့ပွင့်-ငယ်ကလွန် တပါး။ မောင်တော် မောင်မြဘူး-ဘိုးတော် ဆဒ္ဒန်ဆင်မင်း သခင် မင်းတရားကြီး လက်ထက်တော် မင်းရဲမင်းငယ်ခံ သီပေါစော်ဘွား သမိး သီရိရာဇာတွင် မြင်သည့် မင်းစိန်ပွင့်နှင့် စုံဘက်တော် မူသည်။ နောင်တော် ဆဒ္ဒန်ဆင်မင်းသခင် မင်းတရား ရွှေလက်ထက်တော် သီရိမဟာဓမ္မရာဇာ အမည်နှင့် ဒွါရာဝတီမြို့ကိုစားသည်၊ နောက် ပင်းတလဲမြို့ကို စားသည် တပါး၊ နှမတော် - ငယ်ကလွန် တပါး၊ ညီမတော်-ငယ်ကလွန်တပါး။

အနောက်ဝန်သမိး ရှင်မင်းဖြူတွင်မြင်သည့် သမိုးတော်-မင်းရွှေကြီ တပါး၊ ညီမတော် မင်းရွှေမြတ်-ငယ်ကလွန်တပါး၊ မောင်တော် မောင်ရွှန်းညွန်-ငယ်ကလွန်တပါး။

အသည်ဝန်ကြီး မဟာသီဟသူရ မြေး ရှင်မြတ်ထွတ်တွင် မြင်သည့် သမီးတော်-ရွှေဂူမြို့စား, နောက် ရွှေလက်ထက်တော် ဝန်းသိုမြို့ကိုစား သည်-မင်းမြတ်နွယ်တပါး။ စားတော်ဝန် ကျော်ထင်သခ်ယာ သမီး ရှင်မင်းဦးတွင်မြင်သည့် သားတော်-ငယ်ကလွန်တပါး။

ပြေ့ကြီးမှူး နေမျိုးသကြန်သမီး ရှင်သူဇာတွင်မြင်သည့် သမီးတော်-မင်းမြရိပ်တပါး၊ မောင်တော် မောင်ကုလားညို-ငယ်ကလွန်တပါး၊ နှမတော်-ငယ်ကလွန်တပါး၊ ညီမတော်-ငယ်ကလွန်တပါး။

ကျုံးဝန်သမိး ရှင်ရွှေမင်းတွင်မြင်သည့် သားတော် မောင်ချိမ့်တပါး၊ သီရိရွှေတောင်သမိး ရှင်ဂုံတွင်မြင်သည့် သားတော်-မင်းရဲသူရတပါး၊ ညီတော်-ငယ်ကလွန်တပါး။ နှမတော်-မင်းမြရိုးတပါး၊ ရွှေလက်ထက် တော် မြတောင်မြို့ကိုစားသည်တပါး။

အိမ်ရှေဝန် နေမျိုးကျော်ထင် သီဟသူသမိး ရှင်မင်းမိတွင် မြင်သည့် သားတော်-မင်းရဲသူတပါး၊ အိမ်ရှေဝန် နေမျိုး ကျော်ထင်သီဟသူမြေး ရှင်မင်းယဉ်တွင်မြင်သည့် သားတော် မောင်ရွှေတွန်-ငယ်ကလွန် တပါး၊ ဖောင်းတော်ပြင်သမိး ရှင်ရွှေဦးတွင်မြင်သည့် သမီးတော် ခင်မင်းတု-ငယ်ကလွန်တပါး၊မိုင်းလုံစားသမိး ရှင်မိကလေးတွင်မြင်သည့် သားတော် ငယ်ကလွန်တပါး၊ နှမတော်-ငယ်ကလွန်တပါး။ ရှင်မင်းအိမ်တွင် မြင်သည့် သားတော် မောင်တု-ငယ်ကလွန်တပါး၊ ညီတော်မောင်ကူ-ငယ်ကလွန်တပါး။ရှင်အိမ်ပတ်တွင်မြင်သည့်သမီးတော်-မင်းရွှေရုံတပါး။သီရိဝေသာသမီးရှင်မိတွင်မြင်သည့် သားတော် ငယ်ကလွန်တပါး၊တိန်းညင်း

စော်ဘွားသမီး ရှင်မင်းတွင်မြင်သည့် သမီးတော်-ငယ်ကလွန် တပါး။ ကိုယ်လုပ်တော်တို့တွင်မြင်သည့် သားတော် သမီးတော်ပေါင်း လေးကျိပ်သုံးပါးတည်း။ ။သားတော်ပေါင်းသုံးကျိပ်, သမီးတော်ပေါင်း နှစ်ကျိပ်ခြောက်ပါး, သားတော်သမီးတော်ပေါင်း ငါးကျိပ်ခြောက်ပါးတည်း။

သားတော်အိမ်ရှေမင်း မဟာဥပရာဇာ နတ်ရွာစံတော်မူလျှင် ရွှေမြို့တော်မှာ ဝန်ကြီး နေမျိုးသီဟသူကို အစောင့်အနေ ထားတော်မူခဲ့၍ ဆင်ဖြူမျှားသခင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား မင်းကွန်းအလယ်ကျွန်း စံနန်းတော်သို့ ထွက်စံတော် မူသည်။ ။သက္ကရာဇ် (၁၁၇၀) တထောင့်တရာ့ခုနစ်ဆယ် တန်းခူးလပြည့်ကျော်ခုနစ်ရက်နေ့ မြေးတော် စစ်ကိုင်းမင်းကို အိမ်ရှေနှင်းတော်မူသည်၊ ရွှေ,ငွေ, ကျောက်သံပတ္တမြားစသော ရတနာ,ဆင်ရတနာ, မြင်းရတနာ, စားတော်ကွမ်းရေကိုင်,ခေးလိုက်, လက်သုံးခေးစွဲ, မှူးကြီးမတ်ကြီးတို့ သားမြေးတို့နှင့် လက်နက်ကြီးစွဲ ခေးစွဲကိုယ်ရံမှစ၍ အစုအဝန်း သင်းစု ပင်းစုလည်း များစွာလက်ဖွဲ့တော်မူသည်။

နေမျိုးကျော်စွာ, နေမျိုးရာဇာသူတို့ကိုဝန်း ဇေယျကျော်သူ, ကျော်စွာရဲခေါင်, လက်ယာဝေသော်, သီရိနန္ဒမိတ်တို့ကို စာရေးကြီး၊ ကျော်စွာရန္ဓာမိတ်, ကျော်စွာနန္ဒမိတ်တို့ကို နာခံ၊ ရာဇဇေယျသူ, သေဉ်လုံရာဇာသူတို့ကို သံခံ၊ ရွှေတောင်သီဟာကို ဝင်းမှူး၊ ရွှေတောင်ဗာဟုကို အနောက်ဝန်၊ နေမျိုးသီဟကျော်ထင်, ရွှေတောင်စည်သူတို့ကို အတွင်းဝန်၊ ဇေယျကျော်စွာ, ရွှေတောင်လက်ယာသူ, ရွှေတောင်အိန္ဒကျော်, သိခ်ံနရာတို့ကို သံဆင့်ခန့်တော်မူသည်။

* အိမ်ရှေတော် အဆောက်အလုပ်, အိမ်ရှေတော်နှင်း အစီအရင် အခမ်းအနားများမှာ ရွှေနန်းစဉ်စာတမ်းရှိပြီဖြစ်၍ အကျယ်မဆိုသည်။

သက္ကရာဇ် (၁၁၇၁) တထောင့်တရာ့ခုနစ်ဆဲ့တခု ဝါခေါင်လဆန်း တဆဲ့တရက်နေ့ မြောက်ရွှေရေးဆောင်မိဖုရား သီရိမဟာ သုဓမ္မာဒေဝီလွန်သည်။ ဝါခေါင်လပြည့်ကျော်လေးရက်နေ့ ဓနုဖြူမြို့စား သီရိသိခ်ာမဟော လွန်သည်။ တော်သလင်းလဆန်း သုံးရက်နေ့ ရခိုင်တန်ဆောင်းမိဖုရား လွန်သည်။

သီတင်းကျွတ်လပြည့်ကျော် ရှစ်ရက်နေ့ သီဟိုဠ်ကျွန်း ဂါလိပူရမြို့, ကောလမ္ဗူရမြို့စော်ဘွားတို့ကဆက်သည့် လက်ယာရစ်ခရာသင်း၊ ဆင်စွယ်

သေတ္ထာ၊ နှံသာသေတ္ထာ၊ အထူးထူးသော ထည်မျိုးအုပ်မျိုး၊ ဝရုရောဂ ဆေးကျမ်း၊ သာရသခေါပဆေးကျမ်းများနှင့် ကြေးဆင်းတုတော် နှစ်ဆူ၊ သရီရဓာတ်တော်ကိုးဆူ၊ မဟာဗောဓိကိုင်းအရှည် ခြောက်တောင်ခန့်၊ မဟာဗောဓိပင်ငယ်လေးပင်များကို သံဃာတော်ရှင်ဓမ္မစန္ဒ, ရှင်သိဒ္ဓတ္ထတို့ ဆောင်ယူရောက်သည်ကိုခန့်ထားကြိုယူတော်မူ၍ ဓာတ်တော်, မွေးတော် ရုပ်တုတော်များကို ရိုသေစွာ ကိုးကွယ်တော်မူသည်၊ ဗောဓိပင်များကို ရှင်ဖြူဘုရားအရံတွင် စိုက်တော်မူသည်။

နတ်တော်လပြည့်ကျော်သုံးရက်နေ့ သားတော် ယနောင်မင်းသား ကို ကလေးမြို့၊ ဗောင်ကတ္တိပါနီ ရွှေသား ပန်းကိုး၊ ဂ့ဳလွယ် တဆဲန့စ် သွယ်၊နဖူးစည်းကျောက်တန်းစီ စိန်နန်းဆွဲတန့ပါရွှေကျပ်မြင်းမိုရ်အဝန်း၊ လက်ဘက်အိုး လေးထောင့်၊ရွှေထွေးအင်၊ ဓားအဆောက် ရွှေသာဝိန်း၊ သင်းချော၊ ထမ်းစင်တဆဲ့ရှစ်ဝန်း၊ ကျိုင်းဆင်စွယ်ထွတ်နှစ်၊ မြင်းကကိုင်း ညောင်ရွက်ခုနစ်၊ နင်းနှင်းသိပ်၊ အိမ်မြောင်ရင်ပတ်ကွင်း ဆက်ပါးကာ ရွှေဇဝါဝိန်း၊ ကတောင်ရွှေရေး တိုးရုပ် ပန်းခက်ကိုက် ခြွေးသေးသွတ်၊ အနားသံလေးသစ် ရွှေဝိန်း၊ မြင်းကြိုး ဦးခက်ထိပ်ဆောင်း မြီးပျမ်း ရင်ပတ်သက္ကလတ်ကြိုး ရွှေကြယ်တပ်၊ စီးနှီးသက္ကဒါန်၊ သက္ကလတ်တင်ရန်း၊ ဆက်ရွန်းသုံးဆင့် ပေးတော်မူသည်။

တန်းခူးလဆန်းကိုးရက်နေ့ ရွှေမြို့တော်အနောက် တရုပ်တန်းကစ၍ မီးစွဲလောင်သည်တွင် မုန်တိုင်းလေးရူး ဘည်းထန်ပြင်းပြစွာ တိုက်ခတ်၍ မြို့တွင်းဘိုင်အောင် မီးစွဲညီကူးရောက်ချေသောကြောင့် ရွှေနန်းတော်နှင့် တကွ မီးသင့်ချေ၏။ ။သက္ကရာဇ် (၁၁၇၄) တထောင့် တရာ့ ခုနစ်ဆဲ့ တစ်ခု ကဆုန်လဆန်း၎ါးရက်နေ့ သားတော် လိုင်မင်းသား သီရိသုဓမ္မ ရာဇာကို သမီးတော် သီရိသုရတနာပဘာဒေဝီနှင့် စုံဘက်တော်မူသည်။

ဗောဓိပင်ကိုသွားသော ခရီးလမ်းစဉ်, မဟာဗောဓိအကြောင်း စသည်နှင့် ဗောဓိပင် စိုက်တော်မူခြင်း

မဟာဗောဓိပင်ကို အဖူးအမြော်အကြည့်အရှု သောင့်သတဆဲ့ခြောက် တိုင်းများမှာ ဝိဋ္ဌကတ်ကျမ်းဂန် စာပေ အဆောင်အယူ စေလွှတ်တော်မူသည့် ပုရောဟိတ်ပုဏ္ဏား ဝါသိဋ္ဌဗြဟ္မာ, ရမ္မာဝတီမြို့ဝန် ရွှေတောင်သာဂသူ, ဇေယျကျော်သူ, ဇေယျကျော်ထင်, ဇေယျကျော်စွာ တို့လည်း

ရွှေဘဝါးတော်အောက်က စလင်းဘားအိုင်ဒလက်ကြောင်းသွား၍ ခရီးနှစ်ဆွဲနှစ်ယူဇနာကွာ ရခိုင်မည်ဝတီမြို့သို့ရောက်သည်။

ထိုကမှ အနောက်မြောက်ကို အောင်ဆိပ်, ငမန်ရည်, မရွှံခုံ, ကျောက်ပန်တူကြောင်းသွား၍ ခရီးရှစ်ယူဇနာကွာ မုန်တောကင်းသို့ ရောက်သည်။ ။ထိုကမှအနောက်မြစ်ကို ရေငံတုံ, သင်းဘောပျက်ခုံ, ပန်းမော်, ပန်းဝါ, မဟာစိုကြောင်းသွား၍ ခရီးရှစ်ယူဇနာကွာ စစ်တကောင်းမြို့သို့ ရောက်သည်။ ။ထိုကမှ အနောက်မြောက်ကို ကုသိနာရုံ, ရေပေါ်မီး, စောင်းတီးကျွန်း, ဟတ္ထိရာကျွန်းကြောင်း သွား၍ ခရီးခုနစ်ယူဇနာကွာ လောက်ချီပူရာမြို့သို့ရောက်သည်။ ။ထိုကမှ အနောက်မြောက်ကို ပြဟ္မ ပုတ္တရမြစ်ဆုံးပလောင်ဆေးကြောင်းသွား၍ ခရီးခုနစ်ယူဇနာကွာဒါကာမြို့သို့ရောက်သည်။ ။ထိုကမှ အနောက်မြောက် ဂင်္ဂါမြစ်ကို လျှောက်သွား၍ ခရီးတဆဲ့လေးယူဇနာကွာ မုဿူမြို့သို့ ရောက်သည်။ ။ထိုကမှ အနောက်မြောက်ဂင်္ဂါမြစ်ကို လျှောက်သွား၍ ခရီးခြောက်ယူဇနာကွာ ရာဇမယံမြို့သို့ ရောက်သည်။ ။ထိုကမှ အနောက် မြောက် ဂင်္ဂါမြစ်ကို လျှောံသွား၍ ခရီးနှစ်ယူဇနာကွာ သတ္တကောသိကဂင်္ဂါအစိရဝတီ မြစ်ဆုံသို့ရောက်သည်။ ။ထိုကမှ အနောက်မြောက် အစိရဝတီ ဂင်္ဂါမြစ်ကို လျှောက်၍ ခရီးလေးယူဇနာကွာ စမ္မာနဂရတ်မြို့သို့ ရောက်သည်။ ။ ထိုကမှ အနောက်မြောက် အစိရဝတီဂင်္ဂါမြစ်ကို လျှောက်သွား၍ ခရီးနှစ်ယူဇနာကွာ မုန်ကရာဇ်မြို့သို့ ရောက်သည်။ ။ထိုကမှ အနောက်မြောက် အစိရဝတီဂင်္ဂါမြစ်ကိုလျှောက်သွား၍ ခရီးတဆဲ့နှစ်ယူဇနာကွာ ယခုပဌနာခေါ်ဝေါ်သည့် ပါဠလိပုတ်ပြည်သို့ ရောက်၏။ ။ထိုပါဠလိပုတ်ပြည်က ပုရောဟိတ်ပုဏ္ဏားဝါသိဋ္ဌပြဟ္မာ, ရမ္ဘာဝတီမြို့ဝန်ရွှေတောင်သာဂသူတို့မှာ သောဠသ တဆဲ့ခြောက်တိုင်း များသို့ ကျမ်းဂန်စာပေအဆောင်အယူခွဲ၍သွားသည်။

ဇေယျကျော်သူ, ဇေယျကျော်ထင်, ဇေယျကျော်စွာတို့ မူကား-ပါဠလိပုတ်ပြည်က မဟာဗောဓိပင်ရှိရာ အနောက်တောင်ကို ကြည်းကြောင်းတက်သွားကြလေလျှင် တယူဇနာကွာအတန်နီးရွာသို့ရောက်သည်။ ။ထိုကမှ အနောက်တောင်ကို သွား၍ တယူဇနာကွာ စမ္မ။ရွာသို့ ရောက်သည်။ ။ထိုကမှ အနောက်တောင်ကိုသွား၍ တယူဇနာကွာ ရာဇဂိရိတောင်ခြေ ရာဇဂိရိမြို့သို့ ရောက်သည်။ ။ထိုကမှ အနောက်တောင်ကို သွား၍ နှစ်ယူဇနာကွာ ကျေးလက်တဆဲ့ရှစ်ရွာကို အဝိုင်စား၍ မဟာ

ဗောဓိပင်ကိုစောင့်ထိန်းရသည့် မဟာပါလဂိရိဂူဆံဇီနေသည့် တိုက်အိမ် သို့ရောက်၍ မဟာအမရပူရ ရွှေမြို့တော်ကြီးနှင့် တကွ တိုင်းကြီး ပြည်ကြီး ထီးဆောင်း မင်းအပေါင်းတို့ကို အစိုးရတော်မူသော ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရွှေတွင်း,ငွေတွင်း,ပတ္တမြားတွင်းစသော ကိုးပါးသော ရတနာတွင်းအပေါင်းတို့၏သခင် ဥပေါသထဆဒ္ဒန်ဆင်ဖြူ များသခင် သီရိပဝရ ဝိဇယာနန္တ ယသ ဘြဘဝနာဒိတျာမိပတိ ဇင်္ဘူတ မဟာဓမ္မ ရာဇာဓိရာဇာ-အမည်တော်ရှိသော သာသန ဒါယကာတော် မဟာဓမ္မရာဇ် တရားမင်းမြတ်က စေတော်မူ၍ မဟာဗောဓိပင် အဖူး အမြေ်လာရပါကြောင်းနှင့် ဇေယျကျော်သူ, ဇေယျကျော်ထင်, ဇေယျ ကျော်စွာတို့က မဟာဗောဓိပင်စောင့် မဟာပါလဂိရိဂူဆံဇီကို ပြောဆို သည်တွင် မဟာပါလဂိရိဂူဆံဇီကိုယ် ရွှေညွှန်၍ သက္ကရာဇ် (၁၁၇၁) တထောင့်တရာ့ခုနစ်ဆဲ့တခု တန်းခူးလဆန်း တဆဲ့သုံးရက်နေ့ မဟာ ဗောဓိပင်သို့သွားပြီးလျှင် ဇေယျကျော်သူ, ဇေယျကျော်ထင်,ဇေယျကျော် စွာတို့ မဟာဗောဓိပင်ကို လက်ယာရစ် သုံးပတ်လှည့်၍ ပူဇော်သည်၊ မဟာဗောဓိပင်စည်ကိုလည်း နှင်းရည်စသော အမွှေးအထုံရည်အပေါင်း တို့ဖြင့် သွန်းလောင်းသည်။

မဟာဗောဓိပင် အခြင်းအရာကား- ပတ်လည်မြေ မြင့်လျက် ရှိသည်၊ နောက်နောက်သော မင်းတို့တည်လုပ်သည့် တံတိုင်းသုံးထပ်, တထပ်နှင့် တထပ် ဆယ်တာကွာသည်၊ မဟာဗောဓိပင်ခြေရင်းတွင် အရွှေအနော့် အချင်းသံတောင်နှစ်ဆယ်၊ တောင်မြောက် အချင်း သုံးဆဲ့ ကိုးတောင့် တမိုက်၊ စောက် တဆဲ့ နှစ်တောင် ပလ္လင်ခုံခံသည်၊ ထိုအထက် ပဌမ အာလိန်စောက်နှစ်တောင့်,အဝန်းလေးဆဲ့ငါးတောင်၊ ထိုအထက်ဒုတိယ အာလိန်စောက် နှစ်မိုက်လေးသစ်, အဝန်းသုံးဆဲ့ကိုးတောင်၊ ထိုအထက် တတိယအာလိန် စောက်နှစ်မိုက်လေးသစ်, အဝန်းသုံးဆဲ့ခြောက်တောင်၊ ထိုအထက် စတုတ္ထအာလိန် စောက်နှစ်မိုက် ခြောက်သစ်, အဝန်းသုံးဆဲ့ တတောင်၊ ထိုအထက် ပဉ္စမအာလိန် စောက်နှစ်မိုက်ခြောက်သစ်,အဝန်း နှစ်ဆဲ့ခုနစ်တောင်၊အာလိန်ငါးဆင့် စောက်ငါးတောင်တမိုက်လေးသစ်, အောက်ခံပလ္လင် တဆဲ့နှစ်တောင်နှင့်သော် မြေကသည့် အထက်အာလိန် ဆုံးရောက် တဆဲ့ခုနစ်တောင်တမိုက်လေးသစ်၊ အာလိန်ဆုံးတွင် မဟာ ဗောဓိ ပင်စည်လုံးပတ်တဆဲ့ကိုးတောင့်နှစ်မိုက် ငါးသစ်၊ ထိုအထက်ကို ပင်စည်အမြင့်ခုနစ်တောင်တွင် ခက်မခြောက်ဖြာ၊ ထိုအထက်အဆင့်တွင်

ခက်မလေးဖြာ၊ ထိုအထက်တဆင့်တွင် ခက်မလေးဖြာ၊ ထိုအထက်သို့ ပုံတက်သည့်ပင်စည်မှာ ခက်လက်ခက်ငယ်အများ ဖြာသည်၊ အောက်ဆင့် ခက်မခြောက်ဖြာမှာ တောင်စူးစူးထွက်သည့်ခက်မက ခက်လက်သုံးကိုင်း ဖြာသည်တွင် အောက်ကိုင်းလုံးပတ် ငါးထွာတမိုက်ကို သီရိမန္တာသောက မင်းကြီး ပင့်ဆောင်လေသောကြောင့် ပြတ်လျက်ရှိသည်၊ ထိုခက်မကြီး တို့မှခွဲ၍ဖြာသည့် ခက်လက်ငယ်ပေါင်း တရာ့သုံးဆဲ့ခြောက်ရှိ၏၊ ထိုသို့ ရေတွက်သမျှ ခက်လက်တို့ကား ထုံးပတ်ထွာဆိုင် ညှိုဆိုင်အလွန်ရှိသော ခက်လက်တို့ကိုသာ ရေတွက်မှတ်သားသည်၊ မဟာဗောဓိပင် မြေကို ခက်မဖြာသည်တိုင်အောင် အမြင့် နှစ်ဆဲ့လေးတောင့်တမိုက် လေးသစ် ထိုအထက်ကို အမြင့်အတောင် ခြောက်ဆယ်ကျော်ဖြစ်၍ ရင်းဖျားဆုံး အတောင်ကိုးဆယ်ခန့်ရှိသည်။

မဟာဗောဓိပင် တံတိုင်းမှာ မိစ္ဆာဒိဋ္ဌိတို့ဖျက်ဆီး၍ တောင်မျက်နှာ, အနောက်မျက်နှာ, မြောက်မျက်နှာ, တံတိုင်းမုတ်ဝ သုံးရပ်ဖျက်သည်၊ အရှေ့မျက်နှာ မုတ်ကူးတံတိုင်း မယိုမယွင်း ရှိသည်၊ မဟာဗောဓိပင် အာလိန်အောက်ခုံပလ္လင်နှင့်စပ်လျက် အရှေ့မြောက် ဘိနပ်အမြင့် တဆဲ့ နှစ်တောင်ပြီးလျှင် ပုထိုးတော်ကြီး အရပ်သံတောင်တရာ့တဆယ်ကျော် ခန့်ရှိသည်၊ ပုထိုးကြီးမှာ အရှေ့မျက်နှာမုတ်ကြီး,ဝဲယာမုတ်ငယ် ရှိသည်၊ အရှေ့မျက်နှာမုတ်ကြီးအတွင်း ဂေါတမမုနီ ခေါဂေါသည့် ပဌမလိရာဇာ ကျောက်ဆင်းတု ထက်ဝယ်တော် သုံးတောင့် နှစ်မိုက်, သကျမုနီ ခေါဂေါသည့် ကျောက်ဆင်းတု ထက်ဝယ်တော် နှစ်တောင့်နှစ်မိုက်, မဟာမုနီခေါဂေါသည့် ကျောက်ဆင်းတု ထက်ဝယ်တော် နှစ်တောင့် နှစ်မိုက်၊ ရုပ်တုတော်သုံးဆူကို မဟာ ပါလဂိရိဂူသံဇိုက ပင့်ယူ၍ တိုက် အနီးတွင် အမိုးအကာနှင့် ကိုးကွယ်ထားသည်၊ ရုပ်တုတော် ထားရင်း ပလ္လင်အောက်တွင်လည်း ဆင်စီးလျက် မာရဇိန်နှင့်တကွ စစ်သည်တို့ အရုပ်သဏ္ဌာန်ရှိသည်၊ ပလ္လင်ကြာထပ်တွင်လည်း တေလင်းစာ, သည်ဟာလစ်စာ,ဒေဝနာဂရီစာကဲ့သို့ ရေးထုလျက်ရှိသည်၊ ပုထိုးကြီး ရင်ပြင်တွင်လည်း ကျောက်တိုင် ကျောက်မိုးနှင့်ထားသည့် ခြေတော်ရာဖနှောင့်ကဲသည် ခြေမဖျားထိ တတောင့်နှစ်မိုက်, အနံ တမိုက်ခြောက်သစ်၊ ခြေတော်ရာတွင် စကြာရုပ် ထီးဖြူဆွန်းတောင်း, သားမြီးယပ်,ပဒုမာခရာသင်းစသော ရုပ်တုသဏ္ဌာန်များနှင့် ခြေဘဝါး လယ်ကသည့် ခြေချောင်းသို့တက်သည့် အရေးအကြောင်းများနှင့် ခြေတော်ရာတစုံရှိသည်။

ပုထိုးကြီးအရှေ့မျက်နှာ မုတ်ကြီးရှေ့ ကျောက်ဆင်းတုတော်နှင့် ဂူကြီးတစ်၊ ထိုအရှေ့ပရိသတ်နေဂူကြီးတစ်၊ ထိုအရှေ့တံခါးမုတ်ပေါက်ရှိသည်၊ ပုထိုးကြီးက မဟာဗောဓိပင် အရှေ့မုတ်ဝင်ရောက် အတောင်သုံးဆယ်ကွာသည်၊ အရှေ့မုတ်ဝတောင်ဘက်တွင် ပဋ္ဌလိရာဇာ ကျောက်ဆင်းတုနှင့် ဂူကြီးနှစ်, မြောက်ဘက်တဆဲ့ငါးတောင်ကွာတွင် အရပ်အတောင်သုံးဆယ်ခန့် စေတီတစ် ရှိသည်၊ မဟာဗောဓိပလ္လင်ခုံ အာလိန်မှစ၍ မဟာဗောဓိပင် ပတ်လည်များမှာ ပဋ္ဌလိရာဇာကျောက်ကို ထုလုပ်သည့် ရုပ်တု ထက်ဝယ်တော် နှစ်တောင်ခန့်, တတောင့်နှစ်မိုက်ခန့်၊ မပျက်မစီး ရုပ်တုတော်လည်း အများရှိသည်။ မိစ္ဆာဒိဋ္ဌိတို့ဖျက်ဆီး၍ ပျက်စီးယိုယွင်းသည့် ရုပ်တုတော်လည်း အများရှိသည်။

မဟာဗောဓိပင်အရှေ့ကို နေရဥ္ဇရာမြစ်ရှိသည်၊ဗောဓိပင်အရှေ့တောင်ကို မုစလိန္ဒာအိုင်ရှိသည်၊ ထိုအနီး စေတီကြီးတစ်, ထိုအနောက်တွင် ရေအိုင်ကြီးတစ် ရှိသည်၊ ဗောဓိပင်အနောက်ကို အနော်မာမြစ် ရှိသည်၊ ဗောဓိပင်မြောက်ကို ဆိတ်ကျောင်း ညောင်ပင်ရှိသည်၊ မဟာဗောဓိပင် အရှေ့မျက်နှာ နေရဥ္ဇရာမြစ် အရှေ့ဘက် တာတရာကျော်ကွာတွင်လည်း ဘိနပ်တော်အဝန်းတရာ့သုံးလံရှိသော သီရိမဂ္ဂါသောကမင်းကြီးကောင်းမှု စေတီကြီးဘစ်-ပြိုပျက်ရှိသည်၊ သည် အကြောင်းအရာများနှင့် တကွ မဟာဗောဓိပင် အခြင်းအရာပုံစံများကို ရေးသားပြီးလျှင် မဟာဗောဓိပင်မှပွားသော ဗောဓိညောင်တော်နှင့် ဗောဓိမြေများကို ဆောင်ယူလိုသည့်အကြောင်းများကို မဟာပါလဂိရိဂူသံဇိမှာ ပန်ကြားပြောဆိုသည်တွင် မဟာပါလဂိရိဂူသံဇိက ဗောဓိပွားနှစ်ပင်နှင့်ဗောဓိမြေ,ပဋ္ဌလိရာဇာကျောက်ဆင်းတုတော် သုံးဆူ, စန္ဒာမုနိပုထိုးများနှင့် သရဏ္ဂုံတော်မူရန် ဂါထာများကို ကျွန်တော်မျိုး ဇေယကျော်သူ, ဇေယကျော်ထင်,ဇေယကျော်စွာတို့သို့ပေးအပ်ပြီးလျှင် မဟာပါလဂိရိဂူသံဇိ ရှိသေစွာအကြိမ်ကြိမ်ဦးညွှတ်၍ ဘဝရှင် မင်းတရားကြီး ဘုရားအား ပူဇော်ကြောင်းကို တင်လျှောက်ပါလေ-မှာထား၍ ဇေယကျော်သူ,ဇေယကျော်ထင်,ဇေယကျော်စွာတို့ မဟာဗောဓိပင်အခြင်းအရာပုံစံ,ဗောဓိပင်, ဗောဓိမြေ,ဘုရားရုပ်တုတော်များကို ဆောင်ယူ၍ ပြန်ခဲ့ကြသည်၊ သီတင်းကျွတ်သပြည့်ကျော်ငါးရက်နေ့ ပါဠလိပုတ်ပြည်သို့ရောက်၏။

သောဠသတိုင်းပြည်များသို့ ကျမ်းဂန်စာပေ အဆောင်အယူခွဲ၍သွားသည့် ပုရောဟိတ်ပုဏ္ဏား ဝါသိဋ္ဌဗြဟ္မာ, ရမ္မာဝတီမြို့ဝန် ရွှေတောင်သာဂ

သူတို့လည်း ဓာတုမိရတိနိဗ္ဗာယနကျမ်း၊ ဇောတိသတ္ထ၊ သူရိယသိဒ္ဓန္တ ဗေဒင်ကျမ်း၊ ဘေသဇ္ဇနိဃဏ္ဍုဆေးကျမ်း၊ ဂဇသျှတြ ဆင်လက္ခဏာကျမ်း၊ သုဝိနနိဒ္ဒါရဇအိပ်မက်ကျမ်း ဓာတုပြဿံသ ဆေးကျမ်း၊ အဆန်းအကြယ် ကိုဟောသော သျှင်္ခေးကျမ်း၊ တိတ်နိမိတ်ကိုဆိုသော ဂြဟသန္ဓိယတြာ ကျမ်းများနှင့် သာလိကံ့ကျောက်ပုတီးကုံး၊ ကပ်ရပ်ဘူ ပုတီးကုံး၊ ကေနံ ပုဆိုးချုပ်၍ လွတ်သောအင်္ကျီ၊ ဒုယင်တော်၊ အဘိုးအနှစ် ထိုက်သော စိန်,မြ,ပုလဲ၊ အထူးထူးသော ထည်မျိုးအုပ်မျိုး၊ ကျွမ်းထိုး တိုင်တက်ကြိုး တန်းလျှောက်၊ အတီးအကကုလားပညာသည် နှစ်ဆယ်ကျော်၊ ဂင်္ဂါမြစ်ရေ၊ ယမုနာမြစ်ရေ၊ သရဿွတီမြစ်ရေ၊ ကပ္ပိရဒါရမြစ်ရေ၊ ဂန္ဓကိမြစ်ရေ၊ ဂေါမုတီမြစ်ရေ၊ သရရုပ်မြစ်ရေ၊ပယာဂမြစ်ရေ လက်ဆောင်တော်များကို ကာသိတိုင်း ဗာရာဏသီမင်းက ပုရောဟိတ်ပုဏ္ဏား မဟာဒေဝဘတ်, မဟာနန္ဒဘာဘူဘတ်, သေရုနတ်နှင့် ပုဏ္ဏားကြီး နှစ်ကျိပ် ခြောက်တို့ကို ကြပ်မစေပြီးလျှင် ရမ္မာဝတီမြို့ဝန်ရွှေတောင်သာဂသူတို့နှင့်အတူခြေတော် ဦးခိုက် အဆက်အသွယ်လိုက်၍ ပြန်ခဲ့သည်။

ပါဠလိပုတ်ပြည့်တွင် ဇေယျကျော်သူ, ဇေယျကျော်ထင်,ဇေယျကျော် စွာတို့နှင့် ပေါင်းဆုံမိကြလျှင် ခရီးလမ်းစခန်းစဉ်အတိုင်း အတူပြန်လာကြ၍ သက္ကရာဇ် (၁၁၇၂) တထောင့်တရာ့ခုနစ်ဆဲ့နှစ်ခု နယုန်လပြည့် ကျော် တရက်နေ့ စစ်ကိုင်းမြို့သို့ဆိုက်ရောက်သည်။

ဆင်ဖြူမျှားသခင် အသျှင် ဘဝရှင် မင်းတရားကြီးဘုရားလည်း မဟာဗောဓိပင်နှင့် ရပ်တုတော်များကို အိမ်ရှေ့မင်းကို စစ်ကိုင်းမြို့ရောက်ကြိုဆို ဆောင်ယူစေ၍ ဘုရားရပ်တုတော်များကိုစံနန်းတော်ဦးတွင် တန်ဆောင်း ပြာသာဒ်အတွင်း မြက်နှာကြက်, ကြာယပ်, ထီးဖြူ, ရွှေထီး, ရွှေတံခွန် စသော အခင်းအကျင်းနှင့် ထားတော်မူ၍ တိုင်းသူပြည်သူအပေါင်းတို့ အား ဖူးမြော်ပူဇော်စေပြီးလျှင် မဟာဗောဓိပင်နှစ်ပင်ကို ဘေးလောင်း တော် သီရိမဇ္ဈာသောကမင်းကြီး,ဒေဝါနံပိယတိဿမင်းကြီးတို့ပင့်ဆောင် စိုက်ပျိုးသကဲ့သို့ အခမ်းအနားအခင်းအကျင်း ပွဲသဘင်ကြီးစွာစီရင်တော် မူ၍ ရွှေထမ်းစင် ရွှေပြာသာဒ်နှင့် ထီးဖြူအုပ်လျက် အလယ်ကျွန်းစံနန်း တော်က ပင့်ဆောင်တော်မူပြီးလျှင် အနောက်ဘက်ပုထိုးတော်ကြီးမြောက် တွင် သံအိုးတထပ်၊ ထိုအတွင်း သံလွဲတထပ်၊ ထိုအတွင်း ကြေးနီတထပ်၊ ထိုအတွင်း ငွေတထပ်၊ ထိုအတွင်း မိုးကြိုးတထပ်၊ ထိုအတွင်း အဝန္ဒစ် တောင့်တမိုက်လေးသစ်,နားရေးတရာ, ပတ္တမြားသုံးရစ်စီသော ရတနာ

ရွှေအိုး တထပ်၊ ထိုသို့စေ့စပ်သေချာစွာ လုပ်ဆောင်သော ရတနာအိုး တစုံတွင် မဟာဗောဓိမြေတော်များကို ထည့်တော်မူ၍ အောက်ခံလုပ်ပြီး လျှင် မဟာဗောဓိနှစ်ပင်ကို ဆင်ဖြူများသခင် အသျှင်ဘဝရှင် မင်းတရား ကြီးဘုရားကိုယ်တော်တိုင် စိုက်ပျိုးတော်မူသည်။ ။တံတိုင်းမီးတား နှစ် ထပ်၊ မုတ်ဝင်မုတ်ကူးအုတ်ပြာသာဒ်ရှစ်ဆူ၊ တံတိုင်းလေးထောင့် အုတ် ပြာသာဒ်နှစ်ဆူ၊ အရံစောင့်နတ်ရုပ် တရာ့နှစ်ဆဲ့ရှစ်များနှင့်တကွ လုပ် ဆောင်၍လည်း ကမ္ဘည်းရေးသားထားတော်မူ၏။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများသခင်၊ ရွှေတွင်း, ငွေ တွင်း, ပတ္တမြားတွင်း, ပယင်းတွင်းစသော ရတနာအပေါင်းတို့၏အရှင်၊ စတုတ္ထ ရတနာပူရ မြို့တည် နန်းတည်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများသခင် အသျှင် ဘဝရှင် မင်းတရားကြီး ဘုရား လက်ထက်တော် (၁၁၉၁) တထောင့် တရာ့ ကိုးဆဲ့ တခု၊ နယုန်လဆန်း တရက်နေ့က စ၍ ရဟန်းပညာရှိ, ပုဏ္ဏား ပညာရှိ, မူးမတ်ပညာရှိတို့နှင့်၊ အထူးထူးသော ရတနာတို့ဖြင့်ဆန်းကြယ်သော မှန်နန်းတော် ဆောင်တော်ဦး နန်းမစနှင့် နှီင်းညှိ၍ အသင့် ယုတ္တိကျမ်းဂန် အာဂုံများနှင့်အညီ သုတ်သင် စီရင်တော်မူသော ဒုတိယမဟာရာဇဝင်တော်ကြီး၊ ပဋ္ဌမထုပ်၊ ပဋ္ဌမတွဲ ဤတွင် ပြီး၏။

နောင်တော် ဆင်ဖြူရှင်ဘုရား၏ မိဖုရားခေါင်ကြီး နတ်ရွာစံခြင်း စသည်နှင့် စက်တော်ရာဘုရား လုပ်ဆောင်ခြင်း

သက္ကရာဇ်(၁၁၇၂)တထောင့်တရာ့ခုနစ်ဆဲ့နှစ်ခု ပဌမဝါဆိုလဆန်း တဆဲ့လေးရက်နေ့ နောင်တော်ဆင်ဖြူရှင် မိဖုရားခေါင်ကြီး-သီရိအတုလ မဟာရတနာပဒုမာဒေဝီ လွန်သည်ကို မိဖုရားခေါင်ကြီးတို့သေလွန်လျှင် သင်္ဂြိဟ်သည့်နည်း အလယ်ကျွန်းအိမ်တော်ဝင်းအတွင်း သင်္ဂြိဟ်ရသည်။

တော်သလင်းသပြည့်ကျော် တရက်နေ့ မင်္ဂြိမတိုက် ဗာရာဏသီမြို့သို့ ကဒိသရသွေ့ရပ်တုကို အပင့်အဆောင် ရမ္မာဝတီအခွန်ဝန်, စစ်ကဲတို့ကို စေလွှတ်တော်မူသည်။ ။ဗာရာဏသီမင်းက လက်ဆောင်တော်အဆက် အသ လာရောက်သူ ပုဏ္ဏားကြီး ဂေါဝိန္ဒမဟာရာဇိန္ဒအဂ္ဂမဟာဓမ္မရာဇာ မိရာဇဂုရုကိုလည်းရမ္မာဝတီ အခွန်ဝန်,စစ်ကဲတို့နှင့်အတူထည့်၍ ပြန်သွား စေသည်။

ဘန်းခူးလဆန်း တဆဲ့လေးရက်နေ့ သားတော် ဒွါရာဝတီ မင်းသား သတိုးကျော်၊ သားတော်မိုးကောင်းမင်းသား သတိုးဖျား၊ သားတော်

ပင်းယမင်းသား မင်းရဲကျော်စွာ၊ သားတော် မိုးညှင်းမင်းသား မင်းရဲကျော်ခေါင်၊သားတော် ထရံကာမင်းသား သတိုးမင်းလှငယ်၊သားတော် ရွှေခုံတိုင်မင်းသား မင်းလှစည်သူ၊ သားတော် ကျောက်တလုံးမင်းသား မင်းရဲမင်းလှငယ်၊ သားတော် သာဂရမင်းသား မင်းရဲကျော်ခေါင်၊မြေးတော် မြင်စိုင်းမင်းသား သတိုးမင်းလှရာဇာ၊မြေးတော် သတိုးမင်းကျော်၊ မြေးတော် သတိုးမင်းထင်၊ မြေးတော် သတိုးမင်းငယ်၊မြေးတော် မောင်ရွှေပြည့်၊ မြေးတော် မောင်လှော်၊ မြေးတော် မောင်မြဘူး၊ မြေးတော် မောင်အုံ၊ မြေးတော် မောင်မှေး၊ မြေးတော် မောင်ချိန်၊ သမီးတော် သီရိအတုလဒေဝီ၊ သမီးတော် သီရိသုရတနာ နန္ဒာဒေဝီ၊ သမီးတော် သီရိသုရတနာ မင်္ဂလာဒေဝီ၊ သမီးတော် သီရိစန္ဒာဝတီ၊ သမီးတော် သီရိသာခါဝတီ၊ မြေးတော် သီရိရတနာစန္ဒာဝတီ၊ မြေးတော် သီရိရတနာမင်္ဂလာဒေဝီ၊ မြေးတော် သီရိမလ္လာ စန္ဒာဝတီ၊ မြေးတော် သီရိရတနာ ပဒုမာဝတီ၊ မြေးတော် သီရိကလျာစန္ဒာဝတီ၊ မြေးတော် ရှင်မင်းခြို၊ မြေးတော် မင်းမြရိပ်၊ မြေးတော် မင်းစိန်ပွင့်၊ မြေးတော် မင်းမြရိုး၊ မြေးတော် ခင်ဘုန်းသစ်၊ မြေးတော် မင်းမြန္ဒယ်။ သားတော်ရှစ်ပါး, သမီးတော်ငါးပါး,မြေးတော်တဆွေနှစ်ပါး၊ ပေါင်းသုံးဆယ့်ငါးပါးကို နားထွင်း သျှောင်ထုံး ဆံထုံးထုံးဒက်တဘက် ဆင်တော်မူသည်။

ထိုနှစ် မဏိပူရ ကသည်းပြည်မှာလည်း ဇူပရာဇာကို ခြောက်ဆဲ့ကိုးခုနှစ် အဓိန္ဒတော်နှင့် မဏိပူရသို့ ပို့၍ အစ်ကိုယ် မဟာရာဇာနှင့် နှစ်နှစ်ကျော် အသင့်အတင့်နေကြသည်၊ နောက် ချင်းတောင်မှာ ချင်းတို့မငြိမ်မသက် ရှိသည်ကို တိုက်ရမည်ဟု ဝင်းမူး နဟာရမ္ဘ, ဗိုလ်အခွန်ဝန်ဝံပတို့ကို လူနှစ်ထောင်ကျော်နှင့် မဟာရာဇာက ခန့်သည်တွင် ဇူပရာဇာလည်း လိုက်၍ အမှုထမ်းလိုကြောင်းနှင့် အစ်ကိုယ်မဟာရာဇာကိုဆိုလျှင် မဟာရာဇာက အခွင့်ပေးလေ၍ ဇူပရာဇာ ကျေးကျွန်သင်းပင်း လူတထောင်ကျော်နှင့် လိုက်သွားပြီးလျှင် ချင်းတို့ကိုကားမတိုက် မဟာရာဇာက ခန့်သူ ဝင်းမူးနဟာရမ္ဘ, ဗိုလ်အခွန်ဝန် ဝံပတို့ကို သိမ်းရုံးညှိညွတ် တိုင်ပင်၍ လူပေါင်းလေးထောင်ကျော်နှင့် မဏိပူရမြို့ကို တိုက်မည်ဟု ပြန်၍ ချီလာသည်ကို မဟာရာဇာ ကြားသိသောကြောင့် လူသူရုံးစုပြီးလျှင် မဏိပူရမြို့က ထွက်၍ ဇူပရာဇာကို တိုက်သည်တွင် ဇူပရာဇာမရပ်မခံနိုင် ရုံးမိသမျှ ကျေးကျွန်တရာကျော်နှင့် ထွက်ပြေးပြီးလျှင် ကချင်မြို့ကသည် ရခိုင်ဓည ဝတီမြို့သို့ ရောက်လာ၏။

ထိုအကြောင်းကို ရခိုင်ဓညဝတီမြို့ဝန်တို့က ခြေတော်ဦးခိုက် အလျော့အထားရောက်သည်တွင် ဇူပရာဇာကို ရွှေဘဝါးတော် အောက် လာခဲ့စေ-အဓိန္ဒတော်နှင့်မှာထား၍ ရခိုင် ဓညဝတီမြို့ဝန်တို့က ခြေတော်ဦးခိုက် ဆက်ပို့လာလျှင် ဇူပရာဇာ ခြေရင်းတော်တွင် မြဲနေရ၏။

သက္ကရာဇ် (၁၁၇၃) တထောင့် တရာ့ခုနစ်ဆဲ့သုံးခု နယုန်လဆန်း သုံးရက်နေ့ ဓညဝတီမြို့က အခွန်ဝန် ဇေယကျော်ထင် ပင့်ဆောင်ရောက်သည့် မဟာဂိရိဘုရားဆင်းတုတော်,ဓာတ်တော်, မွေးတော်များကို စန္ဒာမုနိဘုရား ပြာသာဒ်တွင် သွင်းထားတော်မူ၍ ကိုးကွယ်တော် မူသည်။

နယုန်လဆန်း ဆယ်ရက်နေ့ မြေးတော် အမြင့်မင်းသား သတိုး မင်းလှမင်းခေါင်နှင့် မြေးတော် သီရိရတနာ မင်္ဂလာဝတီကို စုံဘက်တော်မူသည်။

နယုန်လပြည့်ကျော် ခုနစ်ရက်နေ့ မင်းကွန်း ပုထိုးတော်ကြီး အရှေတောင်ယွန်းတွင်တည်လုပ်တော်မူသည့် ပါဒနက်သန်စက်တော်ရာဘုရား အလုပ်အဆောင် ပြီးပြေသည်ကို ထီးချုပ်သီးကသည် မြေတိုင်အောင် ရွှေထည့်တော်မူပြီးလျှင် အရည်ဝါသီပုဂ္ဂိုလ်,ဂါမဝါသီပုဂ္ဂိုလ်,အရိယာသံဃာတော်တို့အား ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းတို့အသုံးအဆောင်ကို များစွာ လှူတော်မူ၍ သာဓုအနုမောဒနာပြုတော်မူသည်၊ ပဒေသာတပင်လျှင် အာဘိုးသပြာတရာထိုက်သောပုဆိုး, အင်္ကျီ, တဘက်, ဦးရစ်ခေါင်းပေါင်းစသော လူတို့ အသုံးအဆောင်နှင့် စပ်သမျှကို အစေ့အစုံဆွဲတော်မူ၍ ပဒေသာပင်ရေ ခုနစ်ရာစီရင်တော်မူပြီးလျှင် ပြည်သူ ပြည်သားတို့နှင့် အသက်အရွယ် အိုမင်းကြီးရင့်သူ, မစားရတတ် မဝတ်ရတတ်သူ, အထီးကျန်သူ တို့ကို များစွာ စွန့်ကြဲပေးလှူတော်မူသည်။ ပွဲသဘင်ကြီးစွာလည်း ခံတော်မူသည်။

ခေါင်းလောင်းတော်ကြီးကို မင်းကွန်းပုထိုးတော်ကြီး အနီးတွင် ဆင်ယင်ဆွဲလှူခြင်း စသည်များ

ထိုနှစ် မင်းကွန်း ပုထိုးတော်ကြီးတဘက် အလယ် ကျွန်းတွင် ကြေးအချိန်ပိသာ ငါးသောင်းကျော်တို့ဖြင့် သွန်းလုပ်တော်မူသော ခေါင်းလောင်း တော်ကြီးကို အနောက်ဘက် ပုထိုးတော်ကြီးသို့ ဆောင်ယူတင်လှူတော် မူမည်ကို စီရင်တော် မူသည်ကား… ခေါင်းလောင်းတော်ကြီး အောက်မြေကို ဖောက်ထည့်သောအောင် တူးယူ စေပြီးလျှင် အလံ

နှစ်ဆယ်ရှိသော ကရဝိက်ဖောင်တော် နှစ်စင်းကို ခေါင်းလောင်းတော်ကြီး အောက်ဆီတည့်တွင် တည်လုပ် စေသည်၊ ဖောင်တော် နှစ်စင်း အလုပ်အဆောင်ပြီးပြေလျှင် ဝိုခင်း၍ ဖောင်တော်ကိုရွှေပိန်းထည့်တော်မူသည်၊ ဖောင်တော်တည်ရင်းကသည် မြစ်ဆိပ်သို့ ဆိုက်အောင်ကိုလည်း ဖောင်ချောင်းတူးလုပ်စေသည်၊အနောက်ဘက်မှာလည်း ပုထိုးတော်ကြီး မြောက် ရောဝတီမြစ်ကမ်းဆိပ်ကသည် ခေါင်းလောင်းတော် တည်ရပ် အဆိုက် ဖောင်ချောင်းတူးလုပ်စေသည်၊ ခေါင်းလောင်းတော် အောက် တည်လုပ်သည့် ကရဝိက်ဖောင်တော် နှစ်စင်းတွဲမှစ၍ အလုပ်အဆောင် အလုံးစုံပြီးပြေ၍ ဝါဆိုဝါခေါင် ရေပြည့်လျှမ်း သကာလ ဖောင်တော် နှစ်စင်းတွဲသည် ခေါင်းလောင်းတော်ကြီးကိုရွက်ဆောင်လျက် ရေပေါ်တွင်နေသည်၊ ထိုအခါ ဆင်ဖြူမျှဉ်းသခင် အသျှင် ဘဝရှင်မင်းတရားကြီး ဘုရားကိုယ်တော်တိုင် လှော်ကား, လက်သင်,ရွှေလှေ, ရွှေလောင်း မြစ်လုံး ညီးလျက် ပွဲသဘင် စုံနှင့် ဖောင်တော်ကို ခြံရံ ထုတ်ယူတော် မူ၍ အနောက်ဘက် ခေါင်းလောင်းတော် တင်လှူမည့် အရပ်သို့ ဆောင်ယူတော်မူပြီးလျှင် ပွဲသဘင်ကြီးစွာခံတော်မူ၍ ခေါင်းလောင်းတော်ကြီးကို စိရင်ဆွဲလှူတော်မူ၏။

ထိုနှစ် တန်ဆောင်မုန်းလဆန်းတရက်နေ့ ရွှေမြို့တော်မှာလည်း ရွှေနန်းတော်, လွှတ်တော်, ပဟိုရ်,စွယ်တော်ကျောင်း, ရွှေရုံး, နောက်ရုံး, ဝင်းရုံး, တိုက်တန်း, တင်းကုပ်, တံခါး, ပြတန်ဆောင်းမှစ၍ တည်လုပ်ရန်ရှိသမျှကို အသစ်ဆောက်လုပ် ရမည်ဟု ဝန်ကြီး နေမျိုးသီဟသူကို ကံကျွေးလက္ခ ငွေတော်ထုတ်ပေးတော်မူ၍ စီရင်လုပ်ဆောင်ရ၏။

တန်ဆောင်မုန်းလဆန်း သုံးရက်နေ့ တောင်ကန်မြို့ ညောင်ပင်သာရွာတွင် ကာလမြင့်ရှည်စွာက လည်း၍ မြောက်သွေ့လေပြီးဖြစ်သော ဇောမိညောင်ပင်သည် အလိုလိုထ၍ ပင်စည်အခက်အလက်တို့ဖြင့် ရှေးကဲ့သို့ဖြစ်၏။

တန်ဆောင်မုန်းလဆန်း ခုနစ်ရက်နေ့ သားတော်မင်းရဲနရာကို ငရဲမြို့ကို ပေးတော်မူသည်။ ။တန်ဆောင်မုန်း လဆန်း တဆဲ့နှစ်ရက်နေ့ သမီးတော် သီရိရတနာဒေဝီ လွန်သည်။ ။နတ်တော်လဆန်း ကိုးရက်နေ့ သားတော်ပုခန်းမင်းသား လွန်သည်။

နတ်ကော်လပြည့်ကျော် တဆဲ့တရက်နေ့ တကျွန်းမရူရမြို့နေ ရာမဆွာမိသူဌေးကြီး, သွေဝမဟိဒ္ဓိန သင်းဘောသူကြီးတို့က ဘုန်းတော်ကို

ခိုလှုံ၍ ကျွန်တော်မျိုး အဖြစ်ဖြင့် ရောင်းဝယ် ဖောက်ကား ပါရမည့် အကြောင်းကို အဘိုးအနှယ်ထိုက်သော မြို့တခဲနက်ဖြစ်သော မဟာဝိန္ဒနတ်ရပ်, လက်ဆောင်တော်နှင့် အလျောက်အထား အဆက်အသရောက်သည်ကို နေတဖက်, လတဖက် အလံတော်ပေးအပ်၍ အကောက်အစား လွှတ်စေ-အမိန့်တော်နှင့် ကျွန်တော်မျိုးခံစေသည်။

သက္ကရာဇ် (၁၁၇၄) တထောင့်တရာ့ခုနစ်ဆဲ့လေးခု နယုန်လဆန်း သေးရက်နေ့ သားတော် သိပေါမင်းသား သီရိသုဓမ္မရာဇာနှင့် သမီးတော် သီရိသုသာမာဝတီကို စုံဘက်တော်မူသည်။

ပဌမဝါဆိုလဆန်းတဆဲ့လေးရက်နေ့ မဇ္ဈိမဒေသ တဆဲ့ခြောက်တိုင်း ဖြစ်သော ကာသိတိုင်း ဗာရာဏသီပြည်က ရမ္မာဝတီစစ်ကဲ ဇုန္နရာဇသူ ပုဏ္ဏားဝါသိဋ္ဌဗြဟ္မာတို့ပင့်ဆောင်ခဲ့သည့် ကဝိလရသေ့ရုပ်တုကို အိမ်ရှေ့မင်းကို စစ်ကိုင်းမြို့ရောက် ကြိုယူတော်မူစေ၍ ရွှေမြို့တော်အရှေ့မြောက်ထောင့် ရွှေကွန်အုပ်ဘုရားအရံတွင်းမှာ တန်ဆောင်း ပြာသာဒ်ဂူနှင့် ထားတော်မူသည်၊ ပြည်သူပြည်သား တို့လည်းအမှေးအထုံ ပန်းနံ့သာမျှားနှင့် ပူဇော်ကြရသည်။

ဒုတိယဝါဆိုလဆန်းနှစ်ရက်နေ့ မြောက်နန်းမိဖုရား သီရိမဟာရတနာဒေဝီလွန်သည်။ ။သီရိမဟာရတနာဒေဝီကို မြောက်နန်းမိဖုရား ပါသည်မှာ (၁၁၂၃) တထောင့်တရာ့နှစ်ဆဲ့သုံးခုနှစ် မြောက်နန်းတော် အဆောင်အရွက် သနားတော်မူ၍ မြောက်နန်းတင်တော်မူသည်။

သီဟိုဠ်ကျွန်းက မင်းလျာတောင်းလာခြင်းစသည်နှင့် စာပေကျမ်းဂန်ဆောင်ယူရန် စေလွှတ်ခြင်း

ထိုနှစ် သီဟိုဠ်ကျွန်းက အရှင်ဘောဂဟတိဿ, အရှင်ဝိယဒဿီ, အရှင် စန္ဒသာရတို့နှင့် ရဟန်းခြောက်, သာမဏေလေး, အမတ်ကြီးဝမ္မဓဇ ပဏ္ဍိတတို့ အဆင်းအား ဖြင့် သုံးပါး, ပမာဏအား ဖြင့် သုံးပါးပြားသော သရီရဓာတ်တော်နှစ်ဆဲ့နှစ်ဆူ၊ ရွှေဆင်းတုနှစ်ဆူ၊ဆင်စွယ်ဆင်းတုတဆူ၊ မဟာဗောဓိပင်၊ ဟော်ရာဘရဏဗေဒင်ကျမ်း၊ ဘတ္တိယမဓု ဆေးကျမ်းများနှင့်နှံသာသေဠာလီ၊ လက်ယာရစ်ခရသင်း၊ အဘိုးများစွာထိုက်သော နဝရတ်လက်စွပ်စသော အထူးထူးသောလက်ဆောင်၊ ထည်မျိုးအုပ်မျိုး သီဟိုဠ်ဘာသာ ရေးလျှောက်စာများနှင့် ဒုတိယဝါဆို လပြည့်ကျော်ခြောက်ရက်နေ့ ခြေတော်ဦးမိုက်ရောက်သည်။

လျောက်စာတွင် ပါသည်ကား....စီးပွားချမ်းသာ မင်္ဂလာအပေါင်း ဖြင့် ချီမွမ်းအပ်သော မြတ်သော နေမင်း၏အနွယ်ဖြစ်သော အတုမရှိ သော ဂုဏ်အပေါင်းတို့၏ တည်ရာဖြစ်တော်မူ၍ ထက်ဝန်းကျင် သမန္တ ရာဇ် မင်းအပေါင်းတို့၏ မကိုင်ဥဿောင်၌ စီခြယ်အပ်သော ရတနာ အပေါင်းဟု ဆိုအပ်သော ဗျားပိတုန်းတို့၏ မြိဝဲရာ ခြေတော်အစုံတည်း ဟူသော ကြာနှင့် ပြည့်စုံတော်မူသော ရတနာသုံးပါး တည်ရာဖြစ် သော ဆင်,မြင်း,ရထား,ခြေသည် ဟူသော စစ်အင်္ဂါလေးပါး၏မပြတ် သွားလာရာ တံတိုင်းတံခါး ပစ်စင် ကျုံးမြောင်းတို့ဖြင့် ခြုံရုံအပ်သော လမ်းမ, လမ်းဆုံ, လမ်းသေး, အိမ်စျေး, ပြာသာဒ်, မဏ္ဍပ်, စုလစ်မွန်း ချွန်တပ်သော ရွှေအိမ် စသော အထူးထူး အပြားပြားသော မြို့အင်္ဂါ ကြက်သရေတို့ဖြင့် တင့်တယ်သော အမရပူရပြည်ကြီးနှင့်တကွ ဇမ္ဗူဒိပ် ကို စိုးအုပ်တော်မူသော တရားမင်းမြတ်အား သိဟိုဠ်ကျွန်းနေ အမတ် စစ်သူကြီး ဝါကျမသိန်ဟဝိလိပတဝေ, မဟာအဓိကာရိနိလမေ စသော အမှူးအမတ်အပေါင်း၊ ကောလမ္ဗူရစော်ဘွား, မည်ဂံပူရစော်ဘွား, ကာ လုတောပူရစော်ဘွား, ကာလအမ္ဗောဂပူရစော်ဘွား, ဝါဠုကာတိဠ္ဍပူရ စော်ဘွား, ဂါလိပူရစော်ဘွား, ရပ်ကျမပူရစော်ဘွား, မာဒရပူရစော် ဘွားစသော စော်ဘွားမြို့စားတို့နှင့် လင်္ကာဒီပသိဟိုဠ်ကျွန်းအလုံး ကျွန် တော်များအဖြစ်ဖြင့် ရှိခိုး နားတော်လျောက်ဝံ့သော ဘုရား....သိဟိုဠ် ကျွန်းမှာ ဒေဝါနံပိယတိဿမင်းမှစ၍ သိရိရာဇာဓိရာဇသိဟမင်း တိုင် အောင် ဘုရားသခင့်သာသနာတော် ထွန်းတောက်သည်၊ သိရိရာဇာဓိ ရာဇသိဟမင်း မရှိလျှင် သားတော် မြေးတော် အဆက်အခံ မရှိသော ကြောင့် မင်းမျိုး မင်းနွယ်မဟုတ် သိရိဝိက္ကမ ရာဇသိဟကို အမှူးအမတ် တို့ ချီးပင့်၍ မင်းမြှောက်ကြသည်၊ တဆွဲလေးနှစ် ရှိပါသည်၊ သိရိဝိက္ကမ ရာဇသိဟ မင်းသည် ကျည်းကုလားအမျိုးကိုလည်း မိဖုရားမြှောက်သည်၊ မင်းဖြစ်၍ နှစ်လသုံးလခန့်သာ သာသနာတော်ကို ကြည်ညိုး၏၊ သို့ပြုပြီး လျှင် ဘုရားပုထိုး ရဟန်းသံဃာများတွင် ပြုမြဲဝတ်ကိုဖြတ်၍ စာပေ ပိဋက တ်များကို မပြုမစုသောကြောင့် ရဟန်းသံဃာ အမှူးအမတ်တို့ အကြိမ် ကြိမ် လျောက်ထားကြသည်ကို မနာမယူ မိန္ဆာဒိဋ္ဌိကျည်းကုလားတို့အပြု အမူ အကျင့်အကြံကိုသာအားထုတ်လေသောကြောင့် စစ်သူကြီးစသော အမတ်ကြီး အပေါင်းတို့နှင့် မထေရ်အရှင်မြတ် ရဟန်းကြီး ရှင်ကြီး အပေါင်းတို့ စိတ်နှလုံးညစ်ညူးကြ၍ စည်းဝေးတိုင်ပင်ကြသည်တွင် ဇမ္ဗူ

ဒီပါကျွန်း မဟာအမရပူရနေပြည်တော်မှာဘုရားသခင်လက်ထက်တော်ကကဲ့သို့ သာသနာတော်ထွန်းလင်းသည်၊ ပိဋကတ်စာပေလည်း အပြည့်အစုံရှိသည်၊ မဟာအမရပူရနေပြည်တော်မှစ၍ တိုင်းကြီးပြည်ကြီးတို့ကို အစိုးရတော်မူသော ဆဒ္ဒန်ဆင်မင်းသခင် မင်းတရားကြီးဘုရားသည် ဓမ္မာသောကမင်းကြီး၏ အနွယ်အဆက်သို့ အစဉ်လိုက်၍ ကျင့်ဆောင်တော်မူသောမင်းကောင်းမင်းမြတ် ဖြစ်တော်မူသည်၊ရတနာသုံးပါးကိုကြည်ညိုတော်မူ၍ သာသနာတော်ကို အလွန်ချီးမြှောက် ပြုစုတော်မူသည်၊ ဘုန်းတော် တန်းခိုးတော် တို့သည် အလွန်ကြီးတော်မူသည်၊ မင်းတရားကြီးဘုရားအား သီဟိုဠ်ကျွန်းကို ဆောင်နှင်းဆက်သရလျှင် သာသနာတော်စည်ပင်ပွင့်လင်း၍ ရဟန်းရှင်လူ ပြည်သူ သတ္တဝါအပေါင်းတို့ အပါယ်ငရဲကျင်း၌ သင်္ကမောက္ခ အကျိုးခံစားကြရမည်-တိုင်ပင်ညှိညှိတ်ကြသောကြောင့် သီဟိုဠ်တကျွန်းလုံးကို နှင်းအပ်ဆက်သပါသည်၊ ကျွန်တော်တစုလည်းအမှုတော်ကိုထမ်းပါမည်သီဟိုဠ်ကျွန်းဝယ်သာသနာတော်ပွင့်လင်းထွန်းတောက်ပအောင် နှိပ်နင်းဆုံးမပြုစုနိုင်မည့်သူကို ရာဇာမြှောက်တင်တော်မူ၍ ထိန်းသိမ်း ပြုစုအုပ်ချုပ်ပါစေမည့်အကြောင်း လျှောက်စာတွင်ပါ၏။

ဆင်ဖြူမျှးသခင် အသျှင်ဘဝရှင်မင်းတရားကြီး ဘုရားလည်း သီဟိုဠ်ကျွန်းကလျှောက်စာကိုကြားတော်မူလျှင် ဤသို့အမိန့်တော်ရှိ၏-ငါသည် သတ္တဝါအပေါင်းတို့ စိတ်နှလုံး မကျဉ်းမမြောင်း ပွင့်လင်းချမ်းသာသည်ကိုသာ အလိုတော်ရှိတော် မူသောကြောင့် ထိပ်၌စိုက်သွန်းအပ်သောမုဒ္ဓါဘိသိက်ကို နှစ်ကြိမ်မြောက်ခံတော်မူ၍ မင်းအဖြစ်ဖြင့် စိုးအုပ်တော်မူသည်၊ သီဟိုဠ်ကျွန်းကလျှောက်စာတွင်ပါသည့်အတိုင်း မင်းလျှောပေးချေသည်ရှိသော် သီဟိုဠ်ကျွန်း၌ မင်းပြုသည်ဆိုသူနှင့်တကွ အဆွေအမျိုးအပေါင်း ဆင်းရဲခြင်းသို့ ရောက်မည် ဖြစ်သည်၊ အရပ်ရပ်စကားစုတွင် သီဟိုဠ်ကျွန်း၌ သာသနာတော် မပွင့်မလင်း ရှိရသည် ဆိုသည့်စကားတရပ်ပါသည်ကိုမူကား အလေးပြုသင့်သည်ဖြစ်သည်၊ ယင်းသို့ဖြစ်သောကြောင့် သီဟိုဠ်ကျွန်းသည် သာသနာတော် တည်ရာ ဖြစ်ပေသည်၊ ဒေဝါနံ ပိယတိဿမင်း သာသနာတော်ကို ချီးမြှင့်ပြုစုသည်အစဉ်ကိုမှီ၍ သာသနာတော်ကို ချီးမြှင့်ပြုစုရမည့် အကြောင်းကို သီဟိုဠ်ကျွန်းမှာယခုမင်းပြုသူသို့ ငါအမိန့်တော်ပြန်မည်၊သီဟိုဠ်ကျွန်းဝယ် မိဆွာဒိဋ္ဌိတို့နှောင့်ရှက် ဖျက်ဆီးသောကြောင့် ဝိဉ္ဉာဏ်စာပေ မစုံမစေ့ ရှိသည်ကိုလည်း

သုတ္တန်, အဘိဓမ္မာ, ဝိနည်းပိဋကတ်တော်အစုံ သီဟိုဠ်ကျွန်းသို့ ပေးအပ်လိုက်မည်၊ နောင်ငါ့အမိန့်တော်အတိုင်းမတည်၍ သာသနာတော်မပွင့်မလင်းရှိသည် ကြားရသောအခါမူကား သာသနာတော်ရေး သာသနာတော်မူ ဖြစ်သည်ကို ငါမျက်နှာလွဲတော်မူသင့်သည် မဟုတ်-သီဟိုဠ် တကျွန်းလုံးဝယ် မိဆွာဒိဋ္ဌဆိုသမျှကို ဘေးလောင်းတော် သီရိဓမ္မာသောကမင်းကြီးကဲ့သို့ ငါကိုယ်တော် ရိုးရင်း ဆုံးမတော် မူ၍ သီဟိုဠ်ကျွန်းမှာ သာသနာထွန်းတောက်အောင် ငါချီးမြှင့်ပြုစုတော်မူမည်ဟု အမိန့်တော်ရှိပြီးလျှင် အမိန့်တော်နှင့် သုတ္တန်, ဝိနည်း, အဘိဓမ္မာဝိဋကတ်တော်အစုံပေးအပ်၍ သီဟိုဠ်ကျွန်းက လာရောက်သူ အရှင် ဘောဂဟတိဿ, အရှင်ပိယဒဿီ, အရှင်စန္ဒသာရတို့နှင့် အမတ်ကြီး ဓမ္မဇဇပဏ္ဍိတတို့ကို ဟံသာဝတီ သင်းဘောဆိပ်က သင်းဘောနှင့်တင်၍ သီဟိုဠ်ကျွန်းသို့ ပို့ရ၏။

ဒုတိယ ဝါဆိုလဆန်း ခြောက်ရက်နေ့ တကျွန်းနာဂူမြို့နေ မာမတ်ကာသည် သူဌေးသား မာမွတ်ကာကျည် သူဌေးကြီးက အဘိုးအန္ဓဋိုက်သော ပုလဲကုံး, ထည်မျိုးအုပ်မျိုး, အထူးထူးသော လက်ဆောင်တော်များနှင့် ဘုန်းတော်ကို ခိုလှုံ၍ ကျွန်တော်မျိုးအဖြစ်ဖြင့် ရောင်းဝယ်ဖောက်ကား သွားလာပါရမည့်အကြောင်းကို လာရောက် ဆက်သလျောက်ထားသည်။

တကျွန်း ရာမနာဒပူရမြို့နေ ရာမသွာမိသူဌေးကြီးသား ရာဂူပတိကနာရကံသူဌေးကြီးကလည်း လက်ယာရစ်ခရာသင်း၊ သာလီကြီကျောက်၊ သတ္တရုကနတ်ငါးပါးရုပ်တု၊ရာမေသရ မြစ်ရေ-မြစ်မြေ၊ ကာဆီမြို့ဂင်္ဂါရေမြေ၊ မာရပူရဂင်္ဂါရေမြေ၊ မဂူရမြို့ ကာဝေရီမြစ်ရေမြေ၊ ကုန္တကောနကန် ရေမြေ၊ ဒိဗ္ဗသရရေကန် ရေမြေ၊ တနီကောရိဆိပ် ရေမြေ၊ ကရိပူလာနီမြို့တောင်ထိပ်က စီးကျသည့်ရေမြေများနှင့် အထူးထူးသော ထည်မျိုးအုပ်မျိုး လက်ဆောင်တော်ဆက်သ၍ ဘုန်းတော်ကို ခိုလှုံပြီးလျှင် ကျွန်တော်မျိုး အဖြစ်ဖြင့် ရောင်းဝယ်ဖောက်ကား သွားလာပါရမည့် အကြောင်းကို လာရောက်ဆက်သ လျောက်ထားသည်။ ။သူဌေးကြီး မာမွတ်ကာကျည်, သူဌေးကြီး ရာဂူပတိကနာရကံတို့ သင်းဘောများကိုလည်း နေတဘက် လတဘက်အလံတော်ပေးအပ်၍ အကောက်အစားလွတ်စေ-အမိန့်တော်နှင့် ကျွန်တော်မျိုးခံစေ၏။

တော်သလင်းလပြည့်ကျော် လေးရက်နေ့ နန္ဒဝန် ဥယျာဉ်တော်ဝယ် ကသစ်ဖြူပင်စည် အကိုင်းအခက် အရွက်များက ရေထွက်သည်၊ အလယ်

ကျွန်း စံနန်းတော်မြောက်ဝယ် သိလာစန္ဒနပင်ကလည်း ထိုအတူ ရေထွက်သည်။ ။သက္ကရာဇ် (၁၁၇၄) တထောင့်တရာ့ခုနစ်ဆဲ့လေးခု သီတင်းကျွတ်လပြည့်ကျော်ခုနစ်ရက် အင်္ဂါနေ့ ကောင်းမြတ်သောမင်္ဂလာအခါတော်ကြိုက်လျက် မြေးတော် အိမ်ရှေမိဖုရားသည် သားဦးရတနာကို ဖွားမြင်တော်မူသည်။

ဖွားတော်မမူမီ တပို့တဲ့လဆန်း ၎ါးရက်နေ့ကစ၍လည်း ရှစ်လကျော်ကိုးလ ဖွားတော်မူသည့်နေ့တိုင်း နေ့စဉ်ရက်ဆက် မြေကြီး၀ေလျင်အကြိမ်များစွာ တုန်လှုပ်သည်၊ သားတော်ကို ဖွားမြင်တော်မူ၍ ခုနစ်ရက်လည်လျှင်လည်း မယ်တော်အိမ်ရှေမိဖုရား နတ်ရွာစံတော်မူသွားသည်ကို ဘဝရှင်မင်းတရားကြီး ဘုရားလည်း ရှေ၀ေါနှင့် ထွက်တော်မူ၍ မိဖုရားတို့ကို သင်္ဂြိဟ်သည့်နည်း အိမ်ရှေတော်အရှေမြောက်ယွန်း၀ယ် သင်္ဂြိဟ်တော်မူသည်၊ အလွန်လည်း ကြေကွဲတော်မူ၏။

မြစ်တော်ကိုလည်း မြပုခက် တင်တော်မူပြီးလျှင် အထိမ်းအယ အင်္ဂါတော်မူ၍ အခွေအရံ မှူးကြီးမတ်ကြီးတို့ သားမြေးတို့ကိုလည်း လက်ဖွဲ့တော်မူသည်။ ညောင်ရမ်းမြို့ကိုလည်း ပေးတော်မူ၏။ ။နတ်တော်လပြည့်ကျော်ရှစ်ရက်နေ့ မြေးတော်အမြင့်မင်းသားလွန်သည်။ နတ်တော်လပြည့်ကျော် တဆဲ့သုံးရက်နေ့ မင်းကွန်း စံနန်းတော်က ရွှေမြို့တော်သို့ ၀င်တော်မူသည်။

သက္ကရာဇ် (၁၁၇၅) တထောင့်တရာ့ ခုနစ်ဆဲ့၎ါးခု ကဆုန်လပြည့်ကျော်တဆဲ့၎ါးရက်နေ့မိုင်းမော်စော်ဘွားကသမီးကညာအထူးထူးသောလက်ဆောင်တော်များနှင့် အဆက်အသရောက်သည်။ ။နယုန်လဆန်း ၅စ်ရက်နေ့ သားတော်ပုဂံမင်းသားကို ပုပ္ပါးမြို့ကိုထပ်၍ ပေးတော်မူသည်။ ။၀ါခေါင်လပြည့်ကျော်ဆယ်ရက်နေ့ မိုင်းမော်စော်ဘွားသမီးကို ရမ္မာ၀တီမြို့ကို ပေးတော်မူသည်။ ။သီတင်းကျွတ်လဆန်း ၎ါးရက်နေ့ သားတော် မင်းရဲမင်းခကျော်ကို သာဂရမြို့နှင့်လှ၍ ကသာမြို့ကို ပေးကော်မူသည်။ ။သီတင်းကျွတ်လဆန်းခြောက်ရက်နေ့ မိုင်းမော်စော်ဘွားသမီး လွန်သည်။

သီတင်းကျွတ်လပြည့်ကျော် တဆဲ့တရက်နေ့ ဟေမာစန္ဒတိုင်း ပူရန်မြို့ဒန္တာဇလတောင်ကျောက်ဂူတွင်ရှိသည့် ကျမ်းဂန်စာပေများကို အဆောင်အယူ ဝတ်မြေ၀န် သီရိမှံချို, သီရိနော်ရထာ ကျော်ခေါင်, နရာဇယကျော်, အိန္ဒရာဇသူ, ဇေယကျော်စွာ, ပုဏ္ဏား ၀ါသိဋ္ဌဗြဟ္မာတို့ကို စေ

လွှတ်တော်မှု၏။ ။ပြာသိုလပြည့်ကျော်ခုနစ်ရက်နေ့ ရေနံချောင်းမြို့စား သီရိစန္ဒာမဟေလွန်သည်။ ။တပို့တွဲလဆန်း ဆယ်ရက်နေ့ မဇ္ဈိမတိုက် ဖြစ်သော ကပိလတိုင်း ပဉ္စာလရာဇ်ပြည်သို့ ကျမ်းဂန်စာပေ အဆောင် အယူ ကျွန်တော်မျိုး မင်းကျော်တမွတ်ကို စေလွှတ်တော်မူသည်။

ကသည်းစော်ဘွား မဟာရာဇာကိုချ၍ ညီ ဇူပရာဇာကို နန်းတင်ခြင်းစသည်နှင့် သမိုးကညာ ရောက်ခြင်း

ထိုနှစ် မဏိပူရမြို့မှာလည်း ကသည်းစော်ဘွား မဟာရာဇာနှင့် ညီ ဇူပရာဇာတို့ မသင့်မတင့် ရှိကြသောကြောင့် ဇူပရာဇာ ထွက်ပြေးလာ ရောက်၍ ခြေရင်းတော်မှာ ခိုဝင်နေလာသည်၊ နှစ်နှစ်ကျော် သုံးနှစ်ရှိ သည်၊ မဟာရာဇာကို ရွှေဘဝါးတော်အောက်ခေါ်စေပြီးလျှင် သင့်တင့် အောင်ပြောဆို၍ စော်ဘွားမဟာရာဇာနှင့် ဇူပရာဇာတို့ ညီအစ်ကိုယ် နှစ်ဦး အသင့်အတင့်ပေါင်း၍ မဏိပူရမြို့ကိုအစဉ်မပျက်ဆင်းသက်စိုးအုပ် စေရမည်၊ မဟာရာဇာကို ကသည်းမင်းသမီးက လူစေလွှတ်ခေါ်စေ-အမိန့်တော်ရှိ၍ နှမ ကသည်းမင်းသမီးက မောင် မဟာရာဇာကို မြေတော်ဦးခိုက် လာရမည့် အကြောင်းနှင့် လူစေလွှတ် ခေါ်စေသည်တွင် မဟာရာဇာလည်း ညီဇူပရာဇာခြေရင်းတော်မှာ ခစားနေသည် နှစ်-လရှည်ကြာရှိပြီ ယခုခြေတော်ဦးခိုက်လိုက်ခြေသည်ရှိသော် ငါသည် ဝိုက်ကွန်သို့ ဝင်မှားသော ငါးကဲ့သို့ ဆင်းရဲတွေ့မည်၊ ဇူပရာဇာမှာမူကား ဝိုက်ကွန်မှထွက်လွတ်နိုင်သော ငါးကဲ့သို့ မဏိပူရပြည်ကိုစော်ဘွားအရာ နှင့် အပ်တော်မူချိမ့်မည်ဟု စိတ်နှောင့်နှောင့်နှေးနှေး အတွေးအထင် ရှိသောကြောင့် မဟာရာဇာ ခြေတော်ဦးခိုက် မလိုက်မပါဝံ့၊ အတ္ထုပတ်မြို့မှာ စစ်ကူတောင်း၍ လမ်းပေါက်လမ်းဝများမှာတပ်တောင်တာခန့်ထား ဆီးဆို့စေပြီးလျှင် မြို့ပြကျုံးမြောင်းပြင်ဆင်၍ အခိုင်နေလေသည်။

ထိုအကြောင်းမျိုးကို အခေါ်စေသူတို့ပြန်ရောက်၍ ဆင်ဖြူမျှားသခင် ဘဝရှင် မင်းတရားကြီးဘုရား ကြားသိတော်မူလေလျှင် ကသည်း စော်ဘွား မဟာရာဇာနှင့် တကွ တမြို့လုံးကို သိမ်းယူခဲ့ရမည်၊ ဇူပရာဇာကို လည်း တပ်တော်များက ခေါ်သွား၍ မဏိပူရမြို့မှာ နန်းတင်ခဲ့ရမည့် အမိန့်တော်ရှိပြီးလျှင် အလုံမြို့ဝန် သိရိဓမ္မာသောကတတပ်၊ ဒီပဲယင်းမြို့ဝန် နေမျိုးသူရရဲခေါင်ဘတပ်၊ မြေဒူးမြို့ဝန် ရဲလှပျံချီကျော်တတပ် မင်း ခင်းမြို့ဝန် ရဲခေါင်ကျော်စွာ တတပ်၊ ဝန်းသိုမြို့ဝန် ရဲခေါင်နော်ရထာ

တတပ်၊ ကန္နီမြို့ဝန် နေမျိုးသီဟရဲခေါင် တတပ်၊ ပုခန်းမြို့ဝန် ရဲထင်နော်ရထာ တဘပ်၊ ဗန္ဓကျိတိုက်ဝန် ရဲကျော်နော်ရထာ တတပ်၊ ကလေးမြို့ဝန် တဘပ်၊ တိန်းညင်းမြို့ဝန် ရဲလှရဲခေါင်ကျော်တတပ်၊ အင်ထောက်သာမြို့ဝန် နန္ဒိသေနကျော်ထင် တတပ်၊ အမြင့်မြို့ဝန် ရဲထင်ကျော်စွာ တတပ်၊ သောင်သွပ်စော်ဘွားစော်ဟန်ငါး တတပ်၊ တောင်တွင်းချောင် မြို့သူကြီး တတပ်၊ အိမ်ရှေ့အတွင်းဝန် နေမျိုးဇေယသူတတပ်၊ ကျိုက်နေမျိုးကျော်သူ တတပ်၊မြေတိုင်းအမတ် ကျော်ထင်နန္ဒမိတ်တတပ်၊ လမိုင်းဝန်တတပ်၊ မောက်ဘတော်ဝန်တတပ်၊ ဗိုလ်ချုပ်အတွင်းဝန် နေမျိုးမဟာမင်းလှနော်ရထာ တပ်မနှင့်သော် တပ်ပေါင်းနှစ်ဆယ်တွင်ပါသည့် မြင်းတထောင့်ငါးရာ, စစ်သည်သူရဲ နှစ်သောင်းကို အိမ်ရှေ့ဝန် နေမျိုးရာဇသူ, ဝန်ထောက် နေမျိုးနော်ရထာ စည်သူတို့ကိုစစ်ကဲ, အတွင်းဝန် နေမျိုးမင်းလှမဟာနော်ရထာကိုအချုပ်ခန့်တော်မူ၍ သက္ကရာဇ် (၁၁၇၅) တထောင့်တရာ့ခုနစ်ဆဲ့ငါးခု တပို့တွဲလပြည့်ကျော် တဆဲ့တရက်နေ့ ချီစေသည်၊ ဇူပရာဇာကိုလည်း ထည့်တော်မူ၍ တပ်တော်များနှင့် အတူခေါ်သွားရသည်။

ကသည်းစော်ဘွား မဟာရာဇာလည်း တပ်တော်များ ချီတက်လာကြောင်းကို ကြားသိ လေလျှင် သား မယားတို့ကို အခြွေအရံများနှင့်တကွ အကွယ်ပတ်မြို့သို့ပို့ထားသည်၊ စစ်တက်လမ်းပေါက် ယမ်းဝသင့်သမျှ ခရိုးကျဉ်းများတွင် အသွယ်သွယ်အဝဝ လက်နက်လူသူ ဖြည့်လောင်းရပ်ခံစေပြီးလျှင် မကိုပူရမြို့က ခရိုး တသောင်းကျော်ကွာ အရပ်အခံ သင့်သည့် ကက်စိန်အရပ်တွင် မြေကတုတ်တပ်ကြီး တည်လုပ်၍ အခိုင်အကြံနေရစ်၏။

ဗိုလ်ချုပ် အတွင်းဝန် နေမျိုးမင်းလှမဟာနော်ရထာလည်း ရွှေဘဝါးတော်အောက်ကတပ်စဉ်စခန်းစဉ်အတိုင်းချီတက်၍ နတ်ကျွန်းအောင်မြေသို့ရောက်လျှင် အလုံမြို့ဝန် သီရိမဓာသောကတတပ်၊ ကျိုက်နေမျိုးကျော်သူ တတပ်၊ လမိုင်းဝန် တတပ်၊ သောင်သွပ်စော်ဘွား စော်ဟန်ငါး တတပ်၊ သည်လေးတပ် မြင်းငါးရာ,စစ်သည်သူရဲငါးထောင်နှင့် သလွာဝတီမြစ်ကို စန္ဒာရွှေညောင်ပင်ဟသံဆိပ်ကကူး၍ မလိန်ခွေးပူကြောင်းချီစေသည်။

ဗိုလ်ချုပ် နေမျိုးမင်းလှမဟာနော်ရထာမှာ ဒီပဲယင်းမြို့ဝန် နေမျိုးသူရရဲခေါင်၊ မြေဒူးမြို့ဝန် ရဲလှပုံချီကျော်၊ မင်းခင်းမြို့ဝန် ရဲခေါင်ကျော်

စွာ၊ ဝန်းသိုမြို့ဝန် ရဲခေါင်နော်ရထာ၊ ကန္ဒီမြို့ဝန် နေမျိုး သီဟရဲခေါင်၊ ပုခန်းကြီးမြို့ဝန် ရဲထင်နော်ရဃာ၊ ဗန်းကျီတိုက်ဝန် ရဲကျော်နော်ရထာ၊ ကလေးမြို့ဝန်၊ တိန်းညင်းမြို့ဝန် ရဲလှရဲခေါင်ကျော်၊ အင်ထောက်သာမြို့ဝန် နန္ဒိသေနကျော်ထင်၊အမြင့်မြို့ဝန်ရဲထင်ကျော်စွာ၊ တောင်တွင်းချောင်မြို့သူကြီး၊ မောက်ကတော်မြို့ဝန်၊ မြေကိုင်းအမတ် ကျော်ထင် နန္ဒမိတ်၊ အိမ်ရှေအတွင်းဝန် နေမျိုး ဇေယသူရတို့ တပ်ပေါင်း တဆဲ့ခြောက်တပ် နှင့် သလွာဝတီမြစ်ကို နတ်ကျွန်းအောင်မြေ ဆိပ်က ကူး၍ တမူးပန်းသာကြောင်းချီတက်သည်၊ တမူးသို့ရောက်လျှင် ဒီပဲယင်းမြို့ဝန် နေမျိုးသူရရဲခေါင်တတပ်၊မြေဒူးမြို့ဝန်ရဲလှပုံချီကျော်တတပ်၊ မင်းခင်းမြို့ဝန် ရဲခေါင်ကျော်စွာ တဘပ်၊ ဝန်းသိုမြို့ဝန် ရဲခေါင်နော်ရထာ တတပ်၊ ကန္ဒီမြို့ဝန် နေမျိုးသီဟရဲခေါင်တတပ်၊ သည်ငါးတပ် မြင်းငါးရာ, စစ်သည်သူရဲငါးထောင်ကို စစ်ကဲကြီး အိမ်ရှေဝန် နေမျိုးရာဇသူကို အုပ်ကွပ်စေပြီးလျှင် ဆူပုံကြောင်းခွဲ၍ ချီတက်စေသည်။

အိမ်ရှေအတွင်းဝန် နေမျိုးဇေယသူရ, ကလေးမြို့ဝန်,တိန်းညင်းမြို့ဝန်ရဲလှ ရဲခေါင်ကျော်တို့ သုံးတပ်၊ မြင်း တရာ့ ငါးဆယ်, စစ်သည် သူရဲတထောင့်ငါးရာကို အိမ်ရှေအတွင်းဝန် နေမျိုးဇေယသူရကို အုပ်ကွပ်စေ၍ တမူးကြောင်း ရှေ ချီစေသည်။ ။ဗိုလ်ချုပ် နေမျိုး မင်းလှ မဟာနော်ရထာမှာလည်း တမူးကြောင်း ချီတက်၏။

ဆူပုံကြောင်းချီတက်သော အိမ်ရှေဝန် နေမျိုးရာဇသူ, ဒီပဲယင်းမြို့ဝန် နေမျိုးသူရရဲခေါင်တို့ ငါးတပ်လည်း အိုင်မွန်ချင်းရွာ တောကြီးအဆင်းတွင် ကသည်းအမတ်ကြီး ဟာစာရီ အလုံးအရင်းအမျှားနှင့် ခံနှင့်သည်ကို အရပ်အဆိုင်း အတည်းအဟူမရှိ တိုက်သည်။ ကသည်းအမတ်ကြီး ဟာစာရီ မကွပ်မကဲနိုင် တပ်လုံးပျက်၍ ဆုတ်ခွာသည်။ ထိုက တတိုင်ခန့်ကွာ တောင်ကြားတွင် ခံပြန်သည်ကို တိုက်ပြန်လျှင်လည်း ပျက်ပြန်၏။ ထိုက ငါးရာတွင်းကွာ အိုင်မွန် ချောင်းကြီးတွင် ခံပြန်သည်ကို တိုက်ပြန်သည် ပျက်ပြန်၏။

တမူးကြောင်း ချီတက်သည့် အိမ်ရှေအတွင်းဝန် နေမျိုးဇေယသူရတို့ သုံးတပ်လည်း ပလွင်သို့ရောက်၍ တပ်စွဲရပ်နေသည်ကို တပ်မစွဲရအောင် ကသည်းအမတ်ကြီး ဆနာပတိ ရွှေထီးဆောင်းလွှက် စစ် သုံးကြောင်းဖြန့်၍ တိုက်လာသည်ကို အိမ်ရှေအတွင်းဝန် နေမျိုးဇေယသူရ ကြံ့ကြံခံ၍

တိုက်သည်တွင် ကသည်းအများ သေဆုံး၍ ဆနာပတိတို့ ကသည်းတပ်ဆုတ်ခွာလေ၏။

ဗိုလ်ချုပ် နေမျိုးမင်းလှမဟာနော်ရထာ တပ်မနှင့် တပ်ပေါင်း တဆဲရှစ်တပ်လည်း ကသည်းစော်ဘွား မဟာရာဇာ ခံနေသည့် ကက်စိန် တပ်နှင့် တတိုင်ကျော်ကွာ ပလွင်အရပ်တွင် တပ်စွဲရပ်၍ ဆူပုံကြောင်းချီ စစ်ကဲကြီး အိမ်ရှေ့ဝန် နေမျိုးရာဇာသူတို့ ငါးတပ်နှင့် ပေါင်းဗိလျင် စစ်သည်သူရဲ တထောင့်ငါးရာနှင့် ဝန်းသိုမြို့ဝန် ရဲခေါင်နော်ရထာကို လင်းယာကြောင်း, စစ်သည်သူရဲ တထောင့် ငါးရာနှင့် မြေဒူးမြို့ဝန် ရဲလှပျံချီကို လက်ဝဲကြောင်း, စစ်သည်သူရဲ သုံးထောင်နှင့် ဒီပဲယင်းမြို့ဝန် နေမျိုးသူရဲရဲခေါင်ကို အလယ်ကြောင်း၊ စစ်သုံးကြောင်းစီရင်၍ မဟာရာဇာခံသည့် ကက်စိန်တပ်ကြီးသို့ ချဉ်းစေသည်။ မဟာရာဇာလည်း တပ်တော်များ ချီလာသည်ကိုမြင်လျှင် စီး၍ ထီးဖြူဆောင်းလျက် ဆင်ရံ သုံးဆယ်ကျော်, မြင်းတထောင်ကျော်, လူ တသောင်းကျော်လောက် နှင့် တပ်က ထွက်၍ ခံနှင့်သည်ကို ဒီပဲယင်းမြို့ဝန် နေမျိုးသူရဲရဲခေါင်ကွပ်၍ စစ်သုံးကြောင်း အဆုတ်အဆိုင်းမရှိ မဟာရာဇာကို အရကြိုး၍ တိုက်ကြသည်တွင် မဟာရာဇာ မကွပ်မကဲနိုင်၊ တပ်အလုံး ပျက်၍ ဆုတ်ခွာ ထွက်ပြေး ကြသည်။ မဟာရာဇာမူကား ဆင်ကဆင်းပြေးလျှင် မြင်းစီး၍ ခွာလေသောကြောင့် ကက်စိန်တပ်တွင်းသို့ အနှိုင် ဝင်မိလေသည်။ ဆင် မြင်း သုံ့ပန်း လူသူ အများ ရလိုက်၏။ ဒီပဲယင်းမြို့ဝန် နေမျိုးသူရဲရဲခေါင်တို့ စစ်သုံးကြောင်းလုံး လည်း လိုက်ထပ်၍ ကက်စိန်တပ်ကို တိုက်သည်။ တပ်တွင်းက မဟာရာဇာကိုယ်တိုင် ကြီးကြီးကြပ်ကြပ် ကွပ်ကဲ၍ တပ်ထိပ်က အမြော်က်စိန်ပြောင်းနှင့် ဆီးခံပစ်လွှတ်သည် ထူထပ်လှသောကြောင့် တပ်တော်များမှာ အထိအပါး အသေအဆုံးများလှသည်နှင့် ကက်စိန်တပ်နှင့် တာနှစ်ဆယ်ကျော် ကွာတွင် တပ်မြေကတုတ် တည်လုပ် စွဲနေပြီးလျှင် အထွေထွေ စီရင်၍ လေးရက်ငါးရက်တိုင်တိုင် ကက်စိန်တပ်ကို တိုက်စေသည်။ တပ်ထိပ်က ပြောင်း သေနတ် တပ်စီး လူသူ ထူထပ် လှသောကြောင့် မချဉ်း မကပ် မပေါက်မရောက် တည့်နိုင် ရှိလေလျှင် ဒီပဲယင်းမြို့ဝန် နေမျိုး သူရဲရဲခေါင်တို့ စစ်သုံးကြောင်းလုံး ပြန်၍ ညှဉ့်သုံးချက်တီးကျော် အချိန်ကို တဟုန်တည်း ကက်စိန်တပ်ကို တက်သည်။ တပ်တွင်းက မဟာရာဇာကိုယ် ကွပ်ကဲ ခုခံပါသော်လည်း ညှဉ့်အခါ ဖြစ်၍ မကွပ် မကဲ မရပ်မခံနိုင်။ စစ်သုံးကြောင်းလုံး တပ်တွင်းသို့ ဝင်လေ၍ ထွေတိုင်း မြင်တိုင်း လိုက်လံ

ပစ်ခတ် ထိုးခုတ်လေလျှင် မဟာရာဇာ ရုံးမိသမျှနှင့် မိုးသောက် ရောင်နီလာတွင် တပ်မြောက်မျက်နှာကို ထွက်ပြေးသည်။ ဒီပဲယင်းမြို့ဝန် နေမျိုးသူရရဲခေါင်တို့လည်း ကက်စိန်တတပ်လုံးကို သိမ်းရုံးပြီးလျှင် မဟာရာဇာထွက်ပြေးရာ ကျော်စွာသိဒ္ဓိကို စစ်သည်သူရဲ တထောင့်ငါးရာနှင့် လိုက်ထပ်၍ တိုက်စေသည်။ ကက်စိန်တပ်နှင့် နှစ်တိုင်ကျော်ကွာ ကုလားရွာတွင်မှီ၍ တိုက်သည်တွင် ဆင် တဆယ်ကျော်, မြင်း တရာကျော် ရလိုက်သည်။ မဟာရာဇာမူကား ဆီးနှင်းလည်း ဝေလှသည်နှင့် မရွေးမချယ်နိုင်၊ အထွေးထွေးအရက်ရက်ရှိလေလျှင် ဆင်ကသည် မြင်းစီး၍ အပြင်းထွက်ပြေးသည်။ ကျော်စွာသိဒ္ဓိလည်း မဟာရာဇာပြေးလေရာ လိုက်ထပ်သည်။ အတ္ထပတ်လမ်း တောင်ခြေစခန်းသို့ရောက်၍ ခြေရာလမ်းစမမြင်မှ တပ်ကိုသိမ်း၍ ပြန်ခဲ့ရ၏။

ဗိုလ်ချုပ် နေမျိုးမင်းလှ မဟာနော်ရထာလည်း ပုခန်းကြီးမြို့ဝန် ပျံချီဇေယကျော်, ဗန္ဓကျိတိုက်ဝန် ရဲကျော်နော်ရထာ, တိန်းညင်းမြို့ဝန် ရဲလှရဲခေါင်ကျော်တို့ သုံးတပ်ကို အိမ်ရှေ့ အတွင်းဝန် နေမျိုးဇေယသူရကို အုပ်ကွပ်စေ၍ ရှေ့တပ်ဦးချီနှင့်စေပြီးလျှင် ဗိုလ်ချုပ် နေမျိုး မင်းလှမဟာနော်ရထာ မကိုပူရမြို့သို့ ချီ၏။

ခွေးပူကြောင်းချီစေသော အလုံမြို့ဝန် သိရိမဓာသောက, လမိုင်းဝန်, ကျိုက်နေမျိုးကျော်သူ, သောင်သွပ်စော်ဘွား စော်ဟန်ငါးတို့ လေးတပ်မှာလည်း ခွေးပူတောင်ကြားတွင် မြင်း သုံးထောင်ကျော် လေးထောင်လောက်နှင့် ကသည်းအမတ်ကြီးခံနှင့်သည်ကိုတွေ့၍ တိုက်ကြရာ သောင်သွပ်စော်ဘွား စော်ဟန်ငါး-တပ်လုံးနစ်၍ မြင်းဦးတွင်ပင် ဆုံးချေသည်။

တပ်မူးရွှေတောင်ကျော်စွာကျော်လည်း တပ်ဦးလွန်ချေသောကြောင့် ကသည်းတို့ အရှင်ဖမ်းမိလေသည်နှင့် တပ်တော်များက ဘိဘိစီးစီးတိုက်သည်တွင် သင်းတို့ကသည်းမြင်း သုံးထောင်ကျော် လေးထောင် မရပ်မဆိုင်းဆုတ်ခွာ ထွက်ပြေးသည်၊ တပ်မူး ရွှေတောင် ကျော်စွာကျော်ကို မဟာရာဇာထံပို့လေသည်၊ နောက်မှ ရွှေတောင်ကျော်စွာကျော် ထွက်လွတ်၍ တပ်တော်သို့ရောက်လာ၏။

အလုံမြို့ဝန် သိရိမဓာသောက, လမိုင်းဝန်, ကျိုက်နေမျိုး ကျော်သူတို့ သုံးတပ်လည်း ကသည်းတို့ဆုတ်ပြေးလေရာလိုက်ထပ်သည်၊ တမူးကြောင်း တပ်ဦးချီအိမ်ရှေ့အတွင်းဝန်နေမျိုးဇေယသူရတို့လေးတပ်နှင့် တချိန်တခါတည်း မကိုပူရမြို့မှာ ပေါင်းဆုံမိ၍ မကိုပူရ ကသည်းတမြို့လုံးကို သိမ်း

ယူကြသည်၊ကသည်းစော်ဘွား မဟာရာဇာမူကား တပ်တော်များချီတက်သည်ကြားစကာလကပင် သားမယားတို့ကို အကျွပတ်မြို့သို့ ပို့ထားသည်ဖြစ်၍ ကက်စိန်တပ်ဖျက်လျှင် မကိုပူရမြို့သို့မဝင် ရုံးစုမိသမျှ အခွေအရံစုံရာနှင့် ပင်လယ်တိမ်ကသည်အကျွပတ်မြို့သို့ ပြေးသွားလေသောကြောင့် မမိမရ လွတ်လေ၏။

ဗိုလ်ချုပ် နေမျိုးမင်းလှ မဟာနော်ရထာသည်း ကသည်း စော်ဘွား မဟာရာဇာ ထွက်ပြေး၍ မကိုပူရမြို့အလုံးကို သိမ်းရုံးမိလျှင် ဆင်ဖြူများ သခင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်အတိုင်း မကိုပူရကသည်းတို့ တိုင်းပြည်ကို အနေအထားကျအောင် စီရင် စည်းကြပ်ခဲ့၍ ဇူပရာဇာကို နန်းတင်ခဲ့ပြီးလျှင် တပ်တော်များကို သိမ်းရုံး၍ ရွှေဘဝါးတော်အောက် တပ်စဉ်အတိုင်းပြန်လာခဲ့၏။

ထိုနှစ် တပေါင်းလပြည့်ကျော် ခြောက်ရက်နေ့ သားတော် လိုင်မင်းသား သီရိဓမ္မရာဇာ လွန်သည်။ ။သက္ကရာဇ် (၁၁၇၆)တထောင့်တရာ့ခုနစ်ဆဲ့ခြောက်ခု ကဆုန်လဆန်း ကိုးရက်နေ့ မင်းတဲမြစ်ကူးတံတား,ဆူးကား မြစ်ကူးတံတားတော်ကြီးနှစ်ရပ် အလုပ်အဆောင် အလုံးစုံပြီးပြေလျှင် မင်းတဲအရပ်တွင် မင်းတဲကြီးကျယ်စွာ စီရင်တော်မူ၍ ထွက်စံတော်မူပြီးလျှင် အရည၀ါသီ ပုဂ္ဂိုလ်, ဂါမ၀ါသီ ပုဂ္ဂိုလ်, အရိယာ သံဃာတော်တို့အား ပရိက္ခရာရှစ်ပါးနှင့် တကွ ရဟန်းတို့ အသုံးအဆောင်ကိုများစွာ လှူတော်မူပြီးလျှင် ရေစက်သွန်းချတော်မူ၍ သာဓုအနုမောဒနာပြုဘော်မူသည်၊ မှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူး သူရဲသူခက် ပြည်သူပြည်သားတို့နှင့် အသက် အရွယ် အိုမင်းကြီးရင့်သူ,အထီးကျန်သူ, မစားရတတ်-မ၀တ်ရတတ်သူတို့ကိုလည်း ရက်ပေါင်း ၎င်းဆယ် တိုင်တိုင် ရွှေ,ငွေ,ပုဆိုး, ထည်မျိုး အုပ်မျိုး များစွာသော အသဒိသ အလှူတော်ကြီးကို အထိုက် အလိုက် ပေးကမ်းစွန့်လှူတော်မူ၍ ပွဲသဘင်ကြီးစွာခံနေတော်မူကြိုက်မငြီမတိုက်သောဥသတဆဲ့ခြောက်တိုင်းပြစ်သော ဗာရာဏသီပြည် ဗုဒ္ဓသေနမင်းကြီး, ဝေကန္တေယျရာဇာမင်းက နာဂရီဘာသာရေးစာ၊ လောကနီတိကျမ်း၊ ရာဇနီတိကျမ်း၊ ဝိပါဟပဋ္ဌာန ဗေဒင်ကျမ်း၊ ဟိုရာသွတြ ဗေဒင်ကျမ်း၊ သုရတဆေးကျမ်း၊ ဝေဒင်ဝနဆေးကျမ်း၊ ဗဟုရတနမာရတန္တဒီပနီ ဋီကာကျမ်း၊ ရသာယနသမုစ္စယ ဆေးကျမ်း နရဘန်ဋီကာကျမ်း၊ဂေါတ္တမသုတ္တရကျမ်း၊ ဂေါရိကညာသွတြကျမ်း ဇာတကဖရဏ ဗေဒင်ကျမ်း၊ ဂရုမဟာတပြ ပူရဏကျမ်း၊ ဂမရသတန္တရမန္တရ

ကျမ်း၊ တိတဋ္ဌမုတ္တာဝမုနာနယတနကျမ်း၊ သိပါတြဘာဇပေဒင်ကျမ်း၊ဂရမမ္မပူရဏ ကျမ်း၊ ဘောဇဝရတန္တရာဇနီတိကျမ်း၊ ဝါရဟိသံဟိတပေဒင်ကျမ်း၊ဓမ္မသျှမုတ္တမုတ္တရပေဒင်ကျမ်း၊ နရဘန်ကျမ်း၊ ပါရသိပကာသျှမုစ္စလပေဒင်ကျမ်း၊ ယောဂဝါဗိတဒိဋ္ဌကျမ်း၊ ဘိဒါတမုတ္တာဝလိကျမ်း၊ တန္တသာရကျမ်း၊ ဝါသိဋ္ဌစန္ဒရနပေဒင်ကျမ်း၊ အမရသာရ ပေဒင်ကျမ်း၊ သရမန်စရိဆေးကျမ်း၊ အထူးထူးသော ထည်မျိုး အုပ်မျိုး လက်ဆောင်တော်များနှင့်အသက်တဆဲ့တန့်စအရွယ်အဆင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံသော မင်းသမီးကို အထိမ်းအယ သင်းပင်း ခြွေရံများနှင့်တကွ အဆက်အသပုရောဟိတ်ပုဏ္ဏားကြီး ဂေါဝိန္ဒ မဟာရာဇိန္ဒအဂ္ဂမဟာဓမ္မရာဇဂုရု ဆရာတော်နှင့် ဗာရာဏသီအမတ်ကြီးတို့ကြွပ်မ၍ ခြေတော်ဦးခိုက်ရောက်လျှင် အဆက်အသခံတော်မူသည်။

နယုန်လပြည့်ကျော်တဆဲ့လေးရက်နေ့ မင်းတဲအရပ်က ရွှေမြို့တော်သို့ ဝင်တော်မူသည်။ ။တန်ဆောင်မုန်းလဆန်းနှစ်ရက်နေ့ သားတော်ပုဂံမင်း သီဟသူရမဟာဓမ္မရာဇာလွန်သည်။ ။တန်ဆောင်မုန်းလဆန်းတဆဲ့ ငါးရက်နေ့ သားတော် လယ်ကိုင်းမင်းသား မင်းရဲမင်းလှယ်နှင့် သမီးတော် သီရိဟိရိဝတီကို စုံဘက်တော်မူသည်။ ။တန်ဆောင်မုန်းလပြည့်ကျော် ကိုးရက်နေ့ မိုင်းမော်စော်ဘွားက အထူးထူးသော လက်ဆောင်တော်များနှင့် သမီးကညာအဆက်အသရောက်၏။

ဟေမာစန္ဒတိုင်း ပူရံမြို့သို့ ကျမ်းဂန်စာပေ အဆောင်အယူလွှတ်တော်မူသည့် ဝတ်မြေဝန် သီရိပျံချီ, နရာဇယကျော်, သီရိနော်ရထာကျော်ခေါင်တို့လည်း ရွှေဘဝါးတော်အောက်ကစခန်းစဉ်အတိုင်းသွား၍မဟာဇောမိပင်သို့ရောက်သည်တွင် ရွှေပန်းခိုင်-ငွေပန်းခိုင်,ရွှေပေါက်ပေါက်-ငွေပေါက်ပေါက်,ပတ္တမြားပေါက်ပေါက်တို့ဖြင့်မဟာဇောမိပင်ကိုပူဇော်ခဲ့ပြီးလျှင် ပူရံမြို့ဒန္တာဇလတောင် ကျောက်ဂူတွင်ရှိသည့် ကြေးဆင်းတုတော်နှစ်ဆူ၊ ကျမ်းဂန်စာပေများနှင့် ပူရံမင်းကဆက်သသည့် ကတိုးသုံးကောင်၊ သန်လျက်သုံးစင်း၊ရွှေငွေကျောက်စုံ,ခြယ်လယ်သော ဒေါင်းမြီးယပ်လေးစင်း၊အဘိုးများစွာထိုက်သော အထူးထူးသောထည်မျိုးအုပ်မျိုး လက်ဆောင်တော်၊ဇေနဂရမြို့, ဗာရဏပူရမြို့, ဒီလီမြို့မင်းတို့က ဘုန်းတော်ကိုခိုလှုံပါရမည့်အကြောင်းကို လျှောက်စာ,အထူးထူးသော လက်ဆောင်တော်များနှင့်ဇေနဂရအမတ် ပနာလာလ,ရဟန်းရှစ်ပါးတို့ကို ကျွန်တော်မျိုး ဝတ်မြေဝန် သီရိပျံချီ,နရာဇယကျော်,သီရိနော်ရထာကျော်ခေါင်တို့

နှင့် အတူ မြေတော်ဦးဝိုက် ထည့်အပ်ပြန်လာခဲ့ကြ၍ တပေါင်းလဆန်း ကိုးရက်နေ့ ရွှေဆဝါးတော်အောက်ရောက်သည်ကို အလျှောက်အထား အဆက်အသ ခံတော်မူ၏။။

သက္ကရာဇ် (၁၁၇၇) တထောင့်တရာ့ခုနစ်ဆဲ့ခုနစ်ခု ကဆုန်လပြည့် ကျော်ကိုးရက်နေ့ မဇ္ဈိမတိုက်သောင့်သတိုင်းပြည်များမှာ ဝိဋ္ဌကတ်ကျမ်း, လောကီကျမ်းများကို အဆောင်အယူ ပြုတ်မြို့ဝန် နေမျိုးမင်းလွှကျော်, ဂရုအမတ် ပနာလာလကိုလည်း ပြုတ်မြို့ဝန် နေမျိုး မင်းလွှကျော်တို့နှင့် အတူ ထည့်အပ်ပြန်သွားစေ၏။။

သမီးတော်များ လွန်ခြင်းစသည်နှင့် သမီးကညာများ အဆက်အသ ရောက်ခြင်း

ဝါဆိုလပြည့်ကျော် လေးရက်နေ့ သမီးတော် သီရိသီလဒေဝီ လွန်သည်။ ။တော်သထင်းလဆန်း နှစ်ရက်နေ့ မိုင်းဘေးစော်ဘွားကသမီး ကညာနှင့် အထူးထူးသောလက်ဆောင်တော်၊ မိုင်းတင်စော်ဘွားကသမီး ကညာနှင့် အထူးထူးသော လက်ဆောင်တော်၊အင်္ဂမစော်ဘွားက သမီး ကညာနှင့် စာမရိလက်ဆောင်တော်များကို အဆက်အသ တပြိုင်တည်း ရောက်သည်။ ။တော်သလင်းလဆန်းနှစ်ရက်နေ့ သမီးတော် သီရိမင်္ဂလာ ဒေဝီ လွန်သည်။

တော်သလင်းလပြည့်ကျော် တဆဲ့နှစ်ရက်နေ့ မင်းကွန်း အရှေ့ဆက် အလယ်ကျွန်းက စန္ဒာမုနိဘုရားရှင်နှင့် အသီတိ ရဟန္တာအရှင်မြတ်တို့ကိုလည်း ပင့်ဆောင်တော်မူပြီးလျှင် စန္ဒာမုနိဘုရားရှင်ကို ရွှေမြို့တော်မြေဒံကျောင်းတော်ရွှေပြာသာဒ် တံတိုင်းမီးတာန်းနှစ်ထပ်နှင့်ထား၍ ကိုးကွယ်တော်မူသည်။ အသီတိ ရဟန္တာ အရှင်မြတ်တို့ကိုလည်း ဘုရားပတ်လည် ဝန်းကျင် တပါးစီ အုတ်ပြာသာဒ်နှင့်ထား၍ ကိုးကွယ်တော်မူသည်။

သိတင်းကျွတ်လဆန်းတရက်နေ့ သိန်းနီစော်ဘွားသမီးတွင် မြင်သည့် သားတော် သတိုးမင်းလှငယ်ကို သိန်းနီမြို့ကို ပေးတော်မူသည်။ ။တန်ဆောင်မုန်းလဆန်းလေးရက်နေ့ ဥဒဉ်မင်းကဆက်သည့် တောင်ဝိုင်မြို့စား သီရိမဟာပဉ္စာဃဒေဝီလွန်သည်။

သက္ကရာဇ် (၁၁၇၈) တထောင့်တရာ့ခုနစ်ဆဲ့ရှစ်ခု ကဆုန်လ ရွှေနန်းတော်, လွှတ်တော်, ပဟိုရ်, စွယ်တော်ကျောင်း, ရွှေရုံး,နောက်ရုံး,ဝင်းရုံး,

တံခါး, ပြ,တန်ဆောင်း, တိုက်တန်း, တင်းကုပ်မှစ၍ အလုပ်အဆောင် အလုံးစုံပြီးပြေလျှင် ကဆုန်လဆန်း တဆဲလေးရက်နေ့ မြေနန်းတော် အရှေ့တွင် တန်ဆောင်း ပြာသာဒ် သုံးဆောင်နှင့် သကလာဘိသေက ခံတော်မူသည်။

ကဆုန်လဆန်း တဆဲငါးရက်နေ့ ယာယီနန်းတော်ကသည် ရွှေဝါ စီးတော်မူလျက် လက်ယာရစ် လည်တော်မူ၍ ရွှေနန်းတော်ကို သိမ်း တော်မူပြီးလျှင် မဟာဥကာသ် ဖွင့်တော်မူသည်၊ ဆဒ္ဒန် ဆင်မင်းကိုလည်း ရွှေနန်းပြာသာဒ်တော်၏ အရှေ့မြောက်ယွန်း၌ စတုရန်း အချင်းငါးဆဲ့ ရှစ်တောင်, အမြင့် လေးဆဲ့သုံးတောင်ရှိသော ရတနာရွှေဂူဝယ် ထီးဖြူ စသော မင်းဆောင်မင်းယောင်, မင်းခမ်းမင်းနား, ရွှေဒိုင်း, ရွှေလွှား, ရွှေဝေးရွှေလှံစွဲသူရဲ အစောင့်အနေတို့ဖြင့် ကျင်းပခြုံရံစေ၍ ထားတော် မူ၏။

ဝါခေါင်လဆန်း တရက်နေ့ ဝဇီတိုင်း ဝေသာလီပြည်ကြီး၏ အရံ ဖြစ်သော တိုးလျှားစော်ဘွားက စာမရီတစ်, ဆင်မတစ်, ကျောက်နွားလေး, အမြောက်သုံး, လက်ဆောင်တော်များနှင့် အသက် တဆဲ့တန္စ်ရွယ်ရှိသော သမီးကညာကို အခြွေအရံသုံးဆယ်ကျော်နှင့်တကွ အဆက် အသ ရောက်သည်။

ဝေသာလီကိုချီတက်တိုက်ခိုက်၍စန္ဒရဂန္ဓရှိန်ကို နန်းတင်ခြင်း စသည်နှင့် သားတော်ကို လက်ထပ်ခြင်း

ထိုနှစ် ဝဇ္ဇီတိုင်းဖြစ်သော ဝေသာလီ ပြည်ကြီးမှာလည်း ရွှေဘဝါး တော်အောက် ဆင်ကြီးမြင်းကြီး သားသမီး အထူးထူးသော လက်ဆောင် လက်နက်များနှင့် ဆက်သဖူးရောက်သည်နှင့် နောက်ဝေသာလီ အမတ်တို့ အခြားပြည်ထောင်ကုလားတို့နှင့် ပေါင်းယှက် ထောင်ထားသောင်း ကျန်း၍ ဝေသာလီမင်း စန္ဒရဂန္ဓရှိန်ကို နန်းကချထားလေသည်။

ထို အကြောင်းကို ခြေတော်ဦးခိုက် ပေါက်ရောက် လွှယ်အောင် အနောက် ဂင်္ဂါမြစ်ကြောင်းသွား၍ ရခိုင်မြို့ကမ္ပ ခြေရင်းတော်သို့ ကူးသွားလျှောက်ထားရမည်ဟု ဝေသာလီမင်း စန္ဒရဂန္ဓရှိန်က ဂါဟာထိုမြို့စား ကို စေလွှတ်သည်၊ ရွှေဘဝါးတော်အောက်က ကပိလတိုင်း ပဉ္စာလရာဇ်ပြည်သို့ ပိဋကတ်စာပေ အဆောင်အယူ စေခန့်တော် မူသည့် ကျွန်တော်များ မင်းကျော်တမွတ်တို့လည်း ပဉ္စာလမင်းက လက်ဆောင်

တော် အဆက်အသ အမတ်ကြီးလာလာဒေဗီဒါတ်ကို ထည့်အပ်၍ ပြန်လာခဲ့သည်နှင့် ဘင်္ဂလားမြို့သို့ ရောက်လျှင် ဝေသာလီမင်းက အလျော်အထား စေလွှတ်သူ ဂါဟတ္ထိမြို့စား နှင့် တွေ့ဆုံမိကြ၍ ဂါဟတ္ထိမြို့စားက ဝေသာလီမှာ အကြောင်းအရာမျိုးကို မင်းကျော်တမွတ်သို့ စေ့စုံစွာ ပြန်ပြောသည်တွင် ကျွန်တော်မျိုး မင်းကျော်တမွတ်နှင့် ဂါဟတ္ထိမြို့စားတို့ အတူလာခဲ့ကြသည်၊ ခြေတော်ဦးခိုက်ရောက်၍ လျှောက်ထားသည်တွင် ဆင်ဖြူမျှားသခင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ပဉ္စာလရာဇ် မင်းက အမတ်ကြီး လာလာဒေဗီဒါတ်တို့ကို ထည့်အပ်ဆက်သည့် ဂျိရံကျမ်း၊ မစဂိရံကျမ်း၊ ဇနံဘာဂိကျမ်း၊ ဂုရုဂုတ်ရကျိရံကျမ်း၊ ပဒေသာကျမ်းစာများနှင့် ပြဒါးသေကို ခုတ်လုပ်သည့် အလား သံတခဲနက်ဖြင့်ပြီးသည့် အခုစန္ဒလက်နက်၊လက်ယာရစ်ခရာသင်း၊ထည်မျိုးအုပ်မျိုး အထူးထူးသော လက်ဆောင်တော်ဆင်စာများကိုလည်း ဝါကျွတ်ဥကင်ဖွင့်သဘင်တော်တွင် အဆက်အသ ခံတော်မူပြီးလျှင် ပဉ္စာလမင်းနှင့် အဆက်အသ လာရောက်သူ အမတ်ကြီး လာလာဒေဗီဒါတ်ကို ဘွဲ့အမည် အရည်အဆောင်အရွက်များနှင့်တကွ ပေးဘွယ် ကမ်းဘွယ်ပေးတော်မူ၍ အမတ်ကြီး လာလာဒေဗီဒါတ်ကို ပဉ္စာလမြို့သို့ ပြန်စေ၏။

ယင်းသို့မှ ဝဇ္ဇီတိုင်းဖြစ်သော ဝေသာလီပြည်ကြီးမှာ ထောင်ထားဆိုးသွမ်းသည်ဆိုသမျှ ပြည်လေးပြည်မှားတို့ကို နှိပ်နင်း ကွပ်ညှပ်ပြီးလျှင် ဝေသာလီတတိုင်းလုံးကို အနေအထားကျအောင် စီရင်ခဲ့၍ ဝေသာလီမင်း စန္ဒရဂန္ဓရိန်ကို နန်းတင်ခဲ့ရမည်-အမိန့်တော် ရှိပြီးလျှင် ဗန်းမော်မြို့ဝန် နေမျိုးသူရကျော်ခေါင်တတပ်၊ ရဲထင်ကျော်သူတတပ်၊ ရဲထင်ကျော်စွာတတပ်၊ နရာသိဒ္ဓိ တတပ်၊ မိုင်းလဲမြို့စား တတပ်၊ သူရိန်ရွှေတောင် တတပ်၊ လက်ယာအိန္ဒတတပ်၊ မိုးညှင်းမြို့ဝန် နေမျိုးမင်းထင်တတပ်၊ တုရင်ပျံချီတတပ်၊ ရွှေတောင်ရဲကျော် တတပ်၊ ရဲခေါင်ကျော်ထင် တတပ်၊ ရွှေတောင်ပေါ်တတပ်၊ မိုးကောင်းမြို့ဝန် နေမျိုးသိဒ္ဓိကျော်ထင် တတပ်၊ နရာပျံချီတတပ်၊ ရဲထင်သူရိန်တတပ်၊ ရန်ကာသိခံ တတပ်၊ ရွှေတောင်သူရိန် တတပ် သည်တဆဲ့ခုနစ်တပ် မြင်း တထောင့် ခုနစ်ရာ, စစ်သည်သူရဲ တသောင်းခုနစ်ထောင်တွင် အာကာရဲခေါင်ကျော်, အာကာရဲထင်တို့ကို စစ်ကဲ, ဗန်းမော်မြို့ဝန် နေမျိုး သူရကျော်ခေါင်ကို အချုပ် ခန့်၍ သက္ကရာဇ် (၁၁၇၀) တထောင့်တရာ့ ခုနစ်ဆဲ့ရှစ်ခု နတ်တော်လဆန်း

ငါးရက်နေ့ချိရသည်၊ တပ်တော်များနှင့်အတူ ဝေသာလီမြို့က အလျှော်အထားလာလူ ဂါဟတ္ထိမြို့စားကိုလည်း လိုက်စေသည်။

ဗန်းမော်မြို့ဝန် နေမျိုးသူရကျော်ခေါင်တို့ တဆဲ့ ခုနစ်တပ်လည်း တပ်စဉ် စခန်းစဉ်အတိုင်း ချီသွား၍ မိုးကောင်းမြို့က သုံးဆဲ့နှစ် စခန်းကွာ ဝေသာလိကျေးဂေါရခေါင်မြို့အရှေ့ ကျောက်တန်တားတွင် ဝေသာလိအမတ်ကြီးပူရကွဲရာဇာခွဲးရဇိန်ပကွန်တို့နှင့်လူနှစ်သောင်းကျော်လောက် ဆင်ကောင်း မြင်းကောင်း ရွေးကောက်၍ အမြောက် စိန်ပြောင်း ပစ်လွှတ် ဆီးဆို့ရပ်ခံနှင့်သည်ကို ဗန်းမော်မြို့ဝန် နေမျိုး သူရကျော်ခေါင်, မိုးညှင်းမြို့ဝန် နေမျိုးမင်းထင်, မိုးကောင်းမြို့ဝန် နေမျိုး သိဒ္ဓိကျော်ထင်တို့ စစ်သုံးကြောင်းဖြန့်၍တိုက်သည်၊ မနည်းကြာလျှင် ဝေသာလိအမတ်ကြီး ပူရကွဲရာဇာ ခွဲးရဇိန်ပကွန်တို့ မစည်းမကွပ်နိုင် ဝေသာလိတပ် ဆိုသမျှ အလုံးပျက်၍ ဆုတ်ခွာထွက်ပြေးကြသည်။

ဗန်းမော်မြို့ဝန် နေမျိုး သူရကျော်ခေါင်, မိုးညှင်းမြို့ဝန် နေမျိုးမင်းထင်, မိုးကောင်းမြို့ဝန်နေမျိုးသိဒ္ဓိကျော်ထင်တို့လည်း ကျောက်တန်တားတပ်ကိုရလျှင် အပြင်းလိုက်ထပ်ချီတက်၍ ဂေါရခေါင်မြို့ကို တိုက်သည်၊ ဂေါရခေါင်တမြို့လုံးကိုရ၏၊ ထိုကမှ ဇူရဟတ်မြို့သို့ချီသည်၊ ဇူရဟတ်တမြို့လုံး မရပ်မနံနိုင်၊ မြို့ကထွက်ပြေး၍ ဝေသာလိမြို့တွင် နှောင့်ရှက်ထောင်ထားဆိုးသွမ်းသည့် အမတ်တို့နှင့် ဝေသာလိ အလုံးအရင်းတပ်ဆိုသမျှ အနောက်ဂင်္ဂါမြစ်ကို အသီးအသီးဆင်းပြေး၍ လှေနှင့်ချည်းဆုတ်ခွာထွက်ပြေးကြလေ၏၊ဗန်းမော်မြို့ဝန်နေမျိုးသူရကျော်ခေါင်,မိုးကောင်းမြို့ဝန် နေမျိုးသိဒ္ဓိကျော်ထင်, မိုးညှင်းမြို့ဝန် နေမျိုးမင်းထင်တို့ တပ်တော်များလည်း ဇူရဟတ်မြို့တွင်ရပ်နေ၍ ဝေသာလိ တပြည်လုံး ဆိုးသွမ်းထောင်ထားသမျှကိုရှင်းလင်းနှိပ်ကွပ်ပြီးလျှင် အနေအထား ကျနအောင်စည်းကြပ်စီရင်၍ ဝေသာလိမင်း စန္ဒရဂန္ဓရှိန်ကို ဝေသာလိနန်းကို တင်သည်၊ ဝေသာလိမင်း စန္ဒရဂန္ဓရှိန်လည်း ဆင်ဖြူများသခင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား ရွှေဘုန်းတော်ကို ခိုလှုံရ၍ အစဉ်အဆက် ဘိုးဘအရိုက်အရာကို မင်းအဖြစ်ဖြင့် ချီးမြှင့်ပြုစုတော်မူပေသည့် ကျေးဇူးတော်ကို ဘဝများစွာ ဆက်ဆပ်သော်လည်း မပိုင်နိုင်ပေရာဆို၍ အကြိမ်ကြိမ် ဦးညွတ်ပြီးလျှင် ချစ်လှစွာသော တဆဲ့သုံးနှစ်ရွယ် နှမတော်နှင့် ရွှေဒင်္ဂါး ငွေဒင်္ဂါး ထည်မျိုးအုပ်မျိုးအမြောက်သေနတ်, တိုက်ဆင်ငါးဆယ်ကျော် မင်းသမီးအခြွေအရံတရာကျော်များကို ဝန်ကြီးတရဂူဟာရိ, ဝန်ထောက်

ဒက္ခာပက္ခန်တို့ကို ကြပ်မစေ၍ တပ်တော်များနှင့်အတူ ခြေတော်ဦးခိုက် အဆက်အသ လိုက်စေသည်။

ဗန်းမော်မြို့ဝန် နေမျိုးသူရကျော်ခေါင်တို့ တပ်တော်များလည်း ဝေသာလီမင်း စန္ဒရဂန္ဓရှိန်ကို နှန်းတင်၍ ဝဇ္ဇီတိုင်း ဝေသာလီတပြည်ထဲသို့ အနေအထားကျအောင် စည်းကြပ်စီရင်ခဲ့ပြီးလျှင် ဝေသာလီပြည်ကဆက်သည့် မင်းသမီး, အထူးထူးသော လက်ဆောင်တော်များနှင့် ဝန်ကြီးဝန်ထောက်ဘို့ကိုသိမ်းရုံးအုပ်ချုပ်၍ တပ်စဉ်စခန်းစဉ်အတိုင်း ရွှေဘဝါးတောအောက် ပြန်လည်လာခဲ့ကြသည်။

ဆင်ဖြူမျှော် သခင် အသျှင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း ဗန်းမော်မြို့ဝန် နေမျိုးသူရကျော်ခေါင်တို့ ဝေသာလီမင်းကဆက်သသည့် မင်းသမီး,အထူးထူးသော လက်နက်လက်ဆောင်တော်များနှင့်ရွှေဘဝါး တောအောက် ဆိုက်ရောက်လျှင် ဝေသာလီမင်းက ဆက်သသည့် မင်းသမီးကို ဥဒည်မင်းက သမီးကညာဆက်သည်တွင် အဆက်အသခံတော်မူသည့်နည်း ရတနာကန္ဒားနှင့် ကတော်မယားတို့ သနားတော်ခံရသည့် အစီးအနင်း အဆောင်အရွက် များနှင့် စီးနင်းကျင်းပခြံရံစေ၍ အဆက်အသခံတော်မူသည်။ ။ဝေသာလီမင်းသမီးကိုလည်း သီရိ အတုလ ဒေဝီ ဘွဲ့အမည်ပေးတော်မူပြီးလျှင် အဆောင်သီးထားတော်မူ၍ အပါးတော်တွင် စေပါတော်မူသည်။ဗန်းမော်မြို့ကိုလည်း ကံကျွေးခံပေးတော်မူ၏။

ထိုနှစ် တော်သလင်းလဆန်းတဆဲ့နှစ်ရက်နေ့ နောင်တော် ဆင်ဖြူ.ရှင် သမီးတော် နန္ဒာဒေဝီလွန်သည်။ ။တော်သလင်းလပြည့်ကျော် တဆဲ့ ငါးရက်နေ့ မြေးတော် မင်းဘေးတော်ချစ်ကို စလေမြို့ကို ပေးတော်မူသည်။ ။မဇ္ဈိမတိုင်း သောဥသတိုင်းပြည်များမှာကျမ်းဂန်စာပေအဆောင်အယူ စေလွှတ်တော်မူသည့် ပြိတ်မြို့ဝန် နေမျိုးမင်းလွှကျော်, အကောက်ဝန်ပျံချီဇေယနော်ရထာ တို့လည်း စခန်းစဉ်အတိုင်းသွား၍ မဟာဗောဓိပင်သို့ရောက်လျှင် ရွှေပန်းခိုင်-ငွေပန်းခိုင်, ရွှေပေါက်ပေါက်-ငွေပေါက်ပေါက်, ပတ္တမြားပေါက်ပေါက်တို့ဖြင့် မဟာဗောဓိပင်ကို ပူဇော်ပြီးလျှင် ဇေနဂရမင်းက ဆက်သည့် ဒီဃပရသိဒ္ဓန္တကျမ်း သုံးဆဲ့လေးစုံ၊ ဘေဒံပရကျမ်းတဆဲ့သုံးစုံ၊ ဗုဒ္ဓမတိသုတ်ကျမ်းတဆဲ့တစုံ ပုဏ္ဏားတို့အကျင့်သိက္ခာကိုဟောသောမာနမေခမ္ဘသျှတ္ထကျမ်းပါဠိနိဿယအစုံ၊ဗေဒန္တသာရကျမ်းပါဠိနိဿယအစုံ၊ ကူသျမန္တလိကျမ်း၊ ဗုဒ္ဓသီရိတကျမ်း၊ ကာသိခန္ဓကျမ်းစာများနှင့် အရပ်လေးတောင်ကျော်ရှိသော ရထားတော် ကန္ဒား ရှည်းစုံ

လက်ဆောင်တော်၊ ဗာရဏပူရမင်းကဆက်သသည့် ရတနာကိုးပါးတို့ဖြင့် ခြယ်သော နေရာတော်၊ကျောက်စုံခြယ်သော ရတနာခါးစည်း၊ရွှေယက်အုပ်၊ ငွေယက်အုပ်၊ သိန်းနိတ် ဖိုမအစုံလေးများနှင့် အထူးထူးသောထည်မျိုးအုပ်မျိုးလက်ဆောင်တော်၊လက္ခနောင်မင်းကဆက်သသည့် ပတ္တမြား, စိန်, မြစသော ရတနာကိုးပါးဖြင့် စီခြယ်သော အဘိုး အတိုင်းမသိထိုက်သော ရတနာမြဘယက် တန်ဆာတော်၊ အဘိုး အတိုင်းမသိထိုက်သော ပုလဲကုံး၊ရတနာကိုးပါးဖြင့်စီခြယ်သော ဦးဗောင်းဦးချပ်တော်စုံ၊ကျောက်စုံစီခြယ်သော ရတနာခါးစည်းတော်၊ ရတနာကိုးပါးစီခြယ်သောဒုယင်တော်၊ ရွှေသန်လျက်၊ အထူးထူးသော ထည်မျိုးအုပ်မျိုး လက်ဆောင်တော်၊ ဗာရာဏသီမင်းက ဆက်သသည့် ကျောက်စုံခြယ်သော ရတနာနေရာတော်၊ ရွှေယက်အုပ်,ငွေယက်အုပ် စသော အထူးထူးသော ထည်မျိုး အုင်မျိုး လက်ဆောင်တော်၊ ဒီလီမြို့ သူဌေးကြီးကဆက်သည့် နှံသာယပ်ဝန်း, အထူးထူးသော ထည်မျိုးအုပ်မျိုး လက်ဆောင်တော် များကို ဆောင်ယူခဲ့၍ သက္ကရာဇ် (၁၁၇၉) တထောင့် တရာ့ ခုနစ်ဆဲ့ ကိုးခု တော်သလင်းလပြည့်ကျော်ဆယ်ရက်နေ့ ခြေတော်ဦးခိုက် ဆက်သ၏။

ပြာသိုလဆန်းတရက်နေ့ မြေးတော် ပုခန်းမင်း သတိုး မင်းရဲကျော်ခေါင်, သတိုးမင်းရဲရွှေတောင်, သတိုးမင်းလှနရာ, ကျောက်ရင်တောင်သာ မင်းသား သတိုးမင်းရဲစည်သူ, သီရိမဟာရတနာဒေဝီ, သီရိမလွာဝတီ, သီရိမြတ်ထားဝတီ, မြေးတော်မင်းသား လေးပါး, မြေးတော် မင်းသမီး သုံးပါး မြေးတော်ခုနစ်ပါးနှင့် ဝေသာလီ မင်းသမီး သီရိအတုလဒေဝီတို့ကို နားထွင်းတော်မူသည်။

ပြာသိုလဆန်း တဆဲ့လေးရက်နေ့ ရွှေမြို့တော် အနောက် အလယ်ကျွန်းတွင် ဖုသျှသကြွန် ခေါ်တော်မူပြီးလျှင် မြစ်အနောက်ဘက် ကြက်ထောင့်အရပ်တွင် စံနေတော်မူ၍ ဧရာဝတီမြစ်နားကသည် အနောက်မင်းဝံတောင်ရိုးကို ဖောက်၍ လှည်းနွား ဝန်တင်နှင့် သွားသာအောင်လမ်း တိထွင်တော်မူသည်၊ ကြက်ထောင့်ဘုရားရှင် အနောက်တောင်ခြေရင်းတွင်လည်း အချင်းတာ လေးဆယ်, အစောက် သံတောင်နှစ်ဆယ်ကန်ကြီး တူးလုပ်တော်မူ၍ ကျောက်အတိ စိခင်းတော် မူပြီးလျှင် ရွှေမြို့တော်သို့ ဝင်တော်မူ၏။

သက္ကရာဇ် (၁၁၈၀) တထောင့်တရာ့ရှစ်ဆယ်ပြည့် တန်ဆောင်မုန်း လဆန်း တဆဲ့ငါးရက်နေ့ သမီးတော် သီရိမုတ္တာလွန်သည်။ ။နတ်တော်လပြည့်ကျော် ခုနစ်ရက်နေ့ သမီးတော် သီရိရဇာလွန်သည်။

ထိုနှစ်ဝေသာလီမြို့မှာလည်း ခုနစ်ဆဲ့ရှစ်ခု တပ်တော်များ ချီတက်၍ ဝေသာလီမင်း စန္ဒရဂန္ဓရိန်ကို နန်းတင်သည့်ကာလ မရပ်မခဲနိုင်၊ အနေဝဂ်ါမြစ်ကြော်ငင်း ဆုတ်ခွာထွက်ပြေးသည့် ဝေသာလီအမတ်တို့ လူသူရုံးစုပြီးလျှင် ကုလားပြည်မှာ စစ်ကူတောင်း၍ လုံးကြီးရင်းကြီးနှင့် ဝေသာလီမြို့သို့ ချီလာပြီးလျှင် ဝေသာလီမင်းစန္ဒရဂန္ဓရိန်ကိုနန်းကခု၍ ဒိဋ္ဌရွှေချောင်းဖျားအရပ်မှာ အလုပ်အကျွေး စုံရာနှင့်ထားသည်၊ ဗော်ရော်ဇနရိန်သားပူရွံတော်ရိန်ကို ဝေသာလီနန်းမှာတင်သည်၊ ထိုအကြောင်းကို မိုးကောင်းမြို့ဝန် နေမျိုးသိဒ္ဓိကျော်ထင်က ဝေသာလီမြို့သို့ ကင်းအစုံအစမ်းထောက်လှမ်းစေလွှတ်သူတို့ အတပ်အကြပ်ကြားသိခဲ့၍ မိုးကောင်းမြို့ဝန် နေမျိုးသိဒ္ဓိကျော်ထင်က မြေတော်ဦးခိုက် အလျှောက်အထားရောက်၍ ဆင်ဖြူများသခင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား ကြားသိတော်မူလေလျှင်-ဝဇ္ဇီတိုင်း ဝေသာလီပြည်ကြီးသည် လက်နက်နိုင်ငံတော်ဖြစ်သည်၊ ဝေသာလီမြို့မှာ ဆိုးသွမ်းရိုင်းပျို့ ကျင့်ကြံသည့် ပြည်ဆွေး ပြည်ဇြောင့်တို့ကို နှိပ်နှိမ်ကွပ်ညှပ်၍ ဝေသာလီမင်း စန္ဒရဂန္ဓရိန်ကို နန်းတင်ပြီးလျှင် နောင်သူပုန်တို့ မထောင်မထား မဆိုးမသွမ်းဝံ့၊ သာယာ ငြိမ်ဝပ်အောင် ဝေသာလီမြို့တွင် တပ်တော်အလုံးအရင်း အစောင့်အနေခန့်ထားရမည်၊ စန္ဒရဂန္ဓရိန်မင်းကို သူပုန်လူဆိုးတို့ နှောင့်ရှက်ဖျက်ဆီး၍ မရှိနှင့်လျှင်လည်း ဝေသာလီမင်းမျိုးမင်းရိုးမှန်သူကို ရွေးချယ်စိစစ်၍ နန်းတင်ခဲ့ရမည် ဟု အမိန့်တော်ရှိပြီးလျှင်....ဒီဝဲယင်းမြို့ဝန်နေမျိုးသူရဲရဲခေါင်ကျော်တတပ်၊ ကလေးစော်ဘွားဘတပ်၊ ဝန်းသိုမြို့ဝန် ရဲခေါင်ဇေယသူ တတပ်၊ မိုးညှင်းမြို့ဝန်နေမျိုးမင်းထင်တတပ်၊ မိုးကောင်းမြို့ဝန် ရဲထင်ကျော်စွာတတပ်၊ မိုးမြိတ်မြို့ဝန် သီဟရဲခေါင် တတပ်၊ ကျော်စဉ်တိုက်ဝန် တိမ်ကြားနတ် တတပ်၊ မြောက်ဘက်တိုက်ဝန် စည်သူဇေယကျော် တတပ်၊ ဆင်ဝန်သိခံဇေယသူ တတပ်၊ စိုလေးဆယ်ဒိုင်းဝန် ရွှေတောင်သာရကျော် တတပ်၊ ရမ္မာဝတီမြို့ဝန် နေမျိုးသူရတတပ်၊ ရွှေပြည်သေနတ်ဗိုလ်တေဇသူရိန်တတပ်၊ ရွှေတောင်လက်ဝဲကျော် တတပ်၊ ရဲခေါင်ရန်အောင်တတပ်၊ ရွှေတောင်ရဲလှတဘပ်၊ ရွှေတောင်ရဲထင်ကျော်တတပ်၊ ရွှေတောင်လက်ဝဲပေါ် တတပ်၊ နရာပျံချီတတပ်၊ ရဲလှရဲခေါင်တတပ်၊ နန္ဒသီရိရွှေတောင်တတပ်၊ ရန်ဝှေး

ရွှေတောင်ကျော်စွာ တတပ်၊ ရွှေတောင်အာကာကျော် တတပ်၊ တုရင်သာရကျော်တတပ်၊ သီရိနော်ရထာတတပ်၊ သူရရဲခေါင်တတပ်၊အာကာကျော်ခေါင် တတပ်၊ ရဲကျော်သူရတတပ်၊ လက်ယာရဲထင် တတပ်၊ ဘတ္တအောင်နိုင်တတပ်၊ ဗိုလ်ငယဉီးတတပ်၊ ငကင်း တတပ်၊ ငမှတ် တတပ်၊ ဝန်ကြီး မဟာမင်းလှမင်းခေါင် တပ်မနှင့်သော် တင်ပေါင်း သုံးဆဲ့လေးတပ်, မြင်းတထောင့်ခုနစ်ရာ, စစ်သည်သူရဲ တသောင်း ခုနစ်ထောင်တွင် မြင်းဝန် နေမျိုးနော်ရထာ စည်သူ, နေမျိုးမင်းလှနော်ရထာတို့ကို စစ်ကဲ, ဝန်ကြီး မဟာ မင်းလှ မင်းခေါင်ကို အချုပ် ခန့်တော်မူ၍ သက္ကရာဇ် (၁၁၈၀) တထောင့်တရာ့ ရှစ်ဆယ်ပြည့် နတ်တော်လဆန်း နှစ်ရက်နေ့ ဝေသာလီမြို့သို့ ချီရ၏။

ဝေသာလီမြို့ကို မင်းပြုသူနှင့် ဝေသာလီအမတ် စစ်သူကြီးတို့လည်း တပ်တော်များ ချီလာကြောင်းကို ကြားသိလေလျှင် မိုးကောင်းမြို့နှင့် သုံးဆဲ့သုံးစခန်းကွာ တဘန်ကင်းတွင် တထောက်၊ ထိုက ခြောက်တိုင်ကွာ ဗောရဟတ်ချောင်းတွင် တထောက်၊ ထိုက ငါးတိုင်ကွာ ဒိုပါနီချောင်းတွင် တထောက်၊ တိုက ခြောက်တိုင်ကွာ တောင်ကမ်းချောင်းတွင် တထောက်၊ ထိုက ခုနစ်တိုင်ကွာ ဗောလမာလီရေကန်ကြီး အရပ်တွင်တထောက်၊ ထိုကနှစ်တိုင်ကွာ ကျော့်တံတားလမ်းဆုံတွင်တထော်၊ ထိုက သုံးတိုင်ကွာ ဒီခိုးချောင်းတွင်တထောက်၊ ထိုက သုံးတိုင်ကျော်ကွာ ရောင်ပွတ်မြို့တွင်တထောက်၊ ထိုကသုံးတိုင်ကျော်ကွာ စာစီးချောင်းတွင် တထောက်၊ ထိုကသုံးတိုင်ကျော်ကွာ ဗာကူနီအရပ်တွင် တထောက်၊ ယင်းသို့ လာလမ်းတလျှောက် အရပ်အခံသင့်သည်များမှာ ဆင်ကောင်းမြင်းကောင်း လက်နက်ကောင်း သူရဲကောင်း ရွေးချယ်၍ အထောက်ထောက် တပ်နှင့်ချည်း ခံနေနှင့်သည်။

ဝန်ကြီး မဟာမင်းလှမင်းခေါင်တို့ သုံးဆဲ့လေးတပ်လည်း ရွှေဘဝါးတော်အောက်က တပ်စဉ် စခန်းစဉ်အတိုင်း ချီတက်၍ မိုးကောင်းမြို့နှင့် သုံးဆဲ့သုံးစခန်းကွာ တဘန်ကင်းသို့ရောက်လျှင် ဝေသာလီအမတ်တို့ခံနှင့်သည့်တပ်ကို တိုက်သည်၊ ဝေသာလီတပ်ပျက်၏၊ ယင်းက ခြောက်တိုင်ကျော်ကွာ ဗောရဟတ်ချောင်းတဘက်တွင်ခံနှင့်သည့် တပ်ကို တိုက်သည် ပျက်ပြန်၏၊ ယင်းက ငါးတိုင်ကွာ ဒိုပါနီချောင်းတဘက်တွင် ခံနှင့်သည့် တပ်ကိုတိုက်သည် ပျက်ပြန်၏၊ ယင်းက ခြောက်တိုင်ကျော်ကွာ တောင်ကမ်းချောင်းတဘက်တွင် ခံနှင့်သည့်တပ်ကိုတိုက်သည် ပျက်ပြန်၏၊ယင်းက

ခုနစ်တိုင်ကျော်ကွာ ဗောလမာလီအရပ်တွင် ခံနှင့်သည့်တပ်ကို တိုက်သည် ပျက်ပြန်၏၊ ယင်းက နှစ်တိုင်ကျော်ကွာ ကျောက်တံတား သမ်းဆုံတွင်ခံနှင့်သည့်တပ်ကိုတိုက်သည် ပျက်ပြန်၏၊ ယင်းက သုံးတိုင်ကျော်ကွာ ဒီဒိုးချောင်းတဘက်တွင် ခံနှင့်သည့်တပ်ကိုတိုက်သည် ပျက်ပြန်၏၊ယင်းက သုံးတိုင်ကျော်ကွာ ရောင်ပွတ်မြို့ကိုတိုက်သည် ပျက်ပြန်၏။ယင်းက သုံးတိုင်ကျော်ကွာ စာစီးချောင်း တဘက်တွင် ခံနှင့်သည့်တပ်ကို တိုက်သည် ပျက်ပြန်လျှင် နောက်တပ်မလည်း မမှီသေးသည်နှင့် တပ်တော်များ ယင်းတွင် ချရပ် စွဲနေကြသည်။

စာစီးတိုက်တွင် ဖမ်းဆီးရမိသည့် ဝေသာလီအမှတ်ကြီး ပြုသူတို့ကို စစ်မေးလျှင် သေနတ်စွဲကုလားခုနစ်ထောင်ကျော် ရှစ်ထောင်၊ ဝေသာလက်နက်စွဲ လေးသောင်းကျော် ငါးသောင်းနှင့်ဆင်ကောင်းမြင်းကောင်း လက်နက်ကောင်း ရွေးချယ်စည်းကြပ်ပြီးလျှင် ဝေသာလီ အမတ်ကြီးတို့ ဇူရဟတ်မြို့အရှေ့မြောက် တတိုင်ကျော်ကွာ ဗာကူနီအရပ်တွင် တပ်ကြီးအဖြိုးအခိုင် နှစ်ဘက်တည်ရပ်စွဲနေကြောင်းများနှင့် ထွက်ဆိုသည်ကို ဒီပဲယင်းမြို့ဝန် နေမျိုးသူရရဲခေါင်, စစ်ကဲကြီး မြင်းဝန် နေမျိုးနော်ရထာစည်သူ, နေမျိုးမင်းလှနော်ရထာတို့ကြားလျှင် ယခု ဝေသာလီသားတို့ အစစ်ခံသည့် ဗာကူနီတပ်သည် တွေ့ခဲ့တိုက်ခဲ့သမျှတပ်နှင့် တူဟန်မရှိ၊ စစ်ကူသေနတ်စွဲကုလားတို့နှင့် ဝေသာလီတတိုင်းလုံး ဆင်ကောင်း မြင်းကောင်း လက်နက်ကောင်း စစ်သည်သူရဲကောင်းဆိုသမျှ ရွေးကောက် ထုတ်ယူ၍ စစ်အားကြီးသည့်အဟန်ရှိသည်၊ သည်တပ်ပျက်လျှင် ဝေဆာလီ တတိုင်းလုံး အရေးတော်ကုံမည် မသွတ်ဖြစ်သည်၊ ယခု သည်တပ်ကို မဦးမသွတ် ပေါ့ပေါ့လျော့လျော့ မတိုက်သင့်၊ဗိုလ်ချုပ်မင်းကြီးတပ်မလည်းအရောက် မစုံသေးဖြစ်သည်၊ ယင်းသို့ဖြစ်သောကြောင့် သူတို့ကခံရပ်သည့်တပ်အခံအရပ် စစ်ရိပ်စစ်ခြည်ကို သိရအောင် မြင်းငါးရာကျော် ခြောက်ရာနှင့် သင်းတို့တပ်ရင်းဘိုင်အောင် စစ်ရိပ် စစ်ရောင် ပြသလည့်ပတ် ကြည့်ရှုစုံစမ်းပြီးလျှင် တပ်မနှင့်တကွ တပ်တော်များ အရောက်ညီမှ တိုက်မည်ဟု တိုင်ပင်ညီညွတ်ကြ၍ ဒီပဲယင်းမြို့ဝန် နေမျိုးသူရရဲခေါင်မှာ မြင်းနှစ်ရာ, စစ်ကဲကြီး မြင်းဝန် နေမျိုးနော်ရထာစည်သူမှာ မြင်းနှစ်ရာ, စစ်ကဲကြီး နေမျိုးမင်းလှနော်ရထာမှာ မြင်းနှစ်ရာ, သုံးတပ် မြင်းခြောက်ရာနှင့် ဗာကူနီတပ်ရင်းတိုင်အောင်ချဉ်း၍ စစ်ရေးပြသလည့်ပတ်ကြည့်ရှုမည် ချီသည်၊ ဇူရဟတ်မြို့မြောက် ဗာကူနီတပ်ကြီးနှစ်တပ်အနီးအပါးရောက်၍ ဝေသာ

လိအမတ်ကြီးတို့က မြင်းတပ်တော်များကို မြင်လျှင် တပ်ကြီးနှစ်တပ်က ဆင်ပါမြင်းပါ တပ်လုံးထွက်၍ တိုက်သည်၊ မြင်းတပ်တော်များလည်း ဆုတ်ခွာခဲ့ရချေသည်၊ ခရီးသုံးတိုင်ကွာ မာခွာစလိအရပ်သို့ ရောက်လျှင် ဗိုလ်ချုပ် မင်းကြီးမဟာမင်းလှမင်းခေါင်တပ်နှင့် ဆိုင်မိ၍ ဝန်ကြီးမဟာမင်းလှမင်းခေါင်ကိုယ် ခုခံကွပ်ကဲ၍ တိုက်သည်၊ ယင်းသို့ မွန်းယိမ်းကြီးအချိန်ကသည် နေဝင်သည်တိုင်အောင် တဦးကိုတဦး မတိုးမဝှေ့နိုင်ကြရှိသည်နှင့် နေဝင်လျှင် ဝေသာလိအမတ်ကြီးတို့တပ်စု တာသုံးရာ-လေးရာလောက် ဆုတ်၍ မြေကတုတ်နှင့် အမြောက် ပြောင်းသေနက် အသံမစဲ ပစ်လွှတ်လျက် ခံနေသည်၊ တပ်တော်များလည်း ယင်းတွင်ပင် မြေကတုတ်နှင့် တည့်တုံ့လုံးချရပ်စွဲနေကြ၏။

နံနက်မိုးသောက်လျှင်ဒီပဲယင်းမြို့ဝန်နေမျိုးသူရရဲခေါင်၊မြင်းဝန်နေမျိုးနော်ရထာစည်သူ၊ ဗိုလ်သေဉီး၊ ရွှေတောင်ရဲထင်ကျော်၊ ရွှေတောင်ရဲလှ၊ ရွှေတောင်လက်ယာကျော်၊ ရွှေတောင်အာကာကျော်၊ ရွှေပြည်သေနတ်ဗိုလ်တေဇသူရိန်၊ ရမ္မာဝတီမြို့ဝန် နေမျိုးသူရ၊ ကျော်စည်တိုက်ဝန် တိမ်ကြားနတ် သည်ဆယ်တပ်ကို လက်ဝဲကြောင်းက ထားသည်။

နေမျိုး မင်းလှနော်ရထာ၊ ဝန်းသိုမြို့ဝန် ရဲခေါင်ဇေယသူ၊ မိုးညှင်းမြို့ဝန် နေမျိုးမင်းထင်၊ မိုးမြတ်မြို့ဝန် သီဟရဲခေါင်၊ ကလေးစော်ဘွားရဲခေါင်ရန်အောင်၊ ရန်ဝူးရွှေတောင်ကျော်စွာ၊ နရာလှပုံချို၊ ရဲလှရဲခေါင်၊ ငမှတ်၊ သည်ဆယ်တပ်ကို လက်ယာ ကြောင်းက ထားပြီးလျှင် ဝန်ကြီးမဟာ မင်းလှ မင်းခေါင်မှာ မိုးကောင်းမြို့ဝန် ရဲထင်ကျော်စွာ၊ ဆင်ဝန် သိန်ဇေယသူ၊ မြောက်ဘက်တိုက်ဝန် စည်သူ ဇေယကျော်၊ စိုလေးဆယ်ဒိုင်းဝန် ရွှေတောင်သာရကျော်၊ ရွှေတောင်ရဲထင်ကျော်၊ ရွှေတောင်လက်ဝဲပေါ်၊ လက်ယာရဲထင်၊ နန္ဒသီရိရွှေတောင်၊ တုရင်သာရကျော်၊ သီရိနော်ရထာ၊ သူရရဲထင်၊ အာကာကျော်ခေါင်၊ ရဲကျော်သူရ၊ ဘဏ္ဍာအောင်နိုင်၊ ဗိုလ်ဝကင်း၊သည်တဆဲ့ငါးတပ်နှင့် ဝန်ကြီးမဟာမင်းလှမင်းခေါင်ကိုယ် အလယ်ကြောင်းနေ၍ တပ်ပေါင်းသုံးဆဲ့ငါးတပ်စာသုံးကြောင်းဖြန့်ပြီးလျှင် တိုက်သည်၊ ဝေသာလိစစ်သူကြီးတို့ကလည်း စစ်သုံးကြောင်းစီရင်၍ လူငါးသောင်း ခြောက်သောင်း ဆင်ပါမြင်းပါ စစ်အားကြီး ဘိဘိစီးစီးတိုက်လေလျှင် တပ်တော်များ ဘရမ်းဘတာ ရွှေချေ၏၊ ယင်းသို့စဉ်တွင် ဒီပဲယင်းမြို့ဝန်နေမျိုးသူရရဲခေါင်မှာ ရွှေးလူခားစွဲ သူရဲတရာကျော်, မြင်းတပ်ဗိုလ် တုရင်သာရကျော်, ရဲလှရဲခေါင်တို့

မှာ ရွှေးမြင်းတရားကျော်များနှင့် ဝေသာလီတံခါးလယ်ကို ခွဲခွဲဝင်၍ထိုး ခုတ်သည်၊ ဝေသာလီသား‌တို့ တပ်ဦးစွန်း၍ တက်လာသည် ကိုလည်း ဝန်ကြီးမဟာမင်းလှမင်းခေါင်ကိုယ်ကွပ်၍ တိုက်သည်၊ ယင်းသို့ ဗိုလ်မှူး တပ်မှူး သူရဲတော်စစ်သုံးကြောင်းလုံးရွပ်ရွပ်ခွဲခွဲစစ်ဦးရွယ်မိတိုင်းလိုက်လံ ထိုးခုတ် ပစ်ခတ်သည်တွင် ဝေသာလီစစ်သူကြီး ကိုယ်နှင့် တကွ လူသုံး ထောင်ကျော်လောက် သေလေလျှင် ဝေသာလီ ဗိုလ်မှူးတပ်မှူးတို့ မအုပ် မချုပ် မစည်းမကြပ်နိုင် ဆုတ်ခွာ၍ ဝေသာလီတွင် နောက်မင်းပြုသူ ဗော် ရော်ဇနရှိန် သား မယားဆွေမျိုးသင်းပင်းကျေးကျွန်ဆိုသမျှနှင့် ဝေသာ လီစစ်သူကြီး ဗိုလ်မှူးတပ်မှူးပြုသူတို့ အနောက် ယမုနာမြစ်သို့ ဆင်းပြေး သည်ကို ဗိုလ်မှူးတပ်မှူး သူရဲတော်တို့ ချီတက် လိုက်ထင်ဴ ဖမ်းဆီးသည်၊ ဝေသာလီမှာ မင်းပြုသူနှင့် ဗိုလ်မှူးတပ်မှူး အမတ်စစ်သူကြီးတို့ ယမုနာ မြင်တွင်းမှာ လှေအသင့် စီရင်ထားသည်ကို စီးပြေး လေသောကြောင့် လွတ်လေသည်၊ ဗိုလ်မှူးတပ်မှူး သူရဲတော်တို့ကိုလည်း ယမုနာမြစ်သို့ရောက်မှ ပြန်လည်ခဲ့ရ၏။

ဝေသာလီ ဂူရဟတ်မြို့သို့ ရောက်လျှင် ဝေသာလီမင်း စန္ဒရဂန္ဓရှိန် အကြောင်းအရာကို ဝန်ကြီး မဟာမင်းလှမင်းခေါင်က ဝေသာလီသား တို့ကို စစ်သည်တွင် စန္ဒရဂန္ဓရှိန်မင်းကို ဒီရွှေချောင်းနားမှာ ပို့ထား ကြောင်း၊ နောက်ထိုအရပ်က ထွက်ခွာ၍ ဝေသာလီ တောင်ခြေတွင် မယ်တော် ယသွာဒေဝီနှင့်အတူ သားတော် မယ်တော် နှစ်ပါးရှိနေ ကြောင်းကို ထွက်ဆိုလျှင် ရွှေဘဝါးတော်အောက်က ပါသည့် ကျွန် တော်မျိုး ဝေသာလီအမတ် ဘဏ္ဍာအောင်နိုင်ကို သူရဲတော်ငါးရာနှင့် စေ လွှတ်ခေါ်စေ၍ စန္ဒရဂန္ဓရှိန်မင်းကို ဝေသာလီရောင်ပွတ်မြို့မှာနန်းတင် ပြီးလျှင် ဝေသာလီတတိုင်းလုံးကို နှင်းအပ်၍ မင်းပြုမြဲပြုစေ၏။

ဝန်ကြီးမဟာ မင်းလှမင်းခေါင်လည်း ဝဇ္ဇီတိုင်း ဝေသာလီပြည်ကြီး ဝယ် အရေးတော်ပြေကုံ၍ အနေအထားကျအောင်စီရင်ပြီးလျှင် နောင် သူပုန်သူကန် လူဆိုးလူသွမ်းတို့ မထောင်မထားမပေါ်ထွက်ဝံ့ တိုင်းပြည် ငြိမ်ဝပ်အောင် ကျွန်တော်မျိုးရွှေတောင်လက်ဝဲကျော်ကို သေနတ်စွဲ သူရဲ တထောင်နှင့် အစောင့်အနေ ခန့်ထားခဲ့၍ ဝေသာလီတိုင်းပြည်မှာ ကိုး ကွယ်ကျင့်ဆောင်သည့် ကျမ်းစာအစုံ လေးဆယ်ကျော်၊ ယမုနာမြစ်ရေ, ဂင်္ဂါမြစ်ရေ, ဗြဟ္မပုတ္တရ နတ်အိုင်ရေ,ဗြာဟ္မဏကကလ္ဟနတ် အိုင်ရေများနှင့် ဝေသာလီမင်းကဆက်သည့်တိုက်ဆင် အစီးငါးဆယ်ကျော်၊ရွှေဒင်္ဂါး-ငွေ

ဒင်္ဂါး အဘိုးများစွာ ထိုက်သော အထူးထူးသောထည်မျိုးအုပ်မျိုး လက်ဆောင်တော်များကိုဆောင်ယူ၍ တပ်စဉ် စခန်းစဉ်အတိုင်း ရွှေဘဝါး တော်အောက် ပြန်လာကြ၏။

ထိုနှစ် တပို့တဲ့လဆန်း တဆဲ့ငါးရက်နေ့ ဝေသာလီ မင်းသမီး သီရိမင်္ဂလာဒေဝီတွင် မြင်သည့် သားတော် မိုးကောင်းမင်းသား သတိုးဖျားနှင့် သမီးတော် ထန်းတပင်မင်းသမီးကို စုံဘက်တော်မူသည်။ ။တပို့တဲ့လပြည့်ကျော်တရက်နေ့ သားတော်ကသာမင်းသားနှင့် သမီးတော် မိုင်းခိုင်းမင်းသမီးကို စုံဘက်တော်မူသည်။

အညာသီဟတောသို့ ဆန်တက်တော်မူခြင်းနှင့် နေပြည်တော်တွင် ဘဝရှင်မင်းတရားကြီး နတ်ရွာစံခြင်း

ဆင်ဖြူမျှးသခင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရားလည်း အညာသီဟတော ဘုရားရှင်ကို ကျေကွန်အတိုင်းသော စေတီတော် တည်လုပ်စေသည်။ ဘုရားတည်ရာ တောင်ထွတ်ကိုလည်း အမွှန်ရှည်စွာ ခိုင်ကြံ့အောင် ကျောက်တို့ဖြင့် မွမ်းမံစီခင်းမည်ဟု ရည်ကြံတော်မူ၍ သက္ကရာဇ် (၁၁၈၀) တထောင့်တရာ့ရှစ်ဆယ်ပြည့် တပို့တဲ့လပြည့်ကျော် တဆဲ့သုံးရက်နေ့ ရတနာရွှေဖောင်တော်နှင့် ရေတပ်ကြည်းတပ် စစ်အင်္ဂါလေးပါးခြံရံလျက် အညာသီဟတောသို့ ဆန်တက်တော်မူသည်၊ တပေါင်းလဆန်းတရက်နေ့ သီဟတောသို့ ရောက်တော်မူလျှင် နောက်တော်တွင် ပါသည့် ကြည်းတပ်ရေတပ် ဗိုလ်ပါတို့ကို ကျောက်ဆယ်စေ၍ တောင်ခြေပတ်လည်ကို ကျောက်စီခင်းမွမ်းမံစေသည်၊ သီဟတောကျောက်စေတီတော်ကိုလည်း ရွှေထီးအထွတ် တင်လှူတော် မူသည်၊ ဘုရားဦးစရပ်နှင့် ဘုရားတောင်မျက်နှာ တောင်ခါးပန်းတွင် မယ်တော်ဘုရားဆောက်လုပ်တော်မူသည့် ကျောင်းတော်ဟောင်းနွမ်းပြိုပျက်သည်ကိုလည်းအသစ်ဆောက်လုပ်တော်မူပြီးလျှင် ကျောင်းတော်ကိုသိခံတောဆရာတော်မဟာရာဇဓဇအား တင်လှူတော်မူသည်၊သိခံတောအရှေ့ဘက် ဧရာဝတီမြစ်နားတောင်ထိပ်၌ ရွှေမြင်ထင်ဘုရားရှင်ကို မွမ်းမံပြင်လုပ်တော်မူ၍ ရွှေထီးအထွတ် တင်လှူတော်မူသည်၊ သိခံတော ကွန်းထောက် နန်းတော်တွင်ရက်ပေါင်းငါးဆဲ့သုံးရက် စံတော်မူ၍ ကုသိုလ်တော် အလုပ်အဆောင်အလုံးစုံပြီးပြေလျှင် သိခံတောက တန်းခူးလပြည့်ကျော် ရှစ်ရက်နေ့ ပြန်တော်မူသည်။

ကျောက်မြောင်းမြို့သို့ရောက်လျှင် နေပြည်တော်ဟောင်း ရတနာသိင်္ဃ မြို့သို့ တန်းခူးလပြည့်ကျော် တဆဲ့နှစ်ရက်နေ့ တက်တော်မူသည်၊ ရတနာသိင်္ဃမြို့ စံနန်းတော်မှာ တဆဲ့တရက် စံနေတော်မူ၍ ကိုယ်တော် မအိမသာရှိသည်နှင့် ရတနာသိင်္ဃမြို့က သင်္ကြာရာဇ် (၁၁၈၁) တဆောင့်တရှဉ့် ရှစ်ဆဲ့တခု ကဆုန်လဆန်းရှစ်ရက်နေ့ပြန်လည်တော်မူ၍ ကျောက်မြောင်းမြို့သို့ ရောက်တော်မူလျှင် နေပြည်တော်သို့ စုန်တော်မူသည်၊ ကဆုန်လဆန်းဆယ်ရက်နေ့ နေပြည်တော်သို့ ရောက်တော်မူလျှင် ကိုယ်တော်မခံ့မကျန်းရှိတော်မူသည်ကို မြေးတော်အိမ်ရှေ့မင်း မဟာဥပရာဇာ ကိုယ်တိုင် မစစောင့်နေတော်မူ၍ တဆေးမသင့်-တဆေးသင့် ကုမတော်မူပါသော်လည်း ဝေဒနာတော်မှ မထွက်မလွတ်၊ သင်္ကြာရာဇ် (၁၁၈၁) တထောင့်တရှဉ့်ရှစ်ဆဲ့တခုနယုန်လဆန်းတဆဲ့သုံးရက်နေ့ညနေလေးချက်တီးကျော် ငါးနာရီသုံးပါဒတွင် လူ့ပြည်ငြိုး၍ နတ်ပြည် ပြောင်းစံတော်မူ၏။

သီရိပဝရိဇယာနန္တယသ ဘြဘဝနာဒိတျာဓိပတိ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ-တံဆိပ်နာမံတော်ရှိသော ဆင်ဖြူမျှားသခင် အသျှင် ဘဝရှင် မင်းတရားကြီးဘုရားသည် သင်္ကြာရာဇ် (၁၁၀၆) တထောင့်တရှဉ့် ခြောက်ခု တန်းခူးလပြည့်ကျော် ခြောက်ရက် တနလ်္ဂာနေ့ ညဉ့်သုံးချက်တီးကျော်၊ ငါးနာရီ၊ မိဿတွင် ရာဟု၊ သိဟ်တွင်အင်္ဂါ၊ တူတွင်ကြာသပတေး၊ ပြဿာတွင် စန်း၊ ဓနုတွင် စနေ၊ ကုံတွင်လက်နှင့် ဗုဒ္ဓဟူး၊ မိန်တွင် တနင်္ဂနွေ,သောကြာ၊ နက္ခတ်တဆဲ့ခြောက်လုံး၊ နှစ်ပါဒ်၊ ခုနစ်ဗီဇနာတွင် ဖွားတော်မူသည်။

သက်တော် သုံးဆဲ့ခုနစ်နှစ်၊ သင်္ကြာရာဇ် (၁၁၄၃) တထောင့်တရှဉ့် လေးဆဲ့သုံးခု တပို့တွဲလပြည့်ကျော် တဆဲ့လေးရက် တနလ်္ဂာနေ့တွင် ရတနာပုရ အင်းဝရွှေနန်းကို တက်သိမ်းစိုးစံတော်မူ၍ မင်းပြုတော်မူသည်။

မင်းစည်းစိမ်တော် ရတနာပုရ အင်းဝရွှေနန်းတွင် တနှစ်နှင့်လေးလ, အမရပုရရွှေနန်းတော်ဝယ် သုံးဆဲ့ခြောက်နှစ်၊ နှစ်ပေါင်း သုံးဆဲ့ခုနစ်နှစ်နှင့်လေးလပတ်လုံး မင်းအဖြစ်ဖြင့် သာသနာတော်မြတ် အစီးအပွား, ကိုယ်တော်မြတ်အစီးအပွား, သားတော်အစဉ် မြေးတော်အဆက်မြစ်တော်အညွှန့်ဘို့၏ အစီးအပွား,ပြည်သူလူတကာ သတ္တဝါအပေါင်းတို့၏ အစီးအပွားကို ရွက်ဆောင်တော်မူ၍ အိမ်နီမှ်သုံးဆဲ့ခြောက်နှစ်နှင့် ဆယ်လ,

ရွှေနန်းတော်ထက် စည်းစိမ် သုံးဆဲ့ ခုနစ်နှစ်နှင့် လေးလ၊ သက်တော် ခုနစ်ဆဲ့ငါးနှစ်နှင့်နှစ်လသော် လူ့ပြည်ငြိုး၍ နတ်ပြည် ပြောင်းစံတော်မူသည်။

နတ်ပြည် ပြောင်းစံတော်မူလိုသော်…မဟာမုနိဘုရားစသော ရွှေပြည်တော်ဝန်းကျင် မြစ်စဉ်အကြေအညာ ဘုရားကြီးပုထိုးကြီးများ ရောင်တော်ပြ၏။ မှန်နန်းမတော် လက်ယာသည်တိုင်တွင် ကြိတ်ထွက်၏၊ နန်းတော်တိုက်ဦးအတွင်းသို့ဝင်၍ လင်းတကျ၏၊မြေနန်းတော်ပြာသာဒ်အခိုးထွက်၏၊ လင်းတလည်းနား၏၊ မြေနန်းတော် စမုတ်ဦးဝယ် ပျားစွဲ၏၊ ဥကင်တော် သီဟာသနပလ္လင်တော်တွင်အစောင့်အရံထားသော စာမရိရပ်-ဦးလည်ထောင်၍ မြူးထူး၏။ သူငယ်ရပ်ရွစ်ယောက်လည်း လက်ပန်းဟန်လှပြ၏။ ရွှေပြည်တော်ပတ်လည် ဝန်းကျင်မှစ၍ အနှံ့အစပ် မြို့ကျေးရွာများမှာ ပေပင်ဆုန်း၏။ ပြည်အလုံး ရုတ်ရုတ်သဲသဲ လန့်၏။

ဆင်ဖြူများသခင် အသျှင် ဘဝရှင်မင်းတရားကြီး ဘုရားကား-ရတနာသုံးပါးတို့၌ မတုန်မလှုပ် ယုံကြည် မြတ်နိုးတော်မူ၏။ ခိုင်ကြံရာ၌ စိန်တောင်ထွတ်ကဲ့သို့ ခိုင်ကြံတော် မူ၏။ နူးညံ့ရာ၌လည်း လဝါဂွမ်းကဲ့သို့ နူးညံ့တော်မူ၏။ ရဲရင့်တည်ကြည်တော်မူ၏။ အဋ္ဌာရသ အတတ်မျိုးတို့ကို လေ့လာ ကျွမ်းကျင်တော် မူ၏။ ရည်ကြံတော်မူသမျှ အမှုမျိုးကို မဆုတ်မနစ် ပြုတော်မူလေ့ ရှိ၏။ ပညာရှိတို့ကို မြတ်နိုးတော်မူ၏။ ပညာရှိတို့နှင့် မပြတ် တိုင်ပင် နှိုင်းရည့်တော်မူလေ့ ရှိ၏။ ဝိဋ္ဌကတ်, ဗေဒင်, လောကီ, လောကုတ္တရာ ကျမ်းစာအပေါင်းတို့ဝယ် သဘောယုတ္တိအာဂုံ အယူအဆ အနှိုင်းအချိန် နှိုက်နဲ့ထိုးထွင်းတော်မူ၏။ စည်းစိမ်တော် တဆဲ့ခုနစ်နှစ်တွင် ရွှေသာ တိုင်းရေး ပြည်မှုတို့ကို စီရင် စံနေတော် မူပြီးလျှင် သားတော် မဟာဥပရာဇာ, မြေးတော် စစ်ကိုင်းမင်းတို့ကို တိုင်းရေးပြည်မှုဋ္ဌ လွှဲအပ်တော်မူ၍ ကုသိုလ်-အကုသိုလ် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်-ပရမတ္ထတရားတို့၏ အစိတ်အဖြာအခွဲအဝေ၊ဗေဒင်ကိန်းခန်း, နှစ်ဆဲ့ခုနစ်လုံးသောနက္ခတ်, နာရီ-ပါဒ်-ဗီဇနာ-ပြန်-ခရာတို့၏ အစိတ်အဖြာ အခွဲအဝေတို့ကို ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ, လူပညာရှိတို့နှင့် နေ့ည မခြားမလပ် နှစ်ပေါင်းနှစ်ဆယ်ကျော်တိုင်တိုင် ရွှေနန်းတော်ဦးဝယ် တရားသဘင်ခံတော်မူ၍ စံနေတော်မူသည်။ ဓိမာသ်ခုနစ်ပါး,မာဃသုံးပါး,ရတုခြောက်ပါး, ဥတုသုံးပါး, ဝိထိသုံးပါး, အယာဉ် နှစ်ပါး, အမွာဝါသီ-ပုဏ္ဏမိစသော အလုံးစုံသော ဥပုသ်ပဝါရဏာဝါဆိုဝါကပ် နှစ်-လ-နေ့-ရက်-အခေါ်

အဝေါ် အခွဲအဝေ အဝိုင်းအခြား အမှတ်အသား စသည်တို့ကို နှစ်ဆဲ့ခုနစ်လုံးသော နက္ခတ်တို့၏ နာရီပါဒ် ဗီဇနာ ပြန်ခရာတို့ဖြင့် အလွန်သိမ့်မွေ့ နူးညံ့စွာ စိတ်ဖြာ ခွဲဝေတော် မူ၍ ဘုရားဟော ပါဠိတော်ရင်း အတိုင်း မှန်ကန်စွာ ပြည်သူ ရှင် လူသတ္တဝါ အပေါင်းတို့အား ပြဿသင်ကြား မှတ်သားလေ့လာ ကျင့်ဆောင်စေ၏။ ဂရုမမူတရား ငါးပါးကို ပြည်သူပြည်သားအပေါင်းတို့ အမြဲ ကျင့်ဆောင်ကြရမည်ဟုလည်း တဆဲ့နှစ်ရာသီ လစဉ် လဆန်း ငါးရက် နေ့တိုင်း ပြည်တွင်း ပြည်ပ စည်လည်စေ၏။

ဘုန်းတော် တန်းခိုးတော်တို့ကို ဆိုချေသည်ရှိသော်.... မဟာဝိဟိကတိုင်း ဓညဝတီရခိုင်ပြည်ကြီးကိုရတော်မူလျှင် ရခိုင်မင်းနှင့်တကွ မင်းဆွေစိုးမျိုးဘို့ကို ရွှေဘဝါးတော်အောက် ချီးမြှင့် ပြုစုထားတော် မူ၍ ဘုရားမြတ်စွာ သက်တော်ထင်ရှား ရှိတော်မူစဉ် ဓညဝတီ ရခိုင်ပြည်ကြီးဝယ် သွန်းလုပ် ကိုးကွယ်သော မဟာမုနိ ဘုရားရှင် ရုပ်တုတော်ကို နေပြည်တော်သို့ ပင့်ဆောင်တော်မူ၍ ကိုးကွယ်တော်မူရ၏။

ဘုရားမြတ်စွာ သစ္စာလေးပါးတို့ကို သိတော်မူရာ မဟာဗောဓိပင်သို့လည်း ကျွန်တော်မျိုးတို့ကို မပြတ်ခန့်ထားဖူးရောက်စေရ၏။ မဟာဗောဓိပင်ကိုစောင့်ထိန်းသည့် ကျေးလက် တဆဲ့ရှစ်ရွာကိုစားသော မဟာပါလဂိရိဂူဆံဇီကလည်း မဟာ ဗောဓိပင် အောက်၌ တည်သော မြေနှင့်တကွ မဟာဗောဓိပင်မှပွားသော ဗောဓိညောင်တော်နှစ်ပင်ကို ဆက်သ၏။

တရပ် ဥဒည်မင်းကလည်း အထူးထူးသော ပဏ္ဏာလက်ဆောင်တော်တို့နှင့် သာယာချင်စွာ ရွှေပေရာဇသံ ဆက်ရောက်သည် တကြိမ်။ ဥဒည်မင်းက သမီးကညာ သုံးပါး ဆက်ရောက်သည် တကြိမ်။ ဥဒည်မင်းက အသက် ရှစ်ဆယ်ကျော် ရှိပြီ ဖြစ်၍ သားအကြီး ရှိဂူရဲကို ကြာဆည်ဝင်းအမည်နှင့် ဥဒည်ပြည်ကြီး ထီးနန်းကို လွှဲအပ်ပါမည်။ သား ကြာဆည်ဝင်းကို ညီရင်းသားကဲ့သို့ မစ ကြည့်ရှုတော်မူပါမည့် အကြောင်း အထူးထူးသော လက်ဆောင်ပဏ္ဏာတော် ရွှေပေရာဇသံနှင့် ရိုသေစွာ ဆက်ရောက်သည် တကြိမ်၊ ထို့ပြင်လည်း ဥဒည်မင်းက အထူးထူးသော လက်ဆောင်တော်တို့ဖြင့် အကြိမ်ကြိမ် ရွှေဘဝါးတော်အောက် ဆက်သ ဖူးရောက်၏။

မဇ္ဈိမတိုက် ဖြစ်သော ဝဇ္ဇီတိုင်း ဝေသာလီပြည်ကြီးကို အစိုးရသော မင်းကလည်း သမီးတော် ငါးပါးနှင့် ဆင်ကြီးမြင်းကြီး လက်နက် လက်

ဆောင်တော် များစွာတို့ကို ငါးကြိမ်ငါးခေါက် ဆက်သ၍ ဘဝါးကျွန် အဖြစ်ဖြင့် ကျွန်တော်ခံ၏။ ။မဇ္ဈိမတိုက် သောဠသ တဆဲ့ခြောက်တိုင်း ကလည်း အထူးထူးသောလက်ဆောင်ပဏ္ဏာတို့ဖြင့် နိမ့်ကျရှိသေစွာ နှစ်စဉ် မပြတ် ဆက်သဖူးရောက်၏။

သိင်္ဃိုဠ်ကျွန်းကို အစိုးရသောမင်းတို့ကလည်း သာသနာတော် တည်ထွန်း ပွင့်လင်းအောင် မစ သိမ်းပိုက် ပြုစုတော် မူပါမည့် အကြောင်းကို အထူးထူးသော လက်နက် လက်ဆောင်တော်တို့ဖြင့် နိမ့်ကျခယရှိသေစွာ ခြေတော်ဦးခိုက် ဖူးရောက်၍ သိင်္ဃိုဠ်တကျွန်းလုံး နှင်းအပ်ဆက်သ၏။

မင်းမင်းတကာတို့ ရခဲလှစွာသော ဆဋ္ဌန်အိုင်၏အနီး မဟာလှကား တောဝယ် အခြံအရံ အပေါင်းနှင့် နေလွှဲရှိသော ကိုယ်အလုံး ဖြူစင်နူးညံ့လှစွာသော ဥပေါသထ ဆင်ဖြူစစ် ဖြစ်သော သိရိမလ္လာ မဟာသုဘဝ္တာ-အမည်ရှိသော ဥပေါသထ ရတနာဆင်ဖြူတော်မကို ရတော်မူသည်တကြိမ်၊ ဆဋ္ဌန်အိုင်၏အနီး ရွှေဂူလိုဏ်ဝယ် အခြံအရံ အပေါင်းနှင့် နေလွှဲရှိသော ကိုယ်အလုံး ဖြူစင်နူးညံ့စွာသော ဆဋ္ဌန်ဆင်ဖြူအစစ် ဖြစ်သော နိဗ္ဗာနပစ္စယနာဂရာဇာ-အမည်ရှိသော ဆဋ္ဌန်ဆင်ဖြူ ရတနာကို ရတော်မူသည် တကြိမ်၊ ထို့ပြင် ဆင်ဖြူဆင်နီပေါက်မ တရုံနှစ်ဆယ်တို့ကိုလည်း ရတော်မူ၏။

ပြုတော်မူသော ကောင်းမှုတော်ကား····စစ်ကိုင်း အိမ်တော်ရာတွင် အောင်မြေလောကစေတီတော်(တစ်)၊ ရွှေမြို့တော်အရှေ့မြောက်ထောင့်၌ ရွှေကွန်အုပ်စေတီတော် (နှစ်)၊ ရွှေမြို့တော် အရှေ့ တောင်ထောင့်၌ ရွှေစံကား စေတီတော်(သုံး)၊ ရွှေမြို့တော် အနောက်တောင်ထောင့်၌ ရွှေလင်းပင် စေတီတော် (လေး)၊ ရွှေမြို့တော် အနောက် မြောက်ထောင့်၌ ဆင်ကျိုးရွှေဂူစေတီတော် (ငါး)၊ ရွှေမြို့တော်မြောက်၌ မဟာမုနိဘုရားကျောင်းတော် ရွှေပြာသာဒ်၊ ဘုရားလေးမျက်နှာ ရွှေစရပ်လေးဆောင်နှင့် (တဘယ်)၊ ရွှေမြို့တော် မြောက်ယွန်း၌ ရွှေဂူဘုရားရှင် (တဆဲ့တစ်)၊ သံအချိန်ပိသာ တသောင်း တထောင့် သုံးရာ့ခြောက်ဆဲ့ရှစ်ပိသာတို့ဖြင့် သွန်းလုပ်တော်မူသော စန္ဒာမုနိဘုရားရှင် (တဆဲ့နှစ်)၊ ရှင်သာရိပုတြာ-ရှင်မောဂ္ဂလာန် စသော အသီတိ ရဟန္တာ ရှစ်ကျိပ် (တဆဲ့သုံး)၊ မင်းကွန်း၌ ပုထိုးတော်ကြီး (တဆဲ့လေး)၊ ထိုတွင်ပါဒနက်သန် စေတီတော် (တဆဲ့ ငါး)၊ ရှိမ္မကား တောင်ထိပ်၌ စေတီတော် (တဆဲ့ခြောက်)၊ အညာသီဟတော စေတီတော်ပြိုပျက်သည်ကို ကျောက်

တိုင်တို့ဖြင့် အသစ် တည်လုပ်၍ ရွှေထီးအထွတ် တင်လှူတော် မူသည် (တဆဲ့ ခုနစ်)၊ သိဒံတော အရွှေဘက် ရောဝတီ မြစ်နား တောင်ထိပ်၌ ရွှေမြင်ထင် ဘုရားရှင်ကို မွမ်းမံ ပြင်လုပ်တော်မူ၍ ရွှေထီးအထွတ် တင်လှူတော် မူသည် (တဆဲ့ရှစ်)၊ ရတနာသိဿ်မြို့၌ ရွှေတန်ဆာဘုရားရှင်ပြိုပျက်သည်ကို အသစ် တည်လုပ်တော် မူပြီးလျှင် ရွှေထီးအထွတ် တင်လှူတော်မူ၍ ထီးချရားသီးကသည် မြေတိုင်အောင် ရွှေထည်သွတော်မူသည် (တဆဲ့ကိုး)၊ စစ်ကိုင်းအရပ်၌ ထူပါရုံဘုရားရှင် ပြိုပျက်သည်ကို အသစ် ပြင်လုပ်တော်မူ၍ ရွှေထီးအထွတ် တင်လှူတော် မူသည် (နှစ်ဆယ်)၊ စစ်ကိုင်းမြို့၌ ရတနာစေတီ ဘုရားရှင် ပြိုပျက်သည်ကို အသစ် ပြင်လုပ်တော်မူပြီးလျှင် ရွှေထီးအထွတ် တင်လှူတော်မူသည် (နှစ်ဆဲ့တစ်)၊ အဝမြို့၌ လောကသရဘူ ဘုရားရှင် ပြိုပျက်သည်ကို အသစ် ပြင်လုပ်တော်မူ၍ ရွှေထီးအထွတ် တင်လှူတော် မူသည် (နှစ်ဆဲ့နှစ်)၊ တန်တားဦးဘုရားရှင် ပြိုပျက်သည်ကို အသစ် ပြင်လုပ်တော် မူ၍ ရွှေထီးအထွတ် တင်လှူတော် မူသည် (နှစ်ဆဲ့သုံး)၊ ပင်းယမြို့တောင် အောင်စည်းခုံ ဘုရားရှင် ပြိုပျက်သည်ကို ပြင်လုပ်တော်မူ၍ ရွှေထီးအထွတ် တင်လှူတော် မူသည် (နှစ်ဆဲ့လေး)၊ ထိုအရပ်တွင် ရန်အောင်မြင် ဘုရားရှင် ပြိုပျက်သည်ကို ပြင်လုပ်တော်မူ၍ ရွှေထီးအထွတ် တင်လှူတော်မူသည် (နှစ်ဆဲ့ငါး)၊ ထိုအရပ်တွင် မင်းအိုဘုရားရှင် ပြိုပျက်သည်ကို ပြင်လုပ်တော်မူ၍ ရွှေထီးအထွတ် တင်လှူတော်မူသည် (နှစ်ဆဲ့ခြောက်)၊ မိတ္ထိယာမြို့၌ ရွှေမြင်ထင်ဘုရားရှင် ပြိုပျက်သည်ကို အသစ်ပြင်လုပ်တော်မူ၍ ရွှေထီး တင်လှူတော်မူပြီးလျှင် ထီးချရားသီးကသည် မြေ တိုင်အောင် ရွှေထည်သွတော်မူသည် (နှစ်ဆဲ့ခုနစ်)၊ ရွှေယင်မြောဘုရားရှင် ပြိုပျက်သည်ကို အသစ် ပြင်လုပ်တော်မူ၍ ရွှေထီးအထွတ် တင်လှူတော်မူပြီးလျှင် ထီးချရားသီးကသည် မြေတိုင်အောင် ရွှေထည်သွတော်မူသည် (နှစ်ဆဲ့ရှစ်)၊ ညောင်ကိုင်းအရပ်၌တည်လုပ်တော်မူသည့် အင်ပင်ရွှေဂူစေတီတော်(နှစ်ဆဲ့ကိုး)၊ ဟံသာဝတီ ရွှေမော်ဓောဘုရားရှင် ပြိုပျက်သည်ကို အသစ် တည်လုပ်တော်မူ၍ ရွှေထီးအထွတ် တင်လှူတော်မူသည် (သုံးဆယ်)၊ ရတနာသိဿ်မြို့၌ ဝေယန်ဘုံကျော်ရွှေကျောင်းတော် (သုံးဆဲ့တစ်)၊ ရွှေမြို့တော်မြောက် မဟာမုနိဘုရားရှင် တောင်၌ အသောကာရာမတိုက်, ရတနာဘုံကျော် ရွှေကျောင်းတော် (သုံးဆဲ့နှစ်)၊ မဟာမုနိဘုရားရှင် အရှေ့တောင်ယွန်း၌ မင်္ဂလာဘုံကျော် ရွှေကျောင်းတော်(သုံးဆဲ့သုံး)၊ထိုအရပ်

တွင် သိမ်တော်ရှေပြာသာဒ် (သုံးဆွဲလေး)၊ မဟာမုနိဘုရားရှင် အရှေ့မြောက်ယွန်း၌ ဗိမာန်ဘုံကျော် ရှေကျောင်းတော်(သုံးဆွဲငါး)၊ မဟာမုနိဘုရားရှင် အနောက် မြောက်ယွန်း၌ ဝေယန်စံလွှတ် ရှေကျောင်းတော် (သုံးဆွဲခြောက်)၊ ရှေမြို့တော်၏ အရှေ့မြောက်ယွန်းဝယ် အောင်မြေဘုံကျော် ရှေကျောင်းတော် (သုံးဆွဲခုနစ်)၊ ကျောင်းတော်အရံတွင်းအရှေ့တောင်ထောင့်၌ ရှေပြာသာဒ်(သုံးဆွဲရှစ်)၊ရှေမြို့တော်မြောက်ယွန်းဝယ် မင်္ဂလာစံလွှတ်ရှေကျောင်းတော် (သုံးဆွဲကိုး)၊ ရှေကွန်အုပ် ဘုရားရှင် အရံတွင်း ဘုရားဦးရှေစရပ်နှစ်ဆောင် (လေးဆွဲတစ်)၊ ဆင်ကျိုးရှေဂူ ဘုရားရှင် အရံတွင်း သိမ်တော်ရှေစရပ် (လေးဆွဲနှစ်)၊ ပဌာန်းရှေစရပ် (လေးဆွဲသုံး)၊ သုဓမ္မာရှေစရပ်နှစ်ဆောင်(လေးဆွဲငါး)၊ ဘုရားဦး ရှေစရပ်လေးဆောင် (လေးဆွဲကိုး)၊ ဘုရားရှင်တောင်၌ စံကျောင်းတော် (ငါးဆယ်)၊ ပိဋကတ်တိုက်တော် (ငါးဆွဲတစ်)၊ စစ်ကိုင်းမြို့အောင်မြေလောကဘုရားရှင် အရံတွင်း သုဓမ္မာရှေစရပ် နှစ်ဆောင် (ငါးဆွဲသုံး)၊ ဘုရားရှင်အနောက်၌ ပြိဿာဝန်ရှေကျောင်းတော်(ငါးဆွဲလေး)၊ဒက္ခိဏာဝန်ရှေကျောင်းတော်(ငါးဆွဲငါး)၊ ပစ္ဆိမာဝန်ရှေကျောင်းတော်(ငါးဆွဲခြောက်)၊ ဥတ္တရာဝန် ရှေကျောင်းတော် (ငါးဆွဲခုနစ်)၊ ဘုရားရင်ပြင်တော်၌ ဥမင်စရပ်တော် နှစ်ဆောင်(ငါးဆွဲကိုး)၊ သီဟတော ဘုရားဦး ရှေစရပ် (ခြောက်ဆယ်)၊ သီဟတော ဘုရားရှင်တောင်၌ ရှေကျောင်းတော် (ခြောက်ဆွဲတစ်)၊ ကြေးချိန်ပိဿာ ငါးသောင်းကျော်တို့ဖြင့် သွန်းလုပ်တော်မူ၍မင်းကွန်းပုထိုးတော်ကြီး၌တင်လှူတော်မူသည့် ခေါင်းလောင်းကြီး (ခြောက်ဆွဲနှစ်)၊ မင်းတဲမြစ်ကူးတံတားတော်ကြီး (ခြောက်ဆွဲသုံး)၊ ဆူးကားမြစ်ကူးတံတားတော်ကြီး (ခြောက်ဆွဲလေး)၊ မဟာမုနိဘုရားရှင်အရှေ၌ ရေကန်နှစ်(ခြောက်ဆွဲခြောက်)၊ ကြက်ထောင့်အရပ်တောင်ခါးပန်းတွင် ကျောက်ရေကန်(ခြောက်ဆွဲခုနစ်)၊ အောင်ပင်လယ်ကန်ကို ထပ်၍ ဆည်ဖို့တော်မူသည် (ခြောက်ဆွဲရှစ်)၊ မောင်းမကန်ကို ထပ်၍ ဆည်ဖို့တော်မူပြီးလျှင် နန္ဒာကန် သမိုက်တော်မူသည်(ခြောက်ဆွဲကိုး)၊ ရှေလောင်းမြောင်းကိုထပ်၍ ဆည်ဖို့တော်မူသည် (ခုနစ်ဆယ်)၊ ကျူဝန်းဆည်ကို ထပ်၍ ဆည်ဖို့တော်မူသည် (ခုနစ်ဆွဲတစ်)၊ မိတ္ထိလာကန်ကို ထပ်၍ ဆည်ဖို့တော်မူသည် (ခုနစ်ဆွဲနှစ်)၊ တောင်ဘက်ငါးခရိုင် ကျောက်ဆည်ကိုထပ်၍ ဆည်ဖို့တော်မူသည် (ခုနစ်ဆွဲသုံး)၊ ရခိုင်တောင်ရိုးကိုလည်း ရောဝတီမြစ်ဆိပ် မင်းဘူးရွာကသည် ရခိုင်လေးမြို့သို့အဆိုက်

လှည်းန္ဒားဝန်တင် မောင်းနှင်သွားလာသောအောင် လမ်းမတော်ဖောက်ထွင်တော်မူသည် (ခုနစ်ဆဲ့လေး)၊ စစ်ကိုင်းတောင်ရိုးရှိ ရောဝတီမြစ်ဆိပ်ကြက်ထောင့်အရပ်ကသည် တအိမ်တဲရွာသို့အဆိုက် လှည်းန္ဒား ဝန်တင် မောင်းနှင်သွားလာသောအောင် လမ်းမတော် ဖောက်ထွင်တော် မူသည် (ခုနစ်ဆဲ့ငါး)၊ ဆဒ္ဒန်ဆင်မင်း ကြွတော်မူရာ ပုဂံမြို့တွင် ရွှေဂူဘုရားနှင့် မြို့ကြီးခရိုင်ကြီး နှစ်ရာ့သုံးဆယ်သောဌာနတို့၌ တမြို့တမြို့လျှင် တဆူတဆူ စီတည်လုပ်တော်မူသည့် ရွှေဂူဘုရားရှင်ဆူရေ နှစ်ရာ့သုံးဆယ်နှင့်သော် သုံးရာ့ငါးဌာနတို့၌ ကုသိုလ်တော် သုံးရာ့ငါးဌာနတို့ကိုတည်ထားဆောံလုပ် ပြုစုတော်မူသည်။ ။ထိုမှတပါးလည်း သာသနာတော် မတည်မထွန်းသည့် မြို့ကြီးခရိုင်ကြီးတို့သို့ တမြို့လျှင် သုတ္တန်, အဘိဓမ္မာ, ဝိနည်း ဝိဇ္ဇကတ်အစုံနှင့်တကွ တံဆိပ်ရ ဆရာတော်ငါးပါးစီ၊ မြို့ကြီး ခရိုင်ကြီး ငါးဆဲ့ငါးမြို့၊ ဝိဇ္ဇကတ်တော် ငါးဆဲ့ငါးစုံ၊ တံဆိပ်ရ အရိယာသင်္ဃာတော် နှစ်ရာ့ခုနစ်ဆဲ့ငါးပါးတို့ကို သာသနာပြု လွှတ်တော်မူ၏။

သားတော် သမီးတော်တို့ကား....သိရိပဝရ မဟာရာဇိန္ဒာ မင်္ဂလာရတနာဒေဝီ အရှင်မိဖုရားခေါင်ကြီးတွင် မြင်တော်မူသည့် သမီးတော် သိရိမဟာ မင်္ဂလာဒေဝီ-အိမ်ရှေမိဖုရားတပါး၊ညီမတော် သိရိတိလောက မဟာသုဘဒ္ဒာရတနာဒေဝီ-အိမ်ရှေမိဖုရားတပါး၊ညီမတော် သိရိမဟာ မလ္လာဒေဝီ-သားတော် ပြည်မင်းနှင့်စုံဘက်တော် မူသည်တပါး၊ ပေါင်း သုံးပါးတည်း။

သိရိမဟာစန္ဒာဘိ ရတနာဒေဝီ-မြောက်နန်းတော်ရှင်မိဖုရားတွင် မြင်တော်မူသည့် သားတော် သိရိမဟာဓမ္မာဘိဇယ သီဟသူရ-အိမ်ရှေနေတော်မူ၍ နတ်ရွာစံတော်မူသည် တပါး၊ ညီတော် သိရိမဟာဓမ္မရာဇာ-ပြည်မြို့ကိုစားသည် တပါး၊ ပေါင်း နှစ်ပါးတည်း။

သိရိမဟာနန္ဒာဘိရတနာဒေဝီ-အလယ်နန်းမိဖုရားတွင်မြင်သည့် သမီးတော် သိရိမဟာရတနာဒေဝီ-ဟင်းသာတမြို့ကိုစားသည် တပါး၊ မောင်တော်-ငယ်ကလွန်တပါး၊ နှမတော်-ငယ်ကလွန် တပါး၊ မောင်တော် သုဓမ္မရာဇာ-ပုသိန်မြို့ကိုစားသည် တပါး၊ ပေါင်းလေးပါးတည်း။

အိမ်နီမ့်စံတော်မူစဉ် လွန်သည့် ကိုယ်လုပ်တော် ရှင်မင်းစိတ္တင် မြင်သည့် သားတော် သုသီရိ မဟာဓမ္မရာဇာ-တောင်ငူမြို့ကိုစားသည်တပါး၊ အင်းဝမင်းမြေးတော် သီရိသုရတနာဒေဝီတွင်မြင်သည့် သမီးတော် သီရိရတနာဒေဝီ-သားတော် ပုခန်းမင်းသားနှင့် စုံဘက်တော်မူသည် တပါး၊

ညီမတော် သီရိမလွှာနန္ဒာဒေဝီ-သားတော် မိုးမြတ်မင်းသားနှင့် စုံဘက်တော်မူသည့် တပါး၊ ညီမတော် ငယ်ကလွန်သည်တပါး၊ ညီမတော်-သီရိသုရတနာနန္ဒာဒေဝီတပါး။

တောင်ဆောင်တော် သီရိမဟာမင်္ဂလာဒေဝီတွင်မြင်သည့်သားတော် သီဟသူရ မဟာဓမ္မရာဇာ-ပုဂံမြို့ကိုစားသည်တပါး၊နှမတော်သီရိမင်္ဂလာဒေဝီ-သားတော်ပုသိန်မင်းနှင့် စုံဘက်တော်မူသည်တပါး၊ မောင်တော် သီရိသုဓမ္မရာဇာ-သန်လျင်မြို့ကိုစားသည်တပါး၊ ညီတော် သီရိသုဓမ္မရာဇာ-ကနောင်မြို့ကိုစားသည်တပါး။

မြောက်ဆောင်တော် သီရိမဟာရတနာဒေဝီတွင်မြင်သည့်သားတော် မဟာသီရိဓမ္မရာဇာ-မက္ခရာမြို့ကိုစားသည် တပါး၊ ညီတော် သီရိဓမ္မရာဇာ-လိုင်မြို့ကိုစားသည်တပါး၊ နှမတော် သီရိသုမလွှာဒေဝီ-သားတော် မင်းတုန်းမင်းသားနှင့် စုံဘက်တော်မူသည် တပါး။

မြောက်ရှေ့ရေးဆောင်တော် သီရိမဟာ သုဓမ္မာဒေဝီတွင် မြင်သည့် သားတော် မဟာဓမ္မရာဇာ-ပုခန်းကြီးမြို့ကို စားသည် တပါး။ ။ဥဒည် မင်းမြေး သီရိမဟာ ရတနာစန္ဒာဒေဝီတွင် မြင်သည့် သားတော် သတိုးကျော်-ဒွါရာဝတီမြို့ကိုစားသည် တပါး။ ။ဝေသာလီမင်းသမီး သီရိမဟာဝိမလာဒေဝီတွင် မြင်သည့် သားတော်သတိုးဖျား-မိုးကောင်းမြို့ကို စားသည် တပါး။

မိုးမြတ်စော်ဘွားသမီး သီရိတိလောကဒေဝီတွင်မြင်သည့် သားတော် မဟာဓမ္မရာဇာ-မိုးမြတ်မြို့ကိုစားသည်တပါး၊ နှမတော် သီရိ သုရတနာစန္ဒာဒေဝီ-သားတော် တောင်ငူမင်းနှင့် စုံဘက်တော်မူသည်တပါး၊ ညီမတော် သီရိရတနာမလွှာဒေဝီ-သားတော် ကနောင်မင်းသားနှင့် စုံဘက်တော်မူသည်တပါး၊ ညီမတော် သီရိသီလဒေဝီ တပါး၊ ညီမတော်သီရိသီဝလိဒေဝီ-သားတော် မက္ခရာမင်းသားနှင့် စုံဘက်တော်မူသည်တပါး၊ မောင်တော် သုသီရိဓမ္မရာဇာ-မင်းတုန်းမြို့ကို စားသည်တပါး၊ ညီတော် မောင်နေဝန်း-ငယ်ကလွန်တပါး၊ နှမတော် သီရိသုရတနာပဘာဒေဝီ-သားတော် လိုင်မင်းသားနှင့် စုံဘက်တော်မူသည် တပါး၊ ညီမတော်-ငယ်ကလွန်တပါး။

သီပေါစော်ဘွားသမီး ရာဇဒေဝီတွင် မြင်သည့်သားတော် မဟာသီရိသုဓမ္မရာဇာ-သီပေါမြို့ကိုစားသည်တပါး။

မိုးကောင်းစော်ဘွားသမီး သိရိဒေဝီတွင် မြင်သည့် သမီးတော် သိရိဝဏ္ဏာဝတီ-သားတော် မဖဲမင်းသားနှင့် စုံဘက်တော်မူသည်တပါး၊ ညီမတော်သိရိမုဏ္ဍာဝတီတပါး၊ ညီမတော်-ငယ်ကလွန်တပါး၊ မောင်တော် ငယ်ကလွန်တပါး။

သိန်းနီစော်ဘွားသမီး သိရိမြတ်စွာမဟေတွင် မြင်သည့် သားတော် သတိုးမင်းလှငယ်-သိန်းနီမြို့ကိုစားသည် တပါး။

မိုးနဲစော်ဘွားသမီး သိရိမဟာမလွာမဟေတွင် မြင်သည့် သမီးတော် သိရိဟိရိဝတီ-သားတော် လယ်ကိုင်းမင်းသားနှင့် စုံဘက်တော် မူသည် တပါး။

မိုးမြိတ်စော်ဘွားသမီး သိရိဝဏ္ဏာမဟေတွင် မြဲ်ဖသည့် သမီးတော် သိရိဓမ္မာဝတီ-သားတော်ကလေးမင်းသားနှင့်စုံဘက်တော်မူသည်တပါး၊ မောင်တော် မင်းရဲစည်သူ-ခေါ်သန်းမြို့ကိုစားသည့် တပါး။

မွေရင်းစော်ဘွား သမီး သိရိရဇာမဟေတွင် မြင်သည့် သားတော် သတိုးမင်းရဲနရာ-ရနောင်မြို့ကို စားသည်တပါး၊ နှမတော်သိရိသုသာမာဝတီ-သားတော် သီပေါမင်းသားနှင့် စုံဘက်တော်မူသည်တပါး၊ ညီမတော် သိရိသုမုဒ္ဒဝတီ-သားတော် မိုးကောင်းမင်းသားနှင့် စုံဘက်တော် မူသည်တပါး၊ မောင်တော် သတိုးမင်းရဲကျော်ထင်-ကလေးမြို့ကို စားသည်တပါး၊ နှမတော်-ငယ်ကလွန် တပါး၊

ယိုးဒယားဝန်သမီး သိရိစန္ဒာမဟေတွင် မြင်သည့်သားတော် မင်းရဲကျော်စွာ-ပန်းထိမ်းမြို့ကိုစားသည်တပါး၊ ညီတော် မင်းရဲမင်းလှကျော်စွာ-မဖဲမြို့ကိုစားသည် တပါး၊ ညီတော် မင်းရဲမင်းလှနရာ-မင်းတပ်မြို့ကို စားသည်တပါး၊ နှမတော် သိရိသာခါဝတီ-သားတော် ရေနံသာမင်းသားနှင့် စုံဘက်တော်မူသည်တပါး။

အိမ်နီမ့်စံတော်မူစဉ် ကိုယ်လုပ်တော် ရှင်ဘရုံတွင်မြင်သည့်သားတော် မင်းရဲမြတ်စွာ-ကောလင်းမြို့ကိုစားသည် တပါး၊ ညီတော် ငယ်ကလွန် တပါး။ ။အိမ်နီမ့်စံတော်မူစဉ် ကိုယ်လုပ်တော်ရှင်မင်းမယ်တွင်မြင်သည့် သားတော် မင်းရဲမြတ်စော-ငတောင်တွင်းချောင်မြို့ကိုစားသည်တပါး။

သိရိကျော်သူသမီး သိရိရတနာမဟေတွင် မြင်သည့်သားတော် မင်းရဲမင်းခေါင်-လယ်ကိုင်းမြို့ကို စားသည်တပါး၊ ညီတော် မင်းရဲကျော်စွာ-ရွှေကူမြို့ကို စားသည်တပါး၊ ညီတော် မင်းရဲကျော်ခေါင်-မိုးညှင်းမြို့ကို စားသည်တပါး။

မင်းကြီးဇေယသူရသိမီး မြတ်စွာမဟတ္တင်မြင်သည့်သားတော် မင်းရဲ ရွှေတောင်-ကသာမြို့ကိုစားသည် တပါး၊ နှမတော်-ငယ်ကလွန်တပါး၊ မောင်တော်-ငယ်ကလွန်တပါး၊ နှမတော်-ငယ်ကလွန်တပါး။

ရှစိရမဟတ္တင် မြင်သည့်သမီးတော် သီရိ မင်္ဂလာဝတီ-သားတော် ကလေးမင်းသားနှင့် စုံဘက်တော်မူသည်တပါး၊ နှမတော်သီရိသန်္ဓါဝတီ တပါး၊ မောင်တော်-ငယ်ကလွန်တပါး၊ နှမတော်-ငယ်ကလွန်တပါး။

နတ်ကန်မြင်းစီး သမီး သီရိမင်္ဂလာ မဟတ္တင် မြင်သည့် သားတော် သတိုးမင်းရဲသိဟ-သာဂရမြို့ကိုစားသည် တပါး၊ ညီတော်-ငယ်ကလွန် တပါး။

ရွှေခွန်မှူးသမီး သီရိရတနာမဟတ္တင်မြင်သည့် သားတော်-ငယ်က လွန်တပါး။ ။ဝန်ကြီးမဟာဇေယသူရသမီး သီရိဝတီတွင်မြင်သည့် သား တော်-ငယ်ကလွန်တပါး၊ ညီမတော်-ငယ်ကလွန်တပါး၊ နှမတော်-ငယ် ကလွန်တပါး။

သီရိသုမြတ်စွာတွင်မြင်သည့် သားတော်-ငယ်ကလွန်တပါး၊ ညီတော် သတိုးမင်းရဲမင်းလှစည်သူ-မြင်ကွန်းမြို့ကိုစားသည်တပါး၊ နှမတော် သီရိ ကေသာ-ငယ်ကလွန်တပါး၊ ညီမတော်-ငယ်ကလွန်တပါး။

ဒေဝရွှေတောင်သမီးပဘာဝတီတွင်မြင်သည့် သမီးတော်ရတနာပဘာ သားတော် ပတ္တနဂိရိမင်းသားနှင့် စုံဘက်တော်မူသည်တပါး။ ။ဆင်ဝန် သမီး စန္ဒာဝတီတွင်မြင်သည့် သားတော် မင်းရဲသိဟ-အင်ထောက်သာ မြို့ကိုစားသည် တပါး၊ ညီတော်မင်းရဲနရာ-ငရဲနဲမြို့ကိုစားသည် တပါး။

ဆင်ကျေးတိုက်ဝန်သမီး သီရိနန္ဒာတွင်မြင်သည့် သမီးတော် သီရိကေ သာဝတီ-သားတော် အင်ထောက်သာမင်းသားနှင့် စုံဘက်တော်မူသည် တပါး၊ ညီမတော် သီရိသာမာဝတီ-သားတော် ကျောက်ပန်းတောင်း မင်းသားနှင့် စုံဘက်တော်မူသည် တပါး။

ပြည်အင်းမသူကြီးသမီး မင်္ဂလာသီရိတွင်မြင်သည့် သားတော် မင်းရဲ သိန်-ကျောက်ပန်းတောင်းမြို့ကိုစားသည် တပါး၊ ညီတော်-ငယ်ကလွန် တပါး၊ နှမတော်-ငယ်ကလွန်တပါး။

စင်တလည်းဗိုလ်သမီး သီရိမင်္ဂလာတွင်မြင်သည့် သားတော် မင်းရဲ မြတ်စော-ဆောမြို့ကိုစားသည် တပါး၊ နှမတော် ရတနာစန္ဒာ တပါး၊ မောင်တော်-ငယ်ကလွန်တပါး၊ နှမတော်-ငယ်ကလွန်တပါး။

ကျောက်ဆည်စာရေးကြီးသမီး ရှင်မင်းသူတွင်မြင်သည့် သားတော် မင်းရဲသီဟကျော်-တောင်သာမြို့ကိုစားသည် တပါး၊နှမတော် သီရိရာဇာ-သားတော် ငရဲနဲမင်းသားနှင့် စုံဘက်တော်မူသည်တပါး။

ကျိုင်စာရေးသမီး နန္ဒာသီရိတွင်မြင်သည့်သမီးတော် ရတနာမလွာ-သားတော် တောင်သာမင်းသားနှင့် စုံဘက်တော်မူသည် တပါး၊မောင်တော်-ငယ်ကလွန်တပါး၊ နှမတော်-ငယ်ကလွန်တပါး။

တုရင်မိတ္ထာသမီး ဆုကေသာတွင်မြင်သည့် သားတော် မင်းရဲရာဇသူ-နတ်မောက်မြို့ကိုစားသည် တပါး။ ။ကိုယ်လုပ်တော် ရှင်ယိုင်းတွင်မြင်သည့် သားတော် မင်းရဲနရာကျော်-ပတ္ထနဂိုရ်မြို့ကို စား သည် တပါး။

အမှာရေးသမီး သီရိသုကေသာတွင်မြင်သည့်သားတော်မင်းရဲမင်းလှငယ်-ကျောက်တလုံးရွာကိုစားသည်တပါး။ ။ယိုးဒယားမင်းသား သမီး သီရိသုမိတ္ထာတွင်မြင်သည့် သမီးတော်-ငယ်ကလွန်တပါး။ ။သီရိ ရွှေတောင်သမီး သီရိ သာမာတွင်မြင်သည့် သားတော် မင်းရဲသိခ်သူ-ရေနံသာမြို့ကို စားသည်တပါး။

စန္ဒရသီရိတွင်မြင်သည့် သမီးတော် သီရိမုတ္ထာ-သားတော်ရွှေကူမင်း သားနှင့်စုံဘက်တော်မူသည်တပါး။ မင်းဟေမာတွင်မြင်သည့်သမီးတော် သီရိရာဇာတပါး။ မင်းသူဇာတွင်မြင်သည့် သမီးတော် သီရိဥမ္မာ တပါး။ သီရိပဒုမာတွင်မြင်သည့် သားတော်-ငယ်ကလွန်တပါး။ ရာဇဝေသော် သမီး မင်းကေသာတွင်မြင်သည့်သားတော် ငယ်ကလွန်တပါး။ မင်းနိုလာတွင်မြင်သည့် သမီးတော်-ငယ်ကလွန်တပါး။ မင်းမလ္လာတွင် မြင်သည့် သားတော်-ငယ်ကလွန်တပါး။ နှမတော်-ငယ်ကလွန်တပါး။ ပုသိန်ဝန် သမီး ရာဇာသီရိတွင်မြင်သည့် သားတော်-ငယ်ကလွန်တပါး၊ နှမတော်-ငယ်ကလွန်တပါး။ မင်းကေသာတွင်မြင်သည့် သားတော် ငယ်ကလွန်တပါး။

အယောစားသမီး သုဝဏ္ဏဂန္ဓာတွင်မြင်သည့် သားတော်-ငယ်ကလွန်တပါး၊ နှမတော်-ငယ်ကလွန် တပါး၊ မောင်တော်-ငယ်ကလွန်တပါး၊ နှမတော်-ငယ်ကလွန်တပါး။

အိမ်ရှေစာရေးကြီးသမီး သီရိရာဇာတွင်မြင်သည့် သားတော်-ငယ်ကလွန်တပါး။သီရိသုသာခါတွင်မြင်သည့် သမီးတော်-ငယ်ကလွန်တပါး။သုမုတ္ထာတွင်မြင်သည့် သားတော်-ငယ်ကလွန်တပါး၊ နှမတော်-ငယ်ကလွန်

တပါး။ ကိုယ်လုပ်တော် ရှင်မင်းကောင်းတွင်မြင်သည့် သမီးတော်-ငယ်ကလွန်တပါး။ သုဝဏ္ဏာတွင်မြင်သည့် သမီးတော်-ငယ်ကလွန်တပါး။

သားတော် ခြောက်ကျိပ်တပါး၊ သမီးတော် ခြောက်ကျိပ်တပါး၊သားတော် သမီးတော်ပေါင်း တရာ့နှစ်ကျိပ် နှစ်ပါးတည်း။

မြေးတော်တို့ကား....မြေးတော် မင်းယောကျ်ား တရာ့နှစ်ပါး၊ မြေးတော် မင်းမိန်းမ တရာ့ခြောက်ပါး၊ မြေးတော် မင်းယောကျ်ား မင်းမိန်းမပေါင်း နှစ်ရာ့ရှစ်ပါးတည်း။

မြစ်တော်တို့ကား....မြစ်တော် မင်းယောကျ်ား သုံးကျိပ်၊ မြစ်တော် မင်းမိန်းမပေါင်း ငါးကျိပ်တပါး၊ မြစ်တော် မင်းယောကျ်ား မင်းမိန်းမပေါင်း ရှစ်ကျိပ်တပါးတည်း။ ။သားတော်,မြေးတော်, မြစ်တော်, မင်းယောကျ်ား တရာ့ကိုးကျိပ်သုံးပါး၊ မင်းမိန်းမ နှစ်ရာ့တကျိပ် ရှစ်ပါး သားတော် မြေးတော် မြစ်တော်ပေါင်း လေးရာ့တဆဲ့တပါးတည်း။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းမျာ့းသခင်၊ ရွှေတွင်း, ငွေတွင်း, ပတ္တမြားတွင်း, ပယင်းတွင်းစသော ရတနာအပေါင်းတို့၏အရှင်၊ စတုတ္ထရတနာပူရ မြို့တည် နန်းတည်၊ ဆဒ္ဒန်ဆင်မင့်းသခင်၊ ဆင်ဖြူမျာ့းသခင် အသျှင်ဘဝရှင် မင်းတရားကြီး ဘုရား လက်ထက်တော် (၁၁၉၁) တထောင့် တရာ့ကိုးဆဲ့ တခု၊ နယုန်လဆန်း တရက်နေ့က စ၍ ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ, မှူးမတ်ပညာရှိတို့နှင့်၊အထူးထူးသော ရတနာတို့ဖြင့်ဆန်းကြယ်သော မှန်နန်းတော်ဆောင်တော်ဦး နန်းမစနဋ္ဌ နှိုင်းညှိ၍ အသင့် ယုတ္တိကျမ်းဂန် အာဂုံများနှင့်အညီ သုတ်သင် စီရင်တော်မူသော ဒုတိယမဟာရာဇဝင်တော်ကြီး ပဋ္ဌမထုပ်၊ ဆဋ္ဌတွဲ ဤတွင် ပြီး၏။

* * *

ရတနာပူရ စတုတ္ထ မြို့တည်နန်းတည် မင်းတရားကြီး

ဘိုးတော်ဘုရား အလောင်းတော်ကို သင်္ဂြိဟ်ခြင်းစသည်များ

အထူးထူးသော 'တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်း အပေါင်းတို့၏ အသျှင်သခင်၊ ရွှေတွင်း ငွေတွင်း ပတ္တမြားတွင်းစသော ရတနာတွင်း အပေါင်းတို့၏ အသျှင်သခင်၊ ရခိုင်သင်းဘောဆိပ်, ပုသိန်သင်းဘောဆိပ်, ဟံသာဝတီ သင်းဘောဆိပ်, မုတ္တမသင်းဘောဆိပ်, ဒဂုံသင်းဘောဆိပ်, တနင်္သာရီသင်းဘောဆိပ်-စသော သင်းဘောဆိပ်အပေါင်းတို့၏ အသျှင်သခင် "ဘိုးတော်"ဆင်ဖြူများသခင် အသျှင်ဘဝရှင် မင်းတရားကြီးဘုရား လူ့ပြည်ငြိုး၍ နတ်ပြည် ပြောင်းစံတော်မူသည်ကို မြေးတော်အိမ်ရှေမင်း မဟာဥပရာဇာသည် ဆရာတော် အပေါင်းတို့နှင့် တိုင်ပင်တော်မူ၍ ဘိုးတော်အလောင်းတော်ကို စကြဝဠာမန္ဒာတ်မင်းတို့ကို သင်္ဂြိဟ်သကဲ့သို့ အခမ်းအနား ကြီးကျယ်စွာ စီရင်တော်မူပြီးလျှင် သင်္ကြာဇ် (၁၁၈၁) တထောင့်တရာ့ရှစ်ဆဲ့တခု နယုန်လဆန်း တဆဲ့ငါးရက် တနလ်ာနေ့ သားတော် ညီတော် ဆွေတော် မျိုးတော် မှူးတော် မတ်တော်အပေါင်း မြို့ရံလျက် ရတနာရွှေဝေါနှင့်ထွက်တော်မူ၍ လှတ်တော် အရှေ့မြောက် နန်းမြို့တွင်းဝယ် သင်္ဂြိဟ်တော်မူပြီးလျှင်....မြေးတော်အိမ်ရှေမင်း သိရိပဝရမဟာဓမ္မရာဇာ မင်းတရားကြီး ဘုရားသည် ဘိုးတော်ဘုရား အရိုက်အရာတော် ရွှေထီးရွှေနန်း တိုင်းကားနိုင်ငံတော်ကို မင်းတို့၏ တရားနှင့်အညီ သိမ်းအုပ် စိုးစံတော်မူသည်၊ အိမ်ရှေအိမ်တော်တွင်ရှိသည့် ရွှေသားငွေသား ထည်မျိုးအုပ်မျိုး ပုဆိုးဝတ်လုံများ ကိုလည်း အမှူထမ်း ကျွန်တော်မျိုး အပေါင်းတို့အား အထိုက်အလိုက် ငွေပေးကမ်းတော်မူ၏။

ရွှေနန်း တက်တော်မူလျှင် မင်းညီမင်းသား ဆွေတော် မျိုးတော် မှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူး ဒိုင်းမှူးသင်းမှူး သွေးသောက်စု မြင်းခေါင်းမြင်းစီး သွေးသောက်ကြီး သေနတ်စွဲ ဓားစွဲကိုယ်ရံတော် စားတော်ရေကြည်မှစ၍ အမှူထမ်းကျွန်တော်မျိုးအပေါင်းတို့ကို သစ္စာတော်ပေးတော်မူသည်။ ။ဝေသာလီပြည်ကြီး, ရခိုင်ပြည်ကြီး,မျဉ်းတဲပြည်ကြီး

စသော တိုင်းကြီးပြည်ကြီးများနှင့် ထီးရံနန်းရံစော်ဘွားမြို့စားတပ်ပေါင်းစား, အဝေးမြို့ဝန်, စစ်ကဲအရာရှိတို့ကိုလည်း အမှုးအကြီးသွေးသောက်စု မြင်းတော်သည်ခန့်ပြီးလျှင် အစေ့အနှံ သစ္စာတော်ပေးစေလွှတ်၏။

ယင်းသို့မှ အမိန့်တော် ရှိသည်ကား....မြို့ရွာခရိုင် နိုင်ငံတော် အတွင်းအခွန်အတုတ် ဆယ်ဘို့တဘို့ ကောက်ခံသည်များကို သုံးနှစ် ငါလွှတ်တော်မူသည်၊ ကင်းသင်း များမှာလည်း ငါအသျှင် ဧကရာဇ်မင်းမြတ် စံနေတော်မူသည့် မဟာရာဇဋ္ဌာနီ ရွှေပြည်တော်ကြီးမှသည် အညာကို မင်းကွန်းကင်း၊ အကြေကို ကျောက်တလုံးကင်း၊ မြို့ထွက်မြို့ဝင် သည်နှစ်ရပ်သောကင်းကိုသာ ကင်းရုံးကင်းတိုင်စိုက်ထူ၍ ရာဇဝတ်တော် ကင်းအောင် ထိန်းသိမ်းကြစေ၊ ကင်းကြေး ကင်းငွေ မတောင်း မယူ စေနှင့်၊ အကြေအညာမြို့ရွာများမှာ ကြည်းကင်း ရေကင်းထား၍ ကောက်စားကြသည့် အရာများလည်း ပြည်သူတို့ လမ်းခရီးနှောင့်နှေးချုပ်ဆိုင်း ကြေးငွေကျကုန်ရသည့် အရာသာ ဖြစ်သည်၊ အကြေအညာ မြို့ ရွာ ကြည်းကင်း ရေကင်း ဆိုသမျှကို မကောက်မစား မထားမရှိစေနှင့် ကင်းရုံးကင်းတိုင်နှင့် တကွ ရပ်သိမ်းစေ၊ မင်းညီ မင်းသား မှူးတော် မတ်တော် အပေါင်းတို့လည်း ငါ့ကိုချစ်လျှင် ပြည်သူတို့ကိုချစ်, ငါ့အကျိုးစီးပွားတော်ကိုလိုလျှင် တရားကို ကောင်းစွာ စောင့်ထိန်း၍ ပြည်သူတို့ အကျိုးစီးပွားကိုဆောင်, ကိုယ်တို့ တစုကိုလည်း ငါအသျှင် ဧကရာဇ်မင်းမြတ် တိုက်တော် ကြတော်များသို့ ထုံးစံအစဉ်အဆက် သွင်းမြဲအပေါ်ဝန်ကို စားစိမ့်မည်ဟုလည်း အရည် အလျောက် အထိုက်အလိုက် အသီးအသီး မြို့ ရွာ ပေးတော်မူ၍ ရှိသည်၊ ပြည်သူတို့ ရှေ့ငွေ ဘဏ္ဍာဥစ္စာ ခမ်းနား၊ များကို မျက်မှန်း မကြိုးကြနှင့်၊ ပြည်သူ သတ္တဝါ အပေါင်းတို့ လုပ်စား ဆောင်စားစီးပွားဖြစ်ထွန်း၍ ကုံထံ ပြည့်ဝအောင်ကိုသာ ပြုစုမစီရင်။ သို့မှလည်း ပြည်ထဲလေးမျက်နှာ ပွင့်လင်းသာယာမည်၊ ပြည်ထဲလေးမျက်နှာသာယာသည်ဖြစ်မှလည်း ဘုရားသာသနာတော် ထွန်းတောက်မည်၊ သာသနာတော် ထွန်းတောက်သည်ဖြစ်မှလည်း သာသနဒါယကာ ငါအသျှင် ဧကရာဇ်မင်းမြတ် တောင်းတော်မူသည့် ဘုရားဆု ပြည့်တော်မူမည်၊ ကျေးဇူးသစ္စာတော်မြတ်နှစ်ပါးဝမ်းဝယ်ရှိသည့်အတိုင်း ငါ့အမိန့်တော်ကို အမြဲနှလုံးသွင်း-အမိန့်တော်ရှိပြီးလျှင် တိုက်တော်ကြတော်များတွင်ရှိသည့် ငွေတော်ကို ထုတ်တော်မူ၍ ခမည်းတော်ဘုရား သားတော် မင်းရဲမင်းငယ်ကို ငွေအသပြာ နှစ်ထောင့်ငါးရာ, မင်းရဲသီရိကျော်ကို ငွေ

အဆပြာ နှစ်ထောင့်ငါးရာ, မင်းရဲဇေယကို ငွေသပြာ နှစ်ထောင့်ငါးရာ ပေးတော်မူသည်။

အိမ်ရှေ့ဝန် နေမျိုးကျော်စွာကို ငွေသပြာသုံးထောင်, အဘိုးများစွာ ထိုက်သော မြလက်စွပ်တစ်၊ အိမ်ရှေ့ဝန် နေမျိုးသီဟသူရကို ငွေသပြာသုံးထောင်, အဘိုးများစွာထိုက်သောမြလက်စွပ်တစ်၊ အိမ်ရှေ့ဝန်နေမျိုးရာဇသူကို ငွေသပြာသုံးထောင်, အဘိုးများစွာ ထိုက်သော မြလက်စွပ်တစ်၊ အိမ်ရှေအတွင်းဝန် နေမျိုးသီရိသခ်ိယာကို ငွေသပြာ သုံးထောင်, အဘိုးများစွာ ထိုက်သော မြလက်စွပ်တစ်၊ အိမ်ရှေ အတွင်းဝန် နေမျိုးဇေယကျော်စွာကို ငွေသပြာနှစ်ထောင်,အဘိုးများစွာထိုက်သော မြလက်စွပ်တစ်၊ အိမ်ရှေအတွင်းဝန် နေမျိုးဇေယသူရကို ငွေသပြာ တထောင့်ငါးရာ, အဘိုးများစွာထိုက်သော မြလက်စွပ်တစ်၊ အိမ်ရှေ အတွင်းဝန် စည်သူသီဟကျော်ထင်ကို ငွေသပြာ တထောင်,အဘိုးများစွာထိုက်သော မြလက်စွပ်တစ်။

သံတော်ဆင့် စည်သူဇေယရွှေတောင်ကို ငွေသပြာတထောင်,အဘိုးများစွာထိုက်သော မြလက်စွပ်တစ်၊ သံတော်ဆင့် စည်သူရာဇရွှေတောင်ကို ငွေသပြာတထောင်, အဘိုးများစွာ ထိုက်သော မြလက်စွပ်တစ်၊ သံတော်ဆင့် ကျော်ထင်သူရကို ငွေသပြာတထောင်, အဘိုးများစွာ ထိုက်သော မြလက်စွပ်တစ်-ပေးတော်မူသည်။

ဒီပဲယင်းမြို့ဝန် နေမျိုးသူရရဲခေါင်၊ အတ္ထပတ်မြင်းဝန် နေမျိုးရဲခေါင်ကျော်၊ ဥဒိန်သီရိစည်သူ၊ စစ်ကိုင်းမြို့ဝန်နေမျိုးသီရိသင်္ကြီ၊ သူရဲဝန် ရွှေတောင်ရာဇသူ၊ ရွှေလွဲဗိုလ် ရွှေတောင် သီဟကျော်စွာ၊ မင်းရဲ မင်းလွှကျော်စွာ၊ လက်ဝဲနတ်စုဗိုလ် ပျံချီရဲခေါင်ကျော်၊ ရွှေးလက်ယာဗိုလ် ရွှေတောင်ရဲထင်ကျော်၊ သေနတ်လက်စွဲတော်ခေါင်း သီဟနရာ၊ သေနတ် လက်စွဲတော်ခေါင်း ပျံချီ ရွှေတောင်၊ ဇေယ စည်သူ ကျော်ထင်၊ စားတော်ကဲ ရွှေတောင်ရာဇကျော်၊သူရိန်ဗလတို့ကို ငွေသပြာတထောင် စီပေးတော်မူသည်။

နန္ဒမူတံခါးဗိုလ် သိဒ္ဓိဗလကျော်သူ၊ လက်ဝဲကြောင်းဗိုလ် ဒေဝကျော်ထင်၊ လက်ယာကြောင်းဗိုလ် ရဲလှရဲခေါင်ကျော်စွာ၊ လက်ဝဲ မာရဇာင်ဗိုလ် ရွှေတောင်အာကာကျော်၊ ရွှေတောင်ဥဒိန်၊ ရွှေတောင်ရဲလှကျော်စွာ၊ ရွှေတောင်သီဟကျော်သူ၊ ညောင်ရမ်းဝန် သူရရွှေတောင်ကျော်၊ တိမ်ကြားနတ်၊ စည်သူသီဟနော်ရထာ၊ ရွှေးဗိုလ် မဏိနန္ဒကျော်ထင်၊

လက်ယာမာရဘင်ဗိုလ် ရွှေတောင်ကျော်ခေါင်၊ နရာပျံချီ၊ ဒဝယ်ဗိုလ် ပျံချီသိန်သူ၊ အကောက်ဝန် သီရိရာဇမဏ္ဍရတ်၊ မြင်းတော်ခံ ရွှေတောင်တုရင်၊ သွေးသောက်တပ်မှူး တုရင်ကျော်၊ ဇေယရွှေတောင်၊ ရာဇရွှေတောင်၊ ရဲလှရွှေတောင်ကျော်၊ ကသည်းစော်ဘွားညီ ဇော်တူရှိန်၊သီဟကျော်ထင်၊ စည်သူရဲလှရွှေတောင်၊ ရွှေတောင်ငယ်ထင်၊ ရာဇသူရ၊ ရွှေတောင်ရဲလှကျော်၊ ရွှေတောင်လှထင်၊ ရွှေတောင် နန္ဒကျော်စွာ၊ သီဟရွှေတောင်၊ သီဟပျံချီ၊ သီဟရာဇကျော်၊ မြင်းတပ်ဗိုလ် သီရိစန္ဒသူ၊ ရဲလှရဲခေါင်ကျော်၊ ရွှေတောင်သိန်၊ ကျော်ထင်သီဟသူ၊ နန္ဒကျော်စွာ၊ ရဲကျော်နော်ရထာ၊ ဇေယရွှေတောင်၊ ရွှေတောင် လှကျော်၊ ငပိုက်ထွေး၊ ငရွှေရင်း၊ ရွှေတောင်သီဟ၊ ငမိုင်းကြီးတို့ကို ငွေသပြာ ငါးရာစီ ပေးတော်မူသည်။

လင်းဇင်းဗိုလ်စည်သူရွှေတောင်ပေါ်ထင်၊အာကာရွှေတောင်ကျော်၊ ရွှေတောင်သီဟ၊ စည်သူရဲကျော်ဇေယသူ၊ရွှေတောင်ဇေယကျော်ခေါင်၊ တေဇရဲခေါင်၊ ပျံချီရဲကျော်၊ ကျော်သူဇေယ၊ ဗလသိဒ္ဓိကျော်စွာ၊သူရိန်ရဲခေါင်၊ သိဒ္ဓိသူရကျော်၊ ပျံချီရဲလှကျော်၊ ရဲလှဖျားသူရတို့ကို ငွေသပြာ နှစ်ရာ့ငါးဆယ်စီ ဆုပေးတော်မူသည်။

ငစဉ့်ကူးစစ်ကဲ နရာရဲခေါင်ကျော်၊ အာကာကျော်စွာ၊ ရဲထင်ကျော်သူ၊ လက်ဝဲကျော်စွာ၊ လက်ယာကျော်ခေါင်၊ နရာသီရိကျော်၊ နရာဇေယကျော်တို့ကို ငွေသပြာနှစ်ရာစီ ပေးတော်မူသည်။

ဇေယ ရန်အောင်၊ ရွှေတောင်ရဲလှ၊ ရဲလှသိဒ္ဓိသူ၊ ရဲခေါင်ရန်အောင်၊ သီဟနရာကျော်၊ သီဟရာဇကျော်ထင်၊ ငတိုက်ပံ၊ ငဖျော်၊ လက်ရွေးကြီး ထောင်ကဲ ငဘိုးခေါင်၊ ငမိုင်း၊ လက်သစ် ထောင်ကဲ ငပို၊ အစေခံ ထောင်ကဲငဦး၊ ငမူနည်၊ ဦးနှိမ် တံခါးဗိုလ် ဗလဝေရကျော်သူ၊ သိမ်းဆည်းတံခါးဗိုလ် စန္ဒရဲခေါင်၊ ကျွန်းလုံးဝင်တံခါးဗိုလ် သီရိစည်သူ၊ ကုန်းမော်တံခါးဗိုလ် သိဒ္ဓိဗလကျော်စွာ၊ အာဇာဝီ တံခါးဗိုလ် သိဒ္ဓိဝေရကျော်သူ၊ စည်ရှင်တံခါးဗိုလ် လက်ယာရဲလှ၊ ရန်နှင်တံခါးဗိုလ် ရဲခေါင်တေဇ၊ ရန်မျိုးအောင်တံခါးဗိုလ် ဝေရရဲခေါင်၊လေးသန်းတံခါးဗိုလ်ရဲခေါင်ပျံချီ၊ မုတ်ဦးတခါးဗိုလ် ရဲခေါင်နရာ၊ လေးကျွန်း တံခါးဗိုလ် သိဒ္ဓိဇေယကျော်သူ၊ ရွှေတောင်သီရိကျော်ထင်၊ ရဲကျော်ရဲခေါင်၊ နရာရဲကျော်၊ ရဲကျော်ဗန္ဓုကျော်ထင်၊ ရာဇရွှေတောင်၊ လက်ဝဲ ရာဇသူ၊ ရွှေတောင်ကဝိသူ၊ သီဟရဲခေါင်၊ သီရိစန္ဒကျော်၊ နရာဇေယသူ၊ ရွှေ

တောင်စန္ဒကျော်၊ ပျံချီရဲထင်၊ ပျံထင်နရာ၊ ပျံချီရဲလှသူ၊ ဇေယနရာ၊ ရွှေတောင်သီဟကျော်ခေါင်၊ ရဲလှရွှေတောင်၊ ရွှေတောင်နန္ဒသီခံ၊ သူရရဲခေါင်ကျော်၊ ရွှေတောင်ရဲထင်၊ ရွှေတောင်လှကျော်ထင်၊ သီရိသူရကျော်၊ ရွှေတောင်သူ၊ရွှေတောင်နန္ဒသူရ၊နန္ဒသူရရွှေတောင်၊ရွှေတောင်ညွန့်ပျံ၊ ရဲထင်သူရ၊ရဲလှသီရိ၊ ဇော်တရုတ်သူ၊ ဇေယကျော်ခေါင်၊ နန္ဒဝေရ၊ ငညွှင်း၊ ရွှေတောင်သာလှ၊ ရဲခေါင်ရန်နိုင်၊ ကျော်ခေါင်ပျံချီ၊စည်သူရဲလှရွှေတောင်၊ ရွှေတောင်ရဲလှစည်သူတို့ကို ငွေသပြာ တရာ့ငါး ဆယ်စီ ပေးတော်မူသည်။

လက်ဝဲသူရကျော်၊ ငရွှေအို၊ ငရွှေမောင်၊ပျံချီစန္ဒသူ၊ သိခ်ံရန်ကျော်၊ ငပျံ၊ နန္ဒရဲသူ၊ ရန်ခွင်းထင်၊ ရဲသူဇေယ၊ ဝဏ္ဏရဲသူ၊ ရွှေတောင် ရဲခေါင်ကျော်၊ ငနု၊ငဦး၊ငသာ၊ငမြတ်၊ထွန်းရာ၊နရာရန်ကသူ၊ ရွှေတောင်စန္ဒကျော်၊ ငမြတ်အောင်၊ ရွှေတောင်ရဲလှသူ၊ ရွှေတောင်လက်ဝဲ၊ ငမို၊ငမိုင်း၊ရဲကျော်စက္ကာ၊ ရန်အောင်ရဲကျော်၊ငရွှဲ၊နရာသိခ်ံကျော်၊ငရွှေလောက်၊ဗလရဲကျော်၊ သိဒ္ဓိရဲသူ၊ ဗလရဲသူ၊ ရဲကျော်သူရံ၊ရဲကျော်ရန်အောင်၊ ဝဏ်းကြီး၊ ငပေ၊ ငရွှေဝိုက်၊ငရွှေမောင်၊ ငရှမ်း၊ ရဲကျော်နရာ၊ ဝေရရဲကျော်၊ ဥဒိန်ရဲကျော်၊ ရန်ကရဲကျော်၊သီဟရဲကျော်၊မဏိရဲကျော်၊ရဲကျော်သာရ၊ရဲကျော်သိခ်ံ၊သမန်ရဲကျော်၊ရဲလှရဲခေါင်၊တေဇရဲကျော်၊အာကာရွှေတောင်ထင်၊ဒိဗ္ဗရဲကျော်၊ ရဲထင်နရာ၊ သာရရဲကျော်၊ရဲကျော်ဒေဝ၊ ငကျင်ဥ၊ ငရွှေဘူး၊ ငရွှေစကြီး၊ ငရွှေစငယ်၊ငရွှေနု၊ငရွှေမောင်၊ငရွှေသီး၊ငရွှေရစ်၊ငကင်း၊ ရဲကျော်တေဇ၊ရဲခေါင်ရဲထင်၊ ရဲလှရဲထင်ကျော်၊ငလူ၊သီဟကျော်သူ၊ ငရွှေဝ၊ ရဲကျော်ဒိဗ္ဗ၊ အာကာရဲထင်၊ ငသာလွှား၊ ငဇ၊ ငဗြိမ်း၊ ငမြတ်နေ၊ ငရွှေမောင်၊ ငဖြေ၊ငရွှေဗြိမ်း၊ ငရွှေအို၊ ဇေယပျံချီရွှေတောင်၊ရဲလှရွှေတောင်စည်သူ၊ ပျံချီသူရရွှေတောင်၊ ရွှေတောင်ရဲလှသူ၊ သူရနရာကျော်၊ ပျံချီ သီရိရွှေတောင်၊ ပျံထင်ရွှေတောင်ကျော်၊ သူရပျံချီရွှေတောင်၊တုရင်ရွှေတောင်သူ၊ ရွှေတောင် ရဲလှကျော်၊ ရွှေတောင် သူရပျံချီ၊ ပျံချီကျော်ထင်၊ ရွှေတောင်ဗလ၊ ရွှေတောင်ဘယကျော်၊ တုရင်ရွှေတောင်ကျော်၊ စည်သူရွှေတောင်ပေါ်၊ ရဲကျော်ရွှေတောင်၊ငဝန်း၊ငမုံ၊ ငရွဲ၊ငကုလားညို၊ငရွှေမောင်၊ ငရေကြည်၊ ငရွှေရစ်၊ ငရွက်၊ ငရွှေပြည့်၊ ငပါတူ၊ နရာရဲထွတ်၊ ကျော်သူရန္တ၊ ရဲသူဒေဝ၊ သာလှကျော်သူ၊ ရန္တဇေယကျော်၊ ရဲလှသူရ၊ တုရင်လှ၊ ဒိဗ္ဗရန္တ၊သာရကျော်၊ ရဲထွတ်နရာ၊ ဗလပျံထင်၊ သိခ်ံရန္တ၊ ရဲကျော်ဒေဝ၊နရာပေါ်၊ ငလွင်၊ ငရွှေသား၊ ငရွှေထွန်း၊ငပေါက်၊ငမင်း၊

ငစိုးမင်း၊ ငရွှေပု၊ ငမောင်စံ၊ ငထွန်းအေး၊ ငပေ၊ ငလပ်၊ ငစို၊ ငရွှေရ၊ စည်သူရဲလှကျော်၊ ရွှေတောင်ရဲလှကျော်၊ရွှေတောင်ရဲသူ၊ သူရပျံစ၊တောင်ပျံထင်၊ ပျံချီသူရ၊ နရာရဲစက်၊ ဝဏ္ဏသူ၊ တောင်ပျံထင်၊ သီဟစန္ဒကျော်၊ နရာပျံသူ၊ အာကာပျံစ၊ အာကာပျံသူ၊ သိဒ္ဓိစန္ဒ၊ ငပေ၊ငသာရွှေ၊ငရွှေတိုး၊ ငရွှေအိပ်၊ ငကာ၊ ငဦး၊ ငရွှေရစ်၊ ငရွှေဆွဲ၊ ငလာ၊ သူရကျော်၊ ရဲကျော်နန္ဒ၊ ရွှေတောင်အိန္ဒသူ၊ သိခ်ံရဲကျော်၊ ရွှေတောင်ရဲကျော်၊ရဲခေါင်ကျော်စွာ၊ ပျံချီသူရ၊ ရာဇသိခ်ံ၊ ငပန်းမြေ၊ ငကြီး၊ငလန်း၊ ငခွေး၊ ရဲလှကြီး၊ငစွာ၊ ရဲလှရွှေတောင်ကျော်သူ၊ သူရရွှေတောင်သူ၊ သူရရွှေတောင်ကျော်သူ၊ ရွှေတောင်ထင်၊ ငရွှေထင်၊ ငရွှေအတ်၊ ကသည်း၊ ငရွှေမင်းတို့ကို ငွေသပြာ တရာစီ ပေးတော်မူသည်။

လက်ရွေးကြီး လှေတော်စကြီးငပေ၊ ငတော်၊ ငချင်းဖြူ၊ လက်သစ်လှေတော်စကြီး ငစ၊ ငကြာ၊ငမိုး၊ အစေခံလှေတော်စကြီး ငအူ၊ ဖောင်တော်ပဲနင်း ငရွှင်၊ ငအောင်ချင်း၊ ရွှေးကြီးထောင်ကဲ ဇလကျော်ထင်၊ ဇလကျော်သူ၊ ဇလကျော်စွာ၊ ဇလသီရိ၊ ရွှေတောင်စိတ္တကျော်၊ အာကာဇတ်၊ ငမိုးစာ၊ ငကောက်ရ၊ ရွှေးကြီးလှေတော်စကြီး ဂင်္ဂါကျော်ထင်၊ ဂင်္ဂါသီရိ၊ ဂင်္ဂါသူရ၊ ဂင်္ဂါကျော်၊ ငရွှေအေး၊ ငရွှေဘိုး၊ ငပေါ်လော်၊ ငရွှေလှ၊ ဂဇနတ်၊ နန္ဒဗလ၊ ငစိုတို့ကို ငွေသပြာငါးဆယ်စီပေးတော်မူသည်။

နန္ဒဇေယကျော်၊ ဗလဇေယကျော်၊ ရာဇသိခ်ံကျော်၊ သူရရာဇကျော်၊ သီဟနန္ဒကျော်၊ ရာဇသီဟကျော်၊ သိခ်ံရာဇကျော်၊ ရာဇနရသူ၊ ဇေယသိခ်ံကျော်၊ နရာဇေယသူ၊ ရာဇသိခ်ံသူ၊ ငပို၊ ငသာအောင်၊ ကျော်ခေါင်ရဲ၊ စိတ္တကျော်ထင်တို့ကို ငွေသပြာသုံးဆယ်စီ ပေးတော်မူသည်။

ငရွှေဝင်း၊ ငရွှေဇာ၊ ငဝိုင်းဖြူ၊ ငပန်၊ ငရွှေခို၊ ငရွှေမိုင်း၊ ငရွှေလူ၊ ငပေါ်၊ ငတိုလို့၊ ငကြီး၊ ငကုလားအို့၊ ငရွှေတို၊ငရွှေအို၊ ငခွေး၊ ငမြတ်ထွေး၊ ငစာ၊ ရွှေတောင် လှငယ်ကျော်၊ ငမြတ်ဦး၊ ငသည်းအူ၊ ငရွှေတောင်၊ ငကုလား၊ ငလူငယ်၊ ငကလေး၊ ရန်အောင်ကျော်စွာ၊ ငနီစံ၊ ငရွှေပု၊ မေရိသတ်၊ ငမူတည့်၊ ငစံသာ၊ ငမြည့်၊ ငန္ဒ၊ ငဦး၊ ငဝူ၊ ငရွှေစိုတို့ကို ငွေသပြာနှစ်ဆယ်စီပေးတော်မူသည်။

လွမ်းပြေ၊ ငလှေး၊ ငမြတ်ဖြိုး၊ ငစ၊ နန္ဒသိခ်ံ၊ငစံလူ၊ ငစို၊ သိခ်ံကျော်စွာ၊ငစံဘိုး၊ ငရွှေထွေးတို့ကို ငွေတဆဲငါးသပြာစီ ပေးတော်မူသည်။

လယ်တီမဏ္ဍိုင်- ၂၉

ထိုပြင် အဆောင်တော်မြေ၊ သေနတ်စွဲ ဓားစွဲ ကိုယ်ရံတော်တို့ကိုလည်း ရွှေ, ငွေ, ဖလား, သန္ဓေး, ပုဆိုး ဝတ်လုံအထည်အလိပ် အင်္ကျီ အင်္ကျီ အစေ့အန္ဒံအထိုက်အလိုက် ပေးတော်မူသည်။

မင်းညီမင်းသား သေနာပတိ စစ်သူကြီးစသော မှူးတော်မတ်တော် အပေါင်းတို့ကိုလည်း တိုက်တော်က ထုတ်တော်မူ၍ ဗောင်းနားဆောင်း, ဝတ်လုံ, စလွယ်, ကွမ်းခွက်, လက်ဘက်အိုး, တကောင်းပိတ်, ထွေးအင်, ဓား, ကျိုင်း, ထီး, စည်,ယာဉ်, သန်လျင်း, အထိုက်အလိုက် အစေ့အန္ဒံ ဆုပေးတော်မူသည်။ ။ထိုမှပါးလည်း အရှင်မိဖုရားခေါင်ကြီးနှင့် မြေနန်းတော်ဦးသို့ ထွက်တော်မူ၍ ပြည်သူပြည်သား သက်ကြီး ရွယ်ရင့်တို့အား ထည်မျိုး အုပ်မျိုး အင်္ကျီ ဦးရစ်စသော လူတို့ အသုံးအဆောင်နှင့် စပ်သည်ကို အစေ့အန္ဒံ နှစ်ဉရက်ဆက်ပေးလှူတော်မူ၏။

ဘထွေးတော် ပြည်စား တောင်ဂူစား‌တို့ မသင့်သော အကြံကို ကြံစည်သည်ကိုလည်း တောင်ဂူစားမှာ ဘိုးတော်ဘုရား လက်ထက်တော်လည်း မသင့်သော အကြံကို ကြံစည်ဘူးလေသည်၊ ပြည်သူ သတ္တဝါအပေါင်းတို့ကိုလည်း အနိုင်အထက် နှိပ်စက်ညှဉ်းပန်းသော အလေ့ရှိသည်၊အပြစ်ကို ငါလွှတ်တော်မူသော်လည်း လွှတ်နိုင်ရာသောအကြောင်းမရှိ၊ အသက်ရှည်သမျှ ဝန်လေးမည့် အကြောင်းသာဖြစ်သည်ဟု အမိန့်တော်ရှိ၍ ထုံးစံနှင့်အညီ စီရင်တော်မူသည်။ ။ဘထွေးတော် ပြည်စား မှာမူကား ခမည်းတော်ဘုရား ညီတော်ရင်းချာ တကြိမ်တခါ မှားလေသည်ကို ထောက်တော်မူ၍ အထူးအမျက်တော်မရှိ အပြစ် လွှတ်တော်မူသည်၊ ခေါင်းတည်အကြီးပြုသူတို့ကိုမူကား ရွေးချယ်စိစစ်၍ ကွပ်တော်မူ၏။

ရာထူးခန့်ခြင်း စသည်နှင့် ဘွဲ့အမည် အရည် ပေးခြင်း

အိမ်ရှေ့ဝန် နေမျိုးသီဟသူရ, နေမျိုးရာဇသူ, အိမ်ရှေ့ အတွင်းဝန် နေမျိုး သခ်ဿာတို့ကို သေနာပတိတို့နှင့် ဘက်၍ ဝန်ကြီး သေနာပတိ ခန့်တော်မူသည်။

အိမ်ရှေ့အတွင်းဝန် နေမျိုးဇေယသူရ, နေမျိုးဇေယကျော်စွာ, အိမ်ရှေ့ထံတော်ဆင့် စည်သူ ဇေယရွှေတောင်, စည်သူရာဇရွှေတောင်တို့ကို အတွင်းဝန် ခန့်တော်မူသည်။

အိမ်ရှေအတွင်းဝန် စည်သူသိဟကျော်ထင်, အိမ်ရှေ သံတော်ဆင့် ကျော်ထင်သူရ, အိမ်ရှေ စာရေးကြီး ကျော်ထင်ပျံချီတို့ကို ဝန်ထောက် ခန့်တော်မူသည်။

အိမ်ရှေဝန် ကျော်သူနော်ရထာကို လက်ယာဝင်းမှူးခန့်တော်မူသည်၊ အိမ်ရှေအနောက်ဝန် နော်ရထာကျော်သူကို နောက်ဝင်းတော်မှူး ခန့် တော်မူသည်။

အရှေ့ ဝင်းတော်မှူး နေမျိုး မင်းခေါင်နော်ရထာနှင့် လက်ဝဲဝင်း တော်မှူး နေမျိုးကျော်ထင်စည်သူတို့မှာ ရှေ့ဝင်းတော်,လက်ဝဲဝင်းတော် များကို မှူးမြဲမှူးစေသည်။

မြောက်ဘက်တိုက်ဝန် နေမျိုးဇေယသူကို မြို့ဝန်ခန့်တော်မူသည်။

ကျော်ထင်သိခံစည်သူကို တရားသူကြီး ခန့်တော်မူသည်။

အိမ်ရှေအနောက်ဝန် ကျော်ထင်လက်ဝဲစည်သူကို အနောက်ဝန် ခန့် တော်မူသည်။

အိမ်ရှေစာရေးကြီး သီဟစည်သူကျော်ထင်ကို အရှင် မိဖုရားခေါင် ကြီးဝန် ခန့်တော်မူသည်။

သိခံဇေယသူကို ဆဒ္ဒန်ဆင်မင်းဝန် ခန့်တော်မူသည်။

ဥဒိန်သိရိစည်သူကို ဆင်ဝန် ခန့်တော်မူသည်။

နေမျိုးမင်းလှစည်သူကို မြင်းစုကြီးဝန် ခန့်တော်မူသည်။

ရွှေတောင်စည်သူနော်ရထာကို အသည်ဝန် ခန့်တော်မူသည်။

နေမျိုးဇေယနော်ရထာကို ကျိုဝန်ခန့်တော်မူသည်။

ရွှေတောင်နန္ဒမိတ်ကျော်စွာကို ရွှေတိုက်ဝန် ခန့်တော်မူသည်။

ရာဇရွှေတောင်ကို တောင်ဘက်တိုက်ဝန် ခန့်တော်မူသည်။

နေမျိုးသီဟသူကို မြောက်ဘက်တိုက်ဝန် ခန့်တော်မူသည်။

သိခံရာဇသူကို အရှေ့ဘက်ကျော်စည်တိုက်ဝန် ခန့်တော်မူသည်။

ရွှေတောင်သီရိကျော်ထင်ကို အနောက်ဘက်ဗန်ကျိတိုက်ဝန် ခန့်တော် မူသည်။

နေမျိုးကျော်ထင်ကို တွင်းသင်းတိုက်ဝန် ခန့်တော်မူသည်။

နေမျိုးလက်ယာရွှေတောင်ကို မဟာဒါန်တိုက်ဝန် ခန့်တော်မူသည်။

ရွှေတောင်နန္ဒကျော်စွာကို ဆင်ကျေးတိုက်ဝန် ခန့်တော်မူသည်။

ရွှေတောင်အိန္ဒကျော်ကို တောင်ဘက်မြင်းဝန် ခန့်တော်မူသည်။

ရွှေတောင်သိခ်ိသူကို မြောက်ဘက်မြင်းဝန် ခန့်တော်မူသည်။
ရွှေတောင်သီဟကျော်စွာကို ငွေခွန်ဝန် ခန့်တော်မူသည်။
ရွှေတောင် သီဟသူကို စိုလေးဆယ်ဒိုင်းဝန်၊ လက်ဝဲရာဇရွှေတောင်ကို ယွန်းစုဝန်၊ ရွှေတောင်ရာဇသူကို သူရဲဝန်၊ ဗျိုချိရဲခေါင်ကို ဝင်းကောင်ဟန်ဝန်၊ အာကာကျော်သူကို တပ်ကောင်ဟန်ဝန်၊ ရွှေတောင်အာကာကို လမိုင်းဝန်၊ စည်သူနော်ရထာကို မြေစွန်းဝန်၊ နန္ဒမိတ် ရွှေတောင်ကို တရုပ်ဝန်၊ နေမျိုးရွှေတောင်လှသူကို ယိုးဒယားဝန်၊ ရန်ခံရွှေတောင်ကို ကုလားဝန်၊ လက်ဝဲသိခ်ိရွှေတောင်ကို အမွေဝန် ခန့်တော်မူသည်။

မြို့စု, တိုက်စု, ခေးစွဲ,ကိုယ်ရံ,သင်းမှူးဒိုင်းမှူး, စုရေးစုကိုင်, သူကြီးမြေတိုင်, စချီစမာတို့ကိုလည်း အစဉ် ခန့်ထားမြဲအတိုင်း အစေ့အငု ခန့်ထားတော်မူသည်။

ဝေသာလီ၊ မကိုပူရ၊ ရခိုင်၊ ဟံသာဝတီ၊ ပြည်၊ တောင်ငူ၊ ပုသိန်၊ မြောင်းမြ၊ မုတ္တမ၊ ဖြတ်၊ ဒဝယ်စသော မြို့ကြီးပြကြီး တိုင်းကြီး ခရိုင်ကြီး ဆိုသမျှကိုလည်း အချုပ်အအုပ် စစ်ကဲခန့်တော်မူသည်။

သံလွင်မြစ်အရှေ့ဘက်, အနောက်ဘက်၊ ဧရာဝတီမြစ် အရှေ့ဘက်, အနောက်ဘက်၊ သလွှာဝတီမြစ် အရှေ့ဘက်,အနောက်ဘက် ထီးရံနန်းရံ စော်ဘွားမြို့စား ထပ်ပေါင်းစားတို့ မြို့ပြတိုင်းခရိုင်ဆိုသမျှကိုလည်း တမြို့လျှင် စစ်ကဲနှစ်ဦးစီ ခန့်တော်မူ၏။

ခမည်းတော်ဘုရား သားတော် မင်းရဲမင်းငယ်ကို ဒွါရာဝတီမြို့၊မင်းရဲသီရိကျော်ကို ရမ္မာဝတီမြို့၊ မင်းရဲဇေယျကိုကလေးမြို့၊ အရှင်မိဖုရားခေါင်ကြီးမောင်တော်ကို စလင်းမြို့၊ မင်းရဲညွှန့်ကို ဝန်းသိုမြို့ကို ပေးတော်မူ၏။

ဘိုးတော်ဘုရား ကုသိုလ်တော် သီဟဝောကျော်စေတီ-စစ်ကိုင်းမြို့ဘောင် ရာဝတီမြစ်ကမ်းထိပ်တွင်တည်သော ဥမင် မပြီးမပြေသည်မျှားကိုလည်း ထပ်၍လုပ်တော်မူ၏။ ရွှေမြို့တော်တံခါး တဆဲ့နှစ်တောင်ကို ဘုံသုံးဆင့် လုပ်တော်မူ၍ ရွှေထည်သို့တော်မူသည်၊ ပြတန်ဆောင်းသုံးဆဲ့ခြောက်ကိုလည်း အထွတ်ထုပ်ကာနှင့်တကွ ဘုံငါးဆင့် လုပ်တော်မူ၍ ရွှေထည်သို့တော်မူ၏။

ဂရုဓမ္မတရား ငါးပါးကို ပြည်သူပြည်သား အပေါင်းတို့ အမြဲကျင့်ဆောင်ကြရမည် အဓိန္ဌတော်ကို ဆင်ထက် တင်ပြီးလျှင် တဆဲ့နှစ်ရာသီလစဉ် လဆန်းငါးရက်နေ့တိုင်း မြို့ဝန်မြို့ကွပ်တို့ ကျင်းပခြီရံလျက် အဓိန္ဌတော် ဖတ်ပြန်၍ ပြည်တွင်းပြည်ပ စည်လည်ရ၏။

ဝါဆိုလဆန်း တဆဲ့ငါးရက်နေ့ ပဌမပဉ္စင်းလောင်းတဆယ်, သာမဏေလောင်း တဆဲ့နှစ်တို့ကို အတွင်းတော်သို့သွင်းပြီးလျှင် အရှင်မိဖုရားခေါင်ကြီးနှင့် ရေစက်သွန်းတော်မူ၍ ပဉ္စင်းသာမဏေ ပြုတော်မူသည်၊ ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းတို့အသုံးအဆောင်နှင့်စပ်သည်ကိုလည်း အစေ့အစုံ လှူတော်မူသည်၊ထို့ပြင်လည်း သက်တော်စေ့ ပဉ္စင်းသာမဏေသုံးဆဲ့ခုနစ်ပါး ပြုတော်မူသည်။

ဝါခေါင်လပြည့်ကျော် ရှစ်ရက်နေ့ ဂါမဝါသိပုဂ္ဂိုလ်, အရညဝါသိပုဂ္ဂိုလ်, အရိယာသံဃာတော်အပေါင်းတို့အား ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းတို့အသုံးအဆောင်နှင့်စပ်သည်ကို အစေ့အစုံဆွတ်၍ ပဒေသာပင်ရေနှစ်ရာ့ခြောက်ဆယ်ကို အတွင်းတော်သို့သွင်းပြီးလျှင် အရှင်မိဖုရားခေါင်ကြီးနှင့်တကွ ရေစက် သွန်းတော်မူ၍ သလာကဘတ် စာရေးတံဆွမ်းလှူတော်မူသည်။

တော်သလင်းလပြည့်ကျော် ရှစ်ရက်နေ့ အရှင် မိဖုရားခေါင်ကြီးနှင့်တကွ ရေနန်းတော်သို့ ထွက်စံတော်မူ၍ လှေပွဲသဘင် ခံတော်မူသည်။

သီတင်းကျွတ်လဆန်း ရှစ်ရက်နေ့ကစ၍ တဆဲ့လေးရက်နေ့တိုင် ဝင်းတော်လေးမျက်နှာမှာ အလှူတော် ရွှေဆင်ပွဲသဘင်စုံ ခံရသည်။ လဆန်း တဆဲ့ ငါးရက်နေ့ ဆင်ယဉ် မြင်းယဉ် လှေယဉ် စသော အလှူတော်များကို အတွင်းတော်သို့သွင်း၍ အရှင်မိဖုရားခေါင်ကြီးနှင့် ရေစက် သွန်းတော်မူပြီးလျှင် ဘုရား စေတီ ပုထိုးများမှာ လှူတော်မူသည်။

လပြည့်ကျော် တရက်နေ့ကသည် သုံးရက်နေ့တိုင် ဆီမီးမြင်းမိုရ် ညှိထွန်း ပူဇော်တော်မူသည်။ ဇာတ်ကြီးစသော ပွဲသဘင်စုံ ခံတော်မူသည်။

တန်ဆောင်မုန်းလဆန်း တရက်နေ့ကစ၍ လဆန်း တဆဲ့ငါးရက်နေ့တိုင် အရှင်မိဖုရားခေါင်ကြီးနှင့်တကွ မင်း မိဖုရား သားတော် ညီတော် ဆွေတော် မျိုးတော် မှူးတော် မတ်တော် ကတော်မယားအပေါင်း ခြံရံလျက် ရက်စဉ်အတိုင်း နတ်ကြီးတဆဲ့ငါးပါး နိုးသည်ကို ပွဲသဘင်စုံခံ၍ ဗာလိနတ်စာ ပေးတော်မူသည်။ ။တန်ဆောင်မုန်းလဆန်း တဆဲ့လေးရက် တနင်္ဂနွေနေ့ နှစ်ချက်တီးကျော် တနာရီ၊ တပါဒ်၊ နှစ်ဗီဇနာ၊ တပြန်၊ နှစ်ခရာ၊ မကာရလက်၊ မိနစ်၊ သောကြာတြင်း၊ သောကြာနဝင်း၊ လက်စီးနက္ခတ် နှစ်ဆဲ့တလုံး နှစ်ပါဒ် ကောင်းမြတ်သော မင်္ဂလာ အခါတော်တွင် မင်း မိဖုရား သားတော် ညီတော် ဆွေတော် မျိုးတော် မှူးတော် မတ်တော် သူဌေးသူကြွယ် ဗိုလ်မှူး တပ်မှူး စစ်အင်္ဂါလေးပါး ခြံရံလျက်

အရှင် မိဖုရားခေါင်ကြီးနှင့် တကွ ရတနာ ရွှေဝေါ စီးတော်မူ၍ ထွက်တော်မူပြီးလျှင် နံတော်၏ဂဟပတိဖြစ်သော ရွှေမြို့တော် တောင်အရပ်၌ မဟာသင်္ကြန် ခေါ်တော်မူသည်။

တန်ဆောင်မုန်းလဆန်းတဆဲ့ငါးရက်နေ့ အနောက်အတွင်းတော်မှာ ကထိန်သင်္ကန်း ယက်လုပ် စေ၍ ဘုရားစေတီ ပုထိုးများမှာ လှူတော်မူသည်။ အရည့ဝါသီပုဂ္ဂိုလ်, ဂါမဝါသီပုဂ္ဂိုလ်, အရိယာသံဃာတော်မြတ်တို့အား လည်း ကထိန်သင်္ကန်း ခုနစ်ရာ့ ခုနစ်ဆဲ့ ခုနစ်တို့ကို အရှင်မိဖုရားခေါင်ကြီးနှင့် ရေစက်သွန်းတော်မူ၍ ကပ်လှူတော်မူသည်။

တန်ဆောင်မုန်းလ-ရက်သုံးဆယ်လုံးလည်း ရွှေမြို့တော်နှင့်တကွ ပြည်တွင်းပြည်ပ လက်တွင်းလက်ပြင် လမ်းသေး လမ်းမများကို တန်ဆာဆင်စေပြီးလျှင် ရွှေနန်းတော်မှစ၍ ပြည်အလုံး ကြတ္တိကာသဘင် ကောင်းကင်ဆီမီးတို့ဖြင့် ညှိထွန်း ပူဇော်ကြရသည်။

တန်ဆောင်မုန်း လပြည့်ကျော် နှစ်ရက် ဗုဒ္ဓဟူးနေ့ နှစ်ချက်တီးကျော် နာရီပြည့် တဆဲ့လေးဗိဇနာ ပြန်ပြည့်၊ ခရာပြည့်၊ မကာရလက်၊ ပြိဿဲ့စန်း၊ သောကြာတြင်း သောကြာနဝင်း လက်စီးနက္ခတ် နှစ်ဆဲ့တလုံး နှစ်ပါဒ် ကောင်းမြတ်သော မင်္ဂလာအခါတော်တွင် ပြာသာဒ်တော် သီဟာသနရာဇပလ္လင်တော်ထက် အရှင် မိဖုရားခေါင်ကြီးနှင့် တကွ စံပယ်တော်မူလျက် ထီဆောင်း မင်္ဂလာ မဟာဥကာသ် ဖွင့်တော်မူသည်။ "သိရိပဝရသုဓမ္မ မဟာရာဇာမိရာဇာ"ဟူသော တံဆိပ်နာမံတော်ကိုခံတော်မူသည်။ အရှင်မိဖုရားခေါင်ကြီးကို "သိရိပဝရ မဟာရာဇိန္ဒာ ရတနာဒေဝီ" ဟူသော တံဆိပ်နာမံတော်ကို ခံတော်မူစေသည်။

ဘထွေးတော် ပုဂံမင်း သမီးတော်ကို သီရိကလျာစန္ဒာဒေဝီ-ဘွဲ့အမည်ကို ပေးတော်မူ၍ မြောက်နန်းထား တော်မူသည်။ ဘထွေးတော် ပုသိန်မင်း သမီးတော်ကို သီရိပဘာ မလ္လာဒေဝီ-ဘွဲ့အမည်ကို ပေးတော်မူ၍ အလယ်နန်းထား တော်မူသည်။ ခမည်းတော်ဘုရား သမီးတော် ခင်အုန်းသစ်ကို သီရိရတနာမလ္လာဝတီ၊ မင်းမြရိုးကို သီရိကလျာရတနာဝတီ၊ မင်းမြန္တယ်ကို သီရိရတနာမင်္ဂလာဝတီ၊ မင်းမြရိပ်ကို သူဇာဝတီ ဘွဲ့အမည်ကို ပေးတော်မူသည်။

ကျိုက်သမီးကို သီရိ ရတနာမလ္လာမဟေ၊ မိုးကောင်းမြို့စား သမီးကို သီရိမြတ်စွာ ရတနာမဟေ၊ ဝန်ကြီးမင်းလွန်ရထာသမီးကို သီရိရတနာစန္ဒာမဟေ၊ အကောက်ဝန်သမီးကို သီရိမလ္လာရတနာမဟေ၊ ဒလမြို့ဝန်

သမီးကို ရတနာဝတီ၊ ရွှေနန်းရိုး လမိုင်းဝန် သမီးကို မင်္ဂလာဝတီ၊ မြို့ဝန်နေမျိုးဇေယသူ သမီးကို မြတ်စွာဝတီ၊ ပုခန်းမင်းသားသမီးကို သီရိ မြတ်စွာ ရတနာဝတီ၊ မိုးနဲစော်ဘွားသမီးကို သီရိဂန္ဓာဝတီ၊ မြင်းဝန်သမီးကို စန္ဒာဝတီ၊ မန်လည်စားသမီးကို သီရိဝတီ၊ ငွေခွန်ဝန်သမီးကို မြတ်ထားဝတီ၊ ပဉ္စာလမြို့စား နေမျိုးကျော်စွာမြေးကို နန္ဒာဝတီ၊ အတွင်းဝန် စည်သူဇေယ ရွှေတောင်သမီးကို ကေသာဝတီ၊ လက်ယာဝင်းမှူးသမီးကို မလ္လာသီရိ၊ တိုးလျှားစော်ဘွားသမီးကို သီရိမြတ်စွာ၊ မိုင်းမော်စော်ဘွားမြေးကို သီရိသုသာမာ၊ တလုပ်မြို့ဝန်သမီးကို သီရိသာမာ၊ ဝန်ကြီးမင်းလှနော်ရထာသမီးကို သီရိရတနာ၊ အက်မစော်ဘွားသမီးကို သီရိမင်္ဂလာ၊ အချိသမီးကို သီရိကေသာ၊ မောင်ရွှေလေး သမီးကို ရဇာသီရိ၊ နာခံတော်သမီးကို သီရိပဒုမာ၊ အနောက်ဘက်ဝန်သမီးကို သီရိစိတ္တာ၊ ဥပါကောင်းသမီးကို သီရိရဇာ၊ စာရေးကြီး ကျော်ထင်ရာဇာသူသမီးကို သီရိအာသာ၊ တရားသူကြီးမြေးကို သီရိသူဇာ၊ မြောက်ပြင် ထောင်မှူး သမီးကို သီရိစန္ဒာ၊ ကောလင်းမင်းသားသမီးကို သီရိပဘာ၊ ဝန်ကြီး သတိုးသီရိဥဇနာ သမီးကို သီရိသိခ်ာ၊ မူကပေါမြင်းမှူး သမီးကို မလ္လာသီရိ၊ ဇေယဝတီမြို့စားသမီးကို သီရိမလ္လာ၊ ဝန်ထောက် နေမျိုးရွှေတောင်နော်ရထာသမီးကို သီရိနန္ဒာ၊ ကျောက်ဆည်ဝန်သမီးကို သီရိဝဏ္ဏာ၊ စာရေးကြီး စည်သူဇေယနော်ရထာ သမီးကို သီရိဥမ္မာ၊ ဗန်းမော်ဝန် နေမျိုးသေနသခ်ယာသမီးကို ဟေမာသီရိ၊ စာရေးကြီး ရွှေတောင်နော်ရထာသမီးကို သိခ်ာသီရိ၊ ကျော်ထင် သီရိနော်ရထာ သမီးကို သီရိဂန္ဓာ၊ သာယာဝတီဝန် သမီးကို ဝဏ္ဏာသီရိ၊ နှင်ကောစော်ဘွားသမီးကို သီရိဒေဝန္ဆရာ-ဘွဲ့အမည်ကို ပေးတော်မူသည်။

ထိုပြင် မင်းကိုယ်လုပ်တော် မောင်းမမိသံ အပေါင်း တို့ကိုလည်း အထိုက်အလိုက် ဘွဲ့အမည်ကို ပေးတော်မူသည်။

နှမတော် တွင်းကြီးမင်းသမီးကို ရခိုင်မာန်အောင်ကျွန်းကို သင်းဘောဆိပ် အကောက်အခွန်နှင့် တကွ ထပ်၍ ပေးတော်မူသည်၊ တောင်စွန်နန်းကြီး ဆောင်တော်တွင်လည်း စံနေတော် မူစေသည်၊ သားတော် ညောင်ရမ်းမင်းသားကိုလည်း အချိအထိမ်း အခြံအရံနှင့်တကွ နှမတော် တောင်တွင်းကြီး မင်းသမီး အဆောင်တော်တွင် စံနေစေ၏။

ညီတော် သာယာဝတီမင်း သတိုးမင်းလှအနုရဓါကို သီရိမဟာ သုမင်္ဂလာဇာ-ဘွဲ့အမည်ကို ပေးတော်မူသည်၊ ဗောင်းကတ္တီပါနီ နဖူးစည်း

ရွှေသား ဇာဖောက်ရောင်ပြားခံ၊ သစ္စာပန်းခုနစ်ပွင့် နဖူးစည်းအောက် အထက်ပန်းတပ်တကုံးစီ၊ သရက်ကင်းမျဉ်းနားဇာဖောက်ပန်းတပ်ဘော့ ခြယ်၊ တမာရွက်ထောင် ဇာဖောက်ပန်းတပ် ဘော့ခြယ်၊ နဖူးသင်း ကျစ်တပ် ပန်းနားခွောင်း၊ ကတ္တိပါဝတ်လုံ ဘဲရံနှစ်ဆင့်တပ်၊ရွှေစလွယ် တဆဲ့ရှစ်သွယ်၊ ရွှေသားမှောက်တို ရွှေကုံးစိန်ထောင်ကိုး၊ ရွှေထိပ်ရွှေ ထွတ် ကျောက်နှစ်ရစ်စီ၊ ငှက်မြတ်နား စိန်ပွင့်တဆဲ့နှစ်၊ နေရောင်ကာ, ပါးကာ, နားကာ, ရွှေကာနောက်ကာ, မောက်ရှ, ပါဝယ်ကွေး, ရွှေ ဗုဒ္ဓန်ဆီရွှေသားရောင်ပြား အစိမ်း အနီ အတွန့်သတ်၊ မျဉ်းတိုကတ္တိပါနီ ရွှေသား ရောင်ပြား အစိမ်းအနီ အတွန့်သတ်၊ မျဉ်းရှည် ကတ္တိပါစိမ်း ရွှေသားရောင်ပြား အစိမ်းအနီ အတွန့်သတ်၊ကွမ်းခွက်, လက်ဘက်အိုး, တကောင်းပိတ်တဆဲ့နှစ်မြှောင့်မှန်တပ် အနားပတ္တမြား သုံးရစ်စီ၊ ကွမ်း လိပ်သုံးမြွာ တဆဲ့နှစ်မြှောင့် မှန်တပ် အနားပတ္တမြား သုံးရစ်စီ၊ ရွှေထွေး အင်၊ ဝေါပသာရွှေပိန်း၊ အတွင်းအနီသုတ် ကျိုင်းရွှေထွတ်လေး၊ ဓား အဆောက်အအိမ် ရွှေသားပိန်း၊ အဆောက်ရင်းဖျား ခွေးမ ပတ္တမြား ကျောက်တန်း ခြောက်၊ အတွင်းရောင်လင်း သမ္မာခွံထိပ်၊ ပတ္တမြား မျက်ခြယ်၊ လက်ကိုင်ရောင်လင်း ရင်းဖျား ခွေးမ သံပတ်ကိုးတန့်, ပတ္တ မြားသုံးရစ်စီ၊ ဆောင်ဓား မည်းသရဲအိတ်သွတ်၊ မြင်းကကိုင်း ညောင် ရွက်ကိုး ရွှေဗုဒ္ဓန်ခွံမွှမ်း နင်းနှင်းသိပ်၊ အိမ်မြောင် ရင်ပတ်ကွင်း ဆက် ပါးကာ ရွှေဇဝါပိန်း၊ကတောင်ရွှေပိန်း၊မြင်းကြိုးကတ္တိပါ၊စီးနှိုးကတ္တိပါ၊ ကတ္တိပါတင်ရမ်း၊ ဆက်ရွှန်းသုံးဆင့်ရွှေယက်ပြားကွပ်၊ ဆင်ပေါင်းဝန်း အအုံရွှေရေး၊ မြင်ပိတ်ပန်းဆွဲ ရွှေနှစ်စု အနီတစု ရဲကရွှေတစု အနီတစု၊ ဆင် သက္ကလတ်ကြိုး ရွှေကြယ်တပ်၊ အဆောင်နီ ခမောက် နေရောင်အုပ်၊ မှောက်တိုအဲမောင်းလှံမသေနတ် အိတ်နီသွတ်၊ လင်းယေး အိတ်နီ သွတ်၊ မီးပေါင်း၊ ဆင်ခြေဖုံးမိုးနဲ့ ရွှေလှံငါးဆယ်၊ စည်နီခုနစ်၊ စည်ပုတ် တစ်၊ ပုံဆာတစ်၊ လင်းခွင်း တစ်၊ ငွေခရာတစ်၊ ငွေနဲကြိုး တစ်၊ ငွေနဲ ငယ် သုံး ပေးတော်မူသည်။

ညီတော်မြင့်စိုင်းမင်း သတိုးမင်းလှရာဇာကို ထမ်းစင်ခွက် ရွှေနှစ်စု အနီတစု၊ ကျိုင်းရွှေထွတ်နှစ်၊ ဗောင်းကတ္တိပါနီ နဖူးစည်း သင်းကျစ် ကျောက်တပ် စိန်ထောင်ရွှေသားဇာဖောက် ရောင်ပြားခံ, အထက်နား အောက်နား ဇာဖောက်ပန်းတပ်, အလယ်သစ္စာပန်းခုနစ်ပွင့်၊သရက်ကင်း မျဉ်းနား ဇာဖောက်ပန်းတပ်၊ တမာရွက်ထောင်ရောင်ပြားခံ ဇာဖောက်

ပန်းတပ်၊ နားခေါင်း မိုးထွင်းနန်းဆွဲ ဝိုးရည်တောင်ဇာခြေယ်၊ ကတ္တီပါ ဝတ်လုံဘဲရံ နှစ်ဆင့်တပ်၊ ရွှေစလွယ် တဆွဲရှစ်သွယ်၊ ဒက်ဘယက်မှော် အလယ်ကျောက်ပွင့်ကိုးလုံးတင် ကျောက်တပ် ပန်းတမြို့ဖောက်,ဂုံနွာန် ထိုး၊ ကွမ်းခွက်ရှစ်ထောင့်မှန်တပ် ပတ္တမြား နှစ်ရစ်စီ၊ ကွမ်းလိပ်သုံးမြွာ မှန်တပ် ပတ္တမြားနှစ်ရစ်စီ၊ လက်ဆက်အိုးရှစ်ထောင့်မှန်တပ် ပတ္တမြားနှစ် ရစ်စီ၊ တကောင်းပိတ် ရှစ်ထောင့်မှန်တင် အထွတ် ပတ္တမြားနှစ်ရစ်စီ၊ ရွှေထွေးအင်၊ ဓားအဆောက်အအိမ် ရွှေသားဝိန်း,အဆောက် ရင်းဖျား ခွေးမ,ခွေးငယ် ပတ္တမြားကျောက်တန်း ခြောက်ဆယ်,အတွင်းရောင်လင်း သမ္မာခွံထိပ်, ပတ္တမြားမျက်ခြယ်၊ လက်ကိုင်ရောင်လင်း ရင်းဖျား ခွေးမ သံပင်ခုနစ်တန့် ပတ္တမြားသုံးရစ်စီ၊ ဆောင်ဓား မည်းသရီ အိတ်သွတ်၊ မြင်းကကိုင်း ညောင်ရွက်ကိုး ရွှေဗုဒ္ဓန်ခွံမွှမ်း နင်းနှင်းသိပ်၊ အိမ်မြောင် ရင်ပတ်ကွင်း ဆက်ပါးကာရွှေဝါဝိန်း၊ ကတောင်ရွှေဝိန်း၊ မြင်းကြိုး ကတ္တီပါ ရွှေကြယ်တပ်၊ စီးနှီးကတ္တီပါ၊ ကတ္တီပါတင်ရမ်း၊ ဆက်ရွှန်းသုံး ဆင့် ရွှေယက်ပြားကွပ်၊ ဆင်ပေါင်းဝန်းနက် အချက်ရွှေ၊ ကတောင် ရွှေပြည့်ရေး၊ ကခွက်ရွှေတစု အနီနှစ်စု၊ ဆင်ခြေဖုံးမိုးနဲရွှေလှံ သုံးဆယ်၊ စည်နီခုနစ်၊ စည်ပုတ်တစ်၊ ပုံသာတစ်၊ လင်းခွင်းတစ်၊ ငွေခရာတစ်၊ ငွေ နဲကြိုးတစ်၊ ငွေနဲငယ်နှစ် ပေးတော်မူသည်။

ညီတော် သတိုးမင်းကျော်ကို သတိုးသုဓမ္မရာဇာဘွဲ့၊ ညီတော် သတိုး မင်းထင်ကို သတိုးမင်းဖျားဘွဲ့ အမည်ကို ပေးတော်မူသည်၊ အဝတ် အဆင် အစီးအနင်း အဆောင်အရွက်များမှာလည်း ညီတော် မြင်စိုင်း မင်း သတိုးမင်းလှရာဇာနှင့် နည်းတူ ပေးတော်မူသည်။

ဘထွေးတော် မဟာသီရိဓမ္မရာဇာ, ညီတော်သတိုးမင်းငယ်,ဘထွေး တော်သား သတိုးမင်းရဲ ကျော်ခေါင်တို့ကို ညီတော်မြင်စိုင်းမင်း သတိုး မင်းလှရာဇာနှင့်နည်းတူ အဝတ်အဆင် အစီးအနင်း အဆောင်အရွက် များကို ပေးတော်မူသည်။

ခမည်းတော်ဘုရား သားတော် ဒွါရာဝတီမင်းသား မင်းရဲမင်းငယ်ကို သတိုး မင်းရဲကျော်ထင်ဘွဲ့အမည်ကို ပေးတော်မူသည်၊ ထမံးစင်ခွက် ဦး တဘက်ပါ ရွှေတစု အနီနှစ်စု ခါးအနီ၊ ကျိုင်းရွှေချက်နှစ်၊ ဗောင်း ကတ္တီပါအနီ၊ နဖူးစည်းသင်းကျစ် ကျောက်တပ် စိန်ထောင် ရွှေသား ရောင်ပြားခံ အထက်နား အောက်နား ဇာဖောက်ပန်းတပ် အလယ် သစ္စာပန်းခုနစ်ပွင့်၊ သရက်ကင်း မျဉ်းနား ဇာဖောက်ပန်းတပ်၊ တမာ

ရွက်ထောင် ရောင်ပြားခံဇာဖောက်ပန်းတပ်၊ ပန်းနားခွောင်း၊ ကတ္တီပါဝတ်လုံဘဲရံတဆင့်တပ်၊ ရွှေစလွယ်တဆွဲငါးသွယ်၊ ရွှေသား မှောက်တိုရွှေကုံးစိန်ထောင်ကိုး၊ ရွှေထိပ်ရွှေထွတ် ကျောက်နှစ်ရစ်စီး၊ ဌက်မြတ်နားစိန်ပွင့်တဆွဲနှစ်၊ နေရောင်ကာ, ပါးကာ, မောက်ရှ, ပါလည်ကွေး, ရွှေကာ, နောက်ကာ, ရွှေဗုဇ္ဈန်ဆီ ရွှေသားရောင်ပြား အစိမ်းအနီ အတွန့်သတ်၊ မျဉ်းတိုကတ္တီပါနီ ရွှေသားရောင်ပြား အစိမ်းအနီ အတွန့်သတ်၊ မျဉ်းရှည် ကတ္တီပါစိမ်း ရွှေသားရောင်ပြား အစိမ်း အနီ အတွန့်သတ်၊ ကွမ်းခွက်ရှစ်ထောင့် မှန်တပ် ပတ္တမြား တရစ်စီ၊ ကွမ်းလိပ်သုံးမြွာ မှန်တပ် ပတ္တမြားတရစ်စီ၊ လက်ဘက်အိုး, တကောင်းပိတ်ရှစ်ထောင့် မှန်တပ် အထွတ် ပတ္ထမြားတရစ်စီ၊ ရွှေထွေးအင်၊ ဓားအဓိမ်အဆောက်ရင်းဖျား ပတ္တမြားကျောက်တန်းခြောက်, အတွင်းရောင်လင်း သမ္မာခဲ့ထိပ် ပတ္တမြားမျက်ခြယ်, လက်ကိုင်ရောင်လင်း အိမ်ရင်းဖျားခွေးမသံပတ်ခုနစ်တန် ပတ္တမြားသုံးရစ်စီ၊ ဆောင်ဓားကတ္တီပါ အိတ်နီသွတ်၊ မြင်းကကိုင်းညောင်ရွက်ခုနစ်၊ ရွှေဗုဇ္ဈန်ခွံမွှမ်း နှင်းနှင်းသိပ်၊ ဆက်ပါးကာရွှေဇဝါဝိန်း၊ ကတောင်ရွှေပိန်း၊ မြင်းကြိုး ဦးခက် ထိပ်ဆောင်း မြီးပျမ်းရင်ပတ်ကြိုး ကတ္တီပါရွှေကြယ်တပ်၊ စီးနှီးကတ္တီပါ၊ ကတ္တီပါတင်ရမ်း၊ ဆက်ရွှန်းသုံးဆင့် ရွှေယက်ပြားကွပ်၊ ဆင်ပေါ်ငင်းဝန်းနက် အချက်ရွှေ၊ ကတောင် ရွှေပြည့်ရေး၊ ကခွက်ရွှေတစု အနီနှစ်စု၊ ဆင်ခြေဖုံးမိုးနဲရွှေလှံသုံးဆယ်၊ စည်နီခုနစ်၊ စည်ပုတ်တစ်၊ ပုံသာတစ်၊ လင်းခွင်းတစ်၊ ငွေခရာတစ်၊ ငွေနဲကြိုးတစ်၊ ငွေနဲငယ်နှစ် ပေးတော်မူသည်။

ခမည်းတော်ဘုရားသားတော် ရမ္မာဝတီမင်းသား မင်းရဲသိရိကျော်ကို သတိုးမင်းရဲကျော်စွာဘွဲ့၊ ကလေးမင်းသား မင်းရဲဇေယကို သတိုးမင်းရဲသိန်ဘွဲ့၊ အရှင်မိဖုရားကြီး မောင်တော် စလင်းမင်းသားကို သတိုးမင်းလှကျော်ထင်ဘွဲ့၊ မလွန်မြို့စားသားမင်းရဲညွှန့်ကို သတိုးမင်းရဲ သီဟသူဘွဲ့အမည်ကို ပေးတော်မူသည်၊ အဝတ်အဆင် အစီးအနင်း အဆောင်အရွက် များများလည်း ဒွါရာဝတီမင်းသား သတိုး မင်းရဲကျော်ထင်နှင့် နည်းတူပေးတော်မူသည်။

ဘိုးတော်ဘုရား သားတော် သတိုးမင်းလှစည်သူ, သတိုးမင်းလှငယ်တို့ကိုလည်း ဒွါရာဝတီမင်းသား သတိုး မင်းရဲကျော်ထင် နှင့် နည်းတူ အဝတ်အဆင် အစီးအနင်း အဆောင်အရွက် ပေးတော်မူသည်။

ဘတွေးတော်မြင်းမှူးမင်းသား သတိုးမင်းရဲရာဇာ၊ သတိုး မင်းရဲမင်းခေါင်၊ မင်းရဲဇေယျကျော်၊ မင်းရဲမင်းလှကျော်ထင်၊မင်းရဲမင်းလှ၊ မင်းရဲသီဟကျော်၊မင်းရဲကျော်ထင်၊ မင်းလှရာဇကျော်၊ မင်းရဲသိခ်ံသူ၊ မင်းလှရာဇာ၊မင်းလှကျော်ခေါင်တို့ကိုလည်း မြင်းမှူးမင်းသားတို့နေရာမှာ ချတော်မူ၍ မြင်းမှူးမင်းသားတို့ အဆောင်အရွက်, ဘွဲ့အမည်,ဗောင်းနားခေါင်း, ဝတ်လုံစလွယ်, ချဝ်, မျဉ်းမှောက်တို့, ထီး, စည်, ယာဉ်, သန်လျင်း, ဓား, ကျိုင်း, ကွမ်းလောင်း, ကွမ်းခွက်, ကျဝ်, လက်ဘက်အိုး တကောင်းဖုံးထွေးအင်, လှေကားလှမှတ်, နေအိမ်ယုတ်ထက်အထိုက်အလိုက် ပေးတော်မူသည်။

ကျိုင်းရုံးစော်ဘွားကို ဇောတိနဂရ မဟာဝံသပဝရရာဇာ၊ ကျိုင်းတုံစော်ဘွားကို ခေမာရဋ္ဌမဟာသီဟပဝရရာဇာ၊ မိုးနဲစော်ဘွားကို ကမ္မောဇမဟာသီဟရာဇာ၊ မိုးမြတ်စော်ဘွားကို ဂန္ဓာရမဟာဇေယျရာဇာ၊ လဲချားစော်ဘွားကို ကမ္မောဇသီရိရာဇာ၊ မိုးညှင်းစော်ဘွားကို အာဠဝိပူရသီဟရာဇာ၊ ညောင်ရွှေစော်ဘွားကို ကမ္မောဇ ဒေဝရာဇာ၊ ကလေးစော်ဘွားကို မောရိယ သီဟရာဇာ၊ သီပေါစော်ဘွားကို ကမ္မောဇသီဟရာဇာ၊ သောင်သွပ်စော်ဘွားကို မောရိယရာဇာ၊ မိုးဖြစော်ဘွားကို ကမ္မောဇ ဟာသေညဘဝရာဇာ၊ မောက်မယ်စော်ဘွားကို ကမ္မောဇသူရရာဇာ၊ ကျိုင်းချိုင်စော်ဘွားကို ပဉ္စာလရာဇာ၊ နန်းခုတ် စော်ဘွားကို ကမ္မောဇနန္ဒရာဇာ၊ သိန္နီစော်ဘွားကို သိဝိရဋ္ဌမဟာသီဟရာဇာ၊ စကားမြွှေစား ကို သီရိသိုဟံဘွား၊ မိုင်းစိတ်မြွှေစားကို သီရိသိုခင်ဘွား၊ မိုင်းကိုင်မြွှေစားကို သီရိသိုကြောင်ဘွား၊သုံးဆယ်မြွှေစားကို သီရိသိုကာဘွား၊မိုင်းလုံမြွှေစားကို သီရိသိုငံဘွား၊ တီကျစ်မြွှေစားကို သီရိသိုကျည်ဘွား၊ မိုင်းပွန်မြွှေစားကို သီရိသိုဟံဘွား၊ ရပ်စောက်မြွှေစားကို သီရိသိုဟုံဘွား၊ တဘက်မြွှေစားကို သီရိသိုလုံဘွား၊ ကျိုင်းခန်းမြွှေစားကို သီရိသိုခံဘွား၊ မိုင်းပျဉ်းမြွှေစားကို သီရိသိုစံဘွား၊ နောင်မွန်မြွှေစားကို သီရိသိုကော်ဘွား ဘွဲ့အမည်ကို ပေးတော်မူသည်။

လက်ဝဲတော်စစ်သူကြီး နေရာနေ ဝန်ကြီးမင်းလှနော်ရထာကို သတိုးမင်းလှနော်ရထာဘွဲ့အမည်ကို ပေးတော်မူသည်။ ဗောင်းကတ္တီပါနီ ရွှေသားပန်း တဆဲ့နှစ်၊ တမာရွက်ထောင် တဆဲ့နှစ် ဘွဲ့သင်းကျစ်တပ် နားခေါင်းမိုးထွင်း ဝတ်လုံကတ္တီပါ ရွှေဖျင်ဘဲရုံတမိုက်တဆင့်တပ်၊ရွှေစလွယ် တဆဲ့နှစ်သွယ်၊ ဘွဲ့ဖြူရွှေမြိတ်ရှစ်သစ်၊မောက်တိုရွှေထိပ်ရွှေကုံးစိန်ထောင်

ကိုး၊ ငှက်မြတ်နားစိန်ပွင့်တဆွဲနှစ်၊ ပါးကာ နားကာ ရှေကာ နောက်ကာ မောက်ရှပါလည်ကွေး ကတ္တီပါနီယက်ပြားသတ်၊ မျဉ်းတိုကတ္တီပါစိမ်းယက်ပြားသတ်၊ မျဉ်းရှည်ကတ္တီပါနက် ယက်ပြားသတ်၊ ကွမ်းခွက်, လက်ဘက်အိုး, တကောင်းဝိတ်ရှစ်တောင့်ပယင်းတဝ်၊ ကွမ်းလိပ်သုံးမြှောပယင်းတဝ်၊ငွေထွေးအင်၊ အုံးဝန်း၊ ရွှေပေခမောက်၊ ဓားခွေးမခွေးငယ်နောက်ဝိတ်ပတ္တမြားစီ၊အိမ်မည်းသရိုမွှမ်း သံပတ်ခုနစ်တန့်ပတ္တမြားစီ၊ရင်းဖျားသတ္တဒါန်လေးသစ်ခန့် ပတ္တမြားစီ၊ ဆွဲကြိုး၊ ပုဒရက်၊ ကန်တော့လက်ပန်းကွင်း အနားပတ္တမြားတရစ်စီ၊ ဆောင်ဓား သတ္တလတ် အိတ်သွတ်၊ ထီးနီရွှေသားညောင်ရွက်သုံးဆင့် ညောင်ရွက်ရေသုံးဆဲ့ခြောက် အချက်ရွှေ၊ အရိုးရွှေကြိုဆစ်၊ ကျိုင်းဆင်စွယ်ချက်ပြည့် နှစ်၊ ထမ်းစင်ဦးတဘက်ပါ၊ သံလျင်းတလဲ တဆဲ့ငါးဝန်း၊ မြင်းကကိုင်း ညောင်ရွက်ခုနစ်၊သမ္မာခွံရက်ဘောက်ကတောင်ဆွဲ၊ ဆက်ပါးကာ ရွှေဇဝါဝိန်း နင်းနှင်းသိပ်၊ အိမ်မြောင်ရင်ပတ်ကွင်း ငွေဇဝါ၊ ကတောင်ရွှေရေး စာမရိရုပ်ပန်းခက်ကိုက်၊ အနားသံလေးဆစ် ရွှေပိန်း၊ ဦးခက်ထိပ်ဆောင်း မြီးပျမ်းရင်ပတ်သတ္တလတ်ကြိုး ရွှေကြယ်တပ်၊ စီးနှီးသတ္တဒါန်၊ သတ္တလတ်တင်ရမ်း၊ဆက်ရွန်းသုံးဆင့်၊ ဆင်ပေါင်းဝန်းနက် အချက်ရွှေ၊ ကတောင် ရွှေပြည့်ရေး၊ ကခွက်ရွှေတစုအနီနှစ်စု၊ စည်နီခုနစ်၊ ပုံသာတစ်၊ စည်ပုတ်တစ်၊ငွေနှဲကြိုးတစ်၊ငွေနှဲငယ်နှစ်၊ ငွေခရာတစ်၊ လင်းခွင်းတစ်၊လျော်ကားလွှမ်တ်၊ခိုနန်းငှက်ပျံရုပ်၊ အလယ်နှစ်မိုက်လှပ်၊ ခင်တုရင်အမိုးအုံနီ ကြေးကြိုးငွေကန်တော့၊ အောင်းနီဦးတပွင့်၊ လျော်တက်အနီသုတ်၊ သုံးဆက်အိမ်ပေးတော်မူသည်။

လက်ယာတော်စစ်သူကြီး နေရာနေ ပမ္ဘာလမြို့စား နေမျိုးကျော်စွာကို သတိုးမင်းကြီး မဟာဥဇနာဇွဲ ပေးတော်မူသည်။ ဧဝင်းကတ္တီပါနီရွှေသားပန်းကိုး၊ တမာရွက်ထောင်ကိုး၊ နားခေါင်းကြက်ရင်ဆူးနှစ်ထပ်၊ ကတ္တီပါနီဝတ်လုံရွှေဖျင်ဘဲရံတမိုက်တဆင့်တပ် ဘွဲ့ဖြူရွှေမြတ်ရှစ်သစ်၊ရွှေစလွယ် တဆဲ့နှစ်သွယ်၊ မှောက်တိုရွှေထိပ်ရွှေကုံး စိန်ထောင်ကိုး၊ ရွှေထိပ်ရွှေထွတ်ငှက်မြတ်နားစိန်ပွင့်တဆွဲနှစ်၊ ပါးကာ နားကာ မောင်ရှ ပါလည်ကွေး ရှေကာနောက်ကာ ကတ္တီပါနီယက်ပြားသတ်၊ မျဉ်းတိုကတ္တီပါစိမ်းယက်ပြားသတ်၊ မျဉ်းရှည်ကတ္တီပါနင်းယက်ပြားသတ်၊ တောင်ငွေးပတ္တမြားတရစ်စီ၊ ကွမ်းခွက်, လက်ဘက်အိုး, တကောင်းဝိတ် ရှစ်ထောင့်ပယင်းတဝ်၊ကွမ်းလိပ်သုံးမြှော ရှစ်ထောင့်ပယင်းတဝ်၊ ထီးနီ ရွှေညောင်

ရွက်သုံးဆင့်, ညောင်ရွက်ရေသုံးဆဲ့ခြောက် အချက်ရှေ, အရိုးရှေကြီဆစ် ကျိုင်းဆင်စွယ်ထွတ် နှစ်၊ ဓားကန်တော့ ခွေးမခွေးငယ် ဧနာက်ပိတ် ပတ္တမြားစိ, အိမ်မည်းရိမွမ်း, သံပတ်ခုနစ်တန့် ပတ္တမြဲားစီ၊ ရင်းဖျားသတ္တ ဒါန်လေးသစ်ခံ ပတ္တမြားစီ၊ ဆွဲကြိုး၊ ပုဒရက်၊ ကန်တော့ လက်ပန်းကွင်း အနားပတ္တမြား တရစ်စီ၊ အုံးဝန်း၊ ငွေထွေးအင်၊ ရွှေပေခမောက်၊ မြင်းက ကိုင်းညောင်ရွက်ခုနစ်၊ သမ္မာခွံရက်ဘောက် ကတောင်ဆွဲ၊ ခာက်ပါး ကာရွှေဇဝါပိန်းနင်းနှင်းသိပ်၊ အိမ်မြောင်ရင်ပတ်ကွင်းငွေဇဝါ၊ကတောင် ရွှေရေးစာမရိရုပ်ပန်းခက်ကိုက်၊ အနားသံလေးသစ် ရွှေပိန်း၊ ဦခက်ထိပ် ဆောင်းမြီးပျမ်း ရင်ပတ်သတ္တလတ်ကြိုး ရွှေကြယ်တပ်၊ စိန်းသတ္တဒါန်၊ သတ္တလတ်တင်ရမ်း၊ ဆက်ရွှန်း သုံးဆင့်၊ ဆင်ပေါင်း ဝန်းနက် အချက် ရွှေ ကတောင်ရွှေပြည့်ရေး ကခွက်ရွှေတစု အနီနှစ်စု၊ ထမ်းစင်သံလျင်း တလဲ တဆဲ့ငါးဝန်း၊ စည်နီခုနစ်၊ ပုံသာတစ်၊ စည်ပုတ်တစ်၊ ငွေနဲကြိုး တစ်၊ ငွေနဲငယ်နှစ်၊ ငွေခရာတစ်၊ လင်းခွင်းတစ်၊ လွှာကား လွှမှတ် ပရိတ်ချည်သုံးဆင့် ဦးပဲ့ငှက်ပျံရုပ်နှစ်ဆယ်၊ ခင်တုရင် အမိုး အုံနီ ကြေး ကြိုးငွေကန်တော့၊ အောင်းနီ ဦးတပ္ပင့် ပဲ့နှစ်ပွင့် ပေးတော်မူသည်။

လက်ဝဲတော် နေရာလွတ်နေရာနေ ကျိုဝန် နေမျိုးဇေယျနော်ရထာ ကို မဟာမင်းကြီးမင်းခေါင် ဘွဲ့အမည်ကို ပေးတော်မူသည်၊ အဝတ် အဆင် အစီး အနင်းအဆောင်အရွက်များကိုလည်း ပဉ္စာလမြို့စား သတိုး မင်းကြီး မဟာဥဇနာနှင့် နည်းတူတွင် ကျောက်စီ တောင်ငွေးကိုလျှော်၍ ပေးတော်မူသည်။

လက်ဝဲတော်နေရာလွတ် နေရာနေ ဝန်ကြီး နေမျိုးသီဟသူရကို သက် ဘော်ရှည် ဘွဲ့အမည်ကို ပေးတော်မူသည်၊ အဝတ်အဆင် အစီးအနင်း အဆောင်အရွက်များကိုလည်း ဝန်ကြီး သတိုးမင်းလှနော်ရထာနှင့် နည်း တူပေးတော်မူသည်။

လက်ယာတော်နေရာလွတ်နေရာနေ ဝန်ကြီးမဟာမင်းလှမင်းခေါင်ကို မင်းကြီးမဟာမင်းလှမင်းခေါင် ဘွဲ့အမည်ကို ပေးတော်မူသည်၊ အဝတ် အဆင်အစီးအနင်း အဆောင်အရွက် များကိုလည်း ဝန်ကြီး သက်တော် ရှည်နှင့်နည်းတူပေးတော်မူသည်။

လက်ယာတော်နေရာလွတ်နေရာနေ အတွင်းဝန် နေမျိုးမင်းလှရာဇာ ကို မင်းကြီးမဟာမင်းလှရာဇာ ဘွဲ့အမည်ကို ပေးတော်မူသည်၊ အဝတ်

အဆင် အစီးအနင်း အဆောင်အရွက်များကိုလည်း ကျိုင်မဟာမင်းကြီး မင်းခေါင်နှင့် နည်းတူပေးတော်မူသည်။

လက်ဝဲတော်-တော်ချွန်နေရာနေ အတွင်းဝန် နေမျိုး မင်းလှနော်ရထာကို မင်းကြီး မင်းလှမဟာနော်ရထာ ဘွဲ့အမည်ကို ပေးတော်မူသည်၊ အဝတ်အဆင် အစီးအနင်း အဆောင် အရွက်များကိုလည်း အတွင်းဝန် မင်းကြီး မဟာမင်းလှရာဇာနှင့် နည်းတူ ပေးတော်မူသည်။

လက်ယာတော်-တော်ချွန်နေရာနေ သီရိ မဟာ သီဟသူကို မင်းကြီး မဟာ သီရိသီဟသူ ဘွဲ့အမည်ကို ပေးတော်မူသည်၊ အဝတ်အဆင် အစီးအနင်း အဆောင်အရွက်များကိုလည်း ကျိုင်မဟာမင်းကြီးမင်းခေါင်နှင့် နည်းတူ ပေးတော်မူသည်။

လက်ဝဲတော်-တော်ဦးနေရာနေ ဝန်ကြီး နေမျိုးရာဇသူကို မင်းကြီး မင်းမဟာဘွဲ့အမည်ကို ပေးတော်မူသည်၊ အဝတ်အဆင် အစီးအနင်း အဆောင်အရွက်များကိုလည်း ဝန်ကြီး မင်းမဟာ မင်းခေါင်နှင့် နည်းတူ ပေးတော်မူသည်။

လက်ဝဲတော်-တော်နေရာနေ အတွင်းဝန် နေမျိုးဇေယသူရကို သီရိမဟာဇေယသူရ၊ ရွှေဝင်းတော်မှူး နေမျိုး မင်းခေါင်နော်ရထာကို မင်းကြီး မင်းလှမင်းခေါင်၊ လက်ဝဲဝင်းတော်မှူး နေမျိုး ကျော်ထင်စည်သူကို မင်းလှကျော်ထင်၊ မြင်းစုကြီးဝန် နေမျိုးမင်းလှစည်သူကို မဟာမင်းလှစည်သူ၊ ဆင်ဝန် ဥဒိန်သီရိစည်သူကို မင်းလှမင်းကျော်၊ အလုံမြို့ဝန် နေမျိုးသူရရဲခေါင်ကို မင်းကြီး မဟာဗန္ဓုလ၊ အတွင်းဝန် စည်သူဇေယရွှေတောင်ကို မဟာမင်းလှရာဇာ၊ ဝန်ထောက် နေမျိုး စည်သူနော်ရထာကို မဟာစည်သူ၊ ကင်းဝန်ရွှေတောင်သီဟကျော်စွာကို မဟာ မင်းလှကျော်စွာ၊ မြို့ဝန်နေမျိုးဇေယသူကို မဟာသီဟသူရ၊ နောက်ဝင်းတော်မှူး နော်ရထာ ကျော်သူကို မင်းကျော်ရာဇာ၊ ရွှေတောင်ဇေယသူကို မဟာသီဟသူ၊ ဝန်ထောက် နေမျိုးရွှေတောင်နော်ရထာကို မင်းကျော်ရွှေတောင်၊ မြို့သတ်ဝန် ရွှေတောင်အာကာကျော်ကို မင်းလှမင်းခေါင်ကျော်၊ ကောင်းတုံမြို့စား ရွှေတောင် သီဟကျော်သူကို နေမျိုးမဟာစည်သူ၊ တွင်းသင်းတိုက်ဝန် နေမျိုးကျော်ထင်ကိုနေမျိုးသခံယာ၊ ရွှေတိုတ်ဝန်ရန်မိတ်ကျော်စွာကို နေမျိုးမင်းလှစည်သူ၊ မြောက်ဘက်မြင်းဝန် ရွှေတောင်သိခံသူကို မင်းလှမင်းထင်၊ ဆင်မင်းဝန် သိခံဇေယသူကို နေမျိုးမင်းကျော်၊ နန္ဒ

ကျော်စွာကို နေမျိုးကျော်စွာ၊ မြေစွန်းဝန်စည်သူနော်ရထာကို နေမျိုး မင်းထင်နော်ရထာ ဘွဲ့အမည်ကိုပေးတော်မူသည်။

တော်နေရာနေ ထိုသူနှစ်ဆွဲတဦးတို့ကို ဗောင်း, စလွယ်, ဝတ်လုံ,ချဝ်, မျဉ်း,မှောက်တို့, ကွမ်းခွက်, လက်ဘက်အိုး, တကောင်းပိတ်, ထွေးအင်, ခား, ကျိုင်း, ထီး,စည်,ယာဉ်,ဆံလျင်း,လှော်ကားလှေမှတ် နေအိမ်များကို ယုတ်တက်အထိုက်အလိုက် ပေးတော်မူ၏။

လက်ယာတော်-တော်ဦးနေရာနေ ဝန်ကြီး နေမျိုးသိရိ သခ်ံယာကို မဟာသေနာပတိ ဘွဲ့အမည်ကို ပေးတော်မူသည်။ အဝတ်အဆင် အစိး အနင် းအဆောင်အရှက်များကိုလည်း လက်ဝဲတော်-တော်ဦးနေရာနေ မင်းကြီးမဟာနှင့် နည်းတူ ပေးတော်မူသည်။

လက်ယာတော်-တော်နေရာနေ ရွှေနန်းရိုးလမိုင်းဝန် နေမျိုးသိရိ ရွှေတောင်ကို မဟာသိရိဉဇနှာ၊ အတွင်းဝန် နေမျိုး ဇေယျကျော်စွာကို မင်းရာဇာ၊ မိုးကောင်းမြို့စား နေမျိုးရာဇကျော်ထင်ကို မင်းကြီ မဟာ မင်းလှမင်းခေါင်၊ လက်ယာဝင်းတော်မှူး ကျော်သူနော်ရထာကို မင်းကြီး ကျော်ထင်၊ သူရဲဝန်ရွှေတောင်ရာဇသူကို မဟာမင်းလှမင်းခေါင်၊ပုခန်း ကြီးမြို့ဝန် နေမျိုးရဲခေါင်ကျော်ကို မင်းကြီးမင်းခေါင်ကျော်၊ အသည်ဝန် ရွှေတောင်စည်သူနော်ရထာကို မဟာမင်းလှ နော်ရထာ၊ အတွင်းဝန် စည်သူရာဇရွှေတောင်ကို မဟာနော်ရထာ၊ ဝန်ထောက် စည်သူသိဟ ကျော်ထင်ကို နေမျိုးနန္ဒသကြီ၊ ငစဉ့်ကူးမြို့ဝန် လက်ယာသိခ်ံရွှေတောင် ကို မဟာမင်းကြီးကျော်ထင်၊ ဝန်ထောက် ကျော်ထင်သူရကို မင်းလှ သခ်ံယာ၊ စစ်ကိုင်းမြို့ဝန် နေမျိုးသိရိသကြီကို မဟာရာဇသကြီ၊ မြို့ဝန် နေမျိုးသခ်ံယာကို မဟာသခ်ံယာ၊ အရှင်မိဖုရားခေါင်ကြီးဝန် သိဟစည် သူကျော်ထင်ကို နေမျိုးမင်းလှရာဇာ၊ မြောက်ဘက်တိုက်ဝန် နေမျိုးသိဟ သူကို နေမျိုးသိရိသိဟသူ၊ ခေါင်တုံးမြို့စား ဇေယစည်သူ ကျော်ထင်ကို နေမျိုးဇေယစည်သူ၊ ဒလမြို့ဝန် ပျံချီရွှေတောင်ကို နေမျိုး မင်းခေါင်၊ အနောက်ဝန် နေမျိုးကျော်ထင်တရဖျားကို မင်းကြီးကျော်ထင်တရဖျား၊ တောင်ဘက်တိုက်ဝန် ရာဇရွှေတောင်ကို နေမျိုးမင်းလှ၊ အောက်မား ဝန် သိဟဗလကျော်ထင်ကို နေမျိုး မင်းလှကျော်ထင်၊ ငွေခွန်ဝန် ရွှေ တောင်ရဲလှကျော်စွာကို နေမျိုးမဟာမင်းခေါင်၊ တောင်ဘက် မြင်းဝန် ရွှေတောင်အိန္ဒကျော်ကို မင်းကျော်နော်ရထာ ဘွဲ့အမည်ကိုပေးတော်မူ သည်။ ။တော်နေရာနေ ထိုသူနှစ်ဆွဲသုံးဦးတို့ကို ဗောင်း, နားခေါင်း

ဝတ်လုံ,စလွယ်,ချဝ်,မျဉ်း,မှောက်တို့,ကွမ်းခွက်, လက်ဘက်အိုး,တကောင်း ပိတ်, ထွေးအင်, ဓား, ကျိုင်း, ထီး,စည်,ယာဉ်,သံလျင်း,လှော်ကား လှေ မှတ်, နေအိမ်များကို ယုတ်တက်အထိုက်အလိုက် ပေးတော်မူသည်။

လက်ဝဲတော်-ဒူးနေရာဦးနေ စာရေးကြီး ရွှေတောင်နော်ရထာကို နေမျိုးရာဇကျော်ထင်ဘွဲ့အမည်ကို ပေးတော်မူသည်၊ဘဲဇောင်းပန်းခြေဝံ၊ တမာရွက်ထောင်ခြောက်၊ ရွှေနားဆောင်းကြက်ရင်ဆူးနှစ်ထပ်၊ မိုင်းလုံး ဝတ်လုံ၊ ရွှေစလွယ် ခြောက်သွယ်၊ ဘွဲ့ဖြူရွှေမြိတ်လေးသစ်၊ မှောက်တို့ ရွှေထိပ်ရွှေထွတ်အုံရွှေပိန်း၊ အရင်အနားသံငါးသစ်ရွှေ၊ ရွှေကုံးရွှေပွင့် ခုနစ်၊ ပါးကာနားကာ ရွှေကာနောက်ကာ မောက်ရှု ပါလည်ကွေး ကတ္တီပါစိမ်းဘဲကွပ်၊ မျဉ်းတိုကတ္တီပါဘဲကွပ်၊ မျဉ်းရှည် မိုင်းလုံးနီဘဲကွပ်၊ ကွမ်းခွက် လက်ဘက်အိုး တကောင်းပိတ်အဝန်း၊ ထီးနီ ဆင်စွယ်ထွတ်၊ ကျိုင်းဆင်စွယ်ချက် လေးသစ်ခံ၊ ထမ်းစင်သံလျင်း တလဲခြောက်ဝန်း၊မြင်း ကကိုင်းညောင်းရွက်ငါး၊ သမ္မာရခဲ့ရက်ဘောက်၊ ကတောင်ဆွဲ၊ ဆက်ပါး ကာ ရွှေဝါဝိန်း နင်းနှင်းသိပ်၊ အိမ်မြောင် ရင်ပတ်ကွင်း ငွေဝါ၊ ကတောင်ရွှေရေး, စာမရိရုပ်ပန်းခက်ကိုက်, အနားသံလေးသစ်ရွှေပိန်း၊ မြင်းကြိုးသက္ကလတ် ရွှေကြယ်တပ်၊ စီးနှီးသက္ကဒါန်၊ သက္ကလတ်တင်ရမ်း၊ ဆက်ရှန်းသုံးဆင့်များကို ပေးတော်မူသည်။

လက်ဝဲတော်-ဒူးနေရာနေရွှေတောင်ဒိဗ္ဗကျော်ကိုနေမျိုးသီဟရဲကျော်၊ သီဟရဲခေါင်ကို နေမျိုးသူရသံတိုင်၊ အဝေးကျိုဝန် နေမျိုးဇေယသခ်ယာ ကို နေမျိုးသီရိဇေယသခ်ယာ၊ မြေတိုင်းအမတ် နရာသီရိစည်သူကို နေမျိုး နရာစည်သူ၊ စာရေးကြီး လက်ဝဲသီဟနော်ရထာကို နေမျိုးကျော်ထင်နန္ဒ မိတ်၊ စာရေးကြီး သီရိရာဇကျော်ထင်ကို နေမျိုး သီရိရာဇကျော်ထင်၊ စာရေးကြီး သီရိဇေယသူကို နေမျိုးနန္ဒသူရ၊ ပုဂံမင်းသားဝန် နေမျိုး ရာဇစည်သူကို နေမျိုးရာဇနော်ရထာ၊ စာရေးကြီးရန်ကုမိတ်ရွှေတောင်ကို နေမျိုးကျော်ထင်ကျော်၊ သာယာဝတီမင်းဝန် ကျော်ထင်သူရိန်ကို နေမျိုး သီဟစည်သူ၊ရွှေတောင်သီဟစည်သူကို နေမျိုးကျော်ခေါင်၊တရုပ်ဝန်နန္ဒ မိတ်ရွှေတောင်ကို နေမျိုးရာဇကျော်စွာ၊ အမိန့်တော်ရေးနန္ဒမိတ်ကျော် သူကို သီရိဇေယနော်ရထာ၊ရွှေပြည်စိုးဇေတရာဇာကို မဟာဇေတရာဇ်၊ အသုံးစာရေး ရာဇနန္ဒမိတ်ကို ရာဇသီဟနော်ရထာ၊ ရွှေဝင်းစချို သီရိ သကြိုကို သီရိနော်ရထာကျော်သူ၊ ရှမ်းမြင်းစာရေးကြီး သီရိနန္ဒမိတ်ကို ဗလနော်ရထာ၊ အမှာစာရေး နန္ဒသိခ်သူကို သိခ်နော်ရထာ၊ တောင်

ထောင်မှူး လက်ယာသူရကို လက်ယာသူရနော်ရထာ၊ ညောင်ရမ်းမင်း စာရေးကြီး သီရိဇေယကျော်ကို လက်ဝဲနော်ရထာ၊ ပန်းတဉ်းဝန် ရွှေတောင်သိန်နော်ရထာကို နေမျိုးနန္ဒကျော်သူ၊အဓိန့်တော်ရေးရွှေတောင်သူရကျော်ကိုကျော်စွာသီရိနော်ရထာ၊ ကျိုဝန် စာရေးသီဟစည်သူကျော်ကို စည်သူသီဟနော်ရထာဘွဲ့အမည်ကိုပေးတော်မူသည်။ ။လက်ဝဲတော်ဒူးနေရာနေ ထိုသူနှစ်ဆွဲသုံးဦးတို့မှာ အဝတ်အဆင်အစီးအနှင်းအဆောင်အရွက်များကို ဒူးခေါင်းနေရာနေ စာရေးကြီး နေမျိုးရာဇကျော်ထင်နှင့်နည်းတူ ပေးတော်မူသည်။

လက်ယာတော်-ဒူးနေရာဦးနေ ဇေယဝတီမြို့စား ရွှေတောင် စည်သူကို နေမျိုးကျော်ထင်နော်ရထာ ဘွဲ့အမည်ကို ပေးတော်မူသည်၊ အဝတ်အဆင် အစီးအနှင်း အဆောင်အရွက်များကိုလည်း လက်ဝဲတော် ဒူးနေရာဦးနေ စာရေးကြီး နေမျိုးရာဇကျော်ထင်နှင့်နည်းတူပေးတော်မူသည်။

လက်ယာတော်-ဒူးနေရာနေ ဆောမြို့စား ရွှေတောင်ကျော်ထင်သီဟသူကို နေမျိုးသိန်နော်ရထာ၊ ရွှေတောင်ဇေယကျော်စွာ နော်ရထာ၊ ကျော်စည်တိုက်ဝန် သိန်ရာဇသူကို နေမျိုး သီရိသိန်သူ၊ သီရိနော်ရထာကို ပျံချီသူရ နော်ရထာ၊ တရုးသူကြီး စည်သူ သန်ယာကို နေမျိုးလက်ဝဲနန်သူ၊ တရုးသူကြီး ကျော်ထင်သိန်စည်သူကို နေမျိုးသီဟသကြီ၊ စာရေးကြီး နရာကျော်သူကို နေမျိုးကျော်သူ နော်ရထာ၊ စာရေးကြီး ကျော်ထင်ရာဇသူကို နေမျိုးသီဟရာဇာ၊ သံချက်ဝန် စည်သူနန္ဒကျော်ထင်ကို နေမျိုး နန္ဒကျော်ထင်၊ရွှေတောင်သာရကျော်ကို နေမျိုးနန္ဒသူ၊ နန်းကံကျွေးဝန်ပညာရာဇကျော်ကို နေမျိုးနန္ဒကျော်၊ ရွှေတောင်ရာဇသီဟကို နေမျိုး သီဟ၊ စာရေးကြီး ငသူကို နေမျိုး ဇေယရာဇသူ၊ မြောက်ဘက်တိုက် စားရေး သိန်ဇေယသူကို သီရိသန်ယာ၊ စာရေးကြီး သီဟရွှေတောင်ကို နေမျိုးရန္တမိတ်၊ လက်ယာဝင်းစချီရာဇပျံချီကို ဇေယသူရနော်ရထာ၊ ရွှေထောင်မှူး တေဇရဲခေါင်ကို ဇေယနော်ရထာ၊ သီရိရာဇသန်ယာကို နေမျိုးရာဇသန်ယာ၊ နောက်ထောင်မှူး သိဒ္ဓိဇလကျော်သူကို ကျော်သူဝေရနော်ရထာ၊ သီရိကျော်သူကို နေမျိုး သီရိကျော်သူ၊ အသုံးစာရေး ကျော်ထင်ရာဇာကို ရွှေတောင် နော်ရထာ၊ ရွှေတောင်သူရကို သူရနော်ရထာ၊ ရာဇသီရိကျော်ထင်ကို သီရိရာဇသကြီဘွဲ့အမည် ပေးတော်မူသည်။ ။လက်ယာတော်-ဒူးနေရာနေ ထိုသူ နှစ်ဆွဲသုံးဦးတို့မှာ အဝတ် အဆင် အစီးအနှင်း အဆောင်အရွက်များကို လက်ယာတော်

ဒူးခေါင်းနေရာနေ ဇေယျဝတိမြို့စား နေမျိုး ကျော်ထင်နော်ရထာနှင့် နည်းတူပေးတော်မူသည်။

လက်ဝဲတော်-စနည်းနေရာဦးနေ အမွေဝန် လက်ဝဲသိမ်ရွှေတောင်ကို နေမျိုးသီဟပတေ့ ဘွဲ့အမည်ကိုပေးတော်မူသည်။ ။ဗောင်းပန်းသုံးပွင့်၊ နားဆောင်း ကြက်ရင်ဆူးနှစ်ထပ်၊ ဇာဖျင်ဝတ်လုံ၊ ရွှေစလွယ် သုံးသွယ်၊ မြောက်တို ရွှေထိပ် ရွှေထွတ် အုံ့ရွှေဝိန်း, အရပ်အနား ဆံငါးသစ်ရွှေ, ရွှေကုံးရွှေပွင့် ခုနစ်၊ ပါးကာ နားကာ ရွှေကာ နောက်ကာ မောက်ရှပါလည်ကွေး မိုင်းလုံးစိန်းဘဲကွပ်၊မျဉ်းတိုမိုင်းလုံးပြာဘဲကွပ်၊ မျဉ်းရှည်ဇာဖျင် ဘဲကွပ်၊ မြင်းကကိုင်း ညောင်ရွက်ငါး၊ သမ္မာခုံ- ရက်ဘောက်၊ ကတောင်ဆွဲ၊ ဆက်ပါးကာ ရွှေဇဝါပိန်း နင်းနှင်းသိပ်၊ အိမ်မြောင်ရင်ပတ်ကွင်း ငွေဇဝါ၊ ကတောင်ရွှေရေး စာမရိရွပ် ပန်းခက်ကိုက်, အနားသံလေးသစ် ရွှေဝိန်း၊ မြင်းကြိုးသက္ကလတ် ရွှေကြယ်တပ်၊ စီးနှီးသက္ကဒါန် ပေးတော်မူသည်။

လက်ဝဲတော် စနည်းနေရာနေ ဝင်းစချိသိရိကျော်ထင်ကို သိရိကျော်ထင်ကျော်၊ အမိန့်တော်ရေးပျံချိသူကိုပျံချိသီဟစည်သူ၊ အမိန့်တော်ရေး သိရိကျော်ထင်ကို သိရိရာဇကျော်ထင်၊ အသုံးစာရေး နရာဝေသူကို နရာဇေယသူ၊ အသုံးစာရေး စည်သူ ရာဇကျော်ကို စည်သူ ရာဇကျော်စွာ၊ အသုံးစာရေး သိရိနန္ဒမိတ်ကို သိရိနန္ဒမိတ်ကျော်သူ၊ အသုံးစာရေး လက်ဝဲဇေယကျော်ကို လက်ဝဲဇေယကျော်ထင်၊ အသုံးစာရေး ပျံချိ သိရိကျော်ကို ပျံချိ သိရိကျော်ထင်၊အမှာရေးသိရိစည်သူကိုသိရိစည်သူကျော်ထင်၊အမှာရေး လက်ယာကျော်သူကို လက်ယာသိရိကျော်သူ၊ အဝေးရောက်စာရေး ပျံချိ သိရိကို လက်ဝဲဇေယကျော်ထင်၊ အဝေးရောက်စာရေး နန္ဒကျော်ကို နန္ဒကျော်ထင်၊ အဝေးရောက် စာရေး ငရိုးကို သိရိသိခ်သူ၊ ကသောင်းမြောင်တိုက်စိုး ရာဇကျော်ထင်ကို ရာဇသိရိကျော်ထင်၊ အသည်စာရေး စည်သူကျော်ကို စည်သူသခ်ယာ၊ အသည်စာရေးသိရိဇေယသူကို ဇေယသခ်ယာ၊ ရှမ်းမြင်းစာရေးကြိုးလက်ယာသိခ်ကို လက်ယာသိခ်ကျော်စွာ၊ မြန်မာမြင်းစာရေးကြိုး ကျော်ထင်နရာကို ကျော်ထင်နရာသူ၊ ကျိုင်းစာရေး ရန္ဒကျော်ကို ဇေယရန္ဒကျော်သူ၊ ကျိုင်းစာရေး ကျော်ထင်သိခ်ကို ကျော်ထင် ရာဇကျော်၊ ကျော်ထင်ဇေယကို နေမျိုး ဂါမကိသကြီး၊ ကျော်စွာသူရကို ရာဇသိရိကျော်စွာ၊ ရာဇပျံချိကို ပျံချိရာဇသူ ဘွဲ့အမည်ကိုပေးဘော်မူသည်။ ။လက်ဝဲတော်-စနည်းနေရာနေ ထိုသူနှစ်ဆွဲသုံးဦး

တို့မှာ အဝတ်အဆင် အစီးအနင်း အဆောင်အရွက်များကို လက်ဝဲတော် စနည်းနေရာဦးနေ အမွေဝန် နေမျိုးသီဟပတ္တနှင့် နည်းတူပေးတော်မူသည်။

လက်ယာတော်-စနည်းနေရာဦးနေတပ်ကောင်ဟန်ဝန်အာကာကျော်သူကို နေမျိုးကျော်သူ ဘွဲ့အမည်ကို ပေးတော်မူသည်။ အဝတ် အဆင် အစီးအနင်း အဆောင်အရွက်များကိုလည်း လက်ဝဲတော် စနည်းနေရာဦးနေ အမွေဝန် နေမျိုးသီဟပတ္တနှင့် နည်းတူပေးတော်မူသည်။

လက်ယာတော်-စနည်းနေရာနေ အမိန့်တော်ရေး ဝေရကျော်သူကို စည်သူကျော်စွာ၊ အမိန့်တော်ရေး သီရိဇယကျော်ကို သီရိဇယကျော်ထင်၊ အမိန့်တော်ရေး ရာဇသူကို ကျော်ထင်ရာဇာ၊အသုံးစာရေး ကျော်ထင်ရာဇသူကို ကျော်ထင်ဇေယစည်သူ၊ အသုံးစာရေး ဇေယရာဇကျော်ကို ဇေယ ရာဇကျော်စွာ၊ အသုံးစာရေး သီဟရာဇသူကို ကျော်ထင်သီဟစည်သူ၊ အသုံးစာရေး ကျော်ထင်သူရကို ကျော်ထင်ဇေယသူ၊ အဝေးရောက် စာရေး ရွှေတောင်ငယ်ကို ကျော်ထင် သိခ်သူ၊ အမှာရေး လက်ဝဲသီရိကျော်ကို လက်ဝဲသီရိကျော်ထင်၊ အမှာရေး ဇေယစည်သူကို ဇေယ သီရိစည်သူ၊ အဝေးရောက် စာရေး လက်ဝဲရာဇကျော်ကို လက်ဝဲရာဇကျော်ထင်၊ အဝေးရောက် စာရေး နရာရဲသူကို နရာသိခ်သူ၊ အမှာရေးညွှန်ကို ပျံချီသိခ်သူ၊ အသည်စာရေး သီရိရာဇကျော်ကို သီရိရာဇကျော်သူ၊ အသည်စာရေး ဝေသော်ဇလကို သီရိစည်သူကျော်၊ အသုံးစာရေးဘဲကိုစည်သူရာဇာ၊ မြန်မာမြင်းစာရေးကြီး ရန်ဝေသူကိုရန်ဝေရကျော်သူ၊ ဇင်းမယ်ပါမြင်းစာရေး ဥဒိန်သကြီကို ဥဒိန်သိရိသကြီ၊ ကျိုင်နံ်စာရေးကျော်စွာသိရိကို ကျော်စွာသိရိစည်သူ၊ကျိုင်နံ်စာရေး ငမြတ်ညိုကို သိရိနရသူ၊ လက်ဝဲရာဇကျော်ကို သိရိသကြီ၊ အာကာကျော်ခေါင်ကို ဇေယသကြီ၊ သိရိနန္ဒကျော်ကို သိရိနန္ဒကျော်ထင်၊ ဘွဲ့အမည်ကို ပေးတော်မူသည်။ ။လက်ယာတော်-စနည်းနေရာနေ ထိုသူနှစ်ဆွဲသုံးဦးတို့မှာ အဝတ်အဆင် အစီးအနင်း အဆောင်အရွက်များကို လက်ယာတော် စနည်းနေရာဦးနေ တပ်ကောင်ဟန်ဝန် နေမျိုးကျော်သူနှင့် နည်းတူပေးတော်မူသည်။

လက်ဝဲတော်-အတွင်းဘဝေါနေရာဦးနေ ညောင်ရမ်းမင်း စာရေးကြီး သိရိကျော်ခေါင်ကို သိရိကျော်ခေါင်သူ ဘွဲ့အမည်ကို ပေးတော်မူသည်။ ။ဗောင်းပန်းသုံးပွင့်၊ နားခွောင်းကြက်ရင် အနားဆူးနှစ်ထပ်၊

ဘဲပြောက်ဝတ်လုံ၊ ရွှေစလွယ်သုံးသွယ်၊ မှောက်တိုရွှေထိပ် ရွှေထွတ်အုံ ရွှေဝိန်း, အရပ်အနားသံငါးသစ်ရွှေ၊ပါးကာနားကာ ရွှေကာနောက်ကာ မောက်ရူပါလည်ကွေး ဇာဖျင်ဘဲကွပ်၊ မျဉ်းတိုဇာဖျင်ဘဲကွပ်၊ မျဉ်းရှည် အပြောက်၊မြင်းကကိုင်းညောင်ရွက်ငါး၊သမ္မာခွံရက်ဘောက်၊ ကတောင်ဆွဲ၊ဆက်ပါးကာ ရွှေဇဝါဝိန်း, နှင်းနှင်းသိပ်၊ အိမ်မြောင် ရင်ပတ်ကွင်း ငွေဇဝါ၊ကတောင်ရွှေရေး စာမရိုရုပ်ပန်းခက်ကိုက်, အနားဆံလေးသစ် ရွှေဝိန်း၊ မြင်းကြိုးသက္ကလတ် ရွှေကြယ်တပ်၊ စီးနှီးသက္ကဒါန် ပေးတော် မူသည်။

လက်ဝဲတော်-အတွင်းဘဝေါနေရာနေ ညောင်ရမ်းမင်း စာရေးကြီး နရာလှသူကို နရာစည်သူ၊ မြောက်နန်းမိဖုရားဝန် ကျော်ခေါင်သီဟကို ကျော်ခေါင်သီဟနရာ၊ ရန်ကျော်စွာကို စည်သူရာဇရွှေတောင်၊ တေဇကျော်ကို ရွှေတောင်တေဇကျော်သူ၊ မြို့စာရေးပျံချီဝေသူကို ဇေယသူ၊ မြို့စာရေး စည်သူနန္ဒကျော်ထင်ကို စည်သူရာဇကျော်ထင်၊ မြို့စာရေးပျံချီ ရာဇကျော်ကို ပျံချီရာဇကျော်ထင်၊ မြို့စာရေးရွှေတောင်သူရပျံချီကို ကျော်ထင်သူရပျံချီ၊ မြို့စာရေး ရွှေတောင်ဇေယပျံချီကို ကျော်ထင် ဇေယပျံချီ၊ ပန်းပဝဲန် ဗညားဇလကျော်ကို သိရိဗထဗညားကျော်၊ ရွှေဝင်း ဒိုင်းစာရေး သိရိကျော်ထင်ကို သိရိနရာကျော်ထင်၊သာယာဝတီမင်းသားသံဆင့် တုရင်သာလှကိုကျော်ခေါင်သူရ၊ မြင်စိုင်းမင်းသား၀န် ရဲခေါင်ကျော်ထင် ကို နေမျိုးရဲခေါင်ကျော်ထင်၊ မြင်စိုင်းမင်းသားစားရေးကြီး ငရွှေအောင် ကိုပျံချီသူရ၊ပုဂံမင်းသား အနောက်ဝန် စည်သူရန်ကို စည်သူရန်ကျော်၊ မြင်စိုင်းမင်းသား အနောက်ဝန် စန္ဒရွှေတောင်ကျော်ကို စန္ဒသိရိကျော်စွာ၊ ကန့်မင်းသမီးအကြိုးတော် သိခံစည်သူကို သိခံစည်သူ နော်ရထာ၊ အက္ကပတ်မြင်းစာရေး ရာဇကျော်စွာကို ရွှေတောင်ရာဇနော်ရထာ၊ ငွေခွန်စာရေး ဝေသော်သိရိကို ရဲဖျားသီဟကျော်ထင် ငွေခွန်စာရေးဇေယသိခံကို ဇေယသိခံသူ၊ တောင်ဘက်တိုက်စာရေး သိရိပျံချီကျော်ကို သိရိပျံချီကျော်သူ၊ စိုလေးဆယ် ဒိုင်းစာရေးငပုကို သိရိဝေသူ၊ ရွှေဝင်းဒိုင်း စာရေးပျံချီရာဇာကို ပျံချီရာဇကျော်စွာဘွဲ့အမည်ကို ပေးတော်မူသည်း ။

လက်ဝဲတော်-အတွင်း ဘဝေါနေရာနေ ထိုသူနှစ်ဆဲသုံးဦးတို့မှာ အဝတ် အဆင်အစီးအနှင်း အဆောင်အရွက်များကို လက်ဝဲတော်အတွင်းဘဝေါ နေရာဦးနေ ညောင်ရမ်းမင်းစာရေးကြီး သိရိကျော်ခေါင်သူနှင့် နည်းတူ ပေးတော်မူသည်။

လက်ယာတော်-အတွင်းဘဝေါနေရာဦးနေ ညောင်ရမ်းမင်း စာရေးကြီး လက်ယာကျော်သူကို လက်ယာစည်သူကျော် ဘွဲ့အမည်ကိုပေးတော်မူသည်။ အဝတ် အဆင် အစီး အနင်း အဆောင် အရွက် များကိုလည်း လက်ဝဲတော် အတွင်းဘဝေါနေရာဦး နေ ညောင်ရမ်းမင်း စာရေးကြီး သိရိကျော်ခေါင်သူနှင့်နည်းတူ ပေးတော်မူသည်။

လက်ယာတော်-အတွင်းဘဝေါနေရာနေ သာယာဝတီမင်း စာရေးကြီး ပုံချီကျော်သူကို ပုံချီသိရိသူ၊ ကန္ဒီမင်းသမီး အကြီးစာရေး သီဟရာဇကျော်ကို သီဟရာဇကျော်သူ၊ကျော်သူသိန်းကို သိရိရာဇစည်သူ၊ရဲစက်ကျော်ထင်ကို ရဲစက်သူရကျော်ထင်၊ မြို့စာရေး ပုံချီဇေယကျော်ကို စည်သူဇေယကျော်ထင်၊ မြို့စာရေး ပုံချီရာဇကျော်ကို စည်သူသီဟကျော်ထင်၊ မြို့စာရေး ရဲကျော်သူရကို ရဲကျော်ဇေယသူ၊ မြို့စာရေး ရွှေတောင်လှပုံချီကို ကျော်ထင်ရာဇပုံချီ၊ မြို့စာရေး ဇေယနရာကျော်ကို ဇေယနရာကျော်ထင်၊ ဝတ်မြေဝန် သိရိပုံချီကို ပုံချီနော်ရထာ၊ ရွှေဝင်းဒိုင်းစာရေး ငဦးကို ဇေယကျော်သူ၊ သာယာဝတီမင်းသံဆင့် ငထွန်းကို သိရိသိန်စည်သူ၊ ပုဂံမင်းသားဝန်ဇေယရာဇာကို ဇေယရာဇကျော်၊ ပုဂံမင်းသား အတွင်းဝန် သမန်ရဲလှကျော်ထင်ကို ရဲလှကျော်ထင်သူ၊ ပုဂံမင်းသားအတွင်းဝန် ဗလစန္ဒကို ဗလစန္ဒသူ၊ ရွှေတောင်မင်းသမီးအကြီးစာရေး စည်သူနန္ဒကို စည်သူနန္ဒကျော်ထင်၊ ကန္ဒီမင်းသမီးအကြီးစာရေး သိရိစည်သူကို နန္ဒသိရိစည်သူ၊ လက်ဝဲရာဇကို လက်ဝဲရာဇသူ၊ ငွေခွန်စာရေး တုရင်ရာဇကျော်ကို သိရိရာဇကျော်ထင်၊ ငွေခွန်စာရေး ငရန်နိုင်ကို ဇေယသိရိကျော်ထင်၊ ဆင်ကျေးတိုက်စာရေး လက်ဝဲသူရကို လက်ဝဲသူရကျော်၊ မဟာဒါန်တိုက်စာရေး ပုံချီကျော်သူကို ပုံချီဇေယကျော်သူ၊ လက်ယာဝင်းဒိုင်းစာရေး ငစိုကို နရာဝေသူ ဘွဲ့အမည်ကို ပေးတော်မူသည်။ ။လက်ယာတော်-အတွင်းဘဝေါနေရာနေ ထိုသူနှစ်ဆွဲသုံးဦးမှာ အဝတ်အဆင် အစီးအနင်း အဆောင်အရွက် များကို လက်ယာတော် အတွင်း ဘဝေါနေရာ ဦးနေ ညောင်ရမ်းမင်းစာရေးကြီး လက်ယာစည်သူကျော်နှင့် နည်းတူ ပေးတော်မူသည်။

လက်ဝဲတော်-ပြင်ဘဝေါနေရာဦးနေ ငါးဆယ်တော် သွေးသောက်ကြီး သူရဇေယကျော်ကို သူရဇေယကျော်ထင် ဘွဲ့အမည်ကို ပေးတော်မူသည်။ အဝတ် အဆင် အစီး အနင်း အဆောင် အရွက် များကိုလည်း အတွင်းဘဝေါနေရာနေတို့နှင့်အတူ ပေးတော်မူသည်။

လက်ဝဲတော်-ပြင်ဘဝေါနေရာနေ သူရကျော်ခေါင်ကို ကျော်ထင်သိရိစည်သူ၊ ဆင်းကွပ်ရွာစား ရဲကျော်ဇေယသူကို သိရိနရာကျော်သူ၊ ဇေယကျော်သူကို သိရိဇေယကျော်သူ၊ နောက်ပြင် ထောင်စချီ သိရိဇေယကျော်ကို သိဟဇေယကျော်ထင်၊ တောင်တွင်းကြီးမင်းသမီး အကြီးစာရေးဝိုကို သိရိဇေယသူ၊ တောင်တွင်းကြီးမင်းသမီး အကြီး စာရေးဝသန်တာကို သိရိအိန္ဒသူ၊ လက်ယာဝင်းဒိုင်းစာရေး သူရရန်ကျော်ကို သူရရန်ကျော်စွာ၊ မြို့လတ်စာရေးဝန်ကို သိဟရန်မိတ်၊ ကင်းစာရေး စည်သူဇေယကို စည်သူ ဇေယကျော်၊ ကင်းစာရေး ရဲခေါင်ကျော်ကို ရဲခေါင်ကျော်သူ၊ လမိုင်းစာရေး ဝန်ကို သိဟရန်သူ၊ မြေစွန်းစာရေး သိခံသူရန်ကို ကျော်ထင်သူရန်၊ ယွန်းစုစာရေး ရဲထင်ဝေသူကို ကျော်ထင်ဝေသူ၊ ဇေယကျော်ထင်ကို ဇေယကျော်ထင်သူ၊ သိဟစည်သူကို ကျော်ထင်သိဟစည်သူ ဘွဲ့အမည်ကို ပေးတော်မူသည်။ ။လက်ဝဲတော် ပြင်ဘဝေါနေရာနေ ထိုသူတဆွေငါးဦးတို့မှာ အဝတ်အဆင် အစီးအနင်း အဆောင်အရွက်များကို လက်ဝဲတော်ပြင်ဘဝေါနေရာဦးနေ ငါးဆယ်တော် သွေးသောက်ကြီး သူရဇေယကျော်ထင်နှင့် နည်းတူ ပေးတော်မူသည်။

လက်ယာတော်-ပြင်ဘဝေါ နေရာဦးနေ ကျော်ခေါင်သိရိ စည်သူကို ကျော်ခေါင်သိဟစည်သူ ဘွဲ့အမည်ကို ပေးတော်မူသည်။ အဝတ်အဆင် အစီးအနင်း အဆောင်အရွက် များကိုသည်း လက်ဝဲတော် ပြင်ဘဝေါနေရာဦးနေ ငါးဆယ်တော် သွေးသောက်ကြီး သူရဇေယကျော်ထင်နှင့် နည်းတူ ပေးတော်မူသည်။

လက်ယာတော် ပြင်ဘဝေါနေရာနေ ဟရားနာခံ လက်ဝဲသူရကျော်ကို လက်ဝဲသူရကျော်ထင်၊ အဓိန္ဒတော်ရ အိန္ဒကျော်စွာကို အိန္ဒသိရိကျော်ထင်၊ သိခံသူကို ရာဇသိခံသူ၊ မြောက်ပြင်ထောင်စချီ ရဲခေါင်နန္ဒသူကို ရဲခေါင်နန္ဒကျော်သူ၊ လက်ယာကျော်သူကို လက်ယာသိခံသူ၊ လမိုင်းစာရေးဝရဲကို ကျော်ထင်သူ၊ ပျံချီသိဟကို ကျော်စွာနန္ဒမိတ်၊ လက်ယာဝင်းစာရေးဝဝန်ကို ဒိဗ္ဗနရာ၊ ရေကြည်စာရေးဝဘော်ကို ကျော်စွာသူ၊ တရားနာခံ စည်သူရာဇကျော်ကို စည်သူရာဇကျော်ထင်၊ အလေးတံဆိပ်စားပညာသူရကို ပညာကျော်ထင်၊ သူရဲစာရေးဗလကျော်စွာကို ဗလသူရကျော်စွာ၊ အောက်မားစာရေးဝရွှေဦးကို ဥဒိန်ကျော်သူ၊ သိခံကျော်စွာကို သိရိသိခံကျော်စွာ၊ မြောက်ဘက်မြင်းစာရေး သိခံစည်သူကို သိရိသိခံ

စည်သူ ဘွဲ့အမည်ကို ပေးတော်မူသည်။ ။လက်ယာတော် ပြင်ဘဝေါ နေရာနေ ထိုသူတဆွေငါးဦးတို့မှာ အဝတ်အဆင် အစီးအနင်း အဆောင် အရွက်များကို လက်ယာတော် ပြင်ဘဝေါ နေရာဦးနေ ကျော်ခေါင် သိဟစည်သူနှင့်နည်းတူ ပေးတော်မူသည်။

ထို့ပြင် ဘိသိက်တော်ဆက်ပုဏ္ဏား၊ စားတော်ကွမ်းရေကိုင်၊ခေးတော် လိုက်၊ ထီးတော်မိုး၊ နာခံတော်၊ သံတော်ဆင့်၊ သံတော်ခံ၊ အဆောင် မြှီ၊ ဗိုလ်မှူးတပ်မှူး၊ သင်းမှူး ပင်းမှူးတို့ကိုလည်း ဘွဲ့အမည်အရည် အဂတ် အဆင် အစီးအနင်း အဆောင်အရွက် အထိုက်အလိုက် ပေးတော်မူသည်။ သွေးသောက်စု, မြင်းတော်သည်, သူဌေးသူကြွယ်, သူကြီးကလန်သံပျင်, စချီစမာ,သူရဲသူခက် အပေါင်းတို့ကိုလည်း အထိုက်အလိုက်ဘွဲ့အမည်ပေး တော်မူသည်။

ပိဋကတ်တော်အစုံရေး၍ ဆရာတော်များကို တံဆိပ်လှူခြင်း
စသည်နှင့် ကသည်းပြည်ကို တိုက်ခိုက် သိမ်းယူခြင်း

ယင်းသို့မှ သာသနာတော် အတိုင်းထက်အလွန် ထွန်းတောက်ပြန့် ပွားစေခြင်းငှာ သုတ္တန်, ဝိနည်း, အဘိဓမ္မာ-ပိဋကတ်တော်ကို အစုံများ စွာ ရေးကူးစေသည်၊ မုံတောဆရာ-ဝံသာဘိ သီရိလင်္ကာရဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု-ဆရာတော်နှင့် ပါဠို, အဋ္ဌကထာ, ဋီကာကျမ်းဂန် ကျန် ကုန်သော တံဆိပ်တော်ရ ဆရာတော် နှစ်ကျိပ်တပါးတို့ ပိဋကတ်တော် ကို မတော်မူကြရသည်။

မဲထီးဆရာ-ကဝိန္ဒာဘိပရမဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု-ဆရာတော် ကြီးနှင့် ပါဠို, အဋ္ဌကထာ, ဋီကာကျမ်းဂန်ကျန်ကုန်သော တံဆိပ်ရဆရာ တော် ငါးကျိပ်ရှစ်ပါးတို့ ပိဋကတ်တော်ကို တည်းပြဋ္ဌတော်မူကြရသည်။

စလင်းဆရာတော် ရှင်ပညာသီဟကို ရွှေမြို့တော်မြောက် အသော ကာရာမတိုက် ရတနာဘုံကျော် ကျောင်းတော်ကို တင်လှူတော် မူသည်၊ မုနိန္ဒာဘိ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု-တံဆိပ်ကိုလည်း လှူ တော်မူ၍ သာသနာဝိုင် အပ်တော်မူသည်။

မြသိန်းတန် ဆရာတော် ရှင်ပညာသာမိကို ပရမ သိရိဝံသာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်ကို တင်လှူတော် မူသည်။ ။မြသိန်းတန် ဆရာတော်တပါး ရှင်သာသနဇောတကို သိရိဂုဏာဘိလင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ညောင်ကန်ဆရာတော် ရှင်သဒ္ဓမ္မကို ရွှေမြို့တော် အရှေ့မြောက်ယွန်း အောင်မြေဘုံကျော် ကျောင်းတော်ကို လှူတော်မူသည်၊ သီရိသဒ္ဓမ္မာဘိ ပရမဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု-တံဆိပ်ကိုလည်း လှူတော်မူသည်။ ။ ညောင်ကန်ဆရာတော်တပါး ရှင်ပုညရံသီကို ပုညာဘိ သီရိသဒ္ဓမ္မ ဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ရေစကြို ဆရာတော် ရှင်ဇောတယန္တကို ရွှေမြို့တော် အရှေ့တောင် ယွန်း မင်္ဂလာစံလွတ်ကျောင်းတော်ကို တင်လှူတော်မူသည်၊ ဇနိန္ဒာဘိ သီရိပရမဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်ကိုလည်း လှူတော်မူသည်။

မုံတောဆရာတော် ရှင်ဝိရိယာရမ္ဘကို ရွှေမြို့တော် အရှေ့တောင် ယွန်း တုလွတ်ဘုံစံကျောင်းတော်ကို တင်လှူတော်မူသည်၊ ဝံဆာဘိသီရိ သဒ္ဓမ္မာလင်္ကာရ ဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု-တံဆိပ် ကိုလည်း လှူ တော်မူသည်။

မဲထီးဆရာတော် ရှင်ကဝိသာရကို ကဝိန္ဒာဘိ သီရိသဒ္ဓမ္မ ဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

သင်္ကယ်ကျောင်းဆရာတော် ရှင်သီလာစာရကို သီရိပရမ ဝံသာ ဘိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ဘုတ်ကန်ကြီးဆရာတော် ရှင်ကဝိသာရကို ဂဏမုနိန္ဒာဘိသဒ္ဓမ္မ မဟာ ဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ပုခန်းကြီးဆရာတော် ရှင်ပရမကို ပရမဉာဏဓဇ မဟာ ဓမ္မ ရာဇာဓိ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ပုလဲဆရာတော် ရှင်နန္ဒဒီပကို ရွှေမြို့တော် မြောက် ဝေယန်စံလွတ် ကျောင်းကို တင်လှူတော်မူသည်၊ နရိန္ဒာဘိသီရိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု-တံဆိပ်ကိုလည်း တင်လှူတော်မူသည်။

ပုဂံဆရာတော်ရှင်ဂဏာဿင်္ကာရကိုကဝိန္ဒာဘိ သီရိပရမဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု-တံဆိပ်ကိုလှူတော်မူသည်။

သဲအင်းဆရာတော် ရှင်သူရိယကို သဒ္ဓမ္မဝံသာဘိ သီရိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

နေရင်းဆရာတော်ရှင်ဝိမလာစာရကို ဝိစိတ္တဝံသဓဇ မဟာဓမ္မရာဇာ ဓိရာဇဂုရု-တံဆိပ်ကိုလှူတော်မူသည်။

သစ်ဆိမ့်ဆရာတော်ရှင်ဥက္ကံသကို အရိယဝံသသဒ္ဓမ္မ မဟာဓမ္မရာဇာဓိ ရာဇဂုရု-တံဆိပ်ကိုလှူတော်မူသည်။

ဝသည်းဆရာတော် ရှင်ဂဏသာရကို ဂဏာဘိသဒ္ဓမ္မမဟာဓမ္မရာဇာဓိ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ရွာသစ်ကြီးဆရာတော် ရှင်စန္ဒမာလာကို ညဏာဘိပရမဝံသမဟာဓမ္မ ရာဇာဓိ ရာဇဂုရု-တံဆိပ်ကိုလှူတော်မူသည်။

တူမောင်းဆရာတော်ရှင်ဒီပကို ဒီပပညာသာမိသီရိဓဇမဟာဓမ္မရာဇာ ဓိရာဇဂုရု-တံဆိပ်ကိုလှူတော်မူသည်။

ဟန်လင်းဆရာတော် ရှင်ပညာသဒ္ဓမ္မကို ပညာဘိပရမဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ရွှေကျင်ဆရာတော် ရှင်စန္ဒသီရိကို ဇိနာဘိပရမဓဇ မဟာဓမ္မရာဇာ ဓိရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ရတနာသိဃ်ဆရာတော် ရှင်ခေမာစာရကို ဂဏာဘိပရမဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။ ။ရတနာသိဃ် ဆရာ တော်တပါး ရှင်မေဓာလင်္ကာရကို ပညာဘိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

မြို့ကြီးဆရာတော် ရှင်ဂုဏဝါကို ကဝိန္ဒာဘိသီရိဓဇ မဟာဓမ္မရာဇာ ဓိရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။ ။မြို့ကြီးဆရာတော်တပါး ရှင်ဂန္ဓ မာကို ဂုဏာဘိလင်္ကာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်ကိုလှူတော် မူသည်။

စည်ပါဆရာတော် ရှင်သီလာစာရကို သဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

မန်လည်ဆရာတော် ရှင်ကဝိန္ဒကို ခေမာဘိဓဇ မဟာဓမ္မရာဇာဓိရာဇ ဂုရု-တံဆိပ်ကို လှူတော်မူသည်။

ကင်းစမ်းဆရာတော် ရှင်ဝါယာမကို ဝံသာဘိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

စလင်းဆရာတော် ရှင်ဓမ္မာဘိဓဇကို ဓမ္မဒီပဓဇ မဟာဓမ္မရာဇာဓိရာဇ ဂုရု-တံဆိပ်ကို လှူတော်မူသည်။

အင်းလေးရွာဆရာတော် ရှင်နန္ဒမဠာကို ဓမ္မာဘိဓဇ မဟာဓမ္မ ရာဇာ ဓိရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ပုဂံဆရာတော် ရှင်ဓမ္မရံသီကို နန္ဒာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ဃယ်တီမင်္ဂိုင်-၃၂

ကြခတ် ဆရာတော် ရှင်ဝိလာသကို ဝိမလဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ပင်းတလဲဆရာတော်ရှင်ပဏ္ဍိတကို ပရမဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

တောင်လေးလုံးဆရာတော် ရှင်လင်္ကာဒီပကို ဝိစိတ္တာလင်္ကာရ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ဒီပဲယင်းဆရာတော် ရှင်ကလျာဏကို ကလျာဏသာဓိမဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ယိုးဒယားကျောင်းဆရာတော် ရှင်တိသရဏကို နရိန္ဒဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ညောင်ကန်ဆရာတော် ရှင်နန္ဒိယကို တိသာသနဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

စည်ပုတ္တရာ ဆရာတော် ရှင်သီရိမာလာကို သီရိဝံသဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

မြေဒူးဆရာတော် ရှင်ဇယန္တကို ဇနိန္ဒဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော် မူသည်။ ။မြေဒူးဆရာတော် တပါး ရှင်ပိဋကာလင်္ကာရကို မုနိန္ဒာဘိဝံသဓဇမဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ရဲကျင်းဆရာတော် ရှင်ဂန္ဓိကို ဂုဏာဘိဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ချောင်းခြားဆရာတော် ရှင်ဇောတိရသကို ဉာဏာဘိဝံသဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ဘောဂဆရာတော် ရှင်ပညာသီရိကို မေဓာလင်္ကာရ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

မုံတောဆရာတော် ရှင်သီရိမာလာကို သီရိပရမ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

တုံသစ်ဆရာတော် ရှင်သုစာရိန္ဒကို သာသနဇောတမဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။ ။တုံသစ်ဆရာတော်တပါး ရှင်ဓမ္မနန္ဒကို တိသာသနဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

မြင်တိုင်ဆရာတော် ရှင်စိတ္တကို သာသနဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

မှန်တန်းဆရာတော် ရှင်ဝိစိတ္တကို ဝိသုဒ္ဓါစာရ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ဆင်တဲဆရာတော် ရှင်ပဏ္ဍိတကို ပဏ္ဍိတမဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ဖောင်တော်ဦး ဆရာတော် ရှင်ဂန္ဓမာကို ကဝိသာရဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

တောင်ရင်းဆရာတော် ရှင်ကေတုကို ကဝိန္ဒဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ကျွန်းတောဆရာတော် ရှင်ဂန္ဓမာကို ဂုဏာလင်္ကာရ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ရွှေတောင်ဆရာတော် ရှင်ပုညမဠ္ဍိကို မုနိန္ဒဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။ ။ရွှေတောင်ဆရာတော်တပါး ရှင်ဝိစာရိန္ဒကို ဝိရိယာရမ္ဘမဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

တောင်ပေါ်ဆရာတော် ရှင်ဂုဏာဘိကို ဂန္ဓိရဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ကတိုးဆရာတော် ရှင်ပညာကို ပရမသီရိမဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ဆီးဗန်းနီဆရာတော် ရှင်ဝိမလာစာရကို ဝိမလဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ဥယာဉ်ဆရာတော် ရှင်နရိန္ဒကို နရိန္ဒဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ခိုနန်းဆရာတော် ရှင်ကဝိန္ဒကို ကဝိန္ဒဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

သင်ပန်းဆရာတော် ရှင်နန္ဒသာရကို နန္ဒသာရဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ရွှေကြက်ယက်ဆရာတော် ရှင်လင်္ကာဒီပကို လင်္ကာဒီပဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

မောက်တက်ဆရာတော်ရှင်နန္ဒသာရကို နန္ဒသိရိန္ဒဓဇ မဟာဓမ္မရာဇ ဂုရု-တံဆိပ်ကို လှူတော်မူသည်။

အုတ်ရှစ်ကုန်းဆရာတော်ရှင်ဥက္ကံသမာလာကို ဇုန္ဒသာရဓဇ မဟာ ဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

မိုးထိဆရာတော် ရှင်ဝံသာဘိသဒ္ဓမ္မကို ဝိမလာစာရဓဇ မဟာဓမ္မရာဇ ဂုရု-တံဆိပ်ကို လှူတော်မူသည်။

ဗားကရာဆရာတော် ရှင်ကလျာဏစက္ကကို ကလျာဏစက္ကဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။ ။ဗားကရာဆရာတော် တပါး ရှင်ကေတုမာလာကို ကလျာဏသီရိဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။ ။ဗားကရာဆရာတော် တပါး ရှင်ဉာဏကို ဉာဏဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ဂူကြီးဆရာတော် ရှင်စန္ဒသီရိကို စိတ္တာလင်္ကာရဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။ ။ဂူကြီးဆရာတော်တပါး ရှင်ပညာသီဟကို ပုညဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ဘုံကျော်ဆရာတော် ရှင်သုမင်္ဂလကို သုမင်္ဂလဓဇ မဟာဓ မ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ခွေးချိုဆရာတော်ရှင်စက္ကာသဘကို စက္ကသာမိဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။ ။ခွေးချိုဆရာတော်တပါး ရှင်မေဓာဝီကို မုနိန္ဒသာရဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

အောင်မြေဘုံကျော်ဆရာတော် ရှင်ကိတ္တိကို ကဝိသာရဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

သရက်တောဆရာတော် ရှင်ပညာဒီပကို ပညာဇောတဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။ ။သရက်တော ဆရာတော်တပါး ရှင်တိလောကကို တိလောကာလင်္ကာရဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။ ။သရက်တောဆရာတော်တပါး ရှင်မေဓာကို မေဓာသီရိဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။ ။သရက်တော ဆရာတော်တပါး ရှင်ဇယန္တကို ဇယန္တဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

မှန်စီကျောင်း ဆရာတော် ရှင်အာသဘကို အာလောကညာဏဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

လွန်တောင်းဆရာတော်ရှင်သဒ္ဓမ္မာလင်္ကာရကို သုမနာစာရဓဇမဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ဇောတိနဂရတိုင်း ကျိုင်းရုံးကြီးမြို့၌ သာသနာပြုတော်မူသော ဆရာတော် မဟာနာဂသိန်ကို မဟာနာဂသေနဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ကမ္မောဇတိုင်း မိုးနဲမြို့၌ သာသနာပြုတော်မူသော ရှင်သီရိတေဇကို သီရိတေဇဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လွှတော်မူသည်။

ညောင်ရွှေမြို့၌ သာသနာပြုတော်မူသော ဆရာတော် ရှင်သာရဒီပကို သာရဒီပဓဇ မဟာဓမ္မရာဇဂုရု-တံဆိုင်ကို လွှတော်မူသည်။

မိုင်းခိုင်းမြို့၌ သာသနာ ပြုတော်မူသော ဆရာတော် ရှင်ဇနွဓဝရကို ဇနွသီရိဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လွှတော်မူသည်။

မိုင်းစိတ်မြို့၌ သာသနာပြုတော်မူသော ဆရာတော် ရှင်အဂ္ဂမဓာကို အရိယဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လွှတော်မူသည်။

မောက်မယ်မြို့၌ သာသနာပြုတော်မူသော ဆရာတော် ရှင်သူရိယကို သူရိယာလင်္ကာရဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကိုလွှတော်မူသည်။

တောင်ငူမြို့၌ သာသနာပြုတော်မူသော ဆရာတော် ရှင်ဂုဏသာရကို ဂုဏသီရိနွဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လွှတော်မူသည်။

စံကားမြို့၌ သာသနာ ပြုတော်မူသော ဆရာတော် ရှင်ပုညဂန္ဓိကို ပုညဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လွှတော်မူသည်။

ကျိုင်းခန်းမြို့၌ သာသနာပြုတော်မူသော ဆရာတော် ရှင်အဂ္ဂသီရိကို အဂ္ဂသီရိဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လွှတော်မူသည်။

သိန္နီမြို့၌ သာသနာပြုတော်မူသော ဆရာတော် ရှင်ဂုဏာလင်္ကာရကို ဂုဏာလင်္ကာရဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လွှတော်မူသည်။

လဲချားမြို့၌ သာသနာ ပြုတော်မူသော ဆရာတော် ရှင်ဓမ္မသီရိကို ဓမ္မသီရိဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လွှတော်မူသည်။ ။ဆရာတော် ရှင်ဂန္ဓမဠာကို ဂန္ဓမာဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လွှတော်မူသည်။

နောင်မွန်မြို့၌ သာသနာပြုတော်မူသော ဆရာတော် ရှင်ဓမ္မရက္ခိတကို ဓမ္မရက္ခိတဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လွှတော်မူသည်။

မိုင်းပွန်မြို့၌ သာသနာပြုတော်မူသော ဆရာတော် ရှင်သာရကိတ္တိကို သာသနဂန္ဓိရဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လွှတော်မူသည်။

တဘက်မြို့၌ သာသနာပြုအပ်တော်မူသော ဆရာတော် ရှင်ညာဏမဠာကို ညာဏမဠာသာရဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လွှတော်မူသည်။

ရောက်စောက်မြို့၌သာသနာပြုအပ်တော်မူသော ဆရာတော်ရှင်ညာဏဓဇကို ညာဏသာရဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လွှတော်မူသည်။

သီပေါမြို့၌ သာသနာပြုတော်မူသော ဆရာတော် ရှင်မုနိန္ဒသာရဓဇကို မုနိန္ဒသာရဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လွှတော်မူသည်။

စိန္ဒတိုင်းမိုးမြတ်မြို၌ သာသနာပြုအပ်တော်မူသော ဆရာတော်ရှင်သာရကိတ္တိကို သာရကိတ္တိဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ဆုံးဆယ်မြို၌ သာသနာပြုတော်မူသော ဆရာတော် ရှင်ဇုန္နဆုခ ကို ဇုန္နဝဏ်ရဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

မိုင်းလုံမြို၌ သာသနာပြုတော်မူသော ဆရာတော် ရှင်ဥတ္တမကိတ္တိကို ဥတ္တမကိတ္တိဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ဗန်းမော်မြို၌ သာသနာပြုတော်မူသော ဆရာတော် ရှင်သီလဝံသကို သီလဝံသဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကိုလှူတော်မူသည်။

အာဠဝီတိုင်း မိုးညှင်းမြို၌ သာသနာပြုတော်မူသော့ ဆရာတော် ရှင်အဂ္ဂမေဓာကို အဂ္ဂမေဓာဘိဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

မောရိယတိုင်း မိုးကောင်းမြို၌ သာသနာပြုတော်မူသော ဆရာတော် ရှင်ဗလဓောဓိကို ပဝရ ဉာဏဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

မဟာဝိဟိကတိုင်း ဓညဝတီမြို၌ သာသနာပြုတော်မူသောဆရာတော် ရှင်ဂုဏာဘိဓဇကို ဂုဏာဘိဝံသဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကိုလှူတော်မူသည်။

ရာမညတိုင်း ဟံသာဝတီမြို၌ သာသနာ ပြုတော်မူသော ဆရာတော် ရှင်နန္ဒမေဓာကို နန္ဒမေဓာဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။ ။ဆရာတော်တပါး ရှင်သီလာစာရကို သီရိဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ဒဝယ်မြို၌ သာသနာပြုတော်မူသော ဆရာတော် ရှင်စန္ဒပညာကို စန္ဒဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

တောင်တွင်းကြီးမြို၌ သာသနာပြုတော်မူသော ဆရာတော် ရှင်ပညာမဇ္ဇုကို ပညာသာရဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ရမည်းသင်းဂါးမြို၌ သာသနာပြုတော်မူသော ဆရာတော် ရှင်တိက္ခသာမိကို တိက္ခသာမိဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ရန်အောင်မြို၌ သာသနာပြုတော်မူသော ဆရာတော် ရှင်သာရမဇ္ဇုကို သာရမဇ္ဇုသာဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကိုလှူတော်မူသည်။

ယင်းတော်မြို၌ သာသနာပြုတော်မူသော ဆရာတော် ရှင်အရိယဝံသကို ဂုဏာဘိဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော် မူသည်။ ။

ဆရာတော် ရှင်စန္ဒိမာကို ဇာနာဘိဓဇ ဗဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။ ။ဆရာတော် ရှင်အရိယဝံသကို အရိယဝံသဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ကျောက်ပန်းတောင်းမြို့၌သာသနာပြုတော်မူသောဆရာတော် ရှင်နန္ဒမေဓာကို နန္ဒသီရိဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ဝက်မစ္ဆတ်မြို့၌ သာသနာပြုတော်မူသော ဆရာတော် ရှင်စန္ဒမဠိ။သာကို စန္ဒာဘိဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

စလင်းမြို့၌ သာသနာပြုတော်မူသော ဆရာတော် ရှင်ဩဘာသကို ဩဘာသဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

တလုပ်မြို့၌ သာသနာပြုတော်မူသော ဆရာတော် ရှင်သီရိမာလာကို သီရိသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။ ။ဆရာတော် ရှင်နန္ဒမာလာကို တိက္ခပညာဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ပုခန်းကြီးမြို့၌ သာသနာပြုတော်မူသော ဆရာတော် ရှင်ပညာဒီပကို ပညဒီပဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။ ။ရှင်ဩဘာသက္ကိုကို ဥတ္တမဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ယောမြို့၌သာသနာပြုတော်မူသောဆရာတော် ရှင်သာသနဇောတကို သာသနဇောတဓဇ မဟာဓမ္မရာဇဂုရု တံဆိပ်ကို လှူတော် မူသည်။

အလုံမြို့၌ သာသနာပြုတော်မူသော ဆရာတော် ရှင်မေဓာဝိကို မုနိဝံသဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။ ။ဆရာတော် တပါး ရှင်ဇမ္ဗုဓဇကို စက္ကာဘိဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကိုလှူတော် မူသည်။ ။ဆရာတော်တပါး ရှင်အဂ္ဂဓမ္မကို အဂ္ဂဓမ္မာဘိဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

မုံရွေးဆရာတော်အရိယာလင်္ကာရအာဒိစ္စရံသီကို ဇုန္နဝဇီရာလင်္ကာရ သီရိဓဇမဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

မြေဒူးမြို့၌သာသနာပြုတော်မူသောဆရာတော်ရှင်ဝိဇ္ဇာဂရကို ဝိသုဒ္ဓါစာရဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ပဉ္စာလငါးမြို့၌ သာသနာပြုတော်မူသော ဆရာတော် ရှင်သာရမဠိ။ကို သာရဓဇမဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

မိုင်းကိုင်မြို့၌ သာသနာ ပြုတော်မူသော ဆရာတော် ရှင်ဓမ္မဝရကို ဓမ္မဝရဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ခေါင်တုံးမြို့၌ သာသနာပြုတော်မူသော ဆရာတော် ရှင်စန္ဒပညာကို ဇိနာဘိမုနိန္ဒဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

ကောလင်းမြို့၌ သာသနာပြုတော်မူသော ဆရာတော်ရှင်နန္ဒပညာကို နန္ဒပညာဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကိုလှူတော်မူသည်။

ကြီညွှပ်မြို့၌ သာသနာ ပြုတော်မူသော ဆရာတော် ရှင်ပညာစက္ကကို ပညာစက္ကဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကိုလှူတော်မူသည်။

မတ္တရာမြို့၌ သာသနာ ပြုတော်မူသော ဆရာတော် ရှင်ဉာဏဒီပကို ဉာဏဒီပဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

မြင်းခုံတိုင်မြို့၌သာသနာပြုတော်မူသော ဆရာတော်ရှင်ဂုဏမာလာကို ဂုဏမာလာဓဇမဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

မြင်စိုင်းမြို့၌ သာသနာပြုတော်မူသော ဆရာတော် ရှင်ဂန္ဓမာလာကို ဂုဏဝံသဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်ကို လှူတော်မူသည်။

မုံရွေးဆရာတော်အရိယာလင်္ကာရအာဒိစ္စရံသီကို ဒုတိယတကြိမ်ထပ်မံ တော်မူ၍ ဇုန္ဒဝဇီရာဘိလင်္ကာရ သီရိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု-ဟူသော တံဆိပ်ကို လှူတော်မူပြန်သည်။

တန်ဆောင်မုန်းလပြည့်ကျော် ရှစ်ရက်နေ့ ဘုရားစေတီပုထိုးများမှာ ဆီမီးတန်ဆောင်တိုင် အတောင်နှစ်ဆယ်, နှစ်ဆွဲငါးတောင့်, သုံးဆယ် တိုင်ပေါင်းရှစ်ဆယ်ညှိထွန်းပူဇော်တော်မူသည်။ ။လပြည့်ကျော်ကိုးရက် ဗုဒ္ဓဟူးနေ့ နံနက်တချက်တီးကျော် ခြောက်နာရီ နှစ်ပါဒ်၊ သုံးဗီဇနာ၊ နှစ်ပြန်၊ ကိုးခရာ၊ မကာရလက်၊ ကြကဋ္ဌစန်း၊ ကောင်းမြတ်သော မင်္ဂလာအခါတော်တွင် လွတ်တော်, ဇေတဝန်ဆောင်,သီဟာသန ရာဇပလ္လင် တော်များကို သိမ်းတော်မူသည်၊

နတ်တော်လဆန်းနှစ်ရက် ကြာသပတေးနေ့ နံနက်တချက်တီးကျော် လေးနာရီ၊ နှစ်ပါဒ်၊ တဆွဲလေးဗီဇနာ၊ သုံးပြန်၊ တခရာ၊ မကာရ လက်၊ မိန် စန်း၊ သောကြာ တြင်း၊ သောကြာ နဝင်း၊ လက်စီးနက္ခတ် နှစ်ဆွဲ တလုံးနှစ်ပါဒ်၊ ကောင်းမြတ်သော မင်္ဂလာ အခါတော်တွင် မိဖုရား,

သားတော်, ညီတော်,ဆွေတော်, မျိုးတော်, မှူးတော်, မတ်တော် ဗိုလ်မှူး တပ်မှူး, စစ်အင်္ဂါလေးပါး မြီရံလျက် အရှင် မိဖုရားခေါင်ကြီးနှင့် တကွ ရတနာရွှေဝေါ စီးတော်မှ၍ အရှေ့မျက်နှာ ဦးနှိမ်တံခါးတော်က ထွက်တော်မူပြီးလျှင် ရွှေမြို့တော်ကို လက်ယာရစ်လှည့်၍ သိမ်းတော်မူ၏။

* [ရွှေနန်းတော်တက်,မဟာသကြိန်ခေါ်,ထီးဆောင်းမင်္ဂလာ,မဟာဥကင်တော်ဖွင့်, လွှတ်တော်သိမ်း,ဗြတိုက်တော်သိမ်း, ရွှေမြို့တော်သိမ်းအစီရင်များတို့မှာ ရွှေနန်းစဉ်စာတမ်းရှိပြီဖြစ်၍ အကျယ်မဆိုသည်]။

နတ်တော်လဆန်း တဆဲ့ ငါးရက်နေ့ မဟာပိန္ဒနတ်ကို ရထားတင်၍ ဗာလီနတ်စာ ပေးတော်မူ၏။ ။ထိုအခါ အမိန့်တော် ရှိသည်ကား.... မဏိပုရကသည်းစော်ဘွား မဟာရှိန်ရာဇာသည် ငါအိမ်ရှေ့ စံတော်မူစဉ် အစ်ကိုယ်မဟာရာဇာနှင့် ကိုယ်တို့မသင့်မတင့်ကြ၍ ရွှေဘဝါးတော်အောက် ရောက်လာလျှင် ငါ့ခြေရင်းတော်တွင် မြေနေသည်ကို သနားတော်မူသောကြောင့် ငါမစတော်မူ၍ မဏိပုရမြို့ နန်းကို တင်တော်မူသည့် ကျွန်တော်မျိုးဖြစ်လျက် ငါအထွတ်အမြတ် ရောက်တော် မူလျှင် သစ္စာတော်ကိုသာ ခံသောက်၍ ရွှေစက်တော်အောက် မဖူးမရောက်နေသည့်အရာသည် သင့်သလော၊ မဟာရှိန်ရာဇာသားမယားနှင့်အကွ မဏိပုရကသည်းတပြည်လုံးကိုသိမ်းခဲ့ရမည်-အမိန့်တော်ရှိ၍ မဏိပုရကသည်းမြို့သို့ အသိမ်းအယူ ချီရမည်ကို ခန့်ရန်သည့်တပ်စဉ်ကား-

မင်းခေါင်ရဲထင်တတပ်၊ ရဲထင်နော်ရထာစည်သူတတပ်၊ ရဲလှရဲခေါင်တတပ်၊ နေမျိုး သူရသံတိုင် တတပ်၊ အင်းယဉ်းသူရ တတပ်၊ ဗလရဲခေါင်ကျော်ထင်တတပ်၊ နေမျိုးသီဟရဲကျော်တတပ်၊ ရဲလှရဲခေါင်နော်ရထာ တတပ်၊ ကလေးစော်ဘွား မောရိယ သီဟရာဇာတတပ်၊ သီဟကျော်သူကျော် တတပ်၊ ကျော်ထင်သူရရွှေဘောင်တတပ်၊ ရဲလှစတ္တသူတတပ်၊ မဟာဇေယဝတ္ထနရာဇာတတပ်၊ တလုပ်မြို့ဝန် မဟာသူရကျော်ထင်တတပ်၊ညီတော်ရမ္မာဝတီမြို့စား မင်းသားသတိုးမင်းရဲကျော်စွာတပ်မနှင့်သော် တပ်ပေါင်း တဆဲ့ငါးတပ်တွင်ပါသည့် ထိုက်ဆင်လေးဆယ်, မြင်းတထောင်, စစ်သည်သူရဲ တသောင်းမှာ ကင်းဝန် မဟာမင်းလှကျော်စွာ, ဇင်္ဂသဘုံးမြို့စား မဟာဇေယသူတို့ကို စစ်ကဲ, ညီတော်ရမ္မာဝတီမင်းသား သတိုးမင်းရဲကျော်စွာကို အချုပ် ခန့်တော်မူ၍ နတ်တော်လပြည့်ကျော်တရက်နေ့ မလိန်ခွေးပူကြောင်း မဏိပုရမြို့သို့ချီရသည်။

ဃယ်တီမင်္ဂျိုင်-၃၃

ယင်းနောက်ရွှေးလက်ယာဗိုလ်မင်းကျော်တန်ဆောင်တတပ်၊လက်ယာကြောင်းဗိုလ် မင်းကျော်သူရိန်တတပ်၊ လက်ယာမာရဘင်ဗိုလ်မင်းကျော်စည်သူတတပ်၊ မြို့လတ်ဝန် မင်းလှမင်းခေါင်ကျော်တတပ်၊ ဒဝယ်ဗိုလ်မင်းကျော်ရဲထင်တတပ်၊ ပြင်စည်မြို့ဝန် မင်းရဲကျော်ထင်တတပ်၊ ပင်းတလဲမြို့ဝန် နေမျိုးမင်းလှမင်းထင် တတပ်၊ အင်ထောက်သာ မြို့ဝန်ရဲခေါင်နော်ရထာတတပ်၊တုရင်သူရန်တတပ်၊ဝန်းသိုမြို့ဝန် နေမျိုးသိဒ္ဓိသူတတပ်၊ ပဆွာလင်းမြို့ဝန် ကျော်စွာနော်ရထာ တတပ်၊ တောင်ဘက် တိုက်ဝန် နေမျိုးမင်းလှတတပ်၊ နေမျိုးသီဟရွှေတောင် တတပ်၊ နေမျိုးသူရကျော်ခေါင်တတပ်၊ နန္ဒိသေနကျော်တတပ်၊ စစ်တောင်းမြို့ဝန် နေမျိုး သီဟရဲခေါင်တတပ်၊ နေမျိုးမင်းထင်တတပ်၊ နေမျိုးမင်းလှမင်းခေါင်တတပ်၊ စွန်းလွန်းဗိုလ် မင်းကျော်ရဲခေါင် တတပ်၊ စို့လေးဆယ်ဒိုင်းဝန် မဟာမင်းခေါင်တတပ်၊ သာယာဝတီမင်းဝန် နေမျိုး လက်ယာကျော်ထင်တတပ်၊ ဝန်းသိုမြို့စား သတိုးမင်းရဲသီဟသူတပ်မနှင့်သော် တပ်ပေါင်းနှစ်ဆဲ့နှစ်တပ်တွင်ပါသည့် တိုက်ဆင်ငါးဆယ်, မြင်း တထောင့်တရာ, စစ်သည်သူရဲ တသောင်းတထောင်မှာ ဘိလူးကျွန်း မြို့စား၊ မင်းရဲဇေယျကျော်, မြောက်ဘက်မြင်းဝန် မင်းလှမင်းထင် တို့ကိုစစ်ကဲ, ဝန်းသိုမြို့စား သတိုး မင်းရဲသီဟသူကို အချုပ်ခန့်တော်မူ၍ နတ်တော်လပြည့်ကျော်လေးရက်နေ့ ဆူးပုံကြောင်း မကိုပူရသို့ချီရသည်။

ယင်းကမ္ဘ ညီတော် ဒွါရာဝတီမင်းသား သတိုးမင်းရဲကျော်ထင်တပ်မတော်တွင် ကန့်မြို့ဝန် နေမျိုးရဲခေါင်ကျော်ထင် တတပ်၊ နေမျိုးကျော်ခေါင်တတပ်၊ ဇေယနော်ရထာ တတပ်၊ မြေဒူးမြို့ဝန် ရဲကျော်နော်ရထာတတပ်၊ ကတူးစား ရဲသူဇေယနော်ရထာတတပ်၊ နေမျိုးသူရရွှေတောင်တတပ်၊ ဇေယရွှေတောင်ကျော် တတပ်၊ ရွှေတောင်အာကာ တတပ်၊ ရဲလှကျော်ခေါ်ငနော်ရထာတတပ်၊ကျော်ခေါင်ဇေယနော်ရထားတတပ်၊ ရဲထင်အာကာတတပ်၊ သီဟသူရကျော်တတပ်၊ တုရင်စက္ကတတပ်၊စလေမြို့စား နေမျိုးမင်းလှရာဇာသူ တတပ်၊ ဒလမြို့ဝန် နေမျိုးမင်းခေါင်တတပ်၊ မင်းရဲသီဟကျော် တတပ်၊ မြစ်သားမြို့စား မင်းလှမင်းခေါင် တတပ်၊ နေမျိုးကျော်စွာရွှေတောင် တတပ်၊ ညောင်ပင်ဆိပ် မြို့စား နေမျိုးသူရရဲခေါင်တတပ်၊ သပြေငါးရွာစား နေမျိုးရဲခေါင်ကျော်တတပ်၊ထင်းဇင်းဗိုလ် ကျော်ခေါင်ဇေယနော်ရထာ တတပ်၊ ရဲခေါင်တုရင်တတပ်၊ မအူမြို့စား မင်းလှမင်းငယ်ကျော်တတပ်၊ မတ္တရာမြို့စား မင်းလှရွှေတောင်ကျော်

တတပ်၊ ရွှေတောင်စန္ဒနော်ရထာ တတပ်၊ ပျံချီဇေယတတပ်၊ သီဟရန္တ ကျော်တတပ်၊ ရန်နိုင်သူရကျော်တတပ်၊ ရမည်းသင်းမြို့ဝန် မဟာသီဟ ပတေ့ တတပ်၊ ညီတော် ဒွါရာဝတီမင်းသား သတိုး မင်းရဲကျော်ထင် တပ်မနှင့်သော် တပ်ပေါင်း သုံးဆယ်တွင်ပါသည့် တိုက်ဆင်ခုနစ်ဆယ်, မြင်းတထောင့်ငါးရာ, စစ်သည်သူရဲ တသောင်းငါးထောင်မှာ အလုံမြို့ဝန် မင်းကြီးမဟာဗန္ဓုလကို လက်ဝဲစစ်ကဲကြီး, ပုခန်းကြီးမြို့ဝန် မင်းကြီး မင်းခေါင်ကျော်ကို လက်ယာစစ်ကဲကြီး ခန့်တော်မူပြီးလျှင် ရွှေချီရမ္မာ ဝတီမြို့စား မင်းသားသတိုးမင်းရဲကျော်စွာနှင့်တဆွဲငါးတပ်၊ဝန်းသိုမြို့စား သတိုးမင်းရဲသီဟသူနှင့် နှစ်ဆွဲနှစ်တပ်များနှင့်တကွ တပ်ပေါင်းခြောက်ဆွဲ ခုနစ်တပ်တွင်ပါသည့် တိုက်ဆင်တရာ့ခြောက်ဆယ်၊ မြင်း သုံးထောင့် ခြောက်ရာ, စစ်သည်သူရဲ သုံးသောင်းခြောက်ထောင်များကို ညီတော် ဒွါရာဝတီမင်းသား သတိုးမင်းရဲကျော်ထင်ကို ဗိုလ်ချုပ် ခန့်တော်မူ၍ နတ်တော်လပြည့်ကျော်ခုနစ်ရက်နေ့ တမူးကြောင်း မဏိပူရမြို့သို့ ချီရ၏။

မဏိပူရစော်ဘွား မဟာရိန်ရာဇာလည်း ရွှေဘဝါးတော်အောက်က တပ်တော်များ ချီတက်လာကြောင်းကို ကင်းအထောက်အလှမ်းထား သူတို့က ဆင့်ပြော၍ကြားသိလေလျှင် တပ်တော်များ မပေါက်မရောက် နိုင်အောင် မလိန်ခွေးပူကြောင်း, ဆူးပုံကြောင်း, တမူးကြောင်းများနှင့် ခရီးလမ်းပေါက် လမ်းဝဆိုသမျှများမှာ ဆင်မြင်းလက်နက် လူသူ တပ် အထောက်ထောတ် စည်းကြပ်ရပ်ခံစေပြီးလျှင် သားမယားတို့ကို အတ္တ ပတ်မြို့အနီး တောအုံတောင်ကမ်းကြီးရာ အလုံအခြိုဝိုထား၍ မဏိပူရမြို့ အရှေခရီးတသောင်းကျော်ကွာ ဟဲလောက်ဝအရပ်တွင် တပ်မြေကတုတ် အဖြိုးအခိုင်တည်လုပ်စေ၍ ဆင်မြင်းလက်နက်လူသူ ဗိုလ်မှူးတပ်မှူးအများ နှင့် ယောကျွမ ထွတ်စောင်မန္ဒလိကို စွဲရပ်နေစေပြီးလျှင် ကသည်းစော်ဘွား မဟာရိန်ရာဇာ့ကိုယ် မဏိပူရမြို့အရှေတောင် ခရီးတသောင်းကျော်ကွာ အရပ်အခံကောင်းသည့် ကက်စိန်အရုပ်တောင်ကြီးနှစ်ဘက်အကြား ထွင် အရှေအနောက် တာတဆောင်ကျော် မြေကတုတ်တပ်ကြီး၊တောင်ကြီးနှစ်ဘက်ကိုခတ်အောင်အဖြိုးအခိုင်တည်လုပ်၍ အမြောက် စိန်ပြောင်း အပြည့်တင်ပြီးလျှင် ဆင်ကောင်း မြင်းကောင်း သူရဲကောင်း ရွေးချယ် စည်းကြပ်၍ ကြုံကြုံခံနေ၏။

ညီတော် ဒွါရာဝတီမင်းသား သတိုးမင်းရဲကျော်ထင်တို့ တပ်ပေါင်း ခြောက်ဆွဲခုနစ်တပ်လည်း နေပြည်တော်က စခန်းစဉ်အတိုင်း ချီတက်ခဲ့၍

တဆွဲ ခုနစ်စခန်းနှင့် သလွာဝတီ မော်လူးဆိပ် နတ်ကျွန်း အောင်မြေ အရပ်သို့ စစ်သုံးကြောင်းလုံး အရောက်ညီကြလျှင် သုံးရက် ဆင်မြင်း စစ်သည်ဗိုလ်ပါတို့ကို ဖြည့်တင်းစေ၍ တပို့တွဲလဆန်း တဆွဲနှစ်ရက်နေ့ မင်းခေါင်ရဲထင်တတပ်၊ ရဲထင်နော်ရထာစည်သူ တတပ်၊ ရဲလှကျော်ခေါင်တတပ်၊ နေမျိုးသူရသံတိုင်တတပ်၊ အင်းယဉ်းသူရ တတပ်၊ ဗလရဲခေါင်ကျော်ထင် တတပ်၊ နေမျိုးသီဟရဲကျော် တတပ်၊ ရဲလှရဲခေါင်နော်ရထာ တတပ်၊ ကလေးစော်ဘွား မောရိယသီဟရာဇာ တတပ်၊ သီဟကျော်သူတတပ်၊ ကျော်ထင်သီဟရွှေတောင် တတပ်၊ ရဲလှစတ္တသူ တတပ်၊ မဟာဇေယဝဇ္ဇန္တရာဇာ တတပ်၊ တလုပ်မြို့ဝန် မဟာသူရကျော်ထင်တတပ်၊ ညီတော် ရမ္မာဝတီမင်းသား သတိုးမင်းရဲကျော်စွာတပ်မှန့်တပ်ပေါင်း တဆွဲငါးတပ်ကို ညီတော်ရမ္မာဝတီမင်းသား သတိုးမင်းရဲကျော်စွာချုပ်၍သလွာဝတီမြစ်ကို နတ်ကျွန်းအောင်မြေမြောက်စန္ဒားဆိပ် ကကူးပြီးလျှင် မင်းသာရွာကသည် မလိန်ခွေးပူကြောင်းချီတက်စေသည်။

ဝန်းသိုမြို့စား သတိုးမင်းရဲသီဟာသူတို့ နှစ်ဆွဲနှစ်တပ်, ညီတော်ဗိုလ်ချုပ် ဒွါရာဝတီမင်းသား သတိုးမင်းရဲကျော်ထင်တို့တပ်မတော်သုံးဆယ်၊ သည်တပ်ပေါင်း လေးဆွဲနှစ်တပ်မှာမူကား သလွာဝတီမြစ်ကို နတ်ကျွန်း အောင်မြေဆိပ်က တလုံးတည်းကူး၍ တမူးကိုချီသည်။

တမူးသို့ရောက်လျှင် ရွှေးလက်ယာဗိုလ် မင်းကျော်တန်ဆောင် တပ်၊ လက်ယာကြောင်းဗိုလ် မင်းကျော်သူရိန်တပ်၊ လက်ယာ မာရဘင်ဗိုလ် မင်းကျော်စည်သူတပ်၊ မြို့လတ်ဝန် မင်းလှ မင်းခေါင်ကျော်တပ်၊ ဒဝယ်ဗိုလ် မင်းကျော်ရဲထင်တပ်၊ ပြင်စည်မြို့ဝန် မင်းရဲကျော်ထင်တပ်၊ တောင်ဘက်တိုက်ဝန် နေမျိုးမင်းလှတပ်၊ အင်ထောက်သာမြို့ဝန် ရဲခေါင်နော်ရထာတပ်၊ တုရင်သူရိန်တပ်၊ ဝန်းသိုမြို့ဝန် နေမျိုးသိဒ္ဓိသူတပ်၊ ပဉ္စာလငါးမြို့ဝန် ကျော်စွာနော်ရထာတပ်၊ ပင်းတလေမြို့ဝန် နေမျိုး မင်းလှမင်းထင်တပ်၊ နေမျိုးရွှေတောင်တပ်၊ နေမျိုးသူရကျော်ခေါင်တပ်၊နန္ဒိသေနကျော်တပ်၊ စစ်တောင်းမြို့ဝန် နေမျိုးသီဟရဲခေါင်တပ်၊ နေမျိုးမင်းထင် တပ်၊ နေမျိုးမင်းလှမင်းခေါင်တပ်၊စွန်းလွန်းဗိုလ်မင်းကျော်ရဲခေါင်တပ် စိုလေး ဆယ်ဒိုင်းဝန်မဟာမင်းခေါင်တပ်၊ နေမျိုးလက်ယာကျော်ထင်တပ်၊စစ်ကဲဘိလူးကျွန်းရွာစား မင်းရဲဇေယကျော်တပ်၊ စစ်ကဲ မြောက်ဘက်မြင်းဝန် မင်းလှမင်းထင် တပ်၊ ဝန်းသိုမြို့စား သတိုးမင်းရဲသီဟသူ တပ်မှန့်သော်

တပ်ပေါင်း နှစ်ဆဲ့ငါးတပ်ကို ဝန်းသိုမြို့စား သတိုးမင်းရဲသီဟသူချုပ်စေ ပြီးလျှင် ကွပ်တောင်ဆူးပုံကြောင်းကိုခွဲ၍ ချီတက်စေသည်။

ညီတော် ဗိုလ်ချုပ် ဒွါရာဝတီမြို့စား မင်းသား သတိုး မင်းရဲကျော်ထင် နှင့် တပ်ပေါင်းသုံးဆယ်မှာ ကန္ဒီမြို့ဝန် နေမျိုး ရဲခေါင်ကျော်ထင် တပ်၊ နေမျိုးကျော်ခေါင်တပ်၊ ကင်းတပ်မှူး ဇေယနော်ရထာတပ်၊ မြေဒူးမြို့ဝန် ရဲကျော်နော်ရထာတပ်၊ ကတူးစား ရဲသူ ဇေယနော်ရထာတပ်၊ နေမျိုး သူရရွှေတောင်တပ်၊ ရွှေတောင်အာကာတပ်၊ ဇေယ ရွှေတောင်ကျော် တပ်၊ ရဲလှနော်ရထာတပ်၊ ကျော်ခေါင် ဇေယနော်ရထာတပ်၊ ရဲထင် အာကာတပ်၊ သီဟသူရကျော်တပ်၊ တုရင်စတ္ဘတပ်၊ လက်ဝဲစစ်ကဲကြီး အလုံမြို့ဝန် မင်းကြီးမဟာဗန္ဓုလတပ်နှင့် တပ်ပေါင်း တဆဲ့လေးတပ်ကို စစ်ကဲကြီး အလုံမြို့ဝန် မင်းကြီးမဟာဗန္ဓုလချုပ်၍ မိုးလေးဝ ပြည်တောင် ချင်းရွာကြောင်း ရွှေတပ်ဦးချီစေပြီးလျှင် စလေမြို့စား နေမျိုးမင်းလှရာ ဇာသူတပ်၊ ဒလမြို့ဝန် နေမျိုးမင်းခေါင်တပ်၊ မင်းရဲသီဟကျော်တပ်၊ မြစ် သားမြို့စား မင်းလှမင်းခေါင် တပ်၊ နေမျိုး ကျော်စွာရွှေတောင် တပ်၊ ညောင်ပင်ဆိပ်မြို့စား နေမျိုးသူရရဲခေါင်တပ်၊ သပြေငါးရွာစား နေမျိုး ရဲခေါင်ကျော်တပ်၊ လင်းဇင်းဗိုလ် ကျော်ခေါင်ဇေယ နော်ရထာတပ်၊ ရဲခေါင်တုရင်တပ်၊ မအူမြို့စား မင်းလှမင်းယော်ကျော်တပ်၊ မတ္တရာမြို့စား မင်းလှရွှေတောင်ကျော်တပ်၊ ရွှေတောင်နန္ဒနော်ရထာတပ်၊ သီဟရန်ကာ ကျော်တပ်၊ ရန်နိုင်သူရကျော်တပ်၊ ရမည်းသင်းမြို့ဝန် မဟာသီဟပတေ့ တပ်၊ လက်ယာစစ်ကဲကြီး ပုခန်းကြီးမြို့ဝန် မင်းကြီးမင်းခေါင်ကျော်တပ်၊ ညီတော်ဗိုလ်ချုပ် ဒွါရာဝတီမင်းသား သတိုးမင်းရဲကျော်ထင်တပ်မတော် နှင့် တပ်ပေါင်း တဆဲ့ရှစ်တပ်မှာ မိုးလေးဝပြည်တောင် ချင်းရွာကြောင်း ချီ စစ်ကဲကြီး အလုံမြို့ဝန် မင်းကြီးမဟာဗန္ဓုလတို့ တဆဲ့လေးတပ်နှင့် ထောံ မှိလှမ်းမှိ နောက်အုပ်၍ ချီတက်၏။ ယင်းသို့တပ်တော်များ မလိန်ခွေးပူ ကြောင်း, ဆူးပုံကြောင်း တမူးကြောင်း ဖြန့်၍ချီတက်စေသည်။

ကသည်းတို့ကလည်း ပလွင်ဆွေလာဝတောင် နှစ်ဘက်ကြား ခရီး ကျဉ်းတွင် တပ်တော်များ မပေါက်မရောက် နိုင်အောင် ကသည်းစော်ဘွား မဟာရှိန်ရာဇာ သားအဘ မြင်း လူအများနှင့် ရပ်ခံနှင့်သည်ကို တမူးကြောင်းတပ်ဦးချီ လက်ဝဲစစ်ကဲကြီးအလုံမြို့ဝန်မင်းကြီးမဟာဗန္ဓုလ တို့ တဆဲ့လေးတပ်၊ ဆူးပုံကြောင်းတပ်ဦးချီ ရွှေးလက်ယာဗိုလ်မင်းကျော် တန်ဆောင်တို့ တဆဲ့ရှစ်တပ်၊ တပ်ပေါင်း သုံးဆဲ့နှစ်တပ် ပေါင်းဆုံမိကြ

သည်နှင့် နေညဉ့်မရဝ်မဆိုင်းတိုက်သည်၊ နှစ်ရက်ရှိ၍ ကသည် တို့ မြင်း လူအများ သေဆုံးလေလျှင် ကသည်းစော်ဘွား မဟာရှိန်ရာဇာ မရဝ် မခံနိုင် ပလွင်ဆွေလာဝကဆုတ်ခွာ၍ ရှေးအလောင်းဘုရား မြေကတုတ် ကြီးတွင်ခံပြန်သည်၊လက်ဝဲစစ်ကဲကြီး အလုံမြို့ဝန်မင်းကြီးမဟာဗန္ဓုလ, ရွှေး လက်ယာဗိုလ် မင်းကျော်တန်ဆောင်တို့ တဝ်ပေါင်း သုံးဆဲ့နှစ်တဝ်လည်း မရဝ်မဆိုင်း ချီတက် လိုက်ထဝ်၍ ကသည်း စော်ဘွား မဟာရှိန်ရာဇာ သားအဘတို့ခံနှင့်သည့် မြေကတုတ်ကြီးကို နေညဉ့် မရဝ်မတင်း တိုက် သည်၊ တညဉ့်နှင့်တရက်ရှိလျှင် ကသည်း စော်ဘွား မဟာရှိန် ရာဇာ မစည်းမကြဝ်နိုင် ဆုတ်ခွာပြန်၍ ကက်စိန်တဝ်ကြီးနှင့် တာငါးရာကွာ အရဝ် မြေကတုတ်ကြီးတွင် ကသည်းစော်ဘွား မဟာမိုန်ရာဇာသားအဘ ကြီးကြီးကြဝ်ကြဝ် ကွဝ်၍ ကြီ့ကြီ့ခံသည်ကို လက်ဝဲစစ်ကဲကြီး အလုံမြို့ဝန် မင်းကြီးမဟာဗန္ဓုလ, ရွှေးလက်ယာဗိုလ် မင်းကျော်တန်ဆောင်တို့သုံးဆဲ့ နှစ်တဝ်လည်း မြေကတုတ်ကြီးသို့ ချဉ်း၍ တဝ်စွဲရဝ်သည်၊ ကသည်းတို့ ကလည်း တဝ်တော်များ မစွဲမရဝ် နိုင်အောင် တဝ်တွင်းက ပြောင်း အမြောက်နှင့် လှမ်းကာပစ်လွှတ်သည်၊ မြင်းနှစ်ထောင်စု, သုံးထောင်စု ထွက်၍လည်း အနှံ့အစပ်ထိုးသည်၊ အနောက်တောင်ခြေ, အရှေတောင် ခြေများကလှည့်၍လည်း မြင်းနှစ်ထောင်စု,သုံးထောင်စု တဝ်တော်များ ကို နောက်ကပတ်၍ထိုးသည်၊ လက်ဝဲစစ်ကဲကြီး အလုံမြို့ဝန် မင်းကြီး မဟာဗန္ဓုလ, ရွှေးလက်ယာဗိုလ်မင်းကျော်တန်ဆောင်တို့ သုံးဆဲ့နှစ်တဝ် လည်း ကြီ့ကြီ့ခံနေပြီးလျှင် ကသည်းတို့က မြင်းအားဘိ၍ထွက်လှာသည်ကို ဆင်အားဘိပြီးလျှင် ပြောင်းသေနတ်နှင့် မလွတ်ရအောင် ရွယ်ကာပစ် လွှတ်စေသည်၊ ကသည်းမြင်းနှစ်ထောင်စု,သုံးထောင်စု အစုစုထွက်လှာ သမျှ အထိအပါး အသေအဆုံးများလှလေလျှင် တဝ်တွင်းသို့ ဆုတ်ခွာ ဝင်ပြေး၍ တဝ်တော်သုံးဆဲ့နှစ်တဝ် ကသည်းတို့ မြေကတုတ်တဝ်ရင်းသို့ ချဉ်း၍ တဝ်မြေကတုတ် စွဲရဝ်နိုင်သည်နှင့် စွဲလေးဆယ်ဒိုင်းဝန်မဟာမင်း ခေါင်တဝ်၊ စွန်းလွန်းဗိုလ်မင်းကျော်ရဲခေါင်တဝ်၊ နေမျိုးသူရကျော်ခေါင် တဝ်၊ ငွဲသဘုံးမြို့စား မဟာဇေယသူတဝ်၊ ကင်းဝန် မဟာ မင်းလှကျော် စွာတဝ်၊ နေမျိုးမင်းထင်ဟဝ်၊ တောင်ဘက်တိုက်ဝန် နေမျိုး မင်းလှတဝ်၊ ဝန်းသိုမြို့စား သတိုးမင်းရဲသီဟသူတဝ်၊ သည်ခုနစ်တဝ် ဗိုလ်းလျှင် တဝ် တော် သုံးဆဲ့ ကိုးတဝ် ပေါင်း၍ ကသည်းစော်ဘွား မဟာရှိန် ရာဇာ သားအဘခံသည့်တဝ် မြေကတုတ်ကြီးကို တိုက်ကြသည်၊ မြောက်ရက်ရှိ

လျှင် ကသည်းတို့ အထိအပါးအသေအဆုံး များလှသည်နှင့် ကသည်း စော်ဘွား မဟာရှိန်ရာဇာ မစည်းမကြပ် မရပ်မခံနိုင် တပ်အလုံးကိုနှတ်၍ ကက်စိန်တပ်တွင်းသို့ ဆုတ်ခွာ ဝင်နေပြီးလျှင် မြို့နှင့်အတူတပ်မြေကတုတ် ကြီးထက် အမြောက်စိန်ပြောင်းအပြည့်တင်၍ အခိုင်ခံလေ၏။

ဗိုလ်ချုပ်ဒဂါရာဝတီမင်းသား သတိုးမင်းရဲကျော်ထင်လည်း ကသည်း စော်ဘွား မဟာရှိန်ရာဇာတက်၍ ခံသည့်မြေကတုတ်တပ် ပျက်၍ ကက် စိန်တပ်ကြီးတွင်းသို့ ဆုတ်ခွာဝင်နေလေလျှင် စိုဲ့လေးဆယ် ဒိုင်းဝန်မဟာ မင်းခေါင်တပ်, စွန်းလွန်းဗိုလ် မင်းကျော်ရဲခေါင်တပ်, နေမျိုးသူရကျော် ခေါင်တပ်, သည်သုံးတပ်ကို သေနတ်စွဲ သူရဲ နှစ်ထောင်ကျော်နှင့် ကက် စိန် အနောက် တောင်စဉ်တောင်တန်းကို တက်၍ ချီစေသည်။

နေမျိုးမင်းလှမင်းခေါင်တပ်, နေမျိုးမင်းထင်တပ်, သည်နှစ်တပ်ကို သေနတ်စွဲ သူရဲ တထောင်ကျော်နှင့် ကက်စိန်အရှေ့ တောင်တပ် မြင်း လမ်းကိုလျှောက်၍ ချီစေသည်၊ လက်ဝဲစစ်ကဲကြီး အလုံမြို့ဝန် မင်းကြီး မဟာဗန္ဓုလနှင့် ရွှေးလက်ယာဗိုလ် မင်းကျော်တန်ဆောင်, ဝန်းသိုမြို့စား သတိုးမင်းရဲသီဟသူတို့ တပ်ပေါင်းသုံးဆဲ့ငါးတပ်ကိုလည်း ကက်စိန်တပ် ရင်းသို့ချဉ်း၍ အကြိမ်ကြိမ်တက်စေသည်၊ ကက်စိန်တပ်ကြီးတွင်းက တပ် ထိပ်သို့ လူသူပြောင်းအမြဲ့ောက်သေနတ်အပြည့်တင်၍ ကသည်းစော်ဘွား မဟာရှိန်ရာဇာ့ကိုယ်ကြီးကြီးကြပ်ကြ အပြင်းအပြ နာနာကျည်းကျည်းကွပ် ၍ ခံသောကြောင့် သူရဲတော်တို့ အထိအပါးအရှအန အသေအဆုံးသာ များ၍ တပ်တွင်းသို့ မပေါက်မရောက်နိုင်ရှိသည်။

ယင်းသောအခါ ဗိုလ်မှူးတပ်မှူး အပေါင်းတို့ကို ရုံးစု၍ လက်ဝဲစစ်ကဲ ကြီး မင်းကြီးမဟာဗန္ဓုလ ဤသို့ဆို၏၊ ကသည်းစော်ဘွား မဟာရှိန်ရာဇာ စီရင်၍ လုံးကြီးရင်းကြီးနှင့် အထောက်ထောက်ခံသည့် တပ်မြေကတုတ် ဆိုသမျှကို ငါတို့တိုက်လျှင် ပျက်သည်၊ ယခု ကက်စိန်တပ်မှာ မူကား- တောင်ကြီးနှစ်ဘက်အကြား တာတထောင်ကျော်ကို ခတ်အောင် မြို့နှင့် အတူ တပ်မြေကတုတ်ကြီးတည်ပြီးလျှင် လူသူပြောင်းအမြောက် အပြည့် တင်၍ ကသည်းစော်ဘွား မဟာရှိန်ရာဇာ့ကိုယ် ကြိုး၍ခံသည်၊တပ်မြေ ကတုတ်လည်း ကြီးလှမြင့်လှသောကြောင့် အကြိမ်ကြိမ်တက်သော်လည်း သူရဲတော်တို့ အထိအပါးအရှအန အသေအဆုံးသာများ၍ တပ်တွင်းသို့ မပေါက်မရောက်တည့်နိုင် ရှိသည်၊ ယခု သူရဲတော် အပေါင်းတို့လည်း ပခုံးထက်တွင်ပါသည့် မျိုးရိကွာ များကိုသာ စားသောက် ကြရသော

ကြောင့် တပ်တိုင်း မျိုးရိကွာဆွံ့ရှား၍ ဆန်စပါးရှာဖွေစေသည်ကိုလည်း တလုံးတစေ့မျှ မရနိုင်ရှိသည်၊ ခွေးပူကြောင်းခွဲ၍ ချီစေသော ညီတော် ရမ္မာဝတီမင်းသား သတိုးမင်းရဲကျော်စွာတို့ တဆဲ့ငါးတပ်က အရေး အကြောင်းကိုလည်း မထောက်မလှမ်းသာ၍ မကြားမသိရရှိသည်၊ ရှည်လသော် အရေးတော် ခက်ချိမ့်မည်၊ ရွှေတရက်နှစ်ရက်ကို ကဏ်စိန်တပ်ကြီးကိုရ၍ စစ်သုံးကြောင်းလုံး ထောက်မှီလှမ်းမှီ မျိုးရိကွာ ရသာယူသာ ကွန့်ကွန့်လွန့်လွန့် ထုပ်ကြီရသည်ဖြစ်မှ ကသည်းတတိုင်းလုံးကို အလိုတော် ပြည့်လွယ်မည်၊ သည်အရေးတွင် အသက်စွန့်၍ အမှုတော်ကို ထမ်းကြရမည်-လက်ဝဲစစ်ကဲကြီး အလုံမြို့ဝန် မင်းကြီးမဟာဗန္ဓုလက ဆိုသည်ကို ဗိုလ်မှူးတပ်မှူး အပေါင်းတို့ တစိတ်တဝမ်းတည်း ညီညွတ်ကြလေလျှင် ကန့်မြို့ဝန် နေမျိုး ရဲ့ခါင်ကျော်ထင်တပ်, နန်ဒိသေနကျော်တပ်, သည်နှစ်တပ် ရွေးလူသေနတ်စွဲ သူရဲ တထောင်ကျော်ကို အနောက်တောင်ရိုးကြောင်း ချီစေသော စို့လေးဆယ်ဒိုင်းဝန် မဟာမင်းခေါင်တပ်,စွန်းလွန်းဗိုလ် မင်းကျော်ရဲခေါင်တပ်, နေမျိုးသူရကျော်ခေါင်တပ်, သည်သုံးတပ်နှင့်ပေါင်းစေ၍ ကဏ်စိန်တပ်အနောက်ဆွယ်ကို တောင်ထိပ်က ဆင်း၍ တပ်တွင်းသို့ဝင်နိုင်အောင် ဝင်ကြရမည် တက်စေသည်၊ ရွှေးလက်ယာ ဗိုလ် မင်းကျော်တန်ဆောင်တပ်, မြို့လတ်ဝန် မင်းလှမင်းခေါင်ကျော်တပ်, နေမျိုးမင်းလှမင်းခေါင်တပ်, မာရဘင်ဗိုလ် မင်းကျော်စည်သူတပ်, သည်လေးတပ် ရွေးလူသေနတ်စွဲ သူရဲနှစ်ထောင်ကျော်နှင့် ကဏ်စိန်တပ်ကြီး အရှေ့ဆွယ်ကိုနင်း၍တပ်တွင်းသို့ဝင်နိုင်အောင်ဝင်ကြရမည်တက်စေသည်၊ ထို့ပြင် တပ်တော်ဆိုသမျှတို့မှာ လက်ဝဲစစ်ကဲကြီး အလုံမြို့ဝန် မင်းကြီး မဟာဗန္ဓုလအုပ်ကွပ်၍ ကဏ်စိန်တပ်တွင်းသို့ ဝင်နိုင်အောင်ဝင်ကြရမည်ဟု တပ်တိုင်းစေအောင် ဆင့်ဆိုပြီးလျှင် တက်စေသည်၊ ယင်းသို့ တပ်တော်များချဉ်း၍ တက်သည်ကို တပ်တွင်းက ကသည်းစော်ဘွား မဟာရှိန်ရာဇာတို့ မပေါက်မရောက်နိုင်အောင် အပြင်းအပြုနာနာကျည်းကျည်းကွပ်၍ တပ်ထိပ်က ပြောင်းသေနတ်အမြောက်နှင့် လှမ်း၍ လွှတ်သည်၊ တပ်ရင်းသို့ချဉ်းလာရောက်လာသမျှကိုလည်း မထွက်နိုင်အောင် ဆီးခံထိုးခုတ်ရိုက်ချသည်၊အနောက်တောင်ကြီးထိပ်ကလည်း အမြောက်စိန်ပြောင်းနှင့် လှမ်း၍လွှတ်စေသည်၊ သူရဲတော် ဗိုလ်မှူးတပ်မှူး အပေါင်းတို့လည်း ထိပါးရှုနသေဆုံးသည်ကို အလေးအစားမရှိ တပ်တွင်းသို့ပေါက်အောင် ကိုသာ အသက်စွန့်၍ တက်သည်၊ ယင်းသို့ နံနက်ခြေကတိုက်သည်၊ညနေ

သုံးချက်တီးကျော်လျှင် ကသည်းစော်ဘွား မဟာရှိန်ရာဇာအသက်စွန့်၍ အနာအကျည်း ကွပ်ကဲခုခံပါသော်လည်း မရပ်မခံနိုင်ရှိသည်နှင့် တပ်ကြီး အနောက်ဆွယ်ကတက်သည့် ကန္ဒီမြို့ဝန်နေမျိုးရဲခေါင်ကျော်ထင်, စို့လေး ဆယ်ဒိုင်းဝန် မဟာမင်းခေါင်, နန္ဒီသေနကျော်, စွန်းလွန်းဗိုလ် မင်းကျော်ရဲခေါင်, နေမျိုးရဲခေါင်, နေမျိုးသူရကျော်ခေါင်တို့ ငါးတပ်၊ တပ်ကြီး အရှေ့ဆွယ်ကတက်သည့် ရွှေးလက်ယာဗိုလ် မင်းကျော်တန်ဆောင်, မြို့ လတ်ဝန် မင်းလှမင်းခေါင်ကျော်, နေမျိုး မင်းလှမင်းခေါင်, မာရဘင် ဗိုလ် မင်းကျော်စည်သူတို့ လေးတပ်၊ သည်တပ်ပေါင်း ကိုးတပ်၊ တပ် အနောက်ဆွယ် အရှေ့ဆွယ်များကဝင်မိ၍ တပ်တွင်းမှာ မီးထင်းတိုက်ရှို့ သည်၊ တပ်တော်ဆိုသမျှလည်း တပြိုင်နက်တက်၍ သူရဲတော် ဗိုလ်မှူး တပ်မှူးတို့ ဆင်ပါမြင်းပါ ကက်စိန်တပ်ကြီးတွင်းသို့ ဝင်မိကြလေလျှင် အနှံ့ အစပ် မီးထင်းတိုက်ရှို့၍ တွေ့တိုင်း မြင်တိုင်း လိုက်လံချင်းနင်း ထိုးခုတ် ဖမ်းဆီးသတ်ဖြတ်၍ ကက်စိန်တပ်ကြီးကို အလိုတော်ပြည့်သည်။ကသည်း စော်ဘွား မဟာရှိန်ရာဇာမူကား ကိုယ်ရံစုံရာနှင့် မြင်းစီး၍ ထွက်ပြေး လေသောကြောင့် အနိုင်လွတ်လေ၏။

ညီတော် ဗိုလ်ချုပ် ဒွါရာဝတီမင်းသား သတိုးမင်းရဲကျော်ထင်လည်း ကသည်းတို့ မြို့နှင့်အတူခံသည့် ကက်စိန်တပ်ကြီးပျက်လျှင် ရွှေးလက်ယာ ဗိုလ် မင်းကျော် တန်ဆောင်တပ်၊ လက်ယာကြောင်းဗိုလ် မင်းကျော် သူရိန်တပ်၊ မြို့လတ်ဝန် မင်းလှမင်းခေါင်ကျော်တပ်၊ ဒဝယ်ဗိုလ် မင်း ကျော်ရဲထင်တပ်၊ စို့လေးဆယ်ဒိုင်းဝန် မဟာမင်းခေါင်တပ်၊ မာရဘင် ဗိုလ် မင်းကျော်စည်သူတပ်၊ စွန်းလွန်းဗိုလ် မင်းကျော်ရဲခေါင်တပ်၊ ပြင် စည်မြို့ဝန် မင်းရဲကျော်ထင်တပ်၊ ပင်းတလဲမြို့ဝန် နေမျိုး မင်းလှမင်းထင် တပ်၊ ဝန်းသိုမြို့စား သတိုးမင်းရဲသီဟသူတပ်၊ သည်တပ်ပေါင်း ဆယ်တပ် ကို ဒေသနတ်စွဲသူရဲ ငါးထောင်ကျော်နှင့် မွေရင်းကြောင်း မဏိပူရ စော် ဘွား မဟာရှိန်ရာဇာကို အမိလိုက်ထပ် ချီတက်စေသည်။

စစ်တောင်းမြို့ဝန် နေမျိုးသီဟရဲခေါင်တပ်၊ နေမျိုးလက်ယာ ကျော် ထင်တပ်၊ နေမျိုးမင်းထင်တပ်၊ နေမျိုးမင်းလှမင်းခေါင်တပ်၊ သည်လေး တပ်ကို ဒေသနတ်စွဲသူရဲနှစ်ထောင်ကျော်နှင့် ထော်ပန်ကြောင်းချီလိုက်စေ ပြီးလျှင် လက်ယာစစ်ကဲကြီး ပုခန်းကြီးမြို့ဝန် မင်းကြီး မင်းခေါင်ကျော် နှင့် ပျံချီဇေယတပ်၊ သီဟရန္တကျော်တပ်၊ ရန်နိုင်သူရကျော်တပ်၊ သည် လေးတပ် ဒေသနတ်စွဲသူရဲသုံးထောင်ကျော်ကို ရှေ့တပ်ထား၍ ညီတော်

ဗိုလ်ချုပ် ဒွါရာဝတီမင်းသား သတိုးမင်းရဲကျော်ထင်တပ်တော်ဆိုသမျှနှင့် ကုထားရွာကြောင်း မကိုပူရမြို့သို့ အပြင်းချီလိုက်သည်၊ ကသည်း စော်ဘွား မဟာရိန်ရာဇာ မကိုပူရ မြို့တွင်မျှမရပ်မနံ့ဝံ့၊ အခြေအရံနှင့်တောအုံ တောင်ကမ်းကြီးရာ ပုန်းလှျိုးဝင်ပြေးလေလျှင် ညီတော်ဗိုလ်ချုပ်ဒွါရာဝတီ မင်းသား သတိုးမင်းရဲကျော်ထင်လည်း မကိုပူရမြို့ကိုသာ သိမ်းယူရ၏။

ခွေးပူကြောင်းခွဲ၍ ချီစေသော ညီတော် ရမ္မာဝတီမင်းသား သတိုးမင်းရဲကျော်စွာနှင့် မင်းခေါင်ရဲထင်တပ်၊ ရဲထင်နော်ရထာစည်သူ တပ်၊ ရဲလှ ကျော်ခေါင်တပ်၊ နေမျိုး သူရသံတိုင်တပ်၊ အင်းယည်းသူရတပ်၊ ဗလရဲခေါင်ကျော်ထင်တပ်၊ နေမျိုးသီဟကျော် တပ်၊ ရဲလှရဲခေါင်နော်ရထာတပ်၊ ကလေးစော်ဘွား မောရိယသီဟရာဇာတပ်၊ သီဟကျော်သူတပ်၊ ကျော်ထင် သူရရွှေတောင် တပ်၊ ရဲလှစက္ကသူ တပ်၊ မဟာဇေယဝဇ္ဇနရာဇာတပ်၊ တလုပ်မြို့ဝန်မဟာသူရရဲကျော် တပ်၊ သည်တပ်ပေါင်းတဆဲ့ ခုနစ်တပ်မှာလည်း ကသည်းဗိုလ်မှူးတို့ ခရီးလမ်းပေါက် လမ်းဝတိုင်း အထောက်ထောက် တပ်နှင့်ဆီးဆို့ရပ်ခံသည်များကို တွေ့တိုင်း မြင်တိုင်းတိုက်၍ ချီတက်သည်၊ ခွေးပူတောင်ကြီး အဆင်း ချောင်းဆုံလမ်းကျဉ်းတွင် ကသည်းဗိုလ်မှူးတပ်မှူးတို့ မြင်းလူ အများနှင့် ဆီးကြို ခံလာသည်ကိုတွေ့၍တိုက်ကြလျှင် ကသည်းဗိုလ်မှူးတပ်မှူးတို့ မစည်းမကြပ်မရပ်မခံနိုင် ဆုတ်ခွာ၍ ကသည်းစော်ဘွား ယောကွမ ထွတ်စောင်မန္ဒလီစွဲရပ်သည့် ဟဲလောက်ဝတပ်ကြီးသို့ ပေါင်းလေသည်၊ ကသည်းစော်ဘွား ယောကွမ ထွတ်စောင်မန္ဒလီလည်း ဟဲလောက်ဝ တပ်ကြီးကို လူသူပြောင်းအမြောက်အပြည့်တင်၍ ဆင်မြင်းဗိုယိပါ စည်းကြပ် ရုံးစုဖြိုးလျှင် ခံနေနှင့်၏။

တပ်တော်များလည်း ခွေးပူတောင်ဆင်း ချောင်းဆုံကို တိုက်ဖြိုးလျှင် လိုက်တပ်ချီတက်၍ ဟဲလောက်ဝတပ်ကြီးကို နေ့ညမဆို တိုက်ပြန်သည်၊ ယင်းသောအခါ ကသည်းစော်ဘွား မဟာရိန်ရာဇာ ခံသည့် ကက်စိန်တပ်ကြီး ပျက်ကြောင်းကို ထွတ်စောင်မန္ဒလီကြားသည်နှင့် တပ်ကိုနုတ်၍ အပြင်းဆုတ်ခွာလေလျှင် ရမ္မာဝတီမင်းသား သတိုးမင်းရဲကျော်စွာတို့ တဆွဲငါးတပ်လည်း လိုက်ထပ်ချီတက်သည်၊ ညီတော်ဗိုလ်ချုပ်ဒွါရာဝတီမင်းသား သတိုး မင်းရဲကျော်ထင်တပ်မတော် မကိုပူရမြို့သို့ ဆိုက်ရောက်သိမ်းရုံးသည့်နေ့ တပြိုင်နက် မကိုပူရမြို့သို့ရောက်လာ၏။

ညီတော် ဗိုလ်ချုပ် ဒွါရာဝတီမင်းသား သတိုးမင်းရဲကျော်ထင်လည်း ကသည်းစော်ဘွား မဟာရှိန်ရာဇာ ရွှေဘုန်းတော်ရှိန်ကို မခံဝံ့၊ အခြေအရံစုံရာနှင့် တောအုံတောင်ကမ်းကြီးရာ ပုန်းလျှိုးရှောင်ရှားထွက်သွားပြေးဝင်လေ၍ မဏိပူရ ကသည်းတတိုင်းလုံးကို အလိုတော် ပြည့်လျှင် ကသည်းစော်ဘွားမဟာရှိန်ရာဇာပြေးလေရာ မိအောင်ဖမ်းဆီးရမည်ဟု လက်ယာစစ်ကဲကြီး ပုခန်းကြီးမြို့ဝန် မင်းကြီးမင်းခေါင်ကျော် တပ်၊ ပုံချီဇေယတပ်၊သိဟရန်ကျော်တပ်၊ ရန်နိုင်သူရကျော်တပ်၊စလေစား နေမျိုးသူရကျော်တပ်၊ ဒလမြို့ဝန် နေမျိုးမင်းခေါင်တပ်၊ မြစ်သားမြို့စား မင်းလှမင်းခေါင်တပ်၊ ညောင်ပင်ဆိပ်မြို့စားနေမျိုးသူရရဲခေါင်တပ်၊ မင်းရဲသိဟကျော်တပ်၊ နေမျိုးကျော်စွာရွှေတောင်တပ်၊ကလေးစော်ဘွား မောရိယသိဟရာဇာတပ်၊နေမျိုးသိဟရဲကျော်တပ်၊သည်တဆဲ့နှစ်တပ်ကို သေနတ်စွဲသူရဲခြောက်ထောင်နှင့် ကသည်းမြို့အနောက်တောင်ကို ချီလိုက်စေသည်။

ကင်းဝန် မဟာ မင်းလှကျော်စွာ တပ်၊ စစ်တောင်းမြို့ဝန် နေမျိုးသိဟရဲခေါင် တပ်၊ နေမျိုး လက်ယာကျော်ထင် တပ်၊ ရွှေတောင်စန္ဒနော်ရထာ တပ်၊ မင်းခေါင်ရဲထင် တပ်၊ ရဲထင် နော်ရထာစည်သူ တပ်၊ ရဲလှကျော်ခေါင်တပ်၊ ဗလရဲခေါင်ကျော်ထင် တပ်၊ စတ္တာသူတပ်၊ မဟာဇေယဝဇ္ဇနရာဇာတပ်၊ သိဟကျော်သူကျော်တပ်၊ သည် တဆဲ့တတပ်ကို သေနတ်စွဲသူရဲ ငါးထောင့်ငါးရာနှင့် ကသည်းမြို့ အနောက်ကို ချီလိုက်စေသည်။

ဆံချက်ဝန် နေမျိုးနန္ဒကျော်ထင်တပ်၊ ရွှေးလက်ယာဗိုလ် မင်းကျော်တန်ဆောင်တပ်၊ လက်ယာကြောင်းဗိုလ် မင်းကျော်သူရိန်တပ်၊ ပြင်စည်မြို့ဝန် မင်းရဲကျော်ထင်တပ်၊ ပင်းတလဲမြို့ဝန် နေမျိုးမင်းလှမင်းထင်တပ်၊ ဒဝယ်ဗိုလ် မင်းကျော်ရဲထင်တပ်၊ စွန်းလွန်းဗိုလ် မင်းကျော်ရဲခေါင်တပ်၊ မာရဘင်ဗိုလ် မင်းကျော်စည်သူတပ်၊ မြို့လတ်ဝန် မင်းလှမင်းခေါင်ကျော်တပ်၊ စိုလေးဆယ်ဒိုင်းဝန် မဟာမင်းခေါင်တပ်၊ တုရင်သူရန်တပ်၊ နေမျိုးသိဟရွှေတောင်တပ်၊ နေမျိုးမင်းလှတပ်၊ နေမျိုးသူရကျော်ခေါင်တပ်၊ သည်တပ်ပေါင်းတဆဲ့လေးတပ်ကို သေနတ်စွဲသူရဲနှစ်ထောင်နှင့် ကသည်းမြို့ မြောက်ကို ချီလိုက်စေသည်။

နေမျိုးသူရရွှေတောင်တပ်၊ ဇေယရွှေတောင်တပ်၊ ရွှေတောင် အာကာတပ်၊ တုရင်စတ္တာ တပ်၊ ရဲထင်အာကာ တပ်၊ သိဟသူရကျော် တပ်၊

နေမျိုးသူရသံတိုင်တပ်၊ နေမျိုးကျော်ခေါင်တပ်၊ ဇေယနော်ရထာတပ်၊ ရဲကျော်နော်ရထာတပ်၊ ရဲသူဇေယနော်ရထာတပ်၊ သည်တဆဲ့တတပ်ကို သေနတ်စွဲသူရဲ ငါးထောင့် ငါးရာနှင့် ကသည်းမြို အရှေ့ကို ချီထိုက်စေသည်။

ယင်းသို့ စစ်လေးကြောင်း ဖြန့်၍ တောအုံ တောင်ကမ်း အနှံ့အစပ် ခန့်ထားလိုက်စေပြီးလျှင် မကိုပူရတတိုင်းလုံးကို အလိုတော်ပြည့်ကြောင်း မကိုပူရစော်ဘွား မဟာရှိန်ရာဇာ ထွက်ပြေးလေရာ အသွယ်သွယ် အဝဝ ခန့်ထားလိုက်စေကြောင်းကို ညီတော် ဒွါရာဝတီမင်းသား သတိုးမင်းရဲ့ ကျော်ထင်က အလျှောက်အထားစေလွှတ်သူတို့ ရှေဘဝါးတော်အောက်ရောက်၍ ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရား ကြားတော်မူသည်တွင် မကိုပူရမြို့မှာ သေနတ်စွဲသူရဲတထောင်နှင့် ကန္ဒီမြို့ဝန် နေမျိုးရဲခေါင်ကျော်ထင်ကို အစောင့်ထားခဲ့၍ တပ်တော်ဆိုသမျှ ရှေဘဝါးတော်အောက် ပြန်ခဲ့စေ-အမိန့်တော် ရှိသောကြောင့် သေနတ်စွဲ သူရဲတထောင်နှင့် ကန္ဒီမြို့ဝန် နေမျိုး ရဲခေါင်ကျော်ထင်ကို ဗိုလ်မှူး၊ နေမျိုးဇေယသကြီ, ရဲထင် နော်ရထာကျော်ခေါင်တို့ကို စစ်ကဲခန့်ခဲ့၍ ကသည်းစော်ဘွား မဟာရှိန်ရာဇာကို အလိုက် အဖမ်း ခန့်ထား စေလွှတ်သည့် လက်ယာစစ်ကဲကြီး ပုခန်းကြီးမြို့ဝန် မင်းကြီး မင်းခေါင်ကျော်, ကင်းဝန်မဟာမင်းလှကျော်စွာ, သံချက်ဝန် နေမျိုးနန္ဒကျော်ထင်, နေမျိုးသူရရွှေတောင်တို့ တပ်ပေါင်း လေးဆဲ့ ရှစ်တပ်ကို နှုတ်သိမ်းပြီးလျှင် ဆင် မြင်းသုံ့ပန်း လူသူ လေးသောင်းကျော်တို့ကို သိမ်းယူခဲ့၍ ညီတော် ဗိုလ်ချုပ် ဒွါရာဝတီမင်းသား သတိုးမင်းရဲ့ကျော်ထင် တပ်စည်အတိုင်းပြန်လည်ခဲ့၏။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများသခင်၊ ရွှေတွင်း, ငွေတွင်း, ပတ္တမြားတွင်း, ပယင်းတွင်းစသော ရထနာအပေါင်းတို့၏အရှင်၊ စတုတ္ထ ရထနာပူရ မြို့တည် နန်းတည်၊ ဆဒ္ဒန်ဆင်မင့်းသခင်၊ ဆင်ဖြူများသခင် အသျှင် ဆဝရှင် မင်းထရားကြီး ဘုရား လက်ထက်တော် (၁၁၉၁) ထထောင့် ထရာ့ကိုးဆဲ့ တခု၊ နယုန်လဆန်း ထရက်နေ့က စ၍ ရဟန်းပညာရှိ, ပုဏ္ဏား ပညာရှိ, မူးမတ်ပညာရှိတို့နှင့်၊အထူးထူးသော ရထနာတို့ဖြင့်ဆန်းကြယ်သော မှန်နန်းတော်ဆောင်တော်ဦး နန်းမစနှဲ့ နှိုင်းညှိ၍ အသင့် ယုတ္တိကျမ်းဂန် အာဂုံများနှင့်အညီ သုတ်သင် စီရင်တော်မူသော ဒုတိယမဟာရာဇဝင်တော်ကြီး ပဉ္စမထုပ်၊ သင်္ဘတ္တမတွဲကား ဤတွင် ပြီး၏။

သမီးကညာရောက်ခြင်း, မဟာဝိဇယရံသီစည်းခုံတော်တည်ရပ်မြေကို ညှိခြင်းစသည်နှင့် ညောင်ရေ သွန်းလှူတော်မူခြင်း

ထိုနှစ်မိုးနဲစော်ဘွား ကမ္မောဇ မဟာ သိဟရာဇာက အဆင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံသော သမီးကို အခြွေအရံ ကျေးကျွန် သင်းပင်းနှင့်တကွ လာရောက်ဆက်သသည်ကို ရွှေမြို့တော်တောင်တွင် သာယာစွာသောတဲကန္ဒားနှင့် ရပ်နေစေပြီးလျှင် သက္ကရာဇ် (၁၁၈၁) တထောင့်တရာ့ရှစ်ဆဲ့တခု နတ်တော်လပြည့်ကျော် တဆဲ့လေးရက်နေ့ ရွှေယာဉ်နှင့် ရွှေမြို့တော်အနောက်မျက်နှာ စည်ရှင်တံခါးတော်ကသည် ရွှေနန်းတော်အနောက်တံခါးတော်က သွင်းစေ၍ အဆက်အသ ခံတော်မူသည်။

ပြာသိုလဆန်း ၎ါးရက်နေ့ကစ၍ ရွှေလွှတ်တော် ရင်ပြင်ဝယ်မြင်းခင်းသဘင် ထွက်စံတော်မူသည်။

ပြာသိုလပြည့်ကျော် ခြောက်ရက်နေ့ ရွှေမြို့တော် အနောက်တောင်ယွန်း ခမည်းတော်ဘုရား ကျောင်းတော်ရာတွင် ကောင်းမှုတော် စည်းခုံတည်တော်မူမည်ကို မြေညှိညွှတ်ပြင်ဆင်ကြရသည်။

ကြက်ယက်နှစ်တောင်၌ တည်သော ဘုရားရှင်နှစ်ဆူ ပျက်စီးယိုယွင်းသည်ကို ပြင်ဆင်လုပ်ဆောင်ရမည်ဟုလည်း ပြာသိုလပြည့်ကျော်ခုနစ်ရက်နေ့ ငွေတော်အသပြာခြောက်ထောင့် ခုနစ်ရာ့ခုနစ်ဆယ် ထုတ်ပေးတော်မူ၍ ဘုရားရှင် နှစ်ဆူကို တံတိုင်းမီးတား လှေကားစောင်းတန်းများနှင့်တကွ ပြင်ဆင်လုပ်တော်မူသည်။

ရွှေမြို့တော်အနောက် ရွှေဆတ်သွားဘုရားရှင် ပျက်စီး ယိုယွင်းသည်ကိုလည်း တပို့တဲ့လဆန်းတရက်နေ့ ငွေတော်သပြာ ခုနစ်ထောင်ထုတ်ပေးတော်မူ၍ ပြင်ဆင်လုပ်တော်မူပြီးလျှင် ရွှေထီးအထွတ် တင်လှူတော်မူ၍ ထီးချားသီးကသည် မြေတိုင်အောင် ရွှေပိန်းထည့်တော်မူသည်၊ ဘုရားဦးခွံလည်း ဥမင်စရပ် တည်လုပ်တော်မူသည်။

ရွှေမြို့တော်မြောက် ခမည်းတော်ဘုရား ကောင်းမှုတော် မန္တလေးဘုရားရှင်နှင့် စောင်းတန်း ပျက်စီးယိုယွင်းသည်များကို တပို့တဲ့လဆန်းကိုးရက်နေ့ ငွေတော်သပြာ နှစ်ထောင့်ရှစ်ရာထုတ်ပေးတော်မူ၍ ဘုရားရှင်နှင့် တောင်ထိပ်ရင်ပြင်တော်ကသည် အောက်တောင်မြေ အဆိုက်စုလစ်မွန်းခွန် မုတ်ယွန်းလည်ပေါ် ရွှေစောင်းတန်းစရပ်များကို ပြင်ဆင်လုပ်ဆောင်တော်မူပြီးလျှင် ဘုရားရှင်ကို ရွှေထီးအထွတ် တင်လှူတော်

မူ၍ ထီးချရားသီးကသည် မြေတိုင်အောင် ရွှေပိန်း ထည့်တော်မူသည်၊ ဘုရားမုတ်လေးမျက်နှာရင်ပြင်တော်၌လည်း ဥမင်စရပ်လေးဆောင်တည် ထုပ်တော်မူသည်၊ စောင်းတန်းအဆင်းတောင်ခြေရင်းတွင်လည်း ရေကန် လုပ်တော်မူသည်။

တပို့တွဲလဆန်း၎ါးရက်နေ့ ဘုရား စေတီပုထိုးများမှာ မီးဖုံးယာဂု လှူတော်မူသည်။

စစ်ကိုင်းအောင်မြေလောကဘုရားရှင်တောင် ရောဝတီ မြစ်ကမ်းထိပ်တွင် တည်လုပ်တော်မူသောဥမင်စရပ်တော်နှစ်ဆောင် အလုပ်အဆောင် ပြီးပြေသည်ကို တပေါင်းလဆန်း တဆဲ့နှစ်ရက်နေ့ ကြည်းရေစစ်အင်္ဂါ လေးပါးခြံရံလျက် အရှင်မိဖုရားခေါင်ကြီးနှင့်တကွ ထွက်စံတော်မူ၍ ရေစက်သွန်းလှူတော်မူသည်၊ အရည၀ါသီ ပုဂ္ဂိုလ်, ဂါမ၀ါသီ ပုဂ္ဂိုလ်, အရိယာသံဃာတော်မြတ်တို့အား လည်းပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်း အဆုံးအဆောင်ကို များစွာလှူတော်မူသည်၊ မှူးတော်မတ်တော် ဗိုလ်မှူး တပ်မှူး သူရဲသူခက်ပြည်သူပြည်သားတို့နှင့် အသက်အရွယ်အိုမင်းကြီးရင့် သည်သူ, အထီးကျန်သည်သူ, မစားရတတ်-မ၀တ်ရတတ် သည်သူတို့အား သုံး ရက် တိုင်တိုင် ရွှေငွေ ပုဆိုး ဦးရစ် အင်းကျီ ထည်မျိုးအုပ်မျိုး အထိုက် အလိုက် များစွာပေးကမ်းစွန့်လှူတော်မူ၍ ပွဲသဘင် ကြီးစွာခံတော်မူပြီး လျှင် တပေါင်းသဆန်း ၎ါးရက်နေ့ ရွှေမြို့တော်သို့ ၀င်တော်မူ၏။ ။ ထိုနေ့ည ဘုရားစေတီပုထိုးများမှာ ဆီမီးတန်ဆောင်ညှိထွန်းပူဇော်တော် မူ၏။

တန်းခူးလဆန်း နှစ်ရက် ဗုဒ္ဓဟူးနေ့ နှစ်ချက်တီးကျော် သုံးနာရီ နှစ် ပါဒ်၊ သုံးဗီဇနာ၊ သုံးပြန်၊ သုံးခရာ၊ ကြက်ဋ္ဌလက်၊ ဓိန် စန်း၊ တနလ်ာ တြင်း၊ ဗုဒ္ဓဟူးနဝင်း၊ လက်စီးနက္ခတ်ခုနစ်လုံးနှစ်ပါဒ်၊ ကောင်းမြတ်သော မင်္ဂလာအခါတော်တွင် စစ်အင်္ဂါလေးပါး ခြံရံလျက် အရှင်မိဖုရားခေါင် ကြီးနှင့်တကွ စည်းခုံတော်တည်ရာ ရွှေမြို့တော် အနောက်တောင်ယွန်း စံနန်းတော်သို့ ထွက်တော်မူပြီးလျှင် ဘိနပ်ခြေ စတုရန်းသံတောင် တရာ့ နှစ်ဆယ်ရှိသော စည်းခုံတော်ကို ရွှေပန်နက်,ငွေပန်နက် ချတော်မူသည်။

တန်းခူးလဆန်းတဆဲ့လေးရက်နေ့ မာရ်နတ်သမီးကို စိတြဗာလိနတ် စာပေး၍ သင်္ကြန်ခေါ်တော်မူသည်။

တန်းခူးလဆန်းတဆဲ့၎ါးရက်နေ့လည်း ရွှေမြို့တော်အနောက်တောင် ယွန်း စံနန်းတော်သို့ စစ်အင်္ဂါလေးပါး ခြံရံလျက် အရှင် မိဖုရားခေါင်

ကြီးနှင့် တကွ ထွက်စံတော် မူပြီးလျှင် သက္ကရာဇ် (၁၁၈၁) တထောင့် တရာ့ရှစ်ဆဲ့တခု တန်းခူးလပြည့်ကျော် တရက် ဗုဒ္ဓဟူးနေ့သို့အဝင် ညဉ့် နှစ်ချက်တီးကျော် ခုနစ်နာရီ၊ ပါဒ်ပြည့်၊ ငါးဗိဇနာ၊ နှစ်ပြန်၊ လေးခရာ၊ မကာရလက်၊ ကန်စန်း၊ သောကြာနဝင်း၊ လက်စီးနက္ခတ် နှစ်ဆဲ့တလုံး တပါဒ် ကောင်းမြတ်သောမင်္ဂလာအခါတော်တွင် စည်းခုံတော်ကို ကိုယ် တော်တိုင် ရွှေအုတ်ငွေအုတ်စီ၍ စီခင်းတော်မူပြီးလျှင် ဘေးလောင်း တော် အဇာတသတ်မင်းကြီးသည် ရဟန္တာအရှင်မဟာကဿပနှင့်တိုင် ပင်တော်မူ၍ တိုက်တံတိုင်းအထပ်ထပ်၊ စင်္ကန်ရားစီရင်တော်မူပြီးလျှင် ဓာတ်တော်မွေးတော်တို့ကိုမြေဠဝပနာတော်မူသကဲ့သို့ဂုင်း, ဘေးလောင်း တော် သီရိမဂ္ဂာသောကမင်းကြီးသည် လကို ရာဟု အသူရိန်ဖမ်းသည်နှင့် တချိန်တခါတည်း စေတီ ရှစ်သောင်း လေးထောင် တို့ကို ဌပနာတော် မူသကဲ့သို့ဂုင်း, တန်းခူးလပြည့်ကျော်တရက် ဗုဒ္ဓဟူးနေ့ည လကိုရာဟုဖမ်း သည်နှင့် တချိန်တခါတည်း စည်းခုံတော်အောက် မြေထဲ၌ ပဌမဌပနာ တော်မူသည်။

ဌပနာသော အစီအစဉ်ကား····အလယ်တိုက်၌ အဆင်းအားဖြင့် သုံး ပါး, ပမာဏအားဖြင့် သုံးပါးပြားသော ဘုရားရှင့် ဓာတ်တော် တရာ့ နှစ်ဆဲ့နှစ်ဆူကို ပထွမြားစေတီ၌ သွင်းတော်မူသည်၊ ပထွမြားစေတီကို ရွှေစေတီမျိုသည်၊ ရွှေစေတီကို မိုးကြိုးစေတီမျိုသည်၊ မိုးကြိုးစေတီကို ငွေ စေတီ မျိုသည်၊ ငွေစေတီကို ကြေးစေတီမျိုသည်၊ ကြေးစေတီကို နှံ့သာ စေတီ မျိုး၍ လုပ်ဆောင်ပြီးလျှင် ရတနာ ရွှေပန်းတောင်း၌ တည်စေ၍ ဌပနာတော်မူသည်။

ထိုပြင်-ရွှေစင် တထောင့်သုံးရာ့ခြောက်ဆဲ့ငါးသပြာခုတ်သော ဆင်း တုတော်၊ ရွှေစင် သုံးရာ့ငါးသပြာခုတ်သော ပထွမြား ဆင်းတုတော်၊ ရွှေစင်တရာ့နှစ်ဆဲ့ငါးသပြာခုတ်သောဆင်းတုတော်၊ရွှေစင်ခုနစ်ဆဲ့ခုနစ် သပြာခုတ်သောဆင်းတုတော်၊ ရွှေစင် ငါးရာ့ရှစ်ဆဲ့ရှစ်သပြာခုတ်သော ဆင်းတုတော်၊ ရွှေစင် သပြာသုံးဆယ်ခုတ်သော ပထွမြားဆင်းတုတော်၊ ရွှေစင် သပြာတဆယ်ခုတ်သော ဆင်းတုတော်၊ ငွေစင် ခုနစ်သပြာခုတ် သော ဆင်းတုတော်၊ ရွှေစင် သုံးသပြာခုတ်သောဆင်းတုတော်၊ ရွှေစင် သပြာ ခုနစ်ရာ့ကိုးဆယ် ခုတ်သော ဆင်းတုတော်၊ ငွေစင် ခြောက်ဆဲ့ ခြောက်သပြာခုတ်သော ဆင်းတုတော်၊ ငွေစင် သုံးဆဲ့ငါးသပြာ ခုတ် သော ဆင်းတုတော်များကို ဌပနာတော်မူသည်။

ရွှေစေတီ-ငွေစေတီ, ရွှေတံခွန်-ငွေတံခွန်, ရွှေမြို့တာ-ငွေမြို့တာ, ရွှေပန်းခိုင်-ငွေပန်းခိုင်,ရွှေတန်ဆောင်-ငွေတန်ဆောင်, ရွှေပေါက်ပေါက်-ငွေပေါက်ပေါက်, ပတ္တမြားပေါက်ပေါက်, ပတ္တမြားလက်စွပ်, ကြောင်တင်လက်စွပ်,ရွှေပုတီးကုံး ပူဇော်တော်မူသည်များကိုလည်း ဓာတ်တော်စေတီပတ်လည် စီစဉ်ခင်းကျင်း၍ သွင်းတော်မူသည်။

ထိုအပ-ဒုတိယတိုက်၌ ကြေးဆင်းတုတော်ခြောက်ဆူ၊ ရွှေချဆင်းတုတော် ခုနစ်ဆယ်၊ ကျောက်ဆင်းတုတော် ခုနစ်ဆဲ့လေး။

ထိုအပ-တတိယတိုက်၌ ကြေးဆင်းတုတော်၊ ကြေးစင်ဖြင့် ခုတ်သော သတ္တဋ္ဌာနအစုံ ခြောက်ဆဲ့လေး၊ ရွှေချဆင်းတုတော် ထရံရှစ်ဆဲ့ခုနစ်၊ ကျောက်ဆင်းတုတော် တရံခြောက်ဆဲ့ကိုး။

ထိုအပ-စတုတ္ထတိုက်၌ ကြေးဆင်းတုတော်လေးဆယ်၊ ကြေးစင်ဖြင့် ခုတ်သော သတ္တဋ္ဌာနအစုံ နှစ်ဆယ်၊ ရွှေချဆင်းတုတော် ကိုးဆဲ့ငါး၊ ကျောက်ဆင်းတုတော် တရံကိုးဆဲ့ခြောက်၊ ရွှေစေတီတော် သုံးဆဲ့နှစ်။

ထိုအပ-ပဉ္စမတိုက်၌ ကြေးဆင်းတုတော်နှစ်၊ ရွှေချဆင်းတုတော် နှစ်ရံနှစ်ဆဲ့လေး၊ ကျောက်ဆင်းတုတော် ငါးရံနှစ်ဆဲ့နှစ်။

ထိုအပ-ဆဋ္ဌတိုက်၌ ကြေးဆင်းတုတော်တဆဲ့နှစ်၊ ရွှေချဆင်းတုတော် တဆဲ့နှစ်၊ ကျောက်ဆင်းတုတော် ကိုးဆဲ့နှစ်များကို ဌပနာတော်မူသည်။

ယင်းသို့ ဌပနာတိုက်၌ ဓာတ်တော် မွေးတော် အပေါင်းနှင့်တကွ များစွာသော ရုပ်ပွားဆင်းတုတော်စေတီတို့ကို ဌပနာတော် မူပြီးလျှင် ကျောက်တထပ်, အုတ်တထပ်, နရပတေအင်္ဂါတို့ဖြင့် မြဲမြံသေချာစွာ လုပ်ဆောင်ပြီးလျှင် ကြေးသလွဲရည်တို့ဖြင့်သွန်းလောင်းပိတ်ဖုံးတော်မူ၏။

တန်းခူးလပြည့်ကျော် တဆဲ့သုံးရက်နေ့ မဟာသင်္ကြန် ပြောင်းမည်ကို လွတ်တော်ရှေတွင် ဝဲယာအမြောက်ကြီးနှစ် စီစဉ် ခင်းထားရသည်။

အရှေ့မျက်နှာ ဦးနှိမ်တံခါးမှစ၍ ရှေ့မြို့တော် တံခါးတဆဲ့နှစ်ရပ်တွင်လည်း အမြောက်ကြီးနှစ်စီ စီစဉ်ခင်းထားရသည်။

တန်းခူးလပြည့်ကျော် တဆဲ့သုံးရက်နေ့ ညဉ့်သုံးချက်တီးကျော် အင်္ဂါနေ့သို့အဝင် တနာရီ၊ ပါဒ်ပြည့်၊ တဗီဇနာ၊ ပြန်ခရာပြည့်တွင် လွတ်တော်ရှေတွင် ခင်းထားသည့် အမြောက်ကြီးနှစ်က အသံပေးလျှင် လက်ယာရစ်လှည့်၍ တပြိုင်နက် တံခါးတဆဲ့နှစ်ရပ်တွင် ခင်းထားသည့် အမြောက်များက အသံပေးကြရသည်။ ။အခါ သုံးရက်အတွင်းလည်း ဘုရားပုထိုးများမှာ သင်္ကြန်ညောင်ရေ သွန်းလူတော်မူသည်။

သက္ကရာဇ် (၁၁၈၂) တထောင့်တရာ့ရှစ်ဆဲ့နှစ်ခု ကဆုန်လဆန်း နှစ်ရက် ကြာသပတေးနေ့ နံနက် လေးချက်တီးကျော် သုံးနာရီ၊ နှစ်ပါဒ၊ ငါးဗိဇနာ၊ လေးပြန်၊ လေးခရာတွင်အတာတက်၏။

ကဆုန်လဆန်းကိုးရက်နေ့ တောင်ဘက် ကိုးခရိုင် အရပ်က လူတဦး ဝိန်းကောနှင့် စပါး တင်ဆောင် လာရာ မြစ်ကမ်းပါးတွင် ငွေအိုးကို ထိုးဝါးနှင့် ထိုးမိ၍ရသည်ကို အမတ်တို့ကသိမ်းယူ၍ဆက်သည်၊ အဘယ်အိုးဖြစ်သည်အမေးတော်ရှိသည်တွင် အမတ်တို့က လူတဦးဝိန်းကောနှင့် စပါးတင်ဆောင်လာရာ ထိုးဝါးနှင့် ထိုးမိ၍ ရသည့်ငွေအိုး ဖြစ်ကြောင်းနှင့် လျှောက်သည်တွင် မြစ်စကမ်းနား အများသွားလာကြသည်၊ လူမြင်တိုင်း ရှေးအိုး ငွေအိုးထိုက်တန်ချေသည်မဟုတ်၊ သူ့ဘုန်း သူ့ကံကြောင့် ငွေအိုးကို ထိုးမိသည်၊ တိုက်တော်သို့ မသွင်းစေနှင့် ရရင်းသူ ယူပစေ-အမိန့်တော်ရှိသောကြောင့်အမတ်တို့ငွေအိုးရရင်းသူသို့ပြန်၍အပ်ရသည်။

ထိုနှစ် ခန္ဓီးမြို့ကို လုံကျိန်စော်ဘွား, လုတ်ခွန်စော်ဘွားတို့က အဆင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံသော မင်းသမီးသုံးပါးကို အထိမ်းအချိအခြေအရံ ကျေးကျွန်သင်းပင်း အထူးထူးသောလက်ဆောင်တော်များနှင့်တကွ အဆက်အသလာရောက်သည်ကို ရွှေမြို့တော် အနောက် ရန်အောင်ဆိပ်တွင် တဲကန္ဒား သာယာစွာဆောက်လုပ်၍ ရပ်နေစေပြီးလျှင် ကဆုန်လဆန်းတဆဲ့နှစ်ရက်နေ့ မင်းသမီးသုံးပါးကို ရွှေယာဉ်နှင့် ဆောင်ယူပြီးလျှင် ရွှေမြို့တော်အနောက်မျက်နှာ စည်ရှင် တံခါးတော်က သွင်းစေ၍ အဆက်အသ ခံတော်မူသည်။

ကဆုန်လဆန်းတဆဲ့ငါးရက်နေ့ ဗောဓိညောင်တော် စသော ဘုရားစေတီပုထိုးများမှာ ညောင်ရေတော် သွန်းလှူတော်မူသည်၊ အရှင်မိဖုရားခေါင်ကြီး ညောင်ရေတော်ကိုလည်း ကဆုန်လပြည့်ကျော် တရက်နေ့ သွန်းလှူတော်မူသည်။

သမီးကညာရောက်ခြင်း, နှစ်သစ်ကန်တော့ခံခြင်း စသည်နှင့် ငွေအိုးရသူကို ပြန်ပေးခြင်း

ထိုနှစ် ဝဇ္ဇီတိုင်း ဝေသာလီပြည်ကြီး အနောက် ရက်ပေါင်းသုံးဆယ်ခရီးကွာ မဇ္ဈိမဒေသတိုက်အတွင်းဇယန္တာမင်းကအဆင်းအင်္ဂါလက္ခဏာနှင့်ပြည့်စုံသော အသက် တဆဲ့လေးနှစ်ရွယ် မင်းသမီးနှင့် အထိမ်းအချိအခြေအရံ, ဆင်ပေါက်တစ်, ဆင်မနှစ်, ထည်မျိုး အုပ်မျိုး, အထူးထူး

သော လက်ဆောင်တော်၊ ယာနီမင်းက အဆင်း လက္ခဏာနှင့် ပြည့်စုံသည့် အသက် တဆဲ့သုံးနှစ်ရွယ် ရှိသော မင်းသမီးနှင့် အထိမ်းအချိန် အခြွေအရံ,ထည်မျိုးအုပ်မျိုး,အထူးထူးသောလက်ဆောင်တော်၊ဝဇ္ဇီတိုင်း ဝေသာလီ မင်း စန္ဒရ ဂန္ဓရိုနိုက အဆင်း လက္ခဏာနှင့် ပြည့်စုံသည့် အသက် တဆဲ့နှစ်နှစ် ရွယ် ရှိသော မင်းသမီးနှင့် အထိမ်း အချိန် အခြွေအရံ ကျေးကျွန်, ဆင်ပေါက်ဆင်မခြောက်စီး, မြင်းနှစ်စီး, ပတ္တမြားစိန်ရွှေကရား, ရွှေပန်းခိုင်, ငွေပန်းခိုင်, ရွှေဇာလိပ်, ငွေဇာလိပ်, ရွှေယက်အုပ်, ငွေယက်အုပ်, ဘဲမျိုးစုံလိပ်စသော အထူးထူးသော လက်ဆောင်တော်၊ တဘကန်စော်ဘွားကြီးက ကတိုးကောင်ရှင်,ကရဝိက်ငှက်, ရှိခိုးလက်ဆောင်တော်များကို ဇယန္တာမင်း အမတ်, ယာနီမင်းအမတ်, ဝေသာလီမင်းအမတ်, တဘကန်စော်ဘွားကြီးတို့နှင့် ဗိုလ်မှူး မဟာသီလဝတို့ အဆက်အသကြပ်မ ဆောင်ယူလာကြောင်းကို အလျှောက်အထားရောက်သည်တွင် ဝေသာလီမင်း စန္ဒရဂန္ဓရိုနိုကဆက်သည့် မင်းသမီးကို အထက်ဆက်ရောက်သည့် ဝေသာလီမင်းသမီး သိရိအဇုလဒေဝီကို ကြိုဆိုဆောင်ယူသည့်နည်း ကြိုဆို ဆောင်ယူ ဆက်သွင်းစေ-အမိန့်တော်ရှိ၍ ခြေရင်းတော်ကို ဝေသာလီ မင်းသမီးစီးရန် တိုးရပ်ဖောင် ဦးပဲ့ရွှေပိန်း၊ အမိုးသုံးထပ် ကုန်းစရပ်မှမ်း အမှမ်းခြင်ဝိတ်အနီသုတ် အတွင်းဝိတ်ကြက်ကိုး၊ လှော်ကားနီ လက်ပြည့်လေးစင်း၊ လောင်းနီလက်ပြည့် ခြောက်စင်းငင်စေသည်၊ ဇယန္တာမင်းသမီး, ယာနီမင်းသမီးတို့ စီးရန် ယွန်းဆက်ဖောင်၊လက်ဆောင်တော်တင်ရန်စကြောဖောင်၊မင်းသမီးသုံးပါးအထိမ်းအယ အခြွေအရံတို့စီးရန် စကြောဖောင်၊ မှူးမတ်တို့စီးရန် စကြောဖောင်၊ မင်းသမီးသုံးပါးကို သနားတော်မူရန် ဘဏ္ဍာတော်တင် စကြောဖောင်၊ ဆွဲလှေငင်လှေများနှင့် အထုံးအဖြိတ်တတ်သူ ကတော်မယား၌ကို အုပ်ကွပ်စေ၍ဝန်ကြီးဝန်ထောက်တို့ ငစဉ့်ကိုင်စခန်းရောက် ကြိုဆိုဆောင်ယူပြီးလျှင် ရွှေမြို့တော် အနောက်မျက်နှာ စည်ရှင်တံခါးတော်ပြင်ထွင် ဆောက်ထားနှင့်သည့် တဲကန္ဒားမှာ ရပ်နေစေ၍ ကဆုန်လပြည့်ကျော်လေးရက်နေ့ ဝေသာလီမင်းသမီးမှာ-ရတနာကန္ဒား၊ ဇယန္တာမင်းသမီး, ယာနီမင်းသမီးတို့မှာ-ရွှေယာဉ်နှင့် ဆောင်ယူစေပြီးလျှင် မှူးတော်မတ်တော် ကတော်မယားတို့ကျင်းပခြံရံလျက် ရွှေမြို့တော်အနောက်မျက်နှာ စည်ရှင်တံခါးတော်ကသည် ရွှေနန်းတော် အနောက် တံခါးတော်ကသွင်းစေ၍ အဆက်အသ ခံတော်မူသည်။

ဝေသာလီ မင်းသမီးကို သီရိသုစန္ဒာဒေဝီ-ဘွဲ့၊ ဇယန္တာ မင်းသမီးကို သီရိသုစန္ဒာဝတီ-ဘွဲ့၊ ယာနီမင်းသမီးကို သီရိသာမာဝတီ-ဘွဲ့အမည်ကို ပေးတော်မူ၍ အပါးတော်တွင် စေပါးတော်မူ၏။

သက္ကရာဇ် (၁၁၈၂) တထောင့်တရာ့ရှစ်ဆဲ့နှစ်ခု သက္ကရာဇ်ဦးခေါင်း ပေါ်၍ နယုန်လဆန်း သုံးရက်နေ့ ပြာသာဒ်ဥကင်တော် သီဟာသန ရာဇပလ္လင်တော်ထက် အရှင် မိဖုရားခေါင်ကြီးနှင့်တကွ စံပယ်တော်မူ လျက် နှစ်သစ် ကန်တော့ခံတော် မူသည်။ ။ဝေသာလီမင်း မူးမတ်, ဇယန္တာမင်းမူးမတ် ယာနီမင်းမူးမတ်, တဘကန်စော်ဘွားတို့နှင့် လက် ဆောင်တော်များကိုလည်း နှစ်သစ်ကန်တော့သဘင်တော်တွင် အဆက် အသ အဖူးအမြော် ခံတော်မူသည်။

နယုန်လ ဆုဓမ္မာစရပ်တော်တွင် ဆရာတော်သင်္ဃာတော်တို့ စည်း ဝေး၍ ပဌမပဉ္စင်းသာမဏေတို့ကို စာမေးကြရသည်။ ။နယုန်လဆန်း တဆဲ့ငါးရက်နေ့ အောင်ပင်လယ် ကန်တော်အနီးတွင် မင်းတဲကြီးစွာ ဆောက်လုပ်တော်မူပြီးလျှင် စစ်အင်္ဂါလေးပါးခြံရံလျက် အရှင်မိဖုရား ခေါင်ကြီးနှင့်တကွ လယ်ထွန်မင်္ဂလာထွက်စံတော်မူ၍ ရွှေထွန်-ငွေထွန်, ရွှေထမ်းပိုး-ငွေထမ်းပိုး, ရွှေကြိုး-ငွေကြိုး, ရွှေနှင်တံ - ငွေနှင်တံတို့ဖြင့် သားတော် ညီတော် ဆွေတော်မျိုးတော် မူးတော်မတ်တော် ဗိုလ်မူး တပ်မူး သူဌေးသူကြွယ်အပေါင်းခြံရံလျက် လယ်ထွန်ထွက်တော်မူသည်။

ဝါဆိုလဆန်း တဆဲ့ငါးရက်နေ့ ပဌမပဉ္စင်းလောင်းရှစ်ပါး, သာမဏေ လောင်း သုံးဆဲ့ကိုးပါးတို့ကို အတွင်းတော်သို့ သွင်းပြီးလျှင် အရှင်မိဖု ရားခေါင်ကြီးနှင့် ရေစက်သွန်းတော်မူ၍ ပဉ္စင်းသာမဏေပြုတော်မူသည်။ ပရိက္ခရာ ရှစ်ပါးနှင့်တကွ ရဟန်းတို့ အသုံးအဆောင်နှင့် စပ်သည်ကို လည်း အစေ့အစုံ လှူတော်မူသည်။

ဝါဆိုလပြည့်ကျော် တရက်နေ့ ပြာသာဒ်ဥကင်တော် သီဟာသန ရာဇပလ္လင်တော်ထက် အရှင်မိဖုရားခေါင်ကြီးနှင့် တကွ စံပယ်တော်မူ လျက် ဝါဝင်ကန်တော့ခံတော်မူသည်။

ဝါခေါင်လပြည့်ကျော် ရှစ်ရက်နေ့ အရည်ဝါသီပုဂ္ဂိုလ်, ဂါမဝါသီ ပုဂ္ဂိုလ်, အရိယာသင်္ဃာတော်အပေါင်းတို့အား ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းတို့ အသုံးအဆောင်နှင့် စပ်သည်ကို အစေ့အစုံလှူ၍ ပဒေသာပင် ရေ သုံးရာကို အတွင်းတော်သို့သွင်းပြီးလျှင် အရှင် မိဖုရားခေါင်ကြီးနှင့် ရေစက်သွန်းတော်မူ၍ သလာကဘတ် စာရေးတံဆွမ်း လှူတော်မူသည်။

တော်သလင်း လပြည့်ကျော်လေးရက်နေ့ စစ်အင်္ဂါလေးပါးခြံရုံလျက် အရှင်မိဖုရားခေါင်ကြီးနှင့် တကွ ရေနန်းတော်သို့ ထွက်စံတော်မူ၍ လွှဲပွဲသဘင် ခံတော်မူသည်။

သီတင်းကျွတ်လဆန်း ရှစ်ရက်နေ့ကစ၍ လဆန်း တဆဲ့လေးရက်နေ့တိုင် ဝင်းတော်လေးမျက်နှာ အလှူတော် ရွှေဆင်ပွဲသဘင်စုံ ခံရသည်၊ လဆန်းတဆဲ့ငါးရက်နေ့ ဆင်ယာဉ်မြင်းယဉ် လှေယဉ်စသော အလှူတော်များကို အတွင်းတော်သို့ သွင်း၍ အရှင်မိဖုရားခေါင်ကြီးနှင့် ရေစက်သွန်းတော်မူပြီးလျှင် ဘုရားစေတီပုထိုးများမှာ လှူတော်မူသည်၊ လပြည့်ကျော်တရက်နေ့ကသည် သုံးရက်နေ့တိုင် ဆိမ်းမြင်းမိုရ် ညှိထွန်း ပူဇော်တော်မူသည်၊ ဇာတ်ကြီးစသော ပွဲသဘင်စုံလည်း ခံရသည်။

လပြည့်ကျော်တရက်နေ့ကသည် သုံးရက်နေ့တိုင်အောင်လည်း ပြာသာဒ်ဥကင်တော် သီဟာသနရာဇပလ္လင်တော်ထက် အရှင်မိဖုရားခေါင်ကြီးနှင့်တကွ စံပယ်တော်မူလျက် ဝါကျွတ်ကန်တော့ခံတော်မူသည်။

လပြည့်ကျော်ငါးရက်နေ့ အနောက်ပွဲတက် ဇေတဝန်ဆောင် ဥကင်တော်-ပဒုမာသန ရာဇပလ္လင်တော်ထက် အရှင်မိဖုရားခေါင်ကြီးနှင့်တကွ စံပယ်တော်မူလျက် အနောက်ပွဲတက် ကန်တော့ခံတော်မူ၏။

တန်ဆောင်မုန်းလဆန်း တဆဲ့တရက်နေ့ည မိုးသည်းစွာ ရွာသည်တွင် ရွှေနန်းတော်အရှေ့ တံခါးနီတော်ပြင် ခုံပလ္လင်နှင့် ဆင်တော်ချည်သည့်ရွှေတိုင်ကို မိုးကြိုးသင့်သည်ကို ပညာရှိတို့က ဆင်ဖြူရတနာများစွာ ရောက်မည်ဟု လျှောက်ကြ၏။

မဏိပူရမြို့မှာလည်း ကသည်းတတိုင်းလုံးကို အလိုတော် ပြည့်လျှင် ကသည်းမြို့ကိုဖျက်၍ ရသည့်အုတ်ကို ပုထိုးစေတီတည်ပြီးမှ မြို့ရာဟောင်း အနောက်မြောက်တွင် သစ်တပ်မြို့တည်၍ သူရဲတထောင်ကျော်နှင့် ကန့်မြို့ဝန် နေမျိုးရဲခေါင်ကျော်ထင်ကိုအစောင့်အနေခန့်ထားခဲ့၏။ တပ်တော်များ ပြန်လည်သည့်နောက် အကြပ်တိုက်မြို့ဆို ထွက်ပြေးခိုမှီနေသူ ကသည်းစော်ဘွားသား ဟဲလားစန္ဒရော်, အိန်စောင်တာပတို့နှင့် အမတ်ကြီး ဆနာပတိ, ဝင်းမူးအထွတ်ပ, ဗိုလ်ဆစုံပေတို့ လက်နက်လူသူ စုရုံးစည်းကြပ်ပြီးလျှင် မြင်းသုံးထောင်ကျော်, လူနှစ်ထောင်ကျော်များနှင့်ချီလာ၍ မွေရင်းမြို့တောင်-ဝက်ခေါင်းအရပ်တွင် တပ်အဖြိုးအခိုင် တည်လုပ်စွဲရပ်ပြီးလျှင် မဏိပူရပတ်လည် ကျေးရွာများကို တိုက်ဖျက် သိမ်းရုံးသည်ကို မဏိပူရ မြို့စောင့် ဗိုလ်မူး နေမျိုး ရဲခေါင်ကျော်ထင်တို့ ကြားသိသော

ကြောင့် နေမျိုးသီရိဇော်တရတ်ကျော်, ရဲခေါင်ဇေယျကျော်ထင် တို့ကို သေနတ်စွဲ သူရဲဂါးရာနှင့် သတ္တရာဇ် (၁၁၀၂) တထောင့်တရာ့ရှစ်ဆဲ့ နှစ်ခု ဝါခေါင်လဆန်း လေးရက်နေ့ ထွက်၍ တိုက်စေသည်၊ မွေရင်း အရပ်သို့ရောက်လျှင် ကသည်းတို့ကမြင်းနှစ်ထောင်ကျော်,လူတသောင်း ကျော်နှင့်ချီလာသည်ကိုတွေ့၍ တိုက်ကြသည်၊ကသည်းတို့အင်အားကြီးလှ သောကြောင့် တပ်တော်များနွေ့ချေလျှင် နေမျိုးသီရိဇော်တရတ်ကျော်, ရဲခေါင်ဇေယျကျော်တို့လည်း ကက်စိန်တွင်ထားသည့် သာရစတ္တ, နရာ ကျော်ခေါင်တို့တပ်သို့ ဆုတ်ခွာခဲ့ရသည်။

ကသည်းတို့ကလည်း လိုက်ထပ်ချီလာသည်၊ နေမျိုး သီရိဇော်တရတ် ကျော်,ရဲခေါင်ဇေယျကျော်, သာရစတ္တ,နရာကျော်ခေါင်တို့လည်း ထော်ပန် အရပ်တွင် ခံ၍ တိုက်ပြန်သည်၊ သူရဲတော် ဂါးဆယ်ကျော်လောက် ထိပါးရှုနသေဆုံးသည်၊ သာရစတ္တ,နရာကျော်ခေါင်တို့လည်း ယင်းတွင် ပင်ဆုံးချေသည်၊ နေမျိုးသီရိဇော်တရတ်ကျော်, ရဲခေါင်ဇေယျကျော်တို့ လည်း မဏိပုရမြို့တွင်းက သူရဲတော် ဂါးရာကို ဇေယျနော်ရထာကျော် ခေါင်အုပ်၍ အကူအထောက် ထွက်လာသည်နှင့်ပေါင်း၍ ဒီလုံအရပ်က ခံ၍တိုက်ပြန်သည်ကိုလည်း မရပ်မခံနိုင်၍ နေမျိုးသီရိဇော်တရတ်ကျော်, ရဲခေါင်ဇေယျကျော်,ဇေယျနော်ရထာကျော်ခေါင်တို့မဏိပုရမြို့တပ်တွင်း တိုင်အောင် ဆုတ်ခဲ့ရချေ၏။

ထိုအခါ ဗိုလ်မှူးတပ်မှူးတစုတို့က ဗိုလ်မှူး နေမျိုးရဲခေါင်ကျော်ထင်ကို ဤသို့ဆိုကြ၏၊ ယခုကသည်းစော်ဘွားသား ဟဲလားစန္ဒရော်,အိန်စောင် တာပတို့နှင့် အမတ်ကြီး ဆနာပတိတို့ အတ္တပတ်မြို့က အင်ကြီးအားကြီး ချီလာ၍ တောအုံ့ တောင်ကမ်း ပုန်းအောင်း မှီခိုနေသည့် ကသည်းလေး သောင်းကျော် ငါးသောင်းကို သိမ်းရုံး၍ ဆင်ပါမြင်းပါချီလာသည်ကို ကျွန်တော်တို့ကဆီးကြိုတိုက်သည်၊သူရဲတော်အများသေဆုံး၍ဆုတ်ခွာခဲ့ရ သည်၊ကသည်းတို့ကလည်းအင်အားကြီးလှချေ၍ မဏိပုရမြို့တပ်နှင့်ခံသော် လည်း သူ့တိုင်းလယ်ပြည်လယ်မှာဖြစ်၍ ကျွန်တော်တို့ကား ဝက်စွယ်ဖျား တွင်ပါသော မြေနှင့်အတူ အင်အား နည်းလှသည်၊ ကသည်းတို့မှာမူကား မြေကြီးအထုနှင့်အတူ အင်အားများလှချေသည်၊သည်စစ်ကိုကျွန်တော်တို့ အသက်စွန့်၍ ကြိုးသော်လည်း နိုင်နင်းနိုင်မည်မဟုတ်၊မနိုင်မနင်းနိုင်သည် ဖြစ်ကလည်းသေဆုံး၍ ကုန်ကာသာ အကျိုးတော်ရှိမည်မဟုတ်၊ ယင်းသို့ ဖြစ်သောကြောင့် ကသည်းတို့ မြေရေကိုလွှတ်နိုင်အောင် ဆုတ်ခွာပြီးလျှင်

ရွှေဘဝါးတော်အောက်လျှောက်ထားပြီးမှစစ်ကြီးတက်၍ကသည်းတို့နှင့် သင်းတို့အခြေအမြစ်ပြုသည့် အဏ္ဏပတ်တပြည်လုံးကို သိမ်းယူရသည်ဖြစ်မှ အကျိုးတော်ရှိမည်ဟု ဆိုကြသည်တွင် ဗိုလ်မှူးနေမျိုးရဲခေါင်ကျော်ထင်က ဆိုသည်ကား-ကိုယ်တို့ ငါတို့ကို သူရဲယောကျ်ားကောင်း ဖြစ်သည်ဟု ရွေးကောက်တော်မူ၍ သူ့.ကိုနှိုင်အောင် တိုက်စိမ့်မည်ဟုသာ မကိုပူရမြို့တွင် ထားတော်မူသည်၊ သူနှင့်တွေ့လျှင် ဆုတ်ရမည်ဟု ထားတော်မူသည်မဟုတ်၊ သည်စကားကို သည်သာလွန်စေ၊ နောင်ကြားရလျှင် ခွန်းတုံ့ပြန်ရမည်မမှတ်ကြနှင့်-ဗိုလ်မှူး နေမျိုး ရဲခေါင်ကျော်ထင် ဆိုသည်ကို မြေဒူးတပ်မှူးက ဆုတ်သင့်ကြောင်းကိုသာ ထပ်၍ ဆိုပြန်လျှင် ဗိုလ်မှူးနေမျိုးရဲခေါင်ကျော်ထင် ထပြေးလာ၍ မြေဒူးတပ်မှူးကို ခုတ်သည်၊ ရုံးပေါ်တွင်ပင် မြေဒူးတပ်မှူး ဆုံးချေ၏၊ ယင်းတွင်မှ သူရဲတော် တပ်မှူးအပေါင်းတို့ ဗိုလ်မှူးနေမျိုးရဲခေါင်ကျော်ထင်ကို မော်၍မကြည့်ဝံ့ရှိကြ၏။

ယင်းသို့မှ ဗိုလ်မှူး နေမျိုး ရဲခေါင်ကျော်ထင်လည်း မကိုပူရမြို့ထိပ်မှ မိုးမောင်းတုံးယန္တယား တိုးပွားစီရင်သည်၊ မြို့ပတ်လည်ဝန်းကျင်ကိုလည်း မြင်းတား, ဆင်ခလုတ်, မြင်းခလုတ်, ကတုတ်ဆူးငြောင့်,ဆင်တွင်း,မြင်းတွင်း, တိုးပွားစီရင်ပြီးလျှင် ကသည်းတို့မဖျက်မနှတ်သာအောင် ကတုတ်ဆူးငြောင့် အကြားအကြားများမှာ သေနတ်စွဲသူရဲတော်တို့ကို ညှပ်တိုင်းထွက်၍ အနှံ့အစပ် တွင်းကျင်းမြှုပ်ထား ချောင်းဝပ်စောင့်နေစေ၏။

ကသည်းစော်ဘွားသား ဟဲလားစန္ဒရော်, အိန်စောင်တာပတို့နှင့် ဆနာပတိတို့လည်း အားတက်မာန်ကိုး ကြွေးဝေါ်၍ ကသည်း ဆိုသမျှကို သိမ်းရုံးပြီးလျှင် အရှေ့မျက်နှာက ဆနာပတိနှင့် မြင်းတထောင်ကျော်, လူတသောင်းကျော်၊တောင်မျက်နှာက ကသည်းစော်ဘွားသား ဟဲလားစန္ဒရော်နှင့် မြင်းတထောင်ကျော်,လူတသောင်းကျော်၊ အနောက်မျက်နှာက ဝင်းမှူးအထွတ်ပန္ဒင့်မြင်းတထောင်ကျော်,လူတသောင်းကျော်၊မြောက်မျက်နှာက ကသည်းစော်ဘွားသား အိန်စောင်တာပနှင့် မြင်းတထောင်ကျော်,လူတသောင်းကျော် မကိုပူရမြို့တပ်ကို အထပ်ထပ် ရံနေပြီးလျှင် အကြိမ်ကြိမ်မြို့ကိုချဉ်း၍ တိုက်သည်၊ ဗိုလ်မှူးနေမျိုး ရဲခေါင်ကျော်ထင်တို့လည်း မြို့တပ်တွင်းကကြိုကြိုခံ၍ ချဉ်းလာသမျှ မလွတ်ရအောင် ပြောင်းအမြောက်နှင့် ဆီးခံပစ်လွှတ်သည်၊ ကသည်းတို့ကလည်း မြင်းလူအများထိပါးသေဆုံးလေလျှင် မချဉ်းမကပ်နိုင်၊မကိုပူရမြို့တပ်ကို အပိတ်ရံ၍သာနေကြ၏။

ဗိုလ်မှူး နေမျိုးရဲခေါင်ကျော်ထင်လည်း နောက်သုံးရက်ရှိလျှင် တောင်မျက်နှာကရံသည့် ကသည်းစော်ဘွားသား ဟဲလားစန္ဒရော်တို့တပ်ကို နေမျိုးသီရိဇော်တရတ်ကျော်, ရဲခေါင်သီဟနော်ရထာ, ဇေယနော်ရထာကျော်ခေါင်, ရွှေတောင်သီဟရဲထင်, ရဲထင်ကျော်ခေါင်တို့ကို သေနတ်စွဲသူရဲ ငါးရာကျော်နှင့် ထွက်၍တိုက်စေသည်၊ ဟဲလားစန္ဒရော်တို့တပ် မဆီးမတားနိုင် ကစီကရင်ရှိလေ၏။ ယင်းသို့ပင် ရှိသော်လည်း ကသည်းတို့က အင်အားလူသူ တပ်ကူတပ်ထောက် များလှသောကြောင့် ဟဲလားစန္ဒရော် တို့လည်း တောင်မျက်နှာက ရံမြဲရံ၍ နေနိုင်ပြန်လေသည်၊ ယင်းတွင်ပင် နေမျိုးသီရိဇော်တရတ်ကျော်လည်း ဆုံးချေသည်နှင့် ရဲခေါင် သီဟနော်ရထာ, ဇေယနော်ရထာ ကျော်ခေါင်, ရွှေတောင်သီဟရဲထင်, ရဲထင်ကျော်ခေါင်တို့ မဏိပူရ မြို့တပ်တွင်းသို့ဆုတ်ခဲ့ရချေ၏။

ဗိုလ်မှူး နေမျိုးရဲခေါင်ကျော်ထင်လည်း နောက်တရက်ရှိလျှင် အနော်မျက်နှာကရံသည့် ဝင်းမှူးအထွတ်ပတ်တို့တပ်ကို ရဲခေါင်သီဟနော်ရထာ, ရန်ခွန်ရွှေတောင်သူ, ရန်ခွင်း ဇေယကျော်, ရဲခေါင် ဇေယကျော်တို့ကို သေနတ်စွဲ သူရဲ ငါးရာကျော်နှင့် ထွက်၍တိုက်ပြန်စေသည်၊ ကသည်းတို့ အနောက်မျက်နှာရံတပ် ရွှေလေ၏။

ရဲခေါင်သီဟနော်ရထာ, ရန်ခွန်ရွှေတောင်သူတို့လည်း ကသည်းတို့ရံတပ်များကို မီးထင်းတိုက်ရှို့၍ မြို့တပ်တွင်းသို့ဝင်နေပြန်လေလျှင် ကသည်း ဝင်းမှူး အထွတ်ပတ်တို့လည်း အနောက်မျက်နှာက ရံမြဲရံ၍နေပြန်၏။

ဗိုလ်မှူး နေမျိုးရဲခေါင်ကျော်ထင်လည်း နောက်ခုနစ်ရက်ရှိလျှင် ရန်နိုင်ဇေယကျော်ထင်, ရန်နိုင်တော, ရဲခေါင်ဇေယကျော်, ပျံချီလှ တို့ကို သေနတ်စွဲ သူရဲငါးရာကျော်နှင့် ညဉ့်သန်ခေါင်အခါကို ထွက်၍ အနော်မျက်နှာဝင်းမှူး အထွတ်ပတ်တို့တပ်ကို နင်းပြန်စေသည်၊ ကသည်းတို့တပ် ပျံက်၍ ပရမ်းပတာရှိသော်လည်း ကသည်းတို့က အင်အားလူသူ အကူအထောက် များလှသောကြောင့် ရန်နိုင်ဇေယကျော်ထင်, ပျံချီလှတို့ မြို့ထိပ်တပ်တွင်းသို့ ဆုတ်ခွာခဲ့ရပြန်သည်၊ ကသည်းတို့ကလည်း တပ်တော်များဆုတ်ခွာလေလျှင် အနောက်မျက်နှာက ရံမြဲရံ၍နေပြန်လေ၏။

ယင်းသောအခါ မြောက်မျက်နှာကရံသည့် ကသည်းစော်ဘွားသား အိန်စောင်တာပလည်း မြင်းတထောင်ကျော်နှင့် တပ်က ထွက်လာသည်ကို ဗိုလ်မှူး နေမျိုးရဲခေါင်ကျော်ထင်တို့က မြင်လျှင် ရဲခေါင်ဇေယကျော်, ဇေယနရာတို့ကို သေနတ်လက်ကောင်း လူနှစ်ရာနှင့် မြို့တပ်က ထွက်စေ၍

လမ်းလက်ဝဲထက်ယာက မြုပ်ထားချောင်းဝပ်နေစေပြီးလျှင် ကသည်းတို့ တပ် ချဉ်းလာသည်ကို တပြိုင်နက်ပစ်လွှတ်စေသည်၊ ကသည်းတို့က မြင်း လူတရာကျော် သေဆုံးသည်၊ ယင်းသို့ သူရဲတော်တို့ ချောင်းဝပ်လွှတ် သည်ကို ကသည်းတို့မြင်လျှင် ကသည်းစော်ဘွားသား အိန်စောင်တာပ ဦးတည်၍ မြင်းတထောင်ကျော်နှင့် အပြင်းလွှတ်၍ထိုးသည်၊ သူရဲတော် ငါးဆယ်ကျော်လောက် ဆုံးသည်နှင့် မရပ်မဆံနိုင်သောကြောင့် ရဲခေါင် ဇေယကျော်, ဇေယနရာတို့ မြို့တပ်တွင်းသို့ အနိုင် ဆုတ်ခွာခဲ့ရသည်၊ ကသည်းစော်ဘွားသား အိန်စောင်တာပတို့လည်း မြို့ရင်းတိုင်အောင် လိုက်ထပ်ထိုးခုတ်သည်၊ မြို့တပ်တွင်းက ဆီးခံပစ်လွှတ်၍ မြင်းတရာကျော် သေဆုံးမှ ကသည်းစော်ဘွားသား အိန်စောင်တာပတို့ ဆုတ်ခွာ၍ ရံမြဲ ရံနေလေ၏။

နောက်ငါးရက်ရှိပြန်လျှင် မြောက်မျက်နှာကရံသည့် ကသည်းစော် ဘွားသား အိန်စောင်တာပနှင့် ကသည်းတပ်ဆိုသမျှ အကုန်ထွက်၍ မြို့ ထိပ်သို့တက်မည်လာသည်ကို တပ်ထိပ်က ဗိုလ်မှူး နေမျိုးရဲခေါင်ကျော် ထင်တို့ မြင်သည်တွင် နေမျိုးသူရနော်ရထာ, ရဲဖျားနော်ရထာ, ကျော် ခေါင်ဇေယနော်ရထာ, ဇေယကျော်ခေါင်တို့ သေနတ်စွဲသူရဲ ငါးရာကို လက်ဝဲလက်ယာထား၍ ဗိုလ်မှူးနေမျိုးရဲခေါင်ကျော်ထင် ဆင်နှင့် မြို့တပ် တွင်းကထွက်သည်၊ ကသည်းတို့ မြင်းအားကြိုးလွှတ်၍ ထိုးလာသည်ကို ဆင်ခြေဖုံး သေနတ်ငါးရာ ဖြန့်ကာ ပစ်လွှတ်စေပြီးလျှင် ဗိုလ်မှူးနေမျိုး ရဲခေါင်ကျော်ထင် ဆင်နှင့် မြင်းပုံသို့ အပြင်းလွှတ်၍ တိုက်သည်တွင် ကသည်းစော်ဘွားသား အိန်စောင်တာပတို့ မရပ်မဆံနိုင်၊ ကသည်းဆိုသ မျှ နေရင်းရံတပ်တွင်မျှ မရပ်မနေဝံ့၊ တပ်ကူတပ်ထောက်ရှိရာ အရှေ မျက်နှာ အနောက်မျက်နှာ ရံတပ်များသို့ ဝင်ပြေးကြလေ၏၊ဗိုလ်မှူးနေမျိုး ရဲခေါင်ကျော်ထင်တို့လည်း ကသည်းတို့ရံတပ်များကို မီးထင်းတိုက်ရှို့ ဖျက်ဆီးပြီးလျှင် မြို့တပ်တွင်းသို့ဝင်ခဲ့၏၊ ကသည်းတို့လည်း ဗိုလ်မှူးနေမျိုး ရဲခေါင်ကျော်ထင်တို့ မြို့တပ်တွင်းသို့ ဝင်လေလျှင် မြောက်မျက်နှာကိုရံမြဲ ရံ၍နေပြန်လေ၏။

နောက်သုံးရက်ရှိပြန်လျှင် ကသည်းတို့အားကြိုးပြန်၍အရှေ့မျက်နှာက ရံသည့် ဆနာပတိနှင့် ကသည်းတပ်ဆိုသမျှ အကုန် ထွက်ပြီးလျှင် မြို့တပ် သို့ တက်မည်လာပြန်သည်ကို သေနတ်စွဲ သူရဲငါးရာနှင့် နေမျိုးသူရနော် ရထာ, ရဲဖျားနော်ရထာကျော်ခေါင်, ဇေယ နော်ရထာကျော်ခေါင်တို့

ကို လက်ဝဲ လက်ယာ ထားပြီးလျှင် ဗိုလ်မှူး နေမျိုး ရဲခေါင်ကျော်ထင် ဆင်ကို ချွန်းဖွင့်ကာ အပြင်းတိုက်သည်၊ ဆနာပတိတို့ အဆီးအတား မရှိ ပျက်၍ တဝ်ကူတဝ်ထောက်ရှိရာ တောင်မျက်နှာ မြောက်မျက်နှာ ရုံတဝ်များသို့ ဝင်ပြေးကြလေသည်၊ ဗိုလ်မှူး နေမျိုး ရဲခေါင်ကျော်ထင်တို့ လည်း ကသည်းတို့ရုံတဝ်များကို မီးထင်းတိုက်ရှို့၍ မြို့တဝ်တွင်းသို့ ဝင်ခဲ့၏၊ ကသည်းတို့လည်း ဗိုလ်မှူးနေမျိုးရဲခေါင်ကျော်ထင်တို့တဝ် မြို့တွင်းသို့ ဝင်လေလျှင် ရုံမြဲရုံ၍ နေပြန်လေ၏။

ယင်းသို့-ရဲဖျားနော်ရထာ, ကျော်ခေါင်ဇေယနော်ရထာ, ကျော်ခေါင်ရန်ကသူရ, နော်ရထာရဲခေါင်, သီဟနော်ရထာ, ရဲခေါင်ရဲထင်, ကောင်းထွတ်နော်ရထာတို့နှင့် သူရဲတော် တထောင်ကျော်တို့ကို ဗိုလ်မှူး နေမျိုး ရဲခေါင်ကျော်ထင် ချုပ်အုပ်၍ မဏိပူရမြို့တဝ်တွင်းက ခံသည်ကို ကသည်း စော်ဘွား သားနှင့် ကသည်းဗိုလ်မှူး တဝ်မှူးတို့ မြင်းလူ ငါး သောင်းကျော် ခြောက်သောင်း မြို့တဝ်ကို အထဝ်ထဝ် ဝိတ်ဆို့ပြီးလျှင် တလကျော်နှစ်လ အကြိမ်ကြိမ်မြို့တဝ်ကိုချဉ်း၍တက်သည်ကို ဗိုလ်မှူးနေမျိုး ရဲခေါင်ကျော်ထင်မြို့ခံကောင်းလှချေ၍ မြို့တဝ်တွင်းသို့မချဉ်းမကပ်မတက် မရောက်မပေါက်မမြောက်နိုင် ရှိလေလျှင် ကသည်းဗိုလ်မှူးတဝ်မှူးဆိုသမျှ ကို ရုံးစု၍ ကသည်း စော်ဘွားသား ဟဲလားစန္ဒရော်, အိန်စောင်တာပတို့ နှင့် ဆနာပတိတို့ ဤသို့ဆို၏၊ မြို့တဝ်တွင်းက ကန္ဒီမြို့ဝန်ဆိုသူနှင့် ဗိုလ်မှူး တဝ်မှူး လူတထောင်ကျော် အနည်းငယ်ခံသည်ကို ငါတို့ ကသည်းဗိုလ်စု တဝ်စု ငါးသောင်းကျော် ခြောက်သောင်း တလကျော် နှစ်လတိုက်သည် ကို မြန်မာမင်းကျွန်တို့ သူရဲကောင်းလှချေ၍ ငါတို့မပေါက်မမြောက်နိုင် ရှိချေသည်၊ မဏိပူရမြို့တွင်းက ခံသည့်ကန္ဒီမြို့ဝန် ဆိုသူနှင့် လူတထောင် ကျော်လောက်သည် လူမဟုတ် အသားစားတတ်သော ဘီလူး သံတက် နှင့် အတူဖြစ်ချေသည်၊ ငါတို့တိုက်သော်လည်း ရုန်းမည့်အကြောင်းမရှိ၊ မြန်မာမင်းကလည်း မဏိပူရမြို့တဝ်မှာ ငါတို့ ဝန်းရံ တိုက်လံကြောင်းကို မကြားသေးသောကြောင့်သာ အရုံကိုမဖြုတ် နေချေသည်၊ ရှည်လတ်သော် မြန်မာမင်း မကြားမသိရှိချိမ့်မည်မဟုတ်၊ ကြားသိလျှင် မြန်မာ တဝ်အများချိတက်လာချိမ့်မည်မချွတ်၊ မြန်မာတို့ ချိတက်လာလျှင်လည်း ငါတို့ပျက်စီးခြင်းကြီးစွာရောက်ပြန်ရချိမ့်မည် မချွတ်၊ ယင်းသို့ ဖြစ်သော ကြောင့် မဏိပူရမြို့ တဝ်တွင်းမှာ နေသည့် ကန္ဒီမြို့ဝန် ဆိုသူနှင့် မြန်မာ တထောင်ကျော်လောက် အသာအယာထွက်သွားလေအောင် ကြံစည်

ပြောဆိုပြီးလျှင် ထိုသူတစုတို့ အသာအယာ ထွက်သွားမှ မင်းမူရမြို့တပ်ကို ငါတို့တစု သိမ်းရုံးပြုစု၍ မြန်မာမင်းအမှုကို ထမ်းရသည်ဖြစ်မှ ငါတို့အရပ်ဒေသတွင် ချမ်းသာစွာ နေကြရမည်ဟု ဆိုသည်ကို ကသည်းဗိုလ်မှူးတပ်မှူးတို့ အကြိုက်ညီကြ၍ ကသည်းတို့ကဟစ်၍ ဆိုလာစေသည်ကား-

ယခုဗိုလ်မင်း တပ်မင်းများ မင်းမူရမြို့တပ်တွင်းက အပန်းတကြီးနေနိုင်မည်အထင်နှင့် ခံ၍နေကြသည်၊ ယခု မြန်မာတို့ပြည်ကို တရုပ်ပြည်က လူတသိန်း နှစ်သိန်း, ယိုးဒယားပြည်က လူတသိန်းနှစ်သိန်း ချီလာသောကြောင့် မြန်မာပြည်တွင် စစ်သူကြီး ဗိုလ်မှူး တပ်မှူး ဆိုသမျှ အကုန်အစင်ထွက်၍ ဆီးဆို့ရပ်ခံကြရသည်၊ ငါတို့ ရံနေသည်ကို အရံဖြုတ်စိမ့်မည် မြန်မာမင်းက စေလွှတ်သည့် ကလေးစော်ဘွားနှင့် ဗိုလ်စု တပ်စု ဆိုသမျှ တမူးသို့ရောက်လာသည်ကိုလည်း လိုက်၍ခေါ်လာသောကြောင့် နေ့ညဉ့် အလျှင်အမြန် ဆုတ်ခွာပြန်လေပြီ၊ ဗိုလ်မင်းတပ်မင်းတို့ မူကား ငါတို့က ရံ၍နေသောကြောင့် လူသူ အရောက်အပေါက် ခဲခက်လေ၍ မြန်မာပြည်မှာ စကားအလုံးစုံမျိုးကို မကြားမဆိရှိသည်၊ ယင်းသို့ဖြစ်၍ ဗိုလ်မင်းတပ်မင်းတို့ သွားလိုလျှင် လမ်းပေး၍ အသာအယာ မျိုးရိုက္ခာထောက်ပံ့မည်ဟု မြို့တွင်းကကြားအောင် မြန်မာစကားတတ်သူ ကသည်းတို့ကိုဟစ်၍ဆိုစေသည်ကို မြို့တပ်တွင်းကကြားလျှင် ဗိုလ်မှူးနေမျိုးရဲခေါင်ကျော်ထင်က ပြန်၍ဆိုစေသည်ကား-

ငါတို့အရှင်ဆဒ္ဒန်ဆင်မင်းသခင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရား ဘုန်းတော် လက်ရုံးတော် ဇမ္မူဒိပ်ကျွန်းအလုံး ပျံနှံ၍ နေ-လ ကဲ့သို့ ထွန်းတောက်ပသည်ဖြစ်သည်၊ တရုပ်ပြည် ယိုးဒယားပြည်ကို မဆိုနှင့်ဦး ဇမ္မူဒိပ်ကျွန်းအလုံး ထီးဆောင်းမင်းဆိုသမျှ ဝန်းရံသော်လည်း ကိုယ်တို့မင်းများ အကုန် အစင် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ကြရမည်၊ ကံကြမ္မာနှိုးဆော်သည်ဟု မှတ်ရမည်၊ မင်းမူရမြို့ တပ်တွင်းထွင် ငါတို့သူရဲတော် ဗိုလ်မှူးတပ်မှူးတို့နေသည်ကို ကိုယ်တို့ ရံနေကြသည်မှာလည်း ကိုယ်တို့တစုကိုမဆိနှင့်ဦး၊ အတ္တပတ်စသော အနောက် ကုလားတို့ပြည် ဆိုဆမျှ အကုန်အစင် ကိုယ်တို့ဘက်ကညှိ၍ အနှစ်တရာပင် ဝန်းရံတိုက်လံသော်လည်း ငါတို့ကို လှုပ်ရှားနိုင်မည်မဟုတ်ဟု ကသည်းတို့ ကြားအောင် မြို့တပ်ထိပ်က ဟစ်၍ဆိုစေ၏။

ယင်းသို့ ဗိုလ်မှူး နေမျိုးရဲခေါင်ကျော်ထင် လူတထောင်ကျော်နှင့် မင်းမူရမြို့တပ်တွင်းက ရပ်ခံနေသည်ကို ကသည်းငါးသောင်းကျော်ခြံ

သောင်း မြင်း, လူ အင်ကြီးအား ကြီး စုရုံး စည်းကြပ်၍ မြို့တပ်ကို အထပ်ထပ် မြေကတုတ်နှင့် စွဲရပ်ရုံနေပြီးလျှင် မြို့ကို အကြိမ်ကြိမ် တက်သည်၊ ဗိုလ်မှူး နေမျိုးရဲခေါင်ကျော်ထင်နှင့် မြို့စောင့်ဗိုလ်မှူးတပ်မှူးတို့ စည်းကြပ်လှသောကြောင့် ကသည်းတို့မြို့တပ်တွင်းသို့ မပေါက်မရောက်နိုင်၊ မြို့တပ်ကို အဝိတ်ရုံ၍ နေသည်ကိုလည်း ဗိုလ်မှူးနေမျိုးရဲခေါင်ကျော်ထင်အကြိမ်ကြိမ်ထွက်၍ တိုက်သည်၊ ကသည်း ငါးသောင်းကျော် ခြောက်သောင်း အထပ်ထပ်ရုံသည် အင်အားကြီးလှသောကြောင့် မနှိမ်မနင်းနိုင် ရှိလေလျှင် ဗိုလ်မှူးတပ်မှူးတို့ကို ရုံးစု၍ ဗိုလ်မှူးနေမျိုးရဲခေါင်ကျော်ထင် ဤသို့ဆို၏။ ငါတို့ ဘဝရှင်မင်းတရားကြီးဘုရားက သူရဲ တထောင်ကျော်နှင့် မကိုပူရမြို့တပ်ကို နေနိုင်အောင်နေရမည် ထားတော်မူသည်၊ ကသည်း စော်ဘွားသား ဟဲလားစန္ဒရော်, အိန်စောင်တာပန်ဒွင့် ဆနာပတိတို့ ကသည်းတပြည်လုံးတွင်ရှိသည့် ဆင်ကောင်းမြင်းကောင်းလူငါးသောင်းကျော်ကို စုရုံးစည်းကြပ်၍ ချီလာသည် ကြားသောကြောင့် ငါတို့က အထောက်ထောက် ဆီးကြိုတိုက်သည်ကို ကသည်းတို့က ဆင်မြင်းလူသူအင်အားကြီးလှသောကြောင့် မနှိပ်မနင်းနိုင်ရှိ၍ မကိုပူရမြို့တပ်တွင်းက ငါတို့ ကြံ့ကြံ့ခံလျှင် သင်းတို့ မတိုးမဝှေ့နိုင် မြို့ကိုရုံ၍ နေသည်ကိုလည်း အကြိမ်ကြိမ် ငါတို့ထွက်၍ တိုက်သည်၊ ကသည်းတို့ လူသူအင်အား ကြီးလှသောကြောင့် ငါတို့က အရုံကိုမဖြုတ်နိုင် ရှိချေသည်၊ ယင်းသို့ပင်ဖြစ်သော်လည်း လက်နက်ခဲယမ်းမျိုးရိက္ခာပြည့်ဝလျှင် ငါတို့သူရဲတထောင်ကျော်ခံသည်ကို ကသည်းတို့ ငါတို့ကို လှုပ်ရှားနိုင်မည်မဟုတ်၊သို့ရာတွင် သုံးလကျော် လေးလ ကသည်းတို့ကို ခံ၍တိုက်ရသောကြောင့် ငါတို့မြို့တပ်တွင်းမှာ ခဲယမ်းမီးကျောက်မျိုးရိက္ခာ ပါးရှားသည်၊ ရွှေဘဝါးတော်အောက်သို့ မျိုးရိက္ခာ လက်နက်လူသူ အဖြည့်အလောင်း အလျှောက်အထား အကြိမ်ကြိမ် စေလွှတ်သည်ကိုလည်း မထွင်းမဖောက်နိုင်ရှိသည်၊ ကသည်းတို့ တိုင်းလယ်ပြည်လယ်မှာ သူရုံသည်ကိုသာခံ၍ နေရချေသည်ဖြစ်သောကြောင့် သည်အရေးကို မည်သို့ကြိုသော်သင့်မည်ဟု ဗိုလ်မှူးကဆိုသည်တွင် သူရဲတော် ဇေယ်နေ, ဇေပေ, ဇေနေ, ဇေဆန်း, ဇေလန်းဝိုင်တို့ငါးဦးက ကျွန်တော်တို့ငါးဦး လျှောက်စာတစောင်စီနှင့် ကသည်းတို့ ရုံသည့်တပ်စုကိုချင်းဖောက်၍ ကသည်းတို့နယ်မြေကို လွန်နိုင်အောင်ထွက်သွားမည်၊ ကျွန်တော်တို့ငါးဦး တယောက်မကျန် အကုန် သေသော်သာမပေါက်မရောက်ရှိမည်၊ တယောက်ယောက် ကသည်းတို့မြေက လွန်နိုင်

လျှင် ရွှေဘဝါးတော်အောက်ပေါက်ရောက်လိမ့်မည်၊ယခု သည်တကြိမ်တခါကို ကျွန်တော်တို့ အသက်ကိုစွန့်၍ အမှုတော်ကို ထမ်းမည်ဆိုသည်တွင် ငစံနေ့,ငနေ, ငပေ, ငဆန်း,ငလန်းဝိုင်တို့ဆိုသည့်စကားကို ဗိုလ်မှူးနေမျိုးရဲခေါင်ကျော်ထင်စသော ဗိုလ်မှူးတပ်မှူးအပေါင်းတို့ အကြိုက်ညီကြလေ၍ လျှောက်စာငါးစောင်ပြင်ကြပြီးလျှင် သူရဲတော် ငါးဦးသားတို့ကို အပ်သည်၊ သူရဲတော်ငါးဦးသားတို့လည်း သီတင်းကျွတ်ဆန်းငါးရက်နေ့ ညဉ့်အခါ ကသည်းတို့ရံတပ်ကိုဖောက်၍ ကသည်းတို့ မြေကိုလွန်အောင် ညဉ့်ကိုသွားသည်၊နေ့ကို တောနက်ရာ အောင်းနေသည်၊ လေးဦးသား သူရဲတော်တို့ကို ကသည်းတို့က ဖမ်းမိလေသည်၊ ငစံနေတယောက်မှာမူကား ကသည်းတို့ တောတောင်ရေမြေက ထွက်လွတ်နိုင်၍ ငါးညဉ့်နှင့် တမူးအရပ်သို့ရောက်လျှင် နေ့ညဉ့်မဆိုလာခဲ့သည်၊ တဆဲ့ငါးရက်နှင့် ငစံနေ ရွှေဘဝါးတော်အောက်ရောက်၍ မဏိပူရမြို့တပ်မှာ အရေးအကြောင်း အလုံးစုံမျိုးကို ဆဒ္ဒန်ဆင်မင်းသခင် အသျှင် သဝဏ်မင်းတရားကြီးဘုရား ကြားတော်မူသည်တွင် မဏိပူရမြို့တပ်က ထွက်လာသည့် သူရဲတော် ငစံနေကိုလည်း ရဲခေါင်ကျော်ထင်ဘွဲ့ကိုပေးတော်မူ၍ ဆုလာဘ်များစွာ ပေးတော်မူပြီးလျှင် မဏိပူရကသည်းမြို့တပ်မှာ ငါးသူရဲတော်တို့နှင့် ဗိုလ်မှူးတပ်မှူးတို့ကို ကသည်းတတိုင်းလုံး ဝန်းရံ၍နေသည်ဆိုသည်၊ ကသည်းအမျိုးသားဆိုသမျှကို ပုခက်တွင်းမကျန် သိမ်းယူခဲ့ရမည့် အမိန့်တော်ရှိ၍ မဏိပူရကသည်းပြည်သို့ ချီရသည့်တပ်စဉ်ကား-

ရဲခေါင်ကျော်စွာတတပ်၊ မင်းခင်းမြို့ဝန် ပျံချီသူရနော်ရထာ တတပ်၊ မြစ်စဉ်ဝန်နော်ရထာရဲလှကျော်တတပ်၊ ခန်းပတ်မြို့စစ်ကဲ တေဇအာကာတတပ်၊ ကလေးစော်ဘွား မောရိယသီဟရာဇာတတပ်၊ ထီးလင်းမြို့သူကြီး သေဇ္ဇဇေယကျော်တတပ်၊ သောင်သွပ်စစ်ကဲ စက်မိုး ထိန်ကျော်တတပ်၊ တွင်းသင်းတိုက်ဝန် နေမျိုးသခ်ယာတတပ်၊နေမျိုးစည်သူတတပ်၊ သူရဲရဲခေါင်နော်ရထာတတပ်၊နေမျိုးရာဇသီရိကျော်ထင် တတပ်၊မြောက်ဘက်မြင်းဝန် မင်းလှမင်းထင် တတပ်၊ နော်ရထာရန်အောင် တတပ်၊ မင်းခေါင်ရဲထင်တတပ်၊ ဇေယနန္ဒရာဇာတတပ်၊ သီဟရန္တကျော်တတပ်၊ ရန်နိုင်သူရကျော်ထင်တတပ်၊ ရဲကျော်သူရတတပ်၊ပုခန်းကြီးမြို့ဝန်မင်းကြီးမင်းခေါင်ကျော်တတပ်၊ သည်တပ်ပေါင်း တဆဲ့ကိုးတပ်တွင် ပါသည့် တိုက်ဆင်ငါးဆယ်, မြင်းတထောင်, စစ်သည်သူရဲနှစ်သောင်းကို ရွေးယက်ဝဲဗိုလ် ဒေဝမင်းခေါင်,နတ်ရှင့်ရွေးဗိုလ် မင်းကျော်သေနတို့ကိုစစ်ကဲ,

ပုခန်းကြီးမြို့ဝန် မင်းကြီး မင်းခေါင်ကျော်ကို အချုပ်ခန့်တော်မူ၍ သက္ကရာဇ် (၁၁၀၂) တထောင့် တရာ့ ရှစ်ဆဲ့ နှစ်ခု တန်ဆောင်မုန်း လပြည့်ကျော်ကိုးရက်နေ့ မဏိပူရမြို့တပ်သို့ ချီစေသည်။ ။မဏိပူရမြို့တပ်စောင့်ကန့်မြို့ဝန် နေမျိုးရဲခေါင်ကျော်ထင်နှင့် ငါးကျွန် ဗိုလ်မှူးတပ်မှူးတို့ကို ပေးဝေရမည်ဟုလည်း ဆုတော် ရှေ့ငွေ ပုဆိုးဝတ်လုံများစွာ ပေးအပ်တော်မူလိုက်၏။

ကသည်းစော်ဘွား သား ဟဲလားစန္ဒရော်, အိန်စောင်တာပတ်နှင့် ဆနာပတိ, ဝင်းမှူး အထွတ်ပတ်လည်း တပ်တော်များချီတက်လာကြောင်းကို အထောက်အထောက် ကင်းထောက်လှမ်းစေသူတို့ ဆင့်ပြော ကြားသိလေလျှင် မဏိပူရမြို့ကိုအရံမဖြုတ်၊ ရုံမြဲရုံနေ၍ တပ်တော်များမရောက်မပေါက်နိုင်အောင်ကို ထောင်နိဝ, ဒီလုံချောင်း, ထော်ပန်, ဟဲလောက်ဝ, ကက်စိန်, ပလွင်, ဆွေလာဝ, စပ်ကပ်ပင်, အဲမွန်ချင်းရွာအရပ်များနှင့် လမ်းပေါက်လမ်းဝ ဆိုသမျှများမှာ လက်နက် မြင်းလူအများ လုံးကြီးရင်းကြီး ခန့်ထားဆီးဆို့ရပ်ခံစေ၏။

ဗိုလ်ချုပ်ပုခန်းကြီးမြို့ဝန် မင်းကြီး မင်းခေါင်ကျော်တို့ တဆဲ့ကိုးတပ်လည်း ရှေ့ဘဝါးတော်အောက်က စခန်းစဉ်အတိုင်း ချီတက်၍ တမူးသို့ရောက်လျှင် ရဲခေါင်ကျော်စွာကျော်တပ်၊ မင်းခင်းမြို့ဝန် ပျံချီသူရနော်ရထာတပ်၊ မြစ်စဉ်ဝန် နော်ရထာရဲလှကျော်တပ်၊ သူရရဲခေါင်နော်ရထာတပ်၊ ခန်းပတ်စစ်ကဲ တေဇအာကာတပ်၊ ကလေးစော်ဘွား မောရိယသီဟရာဇာတပ်၊ ထီးလင်းမြို့သူကြီး သေဋ္ဌဇေယကျော်တပ်၊ သောင်သွပ်စစ်ကဲ စက်မီးထိန်ကျော်တပ်၊ တွင်းသင်းတိုက်ဝန် နေမျိုးသခ်ယာတပ်၊ နေမျိုးစည်သူတပ်၊ နေမျိုးရာဇသီရိကျော်ထင်တပ်၊ မြောက်ဘက်မြင်းဝန် မင်းလှမင်းထင်တပ် သည်တဆဲ့နှစ်တပ်ကို မြောက်ဘက်မြင်းဝန် မင်းလှမင်းထင်ချုပ်စေ၍ တမူးကသည် မိုးလေးဝလမ်းကို တပ်ဦးချီတက်စေသည်။

ဗိုလ်ချုပ် ပုခန်းကြီးမြို့ဝန်မင်းကြီးမင်းခေါင်ကျော်မှာလည်း မင်းခေါင်ရဲထင်တပ်၊ နော်ရထာရန်အောင်တပ်၊ ဇေယနန္ဒရာဇာတပ်၊ သီဟရန္တကျော်တပ်၊ ရန်နိုင်သူရကျော်ထင်တပ်၊ ရဲကျော်သူရတပ်၊ သည်ခုနစ်တပ်နှင့် ရှေ့ချီမင်းလှမင်းထင်တို့ တဆဲ့နှစ်တပ်ကို ထောက်မှီလှမ်းမှီ နောက်အုပ်၍ ချီတက်သည်။

တမူးက သုံးစခန်းကွာ တောင်ပေါ် အဓမ္မန်ချင်းရွာ ခရီးကျဉ်းတွင် တပ်မြေကတုတ်နှင့် ကသည်းစော်ဘွားသား ဟဲထားစန္ဒရော် မြင်းလူအများနှင့် စည်းကြပ်ခံနေသည်ကိုတွေ့၍ တိုက်သည်၊ ကသည်းစော်ဘွားသား ဟဲလားစန္ဒရော်နှင့် ဗိုလ်မှူးတပ်မှူးတို့ မရပ်မခံနိုင်၊ ဆုတ်ခွာ၍ တတိုင်ကျော်ကွာ တောင်အဆင်း စပ်ကပ်ပင်အရပ်တွင် မြေကတုတ်နှင့် ခံပြန်သည်ကို တိုက်သည်၊ ပျက်ပြန်၏။ ယင်းက တတိုင်ကျော်ကွာ တောင်အထွက် ဆွေလာဝတွင် တပ်မြေကတုတ်နှင့် ခံပြန်သည်ကို တိုက်သည်၊ ပျက်ပြန်၏၊ ယင်းကတတိုင်ကျော်ကွာပလွင်အရပ်တွင် တပ်မြေကတုတ်နှင့် ခံပြန်သည်ကို တိုက်သည် ပျက်ပြန်၏။ယင်းကတတိုင်ကျော်ကွာ ကက်စိန်အရပ်တွင် မြေကတုတ်တပ်ကြီးနှင့် ခံပြန်သည်ကို တိုက်သည်၊ ပျက်ပြန်၏။ ယင်းက လေးတိုင်ကျော်ကွာ ဟဲလောက်ဝ အရပ်တွင် တပ်မြေကတုတ်နှင့် ခံပြန်သည်ကို တိုက်သည်၊ ပျက်ပြန်၏။ ယင်းက သုံးတိုင်ကျော်ကွာ ဒီလုံချောင်းကူးတွင် မြေကတုတ်နှင့် ခံပြန်သည်ကို တိုက်သည်၊ ပျက်ပြန်၏။ ယင်းက မဏိပူရမြို့နှင့် တာ ငါးရာကျော်ကွာ ထောင်နိဝ အရပ် ခရီးအကျဉ်းတွင် တပ်မြေကတုတ်ကြီးနှင့် ကသည်း ဗိုလ်မှူး တပ်မှူးတို့ အသက်စွန့်၍ လုံးကြီးရင်းကြိုး ကွပ်ကဲ ခုခံပြန်သည်ကို တိုက်သည်၊ ခရီးကျဉ်းတွင် တပ်မြေကတုတ်ကြီး အဖြိုးအခိုင်နှင့် ကသည်း ဗိုလ်မှူးတပ်မှူးတို့ အသက်စွန့်၍ ခံချေသောကြောင့် တပ်တော်များ မတိုး မဝှေတည့် နိုင်ရှိလေလျှင် တွင်းသင်းတိုက်ဝန် နေမျိုး သခ်ယာ, နေမျိုးရာဇ သီရိကျော်ထင်, သူရရဲခေါင် နော်ရထာတို့ သုံးဦး၊ ဆင်နှင့်ချည်း အပြင်းလွှတ်၍ တပ်တိုင်ကို ထိုးဖွေသည်၊ ကသည်းတို့တပ် ပေါက်လေလျှင် တပ်တွင်းက ကသည်းတို့ ထိုးခုတ် ပစ်ခတ်သည်ကို အလေးအစား မရှိ၊ တပ်ပေါက်ရာက သူရဲတော် ဗိုလ်မှူးတပ်မှူးတို့ ရွှပ်ရွှပ်ခွံခွံဝင်၍ တပ်တွင်းမှာ ကသည်းတို့ကို ဇတ္တတိုင်း မြင်တိုင်း လိုက်လံထိုးခုတ်လေလျှင် ကသည်းစော်ဘွားသား ဟဲလားစန္ဒရော်နှင့် ဗိုလ်မှူး တပ်မှူးတို့ မစည်းမကြပ်နိုင် တပ်တွင်းကထွက်၍ မဏိပူရမြို့တပ်ကို ရံနေသည့် ကသည်းစော်ဘွားသား,အိန်စောင်တာပ,ဆနာပတိ,ဝင်းမှူးအထွတ်ပတို့တပ်များသို့ ပေါင်းလေ၏။

ပုခန်းကြီးမြို့ဝန် မင်းကြီးမင်းခေါင်ကျော်,မြောက်ဘက်မြင်းဝန်မင်းလှမင်းထင်တို့ တပ်ပေါင်း တဆဲ့ကိုးတပ်လည်း ကသည်း ဗိုလ်မှူးတပ်မှူးတို့ တပ် အဓဌာက်ထောက်ဆီးကြိုရပ်ခံသည်ကို တိုက်သည်တွင် မရပ်မခံနိုင်

၍ မဏိပူရ ရံတပ်များသို့ ပေါင်းလေလျှင် တောင်မျက်နှာ ရံတပ်စုကို တိုက်သည်၊မြို့တပ်တွင်းကလည်း ကန္ဒီမြို့ဝန် နေမျိုးရဲခေါင်ကျော်ထင့်ကိုယ် နှင့် ရဲခေါင်ဇေယကျော်, ရဲခေါင်သီဟ နော်ရထာ, ဇေယ နော်ရထာ ကျော်ခေါင်, ရဲဖျား သူရနော်ရထာ, ရဲဖျားကျော်ခေါင်နော်ရထာ, ရွှေတောင်သီဟ, ရဲထင်ရဲခေါင်တို့အကုန်ထွက်၍ ကသည်းတို့ ရံတပ်ဆိုသမျှကို လှည့်ကာပတ်ကာနင်းသည်၊ကသည်းစော်ဘွားသားဟဲလားစန္ဒရော်, အိန်စောင်တာပတို့နှင့် အမတ်ကြီး ဆနာပတိ, ဝင်းမူး အထွတ်ပတို့ ကသည်းဗိုလ်မှူးတပ်မှူးဆိုသမျှလည်း သူရဲတော် ဗိုလ်မှူးတပ်မှူးအပေါင်းတို့ စစ်နှစ်ဘက်ညှပ် တိုက်လေလျှင် မရပ်မခံနိုင်ကသည်းတို့ရံတပ်ဆိုသမျှ အကုန်ပျက်လေသည်၊ ကသည်းစော်ဘွားသား ဟဲလားစန္ဒရော်, အိန်စောင်တာပတို့နှင့် ဆနာပတိ, ဝင်းမူး အထွတ်ပတို့ လေးဦးမူကား မြင်းကို အကုန်လွှတ်၍ တောအုံတောင်ကမ်းကြီးရာဝင်ပြေးလေသောကြောင့် အနိုင်လွတ်လေသည်၊ သေလေသည်လည်းများ၏။

ဗိုလ်ချုပ် ပုခန်းကြီးမြို့ဝန် မင်းကြီးမင်းခေါင်ကျော်လည်း ကသည်းတို့ တောအုံတောင်ကမ်းကြီးရာ ပြေးဝင်လေသည်များကို ကန္ဒီမြို့ဝန် နေမျိုးရဲခေါင် ကျော်ထင်တပ်, စစ်ကဲ ဒေဝမင်းခေါင်တပ်, မင်းခေါင်ရဲထင်တပ်, ကလေးစော်ဘွား မောရိယ သီဟရာဇာတပ်, သည်လေးတပ်ကို သေနတ်စွဲ သူရဲနှစ်ထောင်ကျော်နှင့် မဏိပူရမြို့အနောက်မျက်နှာကိုခန့်၍ သိမ်းရုံးစေသည်။

ပျံချီဇေယန္တောင် တပ်, ရန်နိုင်သူရကျော်ထင်တပ်၊ ရဲကျော်သူရကျော်တပ်, သည်သုံးတပ်ကို သေနတ်စွဲသူရဲ တထောင့် ငါးရာ ကျော်နှင့် မဏိပူရမြို့မြောက်မျက်နှာကိုခန့်၍ သိမ်းရုံးစေသည်။

စစ်ကဲ မင်းကျော်သေနတပ်, တွင်းသင်းတိုက်ဝန်နေမျိုးသခ်ယာတပ်, သည်နှစ်တပ်ကို သေနတ်စွဲသူရဲ တထောင် ကျော်နှင့် မဏိပူရမြို့အရှေ့မျက်နှာကို ခန့်၍ သိမ်းရုံးစေသည်။

နော်ရထာရဲခေါင်တပ်, သူရရဲခေါင်နော်ရထာတပ်, မြစ်စဉ်ဝန်နော်ရထာရဲလှကျော်တပ်, သောင်သွပ်စစ်ကဲစက်မိုးထိန်ကျော်တပ်,သည်လေးတပ်ကို သေနတ်စွဲသူရဲ နှစ်ထောင်ကျော်နှင့် မဏိပူရမြို့ တောင်မျက်နှာကို ခန့်၍ သိမ်းစေသည်။

ယင်းသို့ ကသည်းတို့ တောအုံတောင်ကမ်းကြီးရာ ပုန်းလျှိုးပြေးဝင်ကြလေသည်များကို စစ်လေးကြောင်း လေးသွယ်ဖြန့်၍ အနှံ့အစပ် လိုက်လံ

သိမ်းရုံး စေပြီးလျှင် မဏိပူရအရေးတော် ပြီးပြေကြောင်း, ကသည်းတို့ ထွက်ပြေးလေရာ လေးရပ်လေးမျက်နှာ ရေ-မြေ-တော-တောင် အနှံ့အစပ် လိုက်လံကြောင်းများကို ပုခန်းကြီးမြို့ဝန် မင်းကြီးမင်းခေါင်ကျော်က ရွှေဘဝါးတော်အောက် အလျောက်အထား စေလွှတ်၍ ဆဒ္ဒန်ဆင် မင့်းသခင် အသျှင် ဘဝရှင် မင်းတရားကြီးဘုရား ကြားတော်မူသည်တွင် မဏိပူရမှာ ငါ့ကျေးဇူးသစ္စာတော်မြတ်နှစ်ပါးကို ရိုသေစွာ စောင့်ထိန်း၍ အမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုး ထမ်းရွက်သူ ကသည်းအမတ်ကြီး ငဖြူကို ဇေယဝတ္တာန ကျော်ထင်-ဘွဲ့အမည်နှင့် မဏိပူရမြို့မှာ မြို့သူကြီး, မြို့ဝန် ဟဝတည်းခန့်အပ်ခဲ့ပြီးလျှင် လက်နက်ဆင်မြင်းတို့ကို သိမ်းရုံးခဲ့၍ ဗိုလ်မှူးတပ်မှူး တပ်တော်ဆိုသမျှ မိုးရေမကျမီ ရွှေဘဝါးတော်အောက် ပြန်ခဲ့ကြစေ-အမိန့်တော်ရှိ၍ မဏိပူရမှာ အနေအထားကျအောင် စီရင်ခဲ့ပြီးလျှင် ကသည်းအမတ်ကြီး ဇေယဝတ္တာနကျော်ထင်ကို မြို့သူကြီးမြို့ဝန် ခန့်အပ်၍ လိုက်လံဖမ်းဆီးရမိသမျှလက်နက်ဆင်မြင်းသုံ့ပန်းလူနှစ်ထောင် ကျော်များကို သိမ်းရုံးပြီးလျှင် ပုခန်းကြီးမြို့ဝန် မင်းကြီးမင်းခေါင်ကျော်နှင့် ဗိုလ်မှူး တပ်မှူး တစုံကို ရွှေဘဝါးတော်အောက် ပြန်လာခဲ့ကြရ၏။

သက္ကရာဇ် (၁၁၀၂) တထောင့်တရာ့ရှစ်ဆဲ့နှစ်ခု နတ်တော်လဆန်း ဆယ်ရက်နေ့ဝေသာလီမင်းသားမိ,ဇယန္တာမင်းသမီး ယာနီမင်းသမီးတို့နှင့် လက်ဆောင်တော်များကို အဆက်အသလာသူ ကျွန်တော်မျိုး ဗိုလ်မှူး မဟာသီလဝကို မင်းကြီးမဟာသီလဝဘွဲ့, စစ်ကဲ နေမျိုး ရာဇသခ်ယာကို နေမျိုးမင်းလှသခ်ယာဘွဲ့အမည်ကို ပေးတော်မူသည်။

ဝေသာလီမင်း အတွင်းဝန် ဆံလွန်မကွန်ကို မဟာသီဟကျော်ထင်ဘွဲ့အမည်နှင့် ပတ္တမြားလက်စွပ် ပေးတော်မူသည်။ ။ဝေသာလီမင်း မိဖုရား ဝန်တော် ပွတ္တိရာမကွန်ကို မဟာဇေယကျော်စွာ ဘွဲ့အမည်, ဝေသာလီမင်းအမတ်ကို နရာသီဟကျော်သူ ဘွဲ့အမည်ကိုပေးတော်မူသည်၊ အုပ်မျိုးထည်မျိုးစုံလည်း အစေ့အငုပေးတော်မူသည်။ ။ဝေသာလီမင်း ဆရာပုဏ္ဏားကိုလည်း သီရိအဂ္ဂမဟာဓမ္မရာဇဂုရု ဘွဲ့အမည်နှင့် ဘဲဇောင်းမြို့, ရွှေသားပန်းကိုး,တမာရွက်ထောင်ကိုး,စလွယ်ကိုးသွယ်ပေးတော်မူသည်။

တဘကန်စော်ဘွားသားကို တဘကန်ဇေယရာဇာဘွဲ့အမည်နှင့် ငွေကျပ်ထုပြောက်ဖုံးစုံ၊ ငွေလက်ဆက်အိုးထုပြောက်ဖုံးစုံ၊ ဓား အဆောက်ငွေဝိန်း အိမ်သက္ကလတ်နီမွမ်းရင်းဖျားငွေ ငါးပတ်ခံတွင်းခံ, မြင်းကြိုးသက္ကာ

လတ် ရွှေကြယ်တပ်ပေးတော်မူသည်၊ အုပ်မျိုးထည်မျိုးစုံလည်း ပေးတော်မူသည်။

ဝိသနောင်စော်ဘွားကို ဝိသနောင်တော်ဘုရား ဘွဲ့အမည်နှင့် ငွေကျပ်ထုပြောက်ဖုံးစုံ၊ ငွေလက်ဘက်အိုးထု ပြောက်ဖုံးစုံ၊ ဓားအဆောက် ငွေဝိန်း အိမ်သတ္တလတ်နီမွမ်း ရင်းဖျားငွေ၊ ငါးပတ်ခံတွင်းခံ၊ မြင်းကြီး သတ္တလတ် ရွှေကြယ်တပ်ပေးတော်မူသည်၊ အုပ်မျိုးထည်မျိုးစုံလည်း ပေးတော်မူသည်။

ဇယန္တာမင်းအမတ်, ယာနီမင်းအမတ်တို့ကိုလည်း ပတ္တမြားလက်စွပ်နှင့် အုပ်မျိုးထည်မျိုးစုံ ပေးတော်မူပြီးလျှင် ဝေသာလီမင်းကို ပေးရန်ဘွဲ့ 'သီရိစန္ဒရ သီဟမဟာဓမ္မရာဇာ' ဘွဲ့ပုံ၊စာသားပတ္တမြားသုံးရစ်စီ၊ သင်ပုန်းခေါင်း နဝရတ်နှစ်ပွင့် ပတ္တမြားနှစ်ရစ်စီ၊ ထီးဖြူ အထွတ်အချက်အလက်ရွှေ၊ အရိုးရွှေကြီဆစ်, ရွှေညောင်ရွက်သုံးဆင့်၊ ညောင်ရွက်ရေတဆဲ့ရှစ်၊ ရွှေချူတဆဲ့ရှစ်၊ ရွှေကြယ်သုံးဆဲ့ခြောက်၊ သန္တာဆိုင်းသုံးဆဲ့ခြောက်၊ရွှေရိုးသားမြီးယပ်၊ သန်လျက်အရိုးရွှေသားပတ္တမြားလေးရစ်စီ၊ အိမ်ကတ္တီပါဖြူမွမ်း, ရင်းဖျားရွှေ, ငါးပတ်ခံတွင်းခံ, အလယ်ရွှေ, သံပတ်သုံးတန့်ပတ္တမြားစီ၊ ခြေနင်း ရွှေသားထုပြောက် ပတ္တမြားစီ၊ မကိုင့်ရွှေသားစိန်ထောင်ဇာဖောက် ခုနစ်ဆင့်, အထွတ် ပတ္တမြားတင်, သင်းကျစ်တပ်၊ နားခော်းမီးထွင်း နန်းဆဲ့ပတ္တမြားစီ, ပုလဲဝတ်ဆံတပ်,ရောင်ပြားအနီခံ၊ ရွှေစလွယ် တဆဲ့ရှစ်သွယ်၊ ဒက်ဘယက် ပန်းတမျိုး,အောက်အလယ်မြှ, အနားပတ္တမြားစီ ဂုန္နန်ထိုး၊ ဝတ်လုံကတ္တီပါနီ တုရင်တပ် ဘဲရံနှစ်ဆင့် ရွှေကြက်သွန်မြိတ်သတ် ဘွဲ့ဖြူရွှေမြိတ်၊ နဂထာရောင်လင်းခြယ် နဂါးခံကွမ်းခွက် ရှစ်ထောင့်မှန်ဖြူတပ် ပတ္တမြားသုံးရစ်စီ၊ ကွမ်းလိပ်သုံးမြှာ မှန်ဖြူတပ် ပတ္တမြားသုံးရစ်စီ၊ ကွမ်းထည့်ဖလားရှစ်ထောင့်မှန်ဖြူတပ် ပတ္တမြားသုံးရစ်စီ၊ ကျပ်ဖုံးစုံရှစ်ထောင့် မှန်ဖြူတပ် ပတ္တမြားသုံးရစ်စီ၊ ကွမ်းခွက်တင် သရက်ကင်း မှန်တပ်ရွှေကွပ် အနားရွှေသားထုပြောက်၊လက်ဘက်အိုးရှစ်ထောင့် မှန်ဖြူတပ် ပတ္တမြားသုံးရစ်စီ၊ ဝေသာလီမင်း ဝန်ကြီးကိုတပ်ရန် နေမျိုးဇေယရာဇသူဘွဲ့၊ ဗောင်းပန်းခြောက်၊ တမာရွက်ထောင်ခြောက်၊ ရွှေနားခော်း ကြက်ရင်ဆူးနှစ်ထပ်၊ ရွှေစလွယ် ခြောက်သွယ်၊ မြိုင်းလုံဝတ်လုံ၊ မြင်းကြီးသတ္တလတ်ရွှေကြယ်တပ်၊ ဝေသာလီမင်းကိုချီးမြှင့်သနားတော်မူသည့် ဘွဲ့နာမံ, မင်းမြောက်တန်ဆာ ငါးပါးစသော မင်းဆောင် မင်းယောင်၊ ဝေသာလီမင်းဝန်ကြီးကို ပေးရန်ဘွဲ့အမည် အရည်

အဝတ်အဆင် အစီးအနင်း အဆောင်အရွက်များကိုသူရဲတထောင်ကျော်နှင့် ဗိုလ်မှူးမင်းကြီး မဟာသီလဝကို ကြပ်မချုပ်အုပ်စေ၍ ဝေသာလီမြို့ကို ပြန်သွားစေ၏။

နတ်တော်လဆန်း တဆဲတရက်နေ့ မြို့တော်မြောက် မုတ်ဦးအရပ်သွေးကြီးအိမ်တိုင်တွင်းတူးရာ ငွေအိုး နှစ်လုံးကို တူးမိ၍ ရလေလျှင် ငွေအိုးကိုယူ၍ ဆက်မည် လာရောက်သောကြောင့် အမတ်တို့က အိမ်တိုင်တွင်းတူးရာရသည့် ငွေအိုး ဖြစ်ကြောင်းနှင့် လျှောက်၍ ဆက်သည်ကို ရေတွင်းရေကန် အိမ်တိုင် ကျောင်းတိုင် အနှံအပြား တူးလုပ်သည် ရကြသည်မဟုတ်၊သူထိုက်တန်၍ ငွေအိုးကိုတူးမိသည် ရသည့်သူသို့ပြန်၍အပေ-အမိန့်တော်ရှိသောကြောင့်ပြန်၍အပ်ရ၏။ ။ထိုနှစ်တပေါင်းလဆန်းတရက်နေ့ ယောမြို့ကျေး ကျောက်စရစ်ချောင်းအရပ်တွင် ရသည့် ဆင်ဖြူတော် အတိုင်းလေးတောင်ကျော်,အစွယ်ပြင်ပေ၇နှစ်မိုက်ခန့်ကို အောက်မေးမှူးတို့ အောက်ငင်ဆက်သလာ၏။

ပူတက်မြို့အနီး တောင်ပို့က ဓာတ်တော်ရခြင်းစသည်နှင့် ဆင်ဖြူတော် သိမ်းယူစတ်မူခြင်း

ထိုနှစ် ရွှေမြို့တော်အရှေ့ အောင်ပင်လယ် ကန်အနီး ပူတက်မြို့နေတောလည်ယောက်ျားတို့ တောလည်ပတ် သွားကြရာ မြေနဂါးတခုကို တွေ့၍ ခဲအုတ် တုတ် လုံတံတို့ဖြင့် ပစ်ခတ် လိုက်သွားကြသည်၊ တောအုပ် တောင်ဝှိတခုသို့ ရောက်လျှင် မြေနဂါး ကွယ်ပျောက် လေသောကြောင့် တောသွားယောက်ျားတို့ မြေနဂါး ကွယ်ပျောက်သည့်တောင်ဝှိကို လှည့်ပတ်ကြည့်ရှုကြလျှင် တွင်းကျင်း တစုံတရာ မထင်မမြင်ရှိသည်နှင့် ထိုတောင်ဝှိကို တူးဖြိုးကြသည်တွင် အဖုံးအဝိတ်နှင့်တကွသော ရွှေစေတီ၊ ထိုအတွင်း ဆင်းတုတော်ခုနစ်ဆူရုံလျက် တခဲနက်သော မြစေတီ၊ ထိုအတွင်း တကွမ်းစားခန့်သော သရီရဓာတ်တော်တို့ကိုတွေ့လျှင် ပင့်ဆောင်ခဲ့သည်။ ။သရီရဓာတ်တော် ပူတက်မြို့သို့ရောက်၍ အနီးအဝေးရဟန်းရှင်လူ လာရောက်ဖူးမြော်ပူဇော်သက္ကာရပြုကြသည်။

ထိုအခကြောင်းကို ဝန်ရှင်တော် သေနာပတိတို့လျှောက်၍ ဆဒ္ဒန်ဆင်မင်းသခင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရား ကြားတော် မူလေလျှင် ဘုရားသခင့် သရီရဓာတ်ခတော်ကို ပူဇော်သက္ကာ အခမ်းအနားများနှင့် ပင့်ဆောင်စေ၍ စည်းခုံတော်တည်ရာ ဌပနာတိုက်ရှေ့ ရင်ပြင်တော်ထွင်

တန်ဆောင်းပြာသာဒ်နှင့် ထားတော်မူသည်၊ သရီရ ဓာတ်တော်လည်း အထူးထူးသော တန်းခိုးပြာဋ္ဌိဟာကိုပြု၍ ကိန်းဝပ်တော်မူသည်၊ အဝေး အနီး မြို့ပြကျေးရွာများမှ ရဟန်းရှင်လူ ပြည်သူ အပေါင်းတို့ နေ့ညှဉ့် မလပ် မဆိတ်မည်ဖုံးမြော်ပူဇော်ကြသည်၊ ဆဒ္ဒန်ဆင်မင့်းသခင် အသျင် ဘဝရှင်မင်းတရားကြီးဘုရားလည်း စစ်အင်္ဂါလေးပါး ခြံရံလျက် အရှင် မိဖုရားခေါင်ကြီးနှင့် မပြတ်ထွက်တော်မူ၍ ဖုံးမြော်တော်မူ၏။

ကုသိုလ်တော် စည်းခုံ တည်လုပ်တော်မူသည်မှာလည်း ဌပနာတိုက် အခန်းအနား အစီအရင် အလုပ်အဆောင် အလုံးစုံပြီးပြေလျင် စည်းခုံ တော်အနီး မင်းတဲကြီးစွာ ဆောက်တော်မူ၍ ထိုနှစ် တန်းခူးလဆန်း ရှစ် ရက်နေ့ သရီရဓာတ်တော်, မွေးတော်, ရပ်ပွားဆင်းတုတော်များကို ပင့် ဆောင်တော်မူသည့် အစီအစဉ်ကား····ရွှေနန်းတော်ကသည် စည်းခုံ တော်ရောက် မင်းလမ်းတလျှောက်ကို လက်ဝဲလက်ယာ–ရာစမတ်ကာ စေသည်၊ ငှက်ပျောပင်ရှင်, ကြံပင်ရှင်, ရေပြည့်မြို့တာပန်းစုံစိုက်,သစ်သီး ဆိုင်း, ပန်းဆိုင်း, ပစ္စ္ဈယမြား, ကုက္ကား, တံခွန်တို့ဖြင့် တန်ဆာဆင်ယင် စေသည်၊ သဲမွှေကြဲစေသည်၊ ကော်ဇောအပြည့် ခင်းစေသည်၊ ဝိတ်ဖွဲ့ လွှမ်းစေသည်။

ယင်းသို့မှ ရွှေဖျားစမြောင်သိုင်းနှင့်နှစ်၊ ယင်းနောက် စည်တော်စုံ လိုက်ရသည်၊ ယင်းနောက် ရွှေမြို့တာပန်းစိုက် တထောင်၊ ယင်းနောက် ငွေမြို့တာပန်းစိုက် တထောင်၊ ယင်းနောက် ပူဇော်တော်ပွဲရွှေကလပ်နှင့် တထောင်များကို သွေးသောက်လတ် ကျွန်တော်များတို့ ဗောင်းဝတ်လုံ နှင့် စွဲကိုင်လိုက်ကြရသည်။

ယင်းနောက် မုလေးပွားတထောင်၊ ယင်းနောက် ကုက္ကားတထောင်၊ ယင်းနောက် တံခွန်နီတထောင်၊ ယင်းနောက် တံခွန်ဖြူတထောင်၊ ယင်း နောက် ထီးနီးတထောင်၊ ယင်းနောက် ထီးဖြူတထောင်များကို ပုဏ္ဏားတို့ ဗောင်းစလွယ်နှင့် စွဲကိုင်လိုက်ရသည်။

ယင်းနောက် သရီရဓာတ်တော် မွေးတော် အပေါင်းကို ရတနာ ပြောင်မွန် ဆင်ဖြူတော်၊ ပုလဲတမူးဆင်ဖြူတော်၊ ရတနာကုမုဒ်ဆင်ဖြူတော် ဥပေါသထ ဆင်ဖြူတော်၊ချစ်နော်ရင်းဆင်ဖြူတော်၊ ဘုန်းရောင်တောက် ဆင်ဖြူတော်၊ ထိုဆင်ဖြူတော် ခြောက်စီးထက် အမတ်တို့ ရတနာပန်း တောင်းနှင့်ဝိုက်မ၍ ထီးဖြူအုပ်လျက် လိုက်ရသည်။

ယင်းနောက် ရွှေသားပေ, ငွေသားပေတွင် ရေးထုသည့် ဓမ္မက္ခန္ဓာကို မြင်းရှစ်စီးကသော မင်းစီးပြာသာဒ် ရွှေရထားထက် ရတနာ ရွှေပန်း တောင်းနှင့် အမတ်ကြီးဝိုက်မလျက် ထီးဖြူအုပ်လျက် လိုက်ရသည်။

ယင်းနောက် ပတ္တမြားဆင်းတု,မြဆင်းတု, ပယင်းဆင်းတု, ဖလ်ဆင်း တု, နှံသာဆင်းတု, ရွှေဆင်းတု, ငွေဆင်းတု, ပတ္တမြားစေတီ, ရွှေစေတီ, ငွေစေတီမှစ၍ ဝေဿန္တရာမင်းအဖြစ်တော်မှသည် ဘုရားပရိနိဗ္ဗာန်စံယူ တော်မူ၍ တတိယသင်္ဂါယနာတင်သည် တိုင်အောင်သော အဖြစ်တော် အခန်းအနားများနှင့် မင်းရဝ်တုတော်များကို မှန်စီရွှေဇဝါရွှစ်ဆယ်တွင် တင်၍ ထီးဖြူအုပ်လျက် သွေးသောက်လတ် ကျွန်တော်မျိုးတို့ ဗောင်း ဝတ်လုံနှင့် ထမ်းဆောင်လိုက်ကြရသည်။

ယင်းနောက် ပွဲသဘင်စုံလိုက်ရသည်၊ ယင်းနောက် မင်းညီမင်းသား ဝန်ရှင်တော်သေနာပတိ၊ မှူးတော် မတ်တော်အပေါင်းတို့ ဗောင်း နား ဆောင်း ဝတ်လုံ စလွယ် ဆင်ယင်၍ လိုက်ကြရသည်။ ။စည်းခုံတော်သို့ ရောက်လျှင် စည်းခုံတော်အရှေ့မျက်နှာ မဟာရံတိုင်းအတွင်း၌ ဆောံ လုပ်ထားသည့် အဆောင်ဆောင်သော တန်ဆောင်း ပြာသာဒ်များတွင် သရီရဓာတ်တော်, မွေးတော်, ရုပ်ပွားဆင်းတုတော် အခန်းအနားများ ကို အစီအစဉ်အတိုင်း ခင်းကျင်းထားရသည်။

ဆဋ္ဌန်ဆင်မင်းသခင် အသျှင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း စစ်အင်္ဂါလေးပါး ခြံရံလျက် အရှင်မိဖုရားခေါင်ကြီးနှင့် ရတနာရွှေဝါ စီးတော်မူ၍ တန်းခူးလဆန်းဆယ်ရက်နေ့ ထွက်စံတော်မူပြီးလျှင် အရည ဝါသီပုဂ္ဂိုလ်, ဂါမဝါသီပုဂ္ဂိုလ်, အရိယာ သစ္စာတော်မြတ် အပေါင်း တို့အား ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းတို့အသုံးအဆောင်နှင့်စပ်သည် ကို ငါးရက်တိုင်တိုင် အရှင်မိဖုရားခေါင်ကြီးနှင့် ရေစက် သွန်းတော်မူ၍ တန်းခူးလဆန်းတဆဲငါးရက်နေ့ နံနက်တချက်တီးခေါက် လေးနာရီ၊ သုံး ပါဒ်၊ သုံးဗီဇနာ၊ ငါးပြန်၊ ကိုးခရာ၊ ပြိဿလက်၊ ကန်စန်း၊ ဗုဒ္ဓဟူးတြင်း၊ တနင်းလာနဝင်း၊ နက္ခတ်လေးလုံးပါဒ်ပြည့်ထက်လက်စီးလျက်၊ ကောင်း မြတ်သောမင်္ဂလာအခါတော်တွင် စည်းခုံတော်၌ ဌပနာတော် မူသည် ကား....

လင်္ကာဒီပသိင်္ဃိဠဒ္ဒိကျွန်း မဇ္ဈိမတိုက် ရာဇဂြိုဟ်စသော အရပ်ရပ် တိုင်း ခရိုင် မြို့ပြများက ပင့်ဆောင် ရောက်သည့် အဆင်းအားဖြင့် သုံးပါး,

ပမာဏအားဖြင့်သုံးပါးအပြားရှိကုန်သော သရီရဓာတ်တော် မွေးတော်၊ အောင်ပင်လယ်ကန်တော်အနားဝယ် ကိန်းဝပ်ပေါ်ထွန်းသော သရီရဓာတ်တော်၊ ထိုထိုသို့သော သရီရဓာတ်တော် မွေးတော်အပေါင်းကို ပတ္တမြားစေတီလေးဆူ၌ သွင်းတော်မူသည်၊ ပတ္တမြားစေတီကို ရွှေစေတီမျိုသည်၊ ရွှေစေတီကို မိုးကြိုးစေတီမျိုသည်၊ မိုးကြိုးစေတီကို ငွေစေတီမျိုသည်၊ ငွေစေတီကို ကြေးနီစေတီမျို၍ ဌပနာတိုက်အတွင်း ဥကင်မုတ်လေးမျက်နှာ ရာဇပလ္လင်ထက် သွင်းထားတော်မူသည်။

ရွှေသားပေ-ငွေသားပေတို့၌ထုလုပ်ရေးထားသည့် ဓမ္မက္ခန္ဓာအပေါင်းတို့ကိုလည်း ကြေးနီသေတ္တာသို့သွင်း၍ ဌပနာတော်မူသည်။ ။ရဟန္တာအရှင်မြတ်တို့ ဓာတ်တော် အပေါင်းကိုလည်း ရွှေသပိတ်-ငွေသပိတ်တို့၌သွင်း၍ သရီရဓာတ်တော်စေတီ၏ လက်ဝဲလက်ယာ၌ ဌပနာတော်မူသည်။

တဏှာက်ဘုရား စရည်းပင်၌ ပွင့်တော်မူဟန်-ရွှေစရည်းပင်၊ ရွှေဆင်းတုတော်။

မေဓင်္ကရာဘုရား ပေါက်ပင်၌ပွင့်တော်မူဟန်-ရွှေပေါက်ပင်၊ ရွှေဆင်းတုတော်။

သရဏင်္ကရာဘုရား စန္ဒကူးပင်၌ ပွင့်တော်မူဟန်-ရွှေစန္ဒကူးပင်၊ ရွှေဆင်းတုတော်။

ဒီပင်္ကရာဘုရား····ဘုရားလောင်းသုမေဓာရဿကို ဗျာဒိတ်ပေးတော်မူဟန်-ရပ်လျက် ဒီပင်္ကရာဘုရား ရွှေဆင်းတုတော်၊ ရဟန္တာ ရွှေရုပ်တုလေး၊ သုမေဓာရဿ ရွှေရုပ်တု။

ကောဏ္ဍညဘုရား····ဝိဇိတာဝီစကြာမင်းကို ဗျာဒိတ်ပေးတော်မူဟန်-ကောဏ္ဍညဘုရား ရွှေဆင်းတုတော်၊ လက်ယာရံ လတ်ဝဲရံ ရဟန္တာရွှေရုပ်တု၊ ဝိဇိတာဝီစကြာမင်းရွှေရုပ်တု။

မင်္ဂလဘုရား····ဘုရားလောင်း သုရှစိပုဏ္ဏားကို ဗျာဒိတ် ပေးတော်မူဟန်-မင်္ဂလဘုရား ရွှေဆင်းတုတော်၊ လက်ဝဲရံလက်ယာရံ ရဟန္တာရွှေရုပ်တု၊ သုရှစိပုဏ္ဏား ရွှေရုပ်တု။

သုမနဘုရား····ဘုရားလောင်းအတုလနဂါးမင်းကို ဗျာဒိတ်ပေးတော်မူဟန်-သုမနဘုရား ရွှေဆင်းတုတော်၊ လက်ယာရံ လက်ဝဲရံ ရဟန္တာရွှေရုပ်တု၊ အတုလနဂါးရွှေရုပ်တု။

သောဘိတဘုရား.... ဘုရားလောင်း အဇိတပုဏ္ဏားကို ဗျာဒိတ်ပေး တော်မူဟန်-သောဘိတဘုရား ရွှေဆင်းတုတော်၊ လက်ယာရံ လက်ဝဲရံ ရဟန္တာရွှေရုပ်တု၊ အဇိတပုဏ္ဏား ရွှေရုပ်။

အနောမဒဿီဘုရား.... ဘုရားလောင်း ဘီလူးစစ်သူကြီးကို ဗျာဒိတ် ပေးတော်မူဟန်-အနောမဒဿီဘုရား ရွှေဆင်းတုတော်၊ လက်ဝဲရံ လက် ယာရံ ရဟန္တာရွှေရုပ်တု၊ ဘီလူးစစ်သူကြီး ရွှေရုပ်။

ပဒုမဘုရား....ဘုရားလောင်း ခြင်္သေ့မင်းကို ဗျာဒိတ် ပေးတော်မူဟန်-ပဒုမဘုရား ရွှေဆင်းတုတော်၊ လက်ဝဲရံလက်ယာရံ ရဟန္တာရွှေရုပ်တု၊ ခြင်္သေ့မင်းရွှေရုပ်။

နာရဒဘုရား... ဘုရားလောင်း ရသေ့ကို ဗျာဒိတ်ပေးတော်မူဟန်-နာ ရဒဘုရား ရွှေဆင်းတုတော်၊ လက်ဝဲရံလက်ယာရံ ရဟန္တာ ရွှေရုပ်တု၊ ရသေ့ရွှေရုပ်။

ပဒုမုတ္တရဘုရား....ဘုရားလောင်းဇဋိလသူဌေးကို ဗျာဒိတ် ပေးတော် မူဟန်-ပဒုမုတ္တရဘုရား ရွှေဆင်းတုတော်၊ လက်ဝဲရံလက်ယာရံ ရဟန္တာ ရွှေရုပ်တု၊ ဇဋိလသူဌေး ရွှေရုပ်။

သုမေဓာဘုရား....ဘုရားလောင်းဥတ္တရပုဏ္ဏားကို ဗျာဒိတ်ပေးတော်မူ ဟန်-သုမေဓာဘုရား ရွှေဆင်းတုတော်၊ လက်ဝဲရံလက်ယာရံ ရဟန္တာ ရွှေရုပ်တု၊ ဥတ္တရပုဏ္ဏား ရွှေရုပ်။

သုဇာတာဘုရား....ဘုရားလောင်းစကြာမင်းကို ဗျာဒိတ်ပေးတော်မူ ဟန်-သုဇာတာဘုရား ရွှေဆင်းတုတော်၊ လက်ယာရံလက်ဝဲရံ ရဟန္တာ ရွှေရုပ်တု၊ စကြာမင်းရွှေရုပ်။

ပိယဒဿီဘုရား....ဘုရားလောင်း ကဿပပုဏ္ဏားကိုဗျာဒိတ်ပေးဟန်-ပိယဒဿီဘုရား ရွှေဆင်းတုတော်၊ လက်ယာရံလက်ဝဲရံ ရဟန္တာရွှေရုပ် တု၊ ကဿပပုဏ္ဏားရွှေရုပ်။

အတ္ထဒဿီဘုရား....ဘုရားလောင်းသုသိမရသေ့ကို ဗျာဒိတ်ပေးတော် မူဟန်-အတ္ထဒဿီဘုရား ရွှေဆင်းတုတော်၊ လက်ယာရံလက်ဝဲရံ ရဟန္တာ ရွှေရုပ်တု၊ သုသိမရသေ့ရုပ်။

ဓမ္မဒဿီဘုရား....ဘုရားလောင်း စကြာမင်းကို ဗျာဒိတ် ပေးတော်မူ ဟန်၊ ဓမ္မဒဿီဘုရား ရွှေဆင်းတုတော်၊ လက်ယာရံလက်ဝဲရံ ရဟန္တာ ရွှေရုပ်တု၊ စကြာမင်းရွှေရုပ်။

သိဒ္ဓတ္ထဘုရား....ဘုရားလောင်း မင်္ဂလရဿကို ဗျာဒိတ် ပေးတော်မူ ဟန်-သိဒ္ဓတ္ထဘုရား ရွှေဆင်းတုတော်၊ လက်ယာရံ လက်ဝဲရံ ရွှေရုပ်တု၊ မင်္ဂလရဿ ရွှေရုပ်။

တိဿဘုရား....ဘုရားလောင်း သုဇာတမင်းကို ဗျာဒိတ်ပေးတော်မူ ဟန်-တိဿဘုရား ရွှေဆင်းတုတော်၊ လက်ယာရံ လက်ဝဲရံ ရဟန္တာရွှေ ရုပ်တု၊ သုဇာတမင်း ရွှေရုပ်။

ဖုဿဘုရား ...ဘုရားလောင်း ဝိဇိတမင်းကို ဗျာဒိတ်ပေးတော်မူဟန်-ဖုဿဘုရား ရွှေဆင်းတုတော်၊ လက်ယာရံ လက်ဝဲရံ ရွှေရုပ်တု၊ ဝိဇိတမင်းရွှေရုပ်။

ဝိပဿီဘုရား....ဘုရားလောင်း အတုလနဂါးမင်းကို ဗျာဒိတ်ပေး တော်မူဟန်-ဝိပဿီဘုရားရွှေဆင်းတုတော်၊လက်ယာရံလက်ဝဲရံရဟန္တာ ရွှေရုပ်တု၊အတုလနဂါးမင်း ရွှေရုပ်။

သိခီဘုရား....ဘုရားလောင်း အရိန္ဒမမင်းကို ဗျာဒိတ် ပေးတော်မူ ဟန်-သိခီဘုရား ရွှေဆင်းတုတော်၊ လက်ယာရံ လက်ဝဲရံ ရဟန္တာ ရွှေ ရုပ်တု၊ အရိန္ဒမမင်းရွှေရုပ်။

ဝေဿဘူဘုရား....ဘုရားလောင်း သုဒဿနမင်းကိုဗျာဒိတ်ပေးတော် မူဟန်-ဝေဿဘူဘုရား ရွှေဆင်းတုတော်၊ လက်ယာရံလက်ဝဲရံ ရဟန္တာ ရွှေရုပ်တု၊ သုဒဿနမင်း ရွှေရုပ်။

ကကုသန်ဘုရား....ဘုရားလောင်း ခေမမင်းကို ဗျာဒိတ် ပေးတော်မူ ဟန်-ကကုသန်ဘုရား ရွှေဆင်းတုတော်၊ လက်ယာရံ လက်ဝဲရံ ရဟန္တာ ရွှေရုပ်တု၊ခေမမင်းရွှေရုပ်။

ကောဏာဂုံဘုရား....ဘုရားလောင်း ပဗ္ဗတမင်းကို ဗျာဒိတ်ပေးတော် မူဟန်-ကောဏာဂုံဘုရားရွှေဆင်းတုတော်၊ လက်ယာရံလက်ဝဲရံရဟန္တာ ရွှေရုပ်တု၊ ပဗ္ဗတမင်းရွှေရုပ်။

ကဿပဘုရား....ဘုရားလောင်း ဇောတိပါလပုဏ္ဏားကို ဗျာဒိတ်ပေး တော်မူဟန်၊ ကဿပဘုရား ရွှေဆင်းတုတော်၊ လက်ယာရံ လက်ဝဲရံ ရဟန္တာရွှေရုပ်တု၊ ဇောတိပါလပုဏ္ဏား ရွှေရုပ်။

ဂေါတမဘုရား....အရိမေတ္တေယျ ဘုရားလောင်း အဇိတမဏေရ်ကို ဗျာဒိတ်ပေးတော်မူဟန်၊ ဂေါတမဘုရား ရွှေဆင်းတုတော်၊ လက်ယာရံ လက်ဝဲရံ ရဟန္တာရွှေရုပ်တု၊ အဇိတမဏေရ်ရွှေရုပ်တု။

ထို နှစ်ကျိပ်ရှစ်ဆူသော ဘုရားဆင်းတုတော် လက်ဝဲရံ လက်ယာရံ ရဟန္တာရှေရပ်တု,ဘုရားလောင်း မျာဒိတ်ခံဟန်-ရှေရပ်တုတော်အစုံများကို ရှေကျောင်းဆောင်၌ သွင်းတော်မူပြီးလျှင် ရှေကမ္ဘည်းတိုင်နှင့်ချည်းပဋ္ဌနာတော်မူသည်။

ဘုရားလောင်း ယုန်မင်းဇာတ်အစုံ, ဈာန်ကာရဇာတ် အစုံ, ငုံးမင်းဇာတ်အစုံ, မျောက်မင်းဇာတ်အစုံ၊ ထိုကပ္ပဒ္ဒိတိလေးပါးအစုံတို့ကိုလည်း ရှေစင်ရှေစင်တို့ဖြင့် သွန်းလုပ်၍ ရှေကမ္ဘည်းတိုင်နှင့်ချည်း ဌပနာတော်မူသည်။

သိဝိတိုင်း ဇေတုတ္တရာပြည်၌ သိန္ဓည်းမင်းကြီးသားတော် ဝေဿန္တရာမင်းသည်၊ မဒ္ဒရာဇ်မင်းဏှိသမီးတော် မဒ္ဒိမင်းသမီးနှင့် များစွာသော မောင်းမမိသီးခြံရံလျက် ရှေနန်းစည်းစိမ်စံတော်မူဟန်-ရှေနန်းပြာသာဒ်ဆောင်, ထီးဖြူစသော မင်းမြှောက်တန်ဆာငါးပါးအစုံ၊ဝေဿန္တရာမင်းရုပ်၊ မဒ္ဒိမိဖုရားရုပ်၊ သားတော် ဇာလိမင်းသားရုပ်၊သမီးတော်ကဏှာဇိန်မင်းသမီးရုပ်၊မိဖုရားမောင်းမမိသီးတို့အရုပ်၊ မူးမတ်တို့အရုပ်။

ဝေဿန္တရာမင်းအလှူမကွာပ်၌ များစွာသော ဥစ္စာဘဏ္ဍာတို့ကို အလှူခံအပေါင်းတို့အား လှူဒါန်းတော်မူသည်တွင် ကလိင်္ဂရာဇ်မင်းက စေသည့် ပုဏ္ဏားရှစ်ယောက်တို့ ပစ္စယနာဂဆင်ဖြူရတနာကို အလှူခံလျှင် ဆင်ယင်သည့် တန်ဆာနှင့်တကွ ရေစက်သွန်း၍ လှူတော်မူဟန်....အလှူမကွာပ်ဆောင်၊ ကရားကိုင်လျက် ဝေဿန္တရာမင်းရုပ်၊ မဒ္ဒိမိဖုရား၊ သားတော် ဇာလိမင်းသား၊ ဆမီးတော် ကဏှာဇိန် မင်းသမီးတို့အရုပ်၊ မောင်းမမိသီးအရုပ်၊ မူးမတ်တို့အရုပ်၊ ပစ္စယနာဂ ဆင်ဖြူရုပ်၊ အလှူခံပုဏ္ဏား ရှစ်ယောက်တို့အရုပ်။

ဝေဿန္တရာမင်း ဆင်ဖြူရတနာကိုလှူသောကြောင့် ပြည်သူတို့မကြည်ရှိ၍ ပြည်မှ နှင်ထုတ်လေလျှင် မြင်းရထားစီး၍ ထွက်သွားရာ မြင်းကိုပုဏ္ဏားလေးယောက်တို့ အလှူခံ၍ ရေစက်သွန်း လှူတော်မူဟန်....ကရားကိုင်လျက် ဝေဿန္တရာမင်းရုပ်၊မဒ္ဒိမိဖုရား သားတော်သမီးတော်တို့အရုပ်၊ ထီးဖြူယင်းမားနှင့်တကွသော ရထားပြာသာဒ်၊မြင်းလေးစီးအရုပ်၊ အလှူခံပုဏ္ဏားလေးယောက်တို့အရုပ်။

ဝေဿန္တရာမင်းမြင်းလေးစီးကိုလှူပြီး၍နတ်တို့သမင်အသွင်ဖြင့် ရထားကို ယူသွားသည်တွင် ပုဏ္ဏားတဦးရထားကိုအလှူခံ၍ ရေစက်သွန်းတော်မူဟန်....ကရားကိုင်လျက် ဝေဿန္တရာမင်း၊ မဒ္ဒိမိဖုရား၊ သားတော်,သမီး

တော်တို့အရပ်၊ ထီးဖြူယပ်မာန်နှင့်တကွသော ရထားပြာသာဒ်၊ သမင်လေးစီးရပ်၊ အလှူခံပုဏ္ဏားရပ်။

ဝေဿန္တရာမင်း ရထားကို လှူပြီးလျှင် သားတော် သမီးတော်တို့ကို ဆောင်ယူ၍ ခြေဖြင့် သွားတော် မူဟန်.... ဇာလိမင်းသားကို ချီလျက် ဝေဿန္တရာမင်းရပ်၊ ကဏှာဇိန်မင်းသမီးကို ချီလျက် မဒ္ဒီမိဖုရားရပ်။

ဝေဿန္တရာမင်း ဝက်ပါတောင်၌ နေတော်မူ၍ မဒ္ဒီမိဖုရား သစ်သီးအရှာအယူသွားကြိုက် ဇူစကာပုဏ္ဏားအလှူခံ၍ သားတော် သမီးတော်တို့ကို လှူတော်မူဟန်....ပန်းသစ်ပင်၊ သမင်ဒရယ် သားရဲရုပ်စုံနှင့် ဝက်ပါတောင်ပုံ၊ ကျောင်းသံမိန်းနှစ်ဆောင်၊ ကရားကိုင်လျက် ဝေဿန္တရာမင်းရပ်၊ ဇူစကာပုဏ္ဏားရပ်၊ သားတော်သမီးတော်တို့အရပ်။

မဒ္ဒီမိဖုရား သစ်သီးအရှာအယူသွားသည်တွင် နတ်တို့ သားရဲယောင်ဘန်ဆင်း၍ တားဆီးဟန်....တံချူခြင်းတောင်းကိုင်လျက် မဒ္ဒီမိဖုံရားရပ်၊ ခြသေ့ရပ်၊ ကျားရပ်၊ သစ်ရပ်၊ ဝံရပ်၊ ပန်းသစ်ပင်အစုံ။

ဇာလိမင်းသား, ကဏှာဇိန်မင်းသမီးတို့လက်ကို ရှော်နွယ်ဖြင့်တွဲဖွဲ့၍ ဇူစကာပုဏ္ဏား ဆောင်ယူသွားဟန်....ဇာလိမင်းသား ကဏှာဇိန် မင်းသမီးတို့ လက်နှစ်ဘက်ကို ရွှေကြိုးဖြင့်ဖွဲ့လျက် မင်းသား မင်းသမီးတို့အရပ်၊ ဇူစကာပုဏ္ဏားရပ်၊ ပန်းသစ်ပင်အစုံ။

တောလမ်းခရီးတွင် ဇာလိမင်းသား, ကဏှာဇိန်မင်းသမီးတို့ကို သစ်ပင်အောက်၌ နွယ်ကြိုးနှင့်ဖွဲ့ထား၍ ဇူစကာပုဏ္ဏား သစ်ပင်ထက် အိပ်ပျော်စဉ် ဇာလိမင်းသား, ကဏှာဇိန်မင်းသမီးတို့ကို နတ်တို့ချိုပိုက်လုပ်ကျွေးဟန်....နတ်သားချိုပိုက်လျက် ဇာလိမင်းသားရပ်၊ နတ်သမီး ချိုပိုက်လျက် .ကဏှာဇိန်မင်းသမီးရပ်၊ သစ်ပင်ထက် အိပ်ပျော်လျက် ဇူစကာပုဏ္ဏားရပ်၊ ပန်းသစ်ပင်အစုံ....ထိုဝေဿန္တရာဇာတ် အခန်းအနားအစုံများကိုလည်း ရွှေစင်ငွေစင်တို့ကို သွန်းလုပ်၍ရွှေကမ္ဘည်းနှင့်ချည်း ဂ့ပနာတော်မူသည်။

ဘုရားလောင်း ဝေဿန္တရာမင်းအဖြစ်မှသည် တုသိတာ နတ်ပြည်၌သေတကေတု နတ်သားဖြစ်၍ နတ်စည်းစိမ် ခံနေသည်ကို တသောင်းသောလောကဓာတ်မှ နတ်ပြဟ္မာအပေါင်းတို့က ဘုရားဖြစ်ခါ တန်ပြီ၊ လူ့ပြည်၌ ပဋိသန္ဓေယူတော်မူပါဟု တောင်းပန်ကြဟန်....နန်းပြာသာဒ်ဆောင်၊ သေတကေတုနတ်သားရပ်၊ အခြွေအရံနတ်သမီးတို့အရပ်၊ နတ်

ဖြဟ္မာအပေါင်းတို့ အရှပ်များကိုလည်း ရွှေစင်ငွေစင်တို့ကိုသွန်း၍ ဌပနာတော်မူသည်။

တုသိတာနတ်ပြည်၌သေတကေတု နတ်သားအဖြစ်မှသည် ကဝိလဝတ်ပြည် သုဒ္ဓေါဒနမင်း၏မိဖုရား မာယာဒေဝီဝမ်း၌ ပဋိသန္ဓေယူတော်မူသည်ကို စတုမဟာရာဇ် နတ်မင်းလေးပါးတို့ စောင့်ရှောက်ဟန်.... ရွှေနန်းပြာသာဒ်ဆောင်၊ ထီးဖြူ, သန်လျက်စသော မင်းမြောက်တန်ဆာ ၎င်းပါးအစုံနှင့် သုဒ္ဓေါဒနမင်းရှပ်၊ မယ်တော်မာယာဒေဝီရှပ်၊သန်လျက်ထမ်းလျက် စတုမဟာရာဇ်နတ်မင်းလေးပါးတို့ အရှပ်၊ မိဖုရားမောင်းမမိသံတို့အရှပ်၊ မှူးမတ်အပေါင်းတို့အရှပ်။

လုမ္ဗနီမည်သော အင်ကြင်းဥယျာဉ်၌ ဘုရားလောင်းကို ဖွားမြင်တော်မူဟန်....အင်ကြင်းခက်ကိုဆွဲလျက် မယ်တော်မာယာဒေဝီအရှပ်၊ ဘုရားလောင်းမင်းသားရှပ်၊ ဂေါတမီမိဖုရားစသော မိဖုရား မောင်းမမိသံတို့အရှပ်၊ မှူးမတ်အပေါင်းတို့အရှပ်၊ ထီးဖြူစသော မင်းခမ်းမင်းနား အစုံ၊ နတ်ဖြဟ္မာအပေါင်းတို့အရှပ်။

ဘုရားလောင်း ဖွားတော်မူလျှင် ဖြဟ္မာမင်းတို့ ရွှေကွန်ရက်ဖြင့်ခံဟန် ရွှေကွန်ရက်ကိုင်လျက် ဖြဟ္မာမင်းလေးယောက်တို့အရှပ်၊ ဘုရားလောင်းမင်းသားရှပ်၊ ဖြဟ္မာမင်းတို့လက်မှ ဘုရားလောင်းမင်းသားကို စတုမဟာရာဇ်နတ်မင်းတို့ သစ်နက်ရေဖြင့်ခံဟန်၊ သစ်နက်ရေကိုင်လျက် စတုမဟာရာဇ်နတ်မင်းလေးယောက်တို့ အရှပ်၊ ဘုရားလောင်းမင်းသားရှပ်၊ စတုမဟာရာဇ်နတ်မင်းတို့လက်မှ ဘုရားလောင်းမင်းသားကို လူတို့ ဘွဲ့ဖြူဖြင့်ခံဟန်၊ဘွဲ့ဖြူကိုင်လျက်လူမင်းလေးယောက်တို့အရှပ်၊ဘုရားလောင်းမင်းသားရှပ်။

ဘုရားလောင်းမင်းသား ဖွားတော်မူလျှင် မြောက်သို့ခုနစ်ကြိမ် လှမ်းသွားတော်မူ၍ ဖြဟ္မာ, သိကြား, နတ်အပေါင်းတို့ကို ကြည့်တော်မူဖြီးလျှင် ငါသာကြီးမြတ်သည်ဟု ကြွေးဝါးတော် မူဟန်....ဘုရားလောင်းမင်းသားရှပ်၊ ဖြဟ္မာသိကြား နတ်အပေါင်းတို့အရှပ်၊ ဥယျာဉ်ပန်းသစ်ပင်အစုံ။

ကဝိလဝတ်ပြည်၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး သားတော်ဘုရားလောင်းမင်းသားကိုဝိုက်လျက် ဆရာဒေဝိလရသော့အား ရှိခိုးစံမှ်မည် ပြုသည်တွင် ဘုရားလောင်းခြေတော်အစုံသည် ရသေ့ဆံကျစ်၌ တည်လေ၍ သားတော်ကို ရာဇပလ္လင်ငွေ-ာ်စံနေစေဖြီးလျှင် ခမည်းတော် သုဒ္ဓေါဒန

မင်းကြီးနှင့် ဆရာဒေဝိလရသွေတို့ လက်အုပ်ချီကြဟန်....မင်းမြောက် တန်ဆောင်းပါးအစုံနှင့် နန်းပြာသာဒ်ဆောင်၊ ရာဇပလ္လင်ထက် ဘုရား လောင်းမင်းသား၊ လက်အုပ်ချီလျက် သုဒ္ဓေါဒနမင်းကြီး၊ ဒေဝိလ ရသွေ၊ မှူးမတ်အပေါင်းတို့အရုပ်။

ဘုရားလောင်းမင်းသားဖွားတော်မူ၍ ဝါးရက်မြောက်၊ နာမကရဏ မင်္ဂလာအမည်မှည့်အံ့သောနေ့၌ ပုဏ္ဏားရှစ်ယောက်တို့ကို လက္ခဏာဖတ် စေသည်တွင် ခုနစ်ယောက်သော ပုဏ္ဏားတို့က လက်နှစ်ချောင်းကို ပြ၍ စကြာမင်းလျှင်လည်း ဖြစ်မည်, ဘုရားလျှင်လည်း ဖြစ်မည်၊ နှစ်ခွန်း သော စကားဆိုသည်ကို ကောဏ္ဍည ပုဏ္ဏားက လက်ညှိုးတချောင်းကို ပြ၍ ဧကန်မချွတ် ဘုရားဖြစ်မည်ဟု လက္ခဏာဖတ်ကြဟန်-ထီးဖြူစသော မင်းမြောက်တန်ဆာ ဝါးပါးအစုံနှင့် နန်းပြာသာဒ်ဆောင်၊ သားတော် သိဒ္ဓတ်မင်းသားကို ချီလျက် သုဒ္ဓေါဒနမင်းရုပ်၊ မိဖုရားမောင်းမိသံတို့ အရုပ်၊မှူးမတ်အပေါင်းတို့အရုပ်၊ ပုဏ္ဏားရှစ်ယောက်တို့ အရုပ်။

သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာ ထွက်စံတော် မူသောအခါ သပြေပင်ရိပ်၌ ဘုရားလောင်းသိဒ္ဓတ်မင်းသားကို စံနေစေသည်တွင် နေ ရွှေပြောင်း၍ သပြေပင်ရိပ် မရွှေ့မပြောင်းသည်ကိုမြင်လျှင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့်တကွ မှူးမတ်အပေါင်းတို့ ဘုရားလောင်းမင်းသား ကို လက်အုပ်ချီကြဟန်....သပြေပင်နှင့် ဘုရားလောင်း သိဒ္ဓတ်မင်းသား ရုပ်၊ လက်အုပ်ချီလျက် သုဒ္ဓေါဒနမင်း ရုပ်၊ မှူးမတ်အပေါင်းတို့ အရုပ်၊ ထွန်ထမ်းပိုးကလျက် နွားဥသဘရုပ်၊ ထီးဖြူစသော မင်းမြောက်တန်ဆာ ဝါးပါးအစုံ။

ဘုရားလောင်းသိဒ္ဓတ်မင်းသား တဆဲ့ခြောက်နှစ်အရွယ်ရောက်သော အခါ မင်းသမီး မောင်းမိသံအပေါင်းခြံရံလျက် ယသော်ဓရာမင်းသမီး နှင့် ရွှေနန်းစည်းစိမ်စံတော်မူဟန်-မင်းမြောက်တန်ဆာဝါးပါး စသော မင်းခမ်းမင်းနားအစုံ၊ ရမ္မ, သုဘ, သုရမ္မ-ပြာသာဒ် သုံးဆောင်၊ ဘုရား လောင်း သိဒ္ဓတ်မင်းရုပ်၊ ယသော်ဓရာ မင်းသမီးရုပ်၊ မောင်းမ မိသံ အပေါင်းတို့အရုပ်၊ မှူးမတ်အပေါင်းတို့အရုပ်။

ဘုရားလောင်းသိဒ္ဓတ်မင်းသား ယသော်ဓရာ မင်းသမီးနှင့် ရွှေနန်း စည်းစိမ် စံတော်မူ၍ တဆဲ့သုံးနှစ်ရှိသောအခါ မြင်းရထားနှင့် ဥယျာဉ် သို့ထွက်တော်မူသည်တွင် နတ်တို့ဘန်ဆင်း၍ နိမိတ်လေးပါး ပြဟန်.... ထီးဖြူအလံနှင့် တကွသော ပြာသာဒ် ရထားကသော မြင်းလေးစီးရုပ်၊

သိဒ္ဓတ်မင်းရှင်၊ ရထားမှူးရှင်၊ မှူးမတ်ဗိုလ်ပါ အပေါင်းတို့အရှင်၊ နိမိတ်လေးပါးရှင်အစုံ။

ဥယျာဉ်၌သိဒ္ဓတ်မင်းသားစံနေတော်မူကြိုက်ရွှေနန်းတော်မှာယသော်မရာမင်းသမီးသားတော်ဖွားမြင်တော်မူ၍ သားတော်ဖွားမြင်ကြောင်းကိုလျှောက်လာလျှင် ရွှေနန်းတော်သို့ဝင်တော်မူဟန်-သိဒ္ဓတ်မင်းရှင်၊လက်အုပ်ချီလျက် လျှောက်လာသောအမတ်အရှင်၊မှူးမတ်ဗိုလ်ပါအပေါင်းတို့အရှင်၊မြင်းလေးစီးကလျက် ရထားပြာသာဒ်၊ ဥယျာဉ်ပန်းသစ်ပင်အစုံ။

ရွှေနန်းတော်သို့ ရောက်တော်မူသည့်နေ့ညဉ့် တောထွက်တော်မူမည့်ကြိုလျက် စံနေတော်မူသည်ကို မင်းသမီး မောင်းမမိသံ အပေါင်းတို့ပွဲသဘင် သာယာစွာ တီးမှုတ်ဟန် ....မင်းမြွေက်တန်ဆာ ငါးပါးနှင့်တကွသော နန်းပြာသာဒ် သုံးဆောင်၊ ဘုရားလောင်း သိဒ္ဓတ်မင်းသားရှင်၊စည် စောင်းငြင်း စသောတူရိယာမျိုးအစုံနှင့်မောင်းမမိသံအပေါင်းတို့ အရှင်။

တောထွက်တော်မူမည် အကြိုတော် ပြည့်စုံ၍ ဆန္နအမတ်ကို မြင်းတော်ပြင်ချေဟု စေတော်မူပြီးလျှင် ယသော်မရာမင်းသမီး စံနေသောတိုက်ခန်းတံခါးခုံ၌ ရပ်လျက် သားတော်ကိုရွှတော်မူစဉ်၊ ဆန္နအမတ်ကကဏ္ဍကမြင်းတော်ကိုပြင်ဆင်ပြီးကြောင်းကိုလျှောက်လာဟန်....နန်း ပြာသာဒ်ဆောင်အတွင်း သလွန်ထက် သားတော် ရာဟုလာမင်းသားနှင့်တကွ လျောင်းစက်တော်မူလျက် ယသော်မရာမင်းသမီးအရှင်၊ အထိမ်းအချီ အခြွေအရံ မင်းသမီးအပေါင်းတို့အရှင်၊ ပြာသာဒ်ဆောင် တံခါးခုံ၌ ရပ်လျက် သိဒ္ဓတ်မင်းရှင်၊ ထက်အုပ်ချီလျက် ဆန္နအမတ်ရှင်၊ ရွှေကြိုးရွှေကအစုံနှင့် ကဏ္ဍကမြင်းရှင်။

ဘုရားလောင်းသိဒ္ဓတ်မင်း ကဏ္ဍကမြင်းနှင့် နန်းတော်က ထွက်တော်မူသည်ကို နတ်တို့ မီးရှူးထွန်းညှိ လိုက်ကြဟန်-မြင်းစီးလျက် သိဒ္ဓတ်မင်းရှင်၊ မြင်းမြီးဆွဲကိုင်လျက် ဆန္နအမတ်ရှင်၊မီးရှူးကိုင်လျက်နတ်အပေါင်းတို့အရှင်။

တောထွက်တော်မူ၍မြို့တံခါးသို့ရောက်လျှင် နတ်တို့တံခါးကိုဖွင့်ပေး၍ပြည်တော်ကထွက်သည်တွင် မာရ်နတ်လာ၍ ရွှေတော်က ရပ်ပြီးလျှင် စကြာရတနာရောက်တော့မည်, စကြာမင်းစည်းစိမ်ကို စံတော်မူဦး ဆို၍တားဟန်....မြင်းစီးလျက် သိဒ္ဓတ်မင်းရှင်၊ မြင်းမြီးကိုင်လျက် ဆန္နအမတ်ရှင်၊ သန်လျက်ကိုင်လျက် မာရ်နတ်သားရှင်။

ကဝိလဝတ်ပြည်တော် အလွန်သို့ရောက်၍ ပြည်တော်ကို ရှုလိုသော အကြံဖြစ်သည်တွင် နတ်တို့ဘန်ဆင်း၍ ပြည်တော်အလုံးကို ရွှေတော်ကထင်စေဟန်....မြင်းစီးလျက် သိဒ္ဓတ်မင်းရပ်၊မြင်းမြီးကိုင်လျက် ဆန္နအမတ်ရပ်၊ နန်းမြို့,တံတိုင်း,တံခါး,ပြ,ပစ်စင်အစုံ။

ဘုရားလောင်းသိဒ္ဓတ်မင်းတောထွက်တော်မူသည်တွင် တည်ဒ်တည်းဖြင့် ယူဇနာသုံးဆယ်ခရီးကိုလွန်၍နေအရုဏ်တက်လျှင် အနော်မာမြစ်သို့ရောက်၍ ရှစ်ဥသဘ အပြောကျယ်သောမြစ်ကို မြင်းနှင့် ခုန်လွှားကူးတော်မူဟန် .... မြင်းစီးလျက် သိဒ္ဓတ်မင်းရပ်၊ မြင်းမြီးကိုင်လျက် ဆန္နအမတ်ရပ်၊ အနော်မာမြစ် ငါး, လိပ်, မကန်းအစုံ။

အနော်မာမြစ်တဘက်သို့ရောက်တော်မူ၍ပုလဲအဆင်းနှင့်တူသော ငွေသဲခုံ၌ ဆံတော်ကို ပယ်တော်မူပြီးလျှင် ဘုရားဖြစ်အံ့မှန်သော် ဆံတော်မြေသို့ မသက်သည်ဖြစ်စေသတည်းဟု မိဠာန်တော်မူ၍ ကောင်းကင်သို့ပစ်သည်ကို သိကြားမင်း ရတနာပန်းတောင်းဖြင့် ခံယူလေလျှင် ဃဋ္ဋီကာရဗြဟ္မာကပ်လှူသော ပရိက္ခရာရှစ်ပါးဖြင့် ရဟန်းပြုတော်မူဟန်.... ဘုရားလောင်းရပ်တုတော်၊ ရတနာပန်းတောင်းကိုင်လျက် သိကြားနတ်မင်းရပ်၊ ပရိက္ခရာရှစ်ပါးအစုံနှင့် ပြဟ္မာမင်းရပ်။

ဘုရားလောင်း ရဟန်းပြုပြီးလျှင် အနုပိယသရက်တောဠ္ဍ အာဟာရကိုပယ်၍ ခုနစ်ရက်နေတော်မူဟန်....ဘုရားလောင်းရပ်တုတော်၊ ဆရက်စသော ပန်းသစ်ပင်အစုံ။

ဘုရားလောင်း ရာဇဂြိုဟ်ပြည်သို့ ကြွသွားတော်မူ၍ ဆွမ်းခံတော်မူဟန်....နန်းပြာသာဒ် တံတိုင်းတံခါး ပစ်စင်အိမ်စျေးနှင့်တကွသောမြို့ပုံ၊ သပိတ်ဝိုက်လျက် မတ်ရပ်ရပ်တုတော်။

ဘုရားလောင်း ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံတော်မူပြီးလျှင် ပဏ္ဍဝတောင်၌ ဆွမ်းဘုဉ်းပေးတော်မူစဉ် ဗိမ္ဗိသာရမင်းလာ၍ ရာဇဂြိုဟ်ပြည်ကို ဆောက်နှင်းဟန်....သပိတ်ဝိုက်လျက် ဘုရားလောင်း ရပ်တုတော်၊ လက်အုပ်ချီလျက် ဗိမ္ဗိသာရမင်းရပ်၊ မိဖုရားမောင်းမမိသုံရပ်၊ မှူးမတ်တို့အရပ်၊ပဏ္ဍဝတောင်၊ ပန်းသစ်ပင်အစုံ။

ဘုရားလောင်း ဥရဝေလတောဠ္ဍ ပဉ္စဝဂ္ဂီ ရဟန်းငါးဦးတို့ အလုပ်အကျွေးကိုခံ၍ ဒုက္ကရစရိယာ ခြောက်နှစ် ကျင့်တော်မူဟန်....ဘုရားလောင်း ရပ်တုတော်၊ ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့ အရပ်၊ ကျောင်း သခ်ိမ်းဆောင်၊ ပန်းသစ်ပင်အစုံ။

ဒုက္ကရစရိယာ ခြောက်နှစ်တိုင် ကျင့်တော်မူပြီး၍ သေနမည်သော နိဂုံးရွာအနီး အဇပါလညောင်ပင်ရင်း၌ နေတော်မူစဉ် သူဌေးသမီး သုဇာတာ ရွှေခွက်နှင့်တကွ ဃနာဆွမ်း လှူသည်ကို ခံတော်မူဟန်.... ရွှေခွက်ကိုင်လျက် ဘုရားလောင်းရပ်တုတော်၊ လက်အုပ်ချီလျက် သုဇာတာရုပ်၊ အဇပါလညောင်ပင်အစုံ။

နေရောရာမြစ်, သုပ္ပတိတ္ထရေဆိပ်၌ ဃနာဆွမ်းကို ဘုဉ်းပေးတော်မူဟန်....ရွှေခွက်ကိုင်လျက် ဘုရားလောင်း ရပ်တုတော်၊ ငါးလိပ်မကန်းအစုံနှင့် နေရောရာမြစ်ပုံ။

ဃနာဆွမ်းကို ဘုဉ်းပေးတော် မူပြီးသျှင် ငါဘုရားဖြစ်အံ့ မှန်သော် ရွှေခွက် အညာသို့ဆန်စေဟု မိဠာန်တော်မူ၍ ရွှေခွက်ကို မြစ်၌မျှောသည်တွင် အညာသို့ဆန်လေ၍ ကကုသန်, ကောဏာဂုံ,ကဿပ ဘုရားရှင်သုံးဆူတို့မျှောသည့် ရွှေခွက်နှင့်ထပ်လျက် ကာလနဂါးမင်းပြာသာဒ်၌တည်ဟန် ...ငါးလိပ်မကန်းအစုံနှင့် နေရောရာမြစ်ပုံ၊ ဘုရားလောင်း ရပ်တုတော်၊ နန်းပြာသာဒ်ဆောင်၊ ရွှေဖလားလေးလုံးနှင့် ကာလနဂါးမင်းရုပ်။

နေရောရာမြစ်နားကသည် ဗောဓိမဏ္ဍိုင်သို့ နတ်တို့ ဘန်ဆင်းသောလမ်းဖြင့် ကြွတော်မူသည်တွင် သုဒ္ဓိယလုင်လူသေမြစ်ရှစ်ဆုပ်ကို ခံတော်မူဟန်....မြစ်ရှစ်ဆုပ်ကိုင်လျက် ဘုရားလောင်း ရပ်တုတော်၊ တံစဉ်,ဆိုင်း, ထမ်းပိုးအစုံနှင့် သုဒ္ဓိယလုလင်ရုပ်။

ဗောဓိမဏ္ဍိုင်သို့ ရောက်တော်မူလျှင် ရတနာပလ္လင်၌ ထက်ဝယ်ဘွဲ့နေ၍ မာရ်စစ်ကို အောင်တော်မူဟန်၊ပလ္လင်ဗောဓိပင်နှင့် ဆင်းတုတော်၊ ဆင်စီးလျက်မာရ်နတ်ရုပ်၊ အထူးထူးသောလက်နက်စွဲလျက် နတ်စစ်သည်အပေါင်းတို့အရုပ်၊ နဂါး,ဂဠုန်, ကုမ္ဘက်, ဘီလူးရက္ခိုသ်တို့ အရုပ်၊ ခြင်္သေ့သစ်ကျားစသော သားရဲစစ်သည်တို့အရုပ်။

ယင်းသို့ ဘုရားလောင်းမယ်တော်မာယာဒေဝီဝမ်း၌ပဋိသန္ဓေယူတော်မူသည်ကသည် မာရ်စစ်ကိုအောင်တော်မူ၍ ဘုရားဖြစ်တော် မူသည်တိုင် အခန်းအနားများကိုလည်း ရွှေစင်ငွေစင်တို့ကို သွန်းလုပ်၍ ရွှေကမ္ဘည်းတိုင်နှင့်ချည်း ဌပနာတော်မူသည်။

ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် ပလ္လင်ထက် ခုနစ်ရက်နေတော်မူဟန်....ပလ္လင်ဗောဓိပင်နှင့် ဆင်းတုတော်၊ ထီးတံခွန်ကိုင်လျက် ဗြဟ္မာသိကြား နတ်အပေါင်းတို့အရုပ်။

ပလွင်တော်မှ သက်တော်မူပြီးလျှင် အနိမိဿကုန်း၌ ရပ်တော်မူ၍ ပလွင်တော်ကိုရှာလျက် ခုနစ်ရက် နေတော်မူဟန်....ဗောဓိပင်၊ ပလွင်၊ အနိမိဿကုန်းနှင့် ဆင်းတုတော်။

ပလွင်နှင့် အနိမိဿအကြား၌ စင်္ကြံကြွတော်မူလျက် ခုနစ်ရက်နေတော်မူဟန်....စင်္ကြံနှင့်ဆင်းတုတော်။

နတ်တို့ဘန်ဆင်းသော ရတနာဃရင်္ခအိမ်၌ အဘိဓမ္မာတရားကိုဆင်ခြင်တော်မူ၍ ခုနစ်ရက်နေတော်မူဟန်....ရတနာဃရင်္ခအိမ်နှင့်ဆင်းတုတော်။ ။အဇပါလညောင်ပင်ရင်း၌ အရဟတ္တဖိုလ်ချမ်းသာကို ခံစားလျက် ခုနစ်ရက်နေတော်မူဟန်....အဇပါလညောင်ပင်နှင့်ဆင်းတုတော်။

မုစလိန္ဒအိုင်နား ကျည်းပင်ရင်း၌ နေတော်မူကြိုက် မိုးသည်းစွာရွာသည်ကို မုစလိန္ဒနဂါးမင်း ပါးပျဉ်းမိုးလျက် အခွေဖြင့်ဖုံးအုပ်၍ ခုနစ်ရက်နေတော်မူဟန်....မုစလိန္ဒအိုင်၊ကျည်းပင်၊နဂါးရုံလျက်ဆင်းတုတော်။

ရာဇာယတန လင်းလွန်းပင်ရင်း၌ ခုနစ်ရက်နေတော်မူကြိုက် တပုသဘလိုက ကုန်သည်ညီနောင်တို့ ဗျားမုံ့ ကပ်လှူသည်ကို စတုမဟာရာဇ်နတ်မင်းလေးယောက်တို့လှူသောသပိတ်ဖြင့် ခံတော်မူဟန်-ရာဇာယတန လင်းလွန်းပင်၊ သပိတ်ပုဂံလျက် ဆင်းတုတော်၊ဗျားမုံ့ကိုင်လျက် တပုသဘလိုက ညီနောင်တို့အရုပ်၊ စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့အရုပ်။ ။ထိုသတ္တဋ္ဌာနအစုံကိုလည်း ရွှေစင်္ခေစင်တို့ကိုသွန်းလုပ်၍ ရွှေကမ္ဘည်းတိုင်နှင့်ချည်း ဌပနာတော်မူသည်။

ဘုရားဖြစ်တော်မူ၍ မဟာဗောဓိပင်အနီး သတ္တဋ္ဌာန၌ လေးဆဲ့ကိုးရက်နေတော်မူပြီးလျှင် ဇာသိပတန မည်သော မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂိဂါးဦးတို့အား ဓမ္မစက္ကြာတရားဟောတော်မူ၍ ပဌမဝါ ဆိုတော်မူဟန်-ကျောင်းသခ်မ်းဆောင်၊ ထက်ဝယ် ဆင်းတုတော်၊ ပဉ္စဝဂ္ဂိရဟန်းဂါးဦးတို့ရုပ်တု၊ ဗြဟ္မာသိကြား နတ်အပေါင်းတို့ အရုပ်၊ သမင်ဒရယ်စသော သားရုပ်၊ ပန်းသစ်ပင်အစုံ။

ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်း၌ ဒုတိယဝါ,တတိယဝါ စတုတ္ထဝါ, သုံးဝါဆိုတော်မူဟန်....ဝေဠုဝန် ကျောင်းဆောင်၊ ထက်ဝယ် ဆင်းတုတော်၊ အဂ္ဂသာဝကာ, မဟာသာဝကာ ရဟန္တာအပေါင်းတို့ ရုပ်တု၊ လက်အုပ်ချီလျက် ဗိမ္ဗိသာရ မင်းရုပ်၊ မှူးမတ်တို့အရုပ်၊ သပိတ်စသော ပရိက္ခရာအစုံ။

ဝေသာလီ-မဟာဝုန်တော ကူဋဉာဂါရ စရပ်၌ ပဉ္စမဝါဆိုတော်မူဟန် ...ကူဋဉာဂါရစရပ်ဆောင်၊ ထက်ဝယ် ဆင်းတုတော်၊ အဂ္ဂသာဝက, မဟာသာဝကရဟန္တာအပေါင်းတို့ရုပ်တု၊ ရဟန်းပရိက္ခရာအစုံ။

ဗကုလတောင်၌ ဆဋ္ဌဝါဆိုတော်မူဟန်....ပန်းသစ်ပင်အစုံနှင့် ဗကုလတောင်ပုံ၊ ထက်ဝယ်ဆင်းတုတော်၊ လက်ယာရံလက်ဝဲရံ ရဟန္တာရုပ်တု၊ လက်အုပ်ချီလျက် မြဟွာ သိကြား နတ်အပေါင်းတို့အရုပ်။

တာဝတိံသာနတ်ပြည်၌ သတ္တမဝါဆိုတော်မူဟန်....အာလိန်, သတ္တရဿန်, ဝေဇယန္တာ နန်းပြာသာဒ်၊ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ၊ ပင်လယ်ကသစ်ပင်၊ နေ-လ အစုံနှင့်မြင်းမိုရ်တောင်၊ပဏ္ဍုကမ္ဗလာထက်-ထက်ဝယ် ဆင်းတုတော်၊ သန္တုဿိတ နတ်သားရုပ်၊ မြဟွာ သိကြား နတ်သား နတ်သမီးအပေါင်းတို့အရုပ်။

ဘေသကလာဝန-ဝဲစဉ်းခုံတော၌ အဋ္ဌမဝါ ဆိုတော်မူဟန်....ထက်ဝယ် ဆင်းတုတော်၊ လက်ယာရံ လက်ဝဲရံ ရဟန္တာရုပ်၊ လက်အုပ်ချီလျက်မင်းရုပ်၊ မိဖုရားရုပ်၊ ပန်းသစ်ပင်အစုံ။

ကောသမ္ဗီပြည်-ကုက္ကုဋာရုံ,ပါဝါရိကာရုံ, ဃောသိတာရုံကျောင်းတို့၌ နဝမဝါဆိုတော်မူဟန်....ရဟန္တာရုပ်တုရုံလျက်ဆင်းတုတော်နှင့်တကွသော ကျောင်းဆန်မ်းသုံးဆောင်၊သပိတ်စသောပရိက္ခရာအစုံ၊ လက်အုပ်ချီလျက်မင်းရုပ်၊ မိဖုရားရုပ်၊ မြဟွာ, သိကြား, နတ်အပေါင်းတို့အရုပ်။

ပလလည်းတော၌ ပလလည်းဆင်မင်း အလုပ်အကျွေးကို ခံတော်မူလျက် ဒသမဝါဆိုတော်မူဟန်... မုတ်, လိုက်,ပန်းသစ်ပင်နှင့် တောင်ပုံ၊ ထက်ဝယ် ဆင်းတုတော်၊ နှာမောင်းဖြင့် ကရားဝိုက်လျက် ပလလည်းဆင်မင်းရုပ်၊ ပျားအုံကိုင်လျက်မျောက်ရုပ်၊ ထီး,တံခွန် ကိုင်လျက် မြဟွာ, သိကြား, နတ်အပေါင်းတို့အရုပ်၊ သပိတ်စသောပရိက္ခရာအစုံ။

နာဠပုဏ္ဏားရွာ၌ ဧကာဒသမဝါ ဆိုတော်မူဟန်....ကျောင်းသံမ်းဆောင်၊ ထက်ဝယ်ဆင်းတုတော်၊ အဂ္ဂသာဝက, မဟာသာဝကရဟန္တာတို့ရုပ်တု၊ နာဠပုဏ္ဏားရုပ်၊ သပိတ်စသော ပရိက္ခရာအစုံ။

ဝေရဉ္ဇတိုင်း နဥ္ဇေရုပုစိမန္ဒတမာပင်ရင်း၌ ဒွါဒသမဝါဆိုတော်မူဟန်-တမာပင်နှင့် ဆင်းတုတော်၊ ရဟန္တာငါးရာတို့ရုပ်တု၊ လက်အုပ်ချီလျက် ဝေရဉ္ဇပုဏ္ဏားရုပ်၊ သပိတ်စသော ပရိက္ခရာအစုံ။

စာလိယတောင်၌ တေရသမဝါဆိုတော်မူဟန်....ပန်းသစ်ပင်အစုံနှင့် စာလိယတောင်ပုံ၊ ထက်ဝယ် ဆင်းတုတော်၊ လက်အုပ်ချီလျက် စာလိယဘိလူးရုပ်၊ ဗြဟ္မာ, သိကြား, နတ်အပေါင်းတို့ အရုပ်၊ ရဟန်းပရိက္ခရာအစုံ။

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ စုဒ္ဓသမဝါ ဆိုတော်မူဟန်.... ကျောင်းသခိမ်းဆောင်၊ ထက်ဝယ် ဆင်းတုတော်၊ အဂ္ဂသာဝက, မဟာသာဝက ရဟန္တာတို့ရုပ်တု၊ လက်အုပ်ချီလျက်မင်းရုပ်၊ မိဖုရား, မင်းသမီး, မူးမတ်, သူဌေးသူကြွယ် အပေါင်းတို့အရုပ်၊ ဗြဟ္မာ, သိကြား, နတ်အပေါင်းတို့အရုပ်၊ သပိတ်စသောပရိက္ခရာ အစုံ။

ကပိလဝတ်ပြည် နိဂြောဓရုံကျောင်း၌ ပန္နရသမဝါဆိုတော်မူဟန်-နိဂြောဓရုံကျောင်းဆောင်၊ ထက်ဝယ် ဆင်းတုတော်၊ အဂ္ဂသာဝက, မဟာသာဝက ရဟန္တာတို့ ရုပ်တု၊ သပိတ်စသော ပရိက္ခရာအစုံ။

အာဠဝီပြည်၏အနီး ကျောင်း၌ သောဠသမဝါ ဆိုတော်မူဟန်.... ကျောင်းသခိမ်းဆောင်၊ ထက်ဝယ် ဆင်းတုတော်၊ အဂ္ဂသာဝက, မဟာသာဝက ရဟန္တာအပေါင်းတို့ရုပ်တု၊ လက်အုပ်ချီလျက်ဘိလူးရုပ်၊ ဗြဟ္မာ, သိကြားတို့အရုပ်၊ မင်းရုပ်၊ သပိတ်စသော ပရိက္ခရာအစုံ။

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သတ္တရသမဝါ ဆိုတော်မူဟန်.... ဝေဠုဝန် ကျောင်းတော်ဆောင်၊ ထက်ဝယ်ဆင်းတုတော်၊ အဂ္ဂသာဝက, မဟာသာဝက ရဟန္တာတို့ရုပ်တု၊ လက်အုပ်ချီလျက် ဗြဟ္မာ, သိကြား, နတ်, လူပရိသတ်အပေါင်းတို့အရုပ်၊ သပိတ်စသောပရိက္ခရာအစုံ။

စာလိယတောင်၌ အဋ္ဌာရသမဝါ, ဧကူနဝီသတိမဝါ, နှစ်ဝါဆိုတော်မူဟန်....ပန်းသစ်ပင်အစုံနှင့် တောင်ပုံ၊ ထက်ဝယ် ဆင်းတုတော်၊ လက်အုပ်ချီလျက် ဘိလူးရုပ်၊ ထီး, တံခွန် ကိုင်လျက် ဗြဟ္မာ, သိကြား, နတ်အပေါင်းတို့အရုပ်၊ သပိတ်စသော ပရိက္ခရာအစုံ။

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဝီသတိမဝါဆိုတော်မူဟန်... ဝေဠုဝန်ကျောင်းဆောင်၊ ထက်ဝယ် ဆင်းတုတော်၊ အဂ္ဂသာဝက, မဟာသာဝက ရဟန္တာ အပေါင်းတို့ရုပ်တု၊ လက်အုပ်ချီလျက် မင်းရုပ်၊ လက်အုပ်ချီလျက်ပုဏ္ဏား, သေဋ္ဌး, သူကြွယ်စသောလူပရိသတ်၊ ဗြဟ္မာ, သိကြားစသော နတ်ပရိသတ်အရုပ်၊ သပိတ်စသော ပရိက္ခရာအစုံ။

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နှစ်ဆဲ့တဝါမြောက်ကသည် လေးဆဲ့လေးဝါတိုင် မြဲသောနေခြင်းဖြင့် နှစ်ဆဲ့လေးဝါ ဆိုတော်မူဟန်.... ဇေတဝန် ကျောင်းဆောင်၊ ထက်ဝယ် ဆင်းတုတော်၊ အဂ္ဂသာဝက,

မဟာသာဝက အသီတိရဟန္တာအပေါင်းတို့ရပ်တု၊ ထီး, တံခွန်,ပူဇော်ပွဲ ကိုင်လျက် မင်း, ပုဏ္ဏား, သူဌေး, သူကြွယ်စသော လူပရိသတ်၊ငြဟ္မာ,သိကြားစသော နတ်ပရိသတ် အပေါင်းတို့အရပ်၊ သပိတ်စသောပရိက္ခရာအစုံ။

ပဉ္စစတ္တာလီသမဂါ ဝေသာလီပြည်တွင် ဗေဠုဝရွာ၌ ဝါဆိုတော်မူဟန်....ကျောင်းတော်၊ ထက်ဝယ် ဆင်းတုတော်၊ အဂ္ဂသာဝက, မဟာသာဝကအပေါင်းတို့အရပ်၊ သပိတ်စသော ပရိက္ခရာအစုံ။

ပါဝါပြည်သို့ ကြွတော်မူ၍ စုန္ဒပန်းထိမ်သည်လူသော သားပြွမ်းဆွမ်းကို ခံတော်မူဟန်....တံတိုင်း တံခါးနှင့် တကွသော ပါဝါမြို့ပုံ၊ မဏ္ဍပ်ဆောင်၊ သပိတ်ဝိုက်လျက် ထက်ဝယ် ဆင်းတုတော်၊ သာဝကရဟန္တာအပေါင်းတို့ရပ်တု၊ လက်အုပ်ချီလျက် စုန္ဒပန်းထိမ်သည်ရပ်၊ လက်အုပ်ချီလျက် မိန်းမရပ်။

စုန္ဒ ပန်းထိမ်သည် လူသောဆွမ်းကို ဘုဉ်းပေးတော် မူသည့်နောက် ပထဝီဓာတ်မငြိမ်သောဝေဒနာရောက်တော်မူသည်ကို တပည့်သားတော် ရဟန္တာအပေါင်းတို့ မစကြဟန်၊ စမ္ဘခက်အခင်းထက်လျောင်းစက်လျက် ဆင်းတုတော်၊ရဟန္တာအပေါင်းတို့ရပ်တု၊သပိတ်,ကရားစသောပရိက္ခရာ၊ ပန်းသစ်ပင်အစုံ။

ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ် ညောင်စောင်းထက် လက်ယာနံတောင်းဖြင့် လျောင်းစက်လျက် ပရိနိဗ္ဗာန် စံယူတော်မူဟန် ...အမိုးကြာရပ်နှင့် တကွသော ညောင်စောင်းထက် လျောင်းလျက် ရပ်တုတော်၊ ရှင်အာနန္ဒာစသော ရဟန္တာအပေါင်းတို့ ရပ်တု၊ လက်အုပ်ချီလျက် မလ္လာမင်းရပ်၊ မိဖုရား မောင်းမမိသံတို့အရပ်၊ မှူးမတ်အပေါင်းတို့အရပ်၊ ငြဟ္မာ,သိကြား, နတ်သား,နတ်သမီး,ဘီလူး,ကုမ္ဘဏ်, ဂန္ဓမ္ဗ, နဂါး, ဂဠုန် အပေါင်းတို့အရပ်၊ ထီး တံခွန် ပူဇော်ပွဲ၊ အင်ကြင်းဥယျာဉ် ပန်းသစ်ပင်အစုံ။

မြတ်စွာဘုရားအလောင်းတော်ကို ကုသိနာရုံပြည် မလ္လာမင်းစသော မင်းအပေါင်းတို့ရွှေဖြင့်ပြီးသောတလင်္ဘသွင်းပြီးလျှင် စန္ဒကူးနံ့သာထင်းပုံထက် တင်၍ ခုနစ်ရက်ပူဇော်ပြီးမှ တေဇောဓာတ်လောင်တော်မူဟန်-နံ့သာထင်းပုံထက် ရွှေတလားတွင်း ဆင်းတုတော်ပါ လောင်တိုက်၊ အမိုးငှက်ချေးခံ ဘုံဝါးဆင့်ပြာသာဒ်၊ထီးဖြူရှစ်စင်း၊ အရှင်မဟာကဿပ, အရှင်အာနန္ဒာ စသော ရဟန္တာယောကျ်ား, ရဟန္တာမိန်းမတို့ ရပ်တု၊

မိဖုရား မောင်းမမိသံ မှူးမတ်ဗိုလ်ပါခြံရံလျက် မလွှာမင်းစသော မင်းအပေါင်းတို့အရှင်၊ မြဟ္မာ, သိကြား, နတ်အပေါင်းတို့ အရှင်၊ ဘီလူး, နဂါး, ဂဠုန်တို့အရှင်၊သပိတ်စသော ပရိက္ခရာ၊ ထီး တံခွန် ပူဇော်ပွဲအစုံ။

တဖောခက်လောင်ပြီးနောက် ကျန်ရစ်သော သမ္ဘိန္နခေတ်တော်, အသမ္ဘိန္နခေတ်တော်အပေါင်းတို့ကို ရှစ်ပြည်ထောင်မင်းတို့ စစ်ပြိုင်၍လု ယူကြမည်ရှိသည်တွင် ဒေါနပုဏ္ဏား ဘုရားကျေးတော်ကိုဂါထာငါးရာ မျှဖြင့် ချီးမွမ်း၍ ငြိမ်သက် စေပြီးလျှင် တဒေါဏစေ ဝေသည်ကို ရတနာပန်းတောင်းဖြင့် ခံယူကြဟန်....ရတနာပန်းတောင်း ကိုင်လျက် အဇာတသတ် မင်းရှင်၊ လိစ္ဆဝီမင်းရှင်၊ သာကီဝင်မင်းရှင်၊ အလ္လကပ္ပမင်းရှင်၊ ကောလိယ မင်းရှင်၊ ဝေဠဒီပမင်းရှင်၊ ပါဝါမင်းရှင်၊ မလ္လာမင်းရှင်၊ လေးမျက်နှာရာဇမတ်အကာနှင့် ပလ္လင်တက် ဓာတ်တော်ထည့် ရတနာပန်းတောင်း၊ ရွှေခွက်ကိုင်လျက် ဒေါနပုဏ္ဏားရှင်၊ ဒေါနပုဏ္ဏားဌက်ထားသော စွယ်တော်ကို နဂါးဆောင်ယူဟန် နဂါးရှင်၊ သိကြားမင်း စွန်အယောင်ဘန်ဆင်း၍ စွယ်တော်ကို ဆောင်ယူဟန်စွန်ရှင်၊ဆင်စီး,မြင်းစီး, ရထားစီး,ခြေသည်,ရှစ်ပြည်ထောင်မင်း စစ်သည်အပေါင်းတို့အရှင်၊ ထီး တံခွန်ပူဇော်ပွဲကိုင်လျက် မြဟ္မာ,သိကြား,နတ်အပေါင်းတို့အရှင်။ ။ယင်းသို့ ဘုရားဖြစ်တော်မူသည်ကသည်ပရိနိဗ္ဗာန်စံယူတော်မူ၍ ဓာတ်တော်ကို ဝေသည်တိုင် အခန်းအနားအစေ့အစုံများကိုလည်း ရွှေစင်-ငွေစင်တို့ကို သွန်းလုပ်၍ ရွှေကမ္ဘည်းတိုင်နှင့်ချည်း ဌပနာတော်မူသည်။

ဘုရား ပရိနိဗ္ဗာန်စံယူတော်မူ၍ လေးလမြောက်တွင် ရာဇဂြိုဟ်ပြည်အနီး စရည်းပင်ရောက်ရာ လိုဏ်မဏ္ဍပ်၌ ရှင်မဟာကဿပ အမှူးရှိသော ရဟန္တာငါးရာတို့ ပဌမသင်္ဂါယနာတင်ဟန်....စရည်းပင်နှင့် မုတ်လိုဏ်၊ မဏ္ဍပ်ဆောင်၊ ရဟန္တာငါးရာရှင်တု၊ အဇာတသတ်မင်းရှင်၊ မှူးမတ်တို့အရှင်။

ဘုရားပရိနိဗ္ဗာန်စံတော်မူ၍ နှစ်ပေါင်းတရာမြောက်တွင် ဝေသာလီပြည်-ဝါလုကာရာမကျောင်း၌ ရှင်မဟာယသအမှူးရှိသော ရဟန္တာခုနစ်ရာတို့ ဒုတိယ သင်္ဂါယနာ တင်ဟန်....တံတိုင်းမီးတား အစုံနှင့် ဝါလုကာရာမကျောင်းဆောင်၊ ရဟန္တာခုနစ်ရာရှင်တု၊ ကာလာသောကမင်းရှင်၊ မှူးမတ်တို့အရှင်။

ဘုရားပရိနိဗ္ဗာန်စံတော်မူ၍ နှစ်ပေါင်းနှစ်ရာ့သုံးဆဲ့ခြောက်နှစ်မြေ့တွင် ပါဋလိပုတ်ပြည် အသောကာရာမကျောင်း၌ ရှင်မဟာမောဂ္ဂလီ

ပုတ္တတိဿ အမှူးရှိသော ရဟန္တာတထောင်တို့ တတိယ သင်္ဂါယနာတင်ဟန်....တံတိုင်း မီးတာန့်တက္ခ အသောကာရာမ ကျောင်းဆောင်၊ ရဟန္တာတထောင်တို့ရွတ်တု၊ သီရိမဇ္ဈာသောကမင်းရွတ်၊ မှူးမတ်တို့အရွတ်။ ထိုသို့ သင်္ဂါယနာသုံးတန် အခမ်းအနားများကိုလည်း ရွှေစင်-ငွေစင်တို့ကို သွန်းလုပ်၍ ရွှေကမ္ဘည်းတိုင်နှင့်ချည်း ဌပနာတော်မူသည်။

ဇမ္ဗူရာဇ်ရွှေစင် သပြေတထောင့်ခြောက်ရာခုတ်သော ဆင်းတုတော်၊ ဇမ္ဗူရာဇ်ရွှေစင် သပြေတရာခုတ်သော ဆင်းတုတော်၊ ဇမ္ဗူရာဇ်ရွှေစင် သပြေ ငါးဆယ်ခုတ်သော ဆင်းတုတော်၊ဇမ္ဗူရာဇ်မွှေစင်လေးဆဲ့ငါးသပြေခုတ်သောဆင်းတုတော်၊ ဇမ္ဗူရာဇ်ရွှေစင် သပြေလေးဆယ်ခုတ်သော ဆင်းတုတော်၊ ဇမ္ဗူရာဇ်ရွှေစင်သပြေ ခြောက်ရာ့ခြောက်ဆယ်ခုတ်သော စေတီတော်၊ ဇမ္ဗူရာဇ်ရွှေစင် လေးရာ့ကိုးဆဲ့သုံးသပြေခုတ်သော စေတီတော်၊ ဇမ္ဗူရာဇ်ရွှေစင် သပြေလေးရာခုတ်သော စေတီတော်၊မိုးကြိုးစင် သပြေ ခြောက်ရာ့ခုနစ်ဆယ်ခုတ်သော ပတ္တမြားစီဆင်းတုတော်၊ ငွေစင် သပြေတထောင်ခုတ်သော ဆင်းတုတော်၊ ငွေစင်သပြေတရာခုတ်သော ဆင်းတုတော်များကိုလည်း ဌပနာတော်မူသည်။

ထိုပြင် ပတ္တမြားဆင်းတုတော် သုံး၊ မြဆင်းတုတော် သုံး၊ပယင်းဆင်းတုတော်လေးဆဲ့ကိုး၊ ဖလ်ဆင်းတုတော် တဆဲ့နှစ်၊ ဖလ်စေတီတော်တဆဲ့ခုနစ်၊ ရွှေဆင်းတုတော် ခုနစ်ရာ့ခုနစ်ဆယ်၊ ရွှေစေတီတော်သုံး၊ မိုးကြိုးဆင်းတုတော်သုံး၊ ငွေဆင်းတုတော် နှစ်ထောင့်ခုနစ်ရာ့တဆဲ့ခုနစ်၊ ငွေစေတီတော် တဆဲ့ခုနစ်၊ ပဉ္စလောဟာဆင်းတုတော်တဆူ၊ ကြေးဆင်းတုတော် ခြောက်ထောင့်ကိုးဆဲ့ငါး၊ ကြေးစေတီတော်လေး၊ အန္တာကူကျော်ဆင်းတုတော်လေး၊ သလွဲဆင်းတုတော် ခြောက်သောင့်း တထောင့်နှစ်ဆယ်၊ ကျောက်ဆင်းတုတော် ကိုးရာ့နှစ်ဆဲ့ခုနစ်၊ နဲ့သာဆင်းတုတော်နှစ်၊ ဒက္ခိဏာသာခါဆင်းတုတော် ငါးဆဲ့နှစ်၊ ရွှေချဆင်းတုတော် နှစ်ရာ့ကိုးဆဲ့နှစ်များကိုလည်း ဌပနာတော်မူသည်။

ပတ္တမြားသပိတ်, မြသပိတ်, ရွှေသပိတ်, ငွေသပိတ်စသော ပရိက္ခရာ၊ ရွှေပန်းတောင်း-ငွေပန်းတောင်၊ ရွှေကလပ်-ငွေကလပ်၊ ရွှေမြှုတာ-ငွေမြှုတာ၊ ရွှေပန်းခိုင်-ငွေပန်းခိုင်၊ နဝရတ်ပန်းခိုင်၊ ရွှေထီး-ငွေထီး ရွှေတံခွန်-ငွေတံခွန်၊ ရွှေတန်ဆောင်-ငွေတန်ဆောင် ရွှေပေါက်ပေါက်-ငွေပေါက်

ပေါက်စသော များးစွာသော အလှူတော်တို့ကိုလည်း စေတီတော် ဆင်း တုတော်များမှာ ခြံရံကျင်းပ၍ သွင်းတော်မူသည်။ ။သုံးဆဲ့ခြောက်တင်း မျှလောက်သော ပတ္တမြား ရတနာတို့ကိုလည်း ဌပနာတိုက် အတွင်း၌ ပူဇော်ကြဖြန့်တော်မူသည်။

ဆဋ္ဌန်ဆင်မင့်းသခင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား ရပ်တုတော်, အရှင်မိဖုရားခေါင်ကြီးဘုရား ရပ်တုတော်ကိုလည်း မင်းမြောက်တန်ဆာ ငါးပါးစသော မင်းခန်းမင်းနား မင်းဆောင် မင်းယောင်များနှင့်တကွ ကျင်းပလျက် ရွှေတန်ဆောင်တိုင်ကိုင်၍ ပူဇော်တော် မူဟန်....ရွှေကို သွန်း၍ ထည့်တော်မူသည်။

ဘေးတော် ရတနာသိဒ်မြို့တည်နန်းတည် အလောင်းမင်းတရားကြီး ရပ်တုတော်၊ ဘေးတော် အရှင်မိဖုရားခေါင်ကြီး ရပ်တုတော်၊ ဘိုးတော် စစ်ကိုင်းမြို့တည် မင်းတရားကြီးဘုရား ရပ်တုတော်၊ ဘိုးတော် အဝမြို့တည် ဆင်ဖြူ.ရှင်မင်းတရားကြီးဘုရား ရပ်တုတော်၊ ဘိုးတော် အမရပူရမြို့တည် ဆင်ဖြူများရှင်မင်းတရားကြီးဘုရား ရပ်တုတော်၊ ဘွားတော် အရှင်မိဖုရား ခေါင်ကြီးရပ်တုတော်၊ ဘွားတော် မြောက်နန်းအရှင်မိဖုရားရပ်တုတော်၊ ခမည်းတော်ဘုရား ရပ်တုတော်၊ မယ်တော်ဘုရား ရပ်တုတော်များကိုလည်း ရွှေတန်ဆောင်တိုင်ကိုင်လျက် ပူဇော်တော်မူဟန်-ရွှေကိုသွန်း၍ ထည့်တော်မူသည်။ ။ထိုသို့ စီရင်သွင်းထားသော ဌပနာတိုက်ကို ကျဲ့တတထပ်၊ အုတ်တထပ်၊ နရပတေအင်္ဂတော်ဖြင့် စေ့စပ်သေချာစွာ လုပ်ဆောင်ပိတ်ဆို့ပြီးလျှင် များးစွာသော ကြေးသလွဲရည်တို့ဖြင့်သွန်းလောင်း ပိတ်ဖုံးတော်မူသည်။

ထိုနှစ် ကဆုန်လဆန်းနှစ်ရက် တနင်္ဂနွေနေ့ကစ၍ သုံးအသံတိုင်၊ မိန်ရာသီတွင် ဂြိုဟ်ရှစ်လုံးစုသည်။ ။သင်္ကြာဇ် (၁၁၈၂) တထောင့် တရာ့ရှစ်ဆဲ့နှစ်ခု ကဆုန်လဆန်း တဆဲ့တရက် ပုဒ္ဓဟူးနေ့ နံနက်တချက် တီးကျော် တနာရီ၊ နှစ်ပါဒ်၊ ကိုးဗီဇနာ၊ ပြန်ခရာပြည့်တွင် မဟာသင်္ကြန် ပြောင်းသည်ကို သင်္ကြန်ပြောင်းအမြောက်သံပေး၊ ညောင်ရေခပ်၊အသွန်း အလှူများကို အစဉ်ထုံးစံရှိသည့်အတိုင်း စီရင်သွန်းလှူစေသည်။ ။ထိုနှစ် မဟာသင်္ကြန်ပြောင်း အတာစားတော် မူသည်ကိုလည်း အရှင်ကောရာဇ် မင်းမြတ်တို့ အတာတော်စားသည့် အစဉ်ထုံးစံအတိုင်း ကျေးမွေးပေး ကမ်းလှူဒါန်းတော်မူ၏။

၁၁၀၃—၃

သက္ကရာဇ် (၁၁၀၃) တထောင့် တရာ့ ရှစ်ဆဲ့သုံးခု ကဆုန်လပြည့် ကျော်ဆယ်ရက် ဗုဒ္ဓဟူးနေ့ နှစ်ချက်တီးကျော်အချိန်တွင် ရွှေနန်းတော်တောင် ကုန်းသာယာရပ်က မိုးစင်္ခြဲသည်၊ ရွှေနန်းတော် ပတ်လည် လမ်းတန်းအိမ်, ဝန်အိမ်, ဝင်းအိမ်, လွှတ်တော်, စွယ်တော်ကျောင်း, ပဟိုရစင်များနှင့် ရွှေမြို့တော်မြောက်တံခါးများကို မိုးသင့်ချေ၏။

နယုန်လဆန်းတဆဲ့သုံးရက် တနင်္ဂနွေနေ့ နှစ်ချက်တီးကျော်၊နာရီပြည့်၊ ပါဒ်ပြည့်၊ သုံးဗီဇနာ၊ သုံးပြန်၊ ခရာပြည့်၊ မိန်လက်၊ ဟန်စန်း၊ ကြာသပတေးတြင်း၊ သောကြာနဝင်း၊ နက္ခတ်ဆယ်လုံး သုံးပါဒ်ထက် လက်စီးလျက် ကောင်းမြတ်သော မင်္ဂလာအခါတော်တွင် မိဖုရား, သားတော်, ညီတော်, ဆွေတော် မျိုးတော်, မှူးတော်မတ်တော်, သူဌေးသူကြွယ်, ဗိုလ်မှူးတပ်မှူး, စစ်အင်္ဂါလေးပါးခြံရံလျက် အရှင်မိဖုရားခေါင်ကြီးနှင့် ရတနာရွှေဝါစီးတော်မူ၍ ထွက်တော်မူပြီးလျှင် နံတော်၏ ဂဟပတိ အရပ်ဖြစ်သော ရွှေမြို့တော်တောင်အရပ်၌ မဟာသင်္ကြန် ခေါ်တော်မူသည်။

နယုန်လပြည့်ကျော် နှစ်ရက် ကြာသပတေးနေ့ နံနက် လေးချက်တီးကျော် ခုနစ်နာရီ၊ နှစ်ပါဒ်၊ သုံးဗီဇနာ၊ ငါးပြန်၊ နှစ်ခရာ၊ ကြက်နှလုံး၊ ပြဿာ စန်း၊ တနလ်ာ တြင်း၊ ဗုဒ္ဓဟူးနဝင်း၊ နက္ခတ်ခုနစ်လုံး နှစ်ပါဒ်ထက် လက်စီးလျက် ကောင်းမြတ်သော မင်္ဂလာ အခါတော်တွင် ပြာသာဒ်ဥကင်တော် သီဟာသနရာဇပလ္လင်တော်ထက် အရှင်မိဖုရားခေါင်ကြီးနှင့် တကွ စံပယ်တော်မူလျက် မဟာဥကသ် ဖွင့်တော်မူသည်။

ခမည်းတော်ဘုရား သမီးတော် သီရိရတနာမလွာဝတီကို သီရိရတနာနန္ဒာမဟော၊ သီရိကလျာရတနာဝတီကို သီရိကလျာ စန္ဒာမဟော၊ သီရိကလျာမင်္ဂလာဝတီကို သီရိကေသာမင်္ဂလာမဟော၊ သူဇာဝတီကို သီရိမြတ်စွာမလွာမဟော-ဘွဲ့အမည်ကို ပေးတော်မူသည်။

ကျိုက်သမီး သီရိရတနာမလွာမဟေကို သီရိနန္ဒာမင်္ဂလာဒေဝီ၊ မိုးကောင်းမြို့စားသမီး သီရိမြတ်စွာရတနာမဟေကို သီရိမြတ်စွာရတနာဒေဝီ၊ ဝန်ကြီး သတိုးမင်းလှနော်ရထာသမီး သီရိရတနာစန္ဒာမဟေကို သီရိပဘာစန္ဒာဒေဝီ၊ နေမျိုးဇေယျသူသမီး သီရိရတနာ နန္ဒာမဟေကို သီရိစန္ဒာနန္ဒာဒေဝီ၊ အကောက်ဝန်သမီး သီရိမာလာရတနာမဟေကို သီရိ

မာလာ မင်္ဂလာဒေါ်၊ ဒလမြို့ဝန်သမီး ရတနာဝတီကို သီရိရတနာမြတ်စွာမဟော-ဘွဲ့အမည်ကို ပေးတော်မူသည်။

အရှင် မိဖုရားခေါင်ကြီး မောင်တော် သတိုး မင်းလှကျော်ထင်ကို သတိုးမမွေရာဇာ၊ ဝန်ကြီးသက်တော်ရှည်ကို မင်းကြီး မဟာသက်တော်ရှည်-ဘွဲ့အမည်ကိုပေးတော်မူသည်။ ။ထို့ပြင် မူးတော်မတ်တော် ဗိုလ်မှူးတပ်မှူးအပေါင်းတို့ကိုလည်း အထိုက်အလိုက် ဘွဲ့အမည်အရည်ကို ပေးတော်မူ၏။

ယောမြို့ကျေး ကျောက်စရစ်ကန်ချောင်းတွင် ရှိသည့် ရတနာဆင်ဖြူတော်ကို ဘိုးတော်ဘုရားလက်ထက်တော်၊ ရန်အောင်မြို့သစ်တောတွင် ရသည့် ဥပေါ်ပြောင်မွန် ဆင်ဖြူတော်ကို သိမ်းတော်မူသည့်နည်း အခမ်းအနားကြီးကျယ်စွာ စီရင်တော်မူပြီးလျှင် ပဌမဝါဆိုလပြည့်ကျော် သုံးရက် တနင်္ဂနွေနေ့ တချက်တီးကျော် သုံးနာရီပါဒ်ပြည့်၊ ဆဲ့လေးဗီဇနာ၊ ငါးပြန်၊ သုံးခရာ၊ သိဟ်လက်၊ တူစန်း၊ ကောင်းမြတ်သော မင်္ဂလာအခါတော်တွင် ရတနာဆင်ဖြူတော်ကို ခေါင်းဆေးသည်၊ ၎င်းလပြည့်ကျော် ငါးရက် အင်္ဂါနေ့၊ တချက်တီးကျော်၊ သုံးနာရီပါဒ်ပြည့်၊ တဗီဇနာ၊ သုံးပြန်၊ ငါးခရာ၊ သိဟ်လက်၊ မကာရစန်း၊ ကောင်းမြတ်သော မင်္ဂလာအခါတော်တွင် ပွဲသဘင်ကြီးစွာ ခံတော်မူ၍ ရတနာ ဆင်ဖြူတော်ကို သိမ်းတော်မူသည်၊ အရဏကိရိဘွဲ့အမည်ကိုလည်း တပ်တော်မူသည်။

* ရတနာဆင်ဖြူတော်သိမ်း အစီအရင်အခမ်းအနားများမှာ ရှေးနန်းစဉ်စာတမ်းရှိပြီဖြစ်၍ အကျယ်မဆိုသည်။

အင်းဝမြို့ဟောင်းကိုခွဲဘွင့်၍ မြို့သစ် နန်းသစ် တည်ခြင်းနှင့် မိဖုရားခေါင်ကြီးတွင် သမီးတော်ဖွားမြင်ခြင်း အလှူတော်များလှူခြင်း

ထိုအခါ အဓိန့်တော်ရှိသည်ကား ...တကောင်း,သရေခေတ္တရာ, ပုဂံ, မြင်စိုင်း, စစ်ကိုင်း,ပန်းယ, သည်ဌာနများတွင် ဘေးလောင်းတော် ဘိုးလောင်းတော်တို့ ရာဇဌာနီ မင်း နေပြည်ကြီး တည်ထောင် ကြသည်၊ နောက် ပန်းယ ဆင်ဖြူတစီးရှင် မင်းသည် ရှေးဘေးလောင်းတော် ဘိုးလောင်းတော်တို့ ထီးနန်းတည်သည့် ဌာနများသည် မင်းနေပြည်ကြီးတို့၏ အင်္ဂါနှင့်မစုံလေ၊ နှစ်သက်ဘွယ်မရှိဟု ရတနာပူရ တည်ရာအရပ်တွင် မြို့တည်မည်အားသစ်၍ ချီလာသည်ကို အခါမရောက်၍ မမြောက်

ယေလျှင် တောင်အရပ်သို့ခွာ၍ ပန်းယမြို့ကို တည်လေသည်၊ နောက် တကောင်းမင်းမျိုး သတိုးမင်းဖျား လက်ထက်ရောက်မှ ကာလအခါတန် ပြီဖြစ်၍ အင်းဝမြို့ကို တည်သည်၊ အပြိုးမြောက်၏၊ ယင်းသို့ မြန်မာတို့ ဦးစွန်းထွန်းတောက်ရာ မြတ်သောထာဝရ ဌာနဖြစ်၍လည်း ညောင်ရမ်းမင်းတရား, ဘိုးတော်ဆင်ဖြူ.ရှင်မင်းတရားတို့သည် နဂိုရ ဌာနရင်းတို့ကို စွန့်လွှတ်ခဲ့၍ ရတနာပုရမြို့ဝယ် ထီးနန်းကနက် စိုက်ဆောက်ကုန်သည်၊ ရှေးဘေးလောင်းတော် ဘိုးလောင်းတော်တို့ မြို့သက်ကုန်သည်-မကုန်သည် နိုင်းရှည့်ကြသည် ဆိုသည်မှာလည်း ဤဘဒ္ဒကပ္ပ်ကမ္ဘာဦး၌ မဟာဗောဓိရောက်ရာမြေခုံသည် ဘုရားတဆူပွင့်တော်မူသည့်နှင့်သာ မြေသက်ကုန်သည်ဟူ၍ မရှိလေ၊ ငါးဆူကုန်သော ဘုရားရှင်တို့ ဤမြေခုံတွင် ချည်း သစ္စာလေးပါးကို သိမြင်တော်မူကြသည်၊ အကြောင်းမှာ ရတနာသုံးပါးတို့ ကိန်းဝပ်ရာဌာနသင့်၍ ပြည်သူသတ္တဝါ အပေါင်းတို့ ကြည်းဘက် ရေဘက် အခိုအမှီ သင့်သဖြင့် ပတိရူပ ထာဝရဌာန အောင်မြေအောင်ရပ် မြေမြတ်မှန်သည်သာ အရင်းဖြစ်သည်၊ ရတနာပုရမြို့ တည်ရာ ကျွန်းဦးသန်လျက်မြေခုံသည်လည်း မြို့မြောက်မျက်နှာကို ရောဝတီမြစ်လည်ရစ်စီးဆင်းသည်၊ မြို့အရှေ့မျက်နှာကို စမုန်မြစ်, စမာမြစ်, မကွရာမြစ်, ပန်းလောင်မြစ်, ဒဂ္ဂဝတီမြစ်, ထိုငါးစင်းသော မြစ်တို့ ပေါင်းဆုံလည်ရစ်စီးဆင်း၍ ရောဝတီမြစ်သို့ပေါင်းသည်၊ မြို့တောင်မျက်နှာ အနောက်မျက်နှာကိုလည်း မြစ်သာမြစ် လည်ရစ်စီးဆင်း၍ လုံးတော်ပေါက်မြစ်နှင့် ပေါင်းပြီးလျှင် ရောဝတီမြစ်သို့ ပေါင်းသည်၊ မြို့ဦးမြစ်ညာမင်းဝံတောင်ဦး တောင်ထွတ်, ကြက်ယက်တောင်ဦးတောင်ထွတ်များဝယ်လည်း မွေ့ဓာတ်သရီ,စေတီ-ဂူ-ကျောင်း, တန်ဆောင်း ဥမင် သူတော် သူမြတ်တို့ ကိန်းဝပ်မွေ့လျော်ရာ,ရတနာသုံးပါးတို့၏တည်ရာဖြစ်သည်၊မြစ်အပေါင်းတို့ ဝန်းရစ်စီးဆင်းရာ မင်းဝံတောင်ညွန့်၏ အဆုံမြေခုံ သန်လျက်ဦးထွင်ဖြစ်၍လည်း ကြည်းဘက် ရေဘက် အကြေအညာ ပြည်၏အင်္ဂါ အစာလေးပါး ဖောက်ကားရောင်းဝယ် လွယ်လင့်တကူ၊သတ္တဝါတို့မွှေနှိုရာပေါများသည်၊ ညောင်ရမ်းမင်းလက်ထက် ဆရာတော်တို့ စာသွင်းချက်ထွင်လည်း မင်းဝံတောင်ဦး သန်လျက်ကျွန်းခုံသည် ရှေးမိမိလာပြည်ကြီးဖြစ်သောအခါ မဏ္ဍဒေဝမင်းစသော ရှစ်သောင်း လေးထောင် ကုန်သောမင်းတို့ ဘိသိက်ခံ၍ မင်းပြုကြကြောင်း၊ နေမိမင်းကြီး, သားတော်ကလာရ ဇနကမင်းစသော ရှစ်သောင်း လေးထောင်သောမင်း, သာဂရမင်း

စသော ရှစ်သောင့်းလေးထောင်ကုန်သော မင်းတို့သည်လည်း ၌ သန်လျက်ခုံထက် ထီးနန်းကနက် စိုက်ဆောက်၍ မင်းပြုကြကြောင်း၊ ကမ္ဘာဦးကပင် ဧရာဝတီရဋ္ဌ တမ္ဗဒ္ဒဝါနီမည်သော တိုင်းကြီးပြည်ကြီး ထီးဆောင်းနန်းနေ မြို့ကြီးဖြစ်ကြောင်း၊ နတ်နဂါးတို့ ကစားပျော်မြူးသော ကျွန်းမြတ်ဖြစ်၍ ဤကျွန်းထက် မြို့တည် နန်းဆောက်စံနေကုန်သော မင်းတို့သည် ဘုရားသခင်ဗျာဒိတ်တော်ရ မဟာသိုက်ဝင်တို့သာ မြို့တည်ခြင်း, နန်းဆောက်ခြင်းတို့ကို ဆောင်ရကြောင်း၊ ဗျာဒိတ်မရသော မင်းတို့မူကား မြို့တည်မင်းအဖြစ်သို့မမြောက် မရောက်နိုင်ကြောင်းများကိုဝိဋ္ဌကတ်ဗေဒင်သိမြင်လိမ္မာကုန်သော တံဆိပ်ရဆရာတော် သစ်ာတော်ကြီးတို့ စာဆက်သွင်းချက်တွင် ပါသည်။

ငါလက်ထက်တော်ဝယ်လည်းတံဆိပ်ရဆရာတော်သစ်ာတော်ကြီးတို့နှင့် ပုဏ္ဏားပုရောဟိတ်ပညာရှိ လူပညာရှိ အပေါင်းတို့က ရတနာပူရအင်းဝ ရွှေပြည်တော်ကြီးကို အသစ်တည်တော်မူရမည့် ကာလအချိန်အခါ ရောက်ကြောင်းကို သိုက်မာတ်ကိန်းခန်း စာတမ်းစာဟောင်းများနှင့် တကွ ထုတ်ဖော်လျှောက်ထားကြသည်ဖြစ်သည်။

ရှေး ဘေးလောင်းတော်တို့လက်ထက် တံဆိပ်ရ ဓာရာတော် သစ်ာတော်ကြီးတို့ စာဆက်သွင်းချက်, ငါ့လက်ထက်တော် တံဆိပ်ရ ဆရာတော် သစ်ာတော်ကြီးတို့နှင့် ပုဏ္ဏားပုရောဟိတ်ပညာရှိ, လူပညာရှိတို့က စာဆက်သွင်းလျှောက်ချက်အတိုင်း ရတနာပူရ အင်းဝနေပြည်တော်ကြီးကို ရွှေမြို့တော်-ရွှေထီးရွှေနန်းအသစ်တည်လုပ်တော်မူ၍ ငါစံတော်မူမည်၊ သို့ရာတွင် မဟာသမ္မတစသော ဘေးလောင်းတော် ဘိုးလောင်းတော် အဆက်ဆက်သော မင်းတို့ မဟာ ရာဇဋ္ဌာနီ မြို့ပြထီးနန်း တည်ထောင် စိုက်ဆောက်သည် ဆိုသည့်အရာသည် ပြည်သူတို့တာဝန် စင်စစ်မှန်သည်၊ သို့မှန်သော်လည်း ပြည်သူ သတ္တဝါ အပေါင်းတို့ကို ရွှေရင်တော်၌ဖြစ်သော သားတော်နှင့်အတူ ငါမှတ်တော်မူသည်၊ ပြည်သူတို့ ရွှေဥဿကို အနုမြူခန့်မျှ မပါစေနှင့် အင်းဝရွှေမြို့တော်ကို အသစ်တည်ရမည်မှာလည်း ရှေးမြို့ရာဟောင်းကသည် အရွှေကို ဒုတ္ထာဝတီမြစ်နားသို့ ဘွင့်၍ တည်လုပ်စေ၊ မြို့အရွှေမြောက်ထောင့် ဘုရားလှကို အတွင်းထားစေ၊ ပြင်မြို့ကြီးမှာလည်း ရှေးတည့်လုပ်သည့် ပြင်မြို့ကြီးသည် တောင်မျက်နှာ ရွှေတံခါးအနောက်တွင် ပဌမမြို့ဟောင်းနှင့်ဆက်၍ တည့်လုပ်သည်၊ အနောက်မျက်နှာကိုလည်း အနောက်မြောက်ထောင့် ဆင်ရဆိပ်

မိုးသွေးတိုက်တံခါးအရှေ့တွင် ပဌမမြို့ဟောင်းနှင့်ဆက်၍ တည်လုပ်သည်၊ သည်ကဲ့သို့ ပဌမအတွင်းမြို့ရိုးကို ပြင်မြို့ကြီး မထိမဆက်မိစေနှင့် အတွင်းပြင် လုံခြုံအောင်ကိုသာ တံခါးရွက်နှင့် ထားစေ-အမိန့်တော် ရှိပြီးလျှင် ငွေတော် ဝိဿာတသောင်း ထုတ်ပေးတော်မူ၍ ဝန်ကြီး မင်းကြီးမဟာသက်တော်ရှည်, မင်းကြီး မင်းမဟာ, မြို့ဝန် မဟာသီဟသူရ, ဝန်ထောက် မဟာစည်သူ, မဟာနန္ဒသကြီတို့ကို အပ်တော်မူ၍ ပုဏ္ဏားပုရောဟိတ် ပညာရှိ, လူပညာရှိ, သင်းမှူးဒိုင်းမှူး သွေးသောက်စု, မြင်းတော်သည်, ဗိသုကာ, လက်သမား, ကံကျွေးလူသူ အလုံးအရင်းနှင့် အင်းဝမြို့သို့သွားကြရန်။ ။အင်းဝမြို့ကို အသစ်တည်လိုသော် တဘောင်ပေါ်သည်ကား-

* အိုအေးတို့-လွှကြီးကို ဝန်တင်၊ အလျင်က နေရာဟောင်းကို-ပြောင်းကြစို့.အေးတို့။ အိမ်တန်းရှည်-မင်းနေပြည် ရွှေဝန္ဒိ-သာလှတယ်လေး။ လိုက်ပမယ်လေ-နေရစ်ပါဘူး၊ ရွှေဝ သာခေါင်ကြူး-အိုးဖောင်နှင့်ကူး-

ဟု သူငယ်တို့ တဘောင်ဆိုစကြကုန်သတည်း။

ဝန်ကြီး မင်းကြီးမဟာသက်တော်ရှည်, မင်းကြီး မင်းမဟာ, ဝန်ထောက် မဟာစည်သူ, မဟာနန္ဒသကြီ, မြို့ဝန် မဟာသီဟသူရတို့လည်း အင်းဝမြို့သို့ရောက်လျှင် သစ်တော လေးဌာနစသော သစ်ဝါးရသာယူသာသည့် ရောဝတီမြစ်ညာ မြို့ကျေးရွာဆိုသမျှမှာ အဘိုးအခ ငွေတော် ထုတ်အပ်ပြီးလျှင် စာရေးကြီး နေမျိုးသီဟရာဇာနှင့် သစ်တောဝန်, သစ်တောစာရေး, ဒိုင်းမှူးသင်းမှူး, သွေးသောက်စု, မြင်းတော်သည်တို့ကို ခန့်ထားချယူစေသည်။ အင်းဝမြို့တော် ပတ်လည်ကိုလည်း အဘိုးကံကျွေးလက်ခ ငွေတော် ထုတ်ပေး၍ အုတ်လည်း အများလုပ်စေ၏။

ထိုအခါ နွေလကို ရေစီးဆင်းမြဲမဟုတ်သော မြို့တော်အရှေ့တောင်မိုင်းပန်ချောင်းလည်း နွေလအခါကိုပင် ရေအဟုန်ပြင်းစွာ စီးဆင်း၏။ လေးထောင့်ဝဲကမ်းပြို၍ မြို့ရင်းသို့ ချဉ်းသည့်အရာလည်း တခဏခြင်း ရပ်၏၊ ကမ်းခြေဆင်း၍ သောင်ထွန်း၏၊ ဝဲလည်းအရှေ့ဆက်သို့ ကူးပြောင်း၏၊ မြို့မြောက် ရင်းရဲကျောက်ဆောင် မောင်နှမလည်းပေါ်၏၊

ဆဒ္ဒန်ဆင်မင်းသခင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရားလည်း ကြည်းတပ် ရေတပ် စစ်အင်္ဂါလေးပါး ခြံရံလျက် အရှင်မိဖုရားခေါင်ကြီးနှင့် တကွ ထွက်တော်မူ၍ ရတနာပူရ အင်းဝမြို့တော် ရွှေနန်းတော်တည်ရာ

အရပ်ဌာနများကို ကြည့်ရှုတော် မူပြီးလျှင် ဝါဆိုလဆန်း ဆယ်ရက်နေ့ အမရပုရ ရွှေနန်းတော်သို့ ဝင်တော်မူသည်။

ယင်းသို့မှ အင်းဝရွှေမြို့တော် ရွှေနန်းတော်ကို တည်လုပ်ကြရသည်ကား....သက္ကရာဇ် တထောင့်တရာ့ ရှစ်ဆဲ့သုံးခု ပဌမဝါဆိုလပြည့်ကျော် သုံးရက် တနင်္ဂနွေနေ့ သုံးချက်တီးကျော် နာရီပြည့်၊ ပါဒ်ပြည့်၊ ခြောက်ဗိဇနာ၊ ပြန်ပြည့်၊ ငါးခရာ၊ တူလက်၊ မကာရစန်း၊ ဗုဒ္ဓဟူးတြင်း၊ အင်္ဂါနဝင်း၊ လက်စီးနက္ခတ် တဆဲ့ငါးလုံးတပါဒ် ကောင်းမြတ်သော မင်္ဂလာအခါတော်တွင် အင်းဝမြို့တော် အရှေ့မြောက်ထောင့် ဘုရားလှကို မြို့တွင်းသွင်း၍ ရှေးမြို့ရာဟောင်းကသည် အရှေ့ဒုတ္ထာဝတီမြစ်နားသို့ ငါးဆဲ့လေးတာ ဖွင့်ပြီးလျှင် နွေကျော်သားတို့ကို ကြိုးရင်းကြိုးဖျာ ရွှေပန်နက်, ငွေပန်နက် စွဲကိုင်စေ၍ ရွှေပန်နက်, ငွေပန်နက် ချစေသည်။

ထိုအခါနှင့် တချိန်တခါတည်း နန်းမြို့ကိုလည်း နန်းမြို့ရာဟောင်းကသည် အရှေ့သို့ သုံးဆဲ့ငါးတာ ခြောက်တောင် ဖွင့်၍ မျောက်မျက်နှာကို တဆဲ့ခြောက်တာ ငါးတောင် ဖွင့်သည်၊ အနောက်မျက်နှာ ကိုမူကား ရှေ့သို့ ကိုးတာသွင်း၍ ရွှေပန်နက်, ငွေပန်နက် ချစေသည်။

ပဌမ ဝါဆိုလပြည့်ကျော် ခြောက်ရက် ဗုဒ္ဓဟူးနေ့ နံနက် တချက်တီးကျော် နှစ်နာရီ၊ သုံးပါဒ်၊ ကိုးဗိဇနာ၊ ငါးပြန်၊ ခြောက်ခရာ၊ ကုံစန်း၊သိဟ်လက်၊ ကြာသပတေး တြင်း၊ သောကြာနဝင်း လက်စီးနက္ခတ် ဆယ်လုံးသုံးပါဒ်တွင် ပဌမမြို့တော် အရှေ့မျက်နှာထားရင်းနှစ်တံခါးကို သုံးတံခါးထားသည်၊ အနောက်မျက်နှာထားရင်း သုံးတံခါးမှာ အလယ်တံခါးကိုသိမ်း၍ နှစ်တံခါး ထားပြီးလျှင် တောင်မျက်နှာ နှစ်တံခါး၊ မြောက်မျက်နှာ နှစ်တံခါးနှင့်သော် တံခါးကိုးရပ်ထား၍ ရွှေမြို့တော် ရွှေနန်းတော်များကို နွေကျော်သားတို့ကိုတပြိုင်နက်စ၍ ရွှေအုတ်ငွေအုတ်စီခင်းစေသည်။

ပဌမဝါဆိုလပြည့်ကျော် ဆယ်ရက် တနင်္ဂနွေနေ့ တချက်တီးကျော် နှစ်နာရီ၊ ပါဒ်ပြည့်၊ တဆဲ့တဗိဇနာ၊ လေးပြန်၊ ခရာပြည့်၊ ကုံလက်၊ မိန်စန်း၊ ဗုဒ္ဓဟူး တြင်း၊ ကြာသပတေး နဝင်း၊ လက်စီးနက္ခတ် နှစ်ဆဲ့လေးလုံး ပါဒ်ပြည့်တွင်၊ နန်းတော်သစ်ဟူ, သံ, အုတ်ကြွပ်များကို နွေကျော်သားတို့စ၍ စိတ်ခွဲချန်လုပ်စေသည်။

ဒုတိယဝါဆိုလဆန်းဆယ်ရက် ကြာသပတေးနေ့ နံနက်တချက်တီးကျော် နှစ်နာရီ၊ပါဒ်ပြည့်၊ ငါးဗိဇနာ၊ ပြန်ပြည့်၊ ခရာပြည့်၊ ကြာင်္ဂလက်၊

တူစန်း၊ တနင်းလာ တြင်း၊ ဗုဒ္ဓဟူးနဝင်း၊ လက်စီးနက္ခတ်ခုနစ်လုံးနှစ်ပါဒ်တွင် ဘုံသုံးဆင့်ရှိသော တံခါးကိုးဆောင်ကို နေ့ကျော် သားတို့ကို သစ်ရင်း, သစ်လယ်, သစ်ဖျားမစေ၍ ထူမတ်စိုက်ရပ်စေသည်။

ဒုဘိယဝါဆိုလပြည့်ကျော် လေးရက် ဗုဒ္ဓဟူးနေ့ နံနက်တချက်တီးကျော် သုံးနာရီ တပါဒ်၊ ဗီဇနာပြည့်၊ ငါးပြန်၊ ငါးခရာ၊ ကန် လက်၊ ကုံစန်း၊ စနေတြင်း၊ ကြာသပတေး နဝင်း၊လက်စီးနက္ခတ်နှစ်ဆဲသုံးလုံး ပါဒ်ပြည့်တွင် နန်းမြို့တော်တံခါးလေးရပ်ကိုနေ့ကျော်သားတို့ကိုလုပ်စေသည်။

ထိုနှစ်နေပြည်တော်မှာလည်း ဆန်တတင်းကိုအဘိုးစျေးနှုန်းနှစ်သပြာပြုသောကြောင့် ကြတော်က စပါးသုံးသောင်းကိုးထောင်ကို ထုတ်တော်မူ၍ ပြည်သူပြည်သားတို့ကို ပေးတော်မူသည်။

ဝါခေါင်လဆန်းငါးရက် သောကြာနေ့ နံနက် လေးချက်တီးကျော် ခြောက်နာရီ ပါဒ်ပြည့်၊ ငါးဗီဇနာ၊ ငါးပြန်၊ ခရာပြည့်၊ သိဟ် လက်၊ ကန် စန်း၊ ကြာသပတေး တြင်း၊ သောကြာ နဝင်း၊ လက်စီးနက္ခတ်ဆယ်လုံး သုံးပါဒ်ဘွင် ရတနာပုရ အင်းဝမြို့တော်ကျုံးနင်းကြမ်းကိုစ၍ လုပ်စေသည်။

ဝါခေါင်လပြည့်ကျော် တဆဲ့တရက် သောကြာနေ့ နံနက်လေးချက်တီးကျော်၊ နှစ်နာရီ၊ တပါဒ်၊ ရှစ်ဗီဇနာ၊ တပြန်၊ နှစ်ခရာ၊ သိဟ် လက်၊ ကြကဉ်စန်း၊ ကြာသပတေး တြင်း၊ သောကြာ နဝင်း၊ လက်စီးနက္ခတ်ဆယ်လုံးတပါဒ်တွင် မြို့တော်တံခါး ကိုးဆောင်များကို နေ့ကျော်သားတို့ကို စ၍အမှမ်းအပြောက်တင်စေသည်။ ။ထိုအခါနှင့် တချိန်တည်း မြို့တော် သူရဲခိုများကိုလည်း စ၍လုပ်စေသည်။

တော်သလင်းသဆန်းခုနစ်ရက် တနလ်ာနေ့ နံနက်လေးချက်တီးကျော်နာရီပြည့်တပါဒ်၊ တဆဲ့နှစ်ဗီဇနာ၊သုံးပြန်၊ခြောက်ခရာ၊သိဟ် လက်၊ပြွန်စန်း၊ကြာသပတေး တြင်း၊ သောကြာ နဝင်း၊ လက်စီးနက္ခတ်ဆယ်လုံးသုံးပါဒ်ဘွင်၊နန်းတော်ဆောင်ပုံများကိုနေ့ကျော်သားတို့ကိုစ၍လုပ်စေသည်။

ဘော်သလင်းလပြည့်ကျော် လေးရက်နေ့ စစ်ကိုင်း အရပ်တွင် သူဆင်းရဲတဦး အိမ်ရာဟောင်း တခုတွင် ငွေကျင်မည်မြေကိုတူးရာ ငွေအိုးကို တူးမိ၍ ရသည်ကို စစ်ကိုင်းမြို့ဝန်က သိမ်းယူ ဆက်လေလျှင် မြို့ရာဟောင်းအိမ်ရာဟောင်းဆိုသမျှမှာ အများရွှေငွေကျင်လုပ်ကြသည်၊ ရကြသည်မဟုတ် သူထိုက်၍ သူရသည် ရသူသို့ ပြန်၍အပ်ပေ-အမိန့်တော်ရှိသောကြောင့် ငွေအိုးကို ရရင်းသူသို့ ပြန်၍အပ်ရ၏။

သီတင်းကျွတ်လဆန်းတရက် ကြာသပတေးနေ့ သုံးချက်တီးကျော်နာရီပြည့်၊ ပါဒ်ပြည့်၊ ကိုးဗိဇနာ၊ နှစ်ပြန်၊ သုံးခရာ၊ မကာရ လက်၊ ကန်စန်း၊ သောကြာ တြင်း၊ သောကြာ နဝင်း၊ လက်စီးနက္ခတ်နှစ်ဆဲတလုံး နှစ်ပါဒ်တွင်၊ အထွတ်ထုပိကာနှင့် တကွ ဘုံခုနစ်ဆင့်ရှိသော မြို့တော်လေးထောင့် ပြကြိုးလေးဆောင် အထွတ်ထုပိကာနှင့်တကွ ဘုံငါးဆင့်ရှိသောမြို့တော်ပြလေးဆဲ့တဆောင်များကို နေ့ကျော်သား‌တို့ကိုသစ်ရင်း, သစ်လယ်,သစ်ဖျားမစေ၍ တပြိုင်နက် ထူမတ်စိုက်ရပ်စေသည်။

တန်ဆောင်မုန်း လဆန်းခြောက်ရက် ဗုဒ္ဓဟူးနေ့ နှစ်ချက်တီးကျော် သုံးနာရီ၊ သုံးပါဒ်၊ သုံးဗိဇနာ၊ တပြန်၊ ခြောက်ခရာ၊ ကုံ လက်၊ ဓနု စန်း၊ သောကြာ တြင်း၊ ကြာသပတေး နဝင်း၊ လက်စီးနက္ခတ် နှစ်ဆဲ့ သုံးလုံး တပါဒ်တွင် နန်းတော်အမှမ်းအပြောက်များကို နေ့ကျော်သား‌တို့ စ၍ ထုလုပ်စေသည်။

သက္ကရာဇ် (၁၁၈၃) တထောင့် တရာ့ ရှစ်ဆဲ့သုံးခု တန်ဆောင်မုန်းလပြည့်ကျော် တဆဲ့သုံးရက် ကြာသပတေးနေ့ ကောင်းမြတ်သောမင်္ဂလာအခါတော်ကြိုက်လျက် အရှင် မိဖုရားခေါင်ကြီး ဘုရား နန်းမဆောင်တော်တွင် မနောဟရီ ထီးဖြူတော်အောက်ဝယ် သမီးတော် ရတနာကို ဖွားမြင်တော်မူသည်။

နတ်တော်လဆန်းငါးရက် ကြာသပတေးနေ့ နံနက်တချက်တီးကျော် နှစ်နာရီ၊ နှစ်ပါဒ်၊ ငါးဗိဇနာ၊ နှစ်ပြန်၊ ရှစ်ခရာ၊ မကာရလက်၊ မကာရစန်း၊ သောကြာတြင်း၊ သောကြာနဝင်း၊ လက်စီးနက္ခတ် နှစ်ဆဲ့တလုံးပါဒ် ပြည့်၊ ကောင်းမြတ်သော မင်္ဂလာ အခါတော်တွင် အခမ်းအနား ကြီးကျယ်စွာ စီရင်တော်မူ၍ ပွဲသဘင်ကြီးစွာ ခံတော်မူပြီးလျှင် သမီးတော် ရတနာကို မြပုခက်တင်တော်မူသည်။

မှူးကြီးမတ်ကြီးတို့ ကတော်မယားတို့ကိုလည်း အထိမ်းအယအချီပေးတော်မူသည်။ မှူးကြီးမတ်ကြီး, မှူးလတ်မတ်လတ်တို့ သမီးတို့ကိုလည်း ကစားတော်ဘက် လက်ဖွဲ့တော်မူသည်။ ။စစ်ကိုင်းမြို့, ငစဉ့်ကူးမြို့များနှင့် ရွှေသားငွေသား, ရွှေထည်ငွေထည်,အဘိုးအတိုင်းမသိ ထိုက်သော ရတနာကိုးပါးဖြင့် စီခြယ်သော တန်ဆာတော်၊ အဘိုးအတိုင်းမသိထိုက်သော ပတ္ထမြား, စိန်,မြ,စသော ရတနာ အပေါင်းတို့ကိုလည်း လက်ဖွဲ့တော်မူသည်။ ။ထို့ပြင် ရွှေယက်-ငွေယက်၊ အထည်အလိပ်, အကပ်,

အအုပ်, ဥယျာဉ်, လယ်,ယာ, ဆင်, မြင်း, ကျွဲ,နွား, ကျေးကျွန်, သင်းစုပင်းစုတို့ကိုလည်း များစွာ လက်ဖွဲ့တော်မူ၏။

အိမ်ရှေစံတော်မူစဉ် မဟာဗောဓိပင်အကြောင်းအရာအလုံးစုံကို မဖြို့မတိုက်မှ လာရောက်ကုန်သော ပုဏ္ဏားဇော်ဂို တပသိရသွေ့တို့ ပြောဆိုလျောက်ထား ကြားသိတော်မူသောကြောင့် စင်စစ်အမှန် သိတော်မူရအောင် ပုရောဟိတ်ပုဏ္ဏား ဝါသိဋ္ဌဖြတ္တာ, ရမ္မာဝတီမြို့ဝန် ရွှေတောင်သာဂသူ, ဇေယကျော်သူ, ဇေယကျော်ထင်, ဇေယကျော်စွာတို့ကို မဖြို့မတိုက်သို့ ခန့်ထားစေလွှတ်တော်မူသည်၊ လပေါင်း နှစ်ဆဲ့တလွန့် ပြန်ရောက်၍ သွားလမ်းစဉ်နှင့်, မဟာဗောဓိမြေခုံပုံစံများနှင့်တကွ ရေးမှတ်ခဲ့၍ အတပ်ဆက်သသိတော်မူရသည့်ကာလကပင် နောက် မင်းဖြစ်တော်မူသောအခါ သဗ္ဗညုရှင်တော်ဘုရား သစ္စာလေးပါးကို သိမြင်တော်မူသည့် မဖြို့မတိုက် မဟာဗောဓိပင်ကို အထူးထူးသော အလှူတော်တို့ဖြင့် ပူဇော် တင်လှူတော်မူမည်၊ စေတနာတော် ရည်ကြို ပြဋ္ဌာန်းတော်မူရင်းအတိုင်း အထွတ်အမြတ်သို့ ရောက်တော်မူလျှင် တင်လှူတော်မူရန် လုပ်ဆောင်တော်မူစေသည့် ရွှေပန်းခိုင်-ငွေပန်းခိုင်, ပတ္တမြားပန်းခိုင်, ရွှေတန်ဆောင်-ငွေတန်ဆောင်-ပတ္တမြား တန်ဆောင်, ရွှေပေါက်ပေါက်-ငွေပေါက်ပေါက်-ပတ္တမြားပေါက်ပေါက်, ရွှေထီး-ငွေထီး-ပတ္တမြားထီး ရွှေတံခွန်-ငွေတံခွန်-ပတ္တမြားတံခွန်, ရွှေကုတ္တား-ငွေကုတ္တား - ပတ္တမြားကုတ္တား, ရွှေမုလေးပွား-ငွေမုလေးပွား-ပတ္တမြားမုလေးပွား, ရွှေမြို့တာ-ငွေမြို့တာ-ပတ္တမြားမြို့တာမှစ၍ အထူးထူးသော အလှူတော်များနှင့်မဟာဗောဓိမြေခုံတွင် စိုက်ထားခဲ့ရန် ကုသိုလ်တော်၏အဘို့ကို ဝေဌတော်မူသည့် ကျောက်အကွရာ ကျောက်တိုင်အလုပ်အဆောင် အလုံးစုံပြီးပြေလျှင် ပွဲသဘင်ကြီးစွာ ခံတော်မူ၍ မင်းညီမင်းသား မှူးတော်မတ်တော်ကတော်မယား အပေါင်းခြံရံလျက် အောင်သူတကာတို့၏ အဓိပတိဖြစ်တော်မူသော မြတ်စွာဘုရား လေးပါးသောသစ္စာတို့ကို သိတော်မူသော မဟာဗောဓိပင်ကို မတုန်မလှုပ် သက်ဝင် ကြည်ညိုခြင်း တည်းဟူသော စေတနာတော်အဟုန်ဖြင့် အဘန်တလဲလဲ ရှိသေစွာ အရှင်မိဖုရားခေါင်ကြီးနှင့် ပူဇော်တော်မူပြီးလျှင် သဂ္ဂရာဇ် (၁၁၈၃) တထောင့်တရာ့ရှစ်ဆဲ့သုံးခု နတ်ဘော်လဆန်းကိုးရက် သောကြာနေ့ ရေစက်သွန်းလှူတော်မူ၍ ပုဏ္ဏားပုရောဟိတ် မဟာရာဇိန္ဒအဂ္ဂမဟာမန္တရာဇဂုရု, မြေနန်းဝန်မဟာမင်းလွှသာဂသူ, အဆောင်တော်မြို စုရေးစုကိုင်တို့နှင့် သူရဲငါးရာ

ကျော်တို့ကို မဟာဗောဓိပင်သို့ အလှူတော်,အတင်တော် စေလွှတ်တော်မူသည်၊ သနာပတိစသော မှူးတော်မတ်တော် အပေါင်းတို့လည်း ပွဲသဘင်ကြီးစွာနှင့် ခြံရံခင်းကျင်း၍အလှူတော်ကို မြစ်ဆိပ်ရောက် ပို့ဆောင်လိုက်ကြရ၏။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းမျှားသခင်၊ ရွှေတွင်း, ငွေတွင်း, ပတ္တမြားတွင်း, ပယင်းတွင်းစသော ရတနာအပေါင်းတို့၏အရှင်၊ စတုဏ္ဍရထနာပူရ မြို့တည် နန်းတည်၊ ဆဒ္ဒန်ဆင်မင့်းသခင်၊ ဆင်ဖြူမျှားသခင် အသျှင်ဆဝရှင် မင်းတရားကြီး ဘုရားလက်ထက်တော် သက္ကရာဇ်(၁၁၉၁) တထောင့်တရာ့ကိုးဆဲ့ တခု၊နယုန်လဆန်း ထရက်နေ့ကစ၍ ရဟန်းပညာရှိ,ပုဏ္ဏား ပညာရှိ, မှူးမတ်ပညာရှိတို့နှင့်၊အထူးထူးသော ရထနာတို့ဖြင့်ဆန်းကြယ်သော မှန်နန်းတော်ဆောင်တော်ဦး နန်းမစနဋ္ဌ နှိုင်းညှိ၍ အသင့် ယုတ္တိကျမ်းဂန် အာဂုံများနှင့်အညီ သုတ်သင် စီရင်တော်မူသော ဒုတိယမဟာရာဇဝင်တော်ကြီး ပဋ္ဌမထုပ်၊ အဋ္ဌမတွဲကား ဤတွင် ပြီး၏။

ရတနာပူရ စတုဏ္ဍ မြို့တည် နန်းတည် မဟာဝိဇရံသီစေတီတော် ဒါယကာမင်းတရားကြီးလက်ထက် ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ, မှူးမတ် ပညာရှိတို့နှင့် မှန်နန်းတော်ဆောင်တော်ဦး နန်းမစနဋ္ဌ နှိုင်းညှိ၍ သုတ်သင် စီရင်တော်မူသော စာထုပ်ရေ [၅] အတွဲရေ [၃၈] ရှိသော မဟာရာဇဝင်တော်ကြီးဤတွင်ပြီး၏။

* * *

ဇောတဝန်ခေါ်-မဟာရာဇဝင်တော်ကြီး၏

ပဏာမ ပယောဇဉ် စသည်များ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

(၁) စက္ကာမိ စက္ကိန္ဒဝရော သုစက္ကဒေါ၊
စက္ကံ ပဝတ္တေတိ သုစက္ကပဝရော။
စက္ကာမိစက္ကေန နရဂ္ဂတံ ဂတော၊
စက္ကိန္ဒသီဟော သတတံဝ ပါတု နော။
၁၂-လုံးဘွဲ့ ဇဂတိဆန်း ဋ္ဌန္ဒဝံသာစက်ဂါထာ။

(၂) တဒါနုဘာဝေန မဟာဂုဏော ဘုပေါ၊
စိရာယ ဇောတေတု နိသာကရော သုဘော။
ဋမမှိ ပုညိဒ္ဓိပဘာယ ဘူဝနေ၊
ပဟာန ပစ္စတ္ထိက အန္ဓကာရကော။
၁၂-လုံးဘွဲ့ ဇဂတိဆန်း ဝံသဋ္ဌဂါထာ။

(၃) ဋန္ဒေါစ နိစ္စံ သပဇံ ဘုပံ နော၊
စက္ကန္ဓ ပါလေတု ဝဇီရ ဟတ္ထော။
ဒေဝါစ ပါလေန္တု ဇိနာတု သေဋ္ဌော၊
ဝေရေစ အဋ္ဌတ္တိကဗာဟိရေ သော။
၁၁-လုံးဘွဲ့ တုဋ္ဌဘဆန်း ဋ္ဌန္ဒဝဇိရာဂါထာ။

(၄) ပညာဝေယျတ္တိယူပေတော၊ ဝိယဝါစောစ သမ္မနော။
ခန္တိမေတ္တာဒယာယုတ္တော၊ ပတ္တိတမာမကော သုတော။
ပဏ္ဍာဝတ္တ ဂါထာ။

(၅) မဟာပုညော၀ ရာဇာယံ၊ ကဋ္ဌကဆေ၀ အာဂတေ။
သက္ကရာဇေ ဘိသမ္ဗတ္တိံ၊ ပတ္တော ဒါနေ ရတော ဝတေ။
ပဏ္ဍာဝတ္တ ဂါထာ။

(၆) တဒါ စတ္တာရိ ဝဿာနိ၊ အတိက္ကမ္မ ဝိသာခိကေ။
ဆဋ္ဌိံမဟေသိယာ သေက်၊ ပတ္တော ဟုတ္ဝာ မဟာတလေ။
ပဏ္ဍာဝတ္တ ဂါထာ။

(၇) ဇိနစက္ကဿ ဇောတေသိ၊ မဟာသောကာဒယော ယထာ။
အလင်္ဃိနောစ နိဂ္ဂယှ၊ ပဂ္ဂဟိတွာန လင်္ဃိနော။
ပထျာဝတ္တ ဂါထာ။

(၈) ရဋ္ဌေစ ဒါနသီလေသု၊ ဘာဝနာယာဘိယုဉ္ဇယော။
ပါပေဟိစ နိဝဋ္ဋေသိ၊ နိဗိရာဇာဒယော ယထာ။
ပထျာဝတ္တ ဂါထာ။

(၉) တဒါပန ဇိနစက္ကံ၊ နဘေ စန္ဒောဝ ပါကဋံ။
အလင်္ဃိနော နိလီယန္တိ၊ အရဏ္ဍဂွေဝ ကောသိယာ။
ပဌမသကာရဓိပုလာ ဂါထာ။

(၁၀) တဒါ ဘိက္ခူန သံဃာနံ၊ ထေရံ ပါမောက္ခဘာဝကေ။
ဥယျာဒိလဒ္ဓလဿန္တိံ၊ ပတိဋ္ဌပေသိ သာဓုကံ။
ပထျာဝတ္တ ဂါထာ။

(၁၁) တဒါ ကဋ္ဌကစေျ ပတ္တေ၊ မန္တလာချာစလသဿစ။
ရောဝတီတိနာမာယ၊ မာပေသိ သဓိပေ နဂံ။
ပထျာဝတ္တ ဂါထာ။

(၁၂) သုဘူမိလက္ခဏောပေတံ၊ ရတနာပုဉ္ဇ နာမကံ။
ရာဇဂွဟံဝ မန္ဒာတု၊ အတိရမ္မကိယံ သုဘံ။
ပထျာဝတ္တ ဂါထာ။

(၁၃) မာပေတွာစ ဋ္ဌမေ ဝဿေ၊ ရာဇဝံသပ္ပဒီပကော။
ပေါရာဏကေဟိ အသမ္မုဏ္ဍော၊ ယသွာ တသွာ ဇုဒါနိဝေါ။
ပထျာဝတ္တဂါထာ

(၁၄) ကရောထာတိစ အာဏတ္တာ၊ ရာဇဂုရွဟိ ဘိက္ခုဘိ။
သဒ္ဓိံမန္တိယ အန္တိကော၊ မဟောသာမစ္စပါမုခေါ။
တတိယဇကာရဓိပုလာဂါထာ။

(၁၅) ဥပရာဇ ပုရာဏန္တေ၊ လေခကောစ မဟာ တထာ။
တဒညော လေခဇေဋ္ဌောစ၊ ဇုမေဝ ကေတော မယံ။
ပထျာဝတ္တဂါထာ။

လယ်တီမင်္ဂိုလ်-၄၁

(၁၆) သံသန္ဒိတ္ထာန ရာဇူနံ၊ ဥပ္ပတ္တိဒီပကံ ဝရံ။
အနူနာမိကတော ဘူတံ၊ နာနာနယဝိပုလ္လိကံ။
ပထျာဝတ္ထာဂါထာ။

(၁၇) ယထာဒိဋ္ဌံယထာသုတံ၊ ပုနရုတ္တာဒိ ဒေါသတော။
ဝိမုတ္တကံ ဝိသုဒ္ဓန္တံ၊ ပဏ္ဍိတာနံ မနာပကံ။
ပဌမဇကာရဝိပုလာဂါထာ။

(၁၈) ပဗောဓေန္တံ ကရိဿာမ၊ ကဝိနံ ဟဒယုပ္ပလံ။
ပုဗ္ဗာစရိယသီဟာနံ၊ နယံ နိဿာယ စိတ္တကံ။
ပထျာဝတ္ထာ ဂါထာ။

(၁၉) ကာမဠာယံဂန္ဓော လောကေ၊ ရာဇတ္တထာဒိနိဿိတော။
ကမ္မဿကတာညာဏဠ၊ သုတမ္မယာဒိကံ ပန။
ပဌမတတိယမကာရဝိပုလာဂါထာ။

(၂၀) ဘဝိဿတိ တံ သုဏာတံ၊ ဒိတိပါမောဇ္ဇဘာနကံ။
ကမ္မဋ္ဌာနံဝနာမ သော၊ ခယံဂတော ဝယံဂတော။
ပဌမဘကာရ, တတိယဇကာရ ဝိပုလာဂါထာ။

(၂၁) သခ်ါရာနဠ ယောကောစိ၊ ဇကောဝိ နတ္ထိနိဠောဝ။
ဓုဝံပနုပ ဓာရေန္တော၊ မုချတောယေဝ နိဋ္ဌာနံ။
ဝတ္ထာဂါထာ။

(၂၂) တသ္မာ ဒါနိ ဘညမာနံ၊ နာနာဒေါသေဟိ မုတ္တကံ။
နာနာနယေဟိ သမ္ပဏ္ဏံ၊ အတိတ္တသဝနံ ဇမံ။
ပဌမရကာရဝိပုလာဂါထာ။

(၂၃) မဂိကုဋ္ဌလံဝ ဇဓာ၊ ဉာဏသောတေဝ သာဓုကံ။
အလက််ရောန္တ့ေ ခေမန္တံ၊ ဇဝံ ဟောဿတိ သတ္ထုကန္တိ။
ပဌမဘကာရဝိပုလာဂါထာ။

စတ္တာဓိစတ္တိန္ဒဝရော-စကြာမင်းတကာတို့ထက် မြတ်သော စကြာမင်းလည်း ဖြစ်ဖူတော်မူထသော၊ သုစတ္တဒေါ-မင်္ဂလေးတန် ဖိုလ်လေးတန်ဟူဆိုအပ်သော ကောင်းသောစကားရတနာကို ပေးတော် မူတတ်ထသော၊ သုစတ္တပဝရော-မြတ်သောစကားရတနာလည်း ရှိတော်မူထသော၊ စတ္တာဓိ

စတ္တေန-စက်ရတနာတိုထက်လွန်သော တရားစက်ရတနာဖြင့်၊ နရဂ္ဂတံ-သုံးရပ်ဘုံသူ နတ်လူအပေါင်းတို့ထက် မြတ်သည်၏အဖြစ်သို့၊ ဂတောဂ-ရောက်တော်မူပြီးထသော၊ ယော စတ္တိန္ဒသီဟော-အကြင် သဗ္ဗညုဘုရား တည်းဟူသော စကြာမင်းမြတ်သည်၊ စတ္တံ-တရားတည်းဟူသောစက်ကို၊ ပဝတ္တေတိ-လည်စေတော်မူပြီ၊ သောစတ္တိန္ဒသီဟော - ထို သဗ္ဗညုဘုရား တည်းဟူသော စကြာမင်းမြတ်သည်၊ နော-ငါတို့ကို၊ သတတံဝ-အမြဲသာလျှင်၊ ပါတု-ကောင်းစွာစောင့်ရှောက် နိစ္စ-မတော်မူစေသတည်း။

တဒါနုဘာဝေန-ထိုသဗ္ဗညုဘုရား တည်းဟူသော စကြာမင်းမြတ်၏ အာနုဘော်ကြောင့်၊ မဟာဂုဏော - ကြီးမြတ်သော ဂုဏ်ကျေးဇူးလည်း ရှိတော်မူထသော၊ ဘုပေါ-ရေမြေကိုအစိုးရတော်မူထသော၊ သုဘော-ညစ်ကြေးမတင် သန့်ရှင်းစင်ကြယ်သဖြင့် ကောင်းမြတ်သော၊ နိသာက ရော-ဗလစကြာမင်း ဖြစ်သော ငါတို့ မင်းခေါင်မင်းဖျား မင်းတရားကြီးဟုဆိုအပ်သော လမင်းသည်၊ ပဟာနပစ္စတ္ထိက အန္ဓကာရကော-ပယ်အပ်ပြီးသော ဘေးရန် တည်းဟူသော အမိုက်တိုက်ရှိသည်ဖြစ်၍၊ ဇုမမ္ပိ ဘူဝနေ-ဤတိုင်းမြေအပြင်၌၊ ပုညိဒ္ဓိပဘာယ-ဘုန်းတော် တန်းခိုးတော် အရောင်ဖြင့်၊ စိရာယ-သက်တော် ရာကျော်ပတ်လုံး၊ ဇောတေတု-ထွန်းတောက်ပစေသတည်း။

ဝဇိရဟတ္ထော-လက်၌ ကိုင်စွဲအပ်သော ဝဇိရစိန်လက်နက် ရှိသော၊ ဇုန္ဒောစ-သိကြားမင်းသည်လည်း၊ နော-ငါတို့၏၊ သပဇံ-တိုင်းနိုင်ငံသူနှင့်တကွသော၊ ဘုပံ-မင်းခေါင်မင်းဖျား မင်းတရားကြီးကိုဂုဏ်း၊ စတ္တာန္ဟ-သာသနာတော်မြတ်ကိုဂုဏ်း၊ နိစ္စံ-အမြဲ၊ ပါလေတု-စောင့်ရှောက် နိစ္စ မပါစေသတည်း၊ဒေဝါစ-သမ္မာဒေဝလောကပါလာနတ်တို့သည်လည်း၊ ပါလေန္တု-စောင့်ရှောက်နိစ္စ မပါစေကုန်သတည်း၊ သေဋ္ဌော-အသင်္ခ်ိန္နခတ္တိယမင်းမျိုးဖြစ်၍ မြတ်တော်မူသော၊ သော-ထိုငါတို့ရေမြေရှင် မင်းခေါင်မင်းဖျား မင်းတရားကြီးသည်၊အဇ္ဈတ္တိကဗာဟိရေ-ကိုယ်တွင်းကိုယ်ပ၌ ဖြစ်ကုန်သော၊ ဝေရေစ-ဘေးဥပဒ် ကြမ္မာ များစွာသောအန္တရာယ် ခပင်းတို့ကိုလည်း၊ ဒိနာတု-အောင်မြင်တော်မူပါစေသတည်း။

ပညာဝေယျတ္တိယူပေတော-ပညာ စွမ်းပကားနှင့်လည်း ပြည့်စုံတော်မူသော၊ ဝိယဝါစေၖစ-ချစ်နှစ်သက်ဘွယ်သောစကားကိုလည်းဆိုတော်မူတတ်ထသော၊ သမ္မနော-ကောင်းမြတ်သော ရွှေနှလုံး တော်လည်းရှိတော်မူထသော၊ ခန္တီ မေတ္တာ ဒယာယုတ္တော-ခန္တီ မေတ္တာ ကရုဏာနှင့်

လည်း ယှဉ်ထသော၊ ပဏ္ဍိတမာမကော-ပညာရှိ သုခမိန်တို့ကို နှစ်သက် အင်ရှဲခြင်းရှိတော်မူထသော၊ သုတော-အကြားအမြင်ရှိတော်မူထသော။ မဟာ ပုညော၀ – မြတ်သော ဘုန်းရှိတော် မူသည်သာလျှင် ဖြစ်သော၊ အယံရာဇာ-ဤငါတို့ မင်းခေါင် မင်းဖျား မင်းတရားကြီး သည်၊ သက္ကရာဇ-ကောဇာသက္ကရာဇ်သည်၊ ကဠကဃော-၁၂၁၄ ခုသို့၊ အာဂတော-ရောက်လတ်သော်၊ အဘိသမ္ဗတ္တိ-မင်းအဖြစ်ဟု ဆိုအပ်သော အထွတ် အမြတ်သို့၊ ပတ္တာ-ရောက်တော်မူ၍၊ ဒါနေ-အလှူပေးခြင်း၌၎င်း၊ပတေ-မင်းတို့၏ ဘွယ်ရာဖြစ်သောရာဇဓမ္မ၌၎င်း၊ ရတော-မွေ့လျော်သော ရွှေနှလုံးတော်ရှိ၏။

သောရာဇာ-ထိုငါတို့မင်းခေါင်မင်းဖျား မင်းတရားကြီးသည်၊ တဒါ-ထိုအခါ၌၊ စတ္တာရိ၀ဿာနိ-လေးနှစ် တို့ကို၊ အတိက္ကမ္မ-လွန်မြောက်၍၊ ဝိသာခိကေ-ကဆုန်မာသ ခါသမယ၌၊ မဟေသိယာ-တောင်နန်းဒေဝီ မဟေသီ မိဖုရားခေါင်းကြီးနှင့်၊ သဒ္ဓိ-တကွ၊ သေက်-ရှေးဘေးလောင်း တော်သိရိမဒ္ဓာသောကမင်း ဒေ၀ါနံ၀ိယတိဿမင်းတို့ကဲ့သို့မုဒ္ဓါဘိသိက် ကိုခံတော်မူခြင်းသို့၊မဟာတလေ-ရေသဖန်းပြင်၌၊ ပတ္ထော-ရောက်တော် မူသည်၊ ဟုတ္တာ-ဖြစ်၍။

မဟာသောကာဒယောယထာ-ဘေးလောင်းတော် မဟာအသောက အစရှိသော မင်းတို့ကဲ့သို့၊ အလင်္ကိနောစ-အလင်္ကိပုဂ္ဂိုလ်တို့ကိုလည်း၊ နိဂ္ဂ ယှ-နှိပ်နင်းတော်မူ၍၊ လင်္ကိနော စ-လင်္ကိပုဂ္ဂိုလ်တို့ကိုလည်း၊ ပဂ္ဂဟိတ္ဝာန-ချီးမြှောက် ထောက်ပံ့တော်မူ၍၊ ဇိနစက္ကာ-သဗ္ဗညုဘုရားသာသနာတော် မြတ်ကိုလည်း၊ ဇောတေသိ-ထွန်းတောက်ပစေဖြီ။

နိမိရာဇာဒယောယထာ-နေမိမင်းအစရှိသော မင်းကောင်း မင်းမြတ် တို့ကဲ့သို့၊ ရဋ္ဌေစ-တိုင်းနိုင်ငံသူလူအပေါင်းတို့ကိုလည်း၊ ဒါနသီလေသုစ-ဒါနသီလတို့၌၎င်း၊ ဘာ၀နာယစ-ဘာ၀နာ၌၎င်း၊ အဘိယုဉ္ဇယော-ယှဉ် စေတော်မူ၏၊ ပါပေဟိစ-မကောင်းမှု အကုသိုလ်ဒုစရိုက်တို့မှလည်း၊ နိ ၀ဒ္ဓေသိ-ကြဉ်ရှောင်စေတော်မူ၏။

ပန-ဆိုရန်စကားကြွင်းသေး၏၊ တဒါ-ထိုအခါ၌၊ ဇိနစက္ကံ-သဗ္ဗညု ဘုရား သာသနာတော်သည်၊ နဘေ-အဇ္ဈာကာသ ကောင်းကင်၀ယ်၊ စန္ဒေ၀-လမင်းကဲ့သို့၊ပါကဋံ-ထင်ရှားစွာ၏၊အလင်္ကိနော-အလင်္ကိပုဂ္ဂိုလ် တို့သည်၊ အရဏာဂ္ဂေ-နေအရုဏ်တက်သည်ရှိသော်၊ ၀ါ-နေအရုဏ် တက်

သောအခါ၌၊ ကောသိယာဇ္ဈဝ-ခင်ပုပ်ငှက်တို့ ကဲ့သို့၊ နိလီယန္တိ-ပုန်းအောင်းတိုးလျှိုးကြကုန်၏။

တဒါ-ထိုအခါ၌၊ ဘိက္ခူနံသံဃာနံ-ရဟန်းသံဃာတို့၏၊ ဝါ-ရဟန်းသံဃာတို့ထွင်၊ ဥယျာဒိလဒ္ဓလဉ္ဆနံ-ရအပ်သောဥယျာဉ်မွာဘိမုခိဝရဉာဏကိတ္တိသိရိဓဇမဟာသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော၊ ထေရံ-မထေရမြတ်ကို၊ ပါမောက္ခ ဘာဝကေ-အကြီးအမှူး ဦးကိုင်တမ္ဘတ်ဖြင့် မြတ်သော သံဃ်ရာဇ်အဖြစ်၌၊သာဓုကံ-ကောင်းစွာ၊ ပတိဋ္ဌပေသိ-တင်ထားတော်မူပြီ။

တဒါ-ထိုအခါ၌၊ ကဋ္ဌကဈေ-ဝ ၂၁၉ ခုသည်၊ ပတ္တေ-ရောက်လတ်သည်ရှိသော်၊ မန္တလာချာစလသဆစ-မန္တလေးဟူ၍ လူဗိုလ်အများ ကြားသိမှတ်အပ်သော တောင်မြတ်၏ဂုဏ်း၊ ဇရောဝတိတိနာမာယ-ဇရောဝတီဟူလူတို့သိမှတ်အပ်သောမြစ်၏ဂုဏ်း၊ သမိပေ-အနီး၌၊ သုဘူမိလက္ခဏောပေတံ-ကောင်းမြတ်သောမြေကြွန်လက္ခဏာနှင့် ပြည့်စုံထသော၊ အတိရမ္မကိယံ-အလွန်မွေ့လျော်ဘွယ်လည်းရှိထသော၊ သုဘံ-မြင်းမိုရ်တောင်ထက်၊ ပြောင်ပြောင်လက်သော မသက္ကသာရ နတ်မြို့ နတ်နန်းကဲ့သို့ အဆန်းတကြယ် တင့်တယ် လျောက်ပတ်ထသော၊ ရတာပုဉ္ဇနာမကံ-ရတနာပုံအမည်ရှိသော၊ နဂံ-ရွှေပြည်တော်ကြီးကို၊ မန္ဓာတု-လောကိအဘိသေကသိဟပုရာဏ် သင်္ကရိုင့် ကျမ်းဆရာတို့ အလိုအားဖြင့် အသံဟတဿမင်း၏သား, သာသနာတော်ကျမ်းအလိုအားဖြင့် ကပ်ဦး မဟာသမ္မတမင်းမှ ငါးဆက်မြောက် ဝရကလျာဏမင်း၏သား မန္ဓာတ်မင်းသည်၊ ရာဇဂဟံ-ရာဇဂြိုဟ်ပြည်ကြီးကို၊ မာပေသိဇ္ဈဝ-ဘန်ဆင်း တည်ထောင်ဘိသကဲ့သို့၊ မာပေသိ-တည်ထောင်ဘန်ဆင်းတော်မူပြီ။

မာပေတ္ဝာစ-တည်ထောင်ဘန်ဆင်းပြီး၍လည်း၊ အဋ္ဌမေ-ရှစ်ခုမြောံသော၊ ဝဿေ-နှစ်၌၊ ပေါရာဏကော-ရှေး၌ဖြစ်သော၊ ရာဇဝံသပွဒီပကော-မင်းတို့၏ အဆက်အနွယ်ကိုပြရာ ရာဇဝင်ကျမ်းသည်၊ ယသ္မာ-အကြောင်းကြောင့်၊ အသမ္ဘုဏ္ဏော-ငါတို့ မင်းခေါင်မင်းဖျား မင်းတရားတိုင်အောင် မရောက်သေးသည်ဖြစ်၍ မပြည့်မစုံရှိသည်၊ ဟောတိ-ဖြစ်၏၊ တသ္မာ-ထိုကြောင့်၊ ဇုဒါနိ-ယခုအခါ၌၊ရာဇာ-ငါတို့ မင်းခေါင်မင်းဖျား မင်းတရားကြီးသည်၊ ဝေါ-သင်တို့သည်၊ ကရောထ-နောက်အသစ် ဆက်လက်၍ ရေးသားစီရင်ကြကုန်လော့၊ ဇုတိစ-ဤသို့လျှင်၊ အာဏတ္တာ-စေခိုင်း ဆော်ဘန်အပ်ကုန်သည် ဖြစ်၍၊ ရာဇဂုရုဟိ-တောင်ဆောင်တော်

မိဖုရားဆရာ-ဇာဂရာဘိဓဇသိရိ ပဝရာလင်္ကာရမဟာဒေဝရာဇာဓိရာဇဂုရု၊ မောင်းထောင်ဆရာ-ပညာသာမိသိရိကဝိဓဇ မဟာဓမ္မရာဇာမိ ရာဇဂုရု၊ ပုခန်းကြီးဆရာ-နန္ဒသာရသိရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်တော်ရ ဆရာဖြစ်ကုန်သော၊ ဘိက္ခုဘိ-ရဟန်းတို့နှင့်၊သဒ္ဒိ-တက္ခ၊ မန္တိယ-တိုင်ပင် မေးမြန်းစုံစမ်းလျှောက်ထား၍၊ အန္တိကော-ကန့်အတွင်းဝန်မင်းကြီးမဟာ မင်းခေါင်သခ်ယာဇင်း၊ မဟေသာမစ္စပါမုခေါ-အရှင်နန်းမတော်ဘုရား ဝန် မိုင်းခိုင်းမြို့စား ဝိဋကတ်တော်အုပ် မဟာသိရိဇေယသူဇင်း၊ ဥပရာဇ ပုရာဏန္တော-အိမ်ရှေ့ အတွင်းဝန်ဟောင်း မဟာမင်းလှ သခ်ယာဇင်း၊ တထာ-ထိုမှတပါး၊ မဟာ လေခကောစ-စာရေးကြီး မင်းလှဇေယသူ ဇင်း၊ တဒညော-ထိုဇဟုသုတပညာရှိသော မှူးတော် မတ်တော်လေး ယောက်တို့မှတပါးသော၊ လေခဇေဋ္ဌောစ-စာရေးတော်ခေါင်း နေမျိုး စည်သူရာဇာဇဇင်း၊ ဇုတိ-ဤသို့၊ ဇုမေဝမယံ-ဤအကျွန်ုပ်တို့သည်၊ ဇကတော-တပေါင်းတည်း၊ သံသန္ဒိတ္ဝာန-နီးနှောပေါင်းစု၍၊ ရာဇုနံ-မင်းတို့၏၊ ဥပ္ပတ္တိဒီပကံ-အဆက်အနွယ် အခြင်းအရာစကားများကို ပြကြောင်း ဖြစ်သော၊ အနုနာမိကတော-မယုတ်မလွန် မဝိမယိုသောအားဖြင့်၊ ဝရံ-ကောင်းမြတ်သော၊ဘူတံ-ဟုတ်မှန်တိုင်းသော၊နာနာနယဝိပုလ္လိကံ-အထူး ထူးသောနည်းတို့ဖြင့် ပြန့်ပြောသော၊ ယထာဒိဋ္ဌံ-မြင်ရသည့် အတိုင်း၊ ယထာသုတံ-ကြားရသည့်အတိုင်း၊ ပုနရုတ္တာဒိဒေါသတော၊ ရှေးကဆိုခဲ့ ပြီးသောစကားကို နောက်တဖန်ဆိုမိခြင်း ပုနရုတ္တိအစရှိသော ဒေါသမှ၊ ဝိမုတ္တကံ-လွတ်ကင်းသော၊ ဝိသုဒ္ဓနံ-အထူးသဖြင့်စင်ကြယ်သော၊ ပကိဏ္ဏ တာနံ-ပညာရှိသူလူအပေါင်းတို့၏၊မနာပကံ-နှလုံးကိုပွားစေတတ်သော၊ ကဝိနံ-နှစ်သက်သောစကားကိုဆိုတတ်သော ပညာရှိတို့၏၊ ဟဒယပွလံ-နှလုံးတည်းဟူသောကြာကို၊ ပဓောဓေနံ-နှစ်သက်စေသဖြင့် ပွင့်စေတတ် သော၊ စိတ္တကံ-အထူးထူးသောဝေဝုစ်ပရိယာယ်စကားလှယ်တို့ဖြင့် ပြွမ်း လျက် ဆန်းကြယ်လှစွာသော ရာဇဝင်စကားအစဉ်ကို၊ ပုဗ္ဗာစရိယသီဟာ နံ-ရှေးဆရာမြတ်တို့၏၊ နယံ-နည်းကို၊ နိဿာယ-အမှီသဟဲ တံကဲမှု၍၊ ကရိဿာမ-ပြုကြကုန်အံ့။

အယံဂန္ထော-ဤရာဇဝင်ကျမ်းသည်၊ လောကေ-ဤလူ့ရွာ၌၊ ရာဇာ ထာဒိနိဿိတော-ရာဇကထာ,စောရကထာစသော တိရစ္ဆာနကထာကို မှီသည်၊ ကာမဆွေဟောတိ-အကယ်၍ကားဖြစ်၏ရှင့်၊ ပနတထာဝိ-ထိုသို့ ပင်ဖြစ်သော်လည်း၊ ကမ္မဿကတာညာဏဆွေ-ကံသာလျှင် မိမိဥစ္စာရှိ၏ဟူ

၍ သိမြင်အောက်မေ့တတ်သော ကမ္မဿကတာညာဏ်သည်ရင်း၊ သုတမ္မ
ယာဒိကံ-အကြားအမြင်ဟူသော သုတမယစသောညာဏ်သည်ရင်း၊တံ-ထို
ရာဇဝင်ကျမ်းကို၊ သုဏတံသုဏန္တောနံ - ကြားနာရကုန်သော ပညာရှိတို့
အား၊ ဘဝိဿတိ-ဖြစ်ပါလိမ့်သတည်း၊ သော-ထိုရာဇဝင်ကျမ်းသည်၊ဝိတိ
ပါမောဇ္ဇဇနကံ-ဝိတိပါမောဇ္ဇကို ဖြစ်စေတတ်သော၊ ကမ္မဋ္ဌာနံဝနာမ-
ကမ္မဋ္ဌာန်းမည်သည်သင်လျင်၊ ဟောတိ-ဖြစ်၏၊ ခယံဂတော-နာမပညတ်
မျှသာ ကြွင်းရစ်သည်ဖြစ်၍ မဟာသမ္မတစသော မင်းတို့သည် ကုန်ခန်း
ခြင်းသို့ရောက်လေပြီ၊ ဝယံဂတော-ပျက်စီးခြင်းသို့ ရောက်လေပြီ။

သခ်ရာနဏ္ဍ-သခ်ါရ တရားတို့၏လည်း၊ ဝါ-သခ်ါရ တရားတို့တွင်
လည်း၊ ယောကောစိ-တစုံတခုသော၊ နိဗ္ဗောဝ-မြဲသည်သာလျင် ဖြစ်
သော၊ ကောဝိမမ္ဗော-တခုသောတရားသည်မျှလည်း၊ နတ္ထိ-မရှိ၊ ပန-
ထိုသခ်ါရ တရားတို့၏လည်း၊ ဓုဝံ-မြဲသောတရားကို၊ ဥပဓာရေန္တော-
စူးစမ်းဆင်ခြင်သည်ရှိသော်၊ နိဗ္ဗာနံယေဝ-နိဗ္ဗာန်ဟူသော နိရောဓသစ္စာ
သည်သာလျင်၊ မုချတော-တကယ်အဟုတ်အားဖြင့်၊ ဓုဝံ-မြဲ၏။

တသ္မာ-ထို့ကြောင့်၊ ဒါနိ-ယခုအခါ၌၊ဘညမာနံ-ပြဆို မိန့်မြွက်လတ္တံ့
သော၊ နာနာဒေါသေဟိ-အထူးထူးသော အလင်္ကာရ ဒေါသအပြစ်တို့
မှ၊ မုတ္တကံ-လွတ်သော၊ နာနာနယေဟိ-အထူးထူးသော နည်းတို့ဖြင့်၊
သမ္မုဏ္ဏံ-ထက်ဝန်းကျင်မှလည်း ပြည့်စုံထသော၊ အတိတ္တသဝနံ-နာ၍
လည်း မရောင့်ရဲနိုင်ထသော၊ ဝါ-ပဏ္ဍိတဓနဇနတ်၏ စောင်းမြတ်ပမာ
နာ၍လည်းမငြီးနိုင်ထသော၊ ဇုမံ-ဤရာဇဝင် ကျမ်းသစ်ကို၊ မဏိကုဏ္ဍ
လံဝ-နဝရတ်ကိုးဖြာခြယ်စီမြှောသောရတနာပတ္တမြားနားခွောင်းကိုကဲ့သို့၊
ဗုဓာ-ပညာရှိ သုခမိန်တို့သည်၊ ဉာဏသောတေဝ-ဉာဏ် တည်းဟူသော
နားဌသာလျင်၊ သာဓုကံ-ကောင်းမွန်စွာ၊ အလင်္ကာရောန္တု-တန်ဆာဆင်
စေကုန်သတည်း၊ ဧဝံ-ဤသို့ဆိုခဲ့ပြီးသောအတိုင်း မှတ်သား နာခံသည်ရှိ
သော်၊ ခေမန္တံ-နိဗ္ဗာန်ဆုံးအောင်၊ ဝါ-နိဗ္ဗာန်သို့ရောက်သည်တိုင်အောင်၊
သတ္ထကံ-အကျိုးရှိသည်၊ ဟောဿတိ-ဖြစ်ပါလိမ့်သတည်း၊ ဇုတိ-ဤသည်
ကား ပဏာမ,ပဋိညာဉ်,ဥယျောဇဉ် စကားအစုတည်း။

ထိုပဏာမ, ပဋိညာဉ်,ဥယျောဇဉ်စကားအစုကို ပြရာဂါထာအပေါင်း
တို့တွင် စတ္တာမိစတ္တိန္ဒဝရော-စသော ၁၂ လုံးဖွဲ့ ဇဂတိဆန်း ဇုန္ဒဝံ
သာဂါထာဖြင့် ဤရာဇဝင်ကျမ်းသစ်ကို အားထုတ်လတ္တံ့သော ပညာရှိ
တို့အား အန္တရာယဝိသောသန, ပကရဏာဘိနိပ္ဖာဒနအကျိုး နှစ်ပါးကို

ခေတ္တ,အဇ္ဈာသယဟူသော အင်္ဂါနှစ်ပါးနှင့် ပြည့်စုံ၍ ပြီးစီးအောင်မြင်ခြင်း အကျိုးငှာ ပဏာမ ပုဗ္ဗက ဂန္ဆာရမ္ဘ, ထောမနာပုဗ္ဗက ဂန္ဆာရမ္ဘ, အာသီသပုဗ္ဗကဂန္ဆာရမ္ဘ သုံးပါးတို့တွင် အာသီသ ရှေးရှိသော ဂန္ဆာရမ္ဘကို မဆွလက်မွန် ပြဆိုသတည်း။

ယင်းသို့ပြဆိုရာဝယ်သည်း ခပ်သိမ်းသော ကျမ်းပြုဆရာတို့သည် မိမိပြုစိရင်အပ်လတ္တံ့သောကျမ်းအား လျော်စွာ ရတနာသုံးပါးကိုညွတ်တွား ကော်ရော်ချီငေါ်ထောမနာကြစမြဲ ထုံးစံကို အနှုန်းခံ၍ ဤအရာ၌လည်း ဘေးလောင်းတော် ဘိုးလောင်းတော် အဆက်ဆက် ရာဇဝင်ကို ပြဆိုလတ္တံ့သည်ဖြစ်၍ ရာဇဝင်ကျမ်း အား လျော်စွာ မြတ်စွာဘုရားသခင်ကို လေးကျွန်းသနင်း စကြာမင်းနှင့် ပုံခင်းနှိုင်းခိုင်း၍ ထောမနာဘိသတည်း။

တဒါနု ဘာဝေန မဟာဂုဏော - စသော ၁၂-လုံးဘွဲ့ ဇဂတိဆန်း ဝံသဋ္ဌဂါထာ၊ ဣန္ဒေ္ဒာစ နိစ္စံသပဇံ ဘုပံ နော-စသော ၁၁-လုံးဘွဲ့ တုဋ္ဌ၊ ဘဆန်း ဣန္ဒဝဇိရာဂါထာတို့ဖြင့် စက္ကာမိစက္ကိန္ဒဝရော-စသော ထောမနာစကားတို့ဖြင့် ချီးကျူးကော်ရော်ပူဇော်အပ်သော သဗ္ဗညုဘုရားတည်း ဟူသော စကြာမင်း၏ တန်းခိုးတော်ကြောင့် ငါတို့မင်းခေါင်မင်းဖျား မင်းတရားကြီးအား ဘုန်းတော်ကြီး၍ သက်တော် ရှည်ခြင်း ကောမုဒိကာသရဒအခါ ဆီးနှင်း-တိမ်-မြူ-အသူရိန်-မီးခိုး ဟူသော ညစ်ညူးကြောင်း ဘေးရန်တို့မှ ကင်းဝေးလွတ်စင်လျက် အင္ဂဒါကာသ ကောင်းကင်ဝန်ဥဒည်းတောင်စွန်းမှ တောက်ထွန်းပဝင်းသော လမင်း၏ အသရေကဲ့သို့ ခပ်သိမ်းသောဘေးဒဏ် ရန်မာန် အပေါင်း တည်းဟူသော အမိုက်မှောင်ကို ရာထောင်မကသော ဘုန်းတော် အာဏာတော် ဟူသော ရောင်ခြည်ခပင်းတို့ဖြင့် စင်ကင်း လွင့်ကွာစေလျက် သာသနာတော်၏ အကျိုးစီးပွား,တိုင်းသားပြည်သူ ရှင် လူ သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွား, သားတော် မြေးတော် ဆွေတော် မျိုးတော်တို့၏အကျိုးစီးပွားကို ရွက်ဆောင်နိုင်ခြင်းစသော ဂုဏ် ကျေးဇူး အပေါင်းတို့နှင့် ပြည့်စုံစိမ့်သောငှာ ဝဇိရာဝုဓအမည်ရသော သိကြားမင်း, စတုလောကပါလာသမ္မာဒေဝ သာသနာတော်စောင့် နတ်တို့သည် မပြတ်ကြည့်ရှုကြသဖြင့် ငါတို့ မင်းခေါင်မင်းဖျား မင်းတရားကြီးအား တက်သစ်စ နေလုလင်ဆန်းသစ်စလကဲ့သို့ တနေ့တပါး တိုးပွား ကြီးရင့်သော ဂုဏ်ကျေးဇူးအပေါင်းတို့နှင့် ပြည့်စုံစိမ့်သောငှာ အာသီသပြုလို၍ ပြဆိုသတည်း။

ပညာဝေယျတို့ယူပေတော-စသော ၅စ်လုံးဖွဲ့ ပထျာဝတ္ထုဂါထာဖြင့် ငါတို့ မင်းခေါင်မင်းဖျား မင်းတရားကြီး၏ ထူးကဲလွန်မြတ်သော ဂုဏ်တော် ကျေးဇူးတော်ကို ချီးမွမ်းအံ့ဩ ထောမနာ အပ်သတည်း။ ။ ထိုဂါထာပါဠိအပေါင်းတို့တွင် ပညာဝေယျတို့ ယူပေတော-ဟူသော ပါဠိဖြင့် အာဒါသမုခ မင်းတို့ကဲ့သို့ ဆန်းကြယ်သော ပညာဉာဏ်အထူး ရှိသည်၏အဖြစ်ကိုပြ၏။

ဝိယဝါစောစသမွနော-ဟူသောပါဠိဖြင့်နေမိမင်း,သာမိနမင်းစသော မင်းကောင်းမင်းမြတ်တို့ကဲ့သို့ အမောင် ဦးရီးစသဖြင့် ချစ်ဘွယ်သော စကားကို ဆိုခြင်း,ကောင်းသောနှလုံးရှိခြင်းဟူသော ဂုဏ်ထူးကို ပြ၏။

ခန္တီ မေတ္တာ ဒယာယုတ္တော - ဟူသော ပါဠိဖြင့် သီလဝ စသော မင်းကောင်း မင်းမြတ်တို့ကဲ့သို့ သည်းခံခြင်း-ခန္တီ,ချစ်ခြင်း-မေတ္တာ,သနားခြင်း-ကရဏာနှင့်ယှဉ်သည်၏အဖြစ်ကိုပြ၏။

ပဏ္ဍိကမာမကောသုတော-ဟူသောပါဠိဖြင့်မဟာဇနကစသော မင်းကောင်းမင်းမြတ်တို့ကဲ့သို့ ပညာရှိတို့ကို မြတ်နိုးခြင်း, အကြားအမြင်နှင့် ပြည့်စုံခြင်းကိုပြ၏။

မဟာပုညော၀ ရာဇာယံ-စသောလေးဂါထာကိုဖြင့် ငါတို့မင်းခေါင်မင်းဖျားမင်းတရားကြီး၏ အထွတ်အမြတ်သို့ ရောက်တော်မူသော အခါ, မုဒ္ဓါဘိသိက်ကို ခံယူတော်မူသော အခါ, မုဒ္ဓါဘိသိက်ကို ခံယူတော်မူသောအခြင်းအရာ, ထိုကာလ သာသနာတော် ထွန်းတောက်ပသော အခြင်းအရာများကိုပြ၏။ ။ထိုဂါထာတို့တွင် ကဋ္ဌကဃော၀ အာဂတေ သက္ကရာဇေ-ဟူသော ပါဠိဖြင့် အထွတ်အမြတ်သို့ ရောက်တော်မူသော အခါကိုပြ၏။

တဒါစတ္တာရိ၀ဿာနိ အတိက္ကမိတ္ထာ-ဟူသောပါဠိဖြင့် ပါဠလိပုတ်ပြည် ဘေးလောင်းတော် သီရိမဓွာသောကမင်းသည် အထွတ်အမြတ်သို့ ရောက်တော်မူသည်မှ လေးနှစ်မြောက်၌ မုဒ္ဓါဘိသိက်ကို ခံတော်မူသော ထုံးစံနှင့်အညီ အထွတ်အမြတ်သို့ ရောက်တော်မူ၍ လေးနှစ်မြောက်၌ မုဒ္ဓါဘိသိက်ကို ခံယူတော်မူခြင်း၊ သီဟိုဠ်ကျွန်း ဘေးလောင်းတော် ဒေ၀ါနံပိယတိဿ မင်းသည် အဆွေတော် သီရိဓမ္မာသောက မင်းကသလိုက်သော အဘိသိက်တော် မင်းခန်း မင်းနားများနှင့် ကဆုန်လ၌

ဝိသာခါနက္ခတ် ကြိုက်စေလျက် မုဒ္ဓါဘိသိက်ကို ခံယူသောထုံးစံနှင့်အညီ ကဆုန်လ ဝိသာခါနက္ခတ် ယှဉ်စေလျက် မုဒ္ဓါဘိသိက်ခံယူတော်မူခြင်းကို ပြ၏။

သဒ္ဓိမဟေသိယာ-ဟူသောပါဠိဖြင့် သုရစိဇာတ်၌ သုမေဓာဓိဖုရားနှင့်တကွ သုရစိမင်း အဘိသိက်ခံသည်ကိုဎင်း, ဥဒယဘဒ္ဒဇာတ်၌ ဥဒယဘဒ္ဒါဓိဖုရားနှင့်တကွ ဥဒယဘဒ္ဒမင်း အဘိသိက်ခံသည်ကိုဎင်း, သမ္ဘုလဇာတ်၌ သမ္ဘုလာဓိဖုရားနှင့်တကွ သောတ္ထိသေနမင်း အဘိသိက်ခံသည်ကိုဎင်း, သီရိမာယာဝတ္ထု၌ ကဏ္ဍာစိန်မိဖုရားနှင့်တကွ ဇာလိမင်း အဘိသိက် ခံသည်ကိုဎင်း, ရာမပဏ္ဍိတဇာတ်၌သီတာဓိဖုရားနှင့်တကွ ရာမမင်း အဘိသိက်ခံသည်ကိုဎင်း၊ အန္နန်းထား၍သဒ္ဓါ,သီလ, သုတ,စာဂ,ပညာ, ဟိရီ, ဩတ္တပ္ပ-တည်းဟူသော သာဓုဇနရတနာခုနစ်ပါးနှင့် ပြည့်စုံသောဓိဖုရားခေါင်ကြီးနှင့်တကွ မုဒ္ဓါဘိသိက်ခံယူတော်မူကြောင်းကိုပြဆိုသည်။

မဟာတလေ-ဟူသောပါဠိဖြင့် ဝမုကိသူကရဇာတ်၌ ပမုကိသူကရဝက်မင်းသည် ရေသဖန်းပြင်၌ အဘိသိက်ခံယူသောထုံးစံကို အသင့်မူ၍ ရေသဖန်းပြင်ထက် အဘိသိက်ခံယူတော်မူကြောင်းကို ပြ၏။

ဇိနစက္ကာဇ္ဇဇောတေသိ-စသော ဂါထာဖြင့် ဘေးလောင်းတော် သီရိမဖွားသောကမင်းတို့ကဲ့သို့ အလင်္ကိုပုဂ္ဂိုလ်တို့ကို နှိပ်နင်းခြင်း, လင်္ကိုပုဂ္ဂိုလ်တို့ကို ချီးမြှောက်ခြင်းတို့ဖြင့် မြတ်စွာဘုရားသခင်၏ သာသနာတော်မြတ်ကို ချီးမြှောက်တော်မူသည်ကို ပြ၏။

ရဋ္ဌေစဒါနသီလေသု-စသောဂါထာဖြင့်နေမိမင်းစသောမင်းကောင်းမင်းမြတ်တို့ကဲ့သို့တိုင်းကားပြည်သူ ရှင်လူအပေါင်းတို့အား မကောင်းမှုမှကြဉ်ရှောင်စေခြင်း, ကောင်းမှုဌာ မွေ့လျော်စေခြင်း-ကရဏာ သဘောဓိတမာနသဂုဏ်ထူးကိုပြ၏။

"တဒါပန ဇိနစက္ကံ၊ နဘေစန္ဒောဝပါကဋံ" စသောဂါထာဖြင့် ငါတို့မင်းခေါင်မင်းဖျား မင်းတရားကြီးသည် အထွတ်အမြတ်သို့ ရောက်တော်မူလျှင် ချီးမြှောက်သင့်ချီးမြှောက်ထိုက်သော လင်္ကိုပုဂ္ဂိုလ်တို့ကို ချီးမြှောက်ခြင်း, နှိပ်နင်းသင့် နှိပ်နင်းထိုက်သော အလင်္ကိုပုဂ္ဂိုလ်တို့ကို နှိပ်နင်းခြင်းတို့ဖြင့် အာဒိကပ္ပ-မဆွရှေးခါကမ္ဘာတည်ထွန်းစကာလ ဖဂ္ဂုဏမာသပုဏ္ဏမီ-တိထိရက်မြတ်ဝယ် နေလအရောင်အလင်းကို ရသောအခါ ကပ်ဦးသူတို့ကဲ့သို့ လင်္ကိုပုဂ္ဂိုလ်တို့၏စိတ်နှလုံးကို ရှင်ပြီးနှစ်တောင်း အားရမ်းဝေလျက် နေအရုဏ် တက်သောအခါ ခင်ပုပ်ငှက်ငယ်တို့ကဲ့သို့ အလင်္ကိုပုဂ္ဂိုလ်တို့ကို

ပုန်းလျှိုးကွယ်ထောင့် ပျောက်ပျက်စေသဖြင့် ရှင်တော်မြတ်ဘုရား၏ သာသနာတော်သည် အဇဉ္ဇာကာသကောင်းကင်ဝဋ္ဌ လဗိမာန်ကဲ့သို့ အလွန်ထွန်လင်းတောက်ပကြောင်းကို ပြ၏။

"တဒါ ဘိက္ခူနံ သံဃာနံ၊ ထေရံ ပါမောက္ခဘာဝကေ" စသောဂါထာဖြင့် ထိုအခါ ပရိယတ္တိဝိသာရဒဂုဏ်နှင့် ပြည့်စုံတော်မူသော ဥယျမဓမ္မာဘိမုနိဝရ ညာကိတ္တိ သီရိဓဇ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇ ဂုရု-တံဆိပ်နာမံတော်ရှိသော ဆရာတော် ဘုရားကြီးကို မဟာသင်္ဃရာဇ အဖြစ်၌ တည်စေတော်မူကြောင်းကို ပြ၏။

"တဒါကဋ္ဌကဈေပတ္တေ-စသော ဂါထာဖြင့် လောကိ အဘိသေက သီဟပူရာဏ် ကျမ်းဆရာတို့အလိုအားဖြင့် အသံဟတဿ မင်း၏သား, သာသနာတော် ကျမ်းဂန်အလိုအားဖြင့် ကပ်ဦးမဟာသမ္မတမင်းမှ ငါး ဆက်မြောက် ဝရကလျာဏမင်း၏သား မန္ဓာတုမင်းသည် အစိရဝတီမြစ်ကမ်းယံတွင် ဝေဘာရ, ဝေပုလ္လ, ပဏ္ဍဝ, ဂုသိဂိလိ, ဂိဇ္ဈကူဋ်-ဟူသော တောင်ငါးလုံးတို့ဖြင့်ရစ်ဖုံးခြံရံအပ်သောရာဇဂြိဟ်ပြည်ကြီးကို မဆွလက်မွန် တည်ထောင်ဘန်ဆင်းသကဲ့သို့ ရောဝတီမြစ်ကမ်းယံတွင် မန္တလေး တောင်မြတ်၏အနီး ကောင်းမြတ်သော မြေကြန်လက္ခဏာ ပြည့်စုံစွာ မဟာဘူမိသီရိဘင်္ဂဏအရပ်တွင် အလွန်မွေ့လျော်ဘွယ်ရှိသော ရတနာပုံရွှေပြည်တော်ကြီးကို အာဒိကမ္မိက မဆွလက်မွန် တည်ထောင်ဘန်ဆင်းတော်မူသဖြင့် မြို့တည်နန်းတည် သာသနဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်၏ အဖြစ်ကို ပြ၏။

မာပေတွာစဋ္ဌမေဝသေ-စသောဂါထာတို့ဖြင့် သက္ကရာဇ် ၁၂၂၉-ခုနှစ်တွင် ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြို့အရှင်,ဆဒ္ဒန်ဆင်မင်းသခင်, ဆင်ဖြူမျှားရှင်, လက်နက်စကြာသခင်, ရတနာရွှေတွင်းငွေတွင်း ပတ္တမြားတွင်း ပယင်းတွင်းအစရှိကုန်သော ရတနာအပေါင်းတို့ကို အစိုးရတော်မူသော မင်းထက်မင်းဖျား မင်းတရားကြီး စေခိုင်းတိုက်တွန်း နှိုးဆော်တော်မူအပ်သည်ဖြစ်၍ အမိန့်တော်မြတ် သတပတ်ရွှေကြာ ပဒုမာမုံရင့်ကို ဦးထိပ်ဖြင့်ပန်ဆင်ကြရသည်နှင့်အညီ အထူးထူးသော ကျမ်းဂန်တို့နှင့် ညီနှိုင်းတိုက်ဆိုင်၍ ဥပက္ကိလိဋ္ဌ,ပုနရုတ္တိ အစရှိသော အလင်္ကာရဒေါသတို့မှ ကင်းဝေး စင်ကြယ်စွာ ဟဒယင်္ဂမ, ကဏ္ဏသုခ, ဩဇဂုဏ်တို့နှင့် ပြည့်စုံထသော ပညာရှိသုခမိန်တို့၏ စိတ်နှလုံးကို ပွားစေတတ်သည်ဖြစ်၍ ဇမ္ဗုသဖြူသီးကိုတကြိမ်တခါမျှစားစရလျှင် ချင်ခြင်း

အာသာမပျောက်ပျက်နိုင်သကဲ့သို့ ကြား၍မရောင့်ရဲနိုင်ထသော ထင်မြင်ကြားသိတိုင်းကိုသာ ပြဆိုသည်ဖြစ်၍ အယုတ်အလွန်အဝိုအယိုမရှိသဖြင့် သင့်တင့်ကောင်းမြတ်လေရကား ပညာရှိတို့ စိတ်နှလုံး တည်းဟူသော ကြာကို မုံအာငုံရင့် ပွင့်စေတတ်ထသော ဤရာဇဝင်ကျမ်းသစ်ကို ပြုစိရင်ကြကုန်အံ့ဟူသော ပဋိညာဉ်စကားကိုပြု၏။

ကာမဇ္ဈာယံ ဂန္ဆောလောကေ-စသော ငါးဂါထာတို့ဖြင့် ပကရဏပယောဇဉ်, ဥယျောဇဉ်တို့ကို ပြသတည်း၊ ဤလောက၌ ရာဇဝင်ကျမ်းဟူသည် မင်းရိုးမင်းနွယ်အဆက်ဆက်ကိုပြရာဖြစ်၍ ရာဇကထာ အစရှိသော တိရစ္ဆာနကထာကိုမှိသည်ကား အကယ်၍ဖြစ်၏ရှင့်၊ ထိုသို့တပဲဖြစ်စေကာ ယောနိသောမနသိကာရဖြင့်အသင့် နှလုံးသွင်းချေလျှင် ဝိတိပါမောဇ္ဇကို ဖြစ်စေတတ်သော ကမ္မဋ္ဌာန်းသို့ သက်၏၊ ရှေးရှေးသော မဟာသမ္မတစသော မင်းတို့သည် ခြင်္သေ့မင်း၏ ခံတွင်းဝသို့ ဝင်ရသော တောသမင်တို့ကဲ့သို့ သေမင်း၏ ခံတွင်းဝသို့ ဝင်ရလေသည်ဖြစ်၍ ကုန်ခြင်း ခန်းခြင်း ပျက်စီးခြင်းသို့ ရောက်ကြကုန်သည်ဖြစ်၍ မဟာသမ္မတ စသည်ဖြင့် ခေါ်ဝေါ်အပ်သော နာမပညတ်မျှသာ ကြွင်းကျန်ရစ်လေကုန်၏၊ တောဘုမက ဝေနေယျသတ္တဝါတို့မည်သည် ကံသာလျှင် အကြောင်းရှိကုန်၏၊ ကံသာလျှင် မိမိဥစ္စာရှိကုန်၏၊ လေးကျွန်းလုံးကို အစိုးရသော စကြာမင်္ဂလာတ်မင်းပင်ဖြစ်သင့်ကစား အဝိဇ္ဇာ, တဏှာ-ဟူသော ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ မရပ်မတည် လည်စေတတ်သော ပုံတောင်းချက်အလား နှစ်ပါးသော ဝဋ္ဋမူလ ဓမ္မတို့ကို မဖျက်ဆီးနိုင်သေးသည် ဖြစ်က သံသရာဝဋ်ဆင်းရဲ၌ တပြောင်း ပြန်ပြန် ကျင်လည်မျောပါး၍ ကျက်စားရကုန်လတ္တံ့ဟု ကမ္မဿကတာဉာဏ် ဘာဝနာမယကုသိုလ်သို့သက်၏၊ အထူးထူး ကုန်သော ထုံးဥပဒေသတို့တို့ ကြားနာ မှတ်ယူရသဖြင့် သုတမယစသော ဉာဏ်သို့သက်၏၊ သခ်ါရတရား တို့တွင်လည်း တစုံတခုမျှမြဲသော တရားမည်သည်မရှိစင်စစ်မုချအားဖြင့်နိဗ္ဗုဝဓမ္မကိုရှာသည်ရှိသော်နိဗ္ဗာန် သည်သာလျှင် မြဲသော သဘောရှိ၏ဟု မြော်မြင်နိုင်သဖြင့် နိဗ္ဗာန်တိုင်အောင် အကျိုးစီးပွားကို ရွက်ဆောင်နိုင်၏၊ ထိုကြောင့် ယခုအခါ ဥပက္ကိလိဋ္ဌ, ပုနရုတ္တိအစရှိသော အလင်္ကာရဒေါသတို့မှ ကင်းလွတ်သော အထူးထူးသော ယေဘုယျ, ပဓာန,နိဒဿနနည်းတို့နှင့် စုံသော ပဋ္ဌသိဓမည်သော ဂန္ထဋ္ဌနတ်၏ ဇေလုဝမည်သော စောင်းသံကဲ့သို့ နာခံမှတ်သား၍ မရောင့်ရဲနိုင်သော ဤရာဇဝင်ကျမ်းသစ်ဟူသော ပဏ္ဏမြားနားချောင်း

ကို ပညာရှိသုခမိန်တို့သည် ပညာတည်းဟူသော နား၌ တန်ဆာဆင်ကြ စေကုန်သတည်း၊ ဤသို့ ဆင်သည်ရှိသော် နိဗ္ဗာန်တိုင်အောင် အကျိုး စီးပွားများရာ၏ဟူ၍ ပြဆိုသတည်း။

ရတနာပူရ စတုဏ္ဍ မြို့ တည် နန်း တည် ဘကြီးတော် မင်းတရား လက်ထက်တော် စီကုံးရေးသားသည့် မှန်နန်းရာဇဝင်သည်၊ သက္ကရာဇ် (၁၁၈၃) တထောင့် တရာ့ ရှစ်ဆဲ့သုံးခု နတ်တော်လတိုင် မဇ္ဈိမဒေသ အနောက် တိုင်းပြည် ဂယာသီသအရပ် မဟာဗောဓိပင်သို့ ကျောက်စာ, အထူး ထူး သော အလှူတော် များနှင့်တကွ ဘိသိက်တော်ဆက် ရှစ်ပါး ပုဏ္ဏားခေါင်းနန္ဒရံ, မြေနန်းဝန် မဟာမင်းလွသာဂသူ, အမှာရေး ငရွေ့ လူတို့ကို စေလွှတ်တော် မူသည်တိုင်သာ ရေးသားရှိသည်။ သက္ကရာဇ် (၁၁၈၃) တထောင့်တရာ့ရှစ်ဆဲ့သုံးခုကစ၍ ဆက်လက် ရေးသားစေ-ဘုရား့အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း ဘိသိက်တော်ဆက် ရှစ်ပါးပုဏ္ဏားခေါင်း, မြေနန်းဝန်, အမှာရေး ငရွေ့လူတို့ မဟာဗောဓိပင်သို့ ဆောင်ယူ လှူဒါန်းသည့် ကျောက်စာလက်ခံ၊ ပြန် ရောက်သည့် အကြောင်းအရာ များကို အစထား၍ပြီးလျှင် သက္ကရာဇ် (၁၂၂၉) တထောင့်နှစ်ရာ့နှစ်ဆဲ့ကိုးခု တော်သလင်းလဆန်း ၎ါးရက် နေ့ကစ၍ ဇေတဝန် ဆောင်တော်တွင် ကန္ဒီအတွင်းဝန် မင်းကြီးမဟာ မင်းခေါင်သခ်ယာ, အရှင်နန်းမတော်မိဖုရား့ဝန်မိုင်းခိုင်းမြို့စား ဝိဋကတ် တော်အုပ် မဟာသီရိဇေယသူ,အိမ်ရှေ့အတွင်းဝန် မဟာမင်းလွသခ်ယာ, စာရေးကြီး မင်းလွဇေယသူ, စာရေးတော်ခေါင်း နေမျိုးစည်သူရာဇာတို့ ကြီးကြပ်စီကုံးရေးသားသည့် ရာဇဝင်တော်ကား....

ပုဏ္ဏားပုရောဟိတ် မဟာရာဇိန္ဒ အဂ္ဂမဟာဓမ္မရာဇဂုရု, မြေနန်းဝန် မဟာမင်းလွသာဂသူတို့လည်း လှူဒါန်းတော်မူရန် ပေးအပ်သည့် ဝက် မစွတ်မြို့စား မဟာသီရိစည်သူ စီကုံးဆက်သွင်းသည့် ဇာန္ဒနီလာမဟူရာ ကျောက်အပြင်တွင် ရေးသားထုလုပ်ပြီး မဟာဗောဓိပင်သို့လှူရန်ကျော် စာများနှင့် လှူဒါန်းရန် အလှူတော်များကို ဆောင်ယူ၍ လမ်းခရီးစဉ် အတိုင်း ထွက်သွားရာ မဟာဗောဓိပင်သို့ ရောက်ကာလ လှူဒါန်းရန်ပါ သည့်ကျောက်စာကို စိုက်ထားခဲ့ပြီးလျှင် မဟာဗောဓိပင်အရပ်က သက္ကမုနိရုပ်ရှင်တော်, ဗောဓိပင်ငယ် သုံးပင်များကို မဟာဗောဓိ အစောင့် ဇော်ဂျီအကြီး မဟန္တဇိကပေးအပ်၍ ပြန်လာရာ ဘင်္ဂလားမြို့သို့ ရောက် လျှင် ရှင်မဖြူကျွန်းမှနှင့် သတိုးသုဓမ္မမဟာဗန္ဓုလ ဓညဝတီမြို့သို့ ချီထွက်

သည့် အတွင်း လမ်းခရီးမသာမယာရှိ၍ ဘင်္ဂလားမြို့တွင် ရပ်ပွားတော် သကျမုနိ, ဗောဓိပင်များနှင့် ရုပ်ဆိုင်းနေရ၏။

လှူဒါန်းတော် မူသည့် ကျောက်အက္ခရာများသည် ကျောက်စိုက်ထူ ပြီးဖြစ်၍ ရာဇဝင်များတွင် ထည့်မရေးကြသော်လည်း မဇ္ဈိမဒေသအနှံ့ တိုင်းပြည် ဂယာသီသအရပ်သည် ဘုရားတကာတို့သစ္စာလေးပါး တရား ကိုသိရာ မဟာဗောဓိမင္တိုင် ဖြစ်သည်တကြောင်း, ဒေသ ခြားသည် တကြောင်း,စိုက်ဆောက်လှူဒါန်းသည်ကို အထူးသဖြင့်ဖြစ်၍ နောင်လာ လူတို့ ဤကျောက်စာကို ဖတ်နာရလျှင် ကုသိုလ်တရား ပွားများစေခြင်း ငှာတကြောင်း, ယင်းသို့သော အကြောင်းများကြောင့် ဤမဟာရာဇဝင် တော်တွင် ကျောက်စာကို ထည့်သွင်းရေးသားပေအံ့။

မဟာဗောဓိတွင် လှူဒါန်းစိုက်ထူသော ကျောက်စာသံပိုင်း
စသည်နှင့် အင်းဝမြို့သို့ ထွက်တော်မူခြင်း

ကျောက်စာကား····ဇယတု။

အာဒိစ္စော၀ ပရိဿန္တော၊ အတ္ထနော တေဇသာ နဘံ။
၀ရုစက္ကံ ဇနမ္ဗုဒ်၊ ဇယံ ဒေတု ဇယက်ရော။

အာဒိစ္စော-နေမင်းသည်၊ အတ္ထနော-မိမိ၏၊ တေဇသာ-အထောင် မက ဘုန်းတေဇဖြင့်၊ နဘံ-ကောင်းကင်သို့၊ အဿုဂ္ဂယှ-တက်လတ်၍၊ စရိဿန္တော၀-ပတ်ပတ်လေးကျွန်း အရောင်၀န်းကဲ့သို့၊ ဇယက်ရော-ငါး ထွေဆယ်ပါး မာရ်အပြားကို အောင်မြင်ခြင်းငှာ ပြုစွမ်းတော်မူနိုင်သော၊ ယောဇိနော -အကြင်သုံးလှူ.ရှင်သည်၊ ဇနမ္ဗုဒ်-၀ေနေယျကြာ သတ္တ၀ါ ကို၊ အတ္ထနော-ကိုယ်တော်၏၊တေဇသာ-တန်းခိုးဖြင့်၊ ဗောဓယန္တော-ပွင့်စေလျက်၊ ၀ရုစက္ကံ-ဒေသနာမြတ် စက်ရဟတ်ကို၊ ပရိဿန္တော-ပတ် ပတ်လည်စေတော်မူပြီ၊ သောဇိနော-ထိုသုံးလှူ.ရှင်သည်၊ ဓမ္မရာဇဿ-ငါတို့ ရွှေနန်းသခင်မင်းတရားအား၊ ဇယံ-အောင်မြင်ခြင်းကို၊ ဒေတု-ပေးတော် မူစေသတည်း။ ။အာဒိစ္စော-နေမင်းသည်၊ အတ္ထနော-မိမိ၏၊ တေဇသာ-တန်းခိုးဖြင့်၊ နဘံ-ကောင်းကင်သို့၊ အဿုဂ္ဂယှ-တက်လတ် ၍၊ ပရိဿန္တော၀-ပတ်ပတ်လှည့်ထွန်း အရောင်၀န်းကဲ့သို့၊ ဇယက်ရော-ရန်အပေါင်းကို အောင်မြင်ခြင်းငှာ ပြုစွမ်းတော်မူနိုင်သော၊ ယောဓမ္မရာဇာ-အကြင် ငါတို့ရွှေနန်းသခင် ဘုရားရှင်သည်၊ ဇနမ္ဗုဒ်-တိုင်းနိုင်ငံသူ

ရှင်လူအပေါင်းကို၊ အတ္တနော-ကိုယ်တော်၏၊ တေဇသာ-တန်းခိုးတော်ဖြင့်၊ ဝိဒမေန္တော-ကွပ်ဆုံးမလျက်၊ ဝရစက္ကံ-ဓမ္မစက် အာဏာစက် နှစ်ပါးကို၊ပရိဿ္ဘန္တော-ပတ်ပတ်လည်စေတော်မူပြီ၊သောဓမ္မရာဇာ-ထိုတရားမင်းကြီးသည်၊ မဟာဇနသ-လူအပေါင်းအား၊ ဇယံ အောင်မြင်ခြင်းကို၊ ဒေတု-ပေးတော်မူပါစေသတည်း။

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

သခ်ၤလေးကိန်း၊ သိန်းကန္တာမ၊ တရိဝဋ္ဋ၊ သံသာရဋ္ဌ၊ ဒါနစသော ပါရမီအပြား တရားအပေါင်းတို့၏ ထွတ်ထိပ်ရွှေမှောက်၊ ဦးကိုင်ဆောံသော၊ ဂေါတမ မည်ထင်၊ သုံးလူ့ချစ်ရှင်၊ ဘုရားရှင်သည်.... သာရမဏ္ဍကန္တာ၊ လွန်လေခါဋ္ဌ၊ ဒီပင်္ကရာ၊ ဝိရိယာဓိက၊ ဘုန်းကျိုး ပြုလျက်၊ နိယတဗျာဒိတ်၊ ဘိသိက်ထားတင်၊ ပန်ဆင်တော်မူသည်မှစ၍ ဗုဒ္ဓသုည၊ ပေါက်ပြဲငါးရပ်၊ ဆဲ့တကပ်ထက်၊ ကောဏ္ဍည, ကဿပ, အစအဆုံး၊ နှစ်ကျိပ်သုံးတိ၊ ဦးလုံးထိပ်ထက်၊ ရွှေခွန်းတော်မြွက်၊ ဆင်ခဲ့ရွက်ပြီး၊ မဟာဗောဓိမဏ္ဍိုင်အောက်၊ အန်အပ်သော ကိလေသာရှိရကား။ သစ္စာလေးပါး၊ တရားမုံရင့်၊ ပွင့်တော်မူလတ်သည် ရှိသော်၊ သီလသမာ၊ ပညာဘိညာဉ်၊ ငါးစင်နက္ကို၊ ဝိမုတ္တိ မဟာကရုဏာဟူသော၊ အမြစ်အပင်၊ ခက်ရှင်ဖူးပွင့်၊ မှည့်ရင့်ခိုင်ဖြိုး၊ အမြိုက်သီးတို့ဖြင့်၊ သတ္တဝါသာဂရ၊ ဝေနေယျဘို့အား၊ တရားမြိုက်ဆေး၊ တိုက်ကျွေးတော်မူလျက်၊ ပင်ကြီးညွန့်ဟုံ၊ ချမ်းရိပ်မြုံ၌၊ ခိုလှုံကိန်းကြ၊ ကျွတ်ပွဲမျှသတည်း။

ဘုရားကိုယ်ထင်၊ မမြင်ရလိုက်၊ မကျွတ်ထိုက်သော၊ အကြိုက်ထိုခါ၊ သတ္တဝါတို့အား၊ နောက်တော်စဉ်လာ၊ သာသနာ၌၊ ဖိုလ်မဂ်တင်းမေး၊ လိုက်ကုန်သေးဟု၊ စလယ်ဆုံးဖျား၊ သုံးပါးဒေသနာ၊ ထွေတော်သာဖြင့်၊ ကရဏာရှင်ပြီး၊ ဘဝဂ်ဆုံးအောင်၊ မိုးလုံးသံထင်၊ ရိုက်ခဲ့ကျင်တည့်။ ရွှေခွန်းတော်မြွက်၊ မှာတော်ချက်နှင့်၊ စဉ်ဆက်စပ်ကာ၊ သရေခေတ္တရာ၊ ပုဂံမြင်စိုင်း၊ ရတနာပူရ၊ ရတနာသိဃ်၊ အမရပူရ၊ ပြည်မရွှေတောင်၊ တိုင်အောင်တလျောက်၊ တောက်သမီးကဲ့သို့ဖြစ်၍၊ သုနာပရန္တ၊ တိုင်းမထိပ်ဦး၊ ထုံခဲ့ဘူးသော၊ စန္ဒကူးကျောင်းနှံ၊ ပျံလတ်ရကား၊ နမ္မဒါ မြစ်ထိပ်၊ နှစ်ထပ်နှိပ်လျက်၊ စက်ရိပ်ခွတ်ထပ်၊ ရှင်တော်ကွပ်၍၊ ရတနာသုံးဦး၊ ပွားလူးရာရိုက်၊ ဇမ္မူဒီပါသောင်းတိုက်၊ ချီးမွမ်းထိုက်သော၊

ဤပြည်ကြီး၌။ ကုန်းဘောင်နဂရ၊ ဇေယျဘုမ္မိ၊ အောင်ဇာတိထက်၊ တြိဘဝန၊ နေနတ်နာထ၊ အာဒိကဖြစ်၍၊ မြေ၌ဘဝါး၊ နင်းသွားကျံလိုင်း၊ ဟတိုင်းဝိုးဝင်း၊ ခံတွင်းအာစက်၊ မောင်းလက်ဝရဇိန်၊ မီးရှူးထိန်သော ဘေးတော်မင်းတရားကြီး၏၊ ရွှေနန်းနွယ်နတ်၊ မြစ်တော်မြတ်တမူလည်း ဖြစ်ထသော။ ။ကုသဝတီပြည်၊ မဟာသုဒဿန၊ ဘေးလောင်းလှဲသို့၊ ဥပေက္ခာဉာဏ်၊ မေတ္တာစျာန်ဖြင့်၊ ပြန်ပြန်ပွားမှု၊ တရားရှသော၊ ဆဋ္ဌန်ဆင်မင်းသခင်၊ သီရိပဝရ တိလောကပဏ္ဍိတ မဟာဓမ္မ ရာဇာဓိရာဇာ-အမည်တော်ရှိသော အမရပူရ ရွှေမြို့တော်တည် ဘိုးတော် အလောင်းမင်းတရားကြီး၏ မြေးတော်စဏ္ဍရတ် ဗြဟ္မဒတ်တမူလည်းဖြစ်ထသော။ ။ သမုဒြာကမ်းထိပ် ဆိပ်နှင့်တကွ မြို့မနိုင်ငံ ခရိုင်ရံသော ဓညဝတီ ရခိုင်ပြည်ကြီးကို ရွှေလက်တော်ဆန့်၊ ပန်းနွယ်တပွင့်၊ လှမ်းဆွတ်လင့်၍၊ မဟာမုနီ၊ တြိနာထ၊ ရုပ်ရှင်တော်မြတ်၊ သီဒ္ဓိဓာတ်ကို၊ အမရရွှေမြေ၊ ရောက်တတ်စေသော၊ ကြီတက်ယောက်ျား၊ တန်ခိုးအားဖြင့်၊ သီရိမဟာဓမ္မာဘိဇယ သီဟသူရ-အမည်တော်ရှိသော ခမည်းတော်မြတ်စွာ၊ မယ်တော်ချစ်တို့၏ ရွှေရင်နှစ်မြတ်၊ မဏိဇောတိရသ်၊ မုနောနတ်တမူလည်း ဖြစ်ထသော။ ။သီရိပဝရ သုဓမ္မ မဟာရာဇာဓိရာဇာ-အမည်တော် ရှိသော တရားမင်းမြတ်သည်။ ။ကောဇာသက္ကရာဇ် (၁၁၈၁) တထောင့်တရာ့ ရှစ်ဆဲ့တခု နယုန်လဆန်း တဆဲ့သုံးရက် စနေနေ့အခါ၊ စကြာရတနာ၊ ရောက်စာရွေးရွေး၊ စကြဝတေးမင်းဖြစ်၊ နန္ဒရာဇ်ကဲ့သို့၊ ပြည်မပြည်တွင်း၊ လုံးရင်းဇိုလ်ပြု၊ ပဒုမဗျူဟာ၊ ချာချာပတ်မျှ၊ မိုးမြေရုတ်ရုတ်၊ အုတ်အုတ်ကျက်ကျက်၊ တပြိုင်နက် ကောင်းချီးမင်္ဂလာ၊ ကြော်ငြာစေလျက်၊ ပြည်လုံးကြွက်သရေ၊ မြို့တဝင်းပတ်၊ နန်းလုံးနတ် ဖြစ်သော မြတ်သောတောင်မိဖုရားကြီးနှင့်တကွ မုနောဇမ္ဗူ တက်တော်မူသတည်း။

ရွှေတောင်တက်ပြီး၊ ကြီကြီးဝိရိယ၊ ဥဿာဟဖြင့်၊ ယထာနုလောမ၊ ယထာပရာဓ၊ ယထာဓမ္မ သာသနာတော်၌ တုန်လှုပ်ခြင်း မရှိသော အစလသဒ္ဓါခြင်းဖြင့် သာရိရိက၊ ပရိဘောဂိက၊ ဥဒ္ဒိသက၊ စည်းခုံဂူထွတ်၊ ပြာသာဒ်တန်ဆောင်း ကျောင်းစသော ပရိကမ္မအပေါင်းတို့ဖြင့် ချီးမြှင့်အပ်သော ပါရမီတော် အားကား သမုဒြာတက်စုန်၊ သဲမှုန့်သော်မျှ၊ ပမာဏလျှင် ဖြစ်သတည်း။

ထိုအခါ မဇ္ဈိမတိုက် ဝဇ္ဇီတိုင်း ဝေသာလီပြည် လိစ္ဆဝီမင်းတို့ အရိုက်မပျက် နန်းညွှန်ဆက်ဖြစ်သော စန္ဒရဂန္ဓရှိန်, ဇော်ရဟိန်စသော မင်းတို့မှ

လည်း၊ နတ်မနိမ့်အောက်၊ သုံးယောက်ဟိရိ၊ မျိုးဘုန်းရှိကို၊ ရှိခိုးညွတ်ခ၊ ဆက်သစေခြင်း။ တလွားကုန်အောင်၊ ပြည်ထောင် ထီးဆောင်း၊ မင်းအပေါင်းတို့၊ ပျဝ်ဝပ်ညွတ်ကိုင်း၊ ရှိုင်းရာဖြစ်ခြင်း။ ဓညပုည၊ ဥက္ကဋ္ဌဇုန်၊ ရဲရဲညိသောအားဖြင့်၊ ဖျောက်ဆိပ်သောကြာ၊ ကြယ်တကာတို့ အလယ်၊ လမင်းပြည့်ဝန်း၊ ထွန်းတောက်ပ၏သို့ ဖြစ်သတည်း။

ဘုန်းတော်ကြီးမြတ်၊ တို့ စောထွတ်ကား၊ မိုးနတ်မလွန်၊ ဧရာဝဏ်သို့၊ စွယ်ချွတ်မင်္ဂလာ၊ ဆင်စကြာကို၊ ဘယ်ညာ လက်ချိန်၊ ဝိုးဝင်း ထိန်မျှ၊ ဝရဇိန်ဝန်းရစ်၊ ရွှေချွန်းလှစ်ဖြင့်၊ ငယ်ရွယ်တော်ဖြစ်၊ ဥပရာဇ်ဘုန်းလူ၊ နန်းညွှန့်ဦးက၊ ကျေးဇူးလက်မွန်၊ လွန်လေသော်ကား။ ။မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာမနောမယာ၊ မနသာစေပသန္နေန၊ ရွှေခွန်းဟသော စကား။ ။ဒါနံဒတ္တွာ သီလံသမာဒိယိတ္တွာ ဥပေါသထကမ္မံကတ္တွာ၊ စကြာရတနာရောက်ထိုက်ရာသောအရိုးတရား။ ။ဤသို့အာဒိ၊ ကျမ်းပါဠိဋ္ဌ၊ ရွှေနလုံးသိ၊ နည်းနာရှိသောအားဖြင့်၊ နောင်ဝါမင်းဖြစ်တော်မူသောအခါ။ ။ဘုရားပွင့်ရာ၊ ဗောဓိမဏ္ဍိုင်အား ချီးမြှင့်တော်မူမည်၊ မနောမဏိဧရိတော်မူရာလင့်ဦးသကား····ဗာရာဏသီ,ဝေသာလီစသော အနောက်မျက်နှာ တလွား၊ ပုဏ္ဏားဇော်ဂိ၊ ဒေသန္တရိ၊ ဗေရာဂိတို့အား၊ စူးစားဖွေနှည်တော်မူလျှင်၊ ချက်မြင်ကေန်၊ မှန်သောအားဖြင့်၊ မဇ္ဈိမတိုက်၊ မဂဓရာဇ်တိုင်း၊ ဂယာသီသအရပ်၊ နေရွှေရာမြစ်အနီး၊တဆဲ့ရှစ်မင်းပယ်စား မြေမျက်နှာထက်၊ ရွှေပေါ်နှောင်းပျက်၊ ဘွားဘက်တော်စစ်၊ မဟာပထဝီ၊ မြေဆီ ကောင်းနှစ်၊ အမွှန်ဖြစ်သော၊ မင်္ဂလာဥကင်၊ သမိုက်ပြင်ထက်၊ အမြင့်အတောင်တရာ၊ အဝန်းထက်ဝက်၊ခက်မပင်စည်၊ တည်သောအားဖြင့်၊ အရပ်ထက်ဝန်းကျင်၊ သစ်ပင်နွယ်မြက်၊ လက်ယာရစ်ရှေးရှု၊ မျက်နှာမူလျက်၊ ဝဇိရာသန ပလ္လင်၊ တံကဲပြင်ကဲ့သို့ ဖြစ်၍၊ အလုံးစုံသော သမ္ဘည္ဘုရားတို့၊ တိမ်မှောင်မိန္ဆာ၊ ကိလေသာအပေါင်းကို၊အရဟတ္တမဂ်ဉာဏ်တော်ဖြင့် ပယ်ဖျက်အောင်မြင်တော်မူရာ၊ မဟာဗုဒ္ဓဟော၊ စေတီမြတ်အား၊ ဘေးလောင်းတော် သီရိမဓွာသောက၊ ဒေဝါနံ ဗိယတီသ၊ ကလိင်္ဂစကြဝတေးမင်းတို့ကဲ့သို့၊ အလွန် ကြည်ညိုစွာသော ရွှေနလုံးတော်တို့ဖြင့် ချီးမြှင့်ပူဇော် လိုရကား····ရွှေ-ငွေ-ပတ္တမြား၊ သုံးပါးခြယ်ဖွစ်၊ နစ်ထလျက်သော၊ ထီး, တံခွန်, တန်ဆောင်, ပန်းခုံ, ပန်းခိုင်, ပေါက်ပေါက်စသော ဒေယျဓမ္မ ဒါဝတ္ထုအပေါင်းကို၊ ပရိကံလှူချေ၊ ပြည့်စုံစေဦး၍၊ ရွှေနန်းနွယ်လာ၊မင်းတကာတို့၊ မချီးဦးရဲ၊

မဘူးမြဲသောပုညဘိဓာ၊ ပြအပ်သော တံခွန်ရှိရကား....ဖြူသောအရေး၊ ကြွေသွေးဖွဲ့ရစ်၊ နံနှင်းနှစ်သွေး၊ ရွှေရေး ငွေရေး၊ ဝိုးပရန့်သွေး၊ စွေးစွေး နီရောင်၊ ကြာညိုတောင်အားဖြင့်၊ တရှင်ဂါးဆဲ့ခြောက်သွယ်၊ကြိုးရစ်နွယ်သောပတ္တမြားရှင်မျက်စိ၊ ဘဝါးခြေလက်၊ ချိပ်စက်ပကတိ တွေးတွေးညီ၍၊ ကိုယ်လုံးဖြူလျက်၊ လက္ခဏာပုံညီ၊ ကွေးကွေးချိသော၊ သီရိစန္ဒရ၊ လပြည့်နေ့ည၊ လ၏အဝါ၊ ကုမုဒြာ'ကြာဖြူ၊ သင်းခွေပန်းအဆင်းရှိသော၊ နီမွှာနပစ္စယ နာဂရာဇာ၊ ဆဒ္ဒန်ရတနာ စကြာမင်း၊ တမွှတ်ခင်းလျက်၊ သီရိပဝရ မဟာရာဇိန္ဒာ ရတနာဒေဝီအမည်တော်ရှိသော တောင်မိဖုရားကြီးနှင့်တကွ၊ ဘုရားသခင့်သာသနာတော် (၂၃၆၅) နှစ်ထောင့်သုံးရာ့ခြောက်ဆဲ့ငါးခုနှစ်၊ ရောက်ပြီးကောဇာသက္ကရာဇ် (၁၁၀၃) တထောင့်တရာ့ရှစ်ဆဲ့သုံးခု၊ သရဝဏ်နှစ်၊ ကြတ္တိကာလ၊ သရဒအခါ၊ မဟာဗောဓိမဏ္ဍိုင်၌ ပွင့်တော်မူသော ဘုရားမြတ်စွာကို ရည်မှတ်တော်မူ၍၊ အနုမောဒနာ ကြော်ငြာသံဘိုဖြင့်၊ အဟုန်မစဲ၊လွှမ်းသဘင် ယင်တော်မူသည်။

အဆုံးစွန်သော ကိုယ်တော်အဖြစ်၌၊ သမ္မာသမ္ဗုဒ္ဓ၊ ဆုကြိုးရ၍၊ ဝေနေယျတို့အား၊ နိဗ္ဗာန်တရား၊ ဟောကြား ကယ်ချွတ်နိုင်လိုသော။ ဘဝများစွာ၊ သံသရာလည်း၊ ပါရမီဆယ်ပါး၊ တရားအထွတ် တိုင်လိုသော။ ဆုတောင်းပတ္ထနာတော်နှင့်တကွ မယ်တော်, ခမည်းတော်, ဘိုးတော်-ဘွားတော်, ဘေးတော် မင်းတရားကြီးတို့အားလည်း အမျှဝေတော်မူသည်။မဟာပထဝီဤမြေကြီးကား၎င်း၏သက်သေဖြစ်စေသော-ဟူ၍လည်း ရွှေကရားဖြင့် ရေစက်သွန်းချတိုင်တန်းတော်မူသည်။

ဤဆိုသျှင်မြင်းမိုရ်ဂိရ၊ရဝိသသိ၊မိုးလုံးညီ၏သို့၊ ကပ်လုံးကမ္ဘာ၊ ပြောပစရာ၊ အမွှန်ရှည်စွာ၊ တည်ရာဖြစ်စေ၊ အမရပူရရွှေနန်းတော်မှ၊ မဟာရာဇိန္ဒအဂ္ဂမဟာမဂ္ဂရာဇဂုရု-မည်သော ပုရောဟိတ်၊ မြေနန်းတော်ဝန်မဟာမင်းလှသာဂသူဟူသောအမတ်ကို အရာမကသော အချင်းအရင်းတို့နှင့်တကွစေခွန့်တော်မူ၍ မင်္ဂြိမတိုက်မဟာဗောဓိဏ္ဍိုင်၌ဤကျောက်စာသံဝိုင်းကို ထိုးမှတ်စိုက်ထားစေရသတည်း။

မင်္ဂလာဗဟို၊ မြလျှံညိုသား၊ မြင်းမိုရ်တဝိုင်း၊ တင်းကျမ်း မွှိုင်းလျက်၊ မြန့်ဘိုင်းဇမ္ဗူ၊ လက်ဃာဂူဝယ်၊ ပြောင်ဖြူပစ္စယ၊ ရဲနာဂနှင့်၊ အမရနန်းမြင့်၊ ဖြူဝန်းဖွင့်သည်၊ ဆင်မင့်းသခင်၊ ဆဒ္ဒန့်ရှင်လျှင်၊ အောင်မြင့်ဝန်သည်း၊ ဂါးမာရ်လှည်းသား၊ ဥဒည်းချက်ချာ၊ မြေမျက်နှာ၌၊ ဝဇီရာသန၊

နန်းမဉ္ဇကင်၊ သမိုက်ပြင်ထက်၊ ပလ္လင်ဘုံရွှေ၊ ဗုဒ္ဓဟောကို၊ ရွှေငွေပထွမြေား၊ သုံးပါးခြေယ်နစ်၊ ပြောင်ပြောင် ရစ်သား၊ အိုးပျစ် မြူတာ၊ ရတနာ တန်ဆောင်၊ ပန်းတောင်ပေါက်ပေါက်၊ လှံ့ဆောက်မိုးစွန်၊ ထီးတံခွန်ဖြင့်၊ သရဝဏ်နှစ်၊ သတ္တရာဇ်ကောဇာ၊ ထောင်-ရာ-ပွဲကျုံး၊ ရှစ်ဆဲ့သုံးတွင်၊ မိဈ်းဆုံးဆောင်းစ၊ သရဒဝယ်၊ မဂဓတိုင်းခြေ၊ ဗိုလ်ယုံစေ၍၊ ဖြစ်ထွေကြောင်းလျား၊ လူတော်များကို၊ မှန်ကြားမင်္ဂလာ၊ မော်ကွန်းစာဖြင့်၊ မဟာသခ်ီယာ၊ မဟာသီရိ၊ ပါဠိုနက်တွဲ့၊ ရွှေဘွဲ့နစ်ပွင့်၊ စည်သူဆင့်၍၊ ရှင်ပင့်မိန့်တော်၊ ရွှေခွန်းခေါ်သည်၊ မတ်ကျော်ကဝိ၊ မြတ်ပဏ္ဍိုလျှင်၊ နှောင်းပြိသာသနာ၊ ကမ္ဘာမြေရေ၊ တည်ထွန်းစေဟု၊ ကြက်သရေသွင်းနှိုး၊ စာရင်းထိုးသည်။ ။မောက်ဖြိုးရွှေစာသံဝိုင်းတည်း။

မဇ္ဈိမတိုက်မဟာဗောဓိမဏ္ဍိုင်သံဝိုင်းတော်ကိုလေခကလက္ခဏာအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသူ စောလှမြို့စား နေမျိုးသီရိရာဇသူ အမတ်ကိုခန့်အပ်တော်မူ၍ ဇာန္ဒနီလာမဟူရာကျောက်အပြင်၌ကောင်းမွန်တင့်တယ်စွာ ကောဇာသတ္တရာဇ်(၁၁၈၃)တထောင့်တရာ့ရှစ်ဆဲ့သုံးခု တန်ဆောင်မုန်းလပြည့်ကျော်တဆဲ့တရက် အင်္ဂါနေ့တွင် ရေးထုလုပ်ရ၏။ ။မြန်မာ့ဘာသာ လင်္ကာစကားပြေ၊စာကြောင်းရေ ၈၅၊ကျောက်မျက်နှာအလျား အရှည် နှစ်တောင့်တမိုက်၊ အနံ တတောင့်တမိုက်သုံးသစ်ရှိသည်။

ဝက်မစွတ်မြို့စား မဟာသီရိစည်သူရေးသားသည့်
မဟာဗောဓိကျောက်စာပြီး၏။

အရှင်ဒဿတိုင်း၊ ဒွါရာဝတီမည်သော ယိုးဒယားပြည်တွင် ရှေးဘေးလောင်းတော် ဘိုးလောင်းတော်တို့လက်ထက် အစဉ် လက်နက်နှိုင်ငံတော် ဖြစ်လေပြီးသည်ကို နောက် ဆက်လက်မင်းပြုလုပ်ကြပြီးလျှင် တိုင်းနေပြည်သူ ရှင်လူသတ္တဝါအပေါင်းတို့အား တရားသဖြင့် မထိန်းမသိမ်းမကြည့်မရှု သစ္စာတော်ကိုမခံ ခြားနာရှိပြန်သည်နှင့် ဘိုးတော်ရတနာပူရတတိယမြို့တည် နန်းတည် နိဗ္ဗာန်ဆိပ်ဦးစေတီတော်ဒါယကာ ဆင်ဖြူရှင်မင်းတရားကြီးလက်ထက်တော် မရေမတွက်နိုင်သော ဆင်မြင်းအလုံးအရင်း ရဲမက်လက်နက်ကိုင် ဗိုလ်မှူးတပ်မှူး ခန့်ရုန် စည်းကြပ်တော်မူပြီးလျှင် ချီတက် တိုက်ခိုက် သိမ်းယူ ဆက်သစေရာ ဘုန်းတော်ရှိန်ကို မခံနိုင်၊ နောက်မင်းပြုလုပ်သူ ကျောက်ဘွင်း ကောဒဿန်နှင့်တကွ အရှင်ဒဿ

တိုင်းအလုံးကို တိုက်သိမ်းအောင်မြင်၍ လက်နက်နိုင်ငံတော် ဖြစ်ပြီးမှ ယိုးဒယားနိုင်ငံတွင် မင်းနွယ်မင်းမျိုး အရိုးပြုလုပ်၍ အသစ် ထူထောင်ခြားနားပြီးလျှင် တိုင်းနေပြည်သူ ရှင်လူသတ္တဝါအပေါင်းတို့အားတရားနှင့်အညီ သိမ်းပိုက်မစ ကြည့်ရှုထိန်းသိမ်းရမည်ကို မကြည့်မရှု နေသောကြောင့် အရှင်ဗယတိုင်းအလုံး ရှင်လူသတ္တဝါအပေါင်းတို့ ချမ်းသာရာ မရရှိကြသည်ကို ကိုယ်တော်တိုင် ချီတက်သိမ်းယူမည်၊ သို့ ချီတက်သိမ်းယူတော်မူမည်ကိုလည်း ပြည်ထောင်မင်း ဧကရာဇ်တို့မည်သည် အခြားတိုင်းနိုင်ငံကို လုပ်ကြံသိမ်းယူရမည့်အရေးဦးအစား အစာ မျိုးရိက္ခာစသည်များကို အသင့်ရှိစေသဖြင့် ဆင်မြင်းစသော ရဲမက်လက်နက်ကိုင် ဗိုလ်ပါအင်အားများကို ရှေးဦးစွာပြည့်စုံစေမြဖြစ်၍ အသိမ်းအယူထွက်တော်မမူမီ ရွှေဘဝါးတော်အောက်က ဝန်ကြီးမဟာသေနာပတိကိုဗိုလ်မှူး,ဝန်ထောဝံမင်းကြီးနော်ရထာကိုစစ်ကဲ,မင်းကျော်ရွှေတောင်ကိုနာခံ ခန့်ထား၍ ပြည်မြို့အောက် မြစ်စဉ်တလျှောက် မြို့ရွာများနှင့် တောင်တပြင်မြို့ကျေးရွာများမှာ မြို့ရွာအင်အားအလျောက် လက်နက်လူသူ စည်းကြပ်ခွဲခန့်ပြီးလျှင် အစားအစာ မျိုးရိက္ခာစသည်များကို စည်းကြပ်အသင့်စုံပုံ ရှိစေရမည်-အဓိန့်တော်နှင့် ချီတက်စေရာ ဗိုလ်မှူး တပ်မှူး စစ်ကဲ နာခံ သူရဲသူခက်တို့ မုတ္တမမြို့သို့ ဆိုက်ရောက်စုံညီလျှင် ယိုးဒယားတို့ အကြီအစည် အလုံးစုံမျိုးကို သိရအောင် အထောက်အလှမ်း စေလွှတ်၍ စစ်တက်စစ်ချီလမ်းပေါက်လမ်းဝသင့်ရာ မြို့ရွာများတွင် မျိုးရိက္ခာ အများရအောင် စုပုံအသင့်ရှိစေပြီးလျှင် အကြောင်းမျိုးအလုံးစုံကို ရွှေဘဝါးတော်အောက်သို့ လျှောက်ထားရာ ဗိုလ်မှူး မဟာသေနာပတိနှင့် တပ်ပါအရာရှိ ရဲမက်အပေါင်းတို့ကို ခေါ်တော်မူ၏။

သက္ကရာဇ် (၁၁၈၃) တထောင့်တရာ့ရှစ်ဆဲ့သုံးခု နတ်တော်လပြည့်ကျော်ဆယ်ရက်နေ့ ရွှေဘဝါးတော်အောက် စစ်ကိုင်းမြို့သို့ ဆိုက်ရောက်လျှင် ယင်းသည့်နှစ် ပြာသိုလဆန်းသုံးရက်နေ့ ဝန်ကြီး မဟာသေနာပတိ မုတ္တမမြို့က ပင့်ဆောင်ခဲ့သည့် မြဆင်းတုတော်ကို ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား ကြည်းတပ်ရေတပ်ခန့်ရန်ခင်းကျင်း၍ ကြိုဆိုပင့်ဆောင်တော်မူသည်။

ယွန်းကြီးမင်း, မာသျှကပ်မင်းတို့က ရွှေဆဝါးတော်အောက် စေလွှတ်သည့် ဆံတမန်တို့ နိုင်ငံတော် မုတ္တမမြို့သို့ ရောက်သည် ဖြစ်သော

ကြောင့် ဝန်ကြီး မဟာသေနာပတိနှင့်အတူပါလာသည်ကို ထိုသတ္တရာဇ်ပြာသိုလဆန်းဆယ်ရက်နေ့ မှူးတော်မတ်တော်တို့ စစ်ကိုင်းမြို့ရောက် ကြိုဆို၍ ရွှေမြို့တော်တောင် တောင်သမန်သံတဲမှာ ထားသည်၊ သံတဲမှာလည်း အစောင့်အနေ ခန့်ထားမြဲအတိုင်း အဆောင်တော်မြို ကျော်ထင်လက်ယာစည်သူ, နရာသိခ်နော်ရထာ, ကျော်သူရဲလှထင်, ရဲကျော်သူရတို့နှင့် တဆွဲနှစ်၊ မာရဘင်သေနတ်အစု အမှူထမ်းငါးဆယ်တို့ကို စောင့်နေစေ၏။ ။မာသျှကပ်မင်းက ခြေတော်ဦးခိုက်စေလွှတ်သည့် သံတို့ကို ပြာသိုလပြည့်ကျော် တဆွဲနှစ်ရက်နေ့ ရွှေနန်းတော်သို့ဝင်စေ၍ အထူးထူးသော ထည်မျိုးအုပ်မျိုး လက်ဆောင်တော်များကို အဆက်အသံတော်မူပြီးလျှင် သံတို့ကို အထိုက်အလိုက် ဆုသနားတော်ခံစေ၍ ဝန်တို့မှာစာဖြင့် ပြန်စေ၏။

ယွန်းကြီးမင်း သံတို့ကိုလည်း တောင်သမန်သံတဲက ရတနာပုရမြို့အနောက်သနပ်ခြံသံတဲမှာ ပြောင်းရွှေထားပြီးလျှင် ထိုနှစ် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား ရတနာပုရအဝန်မြို့သို့ ဖောင်တော်, လှော်ကားတော်, သမ္မန်တော်, လှေတော်မှစ၍ ကြည်းဘက် ရေဘက် တပ်ဝင်းအခင်းအကျင်းများနှင့် ထွက်တော်မူသည်ကို ရတနာပုရမြို့ မာန်အောင်ဆိပ်က ယွန်းကြီးမင်းသံတို့ကို ဖူးမြော်ကြည့်မြင်စေပြီးလျှင် သံတို့ကို လှော်ကား, ခတ်လှေ, လှော်လှေများနှင့်တင်ဆောင်၍ မြစ်ငယ်တွင်းသို့ လှည့်ပြီးလျှင် မဟာသီရိနန္ဒဝန် ဥယျာဉ်ဆိပ်သို့ ရောက်မှ ထားရင်းတောင်သမန်သံတဲရောက် ဆင်နှင့်တင်၍ ပို့ထားသည်။

လက်နက်နိုင်ငံတော် ဖြစ်သော အာသန်ပြည်တွင် စန္ဒရဂန္ဓရှိန်အားသနားတော်မူ၍ ဘွားစား စိုးအုပ်စေသည်ကို ကျေးဇူးသစ္စာတော်ကို ဖောက်ပြန်၍ စန္ဒရဂန္ဓရှိန်နှင့် ပူရာကောင်ဟယ်,ဘော်ရော်ဇနတ်,အမတ်ငယ်တို့သည် အင်္ဂလိပ်လူမျိုးတို့ကို ခိုမှီချိပင့်ကြရာ အင်္ဂလိပ်တို့က ယမုနာမြစ်ကြောင်း စစ်ဗာရီဗိုလ်ခြေအများနှင့် ချီတက်ပြီးလျှင် အာသန်ပြည့်နယ် ဇူရဟတ်မြို့အနီး တပ်တည်လုပ် ရှိနေသည်ဖြစ်၍ ရွှေဘဝါးတော်အောံက ရဲမက်လက်နက်ကိုင်ထပ်ဖြည့်ချီတက်လာပါစေမည့် အကြောင်းနှင့် အာသန်ဗိုလ်မှူး မင်းကြီးမဟာသီလဝက လျှောက်ထား လာသည်ကို ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား ကြားတော်မူလျှင် မင်းညီမင်းသား မှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူး အစုံအညီတွင်

အမိန့်တော် ရှိသည်ကား-ဝေသာလီစား စန္ဒရဂန္ဓရှိန်နှင့် ပူရာကောင်ဟယ်, ဘော်ရော်ဇနတ်တို့ တက္ကန်းသားအင်္ဂလိပ်လူမျိုးတို့ကို ချီပင့်၍ ထိပါးနှောင့်ရှက်ရှိသည်မှာ အမရပူရ မြို့တည်နန်းတည် ဘိုးတော်မင်းတရားလက်ထက် ကြည့်ရှုပြုစုတော်မူခဲ့သော ကျေးငှး ဥပဒေပျက်သဖြင့် နေ့ရက်ရှည်လျင် အာသန်ပြည်သား ဆင်းရဲသား ကျွန်တော်များတို့မငြိမ်မသက် ပင်ပန်းဆင်းရဲစွာဖြစ်ရန်ရှိသည်၊ တိုင်းရေးပြည်ရေးဆိုသည့်အရာသည် အစထော်လော် မရှိစေသင့်၊ တစကောင်းမှ ဆယ်စကောင်းမည့်ဖြစ်သည်၊ သို့ဖြစ်၍ သည်အရေး မည်သို့သင့်မည် မေးတော်မူလျင် မင်းညီမင်းသား မှူးတော်မတ်တော်တို့က ယခု လက်နက်နိုင်ငံတော်ဖြစ်သော အာသန်ပြည်တွင် ဝေသာလီစားငယ်နှင့် အင်္ဂလိပ်တို့ ပူးပေါင်းလက်ခံမှေနှောက်ဖျက်ဆီးကြသည်များမှာ ပြည်လွှဲပြည်မှားမျှသာ ဖြစ်ပါသည်၊ အရှည်ထောင်ထားခြားနားနေနိုင်မည်မဟုတ်ပါ၊ ကျေးငှးသစ္စာတော်ကို ထောက်၍ ကာမရူပိ, အာသန်, ဇယန္တာစသော တိုင်းပြည်အမြို့ပြများကို ကျွန်တော်တို့လုပ်ကြွေ သိမ်းယူဆက်သပါမည် လျှောက်ထားကြသည်ကို ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားသည်း ယခု လျှောက်ထားကြသော အရေးသည် အရေးပင်ဖြစ်သည် အမိန့်တော်ရှိသည်။

ထိုအခါ အလုံမြို့ဝန် မင်းကြီးမဟာဗန္ဓုလ လျှောက်သည်ကား-ဝေသာလီစားငယ်သည် သနားမစတော်မူသည့် ကျေးငှး သစ္စာတော်ကို မထောက် ဖောက်ပြန်လွှဲရှား မငြိမ်မဝပ်ရှိသည်မှာ ဝေသာလီအမျိုးသားတို့သည် စစ်ရေးစစ်မှုဒ်ကျွမ်းကျင်လိမ္မာ၍ လွှဲရှားထကြွသည်မဟုတ်ပါ၊ အင်္ဂလိပ်အမျိုးသားတို့ကို သဟဲပြုရသည်နှင့် မငြိမ်မဝပ်သည့် အရေးသာဖြစ်ပါသည်၊ စစ်တို့၏သဘောသည် ရှည်ရှည်ကြာကြာ ရပ်ရပ်နေနေလုပ်ကြွေသင့်သော အရေးလည်း ရှိပါသည်၊ ဆောဆောလျင်လျင် ချက်တဖြုတ် လုပ်ကြွေသင့်သော အရေးလည်း ရှိပါသည်၊ သည် အရေးမှာ ရှည်ရှည်ကြာကြာမသင့်၊ ဆောဆောလျင်လျင် လုပ်ကြွေရမည် ဖြစ်ပါ၍ ညီတော် သားတော် မှူးကြီး မတ်ကြီးတို့ ချီတက်သင့်သည့် အရေးမဟုတ်ပါ၊ ရွှေဘဝါးတော် အောက်က ကျွန်တော် အလျင်အမြန် ချီတက်လုပ်ကြွေ သိမ်းယူဆက်သပါမည် လျှောက်ထားသည်ကို ကြွေက်တော်မူ၍ အာသန်ဗိုလ်မှူး မင်းကြီး သီလဝက လျှောက်ထား လာစေသည့် လူတို့ကို ရွှေဘဝါးတော်အောက်က ရဲမက်ဗိုလ်ခြေအများ ခန့်ထား၍

တက်လာစေမည် အကြောင်းနှင့် အလျင်သွားနှင့်စေ၍ အညာတပြင်မြို့ကျေးရွာများမှာလည်း လက်နက်လူသူ မျိုးရိုးကွာအပြည့်အစုံရှိအောင် ဝန်တိုက ခန့်ထားနှင့်ရ၏။

မင်းကြီးမဟာဗန္ဓုလ အာသံပြည်သို့ ချီတက်တိုက်ခိုက်ခြင်း
စသည်နှင့် ယွန်းကြီးမင်းထံ သံစေလွှတ်ခြင်း

အလုံမြို့ဝန် မင်းကြီးမဟာဗန္ဓုလ မချိမတက်မိ လက်ဝဲကြောင်းဗိုလ်ရာဇာမင်းခေါင်ကို လက်နက်လူသူ ပေးအပ်၍ ချီတက်နှင့်စေ အဓိန္ဒတော်နှင့် သက္ကရာဇ် (၁၁၈၃) တထောင့် တရာ့ ရှစ်ဆဲ့ သုံးခု တပို့တွဲလပြည့်ကျော်ရှစ်ရက်နေ့ လက်ဝဲကြောင်းဗိုလ်ရာဇာမင်းခေါင်ကို လက်ဝဲကြောင်းအစုက လက်နက် လူသူ ပေးအပ်၍ ချီတက်နှင့်စေသည်။

နောက် အာသန်အကြောင်းအရာများကိုမကြားမသိရ၊လက်ဝဲကြောင်းဗိုလ် တပ်ကိုလည်း အလျင် အမြန် ချီတက်စေရမည် အကြောင်းနှင့် အာသန်သို့ ပေါက်ရောက်အောင် မြင်း လူစေလွှတ်ခန့်ထားသွားစေရ၏။

နောက်ချီတက်စေရန်ကိုလည်းမင်းကြီးမဟာဗန္ဓုလကိုဗိုလ်မူး,အထက်ချီတက်နှင့်သည့် ရာဇာမင်းခေါင်ကို လက်ဝဲစစ်ကဲ,နတ်စုလက်ဝဲဗိုလ် နေမျိုးမင်းလှသူရိန်ကို လက်ယာစစ်ကဲ,မင်းကြီးမဟာနန္ဒကျော်ထင်ကိုနာခံ, လက်ဝဲသီဟနော်ရထာ, နေမျိုးကျော်ထင်တို့ကို တပ်ရေးခန့်ထားပြီးလျှင် စည်းကြပ်သည့် တပ်စဉ်ကား-အဘယဂါမဏိ တတပ်၊ လက်ဝွေတော်ခေါင်း သီဟရန်နင်းတတပ်၊ နေမျိုးသံတိုင်တတပ်၊နေမျိုးရဲခေါင် နော်ရထာတတပ်၊ လက်ဝဲသီဟနော်ရထာ တတပ်၊ နေမျိုးကျော်ထင် တတပ်၊ မင်းကြီးမဟာနန္ဒကျော်ထင်တတပ်၊ အထက်ချီနှင့်သည့် လက်ဝဲကြောင်းဗိုလ် ရာဇာမင်းခေါင်တတပ်၊ နတ်စုလက်ဝဲဗိုလ် နေမျိုး မင်းလှသူရိန် တတပ်၊ တပ်မနှင့်သော်တပ်ပေါင်းဆယ်တပ်၊တပ်ပါရဲမက်အစုအမှုထမ်းမြို့ရွာ လက်နက်ကိုင်ပါ လူလေးထောင်, ဆင် နှစ်ဆယ်, မြင်း ငါးရာ, အောင်စည် အောင်မောင်း အောင်လံ ခဲယမ်းမီးကျောက် အမြောက်သေနတ် ဖောင်ပန်းလွှတက် ဆင်မြင်းလူသူအပြည့်အစုံပေးအပ်၍ ရွှေရုံးတော်တွင် ပြန်တမ်းခံစေပြီးလျှင် သက္ကရာဇ် (၁၁၃၈) တထောင့် တရာ့ ရှစ်ဆဲ့သုံးခု တပို့တွဲလပြည့်ကျော် တဆဲ့ တရက်နေ့ အခါတော်အတိုင်း ညောင်ပင်သာစခန်းတွင်အောင်တပ်ချရပ်၍ စခန်းပေါင်းခုနစ်

ဆယ်ကျော်နှင့်ချီတက်ရာ မိုးကောင်းအထက်ကချင်သိန်းပေါ်တို့ နေသည့် တောင်စားစော်ဘွားတို့ကအမှုတော်ကိုကောင်းရာလိုက်ထမ်းလိုကြောင်း နှင့် ဗိုလ်မှူး မင်းကြီး မဟာဗန္ဓုလထံ လျှောက်ထား၍ တောင်စားဗိုလ် နေမျိုးသိန်ပရာဇာနှင့် ကချင်သိန်းပေါ်လူတထောင်ကို သိမ်းရုံးချီတက်ရာ အာသန်နယ် ဇူရဟတ်မြို့သို့ ဆိုက်ရောက်သည်။

ထိုနှစ် တန်ခူးလပြည့်ကျော်လေးရက်နေ့ ဂန္ဓာလရာဇ်တိုင်း တရုပ်ပြည် တောက်ကွန်ဥဒည်မင်းက ရမ်တာလောရဲ, ရင့်ဆင်ရဲ, စောလောစုံ, တုံလောစုံ,လဆင်းရဲတို့ကို သံအကြီးပြုလုပ်ပြီးလျှင် ဆက်သရန်လက်ဆောင် တော်၊အနောက်မျက်နှာမိုင်းဆည်စုန်းတူ, မိုးမျဉ်းမြို့ဝန်တို့ မှာစာများနှင့် သံအရာရှိတို့ဗန်းမော်မြို့သို့ဆိုက်ရောက်ရှိသည်ကို ဗန်းမော်မြို့ဝန် မဟာသီရိသီဟသူက လာရောက်ရှိသည့် သံတို့ကို အကြောင်းအရာအလုံးစုံ မေးမြန်းရာ ဆက်သရန် လက်ဆောင်တော် ထည်မျိုးအုပ်မျိုး သေတ္ထာ, လောထီးမကစုံနှစ်, ပန်းစိုက်ကျောက်တောင်သုံး, အသီးစားမေးစိုပင်, ထောက်စိုပင်များနှင့် အနောက်မျက်နှာ မိုင်းဆည်စုန်းတူ, မိုးမျဉ်းမြို့ဝန်တို့ မှာစာပါကြောင်းများကိုထွက်ဆိုသည်ဖြစ်၍ သံတို့ကိုဗန်းမော်မြို့တွင် တဲကန္ဒား အစားအစာ ကျွေးမွေးပေးကမ်း ရပ်ဆိုင်းနေစေ၍ ရွှေဘဝါး တော်အောက် သေနာပတိဝန်ကြီးမင်းများထံ လာလူတို့ ထွက်ချက်များ နှင့် လျှောက်ထားလျှင် သေနာပတိစစ်သူကြီးမင်းများက အမရပူရ ပဋမ မြို့တည် နန်းတည် ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီးဘုရားနှင့် ချင်းလုံဥဒည်မင်း,ကြာဆည်ဥဒည်မင်းတို့ ရာဇမဟာမိတ်အဖြစ် ရွှေပေ ရာဇသံစာ လက်ဆောင်ပဏ္ဏာများနှင့် အသေအချာ ခြေရင်းတော်မြို့ အမတ်တို့ကို ဆယ်နှစ် တကြိမ် စေလွှတ်တော်မူကြသည်၊ အနောက်မျက်နှာ မိုင်းဆည်စုန်းတူ, မိုးမျဉ်းမြို့ဝန်တို့ မှာစာများနှင့် စေပါဘူးသည်မရှိ၊ ရွှေပေ ရာဇသံမပါ ရွေးအစဉ်ထုံးစံမကျသည်ကို ရွှေနားတော်ကြား မတင် မလျှောက်သာသေး၊ရွှေပေရာဇသံနှင့်အသေအချာရောက်မှတင်လျှောက် သာမည်-သေနာပတိ စစ်သူကြီးမင်းများက မိန့်ဆိုလိုက်ကြောင်းများနှင့် သံတို့ကိုပြန်ပြောရာ သံတို့လည်း လက်ဆောင်တော်များနှင့် တဝက်လူကို ဗန်းမော်မြို့တွင် ထားခဲ့၍ သံအကြီးပြုသူတို့ ဥဒည်မင်းထံ ရွှေပေရာဇသံ စာရအောင် အနောက် မျက်နှာ မိုင်းဆည်စုန်းတူ, မိုးမျဉ်း မြို့ဝန် တို့နှင့် လျှောက်ထား တောင်းယူခဲ့ပါမည်၊ ဗန်းမော်မြို့ဝန်ထံ ပြောဆို ပြန်သွားကြသည်။

နှစ်စဉ် လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ သဘင်မင်းပွဲ အလှူတော် များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၁၈၃)တထောင့်တရာ့ရှစ်ဆဲ့သုံးခု တန်းခူးလပြည့် ကျော်ငါးရက် ကြာသပတေးနေ့ သုံးချက်တီးကျော် နှစ်နာရီ အချိန်တွင် သကြန်ကျသည်၊ ၎င်းလပြည့်ကျော်ခုနစ်ရက် စနေနေ့ နံနက်နာရီပြည့် အချိန်တွင် အတာနှစ်သစ် သက္ကရာဇ် (၁၁၈၄) တထောင့်ဟာရာ့ရှစ်ဆဲ့လေးခုဟို တက်သည်။

၁၁၈၄—ခု

ဂိတာမြို့ကို ဘွားစားစိရင်ရသော ဂိတာစော်ဘွားက ခြေတော်ဦး ခိုက် အမတ်တို့ကို စေလွှတ်၍ ဆက်သရန် ရှိခိုးလက်ဆောင်တော်များ နှင့် လာရောက်သည်ကို သက္ကရာဇ် (၁၁၈၄) တထောင့် တရာ့ ရှစ်ဆဲ့ လေးခု တန်းခူးလပြည့်ကျော် ဆယ်ရက်နေ့ အဆက်အသအဖူးအမြော် ခံတော်မူပြီးလျှင် ဂိတာစော်ဘွားအမတ်တို့ကိုဟံသာဝတီမြို့ရောက်စီးသွား ရန် လှေ-တက်-လူသူ စားနပ်ရိက္ခာ, ဒဝယ်ကူး သင်းဘော, သမ္ဗန်, မုဏ္ဍာတူး, သင့်သည့် လှေများတွင် စီးနင်းစေ၍ ဒဝယ်မြို့ဝန် အရာရှိတို့က ပလောဝိန်မြို့ရောက် ပို့သကူးသွားစေ-ဝန်တို့က မှာစာ ပေးအပ်ပြီးလျှင် ထိုနှစ် တန်းခူးလ ကြပ်မလာခဲ့ရင်း လူတို့နှင့် ပြန်သွားစေ၏။

ယွန်းကြီးမင်းက စေလွှတ်သည့် သံတို့ကိုလည်း ယိုဒယားလူမျိုးတို့နှင့် ကွေ့လည်ဆန်းပြားတိုင်တပင် ဖြစ်သည်-မဖြစ်သည်များကို စုံစမ်းဆင်ခြင်လျှင် သံအကြီးကာတွေလံ, ဒုဟတ်ပြိန်တို့ စစ်ချက်တွင် ယခုယွန်းကြီးမင်း အဘမသေမီ တိုင်းတော်ပြည်တော်က စေလွှတ်တော်မူကြောင်းကို ကြား ရ၍ မြန်မာ နေထွက်ဘုရင် အရှင့်ထံ ကျွန်တော်ခံ ထမ်းရွက်ရမည်-မှာ ထားခဲ့သည့်အတိုင်း အဘယွန်းကြီးမင်း သေဆုံးသည့်နောက် သားတော် အသက်သုံးဆယ်ရွယ်သူ အဘအရာ အုပ်ထိန်းမင်းပြု၍တနှစ်ကျော်ရှိလျှင် မှူးမတ်တို့က အဘမှာထားရင်း ရှိသည့်နှင့်အညီ တိုင်းတော်ပြည်တော် သို့ ပေါက်ရောက်အောင် သွားနိုင်မည့်သူကို ရွေးချယ်၍ ကျွန်တော့်ကို အထောက်အလှမ်းအစုံအစမ်းသွားရမည်၊ နောက်မှ တင်စာ လျှောက်စာ

ဆက်သရန် လက်ဆောင်တော် များနှင့် စေလွှတ်မည်....ယွန်းကြီးမင်း နှင့် မူးမတ်တို့ တိုင်ပင်ဖြီးလျှင် သင်းဘောတစင်းနှင့် ကျည်းလူနှစ်ဆယ် ကျော်ပေးအပ်၍ သက္ကရာဇ် (၁၁၀၂) တထောင့်တရာ့ရှစ်ဆဲ့နှစ်ခု ပြာသိုလပြည့်ကျော် ခုနစ်ရက်နေ့ ထွက်လာခဲ့ရာ ဒုံနိုင်မြို့, ကျောက်ဖြူမြို့, မာလကာကျွန်း ကျေးရွာများသို့ စခန်းစဉ်အတိုင်း လေးဆဲ့သုံးရက်နှင့် ပလောဝိန်မြို့သို့ဆိုက်ရောက်လျှင်ပလောဝိန်မြို့တွင် ငှက်ကျွန်းငှက်တောင်များကို အအုပ်အချုပ်ခန့်ထားသူ တရုပ်လူမျိုး သိဝကျော်သူနော်ရထာနှင့်တွေ့၍ ငှက်သိုက်တောင် အုပ်ဖွဲ့အဆောင်အယောင်များကို ပြပြီးလျှင် တိုင်းတော်ပြည်တော် သာယာကြောင်းကိုပြောဆို၍ တပ်ရာသိရသောကြောင့် အဖူးအမြော် ရောက်လိုကြောင်းကို ကျွန်တော်က ပြောလျှင် သိဝကျော်သူနော်ရထာနှင့် အတူလိုက်၍ ဆဲ့ခုနစ်ရက်နှင့် မုတ္တမမြို့တပ်တော်သို့ ရောက်ကြောင်း၊မြို့ရွာပုံစံနယ်ပယ် အဝိုင်းအခြား အကွာအဝေး အသုံးအဆောင် အကျင့် များကို အသေ အချာ ထွက်ဆိုသည်ဖြစ်၍ သက္ကရာဇ် (၁၁၀၄) တထောင့်တရာ့ရှစ်ဆဲ့လေးခု ကဆုန် လပြည့်ကျော်ကိုးရက်နေ့ နှစ်သစ်ကာန်တော့ခံအခမ်းအနားတွင် ရွှေနန်းတော်သို့ ဝင်စေ၍ လက်ဆောင်တော်များကို အဆက်အသွယ် ခံတော်မူပြီးလျှင် ယွန်းကြီးမင်း သံအကြီးကာတွေလံကို ငွေသားချိန် တပိသာ၊ အာသန်ဒင်္ဂါးပြားရေတရာ၊ ရခိုင်ဒင်္ဂါးပြားရေငါးဆယ်၊ ကျောက်နီတင်ထက်စွပ်တစ်၊ နီလာတင် လက်စွပ်တစ်၊ ပန်းလက်ချိတ်ပုဆိုးတစ်၊ အညိုလက်ချိတ် ပုဆိုးတစ်၊ကွမ်းစားယွန်းထိုးအစ်တစ်၊ ယွန်းထိုးထမင်းစားအုပ်အစုံ တစ်၊ တင်းဝင်ယွန်းအစ်ကြီးတစ်၊ မြင်းကြိုးကစုံတစ်၊ မြင်းတစ် သနားတော်မူသည်။

သံလတ်ဒူဟတ်မြို့နှင့်ကို ငွေသားချိန်တပိသာ၊ အာသန်ဒင်္ဂါးပြားရေခြောက်ဆယ်၊ ရခိုင်ဒင်္ဂါးပြားရေသုံးဆယ်၊ ကျောက်နီတင်လက်စွပ်တစ်၊ နီလာတင်လက်စွပ် တစ်၊ ပန်းလက်ချိတ်ပုဆိုးတစ်၊ အညိုလက်ချိတ်ပုဆိုးတစ်၊ ကွမ်းစားယွန်းထိုးအစ် တစ်၊ ယွန်းထိုးထမင်းစားအုပ် အစုံ တစ်၊ တင်းဝင်ယွန်းထိုးအစ်ကြီး တစ်၊ မြင်းကြိုးကစုံတစ် မြင်းတစ် သနားတော်မူသည်။

သံတို့နှင့်ပါသည့် လူငယ်တဆဲ့ခုနစ်တို့ကိုလည်းငွေသားချိန် တပိသာ့ခုနစ်ဆယ်၊ အာသန်ဒင်္ဂါးပြားရေ တရာ့ခုနစ်ဆယ်၊ ရခိုင်ဒင်္ဂါးပြားရေ တရာ့ ခုနစ်ဆယ်၊ ဝိုးသားပုဆိုးထည်ရေတဆဲ့ခုနစ်၊ သံသေ့ဇင်္ကျီထည်

ရေ တဆွဲခုနစ်၊ ကွမ်းစားအစ်လုံးရေ တဆွဲခုနစ်၊ ကျောက်စိမ်းစွပ်လက်ကွင်းရေ တဆွဲခုနစ်, နီလာတင်လက်စွပ်ကွင်းရေ တဆွဲခုနစ် သနားတော်မူသည်။

ယွန်းကြီးပြည်သို့လည်း သိရိသူရုနော်ရထာနှင့် အတွင်းတော်မြို့ကို ရွှေးချယ်ဘက်ခန့်၍ခရိုးလမ်းလုံခြုံအောင် ဟံသာဝတီမြို့ကသင်းဘောနှစ်စင်း, အမြောက်, သေနတ်, ခဲယမ်း, မျိုးရိက္ခာအလုံအလောက် ပေးအပ်ခန့်ထား သွားစေ-အမိန့်တော်နှင့် သံဘက်ခန့်သွားစေမည့်သူ သိရိသူရုနော်ရထာကို နေမျိုးတန်ဆောင်ဘွဲ့နှင့် သနားတော်မြတ် ခံရသည့် အဆောင်အရွက်တွင်တိုး၍ ရွှေသားပန်း ကိုး, တမာရွက်ထောင် ကိုး, ရွှေစလွယ်တဆွဲနစ်သွယ်ပေးတော်မူသည်။ နေမျိုးတန်ဆောင်နှင့် အတူ ဘက်ခန့်လူ သိရိစိန္တနော်ရထာ, သိဒ္ဓိနော်ရထာ, စိန္တသိရိဟရုတ်တို့ကို ဒူးနေရာနေတို့နည်း အဆောင်အရွက် ပေးတော်မူ၏။ ငှက်သိုက်တောင်အုပ် တရုပ်သိဝကျော်သူနော်ရထာကိုလည်း ယွန်းကြီးပြည်သို့ သံဘက်ခန့်သွားစေသူ နေမျိုးတန်ဆောင်နှင့်အတူ လိုက်ထမ်းစေသည်။

ယွန်းကြီးမင်းကို သနားတော်မူရန် ပတ္တပြားတင် လက်စွပ်ကွင်းရေနှစ်ဆယ်၊ နီလာတင်လက်စွပ်ကွင်းရေနှစ်ဆယ်၊ ဝိုးစောင်ထည်ရေ တစ်၊ ဝိုးပလာပုဆိုးထည်ရေ နှစ်၊ ဝိုးလက်ချိတ်ပုဆိုးထည်ရေ နှစ်၊ ပယင်းပုတီးကုံးရေတစ်၊ကျောက်စိမ်းတုံးရေတစ်၊ တင်းဝင်ယွန်းထိုးအစ်တစ်၊ နှစ်စိတ်ဝင်ယွန်းထိုးခွက်တစ်၊ တစိတ်ဝင် ယွန်းထိုးခွက်တစ်၊ယွန်းထိုးအုပ်ကြီးတစ်၊ ထမင်းစား ယွန်းထိုးအုပ်ကြီးနှစ်၊ အုပ်နီနှစ်၊ အုပ်ခြေမြင့်တစ်၊ ကလပ်တစ်၊ လက်ဘက်အုပ်တစ်၊ ကွဲကူဆံချိန် ငါးပိသာ၊ ရေနံအိုးလုံးရေသုံးဆယ်၊ ရွှေဥဒေါင်းပတ္တမြားကျောက်အိုတ်တစုံ တံဆိပ်များကိုပေးအပ်၍ ယွန်းကြီးပြည်သို့ စီးသွားရန် ကြိုးရွက်တန်ဆာစုံ သင်းဘောစင်းရေ နှစ်, ခဲယမ်း မီးကျောက်, လမ်းခရီး အသွား အပြန် စားသုံးလောက်အောင် စားနပ်ရိက္ခာ ကြေးငွေများကို ဟံသာဝတီမြို့ကရပ်နေသည့် ဝန်ကြီးသတိုးမင်းလှနော်ရထာ, ရေဝန် အကောက်ဝန်တို့ကပေး၍ ယွန်းကြီးမင်း မူးမတ်တို့သို့ မှာထားရန် ဝန်တို့က မှာစာမှတ်စာ အသေအချာပေးအပ်ပြီးလျှင် ရွှေဘဝါးတော်အောက်က ဖောင်ပန်းလှေတက် ကြည်းလူဆောင်လူ လမ်းစခန်း စားသုံးရန် စရိတ်ကြေးငွေများကို ပေး၍ သတ္တရာဇ် (၁၁၀၄) တထောင့်တရာ့ရှစ်ဆဲ့လေးခု တော်သလင်း လပြည့်ကျော် သုံးရက်နေ့ ရွှေဘဝါးတော်အောက်က စုန်သွားစေ၏။

အာသံပြည်ကို မင်းကြီးမဟာဗန္ဓုလ တိုက်ခိုက်သိမ်းယူခြင်း စသည်နှင့် အာသံဗိုလ်မှူး အသစ်လဲခြင်း

ယင်းသည့် သက္ကရာဇ်အတွင်း ဇူရဟတ်မြို့သို့ တပ်တော်အရောက်စုံညီလျှင် ဇူရဟတ်မြို့တွင် ကုလားစစ်ဗာရီ ဗိုလ်ခြေ ရဲမက်အမှူထမ်း လူသုံးသောင်းကျော် ဆင်မြင်းအလုံးအရင်းနှင့် ဝေသာလီစား စန္ဒရဂန္ဓရှိန်, အမတ် ကောင်ဟယ်ပက္ခံတို့ ကြွေ၍ခံသည်ကို လက်ဝဲကြောင်းဗိုလ် ရာဇာမင်းခေါင်တတပ်၊ နေမျိုးရဲခေါင်နော်ရထာ တတပ်၊ နေမျိုးကျော်ထင် တတပ်၊ တပ်ပါဗိုလ်ရဲမက် အလျှင်ချီ လက်ဝဲကြောင်း အစုအမှူထမ်းပါရဲမက်လက်နက်ကိုင်အမှူထမ်း လူတထောင်ကိုလက်ဝဲစစ်ကဲရာဇာမင်းခေါင် ချုပ်အုပ်စေ၍ လက်ဝဲကြောင်း,လက်ယာကြောင်း စစ်ကဲ နေမျိုးမင်းလှသူရိန်တတပ်၊ အဘယဂါမဏိတတပ်၊ တပ်ရေး လက်ဝဲသိဟနော်ရထာတတပ်၊ တပ်ပါဗိုလ်ရဲမက် လူတထောင်ကို လက်ယာစစ်ကဲ နေမျိုးမင်းလှသူရိန် ချုပ်အုပ်စေ၍ လက်ယာကြောင်း, အာသန်ဗိုလ်မှူး မင်းကြီးမဟာသီလဝတတပ်၊ နာခံမင်းကြီး မဟာနန္ဒကျော်ထင်တတပ်၊ တပ်ရေးနေမျိုးသူရသံတိုင်တတပ်၊ တပ်ပါဗိုလ်ရဲမက် အာသန်မြို့စောင့်အမှူထမ်းပါ လူတထောင့်ငါးရာကို အာသန်ဗိုလ်မှူး မင်းကြီးမဟာသီလဝချုပ်အုပ်စေ၍ ဝမ်းလှိုင်ကြောင်း, ယင်းသို့ သုံးကြောင်းသုံးသွယ် စည်းကြပ်ခန့်ရန်ပြီးလျှင် ခန္ဓီးတပြင် သိမ်းရုံးစည်းကြပ်ရ ကချင် သိန်းပေါ် လူတထောင်ကျော်ပါအမှူထမ်း လူတထောင့်ငါးရာနှင့် ဗိုလ်ချုပ် မင်းကြီးမဟာဗန္ဓုလ နောက်တပ်မပြို၍ တိုက်ခိုက်ကြရာ ဝေသာလီစား ကုလားစစ်ဗာရီ လူမျိုးတို့တပ်မရပ်မခံနိုင်၊ ဆုတ်ခွာထွက်ပြေးသည်ကို ရဲမက်တော်တို့ လိုက်လံထိုးခုတ်ပစ်ခတ်ကြလျှင် သူကောင်အတင်တင် အများသေဆုံးသည်။

နောက် ရဲမက်တော် ဗိုလ်မှူးတပ်မှူးဘို့လည်း ဝေသာလီစား ထွက်ပြေးရာ လိုက်လံဖမ်းဆီးစေရန် ရာဇာမင်းခေါင်တတပ်, အဘယဂါမဏိတတပ်, နေမျိုးမင်းလှသူရိန်တတပ်, နေမျိုးသူရသံတိုင်တတပ်, နေမျိုးရဲခေါင်နော်ရထာတတပ်၊ တပ်ပါဗိုလ်ရဲမက် လူတထောင်ကျော်တို့ကို လွှတ်ပို့ပြီးလျှင် လက်ဝဲစစ်ကဲရာဇာမင်းခေါင်ကို ချုပ်အုပ်စေ၍ နော်ခေါင်မြစ်ကြောင်းကလိုက်စေသည်၊ ကြည်းတပ်ကလည်း ဗိုလ်မှူးတင်မှူးတို့ကို မင်းကြီးမဟာနန္ဒကျော်ထင် ချုပ်အုပ်စေ၍ စစ်နှစ်သက်ညှပ် လိုက်လံတိုက်ခိုက်စေရာ ဝေသာလီဗိုလ်မှူးတပ်မှူးတို့နှင့် စန္ဒရဂန္ဓရှိန် ထွက်ပြေး

သောကြောင့် ဂါဟဏ်မြို့အလုံးကို အလွယ်တကူ သိမ်းရုံးမိလျှင် မင်းဘဏ္ဍာနှင့်စပ်သည်များကိုတပ်မသိုဝှိ၍ဆက်ရသည်။

ရဲမက်တော် ဗိုလ်မှူးတပ်မှူးတို့လည်း စန္ဒရဂန္ဓရိန်ကို မတွေ့မမိသည်နှင့် ယမုနာမြစ်ရိုးကိုလျှောက်၍ အုပ်စည်းမပျက် လိုက်လံရှာဖွေကြရာ ဘင်္ဂါရဟတ်မြို့ စွေး၏ အထွက် တောချုံစေးပျစ်ထူထပ်လှသော မလွာမြစ်အထက်က ဝေသာလီစားစန္ဒရဂန္ဓရိန်ကြိုး၍ခုခံပြန်သည်ကို တွေ့လျှင် ဗိုလ်မှူးတပ်မှူး စစ်ကဲစစ်ကွပ်အပေါင်းတို့လည်း စစ်သည် ရဲမက်တော်တို့ကို ဆော်ဘန်ကွပ်ကဲ၍ တိုက်ခိုက်ကြလေလျှင် ဝေသာလီစား စန္ဒရဂန္ဓရိန်လည်း ကိုယ်သက်လွတ်ရာ ဘင်္ဂလားမြို့သို့ ထွက်ပြေး၍ အင်္ဂလိပ်လူမျိုးတို့ကို ခိုမှီလေ၏။

ဗိုလ်မှူးတပ်မှူးတို့လည်း လက်နက်နိုင်ငံတော်ဖြစ်သော အာသန်ပြည်ကြီးကို တိုက်သိမ်း အောင်မြင်သည့်နောက် ယာနိစော်ဘွား, ဇယန္တာစော်ဘွားတို့ မကျိုးမနွံသည်ကိုတိုက်သိမ်းပြီးမှ ဘင်္ဂါရဟတ်, မထောက်, တိုးလျားစသော အာသန်ပြည်အရံမြို့ပြ ကိုးစော်ဘွားတို့က တန္ခစ်လျှင် ဒင်္ဂါးသုံးသောင်း, ဆင်ပေါက်မရွေကြိုးကစုံ၊ ယာနိစော်ဘွားကလည်း တန္ခစ်လျှင် ဒင်္ဂါးသုံးသောင်း, ဆင်ပေါက်မရွေကြိုးကစုံ၊ ဇယန္တာစော်ဘွားကလည်း နှစ်စဉ် ဆယ်ခိုင်တခိုင် အခွန်တော်ငွေ ဆက်သရန် ခန့်ထားဆင့်ဆို၍ ချီတက်ပြန်ရာ အင်္ဂလပတ်မင်း မန္ဆံမနာသည်ကိုတိုက်သိမ်းအောင်မြင်ပြန်လျှင် အင်္ဂလပတ်မြို့မှာလည်း နန်းရိုးနန်းဆက် မှန်သူကို ဘွားစားမြဘွားစား စိုးအုပ်စေသည်၊ အင်္ဂလပတ်မင်းကလည်း သမီးရင်းနှစ်ယောက်နှင့် ပဏ္ဏာလက်ဆောင်များဆက်သလိုက်သည်။

ဗိုလ်မှူးတပ်မှူးတို့လည်း အသမ သင်္ကဒေဝ မည်သော အာသန်တိုင်းအလုံးကို အနေအထားကျအောင် ခန့်ထားစီမံပျဉ်ဝပ်ခွဲနာစေကြိုးမှ အမိန့်တော်နှင့်အညီ အထက် သမီးကညာဆက်သည့် အာသန်မင်းသမီး ဗန်းမော်မြို့စားသီရိအတုလရတနာဒေဝီမောင်ရင်း ဇော်ရဟိန်ကို-သီရိစန္ဒရသီဟမဟာဓမ္မရာဇာဒွဲမင်းမြောက်တန်ဆာငါးပါးများနှင့်ဗိုလ်မှူးတပ်မှူးစစ်ကဲ နာခံ တပ်အရာရှိ စော်ဘွားမြို့စားအစုံအညီ ထီးနန်းတင်အပ်ခဲ့ပြီးလျှင် အာသန်မြို့, ဂါဟဏ်မြို့မှစ၍ အရံမြို့ပြ ကျေးရွာများမှာ သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွှန့် အဓွန့်ရှည်စွာ ထာဝရမြဲမြံအောင် အထက်အာသန်ဗိုလ်မှူးမင်းကြီးမဟာသီလဝစစ်ကဲနာခံအရာရှိတို့

ကိုစောင့်ထိန်းမြို စောင့်ထိန်းစေ၍ အမတ်ပကွန်းရာဇဒွာ, ဟော်ကြာ, ဘော်ရာ ခန့်ထားသင့်သည့် မြို့ပြကျေးရွာများမှာလည်း အအုပ်အထိန်း အစောင့်အနေ ခန့်ထားခဲ့ပြီးလျှင် ယမုနာမြစ် မြောက်ဘက် တလွှား ဒိုရုံညီ, ဆိုက်, ဒွါ, မထောက်, တိုးလျှားစော်ဘွား, အင်္ဂပတ်မင်းတို့က ဆက်သကြသည့် သမီးကညာများနှင့် အထူးထူးသော ရွှေ, ငွေ, ထည်မျိုး အုပ်မျိုး ပဏ္ဏာလက်ဆောင် တင်စာ လျှောက်စာများကို ဆောင်ယူ၍ တပ်ပါဗိုလ် ရဲမက်တို့နှင့် အုပ်စည်းမပျက် အာသန်တိုင်းပြည်က မင်းကြီး မဟာဗန္ဓုလ ချီထွက်ပြန်လာသည်။

သက္ကရာဇ် (၁၁၈၄) တထောင့်တရာ့ရှစ်ဆဲ့လေးခု နတ်တော်လပြည့် ကျော်ငါးရက်နေ့ ရတနာပူရမြို့တော်အတွင်းထိုးလှိုင်ရှင်ဘုရားအနောက် မြောက် မြေလပ်တွင် နန်းမတော် မိဖုရားခေါင်ကြီး ကုသိုလ်တော် အုတ်ကျောင်းတည်လုပ်ရန် အခါတော်အတိုင်းစ၍ တည်လုပ်စေသည်။

အထက်ဗန်းမော်မြို့ကပြန်သွားသည့် ဥဒည်မင်းသံတို့လည်း အနောက် မျက်နှာ မိုင်းဆည်စုန်းတူ, မိုးမျဉ်းမြို့ဝန်တို့ထံ ပြန်ပြောသည့်ကာလ မိုင်း ဆည်စုန်းတူ,မိုးမျဉ်းမြို့ဝန်တို့က ဥဒည်မင်းထံ တင်လျှောက်၍ ရွှေပေရာဇသံ လက်ဆောင်တော်များကို ထပ်မံပေးအပ်လိုက်သည်နှင့် ဆောင်ယူပြန်လာရာ သက္ကရာဇ် (၁၁၈၄) တထောင့်တရာ့ရှစ်ဆဲ့လေးခု ပြာသို လဆန်းခြောက်ရက်နေ့ ဗန်းမော်မြို့သို့ ဆိုက်ရောက်သည်။

အာသန်ကြောင်းချီ ဗိုလ်မှူးမင်းကြီးမဟာဗန္ဓုလလည်း လက်နက်နိုင်ငံတော်အာသန်တိုင်းပြည်အလုံးကိုတိုက်သိမ်းအောင်မြင်၍ မြို့စားစော်ဘွားတို့ကဆက်သလိုက်သည့် သမီးကညာလက်ဆောင်တော်,ရွှေငွေ ထည်မျိုး အုပ်မျိုးများကိုဆောင်ယူပြန်လာရာ ဂန္ဓာလရာဇ်တိုင်း-တရုပ်ဥဒည်မင်းသံတို့ ဗန်းမော်မြို့သို့ဆိုက်ရောက်သည်နှင့်မရွေးမနှောင်း သက္ကရာဇ်(၁၁၈၄) တထောင့် တရာ့ ရှစ်ဆဲ့ လေးခု ပြာသို လပြည့်ကျော် ငါးရက်နေ့ အာသန်ကြောင်း ချီတက်သည့် ရဲမက်တော် တို့နှင့် အုပ်စည်း မပျက် ဗိုလ်မှူး မင်းကြီး မဟာဗန္ဓုလ ဆိုက်ရောက်ရာ ဗန်းမော်မြို့တွင် သုံးရက် ခန့် ရပ်ဆိုင်း၍ တရုပ်သံတို့ အကြောင်းအရာများကို ကြည့်ရှုမေးမြန်း စုံစမ်းပြီးလျှင် အလုံးစုံဆင့်ဆိုမှာထားရန်ရှိသည်များကို ဗန်းမော်မြို့ဝန်သို့ မှာထား ဆင့်ဆိုခဲ့ပြီး၍ ဗိုလ်မှူး မင်းကြီး မဟာဗန္ဓုလလည်း သိကြားစစ်သည် အပေါင်း တို့ကို အုပ်ချုပ် စီရင်ရသော သေနာဂုဏ်ကုဝေရ

နတ်အတူ ပါသည့် ရဲမက်တော်တို့ကို ရှေ့နောက် အုပ်ချုပ်စည်းကြပ်၍ အောင်တံခွန်ကိုဖြန့်လျက် တပ်ဝိုင်နက် အောင်စည် အောင်မောင်းသံတို့ဖြင့် မြစ်လုံးပဲ့တင်ထပ်မျှ တပ်တော်ချီထွက် စုန်ဆင်းခဲ့ကြသည်ကို ဥဒည် မင်းသံတို့ ရဲမက်တော်ဗိုလ်ခြေအင်အား အလုံးအရင်းများကို မြင်လျှင် အချင်းချင်း အံ့သြပြောပဆိုမှတ်ကြသောဟူ၏။

ဗိုလ်မှူးမင်းကြီး မဟာဗန္ဓုလလည်း သက္ကရာဇ် (၁၁၈၄) တထောင့် တရာ့ရှစ်ဆဲ့လေးခု တပို့တဲ့လဆန်းဆယ်ရက်နေ့ ရတနာပုရမြို့ ရွှေဘဝါး တော်အောက်သို့ ဆိုက်ရောက်သည်။ ။ယင်းသည့် သက္ကရာဇ် တပို့တဲ့ လဆန်း တဆဲ့လေးရက်နေ့ အာသန်မင်းက လျှောက်ထားဆက်သလိုက် သည့် နမတော် ဒါဝရာ,ဆွေရိကန်ငေါရိတို့နှင့် စော်ဘွား မြို့စားတို့က ဆက်သကြသည့် သမီးကညာများကို ရွှေမြို့တော်မြောက်မျက်နှာ မာန် အောင်တံခါးပြင် ဆောက်ထားရှိသည့် တဲကန္ဒားများတွင် အစောင့် အနေ အထိန်းအသိမ်း အစားအစာ အကျွေးအမွေးများနှင့် ထားပြီး လျှင် ပဏ္ဏာလက်ဆောင်တော် ရွှေကြီးငွေစိုင်စသော ထည်မျိုးအုပ်မျိုး ရှိခိုးသံတော်ဦးတင်စာများကို အာသန်ကြောင်းချီ ဗိုလ်မှူးမင်းကြီးမဟာ ဗန္ဓုလက လျှောက်ထားဆက်သသည်။

မင်းကြီး မဟာဗန္ဓုလ သိမ်းရုံးခဲ့သည့် သုံ့ရကုလားစစ်ဗာရီ လူမျိုးတို့ ကိုလည်း အမိန့်တော်နှင့် ရွှေမြို့တော် မြစ်သာချောင်းတောင် သင့်ရာ တွင်ချထား၍ အိမ်ဆောက်လုပ် နေထိုင်စေသည်။ ။မင်းကြီး မဟာ ဗန္ဓုလကိုလည်း အာသန်တိုင်းပြည် မငြိမ်မဝပ် သည်ကို အရေးအရာကုံ တွင်အောင် ထမ်းရွက်သူဖြစ်၍ မင်းကြီးမဟာမင်းခေါင်, မင်းကြီးမဟာ သက်တော်ရှည်, မင်းကြီးမင်းမဟာ, မဟာသေနာပတိတို့နှင့် ဘက်၍ သက္ကရာဇ် (၁၁၈၄) တထောင့်တရာ့ရှစ်ဆဲ့လေးခု တပေါင်းသဆန်း တဆဲ့နှစ်ရက်နေ့ အဂ္ဂမဟာသေနာပတိ ဝန်ကြီးခန့်တော်မူ၏။

အာသန်တိုင်းပြည်မှာလည်း အာသန်ဗိုလ်မှူး မင်းကြီး မဟာသီလဝ နှင့် စစ်ကဲ အရာရှိတို့ ဆင်းရဲသားတို့ကို ညှဉ်းပန်း နှိပ်စက်ကြောင်းနှင့် အာသန်မင်းမှူးမတ်တို့က ရွှေဘဝါး တော်အောက် စေလွှတ်လျှောက် ထား ကြားသိတော်မူရာ ထိုနှစ် တပေါင်းလဆန်း တဆဲ့သုံးရက်နေ့ မင်းကြီး မဟာသီလဝနှင့် စစ်ကဲနာခံအရာရှိတို့ကို နှုတ်ပြီးလျှင် မင်းကြီး မဟာနန္ဒကျော်ထင်ကို အာသန်ဗိုလ်မှူး၊ နေမျိုးသူရကျော်ထင်, ဝေရရွှေ

တောင်နော်ရထာ, ရဲခေါင်စည်သူကျော်, တုရင်ပျံချီ နော်ရထာတို့ကို စစ်ကဲ၊ နတ်ရှင်ဗလကျော်သူ, လက်ဝဲရဲထင်ကျော်, နေမျိုးသိဒ္ဓိကျော်, နော်ရထာကျော်ခေါင်တို့ကို နာခံ၊ သီရိဇေယကျော်စွာ, သာလှရဲထင်, သာလှရဲသူ, ရွှေတောင်နရာခကျော် တို့ကို တပ်ရေး ခန့်ထားတော်မူ၍ အာသန်ပြည်သို့ စေလွှတ်အုပ်ချုပ်ထိန်းသိမ်းစေ၏။ ။ယင်းသည့်နှောင်တရုပ်ဆံရောက်လျှင် ခင်းကျင်းရန် ဒီပဲယင်းမြို့အမှုထမ်းလူငါးရာကို ဒီပဲယင်းမြို့ဝန်နှင့် စစ်ကိုင်းမြို့က ခင်းကျင်း ချရပ်နေရ၏။

အာသန်ကြောင်းချီ ဗိုလ်မှူးမင်းကြီး မဟာဗန္ဓုလတွင် ဆက်သလိုက်သည့် အာသန်မင်းနှမများနှင့် စော်ဘွားတို့သမီးများကို ဆက်သွင်းရန် အခမ်းအနားမှာ အာသန်မင်းနှမတော် ဒါဝရာ, ဆွေရိကုန်ငေါရီတို့ကို အထက်အာသန်မင်းသမီးတို့အစ်မ သီရိအတုလ ရတနာဒေဝီကို ကြိုယူဆက်သွင်းသည့်နည်း၊ ကျန်စော်ဘွားတို့သမီးများကို စော်ဘွား မြို့စားသမီးတို့ကို ကြိုယူဆက်သွင်းသည့်နည်း၊ ယင်းသည့်သတ္တရာဇ် တပေါင်းလဆန်းတဆဲ့လေးရက်နေ့ ကြိုယူဆက်သွင်းရသည်။

အထူးထူးသော တိုင်းကြီးပြည်ကြီး ထီးဆောင်း မင်းများသခင်၊ ရွှေတွင်း, ငွေတွင်း, ဗဟ္ဓုမြားတွင်း, ပယင်းတွင်းစသော ရတနာအပေါင်းတို့၏ အရှင်၊ ရတနာပုံ ရွှေပြည်တော်ကြီးကို ရွှေးဦးလက်မွန် တည်ထောင် ဘန်ဆင်းတော်မူသော ဆဒ္ဒန်ဆင်မင်းသခင်, ဆင်ဖြူမျှားရှင်, ပဉ္စမသင်္ဂါယနာတင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရားလက်တက်တော် အဓိန္ဒတော်မြတ်နှင့် သတ္တရာဇ်(၁၂၂၉) တထောင့်နှစ်ရာ့နှစ်ဆဲ့ကိုးခု ထော်သလင်းလဆန်း ငါးရက်နေ့ကစ၍ အထူးထူးသောရတနာတို့ဖြင့် တင့်တယ်ဆန်းကြယ်စွာသော မှန်နန်းတော်ရွှေ ဇေထဝန်ဆောင်တော်တွင် ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ, မှူးမတ်ပညာရှိတို့နှင့် နှိုင်းညှိတိုင်ပင်ပြီးလျှင် အသင့်ယုတ္တိရှိရာ ကျောက်စာ, စာထစ်းစာဟောင်း, မော်ကွန်း, အဓိန္ဓတော်, နေ့စဉ်မှတ်များနှင့်အညီ သက်လက်စိကုံး ရေးသားသည့် ဒုတိယမဟာရာဇဝင်တော်ကြီး ပဌမတွဲကား ဤတွင်ပြီး၏။

ဥဒည်မင်းကသံရောက်ခြင်း,
အင်းဝသို့ ပြောင်းရွှေ့ စံတော်မူခြင်း စသည်မျှားနှင့်
အက္ကပတ်မြို့မျှားသို့တပ်တော်မျှားချီတက်ရခြင်း

ဗန်းမော်မြို့ဝန် မဟာသီရိသီဟသူကလည်း ဂန္ဓာလရာဇ်တို့ဝင်း တရုပ်ပြည် တောက်ကွန် ဥဒည်မင်းက ရမ့်တာလောရဲ့,ရင့်ဆင်ရဲတို့ကိုသံအကြိုး၊ စောလောစုံ, တုံလောစုံ, လဆင်ရဲတို့ကို သံလတ် ခန့်ထားပြီးလျှင် ရွှေပေရာဇသံစာ, ပဏ္ဏာလက်ဆောင်တော်, ထည်မျိုးအုပ်မျိုး, ကတိုးဆေးဝါး, ထောက်စို့ မေးစို့,, ပင်ထူး သီးထူးများနှင့် ဗန်းမော်မြို့သို့ ဆိုက်ရောက်ကြောင်းများကို လျှောက်ထား လာရောက်လျှင် ဗန်းမော် မြို့ဝန်ကိုယ်ဖောင်ပန်း လွှတက် ကြဉ်းလူဆောင်လူများနှင့် ကြပ်မဆောင်ယူ၍ ရွှေဘဝါးတော်အောက် လာစေ-အမိန့်တော်နှင့် ထိုနှစ် တပေါင်းလပြည့်ကျော် တဆဲ့နှစ်ရက်နေ့ ဗန်းမော်မြို့ဝန် ကြီးကြပ်ဆောင်ယူလာရာ၊ အညာမြစ်စဉ် မြို့ကျေးရွာများက တဲကန္ဒား အလျှောက် အပတ် ဆောက်လုပ်၍ စားနပ်ရိက္ခာ ကျွေးမွေး ပေးကမ်းရ၏။

ရွှေဘဝါးတော်အောက်က သံကြို ခန့်ထားသည့် အကြီးအကြပ် မှူးတော် မတ်တော် တို့လည်း ယင်းသည့် သတ္တရာဇ် တန်းခူး လပြည့်ကျော် ခုနစ်ရက်နေ့ မင်းကွန်း ရှားရောင်းကျန်းရောက် ကြိုဆိုရ၏။ ရှားရောင်း ရွာဆိပ်က လှော်ကားပရိတ်ချည်သုံးဆင့်, ဦးငှက်ပျံရုပ် လေး, ပဲ့ငှက်ပျံရုပ် ခြောက်, ဦးပဲ့ တဘက် ဘရုံတုံး, ပဲ့ဘီတုရင် ခင်းတုရင်, အမိုးအုံနီ တော်ဆောင် လှော်ကားတွင် ရာဇသံစာကို ရွှေသားကလပ်နှင့်တင်၍ အမိန့်တော်ရေး နေမျိုးသီရိဇေယနော်ရထာ ဝိုက်ချီလိုက်ရသည်၊ ၎င်းနောက် ဆက်သရန် လက်ဆောင်တော် သေတ္တာများကို အမိုးဝိတ်ဖွဲ့မွမ်း အနားကြက်လည်ဆံ သတောင်းလည်ချ ဆယ်လံသမ္မန်နှင့် တင်ဆောင်ပြီးလျှင် ဆွဲလှေနှစ် ဆွဲဆောင်စေပြီးမှ ခတ်လှေခြောက်စင်းတွင် သံတို့ကိုစီးစေ၍ ရွှေလှေရွှေလောင်း တဆယ်ကျော် ခင်းကျင်းလိုက်ရသည်၊ ၎င်းနောက် ဝန်ထောက် မင်းကြီးမဟာနန္ဒသကြီး၊နာခံနေမျိုးမင်းလှ၊စာရေးကြီး နေမျိုးစည်သူကျော်ထင်၊ ကင်းဝန် မဟာမင်းလှကျော်စွာ၊ ရွှေတိုက်ဝန် မင်းကြီးမဟာစည်သူ၊ မြို့လတ်ဝန် မင်းကြီးမင်းခေါင်ကျော်၊ နန်းမတော် မိဖုရားခေါင်ကြီးဝန် မင်းကြီးကျော်ထင်၊ ငွေခွန်ဝန် နေမျိုး မဟာမင်းခေါင်၊ တလုပ်မြို့ဝန် မင်းလှ မင်းထင်၊ အောက်မားဝန် မဟာ မင်းလှမင်းထင်၊

စီးတော်မြင်းဝန် မဟာမင်းကျော်သခိ်ယာ၊ယွန်းစုဝန်မင်းလှမင်းငယ်ကျော်တို့သနားတော်မြတ်ခံရသည့် တော်ဆောင် လှော်ကားများနှင့် လက်သင်လှော်လှေ လှော်လောင်းအများခင်းကျင်းကြိုယှဉ်ကြ၍ ရွှေကြက်ယက် ဆိပ်ကမ်းသို့ရောက်ကာလ ရွှေပေရာဇယံကို ရဲကတင် ဆင်ထက် အမိန့်တော်ရေး ဝိုက်ချိုမြ ဝိုက်ချိုလိုက်ရ၏။ လက်ဆောင်တော်သေတ္တာများမှာလည်း ထမံးစင်နှင့် တင်ဆောင်ပြီးလျှင် လှေသား‌တို့ ထမံးဆောင်ရ၏၊ သံအကြီးတို့မှာ သက္ကလတ် ရွှေကြယ်တပ်, က-ကတောင်စုံမြင်းသုံး၊ သံအလတ်တို့မှာ သက္ကလတ်ကြီး တန်ဆာစုံ မြင်းတဆယ်များကို စီးနင်းစေ၍ သံကဲတွင် ကြီးကြပ် စောင့်နေမည့်သူ တရားသူကြီး နေမျိုးသူရသကြီ, နေမျိုးသူရသခိ်ယာ, သံခံမင်းငယ်သီရိ, အဝေးရောက်စာရေး နရာသိခ်သူ, လက်ဆောင်တော် စာရေး နေမျိုးနရာကျော်သူ, အမိန့်တော်ရေး စည်သူရန်ကုမိတ်,အမိန့်တော်ရေး သီဟစည်သူတို့ကြီးကြပ်၍ သံတဲရောက် ဆောင်ယူရ၏၊ သံတဲမှာလည်း အစောင့်အစု အမှုထမ်းသေနတ်တရာ၊ သံတဲဝင်းပြင် လေးမျက်နှာမှာလည်း ထောင်မှူး နေမျိုးရဲထွတ်ကျော်ထင်,မြို့စာရေး နေမျိုးစည်သူ, သီဟကျော်ထင်,သူရဟိုဏ်,ထောင်စဉ် နော်ရထာ ရဲခေါင်ကျော်တို့ကို ခြောက်ကြောင်းအစု အမှုထမ်းသေနတ်ကိုင်တရာ၊ ဝင်း လေးမျက်နှာ ဒိုင်းကာ အမှုထမ်းလေးဆယ်များကို ပေးအပ် စောင့်နေစေ၏၊ သံတို့ကိုလည်း တရုပ်ဝန်, တရုပ်စာရေး, အသုံးစာရေး, ကျိုက်စာရေးတို့ကို ဆိုင်ရာ ဆင့်ဆို အစား‌အစာ လုံလောက်အောင် စောင့်နေ ကြပ်မကျွေးမွေးရ၏၊ သံတို့ရောက်၍ သုံးရက်ခန့် ရှိလျှင် ရာဇသံ အကူးအယူဝန်ထောက် မင်းကြီးမဟာနန္ဒသကြီ၊ မုတ္တမမြို့ဝန် မင်းကြီး မဟာဥဇနာ၊ တလုပ်မြို့ဝန် မင်းလှမင်းထင်၊ ဆင်မင်းဝန် မဟာမင်းလှသခိ်ယာ၊ အောက်မာ‌းဝန် မဟာမင်းလှမင်းထင်၊စီးတော်မြင်းဝန် မဟာမင်းကျော်သခိ်ယာ၊ နာခံပြေ့ကြီးမှူး မဟာဇေယ်သခိ်ယာ၊ စာရေးကြီး နေမျိုးရာဇကျော်ထင်တို့ သနားတော်မြတ် ခံရသည့် အဆောင် အယောင်များနှင့် ရွှေရုံးကသံတဲအနီး ဆောက်ထားရှိသည့် စကားပြောတဲသို့သွား၍ သံတို့ကို ခေါ်ပြီးလျှင် တန်ဆောင်းတွင်ထားသည့် ရာဇသံစာကို မှူးတော်မတ်တော်တို့နှင့် တရုပ်သံတို့ အစုံအညီ ဆောင်ယူ၍ အာ‌ဏာရာမပျက် တရုပ်စကားပြန် တရုပ်စာတတ် တရုပ်တန်းကြီးနေငရွှေကျော်, ငလောဆိပ်, ငလောရွှေ, ငလောရည်, ငရွှေစင်တို့ ကူးယူပြန်ဆိုမြဲ ပြန်ဆိုစေပြီးမှ ပြန်လာကြ၏။ ။ ရာဇသံစာ အဓိပ္ပါယ်မှာ ပြည်ကြီးနှစ်ပြည် မဟာမိတ်အဖြစ် ခြေင် သာ

ယာစွာ သာရကီယ, သမ္မောဒနီယ မင်းထိုက်စိုးတန် စကားများပါသည်။ နှစ်စဉ်ခင်းကျင်း လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆွဲနှစ်ရာသီ မင်းပွဲသဘင် အလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၁၀၄) တထောင့်တရာ့ ရှစ်ဆဲ့လေးခု ကဆုန်လဆန်း နှစ်ရက် သောကြာနေ့ ညဉ့်တချက်တီးကျော်၊ နှစ်နာရီ နှစ်ပါဒအချိန် သင်္ကြန်ကျသည်၊ ၎င်းလဆန်းငါးရက်နေ့ အတာနှစ်သစ် သက္ကရာဇ် (၁၁၀၅) တထောင့်တရာ့ ရှစ်ဆဲ့ငါးခုသို့ တက်သည်။

၁၁၀၅—ခု

ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း ထိုနှစ် ရတနာပူရမြို့သို့ ပြောင်းရွှေ့ စံတော်မူမည်ကို မြို့တော် နန်းတော်မှစ၍ လုပ်ဆောင်ဆဲအခါ ဖြစ်သောကြောင့် ကျွန်းဦးစံနန်းတော်, ပုခန်းရပ်စံနန်းတော်, နန်းမြို့တော်အတွင်း စံနန်းတော်, ထိုသုံးရပ်များတွင်အလှည့်အလည် စံနေတော်မူကြိုက် ဂန္ဓာလရာဇ်တိုင်း တရပ်ဥဒဉ်မင်းက ဆက်သရန် လက်ဆောင်ရွေးပေရာဇသံစာများနှင့် ရွှေဘဝါးတော်အောက်ရောက်သည်ကို နှစ်သစ်ကန်တော့ပွဲတော်နှင့် ကြိုမ်ကြိုက်သည်၊ ယင်းရဲဖောင်တော်ဆိပ် ရတနာရွှေဖောင်တော်နှင့် နှစ်သစ် ကန်တော့ပွဲတွင် တရပ်သံတို့ကို အတွေ့ခံမည်- အမိန့်တော်အရ ရတနာပူရ ရွှေမြို့ထောမာန်အောင်တံခါး အရှေ့မြောက် ရန်အောင်မြင်တက်ဆိပ် လမ်းမကသည် စံတော်မူရန် ယင်းရဲဖောင်တော်အနီး ရတနာ ရွှေဖောင်တော် ရွှေဝင်းတံခါးရောက် တပ်မှူးတပ်အုပ်ဆိုင်ရာ အမှူးအကြီးတို့နှင့် လှည်းရထားတင် အမြောက်နှစ်, သေနတ် အမှုထမ်း တထောင့်နှစ်ရာကျော်, ညောင်ရမ်းမင်းထမ်း, စလင်းမင်းသားထမ်း လူနှစ်ထောင့် ငါးရာကျော်, မြင်းနှင့်မြင်းစီးသူရဲ ငါးရာကျော်, ရန်အောင်မြင်တက်ဆိပ် လမ်းဆုံကသည် တောင်ကိုလျှောက်၍ လက်ဝဲလက်ယာ တပ်မှူးတပ်အုပ် အစုဆိုင်ရာ အမှူးအကြီးတို့နှင့် လှည်းရထားတင် အမြောက်နှစ်, ရဲကတင်ဆင်နှစ်, မြင်းနှင့်မြင်းစီးသူရဲတဆယ်, ဝန်တော်အိမ်ထမ်းလူတထောင်ကျော်, ရန်အောင်မြင်တက်ဆိပ်လမ်းအနောက် ပြလမ်းဆုံးက တောင်ကို လက်ဝဲလက်ယာလျှောက်၍ တပ်မှူးတပ်အုပ် အစုဆိုင်ရာ အမှူးအကြီး တို့နှင့်

လှည်းရထားတင်အမြောက်နှစ်, ရဲကတင်ဆင်နှစ်, မြင်းနှင့် မြင်းစီးသူရဲ တဆယ်ကျော်,တလုပ်မြို့သင်းသေနတ်အမှုထမ်းငါးရာကျော်။မာန်အောင် တံခါးအရှေ့ပြုလမ်းဆုံးက တောင်ကို လက်ဝဲလက်ယာလှေ့ာက်၍ လှည်း ရထားတင်အမြေ့ာ်နှစ်, ရဲကတင်ဆင်နှစ်, မြင်းနှင့်မြင်းစီးသူရဲ တဆယ် ကျော်, ပုခန်းကြီးမြို့သင်းသေနတ်အမှုထမ်း ငါးရာကျော်။ မာန်အောင် တံခါးမြစ်ဆိပ်လမ်းက သူဌေးသူကြွယ်တို့ အိမ်စဉ်ကုန် လက်ဝဲလက်ယာ လှေ့ာက်၍ လှည်းရထားတင်အမြောက် နှစ်, ရဲကတင်ဆင် နှစ်,မြင်းနှင့် မြင်းစီးသူရဲ တဆယ်ကျော်, ပုခန်းကြီးမြို့သင်း သေနတ်အမှုထမ်း ငါးရာ ကျော်, ရတနာ ရွှေဖောင်တော် ဝင်းတော်ပတ်လည် တပ်မှူးတပ်အုပ် အစုဆိုင်ရာ အမှူးအကြီး တို့နှင့် အမှုထမ်း သေနတ်, ဒိုင်းကာ လေး လှံစွဲ အမှုထမ်း လူတထောင်ကျော်၊ ရတနာ ရွှေဖောင်တော် ဝင်း အတွင်း သူရဲကြီး အလံ, ဝင်းမှတ်အလံ များနှင့် အမြောက် အမှုထမ်း သူရဲအမှုထမ်း, ဝင်းလေးမျက်နှာ အမှုထမ်း ဆင်မြေ့ာင်းသေနတ်အမှုထမ်း လူတထောင့်ခုနစ်ရာကျော်၊ခြောက်ကြောင်းသေနတ်အမှုထမ်းနှစ်ထောင် ကျော်၊ အတွင်းကိုယ်ရံတော် သေနတ်အမှုထမ်း လူ နှစ်ထောင့်ငါးရာ ကျော်၊ ရတနာရွှေဖောင်တော် ဝင်းအတွင်း စံနန်းတော်ဦး ထီးရုံအနီး ဘောက်ထားရှိသည့်တန်ဆောင်အတွင်း ဆဒ္ဒန်ဆင်မင်းကိုလည်း ဆောင် ယောင်ခမ်းနားနှင့်တကွ အာဘိုးအနွယ်ထိုက်သော အဆင်တန်ဆာစုံ ဆင် ယင်သွင်းထား၍ ဆင်မင်းဝန်အရာရှိတို့ ကြိုးကြပ် စောင့်နေစေပြီးလျှင် ဆင်ရုံနှစ်ဆယ်ကျော်၊ ဆိုင်ရာအစုအမှုထမ်းတို့နှင့် ဆင်မင်း တပ်ကိုလည်း စီစဉ်ခင်းကျင်းထားရှု၏၊ ၎င်းပြင် ရွှေမြို့တော် အရှေ့မြောက်ထောင့်က သည် အနောက်ကို ယိုးဒယားတံခါးရောက် ဒုတ္ထာဝတီမြစ်အရှေ့ ကမ်း နဖူး၊ ဇေယာပူရစစ်ကိုင်းမြို့ ရောဝတီမြစ်ကမ်းနဖူး ဝဲယာမျှားမှာလည်း ဝန်စုဆိုင်ရာ အကြီးအမှူးတို့နှင့် ဝင်းရွေးဟိုင်းဟံစသော ဆင်ဝန်-ဝန်စု၊ အောက်မား၀န်-ဝန်စု၊ ဦးကင်းချင်းစပ်မှ ဦးစီးနောက်ပွဲအစုံနှင့် များစွာ သော ကြိုးလုံးနီတင်ဆင်တပ်၊ အလုံသင်း ဒီဝဲယင်းသင်းမှစ၍ အမှုထမ်း သင်း သေနတ်လေးထောင်ကျော် တပ်စဉ်မပျက် ခင်းကျင်းထားရှု၏။

စံတော်မူရန် ပြည်ကြီးမွန်ဖောင်ကြီးကိုလည်း ယင်းရဲဖောင်တော်ဆိပ် က ခင်းကျင်းထားရှု၏၊ ရတနာရွှေဖောင်တော်နှင့် မနီးမဝေး ဆင်မင်း ဖောင်တော်ကိုလည်း ခင်းကျင်းထားရှု၏။

ရတနာရွှေဖောင်တော်က ဧရာဝတီမြစ်ကမ်းကို လျှောက်၍လည်း ကရဝိက်ဖောင်တော်, လက်ရွေးကြိုးလှော်ကားတော်, လက်သစ်လှော်ကားတော်, ပြည်လုံးအံ့ လှော်ကားတော်, ရွှေးကြိုး လှော်ကား တော်မှစ၍ မရေတွက်နိုင်သော ဖောင်တော်,လှော်ကားတော်, ကူရွှပ်, သမ္မန်, ကတ္တူလွန်းကြင်, ဇလာကပင်,သားလှေ, ငှက်လှေ, ရွှေလှေရွှေလောင်းတို့ကိုလည်း မြစ်ကြောင်းပြည့်မျှ ထောင်ကဲ့ ပဲ့နင်း တက်စွဲ အမှုထမ်းအစုံနှင့် ခင်းကျင်းထားရ၏။

ရတနာ ရွှေဖောင်တော် ဝင်းတော် အတွင်း စံနန်းတော်ရှေ ထီးရုံတော်တွင်လည်း သဘင်စုံခံရန် အတွင်းဆိုင်း အတီးအက, မြန်မာဇာတ်ကြီး အတီးအက, ယိုးဒယားဇာတ်ကြီး အတီးအက,မွန်ဆိုင်းအတီးအက, ကျွမ်းထိုး, တိုင်တက်,ကြိမ်တန်းလျှောက်မှစ၍ ပဲ့သဘင်စုံ စီစဉ်ခင်းကျင်းထားရ၏။

ရတနာ ရွှေဖောင်တော်အတွင်း စံနန်းတော်ရှေ ဝဲယာများမှာလည်း ဆိုင်ရာ အမှူးအကြီးတို့နှင့် ရထားတော်ကြီးဆူရေနှစ်၊ မြင်းကရထားရှစ်၊ စာမရီဆင် မြင်းတော်နှစ်၊ ရွှေကြိုးရွှေကစုံစီးတော်မြင်း လေး၊ ဘလာရွှေကြိုးဆင် ဆင်တော်နှစ်၊ ရွှေကွန်ချာအုပ်ဆင်တော် နှစ်၊ ထီးဖြူတော် ဆောက် ဆင်တော် တစ်၊ နန်းပေါင်းတင် ဆင်တော်တစ်၊ ပေါင်းဝန်းတင် ဆင်တော်တစ်၊ သေဠာလိတင်ဆင်တော်တစ်၊ ရဲကတင် ဆင်တော် တဆွဲသုံး၊ သတ္တဒါန်တင် ဆင်တော်တစ်၊ ရထားဆွဲမြင်းစီးကုန်း-လယ်စီး ဦးစီးနောက်ပဲ့အစုံ၊ ဆင်ခြေဖုံးမိုးနဲရွှေလှံပါအမှူထမ်း လူတထောင့်ရှစ်ရာ ခင်းကျင်းထားရ၏။

ပြည်ကြီးမွန်ဖောင်တော်အနီး မင်းစီးလှော်ကားတော်လှေတော်ဆိုက်ထားသည့်ရွှေကိုလည်း လွှတ်တော်,ရုံးတော်,နေရာနေ မင်းညီမင်းသား, စောဘွားမြို့စား, မှူးတော်မတ်တော်, စုရေးစုကိုင်, သူဌေးသူကြွယ်တို့ ရောဝတီ,ဒုတ္တာဝတီမြစ်ကမ်းများကိုလျှောက်၍ နေရာတော်အစဉ်အတိုင်း တဲကန္ဒားအလျောက်အပတ် ဆောက်လုပ်ခင်းကျင်း နေထိုင်ကြရ၏။

အဓိအစဉ် အခမ်းအနား အလုံးစုံ ပြီးပြေလျှင် ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း သတ္တရာဇ် (၁၁၀၅)တထောင့်တရာ့ရှစ်ဆွဲငါးခု ကဆုန်လဆန်း တဆွဲငါးရက်နေ့ ရတနာပူရ နန်းမြို့တော် အတွင်းစံနန်းတော်က နှစ်သစ် ကန်တော်ခံတော်မူရန် ရတနာထမ်းစင်နှင့် ရတနာရွှေဖောင်တော်သို့ ထွက်စံတော်မူ၏။

ယင်းသည့်နေ့ပင်ဥဒည်မင်းသံတို့နှင့်ပါသည့် ရွှေပေရာဇသံစာ လက်ဆောင်တော်များကို ရှေးအစဉ်ထုံးစံရှိသည့်အတိုင်း ရွှေကြွက်ယက် သံတဲကသည် မြစ်ဆိပ်ရောက် ရွှေဖျားစမြောင် သိုင်းနှင့်နှစ်, ရဂၤတင် ဆင်ထက် ရွှေပေရာဇသံကို ရွှေသားကလပ်တွင်တင်ဆောင်၍ အမိန့်တော်ရေး ဝိုက်ချီစေပြီးမှ လက်ဆောင်တော်များကို ထမ်းစင်နှင့် တင်ဆောင်ပြီးလျှင် သင်းသေနတ်အမှုထမ်း နှစ်ဆယ်ကျော် ဝဲယာ ခင်းကျင်းလျက် သံတို့ကို ဆင်သုံးစီးမှာ တင်ပြီးလျှင် သံအကြီးအကြပ် အရာရှိတို့ဆောင်ယူ၍ မြစ်ဆိပ်သို့ ရောက်ကာလ ရာဇသံစာကို တော်ဆောင်လှော်ကားမှာ တင်ဆောင် ဝိုက်ချီမြှသူဝိုက်ချီစေ၍ လက်ဆောင်တော်များကို တင်ဆောင်မြဲ သမ္မန်တွင် တင်ဆောင်စေပြီးမှ သံတို့မှာ ခတ်လှေ သုံးစင်း, ဒုံနောက်ပါလူငယ်တို့မှာ ခြောက်စင်း ပေးအပ်တင်ဆောင်၍ ခတ်လှေလှော်လှေ တဆယ်ကျော် ခင်းကျင်းလိုက်စေရသည်၊ သံ အကြီးအကြပ် အရာရှိတို့လည်း ကြီးကြပ် လိုက်ကြရ၏၊ ရန်အောင်မြင်ဆိပ် လမ်းမသို့ ရောက်လျှင် ရွှေကြွက်ယက် သံတဲက မြစ်ဆိပ်ရောက် ကြိုယူသည့်နည်း သံတို့ကို မြင်းစီးရသုံး, နောက်ပါလူငယ်တို့မှာ မြင်းစီးရေတဆယ် ပေးအပ်ဆောင်ယူ ကြီးကြပ်လာရာ မာန်အောင် တံခါးပြင် မြစ်ဆိပ်လမ်းဆုံသို့ရောက်လျှင် သံတို့ကို မြစ်ကဆင်းစေ၍ ရွှေရုံးတော်ရောက်ခြေကျင် ကြီးကြပ် ဆောင်ယူရောက်ကာလ ရွှေရုံးတော်တွင်ချထားရပ်ဆိုင်းနေစေ၍ နေရာနေ မင်းညီမင်းသား စော်ဘွား မြို့စား မှူးတော် မတ်တော် သူဌေးသူကြွယ်တို့ အခမ်းအနားနှင့် နှစ်သစ်ကန်တော့ ရတနာရွှေဖောင်ဘော်သို့ ဝင်ကြသည်ကို ဥဒည်မင်းသံတို့ကို ကြည့်မြင်စေပြီးမှ နေရာနေမင်းညီမင်းသား မှစ၍ ကန်တော့ အခမ်းအနား အရောက် စုံညီလျှင် ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရား မကိုင့်တန်ဆာ ဆင်ယင်တော်မှ၍ သိကြားမင်းအသရေကိုဆောင်တော်မူလျက် မိဖုရားခေါင်ကြီးနှင့်တကွ ရတနာရွှေဖောင်တော် ရာဇပလ္လင်တော်သို့ ထွက်စံတော်မူ၍ ဘိသိက်တော်ဆက် ဘုရားအလှူတော်များကို ဖတ်လျှောက်တင်လှူစေသည်၊ ဘုရားခုနစ်ဆူ အလှူတော် ရွှေတော်က ထွက်မိလျှင် သံတို့ကို အကြီးအကြပ် စကားပြန်တို့နှင့် ဝင်စေ၍ ဝင်းတော် တံခါးအထွင်းသို့ ရောက်လျှင် ရတနာရွှေဖောင်တော်ရွှေ ဖောင်ယှဉ်က ရွှေပေရာဇသံစာနှင့် သံတို့တက်စေ၍ ရွှေပေရာဇသံစာမှာ ရှစ်ထောင့် ကွမ်းခွက်နှင့် ဝိုက်ချီရင်းသူအမိန့်တော်ရေး ရွှေတော်တူရွတ်တွင် ထားရသည်၊ သံတို့မှာ

ရတနာ ရွှေဖောင်တော်ဦး ရွှေဆောင်ခါးပန်းပြင် ရွှေတော်တူရွ နာခံပြေ့ကြီးမှူး နေသည့်နောက်က ချထားနေရသည်၊ သံတို့ကို အဆောင်တော်မြေ လူပျိုတော်တို့ ကွမ်းပွဲ, လက်ဘက်ပွဲ, ရေတကောင်း, ရွှေဖလား အုပ်များကိုတည်စေသည်၊ ငြိမ်သက်လျှင် ဥဒဉ်မင်းရာဇသံစာ ပြန်ချက်ကို ယွန်းပေါင် ပုရပိုက်နှင့် နာခံပြေ့ကြီးမှူး မဟာ သီရိဇေယသန်ဓာတုပ်ပျက်၍ ဖတ်လျှောက်ရ၏။

ရာဇသံကား.....သိကြားနတ်မင်း မစ၍ အရှေ့မျက်နှာ တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့ကို အစိုးရတော်မူသော နောင်တော်တောက်ကွန် ဥဒဉ်မင်း ချစ်ကြည်စွာ ကြားရောက် ပါသည်-အနောက်မျက်နှာတိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့ကို အစိုးရတော်မူသော ဆဒ္ဒန်ဆင်မင့်းသခင်, ဆင်ဖြူများရှင်, လက်နက် စကြဝဿခင်, ရွှေတွင်း ငွေတွင်း ပတ္တမြားတွင်း ကျောက်စိမ်းတွင်း ပယင်းတွင်းများသခင်, ညိုတော် နေထွက်ဘုရင် ရွှေနန်းရှင်.....နောင်တော်တို့တိုင်းပြည်နှင့် ညိုတော်တို့တိုင်းပြည်သည် ဘေးလောင်းတော် ဘိုးလောင်းတော်အဆက်ဆက် ဆယ်နှစ်တကြိမ်သံတမန်စေပါပေါက်ရောက်မြဲထုံးစံရှိသည့်အတိုင်း ဆံ-ရမ့်တာလောရဲ, ရင့်ဆင်ရဲ, စောလောစုံ,တုံလောစုံ,လဆင်ရဲတို့ကိုစေလွှတ်ပါသည်၊ နောင်တော်တိုင်းပြည်မှာလည်း နောင်တော်မှစ၍ မင်းမိဖုရား သားတော် သမီးတော် ဆွေတော်မျိုးတော် မှူးတော်မတ်တော်တို့ ကျန်ခဲ့သာယာ ကြပါသည်၊ ညိုတော်နေထွက်ဘုရင် တိုင်းပြည်မှာလည်း ရွှေနန်းရှင်မှစ၍ မင်းမိဖုရား သားတော် သမီးတော် ဆွေတော်မျိုးတော် မှူးတော်မတ်တော်တို့ ကျန်းခဲ့သာယာကြောင်းများကို သိလိုသောကြောင့် တောတောင် ခရီးလမ်း ခက်ခဲ ကွာဝေးသော်လည်း နောင်တော်က ရာဇသံလက်ဆောင်တော်များနှင့်သံတမန်စေလွှတ်ဆက်သပါသည်၊ နှစ်ပြည့် တပြည့် ရွှေနှစ်ပြားတပြားတည်းကဲ့သို့ ချစ်ကြည်ကြသည့်အတိုင်း ဆက်သသည့် လက်ဆောင်တော်ကို သိမ်းယူတော်မူပါ။ နောင်တော်က စေသည့်သံတို့ကို လရက်မရှည်မကြာ ပြန်လာပါစေ၊ သံတို့ပြန်ရောက်လျှင် ညိုတော်ရွှေနန်းရှင့်မျက်နှာကို မြင်ရသကဲ့သို့ရှိပါမည်-ညိုတော် နေထွက်ဘုရင် ရွှေနန်းရှင်။ ။ရာဇသံ စာကို နာခံ ပြေ့ကြီးမှူး ဖတ်လျှောက် ပြီးလျှင် ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီးဘုရား သံတို့ကိုမေးမြမေးတော်မူ၍ လျှောက်မြဲလျှောက်ရသည်။

ဥဒည်မင်းက ဆက်သလိုက်သည့် လက်ဆောင်တော်ကား....

ဆွမ်သိန်ဒရောင်ဘဝါခံသားမွေးအင်္ကျီနှစ်၊ မိုးကြိုးရောင် ဘကြီးခံသားမွေးအင်္ကျီတစ်၊ ရင်သိန်ဆေးထည့် သေတ္တာငယ် တစ်၊ ဘန်ဖြူ လက်ဘက်ရည်သောက် အဖုံးအောက်ခံပါ သေတ္တာငယ် နှစ်၊ ကတ္တီပါလိပ်ရေရှစ်၊ ဘဲလိပ်ရေ သုံးဆဲ့ကိုး၊ ဘယောအုပ်ရေသုံးဆယ်၊ ရွှေဆကာလိပ်ရေနှစ်၊ လက်ဘက်ရည်သောက် ပန်းကန် တရာ့ကိုးဆယ်၊ ကော်ဇောထည်ရေနှစ်ဆယ်၊ စက္ကူသေတ္တာလုံးရေငါး၊ အိတ်ရှဲ့လုံးရေနှစ်ဆယ်၊ ယပ်စင်းရေတရာ၊လောထီးမကစုံနှစ်၊ တရုပ်မြင်းကစုံနှစ်၊ပန်းစိုက်ကျောက်တောင်ကြီးနှစ်၊ ပန်းစိုက်ကျောက်တောင်ငယ်လေး အသီးစားထောက်စွဲပင်တစ်၊ အသီးစား မေးစို့ပင်တစ်၊ ဆွဝါပန်းပင်တစ် များကို အဆက်အသာခံတော်မူသည်။

ဥဒည်မင်းက ဆက်သလိုက်သည့် ရွှေပေရာဇသံ လက်ဆောင်တော်များနှင့် သံတို့ကို အဖူးအမြော် အဆက်အသ ခံတော်မူပြီးနောက် နေရာနေ မင်းညီမင်းသား စော်ဘွားမြို့စား မှူးတော် မတ်တော် သူဌေး သူကြွယ်တို့ ကန်တော့ကြရသည်၊ နောက် နာရီ ရွှေမောင်းခတ်၍ ဝင်စည်တော်ရွှမ်းလျှင် ရတနာရွှေဖောင်တော် ရာဇပလ္လင်ထက်က သက်တော်မူသည်၊ နောက် နေရာနေ မင်းညီ မင်းသား စော်ဘွားမြို့စား မှူးတော် မတ်တော်တို့ နေရာကမဆင်းမီ သံတို့ကိုအကြိုးအကြပ် စကားပြန်တို့နှင့် ဆဒ္ဒန်ဆင်မင်းကို ဖူးမြော်စေပြီးလျှင် ရွှေရုံးတော်ရောက် ဆောင်ယူရပ်နေစေ၍ မင်းညီမင်းသား စော်ဘွားမြို့စား မှူးတော် မတ်တော်တို့ နှစ်သစ် ကန်တော့ပွဲအထွက်ကိုကြည့်မြင်စေပြီးမှ ရွှေရုံးတော်ကသံတဲ့ရောက် ကြိုးကြပ်ဆောင်ယူမြဲ ဆောင်ယူပို့ရ၏။

ယင်းသည့် ကဆုန်လပြည့်ကျော် သုံးရက်နေ့လည်း ဝန်ကြီး မင်းကြီး မဟာမင်းခေါင်, မင်းကြီးမဟာသက်တော်ရှည်,မင်းကြီးမင်းမဟာ,မဟာသေနာပတိ,မင်းကြီးမဟာဗန္ဓုလတို့လွှတ်တော်တွင် စုံညီကြသည့်အတွင်း ဥဒည်မင်းသံတို့ကို သံအကြိုးအကြပ် အရာရှိတို့ ကြပ်မဆောင်ယူ၍ လွှတ်တော်သို့ရောက်ကာလ သင့်ရာကနေစေ၍ မေးမြန်းလျှောက်ထား စကားပြောဆိုစေပြီးမှ ညီတော်ကောင်ဂူမင်း, ညီတော်သာယာဝတီမင်း,သားတော်ညောင်ရမ်းမင်း, စလင်းမင်းသားတို့ အိမ်တော်များသို့ ဝင်ထွက်ဖူးမြော်စေပြီးလျှင် ရွှေကြက်ယက်သံတဲ့ရောက် ကြိုးကြပ် ဆောင်ယူပို့ရ၏။

ဥဒည်မင်းသံတို့နှင့် သံဘက်ခန့် စေလွှတ်ရန် စာရေးကြီး နေမျိုးမင်းလှ, အတွင်းတော်မြို နရာဇေယနော်ရထာ, သီပာစည်သူနော်ရထာ, ရွှေတောင် သူရနော်ရထာ, ရွှေတောင် သူရကျော်ထင်, ရာဇနော်ရထာ ကျော်ခေါင်တို့ကို ရွေးချယ်၍ စာရေးကြီး နေမျိုးမင်းလှမှာ ဘဲဇော်း ရွှေသားပန်းကိုး၊ တမာရွက်ထောင်ကိုး၊ ရွှေစလွယ် ကိုးသွယ်၊ တော် အဆောင်အရွက်၊ အတွင်းတော်မြတို့မှာ တော်ရည်တူ အစိုးအနင်း အဆောင်အရွက် ပေးတော်မူ၏။

ယင်းသည့်သတ္တရာဇ် နယုန်လပြည့်ကျော် တဆဲတရက်နေ့ လေသာ တံခါးပြင် ယင်းရဖောင်တော်ဆိပ်သို့ ဥဒည်မင်းသံတို့ကို အကြိုးအကြပ် တို့နှင့်ဝင်စေပြီးလျှင် ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီးဘုရား ဖောင်တော်သို့ ထွက်စံတော်မူ၍ သံအကြိုး ရမ့်တာလောရဲ, ရင့်ဆင်ရဲ တို့မှာ ငွေသပြာနှစ်ရာစီ ထုပ်ရေနှစ်၊ ပန်းလက်ချိတ်ပုဆိုး ထည်ရေနှစ်၊ သတ္တလတ်နီ ငါးတောင်စီနှစ်၊ သရက်ထည်အုပ်ရေ နှစ်၊ သင်းဘော ကော်ဇောချပ်ရေနှစ်စီ။ သံလတ်-စောလောစုံ, တုံလောစုံ, လဆင်ရဲတို့ မှာ ငွေသပြာ တရာစီထုပ်ရေ သုံး၊ သတ္တလတ်စိမ်း ငါးတောင်စီ သုံး၊ သရက်ထည်အုပ်ရေ သုံး၊ ပန်းလက်ချိတ်ပုဆိုး ထည်ရေသုံး သနားတော် မြတ်ခံစေပြီးလျှင် ရမ့်တာလောရဲကို ရာဇကျော်ထင်, ရင့်ဆင်ရဲကို ရာဇ ကျော်စွာ, စောလောစုံကို ရာဇသိခ်, တုံလောစုံကို ရာဇသူရ, လဆင်ရဲ ကို ရာဇကျော်သူတို့တွဲအမည် ပေးတော်မူသည်။

ဂန္ဓာလရာဇ် တရုပ်ပြည် အနောက်မျက်နှာ မိုင်းဆည်စုန်းတူ မိုးမျဉ်း တာရည်းကို မဟာဇေယသူရ, မိုးမျဉ်းမြို့ဝန် ဟူတာလောရည်းကို နော်ရ ထာကျော်သူ, မိုးမျဉ်းဗိုလ်မှူး အာတာလောရဲကို နော်ရထာကျော်စွာတို့ဝဲ လှမ်းကမ်းသနားတော်မူပြီးလျှင် ဂန္ဓာလရာဇ်တိုင်းပြည် တရုပ်ဥဒည်မင်း သို့ ရွှေပေရာဇသံပေးလိုက်၏။

ရာဇသံစာကား... အနောက်မျက်နှာ တိုင်းကြီးပြည်ကြီး ထီးဆောင်း မင်းအပေါင်းတို့ကိုအစိုးရတော်မူသော ရတနာပူရ ရွှေမြို့တော်ကြီးတည် ဆဒ္ဒန်ဆင်မင့်းသခင်, ဆင်ဖြူမျှော်ရှင်, ရွှေတွင်း ငွေတွင်း ပတ္တမြားတွင်း ပယင်းတွင်း ကျောက်စိမ်းတွင်းများ သခင်, သီရိပဝရ သုဓမ္မ မဟာဓမ္မ ရာဇာဓိရာဇာ-တံဆိပ်နာမံတော်ရှိသော နေထွက်ဘုရင် မင်းတရားကြီး ကြားရောက်သည်-အရှေ့မျက်နှာ တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်း အပေါင်းတို့ကို အစိုးရသော တောက်ကွန်ဥဒည်မင်း....အကြည်တော်

ဘိုးတော် အာမရပူရရွှေမြို့တော်ကြီးတည် မင်းတရားကြီးနှင့် တောက်ကွန်ဥဒည်မင်းဘိုးတော် ချင်းလုံဥဒည်မင်းတို့ ချစ်ကြည် လေးမြတ်စွာ မဟာမိတ်ဘွဲ့တော်မူကြ၍ နှစ်တိုင်း နှစ်ပြည်သား‌တို့ ကြည်လင် ရွှင်လန်းစွာ ဝမ်းမြောက်ဝမ်းသာ စေပါသွားလာ ဖောက်ကား ရောင်းဝယ်ကြသည်၊ သုံးဆဲ့ငါးနှစ်ရှိပြီ၊ အကြည်တော်နန်းစံလေးနှစ်၊ တောက်ကွန်ဥဒည်မင်းနန်းစံ နှစ်နှစ်၊ သက္ကရာဇ်(၁၁၈၄) တထောင့်တရာ့ရှစ်ဆဲ့လေးခု တန်းခူးလပြည့်ကျော်တဆဲ့တရက်နေ့ ရမ့်တာလောရဲ, ရင့်ဆင်ရဲ, စောလောစုံ, တုံလောစုံ,လဆင်ရဲတို့ ရာဇသံစာ,ဆွမ်သိန်ဒရောင်သားမွေးအင်္ဂါဘဝါခံနှစ်၊ ရင်သိန်ဆေးထည့်သေတ္တာငယ်တစ်၊ ဘန်ဖြူလက်ဘက်ရည်သောက်အဖုံးအခံပါသေတ္တာနှစ်၊ကတ္တီပါလိပ်ရှစ်၊ဘဲလိပ်သုံးဆဲ့ကိုး၊ ဘယောအုပ်သုံးဆယ်၊ရွှေစကာလိပ်နှစ်၊ လက်ဘက်ရည်သောက်ပန်းကန် တရာ့ကိုးဆယ်၊ကော်ဇောနှစ်ဆယ်၊ စတ္တူသေတ္တာငါး၊အိတ်ရုံ့နှစ်ဆယ်၊ ယပ်အိတ်တဆယ်၊ယပ်တရာ၊မိုးကြိုးရောင်ဘဲကြီးခံသားမွေးအင်္ကျီတစ်၊လောထီးမကစုံနှစ်၊တရုပ်မြင်းကစုံနှစ်၊ပန်းစိုက်ကျောက်တောင်ကြီးနှစ်၊ ပန်းစိုက်ကျဲတောင်ငယ်လေး၊ အသီးစားထောက်စို့ပင်တစ်၊ အသီးစား မေးစို့ပင်တစ်၊ ဆွဲဝါပန်းပင်တစ် လက်ဆောင်တော်များနှင့် လာရောက်သည်ကိုနှစ်သစ်ကန်တော့ ခံတော်မူသည့်နေ့ အတွေ့ခံတော်မူပြီးလျှင် အကြည်တော်ဝယ် မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာအလိုငှာ မပြတ်ကိုးကွယ်သည့် သုံးလုံးအထွတ် ရှင်ဂေါတမဘုရားသခင့်ရုပ်ပွား ကျောက်ဖြူဆင်းတုတော်ဆူရေသုံး ကိုးကွယ်စေလို၍ ပင့်ဆောင်စေသည်၊ တောက်ကွန်ဥဒည်မင်း သုံးဆောင်ရန် ဆင်စွယ်ဖျာနှစ်၊ ဆင်စွယ်သေတ္တာနှစ်၊ ဆင်စွယ်နေရာ နှစ်၊ သက္ကလတ်အဝါကပ် တစ်၊ သက္ကလတ်အစိမ်းကပ် တစ်၊ သက္ကလတ် အနီကပ်တစ်၊ ဘိလပ်ဆရက်ထည်အုပ် တဆယ်၊ အဖြူအနားရစ်အုပ်တဆယ်၊ သင်းဘောကော်ဇော တဆယ်၊ နံ့သာနီချိန် သုံးပိဿာ၊ ရွှေဆိုင်းတရာ၊ ငွေဆိုင်းတရာ၊ ပတ္တမြားတင်လက်စွပ်နှစ်၊နီလာတင်လက်စွပ်နှစ်၊ ကျောက်စိမ်းတုံးချိန် ခြောက်ဆဲ့ယ်၊ ဆင်စွယ်စုံရေနှစ်, အချိန် လေးဆဲ့နှစ်ပိဿာရှစ်ဆယ်၊မိုးပြေးပတ္တမြားကျောက်ချိန် တပိဿာခြောက်ကျပ်၊ ဒေါင်းမြီးစည်းရေ တဆဲ့ငါး၊ ဆင်ပေါက်သုံး၊ ဆင်မနှစ် လက်ဆောင်တော်များနှင့် စာရေးကြီး နေမျိုးမင်းလှ, အတွင်းတော်မြို နရာဇေယနော်ရထာ, သီဟစည်သူနော်ရထာ, ရွှေတောင် သူရနော်ရထာ, ရွှေတောင် သူရကျော်ထင်, ရာဇနော်ရထာကျော်ခေါင်တို့ကို ဘက်ခန့်ပြန်လာစေသည်၊

သံတို့ကို လ-ရက် မရှည်မကြာ ပြန်လာစေရမည့် အကြောင်းကို ကြားရောက်သည်။

ယင်းသည့်ရာဇသံ ရွှေပေ အချိန်တဆဲ့သုံးမူးတပဲကို အောက်ခြေခုံခံမြင်းမိုရ်သေတ္တာပ ဆင်စွယ်လုံးထွင်းလုပ်ဆောင်ထည့် သွင်း၍ ဥဒေါင်းတံဆိပ် ခတ်မှတ်ရသည်၊ ကျောက်ဖြူရပ်ပွား ဆင်းတုတော် ဆူရေသုံးမှာ မြင်းမိုရ်သေတ္တာသုံးလုံးတွင် တည့်သွင်းရသည်၊ ကျန်-ထည်မျိုး အုပ်မျိုး လက်ဆောင်တော်များမှာ အနားပန်းပြောက်ရေး သေတ္တာလုံးရေနှစ်ဆဲ့ခုနစ်တွင်ထည့်သွင်း တံဆိပ်ခတ်မှတ်စေပြီးမှ သံအကြီး ရမ့်တာလောရဲ, ရင့်ဆင်ရဲတို့မှာ ငွေသပြာချိန် ငါးဝိဿာ၊ ငွေဖလားတစ်၊ သင်းဘောနာရီတစ်၊ ပတ္တမြားတင်လက်စွပ် တစ်၊ သတ္တလတ်နီ ဆယ်တောင်စီ နှစ်၊ အဖြူရစ်အုပ်ရေနှစ်၊ဘိလပ်သရက်ထည်အုပ်ရေတစ်၊ နှစ်ပြည့်ဝင်ယွန်းထိုးအစ်နှစ်၊ တပြည့်ဝင် ယွန်းထိုးအစ်နှစ်၊မြင်းကြိုးကစုံတစ်စီပေးတော်မူသည်။

သံလတ် စောလောစုံ, တုံလောစုံ, လဆင်ရဲတို့မှာ ငွေသပြာချိန် သုံးဝိဿာ၊ ငွေဖလားတစ်၊ ပတ္တမြားတင် လက်စွပ်တစ်၊ သတ္တလတ်အနီ ငါးတောင်တစ်၊ အဖြူရစ်အုပ်ရေနှစ်၊ ဘိလပ်သရက်ထည့် အုပ်ရေတစ်၊ နှစ်ပြည့်ဝင် ယွန်းထိုးအစ်တစ်၊ တပြည့်ဝင်ယွန်းထိုးအစ်နှစ်၊ မြင်းကြိုးကစုံတစ်စီ ပေးတော်မူသည်။

နောက်ပါလူငယ်သုံးဆဲ့ခြောက်တို့မှာငွေချိန်သုံးဝိဿာခြောက်ဆယ်၊ ဝိုးပုဆိုးထည်ရေ သုံးဆဲ့ခြောက်ပေးကမ်းတော်မူ၍ မြတ်စွာဘုရားရပ်ပွားတော်, ရွှေပေရာဇသံစာများကို ပြည်လုံးကျော် လွှတ်ကားထက် ကြွေးပြာသာဒ်နှင့်ဆောင်ယူ၍ ဥဒည်မင်းသံတို့နှင့် နောက်ပါလူငယ်တို့ စီးစေရန် စကြောဖောင် ပေးအပ်ပြီးလျှင် ရွှေဘဝါးတော်အောက်က ဘက်ခန့်သည့် သံတို့နှင့် လက်ဆောင်တော် တင်ရန်မှာ ယွန်းဆက် ဖောင်စံတိန်ညင်းလှေတော်များတွင်စီးနင်းယူဆောင်ပြီးလျှင်ယင်းသည့်သတ္တရာဇ ပဌမဝါဆိုလဆန်းကိုးရက်နေ့ သံတို့ထွက်သွားကြရာရေလမ်း ကြည်းလမ်း စခန်းပေါင်း တရာ့လေးဆဲ့တစ်နှင့် ဥဒည်မင်းနေရာ ပဲကျဉ်မြို့သို့ဆိုက်ရောက်သည်။

ဥဒည်မင်းကလည်း သံတို့ကို ရှေးထုံးစံရှိသည့်အတိုင်း ဝင်ထွက်ရာ စုံမက် ခင်မင်စွာ အထူးအဆန်းဘာသာပွဲလမ်းသဘင်များကို ပြသကြည့်ရှုစေ၍ သံတို့ကိုအစားအစာ တိုက်အိမ်နေရာများနှင့် သာခွာဘယောဘဲကတို့ပါထည်မျိုးအုပ်မျိုး ဆုလာဘ်များစွာ ပေးကမ်းပြီးလျှင် ဆဒ္ဒန်ဆင်

မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရားသို့ ဆက်သရန် ရွှေပေရာဇဆံလက်ဆောင်တော်များနှင့် ဗန်းမော်မြို့ရောက် ကြီးကြပ်ပို့စေ၏။ ။ဗန်းမော်မြို့က ရွှေဘဝါးတော်အောက်ရောက် စုန်ဆင်းခဲ့၍ ပါသည့်ရာဇဆံစာကို ထုံးစံရှိသည့်အတိုင်း လွှတ်တော်တွင် ပြန်ဆိုပြီးမှ လက်ဆောင်တော်များနှင့်တကွဆက်သွင်းသည်၊ [စကားအကျယ်မှာ တရုပ်သံရောက် မော်ကွန်းစာတမ်းစာရင်းရှိလေပြီ]။

ထိုသတ္တရာဇ် ဒုတိယဝါဆိုလဆန်းနှစ်ရက်နေ့ မဇ္ဈိမတိုက်သီဟိုဠ်ကျွန်းဇော်ကျီတို့က ကိုးကွယ်တော်မူရန် ဆောင်ယူ ပင့်ရောက်သည့်ပလဲဆင်းတုတော်, ဖလ် ဆင်းတုတော်များကို ဖောင်တော်,လှေတော်, သမ္မန်တော်, တပ်ဝင်း အခင်းအကျင်းများနှင့် ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရား ထွက်တော်မူ၍ အဝမြို့မြေဋ္ဌစခန်းရောက် ကြိုဆို ပင့်ဆောင်တော်မူ၏။

ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ဟံသာဝတီ, သရေခေတ္တရာ, ပုဂံ, မြင်စိုင်း,စစ်ကိုင်း, ပင်းယ,အင်းဝစသော တိုင်းပြည်မြို့ရွာတို့၌ မဆောက်မလုပ်ဘူးသော အဆန်းတကြယ်ဖြစ်သော ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီးလျှင် သံဃပါမောက္ခ သာသနာပြု ဆရာတော်အား တင်လှူတော်မူမည် ကြံရည်တော်မူသည့်အတိုင်း ရတနာပုရ ရွှေမြို့တော် အနောက်တောင် ရွှေစည်းခုံ စေတီအနီး ရှေးမင်းတည်ထားခဲ့သော ဂေါတမသိမ်၏အနီးစပ်ကာ ရဟန်းသံဃာ သူတော်သူမြတ် တို့ နေခြင်းငှာ လျောက်ပတ်သော မြေကြန်လက္ခဏာ သင့်မြတ်ရာ အရပ်ကို ရွေးချယ်နှလုံးသွင်းတော်မူမိသည်ဖြစ်၍ ထိုအရပ်တွင် မဟာရံတံတိုင်းမီးတား ကျောင်းဦးပြာသာဒ်နှင့် တကွ ကျောင်းတော်ဆောက်လုပ်ရန်မြေကို ကောင်းမွန်စွာ စည်မျက်နှာကဲ့သို့ ညှိညှွတ်ပြင်ဆင်စေပြီးမှ သတ္တရာဇ် (၁၁၈၅) တထောင့်တရာ့ရှစ်ဆဲ့ငါးခု သီတင်းကျွတ်လပြည့်ကျော်ဆယ်ရက် ဗုဒ္ဓဟူးနေ့ သုံးချက်တီးကျော်၊ တနာရီ, သုံးပါဒ်ပြည့်အချိန် အခါတော်အတိုင်း ရွှေပန်နက်,ငွေပန်နက် ချမှတ်ပြီးလျှင် ကျောင်းတော်ကို ဝန်ထောက် ကျောက်ဆောက်မြို့စားမင်းကြီး မဟာသီဟသူ, စာရေးကြီး အသုံးစာရေးတို့ ကြည်းကြပ်ပြီးလျှင် စရှ်တွင်းဝန်းတိုင်ထူ လုပ်ဆောင်ရသည်။ ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း စံကျောင်းတော် ဆောက်လုပ်ရာသို့ မပြတ်ထွက်တော်မူ၏။

ကောသာလီ အတ္ထုပတ်မြို့များကို မြို့နှင့်တကွ သိမ်းယူရသော်လည်း အရေးမပြီး၊ မငြိမ်မဝပ်ရှိကြောင်းများနှင့် ကြားသိတော်မူပြန်ရာ ရွှေဘဝါးတော်အောက်က ပန်းထိမ်းမြို့စား မင်းသားတတပ်၊ မင်းတပ်မြို့စား မင်းသားတတပ်၊ ဆောမြို့စား မင်းသားတတပ်၊ရွှေယင်းမာရွာစား မင်းသားတတပ်၊ ရမ္မာဝတီမြို့ဝန် ဤသူနတ်သားတတပ်၊ အစုအမှူထမ်း သူကောင်းထမ်းပါ ရဲမက်လက်နက်ကိုင် လူတထောင့်သုံးရာ၊ ခန်းပတ်မြို့, သောင်သွပ်မြို့, မကိုပူရမြို့, မွေ့ရင်းမြို့များက ခန့်ခြေရဲမက်လက်နက်ကိုင် လူခုနစ်ရာ၊ စုစုတပ်ပါ ရဲမက်လက်နက်ကိုင် လူနှစ်ထောင်, ဆင်တဆယ်, မြင်းနှစ်ရာ, အောင်စည်-အောင်မောင်း-အောင်လံ၊ ခဲယမ်းမီးကျောက်အမြောက် သေနတ် ဆင်မြင်းလူသူ အပြည့်အစုံများနှင့် စစ်ကဲ-နာခံ-တပ်ရေးခန့်ထားပြီးလျှင် မင်းကြီး မဟာကျော်ထင်ကို ဗိုလ်မှူးခန့်ထား၍ သက္ကရာဇ်(၁၁၈၅)တထောင့်တရာ့ရှစ်ဆဲ့ငါးခု တန်ဆောင်မုန်းလဆန်း ငါးရက်နေ့ ရွှေရုံးတော်တွင် ပြန်တမ်း ခံစေပြီးလျှင် ယင်းသည့်နေ့ အောင်မြေလောကဘုရားမှာအောင်တပ်ချရပ်၍ ထိုက စခန်းစဉ်အတိုင်း ချီတက်ရာ ခန်းပတ်မြို့, သောင်သွပ်မြို့များသို့ ရောက်ကာလ အဓိန့်တော်အတိုင်း ခန်းပတ်မြို့က အမှူထမ်း လူ နှစ်ရာ့ငါးဆယ်, သောင်သွပ်မြို့က အမှူထမ်း လူတရာ့ငါးဆယ်, မကိုပူရမြို့က အမှူထမ်း လူနှစ်ရာ့ငါးဆယ်, မွေ့ရင်းမြို့က လူတရာ,မြို့ရွာအင်အားအလျောက် စော်ဘွားမြို့စားတို့ကိုယ်နှင့် စည်းကြပ်ရ လက်နက်ကိုင် အမှူထမ်း လူခုနစ်ရာကျော်၊ စုစုတပ်ပါ ဗိုလ်ရဲမက် နှစ်ထောင့် ခုနစ်ရာကျော်ကို ချုပ်အုပ်၍ ထိုသက္ကရာဇ် တန်ဆောင်မုန်းလပြည့်ကျော် ငါးရက်နေ့ ခန်းပတ်မြို့, သောင်သွပ်မြို့များက ချီတက်သည်။

အင်္ဂလိပ်မင်းနှင့် မသင့်မတင့်ဖြစ်၍
မင်းကြီးမဟာဗန္ဓုလ ဓညဝတီကြောင်း ချီတက်ခြင်းစသည်နှင့်
မင်းကြီးမဟာဥဇနာ ကောသာလီကြောင်း ချီခြင်း

ထိုနှစ် ဓညဝတီမြို့ဝန် မဟာမင်းကြီးကျော်စွာ, စစ်ကဲနာခံအရာရှိတို့က လက်နက်နိုင်ငံတော် ဓညဝတီမြို့နယ် ရှင်မဖြူကျွန်း ကျေးရွာများမှာ စစ်တကောင်းမြို့ ကုလားတို့က (၁၁၈၅) တထောင့်တရာ့ရှစ်ဆဲ့ငါးခု ဒုတိယဝါဆိုလအတွင်း အလံစိုက်ထူ၍တပ်တည်လုပ်ပြီးလျှင် နှစ်လကျော်သုံးလ လူသူစောင့်နေရှိကြောင်းများနှင့်လျှောက်ထား ကြားသိတော်မူ

လျှင် မြို့ဝန်, အခွန်ဝန်, အကောက်ဝန်အရာရှိတို့ စောင့်နေ ထမ်းရွက်သည်ဖြစ်လျက် သည်ကဲ့သို့ တပ်တည်လုပ်ရမည်မဟုတ်၊ သင်းတို့ တည်လုပ်သည့်တပ်စုကို မည်ဝတီမြို့ဝန်,အခွန်ဝန်, အကောက်ဝန် အရာရှိတို့က ကုန်စင်အောင်ဖျက်သိမ်းစေ-အမိန့်တော်နှင့် ဖျက်သိမ်းရ၏။

နောက် အငြိမ်အဝပ်မနေ၊ သင်းဘောကြိမ်ချုပ် လှေများနှင့် လာရောက်ပြန်ကြောင်းထပ်မံကြားသိတော်မူပြန်ရာ ဆဒ္ဒန်ဆင်မင်းသခင်ဘဝရှင်မင်းတရားကြီးဘုရားလည်း ညီတော်သားတော်စသော ဗိုလ်မှူးတပ်မှူးအပေါင်းတို့နှင့် ညီလာသဘင်တွင် အမိန့်တော်ရှိသည်ကား-တကျွန်းသား အင်္ဂလိပ် ကုလား လူမျိုးတို့သည် ဘေးတော် အလောင်းမင်းတရားကြီး လက်ထက်တော်မှသည် ငါ့ရွှေလက်ထက်တော်တိုင် ထည်မျိုးအုပ်မျိုး ဆက်သပြီးလျှင် နိုင်ငံတော် တောင်မျက်နှာ ရာမညတိုင်း-ဟံသာဝတီပြည်ကြီး, မဟာဝိဟိကတိုင်း-မဏ္ဍိတီပြည်ကြီးစသော ပြည်ကြီးများသို့ သွားလာကူးသန်း ဖောက်ကားရောင်းဝယ် နေထိုင်ကြသည့် အဝေးကျွန်တော်မျိုးဖြစ်သည်နှင့်အညီ သနားမစ ကြည့်ရှုတော်မူသည့် ကျေးဇူးတော်ကို မထောက်၊ ယခု လက်နက်နိုင်ငံတော်မဏ္ဍိနယ် ရှင်မြို့ကျွန်းကျေးရွာများကို စတင်ထိပါးလာသည်မှာ ရဲမက်လက်နက်ကိုင် ဗိုလ်ခြေအများ ခန့်ထားချီတက်သိမ်းရုံး၍ အရေးပြီးပြေလွယ်မှ အစဉ်ပျပ်ဝပ်နွံနာမည် အမိန့်တော်ရှိသည်ကို ညီတော် သားတော်စသော ဗိုလ်မှူးတပ်မှူးအပေါင်းတို့ ကြိုက်ညီကြသည်ဖြစ်၍ ချီတက်သိမ်းယူရန် ခန့်ထားတော်မူသည်ကား-ရွှေဘဝါးတော် အောက်က ဝန်ကြီး မင်းကြီးမဟာဗန္ဓုလကိုဗိုလ်မှူး၊ မင်းကြီး မဟာသီဟသူရ, မင်းကြီးမဟာမင်းလှရာဇာတို့ကို စစ်ကဲ၊ စလေမြို့စား မင်းလှရာဇာ, မဟာစည်သူကျော်ထင်တို့ကို နာခံ၊ စာရေးကြီး နေမျိုးကျော်သူ နော်ရထာ, မင်းထင်စည်သူ တို့ကို တပ်ရေးခန့်ထား၍ စလင်းဆင်ဖြူကျွန်းသို့ ရောက်ကာလ မြို့ရွာလက်နက်ကိုင်လူတို့မှာ တပ်မှူးတပ်အုပ်, စစ်ကဲ, နာခံ, တပ်ရေး, အကွပ်အကြပ်ခန့်ထားရန် မဟာမင်းကျော်၊ နေမျိုးမဟာမင်းလှမင်းကျော်၊ မင်းခေါင်ကျော်ထင်၊ မင်းရဲရာဇာ၊ မင်းလှသီရိသခံယာ၊ နေမျိုးရဲခေါင်နော်ရထာ၊ အဆောင်တော်မြတို့နှင့် ဘွဲ့အမည်ရ လူပေါင်း တရာကျော်၊ ၎င်းတို့နှင့် ပါသည့် အမှုထမ်း ခြောက်ရာကျော်၊ အောင်လံ အောင်စည် အောင်မောင်း အမြောက် သေနတ် ခဲယမ်း မီးကျောက်တပ် ကိရိယာစုံ ပေးအပ်၍ သက္ကရာဇ် (၁၁၀၅) တထောင့် တရာ့ ရှစ်ဆဲ့ငါးခု နတ်တော်လ

ပြည့်ကျော် တဆဲသုံးရက် အင်္ဂါနေ့ ရွှေရုံးတော်တွင် ပြန်တမ်းခံစေပြီး လျှင် အခါတော် အတိုင်း ဇေယျာပူရမြို့ အောင်မြေလောက ဆိပ်မှာ အောင်တပ်ချရပ်၍ချီထွက်ရာ သုံးစခန်းနှင့်ဆင်ဖြူကျွန်း ဆိပ်သို့ တပ်တော် ဆိုက်ရောက်လျှင် ပုဂံမြို့ကသည်ပြည်မြို့ထိ မြစ်စဉ် အရှေဘက် အနောက် ဘက်တပြင် မြို့ကျေးရွာများမှ လက်နက်ကိုင်များကို အမိန့်တော်အတိုင်း စည်းကြပ်ရပ်နေရ၏။

ဓညဝတီကြောင်းချီ ဗိုလ်မှူးဝန်ကြီး မင်းကြီး မဟာဗန္ဓုလက တပ်ပါ အရာရှိတို့မှာ မင်းကြီးဘွဲ့ သနားတော်မြတ် ခံကြရပါသည်၊ တတိုင်း တပြည် ချီတက်ဆိုင်ဖြိုင်ရသည့် စစ်ဗိုလ်မှူး ဖြစ်သည်နှင့် အညီ ဘွဲ့အမည် အရည်ကို အမိန့်တော်ရှိရာ ဦးထိပ်ရွက်ပါရမည့် အကြောင်းနှင့် လျှောက် ထားသည်တွင်ဝန်ကြီးငါးယောက်တို့ကိုသတိုးဘွဲ့ထပ်၍ပေးတော်မူသည်။

ဗိုလ်မှူး ဝန်ကြီး သတိုးမင်းကြီး မဟာ ဗန္ဓုလလည်း စလင်း ဆင်ဖြူ ကျွန်း တပ်တော်က ပန်းဝါမြို့သို့ ရှေချီစေရန် အဘယဂါမဏိ တတပ်၊ နေမျိုးဇေယဂါမဏိတတပ်၊ နေမျိုးဂါမဏိတတပ်၊ နန္ဒဂါမဏိ တတပ်၊ စွန်းလွန်းဗိုလ် နေမျိုးဇေယတတပ်၊ တောင်ငူမြို့ဝန် နေမျိုး မင်းကျော် တ တပ်၊ အင်တောက်သာမြို့ဝန် နေမျိုးကျော်ထင် တတပ်၊ ဝန်းသို့ မြို့ဝန် နေမျိုးသူရကျော်ထင်တတပ်၊ နေမျိုးသူရိန်တတပ်၊ အတွင်းဝန် ဗိုလ်ချုပ် မင်းကြီးမဟာသိဟသူရတပ်နှင့်သော် တပ်ပေါင်းဆယ်တပ်တွင်ပါသည့် ရဲမက်လက်နက်ကိုင်သူရဲငါးထောင်, ဆင်တဆယ်, မြင်းသုံးရာ, စစ်ကဲ နာခံ အရာရှိအစုံအညီ ခန့်ရန် စည်းကြပ်ပေးအပ်၍ ချုပ်အုပ်ချီတက်စေ၏၊ ဗိုလ်ချုပ် အတွင်းဝန် မင်းကြီး မဟာ သိဟသူရလည်း တပ်ပါဗိုလ် ရဲမက်အပေါင်းတို့နှင့် ဆင်ဖြူကျွန်းဆိပ်ကမ်းက စခန်းစဉ်အတိုင်း စလင်း မြို့ ဘားအိုင်မြို့ လမ်း တော, တောင်, ချောင်းမြောင်းများကို ကူးသန်း ချီတက်ခဲ့ကြရာ ဓညဝတီမြို့စိရင်စု ဒလက်မြစ်ဆိပ်သို့ရောက်ကာလ ဓညဝတီမြို့ဝန်, စစ်ကဲ, အရာရှိတို့က စည်းကြပ်ကြိုဆို အသင့်ရှိနှင့်သည့် တိုက် လှေထုံးမုဇွတ်တူးများနှင့် ဗိုလ်မှူးတပ်မှူး တပ်ပါရဲမက်စစ်သည်အပေါင်းတို့ ရေကြောင်း ဓညဝတီမြို့ရောက် ချီတက်ခဲ့ကြီးလျှင် ဓညဝတီမြို့ အနောက် တောင်စကားတောင်တွင်အောင်တပ်ချရပ်၍ဒုဂါရာဝတီမြို့ဝန်နေမျိုးသီဟ, ရမ္မာဝတီမြို့ဝန် နေမျိုးနန္ဒကျော်ထင်,မေဃဝတီမြို့ဝန် ရဲစက်ကျော်ခေါင်, ဓညဝတီမြို့နာခံနေမျိုးရဲထင်နော်ရထာ, ဓညဝတီမြို့ဝန်သား ရွှေတောင် ရဲခေါင်တို့ ငါးတပ်ကို ရဲမက်ငါးရာစီနှင့် စည်းကြပ်ခန့်ရန်၍ ဝင်မြစ်

ရောက် ရွှေချီစေသည်၊ ရောက်လျှင် စစ်တကောင်းမြို့ဝန်က တပ်တော် ရဲမက်အများ ချီတက်လာရောက်ရှိသည်မှာ နှစ်တိုင်းနှစ်ပြည် ရန်စစ်မဖြစ်သင့်ပါ ယခုအခင်းဖြစ်ပွားသည့်ကျွန်းလည်း ရှောင်ပူရီကျွန်းဟု အင်္ဂလိပ်တို့က ခေါ်ဝေါ်သမုတ်လျက်ရှိသည်ဖြစ်ပါသည်၊ အလိုရှိလျှင် သိမ်းယူပါတော့၊ ဓညဝတီကြောင်းချီ တပ်ဦးချုပ် မင်းကြီး မဟာ သီဟသူရထံပြောရာ မင်းကြီးမဟာသီဟသူရလည်း အကြောင်းမျိုးအလုံးစုံကို ဗိုလ်မှူးဝန်ကြီးထံ စေလွှတ် လျှောက်ထား သည်တွင် ဗိုလ်မှူး ဝန်ကြီးက ၎င်း အကြောင်း အရာများကို ရွှေဘဝါးတော်အောက်သို့ လူစေလွှတ် တင်လျှောက်လျှင် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း အင်္ဂလိပ်ကုလားတို့ နှံနာမှ နောင်သည်ကဲ့သို့ အခင်းမပွားမမျှ ငြိမ်ဝပ်မည်၊ ဂေါ်တော့ပလွှင်ပန်းဝါရောက် ချီတက်တိုက်ဖျက်စေ-အမိန့်တော် ရောက်၍ ဓညဝတီ စကားတောင် အောင်တပ်က ရွှေချီ လက်ဝဲစစ်ကဲ အတွင်းဝန်မင်းကြီးမဟာသီဟသူရတပ်ပါဗိုလ်ရဲမက်တို့ဖောင်လှေအများနှင့် ရေကြောင်းချီရသည်၊ ထိုက သင်္ကြီကျွန်း, ကန္တုပနဒီမြစ်, ပင်လယ်ဝတဘက် ဦးရစ်တောင် ဘုရား, စစ်တွေ ပင်လယ်ဝများကို ကူးသန်း၍ တပ်တော်များ စခန်းစဉ်အတိုင်း ပန်ဆင်းကြောင်း မြစ်ကမ်းထိပ်ရောက် ချီတက်ပြီးလျှင် လက်ဝဲဘက် စခန်းတွင် တပ်တော်ချရပ်နေကြ၏။

အင်္ဂလပတ် ကောသာလိသို့ ချီတက်တိုက်ခိုက်သည့် ဗိုလ်မှူး မင်းကြီး မဟာကျော်ထင်တို့တပ် အရပ်အနေ မသင့်၍ ဆုတ်ခွာရကြောင်းနှင့် လျှောက်ထားကြားသိတော်မူလျှင် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ညီတော်သားတော် မင်းညီမင်းသား မှူးတော်မတ်တော်တို့ အစုံအညီတွင် အမိန့်တော်ရှိသည်မှာ- ယခု ဓညဝတီဗိုလ်မှူး သတိုးမင်းကြီးမဟာဗန္ဓုလ ဓညဝတီကြောင်း ချီတက်ရန် ဗိုလ်ပါဆင်မြင်းရဲမက် လက်နက်ကိုင်အမှုထမ်းများကို ဆင်ဖြူကျွန်းဆိပ်ကမ်းက ရပ်နေစည်းကြပ်ရှိသည်၊ အင်္ဂလပတ် ကောသာလိ မြို့များမှာလည်း သူပုန်ပြုလုပ်သူ ကသည်းစော်ဘွား ဇော်ရဇိပ်,မာရဇိပ်, ဆမူပါပဇယ်တို့ကို မမိမရသေး၊ သင်းတို့တစုကို ကုလားတို့က ပူးပေါင်းလက်ခံ၍ ရန်စမတုံးမကုံမတွင် အရေးပြက်ပြက် ရှိကြောင်း၊ ရွှေဘဝါးတော် အောက်က ဗိုလ်မှူးရဲမက်လက်နက်ကိုင် ထပ်ဖြည့်ချီတက်လျှင် သင့်မသင့်ကို ဓညဝတီကြောင်းချီ ဗိုလ်မှူးဝန်ကြီးက အရေးထင်မြင်သမျှ အတိုင်း လျှောက်ထား

လိုက်ရမည့်အကြောင်းများနှင့် ဆင်ဖြူကျွန်းသို့ လူစေလွှတ် ပြောဆိုရာ ဗိုလ်မှူးဝန်ကြီး သတိုးမင်းကြီး မဟာဗန္ဓုလက လျှောက်ထားလိုက်သည်ကား....

သမုဒြာအဆုံးရှိသော ရေမြေကို အစိုးရတော်မူသော ဆဋ္ဌန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရား လက်နက်နိုင်ငံတော် ဓညဝတီမြို့နယ်ရှင်မဖြူကျွန်းကျေးရွာတွင် အရေးလွှဲအပ်စိုရင်နေထိုင်သူ မြို့ဝန်အရာရှိ ရှိလျက် ကုလားတို့က အလံစိုက်ပြီးတပ်တည်လုပ် စောင့်နေသည်မှာ တောသုံးထောင်ကို အစိုးရသော ကေသရရာဇာခြင်္သေ့မင်းရှေ့ မြေခွေးငယ် ယောင်ယမ်း ပြေးသန်း ဝင်မှားမိသကဲ့သို့ ရှိနေသည်သာ ဖြစ်ပါသည်၊ သို့ရှိနေသည်ကို ကျွန်တော်က ဓညဝတီကြောင်း တပ်ပါ ဗိုလ်ရဲမက် အပေါင်းတို့ကို အုပ်ကွပ်ချိတက်ပြီးလျှင် အင်္ဂလိပ်တိုင်းပြည်သို့ ပေါက်ရောက်အောင် တိုက်လှန်သိမ်းယူဆက်သပါမည်၊ ကောသာလီကြောင်းကလည်း၊ ကျွန်တော် အရေးထင်မြင်သည့်အတိုင်း နှလုံးလက်ရုံး ဩဇာကြီးသူကို မှူးကြီးချုပ်ကိုင် ချိတက်စေ၍ အင်္ဂလိပ် တိုင်းပြည်တိုင်အောင် ချိတက် တိုက်သိမ်းရပါမည်၊ ယင်းသို့ နှစ်ကြောင်းနှစ်ဝ လုပ်ကြံချင်းနင်း တိုက်သိမ်းရလျှင် နေလနှင့်တူသော ဘုန်းတော်ကို အင်္ဂလိပ် လူမျိုးတို့ ဦးတည်၍ခံဝံ့မည်မဟုတ်၊ အလျှင်အရေး ပြီးလွယ်ပါမည် အကြောင်းနှင့် လျှောက်ထားလာသည်ကို ဆဋ္ဌန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီး ဘုရား ကြားတော်မူလျှင် သားတော် ညီတော် မှူးတော် မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ သည်အရေး သင့်မသင့် မေးတော်မူရာ ဝန်ကြီး သတိုး သုမဓ မဟာသက်တော်ရှည် လျှောက်သည်ကား-ကောသာလီအတ္ထပတ်မြို့ကျေးရွာများကို သိမ်းရုံးအောင်မြင် ပျဉ်ဝပ်နွံနာပြီးဖြစ်လျက် မငြိမ်မဝပ် လှုပ်ရှားထကြွပြန်သည့်အရာမှာ ဇော်ရဇီဝ်, မာရဇီဝ်, ဆမူပါပငယ်တို့ ကုလားလူမျိုးတို့ကို အခိုအမှီ ရခြင်းကြောင့်သာ မငြိမ်မဝပ်သည့်အရေးဖြစ်ပါ၍ အရှည်အကြာမနေသင့်၊ အလျင်သိမ်းယူ၍ အနေအထားကျအောင်ပြုမှ ကောသာလီအတ္ထပတ် မြို့ပြကျေးရွာနေ ဆင်းရဲသားကျွန်တော်များတို့ ရွှေဘုန်းတော်ရိပ်ကိုခိုလှုံရသဖြင့် ငြိမ်ဝပ်ချမ်းသာရန်အကြောင်းရှိပါသည်၊ သို့ဖြစ်၍ ဓညဝတီကြောင်းချီသတိုးမင်းကြီး မဟာဗန္ဓုလကလည်း ဓညဝတီကြောင်း, ကျွန်တော်ကလည်း ကောသာလီကြောင်း နှစ်ကြောင်းနှစ်ဝလုပ်ကြံရလျှင် အလိုတော်အတိုင်း အရေးတော်ပြေကုံလွယ်ပါမည် လျှောက်ထားသည်ကို ဆဋ္ဌန်ဆင်မင့်း

သခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ဝန်ကြီး သတိုးသုဓမ္မ မဟာသက်တော်ရှည် လျှောက်ထားသည့်အရေးကိုကြိုက်တော်မူ၍ ကောသာလီအာဏာပတ်ကြောင်း ချီတက်စေရန်ဝန်ကြီးသတိုးသုဓမ္မမဟာသက်တော်ရှည်ကို ဗိုလ်မှူး, အဘွင်းဝန် မင်းကြီးမဟာနန္ဒသကြီကို လက်ဝဲစစ်ကဲ, အတွင်းဝန် မင်းကြီးမဟာဥဇနာကို လက်ယာစစ်ကဲ, မဟာသီဟပတေ့, မင်းလှသီရိတို့ကို နာခံ, စာရေးကြီး နေမျိုးနန္ဒသူရ, နေမျိုး စည်သူကျော်ထင်ဘွဲ့ကို တပ်ရေးခန့်တော်မူသည်။

အမရပူရမြို့မှာလည်း မြို့တော်အနောက်တောင်ထောင့် ခမည်းတော်အိမ်ရှေမင်း, မယ်တော် အိမ်ရှေမိဖုရားတို့၏ ကောင်းမှု ကုသိုလ်တော်မဂ်လာဝေယန်ကျောင်းတိုက် တံတိုင်းမီးတာန့်တက္ခ ကျန်လပ်ရှိသည့် အတွင်း အချင်းဘိနပ်သံတောင် တရှဉ့်နှစ်ဆယ်,အရပ်ပမာဏသံတောင် တရှဉ့်နှစ်ဆယ်ရှိသောစည်းခုံတော်ကြီးတည်ထုပ်ပြီးပြေသည်ကို ထိုသတ္တရာဇ်တို့တွဲလပြည့်ကျော် ငါးရက်၊ ကြာသပတေးနေ့ အခါတော်အတိုင်း စည်းခုံတော်ဘုရား ရွှေထီးအထွတ်တင်လှူရန် ငြမ်းဆောက်, ငြမ်းချည်, စက်ကြိုးစက်စုံ, ထီးတော်တင် ရထားမှစ၍ အဆောက် အလုပ် အခမ်းအနား ပြီးပြေလျှင် ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း စည်းခုံတော်ရှေ မြေလပ်တွင် မင်းတဲကြီးကျယ်စွာ ဆောက်လုပ်စံနေတော်မူ၍ မင်းခမ်းမင်းနား ကြီးကျယ်စွာ ဗုဒ္ဓပူဇော်ယန် သာဓုကီဠနသဘင် ဖြစ်စေလျက် ဘုရား အမှူးရှိသော သာသနာပြု ဆရာတော်နှင့် တံဆိပ်ခတ်ရ ဆရာတော် သံဃာတော်တို့အား သီးမျိုးစုံ ပဒေသာ ပင်ရေတရှဉ့်တစ်လှူဒါန်းတော်မူပြီးလျှင် ဘုံကိုးဆင့်ရှိသော ရွှေထီးအထွတ်တင်လှူတော်မူ၏၊ ဗိုလ်ပါရဲမက် အမှူထမ်း တိုင်းသားပြည်သူ လူအပေါင်းတို့အား မင်းဘိုကျင့်အပ်သော ပရိစာဂတရားနှင့်အညီ စွန့်ကြဲ ပေးကမ်းတော်မူသည်၊ အပြစ်အလျောက် အကျဉ်းခံနေရသူတို့ကိုလည်း စည်းခုံတော်ကြီး ရွှေထီးအထွတ် တင်လှူတော်မူသည့် ကုသိုလ်တော် မဂ်လာအခမ်းအနားနှင့် ကြိမ်ကြိုက်သည့်အခါ အဘယဒါန, ဇီဝိတဒါန ရှည်တော်မူ၍ ချမ်းသာ ပေးတော် မူဖြိုးလျှင် အကျဉ်းက လွှတ်သည်၊ စေတီဘော်ကြီးကိုလည်း သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွှန့် အဓွန့်ရှည်စွာ သာသနာ ငါးထောင် ပတ်လုံး လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ ခိုမှီကိုးကွယ်ရာ ထာဝရကုသိုလ်တော်ကြီးဖြစ်၍ ရှေးဘုရားစေတီများမှာ အမည် သညာ ထားမြဲ ဘုရားဟောကျမ်းဂန်, လောကီ

ဗေဒင်ကျမ်းများတွင်ထွက်ရှိသည့်အတိုင်း သာသနာပြုဆရာတော်,တံဆိပ်တော်ရ ဆရာတော် သံဃာတော်, မင်းတိုင်ပင်အမတ် ပညာရှိတို့နှင့် ညှိနှိုင်း ရွေးချယ်ပြီးလျှင် မဟာဝိဇယရံသီ-ကျောက်အက္ခရာ ကမ္ဘည်း ထိုးမှတ်စေ၍ စည်းခုံတော်ကြီးရှေ အုတ်ဂူပြာသာဒ် တည်လုပ် သွင်းထားတော်မူ၏၊ ကျောက်စာကိုလည်း စည်းခုံတော်ကြီးအရှေ့မြောက်ထောင့် မဟာရုံတံတိုင်း သုံးထပ်အတွင်း အုတ်ဂူပြာသာဒ် တည်လုပ် သွင်းထားတော်မူ၏။

ရတနာပူရမြို့တော်တွင် ရွှေမြို့တော်ကြီးမှစ၍ ရွှေနန်းတော် ပြာသာဒ်တော်နှင့်တကွ နန်းဆောင်ပေါင်း တရံ့လေးဆယ်ကျော် ဆောက်လုပ်ပြီးပြေရှိသည်များကိုလည်း သက္ကရာဇ် (၁၁၀၅) တထောင့်တရံ့ရှစ်ဆဲ့ငါးခု တပေါင်းလဆန်း တရက်နေ့ နံနက်တချက်တီးကျော် တမောင်းအချိန် အခါတော်အတိုင်း ရွှေနန်းတော် အတွင်း မြေနန်း ဝဲယာများတွင် မင်းခမ်း မင်းနား သဘင်စုံ ကြီးကျယ်စွာ ခံစေပြီးလျှင် ပြာသာဒ်တော်ကြီးကစ၍ ရွှေထီး အထွတ် အပြောက် အမှုန်း စိန်ဘူးစိန်ပွင့် တင်တော်မူ၏။

ရတနာပူရမြို့တော်တွင် ရွှေမြို့တော်ကြီးမှစ၍ ရွှေနန်းတော် ပြာသာဒ်တော်နှင့်တကွ နန်းဆောင်ပေါင်း တရံ့လေးဆယ်ကျော် ဆောက်လုပ်ပြီးပြေရှိသည်များကိုလည်း သက္ကရာဇ် (၁၁၀၅) တထောင့်တရံ့ရှစ်ဆဲ့ငါးခု တပေါင်းလဆန်း တရက်နေ့ နံနက်တချက်တီးကျော် တမောင်းအချိန် အခါတော်အတိုင်း ရွှေနန်းတော် အတွင်း မြေနန်း ဝဲယာများတွင် မင်းခမ်း မင်းနား သဘင်စုံ ကြီးကျယ်စွာ ခံစေပြီးလျှင် ပြာသာဒ်တော်ကြီးကစ၍ ရွှေထီး အထွတ် အပြောက် အမှုန်း စိန်ဘူးစိန်ပွင့် တင်တော်မူ၏။

ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း အဝမြို-နန်းမြို့တော် အတွင်း စံနန်းတော်တွင် စံနေတော်မူ၍ မြို့တော် နန်းတော် တည်ထား ဆောက်လုပ် ပြီးပြေရှိသည်ကို ထိုနှစ် ဓာတ်ပန်း ကိန်းခန်း ကာလသမယ စသည်ဖြင့်လည်း စုံညီကြိုက်လတ်သည်ဖြစ်၍ စံနေတော်မူရင်း အမရပူရ ရွှေမြို့တော်သို့ ဝင်တော်မူပြီးလျှင် အမရပူရ ပဌမ မြို့တည်နန်းတည် ဘိုးတော် ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီး ဘုရား ရတနာပူရမြို့က အမရပူရမြို့သို့ ပြောင်းရွှေ့ စံတော်မူသည့်နည်း သက္ကရာဇ် (၁၁၀၅) တထောင့် တရံ့ ရှစ်ဆဲ့ငါးခု တပေါင်းလဆန်း လေးရက် ပုဒ္ဓဟူးနေ့ နံနက်တချက်တီးကျော်အချိန် အခါတော်အတိုင်း အမရပူရမြို့တော်က ရတနာပူရ မြို့တော်သို့ ထွက်စံတော် မူမည်ကို လူသုံးပါးတို့ အထွတ်အထိပ် ဖြစ်တော်မူသော ဘုရားရတနာ, ဝိဋ္ဌကတ်တော်, အဂ္ဂသာဝကရဟန္တာ အရှင်မြတ်တို့နှင့် သာသနာပြု တံဆိပ်တော်ရ ဆရာတော် သံဃာတော်တို့ကို ရတနာ ဆင်ဖြူတော်, ရထားတော်, ထမ်းစင်တော်များတွင် ထီးဖြူအုပ်မိုး၍ ရှေးဦးရှေးဖျား ပင့်ဆောင် ကြွသွားစေပြီးလျှင် ဆင်, မြင်း, ရထား, ခြေသည် စစ်အင်္ဂါ လေးပါး၊ ဖောင်တော်, လှေတော်, လှော်ကားတော်မှ စ၍ ကြည်းဘက် ရေဘက်

ခမ်းနားကြီးကျယ်စွာထွက်တော်မူပြီးလျှင် ရတနာပူရ ရွှေမြို့တော်အတွင်း စံနန်းတော်တွင် စံနေတော်မူ၏။ ။မြို့ပြောင်းအခမ်းအနား အကျယ်မှာ စာတမ်းစာရင်း မော်ကွန်းရှိလေ၏။ ။အမရပူရမြို့တော်က ရတနာပူရ မြို့တော်သို့ ပြောင်းစံတော်မမူမီ ဧရာဝတီမြစ်သို့ စီးဆင်းသည့် ရတနာပူရ မြို့ရှေ့ ဒုတ္ထာဝတီမြစ်ငယ်ကိုလည်း လူသူ မြင်းနွား ရထားဗိုလ်ခြေ ပြည် သူပြည်သားတို့ ကူးရအောင် တံတား ခင်းတော်မူ၏။

ထိုနှစ် တပေါင်းလ ဓညဝတီ ကြောင်းချီ ဗိုလ်မှူး သတိုးမင်းကြီး မဟာဗန္ဓုလလည်း စစ်ကဲ မင်းကြီးမဟာမင်းလှရာဇာ တတပ်၊ နာခံ စလေမြို့စား မင်းလှရာဇာ တတပ်၊ မဟာစည်သူ ကျော်ထင် တတပ်၊ စာရေးကြီး နေမျိုးကျော်သူနော်ရထာ တတပ်၊ မင်းထင်စည်သူ တတပ်၊ မင်းရဲရာဇာ တတပ်၊ မဟာမင်းကျော် တတပ်၊ မင်းလှသီရိ သခိယာ တတပ်၊ နေမျိုးမဟာမင်းကျော် တတပ်၊ မင်းခေါင်ကျော်ထင် တတပ်၊ နေမျိုးရဲခေါင် နော်ရထာတတပ်၊ ဗိုလ်မှူး သတိုး မင်းကြီး မဟာဗန္ဓုလ တပ်မနှင့်သော် တပ်ပေါင်း တဆဲ့နှစ်တပ်, တပ်ပါ ရဲမက်အမှုထမ်းလူ တသောင်း, ဆင်ငါးဆယ်, မြင်းငါးရာ, အမြောက်စိန်ပြောင်း သေနတ် လက်နက်ကိရိယာစုံမျှားနှင့် စလင်း ဆင်းဖြူကျွန်းဆိပ်ကသည် ဓညဝတီ မြို့ရောက် ချီတက်ရပ်နေရ၏။

ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ရတနာပူရ ရွှေမြို့တော်ကြီးကို သိုက်ဓာတ် နိမိတ်စသည်တို့နှင့် အညီ ရွှေမြို့တော် ရွှေနန်းတော်မှစ၍ အခမ်းအနား အလုံးစုံ ဆောက်လုပ် ပြီးပြေလျှင် ရွှေးမြို့တည် နန်းတည် ဘေးလောင်းတော် ဘိုးလောင်းတော်တို့ လက်ထက် မြို့တော်, နန်းမြို့တော်, ရွှေနန်းတော်များကို ထာဝရကြီး ဖြစ်၍ ကမ္ဘည်းအကွရာ အသေအချာ ထားသကဲ့သို့ ဆရာတော် သံဃာတော် မင်းညီမင်းသား မှူးတော်မတ်တော် ပုဏ္ဏားပညာရှိလူပညာရှိတို့နှင့် ဆွေးနွေးနှိုင်းရှည်၍ ရွှေးချယ်တော်မူ၍ ထိုသတ္တရာဇ် တပေါင်းလဆန်း တရက် နေ့ နန်းမြို့တော် အမည်ကို အောင်ချာပူရ,ရွှေနန်းတော်အမည်ကို မြတ်နန်းအောင်ချာ ကမ္ဘည်း တပ်တော်မူပြီးလျှင် မရွှေးမနှောင်း ကမ္ဘာဦး မဟာသမ္မတမင်းမှစ၍ သီရိမဓာသောကမင်း, ဒေဝါနံပိယတိဿမင်း, ဘိုးတော်အမရပူရ ပဌမမြို့တည်နန်းတည် မင်းတရားကြီး စသော မင်းကောင်း မင်းမြတ်တို့ ခံယူကျင့်ဆောင်မြဲဖြစ်သော ရဇ္ဇာဘိသေက-မုဒ္ဓါဘိသိက် ခံတော်မူမည်ကို မင်းတိုင်ပင်အမတ် မဟာဓမ္မသကြီဆက်သွင်း

သည့် မုဒ္ဓါဘိသိက်ခံစာတမ်း၊ အမရပူရမြို့တည်နန်းတည် ဆဒ္ဒန်ပေါက်မ အစုံရသော ဘိုးတော်မင်းတရားကြီးလက်ထက် လေးဆွဲငါးခု, လေးဆွဲခြောက်ခု, ရဇ္ဇာဘိသေက မုဒ္ဓါဘိသိက်ခံ ရွှေနန်းတော်သိမ်း စာတမ်းစာရင်းထွက်အတိုင်း သက္ကရာဇ် (၁၁၈၅) တထောင့်တရာ့ရှစ်ဆွဲငါးခု တပေါင်းလပြည့်ကျော်တရက်အင်္ဂါနေ့ နံနက်တချက်တီးကျော် ခြောက်မောင်းအချိန် အခါတော်အတိုင်း မင်းသာမန်တို့ ခံဝံ့ခဲသော ဦးထိပ်၌ စိုက်၍သွန်းအပ်သော ရဇ္ဇာဘိသေကမုဒ္ဓါဘိသိက်ကို မိဖုရားခေါင်ကြီးနှင့်တကွ သွန်းခံတော်မူပြီးလျှင် ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီး ဘုရားမှာ-သီရိတြိဘဝနာဒိတျာပဝရပဏ္ဍိတမဟာမွေရာဇာမိရာဇာ၊ မိဖုရားခေါင်ကြီးမှာ-သီရိပဝရ တိလောက မဟာရာဇိန္ဒာ ရတနာဒေဝီ-တံဆိပ်နာမံတော်များကို အဆက်အသံ ခံတော်မူ၍ ၎င်းနေ့ နေ့နှစ်ချက်တီးကျော် တမောင်းခန့်အချိန် ရတနာထမ်းစင်တော်တွင် အရှင်နှစ်ပါး ရွှေစက်တော်တင်ပြီးလျှင်ရွှေနန်းတော်ကြီးကိုလက်ယာရစ်လှည့်၍ တက်သိမ်းစံပယ်တော်မူ၏။

* ရဇ္ဇာဘိသေက မုဒ္ဓါဘိသိက်ခံ–ရွှေနန်းတော်သိမ်း အခမ်း အနား အကျယ်မှာ စာတမ်းစာရင်း, နန်းတွင့်မော်ကွန်းများရှိပြီဖြစ်၍ အကျယ်မရေးသည်။

ထိုသက္ကရာဇ် ဘိသိက်ခံတော်မူသည်နှင့် တချိန်တခါတည်း ကောသာလီကြောင်းချီ ဗိုလ်မှူး ဝန်ကြီး သတိုး သုဓမ္မ မဟာ သက်တော်ရှည် တပ်ပါ လက်ယာစစ်ကဲ အတွင်းဝန် မင်းကြီး မဟာ ဥဇနာလည်း မြို့ရွာအစု အမှုထမ်းရဲမက်လက်နက်ကိုင် လူငါးရာ, ဆင် မြင်း လက်နက်ကိရိယာ အစုံများနှင့် ရွှေတပ်ချီထွက်နှင့်ရ၏။

ထိုနှစ် တပေါင်းလပြည့်ကျော် လေးရက်နေ့ အမရပူရ ပဌမမြို့တည်နန်းတည် ဆဒ္ဒန်ဆင်မင့်းသခင် ဘိုးတော်မင်းတရားကြီးလက်ထက် ချည်စလွယ်တင်အခမ်းအနားစီရင်သည့်နည်း မြေနန်းတော်သို့ ထွက်စံတော်မူပြီးလျှင် မင်းညီမင်းသားမှူးတော်မတ်တော်တို့ကို ချည်စလွယ်ပေးတော်မူ၍ တင်ကြရ၏။

အဆက်ကောသာလီကြောင်းသို့ချီစေရန် ခန့်ထားရှိသည့်အတွင်းဝန်လက်ဝဲစစ်ကဲ မင်းကြီးမဟာနန္ဒသကြီ-တတပ်၊ ရွှေချီနှင့်သည့် အတွင်းဝန်လက်ယာစစ်ကဲ မင်းကြီးမဟာဥဇနာတတပ်၊ ရွှေးလက်ဝဲဗိုလ် ရာဇာ မင်းခေါင်တတပ်၊ နာခံသိဟပတ္တေတတပ်၊ ရွှေပြည်တံခွန် တောင်လက်မြင်း

တပ်ဗိုလ် နေမျိုးကျော်ထင်မြင်းတပ်၊ မြောက်လက် မြင်းတပ်ဗိုလ် နေမျိုးကျော်သူမြင်းတပ်၊ဗိုလ်မှူးဝန်ကြီးသတိုးဆုမမွ မဟာသက်တော်ရှည်တပ်မနှင့်သော် တပ်ပေါင်းဆယ်တပ်တွင် ရဲမက်လက်နက်ကိုင် လူနှစ်ထောင်, ဆင် ငါးဆယ်, မြင်း ငါးရာ, အောင်စည် အောင်မောင်း အောင်လံ, ခဲယမ်းမီးကျောက် အမြောက် သေနတ် အပြည့်အစုံပေးအပ်၍ သက္ကရာဇ် (၁၁၈၅)တထောင့် တရာ့ရှစ်ဆဲ့ငါးခု နွေဉီး တန်းခူးလဆန်း ငါးရက်နေ့ ရတနာပူရမြို့တော်က ဇေယျာပူရမြို့ အောင်မြေလောက ဘုရားအနိုးအောင်တပ်ချရပ်ပြီးလျှင် အက္ကပတ် ကောသာလီကြောင်း ချီထွက်ရ၏။

ပိဋကတ်တော်များ ပေထက်အက္ခရာတင်ခြင်း, မဟာဗန္ဓုလ၏ စစ်သည်များ ဂေါ်တေ့ပလွင် ရောက်ချီခြင်း စသည်နှင့် ဒုဂရာဝတီမင်းသား မိုးနဲသို့ချီရခြင်း

ဆဒ္ဒန် ဆင်မင့်း သခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း ရှေးသာသနာပြု မင်းကောင်းမင်းမြတ်တို့ တံတွာ၊ သာသနာတော် သုံးပါးစည်ပင်ဖြစ်တွန်း ပွားများရန်အကြောင်းများကို နှလုံးသွင်းတော်မူရင်းရှိသည်နှင့်အညီ လေးဆဲ့ငါးဝါကာလပတ်လုံး မြတ်စွာဘုရား ဟောကြားတော်မူအပ်သောဆုတ္တန်, ဝိနည်းအဘိဓမ္မာပိဋကတ်သုံးပုံကိုရွှေနန်းတော်အနောက်တောင် မာရ်အောင်ရတနာမြတ်စွာဘုရား ရင်ပြင်တော်ရွှေပြင်တံတိုင်းအတွင်း ဆန်းကြယ်စွာဆောက်လုပ်အပ်သော ပိဋကတ်တော်ရေးတန်ဆောင်းမကျွတ် သုံးဆောင်တွင် သဘင်ခမ်းနား ကြီးကျယ်စွာဖြစ်စေလျက် သက္ကရာဇ် (၁၁၈၅) တထောင့်တရာ့ရှစ်ဆဲ့ငါးခု တန်းခူးလဆန်းဆယ်ရက်၊ ကြာသပတေးနေ့ နံနက်တချက်တီးကျော်အချိန် အခါတော်အတိုင်း သာသနာပြုဆရာတော်အမှူးရှိသော တံဆိပ်တော်ရဆရာတော် သံဃာတော်တို့ကို မှူးကြီးကြပ်မစေပြီးလျှင် ပေထက်အက္ခရာစုံတင်တော်မူသည်၊ တံဆိပ်တော်ရဆရာတော် သံဃာတော်တို့အား လည်းသင်္ကန်း,သပိတ်, ပရိက္ခရာအစုံမျှားစွာ လှူဒါန်းတော်မူ၏။

နှစ်စဉ် လှူဒါန်းမြဲ အတာသဘင်, အခါညောင်ရေ, စာပြန်စာမေး, ပဉ္စင်းတော်ခံ, စာရေးတံ, လှေပွဲဘဘင်, ဆီမီးမြင်းမိုရ်, ဆင်ယာဉ်မြင်းယာဉ်, ကထိန် အလှူတော်မှစ၍ တဆဲ့နှစ်ရာသီ သဘင်မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူ၏။

* သက္ကရာဇ် (၁၁၈၅) တထောင့်တရာ့ရှစ်ဆယ့်ငါးခု တန်းခူးလဆန်း တဆဲသုံးရက် တနင်္ဂနွေနေ့သို့အဝင် ညဉ့်သုံးချက်တီးကျော်အချိန်တွင် သကြန်ကျသည်၊ ၎င်းလဆန်း တဆဲငါးရက်နေ့ အတာနှစ်သစ် သက္ကရာဇ် (၁၁၈၆) တထောင့် တရာ့ ရှစ်ဆဲ ခြောက်ခုနှစ်သို့ တက်သည်။

၁၁၈၆—ခု

သက္ကရာဇ် (၁၁၈၆) တထောင့်တရာ့ရှစ်ဆဲခြောက်ခုတန်းခူးလဆန်း တဆဲငါးရက်နေ့ ဓညဝတီကြောင်းချီ ဗိုလ်မှူး ဝန်ကြီး သတိုးမင်းကြီး မဟာဗန္ဓုလလည်း လက်ဝဲစစ်ကဲ အတွင်းဝန်မင်းကြီး မဟာသီဟသူရန့်တပ်ပါ ရဲမက်လက်နက်ကိုင် အမှူထမ်း သုံးထောင်ကျော်, လက်ယာစစ်ကဲ မင်းကြီးမဟာမင်းလှရာဇာနှင့် တပ်ပါရဲမက်လက်နက်ကိုင် အမှူထမ်း လူသုံးထောင်ကျော်, ဓညဝတီမြို့ဝန် မဟာမင်းကြီးကျော်စွာနှင့် တပ်ပါရဲမက်လက်နက်ကိုင် အမှူထမ်း လူသုံးထောင်ကျော် အသီးအသီး ခွဲဝေပေးအပ်ပြီးလျှင် ဂေါတောဝပလွင်ရောက်မြို့သစ်စခန်းလမ်းတောတောင်ချောင်းမြောင်းများကို ကူးသန်းချီတက်စေ၏။

ထိုနှစ် ကဆုန်လဆန်း ငါးရက်နေ့ နံနက်ခြောက်မောင်းခန့် အချိန်အရှေ့တောင်အရပ်က လေရောဂိုးပါ ပြင်းစွာလာသည်နှင့် ရွှေနန်းတော်ပြာသာဒ်တော် ထုပိကာ ကျိုးပြတ်၍ ဇေတဝန် ဆောင်တော် ဒုတိယဘုံကိုဖောက်ပြီးလျှင် မြေသို့ကျသည်၊ ယင်းသည့်အကြောင်းအရာများကို ပညာရှိတို့က ပြာသာဒ်တော်ထုပိကာတင်စဉ်က ဆုံနှင့် မလိုက်မညီရှိသဖြင့် အလိုတော်မကုံကျန်သည်ကို ပြင်ဆင်တော်မူလိုသည့်ဆန္ဒရှိသည်တကြောင်း, မှန်နန်းတော်ဦး ဇေတဝန်ဆောင်တော်ကို ဖောက်၍ မြေသို့ကျသည်မှာလည်း အပြည်ပြည်ထောင်သော မင်းတို့ ပျဝ်ဝပ်ကျိုးနွံ့ ကျွန်တော်ခံ ရောက်မည့် အကြောင်းများနှင့် မင်္ဂလာစကား မင်္ဂလာရတု လျှောက်ထားကြ၏။ ပြာသာဒ်တော် ထုပိကာထီးများ ကောင်းမွန်ခိုင်ခန့်အောင် ပြင်ဆင်လုပ်ဆောင်တင်ရသည်။

ထိုအခါ ဓညဝတီကြောင်းချီ ဗိုလ်မှူးက စစ်တကောင်း ပန်းဝါရောက်တိုက်ခိုက်အောင်မြင်သော်လည်း ကုလားတို့ ငြိမ်ဝပ်မည်မဟုတ်၊ပင်လယ်ရေလမ်းသင့်ရာ ဟံသာဝတီရန်ကုန်မြို့သို့ ထိပါးနှောင့်ရှက်ရန်ရှိပါသည်၊ ဟံသာဝတီမှာ နွေလုံးလက်ရုံးနှင့် ပြည့်စုံသူ မှူးကြီးမတ်ကြီးတို့ ရပ်နေမှ

သင့်ပါမည်အကြောင်းနှင့် လျှောက်ထားသည့်အတိုင်း ထိုနှစ် ကဆုန်လဆန်းဆယ်ရက်နေ့ ရွှေဘဝါးတော်အောက်က ဝန်ကြီး သတိုးမဟာသေနာပတိကို ရပ်နေစည်းကြပ် ထမ်းရွက်ရမည်-အမိန့်တော်နှင့် စုန်သွားရ၏။

ထိုနှစ် ကဆုန်လဆန်း တဆဲသုံးရက်နေ့ မိုးနဲမြို့သို့လည်း ဒွါရာဝတီမင်းသား သီရိမဟာ သုဓမ္မရာဇာကို မိုးနဲဗိုလ်မှူး၊ အာသည်ဝန် မဟာအတုလသီဟသူ, တလုပ်မြို့ဝန် မင်းလှ မင်းထင်သီဟသူတို့ကို စစ်ကဲ၊ မဟာကျော်ထင်သီဟသူ, မဟာနေမျိုးတို့ကို နာခံ၊ ရဲခေါင်ပျံကျော်နော်ရထာ, သီရိနရာကျော်တို့ကို တပ်ရေး ခန့်ထားပြီးလျှင် အစုအမှုထမ်း လက်နက်ကိုင်လူသုံးထောင်ပေးအပ်၍ ချီတက်ရပ်နေရ၏။

ဂေါတော့ပလွင်တွင် အင်္ဂလိပ်နှင့်တိုက်ခြင်း စသည်မျှား

ထိုနှစ် ကဆုန်လဆန်း တဆဲလေးရက်နေ့ ဂေါတော့ ပလွင်သို့ အတွင်းဝန် မင်းကြီးမဟာသီဟသူရ, အတွင်းဝန် မင်းကြီး မဟာမင်းလှရာဇာ, ဥပဝတီမြို့ဝန်တို့ တဆဲလေးတပ် ဆိုက်ရောက်လျှင် ဂေါတော့ပလွင်တွင် စည်းကြပ်ခုခံနေသည့် အင်္ဂလိပ်စစ်သည်တို့နှင့်တွေ့၍ ရွှတ်ရွှတ်ဆွဲဆွဲ ဆိုင်ပြိုင် တိုက်ခိုက်ကြသည်တွင် အင်္ဂလိပ် စစ်သည်တို့ မရပ်မခံနိုင်ကိုယ်လွတ်ထွက်ပြေးကြ၍ ၎င်းလဆန်း တဆဲငါးရက်နေ့ အောင်မြင်လျှင် ဗိုလ်မှူးတပ်မှူး အပေါင်းတို့လည်း ထိုတွင် တရက်ရပ်ဆိုင်းပြီးလျှင် ကျေးရွာတပြင် ဂေါတော့ပလွင် ဘလောင်ချိပ် အရပ်များတွင် ရှိနေသမျှလူဘို့ကို သိမ်းရုံး၍ အနေအထားကျအောင် ဆင့်ဆိုပြီးမှ ဒွါရာဝတီမြို့ဝန် နေမျိုးသီဟသူကို တပ်ပါရဲမက်လက်နက်ကိုင် အမှုထမ်းလူငါးရာပေးအပ်၍ ဂေါတော့ပလွင်တပ်မှ အရပ်အနေ ခန့်ထားခဲ့ပြီးလျှင် ယင်းသည့်ကဆုန်လပြည့်ကျော်နှစ်ရက်နေ့ တပ်ပါဗိုလ် ရဲမက်အပေါင်းတို့ အောင်စည်အောင်မောင်း တပြိုင်နက် ကြွေးကြော်စေ၍ တပ်ဦးချုပ် အတွင်းဝန်မင်းကြီး မဟာသီဟသူရ ရှေးဦးချီတက်ရာ ပန်းဝါမြို့သို့ ဆိုက်ရောက်လျှင် ပန်းဝါမြစ်တဘက် ဌာနာရုံမြေမြို့ရိုးနှင့်စပ်၍ ကမ်းနားတလျှောက် အင်္ဂလိပ်တို့က ဆင်မြင်းအလုံးအရင်း စစ်ဗာရီအမှုထမ်း လူတသောင်းကျော်ခန့်နှင့် ကြီကြီ ဆီးကြိုရပ်ခဲ့နေသည်ကို ကျော်သူရွှေတောင်နော်ရထာ, ဘဝါဗိုလ် သူရအာဇာ, တုရင် သီဟနော်ရထာ, ရန်အောင်သီဟနော်ရထာ, ခံစစ်ဗိုလ် နေမျိုးဂုဏ်ရတ်တို့ကို မြင်းစီးရေ

စာရာကျော်နှင့် ရွှေထီးဖြူနှံကာ စစ်လှုင်ကစားစေခြိုးမှ ဗိုလ်မှူးတင်မှူး ရဲမက်တော်သုံးတပ်သားတို့ တိုက်ခိုက်ကြရာ အင်္ဂလိပ်စစ်သည်အပေါင်းတို့ မခံနိုင် ထွက်ပြေးကြသည်ကို ရဲမက်တော်တို့ လိုက်လံထိုးခုတ် သတ်ညှစ်ရာ အကြီးပြုသူ အင်္ဂလိပ်ဗိုလ်တို့နှင့် စစ်ဗာရီကုလားအများ သေဆုံးသည်၊ သေနတ်ငါးရာကျော်, ရထားတင်အမြောက်နှစ်, သင်းဘောမြင်းအစီးနှစ်ဆယ်, ဆင်ငါးစီး ရလိုက်၏။ ။ဗိုလ်မှူးတင်မှူး အပေါင်းတို့လည်း ယင်းသည့်အောင်တပ်တွင် အဖြိုးအခိုင်တပ်တည်လုပ်၍ အောင်ပွဲသဘင်ခံနေကြ၏။

ယင်းက စစ်တကောင်းမြို့သို့ ချီတက် ဆိမ်းယူဦးမည်ရှိသည်ကို မချိမတက် မသိမ်းမယူနှင့် တပ်မက အကြိမ်ကြိမ် သာရောက်သောကြောင့် မချိမတက် ရပ်ဆိုင်းနေရသည့်အတွင်း ပင်လယ်ဝ ငတ်မြစ်တွင် အင်္ဂလိပ်တို့က တပ်ခိုင်တပ်လုံတည်လုပ်စွဲရပ်ရှိကြောင်းကို ကြားပြန်ရာ တောင်ငူဝန်နေမျိုးမင်းကျော်တတပ်, လက်နက်ကိုင်လူငါးရာ၊ ဝန်းသိုမြို့ဝန် နေမျိုးသူရကျော်ထင်တတပ်, လက်နက်ကိုင်အမှုထမ်း လူလေးရာ၊ စုစုလူကိုးရာကျော်နှင့် ထိုနှစ် ဝါဆိုလ ငတ်မြစ်တပ်ကိုတိုက်စေရာ ကုလားတို့ဆုတ်ခွာထွက်ပြေးကြသည်၊ သေလေသည်လည်း များ၏။ သံအမြောက်ကြီးတစ်, သေနတ်နှစ်ရာကျော်, သုံ့စစ်ဗာရီကုလားနှစ်ရာကျော်ရလိုက်သည်။ ရသမျှလက်နက်လူသူ မြင်းဆင်ကျွန်းများကို ဗိုလ်မှူး သတိုးမင်းကြီး မဟာဗန္ဓုလရှိရာ ဓညဝတီမြို့သို့ပို့ရ၏။

ဗိုလ်မှူး ဝန်ကြီးကလည်း ကုလားတို့ ထွက်ပြေးရာ စစ်တကောင်းမြို့ရောက် မလိုက်မလံမတိုက်မခိုက်နှင့် ပန်းဝါအရပ်တွင် တပ်အဖြိုးအခိုင်တည်လုပ်ပြီးလျှင် မျိုးရိက္ခာသွင်း၍ မိုးတွင်းကာလကို ရပ်နေရမည် ဆင့်ဆိုမှာထားသောကြောင့် ပန်းဝါအနီးအပါး ဘလောင်ချိပ်, ဟရဘင်း, မဟာစိုက္ခန်း ကျေးရွာများမှာရှိသည့် ဆန်စပါးများကို စုပုံ၍ တပ်ခိုင်တပ်လုံတည်ပြီးလျှင် အတွင်းဝန် မင်းကြီးမဟာသီဟသူရ, မင်းကြီးမဟာမင်းလှရာဇာ, ဓညဝတီမြို့ဝန် မဟာမင်းကြီးကျော်စွာတို့ သုံးတပ် ရပ်နေရ၏။ ။ယင်းသည့်အတွင်း ကုလားတို့လည်း ပန်းဝါတွင် ရှိသည့် မြန်မာတို့တပ်ကို မထိမပါး မာန်အောင်မြို့သို့ သင်းဘောသမ္ဘန်နှင့် အမေ့အလျှောကိုစောင့်၍ ဝင်ရောက်တိုက်ခိုက်ရာ မြို့ပျက်သည်နှင့်မာန်အောင်ဝန် ရဲစက်ကျော်သူကို သားမယားနှင့်တကွ ကုလားတို့က ရလေသည်၊ ၎င်းမာန်အောင်မြို့ကို ကုလားတို့က စတုဗန်ကျွန်းဟုခေါ်ဝေါ်ကြသည်။

လယ်တီမဏ္ဍိုင်-၄၀

ဟံသာဝတီ ရန်ကုန်မြို့မှာလည်း ရွှေဘဝါးတော်အောက်က ဝန်ကြီးသတိုးမဟာသေနာပတိမရောက်မီ ရေဝန်စစ်ကဲအရာရှိတို့စည်းကြပ်ထိန်းသိမ်းနေကြသည်အတွင်း (၁၁၀၆) တထောင့် တရာ့ ရှစ်ဆဲ့ ခြောက်ခု ကဆုန်လဆန်း တဆဲ့လေးရက်နေ့ အင်္ဂလိပ်တို့ကို ဇနရံကြေမံခေါ်-ကြက်တောင်ဗိုလ်ချုပ် ဆိုသူ, ကရုန်မတ်ပြင်ခေါ်-မဒရတ် ဗိုလ်ချုပ်ဆိုသူ, ကပွိတံဇ်ကေနီခေါ်-အရေးပိုင်ဆိုသူတို့ ဂေါ်ရာစစ်ဝိုင် ဗိုလ်ပါရဲမက်များကို ချုပ်အုပ်ပြီးလျှင် သင်းဘောသမ္မန်အများနှင့် ဝင်ရောက်တိုက်ခိုက် ပျက်ပြား ကြောင်းများကို ရွှေနားတော် ကြားတော်မူလျှင် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးလည်း ဓညဝတီမြို့ စီရင်စုစစ်တကောင်း ပန်းဝါမြို့ကျေးရွာများသို့ ထိပါး နှောင့်ရှက်လာသည့် အင်္ဂလိပ်လူမျိုးတို့ကို တိုက်ဖျက် သိမ်းယူစေမည်-ဝန်ကြီး နှစ်ဦးတို့ကို ကောသာလီကြောင်း, ဓညဝတီကြောင်း, နှစ်ကြောင်းနှစ်ဝ ခန့်ထား ချီတက်စေရာ အင်္ဂလိပ်ဗိုလ်ရဲမက်တို့ မရပ်မဆံ့ ဆုတ်ခွာ ထွက်ပြေးကြပြီးလျှင် ရန်ကုန်မြို့သို့ သင်းဘောသမ္မန်အများနှင့် ထိပါးနှောင့်ရှက်ရှိသည်ကို ဝန်ကြီး သတိုး မင်းကြီး မဟာ မင်းခေါင်ကို ဗိုလ်မှူး၊ လက်ယာဝင်းမှူး မင်းကြီး မဟာ မင်းခေါင်, ကင်းဝန်မင်းကြီး မဟာမင်းလှကျော်စွာတို့ကို စစ်ကဲ၊ အောက်မားဝန် မဟာမင်းလှမင်းထင်, အနောက်ဘက်တိုက်ဝန် နေမျိုး မင်းလှမင်းခေါင်တို့ကို နာခံ၊ စာရေးကြီး နေမျိုးသီရိရာဇာ, အသုံးစာရေး နေမျိုး စည်သူကျော်စွာတို့ကို တပ်ရေး ခန့်ထားပြီးလျှင် မြစ်စဉ်တယ္ဓောက် အောက်မြို့ကျေးရွာ စည်းကြပ်ရ အမှုထမ်းတို့မှာ သင့်ရာတပ်မှူး တပ်အုပ် အကွပ်အကြပ်ခန့်ထားထမ်းရွက်စေရန် အမိန့်တော်နှင့် လိုက်ထမ်းစေသည်။

မြင်းစုကြီးဝန် သီရိမဟာဇေယသူရ၊ ယွန်းစုဝန် မဟာမင်းလှကျော်ခေါင်၊ ဇင်္ဂံမြို့စား မဟာမင်းခေါင်၊ ဆင်ကျေးတိုက်ဝန် မဟာမင်းလှကျော်သူ၊ သာယာဝတီမင်း အတွင်းဝန် နေမျိုးသီဟကျော်သူ၊ ညောင်ရမ်းမင်း စာရေးကြီး ကျော်ခေါင်နော်ရထာ၊ ယောမြို့စား မဟာမင်းလှကျော်စွာ၊ လွယ်ဘလူးစော်ဘွား ခန်းမြိုင်သီဟကျော်၊တောင်ငူမြို့ဝန် စစ်ကဲနာခံအရာရှိ၊ ရွှေနန်းရိုး ဃဒိုင်းဝန် နေမျိုး မင်းလှနော်ရထာ၊ အလုံသင်းမှူး နေမျိုးသီဟရဲခေါင်၊ ပုခန်းသင်းမှူး နေမျိုးရဲဖျားခေါင်၊ ထက်စွဲတော် နရာရဲလှနော်ရထာ၊ အဆောင်တော်မြို့ နေမျိုးရဲခေါင်ကျော်သူတို့ အမည်ရ လူသုံးဆဲ့ရှစ်, ၎င်းတို့နှင့် ပါသည့် တော်အစု အမှုထမ်း လူ

တထောင်ကျော်, လွှသင်းမှူးနှင့် ရွှေဘဝါးတော်အောက် မြို့ကျေးရွာ လွှအစုအမှုထမ်း လူဆုံးရာကျော်, အောင်စည် အောင်မောင်း စစ်ကိုရိယာအစုံပေးအပ်ပြီးလျှင် သက္ကရာဇ် (၁၁၈၆) တထောင့်တရာ့ရှစ်ဆဲ့ခြောက်ခု ကဆုန်လပြည့်ကျော်တဆဲ့နှစ်ရက်နေ့ ရွှေဘဝါးတော်အောက်က စစ်ကိုင်းမြို့ အောင်မြေလောက ဘုရားအနီး အောင်တပ် ချရပ်စေ၍ ဟံသာဝတီကြောင်း ချီထွက်စေရာ အောက်မြစ်စဉ်တလျောက် မြို့ကျေးရွာများမှာ မြို့ရွာအင်အားအလျောက်ခန့်ထားစည်းကြပ်ပြီးလျှင် ရသည့် ရဲမက် လက်နက်ကိုင် အမှုထမ်း လူတသောင်းကျော် များနှင့် ချီတက်၍ ဟံသာဝတီ ရန်ကုန်မြို့သို့ရောက်ကာလ တပ်ပါဒိုလ်ရဲမက်အပေါင်းတို့ကို အုပ်ကွပ်ချုပ်ထိန်းဆင့်ဆိုပြီးလျှင် မြို့ရင်းသို့ချဉ်းကပ်လုပ်ကြံကြသည်ကို မြို့တွင်းတွင်ရှိသည့် ကုလားတို့က ပြောင်းသေနတ် အမြောက်အများ ပစ်ခတ်လျက် ရေကြောင်းကလည်း သင်းဘော သမ္ဗန်အများ ဆီးဆို့ရပ်ခံအပစ်အခတ် ထူထပ်လှသောကြောင့် မပေါက် မမြောက် နိုင်သည့်နှင့် ဝန်ကြီး သတိုးမင်းခေါင်, သတိုးမဟာသေနာပတိတို့လည်း အမှုထမ်းရဲမက် လက်နက်ကိုင် တို့နှင့် အုပ်စည်းမပျက် မြို့ရင်းက ဆုတ်ခွာပြီးလျှင် ဟံသာဝတီရန်ကုန်မြို့အနောက် ကြည်းမြင့်တိုင်အရပ်တွင် တပ်အဖြိုးအခိုင်တတပ်နှင့်တတပ် ကမ်းမှီလှမ်းမှီတပ်တန်းနားရွက်ထိုး၍စွဲရပ်နေကြ၏။

ကြည်းမြင့်တိုင်တပ်ကို တည်လုပ်စဉ် ဗိုလ်မှူး ဝန်ကြီး နှစ်ဦးတို့လည်း ပုသိန်ဝန်နေမျိုးမဟာကျော်စွာ,တရုပ်စာရေးနေမျိုးကျော်သူတို့ကို လူကြီးပြု၍ ခတ်လှေတစင်းပေးအပ်ပြီးလျှင် ကြည်းမြင့်တိုင်တပ်ကရန်ကုန်မြို့ အင်္ဂလိပ် အရေးပိုင် ဗိုလ်ချုပ်တို့ရှိရာ နှစ်ဦးနှစ်ဝ ပြေကြေအောင်ပြောဆိုလျှင် ပြောဆိုမည့်အကြောင်းနှင့် စေလွှတ်ရာ ရောက်လျှင်စေလွှတ်သူ ပုသိန်ဝန်တို့က ဗိုလ်ချုပ်မင်းတို့ ကြည်းမြင့်တိုင်တပ်သို့ စကားအပြောအဆို သွားသည့်အတွင်း ကျွန်ုပ်တို့ ရန်ကုန်မြို့တွင် ခံဝန်နေရစ်ပါမည် -ပြောဆိုလျှင် အင်္ဂလိပ်ဗိုလ်ချုပ်တို့က ဗိုလ်မှူး ဝန်ကြီး နှစ်ဦးတို့နှင့် အမှုပြီးမည် မဟုတ် ရွှေနားတော်ကြား လျှောက်ထားသိသာမှ ပြီးမည်ဖြစ်၍ ကျွန်ုပ်တို့စာကို ရွှေဘဝါးတော်အောက်သို့ပို့ပါ-အင်္ဂလိပ် အရေးပိုင်ဗိုလ်မှူး ဗိုလ်ချုပ်တို့က ပြောဆိုကာလ ယင်းသည့်အကြောင်းကို ဗိုလ်မှူးဝန်ကြီးတို့ထံ တဆင့် ငါးရက်နှင့် ပြန်ပြောလျှောက်ထား၍ သေချာမှ ပြောဆိုပါမည် ဆိုပြီးလျှင် မဿားမရောက် ရှိနေသည်နှင့် အင်္ဂလိပ်တို့က ဇနရံကြေမံခေါ်ကြက်တောင် ဗိုလ်ချုပ်ဆိုသူ ရဲမက်လက်နက်ကိုင် လူသုံးထောင်ကျော်,

ရေကြောင်းကလည်း သင်းဘောသမ္ဗန် ရဲလှေအများ ဗိုလ်မှူးအကြီးတို့နှင့် ရန်ကုန်မြို့ကထွက်၍ အစွန်အဖျား ကင်းတပ်များကို တိုက်ခိုက်ဖြိုးထွင်ကြည်းမြင့်တိုင်တပ်ကို ဝန်းဝိုင်းတိုက်ခိုက်ရာ ဗိုလ်မှူး တပ်မှူး ရဲမက်တော် အပေါင်းတို့ တပ်တွင်းက မီးပေါက်မိုးရွာ၏သို့ပစ်လွှတ်ကြလျှင် အင်္ဂလိပ်တို့ မတိုးမဝှေ့နိုင် စစ်ဝိုင်ဂေါ်ရာအများ ပြောင်းသေနတ်ထိခိုက်သေဆုံးလေ၏၊ အင်္ဂလိပ်ဗိုလ် တဆယ်ကျော်, ဂေါ်ရာ နှစ်ရာခန့်လည်း အနာအကျင် ပြောင်းသေနတ်ထိ၍ ယူဆောင်သွားကြသည်များကို တပ်ထိပ်က ရဲမက်တော် ဗိုလ်မှူးတပ်မှူးတို့ ကြည့်မြင်ရ၏။

ယင်းသို့ထိပါးရှုန အသေအပျောက် များသော်လည်း အင်္ဂလိပ်တို့ မနေမနား အားကြိုးသံပတိုက်ကြပြန်ရာ ကြည်းရေ နှစ်ဘက်ညှပ်ဖြစ်၍ တပ်မခိုင်မလုံကျိုးပေါက်သည်နှင့် သက္ကရာဇ်(၁၁၈၆) တထောင့်တရာ့ ရှစ်ဆဲ့ခြောက်ခု နယုန်လဆန်း တဆဲ့သုံးရက်နေ့ တပ်တော်ရွှေရချေ၏။

ထိုအကြောင်းကို ဘဝရှင် မင်းတရားကြီးဘုရား ကြားတော်မူလျှင် ဟံသာဝတီ ရန်ကုန်မြို့သို့ အင်္ဂလိပ်ကုလားတို့ ခိုဝင်နေသည်ကို ရဲမက်တော် ဗိုလ်မှူးတပ်မှူးတို့ ရွှဲရွှဲခွံခွံ လုပ်ကြံသိမ်းယူလျှင် အလွယ်တကူ အရေးပြီးပြေရမည်ဖြစ်ထွက် နှစ်ဦးဆိုင်ပြိုင် တိုက်ခိုက်ကြသည့် စစ်မက်အတွင်း ဗိုလ်မှူးပြုလုပ်သူတို့ အင်္ဂလိပ်အရေးဝိုင် ဗိုလ်ချုပ်တပ်ချုပ်တို့နှင့် အရေးစကားပြုလုပ်ပြောဆိုနေသောကြောင့်သာ မကုံမတွင် မပြီးမပြေ လစ်လပ်ကြန့်ကြာရှိရသည် အမိန့်တော်ရှိပြီးလျှင် အထက် ဟံသာဝတီကြောင်း ချီတက်သည့် ရဲမက်တော် ဗိုလ်မှူးတပ်မှူးတို့ကို ချုပ်အုပ်ချီတက်တိုက်ခိုက်စေရန် ရွှေဘဝါးတော်အောက်က ဝန်ကြီး သတိုးမင်းကြီးမင်းမဟာကို ဗိုလ်မှူးခန့်ထား၍ ဝန်ထောက် မင်းကြီးနော်ရထာ, အဆောင်တော်မြို့ မင်းထင်နော်ရထာ, မင်းလှကျော်, ရွှေခဲကြီး လွှေအုပ်တို့ကို ထောင်ကဲ့ စကြီးတို့ကိုယ်နှင့် အညာမြစ်စဉ်မြို့ကျေးရွာလွှေအမှုထမ်း လူငါးရာကျော်, ဘွဲ့အမည်ရ သူကောင်းဖြစ်ထမ်း လူတရာကျော်, စုစုအမှုထမ်း လူခြောက်ရာကျော်ပေးအပ်ပြီးလျှင်သက္ကရာဇ် (၁၁၈၆)တထောင့်တရာ့ ရှစ်ဆဲ့ခြောက်ခု နယုန်လပြည့်ကျော် ကိုးရက်နေ့ ဟံသာဝတီကြောင်း ချီရ၏။

ရမ္မာဝတီမင်းသား သုသီရိမဟာဓမ္မရာဇာကို ဗိုလ်မှူး၊ ဝန်ထောက် မဟာမင်းကျော်သခ်ယာ, ဇွဲသဘုံးမြို့စား မဟာဇေယသူကို စစ်ကဲ ခန့်တော်မူပြီးလျှင် ဆင်မြင်းအစုအမှုထမ်း လူ တထောင့်ခြောက်ရာကျော်

ပေး၍ ယင်းသည့် နယုန်လပြည့်ကျော် ဆယ်ရက်နေ့ တောင်ဂူကြောင်း ချီတက်ရပ်နေရ၏။

ရွှေဘဝါးတော်အောက်က ဟံသာဝတီကြောင်း ချီတက်သည့်ဗိုလ်မှူး ဝန်ကြီး သတိုး မင်းကြီး မင်းမဟာ, ဝန်ထောက် မင်းကြီး နော်ရထာတို့ ရန်ကုန်မြို့သို့ရောက်လျှင် အလျင်ချီသွားရှိနှင့်သည့် ဝန်ကြီး သတိုးမင်းကြီး မဟာမင်းခေါင်,သတိုးမဟာသေနာပတိတို့နှင့် ညှိနှိုင်းတိုင်ပင်၍ ရန်ကုန်မြို့အနောက်မြောက် ကမာရွတ်တပ်က ရပ်နေပြီးမှ ပါသည့်ရဲမက်တော်တို့နှင့် မြို့ကိုအကြိမ်ကြိမ် ချဉ်းကပ်ဝန်းရံလုပ်ကြီစေရာ သိဂုတ္တရကုန်းထိပ်က ဗုန်း အမြောက်သေနတ် အပစ်အခတ် ထူထပ်လှသောကြောင့် တပ်ပါဗိုလ်ရဲမက်အပေါင်းတို့ အထိအခိုက်များပြားသည်နှင့် ရံတပ်သို့ဆုတ်ခွာရံနေမြဲရံနေကြပြီးမှ အင်္ဂလိပ်တို့ခိုမှီဝင်နေသည့် ရန်ကုန်မြို့ကို စီးနင်းတိုက်ခိုက်ပြီး မရရအောင် လုပ်ကြံ သိမ်းယူမည်၊ ဗိုလ်မှူးတပ်မှူး ရဲမက်တော်အပေါင်းတို့ လက်နက်လူသူ စည်းကြပ်ဆင့်ဆို ရှိနေသည့်အတွင်း ထိုနှစ်ဝါဆိုလ ဂေါရာစစ်ဝိုင်အမှူထမ်း ရဲမက် လက်နက်ကိုင် လူငါး ထောင်ကျော်ခန့်နှင့် ဇနရံကြေမံခေါ်-ကြက်တောင်ဗိုလ်ချုပ် ဆိုသူ မြေစပ်စင်ခေါ်-မျက်မှန်ဗိုလ်ဆိုသူတို့ ချုပ်အုပ်၍ ကမာရွတ်တပ်ကို ချဉ်းကပ်တိုက်ခိုက်ကြရာ ဗိုလ်မှူးတပ်မှူးတို့လည်း တပ်တွင်းက တပ်ပါဗိုလ်ရဲမက်အပေါင်းတို့ကို အပြင်းအပြ အုပ်ကွပ်ပြီးလျှင် ပြောင်းသေနတ် အမြောက် ဖျော်ဖျော် ပစ်ခတ် ခုခံ တိုက်ခိုက်သည်တွင် ဗိုလ်အကြီး ပြုလုပ်သူနှစ်နှင့် ဂေါရာစစ်ဝိုင်အများ သေဆုံးသော်လည်း လက်မချ၊ ထပ်မံအားသစ်၍ တိုက်ခိုက်ကြလျှင် တပ်တော်ကို ဗုန်းအမြောက်ပစ်ခတ်ဘန်များသည်နှင့် တပ်ပေါက်ရာက ဂေါရာစစ်ဝိုင်အများဝင်ရာ ဗိုလ်မှူးတပ်မှူးရဲမက်တော် အပေါင်းတို့လည်း ဦးတည်မိသမျှ ဂေါရာစစ်ဝိုင်တို့ကိုထိုးခုတ်သတ်ညှစ်ကြသည့်အတွင်း ဗိုလ်မှူးဝန်ကြီး သတိုးမင်းကြီးမင်းမဟာလည်း နောက်သို့ဆုတ်ခွာရပ်ခံလျှင် တပ်ပါဗိုလ်ရဲမက်အပေါင်းတို့စစ်မျက်နှာပျက်ကွက်သဖြင့် တပ်လုံးမငြိမ်မသက်ဖြစ်မည်ကိုမြင်၍ အသက်ကိုပမာဏမပြုမဆုတ်မနစ် ခုခံ တိုက်ခိုက်သောကြောင့် ဗိုလ်မှူး ဝန်ကြီး သတိုးမင်းကြီး မင်းမဟာနှင့် ဝန်ထောက် မင်းကြီးနော်ရထာတို့ ထိုသတ္တရာဇ် ဝါဆိုလဆန်းတဆဲသုံးရက်နေ့ တိုက်ပွဲတွင်ပင်ကျချေ၏၊

ယင်းသည့်နေ့ပင် ကောသာလီကြောင်းချီဗိုလ်မှူးဝန်ကြီး သတိုးသုဓမ္မသက်တော်ရှည်သည်း ကောသာလီသို့ မရောက်မီ ထော်ပံ စခန်းတွင်

အဖျားရောဂါ ကပ်ရောက်သည်နှင့် ယင်းသည့်သက္ကရာဇ် ၀ါဆိုလဆန်း တဆဲသုံးရက်နေ့ သေဆုံးကြောင်းများကို ကြားသိတော်မူလျှင် ပုခန်းဝန်ကြီး သတိုးသီရိမဟာဉဇနာသေလွန်ရာ လုပ်ဆောင် သင့်ပြီဟ်သည့်နည်း အမိန့်တော်နှင့် သေလွန်ရာအရပ်တွင် လုပ်ဆောင် သင့်ပြီဟ်ရ၏။ ။ ဝန်ကြီး သတိုးမင်းကြီး မဟာမင်းခေါင်,သတိုးမဟာသေနာပတိတို့ထည်း တပ်ပါဗိုလ်ရဲမက် အနည်းနှင့်အများဖြစ်၍ ရှေနောက် အုပ်စည်းမပျက် ပန်းလှိုင်ကျွန်းဦးတပ်သို့ ဆုတ်ခွာရပ်နေကြရ၏။ ။အင်္ဂလိပ် ဗိုလ်မှူးတပ်မှူး ရဲမက်ထက်နက်ကိုင်တို့ထည်း ရန်ကုန်မြို့ သိဂုတ္တရကုန်းကို အားကိုး၍ ခိုမှိုင်နေမြဲဝင်နေကြလေ၏။

ထိုအကြောင်းများကို ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီး ဘုရား ကြားသိတော်မူလျှင် နိုင်ငံတော် တောင်မျက်နှာ ဟံသာဝတီ ရန်ကုန်မြို့တွင် ခိုမှိုင်ရောက်နေသည့် အင်္ဂလိပ် ကုလား အမျိုးသားတို့ကို အကုန်အစင် တိုက်ဖျက် သိမ်းယူစေရမည်၊ ဝန်ကြီး သတိုး မင်းကြီး မဟာ မင်းခေါင်နှင့် သတိုး မဟာ သေနာပတိတို့ကို အောက်မြစ်စဉ် တလျောက် တောင်ဘက် မြောက်ဘက် မြို့ကျေးရွာအင်အားနှင့် ဗိုလ်မှူး ဗိုလ်ချုပ် အရာခန့်ထား၍ အရေးပေးအပ် လုပ်ကြံ စေသည်ကို ယုံမှတ် တော်မူသည်နှင့် အညီ ကုံတွင်အောင် ကြိုးကြိုးပမ်းပမ်း မထမ်း မရွက် ကြသောကြောင့် အရေးတော် မပြေမကုံ နေ့ရက် ကြန့်ကြာ ရှိရသည်၊ အပြစ်တင်တော်မူပြီးလျှင် ညီတော် သာယာဝတီမင်း မဟာသီရိသီဟသူရ မဓုရာဇာကို ဗိုလ်မှူးဗိုလ်ချုပ်ခန့်ထား၍ ရဲမက်ထက်နက်ကိုင် ဗိုလ်ပါအလုံးအရင်း ပေးအပ်ပြီးလျှင် ဗိုလ်မှူးတပ်မှူး ရဲမက် အပေါင်းတို့ကို အရေးထင်မြင်သည့်အတိုင်း ခန့်ထားဆင့်ဆို ချီတက်သိမ်းယူ ဆက်သ ရမည်-အမိန့်တော်ရှိပြီးလျှင် သက္ကရာဇ် (၁၁၈၄) တထောင့်တရာ့ ရှစ်ဆဲ့ခြောက်ခု ၀ါဆိုလဆန်းတဆဲ့ငါးရက်နေ့ နေပြည်တော်ရတနာပူရမြို့က ဓနုဖြူမြို့ရောက် ချီတက်ရပ်နေရ၏။

ညီတော် တောင်ငူမင်း သီရိမဟာသီဟသူရမဟာဓမ္မရာဇာကိုလည်း ရဲမက်လက်နက်ကိုင် ဗိုလ်ပါဆင်မြင်း အလုံးအရင်း ပေးအပ်၍ ထိုသက္ကရာဇ် ၀ါဆိုလပြည့်ကျော်တရက်နေ့ တောင်ငူမြို့ရောက်ချီတက်ရပ်နေရ၏။

ယင်းသည့် လပြည့်ကျော် တဆဲ့နှစ်ရက်နေ့ ကောသာလီကြောင်းချို ဝန်ကြီးသတိုးသုဓမ္မ မဟာသက်တော်ရှည်နှင့် ပါသည့်တပ်စု မကိုပူရမြို့ ထောပံစခန်းများတွင်ရှိသည်ကို ခေါ်တော်မူ၍ လက်ဝဲစစ်ကဲ မင်းကြီး

သီရိမဟာနန္ဒသကြော်, ထက်ယာစစ်ကဲ မင်းကြီးမဟာဥဇနာတို့က တပ်ပါအရာရှိ ရဲမက်ထက်နက်ကိုင်တို့ကို သိမ်းရုံးစည်းကြပ်ပြီးထျင် ရတနာပူရနေပြည်တော်သို့ ပြန်လာရ၏။

သက္ကရာဇ် (၁၁၈၆) တထောင့် တရာ့ ရှစ်ဆဲ့ခြောက်ခု ဝါခေါင်လဆန်းတရက်နေ့ အတွင်းဝန် မင်းကြီးသီရိမဟာဥဇနာကို ဝန်ကြီးသတိုး မင်းကြီးမဟာဗန္ဓုလနှင့်ဘက်၍ အဂ္ဂမဟာသေနာပတိဝန်ကြီး ခန့်တော်မူသည်။

သူရဲဝန် မဟာ မင်းလှမင်းခေါင်ကို အတွင်းဝန် မင်းကြီးကျော်ထင်နော်ရထာ, မင်းကြီး သီရိမဟာနန္ဒသကြော်, မင်းကြီး မဟာဥဇနာတို့နှင့်ဘက်၍ အတွင်းဝန် ခန့်တော်မူသည်။

ဝန်ထောက် မင်းကြီးနော်ရထာကို စစ်ကဲကြီးအရာနှင့် ဟံသာဝတီကြောင်း ချီတက် အမှုတော်ကို ထမ်းရွက်စေရာ ဆင်ဦး မြင်းဦးတွင် သေဆုံးရှိသည်ဖြစ်၍ သား-သံတော်ဆင့် မင်းလှသိဟသူကို ဝန်ထောက် ခန့်တော်မူပြီးလျှင် အဘအစိုးအနှင်းအဆောင်အရှက်ကို စိုးနှင်းဆောင်ရွက်စေ၏။

ယင်းသည့် ဝါခေါင်လပြည့်ကျော် ခုနှစ်ရက်နေ့ ညီတော် လောင်းရှည်မြို့စား မင်းသား မဟာသုသီရိဓမ္မရာဇာ ကံကုန်သည်ကို ညီတော် သတိုးဓမ္မရာဇာ ကံကုန်ရာ သင်္ဂြိဟ်သည့်နည်း လှပကောင်းမွန်အောင် လုပ်ဆောင်သင်္ဂြိဟ်ရ၏။

ယင်းသည့် သက္ကရာဇ် တော်သလင်းလဆန်း နှစ်ရက်နေ့ ကိုယ်လုပ်တော် သီရိအာသာ မဟောတ္တင် မြင်သည့် သမီးတော် ကျောက်ဆောက်မြို့စား ကံကုန်သည်ကို သရက် မင်းသမီးနည်း လှပကောင်းမွန်အောင် လုပ်ဆောင်သင်္ဂြိဟ်ရ၏။

ထိုသက္ကရာဇ် တော်သလင်းလဆန်း ခုနစ်ရက်နေ့ ပုခန်းကြီးမြို့စီရင်စုရေစကြိုရွာတွင် သီတင်းသုံးနေသည့် မြို့ခြံထူးမြတ်ဆောအကျင့်သီလနှင့် ပြည့်စုံသဖြင့် ဈာန်စိတ်ကို ပွားစေနိုင်သော အရည်ဝါသီပုဂ္ဂိုလ်သူမြတ်ကို နေပြည်တော်သို့ပင့်ဆောင်တော်မူ၍ ဇေယျာပူရမြို့ ပဘာချောင်တွင် ကျောင်းတော် ဆောက်လုပ် သီတင်းသုံးနေစေ၏။

ဓညဝတီမြို့မှာလည်း တပ်ဦးချုပ် အတွင်းဝန် မင်းကြီး မဟာ သီဟသူရကို အုပ်ချုပ်မြဲ တပ်ပါဗိုလ် ရဲမက်အပေါင်းတို့ကို ချုပ်အုပ်ရပ်နေ

စေ၍ တပ်တော်များနှင့်တကွ ဓညဝတီကြောင်းချီ ဗိုလ်မှူးသတိုးမင်းကြီး မဟာ ဗန္ဓုလကို ထိုသတ္တရာဇ် တော်သလင်းလ ခေါ်တော်မူ၍ ၎င်း လပြည့်ကျော် တဆဲ့သုံးရက်နေ့ ဗိုလ်ပါရဲမက် လက်နက်ကိုင်များနှင့် အုပ်စည်းမပျက် စလင်း ဆင်ဖြူကျွန်း ကျေးရွာသို့ ရောက်သည့် ကာလ တပ်ပါရဲမက်များကို ဆင်ဖြူကျွန်းတွင် အတွင်းဝန် မင်းကြီးမဟာမင်းလှ ရာဇာနှင့် ထားခဲ့၍ ဆန်တက်လာရာ ဗိုလ်မှူးသတိုးမင်းကြီး မဟာဗန္ဓုလ ရွှေဘဝါးတော်အောက် ရောက်သည်ကို သတိုး သုဓမ္မ မဟာဗန္ဓုလ ဘွဲ့-စစ်သူကြီးနေရာ အစီးအနင်း အဆောင်အရွက်များနှင့် စစ်တောင်း မြို့ကို မြို့စားပေးတော်မူ၏။

ယင်းသည့်လအတွင်း အင်္ဂလိပ်ဗိုလ်မှူး တပ်မှူးတို့ အတိုင်အပင် ဖြစ်ကြသည်ကား-ယခု ဓညဝတီကြောင်းချီ ဗိုလ်မှူးဝန်ကြီး ဗန္ဓုလ ဓညဝတီကြောင်းက ခေါ်ယူကြောင်းများနှင့်ကြားသိရသည်၊ဗိုလ်မှူးဝန်ကြီးဗန္ဓုလ ဆိုသူသည် အထက်အာသန်ကြောင်း, ဓညဝတီကြောင်းများတွင် ကြီးမှူး ချုပ်အုပ် ချီတက်စဉ် ကာလကပင် အာသန်တိုင်းပြည် အလုံးနှင့် တကွ ဓညဝတီကြောင်း ပန်းဝါမြို့မှ စ၍ စီရင်စု မြို့ ပြ ကျေးရွာများကို တိုက် ခိုက် သိမ်းယူရာ ဆင့်ဆိုစည်းကြပ် ချီတက်တိုက်ခိုက်ဆိုင်ပြိုင်မိသမျှအရေး အရာတိုင်းပင် မြန်မာတပ်ကသာအရေးလွှဲချေသည်ဖြစ်၍ စစ်ရေးကြီရေး ဦးလက်ရုံး နှလုံး ရဲစွမ်းသတ္တိ ပြည့်စုံသောကြောင့် ကြီးမြင့်သော နေရာ ဖြင့် သူကောင်းပြုခြင်းကို ခံရသောသူ ဖြစ်ချေသည်၊ ယခု ဟံသာဝတီ ရန်ကုန်မြို့ကို သိမ်းယူမိပြီဆိုသော်လည်း မြင်မာဗိုလ်မှူးတပ်မှူးတို့ အာဏာ ကို အလွန်ကြောက်ရွံ့ကြသည်နှင့် မြို့ကျေးရွာနေလူတို့ကို ငါတို့ကခေါ် ငင်သိမ်းသွင်းမရ စိတ်မချသာသေး၊ ယင်းသို့ဖြစ်၍ အလွယ်တကူ ပေါ့ ပေါ့လျော့လျော့ မထုပ်မကြီသာချေ စည်းစည်းကြပ်ကြပ် ရပ်ရပ်နေနေ ခုခံထုပ်ကြိမ့်သင့်မည်၊အရေးမလှ၍ ဟံသာဝတီတွင်မှမခံနိုင်ဆုတ်ခွာရချေ လျှင် အင်္ဂလိပ်နိုင်ငံတိုင်အောင် ဆုတ်ခွာရချိမ့်မည်မဟုတ်ဖြစ်သဖြင့် အရေး ခဲယဉ်းစွာတွေ့ကြုံမိကြရလျှင် ငါတို့အရှင် အင်္ဂလိပ်မင်းလည်းချက်ထဖြုတ် အကူအညီစေလွှတ်နိုင်မည်မဟုတ်ဖြစ်သည်၊ ယင်းသို့ဖြစ်၍ ဗိုလ်မှူးဝန်ကြီး ဗန္ဓုလမရောက်မီ ချီတက်ခဲ့ရင်း ရဲမက်လက်နက်ကိုင်တို့နှင့် နတ်တော်လ အတွင်း ဘင်္ဂလားမြို့က ဆိုက်ရောက်သည့် မြင်းတပ်စစ်သည်, နယုန်လ အတွင်း ဟိုင်းကြီးကျွန်း မာန်အောင်မြို့များက ထပ်မံရောက်သည့် သင်း

ဘော သမ္မန် ရဲမက်လက်နက်ကိုင် နှစ်သောင်းကျော်ကို ရန်ကုန်မြို့ထိုရုံးစု စည်းကြပ်ထားရမှ သင့်မည် ပြောဆိုတိုင်ပင်ပြီးထျင် စည်းကြပ် အာသင့် ထားလေ၏။

သာယာဝတီမင်း သာယာဝတီမြို့က တပ်စွဲရပ်ခြင်း စသော အကြောင်းအရာများ

ဘဝရှင် မင်းတရားကြီး ဘုရားလည်း ညီတော် သာယာဝတီမင်းကို ပါဝင်သည့် ဆင်မြင်း ရဲမက်ဗိုလ်ခြေအလုံးအရင်းနှင့် သာယာဝတီမြို့ကတပ်မ ပြုပြီးထျင် အခိုင်အလုံ အစည်းအကြပ် ရပ်နေစေ၍ ဝန်ကြီး သတိုးသုမွေ့ မဟာဗန္ဓုလကို ဗိုလ်မှူး၊ အတွင်းဝန် မင်းကြီးမဟာမင်းလှရာဇာ,မြို့လတ် ဝန်မင်းကြီးမဟာမင်းလှ မင်းခေါင်တို့ကို စစ်ကဲ၊ မင်းလှရာဇာ, မင်းလှ မဟာနော်ရထာတို့ကို နာခံ၊ စာရေးကြီး နေမျိုး ကျော်သူနော်ရထာ, မင်းထင်စည်သူတို့ကို တပ်ရေးခန့်တော်မူပြီးလျှင် ဆင်မြင်း ရဲမက် လက် နက်ကိုင်အမှူထမ်း ထပ်ဖြည့် ပေးအပ်တော်မူ၍ သက္ကရာဇ် (၁၁၀၆) တထောင့် တရာ့ ရှစ်ဆဲ့ခြောက်ခု တန်ဆောင်မုန်းလဆန်း ငါးရက်နေ့ ဟံသာဝတီကြောင်း ချီတက်စေ၏။

ဆင်တပ်မြင်းတပ်မှစ၍ အသီးအသီးတပ်မှူးတပ်အုပ် စစ်ကဲနာခံ တပ် ရေးခန့်ထားရန် မင်းကျော်ရဲထင်၊မင်းထင်သီဟ၊ မင်းကျော်မဟာသေန၊ နေမျိုးရာဇကျော်၊ နေမျိုးရဲလှရဲခေါင်ကျော်၊ နေမျိုး ပျံထင်နော်ရထာ၊ နေမျိုးသူရနော်ရထာ၊ နေမျိုးဇေယရန်အောင်၊ ဥဒိန်ရဲလှကျော်စွာ၊ဥဒိန် ဇေယဝေသော်တို့နှင့် မြို့စား ရွာစား ဘွဲ့အမည်ရ အရာရှိလူပေါင်း ငါး ဆယ်ကျော်တို့ကို ဗိုလ်မှူးဝန်ကြီး သတိုးသုမွေမဟာဗန္ဓုလတပ်တွင် လိုက် ထမ်းစေ၏။

ယေး, ဗြိတ်, ဒဝယ် မြို့များမှာလည်း မြို့ဝန်အရာရှိတို့ အသီးအသီး အမှူထမ်းရဲမက် လက်နက်ကိုင် စည်းကြပ် စောင့်နေကြရာ အင်္ဂလိပ်တို့ က ဂေါရာစစ်ပိုင်ဗိုလ်ရဲမက်အများ ကြည်းရေ ချီတက်ဝန်းရံတိုက်ခိုက် လာသည်ကို မြို့ဝန် အရာရှိတို့ အမှူထမ်းရဲမက် လက်နက်ကိုင်တို့ကို အုပ် ချုပ်ခုခံ တိုက်ခိုက်ကြလျှင် အင်္ဂလိပ်တို့က ဗိုလ်ပါရဲမက် အများ သေဆုံး သည်၊ တပ်တော်အမှူထမ်းတို့လည်း ပြောင်းသေနတ် အထိအခိုက် များ စွာရှိသည်၊ မနည်းကြော အားသစ်ကြိုးပမ်း တိုက်ခိုက် ကြသော်လည်း

ဗုန်း အမြောက်လက်နက် အင်အားကြီးလှသည်နှင့် ထိုသတ္တရာဇ် တော် သလင်းလဆန်း တဆဲလေးရက်နေ့ ဒဝယ်မြို့, သီတင်းကျွတ်လဆန်းတဆဲ လေးရက်နေ့ ပြတ်မြို့များကို မြို့ဝန်နှင့်တကွ ကုလားတို့က ရလေ၏။

ယေးမြို့ဝန်မှာ သားမယားနှင့်တကွ ယေးမြို့က ဆုတ်ခွာထွက်လာ၏၊ နောက်မုတ္တမမြို့သို့ ကုလားတို့က စစ်အားကြီး ချီတက်ဝန်းရံ လာသည် နှင့် မုတ္တမမြို့ဝန် မင်းကြီးမဟာဥဇနာမရပ်မခံနိုင်၍ ယင်းသည့်သတ္တရာဇ် တန်ဆောင်မုန်းလဆန်းကိုးရက်နေ့ တပ်ပါဗိုလ်အရာရှိ ရဲမက် အမှုထမ်း တို့နှင့် အုပ်စည်းမဟူက် မုတ္တမမြို့ကဆုတ်ခွာပြီးလျှင် ဘီးလင်း,ဝင်းကတတ် အရပ်က တပ်တည်လုပ်ခံနေ၏။။

ထို သတ္တရာဇ် တန်ဆောင်မုန်းလ အတွင်း တောင်ငူ ကြောင်းချီ ရမ္မာဝတီမင်းသားလည်း အရေးကို ချင့်ချိန်၍ တပ်ပါဗိုလ် ရဲမက် ဆင် မြင်းအလုံးအရင်းနှင့် နောင်တော်သာယာဝတီမင်းရှိရာ သာယာဝတီမြို့ သို့ပေါင်းစည်း ထမ်းရွက်လာ၏။။

ယင်းသောအခါ ညီတော်သာယာဝတီမင်းလည်း သတို့ မင်းကြီး မဟာမင်းခေါင်ကို လှတက်ရဲမက်လက်နက်ကိုင်အမှုထမ်း လူငါးရာ ကျော် ပေးအပ်ပြီးလျှင် ပန်းလိုင် ကျွန်းဦးတွင် တတပ်၊ ဝန်ကြီး သတို့ မဟာသေနာပတိကို ရဲမက်လက်နက်ကိုင် အမှုထမ်း လူငါးရာကျော် ပေးအပ်ပြီးလျှင် လိုင်မြစ်ပေါက် ထန်းတပင်ဝတွင် တတပ်၊ စားတော် ဝန် မင်းလှမင်းခေါင်ကို ရွှေဘောင် လှအမှုထမ်း လူသုံးထောင်, ဇင် သဘုံးမြို့စား မဟာဇေယသူကို ရွှေပြည်မှန်ကင်းသေနတ်အမှုထမ်း, စွန်း လွန်းအမှုထမ်း သေနတ်လူငါးရာ, နှစ်စု လူသုံးထောင်ကျော်ပေးအပ်ပြီး လျှင် ကျိုက်ကလိုဘုရားတွင်တတပ်၊ ယင်းသို့စစ်သုံးကြောင်းဖြန့်၍ချီတက် ရပ်နေစေ၏။။ ။ရန်ကုန်မြို့တွင်းတွင်ရှိသည့် အင်္ဂလိပ်တို့လည်း ဂေါ်ရာ စစ်ဝိုင်တပ်ပါဗိုလ်ရဲမက်အများကို ကရုန်အစ်သမြစ်ခေါ်-ဗိုလ်မူး ဆိုသူ ချုပ်အုပ်ချီတက်၍ ကျိုက်ကလိုတပ်တော်သို့ ချဉ်းကပ်တိုက်ခိုက်လာသည် ကို ရဲမက်တော်ဗိုလ်မှူးတပ်မှူးတို့ ခုခံတိုက်ခိုက်ကြလျှင် အင်္ဂလိပ်တို့တပ် မရပ်မခံနိုင်၊ တပ်လုံး အပြင်းဆုတ်ခွာ ထွက်ပြေးကြလေ၏။။ ယင်းတွင် အင်္ဂလိပ်တို့တပ်က ဗိုလ်ပြုလုပ်သူတို့နှင့် စစ်ဗာရီ လက်နက်ကိုင်အမှုထမ်း တရာကျော်ခန့် သေလေ၏။ ပြောင်းသေနတ်ထိခိုက်, အနာအကျင်လည်း စစ်ဝိုင်ခုနစ်ဆယ်ကျော်ခန့် ရှိသောဟူ၏၊ အင်္ဂလိပ်တို့တပ်ပျက်ပြားထွက်

ပြေးကြရာ ညညဉ့်အချိန်ဖြစ်၍ တပ်တော်က ဘိစီးလိုက်ထပ်၍ မတိုက်ရ ချေ၊ ရသည့်လက်နက်များကိုသာ သိမ်းယူပြီးလျှင် တပ်တွင်းသို့ ဝင်နေမြဲ ဝင်နေကြရ၏။

ရန်ကုန်မြို့တွင် အင်္ဂလိပ်,မြန်မာတို့တိုက်ခြင်း
မင်းကြီးသတိုးသုဓမ္မ မဟာဗန္ဓုလဆုတ်၍ ဓနုဖြူကဓံခြင်း
စသော အရပ်ရပ်တိုက်ပွဲများ

ဗိုလ်မှူးဝန်ကြီးသတိုးသုဓမ္မမဟာဗန္ဓုလလည်း စလင်းဆင်ဖြူကျွန်းဆိပ် သို့ရောက်လျှင် ထားခဲ့ရင်း ဓညဝတီကြောင်းချီ တပ်ပါ ရဲမက်များနှင့် ရွှေဘဝါးတော်အောက်က ပါသည့် ဆင်မြင်းရဲမက် ဗိုလ်ပါအမှုထမ်း များကို အနေအထားကျအောင် ခန့်ထားစီစဉ် စည်းကြပ် ချီသွားပြီးလျှင် ရန်ကင်းစံရာမြစ်, လှိုင်မြစ်ပေါက် မော်ဖိကျွဲကူးဆိပ်က တက်၍ ဂူကြီး ကျိုက်ကလိုတံတားကြီးသို့ရောက်ကာလ တပ်ချရပ်၍ မြို့လတ်ဝန်မင်းကြီး မဟာမင်းလှမင်းခေါင်ကျော်မှာ ရဲမက်လက်နက်ကိုင် အမှုထမ်း လူသုံး ထောင်နှင့် အရွှေမျက်နှာ ဗုဒ္ဓန်တောင်ကလှည့်၍ ရန်ကုန်မြို့ကိုချဉ်းကပ် တိုက်ခိုက်ရမည်၊ ဗိုလ်မှူး ဝန်ကြီး သတိုးသုဓမ္မမဟာဗန္ဓုလညီ မင်းထင် မင်းခေါင်မှာ ရဲမက်လက်နက်ကိုင် အမှုထမ်းလူ သုံးထောင်နှင့် မြောက် မျက်နှာ ဆံတော်ကြိုလမ်းကဝင်၍ ချဉ်းကပ်တိုက်ခိုက်ရမည်၊ အတွင်းဝန် မင်းကြီးမဟာမင်းလှရာဇာမှာ ရဲမက်လက်နက်ကိုင် အမှုထမ်း လူ သုံး ထောင်နှင့် သိဂုံတွရကုန်းတွင်ရှိနေသည့် ကုလားတို့တပ်ကို စီးနင်းတိုက် ခိုက်ရမည်၊ လက်ဝဲဝင်းမှူးမင်းကြီး မဟာမင်းလှဇေယသူ, စားတော်ဝန် မင်းလှမင်းခေါင်တို့မှာ ရဲမက်လက်နက်ကိုင် အမှုထမ်း လူ လေးထောင် နှင့် အနောက်မျက်နှာ ကြည်းမြင့်တိုင်ကသည် ရန်ကုန်မြို့ထိုဝင်၍ ချဉ်း ကပ်တိုက်ခိုက်ရမည်၊ ဝန်ကြီး သတိုးမင်းကြီး မဟာမင်းခေါင်မှာ ရဲမက် လက်နက်ကိုင်အမှုထမ်း လူသုံးထောင်နှင့် ဒလာက် ဝိုင်တူဆိပ်ကနေ၍ ရန်ကုန်မြို့သို့ ချဉ်းကပ်တိုက်ခိုက်ရမည်၊ယင်းသို့ ရန်ကုန်မြို့အလုံးကို အဝှမ် ဝိတ်ဆို့ပြီးလျှင် ဗိုလ်မှူးဝန်ကြီး သတိုးသုဓမ္မမဟာဗန္ဓုလ နောက်တပ်မ ပြု၍ ချုပ်အုပ်ခန့်ထား ချီတက်တိုက်ခိုက်ရာ ဗုဒ္ဓန်တောင်လမ်းချီ မြို့လတ် ဝန် မင်းကြီးမဟာမင်းလှမင်းခေါင်တပ်နှင့် ဆံတော်ကြိုလမ်းချီ မင်းထင် မင်းခေါင်တပ်ကို ကုလားတို့က ရဲမက်ဗိုလ်ခြေအများနှင့် အကျဉ်းတွင် ဆီးဆို့တိုက်ခိုက်သောကြောင့် စစ်မျက်နှာဖြန့်၍ မခံသာသည်နှင့် ရဲမက်

တော် ဗိုလ်မှူးတပ်မှူးတို့ ရှေနောက်ချုပ်အုပ် ဆုတ်ခွာခဲ့ပြီးလျှင် ကပဲ့တာမွေအရပ်က ရပ်ရချေ၏။

နောက် အင်္ဂလိပ်စစ်သည် ဗိုလ်မှူးတို့လည်း ဒလမြို့ဘက်ကိုကူးပြီးလျှင် ဒလမြို့ ဝိုင်တူဆိပ်တွင်စွဲရပ်သည့် ဝန်ကြီး သတိုးမင်းကြီးမဟာမင်းခေါင်တပ်ကို တိုက်ခိုက်ပြန်ရာ ရဲမက်တော်ဗိုလ်မှူးတပ်မှူးတို့ ပြောင်းသေနတ် အမြောက် ထပ်မနားပစ်လွှတ် ခုခံတိုက်ခိုက်သည်တွင် အင်္ဂလိပ်တို့က ဂေါ်ရာစစ်ဝိုင်ဗိုလ်ပြုလုပ်သူလေးယောက်, အမှုထမ်းလက်နက်ကိုင်နှစ်ရာ ကျော်ခန့် ပြောင်းသေနတ်အမြောက် ထိခိုက်သေဆုံးအနာအကျင်ရှိလေ၏။ ရဲမက်တော်တို့လည်း ထိပါးရှုန သေဆုံးကြသည်၊ နောက်အပစ် အခတ် ထူထပ်လှသည်နှင့် တပ်တော်ဗိုလ်ရဲမက်အပေါင်းတို့ ဆုတ်ခွာရချေ၏။

အတွင်းဝန် မင်းကြီးမဟာမင်းလှရာဇာတပ်ကလည်း ကုလားတို့ ခိုမှီရှိနေသည့် သိင်္ဃရကုန်းကို ချဉ်းကပ်တိုက်ခိုက်ရာ ကုလားတို့လည်း စစ်အားကြီး တောင်ထက်ကခုခံတိုက်ခိုက်သည်နှင့် သိင်္ဃရကုန်းကို မရနိုင်သောကြောင့် အောက်ကသာရံနေကြရ၏၊ ခုနစ်ရက်ခန့်ရှိလျှင် သိင်္ဃရကုန်းမြောက်မျက်နှာက ကုလားတို့ဆင်းပြီးလျှင် ဗုန်းအမြောက်လက်နက် ထပ်မနားပစ်လွှတ်၍ တိုက်ခိုက်လာသည်ကို ဗိုလ်ချုပ်အတွင်းဝန် မင်းကြီး မဟာ မင်းလှရာဇာလည်း မုတ္တမ မြို့သူကြီး သိရိသမန္တကျော်ခေါင်သို့ ရွှေးရအမှုထမ်းခြောက်ရာ, ကျောက်ဆည်ဝန် မင်းရဲကျော်ထင်သို့ ရွှေးရမြင်းစီးအမှုထမ်း ငါးရာကျော် ပေးအပ်၍ မင်းရဲကျော်ထင်ကိုယ် အုပ်ကွပ် ခုခံတိုက်ခိုက်စေရာ မင်းရဲကျော်ထင်လည်း သိင်္ဃရကုန်းကို အရကြိုး၍ ကုလားတို့ကပစ်လွှတ်သည့်ဗုန်းအမြောက်များကို လက်နက်မမှတ်မဆုတ်မနစ် မနည်းကြာ တိုက်ခိုက်ကြသည်၊ ယင်းထွင် အင်္ဂလိပ်တို့က ဗိုလ်ရဲမက်အများ သေဆုံးသည်၊ရဲမက်တော်တို့လည်း အထိအခိုက်အနာအကျင် ရှိချေသည်၊ ကျောက်ဆည်ဝန်မင်းရဲကျော်ထင်လည်း အစွန့်စားလွန်ချေ၍ ဆင်ဦးမြင်းဦးတွင်ပင်ဆုံးချေ၏။

နောက်အင်္ဂလိပ်တို့က ဂေါ်ရာစစ်ဝိုင်အများ ထပ်မံ ကူညီတိုက်ခိုက်လာရာ ဗိုလ်ချုပ်အတွင်းဝန် မင်းကြီး မဟာ မင်းလှရာဇာလည်း ဗုန်းအမြောက်အပစ်အခတ် ထူထပ်လှ၍ ပါသည့်ရဲမက်တော် ဗိုလ်မှူးတပ်မှူးတို့ အထိအခိုက် များသည်နှင့် အုပ်စည်းမပျက် ဆုတ်ခွာခဲ့ပြီးလျှင် ကပဲ့တာမွေဝါးဝိုးတပ်က ရပ်ခံနေရာ ကုလားတို့လည်း ရွှေညောင်ပင်

လမ်း, တာမွေလမ်းများက ချီတက်ထာပြီးလျှင် ဝါးဝိုးတင်ကိုထပ်မံတိုက်ပြန်လာသည်၊ ဗိုလ်မှူးတစ်မှူးတို့လည်း ရဲမက်တော်များကို အပြင်းအပြအုပ်ကွပ်၍ စစ်မျက်နှာ ဆိုင်ပြိုင်တိုက်ခိုက်ကြရာ အင်္ဂလိပ်ဂေါ်ရာစစ်ဝိုင်အများ သေလေသည်၊ နောက်တနာရီခန့်ရှိလျှင် ရဲမက်တော် တို့လည်း အထိအခိုက် အနာအကျင်များသည်နှင့် တပ်တော် ရွှေရချေ၏။

ယင်းသည့်နှစ်ပြာသိုလအတွင်းချီတော်မမူမီ ရွှေဘဝါးတော်အောက်က ဒုဇ္ဖြိုးအခိုင်တပ်တည်လုပ်၍ မျိုးရိကွာအပြည့်အစုံ စည်းကြပ် အသင့်စုပုံရှိစေရမည်-စို့လေးဆယ်ဒိုင်းဝန် နေမျိုး မင်းလှမင်းကျော်, မြောက်ဒဝယ်ဗိုလ် မင်းကျော်မဟာမင်းခေါင် တို့ကို စစ်ကဲ၊ မင်းထင်ဇေယျသူ, နေမျိုးဗလတို့ကို နာခံ၊ မာရဃင်တပ်မှူးနေမျိုးသိဒ္ဓိသူ, နေမျိုးသိဒ္ဓိကျော်တို့ကို တပ်ရေးခန့်ထားပြီးလျှင် အမှုထမ်း လက်နက်ကိုင် လူတထောင်ပေးအပ်၍ အတွင်းဝန်မင်းကြီး သိရိမဟာနန္ဒသင်္ကြိုကို ပြည်မြို့က ချီတက်ရပ်နေရမည်ဟု စုန်ထွက်ရ၏။

ဗိုလ်မှူး ဝန်ကြီး သတိုးဆုဓမ္မမဟာဗန္ဓုလလည်း သတိုးမင်းကြီးမဟာမင်းခေါင်ကို ကျွန်းဦးသရက်တပင်အရပ်က နေရမည်၊ မဟာသီလဝကို မော်ဖိုမြို့ကရပ်နေရမည်၊ ရဲမက်လက်နက်ကိုင် အမှုထမ်း လူတထောင့်ငါးရာစီပေးအပ်၍ အစောင့်အနေ ခန့်ထားခဲ့ပြီးမှ ဓနဖြူမြို့သို့ ဆုတ်ခွာ၍ မြို့ဟောင်းရာတွင် တပ်ဝန်းကျင် ပစ်စင်,ရင်လျှောက်,ကျုံးပတ်လည် သမင်ချို မြင်းတား, ဆင်ခလုတ်, မြင်းခလုတ်, ကျင်းမကန်းချ၍ အဖြိုးအခိုင်ကောင်းမွန်အောင် ရက်ပေါင်း သုံးဆယ်အတွင်း ခံတပ်တည်လုပ်ပြီးလျှင် မျိုးရိကွာ လက်နက်ကိရိယာ အပြည့်အစုံ သွင်းထား၍ ကြံ့ကြံ့ခိုင်ခံစွဲရပ်နေ၏။

ဝန်ကြီး သတိုးမဟာသေနာပတိကိုလည်း ချုပ်အုပ်မြို့တပ်ပါဗိုလ် ရဲမက်တို့နှင့် ပဲခူးမြို့က ရပ်နေရမည် ခန့်ထားချီသွားစေ၏၊ လှိုင်မြို့မြစ်ဝကုန်းတပင်ကျွန်းများတွင်လည်း လှိုင်မြို့, အင်္ဂပူမြို့, ရွှေတောင်မြို့, သုံးမြို့ရဲမက်လက်နက်ကိုင်လူငါးထောင်နှင့် ခြောက်ကြောင်းဗိုလ်မင်းလှသူရိန်, စားတော်ဝန် မင်းလှမင်းခေါင်, ဇွဲသဘုံးမြို့စား မဟာ ဇေယျသူတို့ကို တပ်အခိုင်အလုံတည်ထားရပ်နေစေ၏၊ အတွင်းဝန်မင်းကြီးသိရိမဟာနန္ဒသင်္ကြိုကိုလည်း တပ်ပါအရာရှိ အမှုထမ်း ရဲမက် လက်နက်ကိုင်တို့နှင့် ပြည်မြို့က ခန့်ထားရပ်နေစေ၏။

ပုသိန်မြို့တွင်လည်း မြို့ဝန် မင်းကြီး မဟာမင်းကျော်, အောက်မာဝန် မဟာမင်းလှမင်းထင် တို့ကို ရဲမက် လက်နက်ကိုင် အမှုထမ်း လူသူပေး အပ်၍ ပုသိန်မြို့အမှုထမ်းတို့နှင့် စည်းကြပ်စောင့်နေစေ၏။

ယင်းသို့အကြောင်းကြောင်း အဝဝ ခန့်ထားစည်းကြပ် စောင့်နေစေသည့် အတွင်း အင်္ဂလိပ် ဗိုလ်မှူးတပ်မှူး စစ်သည်ရဲမက်အပေါင်းတို့ ရေကြောင်း ရဲလှေသမ္ဘန်အများ အင်ကြီးအားကြီး ချီတက်တိုက်ခိုက် လာရောက်သည်ကို ဗိုလ်မှူးတပ်မှူး ရဲမက်တော်အပေါင်းတို့လည်း အသီးအသီးစည်းကြပ် ခုခံတိုက်ခိုက်ကြရာ အင်္ဂလိပ်စစ်သည် ဂေါ်ရာဗိုလ် ငါး, အမြောက်ဗိုလ် နှစ်, အမှုထမ်း လက်နက်ကိုင် တရုတ်ငါးဆယ်ကျော်ခန့် သေလေသည်၊ တပ်တော် ရဲမက်သားတို့လည်း ပြောင်း သေနတ် ထိခိုက် သေဆုံးရှိခဲ့သည်၊ မနည်းကြာ တိုက်ခိုက်မိလျှင် တပ်တော်များကို ကုလားတို့က ဗုန်းအမြောက် ထင်မနား ပစ်ခတ်ဘန်များသဖြင့် ကျိုးပေါက်ပျက်စီးသည်နှင့် ထန်းတပင်ကျွန်းဦး, သရက်တပင်, မော်ဖိတပ်တော်များ ဆုတ်ခွာရချေ၏။

ထိုသတ္တရာဇ် ပြာသိုလဆန်း ခုနစ်ရက်နေ့ အခါတော်အတိုင်း မဟာတကျသီဟာဘုရား ကြေးဆင်းတုတော် သွန်းလုပ်ရန် မြေပုံစံကိုင်သည်။ ထိုသတ္တရာဇ် ပြာသိုလပြည့်ကျော် ခုနစ်ရက်နေ့ ဟံသာဝတီ အရေးကို ထောက်၍ ညီတော်မိုးနဲဗိုလ်မှူး မင်းသား ခန့်ထားစည်းကြပ် အသင့်ရှိသည့်ရှမ်းပြည်မြေလတ်စော်ဘွားမြို့စား တို့နှင့်လက်နက်ကိုင်လူတသောင်း ငါးထောင်ကျော်အနက် လူငါးထောင်ကို စစ်ကဲကြီး တလုပ်မြို့ဝန် မင်းလှမင်းထင်နှင့် မိုးနဲတပ်တော်မှာ စည်းကြပ် စောင့်နေရစ်စေ၍ သံလွင်အရှေ့ဘက် စောင့်နေမြဲထားကင်းများမှာလည်း ကျိုင်းထုံ,ကျိုင်းရုံးကြီး, ကျိုင်းချိုင်, မိုင်းလျဉ်းကြီးစော်ဘွားမြို့စား တို့ကို ရာဇဝတ်တော်ရေး ကင်းလွတ်လုံခြုံအောင် ဆင့်ဆိုစောင့်နေစေပြီးလျှင် လူတသောင်းကျော်ကို ဗိုလ်မှူးမင်းသားကိုယ်ချုပ်အုပ်၍ စစ်ကဲကြီး အသည်ဝန် မင်းကြီးအတုလ မဟာသီဟသူ စော်ဘွား မြို့စားတို့နှင့် ရွှေဘဝါးတော်အောက် ခေါ်တော်မူ၍ အလျင်ရောက်အောင် လာရသည်။

နောက် ပုသိန်မြို့သို့ အင်္ဂလိပ်တို့က သင်းဘောသမ္ဘန် ရဲမက်လက်နက်ကိုင်ဗိုလ်ခြေအင်အား အများ ချီတက်ဝန်းရံတိုက်ခိုက်ကြပြန်ရာ ပုသိန်မြို့ဝန်, အောက်မာဝန်တို့ ရဲမက် လက်နက်ကိုင် အပေါင်းတို့နှင့် တံ့စား

ရပ်ခံတိုက်ခိုက်ကြသော်လည်း လက်နက်ထူသူ အင်အား မတန်သည်နှင့် ယင်းသည်သတ္တရာဇ် တပေါင်းလဆန်းကိုးရက်နေ့ ပုသိန်မြို့က ဆုတ်ခွာရချေ၏။

ထိုသတ္တရာဇ် ဟံသာဝတီကြောင်း ချီတက်စေရန် ဗန္ဓကျိတိုက်ဝန် မဟာမင်းခေါင်ရဲထင်တတပ်၊ လွှတော် ထောင်ကဲပွဲနင်း နေမျိုးဇလကျော်ထင် တတပ်၊ နေမျိုးဇလကျော်သူတတပ်၊ ရွှေနန်းရိုး လမိုင်းစာရေး နေမျိုးမင်းထင်တတပ်၊ အောင်ပင်လယ်လမိုင်းစာရေး နေမျိုးကျော်ခေါင်တတပ်၊ အလုံသင်းမှူး နေမျိုးနော်ရထာ တတပ်၊ ဒီပဲယင်းသင်းမှူး နေမျိုးရဲထင် တတပ်၊ စုစုတပ်ပေါင်းခုနစ်တပ်၊ လွှအမှုထမ်း၊ လမိုင်းအမှုထမ်း၊ သင်းအမှုထမ်း၊ စုစုရဲမက်လက်နက်ကိုင် လူငါးထောင့်လက်နက်ကိရိယာ မျိုးရိက္ခာအစုံ ပေး၍ အတွင်းဝန် မင်းကြီးမဟာဥဇနာကို ဗိုလ်မှူး၊ နန်းကံကျွေးဝန် နေမျိုးစည်သူ, နေမျိုးမင်းကျော်တိုက်ပဲ စစ်ကဲ၊ တလုပ်မြို့သင်းမှူး နေမျိုးရဲခေါင်, နတ်ရှင့်စည်သူ နော်ရထာတို့ကို နာခံ၊ လက်ဝဲသူရ နော်ရထာ, သိရိသိခံသူတို့ကို တပ်ရေး ခန့်ထား စည်းကြပ်ပြီးလျှင် သတ္တရာဇ် (၁၁၀၆) တထောင့်တရာ့ရှစ်ဆဲ့ခြောက်ခု တပေါင်းလပြည့်ကျော် ဆယ်ရက်နေ့ ဟံသာဝတီကြောင်းချီ ဝန်ကြီး သတိုးသုဓမ္မမဟာဗန္ဓုလတပ်သို့ ထပ်ဖြည့် ချီတက်စေ၏။

အင်္ဂလိပ် စစ်သည်တို့လည်း ရန်ကုန်မြို့က မိုးသင်းဘော, တိုက်သင်းဘော,ရဲလှေသမ္မန်များတွင် ရဲမက်လက်နက်ကိုင်အမှုထမ်းလူလေးထောင်ကျော်ကို ဇနင်္ကာတင်ခေါ် ဗိုလ်မှူး ချုပ်အုပ်၍ ရေကြောင်း, ကြည်းကြောင်းကလည်း စစ်သည်ရဲမက်လက်နက်ကိုင် လူလေးထောင်ကျော်ကို ဇနရံကြေမံခေါ်ဗိုလ်မှူးအုပ်ချုပ်၍ သာရဝေါ, ဟင်းသာတမြို့အနောက်ဘက်လမ်းချီတက်ပြီးလျှင် ဓနဖြူမြို့တောင် ကျိုက်ကလွန်ပွန်း ဘုရားတွင် စွဲရပ်သည့် နေမျိုးရဲထင်, ခြောက်ကြောင်းဗိုလ် နေမျိုးရဲဖျား, မဟာမင်းခေါင်သခိဿယာတို့တပ်သို့ ချဉ်းကပ် တိုက်ခိုက် လာသည်ကို ရဲမက်တော်ဗိုလ်မှူးတပ်မှူး စစ်သည်တော်တို့ ခုခံတိုက်ခိုက်ကြရာ နေမျိုးရဲထင်လည်း ယင်းတွင်ပင် ဆုံးချေ၏။

အင်္ဂလိပ်စစ်သည် ဗိုလ်မှူးတပ်မှူးတို့လည်း နေမျိုး ရဲထင်တပ်ပျက်ပြားကြောင်းကိုသိလျှင် ခြောက်ကြောင်းဗိုလ် နေမျိုးရဲဖျား, မဟာမင်းခေါင်သခိဿယာတို့တပ်ကို အားသစ်၍ ကြည်းရေနှစ်ဘက်ညှပ် တိုက်ခိုက်ကြပြန်ရာ ဗိုလ်မှူးတပ်မှူးအပေါင်းတို့ ရဲမက်တော်တို့ကို ကြပ်ကြပ် တည်းတည်း

အုပ်ကွပ်စည်းကြပ်တိုက်ခိုက်ကြသည်တွင် တပ်တွင်းကအမြောက်သေနတ် ထပ်မနားပစ်လွှတ်သည်နှင့် အင်္ဂလိပ်စစ်သည် ဗိုလ်ပါ ရဲမက်အပေါင်းတို့ တပ်ရင်းသို့ရောက်အောင် မချဉ်းမကပ်နိုင်၊ တပ်လုံးတပ်ရင်း ပျက်ပြားထွက်ပြေး၍ ဇွန်မြို့သို့ ဆုတ်ခွာရပ်နေလေ၏။ ယင်းတွင် အင်္ဂလိပ်စစ်ဗိုလ်ငါးယောက်နှင့် ဂေါရာစစ်ဝိုင်အမှူထမ်းအများ သေဆုံးလေ၏။

ထိုအခါ ရေကြောင်းချုပ်အုပ်ချီတက်လာသည့် ဇနင်္ဂါတင်ခေါ် ဗိုလ်ချုပ်ဆိုသူ ဓနုဖြူမြို့ ကျိုက်ကလွန်ပွန်းတပ်သို့ ချီတက် တိုက်ခိုက်ရာ အင်္ဂလိပ်ဗိုလ်ခြေ အမှူထမ်းအများ သေကြေပျက်စီး၊ ပြောင်း အမြောက် သေနတ် အထိအခိုက် များးလှသောကြောင့် မတိုက်မခိုက်နိုင်ကြောင်းနှင့် နှင့် ဇနရံကြေမံခေါ် ကြည်းကြောင်းဗိုလ်ချုပ်ထံ စေလွှတ်ပြောရာ ဇနရံကြေမံလည်း ဇနင်္ဂါတင်ရှိရာ သာရဝေါ အရပ်သို့ ပေါင်းဆုံလာပြီးလျှင် ရောဝတီမြစ်အနောက်ဘက် ဟင်းသာတရောက် ချီတက်၍ ဓနုဖြူမြို့တောင်မျက်နှာ ရွှေရောင်ပြဘုရားတွင် ကြည်းကြောင်းချီ အင်္ဂလိပ်တို့ တပ်စွဲရပ်သည်၊ ရေကြောင်းကလည်း မီးသင်းဘော, ရဲလွှေသမ္ဗန်များ နှင့်ဆန်တက်၍ ဓနုဖြူမြို့အထက် သာပေါင်းဆိပ်က စွဲရပ်သည်၊ ဓနုဖြူမြို့ အရှေ့ဘက် ရွှေကညင်ပင်နတ်စင်ကလည်း ဗုန်းအမြောက်များနှင့် နေ့ညမပြတ် ပစ်ခတ်သည်၊ ယင်းသို့ ဓနုဖြူမြို့တပ်ကို အင်္ဂလိပ်တို့ ကြည်းအား ရေအား အကြိမ်ကြိမ် ဝန်းရံလုပ်ကြံကြသည်ကို ဗိုလ်မှူး သတိုး သုဓမ္မ မဟာ ဗန္ဓုလလည်း တပ်ပါ ရဲမက်တော်တို့ကို ကြပ်ကြပ် တည်းတည်း ချုပ်အုပ်ပြီးလျှင် တပ်ရင်းသို့ ချဉ်းကပ်လာသမျှ အင်္ဂလိပ် စစ်သည်တို့ကို တပ်တွင်းရှိ ရဲမက်တော်တို့ စီးနင်းခုခံ ပစ်ခတ်စေ၏၊ ဗိုလ်မှူး ဝန်ကြီး သတိုး သုဓမ္မ မဟာ ဗန္ဓုလလည်း ကုလား၊တို့ ဗုန်း အမြောက် များကို လက်နက် မမှတ် ရွှေထီး ဖြန့်လျက် တပ်ထိပ်သို့ လှည့်ကာ ပတ်ကာ မပြတ်သွားလာ၏၊ တပ်ပြင်လည်း မြင်းနှင့် မြင်းစီးသူရဲတို့ လုံ့ရှည်အဲ့ မောင်း စွဲကိုင်လျက် မြင်းတပ်ဗိုလ် နေမျိုး ဂုဏ်ရတ်နှင့် မြင်းစီးခုနစ်ဆယ်ကျော် မြင်းရေးကစား၊စေသည်၊ အင်္ဂလိပ် စစ်သည် ရဲမက်ဗိုလ်မှူး တပ်မှူးတို့လည်း ရဲခြင်းနှင့် ပြည့်စုံသော ရဲမက်တော် ဗိုလ်မှူး တပ်မှူးတို့ကို ကြည့်ရှုလျက် တပ်တော်ခိုင်လုံလှသည်နှင့် တပ်ရင်းသို့ မချဉ်း မကပ်ဝံ့ အဝေးကသာ ဆုတ်ခွာရုံနေကြ၏။

နောက် ဗိုလ်မှူးဝန်ကြီး သတိုးသုဓမ္မမဟာဗန္ဓုလလည်း ဦးစီးနောက်ပဲ့ ဆင်ခြေဖုံး လုံ့ကိုင်အစုံနှင့် စိန်တင်ဆင်တဆယ်ကျော်, မြင်းနှင့်မြင်းစီး

သူရဲ ခုနစ်ဆယ်ကျော်တို့ကို ဆင်ဝန်ထောက် နေမျိုးဥဒိန်ရဲလှကျော်စွာ, မြင်းတပ်ဗိုလ် နေမျိုးတုရင်ရဲခေါင်ကျော်တို့ချုပ်အုပ်စေပြီးလျှင် အင်္ဂလိပ်စစ်သည် ရဲမက် အားကြီးရာ အပြင်းလွှတ်၍ တိုက်ခိုက် စေသည်တွင် အင်္ဂလိပ်စစ်သည်အပေါင်းတို့ တပ်လုံးသိမ့်သိမ့် လှုပ်သောဟူ၏။ ယင်းထွင် အင်္ဂလိပ်စစ်သည် နှစ်ဆယ်ကျော်သေလေသည်၊ နောက်အင်္ဂလိပ်တို့က ဗုန်းအမြောက်ပစ်လွှတ်ဘန်များသည်နှင့် ဆင်ဝန်ထောက်နေမျိုးဥဒိန်ရဲလှကျော်စွာနှင့် ဆင်စီးသူရဲ သုံးယောက်, မြင်းစီးသူရဲနှစ်ယောက်ကျ ချေ၍ ဆင်တပ်မြင်းတပ်များလည်းဆုတ်ခွာခဲ့ရချေ၏။

ထိုအခါ ဗိုလ်မှူး ဝန်ကြီး သတိုးသုဓမ္မမဟာဗန္ဓုလလည်း ပါဒသည့် ရဲမက်တို့ ထမ်းအားရွက်အားရှိအောင် စစ်ဝတ်တန်ဆာများကိုဝတ်ဆင်ပြီးလျှင် အိမ့်ခေါင်ချွတ်ကာ စွမ်းသန်ရဲရင့်မြင်းနှင့်ပြည့်စုံသော မြင်းကို စီးလျက် ဓနုဖြူတပ်ပြင်ပတ်လည်ထွက်၍ အင်္ဂလိပ်စစ်သည် ဗိုလ်မှူး တပ်မှူးတို့ စစ်မျက်နှာရင်ဆိုင်လှည့်ကာပတ်ကာ အကြိမ်ကြိမ် မြင်းရေးကစားရာ အင်္ဂလိပ်ဗိုလ်မှူး တပ်မှူး တို့လည်း ဗုန်းအမြောက်များနှင့် ထပ်မနား ပစ်လွှတ်ကြသည်၊ မြင်းဦး မြင်းနောက် မြင်းအောက်သို့သာ အမြောက်ဆန် ဗုန်းဆန်ကျသောဟူ၏။

နောက် ဗိုလ်မှူးဝန်ကြီး သတိုးသုဓမ္မမဟာဗန္ဓုလက တပ်တွင်းရှိ ဗိုလ်ပါရဲမက် စစ်ကဲ့စစ်ကွပ်တို့ကို ခေါ်၍ တိုင်ပင်စည်းကြပ်သည်ကား-ယခုငါတို့ ဓနုဖြူတပ်တွင်းဝယ်ဗိုလ်ရဲမက်အမှုထမ်းတို့လည်းလူတသောင်းကျော်ခန့်သာရှိချေသည်၊ အင်္ဂလိပ်ဗိုလ်မှူး ရဲမက် အမှုထမ်းတို့ကလည်း တပ်ပြင်ပတ်လည်ဝန်းကျင်ကြည်းရေနှစ်ဘက်ညှပ်အင်ကြီးအားကြီး ဘိစီးဝန်းရံပြီးလျှင် တပ်အနီးသို့အကြိမ်ကြိမ်ချီတက်လှုပ်ရှားရာ တပ်လည်းလုံခြုံခိုင်ခန့်လှသောကြောင့် မလှုပ်မရှားနိုင် အင်္ဂလိပ်စစ်သည် ဗိုလ်ရဲမက် အမှုထမ်းတို့ အထိအခိုက် အရှုအန များပြားသည်နှင့် မချဉ်းမကပ်ဝံ့ တပ်ပြင်ကသာ ဆုတ်ခွာရံနေမြဲရံနေကြသည်၊ယခု ငါတို့ခံရပ်သည့် ဓနုဖြူတပ်သည်လည်း ရန်ကုန်မြို့တပ်များကဲ့သို့ စစ်တက်လမ်းပေါက် ခရီးလမ်းကျဉ်းကြပ်သည်မဟုတ်ဖြစ်၍ ရွှေဘဝါးတော်အောက်က ထပ်ဖြည့်သည့် အတွင်းဝန် မင်းကြီး မဟာဥဇနာနှင့်လူငါးထောင်ဆိုက်ရောက်သည့်ကာလ အရွှေဘက်ဟင်းသာတ သာရဝေါက စစ်တကြောင်း, ဓနုဖြူတပ်တွင်းက ထွက်၍ အနောက်မျက်နှာကစစ်တကြောင်း,ယင်းသို့ စစ်နှစ်ဘက်ညှပ် ချီတက်လှုပ်ကြီရလျှင် အင်္ဂလိပ်ရံတပ်ဆိုသမျှခံရပ်နိုင်မည်မဟုတ်၊ယင်းသို့မခံမရပ်နိုင်၍

ဆုတ်ခွာထွက်ပြေးရှိုးလျှင်လည်း စစ်ခြေကြွေကို ငါတို့ကဟံသာဝတီရန်ကုန်ဆိုက်အောင် စစ်အားကြီး ဘိစီးယိုက်ထပ်၍တိုက်မည်၊ စစ်အားကြီး၍ မဆုတ်မခွာ တည်တံ့ရပ်နေနိုင်လျှင်လည်း ငါတို့က တပ်တွင်းသို့ဝင်၍ ရပ်ခံမြဲ ရပ်ခံနေမည် ပြောဆိုပြီးလျှင် အတွင်းဝန် မင်းကြီးမဟာဉဇနာနှင့် ဗန်ကျီတိုက်ဝန် မဟာမင်းခေါင်ရဲထင်တို့အလာအရောက်ကို ဆိုင်းငံ့နေသည့် အတွင်း အင်္ဂလိပ် သံလက်ဖွဲ့တော်သတ် သီဟကျော်ခေါင်, သီဟရဲထင်တို့ကို လေးစားမမူ စာရေးသားပေးအပ်စေလွှတ်ရာ လက်ဖွဲ့တော်သတ်တို့ကို အင်္ဂလိပ်တို့ရုံတပ်က ဖမ်းဆီး၍ ဗိုလ်မှူးဝန်ကြီး နေရပ်ကို စစ်မေးလျှင် အစစ်ခံကိုကြားသိသည်နှင့် အင်္ဂလိပ်တို့က ဗိုလ်မှူးဝန်ကြီးရှိရာ ဗုန်းအမြောက် ထပ်မနားပစ်လွှတ်သည်၊ ယင်းသို့ပစ်လွှတ်ဆန်များသောအခါ တပ်တွင်း ဗိုလ်မှူးတပ်မှူးတို့က ကုလားတို့ဗုန်းအမြောက်ပစ်လွှတ်ကြောင်းများကို လျှောက်ထားကြသော်လည်း ဗိုလ်ရဲမက်အများမံတည့်မတုံ့ မငြိမ်မဝပ်မည်ကို စိုးရိမ်သည်နှင့် တပ်ဗိုလ် အရာရှိတို့က လျှောက်ထားသည့်စကားကို မကြားမသိသည့်အဟန် အလေးမမူ နေသောကြောင့် ထိုနှစ် နှောင်းတန်းခူးလဆန်း တဆဲ့လေးရက်နေ့ ဗုန်းလက်နက်သင့်၍ ယင်းတွင်ပင် ဗိုလ်မှူး ဝန်ကြီး သတိုးသုဓမ္မ မဟာဗန္ဓုလကျဆုံးချေ၏။

ထိုအခါ ဗိုလ်မှူး ဝန်ကြီးညီ မင်းထင်မင်းခေါင်လည်း ဓနုဖြူတပ်တွင်းရှိ တပ်ပါအရာရှိ ဗိုလ်ရဲမက်အပေါင်းတို့ မသိစေရ အကြောင်းသင့်လူတို့ကိုခေါ်၍ တိတ်တဆိတ် တိမ်းရှောင် ထွက်သွားလေ၏။ ။တပ်တွင်းလည်း ဗိုလ်မှူးဝန်ကြီးမရှိလျှင် ရဲမက်အမှုထမ်းတို့ကို အုပ်ကွပ်ထိန်းသိမ်းစုရုံးစည်းကြပ် မရနိုင်ရှိသည်နှင့် ယင်းသည့်လဆန်း တဆဲ့ငါးရက်နေ့ စစ်ကဲကြီး အတွင်းဝန် မင်းကြီးမဟာမင်းလှရာဇာ, မြို့လတ်ဝန် မင်းကြီးမဟာမင်းလှမင်းခေါင်တို့ ဆုတ်ခွာရချေ၏။

မင်းကြီးမဟာသီဟသူရတပ်စသော တပ်အမျှားတို့ ဆုတ်ရခြင်းစသည်မျှား

ယင်းသည့်အတွင်း ဓညဝတီမြို့တွင်လည်း ဓနုဖြူတပ် ပျက်သည်နှင့် တချိန်တခါတည်း ကုလားတို့ ဗုန်းအမြောက် လက်နက်လူသူ အင်ကြီးအားကြီး ချီတက်တိုက်ခိုက်သောကြောင့် ဗိုလ်မှူးတို့အထပ်ထပ် ဝန်းရံရှိနေသည့် ကုလားတို့တပ်ကို ချင်းနင်းတိုက်ခိုက် ဆုတ်ခွာထွက်လာပြီးလျှင်

အတွင်းဝန် မင်းကြီး မဟာသီဟသူရ, ဓညဝတီမြို့ဝန် မဟာမင်းကြီးကျော်စွာတို့ တပ်ပါ ဗိုလ်ရဲမက်အပေါင်းတို့နှင့် အုပ်စည်းမပျက် စသင်းမြို့ထို့ဆိုက်ရောက်ရပ်နေလေ၏။

ညီတော် သာယာဝတီမင်း သီရိသီဟသူရ မဟာ ဓမ္မရာဇာလည်း ကျန်းခဲ့တော်မမူသည်နှင့် အရပ်ရပ် ချီတက်ရပ်ခံရှိနေသည့်ဗိုလ်မှူးတပ်မှူးတို့ကို အနေအထားကျအောင် ဆင့်ဆိုစည်းကြပ်ခဲ့ပြီးလျှင် အရေးကို ချင့်ချိန်လုပ်ကြံသာအောင် ပါသည့် ဗိုလ်မှူးရဲမက် လက်နက်ကိုင် ဆင်မြင်း အလုံးအရင်းများနှင့် မင်းဖူးရွာဆိပ်သို့ဆုတ်၍ ရပ်ခံနေ၏။

ထိုအခါ စစ်ကဲကြီး အတွင်းဝန် မင်းကြီးမဟာမင်းလှရာဇာ, မြို့လတ်ဝန် မင်းကြီးမဟာမင်းလှမင်းခေါင်တို့လည်း ဓနုဖြူတပ်တွင် ဗိုလ်မှူးဝန်ကြီး သတိုးသုဓမ္မ မဟာဗန္ဓုလကျသည်နှင့် ဓနုဖြူတပ်ပျက်ပြားဆုတ်ခွာရကြောင်း, ဗိုလ်မှူးဝန်ကြီးညီ မင်းထင်မင်းခေါင်လည်း အကြောင်းသင့်ရာအမှုထမ်းလူတို့နှင့် တပ်က တိမ်းရှောင် ထွက်ပြေးကြောင်းများကို မြို့စာရေး နေမျိုးဇေယသူကို စေလွှတ်လျှောက်ထားကြားသိတော်မူရာ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း မင်းထင်မင်းခေါင်ငယ်သည့် ဗိုလ်မှူးဝန်ကြီးမရှိလျှင် ခန့်ထားတော်မူသည့်တပ်အရာရှိတို့နှင့် ညှိနှိုင်းတိုင်ပင်၍ ရဲမက်လက်နက်ကိုင်အမှုထမ်းတို့ကို ချုပ်အုပ်ထမ်းရွက်ရမည်ကို ကျေးဇူးသစ္စာတော်ကိုမစောင့် သူ့သူနှင့် တိုက်ခိုက်ရာ ဆင်ဦးမြင်းဦးတွင် သေရမည့်ဘေးဘယကိုကာကြောက်သည်၊ ငါကပေးတော်မူမည့် ရာဇဝတ်တော်ဘေးကိုကား မကြောက်၊ တပ်ကတိမ်းရှောင်ထွက်လာသူဖြစ်သည်-အမိန့်တော်ရှိပြီးလျှင် ကွပ်မျက်တော်မူ၏။

နေမျိုးဇေယသူ မလျှောက်မထားမီ ရွှေဘဝါးတော်အောက်က တပ်အကူအထောက် ချီတက်လာစေသူ အတွင်းဝန် မင်းကြီးမဟာဥဇနာလည်း ကြံခင်းမြို့သို့ဆိုက်ရောက်မှ ဗိုလ်မှူးဝန်ကြီး သေဆုံးကြောင်း, ဓနုဖြူတပ် ပျက်ပြားကြောင်းများကို ကြားလျှင် ပါသည့် ဗိုလ်ရဲမက်များနှင့် ပြည်မြို့သို့ဆုတ်၍ အတွင်းဝန်မင်းကြီး သီရိမဟာနန္ဒသကြီနှင့် ပေါင်းစည်းရပ်ခံကြ၏။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ သဘင်မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၁၈၆) တထောင့် တရာ့ ရှစ်ဆဲ့ ခြောက်ခု နှောင်း တန်းခူးလပြည့်ကျော် ကိုးရက် တနလ်ာနေ့ နံနက်တချက်တီးကျော် အချိန် သင်္ကြန်ကျသည်၊ ၎င်းလပြည့်ကျော်တဆဲ့တရက် ဗုဒ္ဓဟူးနေ့ နှစ်ချက်တီးကျော် အချိန် အတာ နှစ်သစ် သက္ကရာဇ် (၁၁၈၇) တထောင့်တရာ့ ရှစ်ဆဲ့ခုနစ်ခုနှစ်သို့ တက်သည်။

အထူးထူးသော တိုင်းကြီးပြည်ကြီး ထီးဆောင်း မင်းမျာ့းသခင်၊ ရွှေတွင်း, ငွေတွင်း, ဿထွမြားတွင်း, ပယင်းတွင်းစသော ရတနာအပေါင်းတို့၏ အရှင်၊ ရတနာပုံ ရွှေပြည်တော်ကြီးကို ရှေးဦးလက်မွန် တည်ထောင် ဘန်ဆင်းတော်မူသော ဆဒ္ဒန်ဆင်မင့်းသခင်, ဆင်ဖြူမျာ့းရှင်, ပဉ္စမသင်္ဂါယနာထင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရားလက်တက်တော် အမိန့်ထော်မြတ်နှင့် သက္ကရာဇ်(၁၂၂၉) တထောင့်နှစ်ရာ့နှစ်ဆဲ့ကိုးခု တော်သလင်းလဆန်း ဂါးရက်နေ့ကစ၍ အထူးထူးသောရတနာတို့ဖြင့် တင့်တယ်ဆန်းကြယ်စွာသော မှန်နန်းတော်ရွှေ ဇေတဝန်ဆောင်တော်တွင် ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ, မူးမတ်ပညာရှိတို့နှင့် နှိုင်းညှိ တိုင်ပင်ဖြီးလျှင် အသင့်ယုတ္တိရှိရာ ကျောက်စာ, စာထမ်းစာဟောင်း, မော်ကွန်း, အမိန့်တော်, နေ့စဉ်မှတ်မျာ့းနှင့်အညီ ဆက်လက်စီကုံး ရေးသားသည့် ဒုတိယ မဟာရာဇဝင်တော်ကြီး ဒုတိယတွဲ ဤတွင်ပြီး၏။

၁၁၈၇—ခု

အင်္ဂလိပ် စစ်သည်တို့လည်း ဓနုဖြူတပ်ဖျက်လျှင် သက္ကရာဇ် (၁၁၈၇) တထောင့်တရာ့ရှစ်ဆဲ့ခုနစ်ခု ကဆုန်လဆန်းကိုးရက်နေ့ ပြည်မြို့ကို ဗုန်း အမြောက် လက်နက်အမျာ့းနှင့် ကြည်းအား ရေအား ဘီစီး တိုက်ခိုက် လာသည်တွင် စစ်အား‌ကြီး လှသည်နှင့် ပြည်မြို့အလုံးကို ဝန်းရံမိလျှင် တပ်တော် အဆုတ်အခွာခက်ရန် အကြောင်းရှိမည်ဖြစ်၍ အတွင်းဝန်မင်းကြီး သီရိမဟာနန္ဒသင်္ကြီ, မင်းကြီး မဟာဥဇနာ တို့လည်း ပါဝင်သည့် ရဲမက်တော်တို့ကို စည်းစည်းကြပ်ကြပ် အုပ်ကွပ် ဆင့်ဆို ဖြီးလျှင် ပြည်မြို့တွင်းက ထွက်လာကြ၏။

ထိုနှစ် မင်းတိုင်ပင် အမတ်ပညာရှိတို့က ဂြိဟ္ဿနှင့်ကျမ်းထွက်အတိုင်း ဂြိဟ်ကိုးပါးသင်္ကြန်ခေါ်တော်မူ၍ အဋ္ဌသာခါ,ယောဂယဇြောကျမ်းထွက် စာတမ်း စာဟောင်းမျာ့းနှင့် အညီ မြေနှန်းတော် ရွှေထွင် ဓာတ်နှန်း စံတော်မူဖြီးလျှင် မင်းခမ်း ထီးဖြူတော်မျာ့းကို လဲလှယ်ချုပ်လုပ်၍ ဥကင်

တော်ဖွင့်, တံဆိပ်နာမံ ခံတော် မူသင့်ကြောင်းနှင့် တင်လျှောက်သည့် အတိုင်း သက္ကရာဇ် (၁၁၈၇) တထောင့် တရှ့ ရှစ်ဆဲ့ခုနစ်ခု ကဆုန် လပြည့်ကျော် တဆဲ့လေးရက် တနင်္ဂနွေနေ့ နေတချက်တီးကျော် နာရီ ပြည့်အချိန် ဂြဟာသျှန်ဩ သင်္ကြန် ခေါ်တော်မူ ပြီးလျှင် မြေနန်းတော်ရှေ့ စံနန်းတော်ကို အောင်နန်းဘုံသာသမုတ်၍ နယုန်လအတွင်း ဓာတ်နန်း စံတော်မူ၏။

ထိုသက္ကရာဇ် ဝါဆိုလပြည့်ကျော်တရက်နေ့ မင်းခမ်းထီးဖြူတော်များ ကို လဲလှယ် ချုပ်လုပ်၍ ဥကင်တော် ဖွင့်ပြီးလျှင် ဆဒ္ဒန်ဆင်မင့်း သခင် ဘဝရှင်မင်းတရားကြီးဘုရားမှာ သီရိတြိဘဝနာဒိတျာဓိပတိ ပဝရပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ၊ အရှင်မိဖုရားခေါင်ကြီးမှာ သီရိပဝရတိလောက မဟာရာဇိန္ဒာ ရတနာဒေဝီ-တံဆိပ်နာမံတော် များကို အဆက် အသ ခံတော်မူသည်။

ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ဟံသာဝတီ ကြောင်းချီ တပ်များမှာ ဗိုလ်မှူးဝန်ကြီးသတိုးသုဓမ္မ မဟာဓန္ဓုလမရှိလျှင် ဗိုလ်မှူးတပ်မှူးတို့ကို အုပ်ကွပ်၍ ရှေးဦးရှေးဖျား စွန့်စား ထမ်းရွက်စေရန် ပုခန်းကြီးမြို့ဝန် မင်းကြီးမင်းခေါင်ကျော်ကို ဝန်ကြီး မင်းကြီး သီရိမဟာ ဥဇနာနှင့်ဘက်၍ ဝန်ကြီး ခန့်တော်မူပြီးလျှင် ဟံသာဝတီတွင် အရေး ပြက်ပြက်ထင်မြင်တော်မူသည့်အတိုင်း ငွေတော်ယူ ဘုန်းတော်ဖြစ်အမှု ထမ်း လူနှစ်သောင်းကျော်တို့ကို တပ်မှူးတပ်အုပ် ခန့်ထား ပေးအပ်၍ ဟံသာဝတီကြောင်း ချီတက်စေမည် ခန့်ထားတော်မူသည်ကို အရေးကို မြော်တင်း၍ ဆောဆောလျင်လျင် မချီမတက်, ချီတက်မည့် နေ့ရက်ကို လည်း အဖြောင့်အမတ် မတင်မလျှောက်, လူသုံးသောင်းကျော်ရမှ ချီ တက်ထမ်းရွက်နိုင်ပါမည့် တင်လျှောက်ရှိနေသည်၊ မှူးတော်မတ်တော် တို့ကလည်း ဟံသာဝတီကြောင်း ချီတက်စေရန် ခန့်တော်မူသည့်ဝန်ကြီး မင်းကြီးမင်းခေါင်ကျော် အမှုတော်ကို အဖြောင့်အရိုးထမ်းရွက်မည်မကြံ မစည်, တပ်ပါရဲမက်လက်နက်ကိုင်အမှုထမ်းလူတို့တွင်လည်း အကြောင်း သင့်လူငယ်တို့ကိုသာ အအုပ်အချုပ် ခန့်ထားကြောင်းများနှင့် လျှောက် ထားကြားသိတော်မူသည်တွင် ငမိုင်းငယ်သည် ရှေ့သို့ကိုအဖြောင့်အမတ် ထမ်းရွက်မည့်သူမဟုတ်ဖြစ်သည်၊ယခုလည်း အမိန့်တော်ကို အမိန့်တော် မမှတ်၊ တိုင်းပြည်မြို့ရွာ မငြိမ်မသက်အောင် ပြုသူဖြစ်သည်-အမိန့်တော်

ရှိပြီးသျှင် ထိုသတ္ထရာဇ် နယုန်လဆန်း တဆဲ့ငါးရက်နေ့ ငမိုင်းကို ကွပ်မျက်တော်မူ၏။

ဟံသာဝတီကြောင်း ချီတက်စေရန်မှာ....ညီတော် မိုးနဲဗိုလ်မူး ဒွါရာဝတီမင်းသား သီရိမဟာဓမ္မရာဇာကို ဗိုလ်မူး၊ အောင်ပင်လယ် လမိုင်းဝန် နော်ရထာကျော်ခေါင်, မဟာနေမျိုးတို့ကို စစ်ကဲ၊ စာရေးကြီး နေမျိုးမင်းလှ, လက်နက်တိုက်ဝန် နေမျိုးရဲထင်သူရတို့ကိုနာခံ၊ သံတော်ဆင့် မင်းလှဇေယျကျော်, ဆိမိုးခုံရွာစား နေမျိုးမင်းလှကျော်တို့ကို တပ်ရေးခန့်တော်မူ၍ ရွှေဘဝါးတော်အောက်ရှိ စည်းကြပ်ရရဲမက်လက်နက်ကိုင် အမှုထမ်း လူနှစ်သောင်းကျော်, ရှမ်းပြည်မြေလတ်စော်ဘွားမြို့စား တို့ကိုယ်နှင့် စည်းကြပ်ရ ရဲမက်လက်နက်ကိုင် အမှုထမ်း လူတသောင်းကျော်, စုစုလက်နက်ကိုင်အမှုထမ်း လူသုံးသောင်းကျော် ပေးအပ်ပြီးလျှင် သတ္ထရာဇ် (၁၁၀၇) တတောင့်တရာ့ ရှစ်ဆဲ့ခုနစ်ခု နယုန်လပြည့်ကျော် ဆယ်ရက်နေ့ ဟံသာဝတီကြောင်း ချီတက်စေသည်။

တောင်ငူမြို့မှာလည်း ညီတော် တောင်ငူမင်း သီရိမဟာသီဟသူရ မဟာဓမ္မရာဇာ မကျွန်းမမာရှိသည်ဖြစ်၍ ညီတော် သာယာဝတီမင်းနှင့် ပေါင်းစည်းထမ်းရွက်သည့် ညီတော် ရမ္မာဝတီမင်းသား သုသီရိမဟာဓမ္မရာဇာကို ဆင်မြင်းအလုံးအရင်းနှင့်တကွ ထိုသတ္ထရာဇ် သီတင်းကျွတ်လပြည့်ကျော်တရက်နေ့ အဓိန့်တော်နှင့် ခွဲ၍ တောင်ငူမြို့သို့ ချီတက်ရပ်နေစေ၏။

ညီတော်တောင်ငူမင်း သီရိမဟာသီဟသူရ မဟာဓမ္မရာဇာ ကျန်းခဲ့တော်မမူသည်ကို ရွှေဘဝါးတော် အောက်က အနောက်ဝန် နေမျိုးမဟာသီဟသူ, စာရေးကြီး နေမျိုးနန္ဒမိတ်, အသုံးစာရေး ရာဇကျော်သူတို့ကို တောင်ငူမြို့သို့ အပြုအစုအကြိုအယူစေလွှတ်သည့်အတွင်း သတ္ထရာဇ် (၁၁၀၇) တထောင့်တရာ့ရှစ်ဆဲ့ခုနစ်ခု သီတင်းကျွတ်လပြည့်ကျော် သုံးရက်နေ့ ကံတော် ကုန်ကြောင်းနှင့် တောင်ငူမင်းဝန် နေမျိုးရာဇသူက လျှောက်ထားသည်တွင် ညီတော်အလောင်းကို သန်လျင်းထွင်တင်ဆောင်၍ ထီးဖြူအုပ်မိုးပြီးလျှင် ရတနာပူရရွှေမြို့တော်ရောက် ဆောင်ယူရမည်-အဓိန့်တော်နှင့် ဝန်ထောက်မင်းကြီး မဟာသီဟသူ အဆောင် အယူသွားရ၏။

ညီတော် သာယာဝတီမင်းကိုလည်း အုပ်ချုပ်ရင်း ဗိုလ်မူးတပ်မူး ရဲမက်သက်နက်ကိုင်လူတို့ကို ဟံသာဝတီကြောင်းချီ ညီတော် မိုးနဲဗိုလ်မူး

မင်းသားသို့ပေးအပ် ထမ်းရွက်စေ၍ ညီတော် တောင်ငူမင်းကို သင်္ဂြိဟ် မှိုအောင် ကျေးကျွန်သင်းပင်းနှင့်တကွ ရွှေဘဝါးတော်အောက်လာစေ-အမိန့်တော်နှင့် ခေါ်တော်မူ၏။

ညီတော် တောင်ငူမင်းအလောင်းတော်ကိုလည်း နှမတော် တောင်ထွင်းကြီးမင်းသမီး, ပုဂံမင်းသမီး, ရမည်းသင်း မင်းသမီးတို့နှင့် မင်းညီမင်းသား မှူးတော်မတ်ခတော်တို့ ပင်းယမြို့ အောင်စည်းခုံ ဘုရားရောက်ကြိုယူစေ၍ ရွှေမြို့တော်တောင်မျက်နှာ မြစ်သာချောင်းမြောက် မိုးထိကျောင်းရွှေမြေလပ်တွင် တန်ဆောင်းဆောက်လုပ်ထားရသည်၊ ဆဋ္ဌန် ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ညီတော်အလောင်းကို စကြဝတေး မန္ဒာတ်မင်းကို သင်္ဂြိဟ်သည့်နည်း အခမ်းအနား ကြီးစွာအရှင်နှစ်ပါး ရွှေဝါနှင့်ထွက်တော်မူ၍ ထိုသတ္တရာဇာနတ်တော်လဆန်း တဆဲ့လေးရက်နေ့ သင်္ဂြိဟ်တော်မူ၏။

ဒွါရာဝတီမင်း မလွန်မြို့က တပ်စွဲခြင်း စသည်များ

ဟံသာဝတီကြောင်းချီ မိုးနဲဗိုလ်မှူး ဒွါရာဝတီမင်းသား မလွန်မြို့သို့ ရောက်လျှင် မလွန်မြို့တွင် တပ်မြေကတုတ် အဖြိုးအခိုင် လုပ်ဆောင်ရပ်နေ၍ ဝန်ကြီးသတိုးမင်းကြီး မဟာမင်းခေါင်ကို ဗိုလ်မှူး၊ အတွင်းဝန်မင်းလှရာဇာ၊ ဝန်ထောက် မဟာမင်းကျော်သခိုယာတို့ကို စစ်ကဲခန့်၍ စုကြီး သေနတ်အမှုထမ်းပါ ရဲမက်လက်နက်ကိုင် အမှုထမ်း လူ ၅၀၀ ထောင်ကျော် ပေးအပ်ပြီးလျှင် ရောဝတီမြစ် အရှေ့ဘက် မြေထဲမြို့က တပ်စွဲရပ်နေစေ၏။

စားတော်ဝန် မင်းလှမင်းခေါင်ကို အောင်ပင်လယ်လမိုင်းအစု အမှုထမ်း,သေနတ်အစုအမှုထမ်းလူသုံးထောင်ကျော်ပေးအပ်၍ မြစ်အနောက်ဘက် မြစ်ကိုင်းအရပ်က စွဲရပ်နေစေ၏။

မဟာနေမျိုးကိုဗိုလ်မှူး,ကျော်စဉ်တိုက်ဝန် မဟာနန္ဒရာဇ်, ဘုန်းတော်ဖြစ်ဗိုလ် မင်းခေါင်သခိုယာတို့ကို စစ်ကဲခန့်၍ ရှမ်းပြည် စော်ဘွားမြို့စား တို့နှင့် အစု အမှုထမ်း လူတသောင်းကျော် ပေးအပ် ပြီးလျှင် ကြည်းကြောင်းအရှေ့ဘက် မြေထဲမြို့ကျေး မိုးကောင်းဂုံတောအရပ်က တပ်စွဲရပ်နေစေ၏။

ယင်းသို့ စစ်သုံးကြောင်း သုံးသွယ် ခန့်ထားစည်းကြပ် ရပ်နေစေသည့် အတွင်း ပြည်မြို့တွင် စွဲရပ်သည့် အင်္ဂလိပ်အရေးဝိုင် ဇနရံကြေမံခေါ်

ကြက်တောင်ဗိုလ်ချုပ်က ယခု ငါတို့ ဟံသာဝတီ ရန်ကုန်မြို့က ပြည်မြို့ထိ မြစ်စဉ်တလျောက် မြို့ကျေးရွာများကို ချီတက်တိုက်ခိုက်၍ ပြည်မြို့သို့ စစ်ဦးရောက်သည်ကိုလျက် မြန်မာဗိုလ်မှူးတပ်မှူးတို့သည် နှစ်ပြည့် တပြည့် ရန်စစ်ပြေငြိမ်းရာသောအကြောင်းကို မကြံမစည် မြန်မာနိုင်ငံအလုံးတွင် ဆင် မြင်း ရဲမက် အမှုထမ်းတို့ကို ခန့်ထားစည်းကြပ်မြဲ စည်းကြပ်၍ စစ်အားကြီးချီတက်လာပြန်သည်များကို ဆင်ခြင်လျှင် ရွှေသို့ကိုမဆုတ်မနစ် အားသစ်တိုက်ခိုက်မည့်အဟန်ရှိချေသည်၊ လမ်းခရီး မြစ်စဉ်တလျောက် မြို့ကျေးရွာများတွင်လည်း ငါတို့အင်္ဂလိပ်လူမျိုးတို့ကို မြန်မာရဲမက် အမှုထမ်းတို့ ခရီးလမ်းတွင် ဖြတ်၍ညှဉ်းပန်းနှိပ်စက်တိုက်ဖျက်သည့် အရာများသည် ကျားမြီးကိုဆုတ်မိသောဟူဘိ၏သို့ ငါတို့က ပြန်၍ကူညီတိုက်ခိုက်ရမည့်အရေးလည်းအလွန်ခဲယဉ်းစွာဖြစ်ချေသည်၊ ယင်းသို့ဖြစ်၍ငါတို့က အရေးသာသည့်အကြိုက်တွင် ကျကုန်သမျှ စစ်စရိတ်အနက်တစိတ်တဝက် မျှရအောင် မြန်မာဗိုလ်မှူးတပ်မှူးတို့နှင့်ရန်စစ်ပြေငြိမ်းအံ့သောအကြောင်းကို ပြောဆိုမှ သင့်မည်-အင်္ဂလိပ်ဗိုလ် အရာရှိတို့နှင့် တိုင်ပင်ပြီးလျှင် နှစ်တိုင်း နှစ်ပြည် အကြည်အသာ မဟာမိတ်မဖျက် အထက်ကဲ့သို့ ဖြစ်ပါရမည့်အကြောင်းနှင့် အင်္ဂလိပ်ဗိုလ် ကော်ရံနယ်တိုက်ထီး, သင်းဘောသူကြီး သာရကျစ်တို့ကိုစေလွှတ်၍ မြေထဲမြို့သို့ရောက်လျှင် ထိုအကြောင်းကို ဝန်ကြီးသတိုးမင်းကြီးမဟာမင်းခေါင်က မလွန်မြို့တွင် ရပ်နေသော ညီတော် မိုးနဲဗိုလ်မှူး မင်းသားထံ လျှောက်ထားရာ ညီတော်ဗိုလ်မှူးမင်းသားလည်း ဝန်ကြီးသတိုးမင်းကြီးမဟာမင်းခေါင်, အတွင်းဝန်မင်းကြီး မဟာမင်းလှရာဇာ, အောင်ပင်လယ်လမိုင်းဝန် နော်ရထာကျော်ခေါင်, ဝန်ထောက် မဟာ မင်းကျော်သခိုယာတို့နှင့် ရွှေဘဝါးတော်အောက်က လာရောက်သည့် မြင်စုကြီးဝန်, အသည်ဝန်, ကျိုဝန် တို့ကို ခေါ်တော်မူ၍ ဗိုလ်မှူးတပ်မှူးဘို့အစုံအညီတွင် အင်္ဂလိပ်အရေးဝိုင်တို့နှင့် စကားပြောဆိုရမည်ဖြစ်သည်၊ နှစ်ဦး ဆိုင်ပြိုင်ပြောဆိုသည့် ကာလ နှစ်တိုင်း နှစ်ပြည် တိုင်းကျိုးပြည်ကျိုး ဖြစ်ထွန်း၍ မဟာမိတ်အဖြစ် ရန်စစ်ပြေငြိမ်းသင့်တင့်ညီညွတ်အောင် တိုင်းဝန် ပြည့်ဝန်ကို ရွှင်ဆောင်စီရင်ရသော အင်္ဂမဟာသေနာပတိ စစ်သူကြီးလက္ခဏာ မှူးမတ်ပီပီ အရေးစကားနှင့် စပ်လျဉ်းသည်များကို မနိမ့်မကျ မယုတ်မလွန် စေရ နှလုံးထား၍ ပြောဆိုရမည်-အမိန့်တော်ရှိပြီးလျှင် အင်္ဂလိပ်အရေးဝိုင် ဗိုလ်မှူးတပ်မှူးတို့နှင့် စကားပြောဆိုရန် ပြည်မြို့အထက် ညောင်ပင်ဆိပ် စခန်း

တွင် စကားပြောတဲ့ ဆောက်၍ သက္ကရာဇ် (၁၁၈၇) တထောင့်တရာ့ ရှစ်ဆဲ့ခုနစ်ခု သီတင်းကျွတ်လပြည့်ကျော် ခြောက်ရက်နေ့ နံနက်နှစ်ချက် တီးကျော်ခန့်အချိန် ဝန်ကြီး သတိုး မင်းကြီး မဟာ မင်းခေါင်က မြန်မာ အရာရှိနှစ်ယောက်ကို စေလွှတ်၍ အင်္ဂလိပ်အရေးပိုင် ဇနရံကြေမံခေါ် ကြက်တောင်ဗိုလ်ချုပ်ကို ခေါ်စေ၏၊ အင်္ဂလိပ် အရေးပိုင် ဗိုလ်ချုပ်က လည်း ဝန်ကြီး သတိုး မင်းကြီး မဟာမင်းခေါင်ရှိရာ စေလွှတ်ခေါ်လာသည်၊ နောက် ဝန်ကြီး သတိုး မင်းကြီး မဟာ မင်းခေါင်, အတွင်းဝန် မင်းကြီးမဟာမင်းလှရာဇာတို့နှင့် မြန်မာအရာရှိငါးယောက်၊ အင်္ဂလိပ် အရေးပိုင် ဇနရံကြေမံခေါ် ကြက်တောင်ဗိုလ်ချုပ်တို့နှင့် အင်္ဂလိပ်ဗိုလ်တို့ စကားပြောတဲ့သို့ အရောက်စုံညီလျှင် ဝန်ကြီးသတိုးမင်းကြီး မဟာ မင်းခေါင်, အတွင်းဝန် မင်းလှရာဇာ, ကျိဝန်မင်း မဟာ မင်းလှသီဟသူ, အသည်ဝန် မဟာသီရိကျော်ထင်, မြင်းစုကြီးဝန်မဟာသီဟသူရ, အောင်ပင်လယ် လမိုင်းဝန် နော်ရထာကျော်ခေါင်တို့စကားပြောတဲ့သို့ ရှေးဦးစွာတက်၍ တဖက်မျက်နှာက နေကြ၏၊ အင်္ဂလိပ်အရေးပိုင် ဗိုလ်ချုပ်နှစ်ယောက် တို့နှင့် ဂေါ်ယာဗိုလ် တိုက်သင်းဘော ဗိုလ် တို့ လည်း တဖက်မျက်နှာက တက်၍ ဆိုင်ပိုင်နေကြ၏၊ ထိုအခါမြန်မာအရာရှိမင်း တို့နှင့် အင်္ဂလိပ်အရာရှိတို့ နှုတ်ခွန်းဆက်၍ မိတ်သဟာယစကားပြောဆို ကြ၏။

ယင်းသောအခါ ဝန်ကြီးသတိုးမင်းကြီးမဟာမင်းခေါင်က ပဌမမူလ ရင်းဖြစ်သည့်အမှုကိုမပြောမဆိုကြနှင့်တော့ရှေးဦးစွာ ပြောဆိုသည်။ ။ အင်္ဂလိပ်အရေးပိုင်ဗိုလ်တို့ကသဘောတူညီ၍ ဝန်ကြီးမင်း ဆိုသည့်အတိုင်း မပြောမဆိုလိုပါဖြိဟ့ဆိုဖြီးလျှင် မိတ်ဆွေလက္ခဏာစကားကိုသာပြောဆို၍ ပြန်သွားကြ၏။

နောက်တရက်တွင် ဝန်ကြီး သတိုးမင်းကြီးမဟာမင်းခေါင်နှင့်မြန်မာ အရာရှိတို့က ပြောဆိုသည်ကား… ပြည်ကြီး နှစ်ပြည် မဟာမိတ် လက္ခဏာ နှင့်အညီ မတိုက်မခိုက် ရန်စစ် ပြေငြိမ်း၍ တိုင်းနေပြည်သူ ရွှင်လူသတ္တဝါ အပေါင်းတို့ ချမ်းငြိမ်းခြင်းကိုသာ အလိုရှိသည် ပြောဆိုသည်ကို အင်္ဂလိပ်အရေးပိုင် ဗိုလ်ချုပ် နှစ်ဦးတို့က နှစ်တိုင်းနှစ်ပြည် ရန်စစ်မရှိ ပြေငြိမ်းခြင်းကိုသာ အလိုရှိပါသည် ပြောဆိုကြပြီးလျှင် နှစ်တိုင်းနှစ်ပြည် ရန်စစ်ပြေငြိမ်း၍ တိုင်းကျိုး ပြည်ကျိုးနှင့် စပ်သည့်စကားကို

မိတ်ဆွေခင်ပွန်း လက္ခဏာနှင့်အညီ နှစ်ပြည်ထောင် အရေးဝိုင် ဗိုလ်မှူး စစ်သူကြီးတို့ ပြောဆိုခွင့် ရကြသည့်အတိုင်း အင်္ဂလိပ်အရေးဝိုင် ဗိုလ်မှူး ဗိုလ်ချုပ်တို့က ထပ်မံ ပြောဆို ကြသည်ကား....မကိုပူရပြည်, အာသန် ပြည်များကို မြန်မာမင်းတို့က မည်သည့် အကြောင်းနှင့်မျှ မယူပါနှင့်၊ ရခိုင်ပြည်ကိုလည်း အပ်ပေးပါ၊ စစ်တိုက်ရာကုန်သည့်စရိတ်တွင် ဒဏ်ငါး နှစ်ကုန်ရှေ့ ကုန်သည့်အနက် တကုန်ရှေမှာ ချက်ခြင်း ပေးစေချင်ပါသည်၊ တကုန်ရှေတွက်မှာ သံလွင်မြစ်အရှေဘက် ယေး, ဖြိတ်, ဒဝယ် မြို့များကို သိမ်းယူ ထားပါရစေ၊ ရတနာပူရ အင်းဝနေပြည်တော်မှာလည်း အင်္ဂလိပ်အရေးဝိုင်တယောက် ထားလိုပါသည်၊ၜင်းပြင် မြန်မာမင်းပြည် အင်္ဂလိပ်မင်း ပြည်များသို့ ကူးသန်းဖောက်ကား ဘွားလာကြသည်တို့ကိုလည်း နှစ်ဦးနှစ်ဘက် အနှောင့်အရှက်မရှိစေရ စာချုပ်ဆိုပြုလုပ်ပါရစေ-ပြောဆိုသျှင် ဝန်ကြီးမင်းနှင့် ပါသည့် အရာရှိတို့က ပြောဆိုပြန်သည်ကား-နှစ်တိုင်းနှစ်ပြည် ရန်စစ်ဖြစ်ကြသည့် နေ့က ယခုတိုင် အခွန်ဘဏ္ဍာ မရလစ်ဟင်းရသည်၊ ပြည်ကြီးနှစ်ပြည် မဟာမိတ်လက္ခဏာညီညွတ်မည်မှန်လျှင် မြို့ကျေးရွာများနှင့် စစ်စရိတ်ဆို၍ ကြေး ငွေ တောင်းသည့်မှာ သင့်မည် မထင်၊ ရှေးအထက်က တရုပ် ပြည်ကြီးနှင့် မြန်မာ ပြည်ကြီး စစ်ဖြစ်ကြရာလည်း စစ်ပြေငြိမ်း၍ မဟာမိတ် ဖြစ်ကြသည့် ကာလ ငါတို့က မြို့ ပြ ကျေးရွာ စရိတ်ကြေးငွေ မတောင်းမခံ ပြေငြိမ်း ပြန်သွားစေသည် ပြောဆိုပြန်လျှင် အင်္ဂလိပ်တို့ကပြောဆိုပြန်သည်ကား-အထက်တရုပ်နှင့် စစ်ဖြစ်ကြသည်ဆိုသည်မှာ တရုပ်ကအရေးလှသူမဟုတ် ရှုံးသူဖြစ်ပါသည်၊ ယခုမှာ အင်္ဂလိပ်က အရေးလှသူဖြစ်၍ တောင်းပါသည်၊ နှစ်တိုင်းနှစ်ပြည် စစ်ဖြစ်ကြသည့်အတွင်းလည်း မြန်မာတိုင်းပြည်မှာ ချုပ်ထားရှိသည့် အင်္ဂလိပ်အမျိုးသားတို့ကို လွှတ်ပါ၊ ဘင်္ဂလားမြို့တွင်ရှိသည့် မြန်မာကျွန်တော်မျိုးတို့ကိုလည်း လွှတ်ပါမည်ဆိုလျှင် မြန်မာအရာရှိမင်းတို့ကို အင်္ဂလိပ်အရာရှိတို့ က အင်္ဂလိပ်အရာရှိတို့ မိတ်လက္ခဏာသဘော မှန်ကန်မည် ဖြစ်လျှင် အင်္ဂလိပ်အရာရှိတို့ အလိုရှိသည့်စကားကို ရွှေနားတော်ကြားတင်လျှောက်သည့်အဘွင်း စစ်မတိုက်စေရ ဆိုင်းငံ့ရပ်နေကြ၍နှစ်ဦးချုပ်ထားရှိသူတို့ကို လွှတ်ရမည့်ပြောဆိုသည်ကို အင်္ဂလိပ်အရာရှိတို့ သဘောတူညီ၍ နှစ်ဦးစစ်မတိုက် မခိုက် ဆိုင်းငံ့ နေကြပြီးလျှင် ချုပ်ထား ရှိသူတို့ကို လွှတ်မည် အကြောင်းနှင့် ကတိထားကြ၍ မြန်မာအရာရှိ မင်းတို့နှင့် အင်္ဂလိပ်အရာရှိတို့ စကားပြောတဲက တပ်သိုပြန်သွားကြ၏။

မြန်မာအရာရှိ မင်းတို့ မလွန်မြို့ဆို့ ရောက်ထွင် အင်္ဂလိပ် ဗိုလ်တို့နှင့် စကားပြောဆိုသည့် အကြောင်းအရာများကို ညီတော် ဗိုလ်မှူး မင်းသား ထံ ဓလျောက်ထားသည်ထွင် မြို့ပြကျေးရွာ စရိတ် ကျေးငှေမှုများနှင့် စပ်လျဉ်းသည့် စကားဖြစ်၍ ရွှေဘဝါးတော်အောက် အလျောက်အထား စေလွှတ်သည့် အထွင်း အင်္ဂလိပ်အရေးဝိုင် ဗိုလ်ချုပ်က အထက်ကတိ ရှိသည့်အတိုင်း အင်းဝမြို့ထွင် ရှိသည့် အင်္ဂလိပ် အမျိုးသား တို့ကို လွှတ် မည့်အကြောင်း ချိန်းချက်သည့် နေ့ရက် စေ့ရောက်သာည့် ကာလ မည့် သို့ပြုမည် အကြောင်းများနှင့် ဝန်ကြီး သတိုးမင်းကြီး မဟာ မင်းခေါင် ထံ စာရောက်၍ ဝန်ကြီးမင်းက စာပြန်ပေးလိုက်သည်ကား....အင်္ဂလိပ် အရေးဝိုင် ဗိုလ်ချုပ်တို့နှင့် စာချုပ်ကတိ ထားကြသည့်အတွင်း အင်္ဂလိပ် တို့တပ် ဓညဝတီပြည်က ဟံသာဝတီမြို့သို့ မော်တင်လမ်း ချီတက်လာ သည်ဖြစ်၍ စာချုပ်နှင့်မညီ ကတိပျက်သင့်သောကြောင့် မြန်မာ တိုင်း ပြည်တွင်ရှိသည့် အင်္ဂလိပ် အမျိုးသားတို့ကို မလွှတ်သာသေး ဖြစ်၍ တိုင်းကြီး ပြည်ကြီးချင်း နှစ်တိုင်းနှစ်ပြည် မဟာမိတ် ဖြစ်ကြလျှင် တဦး ဝိုင်သည်ကို တဦးမဝိုင်မယူလိုသည့် အစဉ်ထုံးစံ ရှိသည့်အတိုင်း မဟာ မိတ်လက္ခဏာသဘောမှန်ကန်လျှင် မြို့ပြကျေးရွာများနှင့် စရိတ်ကြေးငွေ များကို မတောင်းမယူမှ မိတ်လက္ခဏာညီကြောင်းနှင့် စာပြန်ပေးလိုက် သည်။

ရွှေဘဝါးတော်အောက်ကလည်း ကောလင်းမြို့စား ဝန်ကြီးမင်းကြီး သီရိမဟာဥဇနာကို လူငါးရာနှင့် စေလွှတ်၍ ထိုနှစ် တန်ဆောင်မုန်း လပြည့်ကျော်နှစ်ရက်နေ့ မလွန်မြို့သို့ ဆိုက်ရောက်၏။ ။စလင်းမြို့စား မင်းသား သတိုးမဟာသုဓမ္မရာဇာကို ဗိုလ်မှူး၊ဒေဝမင်းခေါင်, မဟာစည် သူတို့ကိုစစ်ကဲ၊ မဟာမင်းလှကျော်, နေမျိုးစည်သူသခ်ယာတို့ကို နာခံ၊ နေမျိုးမင်းကျော်ရာဇသူ, နေမျိုးဇေယနော်ရထာတို့ကို တပ်ရေးခန့်ထား၍ ထောင့်သုံးရာတွဲအစု အမှုထမ်းပါ လူတထောင်ကျော်ပေးအပ်ပြီးလျှင် ထိုသတ္တရာဇ် တန်ဆောင်မုန်းလပြည့်ကျော်ဆယ်ရက်နေ့ အမိန့်တော်နှင့် စလင်းမြို့က ရပ်နေရ၏။

နောက် အင်္ဂလိပ်တို့နှင့် စကားအရေးအရာပြောဆိုပြီးပြေမည့် လက္ခဏာမထင်မမြင်သည်နှင့် ညီတော် ဗိုလ်မှူးမင်းသားလည်း ပြည်မြို့ကိုဝန်းရံ ထုပ်ကြီရမည် ခန့်ထားစည်းကြပ်သည်ကား-ဝန်ကြီး သတိုးမင်းကြီးမဟာ မင်းခေါင်ကို ပါသည့်ဗိုလ်ရဲမက်တို့နှင့် စားတော်ဝန်တပ်ကို ချုပ်အုပ်စေ

ဖြိုးလျှင် ကြည်းရေဖက်၍တကြောင်း, မဟာနေမျိုးကိုလည်း ပါသည့်ဗိုလ် ရဲမက်အမှုထမ်းတို့နှင့် စော်ဘွားမြို့စားတို့တပ်ကို ချုပ်အုပ် စေဖြိုးလျှင် ကြည်းကြောင်း၊ ရသေ့မြို့က ချီတက်တိုက်ခိုက်ရမည်-ခန့်ထား စည်းကြပ် လုပ်ကြံစေရာ ထိုသတ္တရာဇ် နတ်တော်လအထွင်း ဝန်ကြီးသတိုးမင်းကြီး မဟာမင်းခေါင်လည်း ချုပ်အုပ်ချီတက်ခဲ့ရင်း ရေတပ်ကို ကြည်းတပ်သို့ ပေါင်း၍ ပြည်မြို့အထက် ကုန်းဘလင်း နတ်ပုတီးမော်က စွဲရပ်ဖြိုးလျှင် စားတော်ဝန် မင်းလှမင်းခေါင်တပ်ကို ပြည်မြို့ အနောက်ဖက် ဘိုးဦးတောင် စကြံကျွန်းကခွဲ၍ စွဲရပ်စေ၏၊ မဟာနေမျိုးနှင့် စော်ဘွား မြို့စား တို့တပ်စုလည်း ပြည်မြို့အရှေ့ ဝက်ထီးကန်ကစွဲရပ်ကြ၏။

ယင်းသို့ ပြည်မြို့ကို စစ်သုံးကြောင်းဝိတ်ဆို့ထားသည့်အတွင်း အင်္ဂလိပ် အရေးပိုင်ဗိုလ်ချုပ်တို့က ဝန်ကြီး သတိုး မင်းကြီးမဟာမင်းခေါင် ပြန်ပေး လိုက်သည့်စာကို သဘောမတူ၍ ရဲမက်လက်နက်ကိုင်အများ ခန့်ထား စည်းကြပ်ဖြိုးလျှင် ပြည်မြို့အထက် ဝက်ထီးကန်တပ်ကို ထိုသတ္တရာဇ် နတ် တော်လအတွင်း ချီတက် စတင် တိုက်ခိုက် လာသောကြောင့် ဗိုလ်ချုပ် မဟာနေမျိုးနှင့် စော်ဘွားမြို့စားတို့လည်း တပ်ပါ ဗိုလ်ရဲမက်အပေါင်း တို့ကို အပြင်းကွပ်ညှပ် အုပ်ချုပ်ခုခံတိုက်ခိုက်စေရာ ရဲမက်တော်တို့လည်း မဆုတ်မနစ် ပြောင်းအမြောက် သေနတ်မီးပေါက် မိုးရွာ၏သို့ ပစ်ခတ် တိုက်ခိုက်ကြသည်တွင် အင်္ဂလိပ်ဗိုလ်အကြီးပြုသူငါးယောက်နှင့် တပ်ပါ ရဲမက်စစ်သည်အပေါင်းတို့ ပြောင်းအမြောက်သေနတ် ထိခိုက်သေဆုံး ကြသည်ကား တံတားခင်း၏သို့သူကောင်အတင်တင် ရှိသောဟူ၏။ ထို အခါ အင်္ဂလိပ်ဗိုလ်ရဲမက် စစ်သည်အပေါင်းတို့လည်း တပ်လုံးပျက်ပြား၍ ရုံးမိသမျှ ဗိုလ်ရဲမက်လက်နက်ကိုင်နှင့် ပြည်မြို့သို့ အပြင်းဆုတ်ခွာထွက် ပြေးကြလေ၏၊ အမြောက်ကြီးလုံးရေငါး, သေနတ်လက်နက်ရေ သုံးရာ, သို့ရကုလား ငါးဆယ်ကျော် ရလိုက်သည်များကို ညီတော်ဗိုလ်မှူးမင်း သားထံဆက်သရ၏။

ယင်းသို့ အင်္ဂလိပ်တို့တပ် အဆီးအတားမရှိ ကစဉ့်ကလျား ပျက်ပြား ဆုတ်ခွာထွက်သွားပြီးလျှင် အင်္ဂလိပ် ဗိုလ်မှူးတပ်မှူးတို့က ပြည်မြို့သူကြီး ဟောင်းကို ကြွေးငွေပေး၍ ဝက်ထီးကန်တွင်စွဲရပ်ရှိသည့် ဗိုလ်ချုပ်မဟာ နေမျိုးတို့တပ်စုကို ပြည်မြို့သို့ ချီတက်လာအောင် ပြောဆိုပါဆိုလျှင် ကုလားတို့ မှာထားသည့်အတိုင်း ပြည်မြို့သူကြီးဟောင်း ငသောကတိုး ပြောဆိုလာ၍ မဟာနေမျိုးတို့တပ်စုလည်း နဝင်းချောင်းသင်ပန်းအရပ်

သို့ ချီတက်ချရင်သည့်အတွင်း အမှတ်မဲ့နေခိုက် အင်္ဂလိပ်တို့က ဇနင်္ကာတင်ခေါ် တိုက်သင်းဘောဗိုလ် ချုပ်အုပ်၍ စစ်သည်အများ ပြည့်မြို့က ထွက်လာပြီးလျှင် အပြင်းဝင်၍ တိုက်သည်တွင် မဟာနေမျိုးနှင့်မောက်မယ်စော်ဘွားတို့လည်း ထိုသတ္တရာဇ် နတ်တော်လပြည့်ကျော် ခုနစ်ရက်နေ့ ယင်းတွင်ပင် ဆုံးချေ၏၊ တပ်ပါ အရာရှိတို့လည်း ဗိုလ်ရဲမက်တို့ကို မအုပ်မစည်းနိုင် နဝင်းချောင်းတပ်ဟုက်၍ ဆုတ်ခွာခဲ့ရ၏။

အင်္ဂလိပ် ဗိုလ်မှူးတပ်မှူး ရဲမက်စစ်သည် အပေါင်းတို့ထည်း နဝင်းချောင်းတပ် ဆုတ်ခွာလျှင် ထပ်မံအားသစ်၍ ကုန်းတလင်းနတ်ပုတီးမော်တွင် စွဲရပ်သည့် ဝန်ကြီး သတိုးမင်းကြီးမဟာမင်းခေါင်တပ်, ဘိုးဦးတောင်စကြီကျွန်းတွင် စွဲရပ်သည့် စားတော်ဝန်တပ်များကို တိုက်ခိုက်လာသည်တွင် ဗိုလ်ချုပ်ဝန်ကြီး ဘတိုးမင်းကြီးမဟာမင်းခေါင်နှင့် တပ်ဗိုလ်ရဲမက်လက်နက်ကိုင် အမှုထမ်းတို့ ပြောင်း အမြောက်သေနတ် ဖျော်ဖျော်ပစ်လွှတ်၍ အင်္ဂလိပ်စစ်သည် ရဲမက်တို့နှင့် ဆိုင်ပြိုင်တိုက်ခိုက်ကြရာ မနည်းကြာတိုက်ခိုက်မိကြလျှင် အင်္ဂလိပ်ဗိုလ်အကြီးပြုသူ ခုနစ်, ဂေါ်ရာ စစ်ဝိုင်အမှုထမ်း လူငါးဆယ်ကျော်ခန့်သေလေ၏၊ ဂေါ်ရာစစ်ဝိုင် အမှုထမ်းလူတရာကျော်ခန့်လည်း ပြောင်းသေနတ်အမြောက်ထိခိုက်၍ အနာအကျင် ရှိလေ၏၊ ရဲမက်တော် အမှုထမ်းတို့လည်း လူနှစ်ဆယ်ကျော်ခန့် ပြောင်းသေနတ် ထိခိုက်နာကျင်သေဆုံးရှိချေသည်၊ အင်္ဂလိပ် ဗိုလ်မှူး တပ်မှူးတို့နှင့် စစ်သည်ရဲမက်တို့လည်း အထိအခိုက်အနာအကျင် အသေအဆုံးများလှသည်နှင့် အားလျှော့ကြ၍ တပ်ဆုတ်ခွာမည် ကြံစည်သည့်အတွင်း ပြည်မြို့တွင်းရှိ အင်္ဂလိပ် ဗိုလ်ချုပ်တို့က စစ်သည့် ရဲမက် လက်နက်ကိုင် အများ စစ်ကူစစ်ထောက်ပို့ရောက်သည်နှင့် အဆုတ်အဆိုင်းမရှိ ကြိုးပမ်းတိုက်ခိုက်ပြန်ရာ ဝန်ကြီးသတိုးမင်းကြီးမဟာမင်းခေါင်လည်း ကြည်းရေနှစ်ဖက်ညှပ် ဗုန်းအမြောက် လက်နက်အင်အား ကြီးလှသည်နှင့် စစ်ရိပ်စစ်ခြည်ကို နားလည်သူဖြစ်၍ ပါသည့်ရဲမက်တော် ဗိုလ်မှူးတပ်မှူးတို့နှင့် ဘိုးဦးတောင်စကြီကျွန်းတွင် စွဲရပ်သည့် စားတော်ဝန် မင်းလှမင်းခေါင်တပ်များကို ဆင့်ဆိုနတ်သိမ်းပြီးလျှင် မြေထဲမြို့သို့ ဆုတ်ခွာရပ်နေလေ၏။

နောက်အင်္ဂလိပ် ဗိုလ်မှူးတပ်မှူးတို့လည်း တပ်ပါဗိုလ် ရဲမက်အမှုထမ်းတို့ကို စစ်နှစ်ကြောင်းခွဲဝေပြီးလျှင် ဇနရံကြေမံခေါ် ကြက်တောင်ဗိုလ်ချုပ်ဆိုသူ ကြည်းကြောင်း, ဇနင်္ကာတင်ခေါ် တိုက်သင်းဘောဗိုလ်ချုပ်

ဆိုသူ ရေကြောင်းချုပ်အုပ်၍ ပတ္တနဂိရိမြို့သို့ ချီတက်လာကြသည်း ။ ညီတော် မိုးနဲဗိုလ်မူးမင်းသားလည်း အင်္ဂလိပ်တို့က ရေအား ကြည်းအား ချီတက်လာသည်၊ စစ်အင်ကြီးလှသည်ကြား၍ မလွန်မြို့တပ်က တဝတည်း ပေါင်းစည်း ရပ်ခံနိုင်အောင် မြေထဲမြို့တွင် စွဲရပ်ရှိနေသည့် ဗိုလ်ချုပ် ဝန်ကြီး သတိုးမင်းကြီးမဟာမင်းခေါင်တပ်ကို နုတ်သိမ်း၍ ဗိုလ် ပါရဲမက်တို့နှင့် အုပ်စည်းမပျက်မလွန်မြို့သို့ လာရောက်ပေါင်းစည်းရပ်ခံရ၏၊ အင်္ဂလိပ်တို့တပ်လည်းပတ္တနဂိရိမြို့သို့ရောက်လျှင် မင်းလှဆိပ်ကမ်းတွင် စွဲရပ်နေကြ၏။

ယင်းသည့်အတွင်း အင်္ဂလိပ် ဗိုလ်မူးတပ်မူးတို့က မလွန်မြို့ တပ်တော်သို့ အထက်စကားအတိုင်း ပြေကြေအောင် ပြောဆိုလိုကြောင်းနှင့် အင်္ဂလိပ်ဗိုလ်ငယ်တယောက်ကို စေလွှတ်လာရောက်သည်နှင့် ညီတော် မိုးနဲဗိုလ်မူးမင်းသားလည်း အင်္ဂလိပ်အရေးပိုင် ဗိုလ်ချုပ်တို့စကားပြောဖောင်သို့ လာရမည့်နေ့ရက်ကို အမိန့်တော်ရှိပြီးမှ လာရောက်ရင်းအင်္ဂလိပ်ဗိုလ်ငယ်ကို ပြန်သွားစေ၍ မလွန်မြို့နှင့် ပတ္တနဂိရိမြို့ အကြား မြစ်လယ်တွင် ဖောင်လှေခင်းထားပြီးလျှင် ဗိုလ်ချုပ်ဝန်ကြီး သတိုး မင်းကြီး မဟာမင်းခေါင်, ကောလင်းမြို့စား ဝန်ကြီး မင်းကြီး သီရိမဟာဉဇနာတို့နှင့် တပ်ပါအရာရှိတို့ကို အင်္ဂလိပ် ဗိုလ်မူးတပ်မူးတို့နှင့် စကားအပြောအဆို စေလွှတ်တော်မူ၏။

အင်္ဂလိပ် အရေးပိုင်ဗိုလ်ချုပ်တို့လည်း ချိန်းချက်သည့် နေ့ရက်အတိုင်း စကားပြောဖောင်သို့လာ၍ ဗိုလ်ချုပ်ဝန်ကြီးနှစ်ဦး, မူးမတ်တပ်ဗိုလ်အရာရှိတို့နှင့် အစုံအညီ ထိုသတ္တရာဇ်ပြာသိုလပြည့်ကျော်ရှစ်ရက်နေ့ နှစ်တိုင်းနှစ်ပြည့်ရန်စစ်ပြေငြိမ်းရန် အကြောင်းများကိုဆိုင်ဖွင့်ပြောဆိုကြရာ အင်္ဂလိပ်အရေးပိုင်ဗိုလ်မူးဗိုလ်ချုပ်တို့က အထက်ပြည်မြို့ ညောင်ပင်ဆိပ်ထွင် ပြောဆိုရင်းစကားအတိုင်းကိုသာ ထပ်မံပြောဆိုသည်နှင့် မြန်မာဗိုလ်မူးတပ်မူးတို့က အင်္ဂလိပ်ဗိုလ်အရေးပိုင်ဗိုလ်မူးဗိုလ်ချုပ်တို့ပြောဆိုသောစကားသည် နှစ်တိုင်းနှစ်ပြည် မိတ်လက္ခဏာနှင့် ညီညွတ်အောင် တိုင်းကျိုး ပြည်ကျိုး ကိုမြော်ထောက်၍ ပြောဆိုသည်မဟုတ်၊ အလိုရှိရာကိုသာ ပြောဆိုသည့် စကားဖြစ်၍ မိတ်လက္ခဏာဝိမဝိကို စဉ်းစားဦးတော့၊ ကျွန်ုပ်တို့ကလည်း ညီတော်မိုးနဲဗိုလ်မူးမင်းသားထံ တင်လျှောက်ဦးမည်ဆို၍ နှစ်ဦးနှစ်ဖက် ဗိုလ်မူးဗိုလ်ချုပ်တို့ ပြန်သွားကြ၏။ ။တပို့တွဲလပြည့်ကျော် ခြောက်ရက်နေ့ ညောင်ရမ်းဝန်ကြီးသတိုးမဟာသေနာပတိမကျန်းမမာရှိ၍ ရွှေဆဝါး

တော်အောက် ပြန်လာရာ ရမည်းသင်းမြို့တွင် သေလွန်သည်ကို လှပကောင်းမွန်အောင် သင်္ဂြိဟ်ရှာ၏။

နောက် အင်္ဂလိပ်တို့က မြန်မာဗိုလ်မှူးဗိုလ်ချုပ်တို့ အရေးစကား ပြိုးပြေလွယ်အောင် ပြောဆိုမည့်အကြောင်း မထင်မမြင် နှစ်တိုင်း နှစ်ပြည် စစ်ဖြစ်ကြသည့် အတွင်း ငါတို့က အကြီအစည် ပေါ့လျော့ လစ်လပ်ကြန့်ကြာအောင် နေ့ရက်အရှည် သွေးငင်ခြင်းသာ ဖြစ်သည် အတွေးအထင်နှင့် အင်္ဂလိပ်ဗိုလ်ရဲမက်တို့ကို ချုပ်အုပ် စည်းရုံးပြီးလျှင် ညီတော်မိုးနဲဗိုလ်မှူး မင်းသားရဲ့နေသည့် မလွန်တပ်ကို တောင်မျက်နှာက ချဉ်းကပ်တိုက်ခိုက်လာသည်တွင် ဗိုလ်ချုပ်ဝန်ကြီး သတိုးမင်းကြီး မဟာမင်းခေါင်လည်း တပ်တွင်းရှိ ရဲမက်တော် ဗိုလ်မှူးတပ်မှူးတို့ကို အုပ်ကွပ်၍ ခုခံတိုက်ခိုက်ရာ ထိုသတ္တရာဇ် တပ်ရိတွဲလပြည့်ကျော် ရှစ်ရက်နေ့ နံနက်လေးချက်တီးကျော်အချိန်ကသည် နေ့နှစ်ချက်တီးကျော်အချိန်တိုင် တဦးကိုတဦး မတိုးမဝှေ့တည့်နိုင်၊ စင်လခေါ် အင်္ဂလိပ်ဗိုလ်ကြီးနှင့် ဗိုလ်ကြီးသုံးယောက်ကို လှေတွင် လက်နက်ထိခိုက်၍ ယူဆောင်သွားလေ၏၊ ဂေါ်ရာနှစ်ရာကျော်ခန့်သေလေ၏၊ တင်္ဂါတွင်းရှိရဲမက်တော်တို့လည်း နှစ်ဆယ်ကျော်ခန့် ပြောင်းသေနတ်ထိခိုက်သေဆုံး အနာအကျင်ရှိချေ၏၊ နောက် အင်္ဂလိပ်တို့က ရဲမက်တော်တို့ကိုမပစ်မခတ် တပ်တော်ကိုသာဇုန်းအမြောံလက်နက် အင်ကြီးအားကြီး အထပ်ထပ် ပစ်ဘန်များသဖြင့် တပ်တော်မခိုင်မလုံကျိုးပေါက်ပျက်စီးသည်နှင့် ညီတော် မိုးနဲဗိုလ်မှူးမင်းသား, ဗိုလ်ချုပ် ဝန်ကြီး သတိုးမင်းကြီးမဟာမင်းခေါင်တို့လည်း ရဲမက်တော်တို့ကို အစည်းအရုံးမပျက် ထိန်းသိမ်းအုပ်ကွပ်ပြီးလျှင် ပုဂံညောင်ဦးသို့ ဆုတ်၍ ရပ်ခံရ၏။

ဝန်ထောက်မင်းကျော်ဇေယသူရ နောက်ထပ်ချီရခြင်းစသည်နှင့် ရန်ကုန်တွင် စစ်ပြေငြိမ်းစာချုပ် ပြုလုပ်ခြင်း

ရှေဘဝါးတော်အောက်ကလည်းဝန်ထောက် မင်းကျော်ဇေယ သူရကို ဗိုလ်မှူး၊ နေမျိုးမင်းလှသကြို, တလုပ်မြို့ဝန် ရွှေတောင်သိဟ နော်ရထာတို့ကို စစ်ကဲ၊ နေမျိုးနတ်ရှင့်နော်ရထာ, အနောက်ပြင် ထောင်မှူးနေမျိုးနန္ဒသူတို့ကို နာခံ၊ စာရေးကြီးနော်ရထာရဲထင်, အဆောင်တော်မြို ရွှေတောင်ပတွေ့နော်ရထာတို့ကို တပ်ရေးခန့်ထား၍ အမှုထမ်း လူတသောင်းကျော်ပေးအပ်ပြီးလျှင် အောက်ကြောင်းချီ ဗိုလ်ချုပ်ဝန်ကြီး

သတိုးမင်းကြီး မဟာမင်းခေါင်, ကောလင်းမြို့စား ဝန်ကြီး မင်းကြီးသိရိ မဟာဥဇနာ, အတွင်းဝန် မင်းကြီး မဟာမင်းလှရာဇာ တို့နှင့် ညှိနှိုင်း တိုင်ပင်၍ ညီတော် မိုးနဲဗိုလ်မှူး မင်းသားဆင့်ဆိုရာ နာခံထမ်းရွက်ရမည့် အမိန့်တော်နှင့် ထိုသတ္တရာဇ် တပ်ရိတဲ့လပြည့်ကျော် ဆယ်ရက်နေ့ ချီတက် ပြီးလျှင် ပုဂံမြို့အောက် လောကနန္ဒာဘုရားအရှေ့တွင် တပ်စွဲရပ်ချနေ၏။

အတွင်းဝန်မင်းကြီး မဟာမင်းလှရာဇာ၊ စားတော်ဝန် မင်းလှမင်း ခေါင်တို့လည်း တပ်ပါဗိုလ်ရဲမက်အမှုထမ်းလူတို့ကို ဗိုလ်မှူးဝန်ထောက် မင်းကျော်ဇေယသူရသို့ ပေးအပ်ခဲ့ပြီးလျှင် အမိန့်တော်နှင့်ခေါ်တော်မူ၍ ရွှေဘဝါးတော်အောက်သို့ ဆန်တက်လာကြရ၏။

အင်္ဂလိပ်ဗိုလ်မှူး တပ်မှူးတို့လည်း ရဲမက်စစ်သည်အပေါင်းတို့ကို ဗုန်း အမြောက် လက်နက်ကိရိယာ အင်အားကြီးစွာ စည်းစည်း ကြပ်ကြပ် ချုပ်အုပ်ချီတက်ပြီးလျှင် ပုဂံမြို့ လောကနန္ဒာဘုရားတွင် စွဲရပ်သည့်တပ်ကို တိုက်ခိုက်လာသောကြောင့် ဗိုလ်မှူးဝန်ထောက် မင်းကျော်ဇေယ သူရ လည်း အောင်စည်အောင်မောင်း ကြွေးကြော်ဆော်ရွှမ်း၍ ရဲမက်တော် ဗိုလ်မှူးတို့တို့ စည်းစည်းကြပ်ကြပ် ကွပ်ကဲဆင့်ဆိုပြီးလျှင် စစ်မျက်နှာ ဆိုင် ပြိုင်ခုခံတိုက်ခိုက်ကြရာ အင်္ဂလိပ်စစ်သည်တို့ လက်နက်အထိအခိုက် အနာ အကျင် များစွာတွေ့လေသည်၊ သေလေသည်လည်းများ၏၊ နောက်လေး ရက်ကျော် ငါးရက်ခန့်ရှိလျှင် အင်္ဂလိပ်ဗိုလ်မှူးတပ်မှူးတို့က ရေကြောင်း ကြည်းကြောင်း ချီတက်လာခဲ့သမျှ တပ်ပါဂေါ်ရာစစ်ဝိုင် လက်နက်ကိုင် တို့ကို စုရုံးစည်းကြပ်၍ ဗုန်းအမြောက်အများ ထပ်မနားပစ်လွှတ်ပြီးလျှင် အင်ကြီးအားကြီး ဘီစီးတိုက်ခိုက်ပြန်သည်တွင် ရဲမက်တော်တို့ မခံမရပ် နိုင် လောကနန္ဒာဘုရားတွင် စွဲရပ်သည့် တပ်ဖျက်ချ၍ ညီတော် မိုးနဲ ဗိုလ်မှူးဒွါရာဝတီမြို့စားမင်းသား သိရိမဟာမဓမ္မရာဇာနှင့် ဗိုလ်ချုပ်ဝန်ကြီး သတိုးမင်းကြီး မဟာမင်းခေါင်, ကောလင်းမြို့စားဝန်ကြီး မင်းကြီးသိရိ မဟာဥဇနာတို့လည်း ဆင်မြင်းရဲမက် လက်နက်ကိုင်အမှုထမ်း အလုံး အရင်းနှင့်တကွ တလုပ်မြို့စိရင်စု ဆီမီးခုံရွာသို့ ဆုတ်ခွာရပ်နေကြ၏။

ပုဂံမြို့တွင် ဝန်ထောက် မင်းကျော်ဇေယသူရတပ်ဖျက်လျှင် အင်္ဂလိပ် တို့ ကြည်းတပ်ရေတပ် မြစ်ဆုံအထက် ရန်ကုန်ရွာဆိပ်ရောက် ဆန်တက်ပြီး လျှင် အင်္ဂလိပ်ဗိုလ်မှူးဗိုလ်ချုပ်တို့ တိုင်ပင် ပြောဆိုကြသည်ကား....ယခု မြန်မာနိုင်ငံကို စစ်သည် ဗိုလ်ပါ ရဲမက်အများနှင့် ချီတက်တိုက်ခိုက်ရာ ဟံသာဝတီရန်ကုန်မြို့က မြစ်ဆုံအထက် ရန်ကုန်ရွာရောက်အောင် မြစ်စဉ်

တလျောက် မြို့ကျေးရွာများကို ငါတို့က တိုက်ခိုက်ရယူသည် ဆိုသော်လည်း မြန်မာလူမျိုးတို့ကို သိမ်းသွင်းမရ၊ မြို့ကျေးရွာနေ မြေမျှသာရှိချေသည်၊ ရွှေထီးကို သည်ကဲ့သို့ မြို့ကျေးရွာများကို ချီတက်တိုက်ခိုက် သိမ်းသွင်းမရရှိချေကလည်း ဗိုလ်ရဲမက်အများ နွမ်းရိပင်ပန်း သေဆုံးပျောက်ယွင်၍ ကုန်ခန်းကာသာ အကျိုးမရှိချေ၊ တကြောင်းလည်း ငါတို့ဗိုလ်ပါရဲမက်ကား ညည့်သည်, မြန်မာတို့မှာ မူကား အိမ်နေ ဖြစ်ချေသည်၊ မြန်မာအမျိုးသားတို့ကို သိမ်းသွင်းရမည့်အရေးလည်း အလွန်ခဲယဉ်းချေသည်၊ ထပ်မံ၍ အားဆစ် တိုက်ခိုက် ပြန်လျှင်လည်း အရေး မသာ၍ ဆုတ်ခွာရလျှင် သူ့တိုင်းသူ့ပြည်အလယ်ဖြစ်၍ ဗိုလ်ရဲမက်တို့ကို သိမ်းရုံးဆုတ်ခွာရန် အရေးသာခက်တော့မည်၊ ယင်းဘို့ဖြစ်၍ အထက် ပြည်မြို့ညောင်ပင်ဆိပ်, မလွန်မြို့များတွင် ပြောဆိုရင်းစကားအတိုင်း နွစ်တိုင်း နွစ်ပြည် မိတ်လက္ခဏာမပျက် စစ်တိုက်ရာ ကျကုန်သမျှစရိတ်တွင် တစိတ်တဝက်မျှ တောင်းခံပြီးလျှင် တပ်ပါဗိုလ်ရဲမက်တို့ကို နုတ်သိမ်းပြန်သွားမှ သင့်မည် ထင်သည်ဟု ပြောဆို တိုင်ပင်ကြပြီးလျှင် ပြည်မြို့ မလွန်မြို့တပ်တော်များဘို့ စကားအပြောအဆို လာရောက်သူ သင်းဘောသူကြီး သာရကျစ်ကို ဗိုလ်မူးမင်းသားနှင့် ဝန်ကြီးမင်းတို့ကို တိုင်တန်း ပြောဆိုစေပြီးလျှင် ရွှေဘဝါးတော်အောက် ဝန်ကြီးအတွင်းဝန် မူးမတ်အရာရှိတို့ထံ စေလွှတ်၍ အထက်ပြည်မြို့ ညောင်ပင်ဆိပ်, မလွန်မြို့, တပ်တော်များတွင် ပြောဆိုရင်းစကားအတိုင်း ပြေကြေလိုကြောင်းနှင့် လျှောက်ထားပြောဆိုလာရာ ဝန်ကြီး အတွင်းဝန် မူးမတ်အရာရှိတို့က သင်းဘောသူကြီး သာရကျစ် ပြောဆိုသောစကားကို ရွှေနားတော်ကြားလျှောက်ထားသည်တွင် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးလည်း ဆရာတော် သံဃာတော် မင်းညီမင်းသား မူးတော်မတ်တော်တို့ကို စည်းဝေးညှိညှဉ်တိုင်ပင်တော်မူရာ ဆရာတော်သံဃာတော်တို့က ဘဝရှင် မဟာဓမ္မရာဇာ တရားမင်းမြတ်သည် ရှေးဖြည့်ဆည်းပူးတော်မူအပ်သော ပါရမီအဆောက်အဦတော်ကြောင့် မြတ်သောမင်းအဖြစ်သို့ရောက်တော်မူလျှင် မင်းကျင့်တရားဆယ်ပါး, သင်္ဂဟတရားလေးပါး, အပရိဟာနိယတရားခုနစ်ပါး စသည် များကို ဖြည့်ကျင့်တော် မူလျက် သာသနာတော်မြတ်စီးပွား, ပြည်သူသတ္တဝါအပေါင်းတို့ အကျိုးစီးပွားကို ရွက်ဆောင်တော်မူသည့် သာသနဒါယကာ သာသနာပြုမင်းကောင်းမင်းမြတ်ဖြစ်ပါသည်၊ အင်္ဂလိပ်အမျိုးသားတို့မှာ သာသနာတော်ကိုအလေးအမြတ်မပြု၊ သာသ

နာတော်၌ မသက်ဝင်မကြည်ညိုသော အမျိုးသားဖြစ်သည်၊ယင်းသို့ဖြစ်၍ နှစ်ပြည်ထောင်ရန်စစ်ပြေငြိမ်းလိုကြောင်းများကိုတောင်းပန်တင်လျှောက်သောအရာသည် မဟာဓမ္မရာဇာတရားမင်းမြတ်အား တော်မှန်ဖြောင့်မတ်စွာ သစ္စာတရားကို ဖြစ်စေခြင်း အကျိုးအကြောင်းဟုတ်သည်မဟုတ်သည်ဟု အဆင်အခြင် ဝိစာရဏာ ပညာတော်နှင့် ယှဉ်ခြင်း၊ သာသနာတော်မြတ်အကျိုးစီးပွား, ပြည်သူသာဓာရဏအပေါင်းတို့ အကျိုးစီးပွား များမည့်အကြောင်းကို မပြတ်လုံ့လပြုတော်မူခြင်း၊ သူမတူသော ပေးကမ်းစွန့်ကြဲခြင်းဟူသော ရန်အောင်ကြောင်းတရား လေးပါးတွင် ပြည်သူသာဓာရဏအပေါင်းတို့အား သနားငဲ့ကွက်တော်မူ၍ နှစ်တိုင်းနှစ်ပြည် ရန်စစ်ပြေငြိမ်းသဖြင့် မဟာမိတ်အဖြစ် သင့်တင့်ညီညွတ်အောင် နှလုံးသွင်းတော်မူခြင်းသည် ဘုရားစသော သူတော်ကောင်းတို့ ချီးမွမ်းအပ်သောအကျိုးတရား များစွာပြည့်စုံရာသော အကြောင်းဖြစ်သည်ဟုမိန့်ဆိုကြသည်။

မင်းညီမင်းသား မှူးတော် မတ်တော်တို့ကလည်း ယခုအင်္ဂလိပ်ကုလားတို့ကလျှောက်ထားသောအရေးမှာ အင်္ဂလိပ်အမျိုးသားတို့သည် တကျွန်းတနိုင်ငံမြေရေခြားရာအရပ်က လာရောက်တိုက်ခိုက်ရသောကြောင့် မျိုးရိုးကျွာ အစားအစာမှကိုလုံ့လပြုရသည် တကြောင်း၊ အောက်မြစ်စဉ်မြေပြကျေးရွာများကို တိုက်ခိုက်ရယူသည် ဆိုသော်လည်း မြို့ရွာနေ လူတို့ကို သိမ်းသွင်းမရရှိသည် တကြောင်း၊ ယင်းသို့ဖြစ်၍ ကျွန်တော်တို့ မြန်မာနိုင်ငံသို့အရှည်စစ်ဖက်ပြိုင်၍နေနိုင်မည်မဟုတ်၊တကြောင်းလည်းလက်နက်နိုင်ငံတော် မြို့ ပြ ကျေးရွာများကို အင်္ဂလိပ်တို့က တိုက်ခိုက် ရယူသည်ဆိုသော်လည်း ကိန်းခန်း အလျောက် ခေတ္တရယူနိုင်သည်သာ ဖြစ်ပါသည်၊ တိုင်းပြုပြည်ပြုမင်း ဆိုသည်လည်း ကမ္ဘာဦး မဟာသမ္မတမင်းမှစ၍ ဇမ္ဗူဒိပ် မြေအပြင်၌ ထီးနန်းစိုက်ဆောက် စံနေသော မင်းတို့သည် သမ္မတ္တိ, ဝိပတ္တိ ကာလ နှစ်ပါး၌ သတ္တဝါတို့ ကံအားလျော်စွာ နှစ်တိုင်းနှစ်ပြည် စစ်ဖြစ်ပွားသည့် အခါလည်း ရှိပါသည်၊ ချစ်ကြည်စွာ မဟာမိတ် ဖြစ်ကြသည့် အခါလည်း ရှိပါသည်၊ ရန်-မိတ်ဆိုသည်လည်း အမြဲမရှိပါ၊ ရှေးဘေးလောင်းတော် သီရိဓမ္မာသောကမင်း, သရေခေတ္တရာပြည့် ဒွတ္တာပေါင်မင်း,ပုဂံပြည်အနော်ရထာမင်းစော,မြစ်တော်အလောင်းစည်သူမင်း, မြေးတော် နရပတိစည်သူမင်း, ဟံသာဝတီ ဆင်ဖြူများရှင်မင်းတရား, ရတနာသိင်္ဃ မြို့တည် နန်းတည် ဘေးတော် အလောင်းမင်းတရားကြီးဘုရားမှစ၍ ရှေး မင်းတို့လက်ထက် များတွင်လည်း ရှမ်း,

ယွန်း,လင်းဇင်း,လဝိုက်, အကျော်,မျက်နှာမည်း, ယိုးဒယား, ခညဝတီ, အာသန်, ကသည်း စသောတိုင်း ခရိုင် နိုင်ငံများကို လက်နက်နိုင်ငံတော် ဖြစ်သောအခါလည်းရှိပါသည်၊ မဟာမိတ် ဖြစ်သောအခါလည်း ရှိပါသည်၊ ယင်းသို့ဖြစ်၍ အင်္ဂလိပ်ဗိုလ်ရဲမက်တို့က ကျကုန်သမျှ စစ်ရိတ်တွင် တစိတ်တဝက်မျှ သနားတော်မြတ် ခံလိုပါသည်ဆိုရာ၌ မင်းကျင့်ဝတ်မှ မချွတ်ရာဆော ပရိစ္စာဂတရားကို နှလုံးသွင်းတော်မူရင်း ရှိသည့်နှင့်အညီ ပြည်ထောင်တက် တိုင်းတပါးမင်းတို့အား အလိုရှိရာ ပေးကမ်းအောင်မြင်ခြင်းသည်လည်း ဥပါယ်လေးပါးတွင် ရန်အောင်ကြောင်း ဒါနဥပါယ် အဝင်ဖြစ်၍ အလိုရှိရာ ပေးကမ်းရသည်ဖြစ်က ပြည်သူသတ္တဝါအပေါင်းတို့ အကျိုးစီးပွား, သာသနာတော်မြတ်အကျိုးစီးပွား, သားတော်အစဉ်မြေးတော်အဆက် မြစ်တော်အညွှန့် အဓွန့်ရှည်စွာ နှစ်တိုင်းနှစ်ပြည် မဟာမိတ်လက္ခဏာသင့်တင့်ညီညွတ်သဖြင့် အလိုတော်အတိုင်း အရေးတော် ပြီးပြေ အောင်မြင်ရန် ရှိကြောင်းများနှင့် လျှောက်ထားကြ၏။

ဆဋ္ဌန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ဆရာတော်ဆံဃာတော် မင်းညီမင်းသား မှူးတော်မတ်တော်တို့ မိန့်ဆိုလျှောက်ထားကြသောစကားကို ကြားသိတော်မူလျှင် ငါအရှင် ဧကရာဇ်မင်းမြတ်သည် ရှေးသာသနာပြု လောကပြုမင်းကောင်းမင်းမြတ်တို့ ထုံးစံနှင့်အညီ သာသနာတော် စည်ပင်ပွင့်လင်းခြင်း, တိုင်းနေပြည်သူ ရှင်လူသတ္တဝါအပေါင်းတို့ ချမ်းသာခြင်းအကြောင်းများကိုသာ အလို ရှိတော်မူသည်ဖြစ်၍ နှစ်တိုင်းနှစ်ပြည် ရန်စစ် မဖြစ်စေရ၊ အကြည်အသာ မဟာမိတ်ဖြစ်ခြင်းသည် သင့်တင့်ရာသော အကြောင်းပင်ဖြစ်သည်ဟု အမိန့်တော်ရှိပြီးလျှင် ဆရာတော် ဆံဃာတော် မင်းညီမင်းသား မှူးတော်မတ်တော်တို့အလိုရှိရာ ညီညွတ်သင့်တင့်အောင် ပြောဆိုကြရမည်-အမိန့်တော် ရှိသည်နှင့် မင်းညီမင်းသား မှူးတော်မတ်တော်တို့လည်း အထက် ပြည့်မြို့ညောင်ပင်ဆိပ်စခန်းတွင် ပြောဆိုရင်းအတိုင်း ပြောဆိုရန် ရွှေဘဝါးတော်အောက်နေ အင်္ဂလိပ်အမျိုးသား ဆရာရှုဒါသံ, ဆရာပရိတ်တို့ကို အင်္ဂလိပ်အရေးဝိုင်ဗိုလ်ချုပ်တို့ထံ ထပ်မံစေလွှတ်ပြန်ပြောစေသည့်ကာလ အင်္ဂလိပ်အရေးဝိုင်ဗိုလ်ချုပ်တို့ သဘောကြိုက်ညီ ရှိသည်နှင့် အရေးဝိုင် စစ်သူကြီး လယ်ကိုင်းမြို့စား ဝန်ကြီး မင်းကြီး မဟာမင်းလှကျော်ထင်, ကျိုက်မ အတွင်းဝန် မင်းကြီးမဟာမင်းလှသီဟသူတို့နှင့် ဇုန်ဒြိယတိုင်းကို

အစိုးရသော အင်္ဂလိပ်မင်းကခန့်သော အရေးပိုင် ဗိုလ်မှူးမင်းကြီး အာစိ ဘော်ကံဘက်, အရေးပိုင် ရော်အစ်စံ, အင်္ဂလိပ် တိုက်သမ္မန်များကို အုပ်စိုးသော မင်းစပ်တို့ သက္ကရာဇ် (၁၁၈၇) တထောင့်တရာ့ရှစ်ဆဲ့ခုနစ် ခုနှစ် တပေါင်းလပြည့်ကျော်လေးရက်နေ့ ရန်ကုန်ရွာတွင် နှစ်တိုင်း နှစ်ပြည် မိတ်လက္ခဏာနှင့် အညီ အချင်းချင်း မေးမြန်း နှုတ်ဆက်ကြပြီးလျှင် မဟာမိတ်အဖြစ် စာချုပ်ထားကြသည်။ ။စာချုပ်ကား-

[ပဌမ]....အင်္ဂလိပ်မင်းနှင့် မြန်မာ ရှင်ဘုရင်တို့သည် စစ်ပြေငြိမ်း၍ မိတ်သဟာယ အစဉ်အဆက်ဖြစ်စေ။

[ဒုတိယ]....မြန်မာရှင်ဘုရင်က အာသန်ပြည်မြို့ရွာ, အက္ကပတ်ပြည်, ဝေသာလီပြည်တို့ကို အစိုးမပိုင်၊ နောက်တဖန် မစီရင်ရ၊ မကိုပူရမြို့မှာလည်း ဂန္ဒီရရှိန်တို့သည် မိမိပြည်သို့ပြန်၍ မင်းပြုလုပ်လိုလျှင် မြန်မာရှင်ဘုရင်က အဆီးအတား အနှောင့်အရှက်မပြု နေရမည်။

[တတိယ]....နောက်တဖန် ပြည်ကြီးနှစ်ပြည် အပိုင်းအခြားကို ငြင်းခုံရန်အကြောင်းမရှိရအောင် အင်္ဂလိပ်မင်းသည် တိုက်၍ အောင်ခဲ့သော ရခိုင်, ယမ်းမြို, မာန်အောင်,သံတွဲတည်းဟူသော ရခိုင်ပြည်ကြီးကို အစဉ်ယူ၍ မြန်မာရှင်ဘုရင်က အစိုးမပိုင်ရ၊ ရိုးမဘိုးခေါင်တောင်တန်း, မော်တင်စွန်းစေတီကြီးအထိ စပ်ကြားအပိုင်းအခြားဖြစ်စေ၊ နောက်မှ အပိုင်းအခြားငြင်းခုံရန်ရှိလျှင် အင်္ဂလိပ်မင်း, မြန်မာမင်းက ခန့်ထားသော သူတို့သည် အထက်နယ်နိမိတ်အတိုင်း မှန်ကန်အောင်စီရင်စေ၊ ခန့်ထားသောသူတို့သည်း အရာရှိမှူးမတ် သူကောင်း ဖြစ်စေရမည်။

[စတုတ္ထ]....မြန်မာ ရှင်ဘုရင်သည် အင်္ဂလိပ်မင်းကို ယေး, ဖြတ်, ဒဝယ်, တနင်္သာရီမြို့ရွာနယ်နိမိတ် တောင်ကမ်းကျွန်းများနှင့်တကွ အပိုင်ပေးသည်၊ သံလွင်မြစ်အပိုင်းအခြားဖြစ်ရမည်၊ နောက်မှ အပိုင်းအခြားငြင်းခုံရန်ရှိလျှင် အထက်ဆိုခဲ့ပြီးသည့်အတိုင်း စီရင်စေး

[ပဉ္စမ] ...မြန်မာရှင်ဘုရင်သည် ပြည်ကြီးနှစ်ပြည် အစဉ်မိတ်သဟာယဖွဲ့စေချင်သော စေတနာအလို ထင်ရှားရှိစေခြင်းငှာ အင်္ဂလိပ်က စစ်တိုက်၍ ကုန်စရိတ်အနှက် အနည်းငယ်ပြေရအောင် ကျပ်သိုး ဒင်္ဂါးပြားရေ တကုဋေပေးရမည်။

[ဆဋ္ဌ]....ယခု စစ်တိုက်ကြသည့် အတွင်း ကုလားဘက်သို့ ဝင်စားသော မြန်မာရှင်ဘုရင့်ကျွန်, မြန်မာဘက်သို့ဝင်စားသော ကုလားတို့

မှာ အလိုလိုဝင်စားသည်ဖြစ်စေ, အနိဝ် ဝင်စားရသည်ဖြစ်စေ, အဘယ်သူမျှ တဖက်ဖက်သို့ ဝင်စားသည့်အတွက် ရာဇဝတ်မခံ,အနှောင့်အရှက်မရှိစေရ။

[သတ္တမ] ...ပြည်ကြီးနှစ်ပြည် ယခုဖွဲ့သောမိတ်သဟာယမြေစခြင်းငှာ အင်္ဂလိပ်မင်းခန့်ထားသော အရာရှိတယောက်, အခြွေအရံ လူငါးဆယ်, လက်နက်ကိရိယာ အစုံနှင့် မြန်မာမြို့တော်မှာနေစေ၊ မြန်မာမင်းခန့်ထားသော အရေးပိုင် အရာရှိတယောက်, အခြွေအရံလူငါးဆယ်,လက်နက်ကိရိယာအစုံနှင့်ကုမ္ပဏီဘုရင်မြို့တော်မှာနေစေ၊ကုလားပြည်မှာနေသော မြန်မာမင်း, မြန်မာပြည်မှာနေသော ကုလားမင်းတို့သည် မိမိတို့နေရာဘို့ အတော်အသင့် တိုက်အိမ်ကိုဝယ်လိုလျှင် ဝယ်၍နေစေ၊ အသစ်တည်လုပ်လိုလျှင်လည်း တည်လုပ်စေ၊ ၎င်းနိုင်ငံနှစ်ပါး အကျိုးစီးပွားကို ဖြစ်ထွန်းစေခြင်းငှာ ရွှေလမ်း ငွေလမ်းဖွင့်၍ အချင်းချင်း ဖောက်ကားရောင်းဝယ်ခြင်း အမှုအရေးများနှင့်ဆိုင်သောစာချုပ်ကို ထပ်၍လုပ်စေရမည်။

[အဋ္ဌမ]....စစ်မရှိမတိုက်မီ ကြွေးဟောင်းမြီဟောင်းရှိသမျှ မင်းအရာရှိ ဆိုင်သည်ဖြစ်စေ, ဆင်းရဲသားဆိုင်သည်ဖြစ်စေ, သစ္စာရှိသည့်အတိုင်း ကုန်စင်အောင် ဆပ်ပေးစေရမည်၊ ကြွေးတင်သည့်နောက်ဖြစ်သည်ဆို၍ မကပ်မခိုစေရ၊ သူ့ဥစ္စာကို အသိမ်းအယူ မရှိစေရ၊ စစ်တိုက်သော အမှုကြောင့် အဘယ်မျှ ကုလားဖြစ်စေ, မြန်မာဖြစ်စေ, သူ့ဥစ္စာကို အသိမ်းအယူမရှိစေရ၊အင်္ဂလိပ်ရှင်ဘုရင့်ကျွန်ဖြစ်သူတို့သည် မြန်မာနိုင်ငံတွင်သေ၍ အမွေခံမရှိလျှင် ကျန်ရစ်သောဥစ္စာပစ္စည်းရှိသမျှကို မြန်မာနိုင်ငံတွင်နေသော အင်္ဂလိပ်အရေးပိုင်လက်သို့ ကုလားဖြူထုံးစံအတိုင်းအပ်ရမည်၊ ထိုနည်းအတူ မြန်မာမင်း ကျွန်ဖြစ်သူတို့သည် အင်္ဂလိပ်နိုင်ငံတွင် သေ၍ အမွေခံမရှိလျှင် ကျန်ရစ်သော ဥစ္စာပစ္စည်းရှိသမျှကို အင်္ဂလိပ်နိုင်ငံတွင်နေသော မြန်မာမင်းအရေးပိုင် အရာရှိလက်သို့အပ်ရမည်။

[နဝမ]....အင်္ဂလိပ်သင်းဘောများကိုမြန်မာမြို့ဆိပ်သို့ ဝင်ရောက်လျှင် တက်မ-မလွတ်, အမြောက်မချဘဲနေသကဲ့သို့ အင်္ဂလိပ်မြို့ဆိပ်သို့ဝင်ရောက်သော မြန်မာသင်းဘောသည်လည်း အနှောင့်အရှက်မရှိဘဲနေစေရမည်။

[ဒသမ]....အင်္ဂလိပ်မင်းနှင့် မိတ်သဟာယဖွဲ့သော ယိုးဒယား ရှင်ဘုရင်သည် အင်္ဂလိပ်ဖက်သို့စစ်ကူ၍ဝင်စားလာသည်မှာယခုလုပ်ကြသော မိတ်သဟာယစာချုပ်အပါအဝင် ဖြစ်သည်မှတ်ရမည်။

[ကောဒသမ]....ယခုထုပ်သော မိတ်သဟာယ စာချုပ်ကို မြန်မာရှင်ဘုရင် ခန့်ထားတော်မူသော အရေးပိုင် သံတမန်တို့သည် ထက်မှတ်တံဆိပ်ခတ်မှတ်ရမည်၊အချုပ်ခံရသော အင်္ဂလိပ်အမေရိကန် အစရှိသော ကုလားဖြူ ကုလားနက် ရှိသမျှတို့ကို အင်္ဂလိပ် အရေးပိုင် သံတမန်တို့ လက်သို့အပ်ရမည်၊ ၎င်းအိန္ဒြယတိုင်းကို အစိုးရသော ကုမ္ပဏီ ရှင်ဘုရင်သည် ခံဝန်၍ လက်မှတ်တံဆိပ်ခတ်သောစာချုပ်ကို ၎င်းအတွင်း မြန်မာရှင်ဘုရင့်လက်တော်သို့ ပြန်၍ပေးလိုက်ရမည်၊ အင်္ဂလိပ်မင်းချုပ်ထားသည့် မြန်မာလူရှိသမျှတို့ကို အင်္ဂလိပ်ပြည်မှ အလျင်အမြန် ခေါ်ခဲ့စေ၍ မြန်မာမင်းလက်သို့ အပ်ရမည်။

ယင်းသည့်စာချုပ်ကို စက္ကူတွင်ရေး၍ မြန်မာမင်း မှူးမတ်နှင့် အင်္ဂလိပ် မှူးမတ်တို့ ရေးကူးကြရသည်။

အင်္ဂလိပ်အရာရှိတို့က တိုင်းကြီး နှစ်တိုင်း ပြည်ကြီး နှစ်ပြည် မဟာမိတ်ဖြစ်၍ရှိပါသည်၊ ရွှေဘဝါးတော်အောက်သို့ ဆန်တက်၍ ရွှေမျက်နှာတော်ကို အဖူးအမြော် လက်ဆောင်တော် အဆက်အသ ဝင်ပါရမည့် အကြောင်းနှင့် လျှောက်ထားသည့်အတိုင်း သက္ကရာဇ် (၁၁၈၇) တထောင့်တရာ့ ရှစ်ဆဲ့ခုနစ်ခု တပေါင်းလပြည့်ကျော် ကိုးရက်နေ့ မြေနန်းတော်တွင် အဆက်အသ အဖူးအမြော် ခံတော်မူပြီးလျှင် လာရောက်သည့် အမြောက်ဗိုလ်ကို သိရိရာဇကျော်စွာ၊ မြင်းတပ်ဗိုလ်ကို ဇေယကျော်သူ၊ ဆေးသမားကို သိရိရာဇကျော်ထင်၊ ဆရာပရိတ်ကို သိရိနန္ဒကျော်စွာ၊ သာရကျွမ်းကို ဘောဂရာဇသူ-ဘွဲ့အမည် ပေးတော်မူ၍ ပြန်သွားစေသည်။

နောက် အင်္ဂလိပ် အရေးပိုင်တို့လည်း မြန်မာအရှင် နေထွက်ဘုရင် နိုင်ငံတော်နှင့် အင်္ဂလိပ်မင်းနိုင်ငံသည် မဟာမိတ် ဖြစ်ကြသည့် အတိုင်း အင်္ဂလိပ်ဗိုလ်ပါရဲမက်တို့လည်း ကျွန်တော်မျိုးချည်းပင် ဖြစ်ပါတော့သည်၊ ယင်းသို့ဖြစ်၍ ရန်ကုန်မြို့ရောက် မြန်မာ အရှင့်ဗိုလ်မှူးတပ်မှူးတို့က တော်သင့်အောင် လိုက်ပို့ပါစေမည့်အကြောင်းနှင့် မြန်မာဗိုလ်ချုပ်ဝန်ကြီးများထံ လျှောက်ထားပြောဆိုရာ ရှေးထုံးစံနှင့်အညီ ပြည်မြို့ဝန် မဟာမင်းလွှစည်သူ, ပန်းတောင်း ကြီခင်း နှစ်မြို့ဝန် မဟာ မင်းကျော် နော်ရထာ, ဟံသာဝတီမြို့ ရေဝန် နေမျိုးနော်ရထာကျော်စွာ, ပုသိန်မြို့ဝန် နေမျိုးမင်းခေါင်ကျော်သူ, ယေးမြို့ဝန် နေမျိုးမင်းကျော်, စာရေးကြီး နေမျိုး

ရာဇကျော်စွာတို့ကို မှာစာ မှတ်စာ ပေးအပ်၍ အမှုထမ်းလူထောင့်ငါးရာတို့နှင့် သက္ကရာဇ် (၁၁၈၇) တထောင့်တရာ့ရှစ်ဆဲ့ခုနစ်ခု နှောင်းတန်းခူးလဆန်း တရက်နေ့ ရန်ကုန်မြို့ရောက် လိုက်ပို့စေ၏။

ဝန်ကြီးခန့်ခြင်း၊ မြို့စားပေးခြင်း စသည်မျှားနှင့် ရန်ကုန်မြို့သို့ ရန်ကုန်ဝန်ကြီး ရောက်ခြင်း

သက္ကရာဇ် (၁၁၈၇) တထောင့်တရာ့ရှစ်ဆဲ့ခုနစ်ခု နှောင်းတန်းခူးလဆန်း လေးရက်နေ့ ညီလာသဘင်တွင် ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်ကား····သာသနဒါယကာ ငါအရှင် ကောရဇ်မင်းမြတ်သည်ကား မုဒ္ဓါဘိသိက်ကို သွန်းခံတော် မူ၍ မင်းအဖြစ်ကို ယူတော်မူကတည်းကပင် သာသနာတော်မြတ် အကျိုးစီးပွား, ပြည်သူသတ္တဝါအပေါင်းတို့ အကျိုးစီးပွားများကြောင်းကို ရည်ရွယ်တော်မူ၍ ကြီးစွာသော အဓိဋ္ဌာန်တရားကို ဖြစ်စေလျက် မင်းကျင့်တရားအပေါင်းတို့ကို ဖြည့်ကျင့် ရွက်ဆောင်တော်မူသည်၊ အစိုးရသောတိုင်းတော်ပြည်တော်သည်လည်း ထီးရံနန်းရံ မြို့ရွာတိုင်းခရိုင်နိုင်ငံကျယ်ဝန်းသည့်တိုင်းကြီးပြည်ကြီးဖြစ်သည်နှင့်အညီစီရင်ခင်းစီရင်တွယ်များပြားစွာရှိသည်၊ ဝန်ကြီး အတွင်းဝန် မှူးတော်မတ်တော်တို့မှာလည်း ကျေးဇူးသစ္စာတော်ကို စောင့်သိရှိသေစွာ တော်မှန်ဖြောင့်မတ်သဖြင့် ညီညာဆောင်ရွက်နိုင်မည့်သူကို ရွေးချယ်ခန့်ထားသင့်ကြောင်းများနှင့် အမိန့်တော်ရှိသည်ကို မင်းညီမင်းသား မှူးတော် မတ်တော်တို့က တရားနှင့်အညီ သာသနာတော်မြတ်အကျိုးစီးပွား, တိုင်းသားပြည်သူတို့ အကျိုးစီးပွားကို မြော်ထောက်၍ ထိန်းသိမ်းအုပ်ချုပ်စီရင်နိုင်မည့်သူကို အရည်အချော်ရွေးချယ် ခန့်ထားတော် မူသင့်ကြောင်းများနှင့် လျော်ထားကြရာ မင်းကြီးမဟာမင်းလွရာဇာ, မင်းကြီးကျော်ထင်တို့ကို ဝန်ကြီးသတိုးမင်းကြီး မဟာမင်းခေါင်, မင်းကြီးသိရိမဟာဥဇနာ, မင်းကြီးမဟာမင်းလွကျော်ထင်တို့နှင့် ဖက်၍ အဂ္ဂမဟာသေနာပတိဝန်ကြီး ခန့်တော်မူသည်။

ထိုနှစ် နှောင်းတန်းခူးလဆန်း ရှစ်ရက်နေ့ နန်းမတော် မိဖုရားခေါင်ကြီးကို မိုးညှင်းမြို့ကိုထပ်၍ အသုံးကံကျွေးခံပေးတော်မူ၏။ မြောက်နန်းတော် မိတ္ထိလာမြို့စား မိဖုရားမဟာမင်္ဂလာဒေဝီကိုလည်း ဟင်းသာတမြို့ကို မြို့စားပေးတော်မူ၏။ နှစ်စဉ် လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့

နှစ်ရာသီ သဘင်မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၁၈၇) တထောင့်တရာ့ရှစ်ဆဲ့ခုနစ်ခု ကဆုန်လဆန်း ခြောက်ရက် အင်္ဂါနေ့ နေသုံးချက်တီးကျော် လေးနာရီ တပါဒ် အချိန်တွင် သကြန်ကျသည်၊ ၎င်းလဆန်းရှစ်ရက်နေ့ ညလေးချက်တီးကျော် နှစ်နာရီအချိန် အတာနှစ်သစ် သက္ကရာဇ် (၁၁၈၀) တထောင့်တရာ့ရှစ်ဆဲ့ရှစ်ခုသို့ တက်သည်။

၁၁၈၀—ခု

ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း သက္ကရာဇ် (၁၁၈၀) တထောင့်တရာ့ရှစ်ဆဲ့ရှစ်ခု ကဆုန်လဆန်း တရက်နေ့ မင်းညီမင်းသား မှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူးတို့အစုံအညီတွင် နိုင်ငံတော်တောင်မျက်နှာ ဟံသာဝတီရန်ကုန်မြို့မှစ၍ မြစ်စဉ်တလျှောက် မြို့ကျေးရွာများမှာ အင်္ဂလိပ်အမျိုးသားတို့နှင့် စစ်ဖြစ်ကြသည့်အတွင်း မြို့ကျေးရွာနေ ဆင်းရဲသားကျွန်တော်မျိုးတို့ မငြိမ်မသက်ရှိသည်များကို မည်သူ့ကို ထိန်းသိမ်းစေမှ သင့်မည်-အဓိန္ဓတော် ရှိသည်ကို မင်းညီမင်းသားမှူးတော်မတ်တော်တို့က ယခု ဤနွေယတိုင်းကို အစိုးရသော အင်္ဂလိပ်မင်းနှင့် တိုင်းကြီးပြည်ကြီးချင်း မဟာမိတ်အဖြစ်သို့ရောက်တော်မူ၍ အင်္ဂလိပ်အမျိုးသားတို့နှင့် နှစ်တိုင်းနှစ်ပြည် အရေးစကား ပြောဆိုပြေငြိမ်းရသည်ဆိုသည်လည်း အင်္ဂလိပ်တို့က စစ်တက်စစ်ချီ ခရီးလွန်သည်နှင့် အရေးမသာ ဆုတ်ခွာရလျှင် သိမ်းရပ်ဆုတ်ခွာရန် ခဲခက်သောကြောင့် သာယာချေငံစွာ မိတ်သဟာယ စကားဖြင့် လျှောက်ထား ပြီးပြေသည် ဖြစ်မည်၊ စာချုပ်ကတိ ရှိသည့်အတိုင်း အပြောင့်အမှန်ပင် ပြန်သွားသည် ဖြစ်မည်၊ မပြန်မသွား ဟံသာဝတီရန်ကုန်မြို့တွင်ပင် အခြေအမြစ်ပြု၍ နေသည်ဖြစ်မည်၊ အင်္ဂလိပ်တို့အကြံအစည်ကို တပ်ရာမသိဖြစ်ပါ၍ နှလုံးစိတ်ဝမ်း ချသင့်သေးသည်မဟုတ်ပါ၊ တကြောင်းလည်း တောမီးလောင်ကကြောင်လက်ပမ်းဖောက်ခတ်သောဟူဘိ၏သို့ ကုလားတို့နှင့် ရန်စစ်ပြေငြိမ်းဆဲအတွင်း ပဲခူးနိုင်ငံအလုံးရှိနေသည့်တလိုင်းတို့ကကိန်းခန်းအထွဲ့ကုလားတို့နှင့် အရေးဖြစ်ပွားကြသည်များကို သင်္ကြောင်းမှ၍ တသွယ်တဝ မငြိမ်မသက်ထကြွလှုပ်ရှားရန်ရှိမည် တကြောင်း၊ယင်းသို့ဖြစ်၍ နိုင်ငံ

တော်တောင်မျက်နှာ ဟံသာဝတီမြို့မှစ၍ မြစ်စဉ်တလျောက် မြို့ကျေးရွာများသည်လည်း အလံဦးကင်းဖျား စစ်တံခါးလမ်းဝ ဖြစ်သည့် အတိုင်း ကျေးငှားသစ္စာတော်ကို စောင့်သိရိသေစွာ လက်ရုံးနှလုံး လုပ်ရည်ကြံရည်နှင့် အမှုတော်ကို ပြေကုံအောင်ထမ်းရွက်နိုင်မည့်သူ မှူးကြီးမတ်ကြီးတို့ကို ခန့်ထားအုပ်ချုပ်ထိန်းသိမ်းစေမှ မြို့ကျေးရွာနေ ဆင်းရဲသား ကျွန်တော်များတို့ ငြိမ်ဝပ်ရန် အကြောင်း ရှိပါသည်-လျောက်ထား ကြသည်တွင် ပြည်အောက် တလျောက် မြစ်စဉ်မြို့ကျေးရွာများက ဟံသာဝတီ ရန်ကုန်မြို့ထိ အမိန့်တော်နှင့် စစ်ကဲနာခံ အရာရှိဝန်စု ဗိုလ်မှူး တပ်မှူး တပ်အုပ် အမှုထမ်း ရဲမက်လက်နက်ကိုင် မြို့ကျေးရွာရှိ အမှုထမ်း ခန့်ထား စည်းကြပ်ပြီးလျင် အသီးအသီး ဆိုင်ရာမြို့ကျေးရွာ များတွင် ရာဇဝတ်တော်ရေး ကင်းလွတ် လုံခြုံ၍ သာယာစည်ပင် ဖြစ်ထွန်းအောင် ချုပ်အုပ်ရပ်နေစီရင်ရမည်ဟု ဝန်ကြီး မင်းကြီးမဟာမင်းလွှာဇာကို အရေးပေးအပ် ခန့်ထား၍ အစုအမှုထမ်း လူ တထောင့်ငါးရာကျော် ပေးအပ် ပြီးလျင် ထိုသတ္တရာဇ် ကဆုန်လပြည့်ကျော်ရှစ်ရက်နေ့ နေပြည်တော်ရတနာပူရမြို့က ထွက်သွားစေရာ တဆဲ့ သုံးစခန်းနှင့် ပြည်မြို့သို့ ဆိုက်ရောက်ကာလ နဝင်းချောင်း တောင် ဖောင်တော်ဦးဘုရားအနီး ဆောက်ထားရှိသည့် ဗိုလ်တဲ့တွင် ငါးရက်ရပ်ဆိုင်းပြီးမှ အရပ်ရပ်မြို့ကျေးရွာသို့ ဆင့်ဆိုရန်ရှိသည်များကို လှမ်းကမ်း ဆင့်ဆိုစီရင်ပြီးလျင် အထက် ရှေဘဝါးတော်အောက်တွင် ဘွဲ့သနားတော်မြတ်ခံစေရာမပါသည့်ရန်ကုန်မြို့ရှိ အင်္ဂလိပ်ဘော်ရသတ်, ဇနရံကြေမြင်တို့ကို ဟံသာဝတီမြို့ အခွန်ဝန် နေမျိုးသီရိစည်သူ, အဆောင်တော်မြို့ ရာဇသူရကျော်ထင်တို့ကို ရွှေသားဘွဲ့များကို ပေးအပ် စေလွှတ်၍ ဘွဲ့တပ်စေ၏။

ရန်ကုန်မြို့တွင်လည်း သန်လျင် မြို့ဝန်ဟောင်း သမိန်ပရွဲခံစစ်ဝယ်, ရွှေဆံတော်ဘုရား ခွာအကြီးဝမ္မရက္ခခံငွေးငယ်တို့ အလိုတူ ရှမ်းယွန်းတလိုင်းတို့ကို စုရုံးပြီးလျင် ဖောက်ပြန်ဆိုသွမ်းရှိကြောင်းများကို ဟံသာဝတီ ဝန်ကြီး ကြားသိသည်နှင့် ကုလားတလိုင်းတို့ အရေးကို စိတ်မချရသေးဖြစ်၍ ထောက်လှမ်းဆင့်ဆိုစီရင်သာအောင် ထိုသတ္တရာဇ် နယုန်လဆန်း တဆဲ့လေးရက်နေ့ ပြည်မြို့ နဝင်းချောင်းကစုန်ထွက်ခဲ့ရာ ခြောက်စခန်းနှင့် ဟင်းသာတ မြို့သို့ ဆိုက်ရောက်သည်၊ ထိုတွင် ရပ်ဆိုင်း၍ ဝန်ထောက်နေမျိုးမင်းကျော်,ပြည်မြို့ဝန် မဟာမင်းလွှစည်သူ,ပန်းတောင်းကြီခင်းနှစ်မြို့ဝန် မဟာမင်းကျော် နော်ရထာတို့နှင့် အဝေးရောက် စာရေး

ဇေယျကျော်ထင် နော်ရထာ, ကသောင်းမြောင် တိုက်စာရေး ငရွှေမှန်, နရာဇေယ တို့ကို အစုအမှူထမ်း လူ တထောင့် ခြောက်ရာ ပေးအပ်ပြီး လျှင် ကုလားတလိုင်းတို့ အကြီအစည် အနေ အခြေများကို သိရအောင် မပြတ်ထောက်လှမ်း မေးမြန်းစုံစမ်း အစီရင် ခံရမည် မှာထား‌ဆင့်ဆို၍ ရန်ကုန်မြို့သို့ စေလွှတ်သွား‌စေ၏။

ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း အစုအမှူထမ်းတို့မှာ အခြေအမြစ်မရှိ အထွက်အဝင် အငှားအထောင်နှင့် ရှိကြသောကြောင့် ကောက်ငင်ခါ မရရှိသည်ဖြစ်၍ ဘုန်းတော်ဖြစ် အစုအမှူထမ်းမှစ၍ ခြောက်စို့ဝင်းလေးမျက်နှာ အစုအမှူထမ်းလူတို့ကို သက္ကရာဇ် (၁၁၀၈) တတောင့် တရှာ ရှစ်ဆဲ့ရှစ်ခု ပဌမဝါဆိုလဆန်း ကိုးရက်နေ့ကစ၍ ခြောက်ကြောင်း သေနတ်အစု အမှူထမ်းလူတို့ကဲ့သို့ အသီး အသီး အစုဆိုင်ရာ မြေနန်းတော်တွင် ဆေးတော်ထိုးမှတ်စေပြီးလျှင် စာရင်းကို ရွှေတိုက်တော်သို့ ဆက်သွင်း‌ရ၏။

ထိုသက္ကရာဇ် ဝါဆိုလပြည့်ကျော် ခြောက်ရက်နေ့ မိကြွေးတော်တလုပ် မြို့စား သီရိမဟာရတနာပဘာဒေဝီ ကံကုန်သည်ကို ၎င်းလပြည့်ကျော် ခုနစ်ရက်နေ့ အရှင်နှစ်ပါး ရွှေဝါနှင့်ထွက်တော်မူ၍သင်္ဂြိဟ်တော်မူ၏။

ဟံသာဝတီ ဝန်ကြီးလည်း ထိုသက္ကရာဇ် ဒုတိယ ဝါဆို လဆန်း ဆယ်ရက် စနေနေ့အဝင် ညဉ့်သုံးချက်တီးကျော် အချိန် အင်္ဂလိပ်တို့နှင့် စစ်ငယ်အကြီအစည်အကြောင်းအရာ များကို တွေးတော ဆင်ခြင်ပြီးနောက် မျောက်မျဉ်း အိပ်ပျော်စဉ် ရတနာသိဒ္ဓိ မြို့တည် နန်းတည် ဘေးလောင်းတော်ရင်း အလောင်းတော် မင်းတရားကြီး ဘုရားသည် မြတ်သော ဘုန်း ကြက်သရေတော်ကို ဆောင်တော်မူလျက် ရွှေတော်သို့ ခေါ်တော်မူပြီးလျှင် လက်တော်နှင့် ညွှန်ပြထား‌တော်မူသောနေရာတွင် နေထိုင်ရသည်-အိပ်မက်မြင်သည်၊ အိပ်မက်အလိုသော် ဘေးတော် အလောင်း မင်းတရားကြီး ဘုရားသည် ရာမည တိုင်းအလုံးကို ဘုန်းလက်ရုံးတော်ဖြင့် သိမ်းကျုံးဝိုင်သ စိုးအုပ်တော်မူသော မင်းဖြစ်သည်၊ မင်းကောင်းမင်းမြတ် ချထား‌သော နေရာတွင်နေရသော ငါသည်လည်း အခြားတပါး‌သော ရန်သူတို့ ရန်မူ၍ မဖြစ်နိုင်ရာ၊သမိန်ပရွက်-ငစပ်, ဓမ္မရက္ခခံ-ငခွေးတို့ လူသူစုရုံး ခြားနား‌မည်အကြီအစည်ရှိသည် ဆိုသည်မှာလည်း ရွှေဘုန်းတော်နှင့်သိမ်းရုံးသည်ကို သင်းတို့ အရှည်ထောင်ထား ခြားနား‌နေနိုင်မည် မဟုတ်၊ အလျင် ပျော်ဝင်နွံနာရမည်မချွတ်ဖြစ်၍ ငါ

အောင်မြင်အံ့သော ပုဗ္ဗနိမိတ်ကို သမ္မာဒေဝနတ်မြတ်တို့ပြသသော အိပ်မက်အမှန်ဖြစ်သည်-ဖတ်ယူပြီးလျှင် ထိုသတ္တရာဇ် ဝါခေါင်လ အတွင်း သမိန်ပရွှခံ ငစပ်ငယ်, ဓမ္မရက္ခခံ ငခွေးငယ်တို့ ကျေးဇူး သစ္စာတော်ကို မစောင့် သန်လျင်ဒလစသော မြို့ကျေးရွာများတွင် လူသူစုရုံး ဆိုးသွမ်းတိုက်ခိုက်ပြုကျင့်သည်ကို နှိပ်ကွပ်ဆုံးမသင့်ကြောင်းနှင့် အင်္ဂလိပ်ဗိုလ်ချုပ်တို့ထံပေးအပ်ရန် စာတစောင်၊ သမိန်ပရွှ, ဓမ္မရက္ခတို့ကိုလည်း ဝန်ထောံနေမျိုးမင်းကျော်, ရေဝန်,ယေးမြို့ဝန်, အခွန်ဝန်, နေမျိုးသီရိစည်သူတို့က ကျိုးကြောင်းပြသ သိမ်းပိုက်ပြောဆိုသည်ကိုမနာမယူ အသိမ်းအပိုက်မခံရှိနေလျှင် အင်္ဂလိပ်ဗိုလ်ချုပ် အရေးပိုင်တို့ထံ ပြန်ကြား ပြောကြရမည့် အကြောင်းနှင့် ဝန်ထောက်အရာရှိတို့ထံ ပေးအပ်ရန် စာတစောင်၊ ဓမ္မရက္ခခံငခွေးနှင့် သမိန်ပရွှခံ ငစပ်ငယ်တို့ကိုလည်း ဓမ္မရက္ခမှာ ငါ့ဦးရီးမြေထဲဝန်ကြီး လူကြီးအရာနှင့် ယုံကြည်စေသုံး မစသူဖြစ်သည်၊ သမိန်ပရွှမှာလည်း အကျဉ်းကလွတ်အောင် ကြံဆောင်ပြီးလျှင် သန်လျင်မြို့သူကြီးအရာ ငါမစလျှောက်ထားသူများဖြစ်ကြ၍ မသင့်မတင့်သော အကြံအစည်ကို မကြံမစည်သင့်၊ ရာဇဝတ်တော်ကို မခန့်မညား မှားယွင်းကြံစည်မိလျှင်လည်း ယခုငါ့ခွင့်ပေးနိုင်သည့်အခါစည်းစိမ်အသက်မပျက်မစီးစေရ ခွင့်ပေးမည့်အကြောင်းများနှင့် ပေးအပ်သည့် စာတစောင်၊ ယင်းသည့် စာသုံးစောင်နှင့် ပုသိန်ဝန် နေမျိုး မင်းခေါင်ကျော်သူကို ရန်ကုန်မြို့သို့ စေလွှတ်ပို့စေသည်တွင် ဓမ္မရက္ခ,သမိန်ပရွှတို့က မကြံမစည် ဝံ့ကြောင်းများနှင့် ကြံဘန်လှည့်ဖြားပြောဆိုလိုက်၏၊ အင်္ဂလိပ်ဗိုလ်ချုပ်တို့ကလည်း ဓမ္မရက္ခ, သမိန်ပရွှတို့စကားများကို ဝန့်ရှင်တော် အရေးပိုင်မင်းကြီး ကြားသိသည်ဆိုသည်မှာ မဟုတ်မမှန်၊ အခြားသူတို့က နားရွပ်အောင် လျှောက်ထားပြောဆိုခြင်းသာဖြစ်ပါသည်၊ လျှောက်ထားပြောဆိုချက်အတိုင်း မှန်လျှင် စာချုပ်သတ္တမစကားအချက်တွင် ပါရှိသည့် အတိုင်း မြန်မာအရှင့် ရန်သူသည် အင်္ဂလိပ်မင်းရန်သူပင်ဖြစ်သည် မှတ်ပါမည့်အကြောင်းများနှင့် နေမျိုးမင်းခေါင်ကျော်သူတို့သို့ အင်္ဂလိပ်ဗိုလ်ချုပ်တို့က စာပေးအပ်ပြန်လာသည်။

နောက် အင်္ဂလိပ်အရေးပိုင် ဗိုလ်ချုပ်တို့က အရေးပိုင်ရန်ကုန်ဝန်ကြီးမင်းသို့ မြို့ကျေးရွာများကို ပေးအပ်ရန်အမှုများနှင့် အလုံးစုံစကား ပြောဆိုရန်ရှိသည်တို့ကို ရှင်လင်းပေးအပ် ပြောဆိုပြီးလျှင် အမှုထမ်း ရဲမက်လက်နက်ကိုင်များကို နုတ်သိမ်းထွက်သွားပါမည်၊ နေ့ရက်ကြန့်ကြာရှိ

လျှင် သင်းဘောစရိတ် အများအပြား ကျကုန်ရန်ရှိသည်ဖြစ်ပါ၍ မထွက်မသွားမီ ထိုသတ္တရာဇ် တန်ဆောင်မုန်းလပြည့်ကျော်ငါးရက်နေ့ အရေးဝိုင်ဝန်ရှင်တော်မင်းကြီး ဟင်းသာတမြို့ကစုန်ဆင်းလာပါမည့်အကြောင်းနှင့် အင်္ဂလိပ် စတ္တူတွင် မြန်မာဘာသာရေးသား၍ ဝန်ထောက်မင်းထံသို့ပို့အပ်ရာ ၎င်းစာနှင့် အခွန်ဝန် နေမျိုးသီရိစည်သူ ဟင်းသာတမြို့သို့ လာရောက်လျှောက်ထားသည်။ ။ရန်ကုန်ဝန်ကြီးကလည်း ထိုသတ္တရာဇ် တန်ဆောင်မုန်းလပြည့်ကျော်တရက်နေ့ဟံသာဝတီရန်ကုန်မြို့သို့ စုန်ဆင်းလာမည့်အကြောင်းကို အင်္ဂလိပ်ဗိုလ်ချုပ်တို့သို့စာပြန်ပေး၏၊ ရွှေဘဝါးတော်အောက်သို့လည်း လူစေလွှတ် လျှောက်ထားရ၏။

သတ္တရာဇ် (၁၁၈၈) တထောင့်တရာ့ရှစ်ဆဲ့ရှစ်ခု သီတင်းကျွတ်လဆန်းကိုးရက်နေ့ ဇူန္ဒြိယတိုင်းကို အစိုးရသော အင်္ဂလိပ်မင်းက ကြွေပွတ်ကို သံအရာခန့်ထားပြီးလျှင် အထူးထူးသော လက်ဆောင်တော်ထည်မျိုးအုပ်မျိုးများနှင့် အဖုံးအမြော်အဆက်အသ လာရောက်သည်ကို သီတင်းကျွတ်လပြည့်ကျော် လေးရက်နေ့ ဝါကျွတ်ကန်တော့ ခံတော်မူသည့်နေ့ မြေနန်းတော်သို့ ဝင်စေ၍ ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီးဘုရား အဆက်အသ အဖုံးအမြော်ခံတော်မူပြီးလျှင် သံကြွေပွတ်ကို စစ်ကိုင်းမြို့မြစ်ဆိပ်, ဆရာပရိတ်ကို သနားတော်မူရင်း တိုက်အိမ်တွင် ချထားနေထိုင်စေ၏။

ဟံသာဝတီ ဝန်ကြီး မင်းကြီး မဟာမင်းလှရာဇာလည်း ရွှေဘဝါးတော်အောက်က ပါသည့် အတွင်းကိုယ်ရံတော် အစု အမှုထမ်းတို့နှင့် ပြည်အောက် တလျှောက် မြို့ကျေးရွာများက မြို့ဝန်, မြို့အုပ်, သူကြီး, တိုက်အုပ်, ပဲ့နင်းတို့ပါ ခန့်ထားစည်းကြပ်ရ အမှုထမ်းလူသုံးထောင့်ခုနစ်ရာကျော်, အမြောက်လုံးရေ တဆယ်ကျော်, စိန်လက်ရေ သုံးဆယ်ကျော်များကို အသီးအသီး အစုဆိုင်ရာ တပ်မှူးစစ်ကဲ ခန့်ရန် စည်းကြပ်မှုးကြီး ချုပ်အုပ်စေ၍ ရွှေတပ် နောက်တပ် ခွဲဝေပြီးလျှင် နောက်ပါအရာရှိ တပ်မှူး စစ်ကဲတို့နှင့် ကိုယ်ရံတပ် အမှုထမ်း လူတထောင့် သုံးရာကျော်, စိန်လက်ရေ ငါးများကို စီစဉ် ကျင်းပ၍ ဖောင်ပန်း လှေတက် လေးရာ့ငါးဆယ်ကျော်များနှင့် ရောဝတီမြစ်လုံးပဲ့တင်ထပ်မျှ စည်မောင်းခရာ တပြိုင်နက်တီးမှုတ်ကြွေးကြော်စေလျက် ထိုသတ္တရာဇ်တန်ဆောင်မုန်းလပြည့်ကျော်တရက်နေ့ ဟင်းသာတမြို့ကစုန်ဆင်းခဲ့၍ ဓနုဖြူမြို့,ရန်ကင်းစံရာ, အင်္ဂပူမြို့ကျွန်းဦးများတွင် စခန်းစဉ်အဝိုင်း ချရပ် စုန်ဆင်းလာရာ

ဂင်းလပြည့်ကျော်ဆုံးရက်နေ့ သရက်တပင်ကျွန်းဦးဘိုဆိုက်ရောက်ကာလ ထိုထွင်ငါးရက် ရပ်ဆိုင်း၍ ရန်ကုန်မြို့ရှိ တပ်အနေအထားမှစ၍ အရပ်ရပ် ဆင့်ဆိုခန့်ထားရန်ရှိသည်များကို ခန့်ထား ဆင့်ဆိုပြီးမှ ဘုန်းတော်ဖြစ် ဗိုလ် နေမျိုး မင်းခေါင်နှင့် အမှူထမ်းလူငါးရာ, စိန်လက်ရေးငါး, အမြောက်လုံးရေ နှစ်၊ စားတော်ဝန် မင်းလှမင်းခေါင်နှင့် အမှူထမ်းငါးရာ, စိန်လက်ရေငါး, အမြောက်လုံးရေနှစ်၊ နှစ်တပ်ရဲမက်အမှူထမ်း လူတထောင်, စိန်လက်ရေ တဆယ်, အမြောက်လုံးရေ လေးများကို စားတော်ဝန် မင်းလှမင်းခေါင်ချုပ်အုပ်စေပြီးလျှင် ထိုသတ္တရာဇ် တန်ဆောင်မုန်းလပြည့်ကျော် ရှစ်ရက်နေ့ ဟံသာဝတီ ရန်ကုန်မြို့ရောက် ရွှေလွန်ချီတက်စေ၍ တန်ဆောင်မုန်းလပြည့်ကျော် ကိုးရက်နေ့ ကျွန်းဦး သရက်တပင်ကစုန်ဆင်းထွက်လာခဲ့ရာ ကြည်းမြင့်တိုင်ရွာဆိပ်သို့ရောက်ကြောင်းကို အင်္ဂလိပ်အရေးပိုင် ဇနရံကြေမံခေါ် ကြက်တောင်ဗိုလ်ချုပ်နှင့် အင်္ဂလိပ်ဗိုလ် အရာရှိတို့ ကြားသိသည်တွင် ဂင်းလပြည့်ကျော် ဆယ်ရက်နေ့ ကြည်းမြင့်တိုင်ရွာဆိပ်ရောက်ရလျှေသမျှန်များနှင့် လာရောက်၍ သာယာချေဆံစွာ နှုတ်ခွန်းဆက်သမေးမြန်းလျှောက်ထားကြ၏။

ဝန်ရှင်တော်မင်းကြီးလည်း လက်နက်လူသူခင်းကျင်းလျက် ဗိုလ်တဲတွင် အထွေခံ၍ စကားပြောဆိုပြီးနောက် ဂင်းလပြည့်ကျော် တဆဲသုံးရက်နေ့ နံနက်အချိန် ကြည်းမြင့်တိုင်ရွာဆိပ်က တပ်စဉ်အတိုင်း စုန်ထွက်ခဲ့ပြန်ရာ ရန်ကုန်မြို့အနောက် ရန်ပုံခွင်းဆိပ်သို့ ဆိုက်ရောက်လျှင် ရေတပ်ကို ကြည်းတပ်ဖွဲ့၍ ရန်ပုံခွင်းတံတားကသည် ပုဆိုးတန်းလမ်းကို လျှောက်၍ ညောင်ပင်တံခါးသို့ဝင်ရောက်သည်တွင် အင်္ဂလိပ်အရေးပိုင် ဗိုလ်ချုပ်တို့ကလည်း အရေးပိုင်ဝန်ကြီး မြို့တွင်းသို့ ဝင်ရာ အင်္ဂလိပ် အမှူထမ်းတို့တပ်လည်း ခင်းကျင်းပါရစေ-လျှောက်ထားပြီးလျှင် ညောင်ပင်တံခါးလမ်းကို လျှောက်၍ အရေးပိုင်ဝန်ကြီးနေအိမ်ရောက် လက်ဝဲလက်ယာ စစ်ပိုင် အမှူထမ်း သေနတ် ငါးရာကျော် ခင်းကျင်းသည်၊ အင်္ဂလိပ်ဗိုလ်အရာရှိတို့လည်း အရေးပိုင်ဝန်ကြီးနောက်ကလိုက်ပို့ကြသည်၊ အရေးပိုင်ဝန်ကြီး ရန်ကုန်မြို့ ကြည်းမြင့်တိုင်ဆိပ်ကမ်းသို့ တပ်အဆိုက်အရောက်, နေအိမ်သို့ အဆိုက်အရောက် များတွင် အင်္ဂလိပ်တို့ သင်းဘောက အမြောက်သံ တဆဲကိုးချက်စီပေး၏။

ရန်ကုန် ဝန်ကြီးလည်း ရန်ကုန်မြို့သို့ ရောက်လျှင် ရွှေဘဝါးတော် အောက်ကပါသည့်အရာရှိတို့နှင့် အတွင်းကိုယ်ရံတော် အစုအမှူထမ်းလူ,

အောက်မြစ်စည်မြို့ကျေးရွာ တလျှောက် ခန့်ထားစည်းကြပ်ရ အမှုထမ်း လူတသောင်းကျော်တို့ကို အသီးအသီး တပ်မှူး တပ်အုပ်, စစ်ကဲ,အရာရှိ ခန့်ထားချုပ်အုပ်စေပြီးလျှင် ဟံသာဝတီရန်ကုန်မြို့တွင်းမြို့ပြင်သင့်ရာအရပ် များတွင် ချထားစွဲရပ်စေ၍ နေအိမ်ဝဲယာ သုံးမျက်နှာပတ်လည်တပ်တန်း များမှာလည်း ရွှေဘဝါးတော်အောက်ကပါသည့် အတွင်းကိုယ်ရံတော် အစုအမှုထမ်း သင့်ရာလူတို့ကို ခွဲဝေချထား စောင့်နေစေ၏၊ အရပ်ရပ် မြစ်စည်မြို့ကျေးရွာများမှာလည်းရာဇဝတ်တော်ရေးကင်းလွတ်လုံခြုံအောင် မြို့ရွာအမှုထမ်းလူတို့နှင့် သင့်ရာအထိန်းအအုပ် အမှူးအကြီးတို့ကို ထိန်း သိမ်းစောင့်နေစေ၏။

အင်္ဂလိပ်,မြန်မာ မဟာမိတ်စာချုပ်-ချုပ်လုပ်ခြင်း စသည်နှင့် ညီတော်ကို ရေသွန်း လက်ထပ်ခြင်း

ရွှေဘဝါးတော်အောက်သို့လာရောက်ရှိသည့်သံ-ကြွေ့ပွတ်ကလည်း ဝန်းကြီး အတွင်းဝန်များထံ နှစ်တိုင်းနှစ်ပြည် အကျိုးစီးပွားနှင့် စပ်သည် များကို ပြောဆိုလိုပါသည် လျှောက်ထားသည်တွင် ဝန်ကြီးအတွင်းဝန် တို့က အမိန့်တော်ခံရာ ဆဒ္ဒန်ဆင်မင့်းသခင်ဘဝရှင်မင်းတရားကြီးဘုရား လည်း ကြွေ့ပွတ်နှင့် စကားပြောဆိုရန် ရှိသည်များကို ဆောရွှိစား အတွင်းဝန် မင်းကြီး သိရိမဟာနန္ဒသင်္ကြီ, ကျိုက်အတွင်းဝန်မင်းကြီးမဟာ မင်းလှသီဟသူတို့ကို ပြောဆိုရစေမည် အမိန့်တော်နှင့် ထိုသတ္တရာဇ် တန် ဆောင်မုန်းလပြည့်ကျော်ကိုးရက်နေ့ ဇေယျာပူရမြို့ မြစ်ဆိပ်တွင် ဆောက် ထားရှိသည့် စကားပြောတဲသို့ စကားအပြောအဆို သွားကြရ၏။

မြန်မာအရာရှိမင်းနှစ်ယောက်နှင့် သံ-ကြွေ့ပွတ်တို့ စကားပြောတဲသို့ အရောက်စုံညီလျှင် မိတ်လက္ခဏာနှုတ်ခွန်းဆက်သ မေးမြန်းကြပြီးနောက် ဆောရွှိစား အတွင်းဝန် မင်းကြီးသိရိမဟာနန္ဒသင်္ကြီနှင့် ကျိုက်အတွင်း ဝန် မင်းကြီးမဟာမင်းလှသီဟသူတို့က ပြည်ကြီးနှစ်ပြည် မဟာမိတ်ဖြစ်ကြ သည်အတိုင်း မှူးမတ်တို့မှာလည်း အရှင်ကောင်းမင်းမြတ်အကျိုး, တိုင်း နေပြည်သူအပေါင်းတို့ အကျိုးစီးပွား ဖြစ်ထွန်းရန် အကြောင်းများကို ထိန်းသိမ်းစောင့်ရှောက် ကြည့်ရှုပြီးလျှင် တိုင်းနိုင်ငံတော်အတွင်း ရွှေ ဘုန်းတော်ရိပ်ကို ခိုလှုံနေထိုင်ကြသော အမျိုးလေးပါး ပြည်သူသထွေ အပေါင်းတို့ ချမ်းသာခြင်းကိုသာ အလိုရှိအပ်သည် ပြောဆိုကြ၏။

သံ-ကြော့ပွတ်ကလည်း ဟုတ်မှန်လှပါသည်၊ သည်ကဲ့သို့ နှစ်တိုင်း နှစ်ပြည် မူးမတ်တို့ ပြည်သူတို့အကျိုးစီးပွားကို ကြည့်ရှုဆောင်ရွက်ခြင်းကို ကျွန်တော်တို့အရှင် အင်္ဂလိပ်မင်းလည်း အလိုသဘော ကြိုက်ညီပါသည် ပြောဆိုပြီးလျှင် အင်္ဂလိပ်မင်းက မှာထားရင်းအလုံးစုံ စာချုပ်လိုသော စကားများကိုပြောပြရာ ဆောမြို့စားအတွင်းဝန်, ကျိုင်း အတွင်းဝန်တို့က စာချုပ်သဘောမည်သည် တဦးအကျိုးရှိ၍ တဦး အကျိုးမရှိချေက ချုပ်ဆိုမြဲမဟုတ်၊ နှစ်ဦးနှစ်ဝ အလိုသဘောကြိုက်ညီမှ ချုပ်ဆိုမြဲဖြစ်သည်၊ ယခု အင်္ဂလိပ်မင်းက ကြော့ပွတ်ကို အရေးပိုင်ပြုလုပ် စေလွှတ်လျှောက်ထားပြောဆိုစေသောစကားသည် နှစ်တိုင်းနှစ်ပြည်အကျိုးကိုမြော်ထော်၍ ပြောဆိုသောစကားပင် ဖြစ်ပေသည်ဟု ကြိုက်ညီ တူမျှကြ၍ နှစ်ပြည် ထောင်အရေးပိုင်မင်းတို့ သဘောတူစာချုပ်ထားကြ၏။ ။စာချုပ်ကား-

[ပဌမ]····ဗုန္ဓြိယတိုင်း ကုမ္ပဏီဘုရင် အင်္ဂလိပ်မင်းအစိုးရသော ပြည်ကြီးနှင့် သုနာပရန္တ, တမွဒိပအစရှိသော အရှေ့မျက်နှာ တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်း အပေါင်းတို့ကို အစိုးရတော်မူသော ရတနာပူရပြည်ကြီးနှစ်ပြည် မဟာမိတ်ဖြစ်၍ ရှိကြသည့်အတိုင်း အင်္ဂလိပ်မင်းတိုင်းပြည်က အင်္ဂလိပ်တံဆိပ်လက်မှတ်ပါသော ကုန်သည်, မြန်မာနိုင်ငံတော်ကကုန်သည်, နှစ်ပြည်တူတပြည် ရောင်းဝယ်ကူးသန်း လာရောက်ကြလျှင် အစောင့်ထားမြဲ, အထွက်အဝင် ကင်းများက မေးမြဲမေး၍ အနှောင့်အရှက်မရှိ ကြေးငွေမစားမယူစေရ၊ ရောင်းဝယ်သည့် ဆိပ်ကမ်းများတွင် ထုံးစံရှိရာ ကောက်ခံပေးယူသည့်ပြင် အခြား အကောက်အစားမရှိစေရ၊ နှစ်တိုင်းနှစ်ပြည် ခန့်ထားသည့်အရာရှိမင်းတို့က စောင်မကြည့်ရှု ဖောက်ကားရောင်းဝယ်စေရန် အခွင့်ကို ရလိုပါသည်။

[ဒုတိယ]····လွှ သင်းဘောများမှာ ဝမ်းဝအတွင်း အင်္ဂလိပ်ပေတဆဲကိုးလက်မနှင့်တစိတ် တည်းဟူသော မြန်မာအတောင်တော် ရှစ်တောင်ရှိသော သင်းဘောမှစ၍ အောက်လျှော့ သင်းဘော ဟူသမျှ မြန်မာနိုင်ငံတော်က ကုန်သည် မြန်မာအလံတင်၍ အင်္ဂလိပ်မြို့သို့ ဆိုက်ရောက်သည်ဖြစ်စေ, အင်္ဂလိပ်နိုင်ငံက အင်္ဂလိပ်လက်မှတ် တံဆိပ်ပါသော ကုန်သည် အင်္ဂလိပ်အလံတင်၍ မြန်မာနိုင်ငံတော် ဆိပ်သို့ ဆိုက်ရောက်သည်ဖြစ်စေ၊ အကောက်တော် ကောက်ယူသည့်ပြင် ထွက်သွားသည့်ကာလ ကင်းအတွက် နှစ်ဆွဲငါးကျပ်ကဲ့သို့တဆယ်ကိုသာပေး၍ ၎င်းပြင် ကြေးငွေမကုန်စေရ၊ ၎င်းသင်းဘောသူကြီးက ရေကြောင်းမာလိန် အလို

အလျောက်မခေါ်မပါလျှင် ရေကြောင်းမာလိန်အခတွက်ကို မပေးစေရ၊ သင်းဘောရောက်သည့်ကာလ ပင်လယ်ဝမှာ ခန့်ထားသော အရာရှိတို့ထံ ရောက်ကြောင်းသတင်းကို တိုင်ကြားရန်၊ ဝမ်းဝ အတောင်တော်ရှစ်တောင်က အထက်ကိုသာ ဝိုသမျှ လွှ သင်းဘောများမှာ အထက်ရန်ကုန်ဝိုစာချုပ်နဝမခန်းတွင်ပါသည့်အတိုင်း တက်မ-မလွတ်,အမြောက်မချ, အင်္ဂလိပ်နိုင်ငံသို့ ဝင်ရောက်သော မြန်မာသင်းဘောနေသကဲ့သို့ အနှောင့်အရှက်မရှိဘဲ နေစေလိုပါသည်။

[တတိယ]....နှစ်တိုင်းနှစ်ပြည် ကုန်သည်တို့ ရောက်ပေါက် နေပြီးမှ ပြန်လိုသည့်ကာလ ပြန်လိုရာအရပ်, စီးလိုရာ လွှ သင်းဘောများတွင် အတားအဆီးမရှိ စီးလိုက်စေ၍ ပါကုန်အထည်အလိပ်များကို ရောင်းစေပြီးလျှင် မရောင်းမချ-ပါကုန်များကို အတားအဆီးမရှိ ကြေးငွေမကုန်မကျစေမူ၍ သွားစေလိုပါသည်။

[စတုတ္ထ]....အင်္ဂလိပ် လွှ သင်းဘော, မြန်မာ လွှ သင်းဘောကူးသွားကာလ မုတ်သုန်လေရေမသင့်သည်ဖြစ်စေ,ကြိုးရွက်တန်ဆာ ပျက်စီးကျိုးပဲ့သည်ဖြစ်စေ, ကမ်းနားမှာ ပျက်စီးသည်ဖြစ်စေ, မြို့ရွာ အနီးအပါးဖြစ်လျှင် မြို့နေရွာသားတို့က ကူညီဆယ်ယူပြီးလျှင် အခမှာ ပျက်စီးသည့်လွှသင်းဘော အင်အားကိုထောက်၍ အတော်အသင့် ဆယ်ယူကူညီသူတို့ကို ပျက်စီးသည့် လွှသင်းဘောသူကြီးတို့ကပေး၍ နှစ်တိုင်းနှစ်ပြည် အဘွင်း ကုန်သည် ဆင်းရဲသားတို့ ချမ်းသာစေခြင်းကို အလိုရှိကြောင်းများနှင့် စာချုပ်တွင်ပါသည်။

ယင်းသည့် စာချုပ် လေးရပ်ကို ဆောင်္ခြိစား အတွင်းဝန်, ကျိုဝန်အတွင်းဝန်တို့နှင့် သံကြွေ့ပွတ်တို့ အစုံအညီ သဘောတူ စာချုပ်ထားကြပြီးလျှင် စာတွင် အင်္ဂလိပ်တံဆိပ်, ဥဒေါင်းတံဆိပ်, နှစ်ချက် ခတ်နှိပ်၍ မြန်မာအရာရှိမင်းများနှင့် အင်္ဂလိပ်မင်း သံကြွေ့ပွတ်တို့ အသီးအသီး သိမ်းထားကြ၏။

အင်္ဂလိပ် အရေးပိုင်ဇနရံကြေမံခေါ် ကြက်တောင်ဗိုလ်ချုပ်နှင့် အင်္ဂလိပ် အရာရှိတို့လည်း နိုင်ငံတော် မြို့ကျေးရွာများကို ပေးအပ်ရန် အမှု, သနားတော်မြတ်ခံရန် ကြေးငွေမှုမှုစ၍ လျှောက်ထားပြောဆိုရန်ရှိသည်များကို အရေးပိုင် ဝန်ကြီး နေအိမ်သို့ လာရောက်ပြောဆိုကြရာ အရေးပိုင်ဝန်ကြီးလည်း အင်္ဂလိပ်အရေးပိုင် ဗိုလ်ချုပ်နှင့် အင်္ဂလိပ် အရာရှိတို့ ပြောဆိုချက်အတိုင်း အထက် အင်္ဂလိပ်တို့နှင့် စစ်ဖြစ်ကြသည့် အတွင်း

အင်္ဂလိပ် ဗိုလ်မှူး ဗိုလ်ချုပ်တို့ ထိန်းသိမ်းထားသည့် အရံသုံးဆဲ့နှစ်မြို့စိန့်တကွသော ဟံသာဝတီမြို့, ပုသိန်မြို့, မုဏ္ဍမမြို့များနှင့် သန်လျင်မြို့, ဒလမြို့စသောအရပ်ရပ်မြို့ပြများကို ပေးအပ်သည့်အမှု, အင်္ဂလိပ် အရေးပိုင်တို့ထိုသနားတော်မြတ်ခံစေရန် ငွေမှုများကို ထိုသတ္တရာဇ် နတ်တော်လအတွင်း အထက် ရန်ကုန်စာချုပ် ဒုတိယ, စတုဏ္ဍ, ပဉ္စမအချက်များတွင် ပါရှိသည့် အတိုင်းနှစ်တိုင်းနှစ်ပြည့်မဟာမိတ်မဟုတ်စေရ အကြည်အသာ ခွင့်ပေး၏။

ထိုသတ္တရာဇ် နတ်တော်လဆန်း ဆယ်ရက်နေ့ ဟံသာဝတီ ရန်ကုန်မြို့ ဖောင်တော်တံခါးပြင် စိုက်ထားရှိသည့် အလံတိုင်တွင် အင်္ဂလိပ်တို့အလံကိုချ၍ ပိတ်ဖြူ အလျားကိုးတောင်, အနံခြောက်တောင့် အလယ် အနီသွတ်, ဥဒေါင်းရုပ် ပန်းခက်ကိုက်, အထွတ်ရှေထည့် မြန်မာအလံတော်ကို ပွဲနတ်ရကာ အတီးအကစုံ တီးမှုတ်စေပြီးလျှင် အမြောက်သံသုံးချက်ပေး၍ အဝေးရောက် စာရေးဇယကျော်ထင်နော်ရထာ, ရတနာပုံတိုက်စိုး ဇယနော်ရထာတို့ ကြွပ်မတင်ထားမြဲ တင်ထားရ၏။

ဤနေ့ အင်္ဂလိပ်ဗိုလ်ချုပ်အရာရှိတို့လည်း အရေးပိုင် ဝန်ကြီးမင်းနှင့် အလုံစုံစကားပြောဆိုရန်ရှိသည်များကိုပြောဆိုပြီးပြေလျှင်အင်္ဂလိပ်ဗိုလ်မှူးတပ်မှူး ရဲမက် စစ်သည်အပေါင်းတို့ကို သိမ်း၍ ဟံသာဝတီ ရန်ကုန်မြို့ကထွက်သွားကြ၏။

ရာမညတိုင်း တလိုင်းသုံးရပ်နှင့်တကွ ဟံသာဝတီ ပြည်ကြီးကို အစိုးရတော်မူသော ဘေးတော် ဟံသာဝတီဆင်ဖြူများရှင် မင်းတရား, ရတနာ သိစ်မြို့တည် နန်းတည် ဘေးတော်ရင်း အလောင်း မင်းတရားကြီး ဘုရားတို့လက်ထက်မှစ၍ ဘဝါးကျွန် အဖြစ်ဖြင့် သိမ်းသွင်းကြည့်ရှု ပြုစုထားတော် မူသော လက်နက် နိုင်ငံတော် မွန်လူမျိုးတို့ နေရာ ပဲခူး နိုင်ငံတွင်လည်း သမိန်ပရွခံစစ်ငယ်, သား ငပိငယ်, ဓမ္မရက္ခခံ ငခွေးငယ်တို့ ကျေးငှားသစ္စာကို မစောင့် ငပိက်ငယ်ကို ဥပရာဇာအခေါ်ခံစေ၍ ပဲခူး ဟံသာဝတီ, ရန်ကုန်, သန်လျင်, ဒလ, လိုင်, အင်္ဂပူနယ်အတွင်းရှိ တလိုင်း-ရှမ်း-ယွန်း-လူကိုးထောင်ကျော်တို့ကို သန်လျင် ကျိုက်ခေါက် ဘုရားတွင် သွေးသစ္စာစည်းကြပ်၍ ထကြွလှုပ်ရှား မငြိမ်မသက်ရှိသည် များကိုလည်း တပ်ရာ သိရအောင် သိရိစိတ္တရဝန် ဥယျာဉ်မှူး ရာဇနော်ရထာကို စေလွှတ်ကြည့်ရှုစေရာ သန်လျင်မြို့တွင် တလိုင်းတို့ဘာသာနတ်ပသ၍ လက်နက်လူသူအများ စုရုံးပြီးလျှင် မြစ်ရိုးတလျောက်မှာလည်း အလံဖြူစိုက်ပြုလျက် လှေနှစ်ရာ့ငါးဆယ်ကျော် သုံးရာခန့် လက်နက်လူသူ စည်းကြပ်

တင်ထားရှိသည်ကို သိမြင်ခဲ့ကြောင်းနှင့် ပြန်ရောက် လျှောက်ထားသည့် တွင် ဟံသာဝတီဝန်ကြီးလည်း အရပ်ရပ်စည်းကြပ်ခန့်ထားစေသည့်တပ်မှူး တပ်အုပ်တို့ကို နေ့ညဉ့် မလစ်မလပ်စေရ အုပ်ကွပ်စောင့်နေ ထမ်းရွက်ကြရမည်-အသီးအသီး စာချွန်မှတ်စာပေးအပ်၍ ထပ်မံနှိုးဆော်စေ၏။

တထိုင်းတို့လည်း ထို သတ္တရာဇ် နတ်တော်လဆန်း တဆဲတရက်နေ့ ညဉ့်နှစ်ချက်တီးကျော်အချိန် သန်လျင်မြို့ဆိပ်ကအမြောက်သံစိန်သံအချက်များစွာပေးပြီးလျှင် မုတ်ကျွန်းငံတတပ်၊ ဒလဝတွန်းမြတတပ်၊ ငထော်လေးတတပ်၊ ငခန္ဓာတတပ်၊ ငအောင်ဆံတတပ်၊ ငသာအောင်တတပ်၊ ခြောက်တပ်ပါသည့် လူတဆောင့်ငါးရာ, ခတ်လှေ လှေထောင်း ခုနစ်ဆယ်ကျော်နှင့် ရေကြောင်းအုပ်ကွပ်ချီတက်၍ ဗုဒ္ဓန်ထောင်တွင် ချထားစွဲရပ်နေသည့် ရွှေဘဝါးတော် အောက်က ပါရင်း ဘုန်းတော်ဖြစ်ဗိုလ် နေမျိုးမင်းခေါင်တပ်ကို ချဉ်းကပ်တိုက်ခိုက်လာရာ နေမျိုးမင်းခေါင် ခုခံတိုက်ခိုက်သည်နှင့် တထိုင်းတို့တပ်မချဉ်းမကပ်နိုင်လျှင် မွေ့နွှန်းဘုရား ဗိုလ်တထောင်ချောင်းဝမျှားတွင် စွဲရပ်ရသည့် ပန်းတောင်းကြီခင်း နှစ်မြို့ဝန်တပ်၊ ပုဂံတောင် တိုက်သူကြီးငမိုင်း, မှော်ဝန်းတိုက်သူကြီး ငကြာညို, ယွန်းအုပ်ငရွှေစတို့တပ်, ယောတံခါးပြင် သိမ်ဖြူဆိပ်တွင် စွဲရပ်သည့် ပြည်မြို့ ငရုန်ကင်းတပ်များကို ထိပါး တိုက်ခိုက်ကြသည်တွင် ရန်ကုန်မြို့တွင်းရှိ ကုန်သည် ဆင်းရဲသားတို့ ထိတ်လန့်ကြသည်နှင့် ဝန်ကြီး မင်းကြီး မဟာမင်းလှရာဇာ ရုံးသို့တက်၍ ဝန်ထောက်စာရေးကြီး အရာရှိတို့နှင့် အရပ်အုပ်အရပ်ခေါင်းအကြီးတို့ကို ဆင့်ဆို၍ ငြိမ်ဝပ်အောင် အုပ်ကွပ်ထိန်းသိမ်းစေ၏၊ ရွှေဘဝါးတော်အောက်က ပါရင်း ရဲမက်လက်နက်ကိုင်အမှုထမ်းလူတို့ကိုလည်း လက်နက်ဝိုက်ကာ အသင့်ခင်းကျင်း စောင့်နေစေ၏၊ အရပ်ရပ်စွဲနေသည့်တပ်များသို့လည်း အမှုထမ်းဓားစွဲစေလွှတ်၍ မြဲမြံလုံခြုံအောင် ရပ်ခံထမ်းရွက်ရမည် -ဆင့်ဆိုနှိုးဆော်စေ၏။ ရေဝန်နေမျိုးနော်ရထာကျော်စွာ၊ စစ်ကဲနေမျိုးဇေယျကျော်ခေါင်၊ မြို့စာရေးနရာရဲလှနော်ရထာတို့နှင့် ပါရင်း နတ်စုလက်ယာ အမှုထမ်း လူလေးဆဲငါး၊ ရွှေပြည့်မှန်ကင်းအမှုထမ်း လူငါးဆယ်မျှားကို ယောတံခါးအနောဝံသစ်တပ်ပျက်လပ်ရာက ဆီးဆို့ရပ်ခံစေ၏။

သိဂုတ္တရကုန်းတွင် စွဲရပ်သည့် ပါရင်းစားတော်ဝန် မင်းလှမင်းခေါင်တပ်လည်း အမှုထမ်းလူနှစ်ရာနှင့်ရန်ကုန်မြို့က အမြောက်သံစိန်သံအများကြားသည်နှင့် မြို့တွင်းသို့ အကူအညီလာရောက်သည်ကို ဝန်ကြီး မင်းကြီး

မဟာမင်းလှရာဇာလည်း စားတော်ဝန် မင်းလှမင်းခေါင်တင်ကို စွဲရင်းသိုက်တွာရကုန်းသို့ ပြန်သွား စွဲရင်နေစေ၏၊ ငစင်ငယ်နှင့် ပေါင်းသင်း တိုင်ပင်ရာပါ ရန်ကုန်မြို့တွင်းနေ အတွင်းမီးထမည်သူ ငဝိုင်းကြီး, ငထွတ်တို့နှင့် လူတဆယ်ကျော်တို့ကို အမှုထမ်းတို့ ဖမ်းဆီး ဝိုအင်လာသည်ကိုလည်း အမှုအတွင်းဖြစ်၍ အကျဉ်းလုံးအောင် ထားစေ၏။

ရေကြောင်းချီတက်လာသည့် တလိုင်းတို့လည်း ညဉ့်နှစ်ချက်တီးကျော် အချိန်ကသည် သုံးချက်တီးကျော်အချိန်တိုင်အောင် ချဉ်းကပ် တိုက်ခိုက်လာသည်ကို အရပ်ရပ်တပ်တော်များက ခုခံတိုက်ခိုက်ကြသည်တွင် သင်းတို့က ထိပါးရှုနများပြားသောကြောင့် အပြင်းဆုတ်ခွာ တွက်ပြေးလေသည်၊ ညဉ့်အချိန်ဖြစ်၍ တပ်တော်များက ဘိဘိစီးစီး မတိုက်ရချေ၊ ကျန်ရစ်သည့် သေနတ်လက်နက်, လှေတက်များကိုသာ သိမ်းယူပြီးလျှင် စွဲရပ်ရင်းတပ်တွင် စွဲရပ်စောင့်နေကြ၏။

ဝန်ကြီး မင်းကြီး မဟာမင်းလှရာဇာလည်း သန်လျင်ဝန်ဟောင်း ငစင်ငယ်, သားငဝိုငယ်, ငခွေးတို့ကို အခိုအမှီပြုပြီးလျှင် တလိုင်းလူမျိုးတို့ မငြိမ်မဝပ် ထကြွလှုပ်ရှား ဟံသာဝတီ ရန်ကုန်မြို့သို့ ချီတက်ဝန်းရံတိုက်ခိုက်လာသည်ဖြစ်၍ ထိုသတ္တရာဇ် နတ်တော်လဆန်း တဆဲ့နှစ်ရက်နေ့ အဆောင်တော်မြေ နေမျိုးမင်းလှရာဇကျော်ကို ရွှေဘဝါးတော်အောံက အမှုထမ်းလူတသောင်းတန်သည့်, တသောင့်းငါးထောင် တန်သည့် ချီတက်လာပါစေမည့် အကြောင်းနှင့် စေလွှတ်လျှောက်ထား ကြားသိတော်မူလျှင် ရွှေဘဝါးတော်အောက်က မြင်းခုံတိုင်မြို့စား ဘုန်းတော်ဖြစ်ဗိုလ် မဟာမင်းခေါင်သခိုယာတတပ်၊ မြောက်မာရဘင်ဗိုလ် မဟာသီဟမင်းကျော်တတပ်၊ ဗန္ဓကျိတိုက်ဝန် မဟာမင်းခေါင်ရဲထင် တတပ်၊ ဘုန်းတော်ဖြစ်ဗိုလ် နေမျိုး သီဟမင်းခေါင်ကျော် တတပ်၊ သူရဲတပ်မှူးရဲထင်ရန်အောင်တတပ်၊ စုစုတပ်ပေါင်းငါးတပ်၊အမှုထမ်းလူ သုံးထောင်နှင့် မဟာမင်းခေါင်သခိုယာတချုပ်။

မဟာမင်းလှကျော်ခေါင် တတပ်၊ မင်းခေါင်ရဲထင်ကျော် တတပ်၊ မင်းထင်သီဟရဲခေါင်တတပ်၊ မင်းထင်ရဲခေါင်တတပ်၊မင်းလှတန်ဆောင်တတပ်၊ တပ်ပေါင်းငါးတပ်၊ ရဲမက်အမှုထမ်းလူ နှစ်ထောင့်ခြောက်ရာနှင့် မဟာမင်းလှကျော်ခေါင်တချုပ်။

မဟာမင်းခေါင်ကျော်တတပ်၊ မဟာနန္ဒရာဇာတတပ်၊နေမျိုးရဲခေါင်ကျော်ထင် တတပ်၊ မင်းကျော်ရဲခေါင်တတပ်၊ ဥဒိန်ဂါမဏီ ကျော်ထင်

တတပ်၊ မင်းခေါင်ကျော်ထင် တတပ်၊ တပ်ပေါင်း ခြောက်တပ်၊ ရဲမက် အမှူထမ်း လူသုံးထောင်ကျော်နှင့် မဟာမင်းခေါင်ကျော်တချုပ်။

မဟာမင်းလှသူရိန် တတပ်၊ မင်းခေါင်ရဲကျော် တတပ်၊ မင်းကျော် အာကာ တတပ်၊ မဟာသူရတတပ်၊ မင်းထင်တန်ဆောင်တတပ်၊ နေမျိုးရဲခေါင်တတပ်၊ နေမျိုးသူရကျော်ခေါင် တတပ်၊ပေါင်းခုနစ်တပ်၊ရဲမက် အမှူထမ်း လူသုံးထောင့်ငါးရာကျော်နှင့် မဟာမင်းလှသူရိန်တချုပ်။

မဟာမင်းလှမင်းခေါင် တတပ်၊ အိန္ဒမင်းခေါင် တတပ်၊ မင်းခေါင်သူရိန်တတပ်၊ မင်းထင်မင်းခေါင်ကျော်တတပ်၊ နေမျိုးမင်းခေါင်ကျော်ထင် တတပ်၊ နေမျိုးသီဟမင်းခေါင် တတပ်၊ အဂ္ဂသေန ကျော်ခေါင် တတပ်၊ တပ်ပေါင်းခုနစ်တပ်၊ရဲမက်အမှူထမ်း လူသုံးထောင်ကျော်နှင့် မဟာမင်းသမင်းခေါင် တချုပ်၊ စုစုတပ်ပေါင်း သုံးဆယ်ကျော်များကို ဝန်ကြီးမင်းကြီးကျော်ထင်ကို ဗိုလ်မှူးခန့်ထားပြီးလျှင် ထိုသတ္တရာဇ် ပြာသိုလဆန်း သုံးရက်နေ့ကစ၍ တပ်စဉ်မပြတ် ဟံသာဝတီကြောင်း ချီထွက်ကြရ၏။

ဟံသာဝတီဝန်ကြီး မင်းကြီး မဟာမင်းလှ ရာဇာလည်း ဟံသာဝတီရန်ကုန်မြို့ ဝန်းကျင်ပတ်လည် ယိုယွင်းပျက်ပြားရှိသည့် သစ်တပ်နှင့် ပစ်စင် ရင်လျှောက်များကို ပြင်ဆင် လုပ်ဆောင်၍ တပ်ပြင် သမင်ချို မြင်းတား ဆူးငြောင့် ချထားစေပြီးလျှင် မြို့တွင်း မြို့ပြင် အိမ်ရာ မသန့်မရှင်းရှိသည်များကို သုတ်သင် သန့်ရှင်း သိမ်းဆည်းစေပြီးမှ မြို့အရှေ့တောင်မြစ်ဆိပ် ခရာတောတွင် အမြောက် တဆယ်ကျဲ့, မြို့တွင်းမှာလည်း အမြောက်လုံးရေ နှစ်များကို ဆေးကျည်စေ့အစုံနှင့် အသင့် ပြင်ဆင်ထားစေ၏။

ဂုင်းလပြည့်ကျော် တဆဲသုံးရက်နေ့ မုတ္တမမြို့ဝန် မင်းကြီးမဟာဥဇနာက ခန့်ထား ချီတက်လာစေသည့် အခွန်ဝန် နေမျိုးရဲထင် နော်ရထာနှင့် အမှူထမ်း လူတထောင် ဆိုက်ရောက်လာသည်ကို ရန်ကုန်မြို့ မြောက်မျက်နှာ အသုတ်ဘုရားကုန်းတွင် ချထားစွဲရပ်နေစေ၏။

ပဲခူးမြို့တွင်လည်း ဟံသာဝတီမြို့ စစ်ကဲနေမျိုးသီရိရဲခေါင်နှင့် မြို့သူကြီးရဲခေါင်သီဟတို့ကို ဟံသာဝတီမြို့နယ်တွင်း ကျေးရွာများက လူငါးရာ, သေနတ်နှစ်ရာ, စည်းကြပ် ပေးအပ် အုပ်ထိန်း စောင့်နေ စေပြီးလျှင် အရေးကိုထောက်၍ ပြည်အောက်တလျှံ့ မြို့ကျေးရွာများမှာ အစောင့်အနေ လက်နက် လူသူ အဘော်အသင့် စည်းကြပ် ခန့်ထားခဲ့သည့်ပြင်

အမှူထမ်း လက်နက်ကိုင် လူနှစ်ထောင်ကျော်တန်သည့်, သုံးထောင် တန်သည့် လာရောက်ရမည်-စေလွှတ် ခန့်ထား နှိုးဆော်စေ၍ တောင်ငူမြို့, ကျောက်မော်မြို့များကသည်း သင့်ရာအရာရှိတို့ကိုယ်နှင့် အမှူထမ်း လက်နက်ကိုင် လူခုနစ်ရာ စည်းကြပ်ပြီးလျှင် ရန်ကုန်မြို့ရောက် ချီတက်လာရမည် ခန့်ထား ဆင့်ဆို စေပြီးမှ ထိုသတ္တရာဇ် နတ်တော် လပြည့်ကျော် တရက်နေ့ ဟံသာဝတီဝန်ကြီး မင်းကြီးမဟာမင်းလွှာဇာက မှူးမတ်အရာရှိ ဗိုလ်ရဲမက်တို့ကို ပြောဆိုသည်မှာ- ယခုစေပ်ယော်သည် ရန်ကုန်မြို့ဆို အလျင်တကြိမ် လာရောက် တိုက်ခိုက် ဆုတ်သွားသည်၊ နောက် မလာမရောက် မချဉ်းမကပ်ဝံ့၊ သန်လျင်မြို့တွင် တပ်မြေကတုတ် အဖြိုးအခိုင် လုပ်ဆောင်၍ တိုးမုတ်,ဖျာပုံကျွန်းနေ သူပုန်တလိုင်း လူခြောက်ရာကျော် ခုနစ်ရာခန့်နှင့် စုရုံး စည်းကြပ် ရပ်ခံပြီးလျှင် ဒလမြို့ စီရင်စုကျေးရွာများမှာ ငံ, ငထွန်းမြ, ငထော်လေးတို့ကို တိုက်ခိုက် ဖျက်ဆီး သိမ်းယူစေသည်၊ ပဲခူးမြို့ စီရင်စု ကျေးရွာ များကိုလည်း ငစပ်အစ်ကိုယ်ငတိကြီး, ငမိဆံ, ငထိပ်ပြောင်တို့ကို စေလွှတ် ဖျက်ဆီး သိမ်းယူစေသည်၊ သံမြင်တုံ, ပန်းတနော်မှစ၍ ပင်လယ်နားတလျှောက် ကျေးရွာများကိုလည်း ကရင်ဗိုလ် ငဖြူနှင့် လူနှစ်ထောင်ကျော်သုံးထောင် စေလွှတ်တိုက်ခိုက် သိမ်းယူကြောင်းများကို ကြားသိရသည်၊ မည်သို့ တိုက်လှန်လုပ်ကြံရသော် သင့်မည် ညွှိနှိုင်းမေးမြန်းသည်တွင် တပ်ပါအရာရှိ ဗိုလ်ရဲမက်တို့က အရပ်ရပ်မြို့ကျေးရွာများကို တလိုင်းတို့က တိုက်ခိုက်သည်ဆိုသည်မှာ အပါအဝင် အသင်းအပင်းမျှသာ ဖြစ်ပါသည်၊ အရင်းမူလကိုထောက်လျှင် သန်လျင်မြို့သာ အခြေအမြစ်ဖြစ်၍ သန်လျင်မြို့ကို နှုပ်နှုပ်ခွဲခွဲ လုပ်ကြံ သိမ်းယူရလျှင် ကုံတွင် ပြီးပြေလွယ်မည့် အကြောင်းနှင့် အရေးစိုင်းပြင်းကြသည်ကို ဟံသာဝတီဝန်ကြီးလည်း တပ်ဗိုလ်အရာရှိတို့ ပြောဆိုသောအရေးကို သဘောကြိုက်ညီ၍ ချီက်တက် တိုက်ခိုက် စေရန် မုတ္တမမြို့ဝန် မင်းကြီးမဟာဥဇနာက စေလွှတ်လာရောက်သူ အခွန်ဝန် နေမျိုးရဲထင်နော်ရထာနှင့် ရဲမက်အမှူထမ်း လူတထောင်၊ ပဲခူးစစ်ကဲ ဇနမျိုးသီရိကျော်ခေါင်, ပဲခူးမြို့သူကြီး ရဲခေါင်သီဟတို့နှင့် ရဲမက်အမှူထမ်း လူငါးရာ၊ ယွန်းအုပ်ငရွှေစ, ပုဂံတောင်တိုက်သူကြီး ငမိုင်းတို့နှင့် ရဲမက် အမှူထမ်း လူတရာ, ကျောက်မော်မြို့သူကြီး ငသာရဲနှင့် ရဲမက်အမှူထမ်း လူနှစ်ရာ၊ စုစုရဲမက် လက်နက်ကိုင် အမှူထမ်း လူတထောင့်ရှစ်ရာကို မော်လုံမြို့ဆိပ်က ကူးပြီးလျှင် အရှေဘက်ကြောင်း သန်လျင်မြို့ကို ချီတက် လုပ်ကြံရမည်-ဆင့်ဆို

မှာထား၍ ထိုသတ္တရာဇ် နတ်တော် လပြည့်ကျော် သုံးရက်နေ့ ရန်ကုန်မြို့က ချီသွားစေ၏။

အောက် မြစ်စဉ်ကျေးရွာများက နောက်ထပ် လာရောက်သည့် သာယာဝတီဝန်နှင့် အမှုထမ်း လူနှစ်ထောင့်သုံးရာကျော်၊ လိုင်မြိုသူကြီး မဟာသိရိဇေယဗိုလ်နှင့် အမှုထမ်း လူတရာ့ ငါးဆယ် များကို ရန်ကုန်မြို့တွင် မြောက်မျက်နှာက ချထားစွဲရပ်စေ၏၊ ဒလမြို့သူကြီး မဟာဇေယသမန္တဗိုလ်နှင့် အမှုထမ်းလူနှစ်ရာကိုလည်း မြို့တွင်းတောင်မျက်နှာက ချထားစွဲရပ်စေ၏၊ ဗုဒ္ဓန်ထောင်တွင် စွဲရပ်သည့် ဘုန်းတော်ဖြစ်ဗိုလ် နေမျိုးမင်းခေါင်တပ်က ဟင်းသာတမြို့ ငသာနှင့် လူ တရာ့ ခုနစ်ဆယ်ကို နှတ်၍ မြို့ပြင် မြောက်မျက်နှာ အာဆုတ်ဘုရားတွင် ချထားစွဲရပ်စေ၏။

ယင်းသို့ ချီတက်လုပ်ကြံ ခန့်ထား စည်းကြပ် ရပ်နေစေသည့် အတွင်း သူပုန်တလိုင်းတို့က ထုံးမုဏ္ဍတူး လှေလောင်းနှစ်ဆယ်ကျော်, လူငါးရာကျော်တို့ကို ငံ, ငထွန်းမြတို့ အုပ်ကွပ်၍ရေကြောင်း၊ သူပုန်တလိုင်းလူငါးရာကျော်တို့ကို ငထော်လေး, ငရွှေလုံး,ငအောက်ကပါတို့ အုပ်ကွပ်၍ ကြည်းကြောင်း ချီတက် လာပြီးလျှင် တုရင်ကျိုက်တောတွင် ကင်းအစောင့်အနေ ထားသည့် သမိန်ထောရာမတပ်, ဒလငနိုး တပ်များကို တိုက်ခိုက်ရာ အင်အားမမျှသည်နှင့် နှစ်တပ်လုံး ပျက်ပြား၍ သမိန်ထောရာမ ကျဆွေ၏၊တလိုင်းတို့လည်း တုရင်ကျိုက်တောတပ်ပျက်လျှင် တံ့တေးမြို့သို့ဝင်၍ အခိုင်နေလေ၏။

ထိုအကြောင်းများကို ဟံသာဝတီဝန်ကြီး မင်းကြီးမဟာ မင်းလှရာဇာကြားသိလျှင် ရန်ကုန်မြို့က စွန်းလွန်းနတ်ရှင့် ရွှေးဗိုလ် နတ်ရှင့်ရဲကျော်နော်ရထာနှင့် အမှုထမ်း လူတရာ၊ စားတော်ဝန်မင်းလှမင်းခေါင်တပ်က အမှုထမ်းလူငါးဆယ်၊ ပြည်မြို့ဝန်တပ်က ငရွှန်းနှင့် အမှုထမ်းလူငါးဆယ်၊ ဒလမြို့သူကြီးသား ငသာနှင့် လူငါးဆယ်၊ ရေဝန်အုပ်စုတပ်မှူးငသာညို, ငရဲထင်တို့နှင့် လူနှစ်ရာ၊ စုစုအမှုထမ်း လူလေးရာ့ငါးဆယ်၊ ဟံသာဝတီရေဝန် နေမျိုး နော်ရထာကျော်စွာသို့စည်းကြပ်ပေးအပ်ပြီးလျှင် တံ့တေးမြို့တွင်ခိုမှီရှိနေသည့် တလိုင်းတို့ကိုတိုက်ခိုက်ဆီမံးယူရမည်ခန့်ထားချီတက်စေရာ ခပင်းမြို့သို့ရောက်လျှင် သူပုန်တလိုင်းတို့က လူနှစ်ထောင်ကျော်တွင် ငထွန်းမြ, ငရွှေမိတ်တို့ ချုပ်အုပ်၍ ဆီးကြိုတိုက်ခိုက် လာသည်ကို ဟံသာဝတီရေဝန် အုပ်ကွပ်ခုခံတိုက်ခိုက်ရာ အနည်းနှင့် အများဖြစ်သောကြောင့် ရဲမက်တော်တို့ မရပ်မခံနိုင် ဆုတ်ခွာခဲ့ရ၏။

တလိုင်းတို့လည်း နောက်ထပ်မံ လိုက်လာ၍ ဝိုင်တူရွာကို အပြင်းတိုက်ခိုက်သည်၊ ထိုအခါ သန်လျင်မြို့ကလည်း ငလွန်းထော်, ငကျော်, ငအို, ဗိုလ်ပျံခေါ် ငညိုတို့နှင့် မြောက်တပ်အမှူထမ်း လူတထောင်ကျော်၊ ထုံးမုဏ္ဍတူး လှေ လောင်းငါးဆယ်ကျော်များကို ငစပ်တူငမှ ချုပ်အုပ်၍ ရေကြောင်း ဝိုင်တူရွာကို တိုက်ခိုက်သည်တွင် စစ်နှစ်ဘက်ညွှတ်ဖြစ်၍ ထိုသတ္တရာဇ် နတ်တော်လပြည့်ကျော် ရှစ်ရက်နေ့ ဝိုင်တူရွာ ပျက်ပြန်ချေလျှင် ကမာအောင်ချောင်းဝ ဒလဘက်များတွင် အစောင့်အနေ ထားသည့် ရွှေကျင်မြို့ဝန်တပ်, ဒလငနိုးတို့တပ်လည်း မရပ်မနေနိုင်၍ ရန်ကုန်မြို့သို့ ကူးလာရချေသည်။

သူပုန်တလိုင်းတို့လည်း ဒလဘက်ဝိုင်တူရွာ ကမာကဆစ် အရပ်များတွင် တပ်မြေကတုတ် အခိုင်အလုံလုပ်ဆောင်နေပြီးလျှင် ရေကြောင်းလှေနှင့် ဆန်တက်၍ ကြည်းမြင့်တိုင်, ရွာသစ်, အိုးဘို,အာဝစ်ကျင်း, တပ်ကလေး, ကျေးစွန်ရွာလက်များကို အနှံ့အပြား တိုက်ခိုက် ဖျက်ဆီး မီးရှို့ပြီးလျှင် ဒလဘက်ဝိုင်တူရွာတွင် ဟသ်ာရပ်အလံစိုက်ပြ၍ အမြောက် စိန်များနှင့် ရန်ကုန်မြို့ကို နေ့ညဥ့်မပြတ် ပစ်လွှတ်ကြသည်တွင် မြို့အနောက်မျက်နှာ တပ်ကလေးတပြင် နေထိုင်သမျှ မိန်းမယောကျ်ားတို့ မငြိမ်မဝပ် သိမ်းရုံးမရ သိဂုံတွရကုန်း စားတော်ဝန် မင်းလှမင်းခေါင်တပ်သို့ ကူးပြောင်းခိုမှိ နေထိုင်ကြရလေ၏။

ယင်းသောအခါ မြို့တွင်းရှိ အရာရှိဗိုလ်ရဲမက်အမှူထမ်းတို့က တလိုင်းတို့ မြို့ကို အကြိမ်ကြိမ် လာရောက်ဝန်းရံတိုက်ခိုက် ကြသည်များကို မြို့ကထွက်၍ မတိုက်မဖျက် နေ့ရက်ရှည်ကြာလျှင် တလိုင်းတို့နေရာ အရပ်ဖြစ်သည်နှင့် ထပ်ဆင့်တိုးပွား အားကြီးရန် ရှိသည်ဖြစ်၍ မြို့ဝန်းကျင်ပတ်လည် စွဲရပ်ရှိနေသည့် တလိုင်းတို့ရုံတပ်ဆိုသမျှကို အကုန်အစင် တိုက်ဖျက်သိမ်းယူရသည်ဖြစ်မှ သင့်ပါမည့် အကြောင်းနှင့် ဟံသာဝတီ ဝန်ကြီးထံ ပြောဆိုကြရာ ဟံသာဝတီဝန်ကြီးက အရာရှိ ဗိုလ်ရဲမက်တို့ ပြောဆိုကြသော အရေးလည်း အရေးပင် ဖြစ်ပေသည်၊ သို့ရာတွင် မြို့ဝန်းကျင် ရုံနေသည့် တလိုင်းတို့ရုံတပ်ဆိုသမျှကို အလျင်ထွက်၍ တိုက်ခိုက်ချေသော် ငါတို့ဗိုလ်ရဲမက်တို့ကား အနည်း, တလိုင်းတို့မှာမူကား အများ ဖြစ်ချေသောကြောင့် အရေးရလျှင်ကောင်း၏၊ အရေးမရ၍ တစွန်းတစလိပ်လည်းရှိခဲ့လျှင်မြို့ကိုမျှ ထိန်းသိမ်းစည်းကြပ်ရန်အရေးခက်ခဲမှ်မည်၊ ယင်းသို့ဖြစ်၍ ရွှေဘဝါးတော်အောက်က တပ်ကူတပ်ထောက် မလာမရောက်မီ

အတွင်း မြို့ကိုသာ မြဲမြံ လုံခြုံအောင် စည်းကြပ် ထိန်းသိမ်း၍ သင်းတို့ ချဉ်းကပ် တိုက်ခိုက်ထာဘျင်လည်း ပြောင်းအမြောက် သေနတ်မီးပေါက် မပြတ် ပစ်ခတ်တိုက်ခိုက်ပြီးလျှင် စစ်အင်ညောင်း၍ ရသာယူသာရှိမှ တိုက်ဖျက်သိမ်းယူမည် ပြောဆိုသည့် စကားကို အရာရှိ ဗိုလ်ရဲမက်တို့ အကြိုက်ညီကြသည်နှင့် မြို့ကိုသာလုံခြုံအောင်စီးနင်းစောင့်နေကြရ၏။

ရန်ကင်းစံရာ လိုင်မြစ်ဝမျှားသို့လည်း တလိုင်းသူပုန်တို့ မဆန့်မတက် ရအောင် စစ်တောင်းမြို့ဝန် ရဲစက်ကျော်သူကို သရက်တပင် ကျွန်းဦးတွင် အင်္ဂပူမြို့သူကြီး သုံးခွပဲ့နင်းတို့နှင့်စည်းကြပ် အုပ်ကွပ်ရပ်ခံစေ၏။ လိုင်မြို့သူကြီး မဟာသိရိဇေယဗိုလ်ကိုလည်း လိုင်မြို့ ကျေးရွာများက ခန့်ထား စည်းကြပ်ရသမျှ လက်နက်လူသူများနှင့် ထန်းတပင် ကုက္ကို့ဝတွင် စွဲရပ် စောင့်နေစေ၏။

ထိုသတ္တရာဇ် နတ်တော်လပြည့်ကျော် တဆဲ့တရက်နေ့ သူပုန်တလိုင်း တို့က ငဇံ, ငထွန်းမြ, သုံးခွဦးစီးငဖူးတို့ကို ထုံးမုတ္တာတူး လှေလောင်းတရာ ကျော်, လူနှစ်ထောင်ကျော်,စည်းကြပ်ပေးအပ်ချုပ်အုပ်စေပြီးလျှင် သုံးခွ လမ်းကိုလျှောက်၍ သရက်တပင် ကျွန်းဦးတွင် စွဲရပ်ရှိသည့် အင်္ဂပူမြို့ သူကြီး သုံးခွပဲ့နင်းတို့တပ်ကို တိုက်ခိုက်ရာ သရက်တပင်ကျွန်းဦးတပ်ပျက် ၍ ဆုတ်ခွာရချေ၏၊သုံးခွပဲ့နင်းငရှေပုနှင့် သားမယားတို့ကိုလည်းတလိုင်း တို့က ရ၍ သန်လျင်မြို့သို့ ပို့လေ၏။

ဟံသာဝတီဝန်ကြီး မင်းကြီး မဟာမင်းလှရာဇာလည်း ထိုသတ္တရာဇ် ပြာဆိုလဆန်းသုံးရက်နေ့ ပုသိန်မြို့ စစ်ကဲရဲလှရဲခေါင်နှင့် ချီတက်စေ သည့်တပ်ကို သံမြင်တုံမြို့က ချီတက်စေသည့်တပ်နှင့် ပေါင်းစည်း၍ ရန် ကင်းစံရာ ရေနောက်ဝ သင့်ရာအရပ်များက စွဲရပ်ခဲ့ တိုက်ခိုက်ရမည် ဆင့်ဆိုမှာထား၏။

မုတ္တမမြို့အခွန်ဝန်တပ်, ပဲခူးမြို့ စစ်ကဲအရာရှိတို့တပ် ချီလေရာလည်း သန်လျင်မြို့နှင့် ခရိုးသေးတိုင်ကွာ အခမ္ဘန်ရွာသို့ရောက်လျှင် ငစပ်သား ငပိုနှင့် တပ်ပေါင်းတဆဲ့သုံးတပ်, လူတထောင့်သုံးရာကျော်တို့ တော အရပ်က ပုန်းအောင်းဆီးကြိုပြီးလျှင်နံနက်မိုးသောက်အချိန် ချက်တဖြုတ် နောက်ကဝင်၍ တိုက်ခိုက်ရာ တပ်ပါရဲမက်တို့ မငြိမ်မသက် ရှိသည်ကို မုတ္တမမြို့အခွန်ဝန် နေမျိုးရဲထင်နော်ရထာ အစည်းအရုံးမပျက်စေရ ချုပ် အုပ်ပြီးလျှင် ပဲခူးမြို့သို့ ဆုတ်ခွာရပ်ခံရချေ၏၊ ပဲခူးတပ်က ပဲခူးမြို့သူကြီး

ယောက်ဖဝို့,ဘောင်းလင်းမြို့သူကြီး ငရွှေလူတို့နှင့် ငအို,ငခွေးတို့လည်း ယင်းတွင်ပင်သေဆုံး၏။

ထိုအကြောင်းများကို ဟံသာဝတီဝန်ကြီး ကြားသိလျှင် ရွှေဘဝါးတော်အောက်က တပ်ကူတပ်ထောက်မရောက်မီ သန်လျင်ဒလတလိုင်းတို့က စစ်အားကြီး ရန်ကုန်မြို့သို့ချဉ်းကပ်တိုက်ခိုက်မည် အကြံအစည်ရှိသည်ဖြစ်၍ ရန်ကုန်မြို့တွင်လည်း တပ်စီးတပ်နင်း အခိုင်အလုံ စည်းကြပ်စောင့်နေရ၏။

မုတ္တမမြို့ဝန် မင်းကြီး မဟာဥဇနာမှာလည်း အုပ်ထိန်းစီရင်စု မုတ္တမမြို့မှစ၍ တောင်ငူပါ တောင်တပြင် မြို့ကျေးရွာများသို့ သူပုန်တလိုင်းတို့ မပေါက်မရောက်သာအောင် မြို့ရွာအင်အားအလျောက် ခန့်ထားစည်းကြပ် အုပ်ကွပ် ထိန်းသိမ်း စောင့်နေရမည် မှာထားဆင့်ဆိုပြီးလျှင် မြစ်စဉ်တလျောက် တပ်များသို့လည်း အမှုထမ်းရဲလှကျော်ထင်ကို စေလွှတ်နှိုးဆော်စေ၏၊ လိုင်မြို့သို့ ကြည်းကြောင်းချီတက်လာရောက်သည့် စစ်ကဲသီရိစန္ဒသူနှင့် သာယာဝတီမြို့ အမှုထမ်း လူ တရာ့ခုနစ်ဆယ်ကျော်ကိုလည်း လိုင်မြို့သူကြီးတပ်နှင့် ပေါင်းစည်းထမ်းရွက်ရမည် ဆင့်ဆိုခန့်ထားသွားစေ၏။

သန်လျင်စေပင်ယံလည်း မြန်မာဗိုလ်မှူးတပ်မှူးတို့က ခန့်ထားချီတက်စေသည့် မုတ္တမမြို့အခွန်ဝန်တပ်, ကျွန်းဦးတပ်များကို ငါတို့က အရကြို၍ တိုက်ပြီးမှ ရန်ကုန်မြို့ရင်းတိုင်အောင် တပ်တာအများ ခန့်ထားချီတက်ဝန်းရံလုပ်ကြံမည်၊ယင်းသို့ လုပ်ကြံသိမ်းယူရသည်ရှိသော် ရန်ကုန်မြို့တွင်းရှိ မြန်မာဗိုလ်မှူးတပ်မှူး ရဲမက်အပေါင်းတို့သည် ငှက်ဖြစ်၍ ကောင်းကင်ဆို ပျံသွားနိုင်မှ ငါတို့လက်ကလွတ်နိုင်မည်၊ သူပုန်တလိုင်းတို့ကို ပြောဆိုအားပေးပြီးလျှင် ပြာသိုလဆန်းခုနစ်ရက်နေ့ ငပိန့်တဆဲ့ခြောက်တပ်, လူတထောင့်ခြောက်ရာကို ရေကြောင်းချုပ်အုပ်ချီတက်စေပြီးလျှင် ဗုဒ္ဓန်ထောင်တွင် ချရပ်သည့် ဘုန်းတော်ဖြစ်ဗိုလ် နေမျိုးမင်းခေါင်တပ်ကို ဝန်းရံ တိုက်ခိုက်သည်၊ တပ်ပေါင်း တဆဲ့ငါးတပ်, လူ တထောင့် ငါးရာကိုလည်း ငမှ ချုပ်အုပ် ချီတက်၍ ဗိုလ်တထောင် မွန်နန်း ဘုရားများတွင် စွဲရပ်သည့် ပန်းတောင်း ကြီခင်းတပ်ကို ရေကြောင်း ဝန်းရံ တိုက်ခိုက်သည်။

ဘုန်းတော်ဖြစ်ဗိုလ်လည်း အမှုထမ်း ရဲမက်တို့ကို အုပ်ကွပ် ဆင့်ဆို၍ တပ်ရင်းသို့ ချဉ်းကပ်လာသမျှ တလိုင်းသူပုန်တို့ကို ခုခံတိုက်ခိုက်သည်တွင်

တလိုင်း အကြီးအမှူး ယွန်းငစန္ဒ, ငကျော်တို့နှင့် တလိုင်းအများ ထိပါး သေဆုံးသောကြောင့် တပ်ရင်းသို့ မချဉ်းမကပ်ဝံ့၊ အဝေးကခွာ၍ တပ်မြေကတုတ် လုပ်ဆောင် ဝန်းရံ နေကြ၏၊ ဘုန်းတော်ဖြစ် စစ်ကဲ ရဲလှ ရန်အောင်လည်း တပ်ကထွက်၍ တိုက်ခိုက်ရာ တလိုင်းတို့ လက်နက် သင့်၍ သေဆုံးချေ၏၊ ဗုဒ္ဓန်ထောင်ရွာအုပ် သီရိရဲလှကျော်ထင်လည်း ရွာနေလူ ငါးဆယ်ကျော်နှင့် သိဂုံထွရကုန်း စားတော်ဝန်တပ်သို့ ပေါင်း စည်းရပ်ခံရချေ၏၊ ဗိုလ်တထောင်တွင် စွဲရပ်သည့် ပဲ့နင်းသောဘေးလည်း တပ်ပါ စစ်ကဲ ငရွှေရွက်ကို တလိုင်းတို့ လက်နက် ထိခိုက် သေးဆုံးရာ ညဉ့်အချိန်တပ်ကဆုတ်ခွာထွက်သွား၍ ရွှေဒဂုံဘုရားမြောက် တောအုံခိုမှီ နေလေ၏။

တလိုင်းတို့လည်း ဗုဒ္ဓန်ထောင်တပ်, ဗိုလ်တထောင်တပ်ပျက်ပြားဆုတ် ခွာသွားသည်ကိုသိလျှင် မရပ်မဆိုင်းမြို့ရင်းသို့ ချီတက်ချဉ်းကပ်၍ ရန်ကုန် မြို့ဘောင်မျက်နှာ ယောတံခါး သိမ်ဖြူ ဆိပ်ကသည့် မြို့အရှေ့မျက်နှာ ရေကျော်ချောင်း ငှက်ပျောတံတားထိ ငမုန့်လူတထောင့်ငါးရာ၊ ဗုဒ္ဓန် ထောင်ကသည့် မြောက်ကိုပတ်၍သိမ်ဖြူထိငစပ်သားငပိုနှင့် လူတထောင့် မြောက်ရာကျော် တပ်မြေကတုတ် လုပ်ဆောင်ဝန်းရံစွဲရပ်ကြ၏၊သန်လျှင် မြို့က နောက်ဆပ်မံရောက်သည့် တပ်ပေါင်းဆယ်တပ်တွင် လူတထောင် ကျော်မှာ သဒိန်နွတ်ဓမ္မရာဇာခံ ငတိကြီး ချုပ်အုပ်၍ မြို့ မြောက်မျက် နှာ သရက်တော ရေကန်ကသည် ဥက္ကလာပကျုံးတရပ်ချောင်းထိဝန်းရံ စွဲရပ်ကြ၏၊ ဒလမြို့က ထပ်မံရောက်သည့် တပ်ပေါင်း တဆဲ့မြောက်တပ် လူတထောင့်မြောက်ရာကျော်မှာ သမိန်စက္ကဝေါခံ ငထွန်းမြချုပ်အုပ်၍ မြို့အနောက်မျက်နှာမြစ်ဆိပ် ရန်ပုံခွင်းတံတားကသည် မြောက်ကိုပတ်၍ တပ်ကလေးသိမ်ကြီးဘယင်ကျိကျောင်း အသုတ်ဘုရားထိ တပ်မြေကတုတ် တည်လုပ်ဝန်းရံလေ၍ သမိန်လက္ခန်းအိမ်ခံ ငင်နှင့် လွှတရာကျော်, လူ ခြောက်ရာကျော်တို့လည်း ကမာကဆစ်ရွာက စွဲရပ်လာ၏။

ရေကြောင်းကလည်း ငကုလားကြီး, ငညို, ငဝိုင်းတို့နှင့် လူတရာ့ငါး ဆယ်ကျော် ရေကြောင်းလိုင်မြစ်ဝ,ထန်းတပင်ကတို့ဝသို့ ဆန်တက်တိုက် ခိုက်လာသည်တွင် လိုင်မြို့သူကြီး မဟာသီရိဇေယဗိုလ်လည်း ရဲမက်အမှူ ထမ်းတို့ကို အပြင်းအုပ်ကွပ်၍ ပြောင်းသေနတ် ဖျော်ဖျော်ပစ်ခတ်လျက် မနည်းကြာခုခံတိုက်ခိုက်ကြရာ တလိုင်းအများသေလေသည်၊ ရဲမက်တော် တို့လည်း ပြောင်းသေနတ်အထိအခိုက် အနာအကျင်များချေသည်၊ နော်

တလိုင်းတို့တပ် အင်အား ကြီးလှသည်နှင့် လိုင်မြို့သူကြီးတပ် မရပ်မခံနိုင် မင်းလှပေါက်ထို့ ဆုတ်ခွာ ရပ်ခံရချေ၏၊ တလိုင်းတို့လည်း လိုင်မြစ်ဝ, ထန်းတပင် ကုက္ကို၀တပ်များကိုရလျှင် ဘောလယ်ရွာသို့တက်၍ အိမ်ရာများကို မီးထင်းတိုက်ရှို့ကြ၏။

ယင်းသို့ တလိုင်းတို့က ရန်ကုန်မြို့ ဝန်းကျင်ပတ်လည် မြေရေညွှတ်မှုကြည်းအားရေအား ချီတက် ဝန်းရံ ပိတ်ဆို့ လုပ်ကြံကြသည်ကို ရန်ကုန်ဝန်ကြီးလည်း ရန်ကုန်မြို့တွင် တောင်မျက်နှာယောတံခါးကသည် အရှေ့တောင်ထောင့် ပြကြီးထိ နတ်စုလက်ယာတပ်မှူး နတ်ခေါင်ရဲသူနှင့် အမှူထမ်း လူတရာ, ကြီခင်းမြို့အမှူထမ်းလူတရာ, နှစ်စုလူနှစ်ရာ ဆေးကျည်စုံအမြောက်နှစ်, အမြောတ်ပစ်လူငါးများကို ပန်းတောင်းကြီခင်း နှစ်မြို့ဝန် မဟာမင်းကျော်နော်ရထာ, ဟံသာဝတီမြို့စစ်ကဲနေမျိုးဇေယကျော်ခေါင်တို့ ချုပ်အုပ်စီးနင်းစောင့်နေစေ၏။

အရှေ့တောင်ထောင့် ပြကြီးကသည် အရှေ့မျက်နှာ မင်္ဂလာတံခါးကို လျှောက်၍ အရှေ့မြောက်ထောင့် ပြကြီးထိ ပြည်မြို့အမှူထမ်း လူမြောက်ရာ့ ငါးဆယ်, ဆေးကျည်စုံအမြောက်နှစ်, အမြောတ်ပစ် လူငါးများကို ဝန်ထောက်နေမျိုးမင်းကျော်,ပြည်မြို့ဝန် မဟာမင်းလှစည်သူတို့ ချုပ်အုပ်စီးနင်းစောင့်နေစေ၏။

အရှေ့မြောက်ထောင့်ပြကြီးကသည် မြို့မြောက်မျက်နှာ စလင်းကုန်းတံခါးထိ တရာ့ငါးဆယ်တပ်မှူး လက်ယာဝဏ္ဏသူနှင့် အမှူထမ်း လူရှစ်ဆယ်, အမှူထမ်း ရွှေတောင်ဇေယကျော်, ငရွှေငြိမ်းတို့နှင့် အမှူထမ်း လူတရာ, နှစ်စု လူတရာ့ရှစ်ဆယ်။

စလင်းကုန်းတံခါးကသည် မင်းရွာတံခါးထိ ကြည်းမြင့်တိုင် တောင်လုံး ပဲ့နင်းငမြတ်ညိုနှင့် အမှူထမ်း လူနှစ်ဆယ်, စစ်တောင်းမြို့ဝန် ရဲစက်ကျော်သူနှင့် အမှူထမ်း လူသုံးဆယ်, စွန်းလွန်းနတ်ရှင့်ရွှေး အမှူထမ်း လူတရာ, သုံးစုအမှူထမ်း လူတရာ့ငါးဆယ်။

မင်းရွာတံခါးကသည် ဆူးလေမလွယ်တံခါးထိ သာယာဝတီမြို့ဝန် နေမျိုးလက်ယာကျော်ထင်နှင့် သာယာဝတီမြို့အမှူထမ်းလူနှစ်ရာ့သုံးဆယ်ကျော်, တပ်မှူးငခွေးနှင့်ရန်ကုန်မြို့ အုတ်တံတားအရပ်သား လူတရာ, ရွှေကျင်မြို့ဝန်နှင့် အမှူထမ်း လူငါးဆယ်, သုံးစုအမှူထမ်း လူသုံးရာ့ရှစ်ဆယ်ကျော်။

ဆူးလေမလွယ်ကသည် အနောက်မြောက်ထောင့် ပြကြီးထိ သံမြင်တုံမြို့ အမှုထမ်းလူတရာ, ဆေးကျည်စုံ အမြောက်လေး, အမြောက်ပစ် လူတဆယ်တို့ကိုရထင်ကျော်ခေါင်, ရွှေကျင်မြို့ဝန် နေမျိုးရဲခေါင်ကျော်ထင်, သံမြင်တုံမြို့စာရေး ရွှေတောင် ရဲလှနော်ရထာတို့ကို ချုပ်အုပ် စီးနင်းစောင့်နေစေ၏။

အနောက်မြောက်ထောင့်ပြကြီးကသည်မြို့အနောက်မျက်နှာညောင်ပင်တံခါးကိုလျှောက်၍ အနောက်တောင်ထောင့်ပြကြီးထိ ပုသိန်မြို့စာရေး ရွှေတောင်ကျော်စွာ,အခွန်ဝန်ကျော်ထင်ဗလတို့နှင့် ပုသိန်မြို့အမှုထမ်း လူလေးရာ့ငါးဆယ်, ဆေးကျည်စုံအမြောက်နှစ်, အမြောက်ပစ် လူငါးကို ဟံသာဝတီမြို့နာခံ နေမျိုးဇေယသူ ချုပ်အုပ်စီးနင်းစောင့်နေစေ၏။

အနောက်တောင်ထောင့်ပြကြီးကသည် မြို့တောင်မျက်နှာပြွန်ပေါက်မလွယ်ထိ, ရွှေပြည့်မှန်ကင်းတပ်မှူး နန္ဒကျော်ထင်နှင့် လူရှစ်ဆယ်ကို ဟံသာဝတီမြို့စာရေး ရွှေတောင်နန္ဒမိတ်စည်သူ ချုပ်အုပ်စီးနင်း စောင့်နေစေ၏။

ပြွန်ပေါက်မလွယ်ကဘည် ဖောင်တော်တံခါးထိ၊ ဒလမြို့သူကြီးနှင့် အမှုထမ်း လူနှစ်ရာ, ရေဝန်အုပ်စု အမှုထမ်းငချင်း, ငစံတုတ်တို့နှင့်အမှုထမ်း လူနှစ်ရာ, နှစ်စုအမှုထမ်းလူလေးရာ၊ ဆေးကျည်စုံ အမြောက်နှစ်, အမြောက်ပစ်လူငါးတို့ကို ရေဝန် နေမျိုးနော်ရထာကျော်စွာချုပ်အုပ်စီးနင်းစောင့်နေစေ၏။

မြောက်မာရဘင်တပ်မှူး လက်ဝဲသိန်ရဲကျော်နှင့် အမှုထမ်း လူငါးဆယ်၊ ဂါတ်သား,တိုက်သားလူငါးဆယ်၊ နှစ်စုလူတရာကို ဟံသာဝတီမြို့ နာခံ နေမျိုးသူရရဲခေါင်, ရတနာပုံတိုက်စိုး ဇေယနော်ရထာ, ရွှေတောင်နော်ရထာကျော်ခေါင်တို့ ချုပ်အုပ်စီးနင်း စောင့်နေစေ၏။

ဖောင်တော်တံခါးကသည် ကင်းတံခါးထိ အမှုထမ်း နရာကျော်သူနှင့် အရပ်သားလူတရာ, ငစိုနှင့်လူတရာ, ရေဝန်အုပ်စု ဥယျိနှင့် လူငါးဆယ်၊ သုံးစု လူနှစ်ရာ့ငါးဆယ်, ဆေးကျည်စုံအမြောက်နှစ်, အမြောက်ပစ်လူငါးတို့ကို ယေးမြို့ဝန် နေမျိုးမင်းကျော်ချုပ်အုပ်စီးနင်း စောင့်နေစေ၏။

ကင်းတံခါးကသည် ယောတံခါးထိ မြေထဲဝန်ကြီးအမှုထမ်းဟောင်း အာကာကျော်ထင်နှင့် အရပ်သားလူတရာ, လိုင်မြို့ဝန် ရွှေတောင်ကျော်စွာထင်နှင့် အရပ်သား လူတရာ၊ နှစ်စု လူနှစ်ရာ၊ ဆေးကျည်စုံအမြောက်

နှစ်, အမြောက်ပစ်လူငါးတို့ကို အခွန်ဝန် နေမျိုးသီရိစည်သူ ချုပ်အုပ်စီးနင်း စောင့်နေစေ၏။

မြောက်ဒဝယ်တပ်မှူး ရဲလှသူရိန်ရွှေတောင်နှင့် အမှုထမ်း လူတရာ၊ တောင်ဒဝယ်တပ်မှူး ရွှေတောင်ရန်ခွင်းရဲထင်နှင့် အမှုထမ်းလူတရာ၊ နှစ်စုအမှုထမ်း လူနှစ်ရာတို့မှာ ဟံသာဝတီဝန်ကြီးကိုယ် ချုပ်အုပ်၍ မြို့အရှေ့မြောက်ထောင့်က စည်းကြပ်ရပ်နေပြီးလျှင် တလိုင်းတို့စစ်အားကြီးရာ မြို့သစ်တပ်ကို လှည့်ပတ်ကြည့်ရှုစီရင်၏၊ နတ်စုလက်ဝဲတပ်မှူး တုရင်ရန်အောင်နှင့် အမှုထမ်း လူခြောက်ဆယ်ကို အသုတ်ဘုရားတွင် စွဲရပ်ရင်းဟင်းသာတငသောတပ်သို့ ထပ်ဖြည့်စောင့်နေစေ၏။ ။မြို့တွင်းတလိုင်းမြန်မာရောထွေးလျက်ရှိသည်ကိုလည်း စစ်ဆေးမေးမြန်း၍ သီးသန့်ခြားနားငြိမ်ဝပ်အောင် ချုပ်အုပ်ထိန်းသိမ်းရ၏။

အဝေးရောက်စာရေး ဇေယျကျော်ထင်နော်ရထာ, အမှာရေး ရွှေတောင်ရာဇသီရိ, မြို့စာရေး ရာဇရွှေတောင်တို့ကို အမှုထမ်းလူငါးဆယ်ပေးအပ်၍ မြို့ရုံးကစောင့်နေစေပြီးလျှင် မြို့စီးပြစီးမီးမှုထင်းမှုမှစ၍လမ်းမလမ်းသေး အရပ်အကွက်များမှာ လှည့်ပတ်ကြည့်ရှုဆင့်ဆိုစီရင်စေ၏။

ရတနာပုံတိုက်စိုး သီဟနော်ရထာ, အမှုထမ်း သီရိကျော်ထင်နော်ရထာတို့မှာ ကံကျွေးလူခြောက်ဆယ်ပေးအပ်၍ အမြောက် စိန် သေနတ် ခဲယမ်းများကို တဝတန်းနှင့် လုံလောက်အောင် ထောင်းဖော် ချက်လုပ်စေ၏။

အမှုထမ်း နရာဇေယနှင့် ပန်းဝဲလက်သမား လူနှစ်ဆယ်ကျော်တို့မှာလည်း အမြောက်ခုံ,စိန်ခုံ, ဟောင်းနွမ်း ပျက်ပြားသည်များကို ပြင်ဆင်လုပ်ဆောင်စေ၏။ ထိုအခါ ဟံသာဝတီရန်ကုန်မြို့အလုံးသည် ကောသရရာဇာခြံသော့်စောင့်သော ရွှေဂူဝကဲ့သို့ ဖြစ်သောဟူ၏။

ယင်းသို့ ရန်ကုန်မြို့တွင် ဝန်းကျင်ပတ်လည် ရဲမက်လက်နက်ကိုင်အမှုထမ်းတပ်ဗိုလ်အရာရှိ ခန့်ထား စည်းကြပ် ချုပ်အုပ်စီးနင်း စောင့်နေစေသည့်အတွင်း သူပုန်တလိုင်းတို့ ရံတပ်ကလည်း မြို့ဝန်းကျင် ပတ်လည် စိုက်ထားရှိသည့် ခွေးခြေအကာပျဉ်းပြား, သမင်ချို, မြင်းတား, ငြောင့်ခလုတ်များကို နတ်ယူဖျက်ဆီး၍ ခား တူးရွင်း ပုဆိန် လွှကား စသည်ဖြင့် သောင်းသောင်းကြွေ်ငြာလျက် မြို့ကိုတက်မည် နေ့ညမပြတ် မြို့ရင်းသို့ ချဉ်းကပ်လုပ်ကြံကြ၏။

ရန်ကုန်ဝန်ကြီးလည်း မြို့တွင်းရှိ ဗိုလ်ရဲမက်တို့ကိုညှဉ်းဆဲနှိပ်စက်လျှင် မီးရှူးမီးမောင်းတို့ဖြင့် မြေမြှုပ်ခြင်းအောင် စောင့်နေ ထမ်းရွက်စေ၍ ခေးစွဲအမှုထမ်းတို့ကို နေ့ညဉ့်မဟူ လှည့်ပတ်ကြည့်ရှု နှိုးဆော်စေ၏။ ဗိုလ်ရဲမက်အပေါင်းတို့လည်း တလိုင်းတို့ရံတပ်က မြို့ရင်းသို့ ချဉ်းကပ်တိုက်ခိုက်လာသမျှတို့ကို မြို့ထိပ်ကနေ၍ ပြောင်းအမြောက်ဆေနတ်တို့ဖြင့် သေလောက်တန်မှ ပစ်လွှတ်ကြသည်တွင် သေလေသည့် တလိုင်းသူပုန်တို့ကား ဦးတင်ထည်ထပ်ရှိသောဟူ၏။

ယင်းသို့ မြို့ပြင်တလိုင်း, မြို့ထွင်းမြန်မာ, ကြည်းလမ်းရေလမ်း ဝိတ်မျှအရေးခဲယဉ်းစွာ စစ်ကြပ်တွေ့ကြိမ်ကြသောအခါ ရန်ကုန်မြို့တွင်းနေလူတို့နှင့် ဗိုလ်ရဲမက်အပေါင်းတို့ထည်း ဟင်းခူး, ထင်းခွေ, ရေခပ်မျှမထွက်မသွားသာ၊ အစားအစာ နည်းပါး ကျဉ်းမြောင်းစွာ ဖြစ်ချေသည်နှင့် ကုလားတို့တွင်ရှိသည့် သင်းဘောပြုတ်ဆန်ငါးထောင်ကျော်ကို ငွေတော်နှင့်ဝယ်၍ အမှုထမ်းရဲမက်တို့ဝေငှစားသောက်ကြရ၏။

ထိုအခါ ရန်ကုန်ဝန်ကြီးလည်း ဗိုလ်ပါအမှုထမ်းရဲမက်တို့ကို ခေါ်၍ ဘိုင်ပင်ပြောဆိုသည်ကား-ယခုတလိုင်းတို့ မြို့ကိုအကြိမ်ကြိမ် ဝန်းရံတိုက်ခိုက်ရာ ငါတို့က အမြောက် စိန် သေနတ်တို့ဖြင့် ခုခံ ပစ်ခတ်တိုက်ခိုက်သည်တွင် သင်းတို့က တလိုင်းအများ ထိပါးသေဆုံးသော်လည်း အရံကိုမဖြုတ် ကတုတ်ကိုသာ အားကိုး၍ မဆုတ်မနစ် တံ့စားရပ်ခံ ရံနေမြဲရံနေကြသည်မှာ နေ့ရက်ရှည်ကြာလျှင် ဗိုလ်ပါရဲမက်နှင့်တကွ မြို့နေ လူအပေါင်းတို့ အစားအစာ ရိက္ခာနည်းပါး ခဲခက်ရန်အကြောင်းရှိသည်၊ ယင်းသို့ဖြစ်၍ ရွှေဘဝါးတော်အောက်က တပ်ကူတပ်ထောက်မရောက်မီ ငါတို့က ရွှေးရအမှုထမ်း စည်းကြပ်ပြီးလျှင် တလိုင်းတို့ ရံတပ်ဆိုသမျှကို အကုန်အစင် နှင်းချင်းတိုက်ဖျက်၍ အရေးရလျှင်အရေးယူမည်၊ မရလျှင်လည်း မြို့တွင်းသို့ ဆုတ်ခွာရပ်နေမြဲ ရပ်နေမည် ပြောဆိုသော အရေးကိုအရာရှိဗိုလ်ရဲမက်အပေါင်းတို့ ကြိုက်ညီကြသည်နှင့် တလိုင်းတို့ ကတုတ်တွင်းသို့ အပြင်းဝင်၍ နှင်းချင်းထိုးခုတ် တိုက်ခိုက်မည့်သူ ရန်ကုန်မြို့တွင်းရှိ တပ်ပါဗိုလ် အရာရှိတို့အုပ်စု ရဲမက်အမှုထမ်းတို့တွင် တဆဲ့နှစ်တပ်ကရွှေးရ ရဲရောင်မြန်မာသူ အမှုထမ်း လူနှစ်ရာ့ငါးဆယ်တို့ကို တကိုယ်လျှင် ကျပ်သုံးဒင်္ဂါးပြားရေငါး, လည်ဆွဲ ရဲပုဝါတထည်စီ, လှံမေားကိုယ်စေ့ပေးအပ်၍ မြို့အရှေ့တောင်တွင် စွဲရပ်သည့် သန်လျင်သား သူပုန်တလိုင်းတို့ရံတပ်သို့ မြို့အရှေ့တောင်ထောင့်ပြကြီးထိပ်က ပြောင်းအမြောက် သေနတ်

အချက်များစွာ ထပ်မနား ပစ်လွှတ်ပြီးလျှင် ရဲအမှူထမ်း လူနှစ်ရာ့ငါး ဆယ်ကျော်တို့ကို ထိုသတ္တရာဇ်ပြာသိုထဆန်း တဆဲ့နှစ်ရက်နေ့ မြို့တောင် မျက်နှာ မှန်စိမလွယ်ကထွက်၍ တိုက်ခိုက်လာရာ သူပုန်တလိုင်း တရာ့ငါးဆယ်ကျော် နှစ်ရာခန့်သေလေသည်တွင် သူပုန်တလိုင်းတို့တပ်ပေါင်း တဆယ်ကျော် မခံနိုင် ဆုတ်ခွာ ထွက်ပြေးလေ၏။

ရဲအမှူထမ်းတို့လည်း နောက်ထပ်မံလိုက်လံထိုးခုတ် တိုက်ခိုက်ကြသဖြင့် စစ်ဦးလွန်မည်ကိုစိုး၍ထိမ်းခေါ်ရ၏၊ တပ်ဗိုလ်ချုပ်ပြုလုပ်သူငမုမှာလွှဲသို့ ဆင်း၍ အပြင်းဆုတ်ခွာပြေးလေသောကြောင့် လွတ်လေသည်၊ ငမုတပ်ပျက်ကြောင်းကို ကြားသိလျှင် ဗုဒ္ဓန်ထောင် သိမ်ဖြူတွင် စွဲရပ်သည့် ငပို နှင့် တပ်ပေါင်း တဆယ်ကျော်တို့လည်း မရပ်မနေဝံ့ အပြင်းဆုတ်ခွာ ထွက်ပြေးကြလေသည်၊ ရဲအမှူထမ်းတို့လည်း တလိုင်းတို့တပ်က ရသည့် သေနတ်များနှင့် တလိုင်းခေါင်း သုံးဆယ်တို့ကို ရန်ကုန်ဝန်ကြီးသို့ပြသ လျှောက်ထားရာ ရန်ကုန်ဝန်ကြီးလည်း အားရသည်နှင့် အောင်ပွဲရဆု အစေ့အင ပေးဝေပြီးလျှင် ဗုဒ္ဓန်ထောင်တွင် စွဲရပ်စေသည့် ဘုန်တော် ဖြစ်တပ်ကို ဗုဒ္ဓန်ထောင်က နုတ်၍ မြို့တွင်းသို့သွင်း၏။

တလိုင်းတို့လည်း ဗုဒ္ဓန်ထောင်တပ် နုတ်သိမ်းကြောင်းကိုသိလျှင် ဗိုလ် တထောင်, ဗုဒ္ဓန်ထောင်,သိမ်ဖြူတပ်များသို့ဝင်၍ရုံနေမြဲရုံနေကြပြန်သည်။

ရန်ကုန်ဝန်ကြီးလည်း နောက်ထပ်မံလာရောက်သည့် ဝဲခူးမြို့ကနေမျိုး ရဲလှကျော်သူနှင့် လူတရာ၊ အခရိန် ငပန်းပုံနှင့် လူတရာ၊ ဘောင်းနင်း ငသာဘေးနှင့် လူတရာ့နှစ်ဆယ်၊ မအူမြို့ ငဝင်းနှင့် လူသုံးဆယ်၊ ဆင်မူး ငရဲနှင့် လူနှစ်ဆယ်၊ ဇိုင်းဂနိုင်းငမြတ်ဦးနှင့် လူရှစ်ဆယ်၊ ဘောနီငဆိုးပုံ နှင့် လူတရာ့ငါးဆယ်၊စုစုအမှူထမ်းလူငါးရာတို့ကို ရွှေဒဂုံဘုရားသိဂုံတွာရ ကုန်း စားတော်ဝန်တပ်သို့ ထပ်ဖြည့်စွဲရပ်စေ၏။

တလိုင်းတို့လည်း မြို့အရှေ့ ဗိုလ်တထောင် ဘုရား, ရေကျော်, ငှက် ပျောတံတား, မြို့အနောက်မျက်နှာ သိမ်ကြီး ကျိုက်မဲသံကြိုဘုရား, ဒလ ဘက်များက အမြောက်ကြီးများနှင့်ရန်ကုန်မြို့တွင်းသို့နေ့ညမပြတ် ပစ်ခတ် ကြ၏။

ရဲအမှူထမ်းတို့ကလည်း တလိုင်းတို့ လုပ်ရည် ကြံရည်ကို ကျွန်တော် တို့သိရပြီ၊ ကျွန်တော်တို့ လုပ်ရည်ကြံရည် ကိုလည်း သင်းတို့က သိလေ ပြီ ဖြစ်သည်၊ သို့ဖြစ်၍ အရှည်အကြာ မနေစေသင့် မြို့အနောက်မျက်နှာ က ဝန်းရံသည့် တလိုင်းတို့ရုံတပ်ကို စီးနင်းတိုက်ခိုက်ပါမည့်အကြောင်းနှင့်

ရန်ကုန်ဝန်ကြီးထံလျှောက်ထားရာ ယခု လျှောက်ထားကြသော အရေး သည် သင့်သောအရေးပင်ဖြစ်သည်၊ သို့ရာတွင် အလျင် ထွက်သက်သို့ ငါတို့က မြို့အနောက် မျက်နှာ ရံတပ်သို့ တဝတည်းထွက်၍ တိုက်ချေ လျှင် မြို့အရှေ့မျက်နှာ သိမ်ဖြူတွင်စွဲရပ်သည့် သန်လျင်သား တလိုင်းတို့ မကူပဲနေဘိမည် မဟုတ် နောက်ထပ်မကွာ ပါလာချိမ့်မည်၊ ယင်းသို့ အကူအထောက်ရောက်ချေက ငါတို့ အမှုထမ်းရဲမက်တို့ စစ်နှစ်ဖက်ညှပ် ရှိရာချေသည်၊ သို့ဖြစ်၍ တလိုင်းတို့ သိမ်ဖြူတပ်က အကူ အထောက် မရောက်သာအောင် ဆံတော်ကြိုလမ်း သစ်ဆိမ့်ကုန်းများတွင် ငါတို့က သင်းတို့တပ်ကို စွဲရပ်ခုခံစေပြီးမှ မြို့ကထွက်၍ အနောက်မျက်နှာ ရံတပ် ကို တိုက်ဖျက်စေမည်၊ ရဲအမှုထမ်းတို့ မြို့က ထွက်မိလျှင် စားတော်ဝန် တပ်ကလည်း ပန်းဝတန်းလမ်းကို လျှောက်၍ နောက်က တိုက်စေမည်၊ သည်ကဲ့သို့ စစ်နှစ်ကြောင်း စီစဉ်စည်းကြပ်တိုက်လန်လုပ်ကြီရလျှင် သင်း တို့တပ်ခံရပ်နိုင်မည်မဟုတ်၊ အလျင် ပျက်ပြားဆုတ်ခွာရလိမ့်မည် ပြော ဆိုပြီးလျှင် တပ်မှူး နတ်ရှင့်ရဲကျော် နော်ရထာနှင့် နတ်ရှင့်ရွှေးအမှုထမ်း လူခုနစ်ဆွဲခြောက်၊ တပ်မှူး တုရင်ရန်အောင်နှင့် နတ်စုလက်ဝဲအမှုထမ်း လူခြောက်ဆွဲငါး၊ ပြည်မြို့တပ်မှူး ငရန်ကင်း, ငရန်တို့နှင့် အမှုထမ်းလူ တရာ၊ ကြီခင်းမြို့တပ်မှူး ငရောက်ကြီး, ငမှတ်တို့နှင့် အမှုထမ်း လူတရာ၊ ဟင်းသာတမြို့က အမှုထမ်းလူတရာ၊ စုစုအမှုထမ်း လူလေးရာ့လေးဆယ် ကို ဆံတော်ကြိုလမ်း သစ်ဆိမ့်ကုန်းတွင် စွဲရပ်စေ၍ စားတော်ဝန်တပ်က လူနှစ်ရာ့ငါးဆယ်, ဝဲခူးမြို့တပ်က လူငါးရာ, နှစ်စု လူခုနစ်ရာကျော်ကို ပန်းဝတန်းလမ်းကို လျှောက်ပြီးလျှင် နောက်ကပတ်၍ တိုက်ရမည် ဆင့် ဆိုပြီးမှ ရဲအမှုထမ်း နောက်တိုးပါလူလေးရာ, ဘုန်းတော်ဖြစ် သေနတ် အမှုထမ်း လူနှစ်ရာတို့ကို ထိုသတ္တရာဇ ပြာသိုလပြည့်ကျော် ငါးရက်နေ့ မြို့အနောက်မျက်နှာ ညောင်ပင်တံခါးကထွက်၍ တိုက်ခိုက်စေရာတလိုင်း တို့တပ်မရပ်မခံနိုင်၊ ဒလဘက်, ကမာကဆစ်ရွာများသို့ ဆုတ်ခွာ ထွက် ပြေးလေ၏၊ ယင်းတွင် ပြောင်းသေနတ် ထိခိုက်သေဆုံးသူ, ရေမွန်းနစ် သေဆုံးသူ တလိုင်းတရာကျော်ခန့် ရှိလေ၏။ သုံးခွဲဦးစီးငဘူးနှင့်သူပုန် တလိုင်းလူနှစ်ဆယ်ကျော်ကိုလည်း အရှင်ရလိုက်၏။

ဟံသာဝတီ ဝန်ကြီးလည်း မြို့အနောက်မျက်နှာတွင် စွဲရပ်သည့် ဒလ သားသူပုန်တလိုင်းတို့တပ်ပျက်လျှင် ရဲမက်တော်တို့ကိုသိမ်း၍ မြို့တွင်းသို့ ဝင်နေမြဲဝင်နေစေ၏၊ ဝဲခူးတပ်အမှုထမ်းလူခြောက်ရာကိုလည်း အသုတ်

ဘုရား မြို့တွင်းအရပ်များတွင် ချထား စွဲရပ်စေ၏၊ အထုံးစုံ အကြောင်း အရာရှိသမျှကိုလည်း ရွှေဘဝါးတော်အောက်သို့ အဆက်မပြတ် လူ စေလွှတ်လျှောက်ထားစေ၏။

ရွှေဘဝါးတော်အောက်က ပြန်ရောက်သူ ပုသိန်မြို့ဝန် နေမျိုးမင်းလှ ကျော်သူတို့လည်း ရန်ကင်းစံရာတွင်ရပ်နေ၍ မြစ်စဉ်မြို့ရွာများက လာ ရောက်သည့် လက်နက် လူသူတို့ကို သိမ်းရုံး စည်းကြပ်ပြီးလျှင် ကျွန်းဦး သရက်တပင်မှာ စွဲရပ်ရှိသည့်တလိုင်းတို့တပ်ကို တိုက်ဖျက် ရပ်နေရမည် ဆင့်ဆို၍ ရန်ကင်းစံရာဝသို့ စေလွှတ်သွားစေ၏။

သန်လျင်ငစပ် အပေါင်း အသင်း ကရင်ဗိုလ် ငဖြူလည်း ဒလမြို့နယ် ကျုံတုံးရွာနေ တိုလွတ်, ငရွှေနု, ငရွှေမောင်, ငရွှေငုံတို့နှင့် ကရင် တလိုင်း လူသုံးထောင်ကျော် စုရုံးစည်းကြပ်၍ ပန်းတနော် ငှက်ပျော ချောင်းရွာများကို ချီတက်တိုက်ခိုက် သိမ်းယူပြီးလျှင် ဆံမြင်တုံမြို့အုပ် နေမျိုးရာဇာ အညာသို့ဆန်သွားသည့်အတွင်း သံမြင်တုံမြို့ကို ဝင်ရောက် စီးနင်းသိမ်းယူလေသည်နှင့် သံမြင်တုံမြို့ စီရင်စုကျေးရွာများကို ခန့်ထား သိမ်းရုံး၍ မနုဖြူမြို့သို့ ချီတက်ပြီးလျှင် ကျိုက်ကလွန်ပွန်းဘုရားတွင် အဖြိုး အခိုင် တပ်တည်လုပ် စွဲရပ်နေကြ၏။ ။ဒလသား တလိုင်းတို့လည်း ထို သတ္တရာဇ် ပြာသိုလပြည့်ကျော်တဆဲ့သုံးရက်နေ့ မြို့မြောက်မျက်နှာ စွဲရပ် ရင်း တပ်ကလေး သိမ်ကြီးအရပ်များကို ထပ်မံအားသစ်၍ စွဲရပ်မြဲစွဲရပ် လာပြန်သည်။

ယင်းသို့ တလိုင်းတို့က အားသစ်ကြိုးပမ်း ချီတက်ဝန်းရံမြဲ ဝန်းရံကြ လျှင် ဟံသာဝတီဝန်ကြီးလည်း ထိုသတ္တရာဇ် ပြာသိုလပြည့်ကျော် တဆဲ့ လေးရက်နေ့ မြို့တွင်းရှိ ဗိုလ်ရဲမက်အပေါင်းတို့ကိုခေါ်၍ ဆိုသည်ကား- ယခု မြို့ပြင်ပတ်လည် ဝန်းရံရှိနေသည့် တလိုင်းတို့ ရုံတပ်ကို ငါတို့က အကြိမ်ကြိမ်တွက်၍ ကိုက်ဖျက်စေရာ သူပုန်တလိုင်းတို့က မြို့ဝန်းကျင် ပတ်လည် စွဲရပ်စေသည့် တပ်အများ မဆည်မတားနိုင်၊ ဆုတ်ခွာ ပျက် ပြား၍ တောတောင်ရေမြေအနှံ့အစပ် သူကောင်အတင်တင် သေကြေ ပျက်စီးရှိသော်လည်း သင်းတို့တပ် ပျက်ပြားရာအရပ်များတွင် ငါတို့က တပ်မထားနိုင်၍ မှော်တောဝယ်ကျွဲတိုးသကဲ့သို့ တလိုင်းတို့က ရုံနေမြဲ ရုံနေနိုင်လေသည်၊ သို့ဖြစ်၍ သည်တကြိမ်ကို ဗိုလ်ပါရဲမက်တို့ မပင်ပန်း စေရ သူပုန်တလိုင်းတို့အရုံကိုခံနေပြီးလျှင် မြို့ကိုသာ လုံခြုံအောင်စီးနင်း စောင့်နေစေ၍ ရွှေဘဝါးတော်အောက်က တပ်ကူတပ်ထောက် လာ

ရောက်သည့် ကာလမှ ငါတို့ မြို့တွင်းကထွက်၍ စစ်ခန့်စစ်ဘက်ညွှတ် စည်းကြပ်တိုက်ခိုက်ရလျှင် သူပုန်တလိုင်းမှန်သမျှ ငါတို့လက်က လွတ်နိုင်မည် မဟုတ်၊ အလွယ်သာ အရေးပြီးပြေမည်မချွတ် ဖြစ်သည်-ပြောဆိုတိုင်ပင် စည်းကြပ်ရှိနေသည့်အတွင်း ရွှေဘဝါးတော်အောက်က ဘုန်းတော်ဖြစ် ဗိုလ် နေမျိုးသီဟမင်းခေါင်ကျော်တတပ်၊ သူရဲတပ်မှူး ရဲထင်ရန်အောင် တတပ်၊ မဟာသီဟမင်းကျော်တတပ်၊ ဗန်ကျီတိုက်ဝန် မင်းခေါင်ကျော် ထင်တတပ်၊ မြင်းခုံတိုင်မြို့စား မဟာမင်းခေါင်သခ်ိုင်္ဃာတတပ်၊ တပ်ပါ ရဲမက်ထက်နက်ကိုင် အမှူထမ်း လူသုံးထောင်ကျော်တို့ ဓနုဖြူမြို့သို့ ဆိုက် ရောက်ရာ ကျိုက်ကလွန်ပွန်းဘုရားတွင် စွဲရပ်ရှိသည့် တလိုင်းတို့တပ်ကို တွေ့လျှင် မရပ်မဆိုင်း ဝင်၍ တိုက်ခိုက်သည်တွင် တလိုင်းတို့လည်း အန္တိ ပါရုင်းရှိသည်နှင့် တပ်လုံးပျက်ပြားထွက်ပြေးလေ၏၊ အမှူးအကြီး ပြုသူ ကရင်ဗိုလ်ငြိုနှင့် ငတိလွတ်, ငရွှေနု, ငရွှေမောင်တို့မူကား ကိုယ်ရုပ် ဖျောက် ထွက်ပြေးလေသောကြောင့် လွတ်လေသည်။

ကျိုက်ကလွန်ပွန်းတပ်ပျက်၍ ရဲမက်တော် ဗိုလ်မှူးတပ်မှူးတို့ ရန်ကင်း စံရာချောင်းပေါက်သို့စုန်ဆင်းလာခဲ့ကြသည်များကို ကျွန်းဦးသရက်တပင် လွင်ကြီးတက်သစ်အရပ်တွင် စွဲရပ်သည့် တလိုင်းတို့တပ်ကမြင်လျှင် မရပ် မနေဝံ့ အပြင်းဆုတ်ခွာထွက်ပြေးကြလေ၏။

ဟံသာဝတီ ဝန်ကြီးလည်း ထိုသတ္တရာဇ် ပြာသိုလပြည့်ကျော် တဆဲ့ ငါးရက်နေ့ ရွှေဘဝါးတော်အောက်က ဆိုက်ရောက်သည့် မြင်းခုံတိုင် မြို့စား မဟာမင်းခေါင်သခ်ိုင်္ဃာတို့ ငါးတပ်ကို အိုးဘိုဆိပ် ရှမ်းတံတား, ရန်ပုံခွင်းအရပ်များတွင် ကြည်းလမ်း ရေလမ်းအနေအထားသင့်အောင် ချထားစွဲရပ်စေပြီးလျှင် မင်းလှတန်ဆောင်နှင့် ထပ်မံရောက်သည့် ပုခန်း ကြီးမြို့ အမှူထမ်း လူငါးရာကိုလည်း မြို့တွင်းတောင်မျက်နှာက ချထား စီးနင်းစောင့်ရှောက်စေ၏။

မုတ္တမမြို့ဝန် မင်းကြီးမဟာဥဇနာသို့လည်း ရွှေဘဝါးတော်အောက် က ဆိုက်ရောက်သည့် ငါးတပ်အမှူထမ်းလူသုံးထောင်ကျော်ကို ပေးအပ် ၍ တပ်ကလေး ရှမ်းတံတား အိုဘိုဆိပ်များတွင် ချထားစွဲရပ်စေသည်။

ရန်ကုန်မြို့တွင်းကလည်း မြို့အရှေ့မျက်နှာ ဇင်္ဂန်ထောင်မွေ့နွန်းဘုရား သိမ်ကြီးအရပ်များတွင် စွဲရပ်ရှိနေသည့် တလိုင်းသူပုန်တို့ရံတပ်ကို တိုက် ခိုက်စေမည်ဖြစ်၍ မုတ္တမ, တောင်ငူ, ကျောက်မော်, ရွှေကျင်, စစ်တောင်း မြို့များက ခန့်ထားစည်းကြပ်ရအမှူထမ်းတို့နှင့်ကိုယ်တိုင်ချုပ်အုပ်၍ အရှေ့

ဘက်ကြောင်းချိတက်ပြီးလျှင် သန်လျင်မြို့ကို လုပ်ကြံသိမ်းယူရမည်-စစ်ကဲ့နေမျိုးသိရိကျော်ခေါင်သို့ စာပေးအပ် ဆင့်ဆိုစေလွှတ်၏။

ပုသိန်မြို့ဝန် မင်းကျော်မင်းထင်သို့လည်း ပုသိန်မြို့စည်းကြပ်ရအမှုထမ်းတို့နှင့် သူပုန်တလိုင်းတို့ပေါက်ရောက်လာလျှင် မထွက်မလွတ်စေရ ဖမ်းဆီး သတ်ညှစ်ရမည်၊ ပုသိန်မြို့အမှုထမ်း ငရွေစံတွင် မှာစာပေးအပ်ပြန်သွားစေ၏။

သံမြင်တုံမြို့,မြင်းကတောင်,ခက်ကားရွာများတွင်လည်း တလိုင်းသူပုန်တို့မလာမရောက်နိုင်အောင် ခက်ကားဘက်က ပုသိန်မြို့ဝန် နေမျိုးမင်းခေါင်ကျော်သူ, အမှာရေး နေမျိုးနရာကျော်တို့ ဓနုဖြူ, ကနောင်, ဟင်းသာတ, သာရဝေါ, ဇင်္ဂုံ, ခဲပေါင်မြို့များက အမှုထမ်း လူလေးထောင်ကျော်များနှင့် စည်းကြပ် စွဲရပ်စောင့်နေစေ၏။

ထိုသတ္တရာဇ် တပ်ဖွဲ့တွဲလဆန်း ငါးရက်နေ့ ရန်ကုန်မြို့တွင်းရှိ ရုံးအရာရှိ မှူးမတ်တို့နှင့် ရွှေဘဝါးတော်အောက်က လာရောက်သည့် ငါးတပ်ချုပ် မဟာမင်းခေါင်သခိဃာ, ဗန္ဓကျိတိုက်ဝန် မဟာမင်းခေါင်ရဲထင်, မြောက်မာရဘင်ဗိုလ် မဟာသီဟမင်းကျော်, ဘုန်းတော်ဖြစ်ဗိုလ် နေမျိုးသီဟမင်းခေါင်ကျော်, သူရဲတပ်မှူး ရဲထင်ရန်အောင်တို့ လုပ်ရေးကြံရေးများကို ညှိနှိုင်း တိုင်ပင်ကြရာ ငါးတပ်ချုပ်ဗိုလ်မဟာမင်းခေါင်သခိဃာနှင့် အုပ်စု ဗိုလ်အရာရှိတို့က၊ ရန်ကုန်မြို့ကို တလကျော်ခန့် တလိုင်းတို့က စစ်အားကြီး ဘိစီး ဝန်းရံတိုက်ခိုက်သည်များကို မြို့မြီလုံခြုံအောင် စီးနင်းစောင့်နေပြီးလျှင် ရံတပ်သို့ထွက်၍ အကြိမ်ကြိမ် စီးနင်းတိုက်ခိုက် ပွဲလမ်းရအောင် ယူကြသော အရေးသည် ချီးမွမ်းသင့်သော အရေးပင်ဖြစ်ပေသည်၊ တကြောင်းလည်း ရန်ကုန်မြို့နေအရာရှိမင်းတို့ အကြိမ်ကြိမ် စီးနင်းတိုက်ခိုက်၍ တလိုင်းသူပုန်တို့တပ် မရပ်မနိုင် ဆုတ်ခွာထွက်ပြေးရှိသော်လည်း မြို့တွင်းက တပ်ရပ်တပ်ခံမထားနိုင်ချေသည်နှင့် တလိုင်းတို့က ရံနေမြဲ ရံနေနိုင်ပြန်သည်၊ ယင်းသို့ဖြစ်၍ အရှေ့မျက်နှာကဝန်းရံစွဲရပ်ရှိနေသည့် သူပုန်တလိုင်းတို့ကို ကျွန်တော်တို့ ဗိုလ် ရဲမက် ငါးတပ်သားတို့က တိုက်ဖျက် သိမ်းယူပါမည် ပြောဆိုရာ ရန်ကုန် ဝန်ကြီးကလည်း ယခု ဗိုလ်မင်းငါးဦးတို့ ပြောဆိုသော အရေးသည် ခွင့်ပေးရမည့် အရေးပင် ဖြစ်ပေသည်၊ သို့ရာတွင် တလိုင်း လူမျိုးတို့လည်း ပရိယာယ်ဝေဝုစ်များပြားထူထပ်သည့်လူမျိုးဖြစ်သည်၊ နောက်ကလှည့်လည် မတိုက်သာအောင် မြို့မြောက်မျက်နှာက ပတ်၍ တစသတ်တည်း တိုက်မှ

သင့်မည်ဟု ပြောဆိုသည်ကို မဟာ မင်းခေါင်သခံယာတို့ ကြိုက်ညီကြသည်နှင့် ထိုသတ္တရာဇ် တပို့တွဲလဆန်း ခြောက်ရက်နေ့ ဗန္ဓကျိတိုက်ဝန် မဟာ မင်းခေါင်ရဲထင်နှင့် အမှူထမ်း လူငါးရာ၊ မြောက် မာရဘင်ဗိုလ် မဟာသီဟမင်းကျော်နှင့် အမှူထမ်းလူနှစ်ရာ၊ ဘုန်းတော်ဖြစ်ဗိုလ် နေမျိုးမင်းခေါင်ကျော်နှင့် အမှူထမ်းလူနှစ်ရာ၊ သူရဲတပ်မှူးရဲထင်ရန်အောင်နှင့် အမှူထမ်းလူနှစ်ရာ၊ မဟာ မင်းခေါင်သခံယာနှင့် အမှူထမ်း လူသုံးရာ့ ရှစ်ဆယ်၊ စုစု အမှူထမ်း လူတထောင့်လေးရာကျော်ကို ပန်းပဲတန်းသမ်း ရွှေဒဂုံဘုရားက မြောက်ကိုပတ်ပြီးလျှင် အရှေ့ကလှည့်၍ တိုက်ခိုက်ရမည်၊ စားတော်ဝန် မင်းလှမင်းခေါင်နှင့်အမှူထမ်း လူငါးရာမှာ သိဂုတ္တရကုန်းကဆင်း၍ မြောက်က တိုက်ခိုက်ရမည်၊ အသီးအသီးဆင့်ဆိုချီထွက်စေရာ ဗုဒ္ဓန်ထောင် သိမ်ဖြူတပ်သို့ရောက်လျှင် မဟာမင်းခေါင် ရဲထင်, မဟာသီဟမင်းကျော်, မဟာမင်းခေါင်သခံယာတို့ သုံးတပ် ပေါင်း၍ အရှေ့မျက်နှာက ချဉ်းကပ်တိုက်ခိုက်သည်၊ နေမျိုးသီဟမင်းခေါင်ကျော်, ရဲထင်ရန်အောင်, စားတော်ဝန်အုပ်စု သူရဲကျော်တို့သုံးတပ်မှာ မြေဒံမျက်နှာက ချဉ်းကပ် တိုက်ခိုက်သည်၊ ယင်းသို့ အထွေးထွေး တိုက်ခိုက်ကြသည့်အတွင်း တလိုင်းတို့ စစ်ရေးငင်သည်ကို အမှတ်မဲ့ သုံးတပ်လုံး ဘိစီးလိုက်လံတိုက်ခိုက်ရာ ငလွန်းထော်, ငအို, ငခန္ဓာတို့လူသုံးထောင်ကျော်နှင့် တောကပုန်းအောင်းနေစေသည့် အရပ်သို့ရောက်လျှင် ချက်တဖြုတ်ထွက်၍ တိုက်ခိုက်သည်နှင့် နေမျိုးသီဟမင်းခေါင်ကျော်တို့ သုံးတပ်လုံး မစည်းမရုံးနိုင် ပျက်ပြား ဆုတ်ခွာရချေ၏။

တလိုင်းတို့လည်း မြောက်မျက်နှာတပ်စုံ ပျက်ပြားလျှင် အရှေ့မျက်နှာတပ်များသို့ စစ်အားကြီး ဘိစီး တိုက်ခိုက်ပြန်သည်၊ ဗန္ဓကျိတိုက်ဝန် မဟာမင်းခေါင်ရဲထင်တို့ သုံးတပ်လုံး ရွှေပြန်ချေ၏၊ ယင်းတွင် တလိုင်း အမှူးအကြီး ဗိုလ်ပြုလုပ်သူ ငလွန်းထော်ကို မဟာမင်းခေါင် ရဲထင်တပ်က ပြောင်းသင့်၍ သေသည်တွင်မှ တလိုင်းတို့တပ်မလိုက်ဝံ့၊ တန့်ရပ်နေလေ၏။ ။ထိုနေ့ မိုးလည်းချုပ်သည်နှင့် မဟာမင်းခေါင် သခံယာတို့ ငါးတပ်သားလည်း ကွဲပြားသည့်လူတို့ကို သိမ်းရုံးစည်းကြပ်ကြပြီးလျှင် ကန်ကြီးရိုးကုန်းတွင် တတပ်နှင့်တတပ် ကမ်းလှမ်းမိအောင် မြေကတုတ်တည်လုပ်စွဲရပ်ကြသည်၊ စားတော်ဝန်အုပ်စု သူရဲကျော်တို့ တပ်လည်းစွဲရပ်ရင်း သိဂုတ္တရကုန်းမှာ စွဲရပ်ရ၏။

သူပုန်တလိုင်းတို့တပ်လည်း ထိုနေ့ည၌အချိန် လွေလောင်း ငါးဆယ် ကျော်နှင့် ငမိုးရိတ်ချောင်းညာသို့ ဆန်တက်၍ တာမွေထမ်းရိုးက လှည့်ပတ်တိုက်ခိုက်သည်ကို မြောက်မာရဘင်ဗိုလ် မဟာသီဟမင်းကျော်လည်း တပ်ပါရဲမက်တို့ကို အုပ်ကွပ်၍ ဆိုင်ပြိုင်ခုခံတိုက်ခိုက်ရာ တလိုင်းတို့တပ်စစ်ဦးဆုန်ဆုန်လည်၍ ဆုတ်ခွာထွက်ပြေးလေ၏။

ရန်ကုန်ဝန်ကြီးလည်း ယခု တလိုင်းတို့ရံတပ်စုကို မြင်းခုံတိုင် မြို့စား မဟာမင်းခေါင်ဆခံယာ, ဗန္ဓကျိတိုက်ဝန် မဟာမင်းခေါင်ရဲထင် တို့နှင့် ခြောက်တပ်၊ စစ်နှစ်ကြောင်းဖြန့်၍ တိုက်ခိုက်စေရာ အရေးမသာသည်နှင့် ဗိုလ်ရဲမက်တို့ကို သိမ်းရုံး၍ တပ်မြေကတုတ်လုပ်ဆောင်စွဲရပ်ရှိနေကြသည်များကို ငါတို့က အပြစ်ဝန်ထားသင့်တော့သည်မဟုတ်၊ စစ်တိုသဘောမည်သည်လည်း ဗိုလ်ပါအင်အား နည်းသည် များသည် အကြောင်းမဟုတ်၊ တပ်ရပ်တပ်ခံ အနေအထား ခိုင်ခန့်ခဲခက်လွန်းလျှင် ဗိုလ်ရဲမက်အမှုထမ်းတို့ ဦးလည်မသုန် အားကြိုးသံပတိုက်ခိုက်သော်လည်း အရေးရအောင် မယူနိုင်၊ ဆုတ်တုံတက်တုံ သဘောပင်ဖြစ်သည်၊ ယင်းသို့ဖြစ်၍ ငါတို့ မြို့တွင်းကလည်း နိုင်တန်နိုင်လောက်အောင် စိစဉ်စည်းကြပ်ကူညီတိုက်ခိုက်စေမှသင့်မည် ပြောဆိုကိုင်ပင်ပြီးလျှင် ထိုသတ္တရာဇ် တပ္ပိတ္ထလဆန်းခုနစ်ရက်နေ့ ယေးမြို့ဝန် နေမျိုးမင်းကျော်နှင့် ရဲအမှုထမ်း လူလေးရာ၊ ဘုန်းတော်ဖြစ်ဗိုလ် နေမျိုးမင်းခေါင်နှင့် သေနတ်အမှုထမ်း လူလေးရာ၊ နှစ်စုအမှုထမ်း လူရှစ်ရာကို မြို့မြောက်မျက်နှာ စလင်းကုန်းတံခါးက ထွက်ပြီးလျှင် အရှေ့ဘက်ရေကျော်ချောင်းတဖက် ဆိမ်ဖြူတွင်စစ်ဦးစွဲရပ်၍ တလိုင်းတို့တပ်ကိုချဉ်းကပ်တိုက်ခိုက်ရမည်၊မဟာမင်းခေါင်သခံယာနှင့် စားတော်ဝန်တို့ခြောက်တပ်မှာ အရှေ့မျက်နှာ, မြောက်မျက်နှာများက ချဉ်းကပ်တိုက်ခိုက်ရမည်၊ ဗုဇ္ဈန်ထောင်ရွာအုပ် သီရိရဲလှကျော်ထင်, အမှုထမ်းရဲလှကျော်ခေါင်တို့ကို မြင်းလျှင်နှင့် စေလွှတ်ဆင့်ဆိုစေပြီးလျှင် စစ်နှစ်ဖက်ညှပ် တိုက်ခိုက်စေသည်ကို သူပုန် တလိုင်းတို့လည်း မဆုတ်မနစ် အထိုးအပစ်ခံ၍ တိုက်ခိုက်ကြသည်၊ နံနက်တချက်တီးအချိန်ကသည် မွန်းတည့်အချိန်တိုင် တဦးကိုတဦး မတိုးမဝှေ့တည့်နှိုင် ရှိကြသည်၊ ယင်းသို့ရှိနေသည့်အတွင်း တလိုင်းတို့ စစ်အားကြီးရာ အမြောက်သေနတ်အများထပ်မနားပစ်လွှတ်ပြီးလျှင် ရဲမက်တော်တို့လည်း တလိုင်းတို့ပစ်ခတ်သည့် ပြောင်းသေနတ်လက်နက်များကို အလေးမမူ၊ သူ့ထက်ငါ တလိုင်းသူပုန်တို့တပ်သို့ အပြင်းဝင်၍ စီးနင်းထိုးခုတ်သည်တွင် သိမ်ဖြူ

ရေကျော်, ဗုဇ္ဈနိထောင်တွင်စွဲရပ်သည့် တလိုင်းတို့ တပ်အများ ပရမ်း ပတာ ပျက်ပြားဆုတ်ခွာပြေးလေ၏။

ဗိုလ်တထောင် မွေ့နွန်းဘုရားတွင် စွဲရပ်သည့် သူပုန်တို့ တပ်ကိုလည်း ပြည်မြို့ဝန် မဟာမင်းလှစည်သူ, ကြီခင်းမြို့ဝန် မဟာမင်းကျော်နော်ရထာ တို့ မြို့တောင်မျက်နှာ ယောတံခါးက ထွက်၍တိုက်ဖျက်ရာ သင်းတို့တပ် အများ မရပ်မတည်နိုင် သောသောလန့်၍ထွက်ပြေးကြလေ၏၊ ယင်းတွင် ပြောင်း သေနတ် ခပ်လုံ ထိခိုက်သေဆုံးသူ ရေမွန်းနစ်သေဆုံးသူ သူပုန် တလိုင်းနှစ်ရာကျော် သုံးရာခန့်ရှိသောဟူ၏၊ ဗိုလ်အကြီးပြုလုပ်သူ တလိုင်း တို့နှင့် ကျန်သူပုန်တို့မှာမူကား လှေသို့ဆင်း၍ သန်လျင် ဒလဘက်များသို့ အလျင်ကူးပြေးလေသောကြောင့် အသက်မသေ လွတ်လေ၏၊ ရန်ကုန် ဝန်ကြီးလည်း ထိုနေ့ညဉ့်လေးချက်တီးကျော် အချိန်တိုင် ရောက်မှ ရဲမက် လက်နက်ကိုင်တို့ကို သိမ်းရုံး၍ မြို့တွင်းသို့ ဝင်မြဝင်နေစေ၏။

ထိုသတ္တရာဇ် တပို့တဲ့လဆန်း ရှစ်ရက်နေ့ ပြည်အောက် တလျောက် မြို့ကျေးရွာများမှာလည်း မြစ်စဉ်ရေလမ်း သာယာအောင် သရက်တပင် ကျွန်းဦးအရပ်တွင် သင့်ရာတပ်စုကို ချိတက်စွဲရပ်စေ၏။

ဇစပ်ငယ်လည်း ရန်ကုန်မြို့က ပျက်ပြားထွက်ပြေးကြသည့် တလိုင်း ရှမ်း ယွန်း လူတထောင်ကျော်တို့ကို သိမ်းခေါ် စုရုံးပြီးလျှင် ခတ်လှေ လှော်လှေတရာကျော်ခန့်နှင့်ကိုယ်တိုင်အုပ်ကွပ်၍ တပို့တဲ့လဆန်းကိုးရက် နေ့ ဒလစွန်း ကမ္ဘာလာပင်ဆိပ်က စွဲရပ်လာသည်ကို ရန်ကုန်ဝန်ကြီး လည်း မြို့အရှေ့တောင်ထောင့် ပြကြီးထိပ်က အမြောက် စိန်အများနှင့် အထပ်ထပ် ပစ်လွှတ်စေရာ သူပုန်တလိုင်းတို့ လှေတက်အများ မွန်းနစ် ပျက်စီး မငြိမ်မဝပ် ရှိလျှင် ဗန်းကျီတိုက်ဝန် မဟာမင်းခေါင်ရဲထင်တပ်က အမြင့်မြို့သူကြီး သမန္တ နော်ရထာ, အာကာရဲခေါင်, ရဲလှကျော်ခေါင်, ဒိဗ္ဗသူရ, ဒေဝရဲခေါင်, ရဲကျော်သီဟ, ကျော်ခေါင်နော်ရထာ, သမန် ရဲလှကျော်တို့နှင့် အမှုထမ်း လူလေးရာ၊ လှေပေါင်း လေးဆယ်ကျော် ခန့်ထား စည်းကြပ်၍ ချဉ်းကပ်တိုက်ခိုက် စေသည်တွင် ဇစပ်ငယ်နှင့် တလိုင်းသူပုန်တို့လည်း ရဲမက်တော် အမှုထမ်းတို့ကို မြင်လျှင် အသား စားအံ့သို့ထင်မှတ်ကြောက်ရွံ့ကြသဖြင့် တပ်အလုံး အုပ်ကွပ်ချုပ်ထိန်း မရ သည်နှင့် သန်လျင်ဘက်သို့ အပြင်းဆုတ်ခွာ ထွက်ပြေးကြလေ၏။

ရန်ကုန်ဝန်ကြီးလည်း ထိုသတ္တရာဇ် တပို့တဲ့လဆန်း တဆဲတရက်နေ့ ဒလမြို့ ကမာအောင် ချောင်းတဖက် ဝိုင်တူရွာတွင် မဟာမင်းခေါင်သခ်

ယာ, မဟာမင်းခေါင်ရဲထင်တို့နှင့် ငါးတပ်, အမှူထမ်းလူနှစ်ထောင်၊ဗုဇ္ဈန်ထောင်ရွာတွင် မင်းလှတန်ဆောင်နှင့်အမှူထမ်းလူငါးရာ၊ မွန်ဆန်းဘုရား, ဗိုလ်တထောင် အရပ်များတွင် သူရဲတပ် စစ်ကဲဗညားလောနှင့်အမှူထမ်းလူလေးရာ၊ တပ်ကလေးတွင် စစ်ကဲ ရဲစက်သီဟနော်ရထာတို့နှင့် အမှူထမ်း လူငါးရာခန့် ထား၍ စည်းကြပ်စွဲရပ်စေ၏။

ငစပ်ငယ်လည်း ဒလစွန်း ကမ္ဘာလောပင်ဆိပ်တပ် ပျက်ပြား ဆုတ်ခွာသွားပြီးနောက် သန်လျင်မြို့တွင်းသို့ ဝင်၍ ရုံးမိသမျှ တလိုင်း ရှမ်း ယွန်း လူသုံးထောင်ကျော်ခန့်နှင့် စွဲရပ် ခုခံပြန်သည်ကို ဟံသာဝတီ ဝန်ကြီး မင်းကြီးမဟာ မင်းလှရာဇာနှင့် အရာရှိ ဗိုလ်စု တပ်စုတို့ ညှိနှိုင်းတိုင်ပင်ပြီးလျှင် မြောက်မာရဘင်ဗိုလ် မဟာသီဟမင်းကျော်နှင့် အမှူထမ်း လူနှစ်ရာ့ငါးဆယ်, စိန်လက်ရေငါး, ဘုန်းကော်ဖြစ်ဗိုလ် နေမျိုး သီဟမင်းခေါင်ကျော်နှင့် အမှူထမ်း လူနှစ်ရာ,ဗန္ဓကျိတိုက်ဝန် မဟာမင်းခေါင်ရဲထင်နှင့် အမှူထမ်း လူငါးရာ, အမြောက်တစ်, စိန်လက်ရေရှစ်၊ မဟာမင်းခေါင်သခ်ယာ, စစ်ကဲ တုရင်သီဟနော်ရထာတို့နှင့် အမှူထမ်း လူငါးရာ, စိန်လက်ရေသုံး, လှလောင်း ကြီးငယ် သုံးဆွဲငါး စည်းကြပ်ပေးအပ်ပြီးလျှင် ဒေါပုံကလှည့်၍ သန်လျင်မြို့ကို ချဉ်းကပ်တိုက်ခိုက်ရမည်၊ ပန်းတောင်း ကြီခန်း မြို့ဝန်တပ်က ငရှန်း, ငအိုပ်တို့နှင့်အမှူထမ်း လူငါးဆယ်၊ ပြည်မြို့ဝန်တပ်က ငရွှေနှိန့်အမှူထမ်း လူငါးဆယ်၊ ပဲခူးမြို့တပ်က နေမျိုးရဲလှကျော်, ငဆိုးပုံတို့နှင့် အမှူထမ်း လူတရာ့ နှစ်ဆယ်ကျော်၊ ယေးမြို့ဝန်နေမျိုးမင်းကျော်နှင့်အမှူထမ်းလူရှစ်ဆယ်၊စိန်လက်ရေခြောက်, အမြောက်တစ်၊ ရေဝန် နေမျိုး နော်ရထာကျော်စွာနှင့် ရဲအမှူထမ်း လူတရာ့ရှစ်ဆယ်, အမြောက်တစ်, လှလောင်းကြီးငယ် သုံးဆွဲငါး စည်းကြပ်ပေးအပ်ပြီးလျှင် ဗုဇ္ဈန်ထောင်သန်လျက်စွန်းကကူး၍ ချဉ်းကပ်တိုက်ခိုက်ရမည်၊ မင်းလှတန်ဆောင်, စစ်ကဲမင်းခေါင်ရဲထင်တို့နှင့် အမှူထမ်း လူနှစ်ရာကိုလည်း ဒေါပုံဘက် ကြည်းလမ်းက ရေတပ်စီစဉ်ခန့်ရန်စည်းကြပ်၍ ထိုသတ္တရာဇ် တပ်ရိုတွဲလဆန်း တဆွဲနှစ်ရက်နေ့ နံနက် ချိတက် တိုက်ခိုက်စေရာ ရဲမက်တော်တို့ မဆိုက်မရောက်မီ သူပုန်တလိုင်းတို့တပ် စစ်မျက်နှာမဆိုင်မပြိုင်ဝံ့တပ်လုံးပျက်ပြား၍ ငစပ်ငယ်လည်း သားမယား ဆွေမျိုးတို့နှင့် ထွက်ပြေးရာ မော်လမြိုင်မြို့သို့ ဝင်ခင်သည်နှင့် လွတ်လေ၏။ရဲမက်တော်တို့လည်း သန်လျင်မြို့ကို လက်ဝါးပြကာ စီးနင်းသိမ်းယူမိ

သည်၊ ထိုအခါမြန်မာတယောက်ကိုသော်လည်း တလိုင်း တရာ နှစ်ရာ မတွေ့ဝံ့ရှိသောဟူ၏။

ရန်ကုန် ဝန်ကြီးထည်း ရန်ကုန်မြို့က ချီတက် စေသည့် တပ်စုကို ထိန်းခေါ်၍ မဟာမင်းခေါင်သခိယာ, မဟာသီဟမင်းကျော်, နေမျိုးသီဟမင်းခေါင်ကျော်, မဟာမင်းခေါင်ရဲထင်, သူရဲတပ်မှူး ရဲထင်ရန် အောင်တိုင်းတပ် အမှူထမ်းလူ သုံးထောင်ကျော်တို့ကို သန်လျင်မြို့တွင် စွဲရပ်စောင့်နေစေ၏၊ မင်းလှတန်ဆောင်နှင့် အမှူထမ်း လူငါးရာမှာ ဗုဒ္ဓန်ထောင်ကနုတ်၍ မဟာမင်းခေါင်သခိယာစွဲရပ်ရင်း ဒလဘက်ဝိုင်တူ ရွာတွင် စွဲရပ်စောင့်နေစေ၏။

ယင်းသည့် တပို့တွဲလဆန်းတဆဲသုံးရက်နေ့ ရွှေဘဝါးတော်အောက် က ထပ်မံရောက်လာသည့် နတ်စုလက်ယာ သေနတ်ဗိုလ် မဟာမင်းလှ မင်းခေါင် တတပ်၊ လက်ယာကြောင်းသေနတ်ဗိုလ် မင်းခေါင်သူရိန် တတပ်၊ လက်ဝဲကြောင်းသေနတ်ဗိုလ် မင်းကျော်အာကာ တတပ်၊ ရွှေး လက်ယာသေနတ်ဗိုလ် အိန္ဒမင်းခေါင်တတပ်၊ နတ်ရှင့်ရွှေးသေနတ်ဗိုလ် မင်းထင်တန်ဆောင် တတပ်၊ ဘုန်းတော်ဖြစ်ဗိုလ် နေမျိုးသီဟမင်းခေါင် တတပ်၊ မင်းထင်မင်းခေါင်ကျော်တတပ်၊ ခုနစ်တပ်တွင်ပါသည့် ရဲမက် လက်နက်ကိုင် အမှူထမ်းလူ နှစ်ထောင့်ကိုးရာကျော် တို့ကို ဒလမြို့နယ် သခွတ်ပင်, ကမာရွတ်, သင့်ရာအရပ်များတွင် ချထား စွဲရပ်စေ၏။

နတ်စုလက်ဝဲ သေနတ်ဗိုလ် မဟာမင်းလှသူရိန်တတပ်၊ ရွှေးလက်ဝဲ သေနတ်ဗိုလ် မင်းခေါင်ရဲကျော်ထင် တတပ်၊ ဘုန်းတော်ဖြစ်ဗိုလ် အဂ္ဂ သေနကျော် တတပ်၊ ရွှေပြည်တံခွန်မြင်းတပ်ဗိုလ် နေမျိုးမင်းခေါင်ကျော် ထင် တတပ်၊ ပဉ္စာလမြို့ဝန် မဟာသူရ တတပ်၊ တပ်ပေါင်း ငါးတပ်, ရဲမက်လက်နက်ကိုင် အမှူထမ်း လူနှစ်ထောင့်သုံးရာ့ငါးဆယ်ကျော်များ ကို သင့်ရာချထား စွဲရပ်စေ၏။

ကြည်းကြောင်းဆိုက်ရောက်လာသည့် ကျောက်ဆည်ဝန် မဟာမင်း ကျော် မြင်းတပ်၊ ရွှေပြည်ရန်အောင် မြင်းဝန် နေမျိုးရဲခေါင်ကျော်ထင် မြင်းတပ်၊ မင်းကျော်ရဲခေါင် မြင်းတပ်၊တောင်တွင်းကြီးမြို့ဝန် မင်းခေါင် ရဲထင်မြင်းတပ်၊ ရမည်းသင်းမြို့ဝန် မဟာနန္ဒရာဇာမြင်းတပ်၊ လင်းဇင်း သေနတ်ဗိုလ် ဥဒိန်ဂါမဏိကျော်ခေါင် မြင်းတပ်နှင့် မြင်းခြောက်တပ်ကို လည်း ရန်ကုန်မြို့မြောက် သရက်တောရေကန်တွင် ချထား စွဲရပ်စေ၏။

ယင်းသို့ တလိုင်းတို့စစ်တက်လမ်းပေါက်လမ်းဝသင့်ရာအရပ်များတွင် ကြည်းရေတပ်စဉ်မပျက် အသီးအသီး စာပေးအပ်ဆင့်ဆိုခန့်ထား စွဲရပ်စေသည့်အတွင်း ရန်ကင်းစံရာဝတွင် ခန့်ထားစောင့်နေစေသည့် ပုသိန်မြို့ဝန် နေမျိုးမင်းခေါင်ကျော်သူနှင့် ရွှေဘဝါးတော် အောက်က ဆိုက်ရောက်လာသည့် ရွှေပြည့်သေနတ်ဝန် မဟာမင်းလှကျော်ခေါင်တို့ တိုင်ပင်ပြီးလျှင် သံမြင်တုံ, ပန်းတနော်တွင် စွဲရပ်သည့် ကရင်ဗိုလ်ငြိုးနှင့် သူပုန်တလိုင်းတို့တပ်ကို သံမြင်တုံမြို့အုပ် နေမျိုးရာဇာ, မြို့စာရေး ရွှေတောင်ကျော်ထင်တို့နှင့် အမှုထမ်းလူသုံးရာ၊ သီဟရဲထင်နော်ရထာ,အင်္ဂပူ ဒလ သုံးခွသူကြီး ပဲ့နင်းတို့နှင့် အမှုထမ်းလူနှစ်ရာ၊ ဓနုဖြူမြို့သူကြီး, ဇရုံမြို့သူကြီးတို့နှင့် အမှုထမ်း လူတရာ၊ စုစုအမှုထမ်း လူခြောက်ရာတို့ကို ရွှေဘဝါးတော်အောက်က ဆိုဟ်ရောက်သည့် မင်းထင်သီဟရဲခေါင် တပ်၊ မင်းထင်ရဲခေါင်တပ်၊ မင်းခေါင်ရဲကျော်တပ်၊ မင်းထင်ရဲခေါင်ကျော်တပ် များနှင့် ပေါင်းစည်းတိုက်ခိုက်စေရာ ကရင်ဗိုလ်ငြိုးနှင့် သူပုန်တလိုင်းတို့ ခုခံ၍ မတိုက်မခိုက် ထွက်ပြေးကြသည်နှင့် သံမြင်တုံမြို့ကို စီးနင်းသိမ်းယူ မိကြောင်းများကို ရန်ကုန်ဝန်ကြီးထံ လူစေလွှတ် လျှောက်ထားကြားသိသည်တွင် သံမြင်တုံမြို့တွင် ပုသိန်မြို့ဝန် နေမျိုးမင်းခေါင်ကျော်သူတပ်နှင့် ရွှေဘဝါးတော် အောက်က ဆိုက်ရောက်သည့် ရွှေပြည့် သေနတ်ဝန် မဟာမင်းလှကျော်ခေါင်, ဒလမြို့စောင့် တပ်မှူး မင်းလှတန်ဆောင်တို့ တပ်များကို စွဲရပ်မြဲစွဲရပ်စောင့်နေ၍ ငဖြူငယ်နှင့် အပေါင်းအသင်းပြုလုပ်သူ သူပုန်တလိုင်း ရှမ်းယွန်းတို့ကို ရဖိအောင်ဖမ်းဆီးပို့အပ်ရမည် စာပေးအပ်ဆင့်ဆိုစေ၏။

ရွှေဘဝါးတော်အောက်သို့လည်း သူပုန်တလိုင်းတို့တပ်အများ ပျက်ပြားထွက်ပြေးကြ၍ သင်းတို့အခြေအမြစ်ပြုသမျှ သန်လျင်,ဒလ,သံမြင်တုံစသော မြို့ရွာများကို ရွှေဘုန်းတော်ကြောင့် အလွယ်တကူ သိမ်းယူမိကြောင်းများကို ထိုသတ္တရာဇ် တို့တဲ့လဆန်း တဆဲ့လေးရက်နေ့ ဝင်းကောင်ဟန်ဝန် နေမျိုးမင်းလှရာဇာသူ, ဟံသာဝတီအခွန်ဝန် နေမျိုးသီရိစည်သူတို့ကို စေလွှတ်လျှောက်ထားစေ၏။

မုတ္တမမြို့ဝန် မင်းကြီး မဟာဥဇနာကို သန်လျင်မြို့သို့ အရွှေဘက်ကြောင်း ချီတက်လုပ်ကြံရမည်စာပေးအပ်ဆင့်ဆိုသည်မှာလည်း သန်လျင်ဒလမြို့များကို သိမ်းရုံးမိ၍ရှိသည်၊ အရေးကို ချင့်ချိန်ပြီးလျှင် မုတ္တမမြို့မှ စ၍ ထိန်းအုပ်စိရင်စုမြို့ကျေးရွာများမှာသာ အုပ်ထိန်းကြည့်ရှု စည်းကြပ်

ထမ်းရွက်ရမည့်အကြောင်းများနှင့် နရာရဲလှကျော်ထင်တွင် မှာစာပေး အပ် ဆင့်ဆိုစေ၏။ ။သန်ဏျင်မြို့နယ်တွင်းရှိ ကျေးရွာများတွင်ထည်း ငရွေစကိုယွန်းအုပ်, ငမိုင်းကို ပုဂံတောင်တိုက်သူကြီး, ငကြောညိုကို မော်ဝန်းတိုက်အုပ်အရာ စာပေးအပ် ခန့်ထားထမ်းရွက်စေ၏။

ထိုသတ္တရာဇ် တပေါင်းလဆန်းအတွင်း ကရင်ဗိုလ်ငဖြူငယ်နှင့်မယား သားသမီး အပေါင်းအဖော်လူတို့ကို ဒလမြို့ ဆူးပုပ်ကုန်း ရေကျော်ရွာတွင် မင်းလှတန်ဆောင်တပ်က စစ်ကဲမင်းခေါင်ရဲထင်, ဒလငနိုးတို့ ဖမ်းဆီးရမိသည့် အမြောက်လုံးရေတစ်, စိန်လက်ရေခြောက်, သေနတ် နှစ်ဆဲ့နှစ်များနှင့် နောက် ထပ်မံဖမ်းဆီးရမိသည့်-အတွင်းဝန်ခေါင်ကွန်, ဝန်ထောက်ခေါ် ငရွန်း, မြင်းဝန်ခေါ် ငကွယ်,ပုသိန်မြို့ဝန်ခေါ် ငမွေး, ဒလငထွန်းမြတို့နှင့် အပေါင်းအသင်း အကြီးပြုလုပ်သူ သူပုန်တလိုင်း လူသုံးဆယ်ကျော်တို့ကို ရန်ကုန်မြို့သို့ ပို့ရောက်ရာ ရန်ကုန် ဝန်ကြီးလည်း အောက်မြစ်စဉ်တလျောက် မြို့ကျေးရွာများတွင် ကြားသိသမျှ ကြောက်ရွံ့အောင် အဆုံးစီရင်၏။

ရွှေဘဝါးတော်အောက်ကလည်း ထိုသတ္တရာဇ် တပေါင်း လဆန်း တဆဲ့နှစ်ရက်နေ့ ဝန်ကြီးမင်းကြီးကျော်ထင်၊ ဝန်ထောက် မဟာမင်းလှကျော်သူ၊ စာရေးကြီး နေမျိုးစည်သူတို့နှင့် လက်ကောင်းဗိုလ် မဟာနန္ဒရာဇာ၊ ပြောင်းပြာမြို့သူကြီး မဟာသမန္တဇေယတို့ သုံးတပ် အမှုထမ်းလက်နက်ကိုင် လူဘထောင့်နှစ်ရာကျော် ဆိုက်ရောက်လာသည်ကို ရန်ကုန်မြို့အရှေ့တောင် မြစ်ဆိပ်တွင် တဲတန်းဆောက်လုပ် ချထားရပ်နေစေ၏။

ထိုသတ္တရာဇ်တပေါင်းလပြည့်ကျော်နှစ်ရက်နေ့ ဟံသာဝတီ,သန်လျင် ဒလမြို့ကျေးရွာများမှာ ရှိနေသည့် တလိုင်းလူမျိုးတို့ ငစဉ်ငယ်နှင့် ဆိုးသွမ်းတိုက်ခိုက် ပေါင်းသင်း ပါဝင်မိသော်လည်း ကျွန်တော်မျိုးတို့ချည်း ပင်ဖြစ်သည်၊ ငစဉ်ငယ်နှင့် ပေါင်းသင်းတိုင်ပင်ရာပါ သုံ့လှန်ရဆို၍ မဖမ်းမဆီး မခေါ်မယူစေနှင့် နေရင်းမြို့ကျေးရွာများမှာ အငြိမ်အဝပ်ရှိနေသော် အသီးအသီး ဝန် အထိန်းအအုပ်တို့က ကြည့်ရှုမစ သိမ်းဝိုက်ရမည်၊ အစုအမှုထမ်းတို့မှာလည်း ထမ်းခြရှုက်ခြ အစည်းအကြပ်ရှိသည့် နတ်စုလက်ဝဲ, နတ်စုလက်ယာ, ရွှေးလက်ဝဲ, ရွှေးလက်ယာ, လက်ဝဲကြောင်း, လက်ယာကြောင်း သေနတ်အမှုထမ်း လူ နှစ်ထောင့်နှစ်ရာကျော်တို့ကိုသာ ဆိုင်ရာ အစုသေနတ်ဗိုလ် အရာရှိတို့နှင့် ဝန်ကြီးမင်းကြီး မဟာမင်းလှရာဇာ ဆင့်ဆိုရာ စောင့်နေ ထမ်းရွက်စေ၍ ကျန် အစု

အမှုထမ်းလူ, မြို့ကျေးရွာခန့်ထားစည်းကြပ်ရလူတို့ကို ဝန်ကြီး မင်းကြီး မဟာကျော်ထင် ချုပ်အုပ်ပြန်လာရမည်အဓိန့်တော်နှင့် ရွှေဘဝါးတော် အောက်သို့ ပြန်လာရ၏။

ထိုသတ္တရာဇ် တပေါင်းလအတွင်း ညီတော်မင်းတုန်းမြို့စား မင်းသား မဟာသီရိဓမ္မရာဇာကို စလင်းမြို့စားမင်းသား သီရိသုမဟာဓမ္မ ရာဇာသမီး စကုမြို့စားမင်းသမီး သီရိသုမင်္ဂလာဝတီနှင့် ရေသွန်းလက်ထပ်တော်မူသည်။ ။ထိုအခါ ရန်ကုန်ဝန်ကြီးလည်း ရာမညတိုင်း တလိုင်းသုံးရပ်ကို အနေအထားကျသဖြင့်အလုံးစုံအရေးပြီးပြေ၍ ဗျပ်ဝပ်နွံနာရှိကြောင်းများကို ရွှေဘဝါးတော်အောက်သို့ စေလွှတ်လျှောက်ထား၏။

ဇေယျာဘိသိက် ခံတော်မူ၍ မဟာသက္ကသီဟဘုရား သွန်းတော်မူခြင်း, ဆင်တော်ရောက်ခြင်း

ထိုသတ္တရာဇ် တပေါင်းလအတွင်း ပညာရှိတို့က နရပတိဇေယ္ယစရိယာ မည်သော သရောဒယ ကျမ်းထွက်အတိုင်း ဘုန်းကြီးသရေတော် တိုး တက်ပွားများခြင်း, ရန်မာန်ခပ်သိမ်း ကင်းငြိမ်း၍ ပြည်ထဲလေးမျက်နှာ သာယာဝပြောခြင်း စသော အကျိုးတို့နှင့် ပြည့်စုံသော ဇေယျာဘိသိက်ကို ခံတော် မူသင့်ကြောင်းများနှင့် လျှောက်ထားရာ…ဆဒ္ဒန်ဆင်မင်း သခင် ဘဝရှင်မင်းတရားကြီး ဘုရားလည်း နှစ်-လ-ရက် စသည်တို့၏ ကောင်းမြတ်ခြင်း, နက္ခတ် ကြိုက်ညီသဖြင့် ဥဒယ်း သရမ္ဘုခြင်း စသော ဇေယျာဘိသိက် ခံရာသော အခါသမယတို့ကို ရွေးချယ် ဆက်သစေ၍ မြေနန်းတော်ရွှေ ဆောက်လုပ်သည့် သင်္ကြန်တန်ဆောင်း ကိုးဆောင်တို့၌ ဂြိုဟ်ကိုးပါး နတ်တို့ကို အရပ်အနေသင့်အောင် ချထားတင်ကြွးပသ ပူဇော်စေပြီးလျှင် အရပ်ကိုးပါးတွင် ကြာပွင့်ချပ်ထက် အိုးဖြင့်တင်ထားသော ရေမျိုးစုံတို့ကို ပညာရှိ အမတ် ပုရောဟိတ် ပုဏ္ဏားတို့ သွန်းလောင်းစေ၍ ဂြိုဟ်ကိုးပါးသင်္ကြန်ကို ခေါ်တော်မူသည်နှင့် တပြိုင်နက် ဂြိုဟ်နတ် ဟုံးနတ်တို့ကို ပူဇော်စေပြီးမှ ကျမ်းထွက်နှင့်အညီ ဆောက်ထားရှိသည့် ဇေယျာဘိသေကနန်းအတွင်း ဆန်မုံညက်, ဆုန်းဟသ်ပဒါးတို့ဖြင့်ကြာချပ်ရေခြောက်ဆဲလေးတွင် ခြောက်ကျိပ်လေးဦးနတ်ရပ် ရေးထားသည့် အလယ် ခင်းထားသော နေရာတော်တွင် စံနေတော်မူ၍ ရှစ်မျက်နှာ ရွှေအိုး, ငွေအိုး ရှစ်လုံးအတွင်းရှိ ရတနာကိုးပါးအမွှေးအထုံဂင်္ဂါရေတို့ဖြင့် ပဏ္ဍာရှိ အမတ် ပုရောဟိတ် ပုဏ္ဏားတို့ ဂါထာမန္တန်

ရွှတ်ဖတ်၍ သွန်းလောင်းခြင်း, ဂင်္ဂါရေပြည့် လက်ယာရစ် ခရာသင်းဖြင့် ပြာဟ္မဏစစ်ပုရောဟိတ်ပုဏ္ဏားအဘိသိက်ဂါထာကိုရွှတ်ဖတ်၍ အဘိသိက်သွန်းခြင်းများကို ခံတော်မူပြီးနောက် ဝတ်လဲနန်းတော်, ပရိတ်နာ တန်ဆောင်းများတွင် မကိုင့် တန်ဆာတော်, ဘိသိက်တော် အဆက်အသများကို ခံခြင်း, ဘုရားခုနစ်ဆူအလှူတော်တင်လှူစေ၍ ဘေးမဲ့အမိန့်တော်ဖတ်ကြော်စေခြင်း စသော အစီအရင် တို့ဖြင့် သက္ကရာဇ် (၁၁၈၈) တထောင့် တရာ့ ရှစ်ဆဲ့ရှစ်ခု တပေါင်းလဆန်း ရှက်ရက် တနလ်ာနေ့ ဇေယျာဘိသိက်ကိုသွန်းခံတော်မူ၏။ ။[ဇေယျာဘိသိက် ခံတော်မူသည့် အခန်းအနား အကျယ်မှာ စာရင်းစာတမ်းရှိလေပြီ]။

သက္ကရာဇ် (၁၁၈၆) တထောင့်တရာ့ ရှစ်ဆဲ့ခြောက်ခုနစ်ကစ၍ မြတ်စွာဘုရား ရုပ်ပွားတော် သွန်းလုပ်ရန် မြေပုံကိုင်ပြီးပြေလျှင် ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားလည်း သက်တော်ထင်ရှား ဘုရားကိုယ်တော်အတုကို ဝိပြင်စွာပြုလုပ်ခြင်းငှာ ဆိုကြား ပြဟ္မာပင် သော်ထည်း မတတ်စွမ်းနိုင်ရာ ကိုယ်တော်ပမာဏအားဖြင့်တူကာမျှကိုသာပြုနိုင်အံ့ဟု ဆင်ခြင်တော်မူမိသော်လည်း မေတ္တေယျ ဘုရားရှင် အတိုင်းပမာဏတော်ကို အဋ္ဌကထာများတွင် ဆိုသည်ကို ထောက်၍ ပဋ္ဌလောဟာ ရတနာအပေါင်းတို့ဖြင့် မြတ်စွာဘုရားရုပ်ပွားတော်သွန်းလုပ်ရန်မြေပုံ,ဖယောင်းပုံ ထုတ်နုတ်ပြီးပြေသည်ကို သက္ကရာဇ် (၁၁၈၈) တထောင့်တရာ့ရှစ်ဆဲ့ရှစ်ခု တပေါင်းလပြည့်ကျော်သုံးရက်နေ့ အခါတော်အတိုင်း ကြေးနီ, သံ,သံလွဲ,ကြေးစင်ပိဿာတသောင့်းခြောက်ထောင်၊ငွေသပြာတသောင်း ရွှေသပြာ တထောင်၊ စုစုပဋ္ဌလောဟာချိန် ဝန်ပိဿာ တသောင့်း ခြောက်ထောင့်တရာ့တဆယ်၊ ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း စေတနာတော်ထက်သန်လှသည်ဖြစ်၍ ရွှေသားကလပ်ပါသော်တော်ရွှေဖလား၊ ရွှေသားကလပ်ပါရွှေကြိတ်တော်များကို ထည့်သွင်းတော်မူသည်။ မင်းမိဖုရား မင်းညီမင်းသား မှူးတော် မတ်တော် တို့က လည်း ရွှေဖလား, ရွှေကလပ်, ရွှေအုပ်ဆောင်း, ရွှေထုံးဘူးများကို အသီးအသီးထည့်သွင်းကြပြီးလျှင် ရွှေနန်းတော်အတွင်း မင်းညီမင်းသား မှူးတော်မတ်တော် သူဌေးသူကြွယ် ပန်းတဉ်းဝန်,ပန်းတဉ်းအစုအမှုထမ်းတို့ ကြီးကြပ်စေပြီးလျှင် ဖိုတထောင်ဖြင့် တပြိုင်နက်ကျိုချက်စေ၍ သဘင်ပွဲလမ်း မင်းခန်းမင်းနား ကြီးကျယ်စွာ ခင်းကျင်းပြီးလျှင် ကိုယ်တော်တိုင် ရှေးဦးစွာ သွန်းလောင်းတော်မူပြီးနောက် မင်းညီ မင်းသား မှူးတော်

မတ်တော်တို့ သွန်းလောင်းကြရသည်၊ အမြင့်ပမာဏတော် ကိုးတောင့် နှစ်မိုက်, ထက်ဝယ် အချင်းပမာဏတော် ခုနစ်တောင့် တမိုက်လေးသစ်, စမ္မခဏ်နေရာတော် အချင်း ရှစ်တောင့်တမိုက် လေးသစ်, အမြင့်နှစ်မိုက် လေးသစ်, မောင်းတော်လုံးပတ် သုံးတောင့်နှစ်မိုက်လေးသစ်, လက္ခဏာတော် ကြီးငယ်တို့ဖြင့် ထင်ရှား တင့်တယ်သော ဘုရား ကိုယ်တော်မြတ် သဏ္ဌာန်တော်ကိုသွန်းလုပ်အောင်မြင်ပြီးပြေသည်။

အပြစ်အလျောက် ထောင်တန်းအကျဉ်းခံနေရသူတို့ကိုလည်း မဟာကုသိုလ်တော်ကြီး ပြုတော်မူသည့် မင်္ဂလာအခမ်းအနားနှင့် ကြိမ်ကြိုက်သည့် အခါဖြစ်၍ ဘေးမဲ့ချမ်းသာပေးတော်မူပြီးလျှင် အကျဉ်းကလွတ်၏၊ သွန်းလုပ်တော်မူသည့်နေ့ကစ၍ ပြီးပြေသည့်တိုင်အောင် သုံးရက်ပတ်လုံး မိုးအုံ့မှိုင်းခြင်း၊ တိမ်လွှာတိမ်ထပ် တခဲနက်တက်ခြင်း၊ မုန်တိုင်းလေပြင်းကင်းသဖြင့် လေညှင်း လေပြည် လာခြင်း၊ ပေါက္ခရဝဿ မည်သော မိုးကဲ့သို့ မိုးသေးမိုးဖွဲရွာခြင်း၊ ပြည်သူသတ္တဝါ အများ ရွှင်လန်းချမ်းသာခြင်း၊ နတ်လူအပေါင်းတို့ ကောင်းချီးပေးသောအသံ, စည်သံ, ခရသင်းသံ, မြေကြီးလျှင် ပဲ့တင်ရိုက်ကြည်းသောအသံတို့နှင့် တပြိုင်နက် အုတ် အုတ် ကျက်ကျက်ရှိခြင်း စသော အံ့ဘွယ်သရဲ ထင်ရှားစွာ ဖြစ်၏၊ သွန်းလုပ်အောင်မြင်တော်မူပြီးနောက် ပန်းတဉ်းဝန်ကိုချွန်းတောင်မြို့ကို မြို့စားပေးတော်မူသည်၊ ပန်းတဉ်းခေါင်း, ပန်းတဉ်းအမှုထမ်းလူတို့ကို ရွှေ ငွေ ထည်မျိုး အထိုက်အလိုက် ဆုပေးတော်မူ၏။

မြတ်စွာဘုရား ရုပ်ပွားတော်မြတ်ကိုလည်း ဆရာတော် သံဃာတော်တို့နှင့်တကွ မှူးမတ် ပညာရှိတို့ကို လျှောက်ထား ညှိနှိုင်း တိုင်ပင်ပြီးလျှင် "မဟာသကျသီဟ" ကမ္ဘည်းမော်ကွန်း တပ်တော်မူ၍ ရွှေနန်းတော်ကနံတော်သင့်မြတ်ရာ မဟာမြတ်မုနိစေတီအနောက် လေးထပ်ကျောင်းရာတွင် ကိန်းဝပ်တော်မူရန် ဘုံခုနစ်ဆင့် ရှိသော အုတ်ပြာသာဒ်ကို လုပ်ဆောင်ပြီးလျှင် ပန်းရန်တမော့ အကျော်တို့ကို အတုမရှိဆန်းကြယ်စွာ ကျောက်ဖြူပလ္လင်တော်ထုလုပ်စေ၍ ပင့်ဆောင်ပူဇော်ကိုးကွယ်တော်မူ၏။

နှောင်းတန်းခူးလဆန်း တဆဲ့နှစ်ရက်နေ့ သုံးဆယ်မြို့ကျေး ရေချမ်းအိုးတောက ပြည်လေးသင်း အောက်မားတော်များနှင့် အောက်ငင်ခဲ့သည့် အတိုင်းငါးတောင်, အစွယ်ပြင်ပေါ် နှစ်တောင်ခန့် ဆင်တော် ရောက်သည်ကို ဆင်ကျုံးသို့ ဆင်ဖမ်းသတင် ထွက်တော်မူ၏။ ။နှစ်စဉ်လွှဒါန်း

မြို အတာသဘင်မှစ၍ တဆွဲနှစ်ရာသီ သဘင်မင်းပွဲ အလှူတော်များကို လည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူ၏။

* သက္ကရာဇ် (၁၁၈၈) တထောင့်တရာ့ရှစ်ဆဲ့ရှစ်ခု တန်းခူးလဆန်း တဆဲ့ငါးရက် ဗုဒ္ဓဟူးနေ့ ညဉ့်တချက်တီးကျော် လေးနာရီသုံးပါဒ် အချိန် သင်္ကြန် ကျသည်၊ ၎င်းလပြည့်ကျော် သုံးရက် စနေနေ့သို့ အဝင် ညဉ့်နှစ်ချက်တီးကျော် ခုနစ်နာရီ ပါဒ်ပြည့်အချိန် အတာ နှစ်သစ် သက္ကရာဇ် (၁၁၈၉) တထောင့် တရာ့ ရှစ်ဆဲ့ ကိုးခုသို့ တက်သည်။

အထူးထူးသော တိုင်းကြီးပြည်ကြီး ထီးဆောင်း မင်းမျာ့းသခင်၊ ရွှေတွင်း, ငွေတွင်း, ဗဟ္ထမြားတွင်း, ပယင်းတွင်းစသော ရတနာအပေါင်းတို့၏ အရှင်၊ ရတနာပုံ ရွှေပြည်တော်ကြီးကို ရှေးဦးထက်မွန် တည်ထောင် ဘန်ဆင်းတော်မူသော ဆဒ္ဒန်ဆင်မင်းသခင်, ဆင်ဖြူမျာ့းရှင်, ပဒ္မမသဂ်ါယနာထင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရားထက်ထက်တော် အမိန့်တော်မြတ်နှင့် သက္ကရာဇ်(၁၂၂၉) တထောင့်နှစ်ရာ့နှစ်ဆဲ့ကိုးခု တော်သထင်းလဆန်း ငါးရက်နေ့ကစ၍ အထူးထူးသောရတနာတို့ဖြင့် တင့်တယ်ဆန်းကြယ်စွာသော မှန်နန်းထော်ရွှေ ဇေတဝန်ဆောင်တော်တွင် ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ, မူးမတ်ပညာရှိတို့နှင့် နိုင်းညီတိုင်ပင်ပြီးလျှင် အသင့်ယုတ္တိရှိရာ ကျောက်စာ, စာတမ်းစာဟောင်း, မော်ကွန်း, အမိန့်တော်, နေ့စဉ်မှတ်များနှင့်အညီ သက်ထက်စိုက်ဲ ရေးသားသည့် ဒုတိယ မဟာရာဇဝင်တော်ကြီး တတိယတွဲ ဤတွင်ပြီး၏။

၁၁၈၉—ခု

သမီးတော်ကို မြို့ပေးခြင်း၊ ကျိုင်းရုံးကြီးမြို့ရိုး အသစ်လုပ်ခြင်း၊ အမရပူရသို့ထွက်ခြင်းနှင့် တူတော်ကို ရှင်ပြုခြင်း

သက္ကရာဇ်(၁၁၈၉)တထောင့်တရာ့ရှစ်ဆဲ့ကိုးခု ကဆုန်လပြည့်ကျော် တရက်နေ့ သမီးတော် သိရိတိလောကမြတ်စွာကို ပန်းတောင်းမြို့၊ သလဲတန်းလျှော်၊ ရတနာကန္ထားတော်၊ ပတ္တမြား, စိန်, မြ စိမြိယ်သည့် ရွှေသားနန်းဆွဲ ကွမ်းအုပ်၊ ကျွန်မိန်းမ, လေး-ခမည်း ပေးတော်မူ၏။

ကဆုန်လပြည့်ကျော် တဆဲ့လေးရက်နေ့ နန်းမတော်ဒေရှင်မိဖုရားကို တောင်ငူမြို့ကို မြို့စားပေးတော်မူ၏။

နယုန်လဆန်း ခြောက်ရက်နေ့ ယောမြို့ကျေး ကျောက်စရစ်ကန်ချောင်းတောက စလင်းခုနစ်သင်း အောက်မာန်းတော်များနှင့် အောက်ငင်ခဲ့သည့် အတိုင်းငါးတောင့်, အစွယ်ပြင်ပေါ်တတောင်ခန့် ဆင်တော်ရောက်သည်ကို ဆင်ကျုံးသို့ ဆင်ဖမ်းသဘင် ထွက်တော်မူ၏။

နယုန်လဆန်း ရှစ်ရက်နေ့ ကျိုင်းရုံးကြီး သေဉ်ဝိဘွား ဒေါဘယား အမတ်တို့က အမရပူရ ပဌမမြို့တည်နန်းတည် မင်းတရားကြီးဘုရား လက်ထက် အမိန့်တော်နှင့် တည်လုပ်သည့်မြို့ ပျက်ပြားရှိသည်ကို ထပ်မံ ပြင်ဆင် တည်လုပ်ပါရမည့် အကြောင်းနှင့် လျှောက်ထားလာသည့်အတိုင်း အုတ်မြို့ တည်လုပ်စေ၏။

နယုန်လဆန်း တဆဲတရက်နေ့ အင်တောက်သာမြို့ကျေး နံသာတောက ပြည်လေးသင်း အောက်မာန်းတော်များနှင့် အောက်ငင်ခဲ့သည့် အတိုင်းငါးတောင့်, အစွယ်ပြင်ပေါ် တတောင်ခန့် ဆင်တော်၊ ၎င်းလပြည့်ကျော်ကိုးရက်နေ့ ငသရောက်မြို့ကျေး စိုင်ကန်တောက အဝကိုးသင်း အောက်မာန်းတော်များနှင့် အောက်ငင်ခဲ့သည့် အတိုင်းငါးတောင့်, အစွယ် ပြင်ပေါ် တတောင်ခန့် ဆင်တော် ရောက်သည်ကို ဆင်ကျုံးသို့ ဆင်ဖမ်းသဘင် ထွက်တော်မူ၏။

ယင်းသည့် နယုန်လပြည့်ကျော် တဆဲနှစ်ရက်နေ့ အမရပူရမြို့ မဟာဝိဇယရံသီဘုရားသို့ အဖူးအမြော် ထွက်တော်မူ၏။

ထိုနှစ် ဝါဆိုလဆန်းခြောက်ရက်နေ့ မလွန်မြို့စားမင်းသမီးလွန်သည်ကို အရှင်နှစ်ပါး ရွှေဝါနှင့်ထွက်တော်မူ၍ သင်္ဂြိဟ်တော်မူ၏။

ဝါဆိုလဆန်း တဆဲသုံးရက်နေ့ ညီတော် တောင်ငူမင်း-သား မောင်ဘိုးရောင်ကို ပဌမ ပဉ္စင်းလောင်းတော် ရှင်လောင်းတော်တို့နှင့် အတူသွင်းပြ၍ ရှင်သာမဏေ ပြုတော်မူ၏။

စန္ဒာမုနိဘုရားကို အမရပူရက အင်းဝသို့ ပင့်ဆောင်ခြင်း စသည်နှင့် တူတော်များကို ချီးမြှင့်ခြင်း

အမရပူရ ပဌမမြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီး သွန်းလုပ်ကိုးကွယ်တော်မူသည့် စန္ဒာမုနိဘုရားသခင်နှင့် ရဟန္တာအရှင်မြတ်တို့ကို အမရပူရမြို့တော်က ရတနာပူရမြို့တော်သို့ ပင့်ဆောင်မည်မှာ ဘိုးတော်မင်းတရားကြီးလက်ထက် သက္ကရာဇ် (၁၁၇၅) တထောင့် တရာ့ခုနစ်ဆဲငါးခုနှစ် မင်းကွန်းအလယ်ကျွန်းကအမရပူရမြို့တော်သို့ နှစ်စင်းတွဲဖောင်

တော်ကို ရွှေလောင်းလက်ပြည့်ရွှစ်စင်းငင်စေ၍ လှော်ကားတော်, လွှတော်, သားလွှ, ငှက်လွှ, ရွှလွှ ရွှေလောင်း, ကတ္တူလွန်းကျင်, ဇလာကပင်, ကူရွှပ်သမ္မန်မှစ၍ ခြံရံစေပြီးလျှင် တပ်ဝင်းအခင်းအကျင်း ကြည်းရေညွှတ်မျှ ခမ်းနားကြီးကျယ်စွာ ဖြစ်စေလျက် ပင့်ဆောင်တော်မူသကဲ့သို့ သက္ကရာဇ် (၁၁၀၉) တထောင့်တရာ့ရွှစ်ဆဲ့ကိုးခု ဝါခေါင်လပြည့်ကျော်ငါးရက်နေ့ ပင့်ဆောင်တော်မူပြီးလျှင် မဟာမြတ်မုနိ ဘုရားရွှေ ဘုံခုနစ်ဆင့် ရှိသော ရွှေပြာသာဒ်တော် အတွင်း ကျိန်းဝပ်စေ၍ အသီတိ ရဟန္တာရုပ်ပွားတော်များကိုလည်း တန်ဆောင်းနှင့်ချည်း ထားပြီးလျှင် ကိုးကွယ်တော်မူ၏။

သက္ကရာဇ် (၁၁၀၉) တထောင့်တရာ့ ရွှစ်ဆဲ့ကိုးခု နတ်တော်လပြည့်ကျော် ခုနစ်ရက်နေ့ တောင်ဝိုင်မြို့စား မိဖုရား သီရိမဟာနန္ဒာဒေဝီလွန်သည်ကို အရှင်နှစ်ပါး ရွှေဝါနှင့်ထွက်၍ သင်္ဂြိဟ်တော်မူ၏။

သက္ကရာဇ် (၁၁၀၉) တထောင့် တရာ့ ရွှစ်ဆဲ့ ကိုးခု တပို့တွဲလဆန်း တဆဲ့သုံးရက်နေ့ ရွှေစေတီတိုက်အတွင်း နန်းမတော်မိဖုရားခေါင်ကြီးက တည်လုပ်သည့် ကျောင်းဦးပြာသာဒ်ပါ အုတ်ကျောင်းတော်ကြီး ပြီးပြေရှိသည်ကို ကျောင်းတော်အနောက်မြေလပ်တွင် မင်းတဲကြီးစွာဆောက်လုပ်စေ၍ အရှင်နှစ်ပါးထွက်စံတော်မူပြီးလျှင် မင်းပွဲသဘင်ကြီးကျယ်စွာ ဖြစ်စေလျက် အရည်ဝါသီပုဂ္ဂိုလ်, ဂါမဝါသီပုဂ္ဂိုလ်,တံဆိပ်တော်ရ-မရဆရာတော် သံဃာတော်တို့အား လှူဒါန်းရန် ပရိက္ခရာ ရှစ်ပါးနှင့်တကွ ရဟန်းတို့အသုံးအဆောင် ပဒေသာပင်ရေ တရာကျော် လှူဒါန်းပြီးလျှင် ကျောင်းတော်ကို "အောင်မြေဘုံစံ" ကမ္ဘည်း တပ်တော်မူ၍ ပုညာဘိသိရိသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာမိ ရာဇဂုရု-တံဆိပ်တော်ရ ညောင်ကန်ဆရာတော်အား ရေစက်သွန်းချတင်လှူတော်မူ၏၊ ကုသိုလ်တော် အခမ်းအနားတွင်လည်း အရပ်ရှစ်မျက်နှာက လာရောက်သူတို့ကိုအဝတ်အစားအသုံးအဆောင်များစွာ စွန့်ကြဲ ပေးကမ်းတော်မူပြီးလျှင် ပွဲသဘင်ကြီးကျယ်စွာ ခံတော်မူ၏၊ အပြစ်အလျောက် ထောင်တန်းအကျဉ်း ခံနေရသည့် လူ ခြောက်ဆဲ့ရှစ် တို့ကိုလည်း ဘေးမဲ့ချမ်းသာ ပေးတော်မူ၍ အကျဉ်းက လွှတ်၏။

သက္ကရာဇ် (၁၁၀၉) တထောင့်တရာ့ရွှစ်ဆဲ့ကိုးခုတပို့တွဲလပြည့်ကျော် တဆဲ့သုံးရက်နေ့ ခေါင်းလောင်းတော် သွန်းလုပ်ရန် အလုပ်အဆောင် အခမ်းအနားပြီးပြေသည်ကို အမရပူရမြို့ မဟာဝိဇယရံသီ ကုသိုလ်တော်

ရွှေမြေလင်္ကာတွင် မင်းတဲကြီးစွာဆောက်လုပ်၍ ရတနာပူရ အဝမြို့တော်က အရှင်နှစ်ပါး ထွက်တော်မူပြီးလျှင် ပန်းတဉ်းဝန် ချုန်းတောင်မြို့စား နေမျိုးနန္ဒကျော်သူ ကြပ်မ၍ ပန်းတဉ်းအစုသား, ပန်းပဲအစုသားတို့ကို ကျိုချက် စေပြီးလျှင် ကြွေးချိန်သပြာ တသိန်းငါးသောင်း, အချင်း သံငါးတောင့်, အမြင့်သံငါးတောင့်နှစ်မိုက်, ဗုဒ္ဓန်တုပ် ခြင်္သေ့ရုပ်များနှင့် ခေါင်းလောင်းတော်ကြီးကိုသွန်းလုပ်တော်မူ၏၊ ထိုအခါ ရွှေနန်းတော်အတွင်း ကိုယ်တော်တိုင် ကြပ်မသွန်းလုပ်တော်မူသော မဟာ သက္ကသီဟဘုရား ရုပ်ပွားတော်သွန်းသည့်အခါကဲ့သို့ ပွဲလမ်းသဘင် ခံတော်မူသည်၊ ခေါင်းလောင်းတော်ကြီးကိုလည်း "မဟာမေရုမကုဋ္ဌဿဏ္ဍရာဇာ" ကမ္မည်းတပ်၍ မဟာဝိဇယရံသီဘုရားတံတိုင်းအတွင်း အရှေ့မျက်နှာက စီရင်ဆွဲထားတင်လှူတော်မူ၏။

သက္ကရာဇ် (၁၁၈၄) တထောင့်တရာ့ရှစ်ဆဲ့လေးခုနှစ်ကစ၍ စလင်းမင်းသား သီရိသုမဟာဓမ္မရာဇာက ရတနာပူရမြို့တော်တောင် ဟံသာဝတီတံခါးအထွက်ကသည် တံတားဦး မင်္ဂလာစေတီဘုရားရောက် တာငါးရာ အုတ်တံတားတည်လုပ်ပြီးပြေရှိသည်ကို ကုသိုလ်တော်ပွား-ဆက်သရာ "မဟာဇေယျပထ" ကမ္မည်းတပ်တော်မူ၍ ပန်းသေးမြစ်သာချောင်းတောင် မြေလင်္ကာတွင် မင်းတဲကြီးစွာ ဆောက်လုပ် ပြီးလျှင် သက္ကရာဇ် (၁၁၈၉) တထောင့် တရာ့ ရှစ်ဆဲ့ ကိုးခု တပေါင်းလဆန်း နှစ်ရက်နေ့ ထွက်စံတော်မူ၍ ပွဲသဘင်စုံ ခံတော်မူပြီးလျှင် ဆရာတော် သံဃာတော်တို့အား သီးမျိုးစုံပဒေသာပင်ရေ တရာကျော်များကို အရှင်နှစ်ပါး ရေစက်သွန်းချတော်မူ၏၊ မင်းညီမင်းသား မှူးတော်မတ်တော် တိုင်းသူ ပြည်သား တို့အားလည်း အထိုက်အလိုက် စွန့်ကြဲပေးကမ်းတော်မူ၏။

ထိုနှစ် တန်းခူးလဆန်းကိုးရက်နေ့ ညီတော် သာယာဝတီမင်းကိုယ်လုပ်သား မောင်ဘိုးတုတ် လွန်သည်ကို မင်းသားကြီးတို့သားသေလွန်ရာသင်္ဂြိဟ်သည့်နည်း သင်္ဂြိဟ်ရ၏။ ။သက္ကရာဇ် (၁၁၈၉)တထောင့်တရာ့ရှစ်ဆဲ့ကိုးခု တန်းခူးလဆန်း တဆဲ့သုံးရက်နေ့ ညီတော်သာယာဝတီမင်းသား သတိုးမင်းထင်နှင့် သားတော်များကို နားထွင်းမင်္ဂလာ ဆောင်တော်မူပြီးလျှင် သတိုးမင်းထင်ကို သီရိမဟာသုဓမ္မရာဇာ ဘွဲ့အမည်ကိုပေးတော်မူ၏။

သီရိမဟာသုဓမ္မရာဇာကို ဗောင်းကတ္တီပါနီ နဖူးစည်း ဇာဖောက်ရောင်ပြားခံ ဖောင်းသုံးရစ်, အလယ်သစ္စာပန်း တဆဲ့ရှစ်ပွင့်, ဖောင်း

အထက်အောက် သရဘီပွင့်, ရွှေအစိမ်းအဝါဘေ့ခြယ်, အကြားရောင်လင်းခံ ဖောင်းသုံးရစ်,အထက်အောက် ကြာတန့် ရွှေအစိမ်းအဝါဘေ့ခြယ်၊နောက်ချပ်ကြက်ရင်ဇာဖောက် အနားသရက်ကင်းရွှေအစိမ်းအဝါဘေ့ခြယ် ရောင်ပြားဇာဖောက်တဆင့်၊ တမာရွက်ထောင် တဆွဲရှစ် ရွှေအစိမ်းအဝါ ဘေ့ခြယ်၊ မြင်းနားသရက်ကင်း ဇာဖောက်ကြက်ရင် ရွှေအစိမ်းအဝါဘေ့ခြယ်၊ ဗောင်းသင်းကျစ်တပ်၊ ပန်းနားဆော်း၊ ရွှေစလွယ်တဆွဲရှစ်သွယ်၊ ဝတ်လုံ ရွှေဗုဒ္ဓန်ဆီ ရွှေသားပန်းပွင့်ဆွဲ ဘေ့ခြယ်၊ တုရင်ခြေတပ်၊ ဘဲရံသုံးဆင့်၊ လည်ရွဲပါ ဘွဲ့ဖြူနှစ်ဖက်မြိတ်သုံးဆင့်၊ ရွှေသားပန်းပွင့်ကြဲ ရွှေဘေ့ခြယ် အရှည်ခုနစ်တောင်, အနံတတောင်၊ ကွမ်းခွက်ရှစ်ထောင့်မှန်တပ် ပတ္တမြားနှစ်ရစ်စီ၊ ကွမ်းလိပ်သုံးမြွာမှန်တပ် ပတ္တမြားနှစ်ရစ်စီ၊ လက်ဘက်အိုးရှစ်ထောင့် မှန်တပ် ပတ္တမြားနှစ်ရစ်စီ၊ ရွှေထွေးအင်၊ ဓားအဆောက်အအိမ် ရွှေသားပိန်း အဆောက်ရင်းဖျားခွေးမ ပတ္တမြားကျောက်တန်းခြောက်၊ အတွင်းရောင်လင်းသမ္ဘာခွံ ထိပ် ပတ္တမြားမျက်ခြယ်၊ လက်ကိုင်ရောင်လင်း ရင်းဖျားခွေးမ ဆံပတ်ခုနစ်တန့် ပတ္တမြားသုံးရစ်စီ၊ ဆောင်းဓားမည်းသရီအိတ်သွတ်၊ ထမ်းစင်ခွက်ရွှေနှစ်စု အနီတစု၊ ခါးအနီ၊ ကျိုင်းရွှေထွတ် နှစ်၊ မြင်းကကိုင်း ညောင်ရွက်သုံး ရွှေဗုဒ္ဓန်ခွံမှမ်း နင်းနှင်းသိပ်၊ ထိကပေါက် အိမ်မြောင်ရင်ပတ်ကွင်း ဆက်ပါးကာ ရွှေဇဝါဝိန်း၊ ကတောင်ရွှေပိန်း၊ မြင်းကြိုး ဦးခက်ထိပ် ဆောင်း မြီးပျမ်းရင်ပတ်ကြိုး ကတ္တီပါရွှေကြယ်တပ်၊ စီးနှိုးကတ္တီပါ၊ ကတ္တီပါတင်ရမ်း ဆက်ရွှန်းသုံးဆင့် ရွှေယက်ပြားကွပ်၊ ဆင်ပေါင်းဝန်းနက် အချက်ရွှေ, ကတောင်ရွှေပြည့်ရေး၊ ကခွက်ရွှေတစု အနီနှစ်စု၊ ဆင်မြီဖုံးမိုးနဲရွှေလှံသုံးဆယ်၊ စည်နီခုနစ်၊ စည်ပုတ်တစ်၊ ပုံသာတစ်၊ လင်းခွင်းတစ်၊ ငွေခရာတစ်၊ ငွေခွဲကြိုးတစ်၊ ငွေခွဲငယ်နှစ်၊ ပေးတော်မူ၏။

ညီတော် သာယာဝတီမင်းသားတော် သုံးပါးမှာ မင်းရဲသီဟကျော်, မင်းရဲကျော်ထင်, မင်းရဲဇေယ-ဘွဲ့အမည်ကို ပေးတော်မူပြီးလျှင် ဗောင်းကတ္တီပါနီ ရွှေသားပန်းကိုး၊ တမာရွက်ထောင်ကိုး၊ ရွှေနားဆော်းကြက်ရင် အနားဆူးနှစ်ထပ်၊ ကတ္တီပါဝတ်လုံဘဲရံ ရွှေဖျင်တမိုက်တဆင့်တပ်၊ ဘွဲ့ဖြူရွှေမြိတ်ရှစ်သစ်၊ ရွှေစလွယ်တဆွဲနှစ်သွယ်၊ မှောက်တိုရွှေပိန်း၊ ရွှေကုံးစိန်ထောင်ကိုး၊ ရွှေထိပ်ရွှေထွတ် ငှက်မြတ်နား စိန်ပွင့်တဆွဲနှစ်၊ ပါးကာ နားကာ ရွှေကာ နောက်ကာ မောက်ရွ ပါလည်ကွေး ကတ္တီပါနီယက်ပြားသတ်၊ မျဉ်းတိုကတ္တီပါစိမ်းယက်ပြားသတ်၊ မျဉ်းရှည်ကတ္တီပါနီ

ယက်ပြားသတ်၊ ကွမ်းခွက်,လက်ဘက်အိုး, တကောင်းဝိတ် ရှစ်ထောင့် ပယင်းတပ်၊ ကွမ်းလိပ်သုံးမြှောပယင်းတပ်၊ ခားခွေးမ-ခွေးငယ်နောက် ဝိတ် ပဏ္ဍုမြားစီ၊ အိမ်မည်းသရိမ္ဗမ်း သံပတ်ခုနစ်တန့်ပဏ္ဍုမြားစီ၊ရင်းဖျားသဏ္ဍာဒါန်လေးသစ် ပဏ္ဍုမြားစီ၊ ဆွဲကြိုးပုတရက် ကန်တော့လက်ပံကွင်းအနားပဏ္ဍုမြားတရစ်စီ၊ ဆောင်ခေးမိုးကြိုးဆင် သဏ္ဍာလတ်အိတ်နီသွတ်၊ ထီးနီရှေ့ညောင်ရွက်သုံးဆင့် ညောင်ရွက်ရေ သုံးဆွဲခြောက်, အချက်အထွတ်ရွှေ, အရိုးရွှေကြီဆစ်၊ ကျိုင်းနှစ် အချက်အထွတ်ရွှေ၊အခုံအရွက် အရိုးအနီသုတ်၊ ထမ်းစင်ခွက် ဦးတဘက်ပါ ဘိနပ်ကုလားပန်း၊ အိမ်အတွင်းညောင်ရွက် အနားမန်းကျည်းရွက်, ဘဝါးအတွင်း ညောင်ရွက်, ဖောင်းထိပ်ဖယောင်းပွင့်, ပန်းလှကြာအတွင်း၊ ညောင်ရွက်အနား မန်းကျည်းရွက်၊ အတွင်းဘဝါး-ခါးပန်းကမ္ဘတ် ကြာနုတမြို့ခြိုး၊ ကမ္ဘတ်နားအတွင်းပြင်ပွတ်ခြမ်း၊ စက်ဝိုနန်းအတွင်းကြယ်၊ ကုလားပန်း ညောင်ရွက်တမြို့ခြိုး၊ ကြက်ရင် ကုလားပန်း အိမ်အတွင်းကုလားပန်း၊ ထောင့်ကျေးစေတိုင်,အဖြူမြင်းနား, လျှောက်ငါးဝန်း, ထုပ်သုံးဝန်း, ထုပြောက်အနီသုတ်၊ အရပ်တတောင့်တမိုက်လေးသစ်၊ ခါးပန်းစက်မှာ လက်ဝဲလက်ယာတဆယ်၊ ဦးလက်ဝဲလက်ယာနှစ်ဝန်း၊ ထုပ်ရှေနောက် ခြောက်ဝန်း၊ စက်အတွင်းဆင်စွယ်ကြယ်၊ စက်နားညောင်ရွက်ဆင်စွယ်၊ ကမ္ဘတ်နားအတွင်းပြင် ဆင်စွယ်ပွတ်ခြမ်း၊ ကြက်ရင်ကုလားပန်း အိမ်ဆင်စွယ်ငါးတန့်, ဦးသုံးတန့်, လည်သီး အထက်အောက် ဆင်စွယ်မှော်သေး၊ ကျေးစေတိုင် ဆင်စွယ်တပ်၊ ပန်းလှကြာအတွင်းညောင်ရွက်,အနားမန်းကျည်းရွက်၊ ဘဝါးအတွင်း ညောင်ရွက်ဆင်စွယ်၊ ဖောင်းထိပ်ဖယောင်းပွင့်ချက်ဆင်စွယ်၊ ဘိနပ်ကုလားပန်းအိမ်အတွင်းညောင်ရွက်၊ အနား မန်းကျည်းရွက်၊ ဘဝါးအတွင်းညောင်ရွက် ဆင်စွယ်၊ ထမ်းစင်ပေါင် ဆင်စွယ်ကိုးတန့်၊ မြင်းကကိုင်းညောင်ရွက်ခုနစ်၊ သမ္ဘာရာခွံရက်ဖောက် ကတောင်ဆွဲ၊ ဆက်ပါးကာ ရွှေဇဝါပိန်း နင်းနှင်းသိပ်၊ အိမ်မြောင်ရင်ပတ်ကွင်း ရွှေဇဝါ၊ ကတောင်ရွှေရေး စာမရိရုပ် ပန်းခက်ကိုက်, အနားသံလေးသစ် ရွှေဝိန်း၊ ဦးခက်ထိပ်ဆောင်းမြီးပျမ်း ရင်ပတ် သဏ္ဍာလတ်ကြိုး ရွှေကြယ်တပ်၊ စီးနှီးသဏ္ဍာဒါန်၊သဏ္ဍာလတ်တင်ရမ်း၊ဆက်ရွှန်းသုံးဆင့်၊ ဆင်ပေါင်းဝန်းအချက်အထွတ်ရွှေ, အမိုးရွှေတစုအနီတစု၊ ကတောင်ရွှေပြည့်ရေး၊ ကခွက်ရွှေတစု အနီတစု, ရဲကခွက်ရွှေတစုအနီတစု ကတောင်ရွှေပြည့်ရေး၊ အလံကျည်လှံကျည်ရင်းဖျား ရွှေတိုက်၊ဆင်ကြိုးသဏ္ဍာလတ်ဘဲကွပ်၊

စည်နီခုနစ်၊ စည်ပုတ် တစ်၊ ပုံသာတစ်၊ ငွေနဲ့ကြိုး နှစ်၊ ငွေနဲ့ငယ်တစ်၊ ခရာတစ်၊ လင်းခွင်းတစ်၊ လှော်ကားခိုနန်းငှက်ပျံချပ်,အလယ်တတောင့် လေးသစ်လှပ်၊ ဆံထုံးပရိတ်ချည် သုံးဆင့်၊ ဦးပဲ့တဘက်ပဲ့ဘီတုရင် အနီ၊ အမအထွတ် ဝတ်ဆံရွှေ၊ ညောင်ရွက်ရွှေထည့်၊ လုလင်တိုင်အနီ အဖြေပန်းဆုပ်၊ ပုံတိုင်လက်ခတ်နီ၊ အလံဘဲနီ, အထွတ်ရွှေ၊အလံရိုးအလံကျည် အနီသုတ်၊ ခဲကြိုးရွှေကန်တော့၊ အောင်းနီ ဦးတပွင့်ပဲ့နှစ်ပွင့်၊ တက်မအနီ၊ လှော်တက်ဖြူး ခင်တုရင် အမိုးအုံနီ၊မှုတ်ရိုးထောက်အနီသုတ်၊ လက်ရန်း အဖြေပန်းဆုပ်အနီ၊ ပွတ်လုံးအနီသုတ်ပေးတော်မူ၏။ ။နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲနှစ်ရာသီ သဘင်မင်းပွဲ အလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူ၏။

* သက္ကရာဇ် (၁၁၀၉) တထောင့်တရာ့ရှစ်ဆဲ့ကိုးခု တန်းခူးလပြည့်ကျော် တဆဲ့တရက်နေ့ည၌ တဆဲ့နှစ်ရက်သောကြာနေ့သို့ အဝင်သုံးချက်တီးကျော် ငါးနာရီတပါဒ်အချိန် သင်္ကြန်ကြသည်၊ ၎င်းလပြည့်ကျော် တဆဲ့ငါးရက် တနင်္ဂနွေနေ့ နံနက် တချက်တီးကျော် နာရီပြည့်အချိန် အတာနှစ်သစ် သက္ကရာဇ် (၁၁၉၀) တထောင့်တရာ့ကိုးဆယ်သို့ တက်သည်။

၁၁၉၀—ခု

ကောင်းတုံမြို့စား လွန်ခြင်း, သင်္ကန်းလှူခြင်း-စသည်နှင့် မှန်နန်းရာဇဝင်တော်ရေးသားခြင်း

သက္ကရာဇ် (၁၁၉၀) တထောင့်တရာ့ကိုးဆယ် ကဆုန်လပြည့်ကျော် တရက်နေ့ ကောင်းတုံမြို့စားသတိုးမဟာဥဇနာ, ငယ်မည်-သခင်မောင်မှ သေလွန်သည်ကို လှပကောင်းမွန်အောင် သင်္ကြိဟ်ရ၏။ ။နယုန်လဆန်း ခုနစ်ရက်နေ့ကစ၍ ရတနာပုရမြို့, အမရပုရမြို့, ဇေယျာပုရမြို့ များတွင် သီတင်းသုံးနေသည့် သာမဏေနှင့် တကွ တံဆိပ်တော်ရ-မရ ဆရာတော်သံဃာတော်တို့ကို သင်္ကန်းသပိတ်နှင့်တကွ ဆွမ်းလောင်းတော်မူ၏။

နယုန်လဆန်းရှစ်ရက်နေ့ စလင်းမင်းသား သီရိသု မဟာမဓုရာဇာဆောက်လုပ်သည့်ပြာသာဒ်နှင့်တကွ အုတ်ကျောင်းပြီးပြေသည်ကို အရှင်နှစ်ပါး ထွက်တော်မူ၍ ရေစက်သွန်းတော်မူ၏။

ဝါဆိုလဆန်းနှစ်ရက်နေ့ဆွမ်းတောင်မြို့ကျေး အုန်းကွန်းတောက ပြည်လေးသင်း အောက်မေးတော်များနှင့် အောက်ငင်သည့် အတိုင်းငါး တောင်, အစွယ်ပြင်ပေါ်တတောင်ခန့် ဆင်တော်ရောက်သည်ကို ဆင်ကျုံးသို့ ဆင်ဖမ်းသဘင်ထွက်တော်မူ၏။

ဝါဆိုလဆန်းတဆဲတရက်နေ့ နန်းမနော်မိဖုရားခေါင်ကြီးကို ပင်းမြို့ကို ပေးတော်မူသည်။ ။ဝါဆိုလဆန်းတဆဲသုံးရက်နေ့ပင်းတလဲမင်းသား-သား မောင်သာထွန်းအောင်ကို နားထွင်း မင်္ဂလာ ဆောင်တော် မူရာသင်းကျစ်ပါပတ္တမြားသျှောင်ကြားပေါက်ချိုက် သနားတော်မူ၍ ဆင်ယင်စေ၏။

တော်သလင်းလပြည့်ကျော်တဆဲတရက်နေ့ လက်ရွေးကြီး လှော်ကားတော်, လက်သစ်လှော်ကားတော်, ပြည့်လုံးအံ့လှော်ကားတော်, ရွေးကြီးလှော်ကားတော်များကို သိမ်းတော်မူပြီးလျှင် ချမ်းသာကြီးဘုရားသို့ အဖူးအမြော် ထွက်တော်မူသည်။

မန်းကွန်းပုထိုးတော်ကြီးဘုရားအနောက်မြောက်ယွန်း မဟာဗောဓိပင်မဟာရုံ တံတိုင်းအနီး တောင်ယံတွင် ဆောက်လုပ်တော်မူသော တောရဇေတဝန်ကျောင်းပြီးပြေရှိသည်ကို သိတင်းကျွတ်လပြည့်ကျော်တရက်နေ့ကြည်းတပ်ရေတပ် ခင်းကျင်းထွက်စံတော်မူ၍ ပွဲသဘင်စုံခံတော်မူပြီးလျှင် စစ်ကိုင်းတောင်ရိုး မင်းဝံတောင်ရိုးများတွင် သိတင်းသုံးနေသည့် အရည့ဝါသီ ဆရာတော်, သံဃာတော်တို့အား လှူဒါန်းရန် ပရိက္ခရာစုံများနှင့် ကျောင်းတော်ကို အရည့ဝါသီ ပုဂ္ဂိုလ်-သီလာစာရ သဒ္ဓမ္မာဘိဇမဟာဓမ္မရာဇာမိရာဇဂုရု- တံဆိပ်တော်ရ လက်ဝဲဆရာတော်အား ရေစက်သွန်းချ တင်လှူတော်မူ၏၊ ကျောင်းတော် ကိုလည်း "မဟာဝေယန်ဘုံသာ" ကမ္ဘည်းတပ်တော်မူ၏။

နှတ်တော်လဆန်း တဆဲလေးရက်နေ့ မင်းကြီး မဟာ သီဟသူရကို သတိုးမင်းကြီး မဟာမင်းခေါင်, မင်းကြီး သီရိမဟာဥဇနာ, မင်းကြီး မဟာမင်းလှရာဇာ, မင်းကြီးမဟာမင်းလှကျော်ထင်တို့နှင့် ဘက်၍ အဂ္ဂသေနာပတိဝန်ကြီး ခန့်တော်မူ၏။ ။ပြာသိုလဆန်းခုနစ်ရက်နေ့ ကောလင်းမြို့စား ဝန်ကြီး မင်းကြီးသီရိမဟာဥဇနာသေလွန်သည်ကို ကောင်းစွာ သင်္ဂြိဟ်ရ၏။

ထိုသတ္တရာဇ် တပေါင်းလအတွင်း စံကျောင်းတော် ဆောက်လုပ်ပြီးပြေ၍ သာသနာတော်ပြု ဆရာတော်ကို တင်လှူတော်မူရန် ရေစက်သွန်း

ထွက်တော်မူမည်ကို စံနန်းတော်, အလှူတင်းကုပ်, ပွဲခံထီးရုံ, တိုက်တန်း တဲ့ကန္ဒားမှစ၍ အလုံးစုံ အဆောက်အလုပ် ပြီးပြေလျှင် ဆဒ္ဒန်ဆင်မင့်း သခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း မရေတွက်နိုင်သော ဆင်, မြင်း,ရထား, ခြေသည်သူရဲ စစ်အင်္ဂါလေးပါး၊ ရွှေခြောက်တပ်,နောက် ခြောက်တပ် အခင်းအကျင်း, လက်ဝဲလက်ယာ မင်းခမ်းတော်, စကြာ တော်မှစ၍ နမန္တာဘက်, ဓာတ်ဘက်, ဆင်တပ်,မြင်းတပ်, တပ်မှူးကြီး, စစ်ကဲ,နာခံ, တပ်ရေး, တပ်အရာရှိစုံခန့်ထားခင်းကျင်းပြီးလျှင် မင်းတို့၏ ဘုန်းကြက်သရေအပေါင်းတို့ဖြင့်တင့်တယ်တော်မူလျက် မိဖုရားခေါင်ကြီး သမီးတော်နှင့်တကွ ရတနာထမ်းစင်တော်နှင့် ထွက်တော်မူ၏။

တပ်တော်ရှေကလည်း မင်းညီမင်းသား စော်ဘွားမြို့စားတို့ သနား တော်မြတ်ခံရသည့် ကျိုင်း,ဝေါ်, ထမ်းစင်, ဗောင်းဝတ်လုံစလွယ် ဆင် ယင်ကျင်းပ၍ တပ်စဉ်သင့်လိုက်ကြရ၏။

ဌင်းနောက် အမြောက်တပ်၊ ဌင်းနောက် မြင်းတပ်၊ ယင်းသည့်နောက် အဘိုးအနှဲ့ထိုက်သော အဆင်တန်ဆာစုံ ဆင်ယင်ပြီးလျှင် ဆောင်ယောင်ခမ်းနားနှင့်တကွ ဆင်မင်းအရာရှိတို့ ကြပ်မြီရုံလျက် ဆဒ္ဒန်ဆင် မင်းတပ်၊ ဝန်စုရနေရာနေ မှူးတော်မတ်တော်တို့လည်း သနားတော်မြတ် ခံရသည့် ဗောင်းဝတ်လုံဆင်ယင်ပြီးလျှင် ဓားယပ်စွဲကိုင်၍ ရတနာထမ်း စင်တော် ဝဲယာနောက်တော်လိုက်ကြရသည်၊မင်းမိဖုရား, ကတော်မယား များမှာလည်း သနားတော်မြတ် ခံရသည့် ထမ်းစင်မုတ်လှကန္ဒားဆောင် ယောင်ခမ်းနားများနှင့် ဆင်ယင်၍ အစဉ်သင့်နောက်တော်လိုက်ကြရ၏။

စံနန်းတော်သို့ ရောက်တော်မူလျှင် အတွင်းအငြိမ့်, ရပ်စုံ, မြန်မာ ဇာတ်ကြီး, ယိုးဒယားဇာတ်ကြီး, အတီးအက, ကျွမ်းထိုး, တိုင်တက်, လက်ဌေလက်ပမ်းမှစ၍ပွဲသဘင်စုံ ခံတော်မူပြီးလျှင် သက္ကရာဇ် (၁၁၉၀) တထောင့်တရာ့ကိုးဆယ် တပေါင်းလဆန်း တဆဲသုံးရက်နေ့ ဘုရား အမှူးရှိသော သာသနာပြုဆရာတော်, တံဆိပ်တော်ရ-မရ ဆရာတော် သံဃာတော်တို့အား ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းတို့အသုံးအဆောင် ပဒေသာပင်ရေတရာကျော်ကို ရတနာမဏ္ဍပ်အတွင်း အရှင်နှစ်ပါး ရေ စက်သွန်းချ လှူတော်မူ၍ ကျောင်းတော်ကို "မဟာအောင်မြေဘုံသာ" ကမ္ဘည်းတပ်တော်မူပြီးလျှင် မုနိန္ဒာဘိသိရိသဒ္ဓမ္မဇဇမဟာဓမ္မရာဇာဓိရာဇ ဂုရု-သာသနာပြု ဆရာတော်အား တင်လှူတော်မူ၏။ မင်းညီ မင်းသား မှူးတော်မတ်တော် တိုင်းသူပြည်သားတို့အား မစေ့မငေ့ရှိစေရ၊ အထိုက်

အလိုက် ပေးကမ်း စွန့်ကြဲတော်မူ၏၊ အပြစ်အလျောက် ထောင်တန်း အကျဉ်းခံနေရသူတို့ကိုလည်း ဘေးမဲ့ချမ်းသာ ပေးတော်မူ၍ အကျဉ်းက လွှတ်၏။ စံကျောင်းတော် သာဓု ခေါ်တော်မူပြီးနောက် စက်တော် တုံးတော်နှင့် မင်းညီမင်းသား မှူးတော်မတ်တော် ရပ်စုကွက်စုက စက် တုံးများကိုလည်း သွင်းပြ၍ ရင်းရဲဖောင်တော်ဆိပ် မြစ်မြောက်ဘက် သောင်ပြင်တွင် ရှိ.လွှတ်ကြရ၏၊ ဆဒ္ဒန်ဆင်မင့်းသခင်ဘဝရှင်မင်းတရား ကြီးဘုရားလည်း ရင်းရဲဖောင်တော်ဆိပ်ကပ်ချိဖောင်သို့ ထွက်စံတော်မူ ၍ စက်တုံးရှိ.လွှတ်သည်များကို ကြည့်ရှုတော်မူ၏။

ရတနာသိင်္ဃ မြို့တည်နန်းတည် အလောင်းမင်းတရားကြီးဘုရား လက် ထက် အသိန်းမကသော စစ်သည်ဗိုလ်ပါရဲမက်အပေါင်းတို့ဖြင့် ရာမည တိုင်းဖြစ်သော ပဲခူးနိုင်ငံအလုံးကို အသိမ်းအယူထွက်တော်မူရာ ဂူထွတ် မည်သော လွန်ဆေးမြို့အရပ်တွင် တာခုနစ်ရာကျော် သစ်မြို့ တည်လုပ် တော်မူ၍ မြန်အောင်မြို့ သမုတ်စံနေတော်မူပြီးလျှင် ဘိုးခေါင်ဆယ်ထပ် ငေါကိုးရပ်နှင့် တကွသော မြစ်အနောက်ဖက် တလျောက် မြို့ကျေးရွာ, ဥက္ကံသုံးဆယ်, ဘောလယ်, လှိုင်မြို့စသော မြစ်အရှေ့ဘက်တလွှား မြို့ပြ ကျေးရွာသူကြီး ခေါင်းအကြီးတို့က ဆင်ကြီးမြင်းကြီး သားသမီးလက်နက် ဘဏ္ဍာအဆက်အသခံတော်မူပြီးလျှင် ယင်းသည့်အတွင်း မြို့ပြ ကျေးရွာ ရဲမက်ဗိုလ်ပါတို့ကို မခန့်မထား၊ ဝင်းလေးမျက်နှာ အမှုထမ်း တို့နှင့် နောက်ပါ ကျွန်တော်ရင်း အတွင်းကိုယ်ရံတော်တို့ကိုသာ အုတ်လုပ်စေ ပြီးလျှင် ရွှေအုတ်ငွေအုတ် စီခင်းလျက် သက္ကရာဇ် (၁၁၁၆) တထောင့် တရာ့ တဆဲ့ ခြောက်ခု တန်းခူးလ အတွင်း ရှေ့ဆင်းတု - ငွေဆင်းတု၊ သတ္တဋ္ဌာန, အဋ္ဌဝိသဆင်းတုတော်၊ ဓမ္မစေတီတော်၊ သရီရဓာတ်တော်၊ မွေးတော်၊ ရွှေစေတီ၊ ငွေစေတီ၊ တရုပ်စိန်၊ မဟာစိန်၊ မင်းကောင်ရွှေ ရုပ်တော်နှင့် မိဖုရား သားတော်သမီးတော်၊ မှူးတော်မတ်တော်၊ ရတ နာ ဆင်ဖြူတော်၊ နဂါးပတ်ချွန်း ရိုးတော်၊ နတ်ယာဉ်ကျော် မြင်းတော်၊ ရတနာရွှေဖောင်တော်ကြီး သဏ္ဌာန်တော်၊ ရွှေတံခွန်-ငွေတံခွန်၊ ရွှေ ထီး-ငွေထီး၊ ရွှေပန်းတောင်-ငွေပန်းတောင်နှင့် ရွှေပေါက်ပေါက်-ငွေ ပေါက်ပေါက်၊ရတနာမျိုးတို့ဖြင့်ပြီးသော ရတနာနားခွေင်းတော်ထည့် သွင်းပူဇော်တော်မူ၍ အရှည်ဒန္ဒစမိုက်,အနံခြောက်သစ်, အချိန်ခုနစ်ကျပ် တမတ် ငွေပြားတွင် ကမ္ဘည်း ရေးသားပြီးလျှင် သာသနာတော် ငါး ထောင်ပတ်လုံးတည်စိမ့်သောဌာဌပနာတိုက်သွင်းတော်မူ၍ စေတီတော်

ကိုလည်း "မြန်အောင်ဘုံသာ" ကမ္ဘည်းတပ်တော်မှူ၍ ရွှေပေ ကမ္ဘည်း တွင်လည်း စေတီတော်ကို နောင်သောအခါရန်သူမျိုးငါးပါး ဖျက်ဆီး ယိုယွင်းရှိလျှင် ငါကဲ့သို့ တန်းခိုးလက်ရုံးဘုန်းအာဏာစက် ရှိကုန်သော သားတော် မြေး,မြစ် မင်းကောင်တို့သည် ဤရွှေပေကမ္ဘည်းတွင် ကြည့်ရှုကြ၍ အသစ်ပြင်ဆင်တည်လုပ်ရစ်စေသတည်း-ဟုပါရှိသည်၊ ထို မြန်အောင်ဘုံသာဘုရား-နှစ် သက္ကရာဇ်ရှည်ကြာသည်နှင့် မြစ်ကမ်းပြိုပျက်ရာ ဓာတ်တော်,မွေးတော်,ရုပ်တုတော်,ဆင်းတုတော်မှစ၍ ဌပနာရင်းရွှေပေ ကမ္ဘည်းများကို ပင့်ဆောင် သိမ်းထားရကြောင်းနှင့် မြန်အောင် မြို့သူကြီး စည်သူရာဇရွှေတောင် လျှောက်ထားလာသည်ကို သက္ကရာဇ် (၁၁၉၀) တထောင့်တရာ့ကိုးဆယ် နှောင်းတန်ခူးလပြည့်ကျော်ခုနစ်ရက်နေ့ဆဒ္ဒန် ဆင်မင်္ဂြိုးသခင် ဘဝရှင်မင်းတရားကြီးဘုရား ဖောင်တော်, လှေတော်, သမ္မန်တော်များနှင့် စစ်ကိုင်းမြို့ရောက် ကြိုဆို ပင့်ဆောင်ပြီးလျှင် ဌပနာရင်းဓာတ်တော်, မွေးတော်များပြင် ဓာတ်တော်,မွေးတော်, ရုပ်တုတော် အများ ထပ်ဖြည့် ဌပနာတော်မှူ၍ သင့်ရာပြောင်းလဲ့ တည်လုပ်ရမည်-အဓိန္ဓတော်နှင့်ထုံးအင်္ဂတေအဘိုးလက်ခငွေ ပေးအပ်ပြီးလျှင် မြန်အောင် မြို့သူကြီး စည်သူရာဇရွှေတောင်ကို ကြပ်မတည်လုပ်စေ၏၊ "မြန်အောင် ဘုံသာ" ကမ္ဘည်းထပ်၍တပ်တော်မူ၏၊နောက်ပြောင်းရွှေတည်လုပ်တော် မူသည့်အကြောင်းအရာများကိုလည်း ကမ္ဘည်းကျောက်အက္ခရာ ရေးသား၍ စိုက်ထားရ၏။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ သဘင်မင်းပွဲ အလှူတော်များကိုလည်း လစဉ်မပြတ်စီရင်ခင်းကျင်း လှူဒါန်းတော်မူ၏။

* သက္ကရာဇ် (၁၁၉၀) တထောင့်တရာ့ကိုးဆယ် ကဆုန်လဆန်း ကိုးရက် စနေနေ့ နံနက် တချက်တီးကျော် ငါးနာရီ သုံးပါဒ အချိန် သင်္ကြန်ကျသည်၊ ၎င်းလဆန်း တဆဲ့တရက် တနလ်ာနေ့ ညနေသုံးချက်တီးကျော်နာရီပြည့် နှစ်ပါဒအချိန် အတာနှစ်သစ် သက္ကရာဇ် (၁၁၉၁) တထောင့်တရာ့ကိုးဆဲ့တခုသို့တက်သည်။

၁၁၉၁-ခု

လောကမာန်အောင် စေတီတော်ဒါယကာ တနင်္ဂနွေမင်းလက်ထက် ငစဉ့်ကိုင်သူဌေးသား ငကုလားရေးသည့်ရာဇဝင်ကြီးဟောင်းသည် ကျမ်း ဂန်ပါဠို, စားတမ်းစာဟောင်း, ကျောက်စာ,ရတု, ရကန်, ဇေးချင်း, မော်

ကွန်း,သမိုင်းများနှင့် မညီမညွတ်သည်ကို သက္ကရာဇ် (၁၁၉၁)တထောင့် တရာ့ကိုးဆဲ့တခု နယုန်လဆန်း တရက်နေ့ကစ၍ ရဟန်းပညာရှိ, လူပညာရှိ, ပုဏ္ဏားပညာရှိတို့ကို စည်းဝေးစေပြီးလျှင် ဘဝရှင် မင်းတရားကြီး ကိုယ်တော်တိုင်မှန်နန်းတော်ဦး နန်းမစနေ့ဆောင်တော်တွင် ကျမ်းဂန်ပါဠိအဋ္ဌကထာအရှိ ကျောက်စာ, စာတမ်းစာဟောင်း, ရတု, ရကန့်, ဒေးချင်း, မော်ကွန်း, သမိုင်းများနှင့် ညီညွတ်သုတ်သင်စီရင်တော်မူသည့် [မှန်နန်းတော် မဟာရာဇဝင်တော်] ထုဝ်ရေးငါး,တွဲရေသုံးဆဲ့ရှစ်တွဲများကို စီကုံးရေးသား၍ သုံးနှစ်ကျော် လေးနှစ်လောက်မှ ပြီးသောဟူ၏။

ရုပ်ပွားတော်ထုလုပ်ရန် ကျောက်တော်ကြီးကို ယူဆောင်ခြင်း စသည်နှင့် အင်္ဂလိပ် သံရောက်ခြင်း

ဆဋ္ဌန်ဆင်မင့်း သခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း မဟာသက္က သီဟ ရုပ်ပွားတော်ကို ကိုးကွယ်တော် မူပြီးနောက် တခဲနက် ကျောက်အတိ ဖြစ်သော မြတ်စွာဘုရား ကိုယ်စား တော်စား ရုပ်ပွားဆင်းတု ထုလုပ် ကိုးကွယ်တော်မူလိုသည်ကို စကျဉ်တောင်သို့ ကျောက်တော် အရှာအဖွေ အကြည့်အရှု စေလွှတ်မည် ရည်ကြံတော်မူ၍ ထိုနေ့ညဉ့် မျောက်မျဉ်းစက်ပျော်စဉ် ဝတ်ကောင်းသန့်စင်နှင့် မထင်ရှားသော ယောကျ်ားတဦး လာ၍ "ဆင်ဖြူရလိမ့်မည်၊ ဘုန်းတော်ကြီး၍ သက်တော်ရှည်လိမ့်မည်-လျှောက်တင် ကွယ်ပျောက်သွားသည်ကို" မြင်မက်တော်မူသည်၊ မျက်လဲစင်တော်မူလျှင် အိပ်မက်တော်အလိုကို ဖတ်တော်မူသည်မှာ ဘုရားရုပ်တု ထုလုပ် ကိုးကွယ်တော်မူမည် ကြံဆောင်တော်မူသည့် အတွင်း တင်လျှောက် ပြသော ယောကျ်ား တဦး ဟူသည် သာသနာတော်စောင့် နတ်ကောင်း နတ်မြတ်ပင် အမှန် ယူသင့်သည်-အမိန့်တော်ရှိပြီးလျှင် ကိုးကွယ်ထိုက်သော ဘုရားရုပ်ပွားတော် ထုလုပ်ရန် ကျောက်တော်ရှိရာ စကျဉ်တောင်အရပ်ကို သိကျွမ်း နားလည်သူ ကျော်စဉ်တိုက်စာရေး ကျော်စွာသိဟနော်ရထာကို စေလွှတ်၍ တောင်ထက်ဝန်းကျင်ရှာဘွေစေရာ အရှေ့မျက်နှာတောင်ယံထိပ်တွင် ကျောက်ကြီးသုံးလုံးရံလျက် အရှည်အတောင်နှစ်ဆယ်ခန့် ကျောက်ဖျာကြီးတခု ထီးရွက်ကဲ့သို့ ကျောက်တော်ကြီးကိုအုပ်လျက် အလျားတဆဲ့ငါးတောင်အနံ ကိုးတောင့်နှစ်မိုက်, ထုခြောက်တောင့်နှစ်မိုက်, ရုပ်ပွားတော်ထုလုပ်

လောက်သည့် ကျောက်တော်ကြီးကို တွေ့မြင်သည်နှင့် ရွှေဘဝါးတော်အောက်သို့ လျှောက်ထားလာသည်ကို ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း လူသုံးဦးတို့ ဖူးကြစရာ-ဧရာဝတီမြစ်အနီး စကျဉ်တောင်တွင် ပေါ်ထွက်ရှိသည့် ရတနာဆယ်ပါးအဝင် သဃင်းဇာတိကျောက်တော်သည် သာသနသိုက်ကြိုက်သဖြင့် ဘုန်းတော်ကြောင့် ရသော ထူးမြတ်သော ကျောက်တော်ဖြစ်၍ ဆောင်ယူရန် ငွေတော်ထုတ်ပေးပြီးနောက် ကျောက်တော်တူးဖော်မည့်သူတို့ကို ဆုအထိုက်အလိုက် သနားတော်ခံစေပြီးလျှင် ကျေးရွာနေ လူတို့နှင့် ကျော်စဉ်တိုက်စာရေးကျော်စွာသီဟနော်ရထာတို့ ကြပ်မနီးဆော်၍ တောစောင့်နတ် တောင်စောင့်နတ် အပေါင်းတို့ကို တင်ကြားပသလျက် သက္ကရာဇ် (၁၁၉၁) တထောင့်တရာ့ကိုးဆဲ့တခုနယုန်လဆန်းတဆဲ့ငါးရက်နေ့ကစ၍ အပေါ်တွင်အုပ်လျက်ရှိသည့်ကျောက်ဖျာနှင့် ကာဆီးရှိသည့်ကျောက်ကြီးသုံးလုံးကို ဖြတ်ခွဲတူးလှန် လွှဲဖယ်ပြီးနောက် ကျောက်တော်ကို ချဆောင်ရန် စွတ်ဖား, တလိမ့်, ကုတ်သစ်, မောင်းသစ်, စက်တိုင်, စက်ကြိုးမှစ၍ အလုပ်အဆောင် ပြီးပြေလျှင် ထိုသက္ကရာဇ် ဝါခေါင်လဆန်း ကိုးရက်နေ့ နေ့နှစ်ချက်တီးအချိန် ရှေးဦးလက်မွန် ချဆောင်စေရာ အခိုးအလျှံထွက်ခြင်း, ကောင်းကင်အလုံး မြူခိုး တိမ်တောင် တိမ်လွှာ တိမ်ထပ် လျှပ်ပန်း လျှပ်စစ်တို့ဖြင့် ထစ်ကြိုးသော အသံဖြစ်ခြင်း, မြေကြီးငလျင် ငဲ့ထင်ခတ်လျက် ဘော်လည်းဆံတို့ဖြင့် တောင်အလုံး လှုပ်ခြင်းစသော အံ့ဘွယ်သရဲဖြစ်လျက် တာပေါင်းသုံးဆယ်ကျော် တောင်ယံကမ်းသို့ လျှောဆင်းရှိသည်ကို ဝါခေါင်လပြည့်ကျော် တဆဲ့တရက်နေ့ မတ္ထရာဆည်ဝန် မဟာနန္ဒရာဇ်, ငစဉ့်ကူးမြို့ဝန် နေမျိုးရဲခေါင်နော်ရထာ, ငစဉ့်ကူးမြို့စစ်ကဲ,ဆည်စာရေးတို့ကြပ်မ၍ မတ္ထရာ ကျော်စဉ်တိုက် ကွပ်ရွာတောင် ကုလားမြို့ကျေးရွာနယ် ငစဉ့်ကူးမြို့နယ် အထွင်းရှိ လူခြောက်ထောင်ကျော်တို့နှင့် ထပ်မံဆွဲဆောင်ရာ မလိုက်မပါရှိနေပြန်သည်နှင့် ကျောက်ကြီးကျောက်ငုတ် ခလုတ်ကုန်းကျင်း မည်ညွတ်သည်များကို ပြင်ဆင်ပြီးလျှင် သဇဉ်ညှာမြတ်စွာဘုရား ရပ်ပွားတော် ထုလုပ်ကိုးကွယ်ရန် အမိန့်တော်နှင့် ပင့်ဆောင်ရသည့်ကျောက်ဘော်ဖြစ်သည်၊ နတ်ကောင်းနတ်မြတ်တို့ ကူညီမစသင့်ကြောင်းနှင့် တိုင်တန်းပသဆွဲငင်စေရာ မိုးဖွဲလေချမ်း ဆွတ်ဖျန်းလျက် တာပေါင်းငါးဆယ်ကျော် နီလာတောင်အရှေ့ စည်သူကန်အနီး တောင်ခြေရင်းသို့ ဆိုက်ရောက်၏။

ထိုအကြောင်းအရာများကို မတ္တရာဆည်ဝန်, ငစဉ့်ကူးမြို့ဝန်တို့လျှောဲ့ထားကြားသိတော်မူလျှင် ကျောက်တော်ကို အကြည့်အရှုထွက်တော်မမူမီ ဝန်ကြီး, ဝန်ထောက်, စာရေးကြီး, နန်းကံကျွေးဝန်, အရွှတ်ဝန်တို့အလျင်သွားရှေ့ တင်ဆောင် စီစဉ်စေ၏၊ ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ထိုသတ္တရာဇ် သိတင်းကျွတ်လဆန်း လေးရက်နေ့ မိဖုရားခေါင်ကြီးနှင့်တကွ ရှိမ်းမကားရွာ စံနန်းတော်ဆို ကြည်းတပ်ရေတပ် ခင်းကျင်းထွက်စံတော်မူ၏။

ယင်းကမှ စကျဉ်တောင်ဆို ထွက်တော်မူ၍ မြေတ်စွာဘုရား ရုပ်ပွားတော် ထုလုပ်ရန် ကျောက်တော်ကြီးကို ကြည့်ရှုတော်မူပြီးလျှင် ငရဲနှိမ်စား ဝန်ကြီး မင်းကြီးကျော်ထင်, ဝန်ထောက် မဟာမင်းထင်စည်သူ, စာရေးကြီး နေမျိုးမင်းလှရာဇကျော်, ကျော်စဉ်တိုက် မတ္တရာခံညီဝန်, ငစဉ့်ကူးမြို့ဝန်, နန်းကံကျွေးဝန်, အရွှတ်ဝန်တို့ကို ကျောက်တော်ကြီး အကြီးအကြပ် ခန့်ထားတော်မူ၍ ရွှေမြို့တော်သို့ ဝင်တော်မူ၏။

ငရဲနှိမ်စားဝန်ကြီးနှင့် ကျောက်တော် အကြီးအကြပ် အရာရှိတို့လည်း ကျော်စဉ်တိုက် မတ္တရာဆည်ရေသောက် ကျေးရွာ, ငစဉ့်ကူးမြို့ ကျေးရွာနေ လူသုံးထောင်ကျော်တို့နှင့် ထိုသတ္တရာဇ် ပြာသိုလပြည့်ကျော်ငါးရက်နေ့ကစ၍ တပို့တွဲလပြည့်ကျော်ကိုးရက်နေ့တိုင်အောင်ရာ ရက်ပေါင်းသုံးဆဲ့လေးရက်နှင့် မြွေတောင်ရွာမြောင် မြစ်ဆိပ်သို့ ရောက်၏။

ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ဖုသျှနက္ခတ်နှင့် စန်းယှဉ်သည့်အခါ ပြည်သူသတ္တဝါ အပေါင်းတို့ အကျိုးစီးပွားများစေခြင်း-လောကတ္ထစရိယ အကျိုးကို ထောက်တော်မူ၍ သတ္တရာဇ် (၁၁၉၁) တထောင့်တရာ့ကိုးဆဲ့တခု ပြာသိုလပြည့်ကျော် တရက်နေ့ ရတနာပုရ မြို့တော်တောင် မြစ်သာချောင်း မြောက်ဖက် ကုန်းသာယာအရပ်တွင် ဝတ်လဲတန်ဆောင်း, ပရိတ်နာတန်ဆောင်း, ဂြိုဟ်ကိုးပါးတန်ဆောင်းမှစ၍ အခမ်းအနား ခန့်ထားလုပ်ဆောင်ရန် ရှိသည်များကို ဖုသျှသင်္ကြန်ခေါ် စာတမ်းစာရင်းထွက်အတိုင်း ခန့်ထားလုပ်ဆောင်စေပြီးလျှင် ရွှေခြောက်တပ် နောက်ခြောက်တပ် အခင်းအကျင်း များနှင့် ထွက်တော်မူ၍ အရှင်နှစ်ပါး ဖုသျှသင်္ကြန် ခေါ်တော်မူ၏၊ သပြစ်သေဒဏ်ထိုက်၍ ထောင်တန်း အကျဉ်းခံနေရသူ ယောကျ်ားမိန်းမ လူပေါင်း ခြောက်ဆယ်ကျော်တို့ကိုလည်း ဘေးမဲ့ချမ်းသာ ပေးတော်မူ၍ အကျဉ်းက လွှတ်တော်မူ၏။

ပြာသိုလပြည့်ကျော် ရှစ်ရက်နေ့ ယောမြို့ကျေး ရဲထူးတောက စဝင်း ခုနစ်သင်း, မင်္ဂလာလေးသင်း အောက်မားတော်များနှင့် အောက်ငင် ခဲ့သည့် အကိုင်းငါးတောင်ခန့် ဟိုင်းဆင်းတော်ရောက်သည်ကို ဆင်ကျုံး သို့ ဆင်ဖမ်းသဘင် ထွက်တော်မူ၏။

တပို့တွဲလဆန်းခြောက်ရက်နေ့ သုံးထောင်နယ် ပန်းညိုတောက အဝ ကိုးသင်း အောက်မားတော်များနှင့် အောက်ငင်ခဲ့သည့် အတိုင်း ငါး တောင့်, အစွယ်ပြင်ပေါ် နှစ်မိုက်ခန့် ဆင်တော်ရောက်သည်ကို ဆင်ကျုံး သို့ ဆင်ဖမ်းသဘင် ထွက်တော်မူ၏။

သက္ကရာဇ် (၁၁၉၁) တထောင့်တရာ့ကိုးဆဲ့တခု နှောင်းတန်းခူးလ ဆန်း တဆဲ့ငါးရက်နေ့ နန်းမတော် မိဖုရားခေါင်ကြီးက ဆောက်လုပ် ကိုးကွယ်သည့် အောင်မြေဘုံစံအုတ်ကျောင်း ဆရာတော် ပုညာဘိသီရိ သဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု - ဘဝပြောင်းသည်ကို အဓရပူရမြို့ တည်နန်းတည် မင်းတရားကြီးဘုရားလက်ထက် မင်းအိုဆရာတော် ဘဝ ပြောင်းရာ သင်္ဂြိဟ်သည့်နည်း အခမ်းအနား ကြီးကျယ်စွာ လုပ်ဆောင် ပြီးသျှင် အရှင်နှစ်ပါး ရွှေဝါနှင့်ထွက်၍ သင်္ဂြိဟ်တော်မူ၏။ ။နှစ်စဉ် လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ သဘင်မင်းပွဲ အလှူတော် များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူ၏။

* သက္ကရာဇ် (၁၁၉၁) တထောင့်တရာ့ကိုးဆဲ့တခု တန်းခူးလပြည့် ကျော်လေးရက် တနင်္ဂနွေနေ့ ညနေ သုံးချက်တီးကျော် ခြောက် နာရီတပါဒအချိန် သင်္ကြန်ကျသည်၊ ၎င်းလပြည့်ကျော် ခြောက် ရက် အင်္ဂါနေ့ ညဉ့်တချက်တီးကျော် တနာရီ ပါဒပြည့်အချိန် အတာ နှစ်သစ်သက္ကရာဇ် (၁၁၉၂) တထောင့်တရာ့ကိုးဆဲ့နှစ်ခု သို့ တက်သည်။

၁၁၉၂-ခု

ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီး ဘုရားလည်း မြတ်စွာ ဘုရား ရှပ်ပွားတော်ထုလုပ်ရန် ကျောက်တော်ကြီးကို မင်းကွန်း စံနန်း တော်ရောက်ထွက်စံကြွိုယူတော်မူမည်မှာ-အလောင်းစည်သူမင်းကြီးသည် ကျွန်းဦး ဇမ္ဗုသပြေပင်ရောက် ထွက်တော်မူ၍ ဟဲခနက် ကျောက်အတိ ပြီးသော ရှင်ဖြူရှပ်ပွားတော်ကို ပင့်ဆောင်သောအခါကဲ့သို့ ထွက်တော်

မမူမိ တရက်နေ့ တပ်ဦးတော်က သာသနာပြုဆရာတော် အမှူးရှိသော တံဆိပ်တော်ရ ဆရာတော် တကျိပ်နှစ်ပါး, နောက်ပါ ရဟန်းသာမဏေ သုံးကျိပ်လေးပါးတို့ကို အလုပ်အကျွေး အကြီးအကြပ်များနှင့် ဖောင်တော်သုံးစင်းတွင် တပ်ဆောင် ကြွသွားစေပြီးမှ သတ္တရာဇ် (၁၁၉၂) တထောင့်တရာ့ကိုးဆဲ့နှစ်ခု ကဆုန်လပြည့်ကျော် နှစ်ရက်နေ့ ကြည်းကြောင်း ဆင်, မြင်း,ရထား, ခြေသည် စစ်အင်္ဂါလေးပါး၊ ရေကြောင်း ဖောင်တော်, လှေတော်, သမ္မန်တော်မှစ၍ အသိန်းမကသော သားလှေ ငှက်လှေ, ရွှေလှေ,ရွှေလောင်း မြစ်ကြောင်းပြည့်မျှ မိဖုရားခေါင်ကြီးနှင့် တကွ မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော် အပေါင်း ခြံရံ၍ သိကြားနတ်မင်းအသရေကို ဆောင်တော်မူလျက် မင်းကွန်းစံနန်းတော်ရောက် ထွက်တော်မူ၏၊ ရေအား ကြည်းအားထွက်တော်မမူမီ ကဆုန်လဆန်းငါးရက် တနလ်ာနေ့ မြေကြီးငလျင် ပြင်းစွာလှုပ်၏။

ယင်းသည့် ကဆုန်လပြည့်ကျော်တရက် သောကြာနေ့ည လေးချက်တီးအချိန် မင်းကွန်းစံနန်းတော် အနောက်တောင်ထောင့်တောင်ယံထိပ်တွင် ဆောက်လှူတော်မူသော လက်ဝဲဆရာတော် သီတင်းသုံးနေသည့် ကျောင်းကို မိုးကြိုး နတ်စက်ပြ၏။ ယင်းသည့် အကြောင်း အရာကိုလည်း ပညာရှိတို့က ဘေးတော် ဒေဝါနံပိယ တိဿမင်း လက်ထက် ထူပါရုံစေတီ၌ ဌပနာရန် ဓာတ်တော်များကို သုမနသာမဏော ဆောင်ယူ ရောက်သောကာလ မိုးကြိုး သည်းစွာရွာကြောင်း, မိုးကြိုး နတ်စက်ပြကြောင်းများကို ကျမ်းဂန် ထွက်ရှိသည်နှင့် အညီ ရွှယ်ရည်တော်မူသမျှ အကြိမ်တော်အတိုင်း ပြည့်စုံမည် ဖြစ်ပါ၍ ထက်သန်သော သဒ္ဓါတော် ဇောအဟုန်ကို ကောင်းချီးပေးသော အခြင်းအရာဖြင့် နတ်စက်မိုးကြိုးပြခြင်း, မဟာပထဝီမြေ လှုပ်ခြင်းစသော နတ်ကောင်းနတ်မြတ်တို့ပြသော အံ့ဘွယ်သရဲသော တိတ်နိမိတ် ဖြစ်ကြောင်းများနှင့် မင်္ဂလာစကား မင်္ဂလာရတု လျှောက်ထားကြ၏။

ကျောက်တော်ကြီးအကြိုအယူခန့်ထားသည့်မှူးတော်မတ်တော်အရာရှိတို့လည်း ကျောက်တော်ကြီးကို ပြည်ကြီးမွန်ဖောင်တော်, ကရဝိက်ဖောင်တော် လုပ်ဆောင်ရန် နှစ်စင်းတွဲဖောင်တော်ထက် ဘုံကိုးဆင့်ရှိသော ရွှေပြာသာဒ်အတွင်း ဝိတ်ဖြူမျက်နှာကြက် ကြာယပ်လှဇရွဲများနှင့် ဆောံလုပ် တင်ဆောင်ပြီးလျှင် ခတ်လှော လေးစင်းနှင့် ဆွဲငင် ပင့်ဆောင်ခဲ့ရာ တံဆိပ်တော်ရ ဆရာတော်သံဃာတော်တို့ကိုလည်း ခတ်လှော လှော်လှော

များနှင့် ဖောင်တော်ဝယာ ပင့်ဆောင်လိုက်ရ၏၊ ဆဒ္ဒန်ဆင်မင့်း သခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း ထိုသတ္တရာဇ် ကဆုန်လပြည့်ကျော် လေးရက်နေ့ မင်းကွန်းစံနန်းတော်က သမ္မန်တော်တွင် ရွှေစက်တော် တင်၍ ကြည်းတပ် ရေတပ် အခင်းအကျင်းနှင့် စပါးတောကျွန်း ရောက် ထွက်တော်မူ၍ကြိုယူတော်မူ၏၊ နေပြည်တော် ရတနာပုရမြို့က မင်းကွန်း စံနန်းတော်ရောက် ထွက်တော်မူရာ ဝယာမြစ်စဉ် မြို့ကျေးရွာ များက လည်း ညောင်ရေအိုးပန်းစိုက်, ထီး,တံခွန်, ကုက္ကား, မုလေးပွားတို့ဖြင့် ပူဇော်၍ ပွဲသဘင်စုံ ခင်းကျင်းတီးမှုတ် ကခုန်ကြိုယူကြရ၏။

ယင်းသို့ ပွဲသဘင်ကြီးကျယ်စွာ ဖြစ်စေလျက် မြတ်စွာဘုရား ရှင်ပွား တော် ထုလုပ် ကိုးကွယ်ရန် ကျောက်တော်ကြီးကို မိဖုရားခေါင်ကြီးနှင့် တကွ ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရား ကိုယ်တော်တိုင် ကြပ်မ ဆောင်ယူတော်မူရာ မင်းကွန်း ရှားရောင်းရွာ ဆိပ်ကမ်းအထက် ရောက်ခါနီးတွင် အနောက်တောင်ထောင့်က မိုးရောလေပါ မုန်တိုင်း ကြီးစွာကျ၍ သစ်ပင်တောင်ကမ်း တိမ်းလည်းဘနန်း လာပြီးမှ ကျောံ တော်ကြီးတင် ဖောင်တော်အနီးအပါးသို့ရောက်ကာလ မာရ်မင်း လက် နက်သည် ဘုရားရှင့်ရွှေစက်တော်အောက်ရောက်လျှင် ပူဇော်ရာဖြစ်သကဲ့ သို့ အရွှေမြောက်အရပ်သို့လွှဲလေ၏၊ နောက် များမကြာမြင့်မီ မင်းကွန်း ရွာ ကွန်းထောက်အနီးခေါင်းလောင်းတော်ကြီး တင်သောဆိပ်သို့ ဆိုက် ရောံသည်၊ထိုတွင်သုံးရက်ရပ်ဆိုင်းပြီးလျှင်ပင့်ဆောင်တော်မူရာသတ္တရာဇ် (၁၁၉၂) တထောင့် တရာ့ ကိုးဆဲ့နှစ်ခု ကဆုန်လပြည့်ကျော်တရက်နေ့ နေ့နှစ်ချက်တီးကျော်အချိန်မြစ်ငယ်ဝသန်လျက်ကျွန်းထိပ် မုဇ္ဈမတံခါးနှင့် ဆီတည့် ကျောက်တော်တင်ဆိပ်သို့ ဆိုက်ရောက်၏၊ ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ကွန်းထောက်နန်းတော်တွင် သုံးနာရီ ခန့်စံတော်မူ၍ ရွှေနန်းတော်သို့ ဝင်တော်မူ၏၊ယင်းသည့် ကျောက်တော် ကြီး မြောင်ရွာမြစ်ဆိပ်က တချိန်တခါတည်း ချဆောင်ရာလည်း မြောင် ရွာတွင် တထောက်, ငစဉ့်ကိုင်တွင် တထောက်, မင်းကွန်းစံနန်းတော် တွင် တထောက် အမြောက်သံကြားရ၏။

ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီး ဘုရားလည်း ကျောက် တော်ကြီးကို မြစ်ဆိပ်က ရွှေမြို့တော် မြို့ကြီးအတွင်း ဘုံကျော်ကျောင်း တိုက်ရှေ့ ကိုးကွယ်တော်မူမည့် တန်ဆောင်းရောက် ပင့်ဆောင်တော် မူ မည်ကို သာသနာပြု ဆရာတော်အများရှိသော ဆရာတော် သံဃာတော်

မင်းမိဖုရား မင်းညီမင်းသား မှူးတော် မတ်တော် သူဌေး သူကြွယ် ထီး ဆောင်းနန်းနေ ပဒေသရာဇ် စော်ဘွားမြို့စား ဆင် မြင်း အလုံးအရင်း ဗိုလ်ပါရဲမက်အပေါင်းတို့ဖြင့် ကိုယ်တော်တိုင် ကြပ်မတော် မူပြီးလျှင် ကျောက်တော်ကြီးကို ရွှေမြို့တော်မုဏ္ဍမတံခါးပြင်ကသည်ကိုးကွယ်တော် မူမည့် တန်ဆောင်းရောက် မြို့တွင်းမြို့ပြင် ရပ်စု ကွက်စု များတွင် စည်, မောင်း, နှဲ, ခရာ, ပတ်သာ, ဒုန်မင်းမှစ၍ အကြိုအယူ ပွဲလမ်းသဘင်စုံ စည်ပင်သာယာအောင် ခံစေလျက် အတွင်းကိုယ်ရံတော် အမှူထမ်း လူလေးထောင့်လေးရာ, နေပြည်တော်က အညာတပြင်မြို့ကျွေးရွာ လှေအမှူထမ်း လူသုံးထောင့် ရှစ်ရာ့ ခြောက်ဆယ်, စုစုအမှူထမ်း လူရှစ်ထောင့် နှစ်ရာ့ငါးဆယ်ကျော်တို့ကို သက္ကရာဇ် (၁၁၉၂) တထောင့်တရာ့ကိုးဆဲ့ နှစ်ခု ကဆုန်လပြည့်ကျော် တဆဲ့ငါးရက်နေ့ကစ၍ နယုန်လပြည့်ကျော် နှစ်ရက်နေ့တိုင် ရက်ပေါင်း တဆဲ့ရှစ်ရက် အတွင်း ကိုးရက်နား၍ ဆွဲငင်ပင့်ဆောင်ရာ ရက်ပေါင်းကိုးရက်နှင့် တန်ဆောင်းသို့ဆိုက်ရောက်၏။

ထိုလုပ်တော်မူရန် ပုံစံမှာ …အထုအလုပ် မှူဒ္ဓ ကောင်းမွန် တင့်တယ်စွာ ထုလုပ်တတ်သူ ကျောက်ဆတ်ခေါင်း ကျောက်ဆတ်အမှူထမ်းတို့ကို ရွေးချယ်ပြီးလျှင် နန်းကံကျွေးဝန် နေမျိုးစည်သူ, ကင်းစား ရွှေတောင်ဇေယနော်ရထာတို့ကို ကြပ်မစေ၍ အချိုးအစား စံနစ် ပေးအပ်ပြီး ထုသုပ်စေ၏၊ ဘဝရှင် မင်းတရားကြီး ဘုရားလည်း ထုလုပ်ရာ အရပ်သို့ မပြတ် ထွက်တော်မူ၏။ ။ထုလုပ်ပြီးပြေလျှင် ဆရာတော် သံဃာတော် မှူးမတ်ပညာရှိတို့နှင့် တိုင်ပင်တော်မူ၍ နံတော်ကြိုက်ညီရာ "မဟာသကျရံသီ" ကမ္ဘည်းတပ်မှတ်တော်မူ၍ အုတ်ရိုးပြာသာဒ်နှင့် သိမ်တော်အတွင်း သွင်းထား ကိုးကွယ်တော်မူ၏။

သက္ကရာဇ် (၁၁၉၂) တထောင့်တရာ့ကိုးဆဲ့နှစ်ခု နယုန်လပြည့်ကျော် တဆဲ့နှစ်ရက်နေ့ ရန္တိုစာချုပ် သတ္တမခန်းတွင်ပါသည့်အတိုင်း ဇာန္ဒြိယ တိုင်း အင်္ဂလိပ်မင်းက ဆက်သရန် လက်ဆောင်တော် များနှင့် ကုလား မယ်စယ်ဘော်ရနီ ရွှေဘဝါးတော်အောက် လာရောက်သည်ကို မြေနန်း တော်တွင် အဖူးအမြော် အဆက်အသ ခံတော်မူပြီးလျှင် ရွှေမြို့တော် အနောက် ဆင်ကျုံးအနီး တိုက်အိမ်တွင် ချထားနေထိုင်စေ၏။

ထိုနှစ်ပဌမဝါဆိုလပြည့်ကျော်တရက်နေ့ အုန်းကွန်းနယ် ထိုးကြိုးတောက အဝကိုးသင်း, မင်္ဂလာလေးသင်း အောက်မားတော်များနှင့် အောက်ငင်ခဲ့သည့် အတိုင်းလေးထောင်ကျော် ပဉ္စုပတ္တိဆင်မတော် ရောက်သည်

ကို ဆင်ကျုံးသို့ ဆင်ဖမ်းသဘင် ထွက်တော်မူ၏။ ။ဝါခေါင်လပြည့်ကျော် ခြောက်ရက်နေ့ တလုပ်မြို့ကျေး ရွာကမ်းဖြူတောက အဝကိုးသင်း, မင်္ဂလာလေးသင်း အောက်မားတော်များနှင့် အောက်ငင်ခဲ့သည့် အတိုင်း ငါးတောင်, အစွယ် ပြင်ပေါ် တတောင်ခန့် ဆင်တော်၊ အတိုင်း လေးတောင်,အစွယ်ပြင်ပေါ် နှစ်မိုက်ခန့် ဆင်တော်ရောက်သည်ကို ဆင်ကျုံးသို့ ဆင်ဖမ်းသဘင် ထွက်တော်မူ၏။

ယွန်းကြီးမင်းက လွတ်သောသံများ ရန်ကုန်သို့ရောက်လာခြင်း စသောအကြောင်းအရာများ

အထက်ယွန်းကြီးမင်းက ကာထွေလံ, ဒူဟတ်ပြိန်တို့ကို သံအကြီးပြု၍ သက္ကရာဇ် (၁၁၈၄) တထောင့်တရာ့ ရှစ်ဆဲ့လေးခုနှစ် လာရောက်သည်တွင် ရွှေဘဝါးတော်အောက်က ဖက်ခန့်စေလွှတ်ပြန်သွား၊ ဒုံနိုင်ဝန်ကြီး ထံရောက်လျှင် ဆက်သရန် ရှိခိုး လက်ဆောင်တော် ရာဇဆံစာများနှင့် ရဲလွှေဝန်, ပင်လယ်ဗိုလ်မှူး, ရွှေတိုက်စိုးတို့ကို စေလွှတ်သည့် သံတို့နှင့် သံဖက်ခန့်ပြန်လာရာ လမ်းခရီး မသာမယာ အဖြောင့်အမတ် မပေါက် မရောက်ရှိသောကြောင့် သက္ကရာဇ် (၁၁၉၂)တထောင့်တရာ့ကိုးဆဲ့နှစ်ခု သီတင်းကျွတ်လဆန်း တဆဲ့နှစ်ရက်နေ့ ယွန်းကြီးမင်းက ထပ်မံ စေလွှတ်သည့် သံအကြီးဝွမ်မြို့ဝန်ဟီတံ, သင်းဘောစီး ဟွန်ပေါ်ဝေ, စကားပြန် ပူတကော လူမျိုး အံထော်နီမံန္တယ်, ဗိုလ်ဟွန်ပု, စစ်ကဲ ဟွန်းခန်း, နာခံ ဟွန်းတွေမိတို့ ဟံသာဝတီမြို့သို့ ရောက်လာ၍ အကြောင်းအရာများကို မေးရာ ကျွန်တော်တို့နှင့် ယွန်းလူမျိုး လေးဆယ်, သင်းဘောတစင်း, ဗိုလ်ငယ်ခုနစ်၊ ယွန်းလူမျိုး ခုနစ်ဆယ်, သင်းဘောတစင်း, သုံးပင်တိုင် သင်းဘောနှစ်စင်းနှင့် ထွက်လာ၍ ဘင်္ဂလားမြို့သို့ရောက်လျှင် ကုမ္ပဏီက အကြောင်းအရာ မေးကာလ ကုန်သင်းဘော မဟုတ်ပါ၊ ဘင်္ဂလားမြို့ ရန်ကုန်မြို့ ဆိပ်တော် ကမ်းတော် သာယာကြောင်းများကို ကြားသိ၍ ယွန်းပြည်က ထွက်လာသည်တွင် လမ်းခရီး လေးလနှင့် ရောက်ပါသည်-ပြောဆိုပြီးနောက် ထွက်လာခဲ့ရာ ပင်လယ်ပြင်သို့ရောက်ကာလ လေပြင်းမုန်တိုင်း တွေ့မိသည်နှင့် သင်းဘောနှစ်စင်း အနက် ဗိုလ်ငယ်ခုနစ်နှင့် ယွန်းလူမျိုး ခုနစ်ဆယ်စီးသည့် သုံးပင်တိုင်သင်းဘော ကွဲပြားလွင့်သွားမည်သည့် မြို့ရွာဆိပ်ကမ်းသို့ ရောက်သည်များကို မသိခဲ့ပါ၊ ကျွန်တော်တို့စီးသည့် သင်းဘော တစင်းသာ နိုင်ငံတော် ဟံသာဝတီမြို့ ဆိပ်ကမ်းသို့

ရောက်ပါသည် ပြောဆိုပြီးလျှင် မြန်မာအရှင် နေထွက်ဘုရင့်အလံတော်ကို ရိုသေစွာ နှုတ်ဆက် အပြောက်သံ တဆွဲတချက် ပေးလိုပါသည်၊ ဟံသာဝတီဝန်ကြီးထံ လျှောက်ထား၍ ယွန်းကြီးသင်းဘောက နှုတ်ဆက် အပြောက်သံ တဆွဲတချက် ပေးစေ၏၊ ရန်ကုန်မြို့ ဖောင်တော်တံတားက လည်း နုတ်ဆက်အပြောက်သံ တဆွဲတချက်ပေးစေ၏၊ သင်းဘောတွင် ပါသည့် ယွန်းကြီး ဆံတို့ကိုလည်း အစားအစာ ပေးကမ်းပြီးလျှင် ရှက် အဒူလာတိုက်အိမ်တွင် ချထား နေထိုင်စေ၏။

ယွန်းအကြီးဥမ္မိုဝန်ဟိတံ, ယွန်းသင်းဘောစီး ဟွန်းပေါဝေ, စကား ပြန် ပူတကေလူမျိုး အံထော်နီမံန္တယ်တို့ကို အရာရှိအစုံအညီနှင့် ရုံးတော်တွင် စစ်မေးပြီးလျှင် စစ်ချက်, ထွက်ချက်, တင်စာ, လျှောက်စာ များနှင့် ရွှေဘဝါးတော် အောက်သို့ အခွန်ဝန် မင်းငယ်စည်သူကို စေလွှတ်၍ လျှောက်ထားလာ၏။

ယင်းသည့် အကြောင်းအရာကို ရွှေနားတော် ကြားတော်မူသည်တွင် အထက်လာရင်း သံကာထွေလံ, ဒူဟတ်ပြိန်တို့နှင့် သံ-ဖက်ခန့်သွား စေသည့်လူတို့ ပျက်လင်ကြန့်ကြာရှိသည့်အကြောင်းနှင့် ယွန်းကြီးမင်း မူးမတ်တို့ကို ပေးရန်စာ, လာလူတို့ကိုပေးရန် အထည်အလိပ်များကို စာရင်းရန်ထား၍ ဟံသာဝတီဝန်ကြီးက သင့်အောင် မှာထား ပြန်သွားစေ-အမိန့်တော်နှင့် ဟံသာဝတီဝန်ကြီးက ယွန်းကြီးမင်း မူးမတ်စစ်သူကြီးမင်းများ သို့ပေးရန် စိကုံး ရေးသားသည့်စာကား....

သုနာပရန္တတိုင်း, တမွဒိပတိုင်း အစရှိသော အရှေ့မျက်နှာ တိုင်းကြီး ပြည်ကြီးထီးဆောင်း မင်းအပေါင်းတို့ကိုအစိုးရတော်မူသော ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင့်းသခင် ဆင်ဖြူများရှင် အဿဘဝရှင်မင်းတရားကြီးဘုရား ပဒုမာကြာမုံနှင့် တူသော ရွှေစက်တော်စုံကိုအမြဲဦးထိပ်ထက်ဆင်ရွက်၍ နိုင်ငံတော်တောင်မျက်နှာ အရံသုံးဆွဲနှစ်မြို့နှင့်တကွ ဟံသာဝတီ ပြည်ကြီးကို အုပ်ချုပ်ရပ်နေစီရင်ရသော အရေးဝိုင် အဂ္ဂမဟာ သေနာပတိ ဝန်ရှင်တော် စစ်သူကြီးမင်းမင်းကြီး မဟာ မင်းလှရာဇာ ကြားလိုက်သည့်-ယွန်းကြီးမင်း မူး မတ်စစ်သူကြီးမင်းတို့-ယွန်းကြီးမင်းတိုင်းပြည်နှင့်မြန်မာနေထွက်ဘုရင်အရှင့်တိုင်း ပြည်သည် အမရပူရမြို့တည် ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီး ဘုရားလက်ထက်တော်ကပင်မဟာမိတ်ဖြစ်လို၍ နိုင်ငံတော်အရှေ့မျက်နှာ

ကျိုင်းရုံး, ကျိုင်းတုံလမ်းက မှူးမတ်အဆောင်တော်မြို့တို့ကို စေပါသည်၊ လမ်းခရီးအထောက်အလှမ်းမသင့်မပေါက်မရောက်ကြသည်နှင့်ရွှေလက်ထက်တော်တွင် ယွန်းကြီးပြည် ဒုံနိုင်ဝန်ကြီးက ကာထွေလံ, ဒူဟတ်ပြုန်တို့ကို စေပါထောက်လှမ်း၍ သက္ကရာဇ် (၁၁၈၃)တထောင့်တရာ့ရှစ်ဆဲ့သုံးခု ဆိပ်ကမ်းတော်သို့လာရောက်သည်ကို ရွှေပြည်တော်သို့ ဆန်တက်စေ၍ အကြောင်းအရာ အလုံးစုံမျိုးကို မေးမြန်း ပြီးလျှင် သက္ကရာဇ် (၁၁၈၄) တထောင့်တရာ့ရှစ်ဆဲ့လေးခု ယွန်းကြီးမင်းသို့ ပေးရန်လက်ဆောင်များနှင့် အမှုထမ်း နေမျိုးသီရိရာဇဂုဏ်ရာတ်, နေမျိုး သီဝကျော်စွာ, သိဒ္ဓိနော်ရထာ, သီရိစန္ဒနော်ရထာ, ဂုဏ်ရာသီရိနော်ရထာ တို့ကို ဆံဖက်ခန့်စေလွှတ်သည်။

ဒုံနိုင်ဝန်ကြီးနှင့် တွေ့ကြိမ်ကြ၍ ပြည်ကြီးနှစ်ပြည် မိတ်ဆွေအမြဲဖြစ်စေကြောင်းကို ယွန်းကြီးမင်းကရဲလှော်နှန်,ပင်လယ်ဗိုလ်မှူးရွှေတိုက်စိုးစာရေးတို့နှင့် ဆံဖက်ခန့်စေလွှတ်လာရာ လမ်းခရီး အဖြောင့်အမတ် မရောက်ပျက်လပ်ရသည်၊

နောက်ကို မဟာမိတ်ဆွေ ဆက်လက်စေပါလိုသော်လည်း လမ်းခရီးမသင့်-သင့်ရာလမ်းက ပေါက်ရောက်အောင် စေလွှတ်မည် ရှိသည်တွင် သက္ကရာဇ် (၁၁၉၂) တထောင့်တရာ့ကိုးဆဲ့နှစ်ခု သီတင်းကျွတ်လဆန်းတဆဲ့သုံးရက်နေ့ နိုင်ငံတော် ဟံသာဝတီ ရန်ကုန် ဆိပ်တော်သို့ ယွန်းကြီးမင်းအမှုထမ်း မြို့ဝန်ဟိတံနှင့် လူပေါင်းလေးဆယ် ဆိုက်ရောက်သည်ကို မဟာမိတ်ဆွေအဖြစ်ကောင်းမွန်စွာကြိုဆိုဆောင်ယူပြီးလျှင် တိုက်အိမ်နေရာ အစားအစာ ပြည့်ဝလုံလောက်အောင် ချထားပေးကမ်း နေစေသည်။

မြို့ဝန်ဟိတံ လာရောက်သည့်အကြောင်းအရာ အလုံးစုံ မေးမြန်း ပြန်ဆိုချက်များကို ရွှေနားတော်ကြားလျှောက်ထားသည်တွင် ယွန်းကြီးမင်းတိုင်းပြည်နှင့် မြန်မာမင်းတိုင်းပြည်သည် အရှည်မဟာမိတ် ဖြစ်ကြ၍ နှစ်တိုင်းနှစ်ပြည် ကုန်သည်ဆင်းရဲသားတို့ ကူးသန်းသွားလာ ဖောက်ကားရောင်းဝယ်လျက် ရွှေလမ်းငွေလမ်းပေါက်ရောက်အောင် ဟံသာဝတီဝန်ကြီးက မှာထားစေ-အမိန့်တော်ကို ဦးထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ယွန်းကြီးမင်းအမှုထမ်း မြို့ဝန်ဟိတံတွင်ယွန်းကြီးမင်းစစ်သူကြီးမင်းများသို့ ပေးရန် လဲချားအုပ် လေး၊ လဲချားအစ်ကြီး လေး၊ လဲချားအုပ် ခြေမြင့်

လေး၊ လက်ချိတ်ပုဆိုးလေး၊ ပလာပုဆိုး လေး၊ ရေနံအိုးလုံးရေ တရာ၊ လက်ဆောင်တော်များနှင့် သက္ကရာဇ် (၁၁၉၂) တထောင့်တရာ့ကိုးဆဲ့ နှစ်ခု တန်ဆောင်မုန်းလဆန်းခြောက်ရက်နေ့ အခွန်ဝန်မင်းငယ်စည်သူကို ပေးအပ်ပြန်လာစေသည်။

မြို့ဝန် ဟိတံပြန်ချက်တွင် ယွန်းကြီးပြည်နှင့်တရပ်ဥဒည်မင်းပြည် မိတ်ဖြစ်ကြောင်း, ယိုးဒယား ပြည်နှင့်လည်း မိတ်ဆွေ ဖြင်ကြကြောင်းများကို ကြားသိရသည်၊ ယွန်းကြီးမင်းပြည်က တိုင်းကြီး ပြည်ကြီးချင်း မိတ်ဆွေ ဖွဲ့သကဲ့သို့ မြန်မာမင်းတိုင်းပြည်နှင့် တရပ်ဥဒည်မင်းတိုင်ပြည်လည်း မိတ်ဆွေအစစ် ဖြစ်ကြသည်။

ယိုးဒယားတိုင်းပြည်နှင့်မှာ ရှေးအထက်က ခိုက်ရန်ဖြစ်ဘူးကြသည်၊ လက်ထက်တော် ဆယ်နှစ်ကျော် တဦးကိုတဦး ခိုက်ရန် ဖြစ်ဘူးကြသည် မရှိ မင်းတို့၏ ရာဇပြကတော့ဖြစ်သော ရဇ္ဇင်ခုနစ်ပါးတွင် သခါဟူသော ပြည်ထောင်ဖက်ချင်း မင်းတို့အဆွေခင်ပွန်း ရှိအပ်ကြောင်းကို စာပေ ကျမ်းဂန် ထွက်ရှိသည်နှင့်အညီ စာတွင်ပါသမျှ အကြောင်းအရာ များကို ယွန်းကြီးမင်းမှာ လျှောက်ထား၍ နေ့ရက်မကြာ သံစေလွှတ်လာစေမည့် အကြောင်း, ယွန်းကြီးမင်းက စေပါရောလာလျှင် နှစ်တိုင်းနှစ်ပြည် အကျိုးစီးပွားများမည့်အကြောင်းကို ကြားလိုက်သည်။

ယင်းသည့် မှာစာ လက်ဆောင်များကို အတင်တလျှောက် လာသူ အခွန်ဝန်မင်းငယ်စည်သူသို့အပ်၍ပြန်သွားစေ၏၊ရန်ကုန်ဝန်ကြီး မင်းကြီး မဟာမင်းလွှာဇာကလည်း ယွန်းသင်းဘောစီးလူတို့ကို ထင်းရေစားနပ် ရိက္ခာ လုံးလောက်အောင်ပေး၍ သက္ကရာဇ် (၁၁၉၂) တထောင့်တရာ့ ကိုးဆဲ့နှစ်ခု တန်ဆောင်မုန်းလပြည့်ကျော်ငါးရက်နေ့ ပြန်သွားစေ၏။

နှစ်စဉ်လှူဒါန်းမြဲအတာသဘင်မှစ၍တဆဲ့နှစ်ရာသီသဘင်မင်းပွဲ အလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူ၏။

* သက္ကရာဇ် (၁၁၉၂) တထောင့်တရာ့ကိုးဆဲ့နှစ်ခု ကဆုန်လဆန်း တရက် တနလ်ာနေ့ ညတချက်တီးကျော် ခြောက်နာရီ သုံးပါဒ အချိန် သင်္ကြန်ကျသည်၊ ၎င်းလဆန်းလေးရက် ကြာသပတေးနေ့ သို့အဝင် ညဉ့်သုံးချက်တီးကျော် တနာရီ သုံးပါဒအချိန် အတာ နှစ်သစ် သက္ကရာဇ် (၁၁၉၃) တထောင့် တရာ့ ကိုးဆဲ့ သုံးခုသို့ တက်သည်။

၁၁၉၃–ခု

သက္ကရာဇ် (၁၁၉၃) တဆောင့်တရာ့ကိုးဆဲ့သုံးခု နတ်တော်လဆန်း ဆယ်ရက်နေ့ တောင်တွင်းကြီးမြို့ကျေး ရန်ဘယ်ချောင်းတောက၊ အဝကိုးသင်း, ရဲပတိုင်းလေးသင်း အောက်မားတော်များနှင့် အောက်ငင်ခဲ့သည့် အတိုင်း ငါးတောင်, အစွယ်ပြင်ပေါ် တတောင်ခန့် ဆင်တော်ရောက်သည်ကို ဆင်ကျုံးသို့ဆင်ဖမ်းသဘင် ထွက်တော်မူ၏။

ယင်းသည့်သက္ကရာဇ် ပြာသိုလဆန်း သုံးရက်နေ့ အာသန်မြို့ အရံမတောက်စော်ဘွား, တိုးလျားစော်ဘွားတို့က ဆက်သည့် သမီးကညာသေလွန်သည်ကို ကောင်းမွန်စွာ သင်္ကြိုဟ်ရ၏။ ။နှစ်စဉ်လှူဒါန်းမြဲအတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ သဘင်မင်းပွဲ အလှူတော် များကိုထည်းလစဉ်မပြတ် စီရင်ခင်းကျင်းလှူဒါန်းတော်မူ၏။

* သက္ကရာဇ် (၁၁၉၃) တဆောင့်တရာ့ကိုးဆဲ့သုံးခု တန်းခူးလဆန်း တဆဲ့တရက် ဗုဒ္ဓဟူးနေ့အဝင် ညဉ့်သုံးချက်တီးကျော် ခုနစ်နာရီ တပါဒ်အချိန် သင်္ကြန် ကျသည်၊ ၎င်းလဆန်း တဆဲ့သုံးရက် သောကြာနေ့ နေ့တချက်တီးကျော်နှစ်နာရီတပါဒ်အချိန် အတာနှစ်သစ် သက္ကရာဇ် (၁၁၉၄) တဆောင့် တရာ့ ကိုးဆဲ့ လေးခုသို့ တက်သည်။

၁၁၉၄–ခု

သရောဒယကျမ်း, ဇောတိသတ္ထကျမ်းစသော လောကီကျမ်းနှင့်အညီ ဘုန်းတော်ကြီး၍ သင်္ကတော်ရှည်စေရာသော ဂြဟာသုန္ဒိ အစီအရင်ကို စီရင်သင့်ကြောင်းနှင့် ပညာရှိတို့ လျောက်ထားချက်အတိုင်း သက္ကရာဇ် (၁၁၉၄) တဆောင့်တရာ့ကိုးဆဲ့လေးခု ကဆုန်လပြည့်ကျော် တဆဲ့တရက်နေ့ အရှင်နှစ်ပါး ဂြဟာသုန္ဒိသင်္ကြန် ခေါ်တော်မူ၏။ ။နယုန်လဆန်း တဆဲ့ငါးရက်နေ့ ပင်းတလဲမြို့စား မင်းသမီး သီရိရတနာ ပဘာဝတီ သေလွန်သည်ကို အရှင်နှစ်ပါး ရွှေဝါနှင့် ထွက်တော်မူ၍ သင်္ကြိုဟ်တော်မူ၏။

ထိုသက္ကရာဇ် နတ်တော်လဆန်းခြောက်ရက်နေ့ ရှေး ဘေးလောင်းတော် ဘိုးလောင်းတော်တို့လက်ထက် ဖွဲ့စည်းသည့်အစုအငန်း, ရွှေလက်ထက်တော် ဖွဲ့စည်းသည့်အစုအငန်းများမှာ ထမ်းရည်ရွက်ရည်ကို ရွှေး

ချယ်တော်မူပြီးလျှင် မြောက်ဒဝယ်, တောင်ဒဝယ်, အစုသေနတ် သွေး သောက်ကြီးတို့မှာ မျဉ်းမှောက်တို့ ဒုးနေရာနေတို့နည်း၊ အစု သေနတ် သားတို့ကို မှောက်တိုရွှေဝိန်းရွှေကုံးတပ်၊ မျဉ်းတိုသတ္တာလက်မိုးကြိုးရောင်, သတ္တာလတ်စိမ်း, သတ္တာလတ်ပြာ၊ မျဉ်းရှည်သတ္တာလတ်နီ။

မြောက်တရုဝါးဆယ်, တောင်တရုဝါးဆယ်, ရွှေပြည်မှန်ကင်း မြောက်မာရဘင် နတ်ရှင့်ရွှေးအစု သေနတ် သွေးသောက်ကြီးတို့မှာ မျဉ်းမှောက်တို့, စနည်းနေရာနေတို့နည်း၊အစုသေနတ်သားတို့ကို မှောက် တိုရွှေဝိန်း၊ မျဉ်းတိုသတ္တာလတ်စိမ်း, သတ္တာလတ်ပြာ၊မျဉ်းရှည်သတ္တာလတ်နီ။

ရွှေလှံအစု သွေးသောက်ကြီးတို့မှာ မျဉ်းမှောက်တို့ စနည်းနေရာနေ တို့နည်း၊ အစုရွှေလှံသားတို့ကိုမှောက်တိုရွှေဝိန်း၊ မျဉ်းတိုသတ္တာလတ်စိမ်း, သတ္တာလတ်ပြာ၊ မျဉ်းရှည်သတ္တာလတ်နီ။

ရွှေပြည်, လင်းဇင်း အစုသေနတ်သွေးသောက်ကြီးတို့မှာ မှောက်တို့ စနည်းနေရာနေတို့နည်း၊ မျဉ်းတိုမျဉ်းရှည် အတွင်းဘဝေါ နေရာနေတို့ နည်း၊ အစုသေနတ်သားတို့ကို မှောက်တိုရွှေဝိန်း၊ မျဉ်းတိုသတ္တာလတ်စိမ်း, သတ္တာလတ်ပြာ, မျဉ်းရှည်သတ္တာလတ်နီ။

နောက်ဝန်းကျင်, သစ်ဆိမ့်, ဗညား, ချောင်းဦး, ပုခန်းသေနတ် သွေး သောက်ကြီးတို့မှာ မှောက်တိုစနည်းနေရာနေတို့နည်း၊ မျဉ်းတိုမျဉ်းရှည် အတွင်းဘဝေါနေရာနေတို့နည်း၊ အစုသေနတ်သားတို့ကို မှောက်တိုရွှေ ဝိန်း၊ သတ္တာလတ်စိမ်းလက်ပါအဖြူတဆင့်။

နတ်စုလက်ဝဲ, နတ်စုလက်ယာ, ရွှေးလက်ဝဲ, ရွှေးလက်ယာ, လက်ဝဲ ကြောင်း, လက်ယာကြောင်း အစုသေနတ်သွေးသောက်ကြီးတို့မှာ မျဉ်း, မှောက်တို, မျဉ်းရှည်, စနည်းနေရာနေတို့နည်း အစု သေနတ်သားတို့မှာ မှောက်တိုရွှေဝိန်း၊ မျဉ်းတိုသတ္တာလတ်စိမ်း, သတ္တာလတ်ပြာ၊ မျဉ်းရှည် သတ္တာလတ်နီ။

သူရဲ, ထောင့်သုံးရာ, ကုလားပျို ဘုန်းတော်ဖြစ် အစုသေနတ် သွေး သောက်ကြီးတို့မှာ မှောက်တိုစနည်းနေရာနေတို့နည်း၊ မျဉ်းတိုမျဉ်းရှည် အတွင်းဘဝေါနေရာနေတို့နည်း၊ သူရဲသေနတ်,ထောင့်သုံးရာ သေနတ်, ကုလားပျိုသေနတ်အစုသားတို့ကို မှောက်တိုရွှေဝိန်း၊ မျဉ်းတိုသတ္တာလတ် စိမ်း, သတ္တာလတ်ပြာ၊ မျဉ်းရှည်သတ္တာလတ်နီ၊ ဘုန်းတော်ဖြစ် သေနတ် အစုသားတို့မှာ မှောက်တိုရွှေဝိန်း၊ လက်ပါသတ္တာလတ်စိမ်း အဖြူတဆင့်။

တလုပ်မြို့,ဒီပဲယင်းမြို့, ဗန်ကျီတိုက် သေနတ် သွေးသောက်ကြီးတို့မှာ မှောက်တို့ ရှေ့ပိန်း၊ မျဉ်းတို့ မျဉ်းရှည် အတွင်းဘဝေါနေရာနေတို့နည်း၊ သေနတ်ကိုင် လူတို့ကို မှောက်တိုစိန်ထောင်ကြောရှေ့၊ အရပ်အနားလက် နှစ်သစ်ရှေ့၊ လက်ပါသတ္တလတ်စိမ်းအဖြူတဆင့်။

ရန်ပုံနှင်းအမြောက်, တောင်အင်း အမြောက်, ခရုတုပ်အမြောက်, လှည်းစကြာအမြောက်, မင်္ဂလာစိန်အစု သွေးသောက်ကြီးတို့မှာ မျဉ်း မှောက်တို့ စနည်းနေရာနေတို့နည်း၊ အစုသားတို့ကို မှောက်တိုရှေ့ပိန်း၊ လက်ပါသတ္တလတ်နီ အင်္ကျီတဆင့်။

ယွန်းစုအမှူး စကြီး ငယ်သား တို့မှာ လေးဆဲ့ငါးခု စစ်တမ်းထွက် အတိုင်း။ ။ဝင်းကောင်ဟန်စကြီးတို့မှာ မှောက်တိုအုံရှေ့ပိန်း, အရပ် အနားအနီသုတ် သတ္တလတ်နီ အင်္ကျီရှည်၊ အစုသားတို့မှာ မှောက်တို အနီ၊ အင်္ကျီမုံကာဆိုး။

စိုလေးဆယ်တပ် ဒိုင်းအစု ဒိုင်းခေါင်းတို့မှာ မှောက်တိုအုံ ရှေ့ပိန်း, အရပ်အနီသတ္တလတ်နီအင်္ကျီရှည်၊အဝှန်းတို့ကိုမှောက်တိုအုံရှေ့ရေး,အရပ် အနီ သတ္တလတ်နီ အင်္ကျီရှည်၊ ငယ်သားတို့မှာ မှောက်တိုနီ အင်္ကျီမုံကာ ဆိုးများကို ဝတ်ဆင်ရမည်-အဓိန္ဒတော်နှင့် အစုဆိုင်ရာဝတ်ဆင်ကြရ၏။

ယင်းသည့်သတ္တရာဇ် ပြာသိုလပြည့်ကျော်လေးရက်နေ့ ကျမ်းဂန်အရာ ၌ အလွန်တတ်မြောက်သဖြင့် နေတို့ မဟာဋ္ဌိကာသစ်, သီလက္ခန်ဋ္ဌိကာ သစ် စသော သာသနာတော်ကျမ်း၊ သင်္ကရိုင်္သရောဒယ, ပြို့.ဟင်, ရာဇမတ္တက် စသော ဗေဒင်ကျမ်း၊ ဒဋ္ဌဂဏပကာသနီ, သာရကောမုဒီ စသော ဆေးကျမ်း ဓာတ်ကျမ်းများနှင့် နာဂရီဘင်္ဂလီ ဘာသာများကို စိရင်ပြန်ဆိုနိုင်သူမောင်းထောင်ရွာဇာတိ သတ္တရာဇ်(၁၁၁၅)တထောင့် တရာ့တဆဲ့ငါးခုဖွား ချည်ပါ တောင်ရွာမြောက်ရွာစား မင်းတိုင်ပင် အမတ် မဟာဓမ္မသင်္ကြိ သေလွန်သည်ကို ကောင်းမွန်စွာ ထုပ်ဆောင် သင်္ဂြိဟ်ရ၏။ ။နှစ်စဉ် လှူဒါန်းမြဲ အတာသဘင်မှ စ၍ တဆဲ့ နှစ်ရာသီ သဘင်မင်းပွဲ အလှူတော်များကိုလည်း လစဉ်မပြတ် စိရင်ခင်းကျင်း လှူ ဒါန်းတော်မူ၏။

* သတ္တရာဇ်(၁၁၉၄)တထောင့်တရာ့ကိုးဆဲ့လေးခု တန်းခူးလပြည့် ကျော် ခုနစ်ရက် ကြာသပတေးနေ့-နေ့နှစ်ချက်တီးကျော် နာရီ ပြည့် တပါဒအချိန် သင်္ကြန်ကျသည်၊ ၎င်းလပြည့်ကျော် ကိုးရက်

စနေနွေ ညဉ့်ဆုံးချက်တီးကျော် နှစ်နာရီ ဆုံးပါဒ်အချိန် အတာနှစ်သစ် သက္ကရာဇ် (၁၁၉၅) တထောင့် တရာ့ ကိုးဆဲ့ငါးခုတိုတက်သည်။

၁၁၉၅-ခု

အရှေ့မျက်နှာ ဂန္ဓာလရာဇ်တိုင်း တောက်ကွန်ဥဒည်မင်းက ဆယ်နှစ်တကြိမ် အဆက်အသလာရောက်မြဲ ဆက်သရန် ရွှေငွေ ထည်မျိုးအုပ်မျိုး လက်ဆောင်တော်, ရာဇသံစာများနှင့် သံအကြီးဆိုမ့်တာလောရဲ,ရင့်ဆင်ရဲတို့ကို သက္ကရာဇ် (၁၁၉၄) တထောင့်တရာ့ကိုးဆဲ့လေးခု ဗန်းမော်မြို့သို့ ဆိုက်ရောက်သည်ကို အထက်(၁၁၀၄) တထောင့်တရာ့ရှစ်ဆဲ့လေးခု တရုပ်သံတို့ ရွှေဘဝါးတော်အောက် ရောက်သည်တွင် ကြပ်မကြိုယူသည့် နည်း လမ်းခရီးအရပ်အနေ အစား အစာမှစ၍ ကျွေးမွေး ပေးကမ်းစေပြီးလျှင် ဗန်းမော်မြို့ဝန် မဟာမင်းလှရာဇာ ကြပ်မဆောင်ယူရ၏၊ သံတို့ရတနာပူရမြို့တော်သို့ ဆိုက်ရောက်လျှင် တဲကန္ဒားအစား အစာလုံလောက်အောင် ကျွေးမွေးပေးကမ်း နေထိုင်စေ၍ သက္ကရာဇ်(၁၁၉၅)တထောင့် တရာ့ကိုးဆဲ့ငါးခု နယုန်လပြည့်ကျော် တရက်နေ့ နှစ်သစ် ကန်တော့ခံအခမ်းအနားတွင် ဆက်သရန် လက်ဆောင်တော်, ရာဇသံစာများနှင့် ရွှေနန်းတော်သို့ ဝင်စေ၏၊ ဆဋ္ဌန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း မြေနန်းတော်တွင် အဆက်အသ အဖူးအမြော် ခံတော်မူ၍ လာရောက်သည့် သံတို့ကိုလည်း ဘွဲ့အမည်အရည်, မြင်း, ရွှေငွေ, ထည်မျိုး အုပ်မျိုး အထိုက်အလိုက် ဆုပေးတော်မူ၏။

တရုပ်သံအကြီးစောလောစုံ သေလွန်သည်ကို ဒုးရည်တူ လှပကောင်းမွန်အောင် သင်္ဂြိဟ်ရ၏။

ဥဒည်မင်းရာဇသံစာမှာ တိုင်းကြီးနှစ်တိုင်း, ပြည်ကြီးနှစ်ပြည် မဟာမိတ်အဖြစ် ရှေးအစဉ်ပေးမြဲ စကားအမိပ္ပါယ်ပါသည်။ ။ရွှေဘဝါးတော်အောက်က သံဖက်ခန့် စေလွှတ်ရန်ကိုလည်း စာရေးကြီး မင်းလှရာဇကျော်, အမှာရေး နေမျိုးရာဇာ, အဆောင်တော်မြဲ နေမျိုးရဲခေါင်နော်ရထာ, နေမျိုးဗလသူတို့ကို ရွှေးချယ်ဖက်ခန့် ပြီးလျှင် ဥဒည်မင်းသို့ တုံ့ပေးရန် ရွှေပေရာဇသံစာ, ထည်မျိုး အုပ်မျိုး, ဆင်ပေါက်မများ နှင့် လမ်းခရီးစားနပ်ရိက္ခာပြည့်စုံအောင် ပေးကမ်း၍ ထိုနှစ်ဝါခေါင်လဆန်းကိုးရက်နေ့ ဗန်းမော်မြို့ဝန်,မဟာမင်းလှရာဇာ ကြပ်မပြန်သွားစေ၏။

နယုန်လဆန်း ဆယ်ရက်နေ့ ပိတောက်ချောင် တောရကျောင်းထွင် သီတင်းသုံးနေသည့် ဥရှစ်ကျေးရွာဇာတိ ပိဆုဒ္ဓါစာရအရိယပံသမဟာ ဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ ဆရာတော် ဘဝ ပြောင်းသည်ကို သတ္တရာဇ် (၁၁၅၃) တထောင့် တရာ့ ငါးဆဲ့ သုံးခုနှစ် အောင်မြေဘုံ ကျော်ကျောင်းနေ ဂုဏာဘိအနန္တသိရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု-ဆရာ တော် ဘဝပြောင်းသည်တွင် သင်္ဂြိဟ်သည့်နည်း လှပကောင်းမွန်အောင် လုပ်ဆောင်သင်္ဂြိဟ်ရ၏။

သားတော် ညောင်ရမ်းမင်းကို နားထွင်းခြင်းစသည်နှင့် သမီးတော် တိလောကမြတ်စွာကို နားထွင်းခြင်း

သားတော် ညောင်ရမ်းမင်း သတိုးမင်းလှရွှေတောင်ကို သျှောင်ထုံး နားထွင်းမင်္ဂလာ ဆောင်တော်မူမည့်မှာ-ဘိုးတော် ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးလက်ထက်သက္ကရာဇ်(၁၁၅၅)တထောင့်တရာ့ငါး ဆဲ့ငါးခု အထက်ငါးလေးဆိတော်စံတော်မူစဉ် သျှောင်ထုံးနားထွင်း မင်္ဂလာဆောင်တော်မူသည့်နည်းထမ်းစင်,ဝေါ,ကျိုင်း,ဆောင်ယောင်ခမ်း နားများနှင့် မြေနန်းတော်ရွှေဝဲယာများတွင် စံနန်းတော်,ထီးရုံ,ထဲကနွား မှစ၍ အခမ်းအနား ကြီးကျယ်စွာ စီရင်လုပ်ဆောင်ရမည် အမိန့်တော် အတိုင်း လုပ်ဆောင်ပြီးပြေသည်ဖြစ်၍ မိဖုရားခေါင်ကြီးနှင့်တကွ ဆဒ္ဒန် ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရား မြေနန်းတော် သီဟာသန ရာဇပလ္လင်တော်သို့ ထွက်စံတော်မူ၍ ထိုနှစ် နယုန်လပြည့်ကျော်ငါးရက် နေ့ သျှောင်ထုံးနားထွင်းမင်္ဂလာ ဆောင်တော် မူပြီးလျှင် သားတော် ညောင်ရမ်းမင်း သတိုးမင်းလှရွှေတောင်ကို မဟာသီဟာသုရ ဓမ္မရာဇာ ဘွဲ့အမည် ပေးတော်မူ၏။

အဘိုးများစွာထိုက်သော စိန်မြပတ္တမြားအကွင်းအချည်,ရွှေထည်ငွေ ထည်, ထည်မျိုးအုပ်မျိုးများနှင့် ကွမ်းကိုင်ရေကိုင် မှူးသားမတ်သား,ဆင် မြင်း,လှေ, အသုံးကံကျွေးရွာ, လယ်ယာကိုင်းကျွန်း, ဥယျာဉ်မြိုမြေအများ လက်ဖွဲတော်မူ၏၊ မင်းဓိဖုရား မင်းညီ မင်းသား မှူးတော် မတ်တော် တို့ကလည်း ရွှေငွေ ထည်မျိုးအုပ်မျိုး အထိုက်အလိုက် များစွာလက်ဖွဲ့ ကြရ၏။

ညီတော်တောင်ငူမင့်းသား-စလေမင်းသား သတိုးမင်းကျော်, မြေး တော် မောင်ခိုင်, မင်းရဲသူ, ညီတော်တောင်ငူမင့်းသား-မောင်ဘိုးရောင်

တို့ကိုလည်း သားတော် ညောင်ရမ်းမင်းကို နားထွင်းမင်္ဂလာ ဆောင်တော်မူသည့်အခါတော်နှင့် တချိန်တခါတည်း အခမ်းအနား စာတမ်းစာရင်းထွက်အတိုင်း သျှောင်ထုံး နားထွင်းမင်္ဂလာ ဆောင်တော်မူပြီးလျှင် သတိုး မင်းကျော်ကို-သတိုးမင်းလှကျော်၊ မောင်ခိုင်ကို-မင်းရဲလှ၊ မင်းရဲသူကို-မင်းရဲသီရိ၊ မောင်ဘိုးရောင်ကို-မင်းလှသီရိ ဘွဲ့အမည်ကို ပေးတော်မူ၏၊ ပွဲလမ်းသဘင်လည်း နေ့ညဉ့်မပြတ် ခံတော်မူ၏။ ။[သျှောင်ထုံးနားထွင်းမင်္ဂလာ ဆောင်တော်မူသည့် အကျယ်စကားမှာ စာရင်းစာတမ်းရှိလေဖြို့]။

အင်္ဂလိပ်မင်းက ပြည်ကြီးနှစ်ပြည်ရန်စစ်ပြေငြိမ်းသည့်နောက် နှစ်ပြည်ထောင်အတွင်း အရာရှိလူကြီးတစ်, အမှုထမ်းလူငယ်ငါးဆယ်စီထားရန် အထက် ရန်ကုန်စာချုပ်တွင် ပါသည့်အတိုင်း မယ်စယ်ဘော်ရန်နှင့် လူငါးဆယ်တို့ကို ရွှေဘဝါးတော်အောက်သို့ စေလွှတ် ဆိုက်ရောက်သည်တွင် ရွှေဘဝါးတော်အောက်ကလည်း ဝန်ထောက် မင်းကြီး မဟာစည်သူ, စာရေးကြီး မင်းလှနန္ဒကျော်ထင်, အသုံးစာရေး နရာရွှေတောင်နော်ရထာတို့နှင့် အမှုထမ်းလူငါးဆယ် အင်္ဂလိပ်တိုင်းပြည်သို့ စေလွှတ်သွားစေ၏၊ ဘင်္ဂလားကုမ္ပဏီ အခြားတိုင်းပြည်သို့ သွားသည့် အတွင်းဖြစ်၍ မတွေ့ရှိသည့်နှင့် ကုမ္ပဏီရှိရာအရောက်ဂင်္ဂါမြစ်ညာသို့ရေကြောင်းဆန်တက်လိုက်သွားကြသည့်ကာလ ကုမ္ပဏီပြန်လာရာလမ်းခရီးသာဂရမြို့တွင်တွေ့ကြ၍ နှုတ်ဆက်စကားပြောဆိုပြီးနောက် ဘင်္ဂလားမြို့ရောက် ရေကြောင်းပြန်သွားနှင့်ကြပါ ကျွန်ုပ်လည်း ကြည်းကြောင်းပြန်လာပါမည်ဘင်္ဂလားကုမ္ပဏီက မှာထား ပြောဆိုလိုက်သည့်အတိုင်း မင်းကြီး မဟာစည်သူတို့ ဂင်္ဂါကြောင်း စုန်ဆင်းပြန်ခဲ့၍ လမ်းခရီး ပါဋ္ဌလိပုတ်ပြည်သို့ ဆိုက်ရောက်လျှင် မဟာဗောဓိပင်သို့ ဝင်ထွက်ဖူးမြော်ပူဇော်ကြ၏။ မဟာဗောဓိပင်ကို မပြတ် စောင့်ရှောက်နေသူ ပုဏ္ဏား ဇော်ဂျိတို့ကလည်း ဘုန်းတော်ကြီးလှသော ဆဋ္ဌန်ဆင်မင့်း သခင် ဘဝရှင် မင်းတရားကြီး ဘုရား လွှတော်မူသည့် သီးမျိုးစုံ ရွှေသားတိ ပဒေသာပင်ရေတစ်, သီးမျိုးစုံငွေသားတိ ပဒေသာပင်ရေတစ်များနှင့် အရပ်ရပ်အလှူတော်, ကျောက်စာတော်များကို လိုက်ပြကြည့်ရှုကြရ၏၊ နောက် ပြုစုကိုးကွယ်တော်မူရန် မဟာဗောဓိပင်စောင့် ပုဏ္ဏား ဇော်ဂျိတို့က မဟာဗောဓိပင်ငယ် သုံး-ဆက်သ ပေးအပ် လိုက်သည်ကို ဆောင်ယူ ပြန်လာရာ ဘင်္ဂလားမြို့သို့

ဆိုက်ရောက်လျှင် ဘင်္ဂလားကုမ္ပဏီက ကောင်းမွန်စွာ အစားအစာ တိုက်အိမ်နေရာ ပေးကမ်းချထား နေထိုင်စေ၏။

ယင်းသည့် အတွင်း အမိန့်တော်နှင့် ခေါ်တော်မူ၍ ဝန်ထောက်မင်းကြီး မဟာစည်သူ, စာရေးကြီး မင်းလှနန္ဒကျော်ထင်, အသုံးစာရေးနရာရွှေတောင်နော်ရထာတို့လည်း အဆက်ဘိသိက်တော်ဆက် ပုဏ္ဏားနန္ဒရံ, မြေနန်းဝန် မဟာမင်းလှသာဂသူတို့ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြို့က ပင့်ဆောင်ခဲ့သည့် ဘေးလောင်းတော် သီရိဓမ္မာသောကမင်း ပြုစုကိုးကွယ်သည့် သကျမုနိ ရုပ်ပွားတော်နှင့် ဗောဓိပင်များကို လက်ခံသိမ်းထားရင်း ဘင်္ဂလားကုမ္ပဏီတို့က အင်္ဂလိပ်မင်းထံ လျှောက်ထား ပြီးလျှင် သင်းဘောသူကြီး မယ်စယ်ဘော်ရန်ကို ဘက်ထည့်လိုက်သည်နှင့် အတူ ပင့်ဆောင်ပြန်လာရာ ဟံသာဝတီရန်ကုန်မြို့သို့ ရောက်ကာလ ဟံသာဝတီဝန်ကြီးက ဖောင်ပန်းလှေတက် သင့်ရာအရာရှိ အကြီးအကြပ် ခန့်ထားပေးအပ် ဆန်တက်ခဲ့ကြ၍ ရတနာပုရမြို့တော် အနောက်မျက်နှာကျောက်တလုံးကင်းတော်သို့ ဆိုက်ရောက်လျှင် အကြောင်း အရာများကို လျှောက်ထားရ၏။

ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ကိုယ်တော်တိုင် မင်းညီမင်းသား မှူးတော်မတ်တော်အပေါင်းခြံရံလျက် ကြည်းတပ်ရေတပ် အခင်းအကျင်းနှင့် သက္ကရာဇ် (၁၁၉၅) တထောင့်တရာ့ကိုးဆယ့်ငါးခု သီတင်းကျွတ်လဆန်း ခြောက်ရက်နေ့ ခရမ်းပေါက်ရွာရောက် ထွက်စံကြွိုယူ ပင့်ဆောင်တော်မူ၍ ရွှေနန်းတော်အတွင်း လွှတ်တော်ရှေ့ စွယ်တော်စင်တောင် တန်ဆောင်း ဆောက်လုပ်ကိန်းဝပ်စေပြီးလျှင် မင်းမိဖုရား မင်းညီမင်းသား မှူးတော် မတ်တော် ပြည်သူပြည်သားတို့ နေ့စဉ်မပြတ် ဖူးမြော်ပူဇော်စေ၏။

ထိုသက္ကရာဇ် မကိုပုရမြို့နယ်မြေနှင့် တမူး ခန်းပတ် သောင်သွပ်နယ်မြေ-အဝိုင်းအခြားကို ရှင်းလင်းပြောဆိုရန် အမိန့်တော်နှင့် ဝန်ထောက် မဟာမင်းကျော်ရာဇာ, စာရေးကြီး နေမျိုးကျော်သူတို့ တမူး ခမ်းပတ် သောင်သွပ်မြို့သို့ ဆန်တက်၍ အင်္ဂလိပ်တို့က စေလွှတ်လာစေသူ မကိုပုရ အင်္ဂလိပ်ဗိုလ် မယ်စယ်ဂရံ, ကပ္ပိတံ ဘင်ပတ္တံ ဆိုသူတို့လည်း နတ်ကျွန်းအောင်မြေ ကင်းတပ်သို့ အရောက်စုံညီလျှင် ထိုသက္ကရာဇ် ပြာသိုလပြည့်ကျော် ဆယ်ရက်နေ့ အနောက်ဖက် သောင်ပြင် စကားပြောတဲ့ထွင် မြန်မာအရာရှိမင်းတို့နှင့် အင်္ဂလိပ်ဗိုလ် မယ်စယ်ဂရံ, ဘင်ပတ္တံတို့ နှုတ်

ဆက်စကား ပြောဆိုပြီးနောက် ဝန်ထောက် မဟာမင်းကျော် ရာဇာက အထက် ရန်ကုိုစာချုပ် တတိယခန်းတွင် မကိုပုရမြို့ နယ်မြေနှင့် တမူး ခမ်းပတ် သောင်သွပ်မြို့ နယ်မြေ အဝိုင်းအခြား ရိုးမတောင် ပါသည့် အတိုင်း နယ်မြေကို ဝိုင်းခြားမည့်အကြောင်းနှင့် ပြောဆိုရာ အင်္ဂလိပ် ဗိုလ် မယ်စယ်ဂရံ့, ဘင်ပတ်တံတိုက အင်္ဂလိပ်မင်းအပ်လိုက်သည့် စာတွင် ရိုးမတောင်အဝိုင်းအခြားမပါ,မရိမ်းတောင်ပါသည်ဖြစ်၍ စာပါအတိုင်း ကိုသာ အဝိုင်းအခြား ပြုံ့ဝုံကြောင်းနှင့် ပြောဆိုလျှင် အင်္ဂလိပ်မင်းက ရွှေဘဝါးတော်အောက်တွင် ထားသည့် အရေးဝိုင် မယ်စယ်ဘော်ရနီ စကား, ရန်ကုိုစာချုပ်ပါစကား, လေးဆွဲငါးခု-ခြောက်ဆဲ့လေးခု တမူး ခန်းပတ် သောင်သွပ် နယ်မြေစာတမ်း, ကျောက်စာ, စာဟောင်း, ရာဇဝင်ထွက်များနှင့် အင်္ဂလိပ်မင်းက အင်္ဂလိပ်ဗိုလ် မယ်စယ်ဂရံ့, ဘင်ပတ်တံတိုသို့ ရေးပေးလိုက်သည့်စာ, နယ်မြေအဝိုင်းအခြား မညီမညွတ်သည်နှင့် အင်္ဂလိပ်ဗိုလ် မယ်စယ်ဂရံ့, ဘင်ပတ်တံတိုက ယခုစာပါသည့်အတိုင်း ဝိုင်းခြားသည့်နယ်မြေကိုသာ သိမ်းယူ၍ နောက်နောက် မြေအဝိုင်းအခြားစကားမပြီး ပြောဆိုရန်ရှိလျှင် ပြောဆိုရအောင် စာချုပ်ထားပါတော့ဆိုသောကြောင့် ပြာသိုလပြည့်ကျော် တဆဲ့ငါးရက်နေ့ မကိုပုရမြို့နယ်မြေနှင့် တမူး ခန်းပတ် သောင်သွပ်မြို့နယ်မြေ မရိမ်းတောင်ခြေ အရှေ့ဘက်ကို အခြားပြု၍ ပေးအပ်သည့်နယ်မြေ မကုန် ကြွင်းကျန်သည်မှာ နောက်ကို မှန်ကန်အောင် မြန်မာအရာရှိမင်းများက ပြောဆိုလိမ့်မည် လက်မှတ်ထိုးပြီးလျှင် အင်္ဂလိပ်ဗိုလ်တို့ ပြန်သွားကြ၏။ ။ဝန်ထောက် မဟာမင်းကျော်ရာဇာ, စာရေးကြီး နေမျိုးကျော်သူတို့လည်း ရွှေဘဝါးတော်အောက်သို့ ပြန်လာကြ၏။

သက္ကရာဇ် (၁၁၉၅) တထောင့်တရာ့ကိုးဆဲ့ငါးခု သမီးတော် သီရိတ်လောကမြတ်စွာကို နားထွင်းမင်္ဂလာဆောင်တော်မူမည့် အခမ်းအနားမှာ မိကြီးတော် ကန္ဒီမြို့စားမင်းသမီး နာဂးထွင်းမင်္ဂလာစာတမ်း, အရပ်ရပ်နားထွင်းမင်္ဂလာ ရွေးစာတမ်းများတွင် သိကြားရေစင်ခံ,အမြောက်သံကြား, မုန်လာလင်ပန်း ပတ္တမြားစီ, ကြာယပ်လှဇရဲ သုံးဆင့်, ရွှေဖြူရွှေညောင်ရွက်ဆွဲ အလယ်ချက် နဝရတ် တပ်များနှင့် အခမ်း အနားလုပ်ဆောင်ရန်ရှိသည်များကို တိုးပွားသာလွန်ကောင်းမွန်အောင် အထူးသဖြင့်ချီးမြှင့်တော်မူပြီးလျှင်ကြည်းဘက်ရေဘက် တပ်ဝင်းအခင်းအကျင်းများကို စီစဉ် ခင်းကျင်း၍ သဘင်မင်းခမ်း ကြီးကျယ်စွာ ဖြစ်စေလျက်

နားထွင်းမင်္ဂလာအခါတော် မရောက်မီ ရွှေနန်းပြာသာဒ်တော် သီဟာသနာရာဇပလ္လင်တော်ဝယာ မင်းခမ်းတော်စုံ ကျင်းပထားရ၏။

နားထွင်းမင်္ဂလာ အခါတော်နီး၍ မှန်နန်းတော် ဆောင်တွင် ခင်းထားသည့် သလွန်တော်ထက်သို့ နားရံမင်းသမီး မှူးမတ်သမီးတို့ ဝယာခြံရံလျက် သမီးတော် ရောက်တော်မူလျှင် မိဖုရားခေါင်ကြီးနှင့် တကွ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား မကိုင်္ဂတုရင်ဆင်ယင်တော်မူ၍ မှန်နန်းတော် ဘမရာသနပလ္လင်တော်သို့ ထွက်စံတော်မူသည်နှင့် တပြိုင်နက် မင်းခမ်းမှစ၍ ဥကင်တော် ဖွင့်ပြီးလျှင် ထိုနှစ်တို့တွဲလဆန်း ကိုးရက်နေ့ နံနက် တချက်တီးကျော် သုံးနာရီ တပါဒအချိန် နားထွင်းမင်္ဂလာ ဆောင်တော်မူ၍ သီရိပဝရတိလောက မဟာရတနာဒေဝီ-ဘွဲ့အမည် ကိုပေးတော်မူ၏။

ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း အဘိုးများ စွာထိုက်သော စိန်,မြ,ပတ္တမြား အကွင်းအချည်, ရွှေထည် ငွေထည်, ထည်မျိုး အုပ်မျိုးများနှင့် ကွမ်းကိုင်ရေကိုင် မှူးသား၊မတ်သား၊ လေးဆယ်တော်, ငါးဆယ်တော်ကျွန်တော်မျိုး၊ သွေးသောက်လတ်ကျွန်တော်မျိုး၊ အဝေးမြို့ကျေးရွာကျွန်တော်မျိုး၊ ပညာသည်၊အလုပ်သည်၊အသုံးကံကျွေးခံ စစ်ကိုင်းမြို့၊ ဒီပဲယင်းမြို့၊ မိုးမြတ်မြို့၊ ပုခန်းကြီးမြို့၊ ငစဉ့်ကူးမြို့၊ အင်ပူမြို့၊ မြေထဲမြို့၊ ပန်းတောင်းမြို့၊ ကြံခင်းမြို့များနှင့် ဆင်ပေါက်မ၊ နွားကျွဲ၊ လှေတော်၊ လယ်ယာကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေ၊ ဆောင်ယောင်ခမ်းနားကြီးကျယ်စွာ ယွန်းပေါင်ပုရပိုက်တင်၍ လက်ဖွဲ့တော်မူ၏။

မယ်တော်မိဖုရားခေါင်ကြီးကလည်း သနားတော်မူရင်း အဘိုးများစွာထိုက်တန်သော စိန်,မြ,ပတ္တမြား ကျောက်ပွင့်စိ နန်းဆွဲ ကွမ်းအုပ်တော်တစ်၊ စိန်,မြ,ပတ္တမြားကျောက်ပွင့်စိ နန်းဆွဲဖလားစုံလေး၊စိန်,မြ,ပတ္တမြားစိ စားတော်ကွမ်းအစ်တစ်၊ စိန်,မြ,ပတ္တမြားစိ မြင်သော်ခံကရဝိက်ကွမ်းအုပ်တော်တစ်၊နဂါးခံကရဝိက်ရေအုပ်တော်တစ်၊ဘီလူးခံကရဝိက်လက်ဘက်တော်အုပ်တစ်၊ ရတနာကန္ဒားတော်များကိုလက်ဖွဲ့တော်မူ၏၊မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော်တို့ကလည်း အထိုက်အလိုက် ရွှေ-ငွေ, ထည်မျိုး အုပ်မျိုး များစွာလက်ဖွဲ့ကြရ၏။

နားထွင်းမင်္ဂလာ အခမ်းအနားတွင်လည်း မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော် ကတော်မယား စုရေးစုကိုင်မှစ၍ ပြည်သူပြည်သားအပေါင်းတို့ကိုလည်း မြတ်ယုတ်မရွေး အထိုက်အလိုက် ရွှေ,

ငွေ့, ထည်မျိုး အုဝ်မျိုးများစွာပေးကမ်းတော်မူ၍ ပွဲလမ်းသဘင် ခုနစ်ရက် ခုနစ်လီနေ့ညဉ့်မပြတ် ခံတော်မူ၏။ ။[နားထွင်းမဂ်လာ ဆောင်တော်မူသည့် အကျယ်စကားမှာ နားထွင်းစာတမ်းရှိလေ၏]။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီသဘင်မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူ၏။

* သက္ကရာဇ် (၁၁၉၅) တထောင့်တရာ့ကိုးဆဲ့ငါးခုကဆုန်လဆန်း လေးရက် သောကြာနေ့ ညဉ့်လေးချက်တီးကျော် နာရီပြည့် သုံးပါဒအချိန် သင်္ကြန်ကျသည်၊ ၎င်းလဆန်း ခြောက်ရက် တနင်္ဂနွေနေ့ ညဉ့်တချက်တီးကျော် သုံးနာရီတပါဒအချိန် အတာနှစ်သစ် သက္ကရာဇ် (၁၁၉၆) တထောင့်တရာ့ကိုးဆဲ့ခြောက်သည်။

၁၁၉၆-ခု

ဆရာတော်များ၊ ဘဝပြောင်းခြင်း, ဗောဓိပင်စိုက်ခြင်း စသည်နှင့် အုတ်ပြာသာဒီကို ရေစက်သွန်းခြင်း, ဆင်ကျုံးသွင်းခြင်း

သက္ကရာဇ် (၁၁၉၆) တထောင့်တရာ့ကိုးဆဲ့ခြောက်ခု ဝါဆို လပြည့်ကျော် လေးရက်နေ့ မဲထီးဆရာတော်, မင်းကွန်းတောရ လက်ဝဲဆရာတော်တို့ ဘဝပြောင်းသည် များကိုလည်း လှုပကောင်းမွန်းအောင် လုပ်ဆောင် သင့်ပြီဟ်ရ၏။

အနောက်မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြို့ကဝန်ထောက်မင်းကြီး မဟာစည်သူစာရေးကြီးမင်းလှ နန္ဒကျော်ထင်, အသုံးစာရေး နရာရွှေတောင် နော်ရထာတို့ ပင့်ဆောင် ဆိုက်ရောက်သည့် မဟာ ဗောဓိပင်တော် စိုက်ပျိုးကိုးကွယ်တော်မူမည်ကို အမွန်ရှည်စွာ တည်စေရာသော ထာဝရကုသိုလ်တော်ဖြစ်၍ အရပ်ဒေသ,ဌာန,ဇင်္ဂမစသည်များကိုသာသနာပြုဆရာတော် အမှူးရှိသော တံဆိပ်တော်ရ ဆရာတော် သံဃာတော် မင်းညီ မင်းသား မှူးတော်မတ်တော်တို့နှင့် ညီနှိုင်းတိုင်ပင်ရွေးချယ်တော်မူပြီးလျှင် ရွှေနန်းတော် မှ အနောက် တောင်၊ အလုံဝန်ကြီး ကိုးကွယ်သည့်ကျောင်းတိုက် အတွင်း မြေလပ်တွင် ရှေးမဟာဗောဓိပင်စိုက် စာတမ်း စာဟောင်းထွက် အတိုင်း ထိုသက္ကရာဇ် တန်ဆောင်မုန်းလဆန်းလေးရက်နေ့တပ်ဝင်းအခင်း အကျင်း ပွဲလမ်းသဘင်စုံများနှင့် ခမ်းနား ကြီးကျယ်စွာ ဖြစ်စေလျက် ကိုယ်တော်တိုင်စိုက်ပျိုးတော်မူပြီးလျှင် ဗောဓိပင်တော်ကို အုတ်ရိုးပလွင်,

မဟာဗောဓိပင် ဝန်းကျင်လေးမျက်နှာ တံတိုင်းမိုးတား နှစ်ထပ်, မုတ်ပြာသာဒ်နှင့် တင့်တယ် ဆန်းကြယ်စွာ တည်ထုပ်ကိုးကွယ်တော်မူ၏။

သက္ကရာဇ် (၁၁၉၆) တထောင့် တရာ့ကိုးဆဲ့ခြောက်ခု တပေါင်းလပြည့်ကျော် ဆယ်ရက်နေ့ ဘုံကျော် ကျောင်းကိုက်အတွင်း ကျောင်းတော် ဆောက်လုပ်ပြီးပြေသည်ကို ကျောင်းတင်သာဓုခေါ် စံနန်းတော်သို့ စစ်အင်္ဂါလေးပါး ရှေခြောက်တပ် နောက်ခြောက်တပ်များနှင့် ထွက်တော်မူကြီး ထွက်တော်မူ၍ ပွဲသဘင်ကြီးစွာ ခံတော်မူ၏။ ။နှစ်စဉ် လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ သဘင်မင်းပွဲ အလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူ၏။

* သက္ကရာဇ် (၁၁၉၆) တထောင့် တရာ့ ကိုးဆဲ့ ခြောက်ခု တန်ခူးလဆန်း တဆဲ့လေးရက် စနေနေ့၊တဆဲ့ငါးရက် တနင်္ဂနွေနေ့သို့ အဝင် ညဉ့်နှစ်ချက်တီးကျော် တနာရီနှစ်ပါဒ အချိန် သင်္ကြန်ကျသည်၊ ၎င်းလပြည့်ကျော်နှစ်ရက် အင်္ဂါနေ့သို့ အဝင် ညဉ့်သုံးချက်တီးကျော် သုံးနာရီသုံးပါဒအချိန် သက္ကရာဇ်(၁၁၉၇) တထောင့် တရာ့ကိုးဆဲ့ခုနစ်ခုနှစ်သို့ တက်သည်။

အတာညောင်ရေမှာ စံနန်းတော်တွင်သွင်းပြရ၏၊ အတာတက်သည့်နေ့ မိဖုရားခေါင်ကြီးလည်း အခင်းအကျင်းနှင့် အတာပွဲတော်တည်တော်မူ၏။

၁၁၉၇–ခု

သက္ကရာဇ် (၁၁၉၇) တထောင့်တရာ့ကိုးဆဲ့ခုနစ်ခု တန်ခူးလပြည့်ကျော်ရှစ်ရက် တနလ်ာနေ့ ရွှေနန်းတော်မှ အနောက်တောင် မြို့ကြီးအတွင်း ဘိုးတော် ဆင်ဖြူရှင်မင်းတရားကြီးဆောက်လုပ်သည့် ဘုံကျော်ကျောင်းတိုက် ပျက်စီးယိုးယွင်းသည်ကို ကျောင်းဦးပြာသာဒ် တန်းလျားဘောဂဆောင်နှင့်တကွ ကျောင်းမဘုံလေးဆင့်ရှိသော ကျောင်းတော်ဆောက်လုပ်ပြီးပြေသည်ကို ကျောင်းတော်, သိမ်တော်, ဝိဠကတ်တော်ရေးသားပြီးနှင့်သည့် ရွှေရေးစာတော် တရာ့တဆဲ့ရှစ်အင်္ဂါ ငါးချပ်၊ မင်ရေးစာတော် တရာ့လေးဆဲ့ငါးအင်္ဂါ ခုနစ်ချပ်၊ ကညစ်ရေးစာတော် သုံးထောင့်ခြောက်ရာ့သုံးဆဲ့ခုနစ်အင်္ဂါ၊ စုစုအင်္ဂါ သုံးထောင့်ကိုးများကို အရည်ဝါသီ, ဂါမဝါသီပုဂ္ဂိုလ်တို့အား အထူးထူးသောပရိက္ခရာ. ပဒေ

သာတို့ဖြင့် လှူဒါန်းတော်မူ၍ တိုက်တော်ကို "သီရိမဟာ အသောကာရာမ" ကျောင်းတော်ကို "ဘုံကျော်မဟာအောင်မြေဘုံသာ" ကမ္ဘည်းတပ်ပြီးလျှင် မုနိန္ဒာဘိဝံသဓမ္မသေနာပတိ သီရိသဒ္ဓမ္မပါလ မဟာဓမ္မရာဇာဓိရာဇဂုရု-သာသနာပြုဆရာတော်ကို အမှူးထား၍ သံဃာတော်တို့အားရေစက်သွန်းချ လှူဒါန်းတော်မူ၏၊ သေပြစ်သေဒဏ်ထိုက်၍ ထောင်တန်းအကျဉ်းခံနေရသူ ယောကျ်ား သုံးဆဲ့ခုနစ်, မိန်းမသုံးတို့ကိုလည်း ဘေးမဲ့ပေးတော်မူ၏၊ မှူးတော်မတ်တော် ပြည်သူပြည်သားနှင့်တကွ လာရောက်သမျှ လူတို့ကိုလည်း အထိုက်အလိုက် စွန့်ကြဲပေးကမ်းတော်မူ၍ နယုန်လဆန်း ရှစ်ရက်နေ့ ရွှေနန်းတော်သို့ ဝင်တော်မူ၏။

သာသနာပြုဆရာတော်ကြီးလည်း ကျောင်းတော်ကို တပည့်-ပညာသာမိ သီရိသဒ္ဓမ္မ မဟာဓမ္မ ရာဇာဓိရာဇဂုရု-ကို သိတင်းသုံး နေစေ၍ စာပေပို့ချ သင်ကြားစေ၏။ ။ထင်းပွဲတော်အခြိုး မင်းညီ မင်းသား မှူးတော်မတ်တော် အရပ်အကွက် များက စက်တုံးများကို ရွှေနန်းတော်သို့ သွင်းပြစေပြီးလျှင် ဝါဆိုလဆန်းလေးရက်နေ့ ရေနန်းတော်တွင် စက်တုံးရှိ.လှတ်သည်များကို ထွက်တော်မူ၍ ကြည့်ရှုတော်မူပြီးလျှင် ရွှေနန်းတော်သို့ ဝင်တော်မူ၏။

ညီတော်သာယာဝတီမင်းသား သီရိမဟာသုဓမ္မရာဇာကို ထိုသတ္တရာဇ်ဝါခေါင် လပြည့်ကျော် နှစ်ရက်နေ့ ဇောင်တွင်းချောင်မြို့ကို မြို့စားပေးတော်မူ၏။ ။ယင်းသည့်သတ္တရာဇ် တော်သလင်းလဆန်း ခုနစ်ရက်နေ့ ဟံသာဝတီရန်ကုန်မြို့တွင် ဝန်ကြီး မင်းကြီး မဟာမင်းလှရာဇာ သေလွန်သည်ကို လှပ ကောင်းမွန်အောင် လုပ်ဆောင် သင်္ဂြိဟ်ရ၏။ ။ တောင်တပြင် မြို့ကျေးရွာများမှာလည်း ဝန်ကြီး မင်းကြီးကျော်ထင်ကို အဓိန္ဓတော်နှင့် ဟံသာဝတီရန်ကုန်မြို့က ရပ်နေစီရင်စေ၏။

ဆဋ္ဌန်ဆင်မင့်း သခင်ဘဝရှင် မင်းတရားကြီးဘုရားလည်း သာသနာတော် အမွန်ရှည်စွာတည်သမျှ လောကသုံးပါးတို့၏ အကျိုးစီးပွား များမြတ်စေခြင်း အကျိုးကို ရည်တော်မူ၍ ကြေးစင်ချိန်ဝန် ဝိဿာပေါင်း အသောင်းမကသော ပဉ္စလောဟာရုတနာရွှေငွေတို့ဖြင့် သွန်းလုပ်တော်မူသော မြတ်စွာဘုရား ရုပ်ပွားတော် မဟာသကျသီဟဘုရား ကိန်းဝပ်တော်မူရန် တူးရွင်းခြေဂိုဏ်းနွယ် မဟာသံဃနာထ သီတင်းသုံးနေရင်းဟောင်း လေးထပ် ကျောင်းကြီးရာတွင် အရံတံတိုင်း မီးတာန္နစ်ထပ်နှင့်တကွ လေးမျက်နှာ မုတ်ပေါင်းကူး, ဘုံခုနစ်ဆင့် ရှိသော အုတ်

ပြာသာဒ်တော် တည်လုပ် ပြီးပြေရှိသည်ကို ထိုသတ္တရာဇ် တပေါင်း လဆန်း ခုနစ်ရက်နေ့ ရွှေခြောက်တပ်, နောက်ခြောက်တပ် ခမ်းနား ကြီးကျယ်စွာထွက်တော်မူ၍ တည်လုပ်တော်မူသည့် အုတ်ပြာသာဒ်အနီး ဘုံသာကျောင်းအရပ်သမုတ်၍ စံတော်မူပြီးလျှင် တပေါင်းလပြည့်ကျော် သုံးရက်နေ့ ရွှေထီးအထွတ် တင်လှူတော်မူ၍ ဘုရားအမှူးရှိသော သာသနာပြုဆရာတော်, တံဆိပ်တော်ရ-မရဆရာတော်သံဃာတော်တို့အား အဘိုးများစွာထိုက်သော သီးမျိုးစုံပဒေသာပင်ရေ တရာကျော် လှူဒါန်း တော်မူ၍ ၎င်းလပြည့်ကျော် ဆယ်ရက်နေ့ အရှင်နှစ်ပါး ရေစက်သွန်း တော်မူ၏။

ကုသိုလ်တော်အခမ်းအနားတွင်သေပြစ်သေဒဏ်ထိုက်၍ ထောင်တန်း အကျဉ်းအမြောင်းခံနေရသူတို့ကိုလည်း ဘေးမဲ့ချမ်းသာ ပေးတော်မူပြီး လျှင် အကျဉ်းကလွတ်၏၊မင်းညီမင်းသား စောဘွားမြို့စား မှူးတော် မတ် တော် သူဌေးသူကြွယ်တို့ကိုလည်း ရွှေ, ငွေ, ထည်မျိုးအုပ်မျိုး အထိုက် အလိုက်ပေးတော်မူ၏၊ အစုအမှုထမ်းတို့မှစ၍ နေပြည်တော် ရတနာပုရ ရွှေမြို့တော်, စစ်ကိုင်း, ပင်းယ, အမရပုရ စသော ပြည်သူ ပြည်သား အပေါင်းတို့ကိုလည်း ထည်းမျိုးအုပ်မျိုး ခွက်အုပ် ပန်းကန်စသည့်အသုံး အဆောင်များစွာ ရက်ပေါင်း နှစ်ဆယ်ကျော်တိုင်တိုင် ပေးကမ်းသနား တော်မူ၏။

ယောမြို့ကျေး နှံသာတောက စလင်းခုနစ်သင်း, အဝကိုးသင်း, မင်္ဂ လာလေးသင်း အောက်မားတော်များနှင့် အောက်ငင်ခဲ့သည့် အတိုင်း လေးတောင့်နှစ်မိုက်, အစွယ်ပြင်ပေါ် တတောင်ခန့် ထူးမြတ်သည့် ဆင် တော်ရောက်သည်ကို ထိုသတ္တရာဇ် တန်းခူးလပြည့်ကျော် လေးရက်နေ့ ဆင်ကျုံးသို့ ဆင်ဖမ်းသဘင်ထွက်တော်မူ၏။ ။နှစ်စဉ်လှူဒါန်းမြဲအတာ သဘင်မှစ၍ တဆဲ့နှစ်ရာသီ သဘင်မင်းပွဲအလှူတော်များကိုလည်း လစဉ် မပြတ် စီရင်ခင်းကျင်းလှူဒါန်းတော်မူ၏။

* သတ္တရာဇ် (၁၁၉၇) တထောင့် တရာ့ ကိုးဆဲ့ခုနစ်ခု တန်းခူးလ ပြည့်ကျော် တဆဲ့တရက် တနလ်ာနေ့ နံနက်လေးချက်တီးကျော် နှစ်နာရီပါဒပြည့် အချိန်တွင် သင်္ကြန်ကျသည်၊ ၎င်းလပြည့်ကျော် တဆဲ့သုံးရက်ဗုဒ္ဓဟူးနေ့ နံနက်တချက်တီးကျော် လေးနာရီတပါဒ အချိန် သတ္တရာဇ် (၁၁၉၈) တထောင့် တရာ့ ကိုးဆဲ့ ရှစ်ခုသို့ တက်သည်။

၁၁၉၈—၃

မိကြီးတော် အိမ်ရှေမိဖုရား ကံကုန်ခြင်း စသည်များ

သက္ကရာဇ် (၁၁၉၈) တထောင့်တရာ့ကိုးဆဲ့ရှစ်ခု နယုန်လဆန်းခြောက်ရက်နေ့ မိကြီးတော်ကန္ဒီမြို့စား အိမ်ရှေမိဖုရား သီရိမဟာမင်္ဂလာရတနာဒေဝီ ကံကုန်သည်ကို ဘိုးတော် ဆင်ဖြူရှင် မင်းတရားကြီး လက်ထက် သက္ကရာဇ် (၁၁၁၃) တထောင့်တရာ့ တဆဲ့သုံးခုနှစ် မယ်တော် မိဖုရား ခေါင်ကြီး ကံကုန်ရာ သင်္ဂြိဟ်သည့်နည်း ၎င်းလပြည့်ကျော် ရှစ်ရက်နေ့ အရှင်နှစ်ပါး ရွှေဝါနှင့်ထွက်တော်မူ၍ သင်္ဂြိဟ်တော်မူ၏။

ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ထိုသက္ကရာဇ် နယုန်လပြည့်ကျော် တဆဲ့လေးရက်နေ့ ဒုတ္ထာဝတီမြစ် အနောက်ဖက်ကမ်းနဖူးတွင် ဆောက်ထားရှိသည့် စံနန်းတော်သို့ မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော် အပေါင်းတို့ခြံရံလျက် စစ်အင်္ဂါလေးပါး ဗိုလ်ပါရဲမက်အပေါင်း ခင်းကျင်း ထွက်တော်မူပြီးလျှင် မင်းညီမင်းသား စော်ဘွားမြို့စား မှူးတော်မတ်တော် သူဌေးသူကြွယ်တို့နှင့် နေပြည်တော် ရတနာပုရမြို့တွင်း မြို့ပြင် ရပ်စု ကွက်စုများက လုပ်ဆောင် ကြသည့် တုံး, စက်မိုး, ရွာမီးများကို အရှေ့ဖက်ကမ်းထိပ်တွင် ရှိ့လှတ်စေ၍ ကြည့်ရှုတော်မူပြီးလျှင် တော်သလင်းလပြည့်ကျော် တဆဲ့သုံးရက်နေ့ ရွှေနန်းတော် သို့ဝင်တော်မူ၏။

ရှေးမင်းတို့ ကိုးကွယ် တည်ထားသော လောကချမ်းသာဘုရား, ရတနာမဉ္ဇူဘုရား, ရွှေမုဋ္ဌောဘုရား, ရွှေစည်းခုံဘုရား, မာရ်အောင်ရတနာဘုရား, ရွှေရင်းရဲဘုရား, သက်တော်ရ ဘုရားမှစ၍ စေတီ ပုထိုးပေါင်း တရာ့ရှစ်ဆူကိုလည်း ထပ်မံပြင်ဆင်တည်လုပ်ကိုးကွယ်တော်မူ၏။

ရှေးမင်းတို့ဆည်ဖို လုပ်ဆောင်တော်မူခဲ့သော အောင်ပင်လယ် ကန်တော်, နန္ဒာကန်တော်, တောင်ဘက်ကျောက်ဆည်, မတ္တရာဆည်တော်စသော ဆည်တော်ကန်တော် များစွာကိုလည်း ထိုသက္ကရာဇ် တပေါင်း ယဆန်းရှစ်ရက်နေ့ကစ၍ ငွေတော်သပြာ များစွာ ထုတ်ပေးတော်မူပြီးလျှင် ပြင်ဆင်လုပ်ဆောင်စေ၏။

ပညာရှိတို့ကလည်း ဓာတ်ပန်း ကိန်းခန်း အလျောက် ထို သက္ကရာဇ် တန်ဆောင်မုန်းလ နန်းမြို့တော်အတွင်း ရွှေနန်းတော်မြောက် ဥယျာဉ်တော်တွင် ယာယီစံနန်းတော် ဆောက်လုပ် စံနေတော် မူသင့်ကြောင်း

နှင့် ထျောက်ထားရာ သာယာလှစွာသော ယာယီစံနန်းတော် ဆောက်လုပ်ပြီးလျှင် မြတ်နန်းစံကျော် သမုတ် စံနေတော်မူ၏။

ထိုအခါဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားကိုယ်တော် ကျန်းခန္ဓတော်မမူသည်နှင့် မိဖုရားခေါင်ကြီး မောင်တော် စလင်းမြို့စား မင်းသား သီရိသုမဟာဓမ္မရာဇာနှင့် မှူးတော် မတ်တော်တို့ တိုင်းဝန်ပြည်ဝန် ရွာကဆောင်စိရင်ကြသည့်အတွင်း ပြည်ရွာ မငြိမ်မသက် ရှိလေလျှင် စလင်းမြို့စား မင်းသားလည်း ညီတော် သာယာဝတီမင်းကို အယုံအကြည်မရှိ နှလုံးစိတ်ဝမ်းမချ အထူးအထွေ ထင်မှတ်ကြသောကြောင့် တစိတ်တဝမ်းတည်း သဘောတူရာ မှူးတော်မတ်တော် အရာရှိတို့ မပြတ်စည်းဝေးတိုင်ပင်ကြသည်များကို ညီတော်သာယာဝတီမင်း တစ်ရာ ကြားသိတော် မူသည်တွင် အမိန့်တော် ရှိသည်ကား-ငါသည် နောင်တော်မင်းတရား ရွှေနန်းစည်းစိမ်ကို စံတော်မူသည်မှ စ၍ ယနေ့တိုင် ငါတို့ နောင်တော်ညီတော် မည်သို့ နှလုံးစိတ်ဝမ်း မထူးမထွေ ကျေးဇူး သစ္စာတော်ရှိသည့်အတိုင်း မဖောက်မပြန် နောင်တော်မင်းတရား အမှုတော်ကိုသာ နှလုံး လက်ရုံးဖြင့် ထမ်းရွက် ရှိနေပါသည်ကို ယခု စလင်းမြို့စားမင်းသားနှင့် သဘောတူသူ ဗိုလ်မှူးတပ်မှူး သူရဲသူခက်တို့ ညီညွတ် စည်းဝေး တိုင်ပင်ပြုပြီးလျှင် ငါညီတော် ရင်းချာကိုပင် မှုခင်းရှာမည့် အကြံအစည် ရှိသည်မှာ နောင်တော် မင်းတရားကြီး ကျေးဇူးသစ္စာတော်ကို ထောက်၍ ကြောင့်ကြမဲ့ အလေးမမူ နေချေက နောင် ညီတော် သားတော် ဆွေတော်မျိုးတော်မှစ၍ ရဟန်းရှင်လူ ပြည်သူသတ္တဝါအပေါင်းတို့ ဆင်းရဲကြီးစွာ ဖွတ်ကြရတော့မည်မချွတ် ဖြစ်သည်ဟု အမိန့်တော်ရှိပြီးလျှင် အထက် လောကီဓေဒင်ကျမ်းဂန်တို့၌ လွဲလွှဲတတ်ကျွမ်းသိမြင်တော်မူသော သမိုးတော်နှင့် ဆွေးနွေးတိုင်ပင်တော်မူရာ မင်းဖြစ်တော်မူအံ့သော အကြောင်းများကို ကာလ-သမယစသည်ဖြင့် ဝိုင်းခြံ၍ ငါ့သမိုးတော် လျှောက်ထားဘူးသည်၊ ယခု တိုင်ပင်တော် မူပြန်ရာ့ထည်း အထက် လျှောက်ထား ဝိုင်းခြားရင်းအတိုင်း ဓာတ်ပန်းကိန်းခန်းစသော ကောင်းမြတ်သော အခါသမယလည်း စုံညီ ကြိုက်လတ်သည်၊ ယခု ထင်မြင်သည့်နိမိတ်မှာလည်း ကိုယ်လုပ်တော်သောင်တင်းတိုက်စား အဆောင်က ခုနစ်လရွယ် သူငယ်ယောကျ်ားသည် စကား မပြောမဆိုတတ်စ ဖြစ်လျက် တအိမ်တော်လုံး ကြားသိအောင် အောင်ပါလေ သပြေပန်းနှင့် ရေချမ်းလောင်း-ဆိုပြီးလျှင် စကားမပြော ငကတိ နေမြဲ နေသည် ဖြစ်၍

အထူးသဖြင့် ကောင်းမြတ်သော နိမိတ် ထင်မြင်သည် ဖြစ်သောကြောင့် ရှယ်ရည်တော်မူသမျှ အလိုတော်အတိုင်း ပြီးပြည့်စုံသဖြင့် မင်းအဖြစ်သို့ မချွတ် ရောက်တော်မူမည့်အကြောင်းနှင့် ငါ့သမီးတော်လျှောက်ထားပြန်သည်၊ ယင်းသည့် အကြောင်းများကို နှလုံးသွင်းတော် မူပြီးမှ မင်္ဂလာအိမ်တော်တွင်လည်း သားတော် တောင်တွင်းချောင် မင်းသား သီရိမဟာသုဓမ္မရာဇာ, မင်းရဲသီဟကျော်, မင်းရဲကျော်ထင်, မင်းရဲဇေယ-စသော သားတော်များနှင့် ဝန်နေမျိုးလက်ယာကျော်ထင်၊ နေမျိုးသီဟကျော်စွာ၊ အတွင်းဝန် နေမျိုးသီဟစည်သူ၊ နေမျိုးဗန္ဓုကျော်၊ နေမျိုးနရာ၊ စာရေးကြီး သီဟကျော်ထင်နော်ရထာ၊ ဘဏ္ဍာစိုးရွှေတောင်ပျံချီ၊ ဆိပ်အုပ် ငတုတ်ကြီး၊ ငရွှေနီ၊ ငနောင်၊ ငကြွက်၊ ငရွှေအိပ်၊ ငရွှေရာ၊ ပုဏ္ဏား ဝဏ္ဏဇေယပြဟ္မာ၊ ငရေး၊ ငစို၊ ငဩဇာတို့နှင့် လုပ်ရေးကြံရေးများကို မပြတ်ဆွေးနွေးစိုင်းပြင်း တိုင်ပင်တော်မူ၏။

ယင်းသို့ ဆွေးနွေးတိုင်ပင်ကြသည့်အတွင်း စလင်းမြို့စား မင်းသားကပုဂံမြို့စိရင်စု ငစဉ့်ကူအုံ မြို့သူကြီး ငရေးဆိုသည့်သူသည် လူဆိုး လူသွမ်းတို့ကို ပူးပေါင်းလက်ခံ စည်းကြပ်ပြီးလျှင် သာယာဝတီမင်း အိမ်တော်မှာ ဝင်ထွက်ရှိနေကြောင်း, သာယာဝတီ အိမ်တော်မှာလည်း ညီတော် သာယာဝတီမင်းနှင့် နှမတော် ပုဂံမင်းသမီးတို့ ကျေးကျွန် အမှုထမ်းတို့ကို ဖွဲ့စည်းတိုင်ပင် အကြံအစည်ရှိကြောင်း, ငရေးကို စစ်မေးရန်ရှိ၍ တောင်းခေါ်ရာ သာယာဝတီမင်း ဝင်းအတွင်း ကပ်ခိုရှိနေသည်ကို လက်ခံ သိမ်းထား၍ ဝန်စာရေးကြီးတို့က မပေးမအပ်ကြောင်းများကို ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရားမှာ လျှောက်ထားသည်တွင် ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ညီတော်သာယာဝတီမင်း, နှမတော် ပုဂံမင်းသမီး ဝန်စာရေးကြီးတို့မှာ ငရေးကိုရအောင် တောင်းရမည် အမိန့်တော်နှင့် ထိုသတ္တရာဇ် တပေါင်း လပြည့်ကျော်သုံးရက်နေ့ ဗြဟိုက်သံဆင့် သီရိကျော်ထင်နော်ရထာကို အိမ်တော်သို့ စေလွှတ်တောင်းစေရာ သာယာဝတီမင်းက စစဉ့်ကူအုံ မြို့သူကြီး ငရေး အိမ်တော်မှာ မထမ်းမရွက် မလာမရောက်ကြောင်းကို ပြောဆို၍ သီရိကျော်ထင်နော်ရထာ ပြန်သွားသည့်နောက် စလင်းမြို့စား မင်းသားကငင်းဆပြည့်ကျော်လေးရက်နေ့ သာယာဝတီမင်းဝန် နေမျိုးသီဟ ကျော်စွာ, အတွင်းဝန် နေမျိုးသီဟစည်သူ, စာရေးကြီး သီဟကျော်တင် နော်ရထာ, နှမတော် ပုဂံမင်းသမီးဝန် စည်သူရာဇကျော်, စာရေးကြီး ကျော်

ထင်သူရိန်တို့ကို ခေါ်၍ စစ်ကူအုံမြို့သူကြီး ငရေးကို ပေးအပ်ရမည် ထောင်မှာထား၍ တောင်း၏။

ထိုအခါ နှမတော် ပုဂံမင်းသမီးလည်း မောင်တော် သာယာဝတီ မင်းအိမ်တော်သို့ အဆောတလျင်လာပြီးလျှင် စလင်းမြို့စား မင်းသား က စစ်ကူအုံ မြို့သူကြီးငရေးကို ပေးအပ်ရမည် ဝန်စာရေးကြီး တို့ကို အပြင်းအပြ တောင်းသည်မှာ ဝန်စာရေးကြီးတို့နှင့်သာ အမှုပြေငြိမ်း မည်မဟုတ်၊ ငရေးကစပ်လျဉ်း၍ မောင်တော်ကိုပင် မှုခင်းမှုရာ ကြီးပွား အောင် ရှာကြံပြုလုပ်မည့် လက္ခဏာ ဖြစ်ပါသည်၊ ယင်းသည့် အမှုကို ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီးဘုရားသို့ အလုံးစုံသိတော်မူ အောင် လျှောက်ထားရ မည်လည်း ကိုယ်တော် ကျန်းခန့်တော် မမူသည်နှင့် တိုင်းရေးပြည်မှု၌ ကြောင့်ကြမဲ့ရှိနေတော်မူသည့်အခါ ပေါက် မြောက်အောင် လျှောက်ထားနိုင်မည် မဟုတ်ပါ၊ ယင်းသို့ဖြစ်၍ သည် အရေးအရာကို ဖြည်းဖြည်းနှေးနှေး ကြံစည်တော် မမူသင့် အဆော တလျင် ကြံစည်တော်မူမှ သင့်မည်ထင်ပါကြောင်းနှင့် လျှောက်ထားရာ မောင်တော် သာယာဝတီ မင်းလည်း နှမတော် လျှောက်ထားသော အရေးကို တွေးတောဆင်ခြင်တော်မူ၍ စစ်ကူအုံ မြို့သူကြီးငရေး အိမ် တော်မှာ မထမ်းမရွက် မရှိမနေကြောင်းများကို နောင်တော်မင်းတရား သိတော်မူအောင် မေတ္တာရပ်ခံပါမည့် အကြောင်းနှင့် သဲအင်းတိုက်နေ ရှင်ဥေယျမမွေ, ရှင်တေဇဝန္တ, ရှင်ဝိမလ, ရဟန်းတော်သုံးပါးကို တကြိမ်၊ ကိုးကွယ်တော်မူရင်း သဲအင်းဓာရာတော်ကိုတကြိမ်၊ သာသနာပြု ဆရာ တော်ထံ လျှောက်ထားစေရာ သာသနာပြုဆရာတော်က လူမှုလူရာနှင့် စပ်သောစကားဖြစ်၍ မသင့်ကြောင်းများနှင့် ပြောဆိုလိုက်သောကြောင့် အခွင့်မရရှိသည်နှင့် အဘိုးများစွာထိုက်သော လက်စွပ်တော်ကို ပေး၍ မိဖုရားခေါင်ကြီးနှင့် အရိုးတော် ပေါင်းထည် မြို့စားထံ နောင်တော် မင်းတရားမှာ ဟုတ်မှန်သည့်အတိုင်း အကျိုးအကြောင်းများနှင့် တကွ သိတော်မူအောင် လျှောက်ထားပါမည့်အကြောင်းနှင့် စေလွှတ်ပြန်ရာ ပေါင်းထည် မြို့စားကလည်း ယခု အခါ ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ညီတော် သားတော် မှူးမတ်ပညာရှိတို့နှင့် အမှုခပ်သိမ်းမျိုးကို မတိုင်မပင်မပြောမဆိုနေတော်မူသည်-ကာလအရှည် ရှိပြီဖြစ်သောကြောင့် လျှောက်ထားရုံမည့်လည်း အခွင့်အလမ်း မသာ၊ ယင်းသို့ဖြစ်၍ အရှင်လည်း အကြောင်းမျိုး အလုံးစုံကို သိတော်မူရင်း

အတိုင်း ညီတော်ဖြစ်သည်နှင့်အညီ မယုတ်မလွန်စေရ ကြီကြိုက်တော်မူရာ ကြီတော်မူမှသင့်မည် ထင်ကြောင်းများနှင့် ပြန်လျှောက် လိုက်သည့် ကာလ သာယာဝတီမင်းလည်း သားတော်များနှင့် မူးမတ် ကျွန်တော် များတို့ကို သည်အရေး မည်သို့သင့်မည် တိုင်ပင်တော်မူရာ သားတော် သီရိမဟာသုဓမ္မရာဇာ, မင်းရဲသီဟကျော်, မင်းရဲကျော်ထင်, မင်းရဲဇေ ယျတို့နှင့် အတွင်းဝန် နေမျိုးဗန္ဓုကျော်, နေမျိုးနုရာ,ဘဏ္ဍာစိုးရွှေတောင် ပျံချီ, ဆိပ်အုပ်တုတ်ကြီးတို့ လျှောက်ထားကြသည်ကား- ယခု အရေး သည် ငစဉ့်ကူအုံမြို့သူကြီး ငရေးကို သဲလွန်စပြုသဖြင့် ဘုန်းကြီးသည့်အရှင် ကိုပင် မှခင်းကြီးစွာ ဖြစ်ပွားအောင် ရှာကြံချေသည်၊ ဆဒ္ဒန်ဆင်မင့်း သခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ညီလာသဘင်တော်မှ ထွက်စံ တော်မမူနိုင်၊ စလင်းမြို့စားမင်းသားနှင့် တစည်းတဖွဲတည်း သဘော တူပါဝင်သူ မူးတော် မတ်တော် သူရဲသူခက်တို့လည်း အင်းအားကြီးလှ ချေသည်၊ တကြောင်းလည်း သည်အရေးသည် ကိုယ်တော်မြတ် တပါး တည်း အရေးသာမဟုတ်ချေ၊ မင်း မိဖုရား သားတော် သမီးတော်နှင့် တကွ အမှုထမ်း ကျွန်တော်များ အပေါင်းတို့၏ အရေးလည်း တချက် တည်းပင် ဖြစ်ချေတော့သည်၊ ယင်းသို့ဖြစ်၍ ကျွန်တော်တို့ လက်ရှိ စည်းကြပ်ရင်းအမှုထမ်း ကျွန်တော်များတို့နှင့် အမှုပြုလုပ်သူ စလင်းမြို့စား မင်းသားပါ ပေါင်းသင်းပါဝင်သူ မှူ မတ်ဗိုလ်ရဲမက်တို့ကို ယခု သည် တွင် အရအဓိဖန်းဆီးငြိုးလျှင် အရေးပြေငြိမ်းကုံတွင်အောင် လုပ်ကြံထမ်း ရွက်၍ ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီးဘုရား မကျန်းမမာ သည်ကို ပြုစုတော်မူလျှင် သင့်မြတ်ပါမည့်အကြောင်းများနှင့် လျှောက် ထားကြ၏။

အတွင်းဝန် နေမျိုးအာကာသူ, သာယာဝတီ စစ်ကဲ ငနောင်,ငရွှေ တုတ်တို့ကလည်း သားတော်များနှင့် မူးမတ် ကျွန်တော်များတို့လျှောက် ထားသော အရေးသည် သင့်လျော်သော အရေးပင် ဖြစ်ပေသည်၊သို့ရာ တွင် ယခုဖြစ်ပွားကြသည့်အမှုကိုလည်း ဆဒ္ဒန်ဆင်မင့်းသခင်ဘဝရှင်မင်း တရားကြီးဘုရား တပ်ရာသိတော်မူမည်မဟုတ်ပါ၊ အရှင့်ကိုသာ အမှုကြီး စွာဖြစ်ပွားအောင်ကြံစည်ပြုလုပ်သည့်လက္ခဏာဖြစ်ပါသည်၊ ယင်းသို့ဖြစ်၍ တကြောင်းတဝ ထွက်သွားလုပ်ကြံရမည်ကို အလိုတော်သဘောကြိုက်ညီ တော်မူပါလျှင် ကျွန်တော်တို့ အိမ်တော်ထွင် ထမ်းရွက်ရင်း အမှုထမ်း ကျွန်တော်များတို့နှင့် အုပ်စည်းမပျက် ဧရာဝတီမြစ်ကြောင်းစုန်တော်မူ၍

မင်္ဂလာ သာယာဝတီ မြို့တော်တွင် ဗိုလ်ဝင်ခံတော် မူပြီးလျှင် မြစ်စဉ် တလျှောက် တောင်ဘက်တလွှား မြောက်ဖက်တပြင်ရှိမြို့ပြကျေးရွာများ ကို သိမ်းရုံးပြီးမှ နေပြည်တော်ရတနာပူရမြို့တိုင် ချီတက်လုပ်ကြံသိမ်းယူ ရသော် သင့်မည်ထင်ကြောင်းများနှင့် လျှောက်ထားကြ၏။

ယင်းသို့ သားတော်များနှင့် မှူးမတ် ကျွန်တော်မျိုးတစုတို့ လျှောက် ထားကြသည်များကို ကြားသိတော်မူလျှင် ငါသည် ခမည်းတော်ဘုရား နတ်ပြည် စံတော်မူသည့်နေ့မှစ၍ ယခုတိုင် နောင်တော် မင်းတရားကို ခမည်းတော်ကဲ့သို့ထင်မှတ်သဖြင့် ကျေးဇူးသစ္စာတော်ကို မဖောက်မပြန် စေရ နှလုံးသွင်းပြီးလျှင် အမှုတော်ကို ထမ်းရွက် ရှိနေပါသည်ကို ယခု ငါ့ကိုပင် စလင်းမြို့စား မင်းသားက မှုခင်းကြီးစွာဖြစ်ပွားအောင် ရှာကြံ ပြုလုပ်ချေသည် အမှန်ပင် ဖြစ်တော့သည်၊ ငါသည်လည်း ရှေးဘုရား အလောင်းမင်းကောင်းမင်းမြတ်တို့ကဲ့သို့ခပ်သိမ်းသောသတ္တဝါအပေါင်း တို့ အကျိုးစီးပွားကို ဆောင်ရွက်ခြင်း, ဆွေတော် မျိုးတော်တို့ အကျိုး စီးပွားကို ဆောင်ရွက်ခြင်း, သားတော်အစဉ် မြေးတော်အဆက် မြစ် တော်အညွှန့်တို့၏ အကျိုးစီးပွားကို ဆောင်ရွက်ခြင်း ဟူသော သုံးပါး သောစရိယတရားကို ဖြည့်ကျင့်ရအံ့သောအခါတန်ပြီ၊ ငါသည်သာလျှင် သတ္တဝါအပေါင်းတို့ကိုးကွယ်ရာဖြစ်စေအံ့ဟု ကြံရည်တော်မူပြီးမှ သား တော်များနှင့် မှူးမတ်ကျွန်တော်မျိုးတို့ကို အမိန့်တော် ရှိသည်ကား....

ယခု သားတော်များနှင့် မှူးမတ် ကျွန်တော်မျိုးတစုတို့ လျှောက်ထားကြ သည့်အတိုင်း သည်တွင်ပင် အရေးကုံအောင် လုပ်ကြံချေသော် နောင် တော် မင်းတရား ကျေးဇူးသစ္စာတော်ကို ဖောက်ပြန်ပြစ်မှားသကဲ့သို့ရှိသ ဖြင့် နောင်လာမင်းတို့ အစဉ်ပြောပရာ ဖြစ်ပချေမည်၊ တကြောင်းလည်း မင်းကို့အရေးအရာဟူသည် တိမ်တောင်ကြက်ဥသဖွယ် အလွန် သိနိုင်ခဲ သည်ဖြစ်၍ တသွယ်တဝထွက်သွားရလျှင်လည်း ငါတို့ဝယ် မြောက်ဖက် အရပ်တွင် ပေါက်ကံငရွှေဦး, အင်တိုင်းငရွှေမောင်, စည်ပုတ္ထရာ ငရောက် ကြီးတို့ အအုပ်အထိန်းကို ခံပြီးလျှင် ထမ်းရွက်ကြသည့် ကျွန်တော်မျိုး အများရှိပြီဖြစ်၍ မြောက်ဖက်ကြောင်း ချီထွက်ရပ်ခံလျှင် အရေးပြေကုံ မည်မဆွတ်ပင်ဖြစ်သည်။ ငါတို့က အရေးစတင်မဖြစ်စေရ သူတို့ကအရေး ပြုလုပ်လျှင် ဆီးဆို့ရပ်ခံရန်အကြောင်းကိုသာ ကြံသင့်သည်-အမိန့်တော် ရှိပြီးလျှင် သားတော်များနှင့် ကျွန်တော်မျိုး အပေါင်းတို့ကို အာသင့်ခန့် ထားစည်းကြပ်တော်မူသည်ကား-

ရွှေတိမ်ညင်းလွှတော် တက်စွဲအမှုထမ်း လူငါးဆယ်၊ ဖွဲ့ရာပါငပေါ်သိုင်းနှင့် ပဏ္ဏာလသားအမှုထမ်း လူငါးဆယ်၊ နှမတော်တောင်တွင်းကြီးမင်းသမီးကဆက်သည့် ညိုရောင်, ငသာရွဲတို့နှင့် တောင်တွင်းကြီးသားအမှုထမ်း လူငါးဆယ်၊ သားတော်တောင်တွင်းချောင်မင်းသားနှင့် အမှုထမ်းလူငါးဆယ်၊ သာတော်မင်းရဲသီဟကျော်နှင့်အမှုထမ်းလူငါးဆယ်၊ သားတော် မင်းရဲကျော်ထင်နှင့် အမှုထမ်း လူငါးဆယ်၊ သားတော်မင်းရဲဇေယနှင့် အမှုထမ်းလူငါးဆယ်၊ ဘလွှာစိုး ရွှေတောင်ပျံချီနှင့် ဖွဲ့ရာပါကြွေမကျီရှာသား အမှုထမ်း လူငါးဆယ်ကျော်၊ စုစု ကျွန်တော်များ အမှုထမ်း လူလေးရာကျော်တို့ကိုဝင်းတော်အတွင်းပြင် အလွယ်တကူ အသင့်ရှိစေ၍ စံရာတံခါးလမ်း,ပန်းထိမ်တန်းလမ်း, ညောင်ပင်စျေးလမ်းများမှာလည်း လူသေနတ် အစောင့်အနေ ထားတော်မူ၏။

ယင်းသည့်အတွင်း စလင်းမြို့စား မင်းသားကလည်း ငရေးကိုသာယာဝတီမင်းထံ တောင်းရာ မပေးမအပ် နေကြောင်းများနှင့် ဆဒ္ဒန်ဆင်မင့်းသခင်ဘဝရှင်မင်းတရားကြီးဘုရားကိုလျှောက်ထားပြန်သည်တွင်ငရေးကိုမပေးမအပ်နေလျှင် ညိုတော်သာယာဝတီမင်းဝင်း, နှမတော်ပုဂံမင်းသမီးဝင်းများသို့ စေလွှတ်ရာစေရမည် အမိန့်တော်နှင့် သက္ကရာဇ်(၁၁၉၈) တဆောင့် တရာ့ ကိုးဆဲ့ ရှစ်ခု တပေါင်းလပြည့်ကျော် ခြောက်ရက်နေ့ မြို့လတ်ဝန် မင်းကြီးမဟာမင်းလှမင်းခေါင်ကျော်, ထန်းတပင်မြို့စား ငွေခွန်ဝန် မြောက်ဒဝယ်ဗိုလ် မင်းလှမဟာသီဟသူ, ဗြဲတိုက်သံဆင့် သီရိကျော်ထင်နော်ရထာတို့ကို ငရွှေကြွေနှင့် ရွှေပြည့်မှန်ကင်းအစု အမှုထမ်းလူငါးဆယ်၊ ငရွှေနီနှင့်တောင်ဒဝယ်အစုအမှုထမ်း လူငါးဆယ်၊ မြောက်ဒဝယ်အစုအမှုထမ်းလူငါးဆယ်၊ မြောက်မာရဝဘင်အစု အမှုထမ်းလူငါးဆယ်၊ အစုစုအမှုထမ်းလူနှစ်ရာခန့်ထားပေးအပ်၍ သာယာဝတီမင်းဝင်း, နှမတော် ပုဂံမင်းသမီးဝင်းများတွင် ဝန်းဝိုင်းရမိအောင် ဖမ်းဆီးရမည် စေလွှတ်၏။

ထိုအခါ မြို့လတ်ဝန်နှင့် မြောက်ဒဝယ်ဗိုလ်တို့က ငါတို့နှစ်ယောက်မှာ အမှုထမ်း လူတရာ့ငါးဆယ်နှင့်သာ သာယာဝတီမင်းဝင်းသို့ သွားမည်၊ ဗြဲတိုက်သံဆင့် သီရိကျော်ထင်နော်ရထာမှာ မြောက်မာရဝဘင်အမှုထမ်းလူငါးဆယ်နှင့် နှမတော် ပုဂံမင်းသမီးဝင်းသို့ သွားရမည်-ခွဲဝေလွှတ်ကြွေးနောက် မြောက်ဒဝယ်ဗိုလ်က ကျွန်ုပ်တို့နှစ်ဦး ခရီး တကြောင်းတည်းသွား၍ သင့်မည်မထင်၊ မြို့လတ်ဝန်မင်းမှာ စံရာတံခါး လမ်းမအတိုင်း

အနောက်သို့သွားပြီးလျှင် ဝင်းကိုပတ်၍ ဝင်းတော်နောက်တံခါးက ဝင်စေချင်ပါသည်၊ ကျွန်ုပ်မှာ စံရာတံခါးပြင် ကျုံးထိပ်က မြောက်သို့သွား၍ ဝင်းတော်ရှေတံခါးက ဝင်ပါမည်-တိုင်ပင်ပြောဆိုသွားကြ၏။

ထိုအကြိုက်တွင် မြောက်ဒဝယ်ဗိုလ် မင်းလှမဟာသီဟသူ မိုးကောင်းမြို့စား ဝင်းတော်သို့ရောက်လျှင် အိမ်တော်တွင်လည်း အောင်ချိန်ခါသင့်ပွင့်လတ်မည်ကို နတ်တို့ နိမိတ်ညွှန်ပြသောအားဖြင့် အလိုမဲ့ လက်သုံးတော်သေနတ် ဆေးဦးခဲဦးပေါက်သဖြင့် ပြင်းပြစွာ အသံဖြစ်သည်ကို အစောင့်အနေထားသမျှ ဗိုလ် ကျွန်တော်များ အပေါင်းတို့ အနှံ့အပြားကြားသိကြလျှင် အုပ်စည်းမဟုက် အိမ်တော်သို့ချည်း စုရုံးမိကြ၏။

ထိုသို့ စဉ်တွင် မြောယ်ဒဝယ်ဗိုလ်နှင့် အတူပါသူ ရွှေပြည့်မှန်ကင်းသွေးသောက်ကြီးငမို ဝင်းတော်အနောက်သို့လှည့်၍လာသည်ကို အတွင်းဝန်နေမျိုးဗန္ဓုကျော် တွေ့မြင်သည်နှင့် လိုက်လံသတ်ဖြတ်ပြီးလျှင် ညီတော် သာယာဝတီမင်းသို့ လျှောက်ထားလေ၏၊ မြို့လတ်ဝန် မင်းကြီးမဟာမင်းလှမင်းခေါင်ကျော်လည်း ကျွန်တော်များ သူရဲတော်တို့ သောသောရွတ်ရွတ် စုရုံးမိကြသည်များကိုမြင်လျှင် ဖမ်းဆီးမည်လာချေသည်အမှတ်ရှိသည်နှင့် အသားစားလတ္တံ့သို့ ကြောက်နှံ့ခြင်း ပြင်းစွာဖြစ်သဖြင့် မြင်းဦးလှည့်ကာ အပြင်းလွှတ်၍ စိုင်းနှင်ထွက်ပြေးရာ မြို့ကလေးတွင်းသို့ ဝင်မိသည်နှင့် အသက်မသေ လွတ်လေစ်၏။

နောက် သူရဲတော်တို့လည်း မြောက်ဒဝယ်ဗိုလ် အမှူထမ်းလူအများနှင့် အိမ်တော်ရှေ ဝင်းတော်တံခါးအနီးသို့ လာရောက်သည်ကို မြင်ပြန်လျှင် မဆုတ်မနစ် ခုခံကြရာ ပါသမျှအမှူထမ်းတို့ တယောက်မျှ လက်မထူဝံ့ ဆုတ်ခွာထွက်ပြေးကြသည်နှင့် မြောက်ဒဝယ်ဗိုလ်ကို ဝန်းဝိုင်းဖမ်းဆီးသတ်ဖြတ်မည်ပြုသည်တွင် ဒဝယ်ဗိုလ်လည်း ရွှေတော်တွင် လျှောက်ထားပြီးမှ အမိန့်တော်ရှိရာ အသေခံပါမည် ပြောဆိုကာလ ကျွန်တော်များ ကြိုမကျိသားငပြာ့ဆိုသူ ဝင်းတော်တွင်းသို့ ပြေးဝင်လာ၍ ဘဏ္ဍာစိုးရွှေတောင်ပုံချီသို့ အကြောင်းများကို ပြန်ပြောလျှင် ရွှေတောင်ပုံချီလည်း ညီတော် သာယာဝတီမင်းမှာ လျှောက်ထားရာ အမိန့်တော်ရှိသည်ကား ယခု လက်သုံးတော်သေနတ် အလိုမဲ့ပေါက်ကတည်းကပင် အမှုဖြစ်မည်ကို ငါသိတော်မူသည်၊ ဒဝယ်ဗိုလ်ကို ဓားဦးလုံဦး မလွန်စေနှင့် အမိန့်တော်ရှိ၍ သားဘော် မင်းရဲသီဟကျော် အဆောတလျင်ထွက်၍ တားမြစ်သည်တွင်မှ အသက်မသေ ရွှေတော်သို့ရောက်လေ၏။

ညီတော် သာယာဝတီ မင်းလည်း ယခု ငါတို့ဝယ် အမှုကြီးစွာဖြစ်ပွားတွေ့ကြုံမိကြချေပြီ၊ ယင်းသည့်အမှုကို အထက်ငါရည်ကြီတော်မှုရင်းအတိုင်း သိမ်းရုံးစည်းကြပ်မိသမျှသော ဗိုလ်ကျွန်တော်မျိုးအမှုထမ်းတို့နှင့် ရတနာသိဿ်မြို့သို့ ထွက်သွားတော်မူမည်၊သို့ရာတွင် ငါတို့က အိမ်တော်တွင်အစောင့်အနေတပ်ရပ်တပ်ခံမထားခဲ့ပဲ ကြောင့်ကြမဲ့ထွက်သွားချေကဝင်းတော်သို့ ထပ်မံစေလွှတ်လာရောက်သည့် တပ်ဗိုလ်ရဲမက်အပေါင်းတို့နောက်ထပ်ပါလာသဖြင့် ခရီးလမ်းတွင် ဗိုလ်ကျွန်တော်မျိုးအမှုထမ်းတို့နှင့် ရပ်တန့်ခုခံ တိုက်ခိုက်ကြရချေလျှင် ခရီးချုပ်ရန် အကြောင်း ရှိချေသည်၊ ယင်းသို့ တွေးတောမြော်တင်းတော်မူပြီးမှ အိမ်တော်တွင် ကိုယ်တော်ရှိလေသည့်အဟန် တိုက်တော်ပေါ်တွင် ရွှေထီးဖြန့်မိုးစိုက်ထားတော်မူခဲ့၍ အထွင်းဝန်နေမျိုးဗန္ဓုကျော်, ဘဏ္ဍာစိုးရွှေတောင်ပျံချီတို့ကို ငဆင်နှင့် ရဲရောင်မြန်မာသူအမှုထမ်းသေနတ်စွဲသူရဲငါးဆယ် ပေးအပ်ခန့်ထားစောင့်နေစေပြီးမှ ကိုယ်တော်မူကား သားတော်သမီးတော် ကိုယ်လုပ်မောင်းမများပါ ယောကျ်ားမိန်းမ ကျွန်တော်မျိုးခုနစ်ရာကျော်နှင့် ထန်းတပင်မြို့စား ငွေခွန်ဝန်မြောက်ဒဝယ်ဗိုလ်ကိုခေါ်ပြီးလျှင် ရွှေဝင်းတော်ပေါက်သို့ ရောက်သာလ နောင်တော်မြတ်ကို ဦးသုံးကြိမ် ညွတ်၍ ထိုသတ္တရာဇ်တပေါင်းလပြည့်ကျော် မြောက်ရက် သောကြာနေ့ ဓာတ်ကြိုက်ညီရာ မြို့တော်မြောက်မျက်နှာ နောက်စွန် တနင်္သာရီတံခါးကထွက်တော်မူ၍ ရေကြည့်အိမ်တော်တွင် ကွန်းထောက်တော်မူပြီးမှ သာယာဝတီမြို့ ရွှေတုံးလှေတော်နှင့် ရောဝတီမြစ် မြောက်ဖက်သို့ ကူးတော်မူ၏၊ အမှုထမ်းကျွန်တော်မျိုး အပေါင်းတို့လည်း ရောဝတီ မြစ်ကမ်းတွင် ဆိုက်ထားရှိသမျှ ရရာရမိလှေများနှင့် နောက်တော်မကွာ ကူးသွားလိုက်ပါကြသည်၊ ထိုအခါ ရွှေဘုန်းတော်အား နတ်များကူညီစောင်မပို့ကြသဖြင့် နောက်တော်ပါသမျှ သားတော် သမီးတော် ကိုယ်လုပ် မောင်းမ များပါ ယောကျ်ား မိန်းမ ကျွန်တော်မျိုး ခုနစ်ရာကျော်တို့လည်း တစုံတရာအနှောင့်အရှက် အစွန်းအငြိမရှိ အလွယ်တကူရောဝတီမြစ် မြောက်ဖက်အလိုတော်ရှိရာ ဗညားဆိပ်ကမ်းသို့ ဆိုက်ရောက်ကြသောဟူ၏။

ယင်းသည့်နေ့ပင် မြို့လတ်ဝန်လည်း ညီတော် သာယာဝတီ မင်းလက်နက်လူသူအများနှင့် ဆီး၍ ခုခံတိုက်ခိုက် ကြောင်းများကို စလင်းမြို့စား မင်းသားထံ ပြောဆိုရာ စလင်းမြို့စား မင်းသားနှင့် မှူးတော် မတ်

တော်တို့လည်း သာယာဝတီအိမ်တော်က ထက်နက် မီးပေါက်သံများကို ကြားသျှင် ရွှေနန်းတော်သို့ဝင်ကြ၏။

ယင်းသည့်အတွင်း နောက်ဝင်းမှူးသားငရွေမောင်က ညီတော် သာယာဝတီမင်း သားတော် သမီးတော် ကျေးကျွန်သင်းပင်း အလုံးအရင်းများနှင့် မြောက်ဒဝယ်ဗိုလ်ကိုခေါ်၍ ရောဝတီမြစ် မြောက်ဖက်သို့ ကူးသွားကြောင်းများကိုအတွင်းတော်သို့ဝင်ရောက်လျှောက်ထားရာ ထောင်တွင်အကျဉ်းထားသည့် သာယာဝတီမင်း, ပုဂံမင်းသမီးတို့၏ ဝန်စာရေးကြီးတို့ကို ကွပ်မျက်၏။

သာယာဝတီမင်းနှင့်စပ်လျဉ်းသည့် နှမတော် ပုဂံမင်းသမီး, ဘိုးတော်မင်းတရားသမီးတော် ကွပ်ရွာမင်းသမီး, ဝန်ကြီးဟောင်း သတိုးမင်းရဲရာဇာ, မော်ပိမြို့စား လင်းဇင်းသေနတ်ဝန် မဟာသီဟသူရ တို့ကိုလည်း ထောင်မှာ ထား၏။

သားတော် ညောင်ရမ်းမင်း၊ ဘိုးတော်မင်းတရားသားတော် မလွန်မင်းသား၊ မြင်ကွန်းမင်းသား၊ ဆံတွဲမင်းသား၊ ခမည်းတော်ဘုရား သားတော် မင်းတုံးမင်းသား၊ ပင်းတလဲမင်းသား၊ သီပေါမင်းသား၊ စလေမင်းသားတို့မှာလည်း အတွင်းတော်သို့ဝင်နေကြရ၏၊ ရတနာပူရမြို့တော်အတွင်းမြို့ကလေးတံခါးကိုးရပ်ကိုလည်း သေချာစွာ ပိတ်၍ မြောက်မျက်နှာ, အနောက်မျက်နှာများတွင် အမှုထမ်း မြို့စီးပြစီး အပြည့်တင်ထားစောင့်နေရ၏။

ယင်းသည့်နေ့ပင် ကင်းဝန်မင်းကြီး မဟာ မင်းလွန်ကျော်စွာ တတပ်၊ နတ်စု လက်ဝဲဗိုလ် မင်းကြီး မဟာမင်းလွှာရိန် တတပ်၊ နတ်စု ယာဗိုလ် မင်းကြီး မဟာမင်းခေါင်တတပ်၊ ရွှေဝင်း ဘုန်းတော်ဖြစ်ဗိုလ် မဟာမင်းလွှသီဟသူတတပ်၊ ပဉ္စာလမြို့ဝန်တတပ်၊စုံစုတပ်ပေါင်းငါးတပ်, ရဲမက် လက်နက်ကိုင် အမှုထမ်း လူနှစ်ထောင်, တောင်လုံးမိုင်းပဲ့နင်းနှင့် လူ နှစ်ရာကျော် စုစုအမှုထမ်းရဲမက်လက်နက်ကိုင် နှစ်ထောင့်နှစ်ရာကျော်တွင် ကင်းဝန်မင်းကြီး မဟာမင်းလွှကျော်စွာကိုအချုပ်, အောင်ပင်လယ်လမိုင်းဝန် မဟာသီရိသခ်ယာ, ဝန်ထောက် မဟာမင်းထင်စည်သူ တို့ကို စစ်ကဲခန့်တော်မူ၍ ဗိုလ်ချုပ်ပြုလုပ်သူကင်းဝန်မင်းကြီးမဟာမင်းလွှကျော်စွာကို မယုတ်မလွန်စေနှင့် အဓိန့်တော်အရမှာထားစေပြီးမှ ရောဝတီမြစ် မြောက်ဖက်သို့ ကူးသွားစေ၏။

ထိုအခါ ဗညားဆိပ်ကမ်းတွင် အစေခံရွှေခဲပဲ့နင်း ငအောင်မင်းဆိုသူ လူငါးဆယ်, သေနတ်လက်နက် အပြည့်အစုံနှင့် အဝဘက်သို့ ကူးမည်လာသည်ကို ထွေတော်မူလျှင် ငအောင်မင်းလည်း ပါသည့် သေနတ်ငါးဆယ်ကိုဆက်သရာ သာယာဝတီမင်းလည်း ငါယခုတပ်တော်ချီထွက်တော်မူ၍ ရောဝတီမြစ်ကမ်းတဖက်သို့ ကူးမြောက်တော်မူသည့် စခန်းဦးတွင် ရွှေခဲလှေပဲ့နင်းငအောင်မင်းဆိုသူ လက်နက်တော်သေနတ်ငါးဆယ်ကို ဆက်သလိုက်သည့်အကြောင်းနိမိတ်မှာ ငအောင်မင်းဟူသော အမည်သညာကိုစွဲ၍ ငါအောင်မြင်တော်မူသဖြင့် မင်းအဖြစ်သို့ ရောက်တော်မူမည်မချွတ်ဖြစ်သည်-အဓိန္ဌတော်ရှိပြီးလျှင် ငအောင်မင်းနှင့်လူငါးဆယ်ကို ချမ်းသာစွာ ပြန်လွှတ်တော်ပြီးနောက် အိမ်တော်တွင်အစောင့်အနေခန့်ထားတော်မူခဲ့သည့် ကျွန်တော်များ အမှုထမ်းတို့ကို ငံ့လင့်နေတော်မူသည်။

ဝင်းတော်အတွင်းအစောင့်အနေ ခန့်ထားတော်မူခဲ့သည့် အတွင်းဝန်နေမျိုးဗန္ဓုကျော်, ရွှေတောင်ပျံချီတို့လည်း ဝင်းတော် အနီးအပါးသို့ရောက်လာသမျှတပ်များကို ဆီးဆို့ခုခံတိုက်ခိုက်ပြီးနောက် မနည်းကြာရှိလျှင် ရောဝတီမြစ် မြောက်ဖက်သို့ ကူးသွားကြသည်တွင် ငံ့လင့်နေတော်မူသော ဗညားဆိပ်တွင် ပေါင်းစည်းမိသည်နှင့် အုပ်စည်းမပျက် ထွက်သွားတော်မူရာ ထိုနေ့-နေ့သုံးချက်တီးကျော်အချိန် ငါးထပ်ကြီးဘုရားသို့ရောက်တော်မူလျှင် ညီတော် သာယာဝတီ မင်းလည်း ဒဝယ်ဗိုလ်ကို ခေါ်ပြီးလျှင် နောင်တော်မင်းတရားက မည်သို့အဓိန္ဌတော်ရှိ၍ လက်နက် လူသူအများနှင့် အိမ်တော်သို့ လာရောက် ဝန်းဝိုင်းကြသည် မေးတော်မူရာ ငရေးအရှင့်ဝင်းတော် အတွင်းရှိကြောင်းနှင့် လျှောက်ထားကြသောကြောင့် အစေအနှံရှာရမည် စေလွှတ်တော်မူ၍ လာရကြောင်း, အရှင်မှာ အထူးအထွေ မရှိကြောင်းများနှင့်လျှောက်ထားလျှင် သာယာဝတီမင်းလည်း နောင်တော်မင်းတရားသည် ငါ၌စည်းစိမ်ပျက်စီးအံ့သော အကြောင်းကို အလိုမရှိ သားတော်အရင်းကဲ့သို့ ချစ်ခင်ယုံကြည်တော်မူသည်ကို ငါသိ၏၊ သို့သော်လည်း မင်းရေးမင်းရာဟူသည် အလွန်သိခဲသည်၊ နောင်တော်မင်းတရား စိတ်တော်တွင်လည်း အထက် ဒဝယ်ဗိုလ်ကို စေတော်မူသည့်အခါနှင့်ယခုစိတ်နှလုံးတော် တသမတ်တည်းညီညွတ်မည်မဟုတ်ဖြစ်သည်၊ ငါလည်း နောင်တော်မင်းတရားကျေးဇူးတော်ကို နိဗ္ဗာန်မရသမျှ ကာလပတ်လုံး ဆက်ဆပ်သော်လည်း မဝိုင်နိုင်ရာ၊ ယင်းသို့

ငါတို့ နောင်တော် ညီတော်နှစ်ပါး အလွန် ချစ်ခင်ယုံကြည်ရှိကြပါသည်
ကို နောင်တော်မင်းတရား စိတ်တော်နှလုံးတော်နှောင့်နှေးရှိလေအောင်
အကြိမ်ကြိမ် ငါ၌ မှုခင်း ရှာကြံ ထျောက်ထားကြသောကြောင့် ရာဇဝတ်
တော်ရေးကို ထောက်မြော်၍ လွတ်ရာလွတ်ကြောင်း ထွက်ခွာခဲ့ရသည်-
မိန့်တော်မူပြီးနောက် ငါးထပ်ကြီးဘုရား ရင်ပြင်တော်ရှေ့ ဒဝယ်ဗိုလ်
ကို အပါးတော်တွင် ထား၍ နှုတ်တော် မြွက်ပြီးလျှင် မိဋ္ဌာန် ပြုတော်မူ
သည်ကား-"အကျွန်ုပ်သည် နောင်တော်မင်းတရား မင်းအဖြစ်ကို ယူ
တော်မူသည့်နေ့မှစ၍ ယခုတိုင် နောင်တော်မင်းတရားကို ခမည်းတော်
ကဲ့သို့ ထင်မှတ်ပြီးလျှင် ကျေးဇူးသစ္စာတော်ရှိသည့်အတိုင်း မျက်မှောက်
မျက်ကွယ်မခြား အမိန့်တော်ရှိသမျှကို ကျောက်ထီးကဲ့သို့ အလေးအနာ
ပြု၍ အမှုတော်ရှိရာ ရွှေစက်တော်ရင်းတွင် ခစားထမ်းရွက်ပါသည်၊ ဆံ
ခြည်မြှီးမျှ စိတ်နှလုံးဖောက်ပြားမကြံမစည်ပါ၊ ယင်းသည့် သစ္စာမိဋ္ဌာန်
အတိုင်း မှန်လျှင် ယခု ငါချီထွက်ခဲ့ရာ နောင်တော်မင်းတရား ရာဇဝတ်
တော်ရေးမှစ၍ ငါ၌ မကောင်းကြံသမျှဘေးရန်အပေါင်းတို့သည် လွတ်
ကင်းချမ်းသာစေသတည်း၊ မမှန်လျှင်လည်း အလုံးစုံဘေးဘယအပေါင်း
တို့သည်ဘိစီးနှိပ်စက်သဖြင့် လွတ်ကင်းချမ်းသာရာမရဖြစ်စေသတည်း" ဟု
သစ္စာမိဋ္ဌာန်ပြုတော်မူပြီးနောက် ဒဝယ်ဗိုလ်ကို ယခုငါ့သစ္စာမိဋ္ဌာန်ပြုသည့်
အတိုင်း နောင်တော် မင်းတရားထံ မကြွင်းမကျန် လျှောက်ထားမည့်
အကြောင်းကို ငါကဲ့သို့သစ္စာမိဋ္ဌာန်ပြုရမည် အမိန့်တော်ရှိ၍ သစ္စာပြု
ပြီးလျှင် ငါးထပ်ကြီးဘုရားက ခရီးစဉ်အတိုင်း မြောက်ဒဝယ်ဗိုလ်နှင့်တကွ
ချီထွက်သွားရာမြင်းမွေးရွာသို့ဆိုက်ရောက်ကာလ သာယာဝတီမင်းလည်း
ထိုတွင် ရပ်တင်းတော်မူ၍ ရာဇဂုဏ်, ရာဇဗျူဟာ, ရာဇမာယာ, ရာဇပရိ
ယာယ်စသည်တို့၌ သူမတူတန်အောင် လေ့ထာဝတ်ကျွမ်းတော်မူသည်
နှင့် ဗိုလ်ကျွန်တော်များအပေါင်းတို့တွင် ရဲစွမ်းသတ္တိ ဟန်ပန်လက္ခဏာနှင့်
ပြည့်စုံသူ လူသုံးယောက်ရွေးကောက်တော်မူ၍ မျက်ကွယ် ရွှေနှုတ်တော်
ထည့်စကားဖြင့် အင်တိုင်းဗိုလ်ငရွှေမောင်,စည်ပုတ္ထရာဗိုလ် ငရောက်ကြီး,
စစ်ကိုင်းမြင်းကလေးတပ်စစ်ကဲပြုလုပ်စေပြီးလျှင် မြောက်ဒဝယ်ဗိုလ်ခစား
နေသည့်အတွင်းဝင်စေပြီးမှ အင်တိုင်းဗိုလ်,စည်ပုတ္ထရာဗိုလ်တို့ ယခုရောက်
လာကြသည့် အမှုထမ်းမည်မျှပါသည် မေးတော်မူရာ ကျွန်တော်တို့ထွင်
အထက်စည်းကြပ် ခံဝန်ရင်းအမှုထမ်း ကျွန်တော်များငါးရာစီပါပါသည်၊
အရှင့်အရေးအမှုတော်ကိုတပ်ရာမသိသေးဖြစ်ပါ၍အမှုထမ်းလူတထောင်

ကို ရေထွင်းခေါင်း ဘောက်သောက်လင်းယဉ်ရွာတွင် အုပ်စည်းမဟုက် ထားခဲ့ပြီးလျှင် ကျွန်တော်တို့နှစ်ယောက်သာရွှေစက်တော်ရင်းသို့ ရှေးဦး လာရောက်ပါသည်၊ ၎င်းအမှုထမ်း လူတထောင်ပြင်လည်း ကျွန်တော် တို့ ဆွေရင်းမျိုးချာ သြဇာရှိသူတို့ကို ရသမျှ အမှုထမ်း သိမ်းသွင်းစည်း ကြပ်လာရောက်ရမည် ဆင့်ဆို ခန့်ထားခဲ့သည် ဖြစ်ပါ၍ နောက်ကိုလည်း အမှုထမ်းအများ အဆက်မပြတ်ရောက်မည့်အကြောင်း, ပေါက္ကံဗိုလ်မှာ လည်း နေရင်းပေါက္ကံရွာမှစ၍ ရတနာသိက်မြို့စီရင်စု အရှေဘက် ကျေး ရွာများတွင် အမှုထမ်းလက်နက်ကိုင် သိမ်းသွင်းစည်းကြပ်ရာ လူခုနစ်ရာ ခန့် သိမ်းသွင်းမိသည်ကိုကြားသိခဲ့ကြောင်းများနှင့် တညီတညွတ်လျှောက် ထားကြ၏၊ နောက် စစ်ကိုင်းမြင်းကလေးတပ်များ အသင့်ရှိ-မရှိ ထပ်မံ မေးတော်မူလျှင် မြင်းကလေးတပ် စစ်ကဲပြုလုပ်သူတို့ကအသင့်စည်းကြပ် ရှိကြောင်းများနှင့် လျှောက်ထားရ၏၊ ယင်းသို့ လျှောက်ကြသည်များကို မြောက်ဒဝယ်ဗိုလ် ကြားသိစေပြီးမှ မြင်းမွေးရွာက ဒဝယ်ဗိုလ်ကို ရတနာ ပူရမြို့တော်သို့ ပြန်၍ လွှတ်တော်မူလိုက်၏။

ထိုအခါ ဒဝယ်ဗိုလ် ခရီးချုပ်လေအောင် ချီထွက်တော်မူသည့် ခရီး လမ်းစခန်းလည်း ကွာဝေးလေအောင် ကြီဆောင်တော်မူပြီးလျှင် ဒဝယ် ဗိုလ်ကို ထပ်မံ မှာတော်မူလိုက်သည်ကား····ဒဝယ်ဗိုလ် ပြန်သွားလျှင် ယခု ငါချီထွက်တော်မူရင်း လမ်းစဉ်အတိုင်း မပြန်မသွားနှင့်၊ တောင် ဘက်တွင် ရှိသည့် ငါ့ကျွန်တော်များ အမှုထမ်းတို့ ငါ ချီန်းချက်ရင်း အတိုင်း ကူးလာမည့် လမ်းခရီးဖြစ်သည်၊ ကျွန်တော်များ အမှုထမ်းတို့နှင့် ဆိုင်ပြိုင်တွေ့မြင်ကြလျှင် ဒဝယ်ဗိုလ်ချမ်းသာစွာ ပြန်သွားရမည် မထင်၊ နောင်တော်မင်းတရားသို့ ငါမှာထားသမျှစကားကိုလည်း ပြန်လျှောက် နိုင်တော့မည်မဟုတ်၊ ယင်းသို့ဖြစ်၍ အနောက်သို့ ငါးရာတွင်းကွာသွား ပြီးမှ အဝဘက်သို့ ကူးလေဟု မှာတော်မူလိုက်၏။

မြောက်ဒဝယ်ဗိုလ်လည်း ညီတော်သာယာဝတီမင်း မှာတော်မူသည့် အတိုင်း ပြန်ခဲ့၍ ယင်းသည့်သတ္တရာဇ် တပေါင်းလပြည့်ကျော် ခုနစ်ရက် နေ့ ရတနာပူရမြို့သို့ ရောက်ရာ ရွှေတော်သို့ အဆောတလျင်ဝင်၍ ညီ တော်သာယာဝတီမင်းလည်း ငါးထပ်ကြီးဘုရား ရင်ပြင်တော် ရွှေတွင် နောင်တော်မင်းတရားကို ရိုသေလေးမြတ် မပြစ်မှား နှုတ်မြွက်၍ သစ္စာ မိဋ္ဌာန်ပြုကြောင်း, ငါးထပ်ကြီးဘုရားက ထွက်သွားတော်မူရာ မြင်းမွေး ရွာသို့ ဆိုက်ရောက်သည့်ကာလ အင်တိုင်းဗိုလ်ငရွှေမောင်ဆိုသူနှင့် စည်

ပုတ္တရာဇိုလ်ခေါ် ငရောက်ကြီးဆိုသူတို့ အမှုထမ်းလူငါးရာစီနှင့် ကြိုဆို ရောက်ကြောင်း, ပေါ်ကွဲံဇိုလ်ခေါ်ငရွှေဦးဆိုသူလည်း ပေါက်ကွံရွာမှ စ၍ ရတနာသိဿ်မြို့ စီရင်စု အရွှောက်ကျေးရွာများကို စည်းကြပ်သိမ်းသွင်းရာ အမှုထမ်း လူခုနစ်ရာခန့် သိမ်းသွင်းဖိကြောင်း, စစ်ကိုင်း မြင်းကလေး တပ်များလည်း စည်းကြပ် အသင့်ရှိသည်ကို ကြားသိခဲ့ကြောင်းများနှင့် အကြောင်းအရာ အလုံးစုံကို လျှောက်ထားလျှင် ဆဒ္ဒန်ဆင်မင့်း သခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ညီတော် မည်သည့်အရပ်သို့ ထွက်သွားမည် ပြောဆိုသည်-ဒဝယ်ဇိုလ်ကို မေးတော်မူ၍ ဒဝယ်ဇိုလ်လည်း မည်သည့်အရပ်သို့သွားမည် တပ်ရာ မသိခဲ့ကြောင်းနှင့် လျှောက်ထား ဆည်တွင် သားငယ် မြေးငယ်များလည်း ပါသည်၊ စေးပျစ်စိမ့်မြိုင်ထူသော တောတောင်ကြီးရာအရပ်သို့ ထွက်သွားလျှင် ဆင်းရဲပင်ပန်းစွာ ရှိမည်ဟု အမိန့်တော်ရှိ၏၊ ယင်းသည့်အမိန့်တော်ကို မှူးတော်မတ်တော်တို့ ကြားသိလျှင် ညီတော်နှင့် ဆန့်ကျင်ဘက်စကားကို တစုံတယောက်မျှ မပြောမဆိုဝံ့ဖြစ်ကြလေ၏။

ထိုနေ့မှစ၍ ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီး ဘုရားလည်း ညီတော်ကို အမျက်တော်အထူးမရှိ ပြည်သူအပေါင်းတို့လည်း ညီတော် သာယာဝတီမင်း သားတော် သမီးတော် ကိုယ်လုပ် မောင်းမများနှင့် ထွက်သွားသည့်နေ့မှစ၍ မကြည်မလင် ဖြစ်ကြသောကြောင့် ချမ်းသာ အောင်မြင်မည့်အကြောင်းများကို ဆုတောင်းဆုယူပြုကြလေ၏။

ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း မှူးတော် မတ်တော်တို့ အစုံအညီတွင် ညီတော်ထွက်သွားရာ မြောက်ဒဝယ်ဇိုလ် ကြားသိခဲ့သည့်အတိုင်းမှန်လျှင် သည်အရေးသည်လွယ်တော့သည့်အရေး မဟုတ်ဖြို၊ ယင်းသို့ဖြစ်၍ သည်အရေး မည်သို့သင့်မည်-စိုင်းပြင်း တိုင်ပင်တော်မူရာ… မှူးတော် မတ်တော်တို့ လျှောက်ထားကြသည်ကား-ယခု ရတနာပုရ နေပြည်တော်က ညီတော် ခုခံတိုက်ခိုက် ထွက်သွားသည်မှာ အရှည် ခြားနားနေနိုင်မည် မဟုတ်ပါ၊ ရောဝတီမြစ်မြောက်ဖက်တွင်ရှိသည့် စစ်ကိုင်းမြင်းတပ်များနှင့် ကျွန်တော်မျိုးအများ ဆိုက်ရောက်ကြို ဆိုသည်မှာလည်း ရွှေဘဝါးတော် အောက်က တပ်တော်များ မဆိုက် မရောက်မီ ခေတ္တသာရပ်တန့်နေနိုင်ပါမည်၊ ရှည်ကြာလျှင် သားမယား ကျေးကျွန် အသင်းအပင်းနှင့်တကွ ရွှေလက်တော်သို့ရောက်မည် မဟုတ် ဖြစ်ပါသည်၊ ယင်းသို့မဟုတ် တပ်တော်များ ဆိုက်ရောက်လျှင် ဆိုက်

ရောက်ခြင်း ဗိုလ်ပါရဲမက် အားမတူ၍ အလုပ်အကြီကိုမခံဝံ့၊ တောအုံ တောင်ကမ်း ကျယ်နက်ရာ ခိုဝင်ရှောင်ရှားနေလျှင်သာ အဆောတလျင် အရေးတော်မပြိုးမပြေ လုပ်ရေးကြံရေး လစ်လပ် ကြန့်ကြာရန်ရှိကြောင်း များနှင့် လျှောက်ထားကြ၏။

ညီတော် သာယာဝတီမင်းလည်း မြင်းမွေးရွာက အစဉ်အတိုင်းထွက် သွားရာ ထိုနေ့ ညဉ့်နှစ်ချက်တီးကျော်အချိန် အောင်သာရွာ၊ညဉ့်သုံးချက် တီးကျော်သောက်လင်းအချိန် ရေတွင်းခေါင်းတောက်သောက်လင်းယဉ် ရွာသို့ ရောက်တော်မူ၏၊ ထိုတွင် လှတောကြီးရွာနေ ငရှိန်းခို, ငရွှေမုံ တို့ လက်ရှိစည်းကြပ်ရင်းအမှုထမ်း လူငါးဆယ်နှင့် ကြိုဆို ဆိုက်ရောက် လာသည်ကို တွေ့ပြန်ရာ ယင်းသည့်စခန်းတွင် ရတနာပုရ အဝန္တိုက ချီတက် လိုက်လာသည့်တပ်များကို ခုခံတိုက်ခိုက်စေရန် ကျွန်တော်မျိုး ဘကြာစိုး ရွှေတောင်ပျံချီ, ငရွှေတုတ်တို့ကို ရတနာသိဿ်မြို့ မြင်းမြေ ကျေးရွာများက မြင်းငါးဆယ်, စစ်ကိုင်းမြို့က မြင်းငါးဆယ်, နှစ်စုမြင်း အမှုထမ်း လူတရာ ခန့်ထားစည်းကြပ် ပေးအပ်တော်မူပြီးမှ ယင်းတွင် စခန်းမရပ်မဆိုင်း ထွက်သွားတော်မူပြန်လျှင် ကူစောင်းရွာ, ခေါတော ဝက်လည်ရွဲရွာများသို့ ဆိုက်ရောက်ကာလ တနာရီခန့် ရပ်တင်း ထွက် သွားတော်မူပြန်ရာ ၎င်းလပြည့်ကျော် ရှစ်ရက်နေ့-နေ့ တချက်တီးကျော် အချိန် လှတောကြီးရွာသို့ ဆိုက်ရောက်တော်မူ၏၊ ယင်းတွင် စခန်းချရပ် တော်မူပြီးမှ သားတော်များနှင့် ကျွန်တော်မျိုး အပေါင်းတို့ကို အရေး စိုင်းပြင်းတိုင်ပင်တော်မူရာ သားတော် မင်းရဲသီဟကျော်, မင်းရဲကျော် ထင်, မင်းရဲဇေယတို့ လျှောက်ထားကြသည်ကား....အထက် ရတနာပုရ မြို့တော်က မထွက်မီ တပေါင်းလပြည့်ကျော် လေးရက်နေ့ အမိန့်တော် နှင့် ရတနာသိဿ်မြို့တွင် အမှုထမ်း လူသူသိမ်းသွင်းစည်းကြပ် ကြိုဆိုလာ ရမည်-ကျွန်တော်မျိုး ငရှမ်းအိုနှင့်အတူ စေလွှတ်ရင်းသူ ကျွန်တော်မျိုး ခေါင်း ငရွှေဦး မည်သည့်အရပ်က ကြိုဆိုရှိနှင့်ကြောင်းကိုလည်း တပ်ရာ မသိရသေး ဖြစ်ပါသောကြောင့် သည်စခန်းတွင်ပင် ရပ်ဆိုင်းတော်မူ၍ ရေးခြားလိမ္မာသူတယောက်ကို ရတနာသိဿ်မြို့ရောက် ရွှေးချယ်ခန့်ထား စေလွှတ်တော်မူပြီးမှ ထွက်တော်မူသော် သင့်မည် ထင်ကြောင်းများနှင့် လျှောက်ထားကြသည်တွင် သားတော်များလျှောက်ထားကြသောအရေး ကို ကြိုက်တော်မူ၍ အတွင်းဝန် နေမျိုးဗန္ဓုကျော်ကို လူတရာကျော်နှင့် ရတနာသိဿ်မြို့ရောက် သွားနှင့်ရမည်ဟု စေလွှတ်တော်မူ၏။

ထိုအခါ အထက်အမှူထမ်း လူသူစည်းကြပ်ရန် စေလွှတ်တော်မှူသည့် ပေါက်ကံဗိုလ်ငရွေဦးလည်း နေရင်းပေါက်ရွာမှစ၍ ရတနာသိဿ်မြို့ စီရင်စု ရွှေမျက်နှာကျေးရွာများတွင် သိမ်းသွင်းစည်းကြပ်ရ အမှူထမ်းလူခြေံရာ ကျော်နှင့် ၎င်းလပြည့်ကျော် ရှစ်ရက်နေ့ နံနက် တချက်တီးအချိန် ရတနာသိဿ်မြို့အရှေ့ ဂိုက်းအုပ်ဆရာ ရှင်ပညာသီဟ ကျောင်းတိုက်တွင် တပ်ချရပ်နေသည့်အတွင်း အလျင် စေလွှတ်တော်မှူသည့် အတွင်းဝန် နေမျိုးဗန္ဓုကျော်နှင့် ပေါင်းဆုံမိကြသည်တွင် အတွင်းဝန် နေမျိုး ဗန္ဓုကျော်, ပေါက်ကံဗိုလ် ငရွေဦးတို့လည်း ထိုနေ့ မွန်းတည့် အချိန် ရတနာသိဿ်မြို့တွင်းသို့ ဝင်၍ ဘုန်းကြီးသည့်အရှင်ထွက်တော်မူလာသည်၊ မြင်းတပ်ဗိုလ် မြို့သူကြီးတို့ အမှူတော်ကောင်းရာ ထမ်းမည်-မထမ်းမည် အကြောင်းနှင့် မေးမြန်းရာ ဗိုလ်ငရောဆိုသူ သားမယားကျေးကျွန်တို့နှင့် တိုင်ပင်ပြီးလျှင် တိတ်တဆိတ် ထွက်ပြေးလေ၏၊ မြို့သူကြီး မဟာဇေယဗိုလ်မူကား အရှင့် အမှူတော်ကို သက်စွန့်ကြိုးပမ်း ထမ်းပါမည် ဝန်ခံ၍ သားငရွှေလှိုင်ကို အမှူထမ်း လူခြောက်ရာ စည်းကြပ်ပေးအပ်လိုက်ထမ်းစေရာ ကျွန်တော်မျိုးခေါင်း ပေါက်ကံဗိုလ်ငရွှေဦးနှင့်, ငရွှေလှိုင်တို့ အမှူထမ်းလူတထောင့် နှစ်ရာကျော်ကို ချုပ်အုပ်ပြီးလျှင် ရတနာသိဿ်မြို့ကချီထွက်ခဲ့၍ မြို့တောင်ဆီးတောအရပ်တွင် တပ်ချရပ်နေ၏။

ညီတော် သာယာဝတီမင်းလည်း ထိုနေ့ အတွင်းဝန်နေမျိုးဗန္ဓုကျော်ကို စေလွှတ်ပြီးနောက် တနာရီခန့်ရှိလျှင် လှတော်ကြီးရွာက ချီထွက်တော်မူခဲ့ရာ ညနေသုံးချက်တီးအချိန် ဆီးတောရွာသို့ဆိုက်ရောက်တော်မူ၍ ကြိုဆိုရှိနေသည့် ကျွန်တော်မျိုးခေါင်း ငရွှေဦးတပ်နှင့် ပေါင်းစည်းမိကြသည်တွင် ကျွန်တော်မျိုး ခေါင်း ပေါက်ကံဗိုလ်ငရွှေဦးလည်း ရတနာသိဿ်မြို့ကိုအလိုတော်ပြည့်၍ မြင်းတပ်ဗိုလ်ဆိုသူ ငရောထွက်ပြေးကြောင်း, မြို့သူကြီးမဟာဇေယဗိုလ် အမှူတော်ကို ထမ်းရွက်ပါမည် ခံဝန်၍ သား ငရွှေလှိုင်ကို အမှူထမ်း လူခြောက်ရာကျော် ခန့်ထားစည်းကြပ်ပေးအင် ထမ်းရွက်စေကြောင်းများနှင့် လျှောက်ထားကြားသိတော်မူလျှင် ယင်း သည့်လပြည့်ကျော် ရှစ်ရက်နေ့ ရတနာသိဿ်မြို့ကို သိမ်းယူတော်မူမည့် အကြံတော်ရှိသည့် အတွင်း တင့်တယ်သိမ်မွေ့သော ရဟန်းတဦးသည် နိမြန်းသောသင်္ကန်းကို ဝတ်ရုံ၍ ရွှေတော်တူရွ ရပ်လာပြီးလျှင် မည်သည့် အရပ်သို့သွားမည်မေးမြန်းရာ ရတနာသိဿ်မြို့သို့သွားမည် ပြောဆိုကာလ

မရဝ်မဆိုင်း ယခုနေ့ပင်ဝင်သွားရမည်-အလိုခဝ်ဆိမ်းလည်း ပြီးပြည့်စုံမည်ဆို၍ ပြန်သွားသည့်နောက် ကြည့်မြင်တော်မူစဉ်အတွင်း ထိုရဟန်းလည်း ကွယ်ပျောက်လေ၏။

ယင်းသည့် အကြောင်းအရာကို ဆီးတောရွာအနီး စုံစမ်းမေးမြန်းရာ တစုံတရာ ကျောင်းသခံမ်း ရဟန်းသာမဏေ မတွေ့မရှိသည်နှင့် ညီတော် သာယာဝတီမင်းလည်း ဘေးတော် အလောင်းမင်းတရားကြီး ဘုရား အပြည်ပြည် ထောင်ကို လက်နက်နိုင်ငံ သိမ်းသွင်းတော်မူရာ ဖြစ်သော ရတနာသိဿ်မြို့ ကုန်းဘောင်ပြည်ကြီးကို ရှေးဦးမဆွ အလိုတော်ပြည့်၍ ရန်အပေါင်းကို အောင်မြင်တော်မူသဖြင့် သာသနာတော်ကို ချီးမြှင့်ပြုစုရအံ့သော အကြောင်းနိမိတ်ကို နတ်ကောင်း နတ်မြတ်တို့ ကူညီစောင်မ ညွှန်ပြသည် မချွတ်ဖြစ်သည်-ဖတ်ယူတော်မူပြီးလျှင် ယင်းသည့်နေ့ ညဉ့်လေးချက်တီးကျော် အချိန် မင်းမိဖုရား သားတော် သမီးတော် ကျွန်တော်မျိုး အမှုထမ်း ရဲမက်အပေါင်းတို့နှင့် မြို့တော် ရွှေမျက်နှာ ဇနန္ဒာတံခါးကဝင်တော်မူ၍ မိဖုရားခေါင်ကြီး အရိုးတော် ပေါင်းထည့် မြို့စား နေရန် ဆောက်လုပ်ရှိသည့် တဲတော်တွင် စံနေတော်ပြီးလျှင် ရတနာသိဿ်မြို့ စီရင်စု လေးဆဲ့ခြောက်ခေါင်း မြင်းမြေကျေးရွာများကဝင်ရောက် ထမ်းရွက်လာသည့် မြင်းခေါင်းမြင်းစီး သူကြီးကလန်တို့နှင့် စော်ဘွား, မြို့စား, မြို့ဝန်, စစ်ကဲတို့ကို ရှေးဦးစွာဗိုလ်ဝင်ခံတော်မူ၏။

အထူးထူးသော တိုင်းကြီးပြည်ကြီး ထီးဆောင်း မင်းမျှဉ်းသခင်၊ ရွှေတွင်း, ငွေတွင်း, ဘဏ္ဍာမြားတွင်း, ပယင်းတွင်းစသော ရတနာအပေါင်းတို့၏ အရှင်၊ ရတနာပုံ ရွှေပြည်တော်ကြီးကို ရှေးဦးလက်မွန် တည်ထောင် ဘန်ဆင်းတော်မူသော ဆဒ္ဒန်ဆင်မင်းသခင်, ဆင်ဖြူမျှဉ်းရှင်, ပဒ္မမသဂ်ါယနာတင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရားလက်ထက်တော် အမိန့်တော်မြတ်နှင့် သက္ကရာဇ်(၁၂၂၉) တထောင့်နှစ်ရာ့နှစ်ဆဲ့ကိုးခု တော်သလင်းလဆန်း ၁၂ ရက်နေ့ကစ၍ အထူးထူးသောရတနာတို့ဖြင့် တင့်တယ်ဆန်းကြယ်စွာသော မှန်နန်းတော်ရှေ ဇေတဝန်ဆောင်တော်တွင် ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ, မူးမတ်ပညာရှိတို့နှင့် နိုင်းညီတိုင်ပင်ပြီးလျှင် အသင့်ယုတ္တိရှိရာ ကျောက်စာ, စာတမ်းစာဟောင်း, မော်ကွန်း, အမိန့်တော်, နေ့စဉ်မှတ်များနှင့်အညီ ဆက်လက်စိုက်ုံး ရေးသားသည့် ဒုတိယ မဟာရာဇဝင်တော်ကြီး စတုဏ္ဍတဲ့ ဤတွင်ပြီး၏။

လယ်တီမဏ္ဍိုင်-၆၄

ညီတော်နှင့် စစ်ဖြစ်ခြင်း စသည်နှင့် ညီတော်အား ထီးနန်းလွှဲအပ်တော်မူခြင်း

သက္ကရာဇ်(၁၁၉၀) တထောင့် တရာ့ကိုးဆဲ့ရှစ်ခု တပေါင်းလပြည့် ကျော်ကိုးရက်နေ့ ရတနာပူရအဝန္ဓိက ချီတက်စေသည့် ကင်းဝန်မင်းကြီး မဟာမင်းလှကျော်စွာတို့ဝါးတပ်လည်း နောက်ထပ် အလျင်အမြန် ချီတက်လိုက်လာ၍ ရတနာသိင်္ဃမြို့နှင့် ခရီးနှစ်တိုင်ကွာ စိုင်နံအရပ်တွင် ဆင်ခလုတ် မြင်းခလုတ် ကတုတ် ရင်တား စသည်တို့ဖြင့် အဖြိုးအခိုင် တပ်ကြီးတည်လုပ် ချထား စွဲရပ်နေကြ၏။

ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း ညီတော် သာယာဝတီမင်း တပေါင်းလပြည့်ကျော်ကိုးရက်နေ့ ရတနာသိင်္ဃမြို့သို့ ဝင်မိကြောင်း, မြောက်ဖက်တပြင် မြို့ကျေးရွာများကို အမှုထမ်း ရဲမက် လက်နက်ကိုင် သိမ်းရုံး စည်းကြပ်ကြောင်းများကို ကြားသိတော် မူလျှင် ၎င်းလပြည့်ကျော်ကိုးရက်နေ့ မင်းလှမင်းထင်ကျော်ကို မြေထဲမြို့, သရက် မြို့များတွင် အမှုထမ်းလက်နက်ကိုင် စည်းကြပ်ပြီးလျှင် မြေထဲမြို့က ရပ် နေရမည်-နှစ်မြို့ဝန် ခန့်တော်မူ၍ ယင်းသည့်နေ့ပင် စုန်သွားရ၏။

တောင်ဒဝယ်ဗိုလ် မဟာမင်းလှမင်းကျော်ကိုလည်း အလုံမြို့ထွင် ရပ် နေ၍ အမှုထမ်းလက်နက်ကိုင် စည်းကြပ်ပြီးလျှင် ရသည့် အမှုထမ်းလူတို့ ကို နေမျိုး နော်ရထာရဲသူတို့သို့ အပ်ပြီးလျှင် မြောက်ဖက်ကြောင်းချီ ဗိုလ်ချုပ် ကင်းဝန်တပ်သို့ ထပ်ဖြည့် ထမ်းရွက်စေရမည်-အဓိန့်တော်နှင့် ခန့်ထားသွားစေ၏။

တလုပ်မြို့ဝန် မင်းလှသိရိကိုလည်း ပုဂံမြို့ကို ထပ်မံ ဝန်ခန့်တော် မူ၍ ပုခန်းကြီးမြို့ဗိုလ် မင်းကျော်ရဲထင်နှင့် တိုင်ပင်ပြီးလျှင် ပုဂံမြို့, တလုပ်မြို့, ပုခန်းကြီးမြို့များထွင် မြို့ရွာအင်အားအလျောက် အမှုထမ်း လက်နက်ကိုင် ခန့်ထားစည်းကြပ်၍ ငစဉ့်ကူအုံမြို့သူကြီး ငရေးကို သားမယား ဆွေမျိုး သင်းပင်နှင့်တကွ ရဓိဒေါင် ဖမ်းဆီးရမည် ခန့်ထားသွားစေ၏။

ညီတော် မင်းတရားလည်း ရတနာသိင်္ဃမြို့သို့ ရောက်တော် မူလျှင် ထိုသက္ကရာဇ် တပေါင်းလပြည့်ကျော် ကိုးရက်နေ့ မြို့သူကြီး မဟာဇေယ ဗိုလ်ကို မြို့ဝန်ခန့်တော်မူ၏။ ယင်းသည့်နေ့ပင် ဘလွာစိုး ရွှေတောင် ပျံချီကိုလည်း မဟာမင်းလှမင်းခေါင် ဘွဲ့ပေးတော်မူ၏။

ပေါက်တံဗိုလ် ငရွေဦးကိုလည်း မဟာမင်းလှမင်းခေါင်ကျော်-ဘွဲ့ပေး တော်မူပြီးလျှင် အရွှေကြောင်းချီ ဗိုလ်မှူးခန့်တော်မူ၍ အမှုထမ်းရဲမက် လက်နက်ကိုင် လူနှစ်ထောင်ကျော်, မြင်းတရာကျော် ပေးအပ်တော်မူပြီး လျှင် ရတနာပူရအဝန်မြို့က ချီတက်လာသည့် ကင်းဝန်တပ်ကို ဆီးဆို့ရပ်ခံ ရမည်-အမိန့်တော်နှင့် ၎င်းလပြည့်ကျော် တဆဲတရက်နေ့ ပုံ့ပွက်ရွာက တပ်ချရပ်ခုခံရ၏။

နတ်ကျော်တန်ဆောင်နှင့် အမှုထမ်းလူငါးရာ, ဗိုလ်ငအိန္ဒင့်အမှုထမ်း လူငါးရာ, နှစ်စုအမှုထမ်းလူ တထောင်ကို ဗိုလ်မှူးမဟာမင်းလှမင်းခေါင် ကျော်တပ်သို့ ထပ်ဖြည့်တော် မူပြန်၏။ ။ဗိုလ်မှူး ပေါက်တံဗိုလ် မဟာ မင်းလှမင်းခေါင်ကျော်လည်း မြင်းအမှုထမ်းလူသုံးရာ, မင်္ဂလာ သေနတ် ငါးဆယ်, နှစ်စု အမှုထမ်းလူသုံးရာ့ငါးဆယ်နှင့် ဗိုလ်ငရွှေလှိုင်, နတ် ကျော်တန်ဆောင်တို့ကို စိုင်နံတပ်အနီးအပါး လှည့်ကာ ပတ်ကာ စစ် လှုင်ကစားစေသည်၊ စိုင်နံတပ်တွင်းရှိ ဗိုလ်ရဲမက်အမှုထမ်းတို့ တပ်တွင်း က မထွက်ဝံ့ရှိလေ၏။

ယင်းသည့်နေ့ စည်ပုတ္ထရာဗိုလ် ငရောက်ကြီးရောက်လာသည့်ကိုလည်း အနောက်ကြောင်းချီ ဗိုလ်မှူးခန့်တော်မူပြီးလျှင် ရဲမက်အမှုထမ်းလူငါးရာ ကျော်, မြင်းငါးဆယ်ကျော်နှင့် တပေါင်းလပြည့်ကျော် တဆဲ့လေးရက်နေ့ ရတနာပူရ အဝဗိုလ်မှူး တပ်မှူးတို့ စစ်ချီစစ်တက် လမ်းပေါက်လမ်းဝ သင့်ရာ ကျွဆင်းအရပ်သို့ ချီတက်စွဲရပ်နေရ၏။

ယင်းသည့်အတွင်း ရတနာသိင်္ခမြို့မှာလည်း ဒီဝဲယင်းမြို့စီရင်စု သီလုံး စစ်ကဲ နေမျိုးရွှေတောင်ကျော်သူ, သီလုံးရွာအုပ် ငဝိုက်တို့ အမှုတော်ကို ထမ်းရွက်လိုကြောင်းမျှားနှင့် လျှောက်ထား ဝင်ရောက်ရာ သီလုံးစစ်ကဲ နေမျိုးရွှေတောင်ကျော်သူကို မင်းလှကျော်သူ-ဘွဲ့ပေးတော်မူ၍ အတွင်း ဝန် ခန့်တော်မူပြီးလျှင် အလုံးစုံ လုပ်ရေးကြံရေး စသည်များကို မပြတ် မေးမြန်း တိုင်ပင်တော်မူ၏။

ရတနာသိင်္ခမြို့သို့ ထွက်တော်မူရာ ပွဲဦးလမ်းဦးဖြစ်၍ အမှုထမ်း ရဲ မက် ကျွန်တော်များတို့ ကြောက်ရွံ့သည်နှင့် မလိုက်မလာပဲ ရတနာပူရမြို့ တွင် ကျန်ရစ်သည့် ရတနာသိင်္ခမြို့စာရေး ငမှုံဆိုသူလည်း ယင်းသည့် တပေါင်းလပြည့်ကျော်တဆဲ့တရက်နေ့ရောက်လာရာ အဝန်မြို့တွင်ဖြစ်ပျက် သမျှ အကြောင်းအရာ အလုံးစုံများကို ညီတော်မင်းတရားကြီး မေးမြန်း တော်မူလျှင် အဝန်မြို့မှာ စလင်းမြို့စားမင်းသားနှင့် ဝန်ကြီး, အတွင်းဝန်,

ဝန်ထောက်တို့ တရုံးတစည်းတည်း စည်းကြပ်တိုင်ပင်ပြီးလျှင် ဆွတော်မျိုးတော် အမှုထမ်း ရဲမက်အပေါင်းတို့ကို မှုခွင့်ရှိသည့်အတိုင်း အဖြောင့် အမှန် မစီရင်ကြ ညှဉ်းပန်းနှိပ်စက် ပြုကျင့် ကြသောကြောင့် အမှုထမ်း ရဲမက်တို့ စိတ်နှလုံးဆင်းရဲပင်ပန်းစွာ ရှိကြကြောင်း, ဘုန်းကြီးသည့်အရှင် ကိုလည်း မြောက်ဒဝယ်ဗိုလ် ပြန်ရောက်သည့်နေ့ကစ၍ ညီတော် ထွက် သွားရာ သဲ့ငယ်သမီးငယ်အများ ပါသွားသည်၊ ဆင်းရဲပင်ပန်းစွာ ရှိ မည်-အမိန့်တော်ရှိပြီးလျှင် စိတ်တော်နှလုံးတော် မသာမယာရှိကြောင်း, အဝန္ဓိုနေ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့လည်း မကြည်မလင်ရှိကြ၍ ချမ်းသာ အောင်မြင်တော် မူမည်များကို ဆုတောင်းဆုယူ မပြတ်ပြုကြ ကြောင်းများနှင့် လျှောက်ထားသည့် ကာလ မြို့စာရေးငမုံကို အလုံးစုံ အကျိုးတော်နှင့် စပ်လျဉ်းသည့် စကားများကို အလေးအနာပြု၍ မှတ် သားလျှောက်ထားသူဖြစ်သည်-အမိန့်တော် ရှိပြီးလျှင် စာရေးကြီး ခန့် တော်မူ၍ အရပ်ရပ် ချီတက်သမျှ တပ်တော်များကိုစီရင်ဆော်ဘန်စေ၏။

ယင်းသည့်အတွင်း သစ်ဆိမ့်ကြီးရွာသူကြီး ငထွန်းလှလည်း အမှုထမ်း လူငါးရာ စည်းကြပ်ပြီးလျှင် အမှုတော်ကို ထမ်းရွက်ပါမည့် အကြောင်း နှင့် ဝင်ရောက်ရာ နေမျိုးမင်းထင်-ဘွဲ့ပေးတော်မူပြီးလျှင် ဟန်လင်းကြီးမြို့က ရပ်နေရမည်-အမိန့်တော်နှင့် ချီတက်ရပ်နေရ၏။

ယင်းသည့်နေ့ မြင်းသေနတ်အမှုထမ်း လူတရာကျော်နှင့် ထန်းတပင် မြို့အုပ် ရွှေတောင်နော်ရထာဆိုသူ,သေနတ်အမှုထမ်း လူတရာ့ငါးဆယ် နှင့် ငရဲနဲမြို့သူကြီး သမန္တာကျော်စွာ, ပသီသွေးသောက်ကြီး, ညောင်စဉ် ရွာသူကြီးတို့လည်း အမှုတော်ကို ထမ်းရွက်လိုကြောင်း၊ မြေဒူး အောက် တိုက်ကျေး စာရေးငန္ဓဲဆိုသူလည်း မင်းထိုက်စိုးတန် မြင်းတစီးဆက်၍ သားမြေးနှင့်တကွ ကျွန်တော်ခံ ထမ်းရွက် လိုကြောင်း၊ ငစဉ့်ကူးမြို့ဝန် ရွှေတောင်ဗန္ဓုသူကလည်း သားမြေးနှင့်တကွ သစ္စာတော်ခံ၍အမှုတော် ကို ထမ်းရွက်လိုကြောင်းများနှင့် အသီးအသီး ဝင်ရောက်ထမ်းရွက်ကြ၏။

ထိုအခါ ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း ယခု ညီတော်သာယာဝတီမင်း မြောက်ဖက်ကြောင်း ထွက်သွားသည်ကို မှုးတော် မတ်တော်တို့ကို အရေးပေးအပ် ခန့်ထားချီတက် ထမ်းရွက် စေသည့် အကြောင်းများသည် အရေးကို ထောက်သော် ထင်ထင် ပြက် ပြက် ရှိသဖြင့် နှလုံးစိတ်ဝမ်း ချသာမည်မဟုတ်ဖြစ်၍ မှုးတော်မတ်တော် ဗိုလ်မှူးတပ်မှူးတို့နှင့်သာ မတန်ရာချေ၊ နှလုံးလက်ရုံး လုပ်ရည်ကြံရည်နှင့်

ပြည့်စုံသူ ညီတော်သားတော်တို့ကို မူးကြိုးချုပ်အုပ် ချီတက်လုပ်ကြံစေမှ နေ့ရက်မရွှေ့မကြာ အရေးပြေကုံမည်ဖြစ်သည်-အဓိန္ဒတော် ရှိပြီးလျှင် ချီတက်ထမ်းရွက်စေရန် ခန့်ထားစည်းကြပ်တော်မူသည့်တပ်စဉ်ကား-

သစ်ဆိမ့်ဗညားလှအုပ် နေမျိုးရဲဖျားမင်းခေါင် တတပ်၊ မြစ်သားမြို့စားမဟာမင်းလှနန္ဒကျော်ထင်တတပ်၊သူရဲတပ်မှူးသိဟရဲခေါင်တတပ်၊ သည်သုံးတပ်မှာ ကိုက်ဆင်တဆယ်,မြင်းငါးရာ, စစ်သည်သူရဲငါးထောင်တွင် သီပေါမင်းသားကို ဗိုလ်မှူး၊ မင်းကျော်သီဟကို စစ်ကဲ၊ နေမျိုးသီဟ, နေမျိုးစည်သူတို့ကို နာခံ၊ စာရေးကြီး နေမျိုးစည်သူ, အဆောင်တော်မြို့ နေမျိုးနန္ဒကျော်တို့ကို တပ်ရေး ခန့်တော်မူ၍ ထိုသတ္တရာဇ်တပေါင်းလပြည့်ကျော် တဆဲ့နှစ်ရက်နေ့ နေပြည်တော် ရတနာပူရမြို့တော်က အရှေ့ဘက်ကြောင်းချီတက်စေပြီးလျှင် ၎င်းလပြည့်ကျော်တဆဲ့သုံးရက်နေ့ ငစဉ့်ကူးမြို့တွင် တပ်မချထားစွဲရပ်၏။

မြင်ကွန်းမင်းသား တတပ်၊ နန္ဒရွှေတော်ဝင် တတပ်၊ မြင်းမူရွာစားနေမျိုးသီဟသူတတပ်၊ သန်လျင်မြို့စား မင်းလှကျော်ထင်တတပ်၊ချောင်းဦးရွာသေနတ်အုပ် မင်းလှသီဟသူတတပ်၊ ပုလိပ်ရွှေခဲပုလိပ်ရန်နင်း လှအုပ် မင်းလှမင်းထင်တတပ်၊ရွှေပန်းတန်လှအုပ်မင်းလှရွှေတောင်ကျော် တတပ်၊ ရွှေတော်ပြေးမှူး မင်းကျော်သိခံသူ တတပ်၊ တရားမြို့စားမင်းငယ်ကျော် တတပ်၊ ကုလားမြင်းတပ်ဗိုလ် မဟာ သီဟမွေရတ် တတပ်၊ တောင်သမန်ဗိုလ် တုရင်မင်းထင် တတပ်၊ သည်တဆဲ့တတပ်တွင် တိုက်ဆင်ငါးဆယ်, မြင်းနှစ်ထောင်, ရဲမက်လူသူ တသောင်းတွင် ပင်းတလေမင်းသားကိုဗိုလ်ချုပ်၊ ကင်းဝန်မင်းကြီးမဟာမင်းလှကျော်စွာ, ဝန်ထောံမင်းထင်စည်သူတို့ကို စစ်ကဲ၊ သံတော်ဓာဉ် မင်းလှဇေယကျော်, နေမျိုးမင်းလှကျော်တို့ကိုနာခံ၊ စာရေးကြီးနေမျိုးကျော်သူ, နေမျိုးမင်းလှကျော်ထင်တို့ကို တပ်ရေးခန့်တော်မူပြီးလျှင် ယင်းသည့်သတ္တရာဇ် တပေါင်းလပြည့်ကျော် တဆဲ့သုံးရက်နေ့ ရတနာပူရမြို့က ရောဝတီမြစ်မြောက်ဖက်သို့ ကူးစေ၍ အနောက်ဖက်ကြောင်း ချီစေ၏။

ထိုအခါ ရတနာပူရမြို့ကချီတက်စေသည့် စစ်ကဲကြီးကင်းဝန်မင်းကြီးမဟာမင်းလှကျော်စွာလည်း ဘုန်းတော်ဖြစ်ဗိုလ် မဟာမင်းလှသီဟသူ, မဟာသူရမင်းထင်တို့ကို ကျွဲဆင်းအရပ်တွင်ရှိနေသည့်မြောက်ဖက်တပ်စုကို တိုက်ဖျက်သိမ်းယူရမည်-အမှုထမ်းရဲမက် လက်နက်ကိုင် လူတထောင်ကျော်ပေးအပ်ပြီးလျှင် ထိုသတ္တရာဇ်တပေါင်းလပြည့်ကျော်တဆဲ့ငါးရက်

နွေ ခန့်ထား၍ကတက်စေရာ ကျွဲဆင်းအရပ်သို့ရောက်လျှင် မရပ်မဆိုင်းဝင်၍ တိုက်ခိုက်သည်၊ စည်ပုတ္တရာဗိုလ် ငရောက်ကြီးလည်း ပါဒသည့်ရဲမက် အမှုထမ်းတို့ကို အပြင်းအုပ်ကွပ် ခုခံ တိုက်ခိုက်ထေလျှင် ဘုန်းတော်ဖြစ်ဗိုလ် မဟာမင်းလှသီဟသူ, ပဉ္စာလဝန်ငန္ဒင်းတို့ တပ်လုံးပျက်ပြား၍ အမှုထမ်း ရဲမက်တို့ အထိအခိုက် အရှုအန အသေအပျောက် များခြေသည်နှင့် ဆုတ်ခွာပြေးလျှင် ထပ်မံစည်းကြပ် ခုခံပြန်၏။

ယင်းသည့်အတွင်း အင်တိုင်းဗိုလ်ငရွှေမောင် ရဲမက်အမှုထမ်း လူနှစ်ထောင်ကျော်နှင့် ရတနာသိင်္ဃမြို့သို့ ဆိုက်ရောက်ရာ ညီတော် မင်းတရားကြီးလည်း အင်တိုင်းဗိုလ်ကို ပါဒသည့်အမှုထမ်းတို့နှင့် ကျွဲဆင်းအရပ်တွင် စွဲရပ်သည့် စည်ပုတ္တရာဗိုလ်တပ်သို့ ထပ်ဖြည့်ပေါင်းစည်းထမ်းရွက်ရမည်-အဓိန္ဒတော်နှင့် ချီတက်ပေါင်းစည်း ထမ်းရွက်စေ၏။

ထိုအကြောင်းအရာများကို ဘုန်းတော်ဖြစ်ဗိုလ်, ပဉ္စာလဝန်တို့ ကြားသိလေလျှင် ယခု ကျွဲဆင်းအရပ်တွင်စွဲရပ်သည့် စည်ပုတ္တရာဗိုလ်ငရောက်ကြီးတပ်ကို ချီတက်တိုက်ခိုက်ရာ ငရောက်ကြီးတဦးတည်းကိုပင် ငါတို့ပွဲလမ်းရအောင် မယူနိုင်, ဆုတ်ခွာပျက်ပြားရှိရသည်ကို အင်တိုင်းဗိုလ်ဆိုသူ အမှုထမ်းလူနှစ်ထောင်ကျော်နှင့်ထပ်မံဆိုက်ရောက်လာပြန်ချေပြီ ယင်းသို့ဖြစ်၍ ငါတို့ ရပ်ခဲသော်လည်း မခံနိုင်ရာ အမှတ်ရှိသဖြင့် ပျက်ပြားဆုတ်ခွာသမျှ အမှုထမ်းရဲမက်လူသူတို့ကိုမျှ ကုန်စင်အောင် မသိမ်းဆည်းနိုင် ရုံးမိသမျှ အမှုထမ်း ရဲမက် တို့နှင့် ကင်းဝန် မင်းကြီး မဟာ မင်းလှကျော်စွာရှိရာ စိုင်နံတပ်မသို့ ပေါင်းရချေ၏။

စည်ပုတ္တရာဗိုလ်, အင်တိုင်းဗိုလ်တို့လည်း ကျွဲဆင်း တိုက်တွင် ရသမျှ လက်နက်လူသူတို့ကို ညီတော်မင်းတရားကြီးထံဆက်သရာ အားရတော်မူ၍စည်ပုတ္တရာဗိုလ် ငရောက်ကြီးကို မင်းထင်မင်းခေါင်, အင်တိုင်းဗိုလ်ငရွှေမောင်ကို မင်းထင်တန်ဆောင်ဘွဲ့ ပေးတော်မူ၏။

ထိုအခါ စိုင်နံတပ်ကဲ့၍ ခန့်ထားချီတက်စေသည့် ဘုန်းတော်ဖြစ်ဗိုလ်, ပဉ္စာလဝန်တို့တပ် ကျွဲဆင်းအရပ်က ပျက်ပြား ဆုတ်ခွာပြေးလျှင် စစ်ကဲကြီး ကင်းဝန်ရှိရာစိုင်နံတပ်သို့ ပေါင်းစည်းဝင်ရောက်ရှိကြောင်းများကို ဗိုလ်မှူးပေါက်တံဗိုလ် မဟာမင်းလှမင်းခေါင်ကျော် ကြားသိလေလျှင် စိုင်နံရွာ အရှေ့မြောက် ရွှေထားကန်က နတ်ကျော်တန်ဆောင်နှင့် အမှုထမ်းလူငါးရာ, စိုင်နံရွာအရှေ့တောင် မျောက်မြီးကန်က ဗိုလ်ငအိန္ဒင့် အမှုထမ်းလူငါးရာ ခန့်ထားစွဲရပ်စေပြီးမှ အမှုထမ်း ရဲမက်လူနှစ်ထောင်

ကျော်, မြင်းနှစ်ရာကျော်နှင့် ဗိုလ်မှူး မဟာမင်းလှမင်းခေါင်ကျော် စိုင်နံရွာအရွေ့ ဥနဲပုတ်ငယ်ရွာက စွဲရပ်ပြီးလျှင် ထိုသတ္တရာဇ် နှောင်းတန်းခူးလဆန်းတရက်နေ့ စိုင်နံရွာတွင်စွဲရပ်သည့် ကင်းဝန်မင်းကြီး မဟာမင်းလှကျော်စွာတပ်ကို စစ် သုံးမျက်နှာ ဘို၍ တိုက်ခိုက်၏၊ ကင်းဝန်မင်းကြီး မဟာမင်းလှကျော်စွာလည်း ပါသည့် ရဲမက်တော်တို့နှင့် ချုပ်အုပ် ခုခံတိုက်ခိုက်သည်၊ မနည်းကြာရှိလျှင် တပ်တွင်းရှိ ရဲမက်အမှုထမ်းတို့ မရပ်မဲခံနိုင် ကစဉ့်ကလျားရှိလေ၏။

ထိုအခါ ကင်းဝန်မင်းကြီး မဟာမင်းလှကျော်စွာလည်း အထက် ကျဆင်းရွာတွင် စစ်ဦးစစ်ဆ ညှိုးနွမ်း ပျက်စီးဘူးသည်နှင့် မြောက်ဖက် ဗိုလ်မှူးတပ်မှူး ရဲမက် အမှုထမ်းတို့ အား‌တက် အင်ကြီး ရှိကြောင်း, အဝသား ဗိုလ်ရဲမက် အမှုထမ်းတို့ နှလုံးစိတ်ဝမ်းငယ်ကြောင်းများကို တပ်ရာတွေး ထင်မိသည်နှင့် သည်တပ်ကို ငါချုပ်အုပ် ရပ်ခံ သော်လည်း မခံနိုင်ရာ အမှတ်ရှိ၍ ရပ်သိမ်းဆုတ်ခွာလေလျှင် အမှုထမ်း ရဲမက်အပေါင်းတို့လည်း စွဲကိုင်သည့် လက်နက်ကိုမျှ မသိမ်းမယူ ပစ်ထား‌ခဲ့ပြီးလျှင် ပရမ်းပတာ ထွက်ပြေးကြလေ၏။

ယင်းသောအခါ စည်ပုတ္ထရာဗိုလ် မင်းထင်မင်းခေါင်, အင်တိုင်းဗိုလ်မင်းထင်တန်ဆောင်တို့လည်း စိုင်နံတပ်ကြီး ပျက်ပြား ထွက်ပြေးကြောင်းကို ကြားသိလေလျှင် ကျဆင်းကချီလာ၍ မန်းကျည်းတုံရွာတွင် စွဲရပ်ချနေကြ၏၊ ဗိုလ်မှူး မဟာမင်းလှမင်းခေါင်ကျော်လည်း စိုင်နံတပ်က မရပ်မဆိုင်းချီတက်၍ ပုဏ္ဏားရွာတွင် တပ်ချရပ်ပြီးမှ ထိုသတ္တရာဇ် နှောင်းတန်းခူး လဆန်းသုံးရက်နေ့ အဝသား စစ်သည်အမှုထမ်းတို့ ကိုယ်လွတ်ထွက်ပြေးရာ ရလိုက်သည့် အမြောက် တဆယ်ကျော်, စိန်နှစ်ဆယ်ကျော်များနှင့် သေနတ်လက်နက် ကိရိယာ လူသူများကို သိမ်းဆည်း ဆောင်ယူပြီးလျှင် ရတနာသိင်္ဃ်မြို့သို့ ဝိုဆက် စေပြီးမှ ပုဏ္ဏားရွာက ချီတက်၍ သခွတ်တောကျေးရွာတွင် ချထား‌စွဲရပ်၏။

အထက် ရတနာပူရမြို့က အနောက်ဖက်ကြောင်း ချီတက်စေသည့် ဗိုလ်မှူး ပင်းတလဲမင်းသားတပ်လည်း နှောင်းတန်းခူးလဆန်း တရက်နေ့ ဝက်လည်ရွဲအရပ်သို့ရောက်လျှင် ကင်းဝန်မင်းကြီး မဟာမင်းလှကျော်စွာ စိုင်နံတပ် ပျက်ပြားဆုတ်ခွာခဲ့သည်ကို တွေ့ကြသည်တွင် ပါသည့် အမှုထမ်း စစ်သည်တို့ကို သိမ်းရုံးစည်းကြပ် ချီတက်ပြီးလျှင် ၎င်းလဆန်း နှစ်

ရက်နေ့ သရိုင်ရွာသို့ ရောက်ကာလ ဆင်ခလုတ် မြင်းခလုတ် ကတုတ် ဆူးငြောင့် စသည်တို့ဖြင့် စီရင်၍ အဖြိုးအခိုင် တပ်ကြီး တည်လုပ် ချထား စွဲရပ်ကြ၏။

မဟာမင်းထင်မင်းခေါင်, ရွှေပြည်ဗိုလ် မင်းလှနော်ရထာ, ရွှေတောင် ကျော်စွာတို့ကိုလည်း ပင်းတလဲမင်းသားတပ်တွင် အမိန့်တော်နှင့် လိုက် ထမ်းစေ၏၊ နောက် ကင်းဝန် မကျန်းမမာရှိသည်နှင့် လမိုင်းဝန် မဟာ သိရိသန်ယာကို ကင်းဝန်အစား စစ်ကဲ ခန့်တော်မူပြီးလျှင် ကင်းဝန်ကို ခေါ်တော်မူ၍ ရတနာပူရမြို့သို့ပြန်ရ၏။

ထိုသတ္တရာဇ် နှောင်းတန်းခူးလဆန်းခုနစ်ရက်နေ့ ရတနာပူရက ရွှေး ထက်ယာဗိုလ် မဟာဇုန္ဒမင်းခေါင်တတပ်၊ ထောင့်သုံးရာဗိုလ် မင်းကျော် ရာဇာ တတပ်၊ ပုခန်းမြောက်လက်ဗိုလ် တဒလ တတပ်၊ အမှုထမ်း လူ လေးထောင်ကျော်နှင့် မြင်းတပ် လှေတပ်များကို လက်ယာဝင်းမူး မင်း ကြီး မင်းလှမင်းထင်ကို ဧရာဝတီကြောင်း ချုပ်အုပ်စေပြီးလျှင် သီပေါ မင်းသား အဆင့်အဆိုကိုခံ၍ ထမ်းရွက် ရမည်-ရှိမ်းမကားရွာ အောက် ငရဲယ်ရွာက ချထား စွဲရပ်စေ၏။

ယင်းသည့်အတွင်း ဒီပဲယင်းမြို့ စီရင်စု ရေဦးရွာနေ မြို့ဝန်ငကွန်လည်း ဒီပဲယင်းမြို့ ကျေးရွာများတွင် ခန့်ထား စည်းကြပ်ရ အမှုထမ်း လူတို့နှင့် အခိုင်အမာနေရာ ငကွန် အသင်းအပင်း နရာသူရနော်ရထာ, နရာ ရွှေ တောင်, ငပုတ်ဆိုး, ညီဇော်ဂျိုဗိုလ်တို့ ငကွန်ထံက ထွက်ပြေးတိမ်းရှောင် လာခဲ့၍ အမှုတော်ကို ထမ်းရွက်လိုကြောင်းများနှင့် ညီတော်မင်းတရား ကြီးထံ ဝင်ရောက်လျှောက်ထားရာ ညီတော်မင်းတရားကြီးလည်း တော သစ်သီးကို တောအုတ်ခဲနှင့် ပစ်သောဟူဘိ၏သို့ ငကွန်နှင့် သားမယား ကျေးကျွန် တို့ကို ဖမ်းယူ ဆက်သ ရမည်-အမိန့်တော် ရှိရာ နရာသူရ နော်ရထာ, နရာရွှေတောင်, ငပုတ်ဆိုး, ညီဇော်ဂျိုဗိုလ်ဆိုသူတို့ ဒီပဲယင်း မြို့ဝန် ငကွန်ကို မဖမ်းမယူဝံ့သည်နှင့် တိတ်တဆိတ် ထွက်ပြေးကြလေ၏။

နောက် ငကွန်လည်း ကျေးကျွန်တစုတို့က ရတနာသိမ်မြို့ ညီတော် မင်းတရားကြီးထံ ဖမ်းဆီး ဆက်သမည့်အဟန် ရှိချေသည့် ထွေးထင်မိ သည်နှင့် ရွှေငွေပစ္စည်း အသုံးအဆောင်များကို သိမ်းယူ၍ သားမယား ကျေးကျွန် အသင်းအပင်များကို တိုင်ပင်ပြီးလျှင် ဆင်သုံးစီးနှင့် ဒီပဲယင်း မြို့စီရင်စု ရေဦးရွာက ထွက်ခွာသွားရာ လမ်းခရီးသို့ရောက်ကာလ ကျေး

ကျွန်အသင်းအပင်းတို့ အညီအညွတ်တိုင်ပင်ပြီးလျှင် စီးသည့် ဆင်သုံးစီး နှင့်တကွသားမယားပါ ငကွန်ကို ဖမ်းဆီးချည်နှောင်၍ ရတနာသိဿ်မြို့သို့ ပို့ဆက်လာ၍ ဒီပဲယင်းမြို့ကို အလိုတော်ပြည့်လျှင် ရသည့် ဆင်မြင်းလက်နက်ကိရိယာကိုသာ သိမ်းယူ၍ ရွှေငွေ ထည်မျိုး အုပ်မျိုးများကို ဗိုလ်ရဲမက်အပေါင်းတို့အား အောင်ပွဲရဲဆု ပေးတော်မူ၏။

ဒီပဲယင်းမြို့ဝန့်ငကွန်ကိုလည်း အထက်မိဖုရားကြီး အရိုးတော် ပေါင်းထည်မြို့စား က ကောင်းရာကောင်းကြောင်းသတိပေးဘူးသည်ကိုထောက်၍ ပေါင်းထည်မြို့စား မောင်ရင်း ဖြစ်သည်နှင့် ငကွန်တွင် ဖမ်းဆီးရိုက်နှက် ချည်နှောင်သည့်ဒဏ်ရာများကို ဆေးဝါးကုမစေပြီးလျှင် အဝတ်အစား ပေးကမ်းတော်မူ၍ ချမ်းသာစွာ နေစေ၏။

ယင်းသည့်အတွင်း မြေဒူးမြို့ဝန် နေမျိုးဇေယျသူ၊ စီရင်စု မြို့ကျေးရွာနယ်အတွင်း အမှုထမ်းလူသူ စုရုံး၍ မကျိုးမနွံနေသည်ကို ညီတော် သာယာဝတီမင်းတရားကြီးလည်း မင်းကျော်တန်ဆောင်က ခေါ်ယူ သိမ်းသွင်းရမည် အမိန့်တော်နှင့်ခေါ်သည်ကို မလိုက်မလာနေ၍ တိုက်ခိုက်သိမ်းယူပြီးလျှင် သားမယား ကျေးကျွန် အသင်းအပင်းနှင့်တကွ သစ္စာတော်ကို ခံစေ၍ အမှုတော်ကို ထမ်းစေ၏။

ဒီပဲယင်းမြို့မှာလည်း ငကွန်မရှိလျှင် စီရင်စုမြို့ကျေးရွာ အကြီးအအုပ်ပြုလုပ်သူတို့ ကျေးရွာများသို့ဝင်၍ ရွှေငွေပစ္စည်းစသည်များကို လုယက်သိမ်းယူကြရာ မြို့လုံး မငြိမ်မဝပ်ရှိသည်ကို ညီတော် မင်းတရားကြီး ကြားသိတော်မူသည်တွင် အတွင်းဝန် မင်းလှကျော်သူကို ဒီပဲယင်းမြို့ဝန် ခန့်တော်မူ၏။

ကျွန်တော်ရင်း အတွင်းဝန် နေမျိုးဗန္ဓုကျော်ကို မင်းကြီးမဟာမင်းလှဗန္ဓုကျော်, နေမျိုး အာကာကျော်သူကို မင်းကြီး မဟာမင်းလှကျော်ခေါင် ဘွဲ့ပေးတော်မူ၍ ဝန်ကြီး ခန့်တော်မူ၏။ အိမ်တော်ပ'ါ အတွင်းဝန် နေမျိုး နရာကိုလည်း မင်းလှနော်ရထာဘွဲ့နှင့် ထပ်မံ အတွင်းဝန် ခန့်တော်မူ၏။ မဟာမင်းလှမင်းခေါင်ကိုလည်း ရွှေတိုက်ဝန် ခန့်တော်မူ၏။ ဆိပ်အုပ်ငတုတ်ကြီးကိုလည်း မဟာမင်းလှကျော်ထင် ဘွဲ့နှင့် ဝန်ထောက် ခန့်တော်မူ၏။ စာရေးကြီး သီဟရဲထင်နော်ရထာကို မဟာမင်းလှရာဇာ-ဘွဲ့နှင့် ဝန်ထောက်ခန့်တော်မူ၏။

ယင်းသည့် အကြိုက် စမွယ်နဂိုရ်မြို့ ဗိုလ်သိန်းကလေးလည်း ရဲမက်လက်နက်ကိုင် အမှုထမ်းလူခုနစ်ရာ, အဝန်းဆဲ့တထွာရှိသောမောင်းကြီး

ပထွမြေားစိဝးများနှင့် ဝင်ရောက်ထမ်းရွက်ရာ မင်းလှမင်းကျော်-ဘွဲ့ပေး တော်မူ၍ အမှုထမ်းလူခုနစ်ရာနှင့် အမှုတော်ကို ထမ်းရွက်ရမည်-အမိန့် တော်ရှိပြီးလျှင် ဆက်သရင်း ပထွမြေားစိဝးကို သနားတော်မူ၏။

ယင်းသည့်နေ့ပင် သမန်သာဗိုလ်ကိုလည်း မဟာမင်းလှ တိမ်ကြေား မင်းခေါင်-ဘွဲ့နှင့် မြင်းမူရွာ, ရွာသစ်ကြီးများက စစ်ကိုင်းမြို့ရောက် စည်း ကြပ်ရအမှုထမ်းရဲမက်လက်နက်ကိုင် လူငါးထောင်ကျော်ကို ချုပ်အုပ်ပြီး လျှင် ဆင်တပ်ရွာက ချထားစွဲရပ်၍ အဝမြို့ကို ဝန်းဝိုင်း တိုက်ခိုက်ရမည် အမိန့်တော်နှင့် ခန့်ထားချီတက်စေ၏။ ။အထက်အိမ်တော်တွင် စံနေ တော်မူစဉ် သိကျမ်း ဝင်ထွက်ဘူးသည့် ဝါးပြစ်မရွာ ခင်ကြီးကလည်း အမှုထမ်းလူငါးဆယ်နှင့် ရတနာသိင်္ဃမြို့သို့ လာရောက်၍ အမှုတော်ကို ထမ်းရွက်လာ၏။

ထိုအခါ ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း ဗန္ဓကျိတိုက်ဝန်ကို ခေါ်စေရာ ဗန္ဓကျိတိုက်ဝန်လည်း အရေးကိုမြော်တင် ၍ မကျန်းခန့်သည့်အဟန် ပြုလုပ် လျှောက်ထား လိုက်ပြီးလျှင် ရတနာ သိင်္ဃမြို့ ညီတော်မင်းတရားကြီးထံသို့ အဘ ဗန္ဓကျိတိုက်ဝန်နှင့် တကွ သမ္ဘောတော်ခံ၍ ထမ်းရွက်ပါမည့် အကြောင်းများနှင့် သား-ငကသည်း, ညီ-ငရွှေသားတို့ကို စေလွှတ်လျှောက်ထားစေသည်တွင် ညီတော် မင်း တရားကြီးလည်း အားရတော်မူသည်နှင့် ငကသည်းကို မင်းလှသိဟသူ, ညီငရွှေသားကို မင်းလှဇေယသူ-ဘွဲ့ပေးတော်မူပြီးလျှင် ပုဂံမြို့,တလုပ်မြို့, ပုခန်းကြီးမြို့များမှစ၍ အောက်မြစ်စဉ်တလျှောက် မြို့ကျေးရွာ အရေးကို မြော်တင်းတော်မူ၍ ကျောက်တလုံးရွာက ရပ်နေရမည်-မင်းလှသိဟသူ, မင်းလှဇေယသူတို့ကို ရဲမက်အမှုထမ်း ငါးရာပေးအပ်ရပ်နေစေ၏။

အဘ ဗန္ဓကျိတိုက်ဝန်ကိုလည်း မင်းကြီးမဟာသိဟသူရ-ဘွဲ့ပေးတော် မူပြီးလျှင် ချင်းတွင်းမြစ်ရိုးမြစ်စဉ်တလျှောက်ပုခန်းကြီးမြို့မှစ၍ဗန္ဓကျိ,ကန့်, ကလေး, ယော, ဆော, လောင်းရှည်, ထီးလင်းမြို့များကို သိမ်းသွင်း စည်းကြပ်အသင့်ရှိစေရမည်-အမိန့်တော်နှင့် မင်းလှဇေယသူကိုစေလွှတ် ဘော်မူသည်တွင် မင်းလှ ဇေယသူလည်း သနားတော် မူသည့် ဘွဲ့နှင့် အမိန့်တော်ကို အဘဗန္ဓကျိတိုက်ဝန် မင်းကြီးမဟာသိဟသူရထံပြန်ကြား ပြီးနောက် အစ်ကိုယ် မင်းလှသိဟသူရှိရာ ကျောက်တလုံးကင်းသို့အလျင် လာရောက်ပေါင်းစည်းထမ်းရွက်နေ၏။

နေမျိုးမင်းထင်ကိုလည်း ဟင်္သာမော်, ကြီညွှတ်, မိုးကုတ်, ကျတ်ပြင်, အညာတပြင် မြို့ကျေးရွာများက သိမ်းသွင်း စည်းကြပ်ရ အမှုထမ်းလူတို့နှင့် အရှေဘက်ကြောင်းကျေးရွာများကို စည်းကြပ်၍ မြစ်ညာက ချီတက်လာရောက်သမျှတပ်များကို ဆီးဆို့ရပ်ခံရမည်-မြစ်စဉ်ဝန်ခန့်တော်မူပြီးလျှင် ရှိမ်းမကား ရွာက တပ်စွဲရပ်နေစေ၏။

ထိုအခါ ညီတော် မင်းတရားကြီးလည်း အဝမြို့က အမှုထမ်း ရဲမက်လက်နက်ကိုင် အင်အားကြီးစွာ ခန့်ထား စည်းကြပ်ပြီးလျှင် ပင်းတလဲမင်းသားကို မှူးကြီး ချုပ်အုပ်ချီတက်စေ၍ သရိုင်ရွာတွင် တပ်ခိုင်တပ်လုံတည်လုပ်စွဲရပ်လာကြောင်းများကိုကြားသိတော်မူလျှင် ယခု ရတနာပူရ အဝမြို့က ရဲမက်လက်နက်ကိုင် အမှုထမ်း လူတသောင်းကျော်ကို ပင်းတလဲမြို့စား မင်းသားကို မှူးကြီးချုပ်အုပ်စေ၍ စစ်အားကြီး ရတနာသိင်္ဃမြို့တောင်မျက်နှာ သရိုင်ရွာရောက် ချီတက်စွဲရပ် ရှိသည်များမှာ မည်သို့လုပ်ကြံသော် သင့်မည်-သီရိမဟာသုဓမ္မရာဇာ,မင်းရဲသီဟကျော်စသောသားတော်တို့နှင့် ဗိုလ်မှူးတပ်မှူးအပေါင်းတို့ကို စိုင်းပြင်း တိုင်ပင်တော်မူရာ သားတော်သီရိမဟာသုဓမ္မရာဇာ,မင်းရဲသီဟကျော်,မင်းရဲကျော်ထင်, မင်းရဲဇေယတို့ လျှောက်ထား ကြသည်ကား…ယခု ရတနာပူရအဝမြို့က ပင်းတလဲမြို့စားမင်းသားကို မှူးကြီးချုပ်အုပ်စေ၍ သရိုင်ရွာအနီး တပ်ကြီးတည်လုပ် စွဲရပ်ရှိနေသည်များမှာ ရှေးဦး ချီတက်ပေါက်ရောက်လာသမျှ စစ်များနှင့် တူမည်လက္ခဏာမဟုတ်ပါ၊ ရတနာပူရမြို့မှစ၍ တောင်တပြင် မြို့ကျေးရွာရှိ ဆင်ကောင်း, မြင်းကောင်း,လူသူ သေနတ်လက်နက်ကိရိယာများကို ရွေးကောက်ပြီးလျှင် ဗိုလ်ရဲမက် အမှုထမ်း အင်အားကြီးစွာ စည်းကြပ်ခန့်ထားချီတက်လာစေသည့် အဟန်ရှိချေသောကြောင့် ရွေးတွေ့ခဲ့တိုက်ခဲ့သမျှ စစ်များကဲ့သို့ ပေါ့ပေါ့လျော့လျော့ နှလုံးမထားရာချေ၊ တကြောင်းလည်း ဗိုလ်ပါအင်အား များသည်ဆိုသည်မှာ သူတို့က သိန်းသန်းကုဋေ မရေတွက်နိုင်အောင် အမှုထမ်းရဲမက် လက်နက်ကိုင် ခန့်ထားစည်းကြပ်၍ မြေပြင်ပြည့်မျှ ချီတက်ပေါက်ရောက်လာသည့် စစ်ကြီးစတေ ဖြစ်လင့်ကစား ဗိုလ်မှူးတပ်မှူး ရဲမက် အမှုထမ်းတို့ လုပ်ရည်ကြံရည်မှာသာ အကြောင်း ဖြစ်ပါသည်၊ ယခု ချီတက် စွဲရပ်လာသည့် သရိုင်တပ်ကြီးကိုသာစည်းစည်းကြပ်ကြပ် ရပ်ရပ်နေနေ လုပ်ကြီးကြံမပြု၍ စွန့်စွန့်စားစား ညီညီညာညာခံနိုင်အောင် ကြိုသင့်ပါသည်၊ ယင်းသည့်တပ်ကို ခံနိုင်သည်ဖြစ်ကလည်း သူတို့က အသွယ်သွယ်အဝဝခွဲ၍ ချီတက်

စေသမျှတပ်စုသည် အလျင်ပျက်ပြား ဆုတ်ခွာရသိမ့်မည့်အကြောင်းများနှင့် လျောက်ထားကြသည်ကို ခမည်းတော်မင်းတရားကြီး ကြိုက်တော်မူ၍ သခွတ်တောကျေးရွာတွင်စွဲရပ်ရင်းပေါက်ကွဲဗိုလ်မှူး မဟာမင်းလှမင်းခေါင်ကျော်တပ်ကို ဟန်လင်းမြို့ကပြောင်းရွှေ့ရပ်ခံရမည်၊ မန်းကျည်းတံုရွာတွင် စွဲရပ်သည့် စည်ပုတ္တရာဗိုလ်, အင်တိုင်းဗိုလ်တို့တပ်များကိုလည်း မြင်တော်ရွာတောင်သို့ ပြောင်းရွှေ့ ရပ်ခံရမည် - အမိန့်တော်နှင့် ထို သတ္တရာဇ်နောင်းဘန်းခူးလဆန်းခြောက်ရက်နေ့ ပေါက်ကွဲဗိုလ်မှူးနှင့် စည်ပုတ္တရာဗိုလ် အင်တိုင်းဗိုလ်တို့ ချုပ်အုပ်စု ဗိုလ်ရဲမက်အမှုထမ်းတို့နှင့် ပြောင်းရွှေ့ရပ်ခံကြရ၏။

စမွယ်နဂိုရဗိုလ် သိန်းကလေးနှင့် မင်းလှမင်းခေါင်, ရွှေတောင်နရာထင်,မင်းငယ်ကျော်, မင်းလှမင်းငယ်တို့ကိုလည်း အမှုထမ်းရဲမက် လူသုံးထောင်ကျော်နှင့် သရိုင်ရွာမြောက်က ချီတက်စွဲရပ်စေ၏။

ယင်းသည့်အတွင်း ညီတော်မင်းတရားကြီးလည်း မြစ်စဉ်ဝန် နေမျိုးမင်းထင်ကို ရှိမ်းမကားရွာအောက် ငရဲစဉ်ကိုင်ရွာများတွင် လက်ယာဝင်းမှူး မင်းကြီးမင်းလှမင်းထင် ချုပ်အုပ်သည့် တပ်ကို အလျင် ချီတက်တိုက်ခိုက် ဆီမ်းယူ ဆက်သ ရမည်–အမိန့်တော်နှင့် မြစ်စဉ်ဝန်, ဝက်လည်ရွဲဗိုလ်, အင်းဘဲဗိုလ်, အင်တောင်းဗိုလ်, ငါးပတ်ချောင်းဗိုလ်တို့ ချီတက်တိုက်ခိုက်ရာ ဗိုလ်ချုပ် မင်းကြီး မင်းလှမင်းထင်တပ် မရပ်မခံနိုင် ပျက်ပြားဆုတ်ခွာ ထွက်ပြေးကြသည်၊ သေလေသည်လည်းများ၏။

နောက်ရွှေးလက်ယာဗိုလ် မဟာဇာန္ဒမင်းခေါင်လည်း ရုံးမိသမျှရဲမက်လက်နက်ကိုင် အမှုထမ်း လူ တထောင်ကျော်နှင့် ရေနံသာမြို့က ကြို၍ခုခံပြန်သည်ကို မြစ်စဉ်ဝန် နေမျိုးမင်းထင် လိုက်လံ တိုက်ခိုက်ပြန်ရာ အမှုထမ်းရဲမက်လက်နက်ကိုင်အများ သေလေသည်၊ အမှုထမ်းလူ ငါးဆယ်ကျော်နှင့် လက်နက်ဘဏ္ဍာ ရွှေငွေ, အဝတ်အစား များစွာရသည်ကို ညီတော်မင်းတရားကြီးထံ ဆက်သရာ ဆင် မြင်း လက်နက် ဘဏ္ဍာများကို သိမ်းယူတော်မူ၍ ရွှေငွေ, အဝတ်အစားများကို ဗိုလ်ရဲမက်အမှုထမ်းများတို့ကို ပေးတော်မူ၏။

ထိုအခါ သရိုင်တပ်ကြီး လုံခြုံခိုင်ခန့်လှသည်နှင့် တပ်ထွင်းမှာ ဗိုလ်ရဲမက်အမှုထမ်းတို့လည်း ထွက်၍ မတိုက်ဝံ့ အရံကိုခံ၍ နေကြောင်း, ရံတပ်ဘော် ဗိုလ်များ တပ်များတို့လည်း ဟန်လင်းကြီးမြို့ မြင်တော် အရပ်များက တပ်ချရပ်စွဲနေကြောင်းများကို ညီတော်မင်းတရားကြီး ကြားသိတော်

မှုလျှင် သရိုင်တပ်အနီး ချီတက်စွဲရပ်ရမည်-ယင်းသည့်လဆန်းရှစ်ရက်နေ့ ထပ်မံအဓိန္ဒတော် ဆိုက်ရောက်သည်နှင့် ဗိုလ်မှူး မဟာ မင်းလှမင်းခေါင် ကျော်နှင့် စည်ပုတ္ထရာ ဗိုလ်, အင်တိုင်းဗိုလ်တို့လည်း သရိုင်တပ်ကြီးနှင့် တတိုင်ကွာ ဒွေးမဲကုန်းရွာ, မှက်ထိရွာများက ချထား စွဲရပ်ကြသည့် အတွင်း နှောင်းတန်းခူးလဆန်းဆယ်ရက်နေ့သရိုင်တပ်တွင်းက ကသည်း မြင်းစီး အမှုထမ်းကောင်း တရာကျော်နှင့် တောင်သမန်ဗိုလ် တုရင် မင်းထင်ထွက်၍ တိုက်ခိုက်လျှင် ပေါက်တံဗိုလ်မှူးနှင့် စည်ပုတ္ထရာဗိုလ်, အင်တိုင်းဗိုလ်တို့လည်း ရဲမက်အမှုထမ်းတို့ကို တညီတညွတ်တည်း အုပ်ကွပ်ဆင့်ဆိုပြီးလျှင် ပြောင်းသေနတ်ဖျော်ဖျော်ပစ်ခတ်ဆီးဆို၍ ခုခံတိုက်ခိုက်ကြသည်၊ မနည်းကြာရှိလျှင် တောင်သမန်ဗိုလ်စီးသည့်မြင်းကို ပြောင်းသင့်၍ လည်းလေလျှင် ကသည်း မြင်းအမှုထမ်း တရာကျော် မရပ်မခံနိုင် တောင်သမန်ဗိုလ်နှင့်တကွ အပြင်းဆုတ်ခွာပြီးလျှင် တပ်တွင်းသို့ဝင် ပြေးကြလေ၏။

နောက် နတ်စုလက်ယာသေနတ်ဗိုလ်,ညောင်ပင်ကြီးဗိုလ်, ပဉ္စာလဝန်တို့ ရဲမက်အမှုထမ်း လူနှစ်ထောင်ကျော်နှင့် ပေါက်တံဗိုလ်မှူးတပ်သို့အပြင်း အုပ်ကွပ်တိုက်ခိုက်ပြန်လျှင် ပေါက်တံဗိုလ်မှူးနှင့် အင်တိုင်းဗိုလ်,စည်ပုတ္ထရာဗိုလ်တို့လည်း ရဲမက်တော်အပေါင်းတို့ကို ကိုယ်စီအုပ်ချုပ် ကွပ်ကဲခုခံတိုက်ခိုက်ပြန်ရာ နတ်စုလက်ယာဗိုလ်,ညောင်ပင်ကြီးဗိုလ်, ပဉ္စာလဝန်တို့လည်း မဆုတ်မနစ်ကြိုး၍တိုက်သည်၊ တနာရီခန့်ရှိလျှင် မခံနိုင်သည်နှင့် တပ်တွင်းသို့ ဆုတ်ခွာထွက်ပြေးကြလေသည်၊သေလေသည်လည်းများ၏၊ လက်နက် လူသူလည်း အများ ရလိုက်သည်။ ။ယင်းသည့် နေ့ကစ၍ အဝသားဗိုလ်မှူး တပ်မှူးရဲမက်အပေါင်းတို့ မြောက်ဖက်သား ဗိုလ်ရဲမက်အမှုထမ်းတို့ကို ဆိုင်ပြိုင်မတွေ့ဝံ့ ရှိသောဟူ၏။

ပေါက်တံဗိုလ်မှူးလည်း သရိုင်တပ်က ထွက်၍ မတိုက်ဝံ့ကြောင်းကို သိလျှင် မြင်းတပ် နှစ်ရာ့ငါးဆယ်ခန့်နှင့် ချီတက်ချဉ်းကပ်ပြီးလျှင် တပ်ကို လှည့်ပတ်ကြည့်ရှုရာ သရိုင်တပ်တွင်းက တောင်သမန် ကသည်းမြင်းအမှုထမ်း တယောက်ကိုဖမ်းမိ၍ အကြောင်းမျိုးကို စစ်မေးသည်တွင် သရိုင်တပ်တွင်းရှိ ရဲမက်အမှုထမ်းတို့ နှလုံးစိတ်ဝမ်းငယ်ကြ၍ ရှေ့သို့စစ်မျက်နှာဆိုင်ပြိုင်တွေ့ကြရလျှင်လည်း ငါတို့ဘက်ကခံရပ်နိုင်မည့်မဟုတ်ဟု အချင်းချင်း ကွယ်တင်းစကား ပြောဆိုကြသည်ဖြစ်ပါ၍ သက်စွန့်ကြိုးပမ်း ထမ်းရွက်မည့်သူမရှိကြကြောင်းများကို စစ်မေးချက် ရသည်နှင့် သရိုင်တပ်သို့

ချဉ်းကပ်တိုက်ခိုက်မည်၊ပေါက်တော်ဗိုလ်မှူးလည်း အမှုထမ်းရဲမက်သိမ်းရုံးစည်း ကြပ်နေသည့်အတွင်း ညီတော် မင်းတရားကြီးက အထက်ဒီဝဲယင်းမြို့ကို ဝန်ပြုဘူးသူ ငနှင်းနှင့် မြင်းအမှုထမ်း လူနှစ်ရာကျော်, ဝန်ကြီး သတိုး သုဓမ္မမဟာဗန္ဓုလညီ ငမြတ်နေ, သား ငကြီးတို့နှင့် အမှုထမ်းလူငါးရာ ထပ်ဖြည့်စေလွှတ် လာရောက်သည်။

ထိုအခါ ပေါက်တော်ဗိုလ်မှူးလည်း ထပ်မံဆိုက်ရောက်သည့် အမှုထမ်း လူ ခုနစ်ရာကျော်, လက်ရှိချုပ်အုပ်စီရင်စု အမှုထမ်း လူ သုံးထောင့်ငါးရာ ကျော်, စုစုအမှုထမ်း လူလေးထောင်ကျော်များကို သိမ်းရုံးစည်းကြပ်ချုပ် အုပ်၍ သရိုင်တပ်ကြီးအနီး တပ်ရင်းသို့ ချဉ်းကပ်စွဲရပ်ကြသည်၊ ထိုအခါ သရိုင်တပ်တွင်းရှိ ရဲမက်ဗိုလ်အမှုထမ်းတို့လည်း တပ်ပြင်သို့ တစုံတယောံ မျှ မထွက်ဝံ့ကြ တပ်ခိုင်လုံသည်ကိုအားကိုး၍ ရံတပ်များကို စိန့်, သေနတ်, အမြောက်, မိုးပေါက် မိုးပွဲကဲ့သို့ မစဲမလပ် လွှတ်၍သာ ခံနေကြ၏။

ထိုအခါ ရတနာပူရ မြို့တော်တွင် ရှိနေသည့် အင်္ဂလိပ် အရေးပိုင် မယ်စယ်ဘော်ရနီ, ဇတ္တယ်တို့က ဆဒ္ဒန်ဆင်မင့်း သခင် ဘဝရှင် မင်း တရားကြီးကို လျှောက်ထားကြသည်ကား… ယခု တပြည်ထောင်တည်း တွင် နောင်တော် ညီတော်နှစ်ပါး မသင့် မတင့် ရန်စစ်ဖြစ်ပွားကြသည် များမှာ ပြည်ထောင်ဘက် တိုင်းတပါးမင်းတို့ ကြား၍မှု မသင့် ဖြစ်ပါ သည်၊ ကျွန်တော်တို့ကိုလည်း အင်္ဂလိပ်မင်းက ဘုန်းတော်ကြီးလှသော ဘုရားရှေ့ဘုန်းတော်မြတ်ကို ခိုလှုံ၍ ထမ်းရွက် နေထိုင်ရမည်၊ နေပြည် တော် ရတနာပူရ အဝန္တီတော်သို့ စေလွှတ်သောကြောင့် လာရောက် ထမ်းရွက်နေထိုင်ပါရသည်၊ နှစ်ကာလ ရှည်ကြာပြီ ဖြစ်သောကြောင့် ကျွန်တော်ရင်းချာတို့နှင့် မခြားမပြားပင် ကျေးဇူးတော်ကို ခံစား၍ ချမ်း သာစွာ နေထိုင်ရသဖြင့် ကျေးဇူးတော် မြတ်ကို ဆက်ဆပ်ရအံ့သော အခွင့်ကိုသာ မပြတ်ကြံရည်ရွယ်နေပါသည်၊ ယင်းသို့ဖြစ်ပါ၍ နောင်တော် ညီတော်နှစ်ပါး စစ်မဖြစ်မပွားစေရ သင့်တင့်ညီညွတ်ရန် စစ်ပြေငြိမ်း အောင် ညီတော် ထံသွား၍ လျှောက်ထားလိုကြောင်း များနှင့် တင် လျှောက်ရာ ဘဝရှင်မင်းတရားကြီးဘုရားလည်း မယ်စယ်ဘော်ရနီကို ခွင့် ပေးတော်မူသည်နှင့် ထိုသတ္တရာဇ် နောင်းတန်းခူးလဆန်း တဆဲငါးရက် နေ့ နေပြည်တော် ရတနာပူရမြို့က မယ်စယ်ဘော်ရနီ, ဇတ္တယ်တို့ ထွက် သွားကြရာ တန်းခူးလပြည့်ကျော်တရက်နေ့ ဗိုလ်မှူး ပင်းတလဲမင်းသား ချထားစွဲရပ်သည့် သရိုင်တပ်ကြီးသို့ရောက်လျှင် မယ်စယ်ဘော်ရနီလည်း

ဗိုလ်မှူး ပင်းတလဲမင်းသားထံ အကြောင်းမျိုးကို ပြန်လျှောက်ပြီးနောက် ကျွန်တော် ရတနာသိင်္ဃမြို့က မပြန်မရောက်မီအတွင်း တပ်တော်ရဲမက် အမှုထမ်းတို့ကို မပစ်မခတ် မတိုက်မခိုက်ရအောင် တားမြစ်တော် မူပါလျှောက်ထားသည်တွင် ဗိုလ်မှူး ပင်းတလဲမင်းသားက ငါတို့တပ်တော်က အမှုထမ်းရဲမက်တို့ကို မပစ်မခတ်စေရ၊ နိုင်နင်းအောင် တားမြစ်သော်လည်း မြောက်ဖက်ဗိုလ်မှူးတပ်မှူးရဲမက်အမှုထမ်းတို့က မပစ်မခတ်ပဲနေဘိမည်မဟုတ် မြောက်ဖက် ရဲမက်အမှုထမ်းတို့ မပစ်မခတ်နေလျှင် ငါတို့တပ်က မပစ်မခတ် နေစေမည်ဟု ပြောဆို၍ မယ်စယ်ဘော်ရနီလည်း သရိုင်တပ်ကြီးကနေပြီးလျှင် အမိန့်တော်နှင့် နောင်တော်-ညီတော် နှစ်ပါး ရန်စစ်ပြေငြိမ်းအောင် စကားအပြောအဆို ညီတော်ရှိရာ ရတနာသိင်္ဃမြို့သို့ သွားသည့်အတွင်း ပေါက်တဲ့ဗိုလ်မှူး ချုပ်အုပ်စု မြောက်ဖက်ရဲမက်တော် အမှုထမ်းတို့က အပစ်အခတ် အတိုက်အခိုက်မရှိ တားမြစ်ပါမည့်အကြောင်းများနှင့် ပေါက်တဲ့ဗိုလ်မှူးရှိရာ စာရေးသား စေလွှတ်ပြောဆိုစေ၍ နှစ်ဖက် စစ်သည်ရဲမက်တော်တို့အငြိမ်အဝပ်ရှိသည့်အတွင်း တပ်တော်က ထည့်အပ်သူ ဆိမိးခုံရွာစားသား လက်စွဲတော် နေမျိုးမင်းထင်နှင့်အတူ မယ်စယ်ဘော်ရနီ, ထွေယ်တို့သွားကြ၍ ထိုနေ့ ရတနာသိင်္ဃမြို့သို့ရောက်၏။

ညီတော်မင်းတရားကြီးလည်း မယ်စယ်ဘော်ရနီ လာရောက်ကြောင်းကို ကြားသိတော်မူသည်နှင့် ခေါ်၍ မေးမြန်းတော်မူရာ အကြောင်းမျိုးအလုံးစုံကို လျှောက်ထား ကြားသိတော်မူလျှင် ငါတို့ နောင်တော်-ညီတော်နှစ်ပါး အလွန် ယုံမှတ်ချစ်ကြည်တော်မူကြ၍ ငါလည်း နောင်တော်မင်းတရားကို ခမည်းတော်ကဲ့သို့ နှလုံးထားပြီးလျှင် ကျေးဇူးသစ္စာတော်မြတ် ရှိသည့်အတိုင်း နှလုံးလက်ရုံးစသည်ဖြင့် တိုင်းဝန်ပြည့်ဝန်ကို ကူညီထမ်းရွက်သည်၊ သို့ကိုစင်လျက် ငါ့ကို နောင်တော်မင်းတရား နှလုံးစိတ်ဝမ်း နှောင့်နှေးရှိသဖြင့် အပြစ်ကြီးစွာ ဖြစ်ပွားရအောင် စလင်းမြို့စား မင်းသားနှင့် တစိတ်တဝမ်းတည်း သဘောတူပါဝင် ပေါင်းသင်းမှုခင်းရှာကြောင်သူ မှားမတ်အများရှိချေသည်၊ ၎င်းလူတို့မရှိသည်ဖြစ်မှ ငါတို့ညီတော်-နောင်တော် အသင့်အတင့်ဖြစ်မည်၊ ယခု မယ်စယ်ဘော်ရနီ လာရောက်သည်မှာ အင်္ဂလိပ်အမျိုးသားဖြစ်သည်၊ ငါတို့အကြောင်းအရာ ရာဇမာယာ ဥပါယ်သတ္တိများကို အကုန်အစင်မသိ၊ မယ်စယ်ဘော်ရနီကြောင့်ကြတွက် အတို့အရေးလည်းမဟုတ်၊ သွေးသံခတ်ချောက်ချားသ

ဖြင့်မက်သောအိပ်မက်ကဲ့သို့သာဖြစ်သည်-အဓိန္ဒတော်ရှိပြီးလျှင် မယ်စယ်ဘော်ရနီကို ဘေးမဲ့ချမ်းသာစွာ နေစေ၍ အရေးစကား ပြီးစီးပြေကုံအောင် ပြောဆိုနိုင်မည့်သူကို အဝမ္ဗြိုက စေလွှတ်လာစေရမည် မှာထား တော်မူ၏။ ယင်းသည့်အဓိန္ဒတော်ကို မယ်စယ်ဘော်ရနီကြားလျှင် ထင်မိ မလျှောက်ထားတတ် ဖြစ်လေသည်။

ထိုအခါ မယ်စယ်ဘော်ရနီ, ဇတ္ထယ်တို့ လျှောက်ထားကြသည်ကား- ဘုန်းတော်ကြီးသည့် အရှင်ရဲမက်တော်များသည် လုပ်ရည်ကြီရည်ထည်း ကောင်းလှချေသည်၊ အမှုတော်ကို ဦးလည်မသုန် ကိုယ်အသက်ကို ပန်း တပွင့်အနှိုင်းထင်မှတ်၍ သက်စွန့်ကြိုးပမ်း ထမ်းရွက်ကြသူချည်း ဖြစ်ပေ သည်၊ ကျွန်တော်တို့ အင်္ဂလိပ်အမျိုးသားတို့သည် အပြည်ပြည်ထောင်ကို လှည့်လည်ရောက်ပေါက်သဖြင့် စစ်ရေးစစ်မှုနှင့်သာ မပြတ်ဆက်ဆံကြီး ပွားရသည့် လူမျိုးဖြစ်သော်လည်း ပြည်ထောင်တကာတွင်ပင် ဘုန်းကြီး သည့် အရှင်ရဲမက်တော်များကဲ့သို့ မတွေ့ဘူးချေ၊ ယင်းသို့ဖြစ်၍ တိုင်း တပါးသို့ ချီတက်လုပ်ကြံရလျှင် မည်သည့်ပြည်ထောင်မင်းမှ ရပ်ခံနိုင်ရန် မရှိကြောင်းများနှင့် လျှောက်ထားသည်။

ညီတော် မင်းတရားကြီးလည်း ယခု မယ်စယ်ဘော်ရနီ, ဇတ္ထယ်တို့ လျှောက်ထားကြသည် အမှန်ပင်ဖြစ်သည်၊ ငါတို့ မြန်မာလူမျိုးတို့သည် အမှုကို စိတ်ပါ၀ိုင်ရောက် သက်စွန့်ကြိုးပမ်း ထမ်းရွက်ကြသောအခါ လည်းရှိသည်၊ ကိန်းခန်းအလျောက် နှလုံးစိတ်ဝမ်းမပြောင့်သဖြင့် ညည်း ညာညာ စည်းစည်း ကြပ်ကြပ် ရပ်ရပ်နေနေ မထမ်းမရွက်သော အခါ လည်းရှိသည်၊ ရတနာသိမ် မြို့တည်နန်းတည့် အလောင်း မင်းတရားကြီး ပြည် တည်ထောင်ဦးကာလ ရတနာပူရ အဝပြည်ကြီးနှင့် ရာမညတိုင်း တလိုင်းသုံးရပ်မှစ၍ အပြည်ပြည်ထောင်ကို တိုက်သိမ်းအောင်မြင်သဖြင့် ဘ၀ါးကျွန် ပြုပြီးလျှင် ဘုန်းကြီးသရေ အပေါင်းတို့ကို ဆောင်တော် မူလျက် မင်းတကာတို့ထက် မြင့်မြတ်သောကောင်းမင်းအဖြစ်ကိုယူတော် မူသည် အဓိန္ဒတော်ရှိပြီးနောက် အရေးစကားပြီးစီးပြေကုံအောင် ပြော ဆိုနိုင်မည့်သူကို အဝမ္ဗြိုက စေလွှတ်လာစေရမည် မှာထား၍ မယ်စယ် ဘော်ရနီကို လွှတ်တော်မူလိုက်၏။

ယင်းသေားအခါမယ်စယ်ဘော်ရနီလည်း ရတနာပူရမြို့ကအရေးအရာ စကားမျိုးကို မသိသာမိအတွင်း စစ်သည်တော်များကို မတိုက်မခိုက်စေ ရ-ရပ်ဆိုင်းပါမည့်အကြောင်းနှင့် လျှောက်ထားပြန်သည်၊ ညီတော်မင်း

တရားလည်း မယ်စယ်ဘော်ရနီ ပြန်သွားသည့်နောက် ငါးရက် အတွင်း အရေးအရာအလုံးစုံမျိုးကို မြားနားသိသာစေရမည်၊ ယင်းဆည့်အတွင်း ရဲမက်တော်များကို အတိုက်အခိုက် မရှိရအောင် တားမြစ် စေမည်-မှာ ထားတော်မူ၏။

မယ်စယ်ဘော်ရနီတို့လည်း ယင်းသည့်နေ့ပင် ရတနာသိဒ်မြို့ကပြန်ခဲ့၍ သရိုင်တပ်တော်သို့ရောက်လျှင်ဗိုလ်မှူးပင်းတလဲမင်းသားထံအကြောင်းမျိုးကို လျှောက်ထားပြောဆိုခဲ့ပြီးမှ အဝမြို့သို့ပြန်ကြရာ ယင်းသည့်လပြည့်ကျော် လေးရက်နေ့ ဆိုက်ရောက်လျှင် အကြောင်းမျိုးအလုံးစုံကို ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးထံ လျှောက်ထား၏။

ထိုအခါ မင်းညီ မင်းသား မှူးတော် မတ်တော် တို့နှင့် ပညာရှိတို့ လျှောက်ထားကြသည်ကား....ယခုနှစ် ဓာတ်အကူးအပြောင်းလည်းကြိမ်သည်၊ အလိုမရှိအပ်သော အနိဋ္ဌဖိုလ်, ဂြိုဟ်သွားဂြိုဟ်သာ အခါသမယာအတွင်းလည်း နောင်တော် ညီတော်အခင်းဖြစ်ပွားကြသည်၊သာယာဝတီမင်းလည်း ဘဝရှင်မင်းတရားကြီးဘုရား ညီတော်မည်ကာ မဟုတ်ချေ၊ ဘိုးတော်မင်းတရားကြီး ရှိတော်မူစဉ်ကပင် တိုင်းရေးပြည်မှုစသည်တို့၌ ကြောင့်ကြမဲ့ နှလုံးစိတ်ဝမ်းချ၍နေတော်မမူ၊ ဘဝရှင်မင်းတရားကြီးဘုရား၏လက်ရုံးတော်တဘက်ပြုသဖြင့် အထောက်အပံ့တော်လည်းရချေသည်၊ ဘဝရှင် မင်းတရားကြီးဘုရားမှ တပါး ရဟန်းရှင်လူ ပြည်သူသတ္တဝါအပေါင်းတို့လည်း ညီတော်သာယာဝတီမင်းကိုသာ အားပြု၍ နေကြရသဖြင့် အရပ်တပါး ထွက်သွားလေသည်ကို ပြည်သူ အပေါင်းတို့ စိတ်နှလုံးမသွင်မလန်း ဝမ်းနည်းစွာ ဖြစ်ကြချေသည်၊ တကြောင်းလည်း ညီတော်သည် သားမယား, ကျေး ကျွန်, အသင်းအပင်းနှင့်တကွ ဧရာဝတီမြစ်ကမ်းတဖက်သို့ တစုံတရာမျှထိပါးစွန်းငြိခြင်းမရှိ ကူးခပ်ပေါက်ရောက်သဖြင့် ရတနာသိဒ်မြို့သို့အလွယ်အကူဝင်၍ အတည်အတန် ရပ်နေနိုင်လေသည်၊ စစ်တို့သဘောမည်သည်လည်း အားနည်းအားများကို နှလုံးမထားရာချေ၊ စစ်ဦးစစ်စ ကောင်းသည်ကိုသာ ဆင်ခြင်တော်မူသင့်ချေသည်၊ ဆင်ချင်း, မြင်းချင်း, လူချင်း,စစ်နှစ်ဖက်ဆိုင်ပြိုင်မိသမျှ တွင်လည်း သူတို့က ဆုတ်ဘူးသည်မရှိ အရေးလှသည်သာများချေသည်၊ ယင်းသို့ဖြစ်၍ အထက် ရတနာပူရမြို့တော်ကစေလွှတ်သွားစေသူ မယ်စယ်ဘော်ရနီတွင် ညီတော်က လေးရက်ငါးရက်အတွင်း အလုံးစုံစကားမျိုးကို ခြားနားသိသာ အရေးပြေကုံအောင် ပြောဆိုနိုင်မည့်သူကို စေလွှတ်ပြန်ပြော

ရမည်မှာထားရင်းအတိုင်း ဘဝရှင် မင်းတရားကြီးဘုရားလည်း ရဟန်း ရှင်လူ ပြည်သူသတ္တဝါအပေါင်းတို့ ချမ်းသာခြင်းကိုသာ မပြတ်ဆောင် ရွက်တော်မူသည်နှင့်အညီ သတ္တဝါအပေါင်းတို့အကျိုးကို မြော်ထောက် တော်မူ၍ ယခုစစ်မက်ဖြစ်ပွားကြသောအရေးကို ပြေငြိမ်းပြီးစီးအံ့သော အချိန်အခါတိုင်ရောက်လျှင် ပြေငြိမ်းပြီးစီးလွယ်အောင် ကြိုဆောင်တော် မူမှ သင့်မည့်အကြောင်းများနှင့် လျှောက်ထားကြ၏။

ဘဝရှင်မင်းတရားကြီးဘုရားလည်း သာသနာတော် စည်ပင်ပွင့်လင်း၍ တိုင်းနိုင်ငံသူ ရှင်လူသတ္တဝါ အပေါင်းတို့ ချမ်းသာသည် မှာသာ အကြောင်းရင်းဖြစ်သည်၊ ငါလည်း တယောက် ချမ်းသာ ပွားကြောင်း ရှာသဖြင့် သတ္တဝါ အပေါင်းတို့ ဆင်းရဲခြင်းကို မဖြစ်စေသင့်၊ သို့ဖြစ်၍ ယင်းသည့်အမှုကို ဆရာတော် သံဃာတော် မင်းညီ မင်းသား မှူးတော် မတ်တော်တို့ အလိုအတိုင်း သင့်လျော် ပြေငြိမ်းအောင် ကြိုဆောင်ရ မည်-အမိန့်တော်နှင့် သက္ကရာဇ် (၁၁၉၀) တထောင့်တရာ့ ကိုးဆဲ့ ရှစ်ခု နှောင်းတန်းခူးလပြည့်ကျော်ငါးရက်နေ့ သာသနာပြုဆရာတော်, သဲအင်းဆရာတော်, သဲအင်းတိုက်နေ ရှင်ဥေယျမဓမ္မတို့နှင့်မလွန်မင်းသား မဟာသီရိသုခမ္မရာဇာ မှူးတော်မတ်တော်တို့ အစုံအညီ စုဝေးပြီးလျှင် ရွှေနန်းတော်မြောက် ဥယျာဉ်တော် စံနန်းတော်တွင် [1]ကြွေသွားတော်မူ မည့် ဆရာတော် သံဃာတော်တို့ထံ ပေးအပ်ရန် မေတ္တာစာကို ပြု၍ သင့်-မသင့်များကို ညှိနှိုင်းတိုင်ပင် ပြောဆိုကြရာ ရှင်ဥေယျမဓမ္မက ယခု မှာ ရွေးဦးစွာဖြစ်၍ သင့်လျော်ပါပြီ၊ နောက်မှ သူတို့ စကားအလာကို ထောက်၍ သင့်လျော်အောင် ပြောဆိုရပါမည်ဆိုပြီးနောက် ဆရာတော် တို့က အထက်ထောင်မှာ အကျဉ်းထားသူတို့ကို အကျဉ်းမှ လွှတ်သင့် ကြောင်းနှင့် ပြောဆိုရာ အကျဉ်းကလွှတ်စေ၍ ထိုနေ့ညနေ သုံးချက်တီး ကျော်အချိန် ပင်းဆရာတော်ကြီး, ပင်းဆရာတော်ကလေး, ရှင်ဥေယျ မဓမ္မတို့နှင့်နောက်ပါ သံဃာတော်သုံးပါး၊ မယ်စယ်ဘော်ရနိုက ထည့် သည့် ကုလားနှစ်, နောက်ပါကသည်းမြင်းစီး ကံကျွေးများနှင့် ရတနာ ပုရဖြိုတော်ကထွက်သွားကြရာ ယင်းသည့်လပြည့်ကျော်ခုနစ်ရက်နေ့နံနက် လေးချက်တီးကျော်အချိန် ရတနာသိဒ်မြို့သို့ ဆိုက်ရောက်၍ ဆရာတော် သုံးပါး ညီတော်မင်းတရား ရွှေတော်သို့ ဝင်ရောက်ပြီးလျှင် သာသနာ ပြုဆရာတော်, သဲအင်းဆရာတော်တို့က ပေးအပ်လိုက်ရင်း မေတ္တာစာ အရ နောင်တော်ညီတော်နှစ်ပါး ရန်စစ်မရှိ၊ ဆိုင်ပြိုင်ရှိနေသည့် အမှု

ထမ်း ရဲမက်လက်နက်ကိုင် စစ်သည်တော်များကို နှစ်ဖက်ကပင် ရှဉ်ထိမ်းတော်မူ၍ အသင့်အတင့်ရှိပါမှ သတ္တဝါအပေါင်းတို့ ဘေးဘယလွတ်ကင်းသဖြင့် ချမ်းသာစွာ နေကြရမည့်အကြောင်းများနှင့် ပြောဆိုကြရာ ညီတော်မင်းတရားကြီး အမိန့်တော်ရှိသည်ကား-

"ယခု ဆရာတော်တို့ ကြွလာသည်မှာ ရတနာပူရမြို့တွင် ဖြစ်ပျက်သမျှ အမှုမျိုးကို ဆရာတော်တို့ ဟုတ်မှန်သည့်အတိုင်း ကုန်စင်အောင် မသိခဲ့ကြ၊ ဝန်ထောက်ငပုက ရှမ်းကိုးပြည်ထောင်သို့ လက်နက်ကိုင် လူသူအစည်းအကြပ် အခဲအခန့် စေလွှတ်ဆဲဖြစ်သည်၊ ယင်းသို့ အကြီအစည်မပျက် စေလွှတ်ထပ်မံ ကြီစည်ဆဲဖြစ်သည်ကိုလျက် အမှုထမ်း ရဲမက်တို့ကို သိမ်းဆည်းစေလိုကြောင်းနှင့် ဆရာတော်တို့က ပြောဆိုသည့် စကားကို အမှန်ပင်ထင်မှတ်နာယူ၍ အကြီအစည် လစ်လပ်ပျက်စီးချေက နောင်ရဟန်းသံဃာတော်တို့စကားပါ ယွင်းချွတ်ရာမကျချေလော-အမိန့်တော်ရှိသည်ကို ဆရာတော်တို့က ယင်းသည့်အမှုမှာ ကျွန်ုပ်တို့လည်း မသိခဲ့ပေ ပြောဆိုသည်တွင် ညီတော်မင်းတရားကြီးလည်း ဆရာတော်တို့နှင့် အမှုမပြီးရာချေ လျှောက်ထား ပြောဆိုပြီးနောက် ဆရာတော်တို့လည်း ရတနာသိဿ်မြို့တွင် တရက်သိတင်းသုံးနေတော်မူ၍ ညီတော်မင်းတရားကြီးထံ ပန်ကြားပြီးလျှင် နှောင်းတန်းခူးလပြည့်ကျော် ရှစ်ရက်နေ့ ရတနာပူရအဝင်မြို့သို့ ပြန်ခဲ့၍ ဘဝရှင်မင်းတရားကြီးထံ အကြောင်းမျိုးအလုံးစုံကို ပြောဆိုပြန်ကြား၏။

ထိုအခါ ရတနာပူရမြို့က ချီတက်စွဲရပ်သည့် သရိုင်တပ်တွင်းမှာလည်း တပ်တွင်းရှိ ရဲမက်အမှုထမ်းတို့ ငါးဆယ်စု, ခြောက်ဆယ်စု, နှစ်ဆယ်စု, ဆက်-ဆက်၍ မြောက်ဖက်တပ်တော်သို့ ဝင်သွားကြောင်း၊ ပဉ္စာလဝန်ဒေနင်းလည်း အုပ်စုအမှုထမ်း ရဲမက်တို့နှင့် မြောက်ဖက်တပ်သို့ ဝင်သွားကြောင်းများကို ဗိုလ်မှူးပင်းတလဲမင်းသား ကြားသိလေလျှင် ယခုရတနာသိဿ်မြို့ ညီတော်မင်းတရားက ဆင်မြင်းအလုံးအရင်း ရဲမက်အမှုထမ်း လူတသောင်းကျော် ခန့်ထားစည်းကြပ် ပေးအပ်ပြီးလျှင် သားတော် မင်းရဲကျော်ထင်ကို အနောက်ဘက်ကြောင်းချီ ဗိုလ်မှူးခန့်တော်မူ၍ ချီတက်လာစေမည့်အကြောင်းများကို ကြားသိရသည်၊ တပ်တွင်းရှိ ရဲမက်အမှုထမ်းတို့လည်း မြောက်ဖက်တပ်သို့ချည်း ဝင်သွားကြသည်၊ ယင်းသို့ ဝင်ဘန်များလတ်သော် ရှေ့သို့ သူ့လူချည်း ဖြစ်ချိမ့်မည်၊ ထိုအခါနှစ်ဦးစစ်မျက်နှာ ဆိုင်ပြိုင်တွေ့ကြရသည့်ကာလမှ ဆုတ်ခွာရလျှင် တပ်ကို ရှပ်

သိမ်းဆုတ်ခွာရန် အရေးကိုမျှ အလွန်ခဲယဉ်းရန် အကြောင်းရှိချေသည်၊ ယနေ့ပင်အထွင်ဆုတ်မှသင့်မည်အကြံအစည်နှင့် နတ်စုလက်ယာသေနတ်ဗိုလ်, ညောင်ပင်ကြီးဗိုလ်တို့ကိုခေါ်၍ ယခု ငါအထွင်ဆုတ်မည်၊ဗိုထိမင်းနှစ်ဦးတို့မှာ တပ်ကို မထိတ်မလန့်စေရ နောက်ချန်၍ ဆုတ်ခဲ့ရမည် မှာထားသည်ကို နတ်စုလက်ယာဗိုလ်, ညောင်ပင်ကြီးဗိုလ်တို့ထည်း နောက်ချန်၍ ဆုတ်ပါမည် ခံဝန်ပြန်သွားပြီးမှ ချုပ်အုပ်စုတပ်များကို နုတ်သိမ်း၍ ဗိုလ်မှူးပင်းတလဲမင်းသားမဆုတ်မီ တိတ်တဆိတ် ဆုတ်ခွာသွားကြလေ၏။

ပင်းတလဲမင်းသားလည်း ဗိုလ်ရဲမက်အပေါင်းတို့ မရပ်မခံပဲ ကိုယ်စိမ်ှူးကြီး ချုပ်အုပ်စုတပ်များကို နုတ်သိမ်းထွက်ခွာသွားကြလေလျှင် ကြေဝံနွံခြင်းပြင်းစွာဖြစ်၍ တပ်မတွင်ရှိသည့်ရဲမက်တို့ မကြိုးမသိစေရ သဘောတူ အမှူထမ်းတို့ကိုသာ တိတ်တဆိတ်တိုင်ပင်၍ ယင်းသည့်လပြည့်ကျော်ကိုးရက်နေ့ ညဉ့်လေးချက်တီးကျော်အချိန် သရိုင်တပ်တွင်းက ထွက်၍ ဆုတ်ခွာထွက်သွားလေသည်၊ ကျန်သည့် ဗိုလ်ရဲမက် အပေါင်းတို့လည်း ပင်းတလဲမင်းသား ဆုတ်ခွာ ထွက်သွားကြောင်းကို သိလေလျှင် အုတ်အုတ် ကျက်ကျက် သောသောလန့်၍ ထွက်ပြေးကြလေ၏။

ပေါက်ကံဗိုလ်မှူး မဟာမင်းလှမင်းခေါင်ကျော်လည်း ၎င်းလပြည့်ကျော်ဆယ်ရက်နေ့ မိုးသောက်လျှင် သရိုင်တပ်တွင်းရှိ ဗိုလ်ရဲမက် အမှူထမ်းတို့ ဟုက်ပြားထွက်ပြေးကြရာ ရလိုက်သည့် ဗုန်းအမြောက်, စိန်, သေနတ်လက်နက်ကိရိယာ ခဲယမ်းမီးကျောက်များနှင့် ဆင်မြင်း များကို သိမ်းဆည်း၍ ရတနာသိဿ်မြို့ ညီတော်မင်းတရားကြီးထံ ပို့ဆက်လေ၏။

ထိုအခါ ရတနာသိဿ်မြို့ညီတော်မင်းတရားကလည်း အမှူထမ်းရဲမက်လက်နက်ကိုင် လူတသောင်းကျော်, မြင်းတထောင်ကျော် ခန့်ထားစည်းကြပ်တော်မူပြီးလျှင် သားတော် မင်းရဲကျော်ထင်ကို သတိုးမင်းစောအမည်နှင့် အနောက်ဖက်ကြောင်းချီ ဗိုလ်မှူး, ဝန်ကြီးမင်းကြီးမဟာဗန္ဓုကျော်, မင်းကြီးမဟာမင်းလှကျော်ခေါင်တို့ကို စစ်ကဲ၊ မင်းလှမင်းထင်, မင်းကြီး မဟာမင်းလှမင်းခေါင်တို့ကိုနာခံ၊ နေမျိုးဇေယသူရ,သီရိသမန္တရွှေတောင်တို့ကို တပ်ရေးခန့်တော်မူပြီးလျှင် အနောက်ဖက်ကြောင်း ချီတက်၍ တပ်တော်ရဲမက်အမှူထမ်းတို့ အဝဘက်သို့အကူးအသန်းမရှိစေရ ဇေယာပူရမြို့ကတပ်ချရပ်ပြီးမှ မပြောင့်ကျင့်ကြံသူ စေတီးစားနှင့် ဝန်ကြီးအတွင်းဝန်,ဝန်ထောက်မှစ၍ တောင်းသင့်သမျှလူတို့ကိုရအောင်တောင်း

ရမည်-အမိန့်တော်နှင့် ယင်းသည့်သတ္တရာဇ် နှောင်းတန်းခူးလပြည့်ကျော် ဆယ်ရက်နေ့ ဟန်လင်းကြီးမြို့လမ်း ချီတက်စေသည်။

ထိုအခါ သားတော် သတိုးမင်းစောလည်း ပညာ, ဝိရိယ,သူရသတို့ စသော အရာတို့၌ အမြင် တထောင်ဆောင်သော သိကြား နတ်မင်း၏ သားကဲ့သို့ အောင်စည် အောင်မောင်း အောင်သံတို့ဖြင့် တခဲနက်ပဲတင် ထပ်စေလျက် အသောင်းမကသော ဗိုလ်ရဲမက်အပေါင်းတို့ကို ချုပ်အုပ် ချီတက်ခဲ့ရာ ထိုနေ့ ဟန်လင်းကြီးမြို့သို့ တပ်တော် ဆိုက်ရောက်သည်၊ သားတော်သတိုးမင်းစောလည်း ပါဒသည့်အမှုထမ်းရဲမက်တော်အပေါင်းတို့ကို မြားနားသိသာအောင် ချည့်စလွယ်ကိုယ်စီ အစေ့အဝ လည်တွင် ဆွဲဆင်စေသည်၊ ထိုအခါ တောင်ဘက်တလွှား မြောက်ဖက်တပြင်ရှိ မြို့ကျေးရွာနေ အမှုထမ်း လူအပေါင်းတို့နှင့် အညာမြစ်စဉ်အောက်မြစ်စဉ် တလျောက် မြို့ကျေးရွာနေ လူအပေါင်းတို့လည်း မြောက်ဖက်တပ်တော်ကဟု ချည့်စလွယ်အမှတ်အသား အစေ့အဝ ဆွဲဆင်ကြ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးဘုရားလည်း အထက်ဆရာတော် သုံးပါး ရတနာသိဿ်မြို့သို့သွားသည့်အတွင်းသာသနာပြုဆရာတော်,သဲအင်းဆရာတော်, သက်ကယ်ကျင်းဆရာတော်တို့ကို ပင့်ဆောင်တော်မူပြီးနောံ မလွန်မင်းသားကို ခေါ်တော်မူ၍ အမိန့်တော် ရှိသည်ကား....ငါသည် ပြည်သူသတ္တဝါအပေါင်းတို့ ငြိမ်ဝပ်ချမ်းသာခြင်း ဖြစ်သဖြင့် ကိုယ်စိတ် နှစ်ပါး ချမ်းသာခြင်းကိုသာ အလိုရှိတော့သည်၊ အရေးပြဋြိမ်း ငြိုးစိုး လွယ်မည့်အကြောင်းကိုသာ ဆရာတော်တို့ ပြောဆိုလေတော့ ခွင့်ပေးတော်မူသည်တွင် သာသနာပြု ဆရာတော်, သဲအင်းဆရာတော်, သက်ကယ်ကျင်း ဆရာတော်တို့နှင့်မလွန်မင်းသားတို့လည်းယင်းသည့်သတ္တရာဇ် နှောင်းတန်းခူးလပြည့်ကျော် ဆယ်ရက်နေ့ ရတနာပူရမြို့တော်က စကား အပြောအဆို သွားကြရာ ၎င်းလပြည့်ကျော် တဆွဲသုံးရက်နေ့ ရတနာသိဿ်မြို့သို့ ဆိုက်ရောက်သည်။

ညီတော်မင်းတရားကြီးလည်း ဆရာတော်တို့နှင့် မလွန်မင်းသား လာရောက်ကြောင်းကို ကြားတော်မူလျှင် အတွင်းတော်သို့ပင့်၍ ရှေတော် သို့ရောက်ကာလ ဆရာတော်တို့က ကိန်းခန်းအလျောက် ရဟန်းရှင်လူ ပြည်သူ သတ္တဝါအပေါင်းတို့ ဆင်းရဲကြီးစွာ တွေ့ကြုံရကြောင်းများနှင့် မိန့်ဆိုကြသည်တွင်ညီတော်မင်းတရားကြီးလည်း အထက်မှုခင်းမဖြစ်မပွားမီ ပြည်သူ သတ္တဝါအပေါင်းတို့ ဆင်းရဲ ပင်ပန်းစွာဖြစ်မည်ကို သိမြင်

သောကြောင့် သာသနာပြု ဆရာတော်ထံ စေလွှတ် လျှောက်ထားပါ သည်ကို ခွင့်ပေးတော်မမူ၍ မှုခင်းကြီးစွာ ဖြစ်ပွားသဖြင့် ဆင်းရဲပင်ပန်း စွာ တွေ့ကြိမ်ကြရချေသည်- အဓိန္နတော် ရှိလျှင် ကိုးကွယ်တော် မူရင်း သဲအင်းဆရာတော်က ယခု ပြောဆိုကြသောစကားသည် လွန်ပြီးသော စကား ဖြစ်တော့သည်၊ မဆွက ဖြစ်လေပြီးသောစကားကို အသစ်ပြုလုပ် ပြန်လှန်ပြောဆိုရခြင်းသည်လည်း အကျိုးမဖြစ်ပွားရာချေ၊ ယင်းသို့ဖြစ်၍ ရှေးသို့ ပြောဆိုခွင့်ရှိသမျှကိုသာ ပြောဆို သင့်တော့သည်-မိန့်ဆိုတော် မူသောကာလ ညီတော် မင်းတရားကြီးလည်း ယခု ဆရာတော်တို့မိန့်ဆို သောစကားသည် ဟုတ်မှန်သောစကားပင်ဖြစ်ပါ၍ ရှေးသို့ကိုဆရာတော် တို့ အလိုရှိသမျှစကားကိုသာမိန့်ဆိုတော်မူကြပါတော့ လျှောက်ထား၏။

ဆရာတော်တို့လည်း နောင်တော်မင်းတရား ရွှေနန်းစည်းစိမ်ကို ယူ တော်မူလျှင် ညီတော်ရင်းချာဖြစ်သည်နှင့်အညီ တိုင်းဝန်ပြည့်ဝန်ကို ကူ ညီထမ်းရွက်သည်၊ ယင်းသို့ နောင်တော် ညီတော်နှစ်ပါး အသင့်အတင့် ရှိနေကြသည်ကို တစုံတရာ စိတ်တော်နှလုံးတော် နှောင့်ရှက်ခြင်း ကိစ္စ ဖြစ်၍ အလိုတော်မကုံ ကျွန်သည့်အမှုနှင့် စစ်မက်ဖြစ်ပွား ဆိုင်ပြိုင်ရှိနေ ကြသည်မှာ နောင်တော်ညီတော်နှစ်ပါးပင် ရဟန်းရှင်လူပြည်သူသတ္တဝါ အပေါင်းတို့ အကျိုးစီးပွားကို ရွက်ဆောင်သူချည်း ဖြစ်ကြ၍ သတ္တဝါ အပေါင်းတို့ ဘေးဘယလွတ်ကင်း ချမ်းသာခြင်း အကြောင်းကိုသာမြော် ထောက်တော်မူသဖြင့် ဝိဇ္ဇာပဂူရမည်သော ပင်းယမြို့တည် တစ်းရှင်သီဟ သူမင်းလက်ထက် သခ်ၤယာစောယွမ်း ဧရာဝတီမြစ် မြောက်ဖက်တလွှား ကို ခြားနား၍ လက်နက်နိုင်ငံပြုပြီးလျှင် ထီးနန်းအပြိုင်စံနေသကဲ့သို့ ယခု ညီတော်မင်းတရားမှာလည်း ဧရာဝတီမြစ်ကို နယ်နိမိတ် အဝိုင်းအခြား သတ်မှတ်ပြီးလျှင် မြောက်ဖက်တလွှား အရံမြို့ပြကျေးရွာများတွင် ရှိနေ သော ထီးဆောင်းမင်း အပေါင်း မြို့ရံလျက် ရတနာသိဟ် မည်သော ကုန်းဘောင်ပြည်ကြီးနှင့်တကွ သုနာပရန္တတိုင်းအလုံးကို လက်နက်နိုင်ငံ ပြု၍ နောင်တော်ညီတော်နှစ်ပါး ချစ်ကြည်စွာ တိုင်းပြည်ဝန်ကို ဆောင် ရွက်စံနေတော်မူကြသဖြင့် သာသနာတော် အတိုင်းထက်အလွန် စည်ပင် ပွင့်လင်း၍ တိုင်းနေပြည်သူ ရှင်လူအပေါင်းတို့ ချမ်းသာစွာ လရောင် ရိပ်ဝယ် နေကြရဘိသကဲ့သို့ ရှိမည်ကိုသာ ဆရာတော်တို့ နှစ်သက်ဝမ်း မြောက်ကြောင်းများနှင့် မိန့်ဆိုတော်မူကြ၏။

ထိုအခါ ညီတော် မင်းတရားကြီး အဓိန္ဒတော် ရှိသည်ကား-ယခု နောင်တော်မင်းတရားနှင့် ချစ်ကြည်သင့်တင့် ညီညွတ်သဖြင့် သတ္တဝါအပေါင်းတို့ ချမ်းသာစေခြင်း အကြောင်းများကို မြော်ထောက်၍ ဘရာတော်တို့ မိန့်ဆိုကြသောစကားသည် သင့်လျော်သောစကားပင် ဖြစ်ပေသည်၊ သို့ရာတွင် ဧရာဝတီမြစ်ကို အဝိုင်းအခြားပြု၍ စံနေရမည်ဆိုသောစကားသည် စလင်းစားနှင့်အပေါင်းအသင်းပါ မူးမတ် အရာရှိတို့သည် ပြည်သူသတ္တဝါအပေါင်းတို့ကို နှိပ်စက်ညှဉ်းပန်း ပြုကျင့်သောကြောင့် ချမ်းသာရာမရ ဆင်းရဲပင်ပန်းကြီးစွာ တွေ့ကြုံကြရသည်နှင့် ပြည်သူတို့သဘောတွင် စိတ်ကျနလုံးကျ အငြိမ်အဝပ်ရှိမည်-မရှိမည်ကို မသိရသေးသည်တကြောင်း, နောင်တော်မင်းတရားကြီးလည်း စိတ်နလုံး နှောင့်ရှက်ခြင်းမရှိ၊ သာယာသဖြင့် အလိုတော်ရှိမည်-မရှိမည်ကို မသိရသေးသည်သည်း တကြောင်း, ယင်းသို့ဖြစ်၍ ပြည်သူသတ္တဝါ အပေါင်းတို့ ငြိမ်ဝပ်ချမ်းသာသဖြင့် နောင်တော် မင်းတရားကြီး ကြည်ကြည်သာသာ စံနေတော်မူလိုက ဆရာတော်တို့ မိန့်ဆိုသောစကားအတိုင်း သင့်လျော်ကြောင်းများနှင့် လျောက်ထားရာ ဆရာတော်တို့ကလည်း အကြောင်းမျိုးအလုံးစုံကို နောင်တော် မင်းတရားထံ ပြန်ကြားပါဦးမည် မိန့်ဆိုသည့်အတွင်း ညီတော်မင်းတရားကြီးလည်း ယင်းသည့်နေ့ နေ့သုံးချက်တိုင်း ကျော်အချိန် မလွန်မင်းသားကို အခြားခေါ်တော်မူ၍ နောင်တော်မင်းတရားက မည်သို့ အဓိန္ဒတော်ရှိသည် – မေးတော်မူ၏။

မလွန်မင်းသားလည်း အရေးပြိုးစိုးသဖြင့် သတ္တဝါအပေါင်းတို့ ချမ်းသာစွာရှိမည်ဖြစ်လျှင် ငါလည်း ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာနေရခြင်းကိုသာ အလိုရှိသည်ဖြစ်၍ အရေးပြေငြိမ်း ကုံတွင်လွယ်အောင်ကိုသာ ပြောဆိုရမည်-မှာတော်မူကြောင်း၊ နှမတော် ပုဂံမင်းသမီးနှင့် ထောင်တွင် အကျဉ်းခံနေရသမျှ မင်းဆွေစိုးမျိုး မူးမတ်တို့ကိုလည်း အကျဉ်းမှလွတ်ကြောင်း များနှင့် လျောက်ထားရာ ညီတော် မင်းတရားကြီးလည်း ပြည်ဆူးပြည်ငြောင့်ကဲ့သို့ စလင်းစားနှင့် ပေါင်းသင်း ပါဝင်သူမူးမတ်တို့ကြောင့် ငါတို့ နောင်တော် ညီတော် မှခင်းကြီးစွာ ဖြစ်ပွားကြ၍ သတ္တဝါအပေါင်းတို့ ပျက်စီးခြင်းသို့ ရောက်ရချေသည်၊ နောင်တော်မင်းတရားအပါးတော်တွင် စလင်းစားနှင့် ပေါင်းသင်း ပါဝင်သူမူးမတ်တို့ကို ပေးအပ်မှ မှုခင်းခပ်သိမ်း ပြေငြိမ်းပြီးစီးသဖြင့် ပြည်ရွာငြိမ်ဝပ်ချမ်းသာမည်-အဓိန္ဒတော်ရှိသည်တွင် မလွန်မင်းသားလည်း နောင်

တော်မင်းတရားထံ အကြောင်းမျိုး အလုံးစုံတို့ကို မကြွင်းမကျန်စေရ လျှောက်ထားပါမည့် အကြောင်းများနှင့် လျှောက်ထားရာ ညီတော်မင်းတရားကြီးလည်း ညောင်ရမ်းမင်းနှင့် မလွန်မင်းသားတို့ ချမ်းသာကြောင်းများကို ကြားသိရ၍ ဝမ်းမြောက်တော်မူသည်-အမိန့်တော်ရှိပြီးနောက် သားတော် သတိုးမင်းစောကိုလည်း အနောက်ဖက်ကြောင်းချီ ဗိုလ်မှူး ခန့်တော်မူ၍ ချီတက်စေသည်၊ စစ်ကိုင်းသို့ ဆိုက်ရောက်တော့မည် သတိုးမင်းစောရောက်လျှင် စစ်ဦးဘိလူးပါဖြစ်သဖြင့် မလွန်မင်းသားသို့ ငါမှာထားသမျှ လူစုကို တောင်း၍ သတ်ဖြတ်နှင့်မည်ကိုလည်း စိုးရိမ်သည်၊ ယင်းသို့ဖြစ်၍ မလွန်မင်းသားနှင့် ဆရာတော်တို့ အလျင်ပြန်သွားရမည် အမိန့်တော်နှင့် ယင်းသည့်လပြည့်ကျော် တဆဲသုံးရက်နေ့ ရတနာသိဿ်မြို့က ပြန်သွားကြ၏။

ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီး ဘုရားလည်း ပင်းတလေမင်းသားတပ်ဆုတ်ခွာခဲ့ကြောင်းကိုကြားသိတော်မူလျှင် မင်းညီမင်းသားမှူးတော် မတ်တော်တို့ကို သည်အရေး မည်သို့သင့်မည် တိုင်ပင်တော်မူရာ မင်းညီမင်းသား မှူးတော်မတ်တော်တို့လျှောက်ထားကြသည်ကား-ယခုကျွန်တော်တို့က ခန့်ရန်ချီတက်စေသည့် မင်းညီမင်းသား မှူးမတ်ဗိုလ်မှူးတပ်မှူး တစုတို့လည်း အရှင့်ကျေးဇူးတော်ကိုသာ ခံစား၍ အမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုး မထမ်းမရွက် သူ့စစ်သည်ကို မြင်ကာမျှနှင့် မတိုက်မလွန်ဝဲ ဆုတ်ခွာပြေးခဲ့ကြသောကြောင့် သည်ကဲ့သို့ အရေးတော်လိပ်လည်းရခြင်း ဖြစ်ပါသည်၊ ကျွန်တော်တို့က တလုပ်မြို့မှာ အမှုထမ်းစည်းကြပ်စေသူ ပုဂံမြို့-တလုပ်မြို့ဝန် မင်းလှသီရိလည်း အမှုထမ်းရမက်အသင့် စည်းကြပ်ပြီးရှိပါသည်၊ ဧရောဝတီမြစ် မြောက်ဖက်တလွှားလုံး သူ့လူချည်းဖြစ်စေကာမူ စစ်တိုသဘောသည် ရဲမက်နည်းများမဟူရာ အမှုကို စွန့်စား၍ ထမ်းရည်ရွက်ရည်မှာသာ အကြောင်းဖြစ်ပါသည်၊ သို့ဖြစ်ပါ၍ မင်းလှသီရိကို တလုပ်မြို့တပ်နှင့် အလျင်ဆန်တက်လာရမည် စေလွှတ်ခေါ်စေ၍ထမ်းရွက်စေရမည်လျှောက်ထားလျှင် ပုဂံမြို့-တလုပ်မြို့ဝန် မင်းလှသီရိကို စည်းကြပ်မိသမျှ အမှုထမ်းတို့နှင့် အလျင်ဆန်တက်လာရမည်-အမိန့်တော်နှင့်စေလွှတ်ခေါ်စေရာ ထိုသတ္တရာဇ် တန်းခူးလပုဂံမြို့-တလုပ်မြို့ဝန် မင်းလှသီရိ ဆိုက်ရောက်လာ၍ ရတနာပူရမြို့ ထောင်မျက်နှာတံတားဦးအရပ်က တပ်ချစွဲရပ်စေ၏။

ထိုအခါ ရတနာပူရမြို့တော်တွင်လည်း ဆရာတော် ဆုံးပါးနှင့်မလွန် မင်းသားတို့ မပြန်မရောက်မီ စလင်းမြို့စား မင်းသား, ပင်းတလဲမင်း သားတို့နှင့် ပေါင်းစည်းပါဝင်အမှုရှာကြံ ပြုလုပ်သူ မှူးမတ်တစ်တို့အတိုင် အပင် ဖြစ်ကြသည်ကား… ယခုဆရာတော်တို့နှင့် မလွန် မင်းသားတို့ကို ရတနာသိစ်မြို့ ညီတော်ထံ စေလွှတ်ပြောဆိုသည်များမှာ နောင်တော် ညီတော်နှစ်ပါး မှုကား အကြည် အသာ ပြီးပြေကြတော့မည်၊ ငါတို့မှုကား သားမယားကျေးကျွန်နှင့်တကွစည်းစိမ်အသက်ပျက်စီးဆုံးရှုံးခြင်းသို့ ရောက်ရာချေသည်၊ယင်းသို့ဖြစ်၍ သားတော်ညောင်ရမ်းမင်းထံတိုင်းပြည် အလုံးကိုနှင်းအပ်ပြီးလျှင် ကြံကြိုက်ရာရာ အသစ်ခုခံကြရသည်ဖြစ်မှ စည်း စိမ်မပျက် အသက်မသေ ချမ်းသာစွာနေရမည် ပြောဆိုတိုင်ပင်ကြပြီးလျှင် သားတော် ညောင်ရမ်းမင်းနှင့် အမှုထမ်းရွက်လိုသူတို့ ထမ်းရွက် ရမည်၊ ဘဝရှင်မင်းတရားကြီးဘုရား အဓိန္ဒတော်-ဆို၍ သိမ်းသွင်း စည်းကြပ်ရာ ရသည့် အမှုထမ်း လူခုနစ်ထောင်ကျော် များနှင့် ညောင်ရမ်းမင်းကို မြို့ လှည့်စေသည်၊ ပင်းတလဲမင်းသားလည်း ညောင်ရမ်းမင်းတပ်တွင် တပ်ဦး ကလိုက်ထမ်းရ၏။ ။အဝမြို့ကိုလည်း မြို့စီးပြစီး အပြည့် အသစ် ထပ်မံတင် ၍ မြို့ပြင်ထွင် ဆင်ခလုတ် မြင်းခလုတ် စသည် စိရင်ပြီးလျှင် တုံးမောင်း ဆွဲစေ၏။

ထိုအခါ သားတော် အနောက်ဖက်ကြောင်းချီ ဗိုလ်မှူးသတိုးမင်းစော လည်း တပ်ပါဗိုလ် ရဲမက် အမှုထမ်း တို့နှင့် အုပ်စည်းမပျက် စခန်းစည် အတိုင်း ဟန်လင်းမြို့ကချီတက်ခဲ့ရာ ယင်းသည့် သတ္တရာဇ် တန်းခူးလပြည့် ကျော် တဆဲ့နှစ်ရက်နေ့ ဇေယာပူရမြို့သို့ တပ်တော် ဆိုက်ရောက်လျှင် အထက်အဝမြို့သို့ ဝန်းရံတိုက်ခိုက်ရမည့် ခန့်ထားချီတက်စေသည့် သမန် သာဗိုလ် မဟာမင်းလှတိမ်ကြားမင်းခေါင်တပ်နှင့် ကျောက်တလုံးကင်း က ရပ်နေစေသည့် မင်းလှသီဟသူ, မင်းလှဇေယသူတို့တပ်များကို ရတ နာပူရမြို့ အနောက်မျက်နှာတောင်မျက်နှာများသို့ ချီတက်ချဉ်းကပ် ပိတ် ဆို့ ဝန်းရံရမည်-မြင်းလျှင်စေလွှတ် ဆင့်ဆို လာရောက်သည်နှင့် အလျှင် ချီတက် ဝန်းဝိုင်း ကြရာ တံတားဦး တပ်တွင် စွဲရပ် နေနှင့်သည် ပုဂံမြို့-တလုပ်မြို့ဝန် မင်းလှသီရိလည်း ယခု ရတနာသိစ်မြို့က သားတော် နှစ်ပါးကို အနောက်ဖက်ကြောင်း, အရှေ့ဘက်ကြောင်း အရေးပေးအပ် ဗိုလ်မှူးခန့်ထား ချီတက်စေကြောင်းများကို ကြားသိရသည်၊ ရတနာပူရ အဝမြို့ကိုလည်း သမန်သာဗိုလ် မဟာ မင်းလှတိမ်းကြားမင်းခေါင်နှင့်

မင်းလွှဲသီဟသူတို့ တောင်မျက်နှာ အနောက်မျက်နှာများက ချဉ်းကပ်ဝန်းဝိုင်း၍ပိတ်ဆို့ရံနေသည်နှင့် မြို့တွင်းသားတို့လည်း အနေကျုံ့လှချေပြီဖြစ်၍ ရံတပ်ကို ပေါက်မြောက်အောင် တိုက်ဖျက်ခြင်းကိုမျှ မစွမ်းနိုင်အရေးခဲယဉ်းစွာ ဖြစ်ချေသည်၊ မြို့တွင်းတွင်ရှိသည့် ဗိုလ်ရဲမက်အမှုထမ်းတို့လည်း နှလုံးစိတ်ဝမ်းငယ်သဖြင့် အမှုးအကြီးပြုလုပ်သူတို့ မရုံးမစည်းနိုင် ကစဉ့်ကလျား ပျက်ပြားမည့်အဟန်ရှိချေသည်၊ ယင်းသို့ ပျက်ပြားသည်ဖြစ်ကလည်း မြို့ပြင်ရံတပ်က ငါတဦးတည်းမရပ်မခံနိုင်ရာ အတွေးအထင်ရှိသည်နှင့် ချုပ်အုပ်စွဲရပ်ရုံးတပ်က ထွက်ခွာသွားသည့် အတွင်း မင်းလွှဲသီဟသူနှင့် ပက်ပါဆိုင်ပြိုင်တွေ့ကြလျှင် မင်းလွှဲသီရိ လက်တွင်ရှိသည့် နှင်းအပ်တော်မူရင်း ပတ္တမြားစီခေးကို မင်းလွှဲသီဟသူ တောင်းကာလ မင်းလွှဲသီရိ ခေးကိုမပေးမအပ် မြင်းသို့တက်၍ ထွက်ပြေးသည်တွင် မင်းလွှဲသီဟသူ မြင်းနှင့် အပြင်းစိုင်းနှင် လိုက်သွား၍ မြင်းစီးချင်းယှဉ်မိလုနီး တာသုံးတာခန့်ကွာတွင် လှံနှင့်လွှတ်လိုက်ရာ မင်းလွှဲသီရိကို လှံသင့်၍ မြင်းထက်ကကျလေလျှင် ဦးခေါင်းကိုဖြတ်၍ ပတ္တမြားစီခေးကို ဆောင်ယူ ပြန်ခဲ့၏။ သားတော် သတိုး မင်းစောလည်း ယင်းသည့် အကြောင်းအရာကို ရတနာသိဿ်မြို့ ခမည်းတော်မင်းတရားထံ လျှောက်ထားရ၏။

ညီတော်မင်းတရားကြီးလည်း အထက်ရတနာသိဿ်မြို့က အရှေ့ဘက်ကြောင်း ခန့်ထားချီတက်စေသည့် ကျောက်မြောင်းဗိုလ်, မြစ်စဉ်ဝန်တို့ ချီတက် ပေါက်ရောက် သမျှ လမ်းခရီး မြစ်ရိုး မြစ်စဉ် တလျှောက် မြို့ကျေးရွာများတွင် လူဆိုးလူကောင်း မရှောင်မည္ဟာ အပြစ်ရှိမဲ့ မရွေးမချယ်တတ်၊ သတ်ဖြတ်ဖျက်ဆီးသဖြင့် ပြည်သူသတ္တဝါအပေါင်းတို့ သေကြေပျက်စီးမည့်အန္တရာယ်ကို မြင်တော်မူသည်တကြောင်း, သင့်-မသင့်, ရာ-မရာစသော အကြောင်းမျိုးအလုံးစုံတို့၌ အရေးအရာမှန်သမျှကို ပြီးပြေကုံတွင်အောင် စီရင်နိုင်မည့်သူ အမှုးအကြီး မခန့်မထား သေးသောကြောင့် စိတ်နှလုံး မချသာဖြစ်သည်တကြောင်း, ယင်းသို့ဖြစ်၍ မြင်းနှစ်ထောင်ကျော်, အမှုထမ်း ရဲမက်လက်နက်ကိုင် လူတသောင်းကျော်တွင် သားတော် မင်းရဲသီဟကျော်ကို သတိုးမင်းဖျားအမည်နှင့် အရှေ့ဘက်ကြောင်းချီ ဗိုလ်မှူး ခန့်တော်မူပြီးလျှင် ရတနာပူရအဝန်မြို့မှစ၍ တိုင်းနိုင်ငံနေ ပြည်သူသတ္တဝါအပေါင်းတို့မှာ ကျွန်တော်မျိုးချည်းပင် ဖြစ်သည်၊ အာဝန်မြို့တွင်းမှာ မင်းဆွေစိုးမျိုး မှူးတော် မတ်တော် တို့လည်း အများ

ရှိချေသည်၊ အပြစ်ရှိမဲ့ကို ရွေးချယ်၍ မကောင်းဆူတို့မှာသာ မကောင်းသည့်အလျောက် ဖြစ်စေရမည်၊ အရေးကုံတွင်ပြီးစီးလွယ်မည့်အကြောင်းကိုလည်း မပြတ်ကြိုးစား အားထုတ်ထမ်းရွက်ရမည်၊ အစွေအစုံမှာထားတော်မူပြီးမှ တပ်တော်တွင် ဝန်ထောက် မဟာမင်းလှရာဇာကို စစ်ကဲခန့်တော်မူပြီးလျှင် သက္ကရာဇ် (၁၁၉၈) တထောင့် တရာ့ ကိုးဆဲ့ ရှစ်ခုနှောင်း တန်းခူး လပြည့်ကျော် တဆဲ့လေးရက်နေ့ ရတနာသိင်္ဃမြို့က ကျောက်မြောင်းလမ်း အရှေ့ဘက်သို့ကူး၍ ချီစေ၏၊ သားတော်သခင်တုတ်နှင့် အတွင်းဝန် မင်းကြီး မဟာမင်းလှနော်ရထာတို့ကိုလည်း သားတော် သတိုးမင်းဖျားတပ်တွင် အမိန့်တော်နှင့် လိုက်ထမ်းရ၏။

ထိုအခါ သားတော်သတိုးမင်းဖျားလည်း လေးကျွန်းလုံးကို အစိုးရသော စကြာမန္ဒာတ်မင်း၏သားကဲ့သို့ မျှားစွာသော ဗိုလ်မှူးတပ်မှူး ရဲမက်အပေါင်းတို့ကို ချုပ်အုပ်လျက် အောင်တံခွန်ကို လွှားလွှားလွင့်တော်မူ၍ တပ်စည်အတိုင်း ချီတက်ခဲ့ရာ ဇစ္ဉကူးမြို့သို့ တပ်တော် ဆိုက်ရောက်လျှင် ဇစ္ဉကူးမြို့တွင် ရပ်ခဲ့နှင့်သည့် သိပေါမင်းသားလည်း အထက်သရိုင်ရွာတွင် စွဲရပ်သည့် ပင်းတလဲမင်းသားတပ် ဆုတ်ခွာ ပျက်ပြားကြောင်းကို ကြားသိသည်နှင့် အရေးကိုမြော်တင်း၍ အရှေ့ဘက်ကြောင်းချီ သားတော်ဗိုလ်မှူး သတိုးမင်းဖျားတပ်သို့ ရဲမက်အလုံးအရင်းနှင့်တကွ ဝင်၏၊ သားတော် သတိုးမင်းဖျားလည်း သိပေါမင်းသားနှင့် ပါသည့်ဗိုလ်ရဲမက်များကို သိမ်းရုံး၍ သိပေါမင်းသားနှင့် မြစ်သားမြို့စား မဟာမင်းလှနန္ဒကျော်ထင်, စာရေးကြီး နေမျိုးစည်သူတို့ကို ရတနာသိင်္ဃမြို့သို့ စေလွှတ်ပို့စေရာ ညီတော်မင်းတရားကြီးလည်း သိပေါမြို့စားမင်းသားကိုကောင်းမွန်စွာ ထားတော်မူ၏။ ။မြစ်သားမြို့စား မဟာမင်းလှ နန္ဒကျော်ထင်, စာရေးကြီး နေမျိုးစည်သူတို့ကိုလည်း နောင်တော်မင်းတရား ကျေးကျွန်ရင်းချာ ဖြစ်သည်နှင့် ချမ်းသာစွာ ထားတော်မူ၏။

သားတော် သတိုးမင်းဖျားလည်း ဇစ္ဉကူးမြို့က ချီတော်မူ၍ မတ္တရာမြို့သို့ ဆိုက်ရောက်လျှင် မြောင်းကောင်းအရပ်တွင် ရွှေးလက်ယာသေနတ်ဗိုလ် မဟာအိန္ဒမင်းခေါင် ရပ်ခဲ့နှင့်သည်ကိုတွေ့လျှင် တပ်တော်မချမရပ်ဝဲ အပြင်းဝင်၍ တိုက်စေရာ ရွှေးလက်ယာသေနတ်ဗိုလ်တပ် မရပ်မခံနိုင် တပ်လုံးပျက်ပြား ဆုတ်ခွာပြေးလေလျှင် အမြောက်, စိန်, သေနတ် လက်နက်အများ ရလိုက်သည်၊ သေလေသည်လည်း များ၏။

ထိုအခါ ငစဉ့်ကိုင်မြို့တွင် စွဲရပ်သည့် လက်ယာဝင်းမှူး မင်းကြီးမင်းထွဋ်မင်းထင်လည်း ရွှေးလက်ယာ သေနတ်ဗိုလ်တပ် ပျက်ပြား ထွက်ပြေးကြောင်းကို ကြားသိသျှင် ငစဉ့်ကိုင်တွင် မရပ်မနေဝံ့၊ တပ်ကိုရုပ်သိမ်း၍ အပြင်းဆုတ်ခွာ စုန်ပြေးလေ၏။

သားတော် သတိုးမင်းဖျားလည်း မတ္တရာမြို့ မြောင်းကောင်းအရပ်တွင် ရွှေးလက်ယာ သေနတ်ဗိုလ် မဟာအိန္ဒမင်းခေါင်တပ် ပျက်ပြားဆုတ်ခွာ ထွက်ပြေးသည့်နောက် ပါသည့် ဗိုလ်မှူး တပ်မှူးတို့နှင့် တပ်စဉ်အတိုင်း ချီတက်ခဲ့ရာ သတ္တရာဇ် (၁၁၉၀) တထောင့် တရာ့ ကိုးဆဲ့ရှစ်ခု ကဆုန်လဆန်းသုံးရက်နေ့ ရတနာပူရအဝန်မြို့ ရွှေမျက်နှာ ရွှေကြက်ယက်အရပ်သို့ တပ်တော်ဆိုက်ရောက်၏။

ထိုအခါ အရွှေဘက်ကြောင်းချီ သားတော်သတိုးမင်းဖျား, အနောက်ဘက်ကြောင်းချီ ညီတော် သတိုးမင်းစော, သမန်သာဗိုလ် မဟာမင်းလှတိမ်ကြားမင်းခေါင်, မင်းလှသီဟသူ, ရဲမက် ဗိုလ်မှူး တပ်မှူး အပေါင်းတို့ ကြည်းအားရေအား အထပ်ထပ် ရတနာပူရမြို့လေးမျက်နှာ ချဉ်းကပ်စွဲရပ်မိကြလျှင် စလင်းစားနှင့် တရောတရက်တည်း ပေါင်းစည်းပါဝင်သူ မင်းညီ မင်းသား အမှူးအမတ် ဗိုလ်မှူး တပ်မှူး အပေါင်းတို့လည်း ကြီရာမရပင်ပန်းဆင်းရဲကြီးစွာ တွေ့ကြုံခံကြသဖြင့် မြို့အလုံး မြို့တွင်းဂါးအတူ ဖြစ်သောဟူ၏။

ယင်းသည့်အကြိုက်တွင် အထက် ရတနာသိဒ်မြို့ ညီတော်မင်းတရားထံ စကားအပြောအဆိုသွားသည့် ဆရာတော် သုံးပါးနှင့် မလွန်မင်းသားတို့ပြန်လာရာ စစ်ကိုင်းမြို့သို့ဆိုက်ရောက်ကာလ မရပ်မတင်း အဝဘက်သို့ကူး၍ ယင်းသည့်နေ့ပင် နောင်တော်မင်းတရားကြီး ရွှေတော်သို့ ဝင်ပြီးလျှင် ညီတော်မင်းတရားက ပြောဆိုမှာထားသမျှ အကြောင်းမျိုးအလုံးစုံကို ပြန်ကြား လျှောက်ထား ကြားသိတော်မူလျှင် နောင်တော်မင်းတရားကြီးလည်း စလင်းမင်းသား, ပင်းတလေမင်းသား, မှူးတော် မတ်တော်တို့ကို ခေါ်တော်မူ၍ အမိန့်တော် ရှိသည်ကား-တိုင်းနိုင်ငံသူ ရှင်လူသတ္တဝါအပေါင်းတို့ အကျိုးစီးပွားကို ရွက်ဆောင်သော မင်းကောင်းတို့ မည်သည် သာသနာတော် စည်ပင်ပွင့်လင်းလျက် ပြည်သူ သတ္တဝါအပေါင်းတို့ ချမ်းသာပွားစီးခြင်းကိုသာအလိုရှိအပ်သည်၊ ပြည်သူသတ္တဝါအပေါင်းတို့ ပျက်စီးအံ့သော ဘေးဘယစသည်များကို အရေးပြက်ပြက် ထပ်မြင်သည်ဖြစ်လျက် တစုံတရာ အရေးငြိုးငြိမ်းအံ့သော အကြောင်းကို မကြဲ

မစည် မနေသင့်ချေ၊ ငါလည်း အလုံးစုံ အရေးအရာ စသည် ပြီးပြီမ်း၍ ရဟန်း ရှင် လူ ပြည်သူ သတ္တဝါ အပေါင်းတို့ ချမ်းသာရာရမှ စိတ်နှလုံး ချမ်းမြေ့ ကြည်လင်စွာဖြစ်မည်၊ ယင်းသို့ဖြစ်၍ ညီတော်အလိုရှိသမျှ မင်း ညီ မင်းသား မှူးတော်မတ်တော်တို့ကို ပေးအပ်ရသည်ဖြစ်မှ အရေးပြီးပြေ လွယ်မည်-အဓိန္ဒတော်ရှိလျှင် စလင်းမင်းသား, ပင်းတလဲမင်းသားတို့နှင့် မှူးတော် မတ်တော်တို့ လျှောက်ထားကြ သည်ကား···· ကျွန်တော်တို့မှာ တိုင်းနိုင်ငံသူ ရှင် လူ သတ္တဝါအပေါင်းတို့ ချမ်းသာရာ ရသဖြင့် ဆဒ္ဒန် ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား စိတ်တော် နှလုံးတော် ချမ်း မြေ့ ကြည်လင်စွာဖြစ်သည်မှာသာ အကြောင်းရင်းဖြစ်ပါသည်၊ ကျေးဇူး သစ္စာတော်မြတ် ရှိသည်အတိုင်း ညီတော်မင်းတရား အမျက်တော်မပြေ၍ အပြစ်ပြုလျှင်လည်း ပြုစေကာ သနားတော် မူသဖြင့် ချမ်းသာ ပေး တော်မူလျှင်လည်း ချမ်းသာစေကာ ထည့်အပ်တော်မူရာ ညီတော် မင်း တရားထံ လိုက်သွားပါမည့် အကြောင်းများနှင့် အသီးအသီး လျှောက် ထားကြ၏။

ထိုအခါ မလွန်မင်းသား သုသီရိမဟာဓမ္မရာဇာလည်း အထက်ဆရာ တော်သုံးပါးနှင့် ကျွန်တော်တို့ ရတနာသိဒ်မြို့သို့ စကား အပြောအဆို သွားသည့်အတွင်း အဝမြို့ကို မြို့စီးပြစီး အမှုထမ်းရဲမက် ထပ်ဖြည့် အသစ် တင်၍ မြို့ပြင်တွင် ဆင်ခလုတ် မြင်းခလုတ်စသည် စီရင်ပြီးလျှင် မြို့ထိပ် များမှာ တုံးမောင်း ဆွဲကြကြောင်း များကို ဘဝရှင် မင်းတရားကြီးထံ လျှောက်ထား ကြားသိတော်မူရာ နိုင်ငံအလုံး သူ့လက်သို့ ရောက်ပြီးမှ အားသစ်၍ ထပ်မံ လက်တုမည် ကြံပြန်သည်မှာ မသင့်ကြောင်းနှင့် အဓိန္ဒ တော်ရှိလျှင် မင်းညီမင်းသား မှူးတော်မတ်တော်တို့ တစုံတယောက်မျှ မလျှောက်မတင်ဝံ့ကြ၊ ထိုနေ့မှစ၍ အဝမြို့တွင်းက စီးနှင်းစောင့်နေသမျှ မြို့စီးပြစီး အမှုထမ်းရဲမက် လက်နက်ကိုင်လူတို့ကို သိမ်းရုံး၍ ကိုယ်စီ အမှူး အကြီးပြုသူတို့ကို အပ်ပြီးလျှင် ငြိမ်ဝပ်စွာနေကြရ၏။

အဝမြို့တွင်လည်း ရွှေနန်းတော် အတွင်းရှိ အမြောက် စိန်ပြောင်း များ လှံ သေနတ်များနှင့် မင်းညီ မင်းသားတို့ အိမ်တွင် ရှိသည့် ဓား လှံ သေနတ် လက်နက် ဘဏ္ဍာတော်များကို မကြွင်း မကျန် စေရ၊ ကုန်စင် အောင် သိမ်းရုံးပြီးလျှင် ယင်းသည့်သတ္တရာဇ် ကဆုန်လဆန်း လေးရက် နေ့ အရှေ့ဘက်ကြောင်းချီ ဗိုလ်မှူး သားတော် သတိုးမင်းဖျား တပ်သို့ စာရင်းနှင့်တကွ ပို့ရ၏။

ညီတော်မင်းတရားက တောင်းသည့် စလင်းစား, ပင်းတလဲစား, ဝန်ကြီး မင်းကြီးမဟာသီဟသူရ,ဆောမြို့စား အတွင်းဝန်,ဝန်ထောက်မင်းကြီး မဟာစည်သူ, မဟာမင်းခေါင်ရာဇာ, မြို့လတ်ဝန် မင်းကြီးမဟာမင်းလှ မင်းခေါင်ကျော်, ကင်းဝန် မင်းကြီးမဟာမင်းလှကျော်စွာ,ကျိုဝန်အတွင်း ဝန် မင်းကြီး မဟာမင်းလှသီဟသူတို့ကို ယင်းသည့်ကဆုန်လဆန်း ၎ါး ရက်နေ့ အနောက်ဖက်ကြောင်းချီ ဗိုလ်မှူးသားတော်သတိုးမင်းစောတပ် သို့ ပို့ရန်။

သားတော်အနော်ဖက်ကြောင်းချီဗိုလ်မှူးမင်းသားလည်းကျိုဝန်အတွင်း ဝန် မင်းကြီးမဟာမင်းလှသီဟသူမှာ ဘကြီးတော်မင်းတရားအပါးတော် တွင် ဆေးတော်ကြည့်ရှုဆက်သသူ ဖြစ်သောကြောင့် ပြန်၍ဆေးတော် ကြည့်ရှု ဆက်သရန်၊ ဆောမြို့စားအတွင်းဝန်မင်းကြီး မဟာနန္ဒသကြီးနှင့် ဝန်ထောက်မင်းကြီး မဟာစည်သူတို့မှာ စလင်းစားနှင့် တိုင်ပင်ရာပါဝင် သူ မဟုတ်သောကြောင့် ပြန်စေ၏။ ။ယင်းသည့် ကဆုန်လဆန်း၎ါး ရက်နေ့ ချီတက်လုပ်ကြံသည့်အရေးအရာဟူသမျှပြေငြိမ်းသည်။

အရှေ့ဘက်ကြောင်းချီ ဗိုလ်မှူး သားတော် သတိုးမင်းဖျား, ညီတော် သတိုးမင်းစောတို့လည်း ရတနာပုရအဝန်မြို့ နောင်တော် မင်းတရားကြီး က မင်းထိုက်စိုးတန် အဆောင်အယောင် လက်နက်ဘဏ္ဍာများနှင့် ပေး အပ်သင့်သမျှ မင်းညီမင်းသားမှူးတော်မတ်တော်တို့ကိုရွေးချယ်ပေးအပ်၍ အလုံးစုံ အရေးတော်ပြီးစီးပြေကုံကြောင်းများကို ကဆုန်လဆန်း၎ါးရက် နေ့ ရတနာသိဿ်မြို့ ခမည်းတော် မင်းတရားကြီးထံ မြင်းလျင် စေလွှတ် လျှောက်ထားစေ၏။

ခမည်းတော်၊ မင်းတရားကြီးလည်း ရတနာသိဿ်မြို့တွင် မင်းမိဖုရား သားတော် သမီးတော်တို့ကို သားတော် တောင်တွင်းချောင် မင်းသား သီရိမဟာ သုဓမ္မရာဇာ, သားတော် မင်းရဲဇေယတို့နှင့် ဝန်ကြီးမဟာ တရဖျား, မြို့ဝန်မင်းကြီး မဟာ၁မင်းခေါင်တို့ကို အစောင့်အနေ ထား တော်မူခဲ့၍ ယင်းသည့်ကဆုန်လဆန်း ခြောက်ရက်နေ့မှူးတော်မတ်တော် ဗိုလ်မှူး တပ်မှူးအပေါင်းခြံရံလျက် မြင်းတပ် စစ်သည် ရဲမက်တော်တို့နှင့် ဇေယာပုရ စစ်ကိုင်းမြို့သို့ ထွက်တော်မူရာ ယင်းသည့်နေ့ ညဉ့်လေးချက် တီးကျော်အချိန် စစ်ကိုင်းမြို့သို့ဆိုက်ရောက်တော်မူလျှင် ဘိုးတော်ဇေယာ ပုရမြို့တည် ကန်တွင်းစည်းခုံတော် ဒါယကာ မင်းတရားကြီးနန်းတော်ရာ

တွင် ဆောက်ထားရှိသည့် စံနန်းတော်မှာ တပ်တော်ချရပ် စံနေတော်မူ ပြီးမှ ကဆုန်လဆန်း ခုနစ်ရက်နေ့ နှမတော်တောင်တွင်းကြီးမင်းသမီး-သီရိတိလောက မဟာသုရတနာဒေဝီ၊ ပုဂံမင်းသမီး-သီရိမဟာရတနာမင်္ဂလာဒေဝီ၊ ရမည်းသင်းမင်းသမီး-သီရိမဟာရတနာဒေဝီ၊ သားတော် ညောင်ရမ်း မင်းသား-သီဟသူရ မဟာဓမ္မရာဇာ၊ ဘထွေးတော်မလွန် မင်းသား-ဆုသီရိမဟာဓမ္မရာဇာမှစ၍ မင်းညီ မင်းသား မင်းဆွေစိုးမျိုး တို့ ညီလာသဘင်ခံတော်မူပြီးလျှင် နှမတော်သုံပါး, ညောင်ရမ်းမင်း, မလွန်မင်းသားတို့နှင့် ဆွေတော် မျိုးတော်အပေါင်းတို့ ဘေးအန္တရာယ် ကင်းငြိမ်းချမ်းသာကြသည်များကို ဝမ်းမြောက်ဝမ်းသာရှိတော်မူကြောင်းနှင့် အမိန့်တော်ရှိပြီးလျှင် အကြည်အသာ ဝင်ထွက်ခစားရ၏။

* သက္ကရာဇ် (၁၁၉၈) တထောင့်တရာ့ကိုးဆဲ့ရှစ်ခု ကဆုန်လဆန်း ရှစ်ရက် အင်္ဂါနေ့ နှစ်ချက်တီးကျော် အချိန် မဟာ သင်္ကြန်ကျသည်၊ လဆန်းဆယ်ရက် ကြာသပတေးနေ့ အတာနှစ်သစ် သက္ကရာဇ် (၁၁၉၉) တထောင့်တရာ့ ကိုးဆဲ့ကိုးခုသို့ တက်သည်။

၁၁၉၉-ခု

ရတနာသိင်္ဃမြို့တွင် ထားတော်မူခဲ့သည့် မိဖုရား သားတော် သမီးတော် မင်းမောင်းမတို့ကို သားတော် အနောက်ဖက်ကြောင်းချီ ဗိုလ်မှူးသဘိုးမင်းစောနှင့် အတွင်းဝန် မင်းကြီးမဟာမင်းလှနော်ရထာ,ဝန်ထောံမဟာ မင်းလှရာဇာတို့ကို သက္ကရာဇ်(၁၁၉၉)တထောင့်တရာ့ကိုးဆဲ့ကိုးခု ကဆုန်လဆန်းဘဆဲ့လေးရက်နေ့ အမိန့်တော်နှင့်အခေါ်အယူ ခန့်ထားစေလွှတ်တော်မူရာ ရတနာသိင်္ဃမြို့သို့ ဆိုက်ရောက်ကာလ အရှင်မိဖုရားကြီးနှင့်တကွ မင်းမိဖုရား သားတော် သမီးတော် မင်းမောင်းမအပေါင်းတို့ကို သားတော် တောင်တွင်းချောင်မင်းသား သီရိမဟာသုဓမ္မရာဇာ, သားတော် သတိုး မင်းစော, သားတော်မင်းရဲဇေယတို့ ကြပ်မဆောင်ယူခဲ့ရာ ၎င်းလပြည့်ကျော်ငါးရက်နေ့ စစ်ကိုင်းမြို့သို့ဆိုက်ရောက်တော်မူလျှင် မင်းတရားကြီး ကိုယ်တော်တိုင် မင်းညီမင်းသား မင်းဆွေစိုးမျိုး မှူးတော်မတ်တော်တို့ ဗိုလ်မှူး တပ်မှူးအပေါင်း မြို့ရံခင်းကျင်းထွက်တော်မူ၍ ကြိုယူတော်မူသည်၊ ၎င်းနေ့ ညဉ့် လေးချက်တီးကျော် အချိန် စံနန်းတော်သို့ ဆိုက်ရောက်တော်မူ၏။

ၚင်း လပြည့်ကျော် ခုနစ်ရက်နေ့ ညီတော် မင်းတရား ကြီးလည်း သဲအင်းတိုက်နေ မောင်းထောင်ဆရာတော် ရှင်ဥေ့ယျမဓမ္မကို အနောက် အတွင်းတော်သို့ ပင့်၍ မင်းမိဖုရား သမီးတော် မောင်းမမိသံတို့ အစုံ အညီတွင် လျှောက်ထားသည်ကား… ဘိုးတော်မင်းတရားကြီးက နောင် တော် မင်းတရားနှင့် အစုံအညီမှာထား တော်မူခဲ့သည်မှာ မောင်တို့ ညီ နောင်နှစ်ဦးသည် ရှေ့သို့ တဦးကိုတဦး စိတ်နှလုံး နှောင့်ရှက်ခြင်းကို မဖြစ်စေနှင့် အရှည်သဖြင့် ချစ်ခင်မြဲမြံ ယုံကြည်ကြစေ၊ မောင်အိမ်ရှေ့ မင်းသည် သာယာဝတီမင်းကို ညီဟူ၍လည်းမှတ်, သားဟူ၍လည်းမှတ်, ကျွန်ဟူ၍လည်းမှတ်၊သာယာဝတီမင်းလည်း မောင်အိမ်ရှေ့မင်းကိုအစ်ကို ဟူ၍လည်းမှတ်, အဘဟူ၍လည်းမှတ်,သခင်ဟူ၍လည်းမှတ်၊ မင်းဆွေစိုး မျိုး ကျေးကျွန်တို့စကားနှင့် မောင်တို့နှစ်ဦးတွင် တစုံတရာ နှလုံးထူးထွေ ရှိကြလျှင် ငါတို့ဘိုးတော်မင်းတရား မှာထား တော် မူခဲ့သည့်စကားသည် အလွန်ဖြစ်ခဲလှသည်ဟုနှောင့်ရှက်ခြင်းကို ဖြေဖျောက်၍ အထူးချစ်ခင်ယုံ ကြည်ကြရမည်၊ ယင်းသို့မှ အရှည်ကောင်းမည်-မပြတ် မှာထား တော် မူခဲ့ သည့်အတိုင်း ဘိုးတော်မင်းတရားနတ်ပြည်စံလွန်တော်မူလျှင် ပြည်မင်း, တောင်ငူမင်းတို့ မငြိမ်မသက် လှုပ်ရှားထကြွပြုကြမည့် အရိပ်အခြည်ကို တပ်ရာသိသည်နှင့် တိုင်းနိုင်ငံအတွင်း ပြည်သူသတ္တဝါအပေါင်းတို့ သေ ကြေပျက်စီးမည့်ဘေးဥပဒ်ကို မဖြစ်စေရ၊ ပြည်မင်း, တောင်ငူမင်းတို့ကို တားဆီးနှိပ်နှင်း ရှင်းလင်း၍ နောင်တော်မင်းတရား ရွှေနန်းတက်တော် မူလျှင် ကျေးဇူးသစ္စာတော်မြတ် ရှိသည့်အတိုင်း အမှုတော်ကိုထမ်းရွက် နေထိုင်ပါသည်ကို နောင်တော်မင်းတရား ကျန်းခန့် သာယာတော်မမူ လျှင်ပင် စလင်းစားက မှုခင်းဖြစ်ပွားအောင် ရှာကြံပြုလုပ်ချေသည်၊ သို့ ဖြစ်၍ နောင်တော်မင်းတရား ကျေးဇူးသစ္စာတော်မြတ်ကို ထောက်သဖြင့် ရတနာသိဿံမြို့ ကုန်းဘောင်ရွှေပြည်တော်ကြီးသို့ ထွက်စံတော်မူပြီးလျှင် တိုင်းနိုင်ငံသူ ရှင်လူသတ္တဝါအပေါင်းတို့ မငြိမ်မဝပ် ဆင်းရဲပင်ပန်းစွာ ရှိကြသည်များကို ငြိမ်ဝပ်အောင် ချမ်းသာစွာ သိမ်းပိုက်မစ ကြည့်ရှု တော်မူသည်တွင် တိုင်းနိုင်ငံအလုံးကို အလွယ်တကူသိမ်းရုံးမိ၍ လက်သို့ ရောက်ပါသည် လျှောက်ထားရာ ရှင်ဥေ့ယျမဓမ္မက ကောရင် မင်းမြတ် သည် နောင်တော် မင်းတရားအမှုမှစ၍ ပြည်သူသတ္တဝါ အပေါင်းတို့ ချမ်းသာစေကြောင်း ကောင်းသောအမှုများကိုသာ မပြတ် ရွက်ဆောင် တော်မူသောကြောင့် ယခု မျက်မှောက်၌ ကိုယ်ရေးကိုယ်မှုနှင့် ကြွက်ကြွက်

သောအခါ မငြိုမငြင် မပင်မပန်းစေရ ရက်ပေါင်း လေးဆယ်ကျော် အတွင်းရန်အပေါင်းကို အောင်မြင်တော်မူသည်၊ ရတနာပူရ အဝမြို့က မြောက်ဖက်အရပ်သို့ ထွက်တော်မူစဉ်လည်း တိုင်းနိုင်ငံအတွင်း ရဟန်းရှင်လူ ပြည်သူသတ္တဝါအပေါင်းတို့ စိတ်နှလုံးမရွှင်မလန်း ညှိုးနွမ်းပင်ပန်းစွာ ရှိကြသဖြင့် ချမ်းသာ အောင်မြင်လွယ်မည့် အကြောင်းများကို မပြတ်ဆုတောင်းဆုယူ ပူကြသောကြောင့် ကောဇင်းမင်းမြတ်၌ ပြည်သူအပေါင်းတို့ ချစ်ခင်ကြကြောင်းကို သိသာသည်၊ ယင်းသို့ဖြစ်၍ လူလိမ္မာနတ်လိုသည်-နတ်လိုမှ အပြိုးအစီးတိုင်ရောက်သည် ဆိုသော သူဟောင်းတို့စကား အမှန်ပင်ဖြစ်သည် ယူသင့်သည်ဟု-မိန့်တော်မူပြီးလျှင် အရေးတော်လည်း ပြီးစီးပြေကုံတော်မူပြီဖြစ်သည်၊ နိုင်ငံတော်အတွင်း ပျံ့နှံ့သမျှသော ဗိုလ်ရဲမက်အမှူထမ်းတို့ကို သိမ်းဆည်းတော်မူမှသင့်မည့်အကြောင်းနှင့် မိန့်ဆိုပြန်ရာ ညီတော် မင်းတရားကြီးလည်း သိမ်းဆည်းပါမည့် အကြောင်းနှင့် လျှောက်ထားပြီးမှ ရတနာပူရအဝမြို့တော်မှစ၍ အရပ်ရပ် မြို့ကျေးရွာများတွင် ပြည်သူဆင်းရဲသားတို့ ဥစ္စာပစ္စည်းများကို တပ်ပါဗိုလ်ရဲမက်အမှူထမ်းတို့ အသိမ်းအဆည်း အလုအယူမရှိစေနှင့် ငြိမ်ဝပ်စွာ နေထိုင်စေရမည်-ဗိုလ်မှူးတပ်မှူးတို့သို့ဆင့်ဆိုပြီးလျှင် ရဲမက်တော်အမှူထမ်းတို့ကို သိမ်းဆည်းရ၏။ ။အတန်ကြာလျှင် ရှင်ဥေယျဓမ္မလည်း ညီတော်မင်းတရားထံ ပန်ကြား၍ ကျောင်းတော်သို့ ပြန်သွား၏။

ထိုအခါ ညီတော်မင်းတရားကြီးလည်း ညီလာသဘင် ထွက်စံတော်မူပြီးလျှင် မင်းညီမင်းသား ဆွေတော် မျိုးတော် မှူးတော်မတ်တော် တို့ကို အမိန့်တော်ရှိသည်ကား--စလင်းစားသည် နောင်တော်မင်းတရားမိဖုရားကြီး မောင်တော်ရင်းချာ ဖြစ်သည့်အတိုင်း နောင်တော်မင်းတရား ယုံကြည်တော်မူသည်နှင့်အညီ ဆောင်ယောင်ခမ်းနားနှင့်တကွ စားကျေးမြို့ရွာ များစွာပေးတော်မူပြီးလျှင် တိုင်းနိုင်ငံအလုံးကို လွှဲအပ်စီရင်စေသည်။ ပင်းတလဲစားမှာလည်း ခမည်းတော်ဘုရား အမြတ်အစွန်းတော်ဖြစ်သည့် အတိုင်း အသုံးကံကျွေးခံ မြို့ပြကျေးရွာ ဆောင်ယောင်ခမ်းနားနှင့်တကွ ရှမ်း ကိုးပြည်ထောင်ကို ဗိုလ်မှူးဗိုလ်ချုပ် ခန့်တော်မူပြီးလျှင် အထူးသူကောင်း ပြုတော်မူသည့် ကျေးဇူးတော်ကို မမြော်မထောက်၊ စလင်းစားသည် ပြည်သူသတ္တဝါအပေါင်းတို့ကို ညှဉ်းပန်းနှိပ်စက်ပြီးလျှင် ပြည်ရွာမငြိမ်မသက်ခြင်းအကြောင်းများကို ပြုကျင့်၍ ငါ၌မှုခင်းကြီးစွာ ဖြစ်ပွားအောင် ရှာကြံသူဖြစ်သည်၊ ပင်းတလဲစားလည်း နောင်တော်မင်းတရား

အမှုမှတပါး ငါ့အမှုတော်ကိုသာ ထမ်းရွက်ရမည်သူ ဖြစ်လျက် စလင်းစား နှင့် တစိတ်တဝမ်းတည်း ပြုပြီးလျှင် ငါ့ကို တဖက်ရန် ပြုသုပ်သူဖြစ်သည်၊ ဝန်ကြီးငစဉ်, ကင်းဝန်ငကြွယ်ဝ, ကျိုဝန်အတွင်းဝန် ငပါရောက်, မြို့လတ်ဝန် ငရေးတို့လည်း ခမည်းတော်ဘုရား, နောင်တော် မင်းတရား ငယ်ကျေးငယ်ကျွန် ဖြစ်သည်နှင့်အညီ စားကျေးမြို့ရွာ ရာကြီးထူးကြီးနှင့် နောင်တော်မင်းတရား သူကောင်းပြုကိုခံပြီးလျှင် နောင်တော်မင်းတရား ကျန်းခန့်သာယာတော်မမူလျှင်ပင် စလင်းစားနှင့် တရောတရက်တည်း ပေါင်းပြီးလျှင် ပြည်အလုံးကို မငြိမ်မဝပ်အောင် စီရင်သူ ဖြစ်ကြသည်များကိုထောက်လျှင် စည်းစိမ်အသက်နှင့်တကွ ပျက်စီးဆုံးရှုံးအောင်စီရင်သင့်သူချည်း ဖြစ်တော့သည်၊ ယင်းဆို စီရင်သင့်သော်လည်း ငါသည် ဘုရားဆုကို ပန်ဆင်တော်မူသည့် ယောကျ်ားမြတ် ဖြစ်သည်နှင့်အညီ အာသက်ဘေးမှ ချမ်းသာပေးတော်မူသည်၊ စလင်းစားနှင့် ဝန်ကြီးငစဉ်, အတွင်းဝန် ငပါရောက်, ကင်းဝန် ငကြွယ်ဝ, မြို့လတ်ဝန် ငရေးတို့ကို ထောင်တွင်ထား-အမိန့်တော်နှင့် ထောင်မှာ အကျဉ်းထားရသည်။

ပင်းတလဲစားမှာ ပင်းတလဲစားပင် ကျေးငှားသစ္စာကို မစောင့်မထိန်းသော်လည်း ခမည်းတော်ဘုရား, နောင်တော်မင်းတရားတို့ မျက်နှာကို ငါထောက်တော်မူမည် အမိန့်တော်ရှိပြီးလျှင် စားကျေးမြို့ရွာ ဆောင်ယောင်ခမ်းနားများကို ရုပ်သိမ်းတော်မူ၍ သားတော် အနောက်ဘက်ကြောင်းချီ ဗိုလ်မှူး မင်းသား သတိုးမင်းစောသို့ အပ်တော် မူပြီးလျှင် အငြိမ်အဝပ် နေစေ၏။

စလင်းစားကို အားပေးအားမြှောက်ပြုပြီးလျှင်စလင်းစားနှင့်သဘော တူပေါင်းသင်းပါဝင် မှုခင်းဖြစ်ပွားအောင် ရှေးဦးစွာ ရှာကြံပြုသုပ်သူ ဝန်ထောက် ငကံ်ရေး, ဗိုလ်မှူးတပ်မှူးအရာနှင့် စုကြိုးငန်းကြိုးကို အုပ်ချုပ်ထိန်းသိန်းပြီးလျှင် စလင်းစားအိမ်သို့ နေ့ညဉ့် ဝင်ထွက် ထမ်းရွက်သူ ငကွန်, ငကံ်ပေါ်, ငဘူး, ငနှင်း, တဒလဗိုလ်တို့ကိုလည်း ကွပ်မျက်တော်မူ၏။

ပေါင်းထည်မြို့စားမှာ အခင်းမဖြစ်မီ သတိပေးဘူးသည်ကို ထောက်တော်မူ၍ အရေးအတွင်းရဲမက်စစ်သည်တို့ သိမ်းဆည်းယူငင်ရာပါသည့် ရွှေထည်ငွေထည် အကွင်းအချည်များကို ဗိုလ်မှူးတပ်မှူးတို့ကို စစ်မေးခိုင်ပေးတော်မူ၏။

ထိုအခါ ညီတော်မင်းတရားကြီးလည်း စလင်းစားနှင့် မှူးမတ်ပြုသူတို့ တိုင်းကျိုး ပြည်ကျိုးကို မမြော်မထောက်၊ မသင့်မတင့်သော အကြံအစည်ဖြင့် တိုင်းနိုင်ငံသူ ပြည်သူသတ္တဝါ အပေါင်းတို့ကို ညှဉ်းပန်းနှိပ်စက်ပြီးလျှင် အမှုကြီးစွာ ရှာကြံပြုလုပ်၍ နောင်တော်မင်းတရား စိတ်နှလုံး နှောင့်ရှက်ခြင်း မကင်းဖြစ်လေအောင် လျှောက်ထားကြသည်များကို အပြစ်ဝန် လွှတ်ကင်းချမ်းသာအောင် ထပ်မံ လျှောက်ထားခွင့်မရသည်နှင့် နောင်တော်မင်းတရား ရာဇဝတ်တော်ရေးကို ကြောက်ရွံ့စိုးရိမ်ခြင်း မကင်း ဖြစ်ပါသောကြောင့် ရတနာသိဿ်မြို့သို့ ထွက်သွားပြီးလျှင် ကိုယ်မှစ၍ သားမယားဆွေမျိုး ကျေးကျွန်တို့၌ လာရောက်သမျှသော ဘေးရန်အန္တရာယ်တို့ကို တားဆီး စောင့်ရှောက်သဖြင့် နိုင်နင်းအောင် ဆီးဆို့ ရပ်ခံပါရသည်၊ နောင်တော်မင်းတရားကို စွန်းငြိသော နှလုံးဖြင့် ရပ်တန့်ခုခံ တိုက်ခိုက်သည်မဟုတ်ပါ၊ ယခုမှာ ရန်အပေါင်းကို အောင်မြင်ပြီ ဖြစ်ပါ၍ နောင်တော်မင်းတရား ရာဇဝတ်တော် ဘေးမှ လွှတ်ကင်း ချမ်းသာရာ ရပါသောကြောင့် ကိုယ်တော် မကျန်းမမာတော်မူသည်ကို ဆေးဝါးဆက်သ စောင့်ရှောက် ထမ်းရွက်နေပါမည်၊ ရှေဘုံရှေနန်းထက် ချမ်းသာစွာ စံနေတော်မူပါမည့်အကြောင်းများနှင့် သားတော် အရှောဘက် ကြောင်းချီ ဗိုလ်မှူး သတိုးမင်းဖျား, ဘထွေးတော် မလွန်မင်းသား မဟာသီရိသုဓမ္မရာဇာ, ဝန်ကြီး မင်းကြီး မဟာမင်းလှကျော်ခေါင် တို့ကို နောင်တော် မင်းတရားထံ အမိန့်တော်နှင့် လျှောက်ထားစေရာ နောင်တော်မင်းတရားလည်း ယခုဖြစ်ပွားကြသည့် အမှုမှာ အစိုးရသော မင်းမှူးမင်းမတ် စသည်တို့၏ အကြောင်းအကျိုးသာမဟုတ်ချေ၊ အစိုးရသော မင်းမှူးမတ်စသည်တို့ကို အမှီပြု၍ တိုင်းနိုင်ငံအတွင်း၌ ရှိနေသမျှ ရဟန်းရှင်လူ ပြည်သူသတ္တဝါ အပေါင်းတို့အရေးလည်း တရောတရက်တည်းပင် ဖြစ်ချေသည်၊ ကံကြမ္မာအလျောက် သတ္တဝါ အပေါင်းတို့လည်း သေကြေပျက်စီး ဆင်းရဲပင်ပန်းစွာ တွေ့ကြုံခံကြရချေသည်၊ တိုင်းခရိုင် နိုင်ငံကို စိုးအုပ်သော မင်းကောင်တို့မည်သည်လည်း ကျန်းခန့်သာယာစွာ တိုင်းနိုင်ငံကို မပြတ်ကြည့်ရှုစိုးအုပ်နိုင်မှ သာသနာတော်မြတ် အကျိုးစီးပွား၊ တိုင်းနိုင်ငံသူတို့အကျိုးစီးပွားများရာသည်၊ ယင်းသို့ဖြစ်၍ ဝါလည်း ကျန်းကျန်းသာသာ ရှိတော်မမူ၊ မကျန်းတော်မူသည်ကို ဆေးဝါးဆက်သ၍ ရှေဘုံရှေနန်းထက်ချမ်းသာစွာ စံနေတော်မူပါဆိုသော်လည်း တိုင်းခရိုင်နိုင်ငံကို ထိန်းသိမ်းစိုးအုပ်

တော်မမူထိုု ကိုယ်အင်္ဂရာယ်ကင်းငြိမ်းသဖြင့် ကိုယ်စိတ်နှစ်ပါး ချမ်းသာ
ခြင်းကိုသာ အထိုုရှိတော့သည်၊ ရွှေထီးရွှေနန်းမှစ၍ တိုင်းခရိုင်နိုင်ငံ
အထုံးကိုပင် ငါ့ညီတော်အား လွှဲအပ်ပြီးလျှင် မင်းအဖြစ်ကို ဆောက်
နှင်းတော် မူတော့သည်၊ ငါမူကား ကုသိုလ်တော် မဟာ သဏ္ဌသီဟ
ဘုရားအနီး စံနန်းတော်တွင် စံနေတော်မူမည့်အကြောင်းများနှင့် သား
တော် သတိုးမင်းဖျား, မလွန်မင်းသားတို့တွင် အမိန့်တော်ရှိထိုုက်သည်
များကို ပြန်ရောက် လျှောက်ထား ကြားသိတော်မူလျှင် ညီတော် မင်း
တရားလည်း ယင်းသည့် အကြောင်းအရာများကို မင်းညီမင်းသား မင်း
ဆွေစိုးမျိုး မှူးတော် မတ်တော်တို့ အစုံအညီတွင် အမိန့်တော် ရှိသည်
ကား-ယခု နောင်တော်မင်းတရားကြီး ကျန်းခန့်တော် မမူသောကြောင့်
ရွှေထီး ရွှေနန်း တိုင်းကား နိုင်ငံတော်အပေါင်းကို ကြည့်ရှုတော်မမူထို
ကြောင်းနှင့် လွှဲအပ်ရှိသည်မှာ နောင်တော်မင်းတရား အလွန်ချစ်ကြည်
တော်မူသဖြင့် သမုဒြာ အဆုံးရှိသော လေးကျွန်းလုံးကို စိုးမိုးပိုင်သ
သော မန္ဓာတ်စကြာမင်း စည်းစိမ်ချမ်းသာတော်ထက် စံနေခြင်းအခွင့်
ကို ဆောက်နှင်း လွှဲအပ်တော်မူနိုင်လင့်ကစား တိုင်းခရိုင် နိုင်ငံ အရိုက်
အရာကို လွှဲအပ်ထိန်းသိမ်း ဆက်ခံရသည် ဆိုသည့်အရာသည် မင်းကျင့်
တရားဆယ်ပါး, သင်္ဂဟတရားလေးပါး, အပရိဟာနိယတရား ခုနစ်ပါး
စသည်များကို ထိန်းသိမ်း ကျင့်ဆောင်တော် မူလျက် ကြောင့်ကြမဲ့မဖြစ်
စေမူ၍ ရဟန်းရှင်လူ ပြည်သူသထွေဝါအပေါင်းတို့အား တားမြစ်စောင့်
ရှောက် ထိုုခြုံစေရာသော အကြောင်းများကို နှလုံးသွင်းရာသည် ဖြစ်၍
ရှေးလွှဲထုံး-လွှဲနည်း စသည်များကို လောက, ဓမ္မ, ကျမ်းဂန် စာဟောင်း
စာတမ်း ထွက်ရှိသည့်အတိုင်း ပညာရှိတို့က စာဆက်သွင်းလျှောက်ကြ
ရဦးမည် အမိန့်ကော်နှင့် လျှောက်ထားကြသည်ကား-

ရှေးဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် များစွာသောဗိုလ်ရဲမက်
စစ်သည်အပေါင်းတို့နှင့် ခုနစ်ပြည်ထောင်မင်းတို့ ဗာရာဏသီပြည်အလုံး
ကို ရန်စစ်ပြုမည် ဝန်းဝိုင်းရံနေကြသည်များကို ဘုရားအလောင်း နောင်
တော် အာသဒိသမင်း လေးအတတ်ဖြင့် နှိပ်နင်း အောင်မြင်တော်မူသည်
တွင် ဗြဟ္မဒတ်မင်းလည်းနောင်တော်အာသဒိသမင်းအား ဗာရာဏသီပြည်
အလုံးကို ထိန်းအုပ်စိုးစံတော်မူပါ့မည်ကြောင်းနှင့်လွှဲအပ်ရာ နောင်တော်
အာသဒိသမင်းသည် လက်တော်သို့ရောက်ပြီးသော ဗာရာဏသီ ပြည်ကြီး
နှင့်တကွသော ရွှေနန်းစည်းစိမ်တော်ထက် မစံလိုသဖြင့် ညီတော် ဗြဟ္မ

ဒတ်မင်းအား ထပ်မံလွှဲအပ်ပြီးနောက် ပြည်မှထွက်သွားပြီးလျှင် တရား. ကို ဖြည့်ကျင့် ရွက်ဆောင်ကြောင်း, ဝိဇယပူရမည်သော ပင်းယပြည်ကြီး ၌ စံကားခုနစ်ကျောင်း ဒါယကာ ဥဇနာမည်သော မင်းသည် ဆင်ဖြူ ငါးစီးရှင် ညီတော်ကျော်စွာမင်းအား ဝိဇယပူရပင်းယပြည်ကြီးနှင့် တကွ တိုင်းကာနိုင်ငံအလုံးကို လွှဲအပ်တော်မူသည်ကို ထိန်းအုပ် စိုးစံတော်မူ၍ မင်းစည်းစိမ်ကို ယူတော်မူပြီးလျှင် နောင်တော် ဥဇနာ မင်းကြီးအား ခမည်းတော် အမှတ်ဖြင့် ချမ်းသာစွာကိုးကွယ်ပြုစုတော်မူကြောင်းများကို ဇာတ် နိပါတ်ကျမ်းဂန် ရာဇဝင်အထွက် အရှိများနှင့်လျှောက်ထားကြ၏။

နောင်တော်မင်းတရားနန်းကဆင်းခြင်း,
ရတနာရပူရ စတုဏ္ဍမြို့တည်နန်းတည် မင်းတရားကြီး အဋ္ဌုပ္ပတ္တိ၊
ကုသိုလ်တော်, မိဖုရား, သားတော် သမီးတော်များ

ထိုအခါ ညီတော်မင်းတရား အမိန့်တော် ရှိသည်ကား--နောင်တော် မင်းတရား ရွှေနှလုံးတော် မပင်မပန်းစေရ စံကြိုက်တော်မူရာ အရပ်တွင် စံနေတော် မူစေရမည်၊ ငါ့်လည်း နောင်တော် မင်းတရားကို ခမည်း တော်ကဲ့သို့ ကိုးကွယ် ပြုစုတော်မူမည်-အမိန့်တော်နှင့် နောင်တော် မင်းတရားထံ ပြန်ကြားလျှောက်ထားစေ၍ အရေးဟူသမျှပြီးပြေကုံလျှင် ထိုသတ္တရာဇ် ကဆုန်လပြည့်ကျော် တဆဲ့နှစ်ရက်နေ့ ညဉ့်လေးချက်တီး ကျော် အချိန် နောင်တော်မင်းတရား ရွှေနန်းတော် မြောက်စမုတ်က ဆင်းတော်မူပြီးမှ ယာဉ်စီးတော်မူ၍ နန်းမြို့တော် အနောက်တံခါးက ထွက်တော်မူပြီးလျှင် မြို့တော် တောင်မျက်နှာ ဝင်မနားတံခါးက ထွက် တော်မူသည်၊ နှမတော်တောင်တွင်းကြီးမင်းသမီး, ပုဂံမင်းသမီး, ရမည်း သင်း မင်းသမီး, နောင်တော်မင်းတရားကြီးမိဖုရား,သမီးတော်,ကိုယ်လုပ် မောင်းမ အပေါင်းတို့နှင့် သားတော် အရွှေဘက်ကြောင်းချီ ဗိုလ်မှူး သတိုးမင်းဖျား, နောင်တော်မင်းတရား ကျွန်တော်ရင်း ရွှေလှံဗိုလ်မဟာ မင်းခေါင်ကျော်စွာတို့ ကြပ်မ၍ မဟာသကျသီဟ ဘုရားအနီး စံနန်း တော်ရောက် လိုက်ပို့ကြ၏။

နှမတော်သုံးပါးနှင့် နောင်တော်မင်းတရားကြီး မိဖုရား သမီးတော်တို့ လည်း ရွှေနန်းတော်ထက်ကဆင်းတော်မူသည်မှစ၍ စံနန်းတော်ရောက် ယာဉ်တော်ကိုဆွဲ၍လိုက်ပို့ကြ၏၊ နောင်တော်မင်းတရားကြီးမိဖုရား သမီး တော်တို့နှင့် မိတ္ထိလာမြို့စားဟောင်း, ကနောင် မြို့စားဟောင်း, ဓနုဖြူ

စားဟောင်း, မင်းမိဖုရား မင်းကိုယ်ထုပ်တော် တကျိပ် ခုနစ်တို့ကိုလည်း နောင်တော်မင်းတရား အပါးတော်တွင် ခစားထမ်းရွက်ကြရ၏။

သီရိတြိဘဝနာဒိတျာမိပတိ ပဝရ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ-တံဆိပ်နာမံတော်ရှိသော ဘဝရှင်မင်းတရားကြီး ဘုရားကား-သက္ကရာဇ် တထောင့်တရာ့လေးဆဲ့ခြောက်ခု ဝါခေါင်လဆန်း ခုနစ်ရက် သောကြာနေ့သို့အဝင် ညဉ့်သုံးချက်တီးကျော်၊ ဓနသိဒ္ဓနက္ခတ်မွန်းတည့် ပြိဿလက်ကန်စန်း၊ ကြကင်္နတွင် တနင်္ဂနွေ, ဗုဒ္ဓဟူး, သောကြာ၊ သိဟ်တွင် အင်္ဂါ၊ ဓနုတွင် စနေ၊ ကုံတွင် ကြာသပတေး, ရာဟု၊ နက္ခတ်စဉ် တဆဲ့နှစ်လုံး ပါဒ်သုံး၊ တဆဲ့တဗီဇနာတွင် ဖွားမြင်တော်မူသည်။

သက်တော် နှစ်ဆဲ့သုံးနှစ်ရှစ်လတဆဲ့ငါးရက်တွင် သက္ကရာဇ်(၁၁၇၀) တထောင့်တရာ့ခုနစ်ဆယ် တန်းခူးလပြည့်ကျော် ခုနစ်ရက်နေ့ ဘိုးတော် အမရပူရပဋမမြို့တည်နန်းတည်ဆဒ္ဓန်ဆင်မင့်းသခင် မင်းတရားကြီးဘုရား အိမ်ရှေနှင်းတော်မူရာ အိမ်ရှေစည်းစိမ်တော် တဆဲ့တနှစ်နှင့် တလနှစ်ရက် စံနေတော်မူ၍ ဘိုးတော်မင်းတရားကြီး နတ်ရွာ ပြောင်းစံတော်မူလျှင် သက္ကရာဇ် (၁၁၈၇) တထောင့်တရာ့ရှစ်ဆဲ့ခုနစ်ခု နယုန်လဆန်း တဆဲ့လေးရက်နေ့ ရွှေဘုံရွှေနန်းကို တက်သိမ်း စံပယ်တော်မူသည်။

သက္ကရာဇ် (၁၁၉၉) တထောင့် တရာ့ ကိုးဆဲ့ ကိုးခု ကဆုန်လပြည့်ကျော် တဆဲ့နှစ်ရက် တနင်္ဂနွေနေ့ ညဉ့်လေးချက်တီးကျော် နှစ်မောင်းခန့် အချိန် စည်းစိမ်တော် တဆဲ့ရှစ်နှစ်နှင့် တလတဆဲ့နှစ်ရက်တွင် ညီတော်မြတ်အား ရွှေနန်းစည်းစိမ်တော်ကို လွှဲပြောင်း ပေးတော်မူ၏။ နံတော် သောကြာသား၊တည်း။

ရွှေနန်းစည်းစိမ်တော်မှ လွှဲပြောင်းလိုတော်....ရွှေမြို့တော် အနောက်တောင်ထောင့် ရွှေစည်းခုံဘုရားထီးတော် ငှက်မြတ်နား မြေသို့ကျ၏၊ ဂူတော်သစ်ဘုရား, ရွှေယင်းရဲဘုရား, ဘုရားလှ, ရွှေမုဋ္ဌောဘုရား တန်းခိုးပြာဋိဟာပြ၏၊ ရွှေနန်းပြာသာဒ်တော်ကြီးဟိန်း၏၊မြေနန်းလက်ဝဲဆောင်တော် အနောက်တောင်, အနောက်မြောက်ထောင့် ဒုရင် အခိုးလွှတ်၏၊ ပဟိုရ်ခေါင်းလောင်းတော် အသံဆိတ်၏။

သီရိတြိဘဝနာဒိတျာမိပတိပဝရပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ-တံဆိပ်နာမံတော်ရှိသော ဘဝရှင်မင်းတရားကြီး ဘုရားကား-ရတနာသုံးပါးတို့၌ ယုံကြည်မြတ်နိုးတော်မူ၏၊ နှလုံးလက်ရုံး လုပ်ရည်ကြီရည်နှင့် ပြည့်စုံ

သူ မူးတော် မတ်တော် ရဲမက်ဗိုလ်ပါတို့အရည်အသွားကိုလည်း သိတော်မူ၏၊ အရည်အလျောက်လည်း အထိုက်အလိုက် သူကောင်း ပြုတော်မူသဖြင့် စုံမက်ချစ်ခင်တော်မူလေ၍၏၊ ပြည်သူတို့အား လည်း ဝမ်းထွက်သားကဲ့သို့ သနားတော်မူသဖြင့် သိမ်းဝိုက် မစတော် မူတတ်၏၊ စိတ်သဘောနလုံး သန့်ရှင်း စင်ကြယ်တော်မူသဖြင့် အယဉ်အကျေး အသိမ်အမွေ့ကိုလည်း ကြိုက်နှစ်သက်တော်မူတတ်၏၊ အလုံးစုံ အဋ္ဌာရသသိပ္ပဟူသော အတတ်မျိုးတို့ကိုလည်း လေ့လာတတ်ကျွမ်း သိမြင်တော်မူ၏၊ ယင်းသည့် အဋ္ဌာရသသိပ္ပတို့တွင်လည်း ဆင်ကြွန်,မြင်းကြွန်,ပန်းချီ,ပန်းပု အတတ်မျိုးတို့ကိုမူကား သူမတူအောင် တတ်မြောက်တော်မူ၏၊ လှုဒါန်း ပေးကမ်းစွန့်ကြဲခြင်းစသည်တို့၌လည်း လွန်လွန်ရမ်းရမ်း ရှိတော်မူ၏။

ပြုတော်မူသော ကောင်းမှုတော်ကား····မင်းကွန်း ပုထိုးတော်ကြီး မြောက် ရောဝတီ မြစ်ကမ်းနဖူး ဆင်ဖြူတက်ဆိပ်တွင် တောင်စဉ်ခုနစ်ထပ် အထက် အာလိန်ငါးဆင့်ခံ လိုဏ်မုတ်စောင်းတန်းပါ ရှင်ဖြူဘုရား၊ စစ်ကိုင်းမြို့ စကုမော်အထက် မြစ်ကမ်းထိပ်တွင် အောင်ချောဇိန ရွှေဘုံသာစေတီတော်၊ စစ်ကိုင်းမြို့ ရာဇမဏိစူဠာစေတီတော် အရှေ့တောင်ယွန်း လောကချမ်းသာ စေတီတော်၊ သီဟတောစေတီတော် ပျက်စီးသည်တွင် ဘိုးတော်မင်းတရားကြီး ပြင်ဆင် ကျောက်ထပ်၍ မပြီးမပြေသည်ကို ထပ်မံ ပြင်ဆင်သည့် ကုသိုလ်တော်၊ ကြက်ယက် နှစ်တောင်ဘုရားနှစ်ဆူကို ပြင်ဆင်သည့် ကုသိုလ်တော်၊ ရွှေဆပ်သွားဘုရားကို ပြင်ဆင်သည့် ကုသိုလ်တော်၊ မန္တလေးတောင်ပေါ် ဘုရားရှင်နှင့် စောင်းတန်းစရပ် ရေကန်များကို ပြင်ဆင်တည်လုပ် တူးဖော်သည့် ကုသိုလ်တော်၊ စစ်ကိုင်းမြို့ အောင်မြေလောက ဘုရားရှင်တောင် ရောဝတီမြစ်ကမ်းထိပ်တွင် တည်လုပ်သည့် ဥမင်စရပ်နှစ်ဆောင်၊ မဇ္ဈိမတိုက် မဟာဗောဓိပင်သို့ အထူးထူးသော အလှူတော်ကျောက်စာများနှင့် စေလွှတ်လှူဒါန်းသည့် ကုသိုလ်တော်၊ အမရပူရ မြို့တော် အနောက် တောင်ခမည်းတော် အိမ်ရှေမင်း မယ်တော် အိမ်ရှေမိဖုရားတို့ ကောင်းမှုကုသိုလ်တော်ရာ မင်္ဂလာဝေယန်ကျောင်းတိုက်အတွင်း တည်လုပ်တော်မူသည့် မဟာဝိဇယရံသီ စည်းခုံတော်ကြီး၊ ယင်းသည့် စည်းခုံတော်ကြီး အတွင်း မဟာ မေရု မကုဋ ဃဏ္ဍာရာဇာ ခေါင်းလောင်း တော်ကြီး၊ ရတနာပူရအဝန်မြို့ ရွှေနန်းတော် အနောက်တောင် ယွန်းယောင် မဟာ

မြတ်မုနီစေတီတော်အနောက် ကိန်းဝပ်ရန်ဘုံခုနစ်ဆင့် အုတ်ရိုးပြာသာဒ် ကျောက်ဖြူပလ္လင်နှင့်တကွ မဟာသကျသီဟ ရုပ်ပွားတော်၊ ကျောင်းဦး ပြာသာဒ်နှင့်တကွသော ဘုံကျော်မဟာအောင်မြေဘုံသာကျောင်းတော်၊ ထီးလိုင်ရှင်ဘုရားအနီး ကျောင်းဦးပြာသာဒ်နှင့်တကွသော မဟာအောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီး၊ မင်းကွန်းပုထိုးတော်ကြီး အနောက်မြောက်ယွန်းတောင်ယံတွင် မဟာဝေယန်ဘုံသာမည်သော တောရ ဇေတဝန်ကျောင်းတော်၊ အဝမ္မြို့ရွှေစည်းခုံဘုရားအနီး ကျောင်းဦးပြာသာဒ်နှင့်တကွ ရွှေအတိမ္မမ်းမံသော မဟာအောင်မြေဘုံသာ စံကျောင်းတော်ကြီး၊ မြန်အောင်မြို့ မြစ်ကမ်းထိပ်တွင် ထပ်မံ ပြင်ဆင် တည်ထုပ်တော်မူသည့် မြန်အောင်ဘုံသာ စေတီတော်၊ ကုသိုလ်တော် မဟာသကျသီဟ ဘုရားအနီး ကိန်းဝပ်ရန် အုတ်ရိုးပြာသာဒ်နှင့်တကွ မဟာသကျရုံသီကျောက်ဖြူ ရုပ်ပွားတော်ကြီး၊ ရွှေနန်းတော် အနောက်တောင် အလုံဝန်ကြီးကျောင်းတိုက်အတွင်း မြေလပ်တွင်စိုက်ပျိုးပြုစုတော်မူသည့်ဗောဓိပင်တော်၊ ရွှေနန်းတော်အတွင်း စွယ်တော်စင်အနီး ကိုးကွယ်တော်မူသော သကျမုနိရုပ်ပွားတော်၊ သည်မှတပါး ရှေးမင်းတို့တည်ထားပြုစုကိုးကွယ်သော လောကချမ်းသာဘုရား, ရတနာမဉ္ဇူဘုရား, ရွှေမုဋ္ဌောဘုရား, ရွှေစည်းခုံဘုရား, မာရဇိန်အောင်ရတနာဘုရား, ရွှေယင်းရဲဘုရား, သက်တော်ရဘုရားမှစ၍စေတီပုထိုးပေါင်းများစွာနှင့်အောင်ပင်လယ်ကန်တော်၊ နန္ဒာကန်တော်၊ တောင်ဘက်ကိုးခရိုင် ကျောက်ဆည်တော်၊ မတ္တရာကျောက်ဆည်တော် စသော ကန် ချောင်း ဆည်မြောင်းများကို ကံကျွးထက္ခဝေတော် ပေးအပ်၍ ထပ်မံပြင်ဆင်တည်ထုပ်တော်မူသည်ကား များ၏။

ဤသို့သော ကျေးဇူးဂုဏ်အပေါင်းတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်လျက် ကျန်းခန္ဓသာယာတော်မမူသည်နှင့် ပြည်ရေး ရွာမှုများကို ကြည့်ရှုတော်မမူနိုင်သောကြောင့် ပြည်ရွာမငြိမ်မဝပ် ဖြစ်သဖြင့် တိုင်းနိုင်ငံ အလုံးကိုညီတော်အား နှင်းအပ်တော်မူ၍ ရွှေနန်းစည်းစိမ်တော်မှ လွဲပြောင်းတော်မူရသည်။

သားတော် သမီးတော်တို့ကား....အိမ်ရှေစံတော်မူစဉ် ဘထွေးတော် ပြည့်မင်း သီရိမဟာဓမ္မရာဇာသမီး အိမ်ရှေမိဖုရား သီရိမဟာစန္ဒာဒေဝီတွင် မြင်သည့် သားတော် မဟာသီဟသူရ ဓမ္မရာဇာ-ညောင်ရမ်းမြို့စား တပါး၊ ဖွားမြင်တော်မူ၍ ရက်လည်လျှင် မယ်တော်လွန်သည်။

သီရိပဝရ တိလောက မဟာရာဇိန္ဒာ ရတနာဒေဝိ-မိဖုရားခေါင်ကြီး ထွင် အိမ်ရှေစံစဉ် ဖွားမြင်တော်မူသည့် သမီးတော်-ငယ်ကလွန် တပါး၊ မောင်တော်ပလိုင်းရွာစား ခြောက်နှစ်ရွယ် ကျောက်ပေါက်၍ လွန်သည် တပါး၊ နန်းတက်၍ သက္ကရာဇ် (၁၁၈၃) တထောင့်တရာ့ရှစ်ဆဲသုံးခု ဖွားတော်မူသည့် နှမတော် ရတနာပုံ ပဌမမြို့တည်နန်းတည် ဆဒ္ဒန်ဆင် မင့်းသခင် ပဌမသင်္ဂီယနာတင် ဘဝရှင် မင်းတရားကြီးဘုရား အလယ် နန်းတော် မိဖုရား သီရိပဝရတိလောကမဟာရတနာဒေဝီတပါး၊ ပေါင်း သုံးပါးတည်း။

ဝန်ကြီး သီရိမဟာဥဇနာ သမီး သီရိသန်ဂါမဟေတွင်မြင်သည့် သမီး တော်ဖွားတော်ဖွား-ချည်ပါရွာစား, ငယ်ကလွန်တပါး။

စာရေးကြီး သီရိနန္ဒမိတ် သမီး သီရိ အာသာမဟေတွင် မြင်သည့် သမီးတော် ခင်မင်းမြစ်-ခင်းဦးရွာစား၊ မလွန်မြို့စား သတိုးမင်းရဲရာဇာသား သတိုးမင်းရဲသီဟသူနှင့် စုံဖက်တော်မူသည်တပါး။

ရွှေနန်းရိုးလမိုင်းဝန် မဟာသီရိဥဇနာသမီး မင်္ဂလာရတနာဒေဝီတွင် မြင်သည့်သမီးတော် ခင်မင်းကောက်-မကွေးမြို့စား၊ နန်းတက်၍ ငါးနှစ် ရှိမှဖွားမြင်သည်တပါး၊ သားတော်နှစ်, သမီးတော်ငါး, ပေါင်းခုနစ် ပါးတည်း။

* * *

အမရပူရ ဒုတိယ မြို့တည် နန်းတည် မင်းတရားကြီး

ရွှေထီးရွှေနန်းကို ထိန်းသိမ်းစိုးအုပ်ခြင်း စသည်များ

သီရိဘြိဘဝနာဒိတျာမိပတ် ပဝရပဏ္ဍိတ မဟာဓမ္မ ရာဇာမိ ရာဇာ-- တံဆိပ်နာမံ ခံယူတော်မူသော ဘဝရှင် မင်းတရားကြီး ဘုရား နှစ်,လ-ရှည်ကြာ မကျန်းမာတော်မူ၍ တိုင်းနိုင်ငံသူ ရှင်လူ သတ္တဝါအပေါင်းတို့ ငြိမ်ဝပ် ချမ်းသာရာမရ ဆင်းရဲပင်ပန်းစွာ ဖြစ်ကြသည်နှင့် ရွှေထီးရွှေနန်း တိုင်းကားနိုင်ငံ အလုံးကို ညီတော်မြတ်အား ဆောက်နှင်း လွှဲအပ်တော်မူလျှင် မဟာသီရိသီဟသူရဓမ္မရာဇာ မည်သောညီတော်မင်းတရားသည် သက္ကရာဇ် (၁၁၉၉) တထောင့်တရာ့ကိုးဆဲ့ကိုးခု ကဆုန်လပြည့်ကျော် တဆဲ့နှစ်ရက်နေ့ ဘိုးတော်မင်းတရား, နောင်တော် မင်းတရားတို့ အရိုက်အရာတော်ဖြစ်သော ရွှေထီး ရွှေနန်း တိုင်းကားနိုင်ငံ အလုံးကို တရားသဖြင့် ထိန်းသိမ်း စိုးအုပ်တော်မူပြီးလျှင် တိုင်းနိုင်ငံတော်အတွင်း ပြည်သူ ဆင်းရဲသား ကျွန်တော်မျိုးအပေါင်းတို့ကို အထိတ်အလန့် မရှိ စေရ ငြိမ်ဝပ်ချမ်းသာစွာ ရောင်းဝယ်ဖောက်ကား သွားလာနေထိုင်မြဲနေ ထိုင်ကြရမည့် အကြောင်းနှင့် ရွှေပြည်တော် မြို့တွင်းမြို့ပြင် စေ့နှံ့အောင် မောင်းကြေးနှင်းခတ်တီးစေ၏။

ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း နောင်တော် မင်းတရားကို ရွှေနှလုံးတော် မပင်မပန်းစေရ ခမည်းတော်ကဲ့သို့ နှလုံးသွင်း၍ကျွန်းမာအောင်ပြုစုတော်မူမည်အမိန့်တော်ရှိပြီးလျှင် မပြတ် ကြည့်ရှု ပြုစုတော်မူ၏။

အရပ်ရပ်ဌာနများတွင် အစောင့်အရှောက်ထားခြင်း စသော လုပ်ဆောင်ခြင်းများ

ဝင်းတော်သေးမျက်နှာ ကိုယ်ရံတော် ရွှေမြို့တော် တံခါးအစောင့် အနေမှစ၍ ခန့်ထား စီရင်ရန်ရှိသည်များကိုလည်း ရာဇဝတ်ရေးမြို့မှုလုံခြုံ အောင် ခန့်ထားစောင့်နေစီရင်စေ၏။

မင်းညီမင်းသားမှူးတော်မတ်တော်တို့ကိုလည်း ရှေးအစဉ်ထုံးစံရှိသည့် အတိုင်း သစ္စာတော်ပေးမြဲပေးစေ၏။

နောင်တော်မင်းတရား အပါးမှာ ပြုစုလုပ်ကျွေး ထမ်းရွက်နေသူ မိဖုရား မင်းကိုယ်လုပ်တော်တို့ကိုလည်း သစ္စာတော်ပေးရ၏၊ နိုင်ငံတော်အထွင်း အဝေး အလံ စော်ဘွား, မြို့စား, တပ်ပေါင်းစား, မြို့ဝန်, စစ်ကဲ, မြို့သူကြီးတို့ကိုလည်း သတိုဂတိ အကျိုးအပြစ် သိမြင်သူတို့နှင့် သွေးသောက်စု မြင်းတော်သည် ရွေးချယ်ပြီးလျှင် နေ့ညဉ့် အလျှင် မှတ်စာ မှာစာ ပေးအပ် ခန့်ထားစေလွှတ်၍ တဦးတယောက်မျှ မကြွင်းမကျန် စေရ သစ္စာတော်ခံသောက်စေ၏၊ ရွှာဘဝါးတော်အောက်သို့ ခေါ်၍ သစ္စာတော်ပေးသင့်သူတို့ကိုလည်း သစ္စာတော် ပေးစေ၏။

ဘိသိက်မခံမီအတွင်းမှာလည်း နေ့ ညဉ့် ပဟိုရ်စည်, ပဟိုရ်ခေါင်းလောင်းများကို မလျှောက်မတီးစေရ ရှေးထုံးစံရှိသည့်အတိုင်း နရည်းဆရာနှင့် ဝင်းတော်လေးမျက်နှာ ဝင်းမောင်းများကိုသာ တီးစေရ၏။

နိုင်ငံတော်အတွင်းလည်း သာသနာတော် စည်ပင်ပွင့်လင်း၍ တိုင်းနိုင်ငံသူ ရှင် လူ သတ္တဝါအပေါင်းတို့ ငြိမ်ဝပ်ချမ်းသာစေခြင်းအကျိုးငှာ တိုင်းရေးပြည်မှုမှစ၍ ပြည်သူတို့ တရားစကားအရှက်အတင်ရှိသည်များကို သားတော် အရှေဘက်ကြောင်းချီ ဗိုလ်မှူးသတိုးမင်းဖျားနှင့် ဘထွေးတော် မလွန်မင်းသား မဟာသီရိသုဓမ္မရာဇာတို့ကို ရတနာပူရမြို့ လွှတ်တော်သို့ တက်၍ စီရင်စေ၏။

ယင်းသည့် သတ္တရာဇ်ကဆုန်လပြည့်ကျော်တဆဲ့လေးရက်နေ့ ရတနာပူရမြို့တော် ဆင်မင်းနန်းက ဆဒ္ဒန်ဆင်မင်းကို ဝန်အရာရှိ အကြီးအကြပ် ဆောင်ယောင် ခမ်းနားနှင့်တကွ စံနေတော်မူသည့် စစ်ကိုင်းမြို့ စံနန်းတော်အနီး ရုံးဈေးအရှေ့ ဆောက်ထားရှိသည့် ဆင်မင်းနန်းသို့ ဆောင်ယူထားရ၏။

ယောမြို့ကျေး ရဲထူးတောက ပြည်လေးသင်း အောက်မားတော်များနှင့် အောက်ငင်ခဲ့သည့် အတိုင်းငါးတောင်,အစွတ်ပြင်ပေါ်တတောင်, အသက် တဆဲ့ရှစ်နှစ်ခန့် ဆင်တော်မှာ အရဏာဂိရိ,ကုမုဒဝတီဆင်တော်များထက် အသွေးအမွေး ပတ်ယတ်လက္ခဏာသာသည်ဖြစ်၍ဆင်ဖြူတော်ဖြစ်ကြောင်းနှင့် အောက်မားဝန် မင်းလှမင်းကျော် လျှောက်ထားသည်တွင် ထိုနှစ် နယုန်လဆန်းနှစ်ရက်နေ့ အဝမြို့ဆင်ကျုံးသို့ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား ဗိုလ် ရဲမက် အခင်းအကျင်းနှင့် ဆင်ဖမ်းသဘင် ထွက်တော်မူ၏၊ အောက်မားကျုံးသားတို့ကို ပုဆိုး တရှဉ့ ငါးဆယ်ကျော်, ခေါင်းပေါင်း အုပ်ရေ တဆဲ့ရှစ် သနားတော်မူသည်၊

အောက်မား၀န်ကိုလည်း စိန်တင်လက်စွပ်,ပတ္တမြားတင်လက်စွပ်,ကြောင်တင်လက်စွပ်, စိန်လည်ဆွဲ ဆုပေးတော်မူသည်။

ထိုသတ္တရာဇ် နယုန်လဆန်း လေးရက်နေ့ ဗန္ဓကျိတိုက်ရေမိန်တောကစလင်းခုနစ်သင်း,မင်္ဂလာလေးသင်း အောက်မားတော်များနှင့် အောက်ငင်ခဲ့သည့်အတိုင်းလေးတောင်ကျော်,အစွယ်ပြင်ပေါ် တတောင်ခန့် ဆင်တော်ရောက်သည်ကို ဆင်ကျုံးသို့သွင်း၍ ကျော့ဖမ်းမြကျော့ဖမ်းစေ၏။

ညောင်ရမ်းမင်းက သေနတ်ခေးလုံများကိုဆက်သည်တွင် အဓိန့်တော်ရှိသည်ကား-ညောင်ရမ်း မင်းသားသည် နောင်တော် မင်းတရားသားတော်ဖြစ်၍ ငါလည်း သားတော်အရင်းနှင့် အတူ ထင်မှတ်သည် အဓိန့်တော်ရှိပြီးလျှင် လက်နက် ကိရိယာများကို အကုန်အစင် ညောင်ရမ်းမင်းသို့ ပြန်ပေးတော်မူသည်။

နှမတော် တောင်တွင်းကြီးမင်းသမီး, ပုဂံမင်းသမီး,ရမည်းသင်း မင်းသမီး, ညီမတော်သုံးပါးနှင့် ညောင်ရမ်းမင်းသား, မလွန်မင်းသားတို့ကို ငွေတော်သပြာ နှစ်သောင်းစီ ပေးတော်မူသည်။

မိုးနဲဗိုလ်မှူးခန့်ခြင်း စသည်များ

ရွှေလှံဗိုလ် မဟာ မင်းခေါင်ကျော်စွာသည် နောင်တော်မင်းတရားကျေးဇူး သစ္စာတော်ကို စောင့်သိ ရိုသေစွာ ဖြောင့်ဖြောင့်ရိုးရိုး အမှုတော်ကို ထမ်းရွက်စေသည့် ကျေးရင်း ကျွန်ရင်း ဖြစ်သည်-အဓိန့်တော်ရှိပြီးလျှင် ငွေတော်သပြာတသောင်း ပေးတော်မူပြီးလျှင် မင်းကြီးမဟာမင်းခေါင်ကျော်စွာအမည်နှင့် မိုးနဲဗိုလ်မှူးခန့်တော်မူ၍ မိုးနဲမြို့ရာ ရပ်နေစီရင်စေ၏၊ ဝန်ကြီး မင်းကြီး မဟာမင်းလှဗန္ဓုကျော်ကို စလေမြို့, ပုခန်းငယ်မြို့များကို မြို့စား ပေးတော်မူ၏။

ထိုသတ္တရာဇ် နယုန်လ စလေမြို့ ပုခန်းငယ်မြို့စား ဝန်ကြီး မင်းကြီး မဟာမင်းလှဗန္ဓုကျော်ကိုတောင်တပြင်အရေးအကြောင်းကို ထောက်ပြီးလျှင် စလေမြို့, ပုခန်းငယ်မြို့များက လက်နက်လူသူ ပေးအပ်ခန့်ထား၍ တောင်ဂူမြို့က ရပ်နေစီရင်စေ၏။

ပုသိန်မြို့မှာလည်း မင်းကြီးမဟာမင်းကျော်နော်ရထာကို မြို့၀န်အရာနှင့် ထမ်းရွက်မြဲ ထမ်းရွက်စေ၏။ မင်းတုန်းတောင်စဉ် ခုနစ်ခရိုင်မြို့များမှာလည်း နေမျိုးမဟာကျော်ခေါင်ကို မြို့၀န်အရာနှင့် ထမ်းရွက်မြဲ ထမ်းရွက်စေ၏။

ယောမြို့စား ဝန်ကြီး သတိုးမင်းကြီး မဟာမင်းခေါင်သည် ခမည်းတော်ဘုရား ကျွန်တော်ရင်းဖြစ်၍ ဘိုးတော်မင်းတရား လက်ထက်တော်ကသည် နောင်တော်မင်းတရား လက်ထက်တော်တိုင် ဝန်ကြီးအရာနှင့် ထမ်းရွက်သည့်အတိုင်း ကျေးဇူးသစ္စာတော်မြတ် နှစ်ပါးကို စောင့်ထိန်းသူဖြစ်သည်-အမိန့်တော် ရှိပြီးလျှင် သတိုးမင်းကြီး မဟာမင်းခေါင်ကို အဂ္ဂမဟာသေနာပတိဝန်ကြီး ထပ်၍ ခန့်တော်မူ၏၊ ယောမြို့ကိုလည်း မြို့စားပေးတော်မူ၏။

ဝန်ကြီး မဟာမင်းလှကျော်ခေါင်ကို အမျက်တော်ရှိ၍ ဝန်ကြီးအရာက နုတ်ပြီးလျှင် မော်ဝိမြို့စား လင်းဇင်းသေနတ်ဝန် မဟာသီဟသူ, နေမျိုးလက်ယာကျော်ထင်တို့ကို အဂ္ဂမဟာသေနာပတိ ဝန်ကြီး ခန့်တော်မူ၏။ဝန်ကြီး နေမျိုးလက်ယာကျော်ထင်ကို မင်းကြီးမဟာကျော်ထင်အမည် ပေးတော်မူ၏။

အိမ်တော်ပါ အတွင်းဝန် မင်းလှနော်ရထာကို မင်းကြီးမဟာမင်းလှနော်ရထာအမည်နှင့် အတွင်းဝန် ခန့်တော်မူ၏။

ဟံသာဝတီဝန်ကြီးသတိုးမင်းရဲရာဇာမှာလည်း အမှုအပြစ်မရှိ အရေးတော်အတွင်း အကျဉ်းခံနေရသူ ဖြစ်သည့်-အမိန့်တော်ရှိပြီးလျှင် သတိုးမင်းရဲရာဇာအမည်နှင့် အတွင်းဝန် ခန့်တော်မူ၏။

နောင်တော်မင်းတရား ဆံတော်ဆင့် မဟာမင်းလှမင်းကျော်ကိုလည်း အိမ်တော်ပါ အတွင်းဝန် မင်းကြီးမဟာမင်းလှနော်ရထာ, နေမျိုးဇေယသူတို့နှင့်ဖက်၍ အတွင်းဝန် ခန့်တော်မူ၏။

စည်ပုတ္ထရာဗိုလ် မဟာမင်းထင်မင်းခေါင်ကို ရှေဝင်းမှူး,နောင်တော်မင်းတရား ကျွန်တော်မျိုး လက်စွဲတော်ခေါင်း မဟာမင်းလှမင်းထင်ကို လက်ယာဝင်းမှူး, နေမျိုးဇေယသူကို မင်းကြီးမဟာရန်ဝူးသီဟသူ-အမည်နှင့် လက်ဝဲဝင်းမှူး, သာယာဝတီစစ်ကဲ ငနောင်ကို မင်းကြီးမဟာမင်းခေါင်အမည်နှင့် နောက်ဝင်းမှူး ခန့်တော်မူ၏။

နောင်တော်မင်းတရားလက်ထက် ဝန်ထောက် မဟာမင်းလှသီဟသူကို ဝန်ထောက်အရာနှင့် မြင်းစုံကြီးဝန်, မင်္ဂလာအိမ်တော်ပါ ကျွန်တော်ရင်း မဟာမင်းလှကျော်ထင်ကို ဝန်ထောက်အရာနှင့် နောက်တော်ပါ မြင်းဝန်ခန့်တော်မူ၏။

စာရေးကြီး နေမျိုးမင်းလှရာဇာကိုလည်း ဝန်ထောက် မဟာမင်းလှသီဟသူ, မဟာမင်းလှကျော်ထင်တို့နှင့်ဖက်၍ ဝန်ထောက်ခန့်တော်မူပြီးလျှင် ဟံသာဝတီရန်ကုန်မြို့က ရပ်နေစီရင်ရာ၏။

မြောက် ဒဝယ်ဗိုလ် မဟာမင်းလှသီဟသူကိုထည်း မြောက်ဖက်သို့ထွက်တော်မူစဉ် ငါးထပ် ဝဇ္ဇုဝန် ဘုရားတွင် ငါမှာတော်မူသမျှကို မကြွင်းမကျန် နောင်တော်မင်းတရားမှာ တင်လျှောက်၍ သစ္စာစောင့်သူ ဖြစ်သည်-အမိန့်တော်ရှိပြီးလျှင် စားရင်းထန်းတပင်မြို့နှင့်တကွ သူရဲဝန်၊ အိမ်တော်ပါ ဘဏ္ဍာစိုး မင်းလှမင်းခေါင်ကိုလည်း မင်းကြီးမဟာမင်းခေါင်အမည်နှင့် ရွှေတိုက်ဝန်၊ နောင်တော်မင်းတရားလက်ထက် အတွင်းဝန် မင်းကြီးအတုလမဟာသီဟသူကို တရားသူကြီး၊ ငကြွယ်ဝကို နေမျိုးမင်းလှဇေယျသူအမည်နှင့် ရွှေမြို့တော်ဝန်၊ ငကြွက်ကို မင်းကြီးမဟာရာဇသင်္ကြိအမည်နှင့် ခင်မမင်းဝန်၊ မင်္ဂလာအိမ်တော်ပါ ဆင်အုပ် ငကလေးကို မဟာမင်းကျော်မင်းထင် အမည်နှင့် ဆင်ဝန်၊ မင်္ဂလာအိမ်တော်ပါ မြင်းတော်ခံငရွှေနီကို မဟာမင်းလှသန်ယာအမည်နှင့် စီးတော်မြင်းဝန်၊ မင်္ဂလာအိမ်တော်ပါ ပုဏ္ဏားဝဏ္ဏဇေယျပြဟ္မာကို ပုဏ္ဏားဝန်၊ နောင်တော်မင်းတရားလက်ထက် အောက်မားဝန် မဟာမင်းလှမင်းကျော်ကို မဟာမင်းလှမင်းကျော်အမည်နှင့် ထပ်၍ အောက်မားဝန်၊ မဟာသီရိဥဇနာကိုထပ်၍ ရွှေနန်းရိုးလမိုင်းဝန်၊ဆင်မင်းနာခံ ငမင်းကို မဟာသူရသန်ယာအမည်နှင့် ဆဒ္ဒန်ဆင်မင်းဝန်၊ မဟာကျော်ထင်ကို အာသည်ဝန် ခန့်တော်မူ၏။

ထိုမှတပါး၊လည်း ရိုးရင်းဘက် ရဲဘော် ကျွန်တော်များ မင်္ဂလာ အိမ်တော်ပါ အမှုထမ်း အရာထမ်းတို့ကိုလည်း အရည်အလျောက် ဘွဲ့အမည် အရာအထူး စားကျေးအထိုက်အလိုက် ပေးတော်မူသည်။ နောင်တော်မင်းတရား သူကောင်းပြုတော်မူသည့် အမှုထမ်း အရာထမ်း တို့ကိုလည်း အရည်အလျောက် ရွေးကောက် စိစစ်တော်မူ၍ စားကျေးမြို့ရွာ အရာအထူး အထိုက်အလိုက် ပေးတော်မူ၏။

သက္ကရာဇ် (၁၁၉၉) တထောင့်တရာ့ကိုးဆွဲကိုးခု နယုန်လဆန်းဆယ်ရက် စနေနေ့ နံနက်တချက်တီးကျော်၊ တနာရီ၊ ပါတ်ပြည့်၊ဆယ်ဗိဇနာ၊ ပြန်ပြည့်၊ ခရာပြည့် မေထုန်လက်၊ကုံစန်း၊ပြိဿထွင် တနင်္ဂနွေ,သောကြာ၊ မိဿထွင် ဗုဒ္ဓဟူး, ရာဟု၊ သိဟ်ထွင် အင်္ဂါ, ကြာသပတေး၊ တူထွင် စနေ၊ ကောင်းမြတ်သော မင်္ဂလာအခါတော်၌ နံတော်၏ ဂဟပတိအရပ် ဖြစ်

သော ဇေယျာပူရ စစ်ကိုင်းမြို့ စံနန်းတော်မြောက် တာတရာကွာအရပ်၌ သင်္ကြန်တန်ဆောင်း, ဝတ်လဲတန်ဆောင်း, ရေထားတန်ဆောင်း, ပရိတ်နာတန်ဆောင်းမှစ၍ ဆောက်လုပ်ပြီးပြေသည်ကို ဘဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရား မင်းမိဖုရား သားတော် သမီးတော် မင်းညီမင်းသား မှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူး အပေါင်း ခြံရံလျက် ထွက်တော်မူ၍ မဟာမင်္ဂလာသင်္ကြန် ခေါ်တော်မူသည်။ အရှင်မိဖုရားခေါင်ကြီးမှာ ယင်းသည့်လဆန်း တဆဲ့တရက်နေ့ စံနန်းတော် အနောက်တွင် သင်္ကြန်တော်ကြီးနည်းအတိုင်း သင်္ကြန်ခေါ်တော်မူသည်။

ထိုနေ့ စံနန်းတော်ဦးတွင် သုံးထပ်တန်ဆောင်း ဆောက်လုပ်စေပြီးလျှင် လက်သုံးတော်ဓားများကို တရော်ကင်ပွန်းရည် ရေမျိုး ခုနစ်ပါး တို့နှင့် ဆေးကြော၍ ဂါထာမန္တန် ရွတ်မန်း စေပြီးလျှင် သံဃာတော် ရှစ်ပါး ပရိတ်ရွတ်မှုန်း၍ ဓားသိမ်းတော်မူသည်။

ထိုသင်္ကြာဇ် နယုန်လဆန်း တဆဲ့နှစ်ရက် တနလ်ာနေ့ နံနက် လေးချက်တီးကျော် ငါးနာရီ၊ နှစ်ပါဒ်၊ ဆယ်ဗီဇနာ၊ ပြန်ပြည့်၊ ခရာပြည့်၊ ဖြိုဿတွင် လက်, တနင်္ဂနွေ, ဗုဒ္ဓဟူး, ရာဟု၊ ကုံတွင်စန်း၊ သိဟ်တွင်အင်္ဂါ၊ ကြကဋ္ဌတွင် ကြာသပတေး၊ မိဿတွင်သောကြာ၊ တူတွင်စနေ၊ ကောင်းမြတ်သော မင်္ဂလာအခါတော်၌ ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီး ဘုရား, အရှင်မိဖုရားခေါင်ကြီး ဘုရား, မင်းမိဖုရား, မင်းညီမင်းသား မှူးဘော်မတ်တော် ဗိုလ်မှူးတပ်မှူး အပေါင်းနှင့်တကွ ကြည်းဘက် ရေဘက် စစ်အင်္ဂါလေးပါး ခင်းကျင်းပြီးလျှင် ရတနာပူရမြို့သို့ ကူးတော်မူ၍ လွှတ်တော်သို့ တက်ပြီးလျှင် မြို့နန်းကို သိမ်းတော်မူသည်။

ရွှေနန်းတော်အတွင်း တန်ဆောင်းသုံးထပ်နှင့် ကောင်းမွန်စွာ နောင်တော်မင်းတရား ပင့်ထားကိုးကွယ်တော်မူသော ရှင်ဖြူဘုရား, ရှင်လှဘုရား, ကွမ်းရွာရွှေတံတိုင်းဘုရား, သီဟတောဘုရားရှင်များကို လွှတ်တော်တွင် စင်ယျဉ်နှင့် ကောင်းမွန်စွာပင့်ထား၍ ရှိခိုးပူဇော်တော်မူသည်။

ဘေးလောင်းတော် ဘိုးလောင်းတော်တို့၏ မင်း ရပ်တုတော်များကိုလည်း လွှတ်တော်တွင် မြတ်သော သီဟာသနပလ္လင်ထက် တင်၍ ရှိခိုးပူဇော်တော် မူပြီးလျှင် ထွက်တော်မူသော တပ်စဉ်အတိုင်း စစ်ကိုင်းမြို့စံနန်းတော်သို့ ဝင်တော်မူသည်။

* ဤအရာ၌ အဝဘက်သို့ကူးတော်မူ၍ လွှတ်တော်သို့တက်ပြီးလျှင် မြို့နှန်း သိမ်းတော်မူသည့် ထရက်များကို ဝက်မစွတ်မြို့စား အနဝဒေးစပ်ဆိုသည့် ရဲတင်း မော်ကွန်းတွင်.... "ကိုးဆဲ့ကိုးနှစ်၊ သတ္တရာဇနယုန်၊ ကျော်ဟုန်ဆန်းတက်၊ ဆဲ့နှစ်ရက်၌၊ သန်လျက်ကျွန်းဦး၊ ကူးပြန်သဘင်၊ ထွက်စံရွှင်သည်။ ။ရင်ပြင်လွှတ်ညှာ လျှံညီးတည်း။
ဟူ၍ မူဟောင်းမူကောင်းတို့၌ စပ်ဆိုရှိသည်ကို....ကိုးဆဲ့ရှစ်နှစ်၊ သတ္တရာဇကဆုန်၊ ကျော်ဟုန်ပြည့်ထွက်၊ ခုနစ်ရက်၌၊ သန်လျက်ကျွန်းဦး၊ ကူးပြန်သဘင်၊ ထွက်စံရွှင်သည်" ဟု အကူးအရေး မှားယွင်းသောကြောင့် အချို့သူတို့ ခုရက်လွဲသည်ထင်မှတ်ကြလေသည်။ ။ဤကား စကားချပ်ထည်း။

ယင်းသည့် လဆန်းတဆဲ့လေးရက်နေ့ မင်္ဂလာအိမ်တော်ပါ၊ သပြေလှတောရ ဇမ္ဗူပွင့်လင်း ဆင်တော်ကို ခေါင်းဆေးမင်္ဂလာ ပြုပြီးလျှင် အခါတော်အတိုင်း စံနန်းတော်ဦးတွင် အစွယ်လှစေသည်။

သဲအင်းဆရာတော်ကို သာသနာပြုအပ်တော်မူ၍ ဆရာတော်များကို တံဆိပ်လှူတော်မူခြင်း စသည်များ

ယင်းသည့် လပြည့်ကျော် တဆဲ့သုံးရက်နေ့ မင်္ဂလာအိမ်တော် စံတော်မူစဉ် ကိုးကွယ်တော်မူရင်း ဖြစ်သော ပုခန်းကြီးမြို့ သဲအင်းရွာဇာတိ သဒ္ဓမ္မဝံသာဘိ သီရိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု- ဆရာတော်ကြီးသည် ပရိယတ်, ပဋိပတ်, ပဋိဝေဓတည်းဟူသော သာသနာအစိုးအပွား များစေကြောင်းကို ဖြည့်စွမ်းရွက်ဆောင်တော်မူသည်၊ အကျင့်အာစာရ သီလဝိသုဒ္ဓိ သမာဓိဝိသေသဂုဏ်နှင့်ပြည့်စုံ၍ ကိုးကွယ်တော်မူသည်၊ သက်တော်ကြီး ဝါတော်ကြီး ပုဂ္ဂိုလ် သူမြတ်လည်းဖြစ်သည်-အဓိန္ဒတော်ရှိပြီးလျှင် သဲအင်းဆရာတော်ကြီးကို သာသနာပြု အပ်တော်မူ၍ "သူရိယဝံသာဘိသီရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု-" ဟူသော တံဆိပ်ကို လှူတော်မူ၏။

ထိုနေ့တွင် သာသနာပြု ဆရာတော်ကြီး တပည့် ပရိယတ်, ပဋိပတ်, သတ္တိဗျတ္တိနှင့်ပြည့်စုံသော သံဃာတော်တကျိပ်နှစ်ပါးကိုလည်း စစ်ကိုင်းမြို့ စံနန်းတော်သို့ ပင့်တော်မူပြီးလျှင် ခင်မကန် ဆရာတော်ကို မင်္ဂလာတာလင်္ကာရ မဟာဓမ္မ ရာဇာဓိရာဇဂုရု။ ထီးလင်း ဆရာတော်ကို ဝိရိယာဘိဝံသ မဟာဓမ္မ ရာဇာဓိရာဇဂုရု။ ကွမ်းစိုက် ဆရာတော်ကို ပုညာရန္ဓာဘိဝံသ မဟာဓမ္မ ရာဇာဓိရာဇဂုရု။ မောင်းထောင် ဆရာတော်ကို ဥယျောဓမ္မာလင်္ကာရ မဟာဓမ္မ ရာဇာဓိရာဇဂုရု။ ယင်းတော်ဆရာတော်

ကို ကေသရဝံသာဘိ မဟာဓမ္မရာဇာဓိရာဇဂုရု။ နေရင်း ဆရာတော်ကို ဇမ္မူဒီပဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု။ ဒီပင်္ကရဆရာတော်ကို ဝိဇယာလင်္ကာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု။ မိတ္ထိလာ ဆရာတော်ကို ဥတ္တမစက္ကိန္ဒဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု။ ထိန်းနဲ ဆရာတော်ကို ပညာလင်္ကာရဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု။ မိကျောင်းရဲဆရာတော်ကို ဝိစာရိန္ဒာဘိဝံသ မဟာဓမ္မရာဇဂုရု။ မိုးညှင်းဆရာတော်ကို နရိန္ဒာဘိသီရိဓဇ မဟာဓမ္မရာဇဂုရု။ လယ်ကိုင်းဆရာတော်ကို ဇုန္ဒာဘိစက္ကဓဇ မဟာဓမ္မ ရာဇဂုရု-ဟူသော တံဆိပ်ကို လှူတော်မူသည်။

မင်းတိုင်ပင် အမတ်ပညာရှိတို့က သက္ကရာဇ် တထောင့်တရာ့ကိုးဆဲ့ကိုးခု ကဆုန်လ-ရက်သုံးဆယ်, နယုန်လ-ရက်သုံးဆယ်, ပဌမဝါဆိုလ ရက်သုံးဆယ်, ဒုတိယဝါဆိုလ ရက်သုံးဆယ်, လေးလရက်စုံသတ်၍ ဝါထပ်သင့်ကြောင်းနှင့် လျှောက်ထားသည်ကို ရဟန်းသံဃာတော်တို့ဥပုသ်ပဝါရဏာဝါဆိုဝါကပ်မှုမျှားမှာ ရေမြေကို အစိုးရသော မင်းကောင်းကိုမှီ၍ ရွက်ဆောင်ကြရသည်၊ (၁၁၉၉) တတောင့်တရာ့ကိုးဆဲ့ကိုးခု ဒုတိယဝါဆိုလပြည့်ကျော် တရက်နေ့ ရဟန်းသံဃာတော်တို့ကို ပုရိမဝါကပ်သင့်ကြောင်းနှင့် ရှေးပြည်တော်မှစ၍ နိုင်ငံတော်အတွင်းသိတင်းသုံးနေသည့် ဆရာတော် သံဃာတော်တို့ တည်ငြိတည်တွင်တည်း ဝါကပ်ဆိုစေမည့်အကြောင်းကို သာသနာပြုဆရာတော်ကြီးမှာ လျှောက်ထား၍ အဝေးမြို့ဝန် စော်ဘွားမြို့စား သူကြီး ခေါင်းအကြီးတို့ကို စေ့ခန်အောင်ပေးအပ် ဆင့်ဆိုရ၏။

ဆဒ္ဒန်ဆင်မင်းကိုလည်း ဘိုးတော်မင်းတရား, နောင်တော်မင်းတရားတို့လက်ထက် သူကောင်းပြုတော်မူသည့်နည်း လယ်ကိုင်းမြို့ကို အသုံးကံကျေးခံ ပေးတော်မူသည်။

နန်းမတော် မိဖုရားခေါင်ကြီးကိုပန်းတောင်းမြို့, ရွှေကျင်မြို့, တောင်ငူမြို့နှင့် တောင်ငူမြို့ ငွေခွန်တော်ဆက် ဟံသာဝတီမြို့ တဆဲ့နှစ်ရပ် အခွန်၊ ခန်းပတ်သည်စ် ခြောက်ရွာငွေခွန်၊ ငပယင်း, အင်းတော်, ရှိမ်းမကားရွာ, မင်းရွာ, အိုရင်းရွာ, ရေကြည်ရွာများကို အသုံးကံကျေးခံ ပေးတော်မူသည်။

နန်းမတော် မိဖုရားခေါင်ကြီးတွင်မြင်သည့် သမီးတော်ကို စစ်ကိုင်းမြို့, မြေထဲမြို့, ကြီခင်းမြို့, ဒလမြို့, သာယာဝတီစံရွှေးလွှတော်, သာယာဝတီဆိပ်များကို အသုံးကံကျေးခံ ပေးတော်မူသည်။

နှမတော် တောင်တွင်းကြီးမင်းသမီး သီရိတိလောကမဟာဆုရတနာဒေဝီကို ပုသိန်မြို့, ကန္ဒီမြို့များကို အသုံးကံကျွေးခံ ပေးတော်မူသည်။ နှမတော် အလတ် ပုဂံမင်းသမီး သီရိမဟာရတနာဒေဝီကို ပုဂံမြို့, ပုပ္ပါးမြို့, ပျဉ်းမနားမြို့များကို အသုံးကံကျွေးခံ ထပ်၍ ပေးတော်မူသည်။ နှမတော် အငယ် ရမည်းသင်း မင်းသမီး သီရိမဟာရတနာ စန္ဒာဒေဝီကို ရမည်းသင်းမြို့, မြင်စိုင်းမြို့များကို အသုံးကံကျွေးခံ ထပ်၍ ပေးတော်မူသည်။

သားတော် တောင်တွင်းချောင်းမင်းသား သီရိမဟာသုဓမ္မ ရာဇာ-ကို တောင်တွင်းချောင်မြို့, ငစဉ့်ကူးမြို့။ သားတော်သတိုးမင်ဖျားကို ပြည်မြို့။ သားတော် သတိုးမင်းစောကို ပုခန်းကြီးမြို့။ သားတော် မြို့ဝန်းတိုက်စား မင်းရဲဇေယျကို မင်းတုန်းမြို့ကို အသုံးကံကျွေးခံ ပေးတော်မူသည်။ သားတော် မြို့မတိုက်စား မင်းသားကို ပန်းထိမ်းမြို့။ သားတော် မောင်တုတ်ကို တထုပ်မြော်မြို့။ သားတော်မောင်ထောင်ကို မင်းတပ်မြို့ကို မြို့စားပေးတော်မူသည်။

ပြည်မင်း-သား မြေးတော်မောင်ဘိုးကို အမြင့်မြို့။ ပုခန်းမင်း-သား မြေးတော်ဘိုးလမင်းကို သရက်မြို့ကို မြို့စားပေးတော်မူသည်။

မော်ဝိမြို့စား, ကျိုင်းဝန် ဝန်ကြီး မဟာသီဟသူသမီးကို စလင်းမြို့ကို မြို့စားပေး၍ မြောက်နန်းထားတော်မူသည်။ သားတော် ပြည်မင်းအဓိကို တောင်ဝိုင်မြို့ကို မြို့စားပေး၍ အလယ်နန်းထားတော်မူသည်။ ရွှေလောင်းတိုက်စားကို ဟင်းသာတမြို့ကို မြို့စားပေး၍ အနောက်နန်း ထားတော်မူသည်။

ခမည်းတော်ဘုရားသမီး မင်းခင်းမင်းသမီး မိမိဘုန်းသစ်ကို မင်းခင်းမြို့။ ဘိုးတော်မင်းတရား လက်ထက် အာသန်မင်းက ဆက်သည့် သမီးကညာကို ဇနီးမော်မြို့များကို ထပ်၍ မြို့စားပေးတော်မူသည်။

ပဒေသာတိုက်စားကို ကျောက်မော်မြို့ကို မြို့စားပေး၍ တောင်ဆောင်တော် ထားတော်မူသည်။ ဟင်းသာတတိုက်စားကို ကနောင်မြို့ကို မြို့စားပေး၍ မြောက်ဆောင်တော် ထားတော်မူသည်။သောင်တင်းတိုက်စားကို မိတ္ထိလာမြို့ကို မြို့စားပေး၍ တောင်ရွှေရေးဆောင် ထားတော်မူသည်။ ရွှေခဲကြီးတိုက်စားကို စကုမြို့ကို မြို့စားပေး၍ မြောက် ရွှေရေးဆောင် ထားတော်မူသည်။ ကိုယ်လုပ်တော် ဘဏ္ဍာစိုးသမီးကို ကျွပင်းမြို့၊ ဆီးပင်လှ တိုက်စားကို ကောလင်းမြို့၊ ဆယ်ရွာ တိုက်စားကို တကောင်းမြို့၊

မိုးဇာတိုက်စားကို ဓနုဖြူမြို့၊ တောင်ညိုတိုက်စားကို မြန်အောင်မြို့၊ မင်းကြီးတိုက်စားကို ခေါင်တုံးမြို့၊ ပေါက်တောကြီး တိုက်စားကို ကျောက်ဆောက်မြို့၊ မြို့တွင်းတိုက်စားကို ယင်းတော်မြို့၊ စလေပုခန်းငယ်မြို့စားဝန်ကြီး သမီးကို ပင်းမြို့များကို မြို့စားပေးတော်မူသည်။

အနောက်နန်းတော်မိဖုရားသမီးတော်ကိုလိုင်မြို့၊မြောက်ဆောင်တော်ကနောင်မြို့စားသမီးတော်အကြီးကို လှိုင်းတက်မြို့၊ ညီမတော်ကို ယင်းခဲမြို့၊ ကျပင်းမြို့စားသမီးတော်ကိုတောင်သာမြို့၊မြန်အောင်မြို့စားသမီးတော်ကို စောလှမြို့ ခေါင်တုံးမြို့စားသမီးတော်ကို ညောင်အုပ်မြို့ များကို မြို့စားပေးတော်မူသည်။

မြေးတော် အမြင့်မြို့စားအမိကို ခဲပေါင်မြို့၊ မြေးတော်သရက်မြို့စားအမိကို ဟင်္သာမော်မြို့များကို မြို့စားပေးတော်မူသည်။

ဘထွေးတော် မလွန်မင်းသားမဟာသီရိသုဓမ္မရာဇာကိုလည်း မလွန်မြို့နှင့်တကွ မက္ခရာမြို့ကို ထပ်၍မြို့စားပေးတော်မူသည်။

ခမည်းတော်ဘုရား သားတော် သီပေါမင်းသား သီရိသု မဟာဓမ္မရာဇာကိုလည်း သီပေါမြို့ကိုထပ်၍ မြို့စားပေးတော်မူသည်။

ဘိုးတော် မင်းတရားကြီးဘုရား သားတော် မြင်ကွန်းမင်းသား မဟာသုဓမ္မရာဇာကိုလည်း မြင်ကွန်းမြို့ကို ထပ်၍ မြို့စားပေးတော်မူ၏။

မော်ဝိမြို့စား ကျိုဝန် ဝန်ကြီး မဟာသီဟသူ၊ စလေမြို့, ပုခန်းငယ်မြို့စား ဝန်ကြီး မင်းကြီး မဟာမင်းလှ ဗန္ဓုကျော်တို့ကို ဗောင်းကတ္တီပါနှီ၊ ရွှေသားပန်းတဆဲ့နှစ်၊ တမာရွက်ထောင် တဆဲ့နှစ်၊ ဘွဲ့သင်းကျစ်တပ်၊ ရွှေနားခွောင်းမီးထွင်း၊ ကတ္တီပါ ဝတ်လုံ ဘဲရံရွှေဖျင်တမိုက်တဆင့်တပ်၊ ဘဲဖြူ ရွှေမြိတ်ရှစ်သစ်၊ ရွှေစလွယ် တဆဲ့နှစ်သွယ်၊ မှောက်တို ရွှေပိန်းရွှေကုံးစိန်ထောင် တဆဲ့နှစ်၊ ရွှေထိပ်ရွှေထွတ်ဌက်မြတ်နား စိန်ပွင့်တဆဲ့နှစ်၊ ပါးကာ, နားကား, ရွှေကာ, နောက်ကာ, မောက်ရှ, ပါလည်ကွေး ကတ္တီပါနှီ ယက်ပြားသတ်၊ မျဉ်းတို့ ကတ္တီပါစိမ်းယက်ပြားသတ်၊ မျဉ်းရှည် ကတ္တီပါနက် ယက်ပြားသတ်၊ ကွမ်းခွက်, လက်ဘက်အိုး, တကောင်းဝိတ် ရှစ်ထောင့် ပယင်းတပ်၊ ကွမ်းလိပ်သုံးမြွာ ပယင်းတပ်၊ မိုးကြိုးထွေးအင်၊ ကတ္တီပါနှီအုံးဝန်း၊ ရွှေပေခမောက်၊ ဓားခွေးမ-ခွေးငယ် နောက်ဝိတ် ပတ္တမြားစီ၊ အိမ်မည်းသရီမွမ်း သံပတ်ခုနစ်တန့်ပတ္တမြား

စီ၊ ရင်းဖျားသက္ကဒါန်လေးသစ်ခံ ပတ္တမြားစီ၊ ဆွဲကြိုးပုဒယက် ကန်တော့လက်ပံကွင်း အနား ပတ္တမြားတရစ်စီ၊ ဆောင်ဝေးမိုးကြိုးဆင်သက္ကလတ် အိတ်နီသွတ်၊ ထီးနီရွှေညောင်ရွက် သုံးဆင့်, ညောင်ရွက်ရေ သုံးဆွဲ ခြောက်၊ အချက်အထွတ်ရွှေ၊ အရိုးရွှေကြိုဆစ်၊ကျိုင်းနှစ် အချက်အထွတ် ရွှေ, အအုံအရွက်အရိုး အနီသုတ်၊ ထမ်းစင်ခွက်ခါးပန်းစက်ရှစ်ထောင့်, အတွင်းကြာချက်ကြယ်ကြာနတ်ဆင့်,ကမ္ဘတ်လေးရွက်,မှော်အကြားဆံပွင့် ကြက်ရင် ကုလားပန်း, ကျေးစေတိုင် အဖြေမြင်းနား အုံးတားဘက်ဝန်း၊ မြင်းမိုရ်ကျေးစေတိုင်၊ဘိနပ် ကုလားပန်း အိမ်အတွင်းညောင်ရွက်,အနားမန်းကျည်းရွက်, ဖောင်းထိပ်သံပွင့်, ပန်းလှကြာ, အတွင်းညောင်ရွက် အနား မန်းကျည်းရွက်အနီ၊ မြင်းကကိုင်း ညောင်ရွက်ခုနစ်၊ သမ္ဘာခွံရက်ဖောက် ကတောင်ဆွဲ၊ ဇက်ပါးကာ ရွှေဝါဝိန်းနင်းနှင်းသိပ်၊ အိမ်မြောင်ရင်ပတ်ကွင်း ငွေဇဝါ၊ ကတောင်ရွှေရေး စာမရိရုပ် ပန်းခက်ကိုက်၊ အနားသံလေးသစ် ရွှေပိန်း၊ ဦးခက်ထိပ်ဆောင်မြီးပျမ်း ရင်ပတ် ကတ္တိပါကြိုး ရွှေကြယ်တပ်၊ စိန်ဒိုးသက္ကဒါန်၊ ကတ္တိပါတင်ရန်း၊ ဆက်ရှန်းသုံးဆင့်၊ ဆင်ပေါင်းဝန်း အချက်အထွတ်ရွှေ, အမိုးရွှေနှစ်စု အနီတစု, ကတောင်ရွှေပြည့်ရေး၊ ကခွက် ရွှေနှစ်စု အနီတစု, ရဲကခွက် ရွှေနှစ်စု အနီတစု, ကတောင် ရွှေပြည့်ရေး၊ အလံကျည် လုံကျည် ရင်းဖျား ရွှေတမိုက်၊ ဆင်ကြိုးသက္ကလတ် ဘဲကွပ်၊ စည်နိကိုး၊ စည်ပုတ်တစ်၊ ပုံသာတစ်၊ ငွေနဲကြိုးတစ်၊ ငွေနဲငယ်နှစ်၊ ခရာတစ်၊ လင်းခွင်းတစ်၊ လှော်ကား ခိုနန်းငှက်ပျံချပ် အလယ်နှစ်မိုက်လှပ်၊ ဆံထုံးပရိတ်ချည်သုံးဆင့်၊ ဦးပဲ့တဘက်၊ ပဲ့ဘီးဒုယင် အနီ အမအထွတ် ဝတ်ဆံ ရွှေ၊ ညောင်ရွက် ရွှေထည့်၊ လုလင်တိုင် အနီ အဖြေပန်းဆုပ်၊ ပုံတိုင်လက်ခတ်အနီ၊ အလံဘဲအနီ၊ အသွတ်ရွှေ၊ အလံရိုးအလံကျည် အနီသုတ်၊ ခဲကြိုးငွေကန်တော့၊ အောင်းနီ ဦးတပွင့် ပဲ့နှစ်ပွင့်၊ တက်မအနီ၊ လှော်တက်ဖြူ၊ ခင်ဒုယင်အမိုးအုံနီ, မှုတ်ရိုးထောက်အနီသုတ်၊ လက်ရန်းအဖြေ ပန်းဆုပ်အနီ၊ ပွတ်လုံးအနီသုတ်၊ အိမ်သုံးဆက်၊ အိမ်ခြံမြင်း ကြမ်းယက်ကမ္ဘတ်သတ်၊ ဆောင်းထီးရွှေပိန်း၊ တိုက်ဆင်လေးဆယ် ပေးတော်မူ၏။

ဗန္ဓကျိတိုက်ဝန် မင်းကြီး မဟာသီဟသူ, မိုးနဲဗိုလ်မှူး မင်းကြီးမဟာမင်းခေါင်ကျော်စွာတို့ကိုဗောင်းကတ္တိပါနီ ရွှေသားပန်းတဆွဲနှစ်၊ တမာရွက်ထောင် တဆွဲနှစ် ဘွဲ့သင်းကျစ်တပ် ရွှေနားခွောင်းဗီးထွင်း၊ ကတ္တိပါ

ဝတ်လုံ ဘဲရံ ရွှေဖျင် တဖိုက်တဆင့်တပ်၊ ဘွဲ့ဖြူရွှေမြိတ် ရှစ်သစ်၊ ရွှေ စလွယ်တဆွဲနှစ်သွယ်၊ မောက်တိုရွှေပိန်းရွှေကုံးစိန်ထောင် တဆွဲနှစ်၊ရွှေ ထိပ်ရွှေထွတ် ငှက်မြတ်နား စိန်ပွင့် တဆွဲနှစ်၊ ပါးကာ,နားကာ, ရွှေကာ နောက်ကာ, မောက်ရှ, ပါလည်ကွေး ကတ္တီပါနီယက်ပြားသတ်၊ မျဉ်းတို ကတ္တီပါစိမ်း ယက်ပြားသတ်၊ မျဉ်းရှည် ကတ္တီပါနက် ယက်ပြားသတ်၊ ကွမ်းခွက်, လက်ဘက်အိုး, တကောင်းပိတ် ရှစ်ထောင့်ပယင်းတပ်၊ ကွမ်း လိပ်သုံးမြှောပယင်းတပ်၊ မိုးကြိုးထွေးအင်၊ ကတ္တီပါနီအုံးဝန်း၊ ရွှေပေ ခမောက်. ဓားခွေးမခွေးငယ်နောက်ပိတ် ပတ္တမြားစီ၊အိမ် မည်းသရီမွမ်း သံပတ်ခုနစ်တန့် ပတ္တမြားစီ၊ ရင်းဖျား သတ္တဒါန်လေးသစ်ခံ ပတ္တမြားစီ၊ ဆွဲကြိုးပုဒယက်ကန်တော့ လက်ပံကွင်း အနားပတ္တမြားတရစ်စီ၊ ဆောင် ဓားမိုးကြိုးဆင် သတ္တလတ်အိတ်နီသွတ်၊ ထီးနီ ရွှေညောင်ရွက် သုံးဆင့်, ညောင်ရွက်ရေသုံးဆဲခြောက်, အချက်အထွတ်ရွှေ၊ အရိုး ရွှေကြီဆစ်၊ ကျိုင်းနှစ် အချက်အထွတ်ရွှေ၊ အအုံအရွက် အရိုးအနီသုတ်၊ ထမ်းစင် ခွက် ခါးပန်းစက် ရှစ်ထောင့်၊ အတွင်း ကြာချက်ကြယ် ကြာနုတဆင့် ကမွတ်လေးရွက်, မှော်အကြားသံပွင့်,ကြက်ရင်ကုလားပန်း၊ အိမ်အတွင်း ညောင်ရွက်,အနားမန်းကျည်းရွက် ဖောင်းထိပ်သံပွင့် ပန်းလှကြာအတွင်း ညောင်ရွက်, အနား မန်းကျည်းရွက်၊ မြင်းကိုင်း ညောင်ရွက် ခုနစ်၊ သမ္ဘာရာခွံ ရက်ဘောက်ကတောင်ဆွဲ၊ ဇက်ပါးကာရွှေဇဝါဝိန်း နင်းနှင်း ထိပ်၊ အိမ်မြောင်ရင်ပတ်ကွင်း ငွေဇဝါ, ကတောင်ရွှေရေးစာမရိုရပ်ပန်း ခက်ကိုက် အနားသံလေးသစ်ရွှေဝိန်း၊ ဦးခက် ထိပ်ဆောင်းမြိုးပျမ်း ရင် ပတ်ကတ္တီပါကြိုးရွှေကြယ်တပ်၊စိန်နီးသတ္တဒါန်၊ ကတ္တီပါတင်ရန်း၊ ဆက် ရွှန်းသုံးဆင့်၊ ဆင်ပေါင်းဝန်း အချက်အထွတ်ရွှေ၊ အမိုးရွှေနှစ်စု အနီ တစု ကတောင်ရွှေပြည့်ရေး၊ ကခွက်ရွှေနှစ်စု အနီတစု၊ ရဲကခွက် ရွှေ နှစ်စု အနီတစု ကတောင်ရွှေပြည့်ရေး၊ အလံကျည်လုံကျည် ရင်းဖျားရွှေ တဖိုက်၊ ဆင်ကြိုးသတ္တလတ်ဘဲကွပ်၊ စည်နိုကိုး၊ စည်ပုတ်တစ်၊ပုံသာတစ်၊ ငွေနဲကြိုးတစ်၊ ငွေနဲငယ်နှစ်၊ ခရာတစ်၊ လင်းခွင်းတစ်၊ လှော်ကားခိုနန်း ငှက်ပျံချပ်၊ အလယ်နှစ်မိုက်လှပ်၊ ဆံထုံးပရိတ်ချည်သုံးဆင့်၊ ဦးပဲ့တဘက်၊ ပဲ့ဘီးဒုယင်အနီ၊ အမအထွတ်ဝတ်ဆံရွှေ၊ ညောင်ရွက်ရွှေထည့်၊ လုလင် တိုင်အနီ အပြေပန်းဆုပ်၊ ပုံတိုင်လက်ခတ်အနီ၊ အလံအနီ အထွတ်ရွှေ၊ အလံရိုး အလံကျည် အနီသုတ်၊ ခဲကြိုးငွေကန်တော့၊ အောင်းနီ ဦးတပွင့်, ပဲနှစ်ပွင့်၊ တက်မအနီ၊ လှော်တက်ဖြူ၊ ခင်ဒုယင်အမိုးအုံနီ၊ မှုတ်ရိုးထောက်

အနီသုတ်၊ထက်ရန်းအဖြေပန်းဆုပ်အနီ၊ပွတ်လုံးအနီသုတ်၊ အိမ်သုံးဆက်၊ အိမ်ခြံမြင်းကြမ်းယက် ကမ္ပတ်သတ်၊ ဆောင်းထီးရွှေပိန်း၊ တိုက်ဆင်လေးဆယ် ပေးတော်မူ၏။

အထူးထူးသော တိုင်းကြီးပြည်ကြီး ထီးဆောင်း မင်းမျာ့းသခင်၊ ရွှေတွင်း, ငွေတွင်း, ၁ထွမြေားတွင်း, ပယင်းတွင်းစသော ရတနာအပေါင်းတို့၏ အရှင်၊ ရတနာပုံ ရွှေပြည်တော်ကြီးကို ရှေးဦးထက်မွန် တည်ထောင် ဘန်ဆင်းတော်မူသော ဆဒ္ဒန်ဆင်မင့်းသခင်, ဆင်ဖြူမျာ့းရှင်, ပဉ္စမသဂ်ါယနာထင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရားထက်တော် အမိန့်တော်မြတ်နှင့် သက္ကရာဇ်(၁၂၂၉) ထထောင့်နှစ်ရာ့နှစ်ဆဲ့ကိုးခု တော်သထင်းလဆန်း ၎ါးရက်နေ့ကစ၍ အထူးထူးသောရတနာတို့ဖြင့် ထင့်တယ်ဆန်းကြယ်စွာသော မှန်နန်းတော်ရွှေ ဇေတဝန်ဆောင်တော်တွင် ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ, မူးမတ်ပညာရှိတို့နှင့် နှိုင်းညှိတိုင်ပင်ပြီးလျှင် အသင့်ယုတ္တိရှိရာ ကျောက်စာ, စာတမ်းစာဟောင်း, မော်ကွန်း, အမိန့်တော်, နေ့စဉ်မှတ်မျာ့းနှင့်အညီ သက်လက်စိကုံး ရေးသားသည့် ဒုတိယမဟာရာဇဝင်တော်ကြီး ပဉ္စမတွဲ ဤတွင်ပြီး၏။

ကျောက်မြောင်းတွင် ယာယီစံနန်းတော် ဆောက်လုပ်စေခြင်း နှင့် မြို့ဝန်ခန့်ခြင်း စသည်မျာ့း

ယင်းသောအခါ ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီး ဘုရားအမိန့်တော် ရှိသည်ကား…နောင်တော် မင်းတရား ရွှေနန်းစည်းစိမ်ကို လွှဲအပ်တော်မူ၍ ရွှေထီးရွှေနန်း တိုင်းခရိုင်နိုင်ငံအလုံးကို ထိန်းအုပ်စိုးစံတော်မူရသည်မှာ မင်းတို့ ရာဇပြကတော့ ဖြစ်သော ထီးဆောင်းမင်္ဂလာမဟာဥကာသ်ဖွင့်ခြင်းမှစ၍ အခမ်းအနား ခန့်ထားလုပ်ဆောင် စီရင်ရန် ရှိသည်မျာ့းကို ရတနာပုရ, ရတနာသိဒ်, အမရပုရ မြို့မျာ့းတွင် မည်သည့် မြို့မှာ ထိုနန်းကနက် စိုက်ဆောက် တည်ထောင် စံနေတော်မူပြီးမှ လုပ်ဆောင် ဆင့်မည်-မသင့်မည်မျာ့းကို အမိန့်တော်ရှိသည်တွင် မင်းညီမင်းသား မူးတော် မတ်တော် မင်းတိုင်ပင်အမတ် ပညာရှိတို့ လျှောက်ထားကြသည်ကား-

ရှေးမဟာသမ္မတစသော ဘုရားအထောင်း မင်းကောင်း မင်းမြတ်တို့သည် ခကောင်းမြတ်သောအခါသမယ စသည်တို့နှင့် စုံညီကြိမ်ကြိုက်လှုက်ထူးကဲမြင့်မြတ်သော နေရာဌာနသို့ ရောက်တော်မူကြသဖြင့် မြို့ပြထီးနန်း စိုက်ဆောက် တည်ထောင်တော်မူပြီးလျှင် ထီးနန်းတက်သိမ်း စံပယ်ခြင်း၊

ခတ္တိယာဘိသေကဖြစ်သောမုဒ္ဓါဘိသိက်ခံခြင်း၊ ထီးဆောင်းမင်္ဂလာမဟာဥကာသ် ဖွင့်ခြင်းစသော မင်းမြောက်ထိုက်ရာသော မင်္ဂလာအခမ်းအနားများကို မရွေးမနှောင်းပြုကြကုန်သကဲ့သို့ ယခုလည်း သက္ကရာဇ်(၁၁၉၉) တထောင့်တရာ့ ကိုးဆဲ့ကိုးခုနှစ် ကဆုန်လ နောင်တော်မင်းတရား အရိက်အရာတော်ဖြစ်သော ရွှေထီးရွှေနန်း တိုင်းကားနိုင်ငံအလုံးကို ထိန်းအုပ်စိုးစံတော်မူရခြင်းသည် သူရဇ္ဇာတ်မှန်တော်ပေါ်ထွန်းရာ အမြတ္တာဓာတ်သို့ ကူးပြောင်းဆန်းဝင်ခြင်း၊ တရာ့နှစ်ဆယ်ရောကိန်း စုတ်ကောလိတ္တင်နှစ်ဆဲ့လေးနှစ်ဆန်း၍ အမြတ္တာတွင်ပင် တနှစ်ခြောက်လ ပျက်ဌဝေပုံရောက်ခြင်းဟူသောအခါများတွင် မြတ်သော ဧကရာဇ်မင်းအဖြစ်သို့ ရောက်တော်မူသည်ကို ရတနာပူရမြို့တွင် ရွှေနှလုံးတော် သန့်ရှင်းတော်မမူ၊ စံကြိုက်တော်မူရာအရပ်တွင် ထီးနန်းမြို့ပြု တည်ထောင်စံနေတော်မူရမည်လည်း မြို့ပြထီးနန်း စိုက်ဆောက်တည်ထောင် စံနေတော်မူရန် ထာဝရကိန်းမရသေးဖြစ်၍ ဘေးလောင်းတော် သိရိမဖွာသောကစသော မင်းတို့သည် လေးနှစ်ပတ်လုံး ခတ္တိယာဘိသေကဖြစ်သော မုဒ္ဓါဘိသိက်ကို မခံမယူဦးပဲ ပြည်သူသတ္တဝါအပေါင်းတို့ အကျိုးစီးပွားကို ရှက်ဆောင်တော်မူလျက် စံနေတော်မူသကဲ့သို့ ယခုလည်း စစ်မက် အရေးအရာသိမ်းဆည်းဆဲအခါ ပြည်သူသတ္တဝါအပေါင်းတို့ အကျိုးစီးပွားကို ရှက်ဆောင်တော်မူ၍ ထာဝရကိန်းကို ငံ့လင့်စံနေတော်မူပြီးမှ ကောင်းမြတ်သောအခါသမယကို ရွေးချယ်စိစစ်၍ မြို့ပြထီးနန်း စိုက်ဆောက် တည်ထောင်တော် မူခြင်း၊ ရွှေထီး ရွှေနန်း တက်သိမ်း စံပယ်တော် မူခြင်း၊ ခတ္တိယာ ဘိသေကဖြစ်သော မုဒ္ဓါဘိသိက်ကို ခံတော်မူခြင်း၊ ထီးဆောင်း မင်္ဂလာ မဟာဥကာသ် ဖွင့်တော်မူခြင်း စသည်များကို မရွေးမနှောင်း ပြုတော်မူသင့်ကြောင်းများနှင့် လျှောက်ထားကြ၏။

အရှင်မိဖုရားခေါင်ကြီးတွင်မြင်သည့် သမီးတော်ကလည်း သက္ကရာဇ် (၁၁၉၉) တထောင့်တရာ့ကိုးဆဲ့ကိုးခုနှစ် နံတော်ပေါ်ထွန်းရာ ဓာတ်ကူးပြောင်းဆန်းဝင်စ ကောင်းမြတ်သောအခါသမယနှင့် ကြိုက်ကြိုလျက် မင်းအဖြစ်သို့ ရောက်တော်မူသော်လည်း သက္ကရာဇ် အစွန်းခုနစ်ခု, ရှစ်ခု, ကိုးခုဌ သတ္တဝါအပေါင်းတို့ မငြိမ် မသက် ဆင်းရဲ ပင်ပန်းစွာ ဖြစ်၍ မတရားသောသူတို့ ပျက်စီးခြင်းဖြစ်သဖြင့် အစွန်းဆယ်ခုသို့ရောက်ကာလ မြတ်သော မင်းကောင်းမင်းမြတ်ဖြစ်လတ္တံ့. ဟူသောသိုက်ဓာတ်ကိန်းခန်း စသည်တို့နှင့် ညီညွတ်ခြင်း၊ အသွပတိ, နရပတိ, ဂဇပတိ မည်သော

ဆဏ္ဍာတြ စက်တွင် နက္ခတ်တဆဲငါးလုံး တဆဲခြောက်လုံး၌ ကောဇာစနေ ဂြိဟ်စီးနင်းရာ နရပတိမည်သော ထီးအစိတ်ကိုးပါးတွင် ပဋ္ဌ, ဂြဟ, အာသနစသော ဌာန၌တည်ခြင်း၊ ယင်းသည့်အကြိုက်များတွင် ကောင်းမင်းမြတ်တို့ စိုက်ဆောက်မြဲဖြစ်သောထီးဖြူကိုမဆောင်းမူ၍ ရှေးဘေးလောင်းတော် အသောကမမွေရာဇာမင်း, ဒေဝါနံပိယတိဿ မင်းတို့လည်း မင်းအဖြစ်ကိုရသည်မှ လေးနှစ်မြောက် ခတ္တိယာဘိသေက မုဒ္ဓါဘိသိက်ကို ခံယူခြင်း၊ ထီးဆောင်းမင်္ဂလာ ပြုခြင်းများကို လောကီ လောကုတ္တရာ ကျေးဇူးတော်ရှိသည်ဖြစ်၍ ခတ္တိယာဘိသေက မည်သော မုဒ္ဓါဘိသိက် ခံသည်နှင့်တပြိုင်နက် ထီးဖြူဆောင်းလျှင် သင့်ပါမည့် အကြောင်းနှင့် လျှောက်ထား၏။

ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း သမိုးတော် လျှောက်ထားသော စကားကို နှစ်သက်တော်မူ၍ အမိန့်တော်ရှိသည်ကား--ကောင်းမင်းမြတ်တို့မည်သည် ခပ်သိမ်းသော သတ္တဝါအပေါင်းတို့အား မှန်ခင့်အလျောက် ဘေးဘယကိုဖြစ်စေခြင်း၊ ဇီဝိတိန္ဒြေမှ ချခြင်းတည်းဟူသော ရာဇဝတ်ဒဏ် မကင်းရာသည်ဖြစ်၍ အပြစ်ဒဏ်အလျော်ဇီဝိတိန္ဒြေမှ ချအံ့ရှိလျှင် ငါ့သမိုးတော်က အသက်ဘေးမှ နတ်ယူလျှင် သမိုးတော်အား အသက်ဒါနဆုကို ပေးတော်မူသည် အမိန့်တော် ရှိပြီးလျှင် ထိုနေ့မှစ၍ ဆောင်းတော်မူသော ရွှေထီးအထွတ်ထွင် ထီးဖြူချည်၍ ဆောင်းတော်မူသည်၊ ဆင်ယာဉ်, မြင်းယာဉ်, ရထား, လှော်ကား တော်, လှေတော်များတွင် ခင်းကျင်း စိုက်ဆောက်သည့် ယာဉ် ထီးဖြူတော်များကို ရပ်သိမ်းရ၏။

ယင်းသည့်အတွင်း ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်ကား-ရတနာပူရအဝန္တိသည် သတိုင်းမင်းဖျားမှ စ၍ တည်ထောင်သည့်နှစ်မှ မြို့သက်နှစ်ပေါင်း သုံးရာကျော်သာ ရှိသည်၊ တကြောင်းလည်း ညောင်ရမ်းမင်းတရား လက်ထက် ဗားမဲ့ဆရာတော် စီရင်နှံထားသည့် မြို့ပြထီးနန်း အနှံအထား အင်းအိုင် ပယောဂများလည်း နှစ်ကာလအရှည်ဖြစ်၍ အကြိမ်ကြိမ် မြို့ပျက်ဘန်များသဖြင့် ပျက်စီးတိမ်းယိမ်းရှိသည်၊ ယင်းသည့်အကြောင်းများကို ဘိုးတော် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီး သိမြင်တော်မူ၍ ရတနာပူရ အဝန္တိဥ္ဇ စံနေတော်မမူ ထီးပေါင်းခအရပ်ထွင် မြို့နန်းအသစ် တည်ထောင်တော်မူ၍ အမရပူရမြို့ သမုတ်စံနေတော်မူသည်၊ ယခု ငါ့ကောင်းမင်းမြတ်မှာ

လည်း သက္ကရာဇ် (၁၁၉၉) တထောင့်တရာ့ကိုးဆဲ့ကိုးခု မြို့နန်းတည်ရာ ထာဝရကိန်း မကြိုက်မကြိုသေးဖြစ်၍ ရှေသက္ကရာဇ် (၁၂၀၀)တထောင့်နှစ်ရာပြည့်နှစ်မှ ထီးနန်းမြို့ပြ စိုက်ဆောက်တည်ထောင် စံနေသင့်ကြောင်းများကို ပညာရှိတို့ လျှောက်ထားချက်အတိုင်း ကပ္ပိလရသွေ့ သခ်ၤမ်းရာ၌ တည်ထောင်သော ကပ္ပိလပြည်ကြီးကဲ့သို့ အလောင်း မင်းတရားကြီး အပြည်ပြည် ထောင်သော မင်းအပေါင်းတို့ကို လက်နက် နိုင်ငံတော်သိမ်းသွင်းသဖြင့် ဘေးတော်ဘိုးတော် မင်းတရားကြီးတို့ ရွှေချက်သိုတော်မူရာရတနာသိဒ်ကုန်းဘောင်ရွှေပြည်ကြီးတွင် ရွှေထီးရွှေနန်း စိုက်ဆဲံတည်ထောင်စံနေတော်မူမည်ကို တန္ခစ်ရဂ်ဆိုင်းရမည်လည်း ကောင်းမင်းတို့စံနေရန် မြို့ပြထီးနန်း အသစ်ထပ်မံ တည်လုပ်ရသည် ဆိုသည့်အရာသည် တန္ခစ်ကျော် နှစ်နှစ်မှ အလုံးစုံ ပြီးပြေမည်၊ ယခု စစ်ကိုင်းမြို့တွင် စံနေတော်မူရသည်သည်း အရေးအတွင်း ခေတ္တနေရာသာဖြစ်သည်၊ ရတနာသိဒ် မြို့တော်နှင့်လည်း အလှမ်းအကမ်း ကွာဝေးသည်၊ အထောက်အလှမ်းနီးရာ အလောင်းမင်းတရားကြီး တည်ထောင်စံနေရင်း မင်္ဂလာကျောက်မြောင်းမြို့က ရပ်တင်းတော်မူ၍ ရတနာသိဒ်ကုန်းဘောင် ရွှေပြည်တော်ကြီးမှာ ထီးနန်းမြို့ပြ အသစ်တည်ထောင် စံနေတော်မူမည် အဓိန္ဌတော်ရှိပြီးလျှင် ကျောက်မြောင်းမြို့တွင် စံနန်းတော် ဆောက်လုပ်စေရန် ဝန်ထောက် မြင်းစုကြီး ဝန် မဟာမင်းလွသိဟသူကို ကံကျေးလက်ခ ငွေတော်အများ ထုတ်ပေးတော်မူ၍ အလျင်သွားစေ၏။

မဟာမင်းကျော်နော်ရထာကို အမရပူရမြို့ဝန် ခန့်တော်မူသည်။ခမည်းတော်ဘုရား သားတော် နန်းဦးမင်းသားမင်းရဲလှကိုလည်း မင်းသားကြီးတို့နေရာတွင် ထားတော်မူသည်။

ယင်းသည့်နေ့ကစ၍ မင်းညီမင်းသား မင်းမိဖုရား ဆွေတော်မျိုးတော်တို့ကိုလည်း ဖောင်ပန်းလှေတက် ကြဉ်းလူဆောင်လူ အထိုက်အလျောက် အစေ့အငှ ပေးတော်မူပြီးလျှင် သက္ကရာဇ် (၁၁၉၉) တထောင့် တရာ့ကိုးဆဲ့ကိုးခု ပဌမဝါဆိုလဆန်းရှစ်ရက်နေ့ မင်္ဂလာ ကျောက်မြောင်းမြို့သို့ ရေကြောင်း ထွက်စံတော်မူမည်ကို ခန့်ထား စည်းကြပ်သည့် တပ်စဉ်ကား-

ရွှေဖျားတပ်ဦးက ရှင်ဖြူရာရား, ရှင်လှဘုရား, သီဟတောဘုရား,ကွမ်းရွာရွှေတံတံစ်ဘုရား, သကျမုနိဘုရား, ရွှေမုဋ္ဌောဘုရား ရှပ်ပွားတော်

များနှင့် ဒိဋ္ဌကတ်စာတော်များကို သမ္မန်တော်တွင် တင်ဆောင် ပြီးထျင် ဝတ်မြေဝန်, ဝတ်မြေစာရေးတို့ ကြပ်မဆန်တက်စေသည်။

ယင်းသည့်နောက် သာသနာပြုဆရာတော်ကြီးနှင့် သံဃာတော်တို့ကို အဖြူမြေယ်သမ္မန်တွင် တင်ဆောင်၍ လှော်လှေနှစ်စင်း ငင်ဆွဲစေ၏။

ယင်းသည့်နောက် အရှေဘက်ကြောင်းချီ သားတော်ပြည့်မင်းသတိုး မင်းဖျားကို ရှေတပ်ထားတော်မူသည်၊ သားတော် တရုပ်မြော်မင်းသား ကိုလည်း ပြည့်မင်းတပ်တွင် ထည့်တော်မူသည်။

ယင်းသည့်နောက် ဘထွေးတော် မကွရာမင်းတပ်၊ ယင်းသည့်နောက် သားတော် မင်းတုန်းမင်းတပ်၊ ယင်းသည့်နောက်မြင်ကွန်းမင်းသားတပ်၊ ယင်းသည့်နောက် သီပေါမင်းသားတပ်၊ သည်ငါးတပ်တွင် သားတော် ပြည့်မင်း သတိုးမင်းဖျားကို တပ်ဦးဗိုလ်ချုပ်ခန့်တော်မူ၍ရှေဖျားချီထွက် ရသည်။

ယင်းသည့်နောက် နောင်တော် မင်းတရားမှာ စီးတော်မူရန် သမ္မန် တော်ကိုတိုက်လှေနှစ်စင်းဆွဲစေပြီးလျှင် အလုပ်အကျွေးကိုယ်လုပ်မောင်း မတို့နှင့် စားတော်ကွမ်းရေ အဆောင်တော်မြို့ စီးရန်လှေ၊ ကြဉ်းလူ ဆောင်လူနှင့်တကွ အပြည့်အစုံအပ်၍ နောက်တော် လိုက်ကြရ၏။ ပဲခူး မြို့စား ဝန်ကြီး မင်းကြီးမဟာကျော်ထင်ကိုလည်း နောင်တော်မင်းတရား အပါးမှာ အစောင့်အမပြု၍ လိုက်ထမ်းရ၏။

ယင်းသည့်နောက် အဆောက်အဦကိရိယာစုံနှင့် ရန်ပုံခွင်းအမြောက် တော်၊ ယင်းသည့်နောက် အဆောက်အဦ ကိရိယာစုံနှင့် များစွာသော လှည်းစကြာတင်အမြောက်တို့ကို တိုက်လှေတော်များတွင် တင်ဆောင် ၍ ဆိုင်ရာအမှူးအကြီးအစုသားတို့ ကြပ်မလိုက်ရသည်။

ယင်းသည့် နောက် အတွင်းကိုယ်ရံတော်စုကြီး ခြောက်ကြောင်း သေနတ်အမှုထမ်းတို့နှင့် ဝင်းလေးမျက်နှာ အစုအမှုထမ်းတို့ စွဲကိုင်ရင်း ရွှေ ဓား,ရွှေလှံ,သေနတ်လက်နက်ကိရိယာ,ရွှေဒိုင်း ရွှေကာ ရွှေလွှားများနှင့် ဆိုင်ရာ ဗိုလ်မှူး တပ်မှူး အမှူးအကြီးတို့ ချုပ်အုပ်လျက် သားရုပ် ငှက်ရုပ် စသော ရဲလှေများတွင် စီးဝင်၍ ရွှေဖောင်တော် ဝဲယာ စီစဉ် ကျင်းပ လိုက်ကြရ၏။

ရတနာရွှေဖောင်တော်ရွှေကလည်း မင်္ဂလာရွှေမောင်း,မင်္ဂလာစည်တော်, ရွှေတော်ပြေး စည်တော်စုံ, နရည်းဆရာ,ရတနာထမ်းစင်တော်

များကို ရန်နိုင်လော်ကား, သာရကာလော်ကား, ရွှေးကြီး လော်ကား တော်များနှင့် တင်ဆောင် ခင်းကျင်း လိုက်ရ၏။

ယင်းသည့်နောက် ရတနာပြာသာဒ်တော်တင် လက်ရွှေးကြီး, လက် သစ်, ပြည်လုံးအံ့ လော်ကားတော် များကိုလည်း ရတနာ ရွှေဖောင် တော်ရွှေ ခင်းကျင်းလိုက်စေသည်။

ယင်းသည့်နောက်မှ ဆဒ္ဒန်ဆင်မင့်းသခင်ဘဝရှင်မင်းတရားကြီး ကိုယ် တော်မှာ ဝေဇယန္တာနတ်ဗိမာန်နှင့် တူသော ပြာသာဒ်တော်အမိုး ဘုံ ခုနစ်ဆင့်ရှိသော ကရဝိက်ရွှေဖောင်တော်ထက် အရှင်မိဖုရားခေါင်ကြီး သမီးတော်နှင့်တကွ မင်းမိဖုရား ကိုယ်လုပ်မောင်းမခြီရံလျက် မြတ်သော သိကြားမင်းအသရေကို ဆောင်တော်မူလျက် ရွှေဖောင်တော်ကို ရွှေ လှေလက်ပြည့်ရှစ်စင်း ဆွဲငင်စေပြီးလျှင် တင့်တယ်စွာ ထွက်စံတော်မူ သည်။ ရွှေတုံးလှေတော်, မင်းစံလှေတော်စသော တိုက်လှေတော်, လှော် လှေတော်များကိုလည်း ရွှေဖောင်တော်ရှေ့ဝယ် အစဉ်သင့်လိုက်ကြရ သည်။

ယင်းသည့်နောက် ရွှေစက်တော်တင် မှန်စီသမ္မန်တော်ကြီးကို တိုက် လှေနှစ်စင်း ဆွဲဆောင် လိုက်ရသည်၊ ယင်းသည့်နောက် အရှင်မိဖုရား ခေါင်ကြီး သမ္မန်တော်၊ သမီးတော် သမ္မန်တော်၊ နှမတော် သုံးပါး သမ္မန်တော်များကိုလည်း ခတ်လှေနှစ်စင်းစီ ဆွဲဆောင်လိုက်ကြရသည်။ ယင်းသည့်နောက် မင်းမိဖုရားတို့ ဖောင် သမ္မန်များကိုလည်း ခတ်လှေ, လှော်လှေ, ကြဉ်းလူ ဆောင်လူ အပြည့်အစုံနှင့် လိုက်ကြရသည်၊

ယင်းသည့်နောက် ရွှေတိုက်.အချုပ်တိုက်, ကြေးတိုက်, လက်ဆောင် ယူတိုက်, ကသောင်းမြောင်တိုက်, လက်နက်တိုက်, ဘဏ္ဍာတော်များကို လည်း အသီးအသီး ဆိုင်ရာ အမှူးအကြီးတို့ ကြီးကြပ်စေ၍ ဝန်တင်လှေ နှင့်ချည်း တင်ဆောင် လိုက်ကြရသည်။

နောက်တပ်မှာလည်း ကိုယ်ရံတော်စုကြီး ခြောက်ကြောင်းသေနတ် အစု အမှူထမ်းတို့နှင့် ဝင်းလေးမျက်နှာ ကိုယ်ရံတော် အစုအမှူထမ်းတို့ကို စွဲကိုင်ရင်း ရွှေဝေး, ရွှေလှံ, သေနတ်လက်နက်ကိရိယာ,ရွှေဒိုင်း ရွှေကာ ရွှေလွှားစွဲကိုင်လျက် သားရုပ် ငှက်ရုပ်စသော ရဲလှေတော်များနှင့် ဆိုင် ရာ တပ်ဗိုလ်အမှူးအကြီးတို့ ကြပ်မချုပ်အုပ်စေ၍ လက်ဝဲလက်ယာ စီစဉ် ကျင်းပလိုက်ကြရသည်။

ယင်းသည့်နောက် ညောင်ရမ်းမင်းတပ်၊ ယင်းသည့်နောက် တောင်တွင်းချောင် မင်းသားတပ်၊ ယင်းသည့်နောက် နန်းဦးမင်းသားတပ်၊ ယင်းသည့်နောက် ပန်းထိမ်းမင်းသား တပ်၊ ယင်းသည့်နောက် ဆံတွဲမြို့စား မင်းသားတပ်များမှာလည်း အစဉ်သင့် တပ်စဉ်မပျက် နောက်တပ်ပြို၍ လိုက်ကြရသည်။ ။ယင်းသည့်နောက် နေရာနေ မင်းသားလတ်တပ်၊ နေရာနေ မြင်းမူးမင်းသား တပ်မှစ၍ မင်းညီမင်းသား မင်းဆွေစိုးမျိုးမူးတော်မတ်တော် သူဌေးသူကြွယ်တို့ အသီးအသီး သနားတော်မြတ် ခံရသည့် ဖောင်ပန်း လှေသမ္ဗန်များနှင့်လိုက်ကြရသည်။ယင်းသို့မှ သားတော် အနောက်ဖက်ကြောင်းချီ ပုခန်းမင်း သတိုးမင်းစောကို နောက်တပ်ဗိုလ်ချုပ်ခန့်တော်မူ၍ ချုပ်အုပ်လိုက်ရ၏။

ဆဒ္ဒန်ဆင်မင်းမှာ မုန်နှင့်ဖြစ်သောကြောင့် သနားတော်မြတ်ခံရသည့် ဆောင်ယောင်ခမ်းနားများနှင့်တကွ ဝန်အရာရှိတို့ကြီးကြပ်စောင်မစေခြိုးလျှင် ထွက်တော်မူရာ ကျောက်မြောင်းမြို့သို့ နောက်တော် မလိုက်မပါ စေရ စစ်ကိုင်းမြို့တွင် ထားခဲ့ရ၏။

ကြည်းကြောင်း ခန့်ထား စည်းကြပ်တော်မူသည့် တပ်စဉ်ကား…. ထွက်တော်မူကြီး ထွက်တော်မူရာ စစ်အင်္ဂါလေးပါး ခင်းကျင်းစီစဉ်သည့်နည်း ရှေခြောက်တပ်,နောက်ခြောက်တပ် ခင်းကျင်းရသည်၊ ရှေခြောက်တပ်မှာ ဆိုင်ရာအမှူးအကြီးနှင့်တကွ ရွှေဝင်းမှူး မဟာမင်းထင်မင်းခေါင်ကိုတပ်ချုပ်၊ နောက်ခြောက်တပ်မှာ ဆိုင်ရာအမှူးအကြီးနှင့်တကွ လက်ယာဝင်းမှူးမင်းကြီး မင်းခေါင်ကိုတပ်ချုပ်ခန့်တော်မူသည်။

အလုံးစုံ ကြည်းဘက်ရေဘက် တပ်တော်များကို စီစဉ်စည်းကြပ်ပြီးပြေလျှင် သက္ကရာဇ် (၁၁၉၉) တထောင့် တရာ့ကိုးဆဲ့ ကိုးခု ပဌမဝါဆိုလဆန်းရှစ်ရက်နေ့ ပညာရှိတို့ ရွေးချယ် လျှောက်ထားသည့် အခါတော် အတိုင်း မင်္ဂလာအမြောက်သံပေးသည်နှင့်တပြိုင်နက် လှော်ကား, ရဲလှေ တိုက်လှေ, သမ္ဗန်တော်များက စည်ကြိုးခွက်ခွင်း ပုံမောင်းနဲခရာ ပတ်သာဒုန်မင်း ခရသင်းစသည်တို့ဖြင့် မြစ်လုံးပဲ့တင်ထပ်မျှ တီးမှုတ် စေပြီးလျှင် စစ်ကိုင်းမြို့ဆိပ်ကမ်း ရောဝတီမြစ်ကြောင်း ဆန်တက် ချီတော်မူ၍ ထိုနေ့ မင်းကွန်းတွင် ကွန်းထောက်ချတော်မူ၏။

ထိုက ဆန်တော်မူ၍ လဆန်းကိုးရက်နေ့ ငစဉ့်ကိုင်ရွာ၊ ဆယ်ရက်နေ့ ရှိမ်းမကားရွာ၊ တဆဲ့တရက်နေ့ ရှားကွဲရွာ၊ တဆဲ့နှစ်ရက်နေ့ ခက်သင်ရွာတဖက်တွင် ချရပ်တော်မူပြီးမှ လဆန်းတဆဲ့သုံးရက်နေ့ မင်္ဂလာ

ကျောက်မြောင်းမြို့ ဆိပ်သို့ ဆိုက်ရောက်တော် မူပြီးလျှင် မြို့တွင်းစံနန်း တော်သို့ဝင်တော်မူ၏။ နောင်တော်မင်းတရားမှာလည်း ကျောက်မြောင်း မြို့အထက် ဆောက်ထားရှိနှင့်သည့် တဲတော်တွင် စံနေတော်မူရ၏။ ထိုမှ တပါး မင်းမိဖုရား မင်းညီမင်းသား မင်းဆွေစိုးမျိုး မှူးတော် မတ်တော်တို့ ဝင်းအိမ်ရာများကိုလည်း အမိန့်တော်နှင့် အသီးအသီး ပေးချနေထိုင်စေ၏။

ကျောက်မြောင်းတွင် ယာယီနန်းစံတော်မူခြင်းစသော အကြောင်း များနှင့် ဆဒ္ဒန်ဆင်မင်းကိုဆောင်ယူခြင်း

ထိုအခါ ရတနာသိရီ ကုန်းဘောင် ရွှေမြို့တော်ကြီးကို သိုက်ဓာတ် ကိန်းခန်းနှင့်အညီ မြို့နန်းအသစ် ထပ်မံတည်ထောင် စံနေတော်မူမည်ကို မြို့တည်နန်းတည် ထာဝရကိန်းကိုငံ့လင့်တော်မူ၍ မင်္ဂလာကျောက်မြောင်း မြို့တွင် စံနေတော်မူသည်မှာ မင်းကောင်္ဘာတို့ စံနေတော်မူလျှင် ရာဇဌာနီ ဖြစ်၍ တိုင်းကြီးပြည်ကြီး အင်္ဂါ၊ ဆင်သံ, မြင်းသံ, ရထားသံ,စည်ကြီးခရာ သင်းသံစသော အသံဆယ်ပါးတို့ဖြင့် မဆိတ်မညံစေရာ ဓာတ်ဖက်မိတ် ဖက်တံခါးများလည်း ဓာတ်တံခါး မိတ်တံခါး သမုတ်ပြီးလျှင် နဂရ မည်ရာသောအင်္ဂါနှင့်အညီအိမ်စျေးသဘင်ကျင်းပတည်ထားသင့်ကြောင်း များနှင့် ပညာရှိတို့လျှောက်ထားချက်အတိုင်း မြို့တော်ကို မင်္ဂလာကျောက် မြောင်းမြို့ ထပ်မံသမုတ်တော်မူသည်၊ နန်းမြို့တော်အမည်မှာ အလောင်း မင်းတရားကြီး ရန်အပေါင်းတို့ကို အောင်မြင်တော်မူသဖြင့် သက္ကရာဇ် (၁၁၁၇) တထောင့်တရာ့တဆဲ့ခုနစ်ခုနှစ် တည်ထား ရပ်နေတော်မူ သည့် အပရာဇိတ အောင်မြို့ဖြစ်သည်နှင့်အညီ အယုဇ္ဈမော်ကွန်း တပ် တော်မူပြီးလျှင် စံနန်းတော်ကို မင်္ဂလာအောင်နန်း သမုတ်တော်မူသည်။

ဓာတ်လေးရပ်တံခါး, မိတ်တံခါးများကိုလည်း ရှေးအစဉ် သမုတ် ပြဋ္ဌာန်းမြို့ ထုံးစံရှိသည့်အတိုင်း မြို့တောင်ရှေ့မျက်နှာ မြောက်စွန် သူရဇ္ဇ ဓာတ်တံခါးကို ဦးတိုက်တံခါး၊ တောင်စွန်မိတ်တံခါးကို သာစံတံခါး၊ တောင်မျက်နှာ ရှေ့စွန်တံခါးကို ကေလာတံခါး၊ၛင်းအနောက် ကောလိ ဓာတ်တံခါးကို ကျော်မျှိတံခါး ရှေးအမင်္ဂလာပြုတံခါးကိုသေလာတံခါး၊ နောက်မျက်နှာ တောင်စွန်ပါပဓာတ်တံခါးကို စိုးရတံခါး၊ ၛင်းမြောက် မိတ်တံခါးကို ထောက်ရှည်တံခါး၊ မြောက်စွန် အမင်္ဂလာမှူ ဆောင်ရန် တံခါးကို အကျော်တံခါး၊မြောက်မျက်နှာ နောက်စွန်အမြိတ္ထဓာတ်တံခါး

ကို လေသွန်တံခါး၊ ရွှေစွန် မိတ်တံခါးကို မျှိုဦးတံခါး သမုတ်ခြီးလျှင် ကမ္ဘည်းစိုက်ထူတော်မူသည်။

အိမ်ဈေးသဘင် ချထားရန်မှာလည်း မြို့တော်အတွင်း မင်းထွက်မင်း ဝင်ထမ်းမတော်ကို ချန်လှပ်၍ နန်းတော်တောင်က တဈေး, နန်းတော် မြောက်ကတဈေး, နန်းတော်အနောက်က တဈေး, မြို့ပြင် သင်္ဃာတွင် နှစ်ဈေး-အမိန့်တော်နှင့် ချထားရောင်းဝယ် နေထိုင်ကြရသည်၊ ဆဒ္ဒန် ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီး ဘုရားလည်း မြို့တော်ကို ထွက်စံ လှည့်လည် ကြည့်ရှုတော်မူ၏။

ထိုသတ္တရာဇ် ပဌမ ဝါဆိုလပြည့်ကျော် သုံးရက်နေ့ ရတနာသိဒ် မြို့ဝန် မြင်းဝန် မဟာမင်းကျော်တန်ဆောင်၊ နေရင်း သခွတ်တောကျေး ရွာတွင် သေလွန်သည်ကို သားမယားတို့ကို ငွေတော် ထုတ်ပေးတော် မူ၍ လွှတ်အရာရှိတို့ ကြပ်မ သင်္ဂြိဟ်ကြရ၏။ ။ထိုသတ္တရာဇ် ဝါဆိုလ အတွင်း သားတော်တောင်တွင်းချောင်မင်းကိုလည်း ဝစဉ်ကူးမြို့နှင့် လဲ၍ ရွှေတောင်မြို့ကို အသုံးကံကျွေးခံ ပေးတော်မူ၏။

ကောင်းတုံမြို့စားအတွင်းဝန်သတိုးမင်းရဲရာဇာကိုလည်း ဝန်ကြီး မင်း ကြီးမဟာသီဟသူ, သတိုးမင်းကြီး မဟာမင်းခေါင်, မင်းကြီး မဟာကျော် ထင်, မင်းကြီး မဟာမင်းလှ ဗန္ဓုကျော်တို့နှင့် ဖက်၍ အဂ္ဂမဟာသေနာ ပတိဝန်ကြီး ခန့်တော်မူပြီးလျှင် ဝန်ကြီးတို့နည်း အစီးအနင်း အဆောင် အရွက်ပေးတော်မူ၏၊

နောင်တော်မင်းတရားလက်ထက် ဆောမြို့စား အတွင်းဝန် မင်းကြီး မဟာနန္ဒသကြီကိုလည်း အတွင်းဝန် ခန့်တော်မူပြီးလျှင် စားရင်းဆောမြို့ ကို မြို့စားပေးတော်မူ၏။

တရားသူကြီး မင်းကြီးအတုလမဟာဘိနန်သူ, ရွှေနှန်းရိုး လမိုင်းဝန် မဟာဘီရိဉာဏာတို့ကိုလည်း မိုးကြိုးထွေးအင်၊ ကတ္တီပါအုံးဝန်း၊ တိုက် ဆင်လေးဆယ်များကို ရပ်၍ ဝန်ကြီးများကို ပေးတော်မူသည့် အတိုင်း ပေးတော်မူသည်။

အတွင်းဝန်မင်းကြီး မဟာမင်းလွန်ရထာ၊ မဟာမင်းလှမင်းကျော်၊ မင်းကြီး မဟာနန္ဒသကြီ၊ ရွှေတိုက်ဝန် မင်းကြီး မဟာမင်းလှမင်းခေါင်၊ လက်ဝဲဝင်းမူး မင်းကြီး မဟာရန်ဂူးသီဟသူ၊ လက်ယာဝင်းမူး မဟာမင်း လှမင်းထင်၊ နောက်ဝင်းမူး မင်းကြီးမင်းခေါင်၊ ဝန်ထောက်မဟာမင်းလှ သီဟသူ၊ မဟာမင်းလှကျော်ထင်၊ နန်းမတော် ဝန်မင်းကြီး မဟာသကြီ၊

သူရဲဝန် မဟာမင်းလှသီဟသူ၊ အမြောက်ဝန် နေမျိုး မင်းခေါင်ကျော်၊ အနောက်ဝန်မဟာမင်းထင်စည်သူတို့ကိုလည်း အတွင်းဝန်မင်းကြီး မဟာနန္ဒသကြီကို ပေးသည့်နည်း အဆောင်အရွက် ပေးတော်မူသည်။

မင်းကြီးကျော်ထင်နော်ရထာ၊ လက်ရွေးကြီးမှူး မင်းကြီးသီရိ မဟာသီဟသူရ၊ အသည်ဝန် မဟာကျော်ထင်၊ အောက်မားဝန် မဟာမင်းလှမင်းကျော်၊ ဗန်းမော်မြို့ဝန် မဟာမင်းလှရာဇာ၊ ဟံသာဝတီမြို့ဝန် မဟာမင်းထင်ကျော်၊ အနောက်ဝန် မင်းကြီးကျော်ထင် တရဖျားတို့ကိုလည်း နောင်တော်မင်းတရားလက်ထက် ပေးတော်မူရင်း အစီးအနင်းအဆောင်အရွက်များကို ထပ်၍ပေးတော်မူ၏၊ ထိုမှတပါး မှူးတော်မတ်တော်တို့ကိုလည်း နေရာယုတ်တက် အလျောက် အထိုက်အလိုက် အစီးအနင်းအဆောင်အရွက်ပေးတော်မူ၏။

ဌင်းနှစ် ဒုတိယဝါဆိုလဆန်းလေးရက်နေ့ မိုးကုတ်ကျတ်ပြင်ကသည်းစို့သူကြီး သီရိဇေယရာဇာ ထိန်းအုပ်စု သဖန်းပင်ကျောက်တွင်းတော်ကထူးမြတ်သည့် ပတ္ထမြေားကျောက်တော် အချိန် နှစ်မူးခုနစ်ရွေးကို ဆက်ရောက်လာသည်ကို အကြီးအကြပ် ခန့်ထားပြီးလျှင် ရွှေလှော်ကားလက်ပြည့်တွင် တင်စေ၍ ပွဲသဘင်စုံနှင့် ကြိုယူဆက်သွင်းရ၏။

ဒုတိယဝါဆိုလဆန်း တဆဲလေးရက်နေ့ သာသနာပြု ဆရာတော်ကျောင်းတိုက် အတွင်း မိဖုရားခေါင်ကြီးက သိမ်တော် တစ်နှင့် ဝါဆိုကျောင်းတစ်၊ သမီးတော်က ဝါဆိုကျောင်းတစ်၊ ဆောက်လုပ်ပြီးပြေရှိသည်ကို သာသနာပြု ဆရာတော်ကြီးကို ကျောင်းအပ် တင်လှူတော်မူသည်၊ ဌင်းဝါဆိုလကစ၍ သီတင်းကျွတ်လတိုင် ဝါတွင်းလေးလပတ်လုံးလည်း သီတင်းနေ့တိုင်း သံဃာတော်ရှစ်ပါး ပင့်ဘိတ်၍ တရားနာတော်မူ၏၊ ဆွမ်း စမဲ ဘောဇဉ်နှင့်တကွ သင်္ကန်းလျာပိတ်အုပ်များလည်း လှူတော်မူ၏။

ဌင်းလပြည့်ကျော် ခုနစ်ရက်နေ့ သားတော် ပြည်မင့်း-သား ခြောက်လရွယ် ကံကုန်သည်ကို မိဖုရားခေါင်ကြီးနှင့် မင်း မိဖုရားတို့ ပြည်မင်းအိမ်သို့ ထွက်တော်မူ၏။

ထိုသတ္တရာဇ် တော်သလင်းလပြည့်ကျော်ငါးရက်နေ့ကစ၍ ခုနစ်ရက်နေ့တိုင်ဆဒ္ဒန်ဆင်မင့်းသခင်ဘဝရှင်မင်းတရားကြီးဘုရားမင်းမိဖုရားမင်းညီမင်းသား မှူးတော် မတ်တော်အပေါင်း ခြံရံလျက် မိဖုရားခေါင်ကြီးနှင့်တကွ ပြာသာဒ်ရထားတော်တွင် ရွှေစက်တင်တော်မူ၍ မင်္ဂလာကျောက်

မြောင်းမြို့ မြစ်ဆိပ်တွင် ခတ်ကြိုဖောင်နှင့် စံတော်မူပြီးလျှင် လှေပွဲသဘင် ခင်းကျင်းတော်မူသည်၊ ရတနာပြာသာဒ်တော်တင် လက်ရွေးကြီး, လက်သစ်, ပြည်လုံးအံ့, ရွှေးကြီး, လှော်ကားတော်ကြီး လေးစင်းမှ စ၍ မင်းညီ မင်းသား မှူးတော်မတ်တော်တို့မှာလည်း ပေးအပ်တော်မူရင်း လှော်ကားလှေမှတ် ခင်ဒုယင်တင်ပြီးလျှင် အထက်ရေတော်က ကျောက်ငန္ဒား ချောင်းဝထိ စုန်ဆင်းလှော်ပြိုင်စေ၍ ၎င်းလပြည့်ကျော်ရှစ်ရက်နေ့ လှေပွဲသဘင်သိမ်းတော်မူသည်၊ ထွက်တော်မူအခမ်းအနားမှာ ထီးဆောင်းမင်္ဂလာ မဟာဥကဿဖွင့်တော်မမူမီဖြစ်၍ ထွက်တော်မူကြီး ကဲ့သို့ တဝါတာ အကြီးအကျယ် ခင်းကျင်းတော်မမူ၊ အမြောက်သံမပေးရ သူရဲကြီးတပ်, မြင်းတပ်နှင့်သာ ထွက်စံတော်မူ၏။

ယင်းသည့် သက္ကရာဇ် သီတင်းကျွတ်လဆန်း တဆဲ့ တရက်နေ့ နှမတော်မင်းခင်းမြို့စား မင်းသမီး သီရိသုနန္ဒာဒေဝီ ကံကုန်သည်ကို အမရပူရ ပဌမမြို့တည် နန်းတည် မင်းတရားကြီး မြောက်နန်းတော် မိဖုရား သီရိမဟာရတနာဒေဝီ ကံကုန်ရာ လုပ်ဆောင်သင်္ဂြိဟ်သည့်နည်း သင်္ဂြိဟ်ရ၏။

ရှေး အစဉ်ထုံးစံရှိသည့်အတိုင်း ဝင်းတော်လေးမျက်နှာ မင်းပွဲသဘင်ကိုလည်း ၎င်းလဆန်း ရှစ်ရက်နေ့ကစ၍ တဆဲ့ငါးရက်နေ့တိုင် ဆိုင်ရာဝင်းအရာရှိတို့ ကြီးကြပ်ကြည့်ရှုစေပြီးလျှင် ညဉ့်ကို ရှပ်စုံပွဲသဘင်ခံစေ၏။

ယင်းသည့်နေ့ ဆင်ယာဉ်, မြင်းယာဉ်, ရွှေဆင်, သင်းဘော, တိုတ်, ကျိကြ အလှူတော်များကို အတွင်းတော်သို့ သွင်းပြစေ၍ အရှင်နှစ်ပါးရေစက် သွန်းတော်မူပြီးလျှင် နံတော်သင့်ရာ ဘုရားပုထိုးစေတီတော်များမှာ တင်လှူစေပြီးလျှင် ရှိ.လွတ်ပူဇော်တော်မူမြဲ မိုးများကို ရှိ.လွတ်ပူဇော်တော်မူသည်၊ ယိုးဒယားဇာတ်ကြီး, မြန်မာဇာတ်ကြီးအတိုးအက, တရပ်လူမျိုးတို့ အတိုးအကများကို တိုးမှတ်ကခုန်စေလျက် သဘင်ပွဲလမ်း ကြီးကျယ်စွာ ဖြစ်စေတော်မူသည်၊ ၎င်းလပြည့်ကျော်တရက်နေ့ကစ၍ သုံးရက်နေ့တိုင် ဆိမိုးမြင်းမိုရ်လည်း ထွန်းညှိပူဇော်တော်မူ၏။

ယင်းသည့် လအတွင်း လက်နက်နိုင်ငံတော် ဂုံလူမျိုးတို့နေရာ ခေမာရဋ္ဌတိုင်း ကျိုင်းတုံမြို့, ကျိုင်းချိုင်မြို့များက ရှေးအစဉ် လာရောက်ဆက်သမြဲ ကန်တော့လက်ဆောင်တော်များနှင့် အမတ်စစ်ကဲတို့ ရွှေစက်တော်ရင်းသို့ အဆက်အသ လာရောက်သည်ကို ကျိုင်းတုံစော်ဘွား ခေမာရဋ္ဌ မဟာသီဟပဝရ သုခမွရာဇာ, မဃား မဟာဒေဝီ, သား ကျမိုင်း ခေမာရဋ္ဌ

မဟာဝံသ ရာဇာတို့နှင့် ကျိုင်းချိုင်စော်ဘွားတို့ကို ဘိုးတော် မင်းတရား, နောင်တော် မင်းတရားလက်ထက် သူကောင်း ပြုတော်မူသည့် အတိုင်း ဆောင်ယောင်ခမ်းနား ကြီးကျယ်စွာ မရွှတ်မချ ထပ်၍ သူကောင်းပြုတော်မူ၏။ ကန်တော့ လက်ဆောင်တော်ဆက် လာရောက်သူ စစ်ကဲအမတ်တို့ကိုလည်း သစ္စာတော်ပေးမြဲပေး၍ ဘွဲ့အမည်အရည် အဆောင်အရွက် သနားတော် ခံစေပြီးလျှင် သံလွင်အရှေ့ဘက် ကျိုင်းရုံးကြီး, မိုင်းလျှည်းကြီး, ကျိုင်းချိုင်မှစ၍ စော်ဘွားမြို့စား့တို့ကို သစ္စာတော်ပေး စေလွှတ်သူ အဆောင်တော်မြို့တို့နှင့် အတူ နေရင်းမြို့ကျေးရွာသို့ ပြန်သွားစေ၏၊ မိုးကောင်း မိုးညှင်းမြို့များလည်း ထီးရုံနန်းရံ စော်ဘွား မြို့စားတို့ ဘွားစားရိုးဖြစ်သည်၊ မြို့ဝန်မရှိစေနှင့် ဆက်သမြဲ ကျောက်စိမ်း, ပယင်း, အခွန်တော်များကိုသာ ဆက်သစေရမည်-အမိန့်တော် ရှိပြီးလျှင် အမှုတော်ကို ထမ်းရွက်ရင်း အရိုးအမျိုးမှန်သူ သီရိသိုကာဘွားကို ဥဒေဂီရိတိုင်း အလုံးနှင့်တကွ ဥဒေဂီရိရဋ္ဌ မဟာဇေယ ဓမ္မရာဇာ-ဘွဲ့အမည်နှင့် မိုးကောင်းမြို့စော်ဘွား, ငခန်းမွန်းကိုလည်း မိုးညှင်းမြို့စော်ဘွား ခန့်တော်မူ၏။

အမရပူရ ပဌမမြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီးသားတော် မိုးမြိတ်မြို့စားဟောင်းသမီးကိုလည်း မိုးလှိုင်းမြို့ကို မြို့စားပေးတော်မူ၏။

အထက်စစ်ကိုင်းမြို့တွင် မုန်နှင့်ဖြစ်၍ ထားခဲ့သည့် ဆဋ္ဌန်ဆင်မင်းကိုလည်း ပေးဘွဲ့ သနားတော်မူသည့် ဆောင်ယောင် ခမ်းနားနှင့် တကွ ယင်းသည့်သတ္တရာဇ် သီတင်းကျွတ်လပြည့်ကျော် သုံးရက်နေ့ နှစ်စင်းတွဲ ဖောင်တော်နှင့် ဆိုင်ရာဝန်အရာရှိတို့ ကြီးကြပ်စောင်မ၍ ဖောင်တော်ကို တိုက်လှေနှစ်စင်း ဆွဲဆောင်စေပြီးလျှင် စံနေတော်မူသည့် ကျောက်မြောင်းမြို့တော်သို့ ဆောင်ယူတော်မူသည်၊ လမ်းခရီးစခန်းစဉ် ကျရောက်သည့် မြို့ပြကျေးရွာများက တဲကန္ဒားဆောက်လုပ်ကြရသည်၊ ဆင်မင်းကို ဆောင်ယူတော်မူရာ ရက်ပေါင်း ခြောက်ရက်နှင့် မင်္ဂလာ ကျောက်မြောင်းမြို့ဆိပ်သို့ ဆိုက်ရောက်လျှင် ဆင်မင်းဝင်းကိုယ်ရံ ထီးဖြူ ယပ်မား စသော အဆောင်အရွက်များကို ခင်းကျင်း၍ ဖောင်တော်ဆိပ်က ပွဲသဘင်စုံ အခမ်းအနားများနှင့် ဆိုင်ရာဝန်အရာရှိတို့ ကြီးကြပ်စေပြီးလျှင် အတွင်းတော်သို့ ဆောင်ယူရ၏။

ရတနာသီဟ်တွင် မြင်းမြေကျေးရွာများ အသစ်ဖွဲ့စည်းခြင်း စသည်နှင့် မိုးနဲ့ဗိုလ်မှူး အသစ်လဲခန့်ခြင်း

ထိုအခါ ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း မြောက်ဖက် ရတနာသီဟ်မြို့သို့ ထွက်စံတော်မူ၍ ရန်အပေါ်င်းကို နှိပ်နင်း အောင်မြင်တော်မူသဖြင့် ရွှေထီးရွှေနန်း တိုင်းကားနိုင်ငံ အလုံးထိန်းအုပ် စိုးစံတော်မူမိလျှင် ရတနာသီဟ်မြို့နယ်ကြီး သမုတ်သတ်မှတ် တော်မူရာပါ အရွှေဘက် မြင်းမြေကျေးရွာများကို အသစ်ထပ်မံ မြင်းဖွဲ့စည်းတော်မူသည်ကား- စည်ပုတ္ထရာမြို့ ခေါင်းစု-စည်ပုတ္ထရာမြို့ ယင်းတိုက်ရွာ၊ အိုင်ပေါင်းချောင်ရွာ၊ အောင်ချမ်းသာရွာ၊ မုန်လှရွာ၊သာဝတ္ထိရွာ၊ မုန်တောင်းကြီးရွာ၊ စောကြီးရွာ၊ အင်းကြင်းပင်ရွာ၊ စောပွတ်အိုးရွာ၊ ၎င်းရွာများက ဆယ်အိမ်လျှင် မြင်းတစီး၊ မြင်းဆယ်စီးလျှင် တခေါင်းဖွဲ့စည်းသည့်အတိုင်း မြင်းပေါင်းငယ်သားတရာမှာ ရဲထင်ကျော်စွာ, ငမင်းရာ, သမန္တသီဟရဲခေါင်, သမန်ဝေသူ, သမန္တကျော်ထင်နော်ရထာ, သီရိပျံချီ နော်ရထာ, ငမြိုင်, နော်ရထာ ရန်အောင်, ငလွှား, သမန္တရဲကျော်တို့ကို မြင်းစီး၊ သမန္တသိဒ်နော်ရထာကို မြင်းခေါင်း။

ကတူးခုနစ်ရွာခေါင်းစု-ကတူးခုနစ်ရွာ၊ ပေါက်တောရွာ၊ တအုံရွာ၊ ယင်းမာတောရွာ၊ သင်းတွဲရွာ၊ ရွာစိုက်ရွာ၊ ရွာဝေးရွာများက မြင်းပေါင်းငယ်သားတရာမှာ ပျံချီသူရနော်ရထာ, သမန္တကျော်ထင်သူ, ရဲထင်သူရ, ငရပ်, ငရွှေပန်း, ငစည်တုတ်, ငဝန်း, ငစိုက်, ငအင်, ငနိုး တို့ကို မြင်းစီး၊ ရဲထင်ရန်အောင်ကို မြင်းခေါင်း။

မန်းကျည်းတုံခေါင်းစု-မန်းကျည်းတုံရွာ၊ လွန်တစည်းရွာ၊ အုန်းတောရွာ၊ အင်ပင်ရွာ၊ မြင်းတောင်ရွာ၊ သီလုံးရွာ၊ ဇီးဖြူကုန်းရွာ၊ နှမစားရစ်ရွာ၊ လိပ်ချင်းရွာ၊ ခတောင်းမအုပ်ရွာများက မြင်းပေါင်းငယ်သားတရာမှာ သူရပျံချီနော်ရထာ, ငအော, ငရွှေအေး, ငကျော်, ငနှင်း, ဇာန္ဒရန်နိုင်, ငရွှေတိုက်, ငရွှေမောင်, ငကြာမင်း, ငရွှေမောင်တို့ကို မြင်းစီး၊ ရဲလှသိဒ်နော်ရထာကို မြင်းခေါင်း။

မြကန်ရွာခေါင်းစု - မြကန်ရွာ၊ မြို့သစ်ရွာ၊ ပန်းတံဆိပ်ရွာ၊ မူးသာရွာ၊ ညောင်စည်သင်ပေါင်းကျင်းရွာ၊ မန်းကျည်းအုပ်ရွာ၊ ကျားရွာ၊မြင်းစီးရွာ၊ ညောင်ပင်သာရွာ၊ မောက်သန်းရွာ၊ မိုးကောင်းရွာ၊ အောင်သာခြောက်ရပ်ရွာ၊ လှည်းမဆိပ်ရွာ များက မြင်းပေါင်းငယ်သားတရာမှာ

ငတေ, ငအိုင်, ငရွှေမြင်, ငရွှေအိပ်, ငမြတ်ထွန်း,ငချို, ငကြင်ရာ,ရွှေတောင်သီဟနော်ရထာ,ငဆန်း,ငစိုးတို့ကိုမြင်းစီး၊ငရွှေသီးကိုမြင်းခေါင်းခန့်၍ သမန္တကျော်သူနော်ရထာကို မြင်းစာရေး ခန့်တော် မူပြီးလျှင် မြင်းပေါင်းငယ်သားလေးရာကို ရွှေဝင်းတော်မူး မင်ကြီးမဟာမင်းထင် မင်းခေါင်ကို အအုပ် အထိန်း ခန့်တော်မူသည်၊ မြင်းကိုလည်း ရဲဘက် မြင်းတွင်စေ-သမုတ်ပြဋ္ဌာန်းတော်မူသည်။

ထိုအခါ ရတနာသိဃ် ကုန်းဘောင်ရွှေပြည်တော်ကြီးတွင် ထီးနန်းကနက် စိုက်ဆောက်စိုးစံတော်မူမည်ကို မင်းညီမင်းသား မူးမတ်ပြည်သူတို့က ဘိုးတော်မင်းတရား တည်ထောင် စံနေတော်မူရင်း အမရပူရမြို့တော်သည် အောင်မြေအောင်ရပ် ဘူမိနက်သန်မှန်သဖြင့် ရွှေချက်သိုတော်မူရာ မင်္ဂလာမြို့ဖြစ်ပါသည်၊ ဘုန်းတော်ကြီးရာ သက်တော်ရှည်ရာသော အကြောင်းကို ထောက်တော်မူ၍ ဘိုးတော် မင်းတရား အရိုက်အရာတော် ဖြစ်သော အမရပူရ မြို့တော်တွင် စံနေတော် မူပါမည့် အကြောင်းနှင့် တညီတညွတ် လျှောက်ထားကြရာ ဆဋ္ဌန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း နံစံတော် သင့်မြတ်သည့် အရပ်ဒေသဌာန စသည်များကို ညီလာသဘင်တွင် ဆရာတော် သံဃတော် မင်းတိုင်ပင်အမတ်ပညာရှိတို့နှင့် ဆွေးနွေး တိုင်ပင်တော်မူလျှင် ဆရာတော် သံဃာတော်, မင်းတိုင်ပင်အမတ်ပညာရှိတို့က ဘိုးတော်မင်းတရား စံနေတော်မူသည့် အမရပူရမြို့တော်သည် အလောင်းအလျာတို့ စံထိုက်ရာ ပတိရူပဒေသအရပ်ဖြစ်၍ မင်းဆက်တကာတို့ရဲစွာသော ဆဋ္ဌန်ပေါက်မ အစုံရခြင်း၊ ရက္ခပူရတိုင်း, နာဂသျှန်တိုင်းမှစ၍ ဘိသိက် ခံကုန်သော တိုင်းပြည်ထီးဆောင်း မင်းအပေါင်းတို့ ပျဝ်ဝပ်ကျိုးနွံကျွန်တော်ခံ ရောက်ခြင်း၊နန်စံသုံးဆဲ့ရစ်နှစ်တိုင်တိုင်သတ္တဝါအပေါင်းတို့အား တရားစည်ကြီးတီးတော် မူသဖြင့် သက်တော်မြင့်ရှည် တည်ခြင်း ဟူသော အကျိုးထူးအပေါင်းတို့နှင့် ပြည့်စုံသည်ဖြစ်၍ အမရပူရမြို့တော်တွင် စံနေတော်မူပါလျှင် သာသနာတော်ရေး, လောကရေးနှင့်တကွ အလုံးစုံသင့်မြတ်ကြောင်းများကို ဇာတ်နိပါတ် ကျမ်းဂန်,သိုတ်ဓာတ်နိမိတ်စသည်အထွက်အရှိများနှင့်မိန့်ဆိုလျှောက်ထားကြသည်တွင် ဆဋ္ဌန်ဆင်မင့်းသခင်ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်ကား--ဘိုးတော်မင်းတရား တည်ထားတော် မူရင်းလည်း အရိုက်အရာဆက်ခံစိုးအုပ်ကုန်သော သားတော်မြေးမြစ် မင်းကောင်္ခတို့ သာသနာတော်ရေးနှင့် တကွ တိုင်းခရိုင် နိုင်ငံ

အလုံးကို ထိန်းသိမ်းရစ်စေရမည်-ရှယ်ရည်တော်မူခြင်းဖြစ်သည်၊ ရှေ့ချက် သိုတော်မူရာ မင်္ဂလာမြို့တော်လည်း မှန်သည်၊ ယင်းသို့ဖြစ်၍ ငါလည်း ပြည်သူတို့နှင့် မဆန့်ကျင်မှု ပြုရာသော အဝိရောဓန တရားရှင် ဖြစ်သည် နှင့် အညီ ရဟန်း-ရှင်-လူ ပြည်သူသတ္တဝါအပေါင်းတို့ အကျိုးစီးပွား များသဖြင့် သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွှန့် အဓွန့် ရှည်စွာ တည်စေခြင်းငှာ ဆရာတော် သံဃာတော်, မင်းတိုင်ပင်အမတ် ပညာရှိတို့ မိန့်ဆိုလျှောက်ထားချက်အတိုင်း ဘိုးတော် မင်းတရား အရိုက် အရာတော်ဖြစ်သော အမရပူရမြို့တော်တွင် ထီးနန်းကနက် စိုက်ဆောက် စိုးစံတော်မူမည်၊ အမရပူရမြို့သို့ ဝင်ရန် အခါနေ့ရက်ကို ပညာရှိတို့က ရွေးချယ် ဆက်သွင်းစေ-မြို့တော် နန်းတော်မှစ၍ မင်္ဂလာအခမ်းအနား လုပ်ဆောင်ရန် ရှိသည်များကိုလည်း မြို့ရွာ ဆင်းရဲသားတို့ကို မထိမပါး စေရ ငွေတော်ထုတ်ပေး လုပ်ဆောင်စေရမည်-အမိန့်တော် ရှိပြီးလျှင် ကောင်းတုံမြို့စားဝန်ကြီး သတိုးမင်းရဲရာဇာ, မော်ဗိမြို့စားဝန်ကြီး မင်းကြီး မဟာသီဟသူ, အတွင်းဝန် မင်းကြီး သီရိမဟာနန္ဒသင်္ကြီ, မြဝတီမြို့စား ဝန်ထောက် မဟာမင်းလှသီဟသူ, ပြင်စည်မြို့စား ဝန်ထောက် မဟာ မင်းလှရာဇာ, သံတော်ဆင့် မဟာမင်းလှမင်းထင်တို့ကို ငွေတော် ထုတ် ပေးတော်မူ၍ မြေတိုင်းအမတ် နေမျိုးရာဇသင်္ကြီ,နန်းကံကျွေးဝန်,စာရေး ကြီး, အသုံးစာရေးတို့နှင့် ထိုသတ္တရာဇ် တန်ဆောင်မုန်း လပြည့်ကျော် သုံးရက်နေ့ အမရပူရမြို့သို့ အလုပ်အဆောင် သွားနှင့်ရ၏၊ အထက် စစ် ကိုင်းမြို့တွင် စံနေတော်မူစဉ် အမရပူရမြို့မှာ တည်ထောင် စံနေသင့် ကြောင်းနှင့် လျှောက်ထားဘူးသူငယေကို မဟာဓမ္မသင်္ကြီအမည်နှင့် ပညာ ရှိခန့်တော်မူ၍ အမရပူရမြို့သို့လိုက်စေ၏၊ အမရပူရမြို့တွင်လည်း ရွှေနန်း တော်ကြီး မတည်မလုပ်မီ ထိုသတ္တရာဇ် တန်ဆောင်မုန်း လပြည့်ကျော် တဆဲ့တရက်နေ့ နန်းတော် အနောက်မြောက်ယွန်းအရပ်၌ အဆောင် ဆောင်သော ယာယီစံနန်းတော်ကို စ၍ ဆောက်လုပ်ရသည်။

ယင်းသည့်သတ္တရာဇ်အတွင်း ဒီပဲယင်းမြို့ဝန် မင်းလှကျော်သူကိုလည်း ဝန်ထောက် ခန့်တော်မူ၏။ လက်ဝဲဝင်းမှူး မင်းကြီး မဟာရန်ဂူးသီဟသူ ကို ဝင်းမှူးအရာကနတ်ပြီးလျှင် မတ္တရာကျော်စဉ်တိုက်ဝန် မင်းကျော်သီဟ သူကို လက်ဝဲဝင်းမှူး ခန့်တော်မူ၏။

ယင်းသည့်သတ္တရာဇ် တန်ဆောင်မုန်းလပြည့်ကျော် ငါးရက်နေ့ ရတ နာသိဿံမြို့ အနောက်ကွေးရွာ လယ်ကွက်အတွင်း လယ်နားတလျှောက်

ရေထွက်သည်ကို ရတနာသိင်္ဃမြို့ဝန်က ဆက်သလာရာ ပုဏ္ဏားဝန် ဝဏ္ဏဇေယျဗြဟ္မာနှင့် မင်းတိုင်ပင် အမတ် ပညာရှိတို့က ကောင်းမြတ်သော မင်္ဂလာစကား လျှောက်ထား ကြရသည်။

ထိုသတ္တရာဇ် တန်ဆောင်မုန်းလပြည့်ကျော် ခုနစ်ရက်နေ့ သားတော် ပုခန်းမင့်းသမီးတော် ငါးလရွယ်ကံကုန်သည်ကို မင်းမိဖုရားတို့နှင့် မိဖုရား ခေါင်ကြီး ပုခန်းမင်းအိမ်သို့ ထွက်တော်မူ၏။ နတ်တော်လဆန်းငါးရက် နေ့ ဘထွေးတော် ပြည်မင့်း သမီး-စလင်္ကသူ တိုက်စား ကံကုန်သည်ကို လည်း လှပကောင်းမွန်အောင် သင်္ကြိုဟ်တော်မူ၏။

ဘဝရှင်မင်းတရားကြီးဘုရားလည်း မိဖုရားခေါင်ကြီး သမီးတော်တို့ နှင့် မင်းညီမင်းသား မှူးတော်မတ်တော် ဗိုလ်ရဲမက်အပေါင်း ခြံရံတော် မူလျက် ထိုသတ္တရာဇ် နတ်တော်လဆန်းရှစ်ရက်နေ့ မြစ်ညာ သီဟတော ဘုရားသို့ အဖူးအမြော် ထွက်တော်မူ၏။

ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီး ဘုရားလည်း အမရပူရ မြို့တော်တွင် စံနန်းတော်မှစ၍ တိုက်တန်း တင်းကုပ် အလုပ်အဆောင် ပြီးပြေလျှင် အထက် မင်္ဂလာ ကျောက်မြောင်းမြို့သို့ ထွက်စံတော်မူသည့် နည်း ခင်းကျင်းမြဲ တပ်စဉ်အတိုင်း ကြည်းဘက်ရောဘက် တပ်ဝင်း အခင်း အကျင်းများနှင့် သင်္ကြာဇ် (၁၁၉၉) တထောင့်တရာ့ ကိုးဆဲ့ကိုးခု နတ် တော်လဆန်း တဆဲ့သုံးရက်နေ့ နံနက် တချက်တီးကျော်အချိန် မင်္ဂလာ ကျောက်မြောင်းမြို့က စုန်တော်မူရာ ၎င်းလဆန်းတဆဲ့လေးရက်နေ့ ကျွန်း ဦး စံနန်းတော်တွင် စခန်းချရပ်တော်မူပြီးလျှင် လဆန်းတဆဲ့ငါးရက်နေ့ နံနက်တချက်တီးအချိန် အမရပူရမြို့တော်သို့ ဝင်တော်မူ၍ နန်းမြို့တော် အတွင်း အနောက်မြောက် စံနန်းတော်တွင် စံနေတော်မူ၏။ ယင်းသည့် လအတွင်း မင်းညီမင်းသား မင်းမိဖုရား မှူးတော်မတ်တော်တို့ကို အထိုက် အလိုက် ဝင်းအိမ်ရာ အစေ့အငှ ပေးတော်မူ၏။

ယင်းသည့်သတ္တရာဇ်အတွင်း မိုးနဲမြို့တွင်လည်း မိုးနဲဗိုလ်မှူးက ညောင် ရွှေစော်ဘွားကို လူစေလွှတ် ခေါ်စေရာ ညောင်ရွှေမြို့သို့ ရောက်လျှင် စေခန့်သူတို့ မချေမငံပြုချေ၍ အခင်းဖြစ်ပွားကြသည်နှင့် စေခန့်သူတို့ကို ညောင်ရွှေ စော်ဘွားက သတ်လေလျှင် မိုးနဲဗိုလ်မှူးလည်း ညောင်ရွှေ စော်ဘွား မပျက်မဝပ်ရှိချေပြီ အထင်နှင့် ညောင်ရွှေမြို့သို့ ချီတက်လုပ်ကြံ ရမည်၊ အနီးအစပ် မြို့ရွာ စော်ဘွားတို့ကို ဆင့်ဆိုချီတက်စေပြီးလျှင် ရွှေ ဘဝါးတော်အောက်သို့ လျှောက်ထားလာရ၏။

ယင်းသည့် အကြောင်း အရာ များကို ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီးဘုရား ကြားသိတော်မူလျှင် ညောင်ရွှေ စော်ဘွားကား-နှလုံး လက်ရုံး လုပ်ရည်ကြီရည်မှစ၍ အကျိုးအပြစ်ကို သိမြင်လိမ္မာသော သူ ဖြစ်သည်၊ ညောင်ရွှေစော်ဘွားစိတ်ကိုလည်း ငါသိတော်မူသည်၊ ငါ့ စိတ်နှလုံး သဘောတော်အနေကိုလည်း ညောင်ရွှေစော်ဘွား သိရင်း ရှိသည်၊ ယင်းသို့ဖြစ်သဖြင့် ငါ့ကို မကျိုးမနွံ ခြားနားနေတိမည့်သူ မဟုတ် ဗိုလ်မှူးက စေခန့်သူတို့ မလိမ္မာခြင်းကြောင့်သာ မှုခင်း ဖြစ်ပွားရသည် နှုတ်ပြစ် တင်တော် မူပြီးလျှင် ငရွှေစိုးကို ရှုမ်း ကိုးပြည်ထောင် ဗိုလ်မှူး ဗိုလ်ချုပ်အရာက နှုတ်၍ ရွှေဘဝါးတော်အောက်သို့ အကျဉ်းယူစေပြီး လျှင် ထောင်မှာထားရ၏၊ မိုးနဲမြို့သို့လည်း မြဝတီမြို့စား မြင်းစုကြီးဝန်-ဝန်ထောက် မဟာမင်းလှသီဟသူကို ဗိုလ်မှူး ခန့်ထားပြီးလျှင် အမှုထမ်း လူသုံးထောင် ပေးအပ်၍ ချီတက်ရပ်နေစေ၏။

ထိုအခါ ညောင်ရွှေစော်ဘွားသည်း အလွန်ကြောက်ရွံ့သည်နှင့် ဝန်ထောက် မြဝတီမြို့စား မိုးနဲ ဗိုလ်မှူးရှိရာ မိုးနဲမြို့သို့ လာရောက်ပြီးလျှင် ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီးဘုရားကို ကျွန်တော်ခြားနား ရှိင်းမှုံပြုံ့သူမဟုတ်ပါ၊ ဗိုလ်မှူး စစ်ကဲ အရာရှိတို့ ညှဉ်းပန်းနှိပ်စက်သည် သာမက ဗိုလ်မှူးက စေခန့်သူတို့ မချေမငံ ပြုသောကြောင့် ခုခံရခြင်း သာ ဖြစ်ပါသည်, လျှောက်လာ၏။

မိုးနဲဗိုလ်မှူးလည်း ညောင်ရွှေ စော်ဘွားကို ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီးဘုရား အမျက်တော်မရှိကြောင်းနှင့် ပြန်ပြောပြီးမှ မိုးနဲမြို့မှာ ဖြစ်ပျက်သမျှအကြောင်းမျိုးအလုံးစုံကို ရွှေဘဝါးတော်အောက်သို့ စေလွှတ်လျှောက်ထားရ၏၊ ညောင်ရွှေစော်ဘွားကိုလည်း ဘွားစား ရင်း ညောင်ရွှေမြို့နှင့်တကွ စားကျေးစည်းစိမ်မရှုတ်မချ ထားတော်မူ၏။

ပုဂံရွှေစည်းခုံဘုရားကို ရွှေလုံးတော်ပြည့် ကပ်လှူခြင်း စသည်နှင့် သမီးကညာ ရောက်ခြင်း

ထိုသတ္တရာဇ် ပြာသိုလဆန်း တဆဲသုံးရက်နေ့ ပုဂံရွှေစည်းခုံဘုရားကို ထီးချရားသီးကသည် မြေတိုင်အောင် ရွှေထည့်တော်မူရန် ရွှေဆိုင်းရေနှစ်သောင်းကို အတွင်းတော်သို့ သွင်း၍ ရေစက် သွန်းတော်မူပြီးလျှင် ရွှေလုံးတော်ပြည့် ကပ်လှူတော်မူ၏၊ ယင်းသည့်လအတွင်းက စ၍ ရွှေနန်းတော်ကြီး ဆောက်လုပ်ရန် သစ်များကို အဘိုးငွေတော် ထုတ်ပေး

တော်မူ၍ အညာတပြင် မြို့ကျေးရွာများသို့ သစ်တော်ဝယ်အရာရှိ ခန့်ထားသွားစေ၏။

သက္ကရာဇ် (၁၁၉၉) တထောင့် တရာ့ကိုးဆဲ့ကိုးခု ပြာသိုလပြည့် ကျော် တရက်နေ့-နေ့ နှစ်ချက်တီးကျော်အချိန် နံတော်သင့်မြတ်ရာ စံနန်း တော်မြောက် ဆောက်ထားရှိသည့် သကြန် တန်ဆောင်းတွင် ဆဒ္ဒန် ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား ဖုသျှသကြွနေခြင်တော်မူ၏၊ မိဖုရားခေါင်ကြီးလည်း စံနန်းတော် အနောက် ဆောက်ထား ရှိသည့် သကြွန်တန်ဆောင်းတွင် သကြွန်ခြင်တော်မူ၏။

ကျိုင်းရုံးကြီး သေဉ်ဝိဘွား ဇောတိနဂရ မဟာပဝရ သုဓမ္မရာဇာသား ဇောတိနဂရဝံသ ရာဇာကိုလည်း ဇောတိနဂရမဟာဝံသရာဇာ အမည်နှင့် ပြာသိုလပြည့်ကျော် လေးရက်နေ့ ကျိုင်းရုံးကြီး သေဉ်ဝိဘွား ခန့် တော်မူပြီးလျှင် အမရပူရ ပဌမ မြို့တည်နန်းတည် ဘိုးတော်မင်းတရား ကြီးဘုရား လက်ထက် ပေးတော်မူသည့် အစီးအနင်း အဆောင်အရွက် နည်း ပေးတော်မူ၏၊ ညီ သီရိဝဏ္ဏရာဇာကိုလည်း သီရိဝဏ္ဏဥပရာဇာ အမည်နှင့် ကျိုင်းတုံစော်ဘွားသားကို ပေးတော်မူသည့် အစီး အနင်း အဆောင်အရွက်နည်း ပေးတော်မူ၍ ဥပရာဇာ ခန့်တော်မူ၏။

မြို့စားအမတ်တို့ကိုလည်း ဘွဲ့အမည်အရည် ထီး စည် အဆောင် အရွက်အထိုက်အလျောက် ပေးတော်မူ၏၊ ကျိုင်းရုံးကြီးသေဉ်ဝိဘွားကို သုံးနှစ်တကြိမ်ကန်တော့မြဲလက်ဆောင်တော်များကိုကန်တော့ပြီးနောက် နေရင်းမြို့ကျေးရွာသို့ပြန်သွားစေ၏။

ယင်းသည့် ပြာသိုလပြည့်ကျော် ခြောက်ရက်နေ့ နောင်တော် မင်း တရားသားတော် ညောင်ရမ်းမင်း မဟာသီဟသူရ ဓမ္မရာဇာ, ဘထွေး တော် မကွေးမင်း မဟာသီရိသုဓမ္မရာဇာ, သားတော် ရွှေထောင်မင်း သီရိမဟာသုဓမ္မရာဇာ, သားတော် ပြည်မင်း သီရိ မဟာသီဟသူရဓမ္မ ရာဇာ, သားတော် ပုခန်းမင်း သတိုးမင်းစောတို့ကို ဗောင်းကတ်ပါနိ နဖူးစည်း ဇာဖောက် ရောင်ပြားခံ၊ ဖောင်းသုံးရစ်၊ အလယ်သစ္စာပန်း တဆဲ့ရှစ်ပွင့်၊ ဗောင်း အထက်အောက် သရဘီပွင့်၊ ရွှေ အစိမ်း အနီ ဘော့ခြယ်၊ ပုလဲသေး ဝတ်ဆံတပ်၊ အကြားရောင်လင်းခံ၊ ဖောင်းသုံး ရစ်၊ အထက်အောက် ကြာတန်း၊ရွှေအစိမ်းအနီ ဘော့ခြယ်၊ နောက်ချပ် ကြက်ရင်ဇာဖောက် အနား သရက်ကင်း၊ ရွှေ အစိမ်းအနီ ဘော့ခြယ်၊ ရောင်ပြား ဇာဖောက် သုံးဆင့်၊ တမာရွက်ထောင် တဆဲ့ရှစ်စီ၊ ရွှေ

အစိမ်းအနီ ဘော့ခြေယ်၊ အုံအယဝ်ပန်းရွက် ဆင်စွယ် ဝန်းရွက်၊ ထောင့်သန်းပုလဲဝတ်ဆံတဝ်၊ ပန်းပွင့်အပြည့်ကြဲ၊ ဆင်စွယ် ဝန်းရွက်၊ အတွင်းသစ္စာပန်းပုလဲဝတ်ဆံတဝ်၊ အပြည့်ကြဲ၊ မြင်းနားသရက်ကင်း ဇာဖောက်ကြက်ရင် ရွှေအစိမ်းအနီ ဘော့ခြေယ်၊ ဗောင်းမှာသင်းကျစ်တဝ်၊ ပန်းနားခွောင်း၊ ရွှေစလွယ်တဆွဲရှစ်သွယ်၊ ဒက်ဘယက်၊ သရက်ကင်းထုပြောက် ဂုန္တန်ထိုး၊ အနားကျောက်စီ၊ အလယ်မြစီ။ ဝတ်လုံရွှေဗုဒ္ဓန်ဆီ ရွှေသားပန်းပွင့်ကြဲ ဘော့ခြေယ်၊ ဒုယင်ခြေတဝ်၊ ဘဲရံသုံးဆင့်၊ လည်ရွဲပါဘွဲ့ဖြူနှစ်ဘက်မြိတ် သုံးဆင့်၊ ရွှေသားပန်းပွင့်ကြဲဘော့ခြေယ်၊ အရှည်ခုနစ်တောင်, အနံတတောင်၊ ရွှေသားမှောက်တို ဝိုးရည်တောင်ဇာခြေယ်၊ ရွှေကုံးစိန်ထောင်တဆွဲရှစ်၊ ရွှေထိဝ်ရွှေထွတ်ကျောက်သုံးရစ်စီ၊ ငှက်မြတ်နား မှန်ကင်းတဝ်၊ စိန်ပွင့်တဆွဲရှစ်၊ နေရောင်ကာ ရွှေဗုဒ္ဓန်ဆီ အစိမ်းအနီအပြာခြေယ် ရွှေသားပန်းပွင့်ကြဲ၊ ပါးကာ, နားကာ, ရွှေကာ, နောက်ကာ, မောက်ရွှ,ပါလည်ကွေး ရွှေဗုဒ္ဓန်ဆီ အစိမ်းအနီ အပြာခြေယ် ရွှေသားပန်းပွင့်ကြဲ၊ မျဉ်းကိုရွှေဗုဒ္ဓန်ဆီ ရွှေသားရောင်ပြား အစိမ်းအနီ အတွန့်သတ်၊ မျဉ်းရှည် ရွှေဗုဒ္ဓန်ဆီ ရွှေသားရောင်ပြားအစိမ်းအနီ အတွန့်သတ်၊ ကွမ်းဓွက် တဆွဲခုနစ်မြှောင့် မှန်တဝ် အနားပတ္တမြား သုံးရစ်စီ၊လက်ဘက်အိုး တဆွဲခုနစ်မြှောင့် မှန်တဝ် အနားပတ္တမြားသုံးရစ်စီ၊ တကောင်းဝိတ်တဆွဲခုနစ်မြှောင့် မှန်တဝ် အနားပတ္တမြား သုံးရစ်စီ၊ ကွမ်းလိဝ် သုံးမြှောတဆွဲခုနစ်မြှောင့်မှန်တဝ် အနားပတ္တမြားသုံးရစ်စီ၊ ရွှေထွေးအင်၊ ဓား အဆောက်အအိမ် ရွှေသားဝိန်း၊ အဆောက်ရင်းဖျား ခွေးမ ပတ္တမြား ကျောက်တန်းခြောက်၊ အတွင်းရောင်လင်း သမ္ဗာရာခွံထိဝ်၊ ပတ္တမြားမျက်ခြယ်၊ လက်ကိုင်ရောင်လင်း၊ အိမ်ရင်းဖျားခွေးမ သံပတ်ကိုးတန့် ပတ္တမြားသုံးရစ်စီ။ ဆောင်ဓားအိမ် အရိုးသံပတ်ကိုးတန့် ပတ္တမြားတရစ်စီ မည်းသရီအိတ်သွတ်။ ဝေါပလာရွှေဝိန်း အတွင်းဟသ်ပဒါးသုတ်၊ ထဓ်းစင်ခွက် ရွှေဝိန်း၊ ကျိုင်းရွှေချက်လေး၊ အဆောင်နီ ခမောက် နေရောင်အုဝ် မှောက်တို, အဲမောင်း, လှံမ, သေနတ်, လင်းလေး, အိတ်နီသွတ်။ မီးပေါင်း, မြင်းကကိုင်း ညောင်ရွက်ကိုးချပ ရွှေဗုဒ္ဓန်ခွံမှမ်း နင်းနှင်းသိဝ် ဇက်ပါးကာ ရွှေဇဝါဝိန်း၊ကတောင်ရွှေဝိန်း၊ ဦးခက်ထိဝ်ဆောင်း မြီးပျမ်း ရင်ပတ်ကြိုး ကတ္တိပါရွှေကြယ်တဝ်။ စီးနှီးကတ္တိပါ၊ ကတ္တိပါတင်ရမ်း၊ ဆက်ရှန်းသုံးဆင့် ရွှေယက်ပြားကွပ်။ ဆင်ပေါင်းဝန်း ရွှေဝိန်း၊ ရဲကရွှေဝိန်း၊ အလံကျည်လှံကျည် ရွှေဝိန်း၊ ဆင်ကြိုးကတ္တိပါ ရွှေကြယ် ငွေကွင်း

တပ်၊ နင်းလုံးကြိုးငွေကွင်းငွေချိတ် ငွေမြီးကောက်၊ ရွှေသားမျက်နှာတပ်၊ ဆင်ခြေဖုံးမိုးနဲ့ရွှေလှံငါးဆယ်၊ စည်နှိုက်၊ စည်ပုတ်တစ်၊ ပုံသာတစ်၊ ငွေနဲ့ကြိုးနှစ်၊ ငွေနဲ့ငယ်သုံး၊ ခရာနှစ်၊ လင်းခွင်းတစ်၊ လှောက်ကား စက်ပြည့်၊ ဦးပဲ့လှုလင်တိုင်၊ ပုံတိုင်လက်ခတ်၊ ပဲ့ဘီးဝေဇယန္တ၊ ခင်ဒုယင် အမိုးလည်ပေါ်ယွန်းဆက်၊ အမိုးအုံရွှေပိန်း၊ ဒုယင်စိန်ပျံစိုက်၊ ဖောင်းဖြူ ငွေကြိုး၊ ရွှေကန်တော့ ဦးထုံးပွင့်, ပဲ့နှစ်ပွင့်၊ အလံရွှေဖျင်၊ ပဲ့တက်ရွှေ၊ လှော်တက်နီ၊ ဘောင်ဥဒေါင်းရုပ်၊ စွယ်ရန်းလုလင်တိုင်၊ ဘိနပ်ကုလားပန်း၊ အိမ်ညောင်ရွက်, အတွင်းကုလားပန်း၊ စိန်တောင် ဘီလူးခေါင်း, အတွင်းကုလားပန်း၊ ထောင့် ဒုယင်ပါ ပဲ့စွယ်ပေါင်ကနင်းခြင်ပွတ်၊ အဖြူ လိပ်ပြာတောင်သတ်၊ ပဲ့ဘီးဟွားစွဲ ဒုယင်မှော်တန်းစိန်, အနား သရက်ကင်းဖောက်, အတွင်းမန်းကျည်းရွက်၊ ဘဝါးအဖျားညောင်ရွက်, အနားဆီးရွက်, အတွင်း မန်းကျည်းရွက်၊ ဘဝါးအတွင်းပြင်ထုပြောက်၊ ပဲ့လုလင်တိုင်, ဘိနပ်ကုလားပန်း, အိမ်ညောင်ရွက်, အတွင်း ကုလားပန်း၊ စိန်ထောင်ဘီလူးခေါင်း, အတွင်းကုလားပန်း၊ ပဲ့ဒေါင်းမြီးပါ ဆောင်မလည်ပေါ် ခေါင်ယွန်းသတ်၊ လက်ဝဲလက်ယာ စမြင် နှယောင်ရွှေနဲ့မုတ်ပါ၊ နောက်ဆောင်လည်ပေါ် လက်ဝဲလက်ယာစမြင် နှယောင်ရွှေနောက်မုတ်ပါ၊ နဲ့နောက် နှယောင် စမုတ်ထပ်၊ ရွှေဆောင်လည်ပေါ် လက်ဝဲလက်ယာစမြင် နှယောင်ရွှေနောက်မုတ်ပါ၊ ရွှေဆောင်ရွှေစမုတ်ယွန်းသုံးဆက်၊ ဆောင်မရွှေခေါင်စင်းစနဆောင်ပါဆောင်ပေါင်း ငါး၊ အပေါ်အမွှမ်း မြီးကျေးကွေး၊ တော်ရ နောင်မှော်တန်း သရက်ကင်းအဆော်ညောင်ရွက်, အနားမန်းကျည်းရွက်, အတွင်းဘဝါးမြီ၊ တိုက်၊ ဒုယင်တိုက်၊ တော်ရနောင်မှော်တန်း သရက်ကင်း အဆော်ညောင်ရွက် အနားမန်းကျည်းရွက်,အတွင်းဘဝါးခြင်ဝိတ်မှော်တတောင်ခြား၊အကြားသံပွင့်, အနားဆီးရွက်၊ သတောင်းလည်ကြာနု တမြို့ဖောက်၊ ခြင်ဝိတ်ထောင့် သားစေတပ် ဒုယင်ပါ ခေါင်စင်း၊ စနဆောင်ရွှေ လည်ပေါ်ဆောင် စမုတ် ယွန်းသုံးဆက်ပါ၊ ခါးပန်း ဘိနပ်ကုလားပန်း၊ ဖောင်းထိပ်မှော်ပန်းလှကြာနုခါးပန်းပေါ်ပတ်လည်လက်ရန်းခေါင်းစီးခေါင်းခံ၊ နားဆောင်းကြိုးမှော် ကုလားပန်း၊ အိမ်ညောင်ရွက် အတွင်းကုလားပန်း၊ ထောင့်ကျေးစေတိုင်၊ တံခါးတိုင်လက်တံကြီးဆစ်, အထွတ်မြွှတာ၊အဖျားပန်းဆုပ်ထပ်တရာပွင့်၊ ထောင့်ကျေးစေတိုင်၊ တံခါးတိုင်အဖြူ မျဉ်းနားသတ်၊ နောက်ဆောင်ခါးပန်းဘိနပ်ကုလားပန်း၊ အိမ်ညောင်ရွက်ကုလား

ပန်း၊ ဖောင်းထိပ်မှော်ပန်းလှကြာနု၊ ခါးပန်းပေါ်ပျဉ်ထောင်၊ ကမွတ်ကြီးငယ်ပွတ်ခြမ်းသတ်၊ ပြုတင်းခြင်ပွတ်, ပြုတင်းခန်းစေ့ ဆောင်ပေါင်းငါး၊ အမိုးအဖြူအပေါ်အမွှမ်း၊ လက်ရန်းဘိနပ်ဖောင်းပန်းလှထုပြောက်အမွှမ်း၊ ရွှေတစု အနီနှစ်စု၊ ဖောင်းဦးပဲ့ ရွှေနှစ်စုအနီတစု၊ ပျဉ်ထောင် ကမွတ်ကြီးပွတ်ခြမ်းရွှေ၊ အတွင်းကမွတ်သေး ရွှေပိန်း၊ ပျဉ်ထောင် ဇာတာကွင်းအနီသုတ်၊ ဝိုးပိတ်ဘိနပ် ခါးပန်း လက်ရုံးအနီသုတ်၊ ခါးပန်းကြယ်တပ် သနားတော်မူ၏။

အမရပူရ ပဌမမြို့တည်နန်းတည် မင်းတရားကြီး တူးလုပ်သည့် ရွှေတချောင်းမြောင်းတော် တိမ်ကောပျက်စီးသည်များကို ဆင်းရဲသားတို့လုပ်သီးဆောင်တာ ဖြစ်ပွားသဖြင့် လယ်ယာ အများ ဖြစ်ထွန်းစေခြင်းငှာ ရွှေတချောင်းမြောင်း၀ ဗောင်းတော်ကျဘုရားအနောက်က တောင်ကို လက်ဆည်ကန်ထိ တာပေါင်းတထောင့် သုံးရာ့လေးဆယ်၊ ၎င်းက တောင်ကို တက်သေးအင်းဆူးပန်းကန်ထိ တာတထောင့် လေးရာကျော် တူးဖို့ ပြင်ဆင်ရန် ရှိသည်ကို အစဉ်ထာ၀ရ ရေစီးရေလာ အစီးအသွား ကောင်းမွန်စွာ ဖြစ်စေခြင်းငှာ ထိုသတ္တရာဇ် ပြာသိုလပြည့်ကျော် တဆဲ့နှစ်ရက်နေ့ကစ၍ ၀န်ကြီး သတိုးမင်းရဲရာဇာ, လက်ဝဲ၀င်းမှူး မင်းကျော်သီဟတို့ကို ကြီးကြပ်တူးဖောက်ဆည်ဖို့ပြင်ဆင် လုပ်ဆောင်စေ၏။

ယင်းသည့်သတ္တရာဇ်အတွင်းရွှေလောင်းကျောက်ဆည်တော်ရေသွားရေလာ မကောင်း ပျက်စီးရှိသည်ကိုလည်း ဆင်းရဲသားတို့ လုပ်သီးဆောင်တာ ဖြစ်ပွားသဖြင့် လယ်ယာအများ ဖြစ်ထွန်းစေခြင်းငှာ မြို့မြို့ခိုင်ခန့် ရေသွားရေလာ ကောင်းမွန်အောင် ရွှေလောင်းတလျှောက် နီးစပ်သည့် ကျေးရွာနေ လူကိုတို့ခန့်ထား၍ လဲခြားစော်ဘွား ကမ္မောဇ ရဋ္ဌသီဟ သုဓမ္မရာဇာနှင့် လက်ဝဲ၀င်းမှူး မင်းကျော်သီဟတို့ ကြီးကြပ်တူးဖောက်ရ၏။

ထိုသတ္တရာဇ် ပြာသို လပြည့်ကျော် တဆဲ့ လေးရက်နေ့ ပဲခူးမြို့စား ၀န်ကြီး မင်းကြီး မဟာကျော်ထင် ဧသလွန်သည်ကို လှပ ကောင်းမွန်အောင် သင်္ကြိဟ်ရ၏၊ ယင်းသည့် သတ္တရာဇ် ပြာသိုလအတွင်း ထရံကာမြို့စား မဟာမင်းကလေးကိုအတွင်း၀န်ခန့်တော်မူ၏၊ထိုသတ္တရာဇ်အတွင်း ကျွန်တော်ရင်း ရေနံချောင်းမြို့စား ၀န်ထောက် မဟာ မင်းလှကျော်ထင်ကိုလည်း ဟံသာ၀တီ ရန်ကုန်မြို့က ရပ်နေစေပြီးလျှင် အောက်မြစ်စည်တလျှောက် မြို့ကျေးရွာများကို ဆင့်ဆိုစီရင်စေ၏။

သက္ကရာဇ် (၁၁၉၉) တဆောင့်တရာ့ ကိုးဆဲ့ကိုးခု တပို့တွဲလဆန်း ၈ ါးရက်နေ့ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား မိဖုရား ခေါင်ကြီးနှင့်အတူ ပြာသာဒ်ရထားတော်ကြီးတွင် ရွှေစက်တင်တော်မူ၍ မင်းမိဖုရား မင်းညီမင်းသား စော်ဘွားမြို့စား မှူးတော်မတ်တော် ဗိုလ်မှူး တပ်မှူးအပေါင်းခြံရံလျက် ရွှေဆုံးတပ်, နောက်ဆုံးတပ် တပ်ဝင်း အခင်း အကျင်းနှင့် မဟာမုနိ ဘုရားကြီးသို့ အဖူးအမြော် ထွက်တော် မူပြီးလျှင် သူတော် သိတင်းသည် ယောကျ်ား မိန်းမတို့ကို အဝတ်အစား ဆန်စပါး များစွာ ပေးကမ်း စွန့်ကြဲတော်မူ၏။

ယင်းသည့်လအတွင်း အတွင်းဝန် မိုးထားမြို့စား သေလွန်သည်ကို လည်း လှပကောင်းမွန်အောင် သင်္ဂြိဟ်စေ၏။

ယင်းသည့်နှစ် တပေါင်းလဆန်း သုံးရက်နေ့ မိုးနဲစော်ဘွားက သမီး ကညာ အဆက်အသ ရွှေစက်တော်အောက် ရောက်လာသည်ကို စော် ဘွားကြီးတို့ သမီးကညာ ဆက်သည့်နည်း ဆက်သရ၏၊ နောက်ကိုလည်း မိုးနဲစော်ဘွားက တဆဲ့လေးနှစ်ရွယ်သူသမီးဆက်သပြန်သည်ကို အထက် နည်း ဆက်သစေ၏။

ဆင်ကျုံးကို ရွှေ.ပြောင်းခြင်းစသော အကြောင်းအရာများ

ထိုနှစ် ပညာရှိတို့က အမရပူရ ပဌမ မြို့တည်နန်းတည် မင်းတရား ကြီးလက်ဆက်တည်လုပ်ရှိသည့်ဆင်ကျုံးတော်သည် နံတော်သင့်မြတ်ရာ ရွှေမြို့တော် မြောက်မျက်နှာတွင် တည်လုပ်ရှိသည်ဖြစ်ပါ၍ ယခုလည်း နံတော်၏ ဌာနအရပ်ဖြစ်သော ရွှေမြို့တော် အရှေ့မျက်နှာသို့ ပြောင်း ရွှေ့တည်လုပ်သင့်ကြောင်းနှင့်လျှောက်ထားချက်အတိုင်း မြို့တော်မြောက် မျက်နှာ ဆင်ကျုံးကို ဖျက်သိမ်းစေပြီးလျှင် ၎င်းနှစ် တပေါင်းလဆန်း တဆဲ့သုံးရက်နေ့ ကျုံးလေးမျက်နှာ ထောင့်လေးရပ်မှစ၍ ထွက်မောင်း ဝင်မောင်းများတွင် အင်းအိုင် ပယောဂ အနှံအထားများနှင့်လုပ်ဆောင် ၍ စံတော်မူရန် စံနန်းတော် အမိုးဘုံခုနစ်ဆင့်နှင့်တကွ မြို့တော် အရှေ့ မျက်နှာသို့ ပြောင်းရွှေ့ပြီးလျှင် ဆင်ကျုံးအသစ် တည်ထားဆောက်လုပ် ရ၏။

ယင်းသည့် သက္ကရာဇ်အတွင်း ဆင်ကျုံးတော်အဆောက်အလုပ်ပြီးပြေ လျှင် ဆဲ့ဝန်, ဆင်မင်းဝန်, ဆင်လက္ခဏာဖတ်တို့က ဆင်ကျုံးတော်တွင် ရှေးအစဉ်ဥပဒေစာတမ်းစာရင်းထွက်အတိုင်း ပရမေသူရ,ဂဇနာထ,ဥဒိန်

နတ်မှစ၍ နတ်အပေါင်းတို့အား ပွဲနတ်ရကာစုံ, သေဖိုသေမ, ကြိုက်ဖို ကြက်မ, အမွေးအထုံဆီမီးတိုင်စသည်တို့ဖြင့် တင်ကြားပသသင့်ကြောင်း နှင့် လျှောက်ထားရာ ပွဲနတ် ရကာစသည်တို့ဖြင့် တင်ကြားပသ ပူဇော် စေ၏။

ယင်းသည့်တပေါင်းလပြည့်ကျော်နှစ်ရက်နေ့ ငွေတောင်ကရင် ပဒ္ဓတ ဒေဝရာဇာ ခံ ကြက် ဘိုးကြီးက ရွှေစက်တော် အောက် သမီးကညာ အဆက်အသ ရောက်သည်ကို စော်ဘွားမြို့စား‌တို့ သမီးကို ဆက်သွင်း သည့်နည်း ဆက်သွင်းရ၏။ ။နှစ်စဉ် လှူဒါန်းမြဲ အတာသဘင်မှ စ၍ တဆဲ့နှစ်ရာသီ သဘင်မင်းပွဲအလှူတော်များကို ရှေးအစဉ် ထုံးစံရှိသည့် အတိုင်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူးဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၁၉၉)တထောင့်တရာ့ကိုးဆဲ့ကိုးခု တန်းခူးလပြည့် ကျော် နှစ်ရက် ဗုဒ္ဓဟူးနေ့ သင်္ကြန်ကျသည်၊ ၎င်း လပြည့်ကျော် လေးရက် သောကြာနေ့ အတာနှစ်သစ် သက္ကရာဇ် (၁၂၀၀) တထောင့်နှစ်ရာပြည့်နှစ်သို့ တက်သည်။

၁၂၀၀-ခု

သင်္ကြန်ပြောင်း အချိန်တွင် ရွှေမြို့တော် ဓာတ်လေးရပ် တံခါးများက အမြောက်သံပေးမြဲ ပေးရသည်၊ အခါသုံးရက်အတွင်းလည်း ရတနာ သုံး ပါး, သမ္မာဒေဝနတ်မှစ၍ ရှေးအစဉ် လှူဒါန်းပသမြဲ အဘွယ်အရာစသည် တို့ကိုလည်း စီရင်ခင်းကျင်း ပူဇော်လှူဒါန်းစေ၏။ အခါသုံးရက်အတွင်း လည်း ရွှေပြည်တော်မြို့တွင်းမြို့ပြင် ပြည်သူပြည်သားတို့ ခိုက်ပွား ရန်စစ် မဖြစ်စေရ အမွေးအထုံနံ့သာရေ စသည်တို့ဖြင့်ဖျန်းပက်ကစားကြရ၏။

သက္ကရာဇ် (၁၂၀၀) တထောင့် နှစ်ဆယ် ပြည့်နှစ် တန်း ခူး လ အတွင်း နောင်တော်မင်းတရားသားတော် ညောင်ရမ်းမင်းနှင့် သဘော တူပါဝင်သူ လက်ဝဲဝင်းမူး မင်းကျော်သီဟခံ ဆံရှည်ဗိုလ်ခေါ် ငရေး, တောင်ကြီးဗိုလ် ငမြတ်ရာတို့ တိုင်တပင်ပြု၍ မသင့်မတင့်သော အကြံ အစည်ရှိကြောင်းများနှင့် ဆဒ္ဒန်ဆင်မင့်သခင် ဘဝရှင် မင်းတရားကြီး ဘုရား ကြားသိတော်မူသည်တွင် နောင်တော်မင်းတရားသား ညောင် ရမ်းစားကို ကြေးတိုက်တွင် ထားပြီးနောက် စည်းကြပ်တိုင်ပင်ရာ ပါဝင် သူတို့ကို တောင်ဉယျာဉ်တော်အတွင်း ရွှေတော်သို့ခေါ်၍ မေးမြန်းစစ်

ကြောတော်မူသည်တွင် ဟုတ်မှန်သည့်အတိုင်း ထွက်ပေါ် စစ်မေးချက်ရသည်နှင့် အမိန့်တော်ရှိသည်ကား-နောင်တော်မင်းတရားသားညောင်ရမ်းစားကို ငါ့သားတော်ရင်းချာကဲ့သို့နောင်တော်မင်းတရားသူကောင်းပြုတော်မူသည်အတိုင်း မရွှတ်မချထပ်၍ အထူး သူကောင်းပြုတော်မူသည် ကျေးဇူးသစ္စာတော်ကို မထောက် လူဆိုး လူသွမ်းတို့နှင့် ပေါင်းဘက်၍ မကြံမစည်ရာသော အမှုကို ကြံစည်သူဖြစ်သည်-အမိန့်တော် ရှိပြီးလျှင် ယင်းသည့်သတ္တရာဇ် တန်းခူးလပြည့်ကျော်ခြောက်ရက်နေ့ ထုံးစံနှင့်အညီ ရေထွင်ဖျောက်တော်မူ၏။

ခမည်းတော်ဘုရားသခိုးတော် မြတောင်မင်းသခိုးကိုလည်း ညောင်ရမ်းစားနှင့် တိုင်ပင်ရာပါဝင်သည် စစ်မေးထွက်ဆိုချက် ရသောကြောင့် ထုံးစံနှင့်အညီ စီရင်တော်မူ၏။ ညောင်ရမ်းစားနှင့် စည်းကြပ်တိုင်ပင်ရာပါသူ ဆံရှည်ဗိုလ်ခေါ် ငရေး, တောင်ကြီးဗိုလ်ခေါ် ငမြတ်ရာ, ငရွဲ, ငယန်း, ငဘူး, ငချမ်းငြိမ်းရာတို့နှင့် ယောကျ်ားမိန်းမ လူပေါင်း နှစ်ဆယ်ကျော်တို့ကို ကွပ်မျက်တော်မူသည်။

ယင်းသည့်သတ္တရာဇ် အတွင်း ပေါက္ကံဗိုလ် မင်းလှမင်းခေါင်ကျော်ကို လက်ပဝင်းမှူး ခန့်တော်မူပြီးလျှင် ဝန်းသိုမြို့ကို မြို့စား ပေးတော်မူ၏။ ယင်းသည့်နှစ် ကဆုန်လဆန်းတဆဲ့ငါးရက်နေ့ သံဃာတော်တထောင်ကို ဆွမ်းလောင်းလှူတော်မူပြီးလျှင် ရာဇဝတ်အပြစ်အလျောက် ထောင်တွင်းအကျဉ်းခံနေသူလူပေါင်း ငါးဆဲ့လေးကိုလည်း ဘေးမဲ့ချမ်းသာ ပေးဘော်မူ၏။ ၎င်းလပြည့်ကျော်ကိုးရက်နေ့ ပုသိန်မင့်-သမီး မြန်အောင်မြို့စားမင်းသမီး ကံကုန်သည်ကို ကောင်းမွန်အောင် သင်္ဂြိဟ်ရ၏။

၎င်းလပြည့်ကျော် တဆဲ့သုံးရက်နေ့ ဘိုးတော် မင်းတရားသားတော် မကွန်ရာမင်းနှင့် သမီးတော် ကြီညွှပ်မြို့စား မင်းသမီးတို့ကို စုံဖက်တော်မူရာ ဘွားမြင်သည့်-ပန်းတောင်းမြို့စား မင်းသမီး၊ ဘိုးတော် မင်းတရားသားတော် တောင်ငူမင်းနှင့် သမီးတော် မြတောင်မြို့စား မင်းသမီးတို့ကို စုံဖက်ရာတွင် ဖွားမြင်သည့် သမီးတော်တို့ကို ရွှေနန်းတော်သို့ ဆောင်ယူတော်မူ၍ ပန်းတောင်းမင်းသမီးကို သီရိဝိမလာဝတီ၊ မြတောင်မြို့စား သမီးကို သီရိရတနာ စန္ဒာဝတီ-အမည်နှင့် မိဖုရားလတ်တို့ အဆောင်အရွက်ကို ပေးတော်မူ၏။

ယင်းသည့် ပန်းတောင်းမင်းသမီးအကြောင်းကား ... အမရပူရမြို့တည်နန်းတည် ဘိုးတော်မင်းတရားလက်ထက် သားတော်မကွန်ရာမင်း မဟာ

သီရိသုဓမ္မရာဇာနှင့် သမီးတော် ကြီညွှပ်မြို့စား မင်းသမီးကို စုံဖက်တော်မူရာတွင် မြင်သည့်သမီးတော်ကို ဘိုးတော်မင်းတရားကြီးက ပန်းတောင်းလေးမြို့ကို မြို့စားပေးတော်မူ၍ ရွှေနန်းတော်တွင် ထားတော်မူသည်၊ နောက်အိမ်ရှေမိဖုရားနတ်ရွာစံသည်နှင့်အသက်ခုနစ်နှစ်ရွယ် ပန်းတောင်းမင်းသမီးကို (၁၁၇၈) တထောင့်တရာ့ခုနစ်ဆဲ့ရှစ်ခုနှစ် မြေးတော်အိမ်ရှေမင်းနှင့် ထိမ်းမြားလက်ထပ်တော်မူပြီးမှ ရွှေနန်းတော်တွင် နေရစ်၏။ နောက် မြေးတော် ရတနာပူရ စတုတ္ထမြို့တည် နန်းတည် နောင်တော်မင်းတရားလက်ထက် မယ်တော် ကြီညွှပ်မြို့စား မင်းသမီးနှင့်တကွ ပန်းတောင်းမင်းသမီးကိုအနိမ့်အကျထားတော်မူသည်တွင် အမရပူရ ဒုတိယမြို့တည် နန်းတည် ဘဝရှင် မင်းတရားကြီး ဘုရား လက်ထက် သက္ကရာဇ် (၁၂၀၀) တထောင့်နှစ်ရာပြည့်နှစ် ပန်းတောင်းမြို့စား မင်းသမီးကို ရွှေနန်းတော်သို့ယူ၍ သီရိဝိမလာဝတီအမည်နှင့် မိဖုရားလတ်တို့ အဆောင်အရွက်ကို ပေးတော်မူ၏။

မက္ခရာမင်းသားကိုလည်း အဘ မက္ခရာမင်းကို ဘိုးတော်မင်းတရား ပေးတော်မူသည့် သတိုးမင်းလှကျော်စွာ အမည်နှင့် မင်းသားကြီးတို့ အစီး အနင်း အဆောင်အရွက်ကို ပေးတော်မူ၏၊ ထိုသက္ကရာဇ် နယုန်လဆန်း တဆဲ့တရက်နေ့ မက္ခရာမင်းသား သမီးတော်ကို အဓိန့်တော်နှင့် သျှောင်ထုံး,နားထွင်း, ဆံထုံးထုံး,တဘက်ဝတ်-မင်္ဂလာဆောင်တော်မူသည်၊ ယင်းသည့်နေ့ မိဖုရားခေါင်ကြီးလည်း မင်းမိဖုရားအပေါင်းခြံရံလျက် မက္ခရာမင်းအိမ်သို့ ထွက်တော်မူသည်။

ဆဋ္ဌန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း ရှေးဘေးလောင်းတော် ဘိုးလောင်းတော် သကျသာကီဝင်မင်းတို့ဝယ် နွယ်တော်စဉ်ရှေးတဝေးမပြုံးဖြစ်သည်ကို နှလုံးသွင်းတော်မူသဖြင့် အမရပူရပဌမမြို့တည် နန်းတည် ဘိုးတော်မင်းတရားကြီး သားတော် မက္ခရာမင်းနှင့် သမီးတော် တကောင်းမြို့စား မင်းသမီးကို စုံဖက်တော်မူရာတွင် မြင်သည့် သမီး မင်းရွှေကျူကို သီရိသုရတနာ ပဘာဒေဝီ-အမည်နှင့် မင်းသမီးကြီးတို့ အစီးအနင်း အဆောင်အရွက်ကို ပေးတော်မူပြီးလျှင် မိဖုရားခေါင်ကြီးတွင် မြင်သည့် သားတော်ရွှေတောင်မင်း သီရိ မဟာသုမွေရာဇာနှင့် သက္ကရာဇ် (၁၂၀၀) တထောင့်နှစ်ရာပြည့် နယုန်လပြည့်ကျော်နှစ်ရက်နေ့ ရေသွန်းလက်ထပ်တော်မူသည်။

သွေးသောက်ဖွဲ့ခြင်း-စသည်နှင့် မြေငလျင် မျှားစွဲလှုပ်၍ လူ သူ ကျဲ နွားအမျှား သေရခြင်း

ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း မင်္ဂလာ အိမ်တော်စံတော်မူစဉ် အရေးအရာကိုယုံမှတ်တော်မူ၍ ဆွေးနွေးတိုင်ပင် ရာပါသည့် ရဲဘော် ကျွန်တော်များ-ရွှေတိုက်ဝန် မင်းကြီး မဟာမင်း လှမင်းခေါင်၊ စလေပုခန်းငယ်မြို့စား ဝန်ကြီး မင်းကြီး မဟာမင်းလှဇန္ဒာ ကျော်၊ ပုဏ္ဏားဝန် သီရိဝိဇြောအဓိ ကာရိ စကြဝတေး၊ ရွှေဝင်းတော်မှူး မင်းကြီး မဟာ မင်းထင်မင်းခေါင်၊ လက်ဝဲ ဝင်းတော်မှူး မင်းလှ မင်း ခေါင်ကျော်၊ ဟန်လင်းမြို့စား မင်းကြီး မဟာ မင်းလှသူရိန်၊ အတွင်းဝန် မင်းကြီး မဟာမင်းလှနော်ရထာ၊ ဝန်ထောက် ရေနံချောင်း မြို့စား မင်း ကြီး မဟာမင်းလှကျော်ထင်၊ နောက်ဝင်းမှူး ပင်လယ်မြို့စား မင်းကြီး မင်းခေါင်၊ အရှင်မိဖုရားခေါင်ကြီးဝန် မင်းကြီး မဟာရာဇသင်္ကြီ၊ မင်း တိုင်ပင်အမတ် သီရိနန္ဒသင်္ကြီ၊ ဝန်ထောက် ပြင်စည်မြို့စား မဟာမင်းလှ ရာဇာ၊ စိုးတော်မြင်းဝန် မဟာမင်းလှသခ်ိုင်္ယာ၊ တောင်တရုင်းဆယ် ဗိုလ် နေမျိုး မင်းလှနော်ရထာ၊ တောင်ဒဝယ်ဗိုလ် မဟာမင်းလှ မင်း ခေါင်၊ နတ်စုလက်ဝဲဗိုလ် နေမျိုး မင်းလှရာဇာ၊ ဒလမြို့ဝန်မင်းကြီးမင်းလှ မဟာ မင်းထင်၊ လက်ယာဝင်းမှူး မင်းကြီး မဟာ မင်းလှကျော်ထင်၊ အဆောင်တော်မြို့ နေမျိုးရွှေတောင်၊ ရဲခေါင်နော်ရထာ၊ ရွှေလှံဗိုလ် မဟာ မင်းကျော်သခ်ိုင်္ယာ၊ နတ်စုလက်ယာ့ဗိုလ် မဟာ မင်းလှ သူရိန်၊ ဆင်ဝန် မဟာမင်းကျော်မင်းထင်၊ တံခါးနီမှူး မဟာ မင်းကျော်စည်သူ၊ တောင်ငူမြို့ဝန် နေမျိုးမင်းထင်သူရိန်၊ အဆောင်တော်မြို့ နေမျိုးဇေယ ပေါ်ထင်၊ ပဲခူးမြို့စား ဝန်ကြီး မြေး ရွှေတောင်ရဲလှကျော်၊ မဟာမင်း ကျော်တန်ဆောင်သား ရွှေတောင်ရဲထင်၊ နေမျိုးသူရိန်ရွှေတောင် မြေး ငရွှေမိုးတို့ လူပေါင်း ဦးရေ နှစ်ဆဲ့ကိုးမှာ ရွှေတိုက်ဝန် မင်းကြီး မဟာ မင်းလှမင်းခေါင်ကိုသွေးသောက်ကြီးခန့်တော်မူ၍ သက္ကရာဇ် (၁၂၀၀) တထောင့်နှစ်ရာပြည့်နှစ် ဝါဆို လပြည့်ကျော် ကိုးရက်နေ့ လေးဆယ် တော် သွေးသောက်ကြီးဖွဲ့စည်းတော်မူသည်၊ သွေးသောက်ကြီး ဖွဲ့စည်း ရာပါလူတို့ သားမယား အသက် နေ့နံ စာရင်းကျယ်ကိုလည်း ဆက်သွင်း ရ၏။

ထိုသက္ကရာဇ် ဝါခေါင်လအတွင်း အမရပူရ ပဌမ မြို့တည် နန်းတည် ဘိုးတော် မင်းတရားကြီး လက်ထက် ဥဒည်မင်းကဆက်သသည့် တောင်ဝိုင်မြို့စား သီရိမဟာ ဂန္ဓာလဒေဝီ မိဖုရား ကံကုန်သည်ကို ကောင်းမွန်အောင် သင်္ဂြိဟ်ရ၏။

ဆက္ကရာဇ်(၁၂၀၀) တထောင့် နှစ်ရာပြည့်နှစ် ဝါခေါင်လပြည့်ကျော် တရက် တနလ်ာနေ့ ညဉ့် တချက်တီးကျော် ငါးနာရီ နှစ်ပါဒ် အချိန်တွင် အခါတော်အတိုင်း ရွှေနန်းတော်ကြီး ဆောင်ပုံတော်များကို စရံလုပ်ကိုင်ရ၏၊ ယင်းသည့်နေ့ ဘဝရှင်မင်းတရားကြီးဘုရား မိဖုရားခေါင်ကြီးနှင့် ပြာသာဒ်ရထားတွင် ရွှေစက် တင်တော်မူပြီးလျှင် ရွှေမြို့တော်မြောက် တက်သေးအင်းအတွင်း လှေပွဲသဘင်သို့ ထွက်စံတော်မူ၏။

ထိုသက္ကရာဇ်အတွင်း အမရပူရ ပဌမမြို့တည်နန်းတည် မင်းတရားကြီး လက်ထက် သွန်းလုပ်တော်မူသည့် စန္ဒာမုနိဘုရားရှစ်ပွားတော်ကို ရတနာပူရ အဝမြို့က အမရပူရ မြို့တော်သို့ ပင့်ဆောင်တော် မူမည်ကို ကောင်းတုံမြို့စား ဝန်ကြီး သတိုးမင်းရဲရာဇာ, မိုးနဲဝိုလ်မှူး ဝန်ထောက် မဟာမင်းလှသီဟသူတို့ကို ရွှေငွေဖလံမှန်တို့ဖြင့် ဆန်းကြယ်စွာခြယ်လှယ်သော နှစ်စင်းတွဲ နရားရုပ် ဖောင်တော်ထက် မြတ်စွာဘုရား ရုပ်ပွားဘော်ကို ကြီးကြပ်ကြည့်ရှု တင်ဆောင်ထားရမည့် အမိန့်တော်နှင့် ထိုသက္ကရာဇ် တော်သသင်းလပြည့်ကျော်ခြောက်ရက်နေ့ ရတနာပူရအဝမြို့သို့ အလှူင်ဆွမ်းနှင့်စေပြီးလျှင် ၎င်းလပြည့်ကျော် ရှစ်ရက်နေ့ မင်းညီမင်းသား မှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူး သူရဲသူခက်အပေါင်း ခြံရံလျက် ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီး အဝမြို့ရောက် ရေကြောင်းထွက်တော်မူ၍ စန္ဒာမုနိဘုရား ရုပ်ပွားတော်တင် ဖောင်တော်ထက် ဆရာတော်သံဃာတော်တို့ ဝဲယာခြံရံစေပြီးမှ အသီတိ ရှစ်ကျိပ်, သာမဏေကျော်, ရဟန္တာရုပ်ပွားတော်များကို မင်းညီမင်းသား မှူးတော်မတ်တော်တို့ လှော်ကားတွင် တင်ဆောင်တော်မူပြီးလျှင် ရုပ်ပွားတော်မှာ အမရပူရ ပဌမ မြို့တည်နန်းတည် မင်းတရားကြီး တည်ထားရင်း ရွှေမြို့တော်မြောက်မျက်နှာ စန္ဒာမုနိစေတီတော်ဂ လိုက်မုတ်အတွင်း အသီတိရဟန္တာ ရုပ်ပွားများမှာ ၎င်းစေတီတော် မဟာရံ အတွင်းပတ်လည် အသီတိရှိစ်ကျိပ် ပြာသာဒ်တန်ဆောင်းတော်တွင် သွင်းထားတော်မူ၏။

၎င်းလပြည့်ကျော်ကိုးရက် စနေနေ့ နံနက်တချက်တီးကျော် လေးနာရီနှစ်ပါဒ်အချိန် အခါတော်အတိုင်း ရွှေနန်းတော်ကြီး တည်လုပ်ရန်

သစ်များကို တောစာပယ်ရသည်။ ယင်းသည့်သက္ကရာဇ် နတ်တော်လဆန်း တဆဲ့သုံးရက် သောကြာနေ့ နေနှစ်ချက်တီးကျော် လေးနာရီတပါဒ် အချိန် ရွှေနန်းတော်တည်ရန် ကြွင်းဖို ကြွင်းမမှစ၍ သစ်တော်များကို မင်းညီမင်းသား မှူးတော် မတ်တော် သူဌေးသူကြွယ်တို့ သနားတော် မြတ်ခံရသည့် ဗောဓိနားခေါင်း ဝတ်လုံစလွယ် ဘွဲ့ဖြူ ဆင်ယင်ပြီးလျှင် နေရာစဉ် အလျောက် သစ်တော်များကို ကြီးကြပ် မစ၍ ပွဲဘာဘင်စုံ အခမ်းအနားများနှင့် ဖောင်တော်ဆိပ်မှသည် မြို့တော် အနောက်မျက်နှာ စည်ရှင်တံခါးက သွင်းပြီးလျှင် နန်းမြို့တော်အတွင်းသို့ ဆောင်ယူကြရ၏။

တပို့တဲ့လဆန်း တဆဲ့သုံးရက်နေ့ အမရပူရ ပဌမ မြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီးသမီးတော် ကွပ်ရွာမြို့စား မင်းသမီး ကံကုန်သည်ကို ကောင်းမွန်အောင် လုပ်ဆောင်သင့်ပါ၏။

ယင်းသည့် တပို့တဲ့လဆန်း တဆဲ့သုံးရက် တနင်္ဂနွေနေ့ နေနှစ်ချက်တီးကျော် နှစ်နာရီအချိန် ရွှေနန်းတော်ကြီးတည်ရာမြေကို စ၍ မြေစံနစ်ရသည်။

တပို့တဲ့လဆန်း တဆဲ့ငါးရက်နေ့ ပုဏ္ဏားတိထီ ဖုသျနက္ခတ်နှင့် ကြိုက်သောအခါတွင် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီး ဘုရားလည်း စံနန်းတော်မြောက် ဆောက်ထားရှိသည့် သင်္ကြန်တန်ဆောင်းတော်တွင် ဖုသျသင်္ကြန်ခေါ်တော်မူ၏၊ မိဖုရားခေါင်ကြီးမှာလည်းစံနန်းတော်အနောံ ဆောက်ထားရှိသည့် သင်္ကြန်တန်ဆောင်းတော်တွင် သင်္ကြန်ခေါ်တော်မူ၏။

ဘဝရှင် မင်းတရားကြီးဘုရားလည်း ရှေးသာသနာပြု တိုင်းပြုပြည်ပြု မင်းတို့ကဲ့သို့ သာသနာတော်မြတ် အကျိုးစီးပွား, တိုင်းနေပြည်သူ ရှင်လူ သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားများကို ရှုက်ဆောင်တော် မူမည် ကြံရည်တော်မူပြီးလျှင် မြို့တည်နန်းတည် ထာဝရကိန်းကို ငံ့လင့်စံနေတော်မူသည့်အတွင်း သက္ကရာဇ် (၁၂၀၀) တထောင့်နှစ်ရာ ပြည့်နှစ် မြို့နန်းတည်တော်မူရန် သိုက်ဓာတ်ကိန်းခန်း ကာလသမယစုံညီကြိုက်လတ်သဖြင့် ထိုသက္ကရာဇ် တပို့တဲ့လပြည့်ကျော် ငါးရက် တနင်္ဂနွေနေ့ နေနှစ်ချက်တီးကျော် တနာရီ နှစ်ပါဒ်အချိန်တွင် မြို့တော်,နန်းတော်, ကျုံး

တော်, ရွှေဂူပုထိုးတော်, ကန်တော်ဝိဋ္ဌကတ်တိုက်တော်, ကျောင်းတော်, ခုနစ်ဌာနကို တဖြိုင်တည်း စ၍ မင်းညီမင်းသား မှူးတော် မတ်တော် သူဌေးသူကြွယ်တို့ ရွှေပန္နက်ငွေပန္နက် ချမှတ်စေပြီးလျှင် ယင်းသည့်နှစ် တပေါင်းလဆန်းဆယ်ရက် သောကြာနေ့ ညဉ့်လေးချက်တီးကျော် ခုနစ် နာရီ တပါဒ်၊ ထဆွဲနှစ်ဗီဇနာ၊ ငါးပြန်၊ ခြောက်ခရာအချိန် ကောင်းမြတ် သော မင်္ဂလာအခါတော်၌ ရွှေမြို့တော် ရွှေနန်းတော်ကြီးမှစ၍ ခုနစ် ဌာနကို တဖြိုင်တည်း တည်ထုပ်တော်မူ၏။

ယင်းသည့်အတွင်း ရွှေမြို့တော် ရွှေမျက်နှာ ဇောင်းကလောကန်ရွှေ တွင် စေတီတည်မည့် အရပ်ကိုလည်း ပန်းသုန်းမှတ်တိုင် စိုက်ပြီးလျှင် အစောင့်အနေ ခန့်ထားစေ၏၊ ထိုအခါ တပေါင်းလဆန်း ထဆွဲလေး ရက်နေ့ ညဉ့်သန်ယိမ်းအချိန် စိုက်ထားရှိသည့်မှတ်တိုင်က သက်တံအရေး ကဲ့သို့ ပြိုးပြိုးပြက် အရောင်ထွန်းလင်း တောက်ပလျက် ပုတ်လုံးခန့်ကြီး စွာသော ဥက္ကာလုံးသဏ္ဌာန် ကောင်းကင်သို့ ပျံတက်သည်ကို အစောင့် အနေ ခန့်ထားသူ လေးဆယ်တော် ဓားလိုက် အင်းယဉ်း အာကာသူ, အင်းယဉ်းဗာဟုတို့နှင့် ငကုလား, ငဝတို့ မြင်သည်တွင် အကြောင်းမျိုး အလုံးစုံကို လျှောက်ထား ကြားသိတော် မူသည်၊ မင်းတိုင်ပင် အမတ် ပညာရှိတို့ကလည်း ရှေးသိဟိုဠ်ကျွန်း ဒုဋ္ဌဂါမဏိမင်း လက်ထက် ထူပါ ရာမစေတီ, ရတနာပူရ အဝမြို့ ဒုတိယ မင်းခေါင်လက်ထက် မင်္ဂလာ စေတီ, ဘိုးတော်အမရပူရ ပဌမ မြို့တည်နန်းတည် မင်းတရားကြီးလက် ထက် စစ်ကိုင်းမြို့အောင်မြေလောကစေတီတော်များကို တည်မည့်ကာလ ဘုရားတည်ရန် မြေအပြင်တွင် မြတ်စွာဘုရား သရီရဓာတ်တော် မွေး တော် စုဝေးသဖြင့် အရောင်အဝါ ထွန်းလင်း တောက်ပလျက် တန်းခိုး ပြာဋိဟာပြကြောင်း, ယခု ကုသိုလ်တော်ဘုရား တည်လုပ်မည့် အရပ် တွင် ဥက္ကာလုံးပမာဏ အရောင်အဝါနှင့်တကွ ထွန်းလင်းတောက်ပ ပြ သည်မှာလည်း မြတ်စွာဘုရား မွေးတော် ဓာတ်တော်မြတ် စုဝေးလာ သဖြင့် နောင် သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွှန့် တိုင်အောင် သာသနာ ငါးထောင်ပတ်လုံး အဓွန့်ရှည်စွာ တည်မည့် အကြောင်းများနှင့် လျှောက်ထားကြ၏။

မင်းတရားကြီးဘုရားလည်း ကောင်းမြတ်သော အခါနေ့ရက်ကို မင်း တိုင်ပင်ပညာရှိတို့ကရွေးချယ်ဆက်သွင်းစေပြီးလျှင်ထိုသတ္တရာဇ်တပေါင်း

လဆန်း တဆဲငါးရက်နေ့ကစ၍ စေတီတော်တည်ရပ် မြေအပြင်ကို စည်ပျက်နှာကဲ့သို့ သာယာညီညွတ်အောင်ပြင်ဆင်စေ၍ ရှေ့ပန္နက်, ငွေ့ပန္နက် ချမှတ်စေပြီးမှ ဘဝရှင် မင်းတရားကြီးဘုရား မိဖုရားခေါင်ကြီးနှင့်တကွ မင်းညီ မင်းသား မင်းမိဖုရား မှူးတော်မတ်တော် ဗိုလ်ရဲမက်အပေါင်းတို့ ဖြင့် မြို့ရံခင်းကျင်း ထွက်စံတော်မူ၍ ယင်းသည့် တပေါင်းလပြည့်ကျော် ခြောက်ရက်နေ့ နေ့နှစ်ချက်တီးကျော်အချိန် ကိုယ်တော်တိုင် ရွှေအုတ်, ငွေအုတ်, ကြေးနီအုတ် စသည်ဖြင့် အုတ်မြစ်ပဌမ ချတော်မူ၏။ ။ထို သတ္တရာဇ် နှောင်းတန်းခူးလဆန်း ငါးရက်နေ့ ညဉ့် နှစ်ချက်တီးကျော် အချိန် ကြတ္တိကာနက္ခတ် လကို ထွင်းဖောက်သွားသည်။

၎င်းလဆန်း ခုနစ်ရက်နေ့ ညဉ့် နှစ်ချက်တီးကျော်အချိန် ငလျင် လှုပ်သည်၊ လဆန်းရှစ်ရက်နေ့ ညဉ့် နှစ်ချက်တီးကျော် ငါးနာရီအချိန် တော်ပဲ့တင်သံနှင့် တကွ အထူးသဖြင့် ထပ်မံ ပြင်းပြ အကြိမ်များစွာ ငလျင် လှုပ်သည်တွင် အမရပူရရွှေမြို့တော် မြို့လေးထောင့်စေတီ, မြို့ရိုး, ပြတန်ဆောင်း,သူရဲဒို့,တံခါးမှစ၍ မြို့တွင်းမြို့ပြင် ဘုရားပုထိုး စေတီ ဂူကျောင်း တိုက်အိမ်အများ ပြိုပျက်သည်နှင့် လူသူ, ဆင်, မြင်း,ကျွဲ.နွား များစွာသေသည်၊ နိုင်ငံတော်အတွင်း ဘုရားပုထိုးစေတီလည်း များစွာ ပြိုပျက်ကုန်သည်၊ ရွှေမြို့တော် ရတနာပူရ စစ်ကိုင်းမှစ၍ မြို့ကျေးရွာများတွင် မြေကြီး အစိတ်အစိတ်ကွဲ၍ရေထွက်၏၊ နောက်မြစ်ရေ အညာသို့ဆန်၍စီး၏၊ နောက်ကိုလည်း အစဉ်မပြတ် အကြိမ်များစွာ လှုပ်၏၊ ထိုအခါ ရွှေနန်းတော်ကြီး အသစ်ဆောက်လုပ်တော်မူဆဲ ဖြစ်သော်လည်း တစုံတရာတိမ်းယိမ်းပျက်စီးသည်မရှိဖြစ်၏။ ။နှစ်စဉ်လှူဒါန်းမြဲအတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ သဘင်မင်းပွဲ အလှူများကိုလည်း လစဉ်မပြတ်, စီရင် ခင်ကျင်း လှူဒါန်းတော်မူ၏။

* သတ္တရာဇ် (၁၂၀၀) တထောင့်နှစ်ရာပြည့် နှောင်းတန်းခူးလပြည့်ကျော် တဆဲ့ သုံးရက်နေ့ ညဉ့် တဆဲ့လေးရက် သောကြာနေ့သို့ အဝင် ညဉ့်နှစ်ချက်တီးကျော် သုံးနာရီ နှစ်ပါဒ ဗီဇနာပြည့်အချိန်တွင် သင်္ကြန်ကျသည်၊ ကဆုန်လဆန်း နှစ်ရက် တနင်္ဂနွေနေ့သို့ အဝင် ညဉ့်သုံးချက်တီးကျော် ခြောက်နာရီပါဒပြည့် နှစ်ဗီဇနာပြန်ပြည့် ခရာပြည့်အချိန်တွင် အတာနှစ်သစ် သတ္တရာဇ်(၁၂၀၁) တထောင့်နှစ်ရာ့တခုသို့ တက်သည်။

၁၂၀၁–၃

ဆွမ်းလောင်းလှူတော်မူခြင်းမှ သဲအင်းဆရာတော်ဘုရား ပျံလွန်တော်မူသည်ထိ အကြောင်းအရာများ

သက္ကရာဇ် (၁၂၀၁) တထောင့်နှစ်ရာ့တခု ကဆုန်လဆန်း ဆယ်ရက်နေ့ နံနက် အမရပူရမြို့တော်ပတ်လည် တိုက်ရိုသံဃာတော် လေးထောင်ကျော်တို့ကို ပင့်၍ သဝိတ်နှင့်တကွ ဆွမ်းစမဲ ဟင်းလျာစုံများနှင့် ရွှေနန်းတော်အတွင်း ဆွမ်းလောင်းလှူတော်မူ၏။

ယင်းသည့်နေ့ သီပေါစော်ဘွားက သမီးကညာ အဆက်အသရောက်သည်ကို စော်ဘွားကြီးတို့သမီးကို ဆက်သွင်းသည့်နည်း ဆက်သွင်းရ၏။

ယင်းသည့်လပြည့်ကျော် ခြောက်ရက်နေ့ ခမည်းတော် အိမ်ရှေမင်းကြီး သားတော်နန်းဦးမင်းသားကံကုန်သည်ကို ကောင်းမွန်အောင် ထုပ်ဆောင် သင်္ဂြိုဟ်ရ၏။

၎င်းလပြည့်ကျော် တဆဲ့လေးရက်နေ့ မြောက်နန်းတော် မိဖုရားအဘကျိုဝန် ဝန်ကြီး မင်းကြီးမဟာသီဟသူသေလွန်သည်ကိုလည်း ကောင်းမွန်အောင်ထုပ်ဆောင် သင်္ဂြိုဟ်ရ၏။

ယင်းသည့် သက္ကရာဇ် နယုန်လပြည့်ကျော် သုံးရက်နေ့ စံနန်းတော်အဆောင်တော်ဦးတွင် မင်းရပ်တုတော်များကို ရှစ်ပါးပုဏ္ဏားတို့ ပူဇော်မြဲ ပူဇော်ရ၏။

ထိုသက္ကရာဇ် ပဌမဝါဆိုလဆန်းသုံးရက်နေ့ အတွင်းဝန် မင်းကြီးသိရိမဟာနန္ဒသင်္ကြီးကို အမျက်တော်ရှိ၍ အတွင်းဝန်အရာ ဘွဲ့အမည်အရည်အဆောင်အရွက်များကို ရုပ်သိမ်းတော်မူ၏။

၎င်းလပြည့်ကျော်ခြောက်ရက်နေ့ အမရပူရ ပဌမ မြို့တည်နန်းတည် မင်းဘရားကြီးသားတော် ပုသိန်မင်း ကံကုန်သည်ကို ကောင်းမွန်အောင် သင်္ဂြိုဟ်ရ၏။

ယင်းသည့်သက္ကရာဇ် ဒုတိယ ဝါဆိုလဆန်း ဆယ်ရက်နေ့ ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရား အဝမ်းမြို့သို့ ရေကြောင်း ထွက်စံတော်မူ၏။

ထိုအကြိုက် အဝမ်းမြို့တွင်းမှာလည်း ရေကြီးသည်နှင့် မြို့တံခါး ရေပြွန်များက ပေါက်၍ ရေဝင် သည်တွင် ပိဋကတ် တိုက်တော်, မင်္ဂလာအိမ်တော်ဝင်းအတွင်း တိုက်များကို ရေဝင်သောကြောင့် ဘုရားဟော ဝိဋ

ကတ်ကျမ်းဂန်စာပေ, လောကီရွှေဘုံရွှေနန်း အသုံးအဆောင် အမှတ် အသား စာတမ်း စာဟောင်းအများ ရေနစ်သည်ကို ဆယ်ယူဖြီးလျှင် ရွှေမြို့တော် ဝိဉ္ဉကတ်တိုက်တွင် ဆရာတော် သံဃာတော်တို့ ဆုတ်သင် ရှင်းလင်းကြရ၏။

ဌင်းလဆန်း တဆဲဝါးရက်နေ့ မိုးကောင်းမြို့ဝန်က ခန့်မြို့အဝင် လင်း တော်စော်ဘွားသမီးနှင့် မိုင်းလျက်စော်ဘွားသမီးတို့ကို ဆက်သွင်းသည် ကို အထက် ငွေတောင်ကရင် ပဒ္မတဒေဝရာဇာသမီးကို ဆက်သွင်းသည့် နည်း ဆက်သွင်းရ၏။

ဘဝရှင် မင်းတရားကြီးဘုရားလည်း ယင်းသည့် ဒုတိယဝါဆိုလဆန်း တဆဲဝါးရက်နေ့ မိဖုရားခေါင်ကြီးနှင့်တကွ မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော် ဗိုလ်ပါရဲမက်အပေါင်းတို့နှင့် စစ်ကိုင်းမြို့ ပတောက် ချောင်သို့ ရေကြောင်းထွက်တော်မူပြီးလျှင် ဇေယျာပူရမြို့ရှိ အရည့ဝါသီ ရဟန်းသံဃာတော်တို့ကို ဆွမ်းဆန်အတင်းခြောက်ရာ, ဆား, ငါး, ငပိ, ငရုတ်, ကြက်သွန်, ဖယောင်းတိုင်, အမွေးတိုင်များစွာ လှူဒါန်းတော် မူသည်။

ယင်းသည့်လအတွင်း မိုးနဲဗိုလ်မှူး ဝန်ထောက် မြင်းစုကြီးဝန် မင်းကြီး မင်းလှမဟာသီဟသူကိုလည်းအဂ္ဂမဟာသေနာပတိဝန်ကြီးခန့်တော်မူ၏။

ဌင်းလ သုံးဆယ်မြို့ ကျူဝန်းလက်ဝဲလက်ကောင်း ကျောက်မြီးအရပ် များတွင် ရှမ်းဟိုဟန် ဓားပြလူဆိုးတို့ တိုက်ခိုက်မီးရှို့ ဖျက်ဆီးသည်ကို ရွှေနားတော် ကြားသိတော်မူသောကြောင့် မြောက် တရှ့ ငါးဆယ် သေနတ်ဗိုလ် ကျိုင်းနှင့် လက်ကောင်း သေနတ်ဗိုလ်တို့ကို အမှုထမ်းလူ နှစ်ရာကျော် ပေးအပ်တိုက်ခိုက်စေရာ ရှမ်းလူမျိုး ဟိုဟန် ဓားပြတို့လည်း အမှုထမ်းရဲမက်တော်တို့ ချီတက်လာသည်ကို ကြားလျှင် မရပ်မဆံ့မနေဝံ့ တောကြိုတောင်ကြား ထွက်ပြေးပျောက်ပျက်ကြကုန်၏။

ထိုသတ္တရာဇ် တော်သလင်းလဆန်းသုံးရက် တနင်္ဂနွေနေ့ကစ၍ စံနန်း တော်ဦးတွင် ထားသည့် နာရီစောင်းငြင်းတို့သည် လူမတီးပဲ ညှဉ့်နေ့ မပြတ် ဌင်းလဆန်းဆယ်ရက် အင်္ဂါနေ့တိုင် မြည်သည်ကို ပညာရှိတို့က မြတ်စွာဘုရားသခင် ဘုရားဖြစ်တော်မူကာလ, ဓမ္မစကြာ တရားကို ဟော တော်မူကာလ, အလောင်းစည်သူ မင်း ဖွားကာလများတွင် အလိုလို မြည်ကြောင်းများကို ဩဘာနိမိတ် ထုံးသက်သေ ဖြစ်ကြောင်းများနှင့် မင်္ဂလာစကား--မင်္ဂလာရတု လျှောက်ထားကြ၏။

၎င်းလပြည့်ကျော် ကိုးရက်နေ့ နောင်တော် မင်းတရား ထက်ထက် သာသနာပြု စလင်းဆရာတော် အသောကာရာမ ကျောင်းတိုက်တွင် ဘဝပြောင်းသည်ကို ကောင်းမွန်အောင် သတ္တိဟ်ရ၏။

ထိုသတ္တရာဇ် သီတင်းကျွတ်လဆန်းဆယ်ရက်နေ့ကစ၍ တဆဲ့နှစ်ရက်နေ့တိုင် ရွှေမြို့တော်ပတ်လည် ကျောင်းတိုက်ရှိ သံဃာတော် နှစ်ထောင်ကို သပိတ်ပါ ဆွမ်းစမဲဟင်းထွာစုံများနှင့် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား, မိဖုရားခေါင်ကြီး, မင်းမိဖုရားအပေါင်းတို့နှင့် ရွှေနန်းတော်ဦးတွင် ဆွမ်းလောင်းလှူတော်မူပြီးလျှင် တရားနာတော်မူ၏။

၎င်းလပြည့်ကျော် တဆဲ့သုံးရက်နေ့ ညဉ့်တချက်တီးကျော် နှစ်နာရီခန့်အချိန် သူရိယဝံသာဘိသိရိပဝရလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာမိရာဇဂုရု-သာသနာပြု သဲအင်းဆရာတော်ကြီး ဘဝပြောင်းသည်ကို အလုပ်အဆောင် အခမ်းအနားမှာ အထက် မင်းအိုဆရာတော်, အုတ်ကျောင်း ဆရာတော်ကြီးများနည်း ကောင်းမွန်အောင် လုပ်ဆောင်ရ၏။

သာသနာပြု သဲအင်းဆရာတော်ကြီး ဘဝပြောင်းလိုသော် မပြောင်းမီ ထိုသတ္တရာဇ် သီတင်းကျွတ်လပြည့်ကျော် ဆယ်ရက်နေ့ ညဉ့်တချက်တီးကျော် နှစ်နာရီခန့်အချိန်တွင် သောကြာကြယ် လ-ကိုချင်းသည်။

ဆင်ဖမ်းသဘင် ထွက်တော်မူခြင်း, ဆင်ဖြူရောက်ခြင်းမှစ၍ ပတ္ထမြားကျောက်တော်ရောက်ခြင်း

ယင်းသည့်နှစ် တန်ဆောင်မုန်းလဆန်း ရှစ်ရက်နေ့ ယော ကြာခတ်မြို့ကျေး နွံသာတောက အောက်ငင်ခဲ့သည့် အတိုင်း လေးထောင်ကျော်, အစွယ်ပြင်ပေါ် နှစ်မိုက်ခန့် ဆင်တော်၊ ကန္ဒီမြို့ကျေး ဆီးပင်တောက အောက်ငင်ခဲ့သည့် အတိုင်းလေးတောင်ကျော်, အစွယ် ပြင်ပေါ် နှစ်မိုက်ခန့် ဆင်တော်များကို ကျုံးသို့သွင်း၍ ကျော့ဖမ်းရာ ဆင်ဖမ်းသဘင် ထွက်တော်မူသည်။

၎င်းလဆန်း တဆဲ့သုံးရက်နေ့ ဗန်းမော်မြို့ဝန်က ဗန်းမော်မြို့ကျေးရွာတွင် မျက်လုံးဖြူ ဆင်တော်တစ် ကျော့ဖမ်း ရဖိကြောင်းနှင့် လျှောက်ထားလာသည်တွင် နှစ်စင်းတွဲဖောင်နှင့် ကြိုယူစေ၍ မြစ်ဆိပ်သို့ ရောက်ကာလ ပွဲသဘင်စုံ အခင်းအကျင်းများနှင့် ရွှေနန်းတော်သို့ ဆောင်ယူပြီးလျှင် စံနန်းတော်ဦးတွင် တင်းကုပ်နှင့် ထားတော်မူ၏။

၎င်းလဆန်း တဆဲ့ သုံးရက်နေ့ မိဖုရားခေါင်ကြီးဘုရား မင်းမိဖုရား အပေါင်းခြံရံလျက် သာသနာပြု ဆရာတော်ကြီး ဘဝပြောင်းတော်မူရာ ထွက်တော်မူပြီးလျှင် မလိကာ တန်ဆာ လှူတော်မူသည်။

ထိုသတ္တရာဇ် တန်ဆောင်မုန်းလတွင် ရွှေနန်းတော်ကြီး ဆောက် လုပ်ပြီးပြေ ရှိသည်ကို ၎င်းလပြည့်ကျော် ကိုးရက် သောကြာနေ့ညနေ သုံးချက်တီးကျော် လေးနာရီ တပါဒ်အချိန် ကောင်းမြတ်သောအခါ တော်တွင် ပွဲသဘင်စုံ အခမ်းအနားများနှင့် ရှေးဦးစွာ နေ့ကျော်သားတို့ကို မစစေ၍ ရွှေနန်းတော်ကြီး အမှမ်းတင်ရ၏။

ယင်းသည့် လပြည့်ကျော် တဆဲ့သုံးရက် အင်္ဂါနေ့ ရွှေနန်းပြာသာဒ် တော်ဆောင်တွင်ထားသည့် သီဟာသနရာဇပလ္လင်တော်မှစ၍ ရာဇပလ္လင် ကိုးရပ်နှင့်တကွ ရတနာ ထမ်းစင်တော်များကို စ၍လုပ်ဆောင်ရ၏။

၎င်းနှစ်နတ်တော်လဆန်း ခုနစ်ရက်နေ့ကစ၍ကိုးရက်နေ့တိုင် မြေနန်း တော်မြောက်တန်ဆောင်းတွင်သံဃာတော်ရှစ်ပါးပင့်ပြီးလျှင်ဥပဒါဒသန္တိ ဂါထာများနှင့် တကွ ပရိတ်တော် ရွတ်မှတ်ရသည်။

၎င်းလဆန်းကိုးရက်နေ့ ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီး ဘုရား မိဖုရားခေါင်ကြီးနှင့် တကွ ရွှေနန်းတော် အတွင်း နံတော်သင့် မြတ်ရာ ဆောက်ထားရှိသည့်သကြန်တန်ဆောင်းတွင် ဥပဒါဒသန္တိသကြန် ခေါ်တော်မူ၏။

ယင်းသည့် လအတွင်း ဘော့ကျေးနီတောက အောက်ငင်ခဲ့သည့် အတိုင်း လေးတောင်ကျော်, အစွယ်ပြင်ပေါ် နှစ်မိုက်ခန့် ဆင်တော်၊ စလင်းမြို့ကျေး ကွန်းကျင်တောကအောက်ငင်ခဲ့သည့် အတိုင်းငါးတောင် ခန့်ဟိုင်းဆင်တော်များကိုကျုံးသိုသွင်းရာဆင်ဖမ်းသဘင်ထွက်တော်မူ၏။

ထိုနှစ် ပြာသို လပြည့်ကျော် ခြောက်ရက်နေ့ လက်ရွေးကြီး, လက် သစ်, ပြည်လုံးအံ့, ရွေးကြီး, လှော်ကား တော်ကြီး လေးစင်းတို့ကို စ၍ တည်လုပ်ရသည်။

ယင်းသည့် လပြည့်ကျော် ရှစ်ရက် တနင်္ဂနွေနေ့ နေ နှစ်ချက်တီး ကျော်အချိန်တွင် ပဟိုရ်စည်, ခေါင်းလောင်း, ဓာတ်လေးရပ်စည်, စည် တော်စုံ, ဝင်စည်တော်, ရွှေနန်းပြာသာဒ်တော်ကြီး ကြေးစလောင်း, ဆည်းသည်းများကို ရှေးစာတမ်း စာရင်းထွက်အကိုင်း အခမ်းအနား ပါမင်းညီ မင်းသား မှူးတော် မတ်တော်တို့ ဗောင်းဝတ်လုံ စလွယ်

ဆင်ယင်၍ ကြီးကြပ် စေ့ဆော်ပြီးလျှင် အသီးအသီး အခါတော်အတိုင်း စ၍ ထုပ်ဆောင်ရ၏။

ဌင်းလပြည့်ကျော် ကိုးရက်နေ့ ဆဒ္ဒန် ဆင်မင်္ဂီးသခင် ဘဝရှင် မင်းတရားကြီး ဘုရား, မိဖုရားခေါင်ကြီး, သမီးတော်, မင်းမိဖုရားအပေါင်းတို့နှင့် ရှေးသုံးတပ် နောက်သုံးတပ် ခင်းကျင်းပြီးလျှင် သာသနာပြု ဆရာတော် ဘဝ ပြောင်းတော်မူရာ ကျောင်းတိုက်သို့ ထွက်စံတော်မူ၍ ထိုနေ့ ဆရာတော်ကြီး အလောင်းကို ဘဝပြောင်းတော်မူရင်း ကျောင်းမှ နိဗ္ဗာန် ကျောင်းပြာသာဒ်သို့ အစီအစဉ် ပွဲသဘင်စုံများနှင့် ချရသည်၊ ထွက်တော်မူခမ်းမှာ မင်္ဂလာစည်တော်, မောင်းတော်, သူရဲကြီးအလံ, ရဲတံခွန်အလံ, ဝင်းလေးမျက်နှာမှစ၍ဝင်းအလံများကိုလည်းမဖြန့်မကျင်း အမြဲံသံလည်းမပေး ထွက်တော်မူသည်။

ဌင်းလပြည့်ကျော် တဆဲသုံးရက်နေ့ အမရပူရ ပဌမမြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီး သားတော် မိုးကောင်းမြို့စားဟောင်း မင်းသား သတိုးဖျား ကံကုန်သည်ကို ကောင်မွန်အောင် လုပ်ဆောင်သင့်ပို့ဟ်ရ၏။

ဌင်းနှစ် တပို့တွဲလဆန်း တဆဲတရက်နေ့ ဟံသာဝတီ ရန်ကုန်မြို့က အကောက်တော် အထည်အလိပ်များကို အဆက်အသရောက်ရာ မင်းမိဖုရား မင်းညီ မင်းသား ဆွေတော် မျိုးတော် မှူးတော် မတ်တော် အဆောင်မြို့တို့ကို အထိုက်အလျောက် ပေးကမ်းတော်မူ၏။

ဌင်းလပြည့်ကျော် တရက်နေ့ ဆဒ္ဒန်ဆင်မင်္ဂီးသခင် ဘဝရှင်မင်းတရားကြီး ဘုရား မင်းအိုကျောင်းတိုက်အရှေ့ စံနန်းတော်သို့ ထွက်စံတော်မူပြီးလျှင် ပွဲသဘင်စုံ ခံတော်မူ၍ အမရပူရ, အဝ, စစ်ကိုင်းရှိ ရဟန်းသံဃာတော်တို့နှင့် တကွ မင်းညီ မင်းသား မင်း မိဖုရား မှူးတော် မတ်တော် ရွှေမြို့တော်ရပ်စု ကွက်စုများက အသီးအသီး လုပ်ဆောင် ပြီးပြေသည့် ရထားပြာသာဒ်ဆူရေ တရှ့ရှစ်ဆွဲငါး, ထမ်းပြာသာဒ်ဆူရေ လေးရှ့ကိုးဆွဲသုံးများကို ဌင်းလပြည့်ကျော် ခုနစ်ရက်နေ့တိုင် အသီးအသီး ပွဲသဘင်များနှင့်ရှေတော်သို့သွင်းပြစေပြီးလျှင် ဆရာတော်ကြီးအလောင်းကို ရထားပြာသာဒ်အစေ့အင် အလှည့်ကျတင်စေပြီးမှ ဌင်းလပြည့်ကျော် ရှစ်ရက်နေ့ သန်လျင်းတွင် ထီးဖြူမြီရံစေပြီးလျှင် လောင်တိုက်သို့ပွဲသဘင်စုံနှင့် ပို့ရသည်၊ မင်းညီမင်းသား မှူးတော်မတ်တော်တို့လည်း ဆရာတော်ကြီးအလောင်းကို အရိုးမြေကျ ကြပ်မသပို့ဟ်ရ၏၊ မင်းတရားကြီးဘုရား

လည်း ယင်းသည့်နေ့ ထောင်တန်းအကျဉ်းအမြောင်းရှိလူတို့ကို ဘေးမဲ့ချမ်းသာပေးတော်မူ၍ ၎င်းလပြည့်ကျော် ကိုးရက်နေ့ ရွှေနန်းတော်သို့ ဝင်တော်မူ၏။

ထိုသတ္တရာဇ် တပေါင်းလအတွင်း ရွှေမြို့တော်ရွှေမျက်နှာ ရန်ကင်းတောင်တွင် အလယ်နန်းတော် မိဖုရားက ကုသိုလ်တော်ပွား စေတီတည်ထုဝင်ဖြူးပြေသည်ကို ယင်းသည့် လပြည့်ကျော်ငါးရက်နေ့ ညဉ့်သုံးချက်တီးကျော် နှစ်မောင်းခန့်အချိန် ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရား, မိဖုရားခေါင်ကြီး, သမီးတော်, မင်းမိဖုရား, မှူးတော်မတ်တော် ဗိုလ်ပါရဲမက်အပေါင်းတို့နှင့် ထွက်တော်မူ၍ ရေစက်သွန်းတော်မူ၏။

၎င်းလပြည့်ကျော်ဆယ်ရက်နေ့ သားတော် ပုခန်းမင့်းသမီးတော် ကံကုန်သည်ကို ကောင်းမွန်အောင်သင်္ကြိဟ်ရ၏။ ယင်းသည့်နေ့ မိဖုရားခေါင်ကြီး, သမီးတော်, မင်းမိဖုရားအပေါင်းတို့နှင့် ပုခန်းမင်းအိမ်သို့ ထွက်တော်မူသည်။

၎င်းလပြည့်ကျော် တဆဲ့နှစ်ရက်နေ့ မိုးကုပ်ကျတ်ပြင်စို့သူကြီး သီရိဇေယရာဇာကတူးဖော်ရသည့်ပတ္တမြားကျောက်ပွိုင်အချိန်ငါးကျပ်ငါးမူးတစ်, တကျပ်ရှစ်မူးတစ်မျှားကို အဆက်အသ ရောက်သည်ကို ကျောက်တော်ကို ထမ်းစင်ထက်တင်၍ ရွှေထီးအုပ်မိုးပြီးလျှင် ကောင်းတုံမြို့စား ဝန်ကြီး သတိုးမင်းရဲရာဇာ, ရွှေတိုက်ဝန် မင်းကြီးမဟာမင်းခေါင်ကျော်တို့ ပွဲသဘင်စုံအခမ်းအနားနှင့် ကြီးကြပ်ကြိုယူ၍ အတွင်းတော်သို့ သွင်းရ၏။

ကျော်စဉ်တိုက်ကျေးရွာများကို သူပုန်များ ဝင်ရောက်တိုက်ခိုက်လာ၍ တပ်တော်များ ချီတက်ခြင်း စသည်များ

ထိုသတ္တရာဇ်အတွင်း မတ္တရာမြို့ ကျော်စဉ်တိုက် ကျေးရွာများမှာလည်း ရွှေဝေးမင်းသားခေါ်ခံ-ငဝင်းငယ်နှင့်ဗိုလ်ငခန်းကျော်, ဗိုလ်ငရွှေမောင်တို့ ရှမ်းမြန်မာလူပေါင်း တထောင့်ငါးရာတို့နှင့် တပေါင်းလပြည့်ကျော်ဆယ်ရက်နေ့ ညဉ့်အချိန် တိုက်ဖျက်မီးရှို့လာသည်တွင် မတ္တရာကျော်စဉ်တိုက်ဝန်လည်း မတ္တရာမြို့ရှိ အမှုထမ်းတို့ကို ညဉ့်ခြင်း ချက်တဖြုတ် စည်းကြပ်၍ ရသည့် လူသုံးရာကျော်နှင့် ဆီးဆိုခုခံတိုက်ခိုက်ရာ အင်အားမမျှသည်နှင့် မတ္တရာမြို့ရှိ အမှုထမ်းတို့ သားမယားရှိရာ ဝင်ပြေးကြလေသော

ကြောင့် မတ္တရာကျော်စဉ်တိုက်ဝန်လည်း ဝန်စုမြို့ကျေးရွာတွင် မရပ်မနဲ နိုင် ဆုတ်ခွာခဲ့ပြီးလျှင် လွန်တောင်းရွာက တပ်ချစွဲရပ်နေရ၏။

သူပုန်တို့ထည်း မတ္တရာ ကျော်စဉ်တိုက်ဝန် မတ္တရာမြို့က ဆုတ်ခွာကြောင်းကိုသိလျှင် မြို့တွင်းသို့ဝင်၍ မီးထင်းတိုက်ရှို့လေ၏။ မြို့နေအမှုထမ်း လူဘို့ထည်း ချမ်းသာရာချမ်းသာကြောင်း ဓားသွားနီရာ သူပုန်တို့ဘက်သို့ချည်း ဝင်ကြကုန်၏၊ သူပုန်တို့ထည်း မတ္တရာမြို့ကို ရယူစီးနင်းမိလျှင် မြို့တောင်ကျပ်ကုန်းအရပ်တွင် အလံပန်းသုန်း စိုက်မှတ်လာ၏။

ကျော်စဉ်တိုက်ဝန်လည်းမတ္တရာမြို့တွင် ဖြစ်ပျက်သမျှ အကြောင်းမျိုးကို ရွှေဘဝါးတော်အောက်သို့ လူစေလွှတ်လျှောက်ထားရာ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား ကြားတော်မူလျှင် နတ်စုလက်ယာသေနတ်ဗိုလ်,နတ်ရှင့်ရွှေးသေနတ်ဗိုလ်တို့ကို အမှုထမ်း လူသုံးရာပေးအပ်၍ အလျှင် ချီတက်စေသည်၊ လွန်တောင်းအရပ်တွင် မတ္တရာဝန်တပ်နှင့် တွေ့၍ အတူပေါင်းစည်းပြီးလျှင် မတ္တရာမြို့တောင် ကျပ်ကုန်းအရပ်ထွင် စွဲရပ်ရှိနေသည့် သူပုန်တို့နှင့် တိုက်ခိုက်ကြရာ မတ္တရာမြို့ သူရဲအမှုထမ်းပါ သူပုန် အပေါင်းအသင်း လူသုံးထောင်ကျော်ဖြစ်၍ အင်အားမမျှသည်နှင့် နတ်စုလက်ယာသေနတ်ဗိုလ်, နတ်ရှင့်ရွှေးသေနတ်ဗိုလ်,မတ္တရာဝန်တို့လည်း တပေါင်းလပြည့်ကျော် တဆဲ့နှစ်ရက်နေ့ ပါသည့် ရဲမက်တော်တို့ကို ချပ်အုပ်ဆုတ်ခွာခဲ့ပြီးလျှင် သရက်ကန်ရွာက စွဲရပ်နေကြရ၏၊ ထိုအခါ သူပုန်တို့တပ်လည်း တောင်ပြိုးကြီးမြို့ အနီးသို့ တိုင်အောင်ပြောင်းရွှေ့ချရပ်နေလာ၏။

ယင်းသည့် အကြောင်းများကို ဆဒ္ဒန်ဆင်မင်း သခင် ဘဝရှင်မင်းတရားကြီးဘုရား ကြားတော်မူလျှင် အမိန့်တော်ရှိသည်ကား-သူပုန်တို့သဘောမည်သည် ဆင်ချင်းမြင်းချင်းစသည် တွေ့ကြလျှင် အသက်ကိုပမာဏမပြု၊ မဆုတ်မနစ် စွန့်စားတိုက်ခိုက်သည်၊ မြို့ပြတပ်တာအတွင်း စီးနင်းခံနေသည်ကို သူတို့က တိုက်သောအခါလည်း မြို့ပြတပ်တာတို့ကို အားသစ်ကြိုးပမ်း၍ ပေါက်မြောက်အောင် တိုက်ခိုက်သည်၊ သူတို့က မြို့ပြတပ်ဘာနှင့် ခံနေသောအခါလည်း မပေါက်မမြောက်စေရ လုံခြုံအောင် စီးနင်းခုခံနေနိုင်အောင်နေသည်၊ ယင်းသည့် အကြောင်းများကို ထောက်လျှင် ကေရာင်မင်းတို့မည်သည်လည်း တိုင်းခရိုင်နိုင်ငံအတွင်း မွေနောက်ချောက်ချားသော သူပုန်ဟူက အမှုကြီးသည်ငယ်သည်ဟူ၍ နှလုံးမထားရာချေ၊ ခြင်္သေ့ လုံလက္ခဏာသို့သော မပြတ် ပြုသင့်ချေသည်-အမိန့်တော်ရှိပြီး

လျှင် နတ်စုလက်ဝဲသေနတ်ဗိုလ် တတပ်၊ ရွှေးလက်ဝဲသေနတ်ဗိုလ်တတပ်၊ လက်ဝဲကြောင်း သေနတ်ဗိုလ် တတပ်၊ လက်ယာကြောင်း သေနတ်ဗိုလ် တတပ်၊ တပ်ပေါင်း လေးတပ်, အမှူထမ်း လူ နှစ်ထောင်, မြင်းငါးရာ, ခန့်ထား စည်းကြပ် ပေးအပ်ပြီးလျှင် ရွှေဝင်းမှူး မင်းကြီး မဟာမင်းထင် မင်းခေါင်ကို အချုပ်ခန့်တော်မူ၍ မတ္တရာကြောင်း။ လင်းဇင်း သေနတ်ဗိုလ် တတပ်၊ လက်ကောင်းသေနတ်ဗိုလ် တတပ်၊ အမှူထမ်းလူတထောင်ကျော် စည်းကြပ်ပေးအပ်ပြီးလျှင် ကျောက်ဆည်ဝန်ကို အချုပ်ခန့်ထား တော်မူ၍ သုံးဆယ်ကြောင်း-ငင်းလပြည့်ကျော် တဆဲ့နစ်ရက်နေ့ ချီတက် စေ၏။

နောက်ကိုလည်း လက်ဝဲ ဝင်းမှူး မင်းကြီး မဟာမင်းလှ မင်းခေါင်ကို အမှူထမ်း လူတထောင်နှင့် တချုပ်, အဝမြို့ဝန် မင်းကြီး မင်းခေါင်သူရိန်ကို အမှူထမ်း လူငါးရာနှင့် တချုပ် ခန့်တော်မူပြီးလျှင် ယင်းသည့်လပြည့်ကျော် တဆဲ့သုံးရက်နေ့ အလျင်ချီတက်သည့် ရွှေဝင်းမှူး မင်းကြီး မဟာမင်းခေါင်တပ်သို့ ထပ်ဖြည့်တော်မူ၏။

ဗိုလ်ချုပ် ရွှေဝင်းမှူးလည်း ပါဒသည့် ရဲမက်တော် ဗိုလ်မှူး တပ်မှူး အပေါင်းတို့နှင့် ချီတက်ရာ မတ္တရာမြို့တောင် လွန်တောင်း အရပ်တွင် တပ်ဦးချီတက်သည့် ဗိုလ်ရဲမက်တော် တို့လည်း သူပုန်တို့တပ်နှင့် တွေ့၍ တိုက်ခိုက်ကြသည်တွင် သူပုန်တို့တပ် မရပ်မခံနိုင် ပရမ်းပတာ ပျက်ပြား ထွက်ပြေး ကြလေ၏။ ယင်းတွင် သူပုန်တို့ ဘက်က ရှမ်း မြန်မာ အများ သေလေ၏၊ သူပုန်တချို့ကိုလည်း သုံ့ပန်း ဖမ်းယူရ၏၊ မတ္တရာကျော်စည် တိုက် စီရင်စုကျေးရွာနေ အမှူထမ်း ကျွန်တော်မျိုး ဆင်းရဲသားတို့လည်း တပ်တော်များ ချီတက်သောကြောင်းကို ကြားသိကြလျှင် သူပုန်တို့ဘက်က အသီးအသီး ထွက်ခွာခဲ့ကြ၍ သားမယားရှိရာ ပြန်ရောက် နေကြ၏။

ရွှေဝမ်းသားခေါ်ခံ-ဝဝင်းငယ်နှင့် ဗိုလ်ငခန်းကျော်, ငရွှေမောင် တို့လည်း စစ်မျက်နှာ ဆိုင်ပြိုင် တိုက်ခိုက်ရာ အထွေးထွေးရှိသည့်အတွင်း ကိုယ်ရုပ်ဖျောက် ထွက်ပြေး လေသော ကြောင့် မမိ မရ လိုက်သည်နှင့် အသက်မသေ လွတ်လေ၏။ ဗိုလ်ချုပ်ရွှေဝင်းမှူး, လက်ဝဲဝင်းမှူးတို့လည်း ယင်းသည့်နေ့ အရေး ပြီးငြိမ်းကြောင်းကို ရွှေဘဝါးတော် အောက်သို့ စေလွှတ် လျှောက်ထားလာ၏။

ထိုနှစ် တန်းခူးလဆန်းတရက်နေ့ မိုးနဲ့ဗိုလ်မှူး ဝန်ကြီး မင်းကြီး မင်းလှ မဟာသီဟသူကို ဗိုလ်မှူး အရာက နှုတ်တော်မူ၍ သားတော် ပုခန်းမင်း

သတိုးမင်းစောကို မိုးနဲ့ ဗိုလ်မှူး ခန့်တော် မူ၏။ ယင်းသည့်နေ့ မတ္တရာကြောင်းချီ လက်ဝဲဝင်းမှူး မင်းကြီး မဟာမင်းလှမင်းခေါင်ကိုလည်း တပ်မှာလိုက်၍ အမိန့်တော်နှင့်ခေါ်ရ၏။

မတ္တရာမြို့ စီရင်စု ကျေးရွာများတွင် သူပုန်တို့အရေး ပြီးငြိမ်းရှိသည်ကိုလည်း သေနတ်ဝန် မင်းကြီး မဟာဇေယသူကို တန်းခူးလဆန်းသုံးရက်နေ့ မတ္တရာမြို့သို့ သိမ်းသွင်းပြုစုရန် စေလွှတ်တော်မူ၏။

ရွှေဝင်းမှူးနှင့်ပါသည့် ရဲမက်လက်နက်ကိုင် အမှုထမ်းတို့ကိုလည်း သေနတ်ဝန် မင်းကြီးမဟာဇေယသူက ချုပ်အုပ်ဆင့်ဆိုရမည်-အမိန့်တော်နှင့် ၎င်းလဆန်း ခုနစ်ရက်နေ့ ရွှေဝင်းမှူးကို ခေါ်တော်မူ၍ ရွှေဘဝါးတော်အောက်သို့ ပြန်ရ၏။

ယင်းသည့် သက္ကရာဇ် တန်းခူးလဆန်း ကိုးရက်နေ့ သီဟတောရုပ်ရှင်တော် ကျောက်တော် ကွဲအက်သောကြောင့် နန်းချည်စည်း၍ သားရိုးထေးမံရသည်။ နှစ်စဉ် လှူဒါန်းမြဲ အတာသဘင်မှ ၎င်း တဆဲ့နှစ်ရာသီ သဘင်မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်းလှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၂၀၁) တထောင့် နှစ်ရာ့ တခုနှစ် နှောင်းတန်းခူးလဆန်းဆယ်ရက် စနေနေ့ နံနက် လေးချက်တီးကျော် လေးနာရီပါဒ်ပြည့်၊ခုနစ်ဗိဇနာ၊သုံးပြန်အချိန် သင်္ကြန်ကျသည်။ ၎င်းလဆန်း တဆဲ့နှစ်ရက် တနလ်ာနေ့၊ နေ တချက်တီးကျော်၊ ခြောက်နာရီ တပါဒ်၊ သုံးဗိဇနာ၊ သုံးပြန်၊ ခုနစ်ခရာအချိန် အတာ နှစ်သစ် သက္ကရာဇ် (၁၂၀၂) တထောင့်နှစ်ရာ့နှစ်ခုနှစ်သို့ တက်သည်။

သင်္ကြန်အခါတော်အတွင်း မိဖုရားခေါင်ကြီးက သံဃာတော် ခြောက်ရာ ပင့်ပြီးလျှင် သံဃဒါနဆွမ်း စားမဟင်းလျာစုံ သင်္ဃိတ်ပါ ပုဝါများနှင့် ဆွမ်းလောင်းလှူတော်မူသည်။

သက္ကရာဇ် (၁၂၀၂) တထောင့် နှစ်ရာ့ နှစ်ခု တန်းခူး လပြည့်ကျော် ခြောက်ရက်နေ့ အထက် သူပုန်တို့ အရေး အမှုအတွင်း ပင်းတလဲမြို့စား ဟောင်းမင်းသား-သားအဘ နှစ်ယောင်္ကျားကို ကြေးတိုက်တွင် ထားတော်မူသည်ကိုလည်း ချမ်းသာပေးတော်မူ၏။

ယင်းသည့်နေ့ ယရံကာမြို့စား အတွင်းဝန် မဟာမင်းကလေး အလျှော်အထားမသင့်သည်နှင့် အမျက်တော်ရှိ၍ အတွင်းဝန်အရာ ဘွဲ့အမည် အရည် အဆောင်အရွက် စားမြို့ကျေးရွာများကို ရုပ်သိမ်းတော်မူ၏။

သူပုန်ဝင်းနှင့် အပေါင်းပါများကို ဖမ်းဆီးရမိ၍ စစ်ဆေးစီရင်ခြင်း စသည်များ

အထက်မတ္တရာမြို့ထွင် ရှိနေသည့် သူပုန်ရန်သူတို့ကို ရွှေဘဝါးတော် အောက်က ချီတက်တိုက်ခိုက်ရာ ထွက်ပြေးသည့်သူပုန် ရွှေဝမ်းမင်းသား ခေါ်ခံသူနှင့် အပေါင်းအသင်း တစုံတို့ သီပေါမြို့နယ်စပ် တောတောင်များထွင် ပုန်းအောင်းရှိသည်ကို သီပေါမြို့ ကိုးထောင်အမတ် မြို့စာရေးတို့ကြားသိသည်နှင့် မြို့နေအမှုထမ်း လူငါးရာစည်းကြပ်ခန့်ထားပြီးလျှင် ချီဘက် လိုက်လံဖမ်းဆီးကြရာ သူပုန် သုံးယောက်တို့ကို ဖမ်းဆီးသည့် အတွင်းလက်လွန်သေဆုံးသည်၊ ကျန်ရွှေဝမ်းမင်းသားခေါ်ခံ ဝင်းငယ်နှင့် လေးပင်ရွာနေ ငရွှေထွေး, ငထွန်းလှ, ညောင်ဝအရှေ့ ရေဖြူရွာနေ ဆရာခေါ် ငအို, အမြောင်အမှုထမ်း ငရွှေပြား, ညောင်အုပ်ရွာနေ ငသာအို, မိုးမြတ်မြို့စိရင်စု-ဟူမဲရွာနေ ကချင်ပလောင် ငပုည ဆိုသူတို့ကို ဖမ်းဆီးရမိသည်တွင် ၎င်းလုပြည့်ကျော်ရှစ်ရက်နေ့ သီပေါမြို့ ကိုးထောင်အမတ်ဝိုးနှင့် မြို့ကျေးရွာ အမှုထမ်းလူတရာကျော်တို့ ကြီးကြပ်ဆောင်ယူပြီးလျှင် ရွှေဘဝါးတော်အောက်သို့ အဆက်အသ ရောက်လာ၏။

ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီး ဘုရားလည်း ယင်းသည့် သတ္တရာဇ် ကဆုန်လဆန်းတရက်နေ့ ညီလာသဘင်တွင် သူပုန်ရန်သူတို့ကို ဖမ်းဆီးဆက်သလာသူ သီပေါမြို့ ကိုးထောင်အမတ် ဝိုးကို ဘွဲ့အမည် အရည် ဒူးနေရာနေတို့နည်း အစီးအနင်းအဆောင်အရွက်ပေးတော်မူ၏၊ ကျန်လူပေါင်း လေးဆဲ့သုံးတို့ကိုလည်း ဘွဲ့အမည်အရည်အထိုက်အထိုက် ပေးတော်မူ၏၊

၎င်းလဆန်းလေးရက်နေ့ သူပုန် အကြီးပြုလုပ်သူ ရွှေဝမ်းမင်းသား ခေါ်ခံ ဝင်းငယ်နှင့် အပေါင်းအသင်းတို့ကိုစစ်မေးစေရာ နောင်တော် မင်းတရား သံတော်ဆင့် ငရွှေသားနှင့် ပုခန်းဗိုလ် ငရန်မင်း, စာရေးကြီးငပျို, တောင်ဂူမြို့ဝန် ငကူး, အဆောင်မြေ ငထွန်းညိုတို့တိုင်ပင်စည်းကြပ်ရာ ပါဝင်သည်များကို စစ်မေးချက်ရကြောင်းများနှင့် လျှောက်ထားကြားသိတော်မူသည်တွင် သူပုန်အကြီးပြုလုပ်သူ ဝင်းငယ်နှင့် အထက်မတ္တရာကြောင်း ချီတက်လာရင်း သူပုန် အပေါင်းအသင်းတို့ကို ၎င်းလဆန်း ငါးရက်နေ့ အပြစ်အလျောက် ကွပ်မျက်တော်မူ၏။

နောက် သူပုန်တို့ စစ်ချက်ပါ သံတော်ဆင့် ငရွှေသားကို တောင်ဥယျာဉ်တော်အတွင်း ရွှေတော်တွင် စစ်မေးကာလ နောင်တော်မင်း တရားကို ရွှေထီး ရွှေနန်း စည်းစိမ်တော်ထက် တဖန်စံနေရအောင် နောင်တော်မင်းတရား မိဖုရားကြီးက မောင်စလင်းစား၌ အကျဉ်းခံနေရသူ မူးဟောင်းမတ်ဟောင်းတို့ကို တိတ်တဆိတ် တိုင်ပင်စည်းကြပ်ရကြောင်း, စည်းကြပ်ရာပါဝင်သူ မူးဟောင်း မတ်ဟောင်းတို့ကလည်း မင်းကောင်ရန်ကင်းတောင်သို့ ထွက်တော်မူသည့်အတွင်း ညှဉ့်အခါ အမရပူရ ရွှေနန်းတော်သို့ဝင်၍ တိုက်ခိုက်စီးနင်းမည် သူပုန်တို့နှင့် စကားချိန်းချက်၍ လာစေကြောင်းများကို အစစ်ခံချက်ရသည်ဖြစ်၍ နောင်တော်မင်းတရား မိဖုရားကြီးကိုလည်း တောင်ဥယျာဉ်တော်အတွင်း သံတော်ဆင့် ငရွှေသားနှင့် တိုက်ဆိုင်စစ်မေးရာ ဖြောင့်ဆိုစစ်မေးချက်ရ၍ မိဖုရားကြီးကိုလည်း ထုံးစံနှင့်အညီ ထိုသတ္တရာဇ် ကဆုန်လဆန်းတဆဲ့နစ်ရက်နေ့ ရေတွင် ဖျောက်တော်မူ၏။

စလင်းစားငယ်နှင့်-မယား-သမီး-နှစ်ယောက်ပါ အတွင်းဝန် ငပါရောက်, မြို့လတ်ဝန် ငရေး, သံတော်ဆင့် ငရွှေသား, ပုခန်းဗိုလ် ငရန်မင်း, စာရေးကြီးငပျို, တောင်ငူမြို့ဝန် ငကူး, အဆောင်မြို့ ငထွန်းညိုတို့ကိုလည်း အပြစ်အလျောက် ကွပ်မျက်တော်မူ၏။

ရွှေနန်းတော်ကြီးကို ထီးမှုန်ကင်းတင်ခြင်း-စသည်များနှင့် မင်းညီမင်းသားများကို အဆောင်အရွက် ပေးခြင်း

ထိုသတ္တရာဇ်အတွင်း ရွှေနန်းတော်ကြီး ပြာသာဒ်တော်ဆောင်, မှန်နန်းတော်ဆောင်မှစ၍ အဆောင်တော်များကို အခမ်းအနား ခန့်ထားပါဝင်သူ မူးတော်မတ်တော်တို့ ဗောင်းဝတ်လုံစလွယ် ဆင်ယင်ပြီးလျှင် ကြီးကြပ် မစစေ၍ ယင်းသည့် ကဆုန်လဆန်း တဆဲ့ လေးရက်နေ့ နံနက် လေးချက်တီးကျော် ငါးနာရီနှစ်ပါဒ် အချိန်တွင် အခါတော်နှင့် အညီ ထီးမှုန်ကင်းတင်ရ၏။

ဂုဏ်းလပြည့်ကျော် လေးရက်နေ့ အမရပူရ ပဌမမြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီးမြေးတော်တောင်သာမြို့စား ဟောင်းမင်းသားကံကုန်သည်ကို ကောင်းမွန်အောင် သင်္ဂြိဟ်ရ၏။

ယင်းသည့်လအတွင်း ရွှေမြို့တော် ရွှေမျက်နှာ မင်းအိုကျောင်းတိုက် အရှေ့တွင် အနောက် နန်းတော် မိဖုရားက အုတ်ကျောင်း တည်လုပ် ပြီးပြေရှိသည်ကို ၎င်းလပြည့်ကျော် ခုနစ်ရက်နေ့ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား, မိဖုရားခေါင်ကြီး, သမီးတော်, မင်း မိဖုရားတို့နှင့်ထွက်တော်မူကြီးထွက်တော်မူ၍ သဘင်ကြီးစွာ ဖြစ်စေလျက် ယင်းသည့် လပြည့်ကျော်ဆယ်ရက်နေ့ ရေစက် သွန်းတော် မူပြီးလျှင် မိကျောင်းရဲဆရာတော်ကို တင်လှူတော်မူ၏။

၎င်းလပြည့်ကျော်တဆဲနှစ်ရက်နေ့ စာဆိုဝက်မစွတ်မြို့စား မဟာသိရိ စည်သူကို တံခါးနီတော်ရောက် ပေါင်းစီး၍ ဝင်ထွက်ခစားစေ၏။

ယင်းသည့်သင်္ကြာဇ် ကဆုန်လ သား‌တော် မင်းတုန်းမင်းသား မင်းရဲ ဇေယျကို သီရိသုမဟာဓမ္မရာဇာ-အမည်နှင့် မင်းသားကြီးတို့ နေရာတွင် ထား‌တော်မူ၏။ သား‌တော် ပန်းထိမ်းမင်းသား‌ကို သတိုး မင်းရဲကျော် ထင်၊ သား‌တော် တရုပ်မြော်မင်းသား‌ကို သတိုးမင်းရဲကျော်ခေါင်အမည် ပေး‌တော်မူ၏။

ယင်းသည့်သင်္ကြာဇ် နယုန်လဆန်း တရက်နေ့ သား‌တော် မင်းတုန်း မင်းသား သီရိသုမဟာဓမ္မရာဇာ, သား‌တော် ပန်းထိမ်းမင်းသား သတိုး မင်းရဲကျော်ထင်, သား‌တော် တရုပ်မြော်မင်းသား သတိုး မင်းရဲကျော် ခေါင်တို့ကို ဗောင်းကတ္တီပါနီ နဂူးစည်းဇာဖောက် ရောင်ပြားခံ၊ဖောင်း သုံးရစ်၊ အလယ် သစ္စာပန်း တဆဲ့ရှစ်ပွင့်၊ ဖောင်း အထက်အောက် သရဘီပွင့်၊ ရွှေအစိမ်းအဝါ ဘဝ့်ခြယ်၊ အကြားရောင်လင်းခံ၊ ဖောင်း သုံးရစ်၊ အထက်အောက်ကြာတန်း၊ ရွှေအစိမ်းအဝါဘဝ့်ခြယ်၊နောက် ချက်ကြက်ရင်ဇာဖောက်၊ အနားသရက်ကင်း၊ ရွှေအစိမ်းအဝါ ဘဝ့် ခြယ်၊ ရောင်ပြားဇာဖောက်တဆင့်၊ တမာရွက်ထောင် တဆဲ့ရှစ်၊ ရွှေ အစိမ်းအဝါ ဘဝ့်ခြယ်၊ မြင်းနား သရက်ကင်း ဇာဖောက်၊ ကြက်ရင် ရွှေအစိမ်းအဝါ ဘဝ့်ခြယ်၊ဗောင်းမှာသင်းကျစ်တပ်စေ၊ ပန်းနားခွေင်း ရွှေစလွယ်တဆဲ့ရှစ်သွယ်၊ ဒက်ဘယက်၊ သရက်ကင်းထုပြောက်၊ ဂုန်နှင်း ထိုး အနားကျောက်စီ, အလယ်မြစီ၊ ကတ္တီပါဝတ်လုံဘဲရုံရွှေဗုဇ္ဈန်ဆီ နှစ် ဆင့်တပ်၊ လက်ကျယ်လက်ရင်းကိုချုံ့၍ ချုပ်စေ၊ ဘွဲ့ဖြူနှစ်ဖက် အမြွတ် နှစ်ဆင့်၊ ရွှေသားမှောက်တို ရွှေကုံးစိန်ထောင် တဆဲ့ရှစ်၊ ရွှေထိပ်ရွှေ ထွတ်ကျောက်နှစ်ရစ်စီ၊ ငှက်မြတ်နား မှန်ကင်းစိန်ပွင့်တဆဲ့ရှစ်၊ နေရောင် ကာ ရွှေဗုဇ္ဈန်ဆီ ရွှေသားရောင်ပြား အစိမ်းအနီအတွန့်သတ်၊ ပါးကာ

နားကာ, ရွှေကာ, နောက်ကာ, မောက်ရွှ, ပါထည်ကွေး, ရွှေဗုဒ္ဓန်ဆီ ရွှေသားရောင်ပြား အစိမ်းအနီအတွန်သတ်၊ မျဉ်းတို ရွှေဗုဒ္ဓန်ဆီ ရွှေသားရောင်ပြား အစိမ်းအနီ အတွန်သတ်၊ မျဉ်းရှည်ကတ္တိပါ ရွှေသားရောင်ပြား အစိမ်းအနီ အတွန်သတ်၊ ကွမ်းခွက် ရှစ်ထောင့် မှန်တစ်ဝ အနားပတ္တမြားနှစ်ရစ်စီ၊ လက်ဘက်အိုး ရှစ်ထောင့်မှန်တဝ် အနားပတ္တမြားနှစ်ရစ်စီ၊ ကွမ်းလိပ်သုံးမြွာ ရှစ်ထောင့် မှန်တဝ် အနားပတ္တမြား နှစ်ရစ်စီ၊ ရွှေထွေးအင်၊ ဓားအဆောက်အအိမ် ရွှေသားဝိန်း၊ အဆောက်ရင်းဖျားခွေးမ ပတ္တမြားကျောက်တန်းခြောက်၊ အတွင်းရောင်လင်း သန္ဓရာခွံထိပ်၊ ပတ္တမြားမျက်ခြယ်၊ လက်ကိုင်ရောင်လင်း၊ ရင်းဖျားခွေးမဆံပတ် ခုနစ်တန့်၊ပတ္တမြားသုံးရစ်စီ၊ ဆောင်ဓားမိုးကြိုးဆင်မည်းသရီ အိတ်သွတ်၊ ထမ်းစင်ခွက် ခါးပန်းစက် ဘီလူးခေါင်း အတွင်းကြာ, အတွင်းကြယ်, အအုံကြာနုနှစ်ဆင့်၊ခါးပန်းကမ္မတ်ခရမ်းပွင့်တမြို့.ခြုံး၊ကမ္မတ်နားပွတ်ခြမ်း၊ ဘိနပ်ကုလားပန်း၊ ဖောင်းသုံးပွင့် ပန်းလွှကြာနု ထောင့်ကြက်ရင်ကုလားပန်း ထောင့်အဖြေ မြင်းနား၊ထောင့်အုပ် ဒုယင်ဇွန်းရိုး၊ အုံးတားဘီလူးခေါင်း၊မြင်းမိုရ်ဒုယင် ရွှေနှစ်စု အနီတစု ခါးအနီ၊ကျိုင်းရွှေချက်နှစ်၊မြင်းကကိုင်းညောင်ရွက်ကိုး၊ရွှေဗုဒ္ဓန်ခွံမွှမ်းနင်းနှင်းသိပ်၊ အိမ်မြောင်ရင်ပတ်ကွင်း ဇက်ပါးကာ ရွှေဝါပိန်း၊ ကတောင်ရွှေဝိန်း၊ ဦးခက်ထိပ်ဆောင်းမြွေးပျမ်းရင်ပတ်ကြိုး ကတ္တိပါ ရွှေကြယ်တပ်၊ စိန်နီးကတ္တိပါနီ၊ ကတ္တိပါတင်ရမ်း၊ ဆက်ရွန်းသုံးဆင့် ရွှေယက်ပြားကွပ်၊ ဆင်ပေါင်းဝန်း ရွှေနှစ်စု အနီတစု၊ ရဲကခွက် ရွှေနှစ်စုအနီတစု၊ အလံကျည်လုံးကျည်ရင်းဖျား ရွှေတဗိုက်၊ ဆင်ကြိုးသတ္တာလတ်ရွှေကြယ်တပ်၊ ဆင်ခြေဖုံးမိုးနဲ့ရွှေလုံးသုံးဆယ်၊ စည်နီခုနစ်၊ စည်ပုတ်တစ်၊ ပုံသာတစ်၊ ငွေနဲကြိုးတစ်၊ငွေနဲငယ်တစ်၊ ခရာတစ်၊ လင်းခွင်းတစ်၊ လှော်ကားစက်ပြည့်၊ပဲ့ဘီးဝေဇယန်ပန်းဆွဲပြာသာဒ်ကွက်ရွှေပိန်း၊ လုလင်တိုင်အဖြေ ဒုယင်တဝ်ရွှေဝိန်း၊ ပုံတိုင် အနီသုတ်၊ လက်ခတ်အတွင်းရွှေရေး၊ အလံဘဲနီအထွတ်ရွှေ၊ အလံကျည်ရွှေကြိုဆစ်၊ အလံရိုးအနီသုတ်၊ ငွေကြိုးရွှေကန်တော့၊ အောင်းဖြူဦးသုံးပွင့်, ပဲ့နှစ်ပွင့်၊ တက်မ အနီသုတ်၊ အရိုးရွှေကြိုဆစ်၊ အထွတ်ရွှေရေး၊ လက်ကိုင် အနီသုတ်၊ လှော်တက်အနီသုတ်၊ ခင်ဒုယင် အမွှမ်းဒုယင်တဝ်ရွှေဝိန်း၊အုံရွှေဇဝါ၊ တိုင်ရွှေကြိုဆစ်၊ မှုတ်ရိုးရွှေကြိုဆစ်၊ လက်ရန်းအဖြေ ဒုယင်တစ်၊ ပရိတ်ချည်သုံးဆင့် ရွှေပိန်း၊ လက်ရန်းရွှေရေး၊ ပွတ်သုံးအနီသုတ်၊ ခါး အနီသုတ်၊ အဆောင်အရွက်ပေးတော်မူ၏။

နောင်တော်တောင်ငူမင်း-သား မြင်ကွန်းမင်းသား သီရိမဓမ္မရာဇာ, ဘိုးတော် မင်းတရားကြီး သားတော် ဆံတွဲမြို့စား ဟောင်း မင်းသား မဟာဆုမဓမ္မရာဇာ, ခမည်းတော်တုရား သားတော် သီပေါမင်းသား ဆုသီရိမဓမ္မရာဇာ, ဘိုးတော်မင်းတရားကြီး မြေးတော် မတ္တရာမင်းသား မဟာ ဓမ္မရာဇာ, သားတော် ပြည့်မင်း မဟာသီရိသီဟသူရဓမ္မရာဇာ-သား အမြင့်မင်းသား သတိုးမင်းဖျား, ဘထွေးတော် မကွန်ရာမင်း မဟာသီရိဆုမမွ ရာဇာ-သား သတိုးမင်းလှကျော်စွာတို့ကိုလည်း သားတော် ပန်းထိမ်းမင်းသား,တရုပ်မြော်မင်းသားတို့ကို ပေးတော်မူသည့်အဆောင် အယောင်နည်းပေးတော်မူ၍ မင်းသားကြီးတို့နေရာတွင် ထားတော်မူ၏။

နောင်တော် တောင်ငူမင့်းကိုယ်လုပ်တွင်မြင်သည့် သားတော် မောင်ဘိုးရောင်၊ ဘိုးတော် မင်းတရားကြီးမြေးတော် မင်းရဲကျော်ထင်၊ ညီ--မင်းရဲမင်းလှနရာ၊ မင်းရဲမင်းလှ၊ ဘိုးတော်မင်းတရားကြီး သားတော် ကလေးမြို့စားဟောင်း မင်းသား၊၊ နတ်မောက်မြို့စားဟောင်းမင်းသား၊ မိုးညှင်းမြို့စားဟောင်းမင်းသား၊ သိန်းနီမြို့စားဟောင်းမင်းသား၊ ဘိုးတော် ဆင်ဖြူ ရှင်မင်းတရားသား မင်းရဲသီဟကျော်ခံ မောင်နဂါး၊ အာသန် မင်းသမီး မောင် မင်းရဲသီဟရွှေတောင်၊ ရခိုင်မင်းသား မင်းရဲ သီဟ ရာဇာတို့ကို မင်းသားလတ်တို့ နေရာအစီးအနင်း အဆောင်အရွက် ပေး တော်မူ၏။

မင်းရဲကျော်ထင်၊ မင်းရဲနန္ဒမိတ်၊ မင်းရဲနရာ၊ မင်းရဲရန်ကသူ၊ မောင်စိ၊ မောင်တမာ၊ မောင်ပဂါ၊ မောင်ဟန်၊ မောင်ကုလား၊ မင်းရဲစည်သူကျော်ထင်၊ မင်းရဲကျော်သူ၊ ကလေးမင်းသားဟောင်းမောင်ဘိုးညိုတို့ကိုလည်း မြင်းမူးမင်းသားတို့ နေရာ အဆောင်အရွက် ပေးတော်မူ၏။

စည်တော်ကြက်လုပ်၍ မော်ကွန်းတိုင်အသစ် လဲပြောင်းရခြင်း မှ-ဘွဲ့အမည်အရည်ပေးခြင်းထိ အကြောင်းအရာများ

ထိုသတ္တရာဇ် နယုန်လဆန်း သုံးရက်နေ့ ပဟိုရ်စည်, ခေတ်လေးရပ် စည်, စည်တော်စုံ,ဝင်စည်တော်များကိုလည်း တပြိုင်နက်ကြက်လုပ်ရ၏။

ထိုသတ္တရာဇ် နယုန်လအတွင်း ထာဝရကိန်းနှင့်အညီ အမရပူရရွှေမြို့ တော်ကြီးကို မြို့တော်တံခါး တဆဲ့နှစ်ရပ် တန်ဆောင်းပြဒိုး မြို့ရိုးမြို့ခြေ ပါ အဆောင်ဆောင်သော ရွှေနန်းတော်ကြီးကို ခုနစ်ဌာနနှင့် တကွ တပြိုင်နက်အသစ်ထပ်မံ တည်လုပ်ပြီးပြေရှိသည်ကို ရှေးရှေးမြို့တည် နန်း

တည် ဘေးလောင်းတော် ဘိုးလောင်းတော်တို့ လက်ထက် အစဉ်ထုံးစံ ရှိသည့်အတိုင်း ရွှေမြို့တော်ကြီး တံခါး တဆဲ့နှစ်ရပ်, နန်းမြို့တော်. ရွှေနန်း ပြာသာဒ်တော်ကြီးများကို အမည်အသစ်လဲပြောင်း သမုတ်သင့် ကြောင်းများနှင့် မင်းညီ မင်းသား မှူးတော် မတ်တော် မင်းတိုင်ပင် အမတ်ပညာရှိတို့က လျှောက်ထားကြရာ ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်ကား....ငါသည် တိုင်းနိုင်ငံသူ ရှင်လူ သတ္တဝါအပေါင်းတို့ အကျိုးစီးပွား များစေကြောင်းကို ကြံရည် တော်မူသဖြင့် ဘိုးတော်မင်းတရား,နောင်တော်မင်းတရား အရိုက်အရာ တော်ဖြစ်သော ရွှေထီးရွှေနန်း တိုင်းကားနိုင်ငံ အလုံးကို ဆက်ခံစိုးအုပ် တော်မူ၍ဘိုးတော်မင်းတရားကြီးတည်ထောင်စံနေတော်မူရင်း အမရပူရ မြို့တော် နန်းတော်နှင့်တကွ အသစ် ထပ်မံတည်လုပ်စံနေတော်မူသည်ကို ရွှေမြို့တော်ကြီးနှင့် တံခါးတဆဲ့ နှစ်ရပ်အမည် သမုတ်ရန် ရှိသည်များမှာ အထက် ဘိုးတော်မင်းတရားကြီးဘုရား သမုတ်ပြဋ္ဌာန်းရင်း အမည်များ သည် ဓာတ်နံ မိတ်နံ သင့်မြတ်သဖြင့် မျှိမဂ်လာ သာယာ ကောင်းမြတ် သော အမည်သညာဖြစ်သည်တကြောင်း, အတိုင်းတိုင်း အပြည်ပြည်တို့ ၌ ပျံနှံထင်ရှားစွာဖြစ်သည်တကြောင်း, ယင်းသို့ဖြစ်၍ ရွှေမြို့တော်ကြီးမှာ ရှေးပြဋ္ဌာန်းရင်းအတိုင်းအမရပူရမြို့,ဓာတ်တံခါးမိတ်တံခါးများမှာလည်း ရှေးအမည်သညာရင်းမပျက်စေရ သမုတ်ပြဋ္ဌာန်းတော်မူမည်၊မြို့တည်ရင်း သက္ကရာဇ် (၁၁၄၄) တထောင့်တရာ့ လေးဆဲ့လေးခုနှစ်ရေးသား၍သည် ကိုသာ ယခုသက္ကရာဇ် (၁၂၀၂) တထောင့်နှစ်ရာ့ နှစ်ခု ရေးသားပြီး လျှင် တံခါးမော်ကွန်းတိုင်များကိုအသစ်လဲပြောင်းစိုက်ထူ ကမ္ဘည်းတံဆိပ် တပ်မှတ်ရမည်-အမိန့်တော်အတိုင်းကပ်မှတ်ရ၏။

နန်းမြို့တော်အမည်မှာ ပညာရှိတို့ရွေးချယ်လျှောက်ထားရင်းအတိုင်း "အောင်မြေစံရာ"၊ ရွှေနန်းပြာသာဒ်တော်ကြီးမှာ "အောင်နန်းသာစံ" ကမ္ဘည်းတပ်မှတ်ရ၏၊ ယင်းသောအခါ အမရပူရမည်သော မဟာရာဇ ဌာနီ မင်းနေပြည်ကြီးသည် သာသနာတော်အတိုင်းထက်အလွန် စည်ပင် ပွင့်လင်းသဖြင့် မင်း, ပုဏ္ဏား, သူဌေး, သူကြွယ်စသော အမျိုးလေးပါးတို့ ရောပြွမ်းရာဖြစ်၍ ပြည်တွင်းပြည်ပ ကြက်ပျံမကျ စည်ပင်ပြန့်ပွားစွာ ဖြစ် သတည်း။

ထိုသက္ကရာဇ် အတွင်း ဆဒ္ဒန် ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီး ဘုရား ရဇ္ဇာဘိသေက မုဒ္ဓါဘိသိက်ခံ ထီးဆောင်းမင်္ဂလာ မဟာဥကာသ်

ဖွင့်တော် မူပြီးလျှင် ဧရာထီး ရွှေနန်း တက်သိမ်း စံပယ်တော်မူမည်ကို ယာယီနန်း, ဘိသိက်နန်း, သင်္ကြန်နန်း, သိကြားရေစင်ခံနန်း, ဘဒ္ဒဝိဂ္ဂရေ သဖန်းအင်းပျဉ်မှစ၍ ထီးဖြူတော် အချုပ်အလုပ်, တံဆိပ် နာမံတော် အရေးအသား အထုအလုပ်, သင်္ကြန်ရေတော်ခပ်, နမန္တာဘက် ဓာတ် ဘက် တပ်ဝင်းအခင်းအကျင်း ခန့်ထားလုပ်ဆောင်စီရင်ရန်ရှိသည်မျှားကို သတ္တရာဇ် (၁၁၄၅-၄၆) တထောင့်တရာ့လေးဆဲ့ငါးခု, လေးဆဲ့ခြောက် ခု အမရပူရမြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီး လက်ထက် မုဒ္ဓါ ဘိသိက်ခံ-ထီးဆောင်းမင်္ဂလာ မဟာဥကာသ် ဖွင့်တော်မူသည့် စာတမ်း စာရင်းထွက်အတိုင်း ပြီးစီး ပြေကုံအောင် လုပ်ဆောင်ရ၏၊ အလုံးစုံ အဆောက်အလုပ် အခမ်းအနား ပြီးပြေလျှင် သတ္တရာဇ် (၁၂၀၂) တထောင့်နှစ်ရာ့နှစ်ခု ဝါဆိုလဆန်း ဆယ်ရက် ဗုဒ္ဓဟူးနေ့ ညဉ့်နှစ်ချက် တီးကျော် ငါးနာရီနှစ်ပါဒ်အချိန် မင်းညီမင်းသား မှူးတော်မတ်တော်မှစ၍ သာမန်ရာဇ်, ဘောဂရာဇ်, ပဒေသရာဇ် ထီးဆောင်းမင်းအပေါင်း တို့ဖြင့် ခြံရံတော်မူ၍ ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီးဘုရား မြတ်သော မိဖုရားခေါင်ကြီးနှင့်အတူ သိကြားနတ်မင်း၏ အသရေကို ဆောင်တော်မူလျက် ရတနာထမ်းစင်ထက် စံပယ်တော်မူ၍ ယာယီနန်း တော်မှသည် သိကြားရေစင်ခံ နန်းသို့ ထွက်တော်မူပြီးလျှင် သိကြားရေ စင်ခံတော်မူပြီးနောက် အခါစောင့်နန်းတွင် အခါတော်ကို ငုံလင့်စံ တော်မူ၍ ထိုနေ့ ညဉ့်သုံးချက်တီးကျော် ငါးနာရီပါဒ်ပြည့်အချိန် မုဒ္ဓါ ဘိသိက်ခံ နန်းသို့ ကူးပြောင်းတော်မူလျက် မြတ်သောပလ္လင်ထက် ရေ သဖန်းပြာသာဒ်အတွင်း ခင်းထားအပ်သော ဘဒ္ဒဝိဂ္ဂအင်းပျဉ်တွင် စံပယ် တော်မူ၍ မင်းသမီးစစ်, ပြာဟ္မဏမျိုးရိုးစစ် ပုဏ္ဏားသူဌေးကြီးတို့ ဂါထာ ရွတ်ဆို၍ လက်ယာရစ် ခရသင်းသုံးလုံးတို့ဖြင့် ဦးထိပ်၌ စိုက်သွန်းအပ် သော ရေဖျော်ဘိသေက မုဒ္ဓါဘိသိက်ကို ခံတော်မူသည်။

ပြီးလျှင် ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရားမှာ "သီရိ ပဝရဒိတျာလောကာမိပတိ ဝိဇယ မဟာဓမ္မ ရာဇာဓိ ရာဇာ" မိဖုရား ခေါင်ကြီးမှာ "သီရိပဝရ တိလောကမဟာရတနာ ပဒုမာဒေဝီ" တံဆိပ် နာမံတော်များကို အဆက်အသ ခံတော်မူ၏။

အခမ်းအနား ပြီးပြေလျှင် ယင်းသည့်နေ့ နံနက်လေးချက်တီး အချိန် ပဟိုရ်ခေါင်းလောင်းကို တီးစေရန် ငယ်လင်ငယ်မယား၊ သားသမီးနှင့် ပြည့်စုံသူမှူးတော်မတ်တော်တို့ ပဟိုရ်ခေါင်းလောင်းတော်ကို စ၍တီးကြ

ရ၏၊ ဓာတ်လေးရပ်စည်, အိမ့်ရှင်စည်များကလည်း ပဟိုရ်စည် တီးသည် နှင့်တပြိုင်နက်တည်း ထိုနေ့ကစ၍ တီးကြ၏ရ၏။

ယင်းသည့်လဆန်း တဆဲတရက်နေ့ နံနက်တချက်တီးကျော် နှစ်နာရီ သုံးပါဒအချိန် အရှင်နှစ်ပါး ရတနာထမံးစင်စီးတော်မူ၍ မိဖုရားခေါင်း ကြီးမှာ ရွှေကြာပန်းကို ကိုင်တော်မူလျက် ရွှေနန်းတော်ကို လက်ယာ ရစ်လှည့်ပြီးလျှင် တက်သိမ်း စံပယ်တော်မူသည်။ ယင်းသည့် လဆန်း တဆဲနှစ်ရက်နေ့ကစ၍ တဆဲလေးရက်နေ့တိုင် ထီးဆောင်းမင်္ဂလာ မဟာ ဥကဿ ဖွင့်တော်မူ၏။

ထီးဆောင်းမင်္ဂလာ မဟာဥကဿ ဖွင့်တော်မူသည်နှင့် တပြိုင်နက် ရာဇဝတ် အပြစ်အလျော်က် ထောင်တန်း အကျဉ်းအမြောင်း ခံနေရသူ ယောကျ်ားမိန်းမ လူပေါင်း သက်တော်စေ့ ငါးဆဲ့လေးကိုလည်း ဘေးမဲ့ ချမ်းသာ ပေးတော်မူ၏၊ ထီးဆောင်းမင်္ဂလာ မဟာ ဥကင်တော်ဖွင့် အခါသုံးရက်အတွင်း သံဃာတော်များကို ပင့်ဘိတ်၍ မြေနန်းတော် တွင် ဆွမ်းလုပ်ကျွေးတော်မူသည်။ ။[အကျယ်စကားမှာ ရဇ္ဇာဘိသေက မုဒ္ဓါဘိသိက်ခံ ဥကင်တော်ဖွင့် နန်းသိမ်းစာရင်းစာတမ်းရှိလေ၏]။

ယင်းသည့် ရဇ္ဇာဘိသေက မုဒ္ဓါဘိသိက်ခံ ထီးဆောင်းမင်္ဂလာမဟာ ဥကင်တော်ဖွင့် အခမ်းအနားတွင် သမီးတော်ကြီးကို-သီရိပဝရ တိလောကရတနာ မင်္ဂလာဒေဝီ၊ နှမတော် ပုသိန်မင်းသမီးကို-သီရိပဝရတိလောက မဟာသုရတနာဒေဝီ၊ ညီမတော် ပုဂံမင်းသမီးကို-သီရိမဟာသုရတနာ မင်္ဂလာဒေဝီ၊ ညီမတော် ရမည်သင်းမင်းသမီးကို-သီရိ မဟာရတနာသုစန္ဒာဒေဝီ-အမည်ကို ပေးတော်မူ၏။

မြောက်နန်းမိဖုရားကို-သီရိမဟာနန္ဒာဘိ ရတနာဒေဝီ၊ အလယ်နန်း မိဖုရားကို-သီရိမဟာစန္ဒာဘိ ရတနာဒေဝီ၊ အနောက်နန်း မိဖုရားကို-သီရိမဟာသုရတနာစန္ဒာဒေဝီ၊ တောင်ဆောင်တော် မိဖုရားကို-သီရိသုစန္ဒာမလ္လာမဟော၊ မြောက်ဆောင်တော် မိဖုရားကို-သီရိသုရတနာ မလ္လာမဟော၊ တောင်ရွှေရေးဆောင်မိဖုရားကို-သီရိရတနာစန္ဒာမဟော၊ မြောက် ရွှေရေးဆောင်မိဖုရားကို-သီရိမင်္ဂလာ နန္ဒာမဟော-အမည်ပေးတော်မူ၏။

ကြည့်ပွဲ မြို့စားသမီး-ပန်းတောင်း မင်းသမီးကို-သီရိရတနာဝိမလာဝတီ၊ မြတောင်မြို့စား သမီးကို-သီရိရတနာ စန္ဒာဒေဝီ၊ မိုးမြတ်မြို့စား မင်းသား သမီးကို-သီရိသုအာသာမဟော-အမည်များကို ပေးတော်မူ၏။

သမီးတော်လှိုင်မြို့စားမင်းသမီးကို-သီရိသုမြတ်စွာရတနာဒေဝီ၊ သမီးတော်ပင်းတလေမြို့စား မင်းသမီးကို-သီရိသုမလွာဝတီ၊ ညီမတော် ယင်းဒဲမြို့စား မင်းသမီးကို - သီရိသုနန္ဒာဝတီ၊ သမီးတော် တောင်သာမြို့စား မင်းသမီးကို-သီရိပဘာဝတီ၊ သမီးတော် ညောင်အုပ်မြို့စား မင်းသမီးကို-သီရိသာမာဝတီ၊ သမီးတော် စောလွဲမြို့စားမင်းသမီးကို-သီရိအာသာဝတီ-အမည်များကို ပေးတော်မူ၏။ ထိုမှတပါး မင်းမိဖုရား မင်းကိုယ်လုပ်မောင်းမတို့ကိုလည်း အထိုက်အလျောက် ဘွဲ့အမည် စားကျေးမြို့ရွာပေးတော်မူ၏။

သထွေးတော်မက္ခရာမင်းကို-မဟာသီရိသုဓမ္မရာဇာ၊ သားတော် ရွှေတောင်မင်းကို-သီရိသုဓမ္မမဟာဓမ္မရာဇာ၊ ပြည်မင်းကို-သီရိမဟာ သီဟသူရ ဓမ္မရာဇာ၊ ပုခန်းမင်းကို-သီရိသီဟသူရ မဟာဓမ္မရာဇာ၊ မင်းတုန်းမင်းကို-သီရိသုမဟာဓမ္မရာဇာ၊ ပန်းထိမ်းမင်းသားကို-သတိုးမင်းရဲကျော်ထင်၊ တရုတ်မြောမင်းသားကို-သတိုး မင်းရဲကျော်ခေါင်၊ မင်းတပ်မင်းသားကို-သတိုးမင်းရဲကျော်စွာ-အမည်ကို ပေးတော်မူ၏။

နောင်တော် တောင်ငူမင်း သီရိမဟာသီဟသူရ ဓမ္မရာဇာ-သမီးခဲပေါင်မြို့စားမင်းသမီး-ပြည်မင်းမြောက်သားတော်ကို-သီရိသုမဟာ မင်္ဂလာဒေဝီ၊ သမီးတော် မြေဒူး မြို့စားမင်းသမီး-ပုခန်းမင်း မြောက်သားတော်ကို-သီရိသုစန္ဒာမင်္ဂလာဒေဝီ-အမည် ပေးတော်မူ၏။

မြေးတော်သရက်မင်းသားကို-သတိုးမင်းစော၊ မြေးတော်အမြင့်မင်းသားကို-သတိုးမင်းဖျား၊ မောင်ရွှေတိုးကို-သတိုးမင်းလှ၊ မောင်တရုတ်ဖြူကို-သတိုးမင်းထင်၊ မောင်ဘိုးကြည်ကို-သတိုးမင်းကျော်- အမည်ပေးတော်မူ၏။

နောင်တော် တောင်ငူမင့်းသား၊ မြင်ကွန်းမင်းသားကို - မဟာသီရိဓမ္မရာဇာ၊ ဘိုးတော်မင်းတရားကြီးသားတော် သံတွဲမင်းသားကို-မဟာသုဓမ္မရာဇာ၊ ခမည်းတော်ဘုရားသားတော် သီပေါမင်းသားကို-သုသီရိဓမ္မရာဇာ၊ ဘထွေးတော် ပုခန်းမင်းသား-သား မတ္တရာမြို့စား မင်းသားကို-မဟာဓမ္မရာဇာ-အမည်နှင့် မင်းသားကြီးတို့ အဆောင်အရွက်နေရာပေးတော်မူ၏။

နောင်တော် တောင်ငူမင့်းသား - မောင်ဘိုးရောင်ကို-သတိုးမင်းရဲကျော်၊ ကလေးမြို့စားဟောင်းမင့်းသား - မောင်ဘိုးညိုကို သတိုးမင်းရဲနရာ၊ ဘိုးတော်မင်းတရားကြီးသားတော် နတ်မောက်မြို့စားဟောင်း မင်း

သားကို မင်းရဲမင်းလှကျော်၊ မိုးညှင်းမြို့စားဟောင်း မင်းသားကို-မင်းရဲကျော်ခေါင်၊ သိန်းနီမင်းသားကို-မင်းရဲမင်းကျော်၊ ဘိုးတော်ဆင်ဖြူရှင် မင်းတရားသားတော် မောင်နဂါးကို-သတိုးမင်းလှနရာ-အမည်နှင့် မင်းသားလတ်တို့နေရာ အစီးအနင်း အဆောင်အရွက် ပေးတော်မူ၏။

ဘိုးတော်မင်းတရားကြီးသားတော် ပုသိန်မင်းသား သုဓမ္မရာဇာသား မောင်စိကို-မင်းရဲသီဟသူ၊ ညီတော် မောင်တမာကို-မင်းရဲစည်သူ၊ ညီတော်မောင်ပါကို-မင်းရဲသိခ်ံသူ၊ ဘိုးတော်မင်းတရားကြီးသားတော် ပုဂံမင်း သီဟသူရမဟာဓမ္မရာဇာသား-မောင်ကုလားကို-မင်းရဲသီဟအမည်နှင့် မြင်းမူးမင်းသားနေရာတွင် ထားတော်မူ၏။

ဝါဝင်ကန်တော့ခံခြင်းစသည်နှင့် ညီတော်သားတော်ကို အဆောင်အရွက်များ ပေးအပ်ခြင်း

၎င်းနှစ် ဝါဆိုလပြည့်ကျော် တရက်နေ့ကစ၍ သုံးရက်နေ့တိုင် ဝါဝင်ကန်တော့ ခံတော်မူသည်။ ။၎င်းဝါဆိုလပြည့်ကျော် သုံးရက်နေ့ညဉ့်သုံးချက်တီးကျော်အချိန် ရွှေမြို့တော်အနောက်ပြင် အခါတော်ရပ်ကစ၍ မီးစွဲငြိတောက်လောင်သည်တွင် အိမ်ခြေနှစ်ထောင်ခန့် မီးသင့်ရာပါသည်၊ ဘဝရှင်မင်းတရားကြီးဘုရားလည်း မီးသင့်ရာပါသည့် အိမ်ရှင်များကို အသုံးအဆောင် အဆိုက်အလိုက် အစေ့အနှံ ပေးကမ်းတော်မူ၏။

ယင်းသည့်သက္ကရာဇ် ဝါခေါင်လဆန်းတဆဲ့နှစ်ရက်နေ့ ဂန္ဓာလတိုင်းကို အစိုးရသော တောက်ကွန်ဥဒည်မင်းမိဖုရား သက္ကရာဇ် (၁၂၀၁) တထောင့်နှစ်ရာ့တခု တပ္ပိတ္ထလဆန်း တဆဲ့တရက်နေ့ ကံကုန်သည်ကို ကဆုန်လဆန်း တရက်နေ့ ရှောင်ခြန်ဟွန်ဟိုဘွဲ့ ထပ်ဆင့် ချီးမြှောက်၍ သင်္ဂြိဟ်ကြောင်း၊ ဆက်သရန် လက်ဆောင်တော် ရာဇသံ စာများနှင့် ဥဒည်မင်းဆံတို့ အဆက်အသရောက်လာသည်၊ တောက်ကွန် ဥဒည်မင်းနန်းစံနှစ်ကိုမေးရာ နန်းစံနှစ်ဆယ်ရှိကြောင်းနှင့် တရပ်သံတို့က ပြောဆိုသည်။

ယင်းသည့် ဝါခေါင်လပြည့်ကျော်ခြောက်ရက်နေ့ဆဒ္ဓန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား အရှင်မိဖုရားခေါင်ကြီးနှင့်အတူ မင်းမိဖုရား မင်းညီမင်းသား မူးတော်မတ်တော် ဗိုလ်ပါရဲမက် အပေါင်းတို့ဖြင့် ခြံရံတော်မူ၍ မင်းကွန်းပုထိုးတော်ကြီးသို့ အဖူးအမြော် ထွက်တော်မူသည်။

ဂင်းလပြည့်ကျော် တဆဲ့နှစ်ရက်နေ့ ဟံသာဝတီဝန်ထောက် မင်းကြီး မဟာမင်းလှကျော်ထင်ကို အဂ္ဂမဟာသေနာပတိဝန်ကြီးခန့်တော်မူသည်။ ဆဋ္ဌန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း နောင်တော် ရတနာပူရ စတုတ္ထမြို့တည်နန်းတည် မင်းတရားကြီး မကျန်းမမာတော်မူ၍ တိုင်းပြည် နိုင်ငံအလုံးကို ဆောက်နှင်း လွှဲအပ်တော် မူသည်တွင် သက္ကရာဇ် (၁၁၉၉) တထောင့် တရာ့ ကိုးဆဲ့ ကိုးခု ကဆုန်လတွင် နောင်တော်မင်းတရားကြီး အရိုက်အရာတော် ဖြစ်သော ထီးနန်း တိုင်းခရိုင် နိုင်ငံအလုံးကို ထိန်းအုပ်စိုးစံတော်မူပြီးလျှင် ဘိုးတော် မင်းတရားကြီး တည်ထောင်စံနေတော်မူရင်း အမရပူရမြို့တွင် ရွှေထီး ရွှေနန်း စိုက်ဆောက်တော် မူ၍ သက္ကရာဇ် (၁၂၀၂) တထောင့် နှစ်ရာ့ နှစ်ခု ဝါဆိုလ ရဇ္ဇာဘိသေက မုဒ္ဓါဘိသိက်ကို ခံယူတော်မူပြီး နောက် ထီးဆောင်းမင်္ဂလာ မဟာဥကာသ်ဖွင့်တော်မူ၍ ရွှေထီးရွှေနန်းကိုတက်သိမ်း စံပယ်တော်မူထျက် တိုင်းနေပြည်သူ ရှင်လူသတ္တဝါအပေါင်းတို့၏အကျိုး စီးပွားများကို ရွက်ဆောင်တော်မူသဖြင့် သီရိပဝရ ဒီတျာလောကာမိပတိ ဝိဇယ မဟာမဓုရာဇာမိရာဇာ, မိဖုရားခေါင်ကြီးမှာ သီရိပဝရ တိလောက မဟာရတနာပဒုမာဒေဝီ-တံဆိပ်နာမံကို ခံယူတော်မူကြောင်း, မိဖုရားခေါင်ကြီးတွင် မြင်သည့် သမီးတော်ကိုလည်း အထူးထူးသော လောကီ လောကုတ္တရာ ကျမ်းဂန်များကို တတ်မြောက်တော် မူသဖြင့် ခမည်းတော် မင်းတရားကြီး မေးမြန်း တိုင်ပင်တော်မူသမျှကို လျှောက်ထားပြောဆိုနိုင်သူဖြစ်၍ သီရိပဝရ တိလောက ရတနာ မဂ်လာဒေဝီ-ဘွဲ့အမည်ပေးကြောင်းများကို ရွှေပေရာဇဝင်စာ ရေးသား ပေးအပ်ပြီး လျှင် ဥဒည်မင်းသံတို့ကို ၎င်းနှစ် တော်သလင်းလ ပြန်သွားစေ၏။

ယင်းသည့်သက္ကရာဇ် တော်သလင်းလဆန်း တဆဲ့ငါးရက်နေ့ ဆဋ္ဌန် ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား မိဖုရားခေါင်ကြီးနှင့် တကွ မင်းမိဖုရား မင်းညီ မင်းသား မှူးတော်မတ်တော် ရွှေခြောက်တပ်, နှဝံခြောက်တပ် အခင်းအကျင်းများနှင့် ရေနန်းတော်သို့ ထွက်စံတော်မူပြီးလျှင် တည်လုပ် ပြီးပြေရှိသည့် နှစ်စင်းတွဲပြည်ကြီးမွန်ဖောင်တော်ကို ထီးဖြူကနုတ္တဒန်မင်းခမ်းတော်စုံကျင်းပစေ၍ တိုက်လှေနှစ်စင်းငင်စေပြီးလျှင် အရှင်နှစ်ပါး ရွှေစက်တင်တော်မူ၍သိမ်းတော်မူသည်။ ရတနာပြာသာဒ်တော်တင် လှော်ကားတော်များမှာလည်း စိုက်ထူခင်းကျင်းမြဲ ထီးဖြူယပ်မားများကို စိုက်ထူခင်းကျင်း၍ ဖောင်တော်ရွှေ ဝဲယာ လိုက်ရသည်၊

မင်းညီမင်းသား မှူးတော်မတ်တော်တို့လည်း သနားတော်မြတ် ခံရသည့် လျော်ကားထက်စီး၍ နေရာစဉ်အလျောက် ဖောင်တော် နောက်ဝယာ လိုက်ကြရသည်၊ ထိုမှတပါး လျော်ကားတော်,ရဲလှေ,သားလှေ,ငှက်လှေ, ပုံမောင်းနရည်းဆရာတို့ဖြင့် တီးမှုတ်၍ မြစ်လုံးငြိမ့်မျှ ဖောင်တော်ရှေနောံ ဝယာ ခင်းကျင်း ခြံရံလိုက်ကြရသည်၊ ရတနာရွှေဖောင်တော် မဟာမုနီ ဘုရားဆိပ်သို့ ရောက်လျှင် ရေနန်းတော်သို့ လှည့်၍ ဝင်တော်မူသည်၊ ယင်းသည့်နေ့ ညနေသုံးချက်တီးကျော်အချိန် လျော်ကားတော်ကြီးလေး စင်းကို ရှေးစာတမ်းထွက်အတိုင်းသိမ်းတော်မူသည်၊ ယင်းသည့်လဆန်း တဆဲ့ငါးရက်နေ့ကစ၍ လပြည့်ကျော် နှစ်ရက်နေ့တိုင် သုံးရက် လွှဲ၍ သဘင် လျော်ပွိုင်ကြရသည်၊ ထီးဖြူတော်အစိုက်အဆောက်များမှာ လက်ရွေးကြီးလျော်ကားတော်, လက်သစ် လျော်ကားတော် နှစ်စင်းမှာသာ ထီးဖြူစိုက်ဆောက်ရသည်။

ဂုဉ်းနေ့ ညနေ သုံးချက်တီးကျော်အချိန် အနောက် မြောက်ထောင့်က လေမုန်တိုင်းပြင်းစွာလာ၍ မြစ်လယ်တွင် လွှဲ၍သဘင် ကြည့်ရှုကြသည့် ပြည်သူပြည်သားတို့ လှေတက်အများ နစ်မွန်းသည်ကို လှေတော် များနှင့် ဆယ်ယူရ၏၊ ယင်းသည့်နေ့ ရွှေနန်းတော်သို့ ဝင်တော်မူ၏။

ဂုဉ်းလပြည့်ကျော် ရှစ်ရက်နေ့ ဘဝရှင် မင်းတရားကြီးဘုရား အရှင်မိဖုရားခေါင်ကြီးနှင့် တကွ မင်းမိဖုရား အပေါင်းတို့နှင့် မြေနန်းတော်သို့ ထွက်တော် မူပြီးလျှင် သက်တော်စေ့ သံဃာတော် ငါးဆဲ့လေးပါးကို ဆွမ်းလုပ်ကျွေးတော်မူသည်။

ထိုသတ္တရာဇ် သီတင်းကျွတ် လပြည့်ကျော် တရက်နေ့ကစ၍ သုံးရက်နေ့ကိုင် ဝါကျွတ်ကန်တော့ ခံတော်မူသည်၊ ဘထွေးတော် မိုးမြတ်မင်းသွး-သား သတိုးမင်းရဲကျော်ထင်ကို မင်းသားလတ်တို့ အဆောင်အရွက်နှင့်တကွ လှိုင်းတက်မြို့ကို မြို့စားပေးတော်မူ၏၊ သားတော် မင်းတပ် မင်းသားကိုလည်း မင်းသားလတ်တို့ အဆောင်အရွက်ကို ပေးတော်မူ၏။

သမီးတော်ကို နားရံတော်မျှားနှင့်နားထွင်းတော်မူခြင်းစသည်နှင့် ရန်ကုန်မြို့တွင် စံနန်းတော်ဆောက်ရန် စေလွှတ်ခြင်း

ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း ဘုရား ဟောကျမ်းဂန်, လောကီဗေဒင် ကျမ်းဂန်များကို တက်သိ ကျွမ်းကျင်

တော်မူသဖြင့် သဒ္ဓါ, သီလ စသော အကျင့်တရားနှင့် ပြည့်စုံသော မိဖုရားခေါင်ကြီးတွင် မြင်သည့် သမီးတော် သီရိပဝရ တိလောက ရတနာ မဂ်လာဒေဝီကို နားထွင်း, ဆံထုံးထုံး, တဘက်ဝတ်, ဒက်ဘယက်ဆင်, မဂ်လာဆောင်တော်မူမည့် အခမ်းအနားမှာ သက္ကရာဇ် (၉၆၂) ကိုးရာခြောက်ဆဲ့ခုနစ်ခုညောင်ရမ်းမင်းတရားလက်ထက်သမီးတော်ပန်ထွာမင်းသမီးကို နားထွင်းမဂ်လာ ဆောင်တော်မူသည့် စာတမ်း စာရင်း၊ လေးဆွဲငါးခု, ခြောက်ဆဲ့လေးခု ဘိုးတော် အမရပူရ ပဌမမြို့တည် နန်းတည် မင်းတရားကြီး လက်ထက် သမီးတော်သားတော်တို့ကို နားထွင်း မဂ်လာ ဆောင်တော်မူသည့် စာတမ်းစာရင်း ထွက်များထက် သာလွန်၍ ချီးမြှင့်သူကောင်းပြုတော်မူမည်၊ ဝေါတော် ကွမ်းအုပ်တော် များမှာ မယ်တော် မိဖုရားခေါင်ကြီး ဝေါတော်ကွမ်းအုပ်တော်နည်း လုပ်ဆောင်အသင့်ရှိစေ၊ သိကြားရေစင်ခံနန်း, ဝတ်လဲနန်း, သက်ြန်ရေခပ် အခမ်းအနားမှစ၍ ထီးဖြူ, ယပ်မား, မင်းခမ်းမင်းနား, ကြည်းဘက်ရေဘက် ဖောင်တော် လှော်ကားတော် ခင်းကျင်း စီရင်ရန် ရှိသည်များကိုလည်း လုပ်ဆောင် စီရင်ရမည်၊ နားရံ သမီးတော် လှိုင်မင်းသမီး သီရိသုမြတ်စွာရတနာဒေဝီ, သမီးတော် ပင်းတလေမင်းသမီး သီရိသုမလွာဝတီ, ညီမတော် ယင်းခဲမြို့စားမင်းသမီး သီရိသုနန္ဒာဝတီ, သမီးတော် တောင်သာမင်းသမီး သီရိပဘာဝတီ, သမီးတော် ညောင်အုပ် မင်းသမီး သီရိသာမာဝတီ, သမီးတော် စောလှမင်းသမီး သီရိ အာသာဝတီတို့နှင့် သားတော် ပန်းထိမ်းမင်းသားသကိုးမင်းရဲကျော်ထင်, သားတော်တရုပ်မြောမင်းသား သတိုးမင်းရဲကျော်ခေါင်, သားတော် မင်းတပ်မင်းသား သတိုး မင်းရဲကျော်စွာ တို့ကိုလည်း ရှေး စာတမ်း စာရင်းထွက်အတိုင်း နေရာစဉ် နိမ့်မြင့်တက် သက်ရွေးချယ်ပြီးလျှင် သမီးတော်နှင့် တချိန်တခါတည်း သျှောင်ထုံး, နားထွင်း, တဘက်ဝတ်, ဒက်ဆင် မဂ်လာဆောင်ဆောင်တော်မူမည့်-အဓိန္ဒတော်နှင့် သိကြားရေစင်ခံနန်း, သက်ြန်နန်း, ဝတ်လဲနန်း,သက်ြန်ရေခပ်မှစ၍ အလုပ်အဆောင် အခမ်းအနား ပြီးပြေလျှင် သက္ကရာဇ် (၁၂၀၂) တထောင့်နှစ်ရာ့နှစ်ခုတန်ဆောင်မုန်းလဆန်း တဆဲ့ငါးရက်နေ့ကစ၍ ရွှေနန်းတော်အတွင်း သဘင်မင်းခမ်း ကြီးကျယ်စွာ ဖြစ်စေလျက် ယင်းသည့်နေ့ သမီးတော်ကို သက်ြန်ခေါ်စေ၍ ၎င်းလပြည့်ကျော် သုံးရက်နေ့ နံနက် လေးချက်တီးကျော် သုံးနာရီ အချိန်အခါတော်အတိုင်း နားရံတော်ပါ သမီးတော်တို့ ဝဲယာခြံရံစေ၍ သမီး

တော် သိရိပဝရ တိလောကရတနာမဂ််လာဒေဝီကို မှန်နန်းတော်ဘမရာသနရာဇပလ္လင်တော်ရွှေတွင် နားထွင်း, ဆံထုံးထုံး, တဘက်ဝတ်, ဒက်ဆင်, မဂ််လာဆောင်တော်မူသည်၊ နားရံတော်ပါ သမီးတော်တို့ကိုလည်း သမီးတော်နှင့် အခါတပြိုင်နက် နားထွင်း, ဆံထုံးထုံး, တဘက်ဝတ်, ဒက်ဆင်, မဂ််လာဆောင်တော်မူသည်၊ ယင်းသည့်နေ့ ရာဇဝတ် အပြစ် အလျောက် ထောင်တန်း အကျဉ်းခံနေရသူ ယောကျ်ားမိန်းမ လူပေါင်း လေးဆွဲနှစ်တို့ကို ဘေးမဲ့ချမ်းသာ ပေးတော်မူသည်၊ နားထွင်း မဂ််လာ အခမ်းအနားပွဲတော်တွင် မင်းညီမင်းသား မှူးတော်မတ်တော် စုရေးစုကိုင်တို့ကို ပုဆိုး, ခေါင်းပေါင်းအုပ်, ဝိတ်အုပ် ပေးတော်မူသည်၊ ပွဲတော် အကြည့်အရှု လာရောက်သည့်တိုင်းသူပြည်သားတို့ကိုလည်း ပုဆိုး, ခေါင်းပေါင်း, အင်္ကျီ, ထဘီ, ပုဝါ, တဘက်, စွန့်ကြဲပေးကမ်းတော်မူ၏၊ ယင်းသည့် နတ်တော်လဆန်းငါးရက်နေ့မှ ပွဲသဘင်တော်သိမ်းရ၏။

* သမီးတော် သားတော်တို့ကို နားထွင်း,သျှောင်ထုံး, ဆံထုံးထုံး, တဘက်ဝတ်, ဒက်ဆင်, မဂ််လာ အခမ်းအနား အကျယ်မှာ နားထွင်းစာတမ်းရှိထေပြီ။

ယင်းသည့် သင်္ကြာဇ် ပြာသိုလဆန်း တရက်နေ့ ရွှေပြည်တော်ဝန်းကျင်ပတ်လည်ကျောင်းတိုက်ရှိ ဆံဃာတော် တထောင့်နှစ်ရာ, လဆန်း တဆဲ့နှစ်ရက်နေ့ဆံဃာတော်တထောင်တို့ကို သမီးတော်ကဆွမ်းလောင်းတော်မူသည်ကို အရှင်နှစ်ပါး တောင်စမုတ်သို့ ထွက်တော်မူ၍ ဆွမ်းလောင်းလှူတော်မူသည်။

၎င်းလဆန်း တဆဲ့သုံးရက်နေ့ ရွှေမြို့တော် ရွှေမျက်နှာ ဇောင်းက လောကန်တော်ဦး ကုသိုလ်တော်ဘုရားတည်ရပ်သို့ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား အရှင်မိဖုရားခေါင်ကြီးနှင့်တကွ ထွက်တော်မူပြီးလျှင် ကြည့်ရှုတော်မူ၏။

၎င်းလပြည့်ကျော်လေးရက်နေ့ မိုင်းလုံမြို့နယ်-လွယ်တုတ်တောင်ထွင်ရွှေးမင်းတို့လက်ထက်မရစဘူးသော အမျက်ရတနာကျောက်ပေါ်ထွက်သည်ကိုလျှောက်ထားကြားသိတော်မူရာ ၎င်းတောင်သို့အဆောင်တော်မြို့ စည်သူနော်ရထာကို နတ်ပြန်တမ်း ပေးအပ်စေလွှတ်တော် မူပြီးလျှင် သေလာရတနတောင် ကမ္ဘည်းတပ်စေ၏၊ ၎င်းနှစ် ပြာသိုလပြည့်ကျော် တဆဲ့တရက်နေ့ ရွာဝေးရွာနှင့် ဝက်မစွတ်မြို့များကို စားရသော စာဆိုမင်းကြီး ဥတ္တမ သီရိမဟာသခ်ီယာ သေလွန်သည်ကို ကောင်းမွန်အောင် သင်္ဂြိဟ်ရ၏။

ယင်းသည့် ပြာသို လပြည့်ကျော် တဆဲ့ နှစ်ရက်နေ့ ပြင်သစ်တိုင်း ပြည် နေ ကုန်သည်ကြီး စန္ဒနီကရက္ခပ်ဂေါ်ရနယ်က ဆက်သရန် လက် ဆောင်တော် ပြင်သစ်နာရီကြီး တစ်၊ ပြင်သစ်တန်ဆာ လှံစွပ်အော် လှံ သေနတ်နှစ်၊ ဘိလပ်ကော်ဇောကြီးတစ်၊ ပြင်သစ်ဘဲပန်းပါ အတောင် ခုနစ်ဆယ် အုပ်ရေနှစ်၊ ကာဘဲအိတ်တစ်၊ အရှင် မိဖုရားခေါင်ကြီးကို ဆက်သရန် သံစုံသေတ္ထာတစ်၊ သမီးတော်ကိုဆက်သရန် သံစုံပါအချုပ် တန်ဆာစုံ သေတ္ထာတစ်များနှင့် အထူးအဆန်း လက်ဆောင်တော်ထည် မျိုးအုပ်မျိုးများကို ပေးအပ်၍ ပြင်သစ်တိုင်းပြည်နေ ကုန်သည်လူမျိုး ရွှေ ဘုန်းတော်ရိပ်ကို ခိုလှုံပြီးလျှင် နိုင်ငံတော်အတွင်း ဖောက်ကားရောင်း ဝယ်ပါရမည့်အကြောင်း, ကုန်သည်ကြီး ငစစ်ကိုလည်း ကျွန်တော်မျိုး ကဲ့သို့ မစတော်မူပါမည့်အကြောင်းနှင့် ရွှေဘဝါးတော်အောက်စေလွှတ် လာရောက်သည်ကို ဝန်ရှင်တော်မင်းကြီးများက ပြင်သစ် ဘာသာရေး မြန်မာပြန်ဆိုပြီး တင်စာ လျှောက်စာများနှင့် ကုလားဝန် မဟာသီဟ မင်းထင်နှင့်အတူ ကုန်သည်ကြီးငစစ်ကို ရွှေနန်းတော်သို့ ရွှေမျက်နှာ တော် အဖူးအမြော် လက်ဆောင်တော် အဆက်အသဝင်စရာ ဆဒ္ဒန် ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ပြင်သစ်လူမျိုး ကုန် သည်ငစစ်ကို သင့်လျော်အောင် သနားမစတော်မူ၍ ဘုန်းတော်ရိပ်ကို ခိုလှုံစေမည်-အမိန့်တော်ရှိပြီးလျှင် သိုးတွင် ဒေါင်းတံဆိပ်ခတ်၍ သီရိ ဘောဂရာဇာဓမ္မရတ်-ဘွဲ့နှင့် ရွှေဝေးပေးတော်မူ၏။

သက္ကရာဇ် (၁၂၀၃) တထောင့်နှစ်ရာ့သုံးခုနှစ် ဟံသာဝတီရန်ကုန်မြို့ သို့ ထွက်တော်မူမည်ကိုလည်း ထွက်တော်မမူမီ စံနန်းတော် တိုက်တန်း တင်းကုပ်မှစ၍ ဆောက်လုပ်ရန် ရှိသည်များမှာ အခါနေ့ရက်ကို ပညာ ရှိတို့က ရွေးချယ်ဆက်သွင်းစေရာ သက္ကရာဇ် (၁၂၀၂) တထောင့်နှစ်ရာ့ နှစ်ခု တပို့တွဲလပြည့်ကျော်ဆယ်ရက် စနေနေ့ ညတချက်တီးကျော် နာရီ ပြည့်အချိန် နန်းရာမြေစံနစ်စေပြီးလျှင် ယင်းသည့်သက္ကရာဇ် တပေါင်း လဆန်း ဆယ်ရက် တနလ်ာနေ့ ညဉ့်တချက်တီးကျော် တနာရီ အချိန် တွင် ရွှေပန္နက်, ငွေပန္နက် စိုက်မှတ် သင့်ကြောင်းများနှင့် လျှောက်ထား ချက်အတိုင်း ကြီးကြပ်မည့်သူ အသည်ဝန်ထောက် မင်းကြီး မဟာစည်သူ နှင့် စာရေးကြီး အသုံးစာရေးတို့ကိုအခါတော်စာပေးအပ်၍ ယင်းသည့် ပြာသိုလအတွင်း ဟံသာဝတီရန်ကုန်မြို့သို့ စေလွှတ်တော်မူ၏။

ဇောင်းကလောကန်တော်ဦးဘုရား ဌပနာသွင်းခြင်း စသော အကြောင်းအရာများ

ယင်းသည့်သက္ကရာဇ် တပ္ပိတွဲလ ဇောင်းကလော ကန်တော်ဦးကုသိုလ်တော်ဘုရား ပဌမ ဌပနာတိုက် တည်လုပ် ပြီးပြေရှိသည်ကို ဌပနာသွင်းရန် ဓာတ်တော် မွေးတော် ရုပ်ပွားဆင်းတုတော်များကို ကုသိုလ်တော်ဘုရားရောက် သက္ကရာဇ် (၁၂၀၂) တထောင့်နှစ်ရာ့နှစ်ခု တပ္ပိတွဲလဆန်းရှစ်ရက်နေ့ ရွှေဖျားစမြောင်သိုင်းနှင့်နှစ်၊ ၎င်းနောက် ရွှေတော်ပြေးစည်တော်စုံ၊ ၎င်းနောက် ခရာပုံတော၀င် ဇာတ်အတီးအက ဝတ်သန့်ဝတ်ကောင်းနှင့် သွေးသောက်သားတို့ ယပ်စွဲကိုင်၍ ဝဲယာ ခြံရံစီစဉ်ခင်းကျင်းလိုက်စေပြီးမှ သိဒ္ဓတ်မင်းသား ဖွားတော်မူသည်ကကို ဘုရားအဖြစ်သို့ရောက်တော်မူ၍ ပရိနိဗ္ဗာန်စံတော်မူသည်တိုင် ရွှေကိုသွန်းလုပ်တော်မူသည့် အခန်းပေါင်း ကိုးဆဲ့သုံးခန်းနှင့် ဘိုးတော် အမရပူရ ပဌမ မြို့တည်နန်းတည် မင်းတရားထုလုပ်တော်မူသည့် သံသေကို ရွှေနှင့်စပ်၍ သွန်းလုပ်သည့် ဆင်းတုဆူရေ၀ါး၊ ရွှေသားဆင်းတုတော်၊ငွေသားဆင်းတုတော်၊ မင်းမိဖုရား သားတော် သမီးတော် မင်းညီမင်းသားမှူးတော်မတ်တော်တို့က ဆက်သသည့် ရွှေဆင်းတုဆူရေခြောက်ဆဲ့၀ါး၊ ငွေဆင်းတုဆူရေ တထောင့်နှစ်ရာ၊ ရွှေနန်းတော်ထက် ဘုရားကျောင်းတော်ရှိ ဘုရားဆင်းတုတော်၊ ကသောင်းမြောင်တိုက်ရှိ ဘုရားဆင်းတုတော်များကို မှန်စိတမ်းစင်တွင်တင်၍ ထီးဖြူအုပ်မိုးပြီးမှ လေးဆယ်တော်၀ါးဆယ်တော် သွေးသောက်သားတို့ ဗောင်းဝတ်လုံနှင့် ထမ်းဆောင်လိုက်ရ၏။ မြတ်စွာဘုရား သရီရဓာတ်တော် မွေးတော်များမှ ရတနာရွှေပန်းတောင်းတွင်ထည့်၍ ထီးဖြူစိုက်ဆောက်သည့် ဆင်ဖြူတော်ခြောက်စီးထက်တင်၍ မှူးတော်မတ်တော်တို့ အသီးအသီး ဝိုက်မ လိုက်ရသည်၊ ယင်းသည့်နောက် ဘိုးတော် အမရပူရ ပဌမမြို့တည်နန်းတည် ဆဒ္ဒန်ဆင်မင့်းသခင် ဘ၀ရှင်မင်းတရားကြီးအရပ်၊ ဘွားတော် မိဖုရားခေါင်ကြီးအရပ်၊ ဘွားတော် မြောက်နန်းတော်မိဖုရား အရပ်ဓာတ်များကို ထီးဖြူစိုက်ဆောက်သော ရတနာကတင် ဆင်တော်ထက်တင်ပြီးလျှင် သံတော်ဆင့် မဟာမင်းဆင်မင်းကျော် ဗောင်းနားခေါင်း ဝတ်လုံ ဆင်ယင်၍ ဝိုက်မလိုက်ရ၏။

ယင်းသည့်နောက် ခမည်းတော်အိမ်ရှေမင်းအရပ်, မယ်တော်အိမ်ရှေမိဖုရား အရပ်တော်များကို ထီးဖြူ စိုက်ဆောက်သော နန်းပေါင်းတင်

ဆင်တော်ထက်တင်ပြီးလျှင် ဗောင်းနားဆောင်း ဝတ်လုံဆင်ယင်၍ အချုပ်ဝန် ဝိုက်မလိုက်ရ၏။

ယင်းသည့်နောက် ဘဝရှင် မင်းတရားကြီးဘုရား အရှင်တော်, နန်းမတော် မိဖုရားခေါင်ကြီး အရှင်တော်များကို ထီးဖြူ စိုက်ဆောက်သော ပေါင်းဝန်းတင် ဆင်တော်ထက် တင်ပြီးလျှင် သံတော်ဆင့် မဟာမင်းလှသခံယာ ဗောင်းနားဆောင်း ဝတ်လုံဆင်ယင်၍ ဝိုက်မလိုက်ရ၏။ မင်းညီမင်းသား မှူးတော်မတ်တော်တို့လည်း သနားတော်မြတ်ခံရသည့် ဗောင်းနားဆောင်း ဝတ်လုံဆင်ယင်ပြီးလျှင် ခြံရံလိုက်ပို့ကြရ၏။

ရွှေနန်းတော်မှသည် ကုသိုလ်တော်ဘုရားထိ ခရီးလမ်းစဉ်တလျှောက်များမှာလည်း အကာ ရာဇမတ် ကာရံပြီးလျှင် သဲမွှေကြဲ၍ ပုဆိုးပစ္စည်း, ငွက်ပျောပင်ရှင်, ကြံပင်ရှင်, တံခွန်ကုက္ကား မုလေးပွားတို့ကို စိုက်ဆောက်ရသည်း တိုင်းသူပြည်သား အပေါင်းတို့လည်း ပန်းပေါက်ပေါက် နံ့သာစသည်တို့ဖြင့် ထွက်၍ဖူးမြော် ပူဇော်ကြသည်။ လမ်းခွင်မလပ် ရှိသောဟူ၏။

ထိုသတ္တရာဇ် တပို့တဲ့ လဆန်း ဆယ်ရက်နေ့ ဆဒ္ဒန် ဆင်မင်း သခင် ဘဝရှင်မင်းတရားကြီးဘုရား အရှင်မိဖုရားခေါင်ကြီးနှင့်အတူ မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူး အပေါင်းတို့ဖြင့် ခြံရံတော်မူ၍ ဆဒ္ဒန်ဆင်မင်းတပ်နှင့်တကွ ရွှေခြောက်တပ် နောက်ခြောက်တပ် အခင်းအကျင်းများနှင့် ဇောင်းကလော ကုသိုလ်တော် ဘုရားသို့ ထွက်တော်မူပြီးလျှင် ၎င်း လဆန်း တဆဲ့ သုံးရက်နေ့ သံဃာတော်တို့ကို ပင့်ဘိတ်၍ ဆွမ်းဘောဇဉ် လှူဒါန်းရန် အတွယ်အရာ များနှင့် ရုပ်ပွားဆင်းတုတော် များကို စံနန်းတော်ရှေ့ ဌပနာထား တန်ဆောင်းတွင် အနေကဇာ တင်တော်မူ၏။

ယင်းသည့် သတ္တရာဇ် တပို့တဲ့လဆန်း တဆဲ့သုံးရက်နေ့ သီဟိုဠ်ကျွန်းတွင် တောကျောင်း သီတင်သုံးနေသည့် ရဟန်းရှင်ပညာတိသ, သီဟိုဠ်ကျွန်းရှိ ဘုရားပုထိုး ရုပ်တု ဆင်းတု စေတီတော်, ဒက္ခိဏာသာခါ ပုံများကို ဆောင်ယူပြီးလျှင် နေပြည်တော်သို့ လာရောက်သည်။

၎င်းလဆန်းတဆဲ့လေးရက်နေ့ ဆဒ္ဒန်ဆင်မင်းသခင်ဘဝရှင်မင်းတရားကြီးဘုရား မကိုဋ်တန်ဆာတော် ဆင်ယင်လျက် ထွက်တော် မူပြီးလျှင် စေတီတော်အရှေ့မျက်နှာ ဌပနာတိုက်တွင် ဗောဓိပင်နှင့် ရွှေပလ္လင်ထက် မြတ်စွာဘုရား သီတင်းသုံးနေတော်မူဟန် ပဌမ သတ္တာဟက စ၍ ယင်း

သည်နှေ့ နံနက်တချက်တီးကျော်အချိန် အခါတော်နှင့် တပြိုင်နက် မင်းဧကရာဇ်ကိုယ်တိုင် လက်တော်ကိုင်၍ သွင်းတော်မူ၏။

နောက် ဌပနာတဆဲ့နှစ်တိုက်မှာ အသီးအသီး ခွဲဝေစောင့်နေရှိသည့် ဆရာတော် သံဃာတော်တို့ အနေအထားကျအောင် သွင်းရ၏။ မင်းညီ မင်းသား မှူးတော်မတ်တော်တို့ဂိုလည်း ဗောင်းနားဌောင်း ဝတ်လုံ ဆင် ယင်၍ သွင်းကြရသည်။ စေတီတော်ကိုလည်း အသောကဓမ္မရာဇာ,အဇာတသတ္တုစသော ရှေးမင်းတို့ စေတီပုထိုး တည်ထားရာ ရွှေပေအက္ခရာ ရေးသား သွင်းသကဲ့သို့ ရွှေနန်းတက်သိမ်း စံပယ်တော်မှ၍ ရဇ္ဇာဘိသေက မုဒ္ဓါဘိသိက် ခံပြီးလျှင် မဟာဥကဿ် ဖွင့်ခြင်း စသော အခြင်းအရာ စကား, ဌပနာသွင်းအခမ်းအနားများနှင့် နောင် သားတော်မြေးတော် မင်းဧကရာဇ်တို့ လက်ထက် ငါမင်းတရား ကုသိုလ်တော်ကို ပတ္ထမြောက် တန်ဆောင် စသည်ဖြင့် ပူဇော်ပြင်ဆင် ရစ်စေသတည်းဟု မိဠာန်တော်မူသည့် စကားများကို ရွှေပေတွင် ရေးသား သွင်းတော်မူ၏။

သာသနာပြု ဆရာတော်ကလည်း နောင် သာသနာတော် တည်သမျှ ကာလပတ်လုံး မပျက်မစီးစေရ စောင့်ရှောက် စေသတည်းဟု နတ်တို့ကို တိုင်တန်း၍ အမျှဝေတော်မူသည့်စာကို ဌပနာသွင်းပြီးဆုံး၌ စေတီတော် ဝန်းကျင် လေးမျက်နှာဖတ်ရ၏။

ဆဋ္ဌန်ဆင်မင့်း သခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း ဇောင်း ကလောကန်ဦးစံနန်းတော်တွင် ကုသိုလ်တော်ဘုရားဌပနာသွင်းပြီးသည် တိုင်အောင် ထွက်တော်မူသည့်နေ့ကစ၍ပွဲသဘင်စုံခံတော်မူပြီးလျှင် ယင်း သည့် တပို့တွဲလပြည့်ကျော် တရက်နေ့ ထွက်တော်မူရင်း တပ်တော် အစီ အစဉ်အတိုင်း အရှင်နှစ်ပါး ရထား တော်တွင် ရွှေစက် တင်တော်မူ၍ ရွှေနန်းတော်သို့ ဝင်တော်မူသည်။ ဆင်မင်းတပ်မှာ ထွက်တော်မူသည့် နေ့ကပင် ရွှေနန်းတော်သို့ပြန်ရသည်။

သက္ကရာဇ်(၁၂၀၂)တထောင့်နှစ်ရာ့နှစ်ခု တပေါင်းလဆန်းခုနစ်ရက် နေ့ ညဉ့်တချက်တီးကျော်အချိန် လက်နက်တိုက်တော်ကြီးအနီး လက်နက် တော်ထားသည့် တဆဲ့နှစ်ခန်းတဲကြီးကို သုက္ကာသနီမည်သော လောင်မီး မိုးကြိုးကျသည်ကို ဆရာတော်သံဃာတော်မင်းတိုင်ပင် အမတ်ပညာရှိတို့ နှင့် ဆွေးနွေးတိုင်ပင်တော်မူပြီးလျှင် ယင်းသည့် လဆန်းတဆဲ့တရက်နေ့ နေတချက်တီးကျော်အချိန် ရွှေနန်း သာပြာဒ်တော် ဆောင်၊ ဇေတဝန် ဆောင်၊ လေသာဆောင်၊ ဗြတိုက်ဆောင်၊ တောင်စမုတ်၊ မြောက်စမုတ်၊

အနောက်စမုတ်၊ မှန်နန်းတော်ဆောင်၊ နန်းမတော် အဆောင်တော်၊ သမီးတော်ဘုရား အဆောင်၊ ပုထိန်မင်းသမီး အဆောင်၊ ရမည်းသင်းမင်းသမီး အဆောင်၊ မြောက်နန်းတော် အဆောင်၊ အလယ်နန်းတော် အဆောင်၊ အနောက်နန်းတော်အဆောင်၊ မင်းခင်းမိဖုရား အဆောင်၊ ဗန်းမော်မိဖုရား အဆောင်တော်များနှင့် အဆောင်ပေါင်း တဆဲ့ခုနစ်, ရွှေရုံး, နောက်ရုံး,လွှတ်တော်,ပဟိုရစင်, ဝင်းရုံးလေးရပ်, တံခါးတဆဲ့နှစ်ရပ်များတွင် သံဃာတော်ရွှစ်ပါးစီပင့်၍ ပရိတ်နာစေတော်မူ၏၊ မိုးသင့်သည့် လက်နက်တော် ထားသည့် တဲကြီးရာတွင်လည်း စာတမ်းထွက်အတိုင်း ဥပါတ်နတ်ရွှစ်ပါးကို ပူဇော်စေ၏။

ဂင်းလဆန်း တဆဲ့တရက်နေ့,တဆဲ့နှစ်ရက်နေ့ သံဃာတော်သုံးထောင် ဆွမ်းလောင်းလှူတော်မူပြီးလျှင် မှန်းနန်းတော် ဆောင်တွင်လည်း သက်တော်စေ့ သံဃာတော် ငါးဆဲ့လေးပါးကို ဆွမ်းလုပ်ကျွေးတော် မူ၏၊ ယင်းသည့်လဆန်း တဆဲ့သုံးရက်နေ့-နေ့နှစ်ချက်တီးကျော် နှစ်နာရီအချိန် ရွှေနန်းတော်မြောက် ဥယျာဉ်တော်အတွင်း သျှန္တိရတန ကျမ်းထွက်အတိုင်း သျှန္တိရတနဟုံးနှင့်တကွ ဂြိုဟ်ကိုးလုံး, နက္ခတ် နှစ်ဆဲ့ခုနစ်လုံး ပူဇော်၍ အရှင်နှစ်ပါး သျှန္တိရတနသကြွန် ခေါ်တော်မူပြီးလျှင် အလျားအနံတဆဲ့နှစ်တောင်မကျွတ်အတွင်း စတုရန်းလေးတောင့်,အမြင့်တတောင် ရှိသော မြေပလ္လင်အထက် အလယ်ကြာပွင့်ချပ်တွင် စံတော် မူသည်ကို ပုဏ္ဏားပညာရှိတို့က ဆင်စွယ်ဖျားမြေနှင့်ရောသော ဂင်္ဂါရေ,သဇ္ဇောသမိရေ, နဝရတ်ကိုးပါးရေ စသော ရေမျိုးစုံတို့ဖြင့် သျှန္တိဂါထာကို ရွှတ်မန်းသော ဘိသိက်တော်ရေ ဖျန်းပက်သည်များကို ခံတော်မူ၍ ဝတ်လဲတန်ဆောင်းတော်တွင် ဝတ်လဲတော်ကို လဲတော်မူပြီးနောက် ဘိသိက်တော်ဆက် ပုဏ္ဏားတို့ ဘိသိက်တော် ဆက်သည်ကို ခံတော်မူပြီးလျှင် ရွှေနန်းတော်သို့ ဝင်တော်မူ၏။

ယင်းသည့်သတ္တရာဇ် တပေါင်းလပြည့်ကျော်နှစ်ရက်နေ့ သိဟိုဠ်ရောက် အရည္ဥဝါသီ ရဟန်း ရှင်ပညာတိသ ဘဝပြောင်းသည်ကို တံဆိပ်ရ ဆရာတော်ကြီးတို့ ဘဝပြောင်းရာ သင်္ကြိဟ်သည့်နည်း ကောင်းမွန်အောင် သင်္ကြိဟ်ရ၏။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ သဘင်မင်းပွဲ အလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၂၀၂) တထောင့်နှစ်ရာ့နှစ်ခု တန်းခူးလပြည့်ကျော် ခြောက်ရက် တနင်္ဂနွေနေ့-နေနှစ်ချက်တီးကျော်လေးနာရီနှစ်ပါဒ် အချိန် သင်္ကြန်ကျသည်၊ ၎င်းလပြည့်ကျော်ရှစ်ရက် အင်္ဂါနေ့ ညဉ့်သုံးချက်တီးကျော် ခုနစ်နာရီပါဒပြည့် အချိန် အတာ နှစ်သစ် သက္ကရာဇ် (၁၂၀၃) တထောင့်နှစ်ရာ့သုံးခုသို့ တက်သည်။

အထူးထူးသော တိုင်းကြီးပြည်ကြီး ထီးဆောင်း မင်းမျာ့းသခင်၊ ရွှေတွင်း, ငွေတွင်း, ပတ္ထမြားတွင်း,ပယင်းတွင်းစသော ရတနာတွင်းအပေါင်းတို့၏အရှင်၊ ရတနာပုံ ရွှေပြည်တော်ကြီးကို ရှေးဦးလက်မွန် တည်ထောင် ဘန်ဆင်းတော်မူသော ဆဒ္ဒန်ဆင်မင်းသခင်, ဆင်ဖြူမျာ့းရှင်, ပဒ္မမသင်္ဂါယနာတင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရားသက်ထက်တော် အမိန့်တော်မြတ်နှင့် သက္ကရာဇ်(၁၂၂၉) တထောင့်နှစ်ရာ့နှစ်ဆဲ့ကိုးခု တော်သလင်းလဆန်း ၈ ဂါးရက်နေ့ကစ၍ အထူးထူးသောရတနာတို့ဖြင့် တင့်တယ်ဆန်းကြယ်စွာသော မှန်နန်းတော်ရွှေ ဇေတဝန်ဆောင်တော်တွင် ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ, မူးမတ်ပညာရှိတို့နှင့် နိုင်းညီတိုင်ပင်ဖြီးလျှင် အသင့်ယုတ္တိရှိရာ ကျောက်စာ, စာတမ်းစာဟောင်း, မော်ကွန်း, အမိန့်တော်, နေ့စဉ်မှတ်မျာ့းနှင့်အညီ ဆက်ဆက်စိကုံး ရေးသားသည့် ဒုတိယမဟာရာဇဝင်တော်ကြီး ဆဋ္ဌတွဲ ဤတွင်ဖြီး၏။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ဒုတိယအုပ်
ဤတွင် အပြီးသတ်သတည်း။

* ★ *

ဤ ဒုတိယတွဲတွင်

အမရပူရ ပဌမ မြို့တည် နန်းတည် အောင်မြေလောက စေတီတော် ဒါယကာ (ဘိုးတော်) မင်းထရားကြီးဘုရားလက်ထက်တော် သားတော် မဟာဥပရာဇာ ရခိုင်ခြံဝန်တိုပြည်သို့ ချီတက် သိမ်းတော်မူသော အခန်းကစ၍ အမရပူရ ဒုတိယ မြို့ထည်နန်းတည် လောကမကိုစူဠာစေတီတော် ဒါယကာ (ရွှေဘို) မင်းတရားကြီးဘုရား လက်ထက်တော် သက္ကရာဇ် (၁၂၀၂) ထထောင့်နှစ်ရာ့နှစ်ခုနှစ်ကုန်အထိ ဝိုင်းခြားလျှက် အပြီးသတ်ထား လိုက်ပါသည်။

အမရပူရ ဒုတိယမြို့တည်နန်းထည် လောကမကိုစူဠာစေတီတော် ဒါယကာ (ရွှေဘို) မင်းတရားကြီးဘုရားလက်ထက်တော် သက္ကရာဇ် ၁၂၀၃-ခုနှစ်ကစ၍ ရတနာပုံနေပြည်တော် ဒုတိယနန်းစံ မာရ်ဇောင်ရထနာစေတီတော်ဒါယကာ (သီပေါ) မင်းထရားကြီးဘုရား မဒရပ်မြို့ရောက် ထွက်စံတော်မူရသော အခန်းတိုင်အောင် မင်းလေးဆက်တို့ ရာဇဝင်ထော်ကို တတိယအုပ်တွင် ဆက်လက်ကြည့်ရှုတော်မူကြပါကုန်။

